
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေနေ၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

28 MAR 2014

BURMESE CLASSIC

# သာရဏီ

မဂ္ဂဇင်း

အတွဲ (၁၄) အမှတ် (၅)
၂၀၁၄ ခုနှစ် မေလ

www.burmeseclassic.com

www.burmeseclassic.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ






### ဘာသာရေးဆောင်းပါးများ


၅ သည်လောက်လေးနဲ့များ(ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ လူတစ်ထမ်း ရဟန်းတစ်ရှက် (၅)
(မာနဘိက္ခုနုပဿနာကထာ)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥယျာဓမ္မသာမိထေရ်)**

၁၅ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် အရှင်ဣန္ဒာစရိယ (ဟသ်ာတ) ၏ မေတ္တာစွမ်းရည်
**မြဝင်း(ဒဿန)**

၁၇ (၄၆)ကြိမ်မြောက်
အလောင်းတော်ကဿပပူဇော်ပွဲမှ
ကိုယ်တွေ့ကြုံဂူတံခါးပွင့်ဟာမှတ်တမ်း
**ကံဝင်း**

၂၆ မှန်သောသစ္စာစကားဖြင့်သာ
**ကိုရွှေမြသန်း**

၂၉ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး တည်တော်မူသော ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၃၇ အလုံးစုံသောသတ္တဝါတို့
သုခပြည့်စုံ အေးမြကြစေရန်
မေတ္တာဘာဝနာပွားရအောင်
**ဘုန်းခေါင်**

၄၁ ဖူးတိုက်စေချင်သည်
ဆကောသဓာတုဝင် မဲလံဆံတော်ရှင်
စေတီနှင့် အံ့ဖွယ် ကျောက်ပိဋကမာရ
ကဿပကိုယ်တော်ကြီး
**ရွှေယဉ်လှိုင်း(စီးပွားရေးတက္ကသိုလ်)**

၅၀ ငါးပါးသီလအကျိုး
**ချောင်းဆုံအုန်းသွင်**

၅၃ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီ ဘုရားများ အမှတ် (၃)
**ကံဝင်း**

၆၅ သိရီဓမ္မာသောကမင်းကြီးသာသနာမှ သည် စကားတာခေါင်မွေတော်ဘုရားကြီးသို့
**ခင်ခင်ဝင်း(မောရဝတီ)**

၇၅ သင့်အားစောင့်ရှောက်နေသော
ပုဂ္ဂိုလ်များ
ကိုယ်စောင့်နတ်တစ်ဆယ့်နှစ်ပါး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၇၉ သိရီဓမ္မာသောကမင်းကြီးကောင်းမှု
ရှေးဟောင်းသမိုင်းဝင်
ကြက်မင်းစေတီတော်မြတ်
**မောင်စိမ်းထွေး(ထားဝယ်)**

၈၄ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၈)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၈၉ ရွှေဥမင်ဆရာတော်ကြီးအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၉၄ သာသနာတော်အတွက်
သန့်ရှင်းတည်တံ့ခိုင်မြဲစေရန်
ဆရာတော်ကြီးများ၏ဩဝါဒများ
**မုဒိတာ(ကျိုက်လတ်)**

၉၆ မေတ္တာဘာဝနာ၏မမြင်ရသောစွမ်းအား
**ဆောင်းကလေး(တရားရေး)**

၉၉ ပြည်သူ့ကောင်းမှုစေတီ(သို့)
ဖျာပုံမြို့ မူလကျိုက်ဒေးကွမ်း(ခေါ်)
မဟာထူပါရုံစေတီတော်
**ဖျာပုံတင်နိုင်ဝင်း**

၁၀၇ လယ်တီဆရာတော်ဘုရားကြီးနှင့်
အပါယ်လေးဘုံငြိကာ
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**

၁၀၉ သုဓမ္မဝတီမှရဟန္တာခြေတော်ရာ
**တက္ကသိုလ်ဝင်းမြင့်**

၁၁၁ ဆရာတော်ကြီးဦးဇောတိက(ခ)
ပထမံဆရာလှိုင်အရှင်မြတ်ကြီး
လျောင်းစက်ရာအောင်မြေ
**အောင်သာကျော်**

၁၁၇ ကပ်ကျော်မန္တန်တော်ကြီး
**ချစ်မုန်းခင်(ကြို့ပင်ကောက်-လယ်တီ)**

၁၂၀ ခုခေတ်မှာ
ငရဲဆိုတာ တကယ်ရှိသလား
**မှူးဝေမြိုင်**

၁၂၂ ကလေးမြို့က ရေခဝန်ကျွန်းရုပ်ပွားတော်
**ကိုတင်လှိုင်(မိတ္ထီလာ)**

၁၃၀ ပိုက်ဆံပေး၍တရားဟောသူ
**မေတ္တာရှင်(ရွှေပြည်သာ)**

၁၃၈ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၁၄၆ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော် မြတ်၏ ၂၀၁၃ ရန်ကုန်မြို့ဒေသစာရီ ခရီးစဉ်အတွင်းမှ ထူးခြားသောဖြစ်ရပ် များ
**ဘိုဘို(ရွှေကံကူ)**

၁၅၀ ပထမံဝိဇ္ဇာရေ
ထွက်ရပ်ပေါက်လောကီပညာနှင့်
ကျေးဇူးရှင် စစ်ကွင်းဆရာတော်
ဦးစန္ဒောဘာသ (၁၇)
**ပထမံဆရာဦးအေးရွှေ**


### သုတရသဆောင်းပါး


၂၀ ပြောင်းဖူးများပေါ့မသွားစေရန်
**ဦးသန်းစိုး(ချောင်းနက်)**

၅၀ ရှောက်သီးများကြာရှည်ခံအောင်
ထားသိုသုံးစွဲနည်း
**မျိုးတင့်(ညောင်လေးပင်)**

၅၉ ပျူသရေခေတ္တရာမြို့ဟောင်းအနီးမှ
ဖိုးခေါင်ကန်ကုန်း
**ပန်းချီထူးလှ**
**(ရှေးဟောင်းသုတေသန)**

၇၇ ဆုပေးဒဏ်ပေးစနစ်
**ရတနာဒေဝီ**

၁၂၆ မိန်းမမြို့ရှာပုံတော်
**နိုင်ခင်မောင်လေး**

၁၄၃ ပြဒါးအဆိပ်သင့်အန္တရာယ်
အသွယ်သွယ် ရောင်ရှားကာကွယ်
**ဦးမင်းဇင်(ရွှေနဝင်း)**

၁၅၅ တကယ့်စောလမုန်သိုက်
**လျှမ်းထက်**

၁၆၀ စက်မှုလုပ်ငန်းနှင့်ဆိုင်သော
အဆိပ်အတောက်ဖြစ်မှုများ
**စွမ်းထက်နောင်**

၂၀၄ အုတ်တသိန်းကန်တစ်ခွင်မှ
ဂမ္ဘီရဖြစ်စဉ်များ
**နေအောင်လင်း(စလေ)**

၂၀၈ မြန်မာ့အုန်းမောင်း
**ဉာဏ်မြင့်(တောင်တွင်း)**

၂၀၉ ညောင်ရမ်းထိပ်တင်မကြီး၏
ရှာပနအခမ်းအနားသတင်း
**တင်နိုင်တိုး**

၂၂၃ ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


အသည်ဝန်
**ညတ်လွင်မြင့်**
အဘအောင်မင်းခေါင်နှင့်
ဗိန္ဒောဂန္ဓာရီခရီးစဉ်(၁)
**အဏ္ဏဝါလှိုင်း**
နိုးနှင့်ဦးစံမြ
**ချောင်းဆုံအုန်းသွင်**
ဇာတ်မသိမ်းနိုင်သော သေရွာပြန်စာရင်း
**သုမိုး(ပညာရေး)**
ကြုံခဲ့ဆုံခဲ့ရသည့်
"ယုး" ဆိုသောနာနာဘာဝအကြောင်း
**နေဝင်းဆီ(ရေဆင်း-နေပြည်တော်)**
ငှက်ပျောပင်ယဉ်အောင်ပြုပြင်နည်း
**နေပြည်တော်ကျော်ကျော်စိုး**
ကိုယ်ပေါ်မှအင်းများ
**ချစ်စိုး**
မော်ဆန်လှတဲ့ ရိုင်းမြစ်ကမ်းပါးမှ
ဦးသန့်ရဲ့ စလေအညာက ပလွေဆရာ
**ထိုအေးမြင့်(မဟာဗိဇ္ဇာ၊ ရှေး-သု)**
မြန်မာနိုင်ငံမြောက်ဖျားမှ
ရှားပါးသတ္တဝါများ
**မောင်နှယ်သန်း**
သရက်ပင်အမြန်သီးစေနည်း
**နတ်မောက်မင်းချစ်နော်**
မြန်မာ့ရိုးရာ
နတ်ယုံကြည်မှုလေ့(၆၁)
**မောင်သန်းဆွေ(ထားဝယ်)**

## သုရဋ္ဌတိုင်းရင်းဆေး

သခော်ရွက်နဲ့ သခော်သီးအစွမ်း
**ရာပုံမျိုးလှ**
ရင်ကျပ်ရောဂါအတွက်
ဆေးကောင်းတစ်လက်
**နေသား(မြောင်းမြ)**
ပန်းနာနဲ့ပွေးပြာ
**နေပြည်တော်ကျော်ကျော်စိုး**
လေဖက်နာအတွက် တောဖရုံဆေးရွက်
**နေဝင်းဝင်း(လွန်ဆေး)**
အနာဝင်၊အနာမြုံအတွက်
အုံဆေးသောက်ဆေး
**နတ်မောက်မှတ်ကျောက်**
နှယ်မြက်သစ်ပင်ဆေးဖက်ဝင်
**တောနှယ်(မန်းတက္ကသိုလ်)**
ဝမ်းဗိုက်အဆီပြင်ကျစေချင်
**နတ်မောက်မှတ်ကျောက်**
ဝါးပိုးဝါးခြမ်းနှင့်မီးယပ်ချမ်း
**ဒုသိမ်မင်းထွဋ်**
မျက်စိကျိန်းလျှင် အလွယ်ဆုံးဆေး
**နီမင်း(မြောက်ဥည်း)**

၃၀၃ သဘာဝတရားမှပေးသောဆေးနည်း
**သုစ္စ(နဝင်းငြိမ်)**
၃၁၅ ကိုယ်ခန္ဓာများရောင်ရမ်းသောရောဂါ
ပျောက်နည်း
**အရှင်ဗုဒ္ဓနက(ပန်းတောင်း)**
၃၅၂ ကလေးများ နားရောဂါဖြစ်ခဲ့လျှင်
**နေပြည်တော်ကျော်ကျော်စိုး**
၃၅၇ ယုံကြည်မှုဖြင့်သုံးစွဲကြည့်သင့်သည့်
လေဖြတ်၊လေငန်းရောဂါအတွက်
ဆေးစွမ်းကောင်းတစ်လက်
**ထပ်တရာ**
၃၉၈ ခူစိုးခူခြောက်ပျောက်ရေးမခက်ပါ
**မင်းမြင့်နိုင်(ဘူးသီးတောင်)**

## သုရဋ္ဌဝတ္ထုတို

၁၅၈ ဣတ္ထိယသိုက်နှင့်
ထိုက်သူထံသွားသောပတ္တမြား
**ရွှေပြည်စိုး(မိုးကုတ်)**
၁၇၀ ကျီစားသန်သောကွင်းပိုင်ကြီး
**တင်အေးကျော်(အောင်ထံ)**
၁၈၂ သာခုမခေါ်နိုင်ခြင်းအကြောင်းအရင်း
**မဟာထွန်း**
၁၈၆ ဂမ္ဘီရဆန်သောဒေါင်ဒင်အင်းကြီး
**မောင်မောင်မိုးအောင်**
၁၉၃ အမျက်ဖြေပျက်ကြွေလွင့်စေတော့
**ပန်းမြိုင်ထယ်-စိန်ဝင်း**
၁၉၈ စမုံမြစ်ကမ်းနဖူးပေါ်ရှိ
လက်ပံပင်ကြီးအောက်ကတဲကလေး
**အာကာသ(သာစည်)**
၂၁၀ သမီးတော်ကိုယုံစားမိလို့
**မိုးဇော်အောင်**
၂၁၄ ထူးဆန်းစွာသားဆုပန်သူနှင့်
ညောင်စောင့်နတ်သူတော်စင်
**တင့်ထူး(ဇေယျဝတီ)**
၂၂၀ တစ္ဆေလှည်း
**ကိုသဲယု(ပုဂံမြေ)**
၂၂၆ နှုတ်မိန့်
**ဓုတီယာရဲ့မှူးကြီးဝင်းဦး(ငြိမ်း)ပဲခူး**
၂၃၈ ကျွန်းညိုကြီးမှ
ထူးဆန်းသောမင်းသားတစ်ပါး
**မင်းနန္ဒရှိန်**
၂၄၄ တုံ့လှယ်မေတ္တာ
**ဇေယျာစန်း(ရွှေဖြိတ်)**
၂၅၀ တောခြောက်ခြင်း၊တောမှောက်ခြင်း
**သပိတ်ကျင်း-
ကျော်ကျော်ထွန်း**
၂၆၂ ဖကီးကြီး၏မြွေဆိုးကျိန်စာ
**ရိုရိုဌေး**







၂၇၄ ပြေးလမ်း
**သန့်ဇင်**
၃၀၆ ရေလယ်ကျွန်းဘုတ်ဆုံမ
**တက္ကသိုလ်ဝင်းမြင့်**
၃၁၈ မမေ့နိုင်သော
အတိတ်ကဇာတ်လမ်းတစ်ပုဒ်
**နေဝင်းဝင်း(လွန်ဆေး)**
၃၂၂ ကြောက်တတ်သောမြင်းနဲ့
ထူးဆန်းတဲ့ယာဉ်
**မှေ့ဦးမွန်(ရေနံချောင်း)**
၃၃၄ လွမ်းဆွတ်ဖွယ်ငယ်ဘဝ
**ထင်းလက်ကြယ်**
၃၅၄ သိုက်ပြောင်းသောနေ့ကမြင်ကွင်း
**ထွန်းဇေတာက်**
၃၇၀ လုံချက်အောက်က
အသက်ပေါင်းများစွာ၏အော်သံ
**ကိုဇော်ဝင်း(ထုံတော)**
၃၇၈ မြွေဆရာနဲ့စုန်းမမာယာ
**ကောင်းဇော်**
၃၈၅ ငန်းပုပ်ရန်စွယ်
**မျိုးသစ်**


www.burmeseclassic.com

www.burmeseclassic.com









## သုရဇ္ဇ ပညာရပ်


၁၇၆ ရိုစီကရူစီယန်မှသည်
ဖရီးမေဆင်အဂ္ဂိရတ်ပညာသို့
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၂၃၁ သင့်စွမ်းအင်သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဖူးပဟာ(၁၆၈)
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၅၅ စိတ်စွမ်းအင်စုံထောက်ကြီးကရာဇက်
၏ အတွင်းသူခိုးကိုဖော်ထုတ်ပုံ
**မနော်သုတေသီ**

၂၆၀ ဘီလူးဒဿန၊ ဘီလူးဂမ္ဘီရ
**မင်းရှိန်အောင်**

၂၉၄ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၁၆ ချက္ကာရစွမ်းအင်နှင့်ရောဂါကုထုံး(၂)
**မောင်ကျော်ကပ်တိုင်**

၃၂၇ လက်တွေ့အဲသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာစလေမင်းခေါင်**

၃၅၀ မျက်မမြင်ပုဏ္ဏား(၆)ယောက်နှင့်
ကျွန်တော် သို့မဟုတ်
တားရေးပုံပြင်
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရေးသုတေသီ)မိုးကောင်း**

၃၆၆ အလွယ်လေ့လာ လက္ခဏာပညာ
**ဆရာမော်**


## သုရဇ္ဇလက်တွေ့အသုံးချ


၁၃၇ ၂၀၁၄ ခုနှစ်၊ မေလအတွက်
နေ့ကောင်းရက်သာရွေးချယ်ပါ
**သုခစုစံ**

၁၄၂ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၁၈၁ ၂၀၁၄ ခုနှစ်၊ မေလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၁၉၁ အန္တရာယ်ကင်းစင် လာဘ်တွေဝင်ဖို့
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၉၇ ၂၀၁၄ ခုနှစ်၊ မေလ
မနုသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၂၄၉ ပြည်မြန်မာ၏ပြိုသရာသီပြောင်း
မန်ဒိန်းဇာတာပေါက်ကိန်း
**မင်းရှိန်အောင်**

၂၉၃ သင်္ကြန်အတက်နေ့
ညနေချမ်းပြုလုပ်ရန်
တောင်သူဦးကြီးများအတွက်
ရေးထုံးနည်းလမ်းတစ်ခု
**နတ်မောက်မင်းသန့်နိုင်**

၃၀၃ ၂၀၁၄ ခုနှစ်၊ မေလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၃၀၀ ၂၀၁၄ ခုနှစ်၊ မေလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၃၉၁ ၂၀၁၄ ခုနှစ်၊ မေလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၀၂ ယာဉ်အန္တရာယ်ကင်း
လာဘ်ရှင်ခြင်းအတွက်
သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလွဲ့လွဲ့ထွဋ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
**B.A (Law);L.L.B**
လွှတ်တော်ချုပ်ရုံးရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊
အိမွန်ထွန်း၊ ဝင်းမြ
ရုံးအဖွဲ့
အေးအေးစန်း၊ စုမွန်၊ စုစုစံ၊
ကြူကြူ၊ တင်မိုးခိုင်

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀

မဂ္ဂဇင်း
တစ်ဦးတည်း ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကာယား-ဂါနေဒီ၊ ဗိုလ်ချုပ်
ပဲခူး- သဇင်စာပေ
ဟသ်ာတ-တာလေးမောင်၊ ရွှေမောင်း
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှထုမေတ္တာ
အုပ်ရေ ၁၀၀၀

လက်ကားဈေးနှုန်း ( ၂၇၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## သည်လောက်လေးနဲ့များ

- ဘုရားအကြိုက် အတုလိုက်၍
ကိုယ့်ဥ္စာရှိပြီး ပစ္စည်းစထား
သားမယားပါ လုံးစွန့်ခွာလျက်
ဝနာတောဘက် အပြီးထွက်
အသက်ထက်ဆုံးတိုင်…။

- တောထွက်ဘဝ ရောက်ကာလဝယ်
မမ္မမူတ နှစ်ဝအကျင့် တွေးပြင်ဆင့်လျက်
အသင့်စီမံ ဖွဲ့ချည်သန်ရှိန်
နောက်ခံအဆက် တွင်းပြင်ယှက်ကြောင့်
ဟိုထွက်သည်ရှောင်း ဆက်ဖြတ်ဆောင်းဖြင့်
အပြောင်းများစွာ ပြုခဲ့ပါ၏။

- ပြုခဲ့မိရာ ထိုရှေ့ခါတွင်…
အစာပါပြောင်း ရေပါပြောင်းနှင့်
ပြောင်းလဲဥတု ချင်းချင်းလုကြောင့်
စုစည်းတပ်ထား ခြေလက်များတို့
ဖောက်ပြားချွတ်ယွင်း ကိုယ်ပြန်ညှဉ်းပြီ။

- ညှဉ်းစမ်းပါစေ ငါ့လက်ခြေများ
စေတိုင်းမလုပ် လုပ်တိုင်းမတည့် မည်သို့ရှိလည်း
ငါ့လှည့်ခစား ခြေလက်များ
သွားမရမှ ဟုတ်သေးဘဲ…။

- အကယ်၍များ…
သွား၍မရ ချမရဖြင့်
လက်ကလည်းသေ ခြေကသေတိုင်
ကိုယ်နေကာယ ထိုပင်မ
သေမှ သေသေးဘဲ။

- အကယ်၍များ…
သွေးသားပြတ်လပ် လေပြတ်လပ်ကြောင့်
တစ်ဖြတ်သာလှုပ်
မလှုပ်တစ်ဖြတ် ကိုယ်ပါရပ်တိုင်
မပြတ်ရှိနေ ထွက်ဝင်လေနှင့်
မတွေ့မထိတ် လူသိစိတ်
ဆိတ်မှ ဆိတ်သေးပဲ…။ **မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

*(၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ပဋ္ဌပတ်တောစခန်း)*





www.burmeseclassic.com

www.burmeseclassic.com

အယုတ်မှင်ဆုံ ငါမဖြုံတော့

၁၀။ ဆယ်ခုမြောက် မင်္ဂလာ အကုသက်ပွဲထုတ်ပြီး ရှုပ်သိမ်းကြရအောင်

ဘည်မင်္ဂလာများက -

(၁) လောကဓံရှစ်မျိုး ဘာနှင့်ပင်တိုး သင်ဦးမကျိုးတော့ပါ။

(၂) သမုတ်သဖြင့် ဘဝညှိုးမှာကို သိမ်းမရိုးရိမ်ကြတော့ပါ။

(၁) ကိုယ့်ကိုယ်ကိုယ် ခင်မင်မှုအားကြီးရာမှဖြစ်သော ဒိဋ္ဌိတဏှာ၊ ငါပိုင်ရလိုမှု၊ သိမ်းပိုက်မှု၊ မတရားရမှုများ စိတ်သို့ လာရောက် မယှဉ်ငြိတော့ပါ။

(၂) ကိုယ်တိုင်ပင် ဘုရားအရိုက်အရာ၊ တရားအရိုက်အရာ၊ သံဃာအရိုက်အရာများ ခံယူခွင့်ရပြီးဖြစ်ခြင်းကြောင့် ဝိစိကိစ္ဆာ ရတနာသုံးပါးတို့အပေါ် သံသယဝင်မှု၊ သို့လောသို့လော တွေးတောဆင်ခြင်မှုများ

ကျေးဇူးတော်ရှင်
မဟာစောဝိမြိုင်ဆရာတော်ဘုရားကြီး

# လူတစ်ထမ်း၊ ရဟန်းတစ်ရွက်

## (မာနဘိက္ခုနုပဿနာကထာ)

(၃) ယုတ်ပွဲကြားသွားမိသော်မှ စိတ်သွားရည်မယိုတော့ပါ။

(၄) အယုတ်မှဖြစ်သောဒဏ်သင့်ဘေးသင့်၌ ယခုလည်းအေး၊ နောင်လည်းအေးပါ။ (လေးပါး)


သည်မင်္ဂလာ နဖူးစည်းကို ကြည့်ရုံမျှနှင့် သည်မင်္ဂလာများသည် အရိယာဇာတ်သားဘဝခံယူပြီးသူနှင့် အရိယာရင့်မကြီးများအတွက် ဘိသိက်ခံမင်္ဂလာ လက်ဆက်ဖြစ်ကြောင်း သင်ကောင်းကောင်းကြီးသိနိုင်တော့တာပါ။

စဉ်းစားကြည့်ပါ။ အရိယာဇာတ်သားဖြစ်သွားပြီဖြစ်သော သောတာပန် တစ်ဦး၌ပင်-



www.burmeseclassic.com

www.burmeseclassic.com




လည်း စိတ်နှင့် [illegible]ရောက်မယှဉ်ဖို့ တော့ပါ။

(၇) ကိုယ်ကိုယ်တိုင် [illegible]ပွားရှိ သစ္စာမြင်၊ ဖလသမာ[illegible]ဖိုလ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာ[illegible]သော တကာယ် သုခအနှစ်ချမ်း[illegible]ကိုပင် ခံစားခွင့် ရနေသော[illegible] သစ္စာမမြင်၊မဂ် လာမပါ ကျင့်[illegible]ဖြင့် ချမ်းသာ မြဲမည်ကိုမယုံ[illegible]တော့ရာ သီလ ဗွတ ပရမာ[illegible] အယူတ်တရား လည်း စိတ်[illegible]ဘွား တိုးမဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



တော့ပါ။

(၄) သူတော်ကောင်းတို့၏ ဘဝသည် သူဟာကာတို့အပေါ် မနာလိုဝန်တို ခြင်းကင်းရှင်းနေတော့ရာ ကိုယ့်ထက်သာဆို မနာလိုကြသော အယုတ်တရားလည်း စိတ်နှင့်ကစားဖက်အဖြစ် ခွင့်မရတော့ပါ။ သည့်အတူ -

(၅) ကိုယ်လို သူများကောင်းစားမည်ကို သဝန်တိုသောမစ္ဆရိယ၊ ကိုယ့်အောက်လူ ပြုစုခြင်းများလည်း စိတ်အကြား နေရာထားမရတော့ပါ။

ယင်းငါးမျိုးတို့သည် စိတ်နှင့်ပူးယှဉ်ပြီး ကိုယ်ကိုလှုပ်၍ နှုတ်ကို လော်တစ်ဖက်သို့ တိုက်ကွက်ပျိုး ထိုးစစ်ဖော်လေ့ရှိသောကြောင့် သံယောဇဉ်များ အမည်ရနေတော့ရာ ယခု သောတာပတ္တိမဂ်က ငါးစွဲစိတ်ကို အသေသတ်သန္တာန်ကိန်းမျိုးစေ့များကိုပါ အပြီးအစီးဖြတ်ခြားပစ်လိုက်သောကြောင့် ထိုသံယောဇဉ်တရားကိုယ်ငါးပါးပြတ်ခြားသွားပြီးသားဖြစ်နေတော့တာပါ။

သို့ဖြစ်ရာ ထိုသောတာပန်ပုဂ္ဂိုလ်၌ အပါယ်သို့ထိုးပို့တတ်သောငါးကောင်းစားရေး၏ သွေးတောင်းဆ ဒုစရိုက်သဘာဝများ မကျင်းပတော့ပါ။

ဒုစရိုက်တို့၏ သွေးဆေးကန်ဖြစ်သော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာလိမ်ညစ်ယူခြင်း၊ ကာမကြား မိုက်မှားခြင်း၊ လိမ်လည်စကားပြောကြားခြင်း၊ မူးယစ်သေစာသောက်စားခြင်း ဤယုတ်ကံများလည်း လုံးဝမပြုကျင့်တော့ပါ။

သည်သို့ ကံကိုဖျက်၍ ငါးပက်စားသောကျင့်ထုံး ထိုသောတာပန်၌ လုံးဝချုပ်သည်းသွားတော့ရာ စီလိုင်စင်ယူ၍ စီးပွားဖြစ်လုပ်ကိုင်ခြင်း၊ အမိန့်လိုင်စင်ယူ၍ အရက်ဆိုင်ဖွင့်ခြင်း၊ ဖိမ်ခေါင်းခံအလုပ်လုပ်ခြင်း၊ အရက်ဝိုင်း၊ ဖဲဝိုင်းဆောင်ခြင်း၊ လက်နက်ရောင်းခြင်းစသည့် ဒုစရိုက်မှုများကြောင့် ကြီးပွားတိုးတက်မည်ဆိုလည်း စိတ်ကပင်မကူးတော့ပါ။ အပေါင်းအသင်းများမည်ဆိုလည်း အူမမြူးတော့ပါ။ ဂုဏ်သတင်းကြီး၊ သူဌေးမင်းဖြစ်မည်ဆိုလည်း နှလုံးမသွင်းတော့ပါ။ကောင်းစားချမ်းသာမည်ဆိုလည်း စိတ်လမ်းမခင်းတော့ပါ။

သည်မျှနဲ့လည်း ထိုသောတာပန်က မရပ်နားသေးပါ။ ထိုမှအပြန် ဒုစရိုက်မလုပ်၍ ဆုတ်ယုတ်မည်ဆိုလည်း မတုန်လှုပ်တော့ပါ။ အခြေအရံများက ရှောင်လွှဲသွားမည်၊ ဂုဏ်ပျက်မည်၊ ဆင်းရဲမည်ဆိုလည်း တုန်လှုပ်လိမ့်မည်မဟုတ်တော့ပါ။ သို့ကြောင့် အပါယ်ဖြစ် ဤကောင်း၊ ဆိုးနှစ်တန် လောကဓံများနှင့်ပတ်သက်လာလျှင် -

(၁) ကံကျူး၍ ငါးမြူးစေသောကိစ္စ အခွင့်အရေးရသော်မှ နှလုံးမတုန် စိတ်မခုန်တော့ပါ။ အခွင့်ရေးပေးသည်ကိုမယူသဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်ပစ်မည်၊ အသက်ရန်ရှာမည်ဆိုလည်း စိတ်ထားမဖြုံ၊ ဒူးမတုန်တော့ပါ။

(၂) ကံမဖျက်ချီးသဖြင့် နောင်ဘဝညှိုးမည်ကိုလည်း အတွေးနှိုး၍ မစိုးရိမ်တော့ပါ။

(၃) ယခင် ဒုစရိုက်အာရုံပုံအကြား ခံစားဖူးသည်ကို ပြန်လည်တွေးမိပါကလည်း စိတ်အညှိုစို စိတ်သွားရည်မယိုတော့ပါ။ သို့ကြောင့်လျှင် -

(၄) အပါယ်ကို ပြန်ရမည့် ဤကံကျူးအလုပ်နှင့် ပတ်သက်သမျှ ထိုသောတာပန် အခုလည်း တန်ပြန်ဒဏ်သင့်ကြေး ပေးချေစရာမလိုတော့ပါ။ နောင်လည်း အတိုးအညွှန့်၊ ပိုးကြေးပန်းကြေးများပါပေးချေစရာမလိုတော့ပါ။

ဤသည်မှာ သောတာပန်ဇာတ်သား၏ မဂ်လာအခွင့်ထူးကြီးများပါ။ သည့်ထက်သည် ဗောဓိဖျင်ခန်းဆက် မဂ်လာပန်း တက်လှမ်း ဖမ်းဆွတ်နိုင်မည်ဆိုပါက အထက်မဂ်ရောက်လေ ကိုယ်ပိုင်သိများ ထွန်းပေါက်လေဖြင့် နောက်ဆုံးမဂ်ရောက်သည်နှင့် ရှိရှိသမျှ လောကဓံရှစ်စိတ် ဘာနှင့်ချိတ်ချိတ် တုန်လှုပ်စိတ်မရှိတော့ပါ။ ရှိသမျှ ကိလေသာ



www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ်တရားကိုယ် အားလုံးဖြိုချပြီး စီးနေလို့ပါ။

သည်မှာ အရိယာသောတာပန် စကား သင့်အား ရှင်းပြရန်လိုဦးမှာပါ။ အရိယာ ဆိုတာ စိတ်မည်းကင်း၍ ဖြူစင်အလင်းရနေသူ၏ ဂုဏ်ထူးဆောင် အမည်ပါ။ သောတာပန် ဆိုတာ အရိယာရေကြောင်းတွင်း မဂ္ဂင်ဖောင်ဖြောင့်စင်းစွာ ခေါင်းသွင်းထားပြီးသူ၏အမည်ပါ။

သို့ကြောင့် အရိယာသောတာပန် ဆိုတာ ဒိဋ္ဌိမည်းတူ ဖြူစင် အရိယာ ရေအလျဉ်တွင်း ကွင်းဆင်းနေသူပါ။

ယခုဖွင့်ပြလက်စအခန်းသည် လူသည် လူ့အလုပ်ဖြစ်သော မင်္ဂလာတရားတော်များကို ကျင့်နည်းတစ်ခုဖြင့် တွဲဖက်ဗောဓဖွင့်ဖြင့် မင်္ဂလာခန်းထွက်ရပုံများကို ဖွင့်ပြနေခြင်းပါ။

လူသည် ဘုံအတွက် အိမ်ထောင်မင်္ဂလာဝန်၊ မိမိအတွက် ဓမ္မမင်္ဂလာဝန်၊ ထိုဝန်နှစ်ခန်းထမ်းလျက်က လူ့အရာဝင် အဆင့်တန်း တိုးမြှင့်စေရရာ ဤသောတာပန်အဆင့်လောက်ဆို လူ့တာဝန်ကျေပြီ ဆိုရမှာပါ။ ဝိသာခါ၊ အနာထပိဏ်တို့ရဲ့သွားလမ်းများပါ။ သည့်ထက်လွန် နန္ဒမာတာ၊ စိတ္တသူကြွယ်တို့ကဲ့သို့ သင်အနာဂါမ်အဆင့်အထိ ပွင့်လှမ်းဝင်နိုင်ပါက အတိုင်းထက်အလွန်ပါ။ သည့်ထက်မက သုဒ္ဓေါဒနမင်းကြီးလို လူ့ဘဝနှင့်ပင် အရဟတ္တမဂ် သင်ဝင်နိုင်ပါက တံခွန်နှင့်ဘုရားပါ။

သို့တစေလည်း အများစုမှာ အိမ်ထောင်ဝန်ပိ၊ ကာမဒဏ်မခံချိအကြားမှပင် မိမိအတွက် လူဖြစ်တမ်းဆ ဤဓမ္မမင်္ဂလာရှာဖွေစုဆောင်းကြရသည်ဖြစ်ရာ သောတာပန်အဆင့်ကိုပင် တနင့်တပိုးကြီးနေကြမှာပါ။

သို့ကြောင့် လူသားများအတွက် ဤသောတာပန်အဆင့် ပွင့်စေသောမင်္ဂလာဖြင့်ပင် ပြီးစီးရတော့မှာပါ။ ရှေ့ဆက်လိုတလည်း လမ်းပေါ် ခြေနင်းပြီးသား သင်အဆင်သင့်သွားဖို့ပါ။

အို - သူတော်ကောင်း သင်သည် လူသား လူဖြစ်လျက်သားနှင့် လူစိတ်မွေးအားရန် သင်ဝန်မလေးသင့်ပါ။ ဗုဒ္ဓဝါဒီဖြစ်လျက်သားနှင့် ဘုရားစကား နားသောကြားဖြင့် သင်ခရီးဆုံးသင့်ပါ။ လူဖြစ်ရန် အရေးက သည်မင်္ဂလာသွေးများပါ။ ဗုဒ္ဓဝါဒီဖြစ်ရေးလည်း သည်မင်္ဂလာသွေးများကသာပါ။

သို့စင်လျက် သင်သည် မင်္ဂလာမဆောင်၊ လူ့အယောင်ဆောင်နေပါမူ သေဘေးကျကာလ သင်လူ့အခွင့်အရေးရဖို့ လွယ်မည်မဟုတ်တော့ပါ။ စဉ်းစားကြည့်ပါ။ သေမင်းကြီးနှင့်ပက်ပင်းတိုးရင်ဆိုင်ရမဉ်ကာလ ဒါနတစ်ခုတည်းဖြင့် ခုခံနေက နိုင်ကောင်းမှနိုင်မှာပါ။ မသေချာပါ။ သီလတစ်ခုတည်းဖြင့် ရင်ဆိုင်ကလည်း မသေချာနိုင်ပါ။ ဝိပဿနာဘာဝနာ မဂ်ပညာ၊ ဖိုလ်ပညာပါသော ဤကိုယ်တွေ့မင်္ဂလာများဖြင့်သာ သင်ရင်ဆိုင်ခွင့်ရပါမူကား ကိန်းသေ အောင်နိုင်ခွင့်ရမှာပါ။ သေလျက်က မသေသူဘဝရောက်ရ၊ ရရမှာ ဧကန်ပါ။ ယင်းမှာ လူ့အရာဝင် လူမှလူ၊ လူမှနတ် အထက်ရပ် အမြတ်ရစေခြင်းများပါ။

အကယ်တိတိ မင်္ဂလာ၏ ကိုယ်ကျင့်မင်္ဂလာအခန်းတိုင်းမဖွင့်ပါဘဲလျက်က သင် လူအမည်ခံနေပါမူ ရှင်လျက်ကသော်မှ သေသူပါ။ ယင်းမှာ လူစိတ်ကင်းမဲ့ လောဘစိတ်နှင့် အသင်းဖွဲ့နေခြင်းပါ။ လူစိတ်ကင်းမဲ့ ကိလေသာစိတ်များနှင့် အတူအိပ်နေခြင်းပါ။ ထိုစိတ်များက အပါယ်ပြန်ပို့မည့်စိတ်များချည်းဖြစ်နေကြလို့ပါ။

သည်မှာ သင်သေခါနီး -

(၁) သင့်မိသားစုနှင့် သင့်ဘဝအပေါ် ခင်မင်စိတ်၊ အားကိုးစိတ်၊ မခွဲလိုစိတ်များဖြင့် သေမင်းအနှင်ခံရပါက သင့်အား ပြိတ္တာဘဝ ပြန်အပို့ခံရမှာပါ။

(၂) သေခါနီး မကျေချမ်းစိတ်၊ နှလုံးမသာစိတ်၊ ပူပန်စိတ်များဖြင့် သေမင်းအနှင်ခံရပါက သင် ငရဲတံခါးပေါက် ပြန်ရောက်ရမှာပါ။

(၃) သေခါနီး သတိမရစိတ်၊ မေ့မြောစိတ်၊ တွေဝေစိတ်များဝင်နေချိန် သေမင်းအနှင်ခံယူရပါက သင့်အဖို့ တိရစ္ဆာန်ဘုံ ပြန်လည်ခိုလှုံရတော့မှာပါ။

ထိုဘဝမျိုးတို့သည် ရှင်လျက်က သေသူများချည်းပါ။ ကိုယ်ပိုင်ဘဝဆုံးရှုံးနေခြင်း၊ ပါရမီအညွန့်မတက်လာတော့ခြင်း၊ အောက်စာကိုချည်း အရှာများနေခြင်းများကြောင့်ပါ။ တစ်ဖန် သင်သည်ကား လူသားဗုဒ္ဓဝါဒီဖြစ်လျက်သားနှင့် ဗုဒ္ဓဘာသာဘက်ကနေ ဆန္ဒမဲမပေးမိဘဲ တလွဲပေးနေခဲ့ပါမူ လူသားဗုဒ္ဓဘာသာဖြစ်ရကျိုး သင်မနပ်တော့ပါ။ အမည်ခံထားရုံမျှနှင့်လည်း ဗုဒ္ဓလူဖြစ်ကျိုးမနပ်သေးပါ။

သည်မှာ ဒါန၊ သီလမျှနှင့် တင်းတိမ်နေခြင်းသည် ဆန္ဒမဲပေးခွင့်အဆင့်မျှသာပါ။ ကိုယ်တိုင်ဝင်ရောက်အရွေးခံသူကဲ့သို့ ဘိသိက်မခံရသည်ကို သတိပြုဖို့ပါ။ ဘုရားသည် ဘိသိက်ခံဘဝဖြင့် နိဗ္ဗာန်နန်းစံမြန်းနေပါပြီ။ ရှေးရှေးဗုဒ္ဓလူတပည့်များလည်း နီးရာ ဘိသိက်ခန်း စံမြန်းနေကြပါပြီ။

သင်သည်ကား လူလို့လည်း ဆိုသေး၏။ ဗုဒ္ဓဘာသာပါလို့လည်း ပြောသေး၏။သို့စင်လျက် မင်္ဂလာပျက်တွက်သေကာလ အောက်အောက်ဆက် ခရီးဆက်ရပါမူကား ငါလူပဲစကား သင်လုံးဝမပြောကြားသင့်တော့ပါ။ ငါဗုဒ္ဓဘာသာပဲ စကားလည်း သင်လုံးဝမပြောကြားသင့်တော့ပါ။

လူဆိုတာ တလူ့လူလွှင့် အထက်မှအထက် ဝင့်တက်သွားခြင်း မဟုတ်ပါလား။ ဘုရားနှင့် ဘုရားသာဝကမျိုးဆိုတာ အထက်တန်းသွား၍ အထက်တန်းစားချည်းဆုံးနေကြသော အထက်ဆန်များ မဟုတ်ပါလား။ သို့ကြောင့် အို - သူတော်ကောင်း သင်သည် လူသားဗုဒ္ဓဘာသာအမည် တကယ်ခံယူလိုပါသော် လူ့ဖြစ်တုန်းလေး လူစိတ်မွေးရန် သင်ဝန်မလေးသင့်ပါ။

ယင်းကား တလူလူ တလွှင့်လွှင့်ဝင့်တက်စေသော မင်္ဂလာသောတာပန် စခန်းခန်းဖွင့်ပေးခြင်းများပင်။ ဤသည်မှာ လူတို့ တကယ်ကျင့်သုံးရမည့် မင်္ဂလာခန်းဖွင့်စကားများပါ။

**မင်္ဂလာပါ**

မင်္ဂလာပါ။

သည်စကားလေးက စာသင်ခန်းထဲသို့ မိမိတို့အတန်းပိုင်ဆရာ၊ ဆရာမများဝင်လာစဉ် ကျောင်းသူကျောင်းသားလေးများက ဆီးကြိုနှုတ်ဆက်သော နှုတ်ခွန်းဆက်စကားလေးပါ။

ကြားရသူတိုင်း ကြည်နူးနှစ်သက်သော တကယ့်မင်္ဂလာစကားလေးပါ။ သည်စကားလေး မြို့ရွာထဲမှာလည်း ဘာသာရေးလိုက်စားသူတိုင်း အပြန်အလှန်နှုတ်ခွန်းဆက်လေ့ရှိသော ယဉ်ကျေးမှုစကားလှလှလေးပါ။

သည်မှာ မင်္ဂလာပါ ဆရာမ၊ မင်္ဂလာပါ ဆရာကြီး၊ သည်လို ဆီးကြိုနှုတ်ဆက်ရာမှာ ကျွန်တော်တို့၊ ကျွန်မတို့ အပြစ်ကင်းစင် ကျက်သရေမင်္ဂလာဝင်နေသော ယဉ်ကျေးမှုတပည့်လေးများပါ။ သည်လို ဝန်ခံလိုက်ကြတာပါ။ သို့တည်းမဟုတ် အပြစ်ကင်းစင်ကျက်သရေ



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာဝင်နေသူဖြစ်ပါစေဆရာမ။ သည်လို ဆုတောင်းရင်း နှုတ်ဆက်၊ နှုတ်ဆက်ရင်း ဆုတောင်းပေးသော နှုတ်ခွန်းဆက်စကားလေးပါ။

သည့်အတူ တစ်ဖက်ကလည်း 'မင်္ဂလာပါတပည့်တို့' သည်လို ပြန်လည်နှုတ်ဆက်တိုင်း အေးကွယ်၊ ဆရာမလည်းပဲ (ဆရာလည်းပဲ) အပြစ်ကင်းစင်ကျက်သရေမင်္ဂလာဝင်နေတဲ့ ယဉ်ကျေးသူပါ။ သို့တည်းမဟုတ် အေးကွယ် - တပည့်တို့လည်းပဲ အပြစ်ကင်းစင်ကျက်သရေမင်္ဂလာဝင်နေတဲ့ယဉ်ကျေးသူလေးများ ဖြစ်ကြပါစေကွယ်။ သည်လို ဆုတောင်းရင်း နှုတ်ဆက်၊ နှုတ်ဆက်ရင်း ဆုတောင်းပေးသော ယဉ်ကျေးမှုစကားလုံးလှလှလေးများပါ။

သည်လို ဖန်ခံဆုတောင်း စကားလမ်းကြောင်းပေးနိုင်ရန်မှာ နောက်က ဖွင့်ဆိုခဲ့ပြီးသောအတိုင်း မင်္ဂလာဆောင်ပြီးမှသာ တကယ့်ဖြူစင်ကျက်သရေမင်္ဂလာအရည်ဝင် စကားနားခွံ့မင်္ဂလာဖြစ်ကြရမှာပါ။ မင်္ဂလာ ဆိုတာ နှလုံးသွေးမှနေ တစ်ကိုယ်လုံးသုံးအဖြစ် ဖြန့်ကြက်ပေးနေသောအရာဝတ္ထုမျိုးမို့ပါ။

သည်နေရာမှာ ဘုရားကျောင်းအမကြီးဝိသာခါကသာဓကပါ။ ဝိသာခါဆိုတာ ခုနစ်နှစ်သမီးအရွယ်ကပင် သောတာပန်တည်ခဲ့ပြီးပါ။ မင်္ဂလာအားလုံးပန်းကုံးလိုဆောင်ထားနိုင်တဲ့ သတို့သမီးကြီးပါ။ သူမမှာအချိန်တန်အရွယ်ရောက်လာသောအခါ ပုဏ္ဏဝဍ္ဎနသူဌေးသားနှင့်လက်ဆက်ခဲ့ပြီး သား(၁၀)ယောက်၊ သမီး(၁၀)ယောက်အထိ မျိုးပွားပေးနိုင်သော သားတိုးသမီးကြီး(သမီးတိုးသမီးကြီး) တစ်ဦးပါ။

သည်မှာ သောတာပန် ဝိသာခါမ ကျက်သရေမင်္ဂလာရှိလိုက်ပုံက သမီးများနှင့်အတူသွားလည်း ဝိသာခါမကအငယ်ဆုံး အနုပျိုဆုံးအရွယ်ပါ။ မြေးများနှင့်အတူသွားလည်း ဝိသာခါမကသာ အငယ်ဆုံး အနုပျိုဆုံးအရွယ်ပါ။ သည်မျှနှင့်လည်း သူ့ဂုဏ်က မရပ်သေးပါ။

ဝိသာခါမ ငုံ့လျှက်နေသည်လေးကို တွေ့မြင်ကြရသူတိုင်းကလည်း ဝိသာခါမ ခေါင်းမမော့မိပါစေနှင့်။ သည်လို စိတ်ထဲကကျိတ်ပြီးဆုတောင်းကြရသည်အထိပါ။ သည်လောက်နဲ့လည်း သူ့ဂုဏ်က မပြီးသေးပါ။

ဝိသာခါမ ပါသောပွဲသည် ကျက်သရေမင်္ဂလာရှိသည်ဟု ယုံကြည်ကြကာ ဘာသာတူများသာမက ဘာသာခြားများကပါ သူတို့ သူတို့ အလှူပွဲ၊ မင်္ဂလာပွဲ စသည် ကျင်းပကြတိုင်းပင် ဝိသာခါမ ဖိတ်ကြားပြီး ဧည့်ခံသည်အထိပါ။ သို့ကြောင့် မိမိအိမ်ရှိ သံဃာ့ဝေယျာဝစ္စအားလုံးကို မြေးမလေးများနှင့် လွှဲပေးထားခဲ့ရသည်အထိပါ။

တစ်ဖန် ဘုရားကျောင်းဒကာ အနာထပိဏ်သူဌေးကြီးကိုလည်း ကြည့်ပါဦး။ သူသည် ဗုဒ္ဓဘာသာမဖြစ်ခင် ဘုရားမပွင့်ခင်ကာလတုန်းကပင် စိတ်ဓာတ်ဖြူစင် ကျက်သရေမင်္ဂလာအရည်ဝင်နေချေရာ သူ့ခြံဝမှာ မဏ္ဍပ်ထိုးပြီး ထမင်းလို ဆင်းရဲသားများ အမြဲပင် ထမင်းဝေငှနေသူပါ။ အဝတ်လို ဆင်းရဲသားများကိုလည်း အမြဲအဝတ်ဝေငှနေသူပါ။ သို့ကြောင့် အနာထပိဏ်အမည်တွင်လာသူပါ။

သည်မှာ အနာထပိဏ် ဆိုတာ အနာထပိဏ္ဍိက ပါဠိစကားမှဆင်းသက်လာပြီး 'ဆင်းရဲသားများ၏ထမင်းရှင်' ဆိုသော ဂုဏ်ထူးဆောင်အမည်ပါ။ သူ့အမည်ရင်းက သုဒတ္တ၊ မြန်မာလို ကောင်းနွယ်ပါ။

သူ့မှာက ပုလဲကဲ့သို့ ဖြူစင်ဝင်းလက်အကြည်ရောင်တက်နေသော နှလုံးသွေးများ ရှင်သွက်နေတာပါ။ ထိုနှလုံးသွေးများက သွေးကြော၊ လေကြောများမှတစ်ဆင့် ခန္ဓာကိုယ်တစ်ခွင်လုံးပင်အနှံ့ ဖြန့်ကြက်နေချေရာ ပြင်ပနေ ကိုယ်အကြည်ရောင်များပေါ် ၌လည်း အားလုံးဖြန့်ကြက် အသားအရေများ ဖြူစင်ရှင်သွက်နေသူပါ။

ကျက်သရေဆိုတာ ဖြူစင်တောက်ပခြင်းများ ဖြန့်ကြက်ခံထားရသော အသားအရေကို ဆိုတာပါ။ အပြစ်ကင်းစင်မင်္ဂလာအရည်ဝင်နေခြင်း၏သင်္ကေတပါ။ ဘုန်း ဆိုတာ ပုည၊ ပုဉ်းက လာတာပါ။ ယင်းမှာလည်း မင်္ဂလာဆောင်ထားနိုင်ရာမှ ရှေးဘုန်းရှေးကံများကပါ ယခုကျင့်ဆဲကံအတွင်း စီးဆင်းဝင်လာခြင်း၏သင်္ကေတပါ။

သို့ကြောင့် ဘုန်းကျက်သရေမင်္ဂလာအထွေထွေဆိုတာပါ။ ယင်းကို ကျက်သရေမင်္ဂလာအကြောင်း ကောင်းကောင်းသိသော လက္ခဏာတတ်ပုဏ္ဏားတစ်ဦးက တွေ့မြင်သွားရာ ခင်ဗျားကျက်သရေ ကျုပ်ပေးဝေပါ။ ထိုပုဏ္ဏားက တောင်းခံ၏။ အနာထပိဏ်ကလည်း ဘုရားနှင့်တွေ့စကတည်းက သောတာပန်တည်ပြီးသူဖြစ်ခဲ့ရာ ဝန်မတိုပါ။ ယူစေဗျား ပေးဝေလိုက်တာပါ။

သို့တစေလည်း ကျက်သရေနှင့် ပုဏ္ဏား မည်သို့မျှ ထိုက်နားခြင်းမရှိရာ အနာထပိဏ်ရှိ ထိုကျက်သရေ ကြက်ဖကြီး၏အမောက်မှာ သွားကိန်းတည်နေတော့တာပါ။ ယင်းကိုလည်း ပုဏ္ဏားက ရှာတွေ့သွားပြန်ရာ ထိုကြက်ဖကြီး ကျုပ်ပေးပါဗျာ ပြောင်းတောင်းခံလိုက်တော့တာပါ။ အနာထပိဏ်ကလည်း ယူပါဗျား ပေးဝေလိုက်တာပါ။

သို့တစေလည်း ပုဏ္ဏားနှင့် ကျက်သရေ မည်သို့မျှ လိုက်လျောညီထွေဖြစ်မနေတော့ရာ ထိုကျက်သရေက ဇနီးသည် ပုညလက္ခဏာဒေဝီထံမှာ သွားပြီးတည်နေတော့တာပါ။သည်အခါ မယားတောင်း မကောင်းတတ်လွန်းလို့ ထိုပုဏ္ဏား လက်လျှော့ပြန်သွားရတာပါ။ သည်မှာ ကျက်သရေစကားပြောကြားလိုရင်းပါ။ အနာထပိဏ်ရဲ့ ကျက်သရေသည်လောက်နဲ့လည်း မပြီးသေးပါ။

သူသည်လည်း သူပါသောပွဲကျက်သရေရှိလွန်းလှ ယုံကြည်လာကြကာ ဘာသာတူ၊ ဘာသာကွဲတို့၏ ပွဲမှန်သမျှ အဖိတ်ကြားခံရသူပါ။ သို့ကြောင့်း မိမိအိမ်က သံဃာ့ဝေယျာဝစ္စမှန်သမျှ သမီးများ လက်လွှဲချပေးထားခဲ့ရတာချည်းပါ။

သည်မှာ ဝိသာခါ၊ အနာထပိဏ်တို့ မင်္ဂလာဆောင်ပြီးကြောင့် ကျက်သရေဝင်လာသည်ကိုသတိပြုဖို့ပါ။ မင်္ဂလာအောင်ပြီးကြောင့် ဘုန်းကံကြီးမားလာသည်ကို သတိပြုဖို့ပါ။

ကုန်ခန်းသွားသောစီးပွား နတ်ကပင် ရှာဖွေ ဖြည့်ဆည်းပေးရသည်အထိပါ။ သည်သို့ မင်္ဂလာဆောင်အောင်ပြီးသူ၏ မင်္ဂလာပါ ဆိုသော စကားသည်သာ စကားနောက်တရားပါမှ ဧကန်ပါ။

သည်သို့မဟုတ်ပါဘဲ စကားနှုတ်သွင်း မင်္ဂလာအဖျင်းမျှဖြင့် မင်္ဂလာပါ ဆိုပါမူ ထိုမင်္ဂလာသည်အပိုဖြစ်နေတော့မှာပါ။

သည့်အတူ ဂွတ်မောနင်းဆိုလည်း ဂွတ်မောနင်းပိုဖြစ်နေတော့မှာပါ။ ဂွတ်နိုက်ဆိုလည်း ဂွတ်နိုက်ပိုကြီး ဖြစ်နေတော့မှာပါ။ သုတိမင်္ဂလာသည် နားလေဝှေ့ဝှေ့ပြီး ပြီးစီးသွားတော့လို့ပါ။

**လူ့မင်္ဂလာ မေတ္တာရပ်နှန်း**

လူသားဗုဒ္ဓဝါဒီများ၏ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ကျင့်သုံးဆောင်ယူရမည့် မင်္ဂလာကား ပြည့်စုံဆောက်

www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။

ထိုစဉ် မင်္ဂလာသည် လူ့ဦရှိအပ်သော စိတ်နေစိတ်ထားကို ဖော်ပြအမွှမ်းတင်၏။ ဓမ္မ၏ကျင့်နည်းဓလေးဆယ်ကား လူ့လမ်းရိုးသွားရာ၌ ဖိနပ်ထားပေး၏။ ဗောဇ္ဈင်သည်ကား ဖဝါးတင်လမ်း စခန်းသတ်မှတ်ပေး၏။

လူသည် ထိုလမ်းရိုးအတိုင်း မိမိ၏စိတ်ကို သတိ၊ အသိ၊ ဝီရိယ သုံးဦးအဖော်ထည့်ပေးကာ လမ်းအဆုံး ပန်းကုံးအစွပ်ခံအထိ ပြုကျင့်အပ်၏။ ထိုစဉ် ဗောဇ္ဈင်စခန်းစုံလင်၍ ဗောဓိပေါက်သို့ ဝင်မိလျှင် မင်္ဂလာရှင်အဖြစ် ဘိသိက်ခံယူခွင့်ရချေပြီ။ မင်္ဂလာနှင့်အတူ ဘုန်းကျက်သရေတို့ပါ အပိုဆောင်းအဖြစ် ဘိသိက်ရေသွန်းလောင်းခံရပြီ။

တစ်ဖန် မင်္ဂလာဘုန်းကျက်သရေ ခံယူပြီးချေလျှင် လူအရာလည်းဝင်သွားတော့ပြီ။ လူဖြစ်တုန်းလေး လူစိတ်မွေးသဖြင့် လူ့ရေးလူ့စလုပ်နေသောကြောင့်ပင်။

ထိုအချိန်မျိုးဝယ် သမ္မာဒိဋ္ဌိကံဆောင်အောင်နေပြီဖြစ်ရာ နှလုံးအိမ်၌ ဓမ္မသတ္တိမှဖြစ်သော ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာ ဗောဇ္ဈင်ပွားများပါ ပွားစီးနေကြပါမည်။ သဒ္ဓါ၊ ပညာတို့၏ သတ္တိပြအရောင်များကြောင့် နှလုံးအိမ်ခနှောက်ကျခြင်းလည်း မရှိပါ။

သို့ဖြစ်ရာ ထိုမင်္ဂလာရှင်လူသား၌ တဏှာ၊ မာန၊ ဒိဋ္ဌိ ထိုသုံးပါးတို့ အထားကြီး အားလွန်လာမှု ဖြစ်လေ့ရှိသော -

(က) တဏှာသွေးကြောင့် မျက်နှာနီရဲ၊ အဆီရွှဲသော ရုပ်ပျက်ဆင်းပျက် အမင်္ဂလာမျက်နှာမျိုး မဖြစ်လာတော့ပါ။

(ခ) ဒေါသသွေးကြောင့် မျက်နှာညိုမည်း မှိုင်းခိုးစွဲနေသော ရုပ်ပျက်ဆင်းပျက် အမင်္ဂလာမျက်နှာမျိုးလည်း မဟုတ်တော့ပါ။

(ဂ) မောဟသွေးကြောင့် မျက်နှာမှုန်မွဲ ကျမ်ခိုးစွဲနေသော ရုပ်ပျက်ဆင်းပျက် အမင်္ဂလာမျက်ခွက်မျိုးလည်း မဟုတ်တော့ပါ။

သည့်အတူ အခြားအခြား ကိလေသာပိုး အထိုးကြမ်းများသဖြင့် ညှိုးနွမ်းတွန့်လိပ်မျက်နှာပုံရိပ်မျိုးလည်း မထွက်မလာတော့ပါ။ မျက်နှာမှသာ မဟုတ်သေး။ ကိုယ်၊ နှုတ်၊ အမူအရာအားလုံးမှာပင် အလှုပ်ရှိုင်းသော ကိုင်းကြေအပင်မျိုး မဟုတ်တော့ပါ။ ထိုမှအပြန် ထိုလူသား လရောင်အောက်ချထားခံရသော ပုလဲရတနာမျိုးမျှသာ။

အကယ်တိတိ ထိုမင်္ဂလာရှိုးတကာယ်ပွဲမတိုးဘဲ ရွှတ်ရုံဖတ်ရုံ အရွှတ်ဖတ်မျှစားသုံးနေသူ မင်္ဂလာအသာထားလုပ်နိုင်မှ စားရတာဆိုသူမျိုးများမှာမူကား အဆီစို၍ မျက်နှာရွှဲလျှင်ရွှဲ၊ မရွှဲ အမည်းနှင့် အမွဲခြောက်မျှသာ။ ထိုအမင်္ဂလာဆောင်လူသားများ ရာထူးစည်းစိမ်ဂုဏ်သိန်များဖြင့် မည်မျှအလှပြင်ထားစေ။

ဆိုပါစို့ . . ကိုယ်နံ့ဆိုးသဖြင့် ရေမွှေးများ ဆွတ်ဖျန်းကာ လူကြားတိုးလေသူ လူလုံးချင်းရိုက် အပူတိုက်ရာမှ အတွင်းချွေးများ အုံကြွလာကာ ဆွတ်ထားသောရေမွှေးပင်လျှင် နံ့ဟောင်ဟောင် ဆောင်မထွက်လာတော့သည် ပမာ။စိတ်အာရုံလည်းအထားမှား၊ ကိုယ်ထားနှုတ်ထွက်များကပါ ရိုင်းပက်စက်ကြောင့် မင်္ဂလာပျက်ပုံစံကား ပြထားပြီးသားဖြစ်နေရှာမည်သာ။

သို့ဖြစ်ရာ လူသားဗုဒ္ဓဝါဒီများ ဤမင်္ဂလာတရား ကိုယ်သန့်ရာ ကမ္မဋ္ဌာန်းအကျင့် ဗောဇ္ဈင်ဖြင့် စခန်းဖွင့်၍ လူ့အဆင့်မြင့် လူကျင့်ကျင့်ဖို့ မမေ့သင့်ကြပြီ။

*မာနုဟေ မင်္ဂလံ ဓာရ*
*ဟာရတွံ သီရိဂါပုညံ*
*နေတံစေ ဘေဒကဏ္ဍကော အမင်္*
*လာဝ ရူပကော။*

**ဟေမာနု** - ဗုဒ္ဓအနွယ် လူဖြစ်ချိန်ရှယ်နေသော ဟယ်လူသား၊ **တွံ** - သင်သည်၊ **မင်္ဂလံ** - မင်္ဂလာကို၊ **ဓာရ** - မပါပါအောင် အရဆောင်ထားပါလော့။**တွံ**-သင့်အဖို့၊ **သီရိပုညံဝါ** - ကျက်သရေနေနှုန်းဘုန်းကိုပါ၊ **ဟာရ** - မင်္ဂလာနှင့်အတူ အကူ အဆောင်အယောင်ဆောင်ဖြစ်အောင် ဆောင်ထားပါလော့။ **စေ** - အကယ်၍များ၊ **တေံ** - မင်္ဂလာအခန်းဤပန်းကုံးစွပ်ရွေးခန်းကို၊ **ဘေဒကဏ္ဍကော** - ဖျက်လိုဖျက်ဆီး ပြုကျင့်မည်၊ အတိုက်အခံလုပ်မည်ဆိုပါမူ၊ **တွံပန** - ဗုဒ္ဓဘာသာဘက်ကနေ မဲပေးရုံသာပေးအရွေးမခံဖြစ်သော ထိုသင်သည်ကား၊ **အမင်္ဂလာဝ ရူပကော** - မင်္ဂလာပျက်ပြုန်းအသရေတုံးသူသာ။

ဤတွင် လူသားများတကယ်ကျင့်သုံးလိုက်နာကြရမည့် မင်္ဂလာဆောင်နှင့်စပ်ဆိုင်ရာစကား နှုတ်ခမ်းသားသတ်လိုက်သည်။

**ဗောဇ္ဈင်ခုနစ်မျှင် ရဟန်းတွင်ကား**

အခါတစ်ပါး ရဟန်းတော်များသည် ဘုရားအထံတော်မှ ကျင့်နည်းကိုခံယူအပြီး တောကြီးအတွင်းသို့ ဝင်ရောက်သွားကြရာ ရဟန်းတော်များ၏ သီလအရှိန် နတ်တို့မခံနိုင်ဖြစ်ကြရပါသည်။ ထိုနတ်များ မိမိတို့ဗိမာန်များမှ သားလက်ဆွဲ၊ သမီးလက်ဆွဲ၍ ဆင်းလာခဲ့ကြရကာ ရဟန်းများပြန်အတြေ မြေမှ နေစောင့်နေကြရပါသည်။

တစ်ပတ်လောက်နေ ပြန်ကောင်းရဲ့ထင့်ဖြင့် စောင့်ကြ၏၊ မပြန်။ တစ်လလောက်နေ ပြန်ကောင်းရဲ့ထင့်ဖြင့် စောင့်ကြ၏၊ မပြန်။ မပြန်ကြသည့်အပြင်သည်မှာ ဝါဆိုရန်ပင် စိုင်းပြင်းလာကြတော့ရာ တစ်ကိုယ်ကောင်းသက်သက် ရဟန်းတို့ အနေပက်စက်ကြောင့် နတ်တို့အနေခက်ကြရပြီ။

သို့ကြောင့် နတ်အများအချင်းချင်းတိုင်ပင်ကာ ညညရောက်တိုင်း အချို့က အမျိုးမျိုးဖန်ဆင်း ရဟန်းတို့စိတ်ကိုညှဉ်းကြလေကုန်၏။ အချို့က အမျိုးမျိုးအသံဖြင့် ရဟန်းတို့ကိုခြောက်လှန့်ကြလေကုန်၏။ အချို့က အနံ့အခိုးအမျိုးမျိုးလွှတ်၍ ရဟန်းတို့ကို ချွတ်ကြလေကုန်၏။

ထိုအခါ သမာဓိကလည်း မရင့်ကျက်သေး၊ စိတ်ကလည်းပြေးဆဲ ရဟန်းငယ်လေးများမှာ ကြောက်လန့်တုန်လှုပ်စိတ်များတွန့်ဆုတ်လာကြတော့ရာ အချို့ကား မစားနိုင်မအိပ်နိုင်တမှိုင်မှိုင်ဖြစ်လာကြရကုန်ပြီ။ အချို့ကား အရိုးပေါ်အရေဆိုင်း အကြောပြိုင်းပြိုင်းထဖြစ်လာကုန်ကြပြီ။ အချို့ကား သွေးလေခြောက်ခန်းကယောင်ကတမ်းဖြစ်လာကုန်ကြပြီ။

သို့ကြောင့် ခေါင်းဆောင်မထေရ်ကြီးသည် သည်နေရာ ရဟန်းများတရားကျင့်သုံးရန် မသင့်တော်သောနေရာ ဤသို့သတ်မှတ်ကာ သည်မှဆုတ်ခွာ မိမိတို့ မနေမြဲသော သာဝတ္ထိသို့ပြန်ကြရန် ရဟန်းများကို နှိုးဆော်ရတော့သည်။

သို့နှင့် ဘုရားထံမှောက် ထိုရဟန်းများ ပြန်လည် ရောက်ရှိသွားကြပြီး မိမိတို့နှင့် သင့်တော်မည့်နေရာ ညွှန်းပါရန်လည်း ဘုရားရှင်အား အသနားခံကြသည်။ ဘုရားရှင်သည်လည်း သဗ္ဗညုတဉာဏ်တော်ဖြင့် ရှုဆင်ခြင်ကာ ထိုရဟန်းများနှင့် သင့်တော်မည့်နေရာမှန် ရွေးစစ်တော်မူကြည့်ရာ ထိုရဟန်းများအတွက် ဤတောကြီးမှတစ်ပါး အခြားမြင်တော်မမူပါ။

သို့ကြောင့် ဘာကြောင့် သည်လိုဖြစ်ရသနည်းဟူ၍ ဘုရားရှင်သည် တစ်



www.burmeseclassic.com

www.burmeseclassic.com

ဆင့်တက် ဆင်ခြင်တော်မူကြည့်ရာ ရဟန်းတို့သီလ နတ်အများမခံနိုင်ကြပုံကိုလည်း မြင်တွေ့တော်မူရ၏။ ရဟန်းများ မေတ္တာမပွား၊ တရားချည်းသက်သက် အားထုတ်နေကြပုံကိုလည်း မြင်တွေ့တော်မူရပြန်၏။

သို့နှင့် မေတ္တာသုတ်ကို သင်ပေးတော်မူလိုက်ကာ ထိုတောသို့ပင်တစ်ဖန် ပြန်စေလွှတ်တော်မူပြန်ပါသည်။ ရဟန်းများကလည်း ဘုရားပေးသော မေတ္တာသုတ်တော်မြတ်ကို နားမှုလည်း အမြဲကြား၊ ဘုရားစကားအတိုင်းလည်း ရွတ်ပွားတော်မူကြ၏။ နှလုံးမှာလည်း အပြီးသွင်း၊ ဆိုလိုရင်းကိုလည်း ထင်းထင်းထင်ထင်မြင်နေကြရ၏။ ကိုယ်ဖြင့်လည်း အပါဆောင်၊ ဆိုလိုချက်အတိုင်းလည်း အကောင်အထည်ဖော်လိုက်ကြ၏။

ယင်းသည် ဇေတဝန်အပေါက်ထွက်ကနေတောကြီးအဝင်စတိုင်အောင်ပင် ရံတစ်ခါ နှုတ်မှာပင် သတိအသိကပ်အထပ်ထပ် ရွတ်ပွားနေကြ၏။ ရံတစ်ခါ စိတ်မှာပင် နှလုံးသွင်း ဆင်ခြင်ရင်းက ရွတ်ပွားနေကြ၏။ ရံတစ်ခါ တောဆီသို့ အာရုံညွှတ် မေတ္တာပို့လွှတ်ရင်းက ရွတ်ပွားနေကြ၏။

တောနေ နတ်အများတို့သည်လည်း လမင်းကြီးထွက်ပြူအံ့ဆဲဆဲအချိန် ရွှေပြေးရောင်ပြန်အန်ထွက်လာသည်နှင့် နှလုံးမှာအေး တစ်ကိုယ်လုံးအထိလည်း မြမြလေးပြေးဝင်ခံကြရသည်ပမာ။ ရဟန်းတို့ ပို့လွှတ်လိုက်သော ထိုမေတ္တာဓာတ်များကြောင့် စိတ်များဆွတ်ပျံ့နေချေရာ ထိုရဟန်းများ မိမိတို့တောအတွင်း ချင်းနင်းမိကြသည်နှင့် အချို့က လူယောင်ဖန်ဆင်း ခရီးဦးကြိုဆိုခြင်းအမှုပြုကြတော့သည်။ အချို့က သပိတ်၊ သင်္ကန်း လှမ်းလင့်ယူ ပျူငှာစွာနေရာပေးကြတော့သည်။ အချို့က စားသုံးဖွယ်ရာများ ဖန်ဆင်းတည်ခင်းခြင်းအမှုပြုကြတော့သည်။

သို့နှင့်ပင် ထိုရဟန်းတော်များ တရားကျင့်သုံးခွင့်ရရှိစေခဲ့ကြပြီး ရဟန်းကိစ္စများ ပြီးစီးအောင်မြင် ဝေစုများကိုပင် ခွဲဝေပေးနိုင်ခဲ့ကြသည်။

**မေတ္တာသုတ်၏ဆိုလိုချက်များ**

မေတ္တာသုတ်တော်မြတ်သည် ပုဒ်ရေအားဖြင့် သုံးပုဒ်မျှသာရှိပြီး ပထမအပုဒ်က မိမိကျင့်သုံးမြဲ ဘာဝနာပရိကံကို ဖော်ပြပြီး မေတ္တာပို့လွှတ်၏။ ဒုတိယအပုဒ်က သတ္တဝါအားလုံးတို့ကို အမျိုးအမည်ဖော်ပြပြီး မေတ္တာပို့လွှတ်၏။ တတိယအပုဒ်က အချင်းချင်း ကတိကဝတ်ထား မအိပ်မနေ တရားရှုပွားနေပါ၏။

ထိုစဉ် ပထမအပုဒ်အရ ကရဏီယအစချီ စကားရပ်များသည် ရဟန်းတရားရှုပွားရာ၌ ရှေ့ပြေးအခြေခံထားကြရမည့် ဘာဝနာပရိကံများ ဖြစ်ကြ၏။ ငါသည် ဤဘာဝနာပရိကံများနှင့်အညီ တရားကျင့်ပွားနေပါ၏။ ဤသစ္စာစကားမှန်ကန်ပါလျှင် သတ္တဝါမှန်သမျှ ကိုယ်စိတ်ချမ်းသာရ ဘေးကင်းကြပါစေ။ သတ္တဝါမှန်သမျှ ချမ်းသာခြင်းသို့ရောက်သူများချည်းဖြစ်ကြပါစေပင်။

သည့်နောက် ဒုတိယမြောက်ပုဒ်အရ -

(၁) ကိုယ်ထင်ရှားသူ၊ မထင်ရှားသူ နှစ်မျိုးခွဲခြား မေတ္တာပွား။

(၂) ထိုအထဲမှ ဝေးသူ၊ နီးသူ နှစ်မျိုးခွဲခြား မေတ္တာပွား။

(၃) ထိုအထဲမှပင် ကြောက်သူ၊ ရဲသူ နှစ်မျိုးခွဲခြား မေတ္တာပွား။

(၄) ထိုအထဲမှပင် ဆုံးပြီးသူ၊ မဆုံးသေးသူ နှစ်မျိုးခွဲခြား မေတ္တာပွား။

သည့်နောက် ထိုအထဲမှပင်-

(၁) ရှည်၊ တို၊ အလတ် သုံးဇာတ်ခွဲခြား မေတ္တာပွား။

(၂) ကြီး၊ ငယ်၊ အလတ် သုံးဇာတ်ခွဲခြား မေတ္တာပွား။

(၃) ဆူ၊ ကြုံ၊ အလတ် သုံးဇာတ်ခွဲခြား မေတ္တာပွား။

ထိုသို့ ပုဂ္ဂိုလ်အမျိုးအစားများ ခွဲခြားပြီးနောက် ထိုပုဂ္ဂိုလ်အားလုံး ချမ်းသာသူချည်းဖြစ်ကြပါစေ။ ဤသို့မိမိကျင့်ဆဲသီလကို အာရုံညွှတ် မေတ္တာဓာတ်ဖြန့်လွှတ်ပေးပို့နေခြင်းပင်။

သည့်နောက် တတိယမြောက်ပုဒ်အရ -

(က) အချင်းချင်း တစ်ဦးနှင့်တစ်ဦး မလှည့်ပတ်ကြစတမ်း ကတိကဝတ်ပြုထား၍ လည်းကောင်း။

(ခ) အချင်းချင်း တစ်ဦးနှင့်တစ်ဦး အထင်မသေးကြစတမ်း ကတိကဝတ်ထား၍ လည်းကောင်း။

(ဂ) အချင်းချင်း တစ်ဦးနှင့်တစ်ဦး ဒုက္ခကို အလိုမရှိကြစတမ်း ကတိကဝတ်ထား၍ လည်းကောင်း မေတ္တာချင်း ကူးလူးဆက်ဆံ ငြိမ်းချမ်းစွာနေကြရန်ပင်။

ဤ၌ ထားရမည့် မေတ္တာမှာ ရင်လွယ်ဖွား တစ်ဦးတည်းသားအပေါ် ထားရှိသော မေတ္တာပမာပင်။ တစ်ဦးတည်းသား မွေးဖွားပြီးသော သားသည်မိခင်သည် မမွေးမီကတည်းကလည်း ဗိုက်ကိုပွတ်၍ပွတ်၍ မေတ္တာရည်ဆွတ်ပေးနေ၏။ သန္ဓေရင့်ပြီဆိုကတည်းကလည်း စားသွား လှုပ်ရှား အားလုံးသတိထား စောင့်ရှောက်ပေး၏။

မွေးပြီဆိုကတည်းကလည်း မေတ္တာကြောင့် နို့မှနေ သွေးများချိုအေးအေးလေးထွက်ကျပြေးလာသည်အထိ မေတ္တာတရားလွန်ကြီးမားပြီး အစ့ဝဲဆို ကမန်းကတန်း နို့ချိုတိုက်ကျွေးပေး၏။ အစ့ဝဲဆို ဘယ်ညာပြောင်း၍ သိပ်ပေးသေး၏။ အစ့ဝဲဆို အညစ်အကြေးသုတ်သင် အနှီးဝတ်ပြင်ဆင်ပေးသေး၏။ ငြိမ်ငြိမ်နေလည်း မျက်စိအောက်က အပျောက်မခံ အရိပ်ကြည့်နေ၏။ ရောဂါဖြစ်လည်း ပိုးမွေးသလိုမွေး ပြုစုယုယပေးနေ၏။ ထိုင်နိုင်ရွယ်တွင်လည်း ဝါးဖတ်ကစီရေကျွေး၍ မွေးပေးသေး၏။

သို့ကြောင့် သံယောဇဉ်ကြီး၊ မေတ္တာကြီးရာ၌ မိခင်သည် စိတ်အချရဆုံး၊ မိခင်စိတ်ကင်းမဲ့တတ်သူကား တလေတစ်ယောက် စာမဖွဲ့လောက်။ သို့ကြောင့် မေတ္တာတရားထားရာ၌ ဘုရားရှင်သည် မိခင်နှင့်ခိုင်းနှိုင်း၍ထားတော်မူခြင်းပင်။

ဖခင်ကား သန္ဓေသွေးပေးပြီး ရှာဖွေစုဆောင်းပေးရုံမျှဖြစ်သဖြင့် အပြင်လူမျှသာ။ ဗိမ္ဗိသာရမင်းကဲ့သို့ မေတ္တာတရားကြီးမားသော ဖခင်လည်း တလေတစ်ယောက် စာမဖွဲ့လောက်ပါ။

ဤ၌ မိခင်သည် တစ်ဦးတည်းသားအပေါ် ဤဆိုနည်းစကားအတိုင်း အစဉ်အမြဲ စောင့်ရှောက်ပုံမျိုးသို့ ရဟန်းသည်လည်း သတ္တဝါအားလုံးတို့အပေါ် မေတ္တာစိတ်သက် ဖြန့်ကြက်ထားဖို့ပင်။ မိခင်သည် တစ်ဦးတည်းသားအပေါ် အဆုံးမဲ့၊ အပိုင်းခြားမဲ့ မေတ္တာအင်အားကြီးမားပုံမျိုးအတိုင်း ရဟန်းသည်လည်း သတ္တဝါအားလုံး ထက်အောက်ဝဲယာ ဖီလာထုတ်ချောက် အရပ်ဆယ်မျက်နှာစလုံး တိုးလျှိုပေါက်အထိ မေတ္တာဖြန့်လွှတ်ထားရေးပင်။ ကျဉ်းမြောင်းသော တစ်ခြမ်းပဲ့မေတ္တာ၊ ကွက်ကျားမေတ္တာ၊ အညှာကျွတ်မေတ္တာမျိုး မဖြစ်စေဘဲ ကျယ်ပြန့်သော၊ တင်းကျမ်းပြည့်မေတ္တာ၊ ကမ္ဘာပြုမိုးမေတ္တာ၊ အညှာမဲ့မေတ္တာမျိုးများသာ ဖြစ်စေရမည်သာ။

စမ်းရေအိုင်ကြီးအတွင်းသို့ ခြင်္သေ့ကျားကြီး လိမ့်ကျလာလေရာ ရေထိ



www.burmeseclassic.com

www.burmeseclassic.com

ပေါက်မှန်သမျှ အထက်ကရောအောက်ကရော ဘေးပတ်ပတ်လည်များကပါ အားလုံး စမ်းရေများအဝင်ခံရပြီး ထိုခြင်းကျားကြီး စမ်းရေအကြား မြုပ်သွားသည်ပမာ။

မိမိ၏သီလအစင်မာတ်၊ အအေးမာတ်၊ အသန့်မာတ်အားများ ထောက်ခံထားသော ရဟန်းမေတ္တာမာတ်ဝန်း၏ အတွင်းညွတ်ဆင်းလာကြသော သတ္တဝါအားလုံးတို့၏ သဒ္ဓါစိတ်များသည်လည်း ထိုသတ္တဝါများ၏တံခါးပေါက် အားလုံးတို့မှနေ၍လည်းကောင်း၊ မွေးညင်းပေါက်အားလုံးတို့မှနေ၍လည်းကောင်း ခန္ဓာတစ်ခွင်တစ်ပြင်လုံး လှိမ့်ဝင်စီးဆင်း ရဟန်း၏မေတ္တာမာတ်ခင်းအကြား မြုပ်ဝင်သွားသည်အထိ လွှမ်းမိုးဖြန့်ကြက်ပေးရပါမည်။

မေတ္တာလွှမ်းမိုး တစ်ဖက်စိတ်သို့ ထိုသို့ စီးပိုးထားနိုင်သောအခါ ဘုရားရှင်ချီးမြှင့်ပေးသနားထားသော ကျင့်နည်းများအတိုင်းရပ်နေသော်မှလည်း အကျင့်မပျက်၊ အကျင့်ပြီးအကျင့်ချည်းဆက်နေစေရမည်။သွားနေသော်မှလည်း အကျင့်မပျက်၊ အကျင့်ပြီးအကျင့်ချည်းဆက်နေစေရမည်။ ထိုင်လျက်ကလည်း တစ်မှတ်ပြီးတစ်မှတ်ဆက် အမှတ်ချည်းဆက်နေစေရမည်။ လဲလျောင်းရသော်မှလည်း အမှတ်မပျက်၊ တစ်မှတ်ပေါ်တစ်မှတ်ဆက်နေစေရမည်။

သည်သို့သာ ဣရိယာပုတ်လေးဖြာ အကြားအဟာမရှိ သတိကချည်းထိပ်စီးမိနေသောကြောင့် ညလည်းပဲ နေ့လိုရှင်း အိပ်ချင်ငိုက်မျှဉ်းခြင်း ကင်းပနေပါသော်၊ နေ့လည်းပဲ ညလိုလင်း အိပ်ချင်ငိုက်မျှဉ်းခြင်း ကင်းပနေပါသော် ထိုရဟန်း ကိလေသာစစ်တလင်း ကွင်းတစ်ဝက်နင်းမိထားကာ အမြတ်ဘက်ခရီး လှည့်ခွင့်သာနေပြီ။ အအိပ်ကင်းရှင်း ဖြဟ္မာတို့၏ နေခြင်းမျိုးနှင့်လည်း လင်းကျင်းနေပါချေပြီ။

ထိုသို့သမ္မာ နေ့၊ ည အားလုံး သတိကသာ လွှမ်းဖုံးထားနိုင်နေသော် ထိုရဟန်းအာရုံတို့၌ တပ်မက်မှုကင်းကိလေသာစစ်တလင်း ရှင်းပြီးဖြစ်လေတော့ရာ နောက်တစ်ချို့ အမိဝမ်းဗိုက် ပဋိသန္ဓေအနေလိုက်ရခြင်းမျိုးမရှိတော့ပါပြီ။ ဤသည်မှာ မေတ္တာဖြင့်ပြောသော ဘုရားစကားတော်များပင်။

သို့ဖြစ်ရာ ရဟန်းအမည်ခံလာရာမှ ရဟန်းဘဝ ကောင်းကောင်းအသုံးချပြတတ်သော ရဟန်းစစ်မျိုးဖြစ်ရန် မေတ္တာမြေပြင်အခင်းဝယ် ဇောဖျှင်ခုနစ်စင်း တံတားအဖြစ်ခင်း၍ ဇောမိပေါက်သို့ လေးချီမြောက် လေးခေါက်အထိ အရောက်သွားရပါမည်။

တစ်ခေါက်နှင့် မရပ်နားရ၊ တစ်ခေါက်သည် စစ်အခြေအနေ တီးခေါက်ရုံမျှသာ။ နှစ်ခေါက်၊ သုံးခေါက်နှင့်လည်း မရပ်နားရ။ ထိုနှစ်ခေါက်၊ သုံးခေါက်သည် အောက်လက်ဗိုလ် တောခိုသူပုန်ရှင်းလင်းပစ်နိုင်ခဲ့ရုံပမာမျှသာ။ လေးခေါက်အထိ ပေါက်ရောက်ပါမှ ရန်သူ၏ ဌာနချုပ်ကိုလည်း စီးနင်းမိ၊ အမိန့်ပေးခေါင်းဆောင်ရန်သူ အဓိပတိကိုလည်း လက်ရမိဖြစ်တော့သည်။

ရုံးထိုင်များကား ဘဝရာဂ မာနတည်း။ ခေါင်းဆောင်ကား မောဟ၊ အဝိဇ္ဇာတရားတည်း။

**တစ်ဘဝစံ တစ်လမ်းသွားအလုပ်သည် ရဟန်းအလုပ်**

ရဟန်း ဆိုသည်မှာ ကိလေသာကိုဖျက်ဆီးသုတ်သင်နေသူဟု အဓိပ္ပာယ်ရပါသည်။ အာရုံဖြင့်ညှိ့ဆွဲဆွဲ၍ စိတ်ကိုအပူထဲတွဲပို့နေသောကိလေသာမှန်သမျှ သတိချင်းဆက် လျှပ်တစ်ပြက်နည်းဖြင့်လည်းပယ်ခဲ့ရပါမည်။ အာရုံနှင့်လွှဲအရေးတယူ မခံစားဘဲနှင့်လည်းထားခဲ့ရပါမည်။ ပိုင်ချက်ထဲဝင် အပြီးသုတ်သင်ပစ်ခြင်းဖြင့်လည်း အောင်ပွဲခံရပါမည်။ သို့မှသာ ရဟန်းအမည်ပေါ် လွင်ပါမည်။

ရဟန်းသည် ကိလေသာစစ်ကိုတိုက်ထုတ်ပစ်နေသော စစ်သား။ ရဲဘော်များသည် ကျူးကျော်စစ်တိုက်ထုတ်ပစ်နေသော စစ်သား။ ရဟန်းနှင့်စစ်သား အမည်သာ ခြားနား၏။ ကိစ္စကား တစ်သားတည်းသာ။ ရဟန်းက အတွင်းစစ်။ စစ်သားက အပြင်စစ်။ သည်မျှသာ ကွာခြားကြပါမည်။

သို့စင်လျက် ရဟန်းသည် ကိလေသာကို ရန်သူလို့ပင်မထင်။ ရဟန်းနှင့်ထိုက်ရာ အာရုံသွင်း၊ သတိဖြင့် စစ်ဆေးမေးမြန်းခြင်းပင်မရှိ၊ တံခါးတိုးအကြား အကြိုက်နှင့်စိတ် တိတ်တိတ်ကစားနေကြပါသည်ကို အသိဖြင့် ဖြတ်ခြားထားခြင်းလည်း မရှိ။

တစ်ဖန် မရှိ အသိလုပ်၊ အရှိမြုပ်သတ်နေသည်ကို ထုတ်ဖော်ပေးခြင်းလည်း မရှိ၊ မိမိပြုကျင့်မြဲ ဉာဉ်ဇအတိုင်း ပြုကျင့်နေကြပါမူ စစ်ရုံးများသို့ အရပ်သားများ စစ်မှတ်တမ်းများ ပြုစုပေးရခြင်း၊ စစ်မိန့်များ ကူးယူရေးပေးရခြင်းဆိုသော စာရေးစာချီအလုပ် ဝင်ရောက်လုပ်ကိုင်လေသောအခါ မိမိတို့စွမ်းရည်အလိုက် ရုံးအုပ်ဖြစ်ထိုက်သူက ဗိုလ်ကြီးအဆောင်အယောင်ဖြင့် စစ်ဝတ်စုံဝတ် ရုံးထိုင်၊ ဌာနခွဲစာရေးကြီးဖြစ်ထိုက်သူက တပ်ကြပ်ကြီးအဆောင်အယောင်ဖြင့် ရုံးထိုင်၊ စာရေးအဆင့်မျှရှိသူက ရဲဘော်အဆောင်အယောင်ဖြင့် စစ်ဝတ်စုံကိုဝတ်၍ ရုံးထိုင်ကြပါသည်ပမာ။

ထိုရဟန်းသည်လည်း သာသနာ့အဆောင်အယောင်ဖြင့် သာသနာ့ဝတ်ရုံးတော်ကြီးဝတ် သာသနာ့ဝေယျာဝစ္စဆောင်ရွက်ရုံမျှသာရှိပါတော့မည်။

တစ်ဖန် ထိုအရပ်သား စစ်ဝတ်စုံဝတ်အမှုထမ်းများသည် ကျည်ထိုးမောင်းဖြုတ်အလုပ်တစ်ခါဖူးမျှမလုပ်၊ ရုံးမှာနေဘော(လ်)ပင်ကိုင် စာရေးဖြင့် အချိန်ကုန်လွန်ကြရသဖြင့် ဘော(ယ်)ပင်လက်နက်ကိုင်တပ်သားအမည်ရသွားသည်ပမာ။

ထိုရဟန်းသည်လည်း ရဟန်းဖြစ်ဝိနည်းဆောင်ရုံမျှဖြင့်သာ ပြီးပြေသွားတော့ရာ သမ္မုတိတိုင် အမည်မျှသာရပါတော့မည်။

ရဟန်း၏ပင်တိုင်သီလကပင် -

၁။ ပါတိမောက္ခ၊

၂။ ဣန္ဒြိယ၊

၃။ အာဇီဝ၊

၄။ ပစ္စယ သန္နိဿိတ လေးမျိုးရှိချေရာ ပါတိမောက္ခသီလကား သဒ္ဓါရိုးနှီးဆော်ပေးရုံမျှသာရှိပြီး သမာဓိရှိမှသာ ဣန္ဒြိယသံဝရသီလက လုံခြုံလေရာ၊ ဝီရိယအားကောင်းမှသာ အာဇီဝပါရိသုဒ္ဓိသီလက လုံခြုံလေရာ၊ ပညာအားကြီးမှသာ ပစ္စယန္နိဿိတသီလက လုံခြုံလေရာ သတိအသွင်းသန်မှ ထိုအားလုံးလုံးမိစည်းမိပြီးဖြစ်ချေရာ ရဟန်းဆိုကအကျင့်ဖြင့် စခန်းဝင်ရသော သိက္ခာတင်သီလမျိုးရှိဖို့ အထူးလိုအပ်လှပါသည်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ထိုဗိုလ်ငါးဖြာတို့ ရိုးရိုးမှတက်ဗိုလ်အဆင့် ဂေဇက်ထွက်မှသာ သီလအားလုံး စင်ကြယ်ကြပါမည်။ ထိုသို့ဖြစ်ရန်မှာ တစ်ဘဝစံတစ်လမ်းသွားသမားအဖြစ် မိမိကိုယ်ကိုမိမိ သတ်မှတ်၍ ရဟန်းအမည်နှင့်အပ်စပ်ရာ ကိလေသာစစ် အမြစ်ပြတ်ချေမှုန်း တိုက်ဖျက်နေမှသာ ဖြစ်နိုင်ကြပါမည်။

ထိုစဉ် ဝိပဿနာဉာဏ်အဆင့်ဖြင့် ခြေခေါက်သွားသည်များလည်းရှိနိုင်၏။ သောတာပန်အဆင့်ဖြင့် ခြေခေါက်သွားသည်များလည်း ရှိနိုင်၏။ သတ၊ အနာ



www.burmeseclassic.com

www.burmeseclassic.com

အဆင့်များဖြင့် ခြေခေါက်သွားသည်များလည်း ရှိနိုင်၏။ ယင်းတို့သည် ပွဲမပြတ်မီ ခြေခေါက်သွားသည့် မတော်တဆဖြစ်ရပ်များအဖြစ်သာ ခံယူထိုက်ပါသည်။

ရဟန်းမှန်က လေးပွဲပြတ် တခွန်စိုက် အောင်ပွဲခံပြီးအထိ ပွဲပြတ်ဝင်နိုင်ရပါမည်။ တစ်ဘဝစ်ကား သည်ဘဝ၊ တစ်ဘဝတည်းဖြင့် အောင်ပွဲခံခြင်း။ တစ်လမ်းသွားကား နိဗ္ဗာန်လမ်းမှတစ်ပါး အခြားလမ်းခွဲမထားတော့ခြင်း။

**မေတ္တာမြေဓာတ် မြေသန့်ကမ္မဝါဖတ်၍**

တောသည် သူတို့ကြီးစိုး၏။ မြို့ရွာများ၌ကား လူတို့ကြီးစိုး၏။ သို့ဖြစ်ရာ ဘုရားရှင်ညွှန်ကြားတော်မူသည့်အတိုင်း တော သစ်တစ်ပင်ရင်း ဆိတ်ငြိမ်ဘေးရှင်း လူသူကင်းရာအရပ်တစ်ခုခု အမှီပြု၍ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းမည်ကြံပါလျှင် မေတ္တာသုတ်တော်လာအတိုင်း မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းရပါမည်။

လယ်တီဆရာတော်ဘုရားကြီး ထိစဉ်က ကြမ်းတမ်းလှသော 'လယ်တီ တောကြီး'အတွင်းဝင်စဉ်တုန်းကမူ အရပ်မျက်နှာများရှိ ပေတယတ္တများကို မိတ်သင်းဖွဲ့၏။ ထို့နောက် အမိန့်တော်ပြန်၏။ ဤနည်းဖြင့် ရဟန်းအတတ်သင်ယူခဲ့ပါသည်။

အများအစားတို့မှာမူကား မေတ္တသုတ်တော်ပါအတိုင်းကို ထိုတောမဝင်မီ မိမိတို့နေရင်းအရပ်ကပင် အာရုံလှိုင်းရိုက်၍ မေတ္တာဓာတ်ဖြန့်ကြက်လေ့ရှိကြပါသည်။

တောရောက်သောကာလ၌လည်း ရောက်ရောက်ချင်း မေတ္တာနှလုံးသွင်း၍ မေတ္တာအေး ပေးသွင်းထားရပါသည်။ ထိုင်မည်ကြံလျှင်လည်း ဘုရားအာရုံပြု မေတ္တာပွားမှု ပြီးစီးမှ ထိုင်ပါသည်။

မေတ္တာသည် ပရဟိတစိတ် ထိပ်တင်ပေးသောအရာဖြစ်ရာ မိမိပြုစုနေသည့် ကုသိုလ်ထုပ်ကို အနီးနေ မမြင်အပ်တို့ကို မျှတပေးဝေခြင်း ဖြစ်ပါသည်။ မိမိ၏ဘူတရုပ် ဘုတ်ခံရှိ ပိုင်နေသဖြင့် ဘုရားအစထား အရိယာအရှင်သခင်ကြီးများ၏သစ္စာတရားကို ရှုပွားနိုင်ခွင့်ရှိပါသည်။ အနီးနေ မမြင်အပ် သူတို့လေးတွေမှာမူကား အစွဲကျ အရိပ်ပြရုပ်မျှသာရှိရှာကြရာ လူရဟန်းများကဲ့သို့ ကျင့်ခွင့်မသာကြရှာပါ။ သို့ကြောင့် သူတို့အနားနေ သူတို့အမှီပြု မိမိပြုခွင့်ရ ဘာဝနာ ပုည အဖို့ဘာဂကို သူတို့အားလည်း မျှတပေးဝေ ခံစားစေခြင်း ဖြစ်ပါသည်။

ထိုသို့ မေတ္တာဓာတ် မျှတပေးဝေပြီးနောက် မိမိရရှိထားသည့် ဘုရားရှင်ချီးမြှင့်တော်မူသော ကျင့်ပွားနည်းလေးဆယ်ထဲမှ တစ်ခုသော ကျင့်ပွားနည်းကို အသေဆုပ်ကိုင်ကာ ကျင့်ပွားရပါမည်။

ကျင့်ပွားနည်း၏အခြေခံများဖြစ်ကြသော ထိုင်ပုံထိုင်နည်း၊ အာရုံယူပုံယူနည်းများ အခြားပြုစုထားသောကျမ်းများ၌ အသေးစိတ် ဖော်ပြပြီးသားရှိနေသဖြင့် ဤ၌ ဖော်မပြတော့ပါ။

တစ်ဖန် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် အကြောင်းများသည် လည်းကောင်း၊ ပရိကမ္မသမာဓိ, ဥပစာရသမာဓိ,အပ္ပနာသမာဓိအကြောင်းများသည် လည်းကောင်း၊ ယင်းတို့လည်း ဖော်ပြပေးထားပြီး ရှိနှင့်နေကြသဖြင့် ဤ၌ ဖော်မပြတော့ပါ။

ဤ၌ ဖော်ပြလိုသည်မှာ မေတ္တာဖြင့် စိတ်ကိုစဉ်၍ ကျင့်နည်းအတိုင်း ဉာဏ်နှင့် ဇောဖျှင်စခန်းဝင်ကာ ဇောခိသို့ဝင် မေတ္တာရှင်ဖြစ်ရန်ကိုပင်။ ယင်းသော်မှ မေတ္တာ၏ ဘာဝနာပရိကံ (၁၆) ချက် အခြား၌ဖော်ပြပြီးသား ရှိနေနှင့်၏။ မေတ္တာပွားပို့ခြင်းကိစ္စ ဤနိဒါန်း၌ပင် အမျိုးအစားခွဲ၍ ပြပြီးသာရှိနေနှင့်၏။ သို့ကြောင့် ဤ၌ အထူးမပြတော့ပါ။

တစ်ဖန်လည်း ဉာဏ်စဉ်နှင့် ဇောဖျှင်များသော်မှ လူသားများ မဂ်လာအစီအရင်တွင် ဇောဖျှင်စခန်းထွင်ကာ ဇောခိပေါက်အဝင် မဂ်လာရှင်ဖြစ်လာပုံများ၌ ပြသထားနှင့်ပြီးရှိနေသဖြင့် ဤ၌ ကောက်ကြောင်းချမျှ ဖော်ပြခွင့်သာပါတော့မည်။

ဤ၌ မေတ္တာမြေပြန့်ပေါ် လမ်းလျှောက်ရင်းက လက်တွင်းပါ ကျင့်နည်းတောင်ဝှေးဖြင့် ဉာဏ်များကိုထောက်၍ ကောက်ယူကာ ဇောဖျှင်စခန်းတွင်း ထည့်သွင်းပေးပါမည်။ သို့ဖြင့်ပင် စခန်းပြည့်၊ ဉာဏ်ပြည့်လာချိန် ဇောခိအိမ်ဝင်ဖို့ပင်။

ဤ၌ အထူးဖော်ပြလိုသည်မှာ ဉာဏ်များနှင့် ဇောဖျှင်တို့ကို ခွဲဝေတွဲပြရာ၌ နိဒါန်းသတိပဋ္ဌာန်ကား ဗိုလ်ကို ဦးစားပေးပြီး ဇောခိပက္ခိယ (၃၇) ပါးတို့နှင့် စခန်းသွားဖြစ်နေခြင်းကြောင့် သတိသမ္ဗောဇ္ဈင်၏ ပိုင်နက်အခြေပြုကို သတိရင့်ကျက် အမှတ်တကျချိန်မှ နေရာပေးထားခဲ့ပြီး ဓမ္မဝိစယသမ္ဗောဇ္ဈင်ကိုကား မှတ်ဉာဏ်ရင့်ကျက် ပေါ်ထင်နိမိတ် (ဥဂ္ဂဟနိမိတ်) ထွက်သည်မှစ၍ နေရာချပေးထားခဲ့ပါသည်။

ဤ၌ကား ရုပ်၊နာမ်တို့၏သဘာဝလက္ခဏာ မြင်ခွင့်သာသော သမ္မသနဉာဏ်ရောက်လေမှ ဓမ္မဝိစယနေရာချပြီး မရောက်မချင်း အတွင်းကား သတိတစ်ခုတည်း ကျက်စားရာနေရာအဖြစ် သတ်မှတ်လိုပါသည်။

သို့တစေလည်း ရှေးဆရာမြတ်တို့က နာမ်၊ ရုပ် နှစ်ပါး ကွဲပြားလာသည်မှစ၍ ဓမ္မဝိစယနယ်ပယ်ကို သတ်မှတ်ပေးထားပြီးရှိနှင့်နေသောကြောင့် ငါတို့သည်လည်း ရှေးဆရာမြတ်တို့၏အယူကို ရိုသေသောအားဖြင့် နာမ်၊ ရုပ်ကွဲ သိစနာမရူပပရိစ္ဆေဒဉာဏ်မှ စတင်ကာ ဓမ္မဝိစယကို နေရာချထားပေးခဲ့ပါမည်။ သို့ကြောင့် သတိတစ်ခုတည်း၏ ပိုင်နက်ကား ထိုနာမရူပပရိစ္ဆေဒဉာဏ် မဝင်မချင်းအထိသာ ဖြစ်ပါမည်။

နောက်တစ်ခုမှာ နိဒါန်းသတိပဋ္ဌာန်တုန်းက သတိကို ဗိုလ်နေရာအဆင့်ပေးလိုသဖြင့် သင်္ဂဉာဏ်အုပ်စုကို သတိဗိုလ်ဝင်ရာနေရာအဖြစ် သတ်မှတ်ပေးခဲ့ပြီး သမာဓိကိုကား အပ္ပနာအဆင့်ရောက် သခါရုပေက္ခာဉာဏ်ဝင်မိချိန်ကျမှ နေရာချပေးခဲ့ပါသည်။

ဤ၌ကား ဇောဖျှင်တစ်ခုထည်းတည်းဖြင့် ကျမ်းကိုစဉ်ထားပါသဖြင့် သတိသည် အစမှပင် စိတ်ကို စတင်စည်းရုံးကာ စိတ်၌ ဉာဏ်အဆင့်ဆင့်ပွင့် ဇောဖျှင်အဆင့်ဆင့်စခန်းပေါ် ထိုစိတ်ဇောခိနေရာတော်ဝင်ရောက် ကိန်းခိုပုံများကို ပြဆိုတော့မည်ဖြစ်ခြင်းကြောင့် သမာဓိကို ဘင်္ဂအုပ်စုမှပင် စတင်ကာ နေရာချထားပေးပါမည်။

နိဒါန်းသတိပဋ္ဌာန်၏သွားလမ်းစဉ်နှင့် ဤကျမ်း၏သွားလမ်းစဉ်များအထားအသိုမတူခြင်း၏အကြောင်းရင်းများဖြစ်ပါသည်။ ဤနေရာများကား ယခင်နိဒါန်းသတိပဋ္ဌာန်တုန်းကအတိုင်းရှိကြပါမည်။

ဇောဖျှင်သည် ဇောခိသွား ဖွန်းဆိုးတောရှင်းရာ၌ အစမှအဆုံးတိုင်ပါပါသည်။ ဇောဖျှင်သည် တောတိုးရာမှဖြစ်သောဒဏ်ရာများကို သွားရင်းကပင် ကုစားပေးပါသည်။ ထိုဇောဖျှင် ဤမျှတွင်ကျယ်နေချေရာ ဤ၌ တခမ်းတနား ကျမ်းတစ်ပါးအဖြစ်ဖြင့် အမွှမ်းတင်ပေးထားခြင်းပင် ဖြစ်ပါသည်။

(ဆက်ရန်)

မဟာဗောဓိမြိုင်

ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# မြဝင်း

## မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ဩဝါဒနှင့် အရှင်ကုန္ဒာစရိယ(ဟသံာတ)၏မေတ္တာစွမ်းအင်

တစ်လောက ကျွန်တော်သည် အရှင်ကုန္ဒာစရိယ (ဟသံာတ) ရေးသား စီခြင်သော 'မေတ္တာစွမ်းအား' စာအုပ်ကို ဖတ်ပါသည်။ ထိုစာအုပ်ကို ရန်ကုန် ထိုင်းလင်းစာပေက မြန်မာနှစ် ၁၃၆၁ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။ နှစ်ပေါင်း (၁၄) နှစ်ခန့်ကြာခဲ့ပြီ ဖြစ်သည်။

အရှင်ကုန္ဒာစရိယ (ဟသံာတ) သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာဌာနသို့ သွားရောက်၍ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအား ဖူးမြော်ပြီး ဆရာတော်ဘုရားကြီးထံမှ ဩဝါဒခံယူပြီး ထိုစာအုပ်ကိုရေးသည်ဟု ဆိုပါသည်။

ထိုစာအုပ်၌ 'အကြောင်းပြနိဒါန်းနှင့် အကျိုးပြနိဒါန်း' ဟူ၍ ပါရှိရာ အရှင်ကုန္ဒာစရိယ(ဟသံာတ)သည် 'အကြောင်းပြနိဒါန်း' ၌ ထိုအကြောင်းကို တင်ပြထားပါသည်။

အရှင်ကုန္ဒစရိယ(ဟသံာတ)သည် ပျဉ်းမနား လက်လုပ်တောင် သာသနဟိတကာရီအဖွဲ့ ဒါယကာများနှင့်အတူ မြန်မာနှစ် ၁၃၆၁ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်နေ့ (၁၅-၇-၁၉၉၉)၊ နံနက် (၆) နာရီ မိနစ် (၃၀) တွင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာဌာနသို့ ထွက်ခဲ့ပါသည်။ ထိုစဉ်က မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မင်းတိုင်ပင်ရွာနှင့် ခြောက်မိုင်ရွာ တောရကျောင်းကလေးတွင် ခေတ္တသီတင်းသုံးနေပါသည်။

အရှင်ကုန္ဒာစရိယ(ဟသံာတ)တို့အဖွဲ့သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာဌာနသို့ရောက်အောင် ကုန်းတစ်တန်၊ ရေတစ်တန်သွားခဲ့ကြရပါသည်။ ဒုတိယဝါဆိုလဆန်း ၁၄ ရက်နေ့ (၁၆-၇-၁၉၉၉)၊ နံနက် (၂) နာရီတွင် မင်းတိုင်ပင်ရွာသို့ ရောက်ကြပါသည်။ မင်းတိုင်ပင်ရွာကျောင်းဒကာ၏ အိမ်၌ ညအိပ်ရပ်နားကြရပါသည်။ နံနက် (၉) နာရီတွင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တောရကျောင်းကလေးသို့ ရောက်ကြပါသည်။ ရောက်သည်နှင့် ဆရာတော်ဘုရားကြီးအား ဖူးမြော်ပြီး ဩဝါဒခံယူကြပါသည်။ ထို့နောက် အတူပါလာသော ဒကာများ အပြင်သို့ထွက်သွားကြရာ အရှင်ကုန္ဒာစရိယနှင့် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး နှစ်ပါးသာ ကျန်ရစ်ခဲ့ပါသည်။

ထိုအခါ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဆိုင်းမဆင့်ပုံမဆင့်ဘဲ -

"တပည့်တော်တို့ကတရားပွားများအားထုတ်ကြလျက် သတ္တဝါများအပေါ် အမေစိတ်များထားကြရမည်"

ဟု ဆိုပါသည်။ ထို့မှဆက်၍ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက -

"သာသနာပြုတဲ့အခါမှာလည်း အမေစိတ်ထားကြရသည်"

ဟု မိန့်ဆိုပြီး မေတ္တာထားပုံများအကြောင်းကို ဆက်လက်မိန့်ဆိုပါသည်။

အရှင်ကုန္ဒာစရိယ (ဟသံာတ) သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး နတ်တလူစခန်းတွင် သီတင်းသုံးစဉ်ကလည်း ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်၍ ဩဝါဒခံယူခဲ့ဖူးပါသည်။

ထိုစဉ်ကလည်း မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက -

"တောနက်တိရစ္ဆာန်များသည် လူသားတို့မေတ္တာစိတ်ကို သိသည်။ အထူးသဖြင့် ကျားများသည် လူ၏အနံ့ကိုနံ့ရုံမျှဖြင့် ရန်မူမည့်ပုဂ္ဂိုလ်၊ ရန်မမူမည့်ပုဂ္ဂိုလ်ဆိုတာ သိကြသည်။ ရန်မမူမည့်ပုဂ္ဂိုလ်ဆိုလျှင်လည်း သူတို့ကပြန်၍ရန်မမူ။ သူတို့မှာဖြောင့်မတ်တဲ့စိတ်ရှိသည်"

ဟု မိန့်ဆိုခဲ့ပါသည်။

အရှင်ကုန္ဒာစရိယ (ဟသံာတ) သည် ထိုမိန့်ဆိုချက်ကို ပြန်လည်သတိရသည်။

အရှင်ကုန္ဒာစရိယ (ဟသံာတ) သည် ဆရာတော်ဘုရားကြီးအားလျှောက်ထားလိုသည်များကို လျှောက်ထားပြီး နံနက် (၁၀) နာရီ မိနစ် (၅၀)တွင် ဆရာတော်ဘုရားကြီးထံပါးမှ ပြန်လည်ထွက်ခွာလာခဲ့ပါသည်။ ဆရာတော်ဘုရားကြီးထံမှ ထွက်ခွာလာခဲ့သော်လည်း ဆရာတော်ဘုရားကြီး မိန့်ကြားလိုက်သော မေတ္တာစိတ်ထားအကြောင်းများသည် အရှင်ကုန္ဒာစရိယ(ဟသံာတ) နှင့်အတူ ပါလာခဲ့ပါသည်။ အရှင်ကုန္ဒစရိယ (ဟသံာတ) သည် မေတ္တာအကြောင်းကို စဉ်းစားရင်း မေတ္တာအတွေးရေယဉ်ကြောမှာမျောပါနေတော့သည်။

ထိုသို့ မေတ္တာရေယဉ်ကြောမျောပါနေစဉ် မေတ္တာနှင့်စပ်သော ကိုယ်တွေ့ကြုံခဲ့ရသည့် အကြောင်းအရာများကိုလည်း တရေးရေးမြင်ယောင်လာပါသည်။ တရေးရေးမြင်ယောင်လာပုံသည် အကြောင်းပြနိဒါန်း၌ ပါလေသည်။ ဆရာတော် တရေးရေးမြင်လာသော ကိုယ်တွေ့ကြုံခဲ့ရသည့် အကြောင်းအရာသည် စာဖတ်သူများအဖို့ သင်ခန်းစာယူဖွယ်ရာဖြစ်သဖြင့် အကြောင်းပြနိဒါန်း၌ အရှင်ကုန္ဒစရိယ(ဟသံာတ) ရေးထားသည့်အတိုင်း ဖော်ပြအပ်ပါသည်။

*စာရေးသူငယ်ငယ်လူဝတ်ဘဝဝယ်*



www.burmeseclassic.com

www.burmeseclassic.com

အသက်အားဖြင့် (၁၄) နှစ်မျှသာ ရှိချေ၏။ တစ်ရွာခြားမိတ်ဆွေ သူငယ်ချင်းများအိမ်သို့ အကြောင်း တစ်ခုဖြင့်ရောက်သွား၏။ မကြာခင် မှာပင် အိမ်နောက်နားက ကြက် အော်သံကြားလိုက်ရ၏။ (ဟသ်ာတ မြို့နယ်၊ မအူကုန်းကျေးရွာအနီးတစ် ဝိုက်ဟုပင် ဆိုရချေမည်။) တော အရပ်ဖြစ်၍ ဈေးသွားချိန်မရသော ကြောင့် အိမ်ရှိကြက်ကိုချက်ဟန်တူ ၏ ဟု စဉ်းစားနေမိ၏။ မကြာခင် ထမင်းဝိုင်းထိုင်လိုက်သည့်အခါတွင် ကြက်သားဟင်း ပါလာချေ၏။ စာရေးသူမှာ လုံးဝစားချင်စိတ်မရှိ။ သို့သော်လည်း ဟင်းက တစ်ခွက် သာရှိ၍ မစားဟုပြောက တစ်မျိုး ဖြစ်ချေတော့မည်။ သို့ဖြစ်၍ ကြက် သားဟင်းကား စားလိုက်သည်။ သို့ သော်လည်း အရသာခံ၍ စားလို့ မရ။ ပျော့စိစိပင်ဝါးစားနေရသကဲ့ သို့ ဖြစ်ခဲ့ရသည်။

ထိုအိမ်မှပြန်ခဲ့၍ မကြာမီ (၂) ရက် အတွင်း ယင်းအိမ်က စာရေးသူတို့ အိမ်ရောက်လာတော့၏။ ကျေး တောရွာတို့ သူငယ်ချင်းသဘာဝ သူလိုပဲ ကျနစွာ ဧည့်ခံချင်ကြသည် ဖြစ်၍ စာရေးသူ၏ နောင်တော် ကိုခင်လှိုင်မှ ရှာဖွေလာသည့်ကြက် နောက်ဘက်အပေါက်မှယူကာ ချက် ပြုတ်သည့် အခန်းအနောက်ဘက် အတွင်းတွင် တုတ်တစ်ဖက်၊ ကြက် တစ်ဖက် ရက်ရက်စက်စက်သတ်ဖို့ ကလည်း မဝံ့မရဲဖြစ်နေ၏။ ကြက် ကြီးကလည်း တဟောဟောမော နေ၊ ဧည့်ဝတ်မကျေဖြစ်မှာလည်း တွေး၍ ရတက်မအေး သူ့အသက် အားလည်း သနား၊ အနားပေါ်း ဘယ်သူမှမရှိ ရေနွေးအိုးကိုကြည့် ကြက်ကိုကြည့်နှင့်။ ဒသိကလည်း လက်မခံ၊ ဧည့်ခံဖို့အရေးမျှော်တွေး လျက် ကြက်သတ်ရန် လက်ထဲရှိ တုတ်ကိုမြှောက်မိလိုက်သည်။ တုတ် ကိုမြှောက်လိုက်ချိန် လျှပ်တစ်ပြက် အတွင်းမှာ လျှပ်ဝင်းသလို သိလိုက် သည်ကား ကြက်သားစား၍ ကြက် သတ်ရသည်။ ကြက်သား ငါမစား က သတ်ရမည်မဟုတ်။ အပြစ်မဲ့တဲ့ သူ့ဘဝအတွက် ကြက်နေရာကို စိတ် ဝင်၍ ကိုယ်ချင်းစာတရားဖြင့် ခံစား နေမိသည်။ ကိုယ်ချင်းစာနာမိသည်။ သူ့အသက်သတ်ပြီးကျွေးမွေးမှ ဧည့် ဝတ်ကျေမည်လားဟု အမေးပုစ္ဆာ ထုတ်နေမိသေး၏။ (တောရွာများ ကား ဧည့်ဝတ်ကျေရေးအတွက် သူ့ အသက်သတ်နေခြင်းကား မှားလေ စွ)

ထိုအခါ မြှောက်လက်စ တုတ်ကို ပစ်ချလိုက်ပြီ။ ကြက်ကိုလည်းလွှတ် လိုက်သည်။ ကြက်မွေးနုတ်ရန် ကျို ထားသော ရေနွေးအိုးပွက်ပွက် ဆူနေသည်ကိုလည်း သွန်ပစ်လိုက် သည်။ ဧည့်သည်ကိုလည်း ရှိတာ လေးနှင့် ဝအောင်ကျွေးလိုက်ရ သည်။ အဲဒီနေ့ကစ၍ အသားအား လုံး မစားဘဲရှောင်ပစ်လိုက်သည်။ အသားစားခြင်းမရှောင်ခင်ကာလ တွင် သားရေလေးခွဖြင့် ပစ်တတ် သောကြောင့် ငှက်များမြင်ခွင့်ကို မပေးရဲကြ။ အနီးသစ်ပင်များသို့ လည်း မနားရဲကြ။ လေးခွတစ်လက် ဖြင့် တောလှည့်နေတတ်သေး၏။ ထို့ကြောင့် လူမြင်လျှင် အမြန်ပျံကြ တော့သည်။

အသားများ မစားတော့ဘဲ ရှောင် သည့်နေ့မှာပင် မိဘများထံ မေတ္တာ ပို့များပေးကာ အဲဒီညကစ၍မေတ္တာ ပွားမိတော့သည်။ ပုတီးလည်းစိပ်မိ တော့သည်။ သားရေလေးခွလည်း ဖျက်ပစ်လိုက်တော့သည်။ သူ့အသက် သတ်ခြင်းကိုလည်းရှောင်ခဲ့သည်။ ယမန်နေ့က ယင်းသို့ တွေ့ကြုံခဲ့မှု ကြောင့် မိမိဘဝလေး ပြောင်းလဲ လိုက်ပြီးနောက် တစ်နေ့နံနက်ခင်း (၈) နာရီခန့်တွင် သီးနှံများစိုက်ပျိုး ရာ မြေကွက်တစ်နေရာသို့ထွက်လာ ခဲ့သည်။ မိမိစိုက်ပျိုးနေကျ အခင်း အနီးတွင်ရှိသော ခြောက်တောင်ခန့် ရှိ ထိမ်ပင်တွင် ဗျိုင်းသုံး၊ လေး ကောင်နှင့် ချိုးလေး၊ ငါးခြောက် ကောင် နားနေသည်။ ထိုအပင် အောက်သို့ စာရေးသူသွားသည့် အခါတွင် ထိုငှက်များ တစ်ကောင်မှ ထပျံခြင်းမပြု။ မသက်သော မျက် လုံးများနှင့်ပင်မကြည့်။ နားလျက်ပင် နေချေ၏။ ချိုးမှာ တကူးကူးဖြင့်ပင် တွန်မြူးနေတော့သည်။ သူလာ သည်ကို မသိသောကြောင့်ဟု တွေး ကာ လမ်းလျှောက်ပြသော်လည်း လုံးဝမပျံဘဲ နားလျက်သာနေချေ ၏။ စာရေးသူသည် မေတ္တာစိတ်ကို တိရစ္ဆာန်ငှက်များတောင် သိလေ သည်။ ငါသည် အသိရှိသော လူဖြစ် လျက် သူတို့ထက် စွမ်းရည်ကြီးပါ လျက်နှင့် ယမန်နေ့ကမှ မေတ္တာ၏ အရိပ်ယောင်လောက် သိခွင့်ရသည် ဟု စိတ်မကောင်းခြင်း သောက များကြောင့် မျက်ရည်များလည် သည်အထိ ခံစားခဲ့ရသည်။ အရင် ရက်များက လေးခွကြောက်သည့် ငှက်များ ယမန်နေ့က လေးခွမကိုင် ကြောင်း သူတို့သိသွားလေသလော ဟု အတွေးလေးဖြင့် ခံစားမိ၏။

အမေ၊ အဖေပြောဆိုသွန်သင်သည့် စကားမှာ ငှက် စသည့် တိရစ္ဆာန် မိဘများပင် သတ်ပစ်လိုက်လျှင် မိဘမရှိတဲ့ သားငယ်လေးများ ဘယ် လိုခံစားရမလဲ။ မင်းကော ငါတို့မရှိ လျှင် ဘယ်လိုခံစားရမလဲ စသည် ဖြင့်သွန်သင်ဆုံးမခဲ့စကားများသည် တစ်ချိန်က လေးခွမက်၍ နားမဝင် သော်လည်း ယခုတော့ ထိုကိုယ် ချင်းစာတရားများ အသက်ဝင်လာ တော့၏။ ကြီးထွားလာတော့၏။ ရင့်သန်လာတော့၏။ အချိန်ကျလာ တော့၏။

ထိုကဲ့သို့ ကလေးဘဝ တွေ့ကြုံခံစား ခဲ့ရသောမေတ္တာတရားကို တိရစ္ဆာန် ကို သတ္တဝါတိုင်းကြိုက်သည်။ မြတ် နိုးသည်။ အမေစိတ်ထားရမည် ဟူသော မဟာဗောဓိမြိုင်ဆရာ တော်၏စကားများကြောင့် မေတ္တာ တရားများ လူတိုင်းနားလည်သိစေ ချင်သောဆန္ဒ ပေါ်ပေါက်ကာ မေတ္တာနှင့်ပတ်သက်၍ ရေးသားလို သောဆန္ဒပြင်းပြသဖြင့် ရေးသား တင်ပြခြင်း ဖြစ်သည်။

အထက်ပါစာကို ဖတ်ကြည့်လျှင် အရှင်ကုန္ဒာစရိယ(ဟသ်ာတ)၏ ကိန်း အောင်းနေသော မေတ္တာအခံစိတ်သည် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ 'အမေစိတ်ထားပါ' ဟူသော ဩဝါဒ ကြောင့် နိုးကြွလာပြီး မေတ္တာစွမ်းအား စာအုပ်ကို ရေးသား စီရင်ခဲ့သည်ဟု ဆို နိုင်ပါသည်။

မြဝင်း(ဒသသန)

စာကြွင်း -

အရှင်ကုန္ဒစရိယ (ဟသ်ာတ) ၏ စာအုပ်၌ မေတ္တာပို့နည်းနှင့် စပ်လျဉ်း၍ ထူးခြားသောအချက်များ ပါရှိလေရာ ထိုအချက်များကို အလျဉ်းသင့်သလို တင်ပြသွားရန် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အလောင်းတော်ကဿပ ကျောက်ဂူတံခါးဝမှ ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများကို မကြာခဏ စာရေးသားခွင့်ရခဲ့၏။ နှစ်စဉ် ထူးထူးခြားခြား ဖြစ်ရပ်ဆန်းများ ရေးသားနိုင်သကဲ့သို့ ယခုနှစ်တွင်လည်း ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများ ရေးသားနိုင်သည်ဖြစ်ရပါစေ တောင်းဆုခြွေပါသည်ဘုရားဟု ဆုတောင်းရင်းဖြင့်သော ကင်မရာအား အသင့်ပြင်လျက် ကျောက်ဂူတံခါးဝသို့ အာရုံပြုနေခဲ့လေ၏။ နေစောင်းသည့်တိုင် ထူးခြားဖြစ်စဉ်များမတွေ့ရသောအခါ ကင်မရာကို အိတ်ထဲပြန်ထည့်၊ တည်းခိုရာ တောင်ပေါ်သို့ ပြန်တက်ခဲ့၏။ နှစ်စဉ်နှစ်တိုင်း တပို့တွဲလပြည့်နေ့ ဆရာတော် သံဃာတော်များ ရေသိမ်ဝင်ပြီးသည်နှင့် မကြာသောအချိန် နာရီပိုင်းလေးမှာ ဂူတံခါးဝမှာ ထူးခြားဖြစ်ရပ်ဆန်းများ ဖြစ်လေ့ဖြစ်ထရှိသည်မို့ မနက်ဖြန် တပို့တွဲလပြည့်နေ့ကို မျှော်လင့်ကြီးစွာဖြင့် တည်းခိုရာ ဓမ္မသာလအဆောင်သို့ပြန်ခဲ့၏။


တောင်တော် တောင်ပေါ်ရောက်တော့ အမှောင်ထုက စိုးမိုးနေလေပြီ။

# (၄၆)ကြိမ်မြောက် အလောင်းတော်ကဿပပူဇော်ပွဲမှ
# ကိုယ်တွေ့ကြုံ ဂူတံခါးပွင့်ဟမှတ်တမ်း


ကံဝင်း

၁၃၇၅ ခု၊ တပို့တွဲလပြည့်အဖိတ်နေ့မှာ အလောင်းတော်ကဿပတောင်ပေါ်သို့ ရောက်ခဲ့ပါသည်။

တောင်ပေါ် ဓမ္မသာလာအဆောင်မှာ တည်းခိုခွင့်ရ၍ ပါလာသောဝန်စည်စလယ်များ နေရာချထားပြီးသည်နှင့် ရှင်မဟာကဿပကြီး ပရိနိဗ္ဗာန်ပြုရာ ကျောက်ဂူတံခါးဝသို့ ဦးတည်လာခဲ့၏။ ကျောက်ဂူတံခါးဝရှေ့မှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာ မြိုင်ဆိုင်စွာ ပူဇော်ကန်တော့ပြီး ဘုရားရှိခိုး၊ သီလခံယူ၊ ဂုဏ်တော်ပုတီးစိပ်ခဲ့၏။ မေတ္တာပို့သ၊ အမျှပေးဝေခြင်းများ ပြုလုပ်ပြီးသောအခါ ပါလာ



ကျောက်ဂူတံခါးဝ စတင်ပွင့်ဟလာပုံ



ဂူပွင့်စ ပထမအစ



www.burmeseclassic.com


www.burmeseclassic.com



ဂူတံခါးပွင့်သည်နှင့် အလှူရှင်များ တစ်ပြားတစ်ကျပ်မကျန်ဂူအတွင်း ရောက်သွားပုံ ထင်ထင်ရှားရှား တွေ့မြင်ရစဉ်

အမှောင်နှင့်အတူ ယှဉ်တွဲ၍ပါလာသည်က မြူနှင်းမှုန်များ ဖြစ်၏။ နေမင်းကွယ်ပျောက်သည်နှင့် ဒုန်းစိုင်းဝင်ရောက်လာသော အအေးဒဏ်ကို အကာကွယ်ပြုဖို့ ဘောင်းဘီရှည်ကိုဝတ်၊ အနွေးထည်ထူထူဝတ်ပြီးချိန်မှာ နာယကဆရာတော်ကြီးရဲ့ကပ္ပိယ ကားဒရိုင်ဘာ၊ စာရေးသူ၏ ဓမ္မမိတ်ဆွေဖြစ်သူ ကိုဆွေဦးက လာခေါ်၏။ ညစာစားရန် ဖြစ်ပါသည်။ ဘောဇနဆောင်မှာ ညစာစားပြီးတော့ တောင်ပေါ်မှာတည်ထား ကိုးနဝင်းစေတီ (၁၀၈) ဆူ ဘုရားများသို့ သွားရောက်ဖူးမြော် ဘောဇနဆောင်မှ ထွက်လာခဲ့၏။ ကိုးနဝင်းစေတီပေါ်မှ ရောင်စုံမီးများ ထိန်ထိန်သာ ထွန်းညှိပူဇော်ထားသည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ထောင်ပေါင်းများစွာ ဘုရားဖူးလာသူများနှင့် စည်ကားနေလေ၏။ တောရိပ်တောင်ရိပ်တောစခန်းများကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးများကို ဘုရားအာရုံပြုရင်း ရှူသွင်းနေရသည်က လူမှာ လွန်စွာ လန်းဆန်း အေးချမ်းစေလေ၏။ အရောင်အသွေးစုံ လူအလွှာစုံမှ ဘုရားဖူးများ တစ်သုတ်ပြီးတစ်သုတ် ဘုရားတောင်ပေါ်သို့ တက်လာကြ၏။ ဘုရားဖူးလာသူပြည်သူများကိုကြည့်ရင်း စာရေးသူလည်း အတွေးနယ်ချဲ့နေလေ၏။

အလောင်းတော်ကဿပတောင်ပေါ်ရောက်လာသူများသည် တော်ရုံတန်ရုံကုသိုလ်ဖြင့် ရောက်လာသူများ မဟုတ်။ ကုသိုလ်ထူး၍ ရောက်လာသူများ ဖြစ်ကြလေ၏။ အလောင်းတော်ကဿပဘုရားဖူးခရီးကား နီးနီးကလေး




ကျောက်ဂူတံခါးဝ မပွင့်ဟသေးကာ အလှူရှင်များ ဂူတံခါးဝမှာ လှူနေကြပုံ



အလောင်းတော်ကဿပမှ ခြေတော်ရာနှစ်ဆူ

www.burmeseclassic.com

www.burmeseclassic.com



ဂူတံခါးပွင့်ဟခါစ



ဂူတံခါးအပွင့်မှာ အလှူငွေများ
တိုးဝေ့လှူဒါန်းနေကြပုံ



ကျောက်ဂူတံခါးဟလာသည်နှင့်
တိုးဝေ့လှူဒါန်းနေကြပုံ



မဟုတ်။ အနယ်နယ်မှရောက်လာဘုရားဖူးများသည် ကားကြီးကားငယ်အသွယ်သွယ်ဖြင့် ဖိုလ်ဝင်တောင်စခန်းကို ဦးစွာပထမ ရောက်အောင်လာကြရ၏။ ဖိုလ်ဝင်တောင်မှနေ၍ တောလမ်းတောစခန်းဖြတ်သန်းဖို့ လေအိတ်ကားကြီးတွေသွားမရတော့။ ကြံ့ခိုင်ရေးမကောင်းသောကားများလည်း သွားလို့မဖြစ်။ မြေလမ်း၊ သဲလမ်း၊ ယမားချောင်းဖြတ်သန်း တောချိုးလမ်း ဆိုတော့ လေအိတ် (အိပ်စတက်) ကားကြီးများ ဖိုလ်ဝင်တောင်မှာရပ်နား၍ ကားပြောင်းစီးရ၏။ မှန်လုံမီနီကားလေးတွေနှင့် ခရီးဆက်ခဲ့ရ၏။

ကပိုင်ဟုခေါ်သော ရွာကြီးမှာ စားသောက်ဆိုင်ကြီး၊ ဆိုင်ငယ်များစွာရှိလေ၏။ ကပိုင်ရွာမှာ ကားတွေ တစ်ဆောက်နား၊ ခရီးသွားများ အဆာပြေစားကြပြီးနောက် ပွင့်ကြီးစခန်း၊ ဂုံညင်းစခန်း၊ မဟူတောင်နတ်နန်း၊ ကျောက်မြောင်းချောင်းမကြီး၊ ဘုရားဝ စသည့်တောစခန်း၊ တောင်စခန်း၊ ချောင်းကြီး၊ ချောင်းငယ်စခန်းများ ကျော်ဖြတ်သန်းပြီးသည်နှင့် သပိတ်ဆေးချောင်းထိပ်သစ်လုံးအိမ်ဆင်စခန်းသို့ ရောက်ပါတော့၏။

သစ်လုံးအိမ်ဆင်စခန်းမှ ဆင်ကြီးတွေစီးသူကစီး၊ ခြေကျင်လျှောက်သူကလျှောက်နှင့် တစ်နာရီသာသာအကြာမှာ အလောင်းတော်ကဿပတောင်ပေါ်သို့ရောက်ကြပါတော့သည်။ တောင်ပေါ်ရှိ ရှင်မဟာကဿပ အလောင်းတော်ကြီး၏ တန်ခိုးတော်မခြား တည်ထားတော်မူ လျောင်းတော်မူရုပ်ပွားတော်ကို ဖူးကြပြီးနောက် ရှင်မဟာ




www.burmeseclassic.com

www.burmeseclassic.com

ကဿပရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်ပြုရာ ဝေဘူလ၊ ဝေဘာရ၊ သုနန္ဒရဟု အမည်ရသည့် တောင်သုံးလုံးရှိရာဌာန တောင်ခြေသို့ စတီးလက်ရန်းများ အားပြု၍ လှေကားအတိုင်း ဆင်းလာကြရ၏၊ တောင်ခြေ စမ်းချောင်းတံတားပေါ်များမှ ဖြတ်သန်းလာခဲ့သော် အလောင်းတော်ကဿပ ပရိနိဗ္ဗာန်ပြုရာ ကျောက်ဂူအတွင်းမှာ သိတင်းသုံး စံတော်မူ အလောင်းတော်ကြီးအား ရည်မျှော်၍ ကျောက်ဂူတံခါးဝ၌ ဆွမ်း၊ ရေချမ်း၊ သစ်သီး ဆီမီး နံ့သာ စုံလင်စွာ ကပ်လှူပူဇော်၍ လိုရာဆုတွေတောင်းကြလေ၏၊ ထိုသို့ ပင်ပန်းကြီးစွာ ခရီးရှည်ကို ဖြတ်သန်း၍ ရှင်မဟာကဿပကျောက်ဂူဝသို့ ရောက်ရှိဖူးမြော်လိုက်သည်နှင့် ပင်ပန်းနွမ်းသမျှ ပြေပျောက်၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် 'တစ်နှစ်တစ်ခေါက် မိသားစုစုံညီစွာဖြင့် လာရောက်ဖူးမြော်ပါရစေ' ဟု တောင်းဆုချွေကြလေ၏။ ထိုအလောင်းတော်ကဿပဖူးကြသူများ ကျန်းမာဖွံ့ဖြိုး၍ အလိုရှိသော လောကုတ်နှစ်ဖြာ အကျိုးထူးတွေ ခံစားရပါသည်ဟု ဆိုကြ၏

အလောင်းတော်ကဿပသို့ သွားရောက် ဖူးမြော်နိုင်ရန် (၁) ကျန်းမာရေးလည်း ကောင်းပါမှ၊ (၂) ကြီးစွာသော



ကျောက်ဂူတံခါးမပွင့်ဟမီက ဆရာတော် သံဃာတော်များ ရေသိမ်ဝင်ကြပုံ



အလောင်းတော်ကဿပဗဟိုဝန်ဆောင်အဖွဲ့ မဟာနာယကဆရာတော်နှင့်
စာရေးဆရာ ကံဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်ဌေး



အလောင်းတော်ကဿပမှ ရသေ့တစ်ပါးနှင့်
အမှတ်မထင် ထမ်းတွင်ဆုံကြစဉ်



မတောင့်တဆရာတော်နှင့် စာရေးသူ




www.burmeseclassic.com

www.burmeseclassic.com



ဆီမီး (၉၀၀၀) ပူဇော်ပွဲမှ ပတ္တနိဒေသနာပါဠိစကြာ



ဆီမီး (၉၀၀၀) ပူဇော်ပွဲ

သောင်းနှင့်ချီ စရိတ်စကများလည်းတတ်နိုင်မှု၊ (၃) သွားရောက် ဖူးမြော်ရန် ဦးဆောင် စီစဉ်ပေးသောသူများလည်းရှိဦးမှ၊ (၄) ဖူးမြော်လိုသော သဒ္ဓါတရားလည်းရှိဦးမှ၊ (၅) တိုင်းပြည်အေးချမ်းသာယာမှု စသည်ဖြင့် အဘက်ဘက်မှ ပြည့်စုံပါမှ အလောင်းတော်ကဿပသို့ ရောက်ကြရသည်ဖြစ်ရာ ရောက်လာသူများသည် ကုသိုလ်ထူး၍ရောက်ကြသည်ဟု ယူဆရပါလိမ့်မည်။ တစ်ခေါက်ရောက်ပြီးပါက မကြာခဏ ပြန်လည်ရောက်ရှိဖူးမြော်ကြသည်က ထူးလှပါသည်။ ရန်ကုန်မြို့မှာနေ အမေဒေါ်လှစိန် (အမေစိန်) သည် အလောင်းတော်ကဿပ (၄၆) ကြိမ်မြောက် ပူဇော်ပွဲသို့ (၄၆)ခေါက်တိတိ ရောက်လာပါသည်။ အသက်မှာ (၈၅) နှစ်ရှိ၍ ကျန်းမာပါသည်။

အလောင်းတော်ကဿပနှင့် ပတ်သက်သောခရီးစဉ်များနှင့် လာရောက်ဖူးမြော်သူ ထောင်ပေါင်းများစွာ ဘုရားဖူးများကိုကြည့်၍ သဒ္ဓါထက်သန်စွာ အရောက်လာခဲ့ကြပုံများကို တွေးတောနေရင်းမှ မထင်မှတ်သောသတင်းကို ကြားလိုက်ရ၏။ ကိုးနဝင်းဘုရားရင်ပြင်တော်သို့ တက်လာသော လူတစ်စုထံမှ ဝမ်းမြောက်ဖွယ်သတင်းစကား -

"စောစောက ဂူပွင့်သွားတယ်။ လှူဖွယ်တွေ၊ လက်ဝတ်ရတနာတွေ ပစ်သွင်းကြတယ်"

"(၈) နာရီသာသာကပေါ့။ အဲဒီမှာ သူဌေးမတစ်ယောက် သူ့ရဲ့ဆွဲကြိုး ချွတ်ပြီးလှူတာ တွေ့ရတယ်။ မန္တလေးကလို့ ပြောကြတယ်"

ဒါ သတင်းဦးသတင်းထူးဖြစ်၏။ ထိုင်ရာမှ ချက်ချင်းထ ထိုသတင်းစကားပြောသူများထံသွား၍ မေးကြည့်တော့ ခိုင်မာတိကျစွာ သိလိုက်ရ၏။ ည (၈) နာရီ (၁၀) မိနစ်တိတိမှာ ဂူပွင့်သွား၏။ 'ဂူဝမှနေ၍ ရွှေ ငွေလှူဖွယ်များ ပစ်သွင်းသူများ ဒီအဖွဲ့မှာပါသလား' မေးတော့ အဲဒီအလှူရှင်များ ကျောက်ဂူတံခါးဝမှာ ကျန်ခဲ့ကြောင်း၊ ကျောက်တံခါးပြည့် ရွှေသင်္ကန်းလာလှူကြတဲ့ အလှူရှင်များဖြစ်ကြောင်း၊ ကျောက်ဂူတံခါးအပြည့် ရွှေသင်္ကန်းများ မန္တလေးမှ လာလှူကြသူများ ဖြစ်ကြောင်း ပြောဆိုကြသဖြင့် အချိန်မနှောင်းမီ ထိုအလှူရှင်များ အုပ်မိရန် ကျောက်ဂူတံခါးဝတည်ရှိရာ တောင်ခြေသို့ အပြေးနှင်ရပါတော့၏။ ရုပ်ပွားစံကျောင်းတော်မှ အုတ်လှေကားအဆင်း၌ အောက်မှ အပေါ်သို့ စတီးခေါက်လှေကားထမ်း၍ တက်လာသောလူငယ်လူရွယ်တစ်သိုက်နှင့် မျက်နှာချင်းဆိုင်တွေ့၍ မေးကြည့်ရာ ဂူပွင့်ဟစဉ်လက်ဝတ်ရတနာများကို ကိုယ်တိုင်ပစ်သွင်းခဲ့သူ မန္တလေးသား ကိုစိုးသိန်းနှင့် အတူပါ မန္တလေးသားများ ဖြစ်နေကြလေ၏။ဆွဲကြိုးချွတ်ပြီးလှူသော သူဌေးမအဖွဲ့နှင့်အတူတူဖြစ်ကြောင်း၊ ထိုသူဌေးမဆိုသူကောဟု မေးသောအခါ စောစောကတင် အပေါ်တက်သွားပြီဖြစ်ကြောင်း စာရေးသူအား ပြောပြကြပါသည်။ စာရေးသူမှ ဂူအပွင့်မှာ ကိုယ်တွေ့ကြုံခဲ့သည်ဖြစ်သော မန္တလေးသားကိုစိန်းသိန်းအား နီးစပ်ရာဆိုင်ကလေးအနီးမှ ခုံတန်းရှည်ပေါ် ထိုင်စေပြီး သူ၏အတွေ့အကြုံများကို စာရေးသူအား စိတ်ရှည်လက်ရှည် ရှင်းပြပေးပါတော့သည်။

**မန္တလေးသား ကိုစိုးသိန်း၏ ပြောပြချက်**

SKYBLUE သောက်ရေသန့်စက်ရုံမှ ယာဉ်မောင်းဝန်ထမ်းတစ်ဦး ဖြစ်ပါကြောင်း၊ နှစ်စဉ်နှစ်တိုင်း အလောင်းတော်ကဿပသို့ လာရောက်သည်မှာ (၇) နှစ်မြောက် ဖြစ်ပါကြောင်း၊ နှစ်စဉ်တပို့တွဲလပြည့်အဖိတ်နေ့တိုင်း အလောင်းတော်ကဿပကျောက်ဂူဝ၌ ရွှေသင်္ကန်းရွှေဆိုင်း (၂၅၀၀) ရွက်ကို စက်ရုံပိုင်ရှင်သူဌေးမှ လာရောက်ကပ်လှူပါကြောင်း၊ လာရောက်လှူတိုင်း စက်ရုံဝန်းထမ်းများကို စက်ရုံပိုင်ရှင်မှ စရိတ်ငြိမ်းကုသိုလ်ယူခေါ်ဆောင်လာပါကြောင်း၊ ယခုနှစ် သုံး၏တာဝန်မှာ ရွှေသင်္ကန်းများ ကပ်လှူရာတွင် လှေကားပေါ်တက်၍ ဂူတံခါးအပေါ်ပိုင်းကို ရွှေသင်္ကန်း ကပ်လှူပါကြောင်း၊ ခုနစ်နှစ်တာကာလမှာ သည်နှစ်သည် အလွန်ထူးခြားလှပါကြောင်း၊ ကျောက်ဂူတံခါးဝအပြည့် ရွှေသင်္ကန်း




www.burmeseclassic.com

www.burmeseclassic.com

ကပ်လှူပူဇော်ရာတွင် ဂူတံခါးအပေါ်ပိုင်းသို့ ရွှေသက်န်းကပ်လှူနေစဉ် မထင်မှတ်စွာ ဂူတံခါးပွင့်ဟလာသည်ကို မျက်ဝါးထင်ထင် အနီးကပ်တွေ့မြင်ရစဉ် မိမိအိတ်ကပ်ထဲမှ အလှူငွေများ ဦးစွာပစ်သွင်းလှူဒါန်းရင် နှုတ်မှလည်း 'ဂူတံခါးပွင့်ပြီ၊ ကျောက်ဂူတံခါးပွင့်ပြီ' ဟု အော်ဟစ်မိပါကြောင်း၊ ချက်ချင်းဆိုသလို စက်ရုံပိုင်ရှင် ဒေါ်(xxx) မှ သူ၏ဆွဲကြိုးနှင့်လက်ကောက်ကိုချွတ်၍ဖွင့်ဟလာသောနေရာမှ လှူဒါန်းပေးပါရန် ကမ်းလှမ်းလာ၍ သူကိုယ်တိုင် ကျောက်ဂူအတွင်းသို့ ပစ်သွင်းလှူဒါန်းခဲ့ရပါကြောင်း SKY BLUE သောက်ရေသန့်စက်ရုံဝန် ထမ်းကိုစိုးသိန်းမှ ရှင်းလင်း ပြောပြပါသည်။

**ထူးဆန်းသော လက်စွပ်တစ်ကွင်း**

အိတ်ကပ်အတွင်းမှာရှိ ပိုင်ရှင်မဲ့ပစ္စည်း လက်စွပ်တစ်ကွင်းကိုလည်း ပစ်သွင်းလှူဒါန်းနိုင်ခဲ့ပါကြောင်း၊ ထိုပိုင်ရှင်မဲ့လက်စွပ်တစ်ကွင်းသည် ကျောက်ဂူတံခါးသို့ မရွှေ့ချရန်အလာလမ်းတွင် ရွှေလက်စွပ်တစ်ကွင်းကောက်ရခဲ့ပါကြောင်း၊ ကောက်ရသူက သူ့ဌေးရဲ့တူ ဒီလုံး။ သူက မိမိအား ပိုင်ရှင်ရှာပေးပါဆို၍ ပိုင်ရှင်မည်သူလဲ၊ ဘယ်သူ့လက်စွပ်ပျောက်သလဲ စသည်ဖြင့် စုံစမ်းသော်လည်း ပိုင်ရှင်မရှိဖြစ်နေ၏။ ကျောက်လှေကားအဆင်းဖြစ်၍ အောက်သို့ကြည့်ပြီး ဆင်းရင်း လှေကားအလယ်မှာ ထင်ရှားစွာတွေ့မြင်ခဲ့ရပါကြောင်း၊ လက်စွပ်မှာ ရွှေအဆင်းဝင်းဝါလက်၍ ရှေးခေတ်လက်ဝတ်ရတနာတစ်ခုခုဟုထင်မြင်မိကြောင်း၊ မိမိစိတ်ထဲမှာ ပိုင်ရှင်မရှိတဲ့အဆုံး ဂူတံခါးပွင့်ခဲ့သော် လှူရန်စိတ်ကူးပြီး မိမိအိတ်ကပ်ထဲ ထည့်ထားရာမှ ကံအားလျော်စွာ ဂူတံခါးဖွင့်ဟလာသည်နှင့်ကွက်တိဖြစ်၍ ပီတိဖြစ်ရပါကြောင်း၊ လှူဒါန်းပြီး ဂူတံခါးပြန်ပိတ်မှ တွေးမိပါကြောင်း၊ ထိုလက်စွပ်သည် မိမိရှေ့မှသွားနှင့်သောဘုရားဖူးများ ကျွတ်ကျခဲ့လေသလား၊ ကျောင်းပေါ်နှင့်လမ်းတစ်လျှောက် ကျောက်ဂူဝရှေ့အထိ ပိုင်ရှင်ရှာသော်လည်း မတွေ့ပုံထောက်၍ မမြင်ရသောလောကမှ အစောင့်နတ်တစ်ပါးပါး ဥပမာ တောစောင့်နတ်၊ လှေကားစောင့်နတ်၊ ဥစ္စာစောင့်နတ် စသည့်နတ်တစ်ပါးပါးမှ ဂူပွင့်သည်ကိုကြိုမြင်၍ မိမိအား လှူဒါန်းခိုင်းသကဲ့သို့ဖြစ်နေရပါကြောင်း၊ ထိုစဉ်က မိမိစိတ်အစဉ်မှာ ဂူပွင့်သော်လှူဒါန်းမည်။ ဂူမပွင့်သော် ထုခွဲရောင်းချ ဒါနတစ်ခုကောင်းစွာပြုမည်ဟု စိတ်ထဲဖြစ်ပေါ်ခဲ့ရပါကြောင်းဖြင့် ထူးဆန်းသောလက်စွပ်တစ်ကွင်းအကြောင်း စာရေးသူအား ပြောပြပါသည်။ စာရေးသူမှ ကြုံကြိုက်တုန်း သိလိုသည်များမေးမြန်းသောအခါ ကိုစိုးသိန်း ဖြေကြားပေးပါသည်။



မနေမနား ကြိုးစားပို့ဆောင်ပေးကြသော ဆင်ကြီးများ



သပိတ်ဆေးချောင်းသို့ ဆင်များဖြင့် ဖြတ်သန်းစဉ်

"ဂူတံခါးပွင့်သွားတာ ဆိုတော့ ဘယ်လောက်အကျယ်အထိပွင့်သွားပါသလဲ"

"လက်ကောက်ဝတ်အဆုံးအတွင်းကိုရောက်တဲ့အထိပွင့်ပါတယ်ဆရာ"

"ဂူအတွင်းကိုကော ထင်ထင်ရှားရှားမြင်ရပါသလား"

"အပြင်က အလင်းရောင်လား၊ အတွင်းကအလင်းရောင်လား လင်းခနဲတွေ့ရတာကလွဲလို့ ဂူအတွင်းကို ကောင်းစွာ မမြင်ရဘူး ဘာလို့လဲဆိုတော့ ဂူက ထိုးတံခါးလိုဟသွားတာ မဟုတ်ပါဘူး။ ကျွန်တော်ပြောတတ်သလို ပြောရရင် နဘောအခင်းသဘောမျိုးဟသွားတာပါ။ ဟတတလေး၊ အထဲကို လက်သွင်းရုံ၊ လက်ကောက်ဝတ်အဆုံးသွင်းရုံသာပွင့်ဟသွားတာပါ"

"ကိုစိန်းသိန်းတို့အလုပ်ရှင် ပစ်သွင်းလှူဒါန်းတဲ့ ရွှေဆွဲကြိုးနဲ့ လက်ကောက် ဂူအတွင်းပစ်သွင်းစဉ်မှာ ဂူအတွင်းကျသွားတဲ့အသံကြားမိပါသလား"

"ဂူအတွင်း ဝင်သွားတာတော့ အသေအချာပြောနိုင်ပေမယ့် အသံကိုတော့ မကြားရပါဘူး။ ဘုရားဖူးများရဲ့ ဂူပွင့်ပြီဆိုတဲ့ အသံတွေက ဆူညံနေတာဆိုတော့ မကြားရတာ ဖြစ်ချင်ဖြစ်မှာ"


"ဂူစပွင့်ပြီဆိုတာ သိလိုက်ချိန်မှာ ဘယ်လိုခံစားရပါသလဲ"

"ရင်တွေတဒိန်းဒိန်းခုန်ပါတယ်။ လှိုက်လှိုက်ပြီး လေထိုးသလိုမျိုး ဗိုက်ထဲမှာဖြစ်ပေါ်ပါတယ်။ ဝမ်းသာလုံးဆို့တယ်



www.burmeseclassic.com

www.burmeseclassic.com




မန္တလေးသား ကိုစိုးသိန်းမှ ဓာတ်ပုံနှင့် ရှင်းပြနေပုံ



အလောင်းတော်ကဿပသို့ရောက်လာ ရှမ်းပြည်နယ်မြောက်ပိုင်း တိုင်းရင်းသားများနှင့် စာရေးဆရာ ကံဝင်း



ဆီမီး (၉၀၀၀) ပူဇော်ည တောင်ပေါ်တိုင်းရင်းသားတို့ရဲ့ရှမ်းအိုးစည်အက



ဝူအပွင့်မှာ လက်ဝတ်ရတနာ ကိုယ်တိုင်ပစ်သွင်းလှူသူ မန္တလေးသား ကိုစိုးသိန်းနှင့် တွေ့ဆုံမေးမြန်းစဉ်

ဆိုတာ ဒါမျိုးပဲလို့ တွေးမိပါတယ်။ သစ္စာစကားနဲ့ပြောပါရစေ။ ဝမ်းသာလွန်းလို့ ထင်ပါတယ်။ မျက်ရည်တွေကျလာပါတယ်"

"လူတွေဟာ ဝမ်းနည်းရင် မျက်ရည်ကျတတ်သလို ဝမ်းသာလွန်းလို့ကျတဲ့မျက်ရည်ဆိုတာကို ယုံကြည်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့မေးလိုတာကတော့ ဂူပွင့်ဟချိန်မှာ မှတ်တမ်းဓာတ်ပုံ မရလိုက်ဘူးလား။ နောက်ပြီးဘယ်လောက်ကြာကြာပွင့်ဟခဲ့ပါသလဲ"

ကိုစိန်းသိန်း-

"ကျွန်တော့်မှာ ကင်မရာမပါပါဘူး။ ဟမ်းဖုန်းတော့ ပါပါတယ်။ ရွှေသင်္ကန်းကပ်လှူရင်းနဲ့မို့ လှူဖို့တန်းဖို့ အာရုံတွေနဲ့ အလုပ်များနေပြီး မှတ်တမ်းမတင်လိုက်နိုင်ပါဘူး။ ဒါပေမယ့် တော်တော်များများ ဘုရားဖူးများ ဓာတ်ပုံရိုက်ကြပါတယ်။ ပွင့်ဟတဲ့အချိန်က မကြာပါဘူး။ ခန့်မှန်းတာ (၅) မိနစ်ခန့်လို့ မှန်းဆရပါတယ်"

"ယခုလို ကိုယ်တွေ့ကြုံများ စိတ်ရှည်လက်ရှည် ရှင်းပြပေးတဲ့အတွက် သူရဋ္ဌမဂ္ဂဇင်းကိုယ်စား ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားလိုပါတယ်"

"အခုလို ဝေးလံသီခေါင်တဲ့ အလောင်းတော်ကဿပတောထဲတိုင် အရောက်လာပြီး ကျွန်တော်တို့ SKY BLUE ရေသန့်ရေခဲစက်မိသားစုရဲ့အလှူတော်ကို မဂ္ဂဇင်းမှာ မှတ်တမ်းတင်ပေးမယ့် ဆရာတို့သူရဋ္ဌမဂ္ဂဇင်းကို ဘုရားဖူးအဖွဲ့သားများကိုယ်စား ကျေးဇူးတင်ပါတယ်ဆရာ"

တပို့တွဲလပြည့်အဖိတ်နေ့ ည (၈) နာရီ (၁၀) မိနစ်မှာ ပွင့်ဟတော်မူသော ဂူပွင့်မှတ်တမ်းတွေ့ဆုံမေးမြန်းမှု အစီအစဉ် ပြီးမြောက်၍ ကိုးနဝင်းစေတီတော် ရင်ပြင်တော်ပြန်ရောက်ချိန်မှာတော့ ရင်ပြင်တော်မှာ မြူနှင်းတွေက ဝေကျနေ၏။ အေးလွန်း၍ထင်ပါသည်။ ဘုရားဖူးများမရှိကြတော့။ ကောင်းကင်က လမင်း၏အလင်းများက မြူတွေကို ထိုးဖောက် စေတီတော်ပေါ် ဦးခိုက်ဦးတိုက်နေလေရဲ့။ တပို့တွဲလပြည့်အဖိတ်နေ့ညကို စာရေးသူ မေ့မရ ထာဝရ သတိရနေမည် ဖြစ်ပါသည်။

(၄၆) ကြိမ်မြောက် ပူဇော်ပွဲ
တပို့တွဲလပြည့်နေ့ ကိုယ်တွေ့ကြုံဆင်နွှဲ ဂူတံခါးပွင့်ဟတဲ့ပွဲ


"ထမနဲစုပေါင်းကပ်လှူပွဲကို စံ



www.burmeseclassic.com

www.burmeseclassic.com



(၄၆) ကြိမ်မြောက်ပူဇော်ပွဲမှာ အလှူဒါနပြုကြသူ၏



အလောင်းတော်ကဿပသို့
(၄၆) ကြိမ်၊ (၄၆) ခေါက် ရောက်လာခဲ့သူ
အမေစိန်နှင့် အမှတ်တရ

ကျောင်းတော်ရုပ်ပွားတော်မြတ်ကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ထမနဲဆွမ်းပွဲများ လာရောက် ယူဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်"

နာယကကျောင်းတော်မှ နှိုးဆော်ကြေညာချက် အသံချဲ့စက်မှ ကျယ်လောင်စွာ ပေါ်ထွက်လာမှ စာရေးသူ အိပ်ရာကနိုးပါတော့သည်။ ရေခဲတမျှ အေးမြသောရေဖြင့် မျက်နှာသစ်၏။ သွားကြာကြာမတိုက်နိုင်ပါ။ အေးလွန်း၍ အမြန်သွားတိုက်ပြီးနောက် နာယကဆောင်ရှေ့မှ ထမနဲဆွမ်းပွဲယူ စံကျောင်းတော်သို့ ခပ်သွက်သွက်လှမ်းခဲ့ပါတော့၏။ စံကျောင်းတော်မှ ဘုရားဖူးလာ ဓမ္မမိတ်ဆွေများပြည့်ကျပ်နေလေ၏။ ထမနဲဆွမ်းပွဲကိုယ်စီကိုင်ထားကြ၏။ စာရေးသူရောက်ပြီး မကြာမီ နာယကဝန်ဆောင်ဆရာတော်များကြွလာ၏။ ဆရာတော်တစ်ပါးမှ ရှေ့ကတိုင်ပေးတော်မူပါ၏။ အလောင်းတော်ကဿပအရှင်မြတ်ကြီးသို့ ထမင်းနဲစုပေါင်းကပ်လှူပွဲကျင်းပတော်မူပါသည်။ ဘုရားကန်တော့၊ သီလခံယူ၊ ပြုသမျှကုသလ မျှတပေးဝေ အမျှဝေပြီးချိန်မှာ အရှေ့ဆီမှ အလင်းရောင် မှုန်ပျပျစတွေ့လိုက်ရ၏။

ထမနဲကပ်လှူပွဲမှအပြန် ဗိုက်ထဲမှ ဟာတာတာဆာလောင်လာသည်ဖြစ်၍ ဈေးတန်းဘက်သို့ ခြေလှမ်းသွက်သွက်လှမ်းခဲ့၏။ အကြော်စုံတစ်ပွဲနှင့် လက်ဖက်ရည်တစ်ခွက် စားသောက်လိုက်မှ နေသာထိုင်သာရှိလာခဲ့၏။

တပို့တွဲလပြည့်နေ့။

အလောင်းတော်ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန်ပြုတဲ့နေ့။ ဤနေ့ရောက်တိုင်းမှာ ထူးခြားတာတွေ ဖြစ်ပေါ်လေ့ရှိ၏။ လွန်ခဲ့သော (၄) နှစ် (၄၂) ကြိမ်မြောက်ပွဲ စာရေးသူလာရောက်နွဲစဉ်က ဂူတံခါးပွင့်ဟခြင်းမဖြစ်ပေါ်ခဲ့။ သို့သော် ရောင်စုံပါ လင်းလက်ရောင်ခြည်တော်အလင်းဝွင်းများကြားမှ ထူးခြားစွာပေါ်ထွန်း ရဟန္တာအရှင်မြတ်ကို ကိုယ်တိုင်ကိုယ်ကျ ဓာတ်ပုံမှတ်တမ်းတင်ခွင့်ရ၍ သူရဇ္ဇမဂ္ဂဇင်းမှာ ဖော်ပြနိုင်ခဲ့ပြီး ဖြစ်သည်။

ဆရာတော် သံဃာတော်များ (၁၂) နာရီမှာ ရေသိမ်ဝင်ကြမည်တဲ့။

နေ့လယ်စာ (၁၀) နာရီမှာစား၍ ကျောက်ဂူတံခါးဝသို့ စောစောရောက်ကာ ဘုရားကန်တော့၊ သီလခံယူ၊ ဂုဏ်တော်ပွားများ၊ မေတ္တာပို့သ မျှတပေးဝေစသော ကောင်းမြတ်သောကုသိုလ်များ ကြိုပြုထားလျက် ကျောက်ဂူတံခါးမှာ ထူးခြားဖြစ်ရပ်ဆန်းများ ကြုံတွေ့ပါရစေ တောင်းဆုခြွေနေခဲ့လေ၏။ (၁၂) နာရီမှာ ဝန်ဆောင်အဖွဲ့ ရှေ့ပြေးသံဃာတော်(၂)ပါး ကြွတော်မူလာပြီး ဝေယျာဝစ္စများနှင့်အတူတကွ ရေသိမ်ဧရိယာ သတ်မှတ်ပြီး သန့်ရှင်းရေးပြုလုပ်ကြ၏။ (၁၂း၃၀) နာရီအချိန်မှာ ဝန်ဆောင်ဆရာတော်ကြီးများ ကြွတော်မူလာကြပြီး ရေသိမ်ဝင်ရွတ်ဖတ်ပူဇော်ကန်တော့ကြပါတော့၏။ (၁) နာရီနီးပါးကြာ၏။ ဆရာတော်များ ရေသိမ်ဆင်းကြသောအခါ စာရေးသူမှ ဦးစွာပထမ သိမ်ဆင်းလောင်းလှူခွင့်ရခဲ့၏။ ဆရာတော်များ ပြန်ကြွသွားပြီးချိန်၌ ဘုရားဖူးပရိသတ်



www.burmeseclassic.com

www.burmeseclassic.com

ကြီးက အုံနှင့်ကျင်းနှင့် တိုးဝှေ့စွာ ကျောက်ဂူတံခါးဝသို့ ရောက်လာကြတော့၏။ MRTV-4၊ SKYNET၊ မြဝတီစသည့် ရိုက်ကူးရေးအဖွဲ့များလည်း တိုးဝှေ့ရောက်လာကြ၏။ ကျောက်ဂူတံခါးဝ ရွှေသင်္ကန်း ရွှေချလှူလိုသူများ ပင့်လှူ၍ မရအောင် ကျပ်ပိတ်သိပ်သွားပါတော့၏။ စာရေးသူက ကျောက်ဂူတံခါးဝနှင့် (၁၀) ပေမျှအကွာ မြဝတီမှဝန်ထမ်းများ၏ နောက်နားမှ နေရာရလေ၏။ ဂူတံခါးကို အာရုံပြုရင်း ကျပ်ကျပ်တည်းတည်းကြားမှာပင် ပဋ္ဌာန်ဂါထာတော်မြတ်ကို ပုတီးစိပ်နေမိလေ၏။ ရှေ့ဆုံးတန်းမှ နံရံနှင့်အနီးကပ်သူများထံမှ ရွှေသင်္ကန်းကပ်ပေးပါရန် အလှူရှင်များက လက်ဆင့်ကမ်းပေးကြလေ၏။ တချို့သော အလှူရှင်များက တစ်သောင်းကျပ်တန်၊ ငါးထောင်ကျပ်တန်၊ တစ်ထောင်ကျပ်တန်များကို ဂူတံခါးဝ၊ တံခါးမြောင်းလမ်းတစ်လျှောက် အလှူငွေများ ညှပ်ထည့်လှူဒါန်းကြပါ၏။ (ဓာတ်ပုံတွင်ရှုပါ)

မှတ်တမ်းရိုက်ကူးရေးအဖွဲ့များကလည်း TV ကင်မရာများ၊ ဓာတ်ပုံများ အသင့်အနေအထား ဂူတံခါးသို့ချိန်ထားကြ၏။ တချို့ TV ကင်မရာများက ဘုရားဖူးသူများကို မှတ်တမ်းတင် ရိုက်ကူးနေလေ၏။ တရွေ့ရွေ့တိုးလာသောလူများကြောင့် ကျပ်ကျပ်ညပ်ညပ်ဖြင့် လှုပ်မရအောင်ဖြစ်သွား၏။ မွန်းလွဲ (၂) နာရီတိုင် ဂူတံခါးမှ ထူးခြားမှုများ မတွေ့ရ။ ဂူပွင့်လိုသောဆန္ဒ၊ ဂူတံခါးဝတန်ခိုးပြကြပါစေ ဆန္ဒတွေစောနေပြန်လျှင် မပွင့်တတ်၊ မပွင့်ဟု တချို့ကဆိုကြလေ၏။ မထင်သောအချိန်မှာ ပွင့်ပါလိမ့်မည်ဟုဆိုသူက ဆိုလာကြပြန်၏။

သို့သော် (၂) နာရီ (၁၀) မိနစ်မှာတော့ ဂူတံခါးလမ်းကြောင်းမှာ ထိုးညှပ်လှူထား အလှူငွေစက္ကူများ တဖြည်းဖြည်းချင်း မျက်စိမြင်ကွင်းမှ ပျောက်ကွယ်သည်နှင့် 'ဂူတံခါးပွင့်ပြီ' ဟူသော အသံနက်ကြီးက ပြိုင်တူမြည်ဟည်းသွားသည်နှင့် အသင့်ပြင်ထား ကင်မရာဖြင့် တစ်ပုံပြီးတစ်ပုံ ရိုက်လိုက်မိပါတော့၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ငွေစက္ကူအဖြူတန်းကြီး မျက်စိအောက်မှ ချက်ချင်း ပျောက်ခြင်းမလှ ပျောက်သွားပြီး ဂူတံခါးဟတတကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရ၏။ ဂူတံခါးပွင့်ဟသွားသည်ကို မြင်တွေ့ရသော စာရေးသူ၏ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားခြင်းနှင့်အတူ ဆိုင်းမဆင့်ဗုံမပါ ရောက်လာသည်က မျက်ဝန်းအိမ်မှ မျက်ရည်ကြည်တွေပါ။ ည (၈)နာရီ၊ (၁၀) မိနစ် ဂူအပွင့်မှာ မန္တလေးသားကိုစိုးသိန်းမျက်ရည်ကျခဲ့သလို စာရေးသူကိုယ်တွေ့ကြုံမှာဖြင့် ယခုအခါမှာ ဝမ်းသာလွန်းလို့ မျက်ရည်ကျခဲ့ပါသည်။ တိုးဝှေ့လှုပ်ရှား ဘုရားဖူးများကြားမှပင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူနိုင်ခဲ့ပါသည်။ ဖွင့်ဟချိန် (၃) မိနစ်ခန့်အတွင်းမှာ လှုပ်ရှားမှုများ လွန်စွာမြန်ဆန်လှပါ၏။ သဒ္ဓါထက်သန်ကြသော ဘုရားဖူးပါရမီရှင်များသည် ဂူပွင့်ရာသို့အရောက် တိုးသွားရန် မဖြစ်နိုင်တော့မည့်အဆုံးမှာ ရှေ့ဆုံးမှ အရပ်ရှည်ရှည်လူတစ်ဦးထံ လှူဖွယ်ပစ္စည်းများ လက်ဆင့်ကမ်း ပို့ဆောင်ကြလျက် ဂူဝပွင့်ဟမှုအကျယ်ဆုံးနေရာ ထိပ်ပိုင်းလွှာမှ ဂူအတွင်းပစ်သွင်းလှူနေသည်များကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

ဂူတံခါးပြန်၍ ပိတ်သွားချိန်မှာတော့ ရှေ့ဆုံးမှ အနီးကပ်မြင်လိုက်ရသူတစ်စုသည် ဝမ်းသာသောဝမ်းခေါင်းသံကြီးများဖြင့် 'အောင်ပြီ၊ အောင်ပြီ' ဟု ဟစ်ကြွေးကာ ချိုပြုံးရွှင်သော မျက်နှာများနှင့် တောင်ပေါ်ပြန်တက်သွားကြပါသည်။ ထိုအခါ နောက်မှ တက်လာသူများ ရှေ့ဆုံးရောက်ရ၏။ တာဝန်ရှိမြို့နယ်အရာရှိများ၊ အစိုးရဝန်ထမ်းများနှင့် ဂေါပကအဖွဲ့များမှ တစ်သုတ်ပြီးတစ်သုတ် ဖူးမြော်နိုင်ရန် စီစဉ်ပေးကြပါသဖြင့် အနယ်နယ်မှ ရောက်လာ ဘုရားဖူးပြည်သူများသည် ခေတ္တခဏအနီးကပ်ဖူးနိုင်ခဲ့ကြပါသည်။ အနယ်နယ်မှ ဘုရားဖူးများအနေဖြင့် ဂူပွင့်ခြင်း၊ ရောင်ခြည်တော်ဖူးရခြင်း၊ ရဟန္တာရုပ်ပွားကြွ၍ တန်ခိုးပြခြင်းများကို ဖူးမြော်ခွင့်ရခြင်းထက် ကျောက်ဂူတံခါးအဝမှနေ၍ အလောင်းတော် အရှင်မဟာကဿပမထေရ်ကြီးကို အာရုံပြု ကန်တော့ခွင့်ရရေးမှာ အဓိကကျလှပါသဖြင့် ကျောက်ဂူတံခါးဝသို့ တန်းစီလာရောက်ဖူးခဲ့ရသည်ကိုပင် အကျေနပ်ကြီးကျေနပ်နေကြပါသည်။ အနယ်နယ်အရပ်မှ ဘုရားဖူးလာပြည်သူများ၏ လက်ထဲတွင် ရေသန့်ဘူးအလွတ်လေးများ ကိုင်ဆောင်လာကြသည်ကို တွေ့ရပါသည်။ ထိုရေသန့်ဘူးအလွတ်ကလေးများသည် တောင် (၃) လုံး ဂူနံရံကျောက်ပန်းဆွဲ၊ ကျောက်ပန်းခက်များမှ ကျလာသော သိဒ္ဓိရေစင်များကို ခံယူကြရန် ဖြစ်ပါသည်။ ထိုရေစင်သိဒ္ဓိရေများသည် အန္တရာယ်ကင်း ကျန်းမာခြင်းနှင့်အတူ အိမ်မှာဆောင်ထားပါက မီးကွင်းသည်ဟု အဆိုရှိကြပါသည်။

ညနေ (၃) နာရီကျော်သည့်တိုင် ဂူတံခါးထပ်ပွင့်ခြင်း မရှိတော့၍ စာရေးသူလည်း တောင်တော်တောင်ပေါ်သို့ ပြန်လည် တက်ရောက်ခဲ့ပါတော့သည်။ တောင်တော်တော်ပေါ်တွင် ဝန်ဆောင်အဖွဲ့၊ အကျိုးတော်ဆောင် အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် တွေ့ဆုံလျက် ဂူပွင့်အတွေ့အကြုံများကို ဝန်ဆောင်အဖွဲ့ မဟာနာယက မဟာသဒ္ဓမ္မဇောတိက အရှင်သုမနထံသို့ နှစ်ဦးသားသွားရောက်ကန်တော့ လျှောက်ထားခဲ့ပါသည်။

မဟာနာယကဆရာတော်ကြီးမှ-

ယခုလို ဖင်ပန်းကြီးစွာလာရောက်ဖူးမြော် ကုသိုလ်ယူရင်း ထူးထူးခြားခြား ဖြစ်ရပ်ဆန်းများနှင့် ကြုံတွေ့ဖူးတွေ့ရခြင်းမှာ လွန်စွာ ကုသိုလ်ထူး၍ ဖြစ်ပါကြောင်း မိန့်တော်မူပါသည်။ (၄၆) ကြိမ်မြောက် ဆီမီး (၉၀၀၀) ပူဇော်ပွဲကြီးကို ထပို့တွဲလပြည့်နေ့ည၌ အလောင်းတော်ကဿပ ရင်ပြင်တော်မှာ ထွန်းညှိပူဇော်တော်မူသောအခါ နေပြည်တော်မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေကိုယ်တိုင်စတင် ထွန်းညှိ ပူဇော်တော်မူပါသည်။ တပို့တွဲညမှာ ပူဇော်ဆီမီး (၉၀၀၀) အလင်းရောင်တော်များမှာ အလောင်းတော်ကဿပတောင်တော်တောင်ပေါ်မှာ ထိန်ထိန်သာလျက် ဗုဒ္ဓမြတ်စွာ သာသနာသည် ရှည်ကြာစွာ ရောင်ဝါဝင်းထွန်းလင်းမည့် နိမိတ်အသွင်ဆောင်နေပါတော့သည်။

**ကျေးဇူးတင်လွှာ ။ ။** အလောင်းတော်ကဿပသို့ သွားရောက်ဖူးမြော်ရာတွင် အစစအရာရာ နေရေးထိုင်ရေးနှင့် အာဟာရဒါန ကူညီစီစဉ်ပေးကြပါသော ဝန်ဆောင်အဖွဲ့ မဟာနာယက ဆရာတော်ကြီးနှင့် ဝန်ဆောင်နာယက ကနီဆရာတော်၊ ဝန်ဆောင်အဖွဲ့ ဆရာတော်ဦးသုမနလေး၊ မတောင်းတဆရာတော်ဦးသုနန္ဒ၊ ဝန်ဆောင်အဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဌေးနှင့် ဖိုလ်ဝင်တောင်ဆရာပဟ်ကြီး၊ ကပ္ပိယကိုဆွေဦးတို့အား ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

မေတ္တာဖြင့် -

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com



# ကိုရွှေမြသန်း

## မှန်သောသစ္စာစကားဖြင့်သော...

ဤလောကကြီးသည် အန္တရာယ်ဘေးရန်အပေါင်းတို့ဖြင့်ပြည့်လျက်ရှိ၏။ သို့ဖြစ်၍ မည်သူမဆို ဘေးရန်အန္တရာယ်ကာကွယ်ရန် နည်းလမ်းများကို အမြဲရှာကြံလျက် ရှိနေကြ၏။

ဘေးအန္တရာယ်ဆိုသည်မှာ အချိန်မရွေးရောက်လာနိုင်၏။ သို့ဖြစ်၍ ဘေးရန်မရောက်လာမီ ကြိုတင်၍ အကာအကွယ်ရှာထားကြရလေ၏။

မျက်ကန်း တစ္ဆေမကြောက် ဆိုသလို အသိဉာဏ်ခေါင်းပါး၊ အမြော်အမြင်မရှိသောလူစားမျိုးမှတစ်ပါး ဘေးရန်အန္တရာယ်ကာကွယ်ရန် အစဉ်သတိရှိကြမြဲ ဖြစ်လေသည်။ အသိဉာဏ်ခေါင်းပါးသူတို့ကား လာမည့်ဘေးကို မမြင်၊ လာလိမ့်မည်ဟု မမျှော်လင့်ဘဲ ပေါ့ပေါ့တန်တန်နေတတ်ကြရာ ဘေးအန္တရာယ်တွေ့သောအခါကျမှ 'ထိပ်ချမှ မားပြမှန်းသိ' ဆိုသလို ဘေးရန်ကို မရှောင်နိုင်ဘဲ ဘေးရန်ရှေ့မှောက်တွင် ပြားပြားဝပ်ခံကြရလေတော့သည်။

ဤသို့ မဖြစ်ကြစေရန် မြတ်စွာဘုရားသည် ရန်အောင်ကြောင်းတရားများကို အခါအခွင့်သင့်တိုင်း ဟောကြားတော်မူခဲ့သည်။ မြတ်စွာဘုရားသည် အာဠဝတီပြည် အာဠဝကဗိမာန်၌ သီတင်းသုံးတော်မူစဉ် လောကကောင်းကျိုးနှင့်စပ်လျဉ်း၍ အာဠဝကဘီလူးကလျှောက်ထားစဉ်တွင် ရန်အောင်ကြောင်းတရားကို ဟောကြားတော်မူခဲ့ပါသည်။

ထိုတရားများသည် အာဠဝကဘီလူး အတွက်သာမဟုတ် လောကသား( သမျှလိုက်နာအပ်သော တရားတော်ဖြ ပေသည်။

မြတ်စွာဘုရား၏ ရန်အောင်ကြောင်းတရားတို့သည်ကား -

'ယုံကြည်မှုနှင့် ပြည့်စုံသော ကာမဂုဏ်စည်းစိမ်ကို ရှာမှီးနေဆဲဖြစ်သော သူအား -

၁။ အမှန်အကန်ပြောဆိုခြင်း၊

၂။ အတတ်ပညာရှိခြင်း၊

၃။ အစဉ်မပြတ် အားထုတ်သော လုံ့လဝီရိယရှိခြင်း၊

၄။ ပေးကမ်းစွန့်ကြဲခြင်း (အသက်ကိုသော်လည်း စွန့်နိုင်ခြင်း)

ဤတရားလေးပါးတို့နှင့် ပြည့်စုံခဲ့အံ့။ ထိုသူသည် စင်စစ် ဤဘဝမှပြောင်း



www.burmeseclassic.com

www.burmeseclassic.com

သွားရသော ဘဝတိုင်အောင်လည်း စိုးရိမ်ခြင်းမဖြစ်ရ။

အို - အာဠာရ၀ က၊ သင့်ကို ငါ ဘုရား တိုက်တွန်း၏။ အကယ်၍ ဤလောကဌ် မှန်ကန်စွာပြောဆိုခြင်းထက်၊ အတတ်ပညာထက်၊ အသက်ကိုစွန့်နိုင်ခြင်းထက်၊ မပြတ်အားထုတ် လုံ့လဝီရိယထက် လွန်ကဲသောတရားသည် ရှိသေးသည်ဟု ထင်မှတ်ပါမူ ငါမှတစ်ပါးသော ပညာရှိရဟန်း၊ ပညာရှိလူများကို မေးမြန်းပါလေဦး'

ဤသို့ မိန့်တော်မူရာဌ် 'ဤလေးပါးထက်လွန်ကဲသောတရားများရှိသေးသည်ထင်လျှင် ငါမှတစ်ပါးသော အခြားပညာရှိများထံ ချဉ်းကပ်၍ မေးမြန်းစုံစမ်းပါလေဦး'ဟူသောအချက်၏ လေးနက်ပုံကို သေချာစွာ မှတ်သားသင့်ပေသည်။ မြတ်စွာဘုရား၏ စကားအရာဌ် လိမ္မာတော်မူပုံကိုလည်း အထူးဂရုပြုသင့်ပေသည်။

ရန်သူဟူသမျှကို အောင်မြင်နိုင်ကြောင်းတရား (၄) ပါးထက် အခြားရန်အောင်ကြောင်းတရား ထူးထူးခြားခြား မရှိတော့ဘူးဟု ဆိုလိုရင်း ဖြစ်ပါသည်။ ဤသို့ဆိုခဲ့လျှင် သီးသီးရင့်ရင့် အဓိပ္ပာယ်တစ်ဆင့် ပိုလာနိုင်ပေသည်။ အခြားပညာရှိများ၏ အခွင့်အရေးကိုလည်း ပိတ်ပင်ရာရောက်စေနိုင်သည်။ သို့ဖြစ်၍ ငါပြောသောစကားကို မကျေနပ်သေးလျှင် မေးမြန်းစုံစမ်းဖွယ်မှန်သမျှကုန်စင်အောင် မေးမြန်းနိုင်သည်။ မေးမြန်းပါလေ။ ထိုသို့ မေးမြန်းစုံစမ်းပြီးမှ ငါပြောသောစကားကို စိတ်ချလက်ချ မှတ်ယူပါဟု ဆိုလိုက်ခြင်းမှာ အလွန်ယဉ်ကျေးသော အသုံးအနှုန်းဖြစ်ပေသည်။


ဤတွင် အလျဉ်းသင့်၍ မြတ်စွာဘုရား၏မူဝါဒ မစွဲလမ်းရာ (၁၀) ဌာနအကြောင်းကို ရေးသားဖော်ပြပါဦးမည်။

မြတ်စွာဘုရားသည် ကေသမုတ္တိနိဂုံးသား ကာလာမအမျိုးသားတို့အား တိကအင်္ဂုတ္တိုရ်ပါဠိတော်ဌ် ဟောကြားတော်မူသည်မှာ -

'ကာလာမအမျိုးသားတို့ -

၁။ ကလေးဘဝမှစ၍ ကြားနာမှတ်သားခဲ့ရခြင်းဖြင့်လည်း ဟုတ်တယ်၊ မှန်တယ်ဟု အစွဲအမြဲ မယူဆကြနှင့်ဦး။

၂။ မိဘ၊ ဘိုးဘွား စသည်တို့မှ ဆင်းသက်၍ အဆက်ဆက်မှတ်ယူလုပ်ကိုင်ရိုးဖြစ်၍လည်း အစွဲအမြဲ မှတ်ယူမထားကြနှင့်ဦး။



၃။ ဒီဟာကဒီလိုတဲ့ဟု အခြားတစ်ယောက်ပြောလိုက်ရုံမျှ တစ်ဆင့်ကြားမျှဖြင့်လည်း အမြဲမှတ်ယူမထားကြနှင့်ဦး။

၄။ ဒီအယူအဆသာ ငါတို့သင်ထားသောကျမ်းစာနှင့်ညီတယ်ဟု မိမိတို့ကျမ်းစာနှင့် ညီရုံမျှဖြင့်လည်း အတည်တကျမှတ်ယူမထားကြနှင့်ဦး။

၅။ မိမိဘာသာ ကြံစည်ထားသော အရာကိုလည်း ဟုတ်လှပြီ၊ မှန်လှပြီဟု အမြဲအစွဲယူမထားကြနှင့်ဦး။

၆။ အခြားနေရာ (အခြားနိုင်ငံ) တို့ဌ် သူတစ်ပါးတို့ လုပ်နည်းကိုင်နည်းကို သဘောကျ၍လည်း ဤနေရာဌ် သင့်တော်လှပြီဟု အမြဲစွဲယူမထားကြနှင့်ဦး။

၇။ တစ်စုံတစ်ခုပြုရာ အကြောင်းအထောက်အထားကို စဉ်းစားရာဝယ် အကြောင်းအထောက်အထားကောင်း၍ သဘောကျသဖြင့်လည်း အစွဲအမြဲယူမထားကြနှင့်ဦး။

၈။ သူပြောသော အယူဝါဒသည် ငါတို့ စဉ်းစားကျေနပ်ထားသော အယူနှင့် ညီမျှပေသည်ဟု အယူဝါဒခြင်းတူရုံမျှနှင့်လည်း အစွဲအမြဲ မယူကြနှင့်ဦး။

၉။ ဤရသေ့၊ ဤရဟန်းကား ယုံကြည်ထိုက်သော အထက်တန်းပုဂ္ဂိုလ်တည်း။ ဤပုဂ္ဂိုလ်၏စကားကို လေးလေးစားစား မှတ်သားထိုက်သည်ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူမထားကြနှင့်ဦး။

၁၀။ ဤရသေ့၊ ဤရဟန်းကား ငါတို့ ကိုးကွယ်ထားသော ဆရာဖြစ်၏။ ငါ့ဆရာစကားကို ငါမှတ်သားသင့်သည်ဟုလည်း စွဲစွဲမြဲမြဲ မှတ်ယူထားကြနှင့်ဦး။

ကာလာမအမျိုးသားတို့ ဤတရားတို့ကား အကုသိုလ်တရားတို့တည်း၊ ဤတရားတို့ကား အပြစ်ရှိသောတရားတို့တည်း။ ဤတရားတို့ကား ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း၊ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားမရှိခြင်းငှာ၊ ဆင်းရဲခြင်းငှာ ဖြစ်ကုန်၏ဟု သင်တို့သည် မိမိတို့ကိုယ်တိုင်ပင် သိရှိသောအခါဌ်မူ ထိုတရားတို့ကို ပယ်စွန့်ကုန်ရာ၏။

ကာလာမအမျိုးသားတို့၊ ဤတရားတို့ကား ကုသိုလ်တရားတို့တည်း။ ဤတရားတို့ကား အပြစ်မရှိသောတရားတို့တည်း။ ဤတရားတို့ကား ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း။ ဤတရားတို့ကို ပြည့်စုံစေအပ်၊ ဆောက်တည်အပ်ကုန်သည်ရှိသော် အစီးအပွားအလို့ငှာ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု နေကုန်ရာ၏'

ဟုမြတ်စွာဘုရားသည် ကာလာမအမျိုးသားတို့အား ဟောကြားတော်မူခဲ့၏။

ဤသို့ အကျဉ်းအားဖြင့် ဟောကြားပြသခဲ့ပြီးသော သိမှုနှင့် ကျင့်မှုဆိုင်ရာ လောကအကြောင်း၊ ဓမ္မအကြောင်းများကို ယုံကြည်လေးစားထောက်ထားသောအားဖြင့် မိမိတို့ကိုယ်တိုင်လည်း အမှန်အတိုင်းသိမှုနှင့် အမှန်အတိုင်းကျင့်မှု ပြည့်စုံအောင် အားထုတ်၍ သူတစ်ပါးတို့အားလည်း အမှန်အတိုင်းသိမှုနှင့် အမှန်အတိုင်းကျင့်မှု ဤနှစ်ခုနှင့် ပြည့်စုံအောင် ကူညီအားပေးချီးမြှောက်နိုင်ရန် ဖြစ်၏။

သို့ဖြစ်ပါ၍ လောကဌ် အမှန်အတိုင်းသိမှုနှင့် အမှန်အတိုင်းကျင့်မှု အပေါ်မှာ မူတည်ပြီး အမှန်အကန်ပြောဆိုခြင်း သစ္စာစကားသည် ယခုဘဝ ချက်ချင်းအကျိုးပေးတတ်ပေသည်။ ပေးတတ်ပုံတို့သည်ကား -

၁။ မြတ်စွာဘုရား ငုံးမင်းဖြစ်တော်မူစဉ်အခါက မှန်ကန်သော သစ္စာစကားကို ဆိုသောကြောင့် ငုံမင်းနေသောတောအုပ်ကို တောမီးမလောင်ရှောင်ကွင်းခြင်း။

၂။ သုဝဏ္ဏသာမ (သုဝဏ္ဏသျှံ) သတို့သား မြားမှန်၍ မြားဆိပ်တက်ပြီး သေလုမြောပါးရှိနေသည်ကို မိဘနှစ်ပါးနှင့် ဗဟုသုန္ဒရီနတ်သမီးတို့



www.burmeseclassic.com

www.burmeseclassic.com

# ပြောင်းဖူးများ ပေါ်မသွားစေရန်

ဦးသန်းစိုး(ချောင်းနက်)

စာရေးသူတို့ မြေလတ်ပိုင်းဒေသတွင် ပြောင်းဖူးများဖြိုင်ဖြိုင်ပေါပါသည်။ သို့သော် ယခုခေတ်ကာလတွင်ကား မြန်မာနိုင်ငံအနှံ့အပြားတွင် ရာသီမရွေး ပြောင်းဖူးများကို ရရှိအောင် သိပ္ပံနည်းကျ စိုက်ပျိုးနေကြပါပြီ။ ဈေးကတော့ ကြီးလှသည်။ ယခု မြေလတ်ပိုင်းတွင် မိုးကျစအချိန်က စိုက်ပျိုးသောပြောင်းများ ပေါ်လာပြီဖြစ်၍ ဈေးချိုလာပါသည်။

ကလေး၊ လူကြီးမရွေး သရေစာအဖြစ် ပြောင်းဖူးများ စားနေကြပါပြီ။ ပြောင်းဖူးမျိုးများကလည်း ဆန်းပြားလာပါသည်။ သကြားပြောင်း၊ နို့ပြောင်းတဲ့ဗျား။ ရှေးရိုးစဉ်လာ ပြောင်းများကတော့ သူတော်ပြောင်းဝါနှင့် ဝက်သားဆီပြောင်းများ ဖြစ်ပါသည်။ တော်သလင်းပြောင်းခေါ် လေးလပြောင်းများလည်း ပေါ်ပါပြီ။ ထိုလေးလပြောင်းမှာ စား၍အထူးကောင်းပါသည်။ ပြောင်းဖူးများကို ပြုတ်၍၊ ဖုတ်၍၊ တလိမ့်ထိုး၍၊ အချပ်ကြော်၍စားကြပါသည်။

သို့သော် မည်သည့်ပြောင်းမဆို ပြောင်းဖူးချိုးယူပြီး ချက်ချင်း ပြုတ်၊ ဖုတ်၊ ကြော်၊ လော်စားရမှသာ အလွန်စားကောင်း ချိုမြိန်သောအရသာရှိပါသည်။ ပြောင်းဖူးချိုးပြီး ဈေးသို့လိုက်ရောင်းပါက တစ်ရက်၊ နှစ်ရက်ကြာမှ စားကြရသဖြင့် အချို့ပေါ့တတ်ပါသည်။ ယင်းသို့ရက်ကြာသော်လည်း ပြောင်းဖူးများအချိုမပေါ့စေရန် ပြုပြင်နည်းရှိပါသည်။

ပြုလုပ်နည်းမှာ ပြောင်းဖူးများ ချိုးပြီးပါက ဖက်များခွာမပစ်ဘဲ ပြောင်းဖူးညှာများကို မီးဖိုထဲထည့်ကာ မီးသင်းရပါသည်။ ထိုမီးသင်းပြီး ပြောင်းဖူးကတော့ နှစ်ရက်၊ သုံးရက်ထားပြီးမှ စားရလည်း အချိုမပေါ့ပါ။ အစိုလတ်လတ်ဆတ်ဆတ်အတိုင်းချိုပါသည်။ စမ်းသပ်ကြည့်ကြပါ။

ဤနည်းကို တောင်တွင်းကြီးမြို့ အမှတ်(၂)၊ အ-ထ-က(ငါးဆင့်ကျောင်း) မှ ဆရာကြီး ဦးလှကျော် ပြောပြသောနည်း ဖြစ်ပါသည်။ ဆရာကြီးကား မရှိတော့ပါ။ ဤစာစုဖြင့် ဆရာကြီးအား ရိုသေစွာ ကန်တော့ပါသည်။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

ဦးသန်းစိုး(ချောင်းနက်)

---

သစ္စာပြု၍ အသက်ချမ်းသာရာရခြင်း။

၃။ ဓမ္မသောကမင်းကြီးလက်ထက်တွင် ပြည့်တန်ဆာမတစ်ဦး မှန်သောစကားကို သစ္စာဓိဋ္ဌာန်ဆို၍ ဂင်္ဂါမြစ်ရေ အညာသို့ဆန်၍စီးခြင်း။

၄။ သောတ္ထိသေနမင်း နူနာစွဲနေသည်ကို သမ္ဘူလမင်းသမီး မှန်သောစကားကိုဆို၍ ရေသွန်းလောင်းလျှင် နူနာရောဂါပျောက်ခြင်း။

၅။ ငါးရံ့မင်းဖြစ်သောအခါ သစ္စာစကားဆို၍ မိုးကိုရွာစေခြင်းတို့ ဖြစ်ပြီး များစွာသော သာဓကတို့ အနက်မှ အချို့သာဖြစ်ပါသည်။

လောက၌ ကံအကျိုးပေးသောအရာကို ချန်ထား၍ သစ္စာဖြင့် မပြီးနိုင်သော အရာမည်သည် မရှိပါချေ။

မိလိန္ဒမင်းက ရှင်နာဂသေနကို သစ္စာသတ္တိအကြောင်း ပေးလျှောက်ရာ၌ ဤသို့ဖြေဆိုတော်မူခဲ့၏။

က။ မှန်သောသစ္စာစကားဖြင့် ဂရုမျက်နှာပြင်ကိုလည်း ပြေးသွားနိုင်၏။ ပညာရှိတို့သည် မှန်သောသစ္စာစကားဖြင့် အဆိပ်ကိုသော်လည်း ပြယ်ပျောက်စေနိုင်ကုန်၏။ မှန်သောသစ္စာစကားဖြင့် မိုးကြီးသည်းထန်စွာရွာ၏။ မှန်သောသစ္စာစကား၌တည်သော ပညာရှိတို့သည် နိဗ္ဗာန်ကို တောင့်တနိုင်ကုန်၏။

ခ။ မြေပေါ်၌ အလုံးစုံသော အရသာတို့သည်ရှိကုန်၏။ ထိုအရသာအပေါင်းတို့ထက် မှန်စွာပြောဆိုသော သစ္စာစကားသည် အလွန်ချိုမြိန်သော အရသာမည်၏။ သစ္စာတရား၌တည်သော ရဟန်းရှင်လူတို့သည် ပဋိသန္ဓေနေခြင်း၊ သေခြင်းဆုံးရာ နိဗ္ဗာန်ကမ်းတစ်ဖက်သို့ လှမ်းတက်နိုင်ကုန်၏ဟူ၍ ဖြစ်ပါသည်။

ဆိုလိုရင်းကား အမှန်အကန်ပြောဆိုခြင်း သစ္စာစကားသည် ပစ္စုပ္ပန်ဘဝ ဤလောက၌သာ ကောင်းကျိုးပေးနိုင်သည် မဟုတ်ပေ။ ပါရမီ (၁၀) ပါးတွင် အပါဝင်ဖြစ်သောကြောင့် နိဗ္ဗာန်တိုင်သောအကျိုးကို ပေးနိုင်သည်ဖြစ်ကြောင်း မှတ်ယူရမည် ဖြစ်၏။

အမှန်အကန်ပြောဆိုခြင်း သစ္စာစကားသည် အရသာတကာတို့ထက် အဘယ့်ကြောင့် မြတ်သနည်းဟူမူ လောက၌ ထောပတ်ဆီဦး သားမျိုးငါးမျိုး ဟူသော မွန်မြတ်သောအရသာကို စားလျှင် အသွေးအသား ခွန်အားဗလကို တိုးပွားစေသကဲ့သို့ မှန်သောသစ္စာစကားကို ဆိုသောသူ၏ များစွာသော အကျိုးတရား တိုးပွားသောကြောင့် မှန်သော သစ္စာစကားကို ပြောဆိုခြင်းသစ္စာသည် မွန်မြတ်လှပါ၏။

ထို့ကြောင့်ပင် ရှင်မဟာရဋ္ဌသာရမှ -

'ကတိသစ္စာ တည်သောခါမူ၊ ဩဇာလေးနက် ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'

ဟု စပ်ဆိုတော်မူခဲ့ပေသည်။

သို့ဖြစ်ပါ၍ မည့်သည့်အရာမဆို ရန်အပေါင်းကို အောင်မြင်လိုပါလျှင် မှန်သောသစ္စာဖြင့်သာ မှန်ရာပြော၊ မှန်ရာလုပ် (ပြောတိုင်းလုပ်၊ လုပ်တိုင်းပြော) ရပေမည်။ အပြောတခြား၊ အလုပ်တခြားမဖြစ်စေသင့်ကြောင်းကို နည်းလမ်းကောင်းတစ်ရပ်အဖြစ် ပြုစုမှီငြမ်းရေးသား တင်ပြလိုက်ပါ၏။

ကိုရွှေမြသန်း

မှီငြမ်း -


၁။ မိလိန္ဒပဉှာ (မြန်မာပြန်)၊

၂။ တိကအင်္ဂုတ္တိုရ်ပါဠိတော် (မြန်မာပြန်)၊

၃။ ဗုဒ္ဓဝင်ကျမ်း၊

၄။ ဗုဒ္ဓဓမ္မလောကစာစောင် (အတွဲ-၁၁/အမှတ်-၃၈)




www.burmeseclassic.com

www.burmeseclassic.com



တင့်တယ်သပ္ပာယ်တော်မူလှသော စေတီတော်နှင့် စိမ်းလန်းသာယာ စိုပြည်နေသော ပတ်ဝန်းကျင်မှ သဘာဝအလှရှုခင်း

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးတည်တော်မူသော

# ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီ

ဆရာဦးဝိန်လှိုင်(ကျိုက်လတ်)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလ ပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့ နေ့လယ်အချိန် ပညာရွှေတောင်စာအုပ်တိုက်သို့ စာမူပေးရန်အတွက် ရောက်ရှိသွားပါသည်။ စာတည်းချုပ်၏အခန်းသို့ ရောက်လျှင် စာတည်းချုပ် ဦးအောင်မြတ်နှင့်အတူ အမျိုးသားနှစ်ဦးတို့စကားပြောနေကြသည်ကို တွေ့ရသည်။

ဦးအောင်မြတ်က ကျွန်ုပ်ကို တွေ့သည်နှင့် -

"လာ - ဆရာ၊ ဆရာလာတာနဲ့ အတော်ပဲ။ မိတ်ဆက်ပေးရဦးမယ်၊ ဒီပုဂ္ဂိုလ်တွေက မဟာဗောဓိမြိုင်ဝနဝါသီ ဥဒေယျမွသာမိထေရ်ရဲ့ တပည့်ဒကာရင်းတွေ"


ဟု ပြောဆိုမိတ်ဆက်ရင်း -

"အတော်ပဲ၊ အဆင်သင့်ချင်တော့ ဆရာက အကြောင်းမကြား ဖုန်းမဆက် ရခင်ရောက်လာတာ"

ကျွန်ုပ်ရောက်လာတာနှင့် အဆင်သင့်ချင်တော့ ဆိုတာက ဘာကိစ္စများရှိလို့ပါလဲဟု ကျွန်ုပ်က မေးလိုက်သည်။

ဦးအောင်မြတ်က -

"ဘာကိစ္စလဲဆိုတော့ အခုဒီပုဂ္ဂိုလ်တွေက မဟာဗောဓိမြိုင်ဆရာတော်ကြီး ဆီကလာခဲ့တာ။ ဆရာတို့ ကျိုက်လတ်မြို့ အရှေ့ဆင့်ကူးရွာမှာ ဆရာတော်ကြီး လွန်ခဲ့တဲ့ နှစ်ပေါင်း (၄၀) လောက်က ဘုရားတည်ခဲ့တာ ဆရာသိသားပဲ။ အဲဒီဘုရားအခြေအနေနဲ့ ရွာကဘုရားဂေါပကတွေ၊ ဆရာတော်ကြီးရဲ့ ဝေနေယျတပည့် ဒါယကာ၊ ဒါယိကာမတွေ အကြောင်းကို နှစ်ပေါင်းများစွာ ကြာခဲ့



ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီနှင့် ကံကြွေးပြေစေတီသို့ အဝင်လမ်း



www.burmeseclassic.com

www.burmeseclassic.com




ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်၏ အနောက်ဘက်မှ ၁၃၄၅ ခုနှစ်တွင် အလှူရှင် ဦးအေးဆောင် + ဒေါ်ပြည့်နှင့်တို့ လှူဒါန်းတည်ထားခဲ့သော အောင်တော်မူကံကြွေးပြေစေတီတော်

ပေမယ့်လည်း ဆရာတော်ကြီးကသတိရပြီးသိချင်နေတာ။ အဲဒါကို ဆရာလည်း ဆရာတော်ကြီးရဲ့ တပည့်ရင်းမို့ အဲဒီရွာကိုသွားပြီး ဆရာတော်ကြီး တည်ထားတော်မူခဲ့တဲ့ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်နဲ့ ဆရာတော်ကြီးရဲ့ဒကာ၊ ဒကာမတွေကို ဓာတ်ပုံရိုက်၊ သတင်းစကားလေးတွေ ယူဆောင်လာဖို့ ဆရာ့ကို တာဝန်ပေးမလို့ပါ"

ဟု ဆိုပါသည်။

ကျွန်ုပ်ကလည်း ဦးအောင်မြတ်၏ စကားဆုံးသည်နှင့် မိမိရပ်ရွာရှိ နှစ်ပေါင်း (၄၀) ခန့်က မဟာဗောဓိမြိုင်ဆရာတော်ကြီးတည်ထားခဲ့သည့်ဘုရားအား ပထမဆုံးဖူးတွေ့ရမည့် အခွင့်ကောင်းကို ရရှိသောကြောင့် မဆိုင်းမတွပင် ထိုတာဝန်ကို လက်ခံခဲ့ပါသည်။

ကျွန်ုပ်သည် ရန်ကုန်မှ ပြန်ရောက်ပြီး တပည့်တစ်ဦးအား အရှေ့ဆင့်ကူးရွာသို့သွားရန်အကူအညီတောင်းရသည်။ ကျိုက်လတ်မြို့မှ အရှေ့ဆင့်ကူးရွာသို့ သွားလျှင် ကုန်းလမ်း၊ ရေလမ်း လမ်းနှစ်ကြောင်းရှိသည်။ မော်တော်ကားလမ်းဖြင့်သွားပါက ကားလမ်းဘေးတွင် သာယာဝဲကျေးရွာ တည်ရှိ၏။ ထိုသာယာဝဲရွာနှင့် မျက်နှာချင်းဆိုင်မှာ ဆရာတော်ကြီးတည်ထားခဲ့သော ပြည်လုံးချမ်းသာ




မဟာဗောဓိမြိုင်ဆရာတော်ဘုရား တည်ထားတော်မူသော ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီမြတ်ကြီးနှင့် အဝင်မုခ်ဝ



www.burmeseclassic.com

www.burmeseclassic.com



၁၃၃၉ ခုနှစ်၊ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး တည်ထားတော်မူခဲ့သည့် ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်




www.burmeseclassic.com


www.burmeseclassic.com

ဖောင်တော်ဦးစေတီသို့အဝင်မုခ်ဦးဆိုင်းဘုတ်ရှိသည်။ ဆိုင်းဘုတ်တွင် ဘုရားဘွဲ့တော်နှင့် ဆရာတော်ကြီး၏ ဘွဲ့အမည်များကို သံပန်းစာလုံးများနှင့် ဖော်ပြထားပါသည်။

ကျိုက်လတ်မြို့မှ မော်တော်ဆိုင်တယ်နှင့် အရှေ့ဆင့်တူးသို့သွားရောက်ရန် စုံစမ်းသည့်အခါ တားလမ်းကြီးမှ ဆင့်တူးသို့သွားရာလမ်း၌ တံတားနှစ်စင်းရှိသည်။ ၎င်းတံတားနှစ်ခုစလုံးမှာ ပျက်နေ၍ ဆိုင်တယ်နှင့် သွားရောက်ရန်မလွယ်။ ခြေကျင်သွားပါက ခရီးသုံးမိုင်ခွဲခန့်သွားရသည်။ အသွား၊ အပြန် ခုနစ်မိုင်ခရီးဖြစ်သောကြောင့် ကျိုက်လတ်မြို့




ဘုရား၏ရာဟုထောင့်အနောက်မြောက်အရပ်မှ ထာဝရသိမ္မိုလိုဏ်ဂူ



ပြည်လုံးချမ်းသာဖောင်တော်ဦးဘုရား ဦးတိဿနှင့် ဦးပညာဝံသ၊ ဦးခင်ညွန့် (ဂေါပကဥက္ကဋ္ဌ)၊ ဦးတင်ဦး (နာယက) (မျက်မှန်နှင့်)၊ ဒေါ်လှမြင့် (အမှုဆောင်)



ဘုရားစေတီတော်၏အနောက်ဘက်မုခ်မှ အာရုံခံဘုရား



ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီနှင့် ရှင်ဥပဂုတ္တရဟန္တာမြတ်၏ မင်္ဂလာကန်တော်ကြီး မော်ကွန်းမှတ်တမ်းကျောက်စာ (မဟာဗောဓိမြိုင်ဆရာတော်ကြီး တည်ထားခဲ့သည်)



www.burmeseclassic.com

www.burmeseclassic.com




ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီ

မှ ပဲ့ထောင်နှင့် ရေလမ်းခရီးဖြင့်သွားရန် စီစဉ်ရတော့သည်။

ကျိုက်လတ်မှနေ၍ ပဲ့ထောင်နှင့် ဉယျာဉ်ဝချောင်းကိုဝင်၍တစ်နာရီကျော်မျှမောင်းလျှင်ပင် အရှေ့ဆင့်ကူးရွာသို့ ရောက်သည်။ ရွာခံပုဂ္ဂိုလ်တစ်ဦးကို ဝင်ခေါ်ပြီး ဘုရားတည်ထားရာဖြစ်သော ရှေ့ဆင့်ကူးရွာနှင့် ကျီးချောင်းရွာကြားမှ ရေကာတာရှိရာသို့ ပဲ့ထောင်မော်တော် ဆိုက်ကပ်ရ၏။

ရေကာတာအုတ်ခုံမှ ကိုက် (၃၀) ခန့်လမ်းလျှောက်သွားရာ နေရောင်ခြည်အောက်၌ ရွှေရောင်တဝင်းဝင်းတလက်လက်နှင့် တင့်တယ်သပ္ပာယ်နေတော်မူသော ပြည်လုံးချမ်းသာ ဖောင်တော်ဦး စေတီတော်မှ သံဃာငြိမ့်ညောင်းစွာ လှုပ်ခတ်နေသည့်ဆည်းလည်းသံများကို နားထောင်ရင်း ဘုရားဓမ္မာရုံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဓမ္မာရုံထဲတွင် ဦးတိသဘွဲ့နှင့် ရဟန်းတစ်ပါးထိုင်နေသည်။ ကျွန်ုပ်တို့လည်း ဝတ်ပြုပြီး လာရောက်ကြရသည့်အကြောင်း လျှောက်ထားမိတ်ဆက်ရင်း လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ ရွာခံပုဂ္ဂိုလ်များ



ဘုရားအကျိုးတော်ဆောင်များနှင့် စာရေးသူ (နောက်တန်း တတိယ)



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပေါင်းစုအောင်တော်မူကံကြွေးပြေစေတီတော်



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးနှင့်အတူ ဖူးဆန်းသောအလင်းတန်းကြီး ၁-၀-၂၀၀၄ (မဟာမြိုင်တော)



ဘုရားမမွှာရုံအတွင်းမှာ သီတင်းသုံးနေထိုင်ကြသော
ဦးတိဿနှင့် ဦးပညာဝံသ ကိုယ်တော်နှစ်ပါးကို
မဟာဗောဓိမြိုင်ဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာပုံတော်များနှင့်အတူ အမှတ်တရ

ဂေါပကလူကြီးများကို အခေါ်လွှတ်ခိုင်းရပါသည်။

နာရီဝက်အချိန်ကြာလျှင် အခေါ်လွှတ်လိုက်သူနှင့်အတူ အမျိုးသားကြီးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ပါလာကြ၏။ သူတို့ရောက်သည်နှင့် ဆရာတော်ဦးတိဿက ကျွန်ုပ်တို့အားလုံးနှင့် မိတ်ဆက်ပေးပါသည်။ မျက်မှန်နှင့်ပုဂ္ဂိုလ်က ဆရာတော်ကြီးဘုရားစတည်ကတည်းက ပါဝင်ခဲ့တဲ့ ဦးတင်ဦး၊ ယခုလက်ရှိ ဘုရားဂေါပက၏နာယကဖြစ်၏။ ခပ်ဝဝပုဂ္ဂိုလ်က လက်ရှိဘုရားဂေါပကအဖွဲ့၏ ဥက္ကဋ္ဌ ဦးခင်ညွန့်၊ အမျိုးသမီးက ကျိုးချောင်းရွာမှ ဒေါ်လှမြင့်၊ ဆရာတော်ဘုရားကြီး၏တပည့်မ၊ ဘုရားဝေယျာဝစ္စခေါင်းဆောင် ဖြစ်သည်။

အခြားသောဂေါပကအဖွဲ့ဝင်များမှာ ခရီးသွားနေသူများ၊ ရာသီဥတုအခက်အခဲကြောင့် မိမိတို့လယ်မှ စပါးများရိတ်သိမ်းနေကြရသောကြောင့် မလာရောက်နိုင်ကြဝါ။

ရောက်ရှိလာကြသော နာယကကြီး ဦးတင်ဦး၊ ဥက္ကဋ္ဌ ဦးခင်ညွန့်နှင့် ဒေါ်လှမြင့် စသော ရှေ့မီနောက်မီပုဂ္ဂိုလ်များနှင့် မေးမြန်းစုံစမ်းရပါတော့သည်။ အချိန်ကာလအားဖြင့် မဟာဗောဓိမြိုင်ဆရာတော်ကြီးဘုရားတည်သောကာလမှာ ၁၃၃၉ ခုနှစ် ဖြစ်၏။ ယနေ့ကာလနှင့် တွက်ပါက ဆယ်စုနှစ်လေးစုနီးပါးရှိချေပြီ။ ရွက်နုများဝေ၍ ရွက်ဟောင်းများကြွေခဲ့ကြလေတော့ သမိုင်းအတွက် မှတ်မိသည်များကို ရသမျှ တွေ့သမျှ စုစည်းရပါတော့၏။


နာယက ဦးတင်ဦး၊ ဂေါပကဥက္ကဋ္ဌ ဦးခင်ညွန့်နှင့် အမှုဆောင် ဦးဝင်းမြင့်တို့၏ သိမီသမျှ ပြောပြရှင်းလင်းခြင်းမှာ -

လွန်ခဲ့သောနှစ်ပေါင်း (၃၇)ကျော်က ကျိုက်လတ်မြို့သို့ မဟာဗောဓိမြိုင်ဆရာတော်လောင်း ဦးငြိမ်း ကြွရောက်လာ၍ မစိုးရိမ်ကျောင်းတိုက်ဆရာတော်ဦးအရိယာဝံသနှင့် ညီအရင်း ဦးဝါသေဋ္ဌတို့ကျောင်းတိုက်မှာ တည်းခိုခဲမင်ရင်းနှီးခဲ့ကြသည်။ ထိုကျောင်းတိုက်မှာ တည်းခိုနေထိုင်ရင်း ရန်ကုန်သာသနာ့ဗိမာန်ကျောင်းမှ အဘဦးဝိမလ၏ မိန့်ကြားချက်အရ ကျိုက်လတ်မြို့နယ်အတွင်းရှိ အရှေ့ဆင့်ကူးရွာနှင့် ကျိုးချောင်းရွာနှစ်ရွာစပ်ကြားတွင် ချုံနွယ်ပိတ်ပေါင်းများနှင့် ဖုံးအုပ်နေသော မြေကြီးကုန်းကို ရှင်းလင်းစေရာ ထိုမြေကြီး

www.burmeseclassic.com



ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်နှင့် ရှင်ဥပဂုတ္တမထေရ်စံကျောင်းတော် (မဂ်လာကန်တော်ကြီး)



ရေကာတာအနီး ဘုရားတည်ရှိရာနှင့် ကိုက် (၂၀) ခန့်ကွာ



စာရေးသူတို့အဖွဲ့
(ဘုရားမှအပြန် ရေကာတာအနီး ပဲ့ထောင်ပေါ်တွင်)

ကုန်းမှ အုတ်ဟောင်းများ ထွက်ပေါ်လာသဖြင့် ဘုရားမြေဟုသတ်မှတ်၍ ဆရာတော်က **ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီဘုရား**ဟု ဘွဲ့တော်သမုတ်ပြီး တည်တော်မူ၏။

ထိုစဉ်က ဆရာတော်ဘုရားကြီး၏ ဘုရားဂေါပကအဖွဲ့မှာ ဦးသောင်း (ကွယ်လွန်)။ ဦးသန်း၊ ဦးတင်၊ ဦးဘမြိုင်၊ ဦးအေးဆောင်၊ ဦးအုန်းမောင်၊ ဦးဘိုးစိန်၊ တောင်ဥက္ကလာမှ ဦးသန်းလှနှင့် ဦးအေးမောင်တို့ (ညီအစ်ကိုအရင်းများ) ဖြစ်ကြသည်။

၁၃၃၉ ခုနှစ်တွင် မဟာဗောဓိမြိုင်ဆရာတော်ကြီး ဝနဝါသီဒေဝ ယျမမ္ဗသာမိမဟာထေရ် တည်ထားတော်မူခဲ့သော ပြည်လုံးချမ်းသာ ဖောင်တော်ဦးစေတီတော်မြတ်ကြီးကို ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့တွင် စတင်၍ အရှေ့ဆင့်ကူးရွာနှင့် ကျိုးချောင်းကျေးရွာမှ ဆရာတော် ဦးလာဘသိဒ္ဓိနှင့် ဆရာတော် ဦးကုန္ဒာစာရတို့၏ ဩဝါဒတို့ကို ခံယူပြီး ကျေးရွာရယကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော်ကြီး၏ဂေါပကဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ ပံ့ပိုးတူညီကြိုးကြပ်မှုနှင့် စေတနာရှင် ရွာသူရွာသားများ၏ သဒ္ဓါထက်သန်စွာ ဆောင်ရွက်လုပ်ကိုင်မှုအစုစုတို့ကြောင့် ၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ၁၇-၅-၂၀၀၀ တွင် စေတီတော်ကြီးကို ပြန်လည်၍ မွမ်းမံပြုပြင်ပြီး ဗုဒ္ဓဘိသေကပူဇာမင်္ဂလာဆင်ယင် ကျင်းပ ပူဇော်ခဲ့ကြပါသည်။

၁၃၃၉ ခုနှစ်က ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီးဝနဝါသီဒေဝ ယျမမ္ဗသာမိမဟာထေရ် တည်ထား



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၁။ | သုံးဆယ့်တစ်ဘုံသားများအတွက် လှူဒါန်းငွေ | ၁၀၀,၀၀၀ |
| ၂။ | ဦးကြီးစိန် + ဒေါ်ကျင်အေး မိသားစု | ၆၀,၀၀၀ |
| ၃။ | ဦးညိုမြင့် + ဒေါ်စန်းကြည် မိသားစု | ၃၀,၀၀၀ |
| ၄။ | ဦးမြင့်ဆွေ + ဒေါ်ဘေဘီ မိသားစု | ၂၀,၀၀၀ |
| ၅။ | ဒေါက်တာတင်ထွဋ် + ဒေါက်တာသန်းအေး မိသားစု | ၂၀,၀၀၀ |
| ၆။ | ဦးခိုင်သင်း + ဒေါ်ခင်ဝင်းမြိုင် မိသားစု | ၂၀,၀၀၀ |
| ၇။ | ဒေါက်တာမြသွင် + ဒေါ်ခင်ခင်ရွှေ မိသားစု | ၁၈,၀၀၀ |
| ၈။ | ဦးဘ + ဒေါ်မြစိန် မိသားစု | ၁၀,၀၀၀ |
| ၉။ | ဦးထွန်းအောင် + ဒေါ်နီ မိသားစု | ၁၀,၀၀၀ |
| ၁၀။ | ဦးစိန်တင် + ဒေါ်တင်ဝင်းမိသားစု | ၁၀,၀၀၀ |
| ၁၁။ | ဦးကျော်ဝင်း + ဒေါ်တင်တင်နု မိသားစု | ၁၀,၀၀၀ |
| ၁၂။ | ဦးဝင်းဦး + ဒေါ်အေးခိုင် မိသားစု | ၁၀,၀၀၀ |
| ၁၃။ | ဦးမောင်မောင်ကြီး + ဒေါ်နီလာ မိသားစု | ၁၀,၀၀၀ |
| ၁၄။ | ဦးမြင့်ဇော် မိသားစု | ၁၀,၀၀၀ |
| ၁၅။ | ဒေါ်ကြင်မြိုင် မိသားစု | ၁၀,၀၀၀ |
| ၁၆။ | ဗိုလ်ကြီးဝင်းနိုင် + ဒေါ်နော်နော်ခိုင်ကြည် မိသားစု | ၁၀,၀၀၀ |
| ၁၇။ | ဦးသိန်းမြင့် + ဒေါ်သိန်းရွှေ မိသားစု | ၁၀,၀၀၀ |
| ၁၈။ | (ဦးခင်) + ဒေါ်ညွန့်ခင် မိသားစု | ၁၀,၀၀၀ |
| ၁၉။ | ဦးအောင်မြင် + ဒေါ်စောမြင့်မိသားစု | ၁၁,၀၀၀ |
| ၂၀။ | ဦးလှကြွယ် + ဒေါ်မြစော မိသားစု | ၁၀,၀၀၀ |
| ၂၁။ | ဝေနေယျအများ စုပေါင်းလှူငွေ | ၈၃,၇၄၁ |
| | စုစုပေါင်း | ၄၈၂၇၄၁ ကျပ် |

တော်မူခဲ့သော ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်ကြီးကို (၂၂) နှစ်အကြာ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက် (၁၂-၃-၂၀၀၀ ပြည့်နှစ်) တွင် စတင် ပြုပြင်မွမ်းမံ လှူဒါန်းခြင်းပြုကြသော အလှူရှင်စေတနာရှင်များစာရင်းကို တစ်ဖက်တွင် ဖော်ပြထားပါသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ကျိုက်လတ်မြို့သို့ စတင်ရောက်ခဲ့စဉ်အခါက တည်းခိုခဲ့သော မစိုးရိမ်ကျောင်းတိုက်မှ ကျောင်းတိုက်များမှာလည်း နှစ်ပရိစ္ဆေကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းခဲ့လေသည်။ မစိုးရိမ်ကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်ညီနောင်နှစ်ပါးဖြစ်တော်မူကြသော နောင်တော် ဦးအရိယာဝံသနှင့် ညီတော် ဦးဝါသေဌတို့ ပျံလွန်တော်မူခဲ့ကြသည်မှာလည်း နှစ်ပေါင်း (၃၀) ကျော်မျှရှိခဲ့ပြီဖြစ်ပါသည်။

ယခင်က မစိုးရိမ်ကျောင်းတိုက် အဆောက်အအုံများမှာ အိုမင်းပျက်စီးနေခဲ့ပြီဖြစ်ရာ ယခုအခါအသစ်ပြန်လည်တည်ဆောက်ထားသော တိုက်တာကျောင်းဆောင်သစ်များနှင့် ပရိယတ္တိစာသင်တိုက်ကြီးမှာ စာသင်သားများကို စာပေသင်ကြားပို့ချလျက်ရှိရာ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲ ထွန်းလင်းတောက်ပအောင် သာသနာ့မျိုးစေ့ချတော်မူခဲ့သည့် ဆရာတော်ကြီးများ၏နောက် လက်ရှိ မစိုးရိမ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယကဆရာတော်နှင့်တကွ စာချစာသင်ဆရာတော်များက ဆက်လက်၍ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်ကို နှစ်ရှည်မြားမြောင် ထွန်းလင်းပြောင်အောင် ဇွဲလုံ့လဝီရိယ ထက်သန်စွာဖြင့် ကြိုးပမ်း ဆောင်ရွက်တော်မူနေကြပါသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ကြီး ၁၃၃၉ ခုနှစ်တွင် တည်ထား ပူဇော်တော်မူခဲ့သော အရှေ့ဆင့်ကူးရွာနှင့် ကျိုးချောင်းရွာကြားရှိ ပြည်လုံးချမ်းသာဖောင်တော်ဦးစေတီတော်မြတ်ကြီးကို ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့တွင် ဩဝါဒါစရိယ ဆရာတော် ဦးလာဘသိဒ္ဓိနှင့် ဆရာတော် ဦးကုန္ဒာစာရတို့၏ လမ်းညွှန်မှုကို ခံယူပြီးလျှင် ကျေးရွာလူကြီးများ၊ ဂေါပကဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များ၊ စေတနာလုပ်အားရှင် ရွာသူရွာသားများနှင့် ဝေနေယျအများစု အလှူငွေထည့်ဝင်ကြသော အလှူရှင်များ၏ စေတနာသဒ္ဓါတရားများ ထက်သန်စွာဖြင့် ပါဝင်လုပ်ကိုင်ကြသောကြောင့် ၁၃၆၁ ခုနှစ်၊



ဘုရား၏အဂ္ဂါဆောင် အရှေ့တောင်အရပ်မှ ဘုရားကျောက်စာတိုင်

နှောင်းတန်ခူးလဆန်း ၁၁ ရက်၊ သောကြာနေ့ (၁၄-၄-၂၀၀၀)တွင် စေတီတော်ကြီး ပြုပြင်မွမ်းမံခြင်း ပြီးစီးအောင်မြင်ခဲ့ပါသည်။

၁၃၆၂ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ (၁၇-၅-၂၀၀၀) တွင် ဗုဒ္ဓဘိသေကပူဇာမင်္ဂလာသတင်းကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြပါသည်။

ဤသို့ပြုရ ကောင်းမှုကုသလအဝဝတို့သည် အလှူရှင်အားလုံးတို့၏ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရရှိရန် ကျင့်ကြံရာ၌ လွယ်ကူသောအကျင့်၊ လျင်မြန်သော အသိဉာဏ်တို့ဖြင့် မိမိတို့တောင့်တအပ်၊ အလိုရှိအပ်သော မြတ်နိဗ္ဗာန်သို့ ရောက်ရှိ မျက်မှောက်ပြုနိုင်သော အထောက်အပံ့ဖြစ်ပါစေသတည်း။

ယခုပြုရ ကုသလအဖြာဖြာ ကောင်းကျိုးချမ်းသာအရာရာကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှရပါစေကြောင်း မေတ္တာလောင်း၍ ဆုတောင်းပေးနေ အမျှပေးဝေပါသည်။

အားလုံးသော ဝေနေယျ သုခိတ၊ ဒုက္ခိတ အကြွင်းမရှိ အမျှ အမျှ အမျှ ရကြပါစေ။

သာဓု သာဓု သာဓု အနုမောဒနာ ခေါ်နိုင်ကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

**အထောက်အထား** -

*ပြည်လုံးချမ်းသာ ဖောင်တော်ဦး စေတီမော်ကွန်းမှတ်တမ်းကျောက်စာမှ အလှူရှင်များစာရင်းနှင့် အထောက်အထားများ*



www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းခေါင်

## အလုံးစုံသောသတ္တဝါတို့ သုခပြည့်စုံ အေးမြကြစေရန် မေတ္တာဘာဝနာပွားရအောင်

ㄱ နိဒါန်းစကား

ကျွန်ုပ်၏ ဘိတ်အစဉ်တွင် ဝေနေယျများစွာ သတ္တဝါတို့၏ ချစ်ခင်ခြင်း မေတ္တာ ကိုယ်စီကိုယ်ငဘည်ကြစေရန် ရန်အမျက်ဒေါသမထွက်သင့်ကြောင်း ဓမ္မလက်ဆောင်ကို အဦးအစ ရေးသားဖော်ပြလိုစိတ်ဖြစ်ပေါ်နေခဲ့သည့်အတွက် အမျက်မထွက်မသင့်ကြောင်းဖြစ်သော အကြောင်းအချက်(၇)မျိုး ရေးသားတင်ပြလိုပါသည်။

ㄱ အမျက်မထွက်သင့်ကြောင်း (ဓမ္မလက်ဆောင်)

ဤသည်လောက ဘုံဘ၀၌ မိန်းမ၊ ယောကျ်ားမျက်ထွက်ကြွားမှု -

က။ *ဖောက်ပြားယွင်းကွက်၊ ရုပ်ဆင်းပျက်၏။*
ခ။ *အိပ်စက်သောခါ မချမ်းသာဘူး၊*
ဂ။ *ပြုရာကိစ္စအဝဝ၌ ကောစလွှမ်းမိုး၊ အမျက်ဆိုးကြောင့် ကျိုးပဲ့ကိုစင်၊ ကျိုးရှိထင်လျက်၊ ကျိုးပင်ရှိလတ်၊ မရှိမှတ်၍ ချော်ချွတ်ပြုမှား၊ ကျိုးမများတည်း။*
ဃ။ *စီးပွားယုတ်လျှင်၊*
င။ *ဂုဏ်သိန်ပျက်၍၊*
စ။ *မိတ်ဖက်ကင်းကွာ၊*
ဆ။ *သေမသာအခါလည်း မေးဖြာပါယ်သို့ ရောက်တုံမြို့၏။ ဤသို့ဖြစ်မှု တစ်ဖက်လူဟု ရန်သူနှစ်ယောင်၊ အားရကြောင်းလျှင် မကောင်းတရား ခုနစ်ပါးတို့ ယောကျ်ား၊ မိန်းမ အမျက်ထွက်ကြသား။ ထိုမျှ လူ့ဌာန်၊ ရောက်၏ မှန်ဟု ဘုန်းသန်မမြင်က်၊ ဟောဖော်မြွက်သည့် အမျက်မထွက်ကြ လေနှင့်။*

(အင်္ဂုတ္တရနိကာယ သတ္တကနိပါတ် ကောဓသုတ်)

❐

တစ်နေ့သ၌ -

ကျွန်ုပ်သည် အသက် (၇၁) နှစ်ပြည့်လုပြည့်ခင် (၄) လလောက်အလိုက တည်းက နိစ္စဒေါပတော်တပ်ကြီး၏ အကြီးအမှူးဖြစ်သော ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့၏ တတိယမြောက် ဗျာဓိက ခြယ်လှယ်ပြီး ထင်သလိုကစားခြင်းကို ခံစားရပါတော့သည်။

သုံးလောကသခင်၏ သစ္စာစကားအရ ဇာတိရလို့ (ဇာတိဖြစ်တည်သည်နှင့်) ရုပ်ကဖြစ်လာတဲ့အခါ ထိုဇာတိရုပ်ရတည်းက ရောဂါကကပ်ပါလာပြီးသားဆိုတော့ လောကဓါတ်ရအရ တစ်နှစ်တိုးလာလေတိုင်း ဇရာကြီးကလည်း မရဏပြည်ကြီးဘက်ကို ခြေတစ်လှမ်းတက်လာနေပါပြီ။

အိုမင်းလာသည်နှင့် ရုပ်နှင့်ကပ်ပါလာခဲ့သောရောဂါကို ထိုးဆွသဖြင့် ဝေဒနာတစ်ခုခံစားရပါချေပြီ။ အထက်တွင်တင်ပြခဲ့ပြီးသည့် (၄) လအလိုကပင် ဝမ်းသွေးသွန်သည့်ဝေဒနာကို အပြင်းအထန်ခံစားခဲ့ရပါပြီ။ ဖျံရေနစ်တဲ့ကိန်းမျိုးပေါ့။ ဆေးဆရာကိုယ်တိုင် သွေးသွန်တဲ့ရောဂါ (သွေးဒူလာ) ဖြစ်လာတာကို





www.burmeseclassic.com

www.burmeseclassic.com

ဘာမသိဘဲနေလိုက်တော့ အလွန်ဖြစ်လာခဲ့ပါတော့သည်။

မည်သူမျှ အသိပေးဘဲနေခဲ့ရာက မဖုံးနိုင်မဖိနိုင်တော့မှ အလျင်အမြန်ကုစားရပါလေပြီ။ ထိုအခါနာကာလတွင် (၄)လ၏အထက်လောက်ကစပြီး အလွန်ပါသနာကြီးခဲ့သော စာရေးခြင်းတို့ကိုလည်း မလုပ်နိုင်တော့ပါ။

ကျွန်ုပ်အသက် (၇၁) နှစ်ပြည့်ရန် (၁၀) ရက်အလိုလောက်ကစပြီး သွေးဒုလာ(သွေးဆင်းနေတဲ့ရောဂါ)မှာ တန့်ခန်းရပ်သွားလိုက်တာ ယခုစာရေးနေချိန်အထိ ပကတိအကောင်းဖြစ်လာနေပြီဖြစ်ပါသည်။ ကျန်းမာလာတော့ စာရေးရန်ဟန်ပြင်လိုက်ပါပြီ။

ကောဇာနှစ် ၁၃၇၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၅ ရက်၊ ဝါဆိုလပြည့်နေ့က ကျွန်ုပ်က တစ်ခုတ်တစ်ရ မဖိတ်ရဘဲ ဧည့်သည်ရောက်လာခဲ့ပါသည်။ ဧည့်သည်မှာ မျက်နှာစိမ်းဧည်သည်တော့ မဟုတ်။ ငယ်ပေါင်းတွေပါ။ တစ်ယောက်က ကျောင်းနေဖက်သူငယ်ချင်းဖြစ်ပြီး တစ်ယောက်က ကျွန်ုပ် ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်အခါကမှ သိခဲ့ကျွမ်းခဲ့ရတဲ့ မိတ်ဆွေပါ။ (၂) ယောက်စလုံးကလည်း ညီအစ်ကိုအရင်းအချာများလို ခင်မင်ခဲ့ကြသူတွေပါ။

"လာဟေ့ သူငယ်ချင်းတို့၊ ဒီနေ့ ဝါဆိုဦး ဥပုသ်နေ့မို့ ကိုယ်တော့ စာကောင်းကောင်းဖတ်ရပြီလို့ အောက်မေ့နေတာကွ။ မင်းတို့ရောက်လာတော့လည်း အာစိုပြန်တာပေါ့"

ဟု အပြောနှင့် ဖိတ်ခေါ် လိုက်ပါသည်။

သူငယ်ချင်းနှစ်ယောက်၏ စရိုက်ကို စာချစ်သူများနှင့် မိတ်ဆက်ပေးလိုပါသည်။ တစ်ယောက်က လက်ဝဲသမား (ရုပ်ဝါဒီသမား)။ စကားပြောရတာ ကန့်လန့်အလွန်ဖြစ်တဲ့သူ။ တစ်ယောက်ကျတော့ ဝိပဿနာသမား၊ သူက ပုံကြီးချဲ့ချင်တဲ့သူပေါ့။

ဒီနေရာမှာ အခွင့်ကြုံတုန်း လွန်ခဲ့သော အတိတ်နှစ်ကာလ(၄၀)လောက်ဆီတုန်းက ကျွန်ုပ်ကို သူတို့ဝိုင်းပြီးဖဲ့ခဲ့ကြပါသေးတယ်။ ကျွန်ုပ်ကတော့ ဝိဇ္ဇာမရဂမ္ဘီရသမားဆိုတော့ မဟာဂန္ဓာရီကျင့်စဉ်အနေနဲ့ 'မေတ္တာကျင့်စဉ်အမိဋ္ဌာန်တွေကိုမကြာမကြာဝင်ပါတယ်။အမိဋ္ဌာန်ကာလမှာဆိုရင် သက်သတ်လွတ်စားပါတယ် (ဆားဟင်းနဲ့စားတာပါ)။

ကျွန်ုပ်အမိဋ္ဌာန်နဲ့ကြုံတဲ့အခါတိုင်းမှာ လက်ဖက်ရည်ဆိုင်မှာလို ဆုံမိရင် ကျွန်ုပ်မစားတဲ့ အမဲသားကြော်တို့၊ ဝက်အူချောင်းတို့ကို ဖွတ်ကျွေးတတ်ကြပါတယ်။

တစ်ယောက်ဆိုရင် -

"သူငယ်ချင်းနဲ့ ကြုံတဲ့အခါ တို့တပိုစားရတာပေါ့။ အမိဋ္ဌာန်များများဝင်ဟေ့"

လို့ကလိတတ်သလို တစ်ယောက်ကဆိုလျှင် -

"မင်းက တဏှာသတ်နေတာကိုးကွ။ ဒိဋ္ဌိသတ်မှဘဝပြတ်မှာ"

လို့ ပြောကြဆိုကြနှိပ်ကွပ်ခဲ့ကြတဲ့ သူတွေပါ။

အခုတော့ ဘဝခရီးကို နှစ်ပေါင်းအလီလီ ဖြတ်သန်းလာခဲ့ရတော့မှ နဂိုကတစ်ယူသန် အစွန်းရောက်ခဲ့တာတွေကို မှားမှန်းသိကြပြီး အနုဒေါသကိုပင်အဖြစ်မခံချင်ကြတော့ပါဟု ပြောလာကြပါပြီ။ (၃၁) ဘုံသား ဝေနေယျများစွာသော သတ္တဝါခပ်သိမ်းကိုလည်း မေတ္တာနဲ့ပဲ ပေးဝေပြီး အေးအေးချမ်းချမ်းနေလိုကြသတဲ့။

"သူငယ်ချင်းက တို့ထက်စာစုံဖတ်တယ်ဆိုတော့ အခုမေတ္တာဘာဝနာဆိုက်အောင် မေတ္တာပို့သဖို့အတွက် ဘယ်ဆရာတော်ရဲ့ဩဝါဒကို လိုက်နာရမလဲ"

လို့ မေးနေကြပါတော့တယ်။

"အေးပါ၊ သူငယ်ချင်းတို့အတွက် ကိုယ်လက်လှမ်းမီသမျှကိုပြောပြပါ့မယ်။ မင်းတို့သဒ္ဓါဆန္ဒအတိုင်းလုပ်ကြပါ။

တစ်ခုအလေးအနက်ပြောချင်တာက ယခုရွှေ့လာမယ့် ဝါခေါင်လပြည့်နေ့ဆိုလျှင် မေတ္တာအခါတော်နေ့ရောက်ပြီကွ။ အဲဒီဝါခေါင်လပြည့်နေ့မှာပဲ မဟာဂန္ဓာရီသမားများကတော့ -

- ထွဋ်ခေါင်ဆရာတော်ပွဲ၊
- ဓမ္မစေတီမင်းခေါင်ပွဲ၊
- အင်းဝမင်းခေါင်ပွဲ၊
- တိမ်ကြားမင်းခေါင်ပွဲ၊
- အောင်မင်းခေါင်ပွဲ၊

စသည်ပေါ့ကွာ ကိုယ့်အယူဆန္ဒနဲ့ကိုယ် ခေါင် (၅) ခေါင်ပွဲတွေတည်ကြပြီးတော့ ကျင့်စဉ်စရဏတွေလုပ်ကြတယ်ကွ။ (ထွဋ်ခေါင်ပွဲတည်ရာတွင် မူကွဲများရှိပါသည်။)

သူငယ်ချင်းတို့အနေနဲ့လည်း ဝါခေါင်လပြည့်နေ့မှာ ကျရောက်တဲ့ မေတ္တာအခါတော်နေ့မှာ အမိဋ္ဌာန်ဝင်ပြီး မေတ္တာကျင့်စဉ်တစ်ခုကိုဝင်ပြီး မေတ္တာဘာဝနာဆိုက်အောင် သွားစေချင်ပါတယ်"

ဟု ပြောပြလိုက်ရပါတော့သည်။

သူငယ်ချင်းများကလည်း ကျွန်ုပ်၏ ဆွေးနွေးချက်တို့ကို လက်ခံသဖြင့် မေတ္တာပွားရန် နည်းလမ်းအဖြာဖြာတို့ကို အောက်ပါအတိုင်း ရှင်းပြလိုက်ရလေတော့၏။

"မေတ္တာကျင့်စဉ်ကို မပြောခင်မှာ ပထမဆရာတော်ကြီး (၃) ပါး ပို့သတဲ့ မေတ္တာတွေကို တစ်ခုချင်းစီပြောပြပါ့မယ်။ မင်းတို့လည်း ကြိုက်ရာကိုယူပြီး မေတ္တာခရီးသွားကြစေချင်ပါတယ်။

□ **ပထမဆုံးကတော့**

မြတ်စွာဘုရားရှင် ဟောဖော်ပြခဲ့တဲ့ မေတ္တသုတ်တော်မှာလာတဲ့ မေတ္တသုတ်လာ မေတ္တာပွားနည်းကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ (မင်းကွန်းဆရာတော်) ရှင်းပြခဲ့တာကို ပြောပါမယ်။

ဆရာတော်ကြီးက မေတ္တသုတ်လာဘာဝနာပွားနည်းတို့မှာ အဓိကအားဖြင့်ပြောရရင် (သုံးပါး) ရှိတယ်ကွ။ အဲဒီသုံးပါးကတော့ -

၁။ **နပရောပရံနိကုဗ္ဗေထ** -တစ်ယောက်ကတစ်ယောက်ကို လိမ်လည်လှည့်ဖြားခြင်း။

၂။ **နာတိမညေထ ကတ္ထစိနံကိဉ္စိ** - တစ်ယောက်က တစ်ယောက်ကို ထိုထိုကိစ္စ+ဌာနတို့၌အထင်သေးခြင်း။

၃။ **ဗျာရောသနာ ပဋိဃသညာ နာညမညဿ ဒုက္ခ+မိစ္ဆေယျ** - တစ်ယောက်က တစ်ယောက်၏ ဆင်းရဲကို အလိုရှိခြင်း

ဤသုံးပါးတို့ပဲ ဖြစ်ပါတယ်။

မေတ္တသုတ်လာ မေတ္တာဘာဝနာပွားများလိုတဲ့ ယောဂီတို့အနေဖြင့် အောက်ပါအတိုင်း မြန်မာသက်သက်ဖြင့်လည်း မေတ္တာကိုပွားများနိုင်ကြပါတယ်။

- လူအချင်းချင်း လိမ်လည်ခြင်း ကင်းရှင်းကြပါစေ။
- လူအချင်းချင်း ထင်သေးခြင်း ကင်းရှင်းကြပါစေ။
- ချင်းချင်းလူဗိုလ် ဆင်းရဲကို အလိုမရှိကြပါစေ။

**မှတ်ချက်**

အကျယ်ကို ဖတ်လိုသူ မိတ်ဆွေများအနေဖြင့် မင်းကွန်းဆရာတော်ကြီးပြုစုသော 'မဟာရာဟုလောဝါဒသုတ္တန်များနှင့်ဝိဇယသုတ္တန်မြန်မာပြန်' (ရှေးဟောင်းရန်မဟုတ်၊ ဓမ္မဒါနအဖြစ်သာ) စာအုပ်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဖတ်ရှုကြည်ညိုနိုင်ကြပါသည်။

❐ ဒုတိယအနေကတော့

သူငယ်ချင်းတို့သိအောင် ပြောရရင် ကိုယ်ဌာနတာဝန်ထမ်းစဉ် လွန်ခဲ့တဲ့နှစ်ပေါင်း (၄၀) ကျော်ကာလက မေတ္တာပို့ပါဠိတော်တစ်ပုဒ်ရခဲ့တယ်ကွ။ ကိုယ့်ကိုချီးမြှင့်ပေးခဲ့တဲ့ပုဂ္ဂိုလ်ကတော့ အဘိုးအေးဆိုတဲ့ မြေလျှောက်ဝိဇ္ဇာတစ်ယောက်က ပေးခဲ့တာကွ။

ပါဠိသက်သက်ဆိုတော့ မြန်မာလိုကလည်း သိချင်လာပြန်တယ်။ လူသိအတော်နည်းတဲ့ သင်္ဂဇာဆရာတော်ကြီးရဲ့မေတ္တာပို့လို့ဆိုထားတော့ မြန်မာလို ပိုပြီးသိချင်လာခဲ့တာပေါ့။

မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာရဲ့ ပရိယတ္တိစာသင်နည်းမှာ ပခုက္ကူစာချနည်းဆိုပြီး ထင်ရှားခဲ့တဲ့ ပခုက္ကူမြို့မဟာဝိသုတာရာမတိုက်ကြီးရဲ့တိုက်အုပ်ဆရာတော် အရှင်နန္ဒိယမဟာထေရ်ရဲ့ တပည့်ရင်း လူပျံတော် ဦးမျိုးညွန့် (စာရေးသူ၏မိတ်ဆွေ-ယခုကွယ်လွန်)မှ သင်္ဂဇာမေတ္တာပို့လို့ဆိုတဲ့ မေတ္တာပို့ပါဠိတော်ကို အောက်ပါအတိုင်း မြန်မာပြန်ပေးခဲ့ပါတယ်"

**သင်္ဂဇာဆရာတော်မေတ္တာပို့**

❐ *မေတ္တမ္ဗုနာ သဒေါသောစ၊*
*ပရဒေါသောစသမ္မတိ၊*
*မေတ္တာသေကေန သဗ္ဗေသု၊*
*သဗ္ဗတောဂ္ဂိနိဝါရယေ။ ။*

**ဣမသ္မိံလောကေ** - လူပြည်ဌာနဤလောကကြီး၌၊ **မေတ္တမ္ဗုနာ** - သီတာအမျှ အေးမြကုံလေ သွန်းလောင်းလိုက်သော မေတ္တာရေကြောင့်၊ **သဒေါသောစ**- မိမိစိတ်သန္တာန်၌ ကိန်းဝပ်ဖြစ်ပေါ်နေသော၊ အမျက်ရန်ငြိုးဒေါသမျိုးတို့သည် လည်းကောင်း၊ **ပရဒေါသောစ** - သူတစ်ပါးစိတ်သန္တာန်၌ဖြစ်ပေါ်နေသောအမျက်ရန်ငြိုးဒေါသမျိုးတို့သည် လည်းကောင်း၊ **သမ္မတိ** - အရှိန်ကိုရှုပ်သိမ်း၍ ချုပ်ငြိမ်းပျောက်ကွယ်ရမည်တည်း။

**သဗ္ဗေသုသဗ္ဗသတ္တေသု** - သန့်ခြားခြိုးများဘိဥဿုံ သတ္တဝါအလုံးစုံတို့၌ **မေတ္တာသေကေန** - မေတ္တာရေချမ်း သွန်းလောင်းဖျန်းသဖြင့်၊ **သဗ္ဗတောဂ္ဂိ** - ရုပ်အိမ်နာမ်အိမ် ဤခန္ဓာကိုယ်တည်းဟူသော အိမ်ဂေဟာ၌ တရှိန်ရှိန်လောင်မြိုက်လာတတ်သော အပူမီးဟူသမျှကို၊ **နိဝါရယေ**- ကိုယ်သို့မရောက် ကင်းပျောက်လေအောင် ရွက်ဆောင် တားဆီးနိုင်ပါစေသတည်း။

**မှတ်ချက်**

ယခု ကျွန်ုပ် တင်ပြထားသော မေတ္တာပို့မှာ ပေးခဲ့သည့်ပုဂ္ဂိုလ်၏ အဆိုအရ 'သင်္ဂဇာမေတ္တာပို့' ဟု ဖော်ပြရခြင်း ဖြစ်ပါသည်။ အကယ်၍များ မှားယွင်းခဲ့ပါက ခွင့်လွှတ်ပေးပါရန် (စာရေးသူ)။

❐ တတိယမေတ္တာပို့နည်း

ကျွန်ုပ် ယခု ရေးသား ဖော်ပြမည့် မေတ္တာပို့နည်းသည် ကျွန်ုပ်၏အထင်ကို တင်ပြရမည်ဆိုလျှင် သိသူနည်းလိမ့်မည်ဟု ယူဆမိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ကာလ ကျွန်ုပ်၏ အသက် (၂၇) နှစ်လောက်က ဖြစ်မည်ထင်ပါသည်။ ကျွန်ုပ်မှာ ဝန်ထမ်းဘဝ အိမ်၏စီးပွားရေးကို ဘာမှပြန်မကြည့်ခဲ့။ ရသည့်လစာအကုန်ပေးအပ်ပြီး ကျွန်ုပ် လျှောက်လှမ်းလိုသောခရီးကို အပြင်းနှင်စဉ်က ဖြစ်ပါသည်။

မြင်းခြံမြို့ စွန်းလွန်းဆရာတော် ထေရုပ္ပတ္တိနှင့် ဝိပဿနာမှ အစပြုပြီး စာစုံဖတ်လာခဲ့ရာ စာမဝဖြစ်လာပါတော့သည်။ နောက်ဆုံးမှာတော့ ဓမ္မမိတ်ဆွေတစ်ဦး၏ အကူအညီပေးမှုဖြင့် လယ်တီဒီပနီများကိုတဝကြီးဖတ်ရပါတော့သည်။ မိတ်ကောင်းဆွေမွန် ဓမ္မမိတ်ဆွေ၏ စေတနာကြောင့် လယ်တီဒီပနီများစွာကို ကျွန်ုပ်ထံအရောက်ရှာဖွေပေးပို့ခဲ့သဖြင့် ကျွန်ုပ်မှာလည်း လယ်တီဒီပနီများကိုဖတ်ရတော့မှ စာဝသွားခဲ့ပါတော့သည်။

ထိုမိတ်ဆွေ၏ကောင်းမှုဖြင့် ယခု ကျွန်ုပ်တင်ပြမည်ဖြစ်သော လယ်တီမေတ္တာပို့ကိုလည်း ချီးမြှင့်ပေး၍ ဝမ်းမြောက်ရပြန်တော့သည်။ ယခု ထိုဓမ္မမိတ်ဆွေလည်း သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝဖြင့် ဘဝနတ်ထံပျံလွန်တော်မူသွားပြီ ဖြစ်ပါသည်။

❐ လယ်တီမေတ္တာပို့

❐ *စုဝေးညီညာတို့သူငါ ကျန်းမာကြပါစေ၊*

❐ *မိဖသားချင်း ဆွေမျိုးရင်း ဘေးကင်းကြပါစေ၊*

❐ *ရပ်သူရွာသားမိတ်ဆွေများ စီးပွားတိုးပါစေ၊*

❐ *ယောကျ်ား၊ မိန်းမဟူသမျှ ဒုက္ခကင်းပါစေ၊*

❐ *ရဟန်းရှင်လူ၊ များပြည်သူ အပူကင်းပါစေ၊*

❐ *သိကြားဗြဟ္မာ၊ နတ်ဒေဝါ ချမ်းသာကြပါစေ၊*

❐ *လူကိုစောင့်ကြပ် အနတ်နတ် ဥပဒ်ကင်းပါစေ၊*

❐ *စိုးရိမ်ကြောင့်ကြ ဗျာပါဒ နေ့ညကင်းပါစေ၊*

❐ *မျက်နှာရွှင်လန်းပွင့်စပန်း ဘုန်းတန်းကြီးပါစေ၊*

❐ *စည်းစိမ်မပျက် ဂုဏ်သိန်တက် အသက်ရှည်ပါစေ၊*

❐ *ကြောက်ထိတ်လန့်ဖွယ် အသွယ်သွယ် အန္တရာယ်ဖျက်ပျယ်ကွယ်ပါစေ၊*

❐ *ထိမိခလုတ် ညှောက်သစ်ငုတ် ရှောင်ဆုတ်လွတ်ပါစေ၊*

❐ *ကိုယ်နှင့်နီးဝေး လာမည့်ဘေး ရှောင်ပြေးလွတ်ပါစေ၊*

❐ *ကြံစည်သလောက် ခရီးပေါက် ပြီးမြောက်ကြပါစေ၊*

❐ *တစ်ဦးနှင့်တစ်ဦး မေတ္တာကူး အထူးချစ်ပါစေ၊*

❐ *မြူစွဝန်တို ရန်မလို ကြည်ညိုနိုင်ပါစေ၊*

❐ *တစ်ယောက်နှင့် တစ်ယောက် ပြစ်မထောက် စောင့်ရှောက်လွတ်ပါစေ၊*

❐ *စပါးဆန်ရေအထွေထွေ ရွှေ ငွေပေါပါစေ၊*

❐ *မရှိစကား လူတို့နား မကြားရပါစေ၊*

❐ *တိုင်းပြည်မြို့ရွာ ငြိမ်းချမ်းသာ ပမာရေသို့အေးပါစေ၊*

❐ *အများလူအပေါင်း ချမ်းသာကြောင်း ဆုတောင်းမေတ္တာခြွေ၊*

❐ *သုံးဆယ့်တစ်ဘုံအလုံးစုံ အကုန်ချမ်းသာကြပါစေ၊*

❐ *ပို့သမေတ္တာအဖြာဖြာ ပြည့်ဝရပါစေ။*

(ကျွန်ုပ်ရရှိသည့်အတိုင်းရေးသား ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။)

"ကဲ - သူငယ်ချင်းတို့အနေနဲ့ အတော်အတန်တော့ မေတ္တာပို့သခြင်းကို ရပြီ၊သိပြီလို့ ပြောရမှာပဲ။ မေတ္တာကျင့်စဉ်အဓိဋ္ဌာန်အနေနဲ့ အနည်းဆုံး (၄၅) ရက်တော့ဝင်စေချင်တယ်။ ဘာလို့ဒီလိုပြောရသလဲဆိုရင် မ င်းတို့သိထားကြပြီးတဲ့အတိုင်း သုံးလောကသခင် မြတ်စွာဘုရားရှင်ဟာ (၁၀) ဘုံသားဝေနေယျများစွာတို့အတွက် (၄၅) ဝါကာလပတ်လုံး မနေမနား မေတ္တာထားပြီး ကယ်မခဲ့တဲ့ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို ကြည်ညိုတဲ့အနေနဲ့ အခု မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

# သင်္ဘောရွက်နှင့်သင်္ဘောသီးအစွမ်း

ကျွန်တော်၏လုပ်ငန်းမှာ စာရေးခြင်း၊ စာအုပ်ချုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသူဖြစ်သဖြင့် အထိုင်များသည်။ ညာဘက်လက်အား အသုံးပြုတာများပါသည်။ ဥပမာ စာအုပ်ချုပ်သည်ဆိုရာတွင် စာအုပ်အဖုံးကို သံစို့အား တူနှင့်ရိုက်ပြီး အပေါက်ဖောက်ရပါသည်။ သံစို့မှာ ငါးမူးလုံးနဖားပါရှိပြီး သံချောင်းမှာ အဖျားစူးနေအောင် သွေး၍ချွန်ထားပါသည်။ အလွယ်တကူ တူနှင့်ရိုက်ထည့်လို့ရအောင် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ သံမှာလည်း ဘားသံကို အသုံးပြုထားခြင်း ဖြစ်ပါသည်။ ရုတ်တရက်ကြည့်လျှင် အဖျားစူးပြီး နဖားကားဂျင်ပုံစံပေါက်နေပါသည်။ ထိုသံစို့နှင့် စာအုပ်ချုပ်သည့်အပ်၊ နိုင်လွန်ကြိုးများနှင့် ကျွန်တော်အလုပ်လုပ်ရပါသည်။

သို့ရာတွင် သံစို့ကို အလွယ်တကူ လက်ဖဝါးနှင့်ရိုက်သဖြင့် နှစ်ကြာလာသော် အသားမာမတက်ဘဲ အသားကြေသည့်ဒဏ်ကိုက်ခဲလာပါသည်။

တကယ်က သံနဖားစို့ကို တူနှင့်ရိုက်ရပါမည်။ ထိုသို့မဟုတ်ဘဲ လက်နှင့်အလွယ်တကူ ရိုက်သဖြင့် ဒဏ်ဖြစ်ပြီး ညာလက်မှာ ကိုက်ခဲလာပါသည်။

တစ်နေ့မှာတော့ အသိမိတ်ဆွေတစ်ဦးက အိမ်လာပြီး ပျားရည်လာတောင်း၍ ပေးရင်းက လက်ကိုက်တဲ့အကြောင်း ပြောပြသဖြင့် မိတ်ဆွေဖြစ်သူက လက်ကိုက်လျှင်လိမ်းတဲ့ဆေးနည်း ပေးသွားပါသည်။

ထိုသူပေးသည့် ဆေးနည်းက လွယ်ပါသည်။ သင်္ဘောပင်အဖိုအရွက်ကို ရေစင်စင်ဆေး၊ ငရုတ်ဆုံထဲထည့်ထောင်းပြီး အရည်ညှစ်ထားသော (သတ္တု) အရည်တွင် ဆားအနည်းငယ်ထည့်ပြီးလိမ်းပေးပါက ကိုက်ခဲနာကျင်သည့်ဝေဒနာ ပျောက်ကင်းပါသည်။ ဆေးစုံပြီး မပျောက်ပေမယ့် နောက်ဆုံးသင်္ဘောအဖိုပင်သတ္တုရည်နှင့် လိမ်းမှပျောက်ကင်းပါသည်။

သင်္ဘောရွက်၏ အစွမ်းထက်ပုံမှာ စပါးကြီးသည်းခြေနှင့် အတူတူပင်ဖြစ်ပါသည်။ ဆေးကျမ်းတစ်ခုတွင် မှတ်သားထားရပါသည်။ ထိုမျှသာမက သင်္ဘောရွက်သာမက သင်္ဘောသီးအနုသည်လည်း အစွမ်းထက်ပါသည်။ သူ့ကိုအသုံးပြုပုံမှာ ဝဲနှင်းခူကဲ့သို့ ရှိရာဖွယ်အနာကို ကုသပျောက်ကင်းပါသေးသည်။

ရှေးဦးစွာ သင်္ဘောသီးနုနု၏ ထိပ်ဝကို ဝါးနှင့်လှုပ်လိုက်ရင် အစေးတွေထွက်လာပါလိမ့်မည်။

ထိုသင်္ဘောသီးထိပ်နှင့် အနာကို ပွတ်တိုက်ပါ။ ညိုပုပ်ပုပ်သွေးများထွက်လာပါလိမ့်မည်။ ဆက်တိုက်ပေးလျှင် အရည်ကြည်များ ထွက်လာပါမည်။ ထိုသို့ ထွက်လာပါက ပွတ်တိုက်တာကိုရပ်ထားပြီး အနာကျက်ဆေးတစ်ခုခုထည့်ပေးလိုက်ပါ။ မကြာခင် အနာမှာအသားနုတက်လာပြီး အလွှားလိုက်ကွာကျလာပါမည်။ ဝဲနှင်းခူလည်း ပျောက်ကင်းသွားပါလိမ့်မည်။ သင်္ဘောသီးနုနုကပိုးမွှား၊ အဆိပ်များကို စုပ်ယူလိုက်တဲ့အထိ အစွမ်းထက်ပါကြောင်း တင်ပြအပ်ပါသည်။

ဇော်ပုံ-မျိုးသော်

ကျင့်စဉ်အဓိဋ္ဌာန်လမ်းကို (၄၅) ရက်ဝင်ဖို့ တိုက်တွန်းတာပါ။ အမှန်တော့ အဓိဋ္ဌာန်ပြီးမြောက်လို့အောင်တဲ့နောက်မှာလည်း ဆက်ပြီးသွားနေရဦးမယ့်မေတ္တာခရီးပါကွာ"

ဟု ကျွန်ုပ်မှ ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

ကျွန်ုပ်၏ သူငယ်ချင်းတို့လည်း မေတ္တာပို့များကို ကူးမှတ်ပြီးယူသွားကြပါသည်။ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) မှစပြီး အဓိဋ္ဌာန်ဝင်ကြမည်ဟု ကတိပြုပြီး အပူကင်းစွာဖြင့် ပြန်သွားကြပြီ ဖြစ်ပါသည်။

ဤနေရာတွင် ကျွန်ုပ်၏ အတွေးတစ်ခုကို တင်ပြလိုပါသည်။

မြတ်စွာဘုရားသခင်သည် သတ္တဝါများအားလုံးတို့အပေါ်၌ မေတ္တာ (မဟာကရုဏာတော်) စိတ်ဖြင့် မနေမနားချီးမြှောက်ပြီး အောင်ပွဲအလီလီရခဲ့ပါပြီ။ (သာဓက - အောင်ခြင်းရှစ်ပါး) သက်သေပြနိုင်ပါသည်။

သုံးလောကသခင် မြတ်စွာဘုရားရှင်သည် မေတ္တာထားရာတွင် မည်သူ့ကိုမျှ အပိုမရှိအလိုမရှိ တစ်ပြေးညီဖြစ်နေပါသည်။

မေတ္တာ၏ အေးမြပုံတို့ကိုလည်း အကျယ်တဝင့် ဟောပြခဲ့ပြီး ဖြစ်ပါသည်။ မေတ္တာနှလုံး အစဉ်သုံးရန်ကိုပင် တိုက်တွန်းခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူသားများ၊ သက်ရှိသတ္တဝါများအားလုံးအတွက် အောက်ဆီဂျင်ခေါ်သော လေကောင်းလေသန့်ကို အမြဲရှူရှိုက်ရမည်ဖြစ်သလို လေကောင်းလေသန့်သည် အသက်ရှည်ခြင်း၏အကြောင်းတစ်ခုဖြစ်နေသလို ဲမေတ္တာအကျိုး(၁၁)မျိုးနှင့် ထာဝရအေးချမ်းမှုရရန်အတွက် လေကောင်းလေသန့်ကို ရှူနေရသလို ကျွန်ုပ်အနေဖြင့်လည်း မေတ္တာကို ဘာဝနာဆိုက်ဖြစ်လာအောင် ကြိုးစားအားထုတ်ကြရန် အတွေးအမြင်တစ်ခုကို တင်ပြရပါတော့သည်။

ကျွန်ုပ်၏ ရေးသား တင်ပြမှုတွင် များယွင်းမှုများပါဝင်ခဲ့ပါက သာသနာ့ဝန်ထမ်း ဆရာတော်ကြီးများနှင့် ပညာရှင်များက နားလည်ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံ တင်ပြအပ်ပါသည်။

အချိန်တိုအတွင်း ခရီးရောက်အောင်သွားလိုကြသော စာချစ်သူမိတ်ဆွေများနှင့် ငယ်ရွယ်သူ ညီငယ်၊ ညီမငယ်များ လွယ်လင့်တကူ ဆောင်ရွက်နိုင်စေရန် မေတ္တာဖြင့် တင်ပြလိုက်ရပါတော့သည်။

မေတ္တာဘာဝနာဆိုက်သွားရောက်နိုင်ကြသဖြင့် လောကီနယ်တွင် လူချစ်နတ်ခင် တန်ခိုးသြဇာပြည့်ဝစွာဖြင့် ရတနာခုနစ်ပါးနှင့် သန်းပေါင်းများစွာကြွယ်ဝချမ်းသာကြပြီး ဘာသာသာသနာတော်အကျိုး သယ်ပိုးထမ်းရွက်နိုင်ကြပါစေ။


*ပညာတိုးပွား၍အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com




ဖူးတိုက်စေချင်သည့်

# ဆကေသဓာတုဝင် မဲလံဆံတော်ရှင်စေတီ နှင့် အံ့မခန်းကျောက်ပိကုမာရကဿပကိုယ်တော်ကြီး

ရွှေယဉ်ရှိန်း(စီးပွားရေးတက္ကသိုလ်)

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိသူများသည် သွားလေရာ ကုသိုလ်ကောင်းမှုပြုခွင့်ကြုံပါသည်။ သရဏဂုံသုံးပါးကို အစဉ်ပွားများပါကလည်း ကုသိုလ်တရားက စောင့်ကြိုနေပါသည်။ စာရေးသူသည်လည်း ကုသိုလ်ကောင်းမှုများအပြင် ဆကေသဓာတုဝင်စေတီနှင့် ကျောက်ပိကုမာရကဿပကိုယ်တော်ကြီးကိုဖူးခွင့်ကြုံရပြန်သည်။ ဆကေသဓာတုဝင် ကေလာသဆံတော်ရှင်နှင့်အတူ ဆံတော်ရရှိခဲ့သော မဲလံတောင်ခေါ် နာဂပဗ္ဗတတောင်မှ မဲလံရသေ့ကြီးတည်ထားခဲ့သော မဲလံဆံတော်ရှင်စေတီကို ဦးခိုက်၍ဖူးထိုက်ခဲ့ပြန်ပါသည်။

အကြောင်းတိုက်ဆိုင်မှုကလေးကို တင်ပြပါမည်။ ဇန်နဝါရီလ၊ ၂၀၁၄ ခုနှစ် သုရဋ္ဌမဂ္ဂဇင်းတွင် စာရေးသူ၏ 'မြတ်ဗုဒ္ဓကြွရောက်တော်မူရာ ကေလာသတောင်တော်မဟာ' ဆောင်းပါးလေး ဖော်ပြပါရှိပါသည်။ ပညာရွှေတောင်စာပေတိုက်မှ ပေးသော စာမူဂုဏ်ပြုငွေနှင့် လက်ဆောင်ရသော ဇန်နဝါရီ၊ ၂၀၁၄ ထုတ် သုရဋ္ဌမဂ္ဂဇင်းနှစ်အုပ်ကို ဖေဖော်ဝါရီလ၊ ၂၀၁၄ မှ ထုတ်ဖြစ်ပါသည်။ ၂-၂-၂၀၁၄ တွင် (၅၁) ကြိမ်မြောက် စီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်တွင် စာရေးသူ၏သမီးငယ် ဘွဲ့ယူခြင်းကြောင့် ဖေဖော်ဝါရီလမှ ရန်ကုန်သို့ ရောက်ခြင်းလည်း ဖြစ်ပါသည်။ သို့ရာတွင် စာရေးသူ၏ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သော ဆရာမောင်ပွင့်ဉာဏ်(မောရ)ထံမှ ငှားယူဖတ်ရှုပြီး ဖြစ်သည်။ ၃-၂-၂၀၁၄





www.burmeseclassic.com

www.burmeseclassic.com

တွင် ရန်ကုန်မှ မော်လမြိုင်သို့ ပြန်ကြသည်။ စာရေးသူအား ကေလာသတောင်တော်သို့ ဘုရားဖူးထိုက်အောင် လမ်းညွှန်ခဲ့သော ဆရာတော်လေး ဦးခန္တီစာရဖတ်ရှုရန် ဇန်နဝါရီလထုတ် သူရဿမဂ္ဂဇင်းကို လှူဒါန်းဖြစ်ခဲ့ပါသည်။ သို့ရာတွင် ရန်ကုန်-မော်လမြိုင်ကားလမ်းမှ (၉) မိုင်ဝေးသော ဆရာတော်လေး ကျောင်းထိုင်ရာ မရမ်းကုန်းရွာသို့ဝင်ရန် အချိန်မရခဲ့ပါ။ ထို့ကြောင့် ကျိုက္ကော်ရှိ မငယ်တို့အိမ်သို့သာဝင်၍ တစ်ဆင့်လှူဒါန်းပေးပါရန် ပေးအပ်ခဲ့ရပါသည်။ မငယ်တို့မိသားစုမှာ မရမ်းကုန်းရွာသို့ သွားလေ့ရှိကြ၍ လူကြုံပါးခဲ့ရခြင်း ဖြစ်သည်။

၄-၂-၂၀၁၄ ညနေ (၅)နာရီ၊ (၂၀) မိနစ်ခန့်တွင် စိတ်တွင်းမှ ဆရာတော်ထံ ဖုန်းဆက်လိုသည့်ဆန္ဒ ဖြစ်ခဲ့သည်။ ထို့ကြောင့် ဆရာတော်ဓာတ်ပုံနှင့် ကေလာသဆောင်းပါး ဖော်ပြပါရှိသော သူရဿမဂ္ဂဇင်းစာအုပ်ရရှိခြင်း ရှိ မရှိ ဖုန်းဆက်မေးမိခဲ့သည်။ ထိုအခါ သထုံမြို့တွင် နေထိုင်သော သထုံမြို့မှ လယ်ဝန်ဆရာတော်၊ ဓမ္မမေဒနီဆရာတော်နှင့် မရမ်းကုန်း၊ ဂမုန်းတွင်းကျောင်းတိုက်မှ ဆရာတော်တို့၏ ရဟန်းအမကြီးဒေါ်ကျင်ကု ကွယ်လွန်သွားကြောင်းသိခဲ့ရသည်။ အဘွားဒေါ်ကျင်ကုမှာ ညနေ (၅) နာရီ၊ (၁၀) မိနစ်တွင် ကွယ်လွန်သွားရှာသည်။ စာရေးသူတို့မိသားစုမှာ ဂမုန်းတွင်းကျောင်း၌ ကထိန်ခင်းခြင်း၊ သားများရဟန်းခံခြင်းများနှင့် အလှူအတန်း သွားရောက်သောအခါတိုင်း သထုံမြို့မှ ရွာအထိဆင်းကာ ကုသိုလ်ရေစက်ဆုံသောအဘွား ဖြစ်သည်။ အဘွား၏ခင်ပွန်း အဘိုးဦးသာဒွေးမှာ အမြဲတမ်း ပြုံးရွှင်နေတတ်ပြီး နှစ်ဖက်ဆွေမျိုးများအပေါ်လည်း စိတ်တူသဘောတူ ကူညီကြသော ဇနီးမောင်နှံ ဖြစ်သည်။ စာရေးသူတို့အားလည်း အလွန်ခင်မင်သည်။ ထို့ကြောင့် အဘွားဒေါ်ကျင်ကု ကွယ်လွန်ချိန်တွင် စာရေးသူလည်း ဖုန်းဆက်လိုစိတ်ပေါ်အောင် နတ်ကောင်းနတ်မြတ်များက တိုက်တွန်းနေခြင်းပေလားဟု တွေးမိရပါသည်။

၈ - ၂ -၂၀၁၄ နေ့တွင် အဘွားဒေါ်ကျင်ကု ဈာပနသင်္ဂြိုဟ်မည်ဟုသိရသည်။ ကွယ်လွန်ချိန် ၄-၂-၂၀၁၄ မှ ၈-၂-၂၀၁၄ ထိ ငါးရက်တိုင်တိုင် အဘိုးဦးသာဒွေးနှင့် အဘွား ဒေါ်ကျင်ကု (ကွယ် လွန်) တို့ နေထိုင်ရာ နှင်းနှင်းရိပရိဘောဂအိမ်၌ ထမင်းရည်ချောင်းစီး





စိန့်စမ်းမြိုင်ကျောင်းဝင်းမှ စေတီညီနောင်



ကျောက်တံခါးစေတီ



ကျောက်တံခါးသဘာဝကျောက်လုံးများ



www.burmeseclassic.com


www.burmeseclassic.com




အေးစေတီတည်ရာ ကျောက်လုံးကြီး (ကျုလုလုအသည်းယားဖွယ်မြင်ကွင်း)



အေးစေတီတည်ရာ ကျောက်လုံးကြီး (ကျုလုလုအသည်းယားဖွယ်မြင်ကွင်း)



တောင်ထိပ်မှ သဘာဝကျောက်လုံးကြီးများ

ကျေးမွေးကာ ရဟန်းတော်များတို နေ့စဉ်နေ့တိုင်း ဆယ်ပါး ဆွမ်းကပ်ပါ သည်။ စည်းလုံးသော သားသမီးများ ကလည်း မငြိုမငြင် လှူဒါန်းကြသည်မှာ အားကျစရာပင် ဖြစ်သည်။ ကျောင်း ဆယ်ခေါက်သွားခြင်းထက် ကုသိုလ်ပိုရ သည်ဟူသော စကားအရ စာရေးသူ လည်း အဘွားဒေါ်ကျင်ကု၏ ဈာပနသို့ ကုသိုလ်ယူရန် သထုံမြို့သို့ ရောက်ခဲ့ရ ပါသည်။ စာရေးသူတို့အားလည်း ၁၀-၂-၂၀၁၄ ရက်လည်ပြီးမှ ပြန်ရန် ဆရာတော်ဦးခန္တီစာရမှ မိန့်ကြားသဖြင့် ထိုနေ့ညတွင် သထုံမြို့နယ် ကျိုက္ကော် မရမ်းကုန်းရွာသို့ ခရီးသင့်ခဲ့ရပါတော့ သည်။

၉-၂-၂၀၁၄ တွင် မရမ်းကုန်းရွာ နှင့် ရွာစဉ်တန်းဆက်စပ်နေသော ကတိုက်လေးရွာသို့ ဆရာတော်နှင့်အတူ လိုက်ပါခွင့်ရခဲ့သည်။ ထိုရွာတွင် အသက် (၈၅) နှစ်ရှိသော အဘွားသောင်း၏ မွေးနေ့တွင် ဂမုန်းတွင်းဆရာတော်အား အရုဏ်ဆွမ်းကပ်၍ တရားဟောရန် ပင့် ထား၍ ဖြစ်သည်။ ထိုအလှူမှအပြန် တွင် စာရေးသူတို့လည်း ကတိုက်လေး ရွာရှိ ရှေးဟောင်းစေတီပုထိုးများ၊ ကျောင်းကြီးများနှင့် ရှေးလက်ရာဘုရား ခန်းနှင့် ခြသေ့်ရုပ်လုံးကြွခံ ဗီရိုကြီးများ ကို လေ့လာခွင့်ရခဲ့ပြန်ပါသည်။ ထို ကတိုက်လေးရွာ၊ ကတိုက်ကြီးရွာတို့မှာ ခံတပ်ကြီး၊ ခံတပ်လေးများကို အစွဲပြုကာ ကာလပြောင်းသော် ကတိုက်လေး၊ ကတိုက်ကြီးဟု ခေါ်ဝေါ်လာကြသည်။ ထိုစာမူကိုလည်း ဆက်လက် ရေးသား ရန် ရည်ရွယ်ပါသည်။


ဆရာတော်လေးမှ မြန်မာ့သမိုင်း နှင့် သာသနာ့ဝင်ကျမ်းများတွင် ၎င်း ဆကေသမဟာဓာတုဝင် ဆံတော်ဘုရား များအစပြုရာ သုဝဏ္ဏဘူမိမြို့ဟောင်း (ကေလာသတောင်ခြေ၊ သရက်သမရွာ) တို့နှင့် ဆက်စပ်နေသော (ယခုဘီးလင်း) ဒေသရှိ မဲလံဆံတော်ရှင်သို့ ရောက်တုန်း ရောက်ခိုက် ဦးခိုက်ပူဇော်ထိုက်စေရန် လိုက်ပို့ပေးမည်ဟု မိန့်ပါသည်။ ယခု အခါ ကျောက်ပိဘုရားဟု လူသိများနေ ကြပါသည်။

ဆရာတော်နှင့် စာရေးသူတို့ နံနက် (၁၀) နာရီ၊ (၃၀) မိနစ်ခန့်တွင် ဘီးလင်းမြို့ရှိ စိမ်းစမ်းမြိုင်ကျောင်းတိုက် သို့ ရောက်သည်။ စိမ့်စမ်းမြိုင်ဆရာတော် နှင့်အတူ ဂမုန်းတွင်းဆရာတော်လည်း နေ့ဆွမ်းဘုဉ်းပါသည်။ စာရေးသူတို့



www.burmeseclassic.com

www.burmeseclassic.com



အသုရာချောက်ကမ်းပါးထိပ်တွင် ကျအံ့မူးမူး ထူးခြားစွာတည်ရှိနေသည့် ကျိုက်ထီးရိုးလေးစေတီအား အံ့ဖွယ်ဖူးမြင်ရပုံ







ကျောက်ဗိကုမာရကဿပမထေရ် ပရိနိဗ္ဗာန်ပြုနေပုံကျောက်ရုပ်


လည်း စိမ့်စမ်းမြိုင်ကျောင်းတိုက်တွင် နေ့လယ်စာစားပြီး ခေတ္တနားကြသည်။ စိမ့်စမ်းမြိုင်ဆရာတော်မှာ အသက်(၃၉)နှစ်၊ ဝါတော် (၁၉) ဝါဖြစ်ပြီး တောရကျောင်းတွင် သာသနာပြုနေသည်။ အေးချမ်းလှသည့် ဆရာတော်ကိုလည်း ဖူးခွင့်ကြုံရပြန်ပါသည်။ ကျောင်းတိုက်ဝင်းတွင်းရှိ စေတီညီနောင်နှစ်ဆူမှာလည်း သပ္ပာယ်လှပါသည်။ ကျောင်းဝင်းကြီးမှာ တောင်ထန်းပင်၊ တညင်းပင်၊ ဒူးရင်းပင်၊ မင်းကွတ်ပင်၊ လက်ဖက်ပင်များနှင့် ညို့မှိုင်းနေသော တောအုပ်ကြီးသဖွယ်ဖြစ်ပြီး နောက်ခံတောင်တန်းကြီးကြောင့် တောရကျောင်းပီသလှပါသည်။

မဲလံဆံတော်ရှင်ဖူးမြော်ရန် ခရီးဆက်ကြရာ၌ ဦးခန္တီစာရနှင့် ခမည်းတော်၊ မယ်တော်၊ စိမ့်စမ်းမြိုင်ဆရာတော်၏ ခမည်းတော် ဦးအောင်မြင့်၊ စာရေးသူနှင့် စာရေးသူ၏ညီမတို့ ပါဝင်ကြသည်။ ဘီးလင်းမြို့မှ မြောက်ဘက် (၁၄) မိုင်၊ (၅) ဖာလုံခရီးအကွာတွင် မဲလံဆံတော်ရှင်ကားလမ်းအစ မုခ်ဦးကြီးကို ခံ့ထည်စွာ တွေ့မြင်ရသည်။ လာရာလမ်းခရီးတွင် ရေဇလုတ်ကျေးရွာ၊ ကဇိုင်းကျေးရွာ၊ ကျားကွင်းကျောင်း၊ နတ်ခြားကျေးရွာအဝင်လမ်း၊ ရင်းအုံကျေးရွာတို့ကို တွေ့ခဲ့ရသည်။ အမှတ် (၃) ခြေမြန်တပ်ရင်း၊ တပ်မ (၄၄) အနီးတွင် ဆကေသ မဟာဓာတုဝင် ကုသိနာရုံ ဆံတော်ရှင် အဝင်လမ်းကိုလည်း



www.burmeseclassic.com


www.burmeseclassic.com




စာရေးသူနှင့် လိုက်ပါပို့ဆောင်သော ဂမုန်းတွင်းဆရာတော်

ကြည်ညိုစွာ တွေ့ခဲ့ရပါသည်။ မဲလံဆံတော်ရှင်သို့ ခရီးဆက်ရာလမ်းမှာ ယခင်က ကာလကြာစွာ ကွယ်ပျောက်နေခဲ့သည်။ မဲလံဆံတော်ရှင် ဇေတစာရီမှုတင်ဆောက်တည်ရာ နာဂဝဏ္ဏတတောင်မှာ လူသူကင်းဝေး လူသွားလူလာခဲယဉ်းကာ သားရဲတို့ထူပြောသော တောကြီးမျက်မည်းတောင်ထွတ်တောင်တလပ်၌ တည်ရှိသဖြင့် လူသိနည်းခဲ့သည်။ ဖူးမြော်သူများကင်းခဲ့ကာ တောချုံနွယ်တို့အလယ်၌ ပျောက်ကွယ်နေခဲ့ပါသည်။

သို့ရာတွင် ဘီးလင်း-ဖာပွန်လမ်းကို ဘီးလင်းချောင်းနှင့်မြောင်လျက် ဆံတော်တောင်ခြေရင်းမှ ဖြတ်သန်းဖောက်လုပ်ရာမှစ၍ သာသနာတော်လင်းလက်လာခဲ့သည်။ မဲလံဆံတော်ရှင်ဘုရားသို့ မြိုင်ကြီးငူဆရာတော်ဘုရား ရောက်ရှိသာသနာပြုလာသောအခါတွင် အုံ့ဩလောက်အောင် အံ့မခန်း သာသနာစည်ပင်လင်းလက်လာခဲ့သည်။ ဗုဒ္ဓမြတ်စွာ ဆံတော်ကိန်းဝပ်ရာ အမှန်ဖြစ်သည်နှင့် အညီ အချိန်အခါကျရောက်သောအခါ ပြန်လည်ပွင့်လင်းလာရစမြဲပင် ဖြစ်သည်။ ယခုအခါ နယ်မြေများလည်း အေးချမ်းလာသဖြင့် ဘုရားဖူးကားများလည်း အထူးစည်ကားလှသည်။ မုခ်ဦး၏မျက်နှာချင်းဆိုင်တွင် ထမင်းဆိုင်၊ အအေးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားဖွယ်အမျိုးမျိုးဆိုင်များသာမက ရိုးရာအထည်ဆိုင်၊ စတိုးဆိုင်၊ ဦးထုပ်မျိုးစုံအရောင်းဆိုင်များနှင့် အထူးစည်ကားလှသည်။ မွန်ပြည်နယ်မှ တန်ခိုးကြီးကျိုက်ထီးရိုးဆံတော်



မဲလံဆံတော်ရှင်မုခ်ဦးနှင့် တောင်တက်ကားလမ်း



စာရေးသူတို့အား လိုက်ပါပို့ဆောင်သောအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းတွင်းဆရာတော် ဦးခန္တီတရနှင့် စိမ့်စမ်းမြိုင်ဆရာတော် ဦးဥတ္တမ



လူလျှောက်လမ်းလေးအဆုံးမှ တောင်တက်လှေကားလေး



ကားဂိတ်အဆုံးမှလျှောက်လမ်းကလေးတွင် စာရေးသူအမှတ်တရ




တောင်တက်လှေကားတွင် အမှတ်တရ

ရှင်ဘုရားဖူးခရီးစဉ်နည်းတူခံစားရသော ခရီးစဉ်ပင် ဖြစ်ပေသည်။ မဲလံဆံတော်ရှင်စေတီရှိရာ တောင်ပေါ်သို့ ဘုရားဖူးပို့ဆောင်ရေး တောင်တက်ကားဂိတ်မှ ကားများဖြင့်သာ တက်ခွင့်ပြုခဲ့ပါသည်။ တစ်ဦးလျှင် (၅၀၀) ကျပ် ကောက်ခံပါသည်။ တောင်တက်ကားလမ်းမှာ တောင်းမွန်လှသော ကွန်ကရစ်လမ်းဖြစ်ပါသည်။ မူလက ဆံတော်စေတီသို့ တက်ရာနတ်လမ်းမှာ သဘာဝမြေလှေကားများဖြစ်ပြီး နှစ်ပရိစ္ဆေဒကြာလာသော် ရေတိုက်စားမှုကြောင့် မြေသားတို့ ပဲ့ကျပျက်စီးကာ ဘုရားဖူးတို့မှာ တောင်ထွတ်သို့ ခက်ခဲပင်ပန်းစွာ တက်ကြရသည်။ မြောက်ဘက်နတ်လမ်းမှာ ဂဝံကျောက်ဖြင့် လှေကားယာစ်များ ပြုလုပ်ထားကြသည်။


ဆရာတော်များ၏ ဦးဆောင်မှုဖြင့် ကိုယ့်ထမင်းထုပ်နှင့်ကိုယ်ထူကိုယ်ထလမ်းများပြင်ခြင်း၊ လမ်းများဖောက်လုပ်ခဲ့ကြသော လယ်စော့လော့ရွာ၊ မဲနဝေါင်းရွာ၊ မဲလံရွာ၊ မဲလံရန်မြေရွာ၊ မဲလံဖားဂဒူးရွာ၊ မဲလံအရှေ့ရွာ၊ မဲလံကျောင်းရွာတို့မှ ကရင်တိုင်းရင်းသားများ၏ ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်မှုကလည်း သမိုင်းတင်လောက်ပေသည်။ သာသနာ့အာဇာနည်စိတ်များကိုလည်း အထူးလေးစားမိပါသည်။ မဲလံဆံတော်စေတီ တောင်တက်ကွန်ကရစ်လမ်းမှာ ခရီးရှည် (၂) မိုင်သာ ကွာဝေးပါသည်။ သို့သော် ရှုခင်းများက အထူးသာယာပါသည်။ ကားလမ်းအဆုံးတွင် လျှောက် (မုခ်ဦးခေတ်ပုံ) လမ်းကလေးက တောင်တက်လှေကားနှင့် မဝေးလှပါ။ တောင်တက်လှေကားကို ကြွေပြားများအပြည့်ခင်းကာ ဘေးနှစ်ဖက်တွင် နဂါးရုပ်များဖြင့် ပုံဖော်ထားသည်။ လှမ်းမြင်နေရသော လှေကားလေးအဆုံးတွင် မဲလံဆံတော်ရှင်ရင်ပြင်တော်သို့ရောက်ပြီ ဖြစ်သည်။ တောင်ထွတ်တောင်ထိပ်တွင် ထူးဆန်းထွေပြား အံ့ဖွယ်ရာ ကျောက်တုံးကြီးများစွာကိုတွေ့ရသည်။ ကျောက်တုံးများကြားမှပင် လမ်းကလေးများရှာရသည်မှာ ပျော်စရာအလွန်ကောင်းလှပါသည်။

မဲထီးဆရာတော်၏ ထေရဝါဒသာသနာတော်အလင်းဖြစ်သည့် ဒီပနီကျမ်းတွင် မောဂ္ဂလိပုတ္တတိဿထေရ်၏ တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာန သာသနာပြုစေလွှတ်တော်မူပုံနှင့် တတိယသင်္ဂါယနာတင်ပြီးနောက်သော

www.burmeseclassic.com



မဲလံဆံတော်ရှင်တောင်ထိပ်မှမြင်ရသော ဘီးလင်းချောင်းနှင့် လယ်ဆောလောရွာအလှ



တောင်ထိပ်မှမြင်ရသော ဘီးလင်းချောင်းနှင့် သဘာဝပန်းချီကားချပ်

ဆရာတော် (၂၃၅) ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ -

၁။ ဆရာတော် မဇ္ဈန္တိကထေရ်ကို ကသ္မီရဂန္ဓရတိုင်း (အာဖဂန်နစ္စတန်၊ ပါကစ္စတန်)၊

၂။ ဆရာတော် မဟာဒေဝတထေရ်ကို မဟိံသကတိုင်း (အိန္ဒိယနိုင်ငံမိုင်ဆိုးနယ်)၊

၃။ ဆရာတော် ရက္ခိတထေရ်ကို ဝနဝါသီသီအရပ် (အိန္ဒိယနိုင်ငံတောင်ပိုင်း မယ်လဘာ)၊

၄။ ဆရာတော် ယောနကဓမ္မရက္ခိတထေရ်ကို အပရန္တတိုင်း (အိန္ဒိယနိုင်ငံ ဂူဂျရက်ပြည်နယ်)၊

၅။ ဆရာတော် မဟာဓမ္မရက္ခိတထေရ်ကို မဟာရဋ္ဌတိုင်း (အိန္ဒိယနိုင်ငံ မဟာရာရှထရာပြည်နယ်)၊

၆။ ဆရာတော်မဟာရက္ခိတထေရ်ကို ယောနကမည်သောပြည် (ဂရိ၊ တူရကီ၊ တောင်ပိုင်းရုရှား)၊

၇။ ဆရာတော် မဇ္ဈိမထေရ်ကို ဟိမဝန္တာအရပ် (ခိုတန်၊ ယရေကာ၊ တိဗက်၊ ဘူတန်နှင့် တရုတ်ပြည်)၊

၈။ ဆရာတော်သောဏထေရ်၊ ဥတ္တရထေရ်ကို သုဝဏ္ဏဘူမိ သထုံပြည် (ရာမညဒေသ)

၉။ ဆရာတော်၏ အတူနေတပည့်ဖြစ်သော မဟိန္ဒထေရ်နှင့်တကွ ဣဋ္ဌိယမထေရ်၊ ဥတ္တိယထေရ်၊ သမ္ဗလထေရ်၊ ဘဒ္ဒသာလထေရ်ကို သီဟိုဠ်ကျွန်း (တန်မွပဏ္ဏိ-သီရိလင်္ကာနိုင်ငံများ)

တို့သို့ သာသနာပြုစေလွှတ်တော်မူခဲ့သည်ဟု ရေးသားထားသည်ကိုလည်း စာဖတ်သူများအား ဗဟုသုတရရန် ရှာဖွေ တင်ပြအပ်ပါသည်။ ရာမညဒေသဆိုသည်မှာ ယခု ဘီးလင်းနယ် ဖြစ်ပါသည်။

ထိုသုဝဏ္ဏဘူမိ သထုံပြည်မှာ ရှင်ဝဝံပတိ၏ လျှောက်ထားချက်အရ မြတ်ဗုဒ္ဓ (၈) ဝါမြောက်တွင် ကြွလာစဉ်က ကေလာသတောင်နှင့် တောင်ခြေ တောင်ကြီးကျေးရွာ၊ အယက်သမရွာနှင့် ဝင်းကရွာတို့ဖြစ်ကြောင်း လေ့လာတင်ပြပါသည်။ တွင်းဆင်းလေ့လာချက်အရ ဝင်းကရွာအနီးတွင် မြို့ရိုးဟောင်း၊ ကျုံးဟောင်းများကို အသစ်တွေ့ရှိရသည်။ ဝင်းက (သုဝဏ္ဏဘူမိ) မြို့ရိုး ပြည့်နှက်နေသော ရှေးဟောင်းကုန်းနေရာဖြစ်သည်ဟုလည်း လေ့လာ တင်ပြပါသည်။ ပဲခူးကလျာဏီသိမ်ကျောက်စာတွင်မူ ကေလာသတောင်ခြေမှ တို့ဏ္ဏ



www.burmeseclassic.com

www.burmeseclassic.com

လားမြို့ဟောင်းကို ရွှေသုဝဏ္ဏဘုမ္မိမြို့ဟောင်းဟု ညွှန်ပြထားသည်။ သုဝဏ္ဏဟုသည်မှာ ရွှေဖြစ်၍ ဘုမိ ဟုသည်မှာ မြေ ဖြစ်သည်။ ထို့ကြောင့် သုဝဏ္ဏဘုမိဟုသည်မှာ ရွှေမြေ (ရွှေများထွက်ရှိရာမြေ) ဟု အဓိပ္ပာယ်ရသည်။ ကေလာသဆံတော်ရှင်တည်ရှိရာနှင့် မဲလံဆံတော်ရှင်၊ ကုသိနာရုံဆံတော်ရှင်တည်ရှိရာ ယခု ဘီးလင်းနယ်မှာ ရွှေများထွက်ရှိရာမြေများ ဖြစ်ကြောင်းကို ဘီးလင်းမြို့နယ်ရှိ ရွှေတွင်းဟောင်းများက သက်သေထူနေပါသည်။ ဘီးလင်းမြို့နယ်အတွင်းရှိ တရိုင်းရွာ၊ ဘုရားဆိပ်ရွာ၊ အဟုံးဝရွာ၊ ကျားတွင်းရွာ၊ ရင်းအုံရွာ၊ မဲလံရွာ၊ ရွှေသောင်းအင်းရွာ၊ မြင်သာရွာ၊ ညောင်တွဲလွဲရွာ၊ ကွီထော်လော်ရွာ၊ သစ်ခေါင်းချောင်းရွာ၊ ဝင်းမောင်းရွာ၊ လောစောလောရွာ(လယ်စောလော)၊ ဝင်းကတိုက်ရွာနှင့် ဗိုလ်တေဇရွာတို့၌ ရွှေတွင်းဟောင်းများစွာ တွေ့ရသည်ဟု အခိုင်အမာ သိရသည်ဟုလည်း လေ့လာတင်ပြပါသည်။ ထို့ကြောင့် ရွှေမြေများတွင် တည်ထားသော ရွှေစေတီများဖြစ်ပေသည်။

ထို့ကြောင့် မြတ်ဗုဒ္ဓကြွရောက်ရာမှ သဓိဝဆံတော်များနှင့် တည်ထားရာ ဆကေသ မဟာဓာတုဝင် စေတီတော်များမှာ သာသနာထွန်းလင်းရာအခါနှင့် ကြုံခိုက်အောင် ဖူးလိုက်ကြစေချင်သော စေတနာဖြင့် လေလာရေးသားပါသည်။ မြတ်ဗုဒ္ဓကြွရောက်ရာဒေသ ကိုးတိုင်းကိုးဌာနတွင် အရှင်သောဏ၊ အရှင်ဥတ္တရမထေရ်တို့ သာသနာပြုကြွရောက်ခဲ့ရာနေရာလည်းဖြစ်၍ ထေရဝါဒအမြစ်တွယ်ခဲ့ရာ သာသနာပြုဒေသလည်း ဖြစ်သည်။ ဘုရားဖူးသူတို့ ကုသိုလ်ထူးကြမည်မှာ အမှန်ပင် ဖြစ်သည်။

မဲလံဆံတော်ရှင်မှာ တောကြီးခေါင်ခေါင် တောင်ထိပ်တွင်ရှိပြီး နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေသော်လည်း မြတ်ဗုဒ္ဓကိုယ်တော်တိုင် သဓိဝဆံတော် (၆) ဆူပေးသနားခဲ့ရာတွင်-


၁။ ဒိုးကမော့ခတွဲဝလိုင်ခေါ် ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏရသေ့၊
၂။ ဗန္ဓုဝဂီရိခေါ် ဇွဲကပင်တောင်နေ သီဟရသေ့၊
၃။ ဂစ္ဆသီရိခေါ် ဇင်းကျိုက်တောင်နေ တိဿရသေ့၊
၄။ ဒိုးခရွန်ခေါ် ကေလာသတောင်နေ တိလရသေ့၊
၅။ ဒိုးကုသိနရုံခေါ် သီရိပဗ္ဗတကုသိနာရုံတောင်နေ ဒိဗ္ဗစက္ခုဘလရသေ့၊
၆။ နာဂပဗ္ဗတခေါ် မဲလံရသေ့

တို့သည် ဝေးသီခေါင်ဖျားတောတောင်များတွင် တရားအားထုတ်ကာ လောကီစျာန်အဘိညာဉ်ကို ရကြပြီး မြတ်ဗုဒ္ဓ၏ တရားမြတ်ကို အထူးနာကာ မြတ်ဗုဒ္ဓဆံတော်ကို ဦးခေါင်းထက်တွင် ပူဇော်ခွင့်ရခဲ့ကြသူများ ဖြစ်ကြသည်ဟု စေတီသမိုင်း၌ ဖော်ပြပါသည်။

မဲလံရသေ့ကြီးသည် မိမိမကွယ်လွန်မီ နာဂပဗ္ဗတတောင်စွန်း၌ ကျောက်လုံးကြီးသုံးလုံးဆင့်လျက် ချောက်ကမ်းပါးစွန်းတွင် ထူးခြားစွာတည်နေသော အပေါ်ဆုံးကျောက်တွင် ဗုဒ္ဓမြတ်စွာ ဆံတော်ကို ထည့်သွင်း ဌာပနာခြင်းပြုကာ စေတီတည်ခဲ့သည်။ စေတီနှင့် ကျောက်တုံးကြီးများ အဆင့်ဆင့်တည်နေပုံမှာ သည်းထိတ်ရင်ဖို အံ့ဩဖွယ်ကောင်းလှသည်။ အောက်ခြေကျောက်လုံးကြီးမှာ အမြင့် (၃. ၅) ပေ၊ ဖြတ် (၁၂) ပေနှင့် အရှည် (၃၂) ပေခန့် ရှိသည်။ ယင်းအပေါ်၌ အမြင့် (၈) ပေခွဲ၊ လုံးပတ် (၉၅) ပေရှိ ကျောက်တုံးကြီးက တောင်စောင်းတွင် မေးတင်လျက်ရှိသည်။ အထက်ပစ္စယံ ကျောက်တုံးကြီးမှာမူ အမြင့် (၁၀)ပေ၊ လုံးပတ် (၄၄)ပေရှိကာ ဒုတိယကျောက်တုံးကြီး၏ အနောက်ဘက်စွန်းစွန်း၌ တည်နေသည်။ ဘုရားဉာဏ်တော်သည် အောက်ခြေကျောက်ခုံတုံးမှ စိန်ဖူးတော်အထိ သံတောင်အားဖြင့် (၂၈) တောင် ရှိသည်။ မဟာသက္ကရာဇ် ၁၁၉ ခုနှစ်က မဲလံရသေ့ကြီးက သိကြားမင်း၏ အကူအညီဖြင့် တည်ခဲ့ခြင်းဖြစ်၍ စေတီတော်သက်တမ်းသည် နှစ်ပေါင်း (၂၆၀၀) နီးပါးရှိပေပြီဟု မဲလံဆံတော်ရှင်စေတီတော်မြတ်ကြီးသမိုင်းစာအုပ်၌ ဖော်ပြထားပါသည်။

တောင်ထိပ်တစ်ကြောတွင် သီးပင်ပန်းပင်များ စိမ်းစိုလန်းဆန်းကာ အင်ကြင်းပန်း၊ ကံ့ကော်ပန်းတို့ ရနံ့ကြိုင်လှသည်။ တစ်တောလုံးတွင် ဒူးရင်း၊ မင်းကွတ်၊ သရက်၊ ပိန္နဲ၊ မရန်း၊ သံပရာ၊ တညင်းနှင့် တောင်ထန်းပင်တို့နှင့် အုပ်ဆိုင်းကာ လေညင်းကလည်း အေးလှသည်။ ကျောက်ပြားကြီး၊ ကျောက်လုံးကြီးများ၊ ကျောက်စိုင်ကျောက်စွန်းများ၏ တည်နေပုံမှာလည်း တစ်လုံးပေါ်တစ်လုံးထပ်ကာ အံ့ဖွယ်တွေ့မြင်ရမှုကလည်း သဘာဝအလှဖန်တီးမှုကို ဩကာသလောကတွင် အောချလောက်အောင်တွေ့ရပါမည်။ တောင်စွန်းတွင် မေးတင်လျက် ကျလုလုကျောက်တုံးကြီးပေါ်၌ တည်ထားသော ကျိုက်ထီးရိုးလေးစေတီတော်ကို ဖူးကြရပါသည်။

ကျောက်တုံးကြီးကျောက်ဆောင်ကြီးပေါ်တွင် ထိုလိုသည်ဆိုကာမျှသာ လျှောကျလုလု ကျောက်ကြီးပေါ်၌တည်ထားသော အေးစေတီမှာလည်း ရင်သပ်ရှုမော အံ့ဩလောက်စရာပင်။ ကျောက်တုံးကြီးနှစ်ခုပေါ်တွင် ကျောက်ပေါင်းမိုးကြီးသဖွယ် အုပ်မိုးထားသည်ကလည်း ဆံတော်တောင် အဝင်မုခ်ဦးသဖွယ် ဖြစ်နေသည်က လူတို့မစွမ်းဆောင်နိုင်သော ကြောင့် နတ်တို့ ဖန်ဆင်းထားသည့်



စာရေးသူနှင့် မဲလံဆံတော်ရှင်စေတီမုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

အလားထင်ရသည်။ ကျောက်တံခါးကြီး သဖွယ်ဖြစ်ကာ ယင်းအပေါ်၌ ကျောက်တံခါးစေတီကို တည်ထားပါသည်။ ထို့ပြင် ၁၂၅၉ ခုနှစ်ကတည်းက လှူဒါန်းထားသော နှစ်ပေါင်း (၁၁၆) နှစ်ရှိပြီဖြစ်သည့် ကြေးပိဿာ (၁၁၀) ရှိသော ကြေးခေါင်းလောင်းကြီးလည်းရှိပါသည်။

ပိုမိုထူးခြားစွာဖူးတွေ့ရမည့်နေရာကား နိပါတ်တော်လာ အရှင်ကုမာရကဿပကိုယ်တော်ကြီး ပရိနိဗ္ဗာန်ပြုနေသည့် ပုံတော်ပင် ဖြစ်သည်။ ဆံတော်ဘုရားတောင်တော်မှ ကိုက် (၁၄၀) အကွာတွင်ရှိပါသည်။ မဲလံဆံတော်စေတီအား ဦးခေါင်းတော်ပြုလျက် တောင်ဘက်သို့ ခြေဆင်းနေသည့် (၁၂) တောင်ခန့်ရှိသော ကျောက်သားပရိနိဗ္ဗာန်ပြုပုံတော် ဖြစ်သည်။ နိပါတ်တော်လာ ကုမာရကဿပမထေရ်မြတ်ကြီးမှာ ကျောက်ပြားကြီးနှင့် ဖိထားသည်ကို အံ့သြစွာ ဖူးခွင့်ရခဲ့ပါသည်။ သမိုင်းစာအုပ်အရ ဝိပါက်ဝဋ်ကြွေးကြောင့် ကျောက်ပိကာ ပရိနိဗ္ဗာန်စံဝင်ရသည်ဟု ဖော်ပြသည်။ စာရေးသူတို့ကို ဆရာတော်ဦးခန္တီစာရနှင့်အတူ ဘုရားဖူးပို့ဆောင်လိုက်ပါခဲ့သော စိမ့်စမ်းမြိုင်ဆရာတော်၏ခမည်းတော်ဦးအောင်မြင့်က -

"ကျွန်တော်က ဘီးလင်းဇာတိပါပဲ။ ဤတောဤတောင် ဤဒေသမှာ ငယ်စဉ်ကတည်းက ထင်းခုတ်၊ ဝါးခုတ်၊ တောင်ထန်းခုတ်ဖို့ အမြဲသွားလာနေကျတောတောင်များဖြစ်ပါတယ်။ ကုမာရကဿပမထေရ်ကို ကျောက်တုံးကြီးနဲ့ပိနေကြောင်း လူကြီးများပြောကြတာကို ကြားသိရပါတယ်။ လူကြီးတွေပြလို့ ငယ်စဉ်ကတည်းက တွေ့ဖူးခဲ့ပါတယ်။ မှတ်မှတ်ရရ ဦးလေး (၁၃) နှစ်သားအရွယ်လောက်က မျက်နှာတော်ဟာ နဖူးတော်၊ မျက်လုံးတော်၊ နှာခေါင်း၊ ပါးစပ်အရှေ့ပိုင်းမျှသာ ပေါ်နေပြီး ကျန်ရုပ်ကလပ်တစ်ခုလုံးက ကျောက်အတွင်း နစ်မြုပ်နေပြီး အပေါ်ကပိနေတဲ့ကျောက်တုံးကျောက်ပြားကြီးဟာ ရုပ်ကလာပ်နဲ့ထိပြီး ပိနေတယ်"

ဟု ရိုးသားစွာ ပြောပါသည်။ ကိုယ်လုံးတော်ကို လုံးဝတွေ့ရှိခြင်း မရှိခဲ့ကြပါဟု ပြောပြပါသည်။

မဲလံဆံတော်ရှင်တည်ရှိရာတောင်တော်မှာ ယခင်က နယ်မြေမအေးချမ်း၍ မရောက်သည်မှာ ကြာပြီဖြစ်ပါသည်။ ယခုအခါ နယ်မြေအေးချမ်း၍ မဲလံဆံတော်ရှင်၏ သာသနာရောင်ဝါပြန်လည်ထွန်းလင်းလာသောအခါ ဧည့်သည်များ တိုပို့ရင်း ပြန်လည်ရောက်ခဲ့ပါသည်။ ယခု အသက် (၆၀) ကျော်ပြီဖြစ်၍ ကားလမ်းနှင့်တက်ပါသည်။ ယခုဖူးတွေ့ရသော ကုမာရကဿပမထေရ်မြတ်ကြီးမှာ မျက်နှာတော်၊ ဦးခေါင်းတော်၊ လက်တော်၊ ကိုယ်လုံးတော်အားလုံးသာမက ကိုယ်လုံးတော်အောက်ဆုံးပိုင်းအထိ (ခြေဖျားလေးမပေါ်) အားလုံး ဖူးတွေ့ရ၍ အလွန်ပင်အံ့သြရပါကြောင်း ပြောပြပါသည်။

စာရေးသူတို့နှင့်အတူ ကုမာရကဿပမထေရ်မြတ်ကြီးကို ဖူးနေသော ပရိသတ်အတွင်းမှတစ်ဦးက ယခင်တစ်ခေါက်ရောက်တုန်းက ကိုယ်လုံးတော်အောက်ပိုင်းမှာ ကျောက်နှင့်ပိနေ၍ အလင်းရောင်မတွေ့ရကြောင်း၊ မည်းမှောင်နေကြောင်း ပြောပါသည်။ ယခုတစ်ခေါက်အလာတွင် ဦးခေါင်းတော်မှ ဖူးပါက ခြေထောက်အဆုံးနေရာတွင် အလင်းရောင်ဝင်နေပြီဖြစ်၍ တစ်ကိုယ်လုံးကို ထင်ရှားစွာ တွေ့ရပြီဖြစ်သဖြင့် အလွန် အံ့သြကြောင်း ပြောသည်။

မဂ္ဂဇင်းစာဖတ်သူများကိုလည်း အောက်မြန်မာပြည် မွန်ပြည်နယ်ရွှေမြေ ဘီးလင်းမြို့မှ သဗ္ဗဝဝင်ရွှေစေတီ မဲလံဆံတော်ရှင်နှင့် ထူးဆန်းအံ့သြဖွယ်များကို ဖူးတွေ့စေလိုလှပါသည်။ တောင်ထိပ်ရှိ ကျောက်လုံးကြီးများ ထူးဆန်းစွာ တည်ရှိနေကြပုံများကို မြင်တွေ့စေလိုပါသည်။

တောင်ပေါ်မှကြည့်လျှင် ဘီးလင်းချောင်းနှင့် တစ်ဖက်ကမ်းမှ လောစော့လောရွာဝိုင်းကလေးကို တွေ့ရသည်။ ရွှေတွင်းဟောင်းများစွာရှိသော ရွာလေးကို မှန်းကြည့်မိရပါသည်။ တောင်ပေါ်မှကြည့်လေရာ အရပ်လေးမျက်နှာသည် ကမ္ဘာ့အံ့ဖွယ် ပန်းချီကားချပ်များသဖွယ်ပင်။ ဘီးလင်းချောင်းကြီးကလည်း လှပစွာ စီးဆင်းနေပြီး ရွာစဉ်ရွာဝိုင်းလေးများစွာတို့တွင် မြေကြီးမှ ရွှေသီးနေသော သုဝဏ္ဏဘူမိ သာသနာ့ရွှေမြေကို မျှော်ကြည့်နိုင်ပါကြောင်း စေတနာရေကြည်လောင်းကာ ဆံတော်ဖူးကြွရောက်ကြပါရန် မွန်ပြည်နယ်မှ ဖိတ်ခေါ်အပ်ပါသည်။ မဲလံဆံတော်ရှင်စေတီသည် နှစ်ပေါင်း (၂၅၀၀)ကျော် (၂၆၀၀) နီးပါးကတည်းကကိုးကွယ်လာသော ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ် ဖြစ်ပါသည်။ မြိုင်ကြီးငူဆရာတော်ကြီး ကြွရောက်သာသနာပြုခိုန်မှစ၍ မဲလံဆံတော်ရှင်စေတီတည်ရာဌာနကို သတ်သတ်လွတ်ဘေးမဲ့သာသနာ့နယ်မြေအဖြစ် သတ်မှတ်ခဲ့သည်။ ဘီးလင်းမြို့ မြောက်ဘက်ခြမ်းတွင် ထင်ရှားသော ဤမဲလံဆံတော်ရှင်စေတီတစ်ဆူသာရှိ၍ တောကြားတောင်ကြား ဒေသခံများ၊ ရွာများအားလုံး အလေးထား ကိုးကွယ်ရာ စေတီတစ်ဆူလည်း ဖြစ်ပါသည်။ မဲလံဆံတော်ရှင်ဘုရားပွဲတော်တွင် ပဌာန်းပူဇော်ပွဲကို တပေါင်းလဆန်း ၅ ရက်နေ့မှစ၍ (၉) ရက်တိုင်တိုင် မဲလံဆံတော်စေတီတည်ရှိရာတောင်ပေါ်၌ ကျင်းပပါသည်။ ကုသိုလ်ပြုလိုသူများ တောင်ပေါ်တွင် အေးချမ်းစွာ ကုသိုလ်ပြုနိုင်ကြပါသည်။

ဗုဒ္ဓပူဇနိယတပေါင်းပွဲ၏ ပျော်ပွဲရွှင်ပွဲများကိုမူ ဘုရားတောင်ခြေ ဘီးလင်းချောင်းဘေး လယ်စောလော့ရွာသောင်ပြင်တွင် ဇာတ်ပွဲများဖြင့် စည်ကားစွာ ကျင်းပပါသည်။ ပွဲငတ်နေကြသော မဲလံတောင်ခြေ ရွာသူရွာသားများအတွက် ဒီကေဘီအေယဉ်ကျေးမှုအဖွဲ့၏ 'စုံနံ့သာရွှေမြို့တော်ယဉ်ကျေးမှုအဖွဲ့' ကလည်း နှစ်စဉ် ကပြဖျော်ဖြေခဲ့ပါသည်။ ရှေးက မရောက်မပေါက်ဘူးကြပါသော်လည်း ယခုအခါ ပဌာန်းဆက်ရှိရာ ပါရမီရှင်များ ထူးကဲစွာ လာရောက် ကုသိုလ်ပြုနေကြပြီ ဖြစ်သည်။ ကုသိုလ်လည်းယူ ပျော်လိုမူက မဲလံဆံတော်ရှင် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်သို့ ကြွရောက်နိုင်ကြရန် ကုသိုလ်ပြုစာရေးပါသည်။ မဲလံဆံတော်ရှင်စေတီနှင့် ကျောက်ပိကုမာရကဿပ ကိုယ်တော်ကြီးဆီသို့ ခွေ၊ မိုး၊ ဆောင်း ရာသီမရွေး အလွယ်တကူ သွားရောက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေယာဉ်လှိုင်း
(စီးပွားရေးတက္ကသိုလ်)

**မှီငြမ်း -**

၁။ ဓာတုဝင်ဆံတော်ရှင်များသမိုင်း ကျောက်စာ (ကျိုက်ထီးဆောင်း)
၂။ မဲလံဆံတော်ရှင် စေတီတော်မြတ် သမိုင်း (မောင်စေတနာ)
၃။ သုဝဏ္ဏဘူမိ စာတမ်းပေါင်းချုပ် (မော်လမြိုင်တက္ကသိုလ်ဘူမိပထမအကြိမ်)
၄။ ဒေသခံများ၏ပြောပြချက်
၅။ ကိုယ်တိုင်တွေ့မြင်လေ့လာခြင်း



www.burmeseclassic.com

www.burmeseclassic.com

သရဏဂုံတန်ခိုးကို ဖော်ပြပြီးခဲ့ပါပြီ။ ယခု 'ငါးပါးသီလအကျိုး' ကို ဆက်လက် ဖော်ပြပါဦးမည်။

သီလသည် 'တရားရတနာ' တွင် ပါဝင်ပါသည်။ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အနှစ်ချုပ်လိုက်သော် 'မဂ္ဂင်ရှစ်ပါး' ရကြောင်း ယခင်အပတ်က ဖော်ပြခဲ့ပါသည်။ ထိုမဂ္ဂင်ရှစ်ပါးကို အစုခွဲသော် 'သုံးစု' ရပါသည်။ ၎င်းတို့မှာ (၁) သီလမဂ္ဂင်၊ (၂) သမာဓိမဂ္ဂင်၊ (၃) ပညာမဂ္ဂင် ဟူ၍ ဖြစ်ပါသည်။ သီလမဂ္ဂင်သည် သံသရာမှ လွတ်မြောက်ကြောင်း တစ်ခုတည်းသောအကျင့်ဖြစ်သည့် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်၏ အခြေခံတရား ဖြစ်ပါသည်။

# ချောင်းဆိုအုန်းသွင်

## ငါးပါးသီလအကျိုး





www.burmeseclassic.com

www.burmeseclassic.com

သီလဖြင့် နိဗ္ဗာန်မရောက် ဟူ၍ အဖျားဆွတ်ပြောသံကိုလည်း ကြားရတတ်ပါသည်။ ဤစကားအတွက် သီလမရှိဘဲ နိဗ္ဗာန်မရောက်ဟူ၍သာပြန်ပြောရပါမည်။

မဂ္ဂင်ရှစ်ပါးတွင် 'သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ' တည်းဟူသော မှန်စွာပြောခြင်း၊ မှန်စွာလုပ်ခြင်း၊ မှန်စွာအသက်မွေးခြင်းသုံးပါးသည် သီလမဂ္ဂင်ဖြစ်ပါသည်။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မှန်စွာအားထုတ်ခြင်း၊ မှန်စွာသတိရှိခြင်း၊ မှန်စွာတည်ကြည်ခြင်းသည် သမာဓိမဂ္ဂင်ဖြစ်ပြီး သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ တည်းဟူသော မှန်စွာမြင်ခြင်း၊ မှန်စွာကြံစည်ခြင်းတို့သည် ပညာမဂ္ဂင် ဖြစ်ပါသည်။

သီလမဂ္ဂင်သုံးပါးကို အခြေပြုရပါသည်။ သီလမဂ္ဂင်သုံးပါးတွင် ဝစီဒုစရိုက်လေးပါး၊ ကာယဒုစရိုက်သုံးပါးနှင့် ယုတ်မာမှားယွင်းသော အသက်မွေးမှုတို့ ပါဝင်ပါသည်။ ဝစီဒုစရိုက်လေးပါးမှာ (၁) မဟုတ်မမှန်ပြောဆိုခြင်း၊ (၂) ကြမ်းတမ်းသောစကား (ဆဲရေးတိုင်းထွာ) ကို ပြောဆိုခြင်း၊ (၃) ကုန်းချောစကား (ကုန်းတိုက်) ပြောဆိုခြင်း၊ (၄) အကျိုးမဲ့အနှစ်မဲ့စကားကို အချိန်ဖြုန်းပြောဆိုခြင်းတို့ ဖြစ်ပါသည်။ ကာယဒုစရိုက်သုံးပါးမှာ (၁) သူ့အသက်သတ်ခြင်း၊ (၂) သူ့ဥစ္စာကို မတရားယူခြင်း၊ (၃) သူ့သားမယားကို ကျူးလွန်ပြစ်မှားခြင်းတို့ ဖြစ်ပါသည်။

မိစ္ဆာအာဇီဝဟုခေါ်သော ယုတ်မာမှားယွင်းစွာ အသက်မွေးခြင်းဆိုရာတွင် အထက်ကဖော်ပြခဲ့သော ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့ကို အသက်မွေးဝမ်းကျောင်းအတွက် ကျူးလွန်ခြင်း ဖြစ်၏။ အသက်မွေးမှုအတွက်မဟုတ်ဘဲ ကျူးလွန်သော် ရိုးရိုးဒုစရိုက်မှုသာ ဖြစ်သည်။ ထို့ပြင် 'မိစ္ဆာအာဇီဝငါးမျိုး' ရှိပါသေးသည်။ ၎င်းတို့မှာ-

၁။ အဆိပ်၊ ၂။ လက်နက်စသည့် 'သက်သတ်ပစ္စည်း' ရောင်း/ဝယ်ခြင်း၊ ၃။ လူကုန်ကူးခြင်း၊ ၄။ သက်ရှိသတ္တဝါများ မွေးမြူရောင်းဝယ်ခြင်း၊ ၅။ အရက်သေသော မူးယစ်သေစာများ ရောင်းဝယ်ခြင်းတို့ ဖြစ်ပါသည်။ အတိုချုပ်မှတ်ရန်မှာ -

'အဆိပ်၊ လက်နက်၊ လူ၊ အရက်၊ အသက်မျိုးစုံပါ ရောင်းဝယ်ဖောက်ကားပြုသူများ လားရ အပါယ်ရွာ'

ဟူ၍ ဖြစ်ပါသည်။ အထက်ပါ ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးနှင့် မိစ္ဆာအာဇီဝငါးပါးတို့ကို ရှောင်ကြဉ်သည့် 'အာဇီဝဋ္ဌမကသီလ' ဟူ၍ သီလတစ်မျိုးရှိပါသေးသည်။ ဝိပဿနာတရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည် ထိုအာဇီဝဋ္ဌမကသီလကို 'ကာမေသု' နေရာ၌ 'အဗြဟ္မစရိယာ' ဖြင့် အစားထိုးပြီး စောင့်ထိန်းသင့်ကြောင်း လယ်တီဆရာတော်ဘုရားကြီးက မိန့်ကြားကြောင်း ဖတ်ရဖူးပါသည်။ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ဖြင့် သံသရာမှလွတ်မြောက်ကြောင်း ကောင်းစွာအားထုတ်ကြမည့် ယောဂီများသည် သီလအနေဖြင့် အထက်ကဖော်ပြခဲ့သော 'သီလ'နှင့်ပြည့်စုံနေရပေမည်။

ထို့အပြင် အခါလားလျော်စွာ ဥပါသကာ (ဗုဒ္ဓဘာသာဝင်) များ စောင့်ထိန်းကြသည့် ကိုးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့လည်းရှိပါသေးသည်။ ထိုသီလများမှာ အခါအားလျော်စွာ (ဥပုသ်သီတင်းနေ့များ စသည်) အထူးစောင့်ထိန်းကြသော သီလ (စာရိတ္တသီလ) ဖြစ်ပါသည်။ သို့သော် လူတို့အခါခပ်သိမ်း မစောင့်မဖြစ်စောင့်ထိန်းကြရမည့် သီလရှိပါသည်။ သူ့ကို 'ဝါရိတ္တသီလ' ဟု ခေါ်ပြီး စောင့်ကိုစောင့်ရမည့်ကျင့်ဝတ် ဖြစ်ပါသည်။ ၎င်းမှာ 'ငါးပါးသီလ' ပင် ဖြစ်ပါသည်။

လူ (ကျား/မ) သည် ခေါင်းပေါင်း (ဆံထုံး)၊ အပေါ်အင်္ကျီ (ပဝါ)၊ ပုဆိုး (ထဘီ) တို့ဖြင့် ပြည့်ပြည့်စုံစုံ ဝတ်စားဆင်ယင်ထားလျှင် အလွန်တင့်တယ်ပါသည်။ သို့သော် အကြောင်းကြောင်းကြောင့် ခေါင်းပေါင်း၊ အပေါ်အင်္ကျီ စသည်တို့ကို မဝတ်နိုင်လျှင် ယောက်ျားဆိုက ပုဆိုးခါးချပ်၊ မိန်းမဆိုက (အများအားဖြင့်) ထဘီရင်ရှားတော့ဖြင့် ဝတ်ထားရပါမည်။ ပုဆိုး ထဘီမှမဝတ်လျှင် လူ့အသိုင်းအဝန်းထဲနေ၍မရတော့ပါ။

ရှစ်ပါးသီလ၊ ကိုးပါးသီလ စသည်တို့မှာ ခေါင်းပေါင်း (ဆံထုံး)၊ အပေါ်အင်္ကျီ (ပဝါ) စသည်တို့နှင့်တူပြီး အလွန်မွန်မြတ်တင့်တယ်လှပါသည်။ ထိုသို့ ဝတ်စုံအပြည့်ဖြင့် အမြဲနေနိုင်လျှင် အလွန် တင့်တယ် ကောင်းမွန်ပါသည်။ သို့သော် သာမန်အားဖြင့် ပရိယေသနဝမ်းစာရှာစားနေရသူများအဖို့ ငါးပါးသီလလုံလျှင် တော်ပါပြီ။

အချို့က သီလမဂ္ဂင် - ကာယဒုစရိုက်သုံးပါး၊ ဝစီဒုစရိုက်လေးပါးတို့တွင် သုရာမေရယမပါသဖြင့် ရှောင်စရာမလိုဟု ယူဆပြောဆိုကြသည်၊ အချို့က မူးယစ်သောက်စားမှုနှင့် 'မူးပြီးအိပ်နေလျှင်၊ အကုသိုလ်မလုပ်လျှင် အကုသိုလ်မဖြစ်' ဟုဆိုကြသေးသည်။ အကုသိုလ်ဟူသည် 'အပြစ်' ဖြစ်၏၊ အပြစ်ဟူသည် အကျိုး (ကောင်းကျိုး) ၏ ဆန့်ကျင်ဘက်ဖြစ်သည်။ မူးယစ်ခြင်းဖြင့် မည်သည့်ကောင်းကျိုးမျှမရသဖြင့် အပြစ်ဖြစ်နေပြီး မူးပြီးအိပ်နေသူ တစ်ရာတစ်ယောက်မရှိပါ။ မူးယစ်သတ္တဝါသည် အသိဉာဏ်ကိုဖောက်ပြန်မှောက်မှားစေသည်။ မကောင်းမှုပြုရန် အလွန်အားပေးသည်၊ နဂိုကမှ မကောင်းမှုမှာ မွေ့လျော်တတ်တဲ့စိတ် (မနောဟဝေ ရမ္မတိ ပါပသ္မိံ) မှာ မူးယစ်နှင့်တွေ့သော် အဘယ်ဆိုဖွယ်ရာရှိအံ့တော့နည်း။

အထိအတွေ့ ဖောက်ပြန်မှုတွင် ကာမေသုမိစ္ဆာသည် အဆိုးဝါးဆုံးဖြစ်သလို အရသာဖောက်ပြန်မှုတွင် သုရာမေရယသည် အဆိုးဝါးဆုံး ဖြစ်သည်။ ကာမေသုဖောက်ပြန်သူတွင် အရှက်ကုန်သလို သုရာမေရယဖောက်ပြန်သူတွင် အကြောက်ကမ်းကုန်သည်။ မူးလာလျှင် မည်သည့်မကောင်းမှုကိုမဆို ပြုရန်ဝန်မလေးပေ။ ထို့ကြောင့် အခြေခံသီလတွင် သုရာမေရယကို ထည့်ထားခြင်းဖြစ်သည်။ သီလမဂ္ဂင်တွင် မပါတော့သည်မှာ ထိုအဆင့်၌ မလိုတော့ပေ။ အလိုလိုထိန်းပြီးဖြစ်နေပြီ။ ငါးပါး၊ ရှစ်ပါး၊ ကိုးပါး သီလများတွင် ထိန်းထားသည့်အကျင့်ရနေပေပြီ။ ရှောင်ကြဉ်ရလည်း အလွန်လွယ်ကူပါသည်။ လူနေမှုဘဝ၊ လူနေမှုလုပ်ငန်းများနှင့် နီးစပ်ခြင်း မရှိပါ။

အားလုံးသိကြသည့်အတိုင်း ငါးပါးသီလမှာ ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူတစ်ပါးဥစ္စာကို မတရားယူခြင်း၊ ၃။ သူတစ်ပါး သားမယားကို ကျူးလွန်ပြစ်မှားခြင်း၊ ၄။ လိမ်လည်ပြောဆိုခြင်း၊ ၅။ မူးယစ်သောက်စားခြင်းတို့ကို ရှောင်ကြဉ်ရခြင်း ဖြစ်ပါသည်။

အထက်ပါ (၅) ချက်ကို ရှောင်ကြဉ်လျှင် ဤဘဝ၌လည်း ဘေးရန်ခပ်သိမ်းကင်းငြိမ်းကာ ချမ်းသာသုခ ခံစားရပါမည်။

ဤတွင် ကြိုတင်အသိပေးလိုသည့် အချက်ရှိပါသည်။ ဤငါးပါးသီလအကျိုးသည် ကံ၊ ကံ၏ အကျိုးကို ယုံကြည်သည်ဆိုရာ၌လည်း ကောင်းမှုပြုလျှင် ကောင်းကျိုးရ၏ဟု ယုံကြည်သော်လည်း သူတစ်ပါးအသက်ကိုသတ်ခြင်းသည် ကောင်းမှုပြုခြင်း ဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com

တံ့တံ့၏အကျိုးကို ယုံကြည်သူ အချို့ရ သော သက်ရှိသတ္တဝါများသည် တစ္ဆာ တင်းသီးဟင်းချက်များဖြစ်၍ စားနိုင်သတ် [illegible] အရက် [illegible] သည် [illegible] ခြင်းနှင့်ခြား [illegible] ဟုသည် [illegible] ရေးယူခြင်း [illegible] ဟုသည် [illegible] ပိုင်ရှင်ကိုသာ ဆို [illegible] တာမတို့ ထိုမယား [illegible] ပိုင်သည်။ ထိုပိုင်ရှင်အစစ် [illegible] သဘောတူလျှင် အပြစ်မရှိဟု [illegible] အတွက် မဟုတ်ပါ။

ငါးပါးသီလစောင့်ထိန်းခြင်း ဆို သည်မှာ သီလငါးပါးစလုံးကို စောင့်ထိန်း ရန် ဖြစ်ပါသည်။ မစောင့်တာထက်စာ လျှင် တစ်ပါး၊ နှစ်ပါးက တော်သေး တယ်ဆိုတာကတစ်မျိုးပါ။ အပါယ်မကျ ဖို့နှင့် ဘေးကင်းချမ်းသာဖို့က ငါးပါးစလုံး လုံရပါမည်။

မြတ်စွာဘုရားက 'အပြစ်ရှိသည် မကောင်း' ဟု ဟောကြားချက်မှန်သမျှ မကောင်းမှုဖြစ်ပြီး အပြစ်ကင်းသည်၊ ပြုကောင်းသည်ဟု ဟောကြားချက်မှန် သမျှသည် ကောင်းမှုဖြစ်သည်။ အထက် ပါ ငါးပါးစလုံးသည် အပြစ်ရှိသည် မကောင်းဟု ဟောထားပြီး အထက်ပါ ငါးပါးကို ရှောင်ကြဉ်ခြင်းသည် အပြစ် ကင်းသည်၊ ကောင်းသည်ဟု ဟောထား ပါသည်။ ထို့ကြောင့် ငါးပါးစလုံးကို ရှောင်ရပါမည်။

ဤတွင် ချမ်းသာခြင်းနှင့် ဆင်းရဲ ခြင်းတို့ သိရန်လိုအပ်လာပြန်ပါသည်။ အများအားဖြင့် တိုက်ကြီးနှင့်နေ၊ ဇိမ်ခံ အဆင့်မြင့်ကားကောင်းကြီးစီးပြီး ငွေကို ရေလိုသုံးနိုင်မှ ချမ်းသာသူဟု ထင်တတ် ကြပါသည်။ ထိုသူများမှာ အများအား ဖြင့် သာမန်ဆင်းရဲသားများထက် များစွာ ပိုပြီးဆင်းရဲနေကြသူများ ဖြစ်ပါသည်။ အမြတ်တော်ကြေးကိစ္စ၊ ကြွေးမြီကိစ္စ၊ လုပ်ငန်းကိစ္စ၊ သားရေးသမီးရေး စသည့် ကိစ္စပေါင်းစုံ၊ အရေးပေါင်းစုံ၊ အရှုပ်အ ထွေးပေါင်းစုံတို့ဖြင့် တိုက်ကြီးပေါ် နေ၊ ဇိမ်ခံကားကြီးစီး၊ ဟင်းမျိုးစုံ အကောင်း တွေစားနေရလျက် နေရမှန်းမသိ၊ စီးရ မှန်းမသိ၊ စား၍လည်း အရသာမသိဘဲ 'လူနေနတ်ပြည် စိတ်နေငရဲ' ဖြစ်နေသူ ကများသည်။

ရိုးသားကြိုးစားစွာဖြင့် ဆိုက်ကား နင်းပြီး ညနေအိမ်ပြန်ရောက်တော့ ဇနီး သည်ချက်ကျွေးသည့် ချဉ်ဟင်းတစ်ခွက်၊ ငါးပိရည်ကျဲနှင့်စားရသည့် ဆိုက်ကား သမားက အရသာရှိရှိ ခံတွင်းတွေ့တွေ့ ဖြင့် စားနိုင်သည်။

**ချမ်းသာအမှန်လား အဘယ်နည်း**

'လောကဌ် အပြစ်ကင်းသဖြင့် 'ချမ်းသာခြင်း(အနဝဇ္ဇသုခ)သည် အချမ်း သာဆုံး' ဟု မြတ်စွာဘုရား ဟောထား ပါသည်။ လူဆိုးက မိမိအသက်ကိုသတ် မည်ပြုပြီးမှ သေရတော့မည်ဟုသိပြီးမှ မသတ်ဘဲ လွှတ်ပေးလိုက်လျှင် မည်မျှ ဝမ်းသာမည်နည်း။ မည်မျှချမ်းသာမည် နည်း။ သတ္တဝါများအတွက် တန်ဖိုးအရှိ ဆုံးသည် အသက်ဖြစ်၏။ ထိုအသက် ချမ်းသာရာရခြင်းသည် အချမ်းသာဆုံး ဖြစ်သည်။ ထိုချမ်းသာမျိုးအတွက် ကိုယ် ချင်းစာတရားထားပြီး မိမိသတ်မည့် သတ္တဝါအား မသတ်ဘဲ ချမ်းသာပေး လိုက်သော် ထိုသတ္တဝါ မည်မျှဝမ်းသာ မည်နည်း။ ထိုဝမ်းသာမှုကိုတွေးပြီး ပီတိ ဖြစ်ရခြင်းသည် မိမိအဖို့ (အဟောသုခံ) ကြီးမားသော ချမ်းသာခြင်းပေတည်း။ ထို့ နည်းအတူ-

ဈေးလည်း မတန်တဆတင်လိုက် သေး၊ အရည်အသွေးအညံ့လည်းရော လိုက်သေး၊ အရေအတွက်လည်းခိုးလိုက် သေးသော်လည်း မဝယ်၍လည်းမဖြစ်၊ အခြားလည်းမရှိသဖြင့် စိတ်ဆင်းရဲစွာ ဖြင့်ဝယ်ခဲ့ရသော ဈေးသည်တစ်ဦးသည် မိမိပြန်ရောင်းသောအခါ (အခြားပစ္စည်း) မိမိခံခဲ့ရသည်ကို ကိုယ်ချင်းစာပြီး 'သူ တစ်ပါးပစ္စည်းကို (ပိုက်ဆံ) ကို မတရား မယူ' ဟူသောစိတ်ဖြင့် မှန်မှန်ကန်ကန် ပြန်ရောင်းရလျှင် ထိုအပေါ် အာရုံပြုပြီး များစွာ ပီတိဖြစ်ရပေမည်။ ထို့အတူ ကိုယ်ချင်းစာစိတ်ဖြင့် သူတစ်ပါးသား မယားကို အမေအရင်း၊ နှမအရင်းကဲ့သို့ သဘောထားခြင်း၊ လိမ်လည်လှည့်ဖြားမှု မပြုခြင်းဖြစ်လည်း ဝမ်းသာမှု၊ ချမ်းသာမှု များကို ရနိုင်ပါသည်။

'အရက်သမားစကားကွာ၊ အ ကောင်းအကန်းလုပ်လို့။ မူးကြောင်ရှူး ကြောင်ပြောတာကို အဟုတ်မထင်နဲ့။ အရက်သမားကြီး၊ အရှုးကြီး (ကလေး များပြော)'

စသည်ဖြင့် မူးယစ်သောက်စားသူ များအပေါ် တစ်ပါးသူများ (မိမိကိုယ် တိုင်လည်းပါနိုင်သည်) မလေးမခန့်ပြုမူ ပြောဆိုဆက်ဆံကြသည်ကို မြင်သော အခါ မိမိက ထိုကိစ္စကိုရှောင်ထားသည့် အတွက် ဤသို့မခံရသည်ကိုတွေးပြီး ပီတိ ဖြစ်ရ၊ ဝမ်းသာရ၊ ချမ်းသာရပါသည်။

တိုက်ကြီး၊ ကားကြီး စသည့် ချမ်း သာခြင်းမျိုးက အတိတ်ဘဝမှ ကောင်းမှု ကောင်းကံအကျိုးပေးမှုရသော ချမ်းသာ ဖြစ်ပါသည်။ အတိတ်ဘဝမှ ဒါန စသော ကောင်းမှုကောင်းကံ မိမိထံ ရှိ၊ မရှိနှင့် ယခုဘဝတွင် အကျိုးပေးခွင့်ရှိ၊ မရှိကို မည်သူမျှ မသိနိုင်ပါ။

ငါးပါးသီလ စောင့်ထိန်းခြင်းဖြင့် ရရှိသည့် ချမ်းသာကား လူမျိုးမရွေး၊ ဘာသာမရွေး အသိတရားဖြင့် စောင့် ထိန်းလျှင် ချက်ချင်းလက်ငင်းရသော ချမ်းသာခြင်း ဖြစ်သည်။ ဤသည်မှာ မြတ်စွာဘုရား၏တရားဂုဏ်တော်(၆)ပါး မှ ကိုယ်တိုင်ကျင့်လျှင် ကျင့်သူကိုယ်တိုင် အခါမရွေး ချမ်းသာရနိုင်သည်ဟူသော သန္ဒိဋ္ဌိကနှင့် အကာလိကဂုဏ်တော်ပင် ဖြစ်၏။ တကယ်ဖြစ်သည်၊ မယုံလျှင် လက်တွေ့စမ်းကြည့်ပါဟု ပြောနိုင်သော 'ဧဟိပဿိက' ဂုဏ်တော်လည်း ဖြစ် သည်။

ထို့ကြောင့် မျက်မှောက်ဘဝ ချမ်း သာရေးအတွက် ငါးပါးသီလက အာမခံ ပါသည်။

ဤကောင်းမှုကြောင့် သေသော် အပါယ်မလားရ။ လူ့ဘုံ၊ နတ်ဘုံသို့သာ ရောက်ရလေ၏။ ရောက်ရာဘဝတွင် အသက်ရှည်ခြင်း၊ အနာရောဂါကင်းရှင်း ခြင်း၊ ဘေးရန်အန္တရာယ်ကင်းရှင်းခြင်း၊ ပစ္စည်းဥစ္စာလုံ့ခြုံခြင်း၊ မိန်းမလျာ စသည့် ဘဝမျိုး ဘယ်တော့မှမဖြစ်ဘဲ ယောကျာ်း၊ မိန်းမပီသသောဘဝကိုရခြင်း၊ လူချစ်လူ ခင် (ချစ်သူခင်သူ) ပေါများခြင်း၊ ခံတွင်း နံ့သင်းခြင်း၊ အလိမ်မခံရခြင်း၊ ကျပ် မပြည့်၊ စိတ်မနှံ့သူမဖြစ်ရခြင်း၊ အမှတ် သတိကောင်းပြီး သိလွယ်၊ မြင်လွယ်၊ သဘောပေါက်လွယ်သူဖြစ်ခြင်း စသည့် ကောင်းကျိုးချမ်းသာများနှင့် ပြည့်မည်ဟု အာမခံသည်။

ပန်းတို့ရနံ့သည် လေအကြေသို့ သာသင်းနိုင်သည်။ လေညာသို့ဆန်ပြီး မသင်းနိုင်။ သီလ၏ရနံ့သည် အရပ် ဆယ်မျက်နှာ၊ စကြာဝဠာအနှံ့သင်း သည်။ ငါးပါးသီလမြဲသူသည် ယခုဘဝ တွင်ရော နောင်ဘဝတွင်ပါ အစဉ်သဖြင့် 'ကောင်းသတင်း'ဖြင့်သာ ကျော်ကြားရ ပေသည်။

ဤကား ငါးပါးသီလ၏ အကျိုး (အကျဉ်း) တည်း။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

၂၅-၂-၂၀၁၄ ခု၊ အင်္ဂါနေ့။

ရွှေတိဂုံစေတီရင်ပြင်တော်တွင် ထင်ရှားကျော်ကြား လူသိများ၍ အဓိဋ္ဌာန်ဝင် ပုတီးစိပ်သူများနှင့် ညီကားနေတော်မူသော ရွှေတိဂုံရင်ပြင်တော် အင်္ဂါထောင့်မှာတည်ရှိ ဆယ်တော်မူဘုရား လက်ရှိ သီတင်းသုံးတော်မူရာ ဆယ်တော်မူတန်ဆောင်းသို့ သွားရောက်ဖူးမြော် ကုသိုလ်တော်ယူခဲ့ပါသည်။

ဆယ်တော်မူဘုရား လက်ရှိ သီတင်းသုံးတော်မူရာဟု သုံးနှုန်းခြင်းကြောင့် ယခင်သီတင်းသုံးရာ မူလနေရာရှိခဲ့ပြီဆိုသည်မှာ သေချာနေပါသည်။ မူလသီတင်းသုံးတော်မူရာ နေရာဌာနမှာ အင်္ဂါထောင့်ရင်ပြင်တော်နှင့် တစ်ဆက်တည်းမှာရှိ လက်ညှိုးတော်ရေကျရှုပ်ပွားဘုရားအနီးမှာ တည်ရှိထုံးဖြူဖြူစေတီတော်နှစ်ဆူ၏ အလယ်အရံစေတီတော်ဘုရားဆောင်တွေကြားမှာ ကိုယ်တစောင်းလျှို၍ဝင်မှ ဖူးမြင်ရ

## ကံဝင်း

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အမှတ်(၃)

# ဘုန်းတော်ကြီးမား ထူးထူးခြားခြား ဆယ်တော်မူဘုရား



ဆယ်တော်မူဘုရား မျက်လွှာချထားတော်မူပုံ



ဆယ်တော်မူဘုရား




ထူးထူးခြားခြား ဆယ်တော်မူဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တော်မူဘုရား မျက်လွှာပွင့်တော်မူ

www.burmeseclassic.com

www.burmeseclassic.com

သည့် နေရာဌာနမှာ ဖြစ်ပါသည်။ ထိုစဉ်က တန်ခိုးကြီးမား ဆယ်တော်မူဘုရား ဟုမည်ဆိုပါလျှင် ရုပ်ပွားတော်ရှေ့ တစ်ဦးသာထိုင်၍ ကန်တော့နိုင်သည့် ကျဉ်းမြောင်းလှသော နေရာအနေအထားကြောင့် ရှေ့ကတစ်ဦးမပြီးမချင်း တန်းစီစောင့်နေရလေ၏။ ရုပ်ပွားတော်ရှေ့မှာ အချိန်ကြာကြာ ဘုရားဝတ်ပြုသူနှင့်တွေ့ရသော် ထိုနေရာမှာပင် အချိန်ကုန်တော့၏။ တချို့သောဘုရားဖူးများက အနီးအပါး ရရာနေရာတွင် အဆင်ပြေသလိုထိုင်၍ ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဘာဝနာပွားများကြ၏။ အချိန်မရသော တချို့သောသူများအနေဖြင့် တန်းစီစောင့်နေကြသူများကြားမှပင် မတ်တတ်ရပ်ရှိခိုးပြီး ပြန်ကြလေ၏။

ဆယ်တော်မူဟုဆိုသည့်အတွက် ညောင်သွားရာမာတ်သက်ပါဟုဆိုသည့်အတိုင်း ဘဝခရီးမှာ စီးပွားရေးနိမ့်ကျ၍တွေ့နေသူများ၊ ကုန်းကောက်စရာမင် အခြေအနေမလှ နိမ့်ကျသောဘဝမှာ ရပ်တည်သူများ၊ စိတ်ထောင်းကိုယ်ကြေတမှိုင်မှိုင်တထွေထွေဖြစ်နေသူများ၊ ကျန်းမာရေးမကောင်းကြသူများ၊ ကံကောင်းအကြောင်းမလှသူများနှင့် လူမှုရေး စီးပွားရေး၊ ပညာရေး စသည်ဖြင့် အခက်အခဲတစ်ရပ်နှင့်အတူ နိမ့်ပါးနိမ့်ကျသူများ လာရောက် ဖူးမြော်လေ့ရှိပါသည်၊ သီလခံယူ မေတ္တာထား မေတ္တာ


ဆယ်တော်မူဘုရားတန်ဆောင်းမှ ရုပ်ပွားတော်များ






ဆယ်တော်မူဘုရား လာရောက်ဖူးမြော် အဓိဋ္ဌာန်ဝင်သူများ




www.burmeseclassic.com

www.burmeseclassic.com



ဆယ်တော်မူဘုရားတန်ဆောင်းအတွင်းမှဖူးမြော် ရွှေတိဂုံစေတီတော်



ဆယ်တော်မူဘုရား အဓိဋ္ဌာန်ဝင်သူများ

ပွားလျက် စိတ်ကြဲသမူ အဓိဋ္ဌာန်ပြုကြသူများသည် အဓိဋ္ဌာန်ပြည့်မြောက်သည်နှင့် ဘဝခရီးအတော်အတန်ရောက်ကြပါသည်။ ဆယ်တော်မူ ရုပ်ပွားမြတ်ဘုရား၏ ဘုန်းတန်ခိုးတော် မေတ္တာဓာတ်အာနုဘော်ကြောင့် ဘဝခရီးလမ်းမှာ အောင်ပန်းတွေပွင့်လန်းသွားကြ၏။ လူမှုရေး၊ စီးပွားရေးနိမ့်ကျသူများ လိုချင်တောင့်တ အထက်တန်းကျကျ မျက်နှာပန်းလှလှဖြစ်ခဲ့ကြ၏။ ကျန်းမာရေး မကောင်းသူများ၊ ဘုရားသို့တွဲခေါ်လာ ဘုရားရှေ့မှာ သစ္စာဆို အဓိဋ္ဌာန်ယူ (၇) ရက်၊ (၉) ရက် သက်သတ်လွတ်စား၊ ဂုဏ်တော်ပွားလျက် ဆယ်တော်မူဂါထာ ရွတ်ဖတ် ပူဇော်သောအခါ စိတ်ကြည်လင်လန်းဆန်း၍ ကျန်းမာဖွံ့ဖြိုးလိုသမျှ ပြည့်စုံခြင်းသို့ ရောက်ကြ၏။

ထိုစဉ်က စာရေးသူလည်း အင်္ဂါဆောင် ထုံးဖြူဖြူဘုရားနှစ်ဆူကြားကျောင်းဆောင်ကြားမှ ကိုယ်တစောင်းဝင်ရောက် မကြာခဏ ရောက်ခဲ့ရ၏။ စာပေဆောင်းပါးရေးပါများ၍ မဂ္ဂဇင်းများသို့ ပေးပို့သောအခါ မကြာခဏ အပယ်ခံရလျက် နာမည်မရ သောကများကြောင့် ဆယ်တော်မူဘုရား အရောက်သွား၍ 'ဆယ်တော်မူပါဘုရား၊ ဆယ်တော်မူပါဘုရား' ဟု ဘုရားရှေ့တော်မှာ နားပူနားဆာလုပ်ခဲ့ဖူးပါ၏။ သီလခံယူ (၇) ရက်အဓိဋ္ဌာန်ထား သက်သတ်လွတ်စား၊ ဆယ်တော်မူဂါထာ ရွတ်ဖတ်ပါများလာသောအခါ စာနယ်ဇင်းမှာ အလိုရှိသမျှ ရေးသားနိုင်ခွင့်ရလျက် ဝင်ငွေရလမ်းတို့ဖြင့် အောင်ပန်းပွင့်ခဲ့၏။

ဆယ်တော်မူရုပ်ပွားမြတ်ဘုရား၏ ဘွဲ့အမည်တော် ဖြစ်ပေါ်ပုံကလည်း အဆန်းသား။ ရှေးယခင်က ဆေးဆရာတစ်ဦးသည် စရဏတရားအထူးပွား၍ ဆယ်တော်မူဘုရားဟု နာမဘွဲ့တော် ထင်ပေါ်လာမည့် ထိုရုပ်ပွားတော်ရှေ့မှာ စိတ်ကြဲသမူ အဓိဋ္ဌာန်ပြုခဲ့၏။ ဆေးဆရာကြီး၏အဓိဋ္ဌာန်က 'ခုနစ်ရက်သားသမီးများ ကျန်းမာချမ်းသာအောင် စွမ်းဆောင်နိုင်သည်ဖြစ်ရပါစေ တောင်းဆုခြွေပါသည်' ဟု စိတ်ကြဲသမူ အဓိဋ္ဌာန်ပြုခဲ့၏။

မကြာခင်လပိုင်းအတွင်း အဓိဋ္ဌာန်အောင်မြင်ပြီးနောက် (၇) ရက်သားသမီးများ၏ အသက်ခန္ဓာကို ကယ်ဆယ်ကာမ,စနိုင်သည်ကို အကြောင်းပြု၍ ရောဂါရန်ဘေး ကင်းဝေးချမ်းသာ ကျန်းမာလာသူများမှ ဆယ်တော်မူဘုရားဟု ခေါ်ဆိုဘွဲ့အမည်တော် ထင်ပေါ်လာပါသည်။ ဆေးဆရာကြီးနှင့် သူ၏ လူနာရှင်များ ယုံကြည် ကိုးကွယ်လာခြင်းမှ အစပြု၍ 'ဆယ်တော်မူဘုရား' ဟု ထင်ရှားတော်မူလာပါကြောင်း ဘုရားလူကြီးတစ်ဦးမှ စာရေးသူအား ပြောပြခဲ့ပါသည်။

**တန်ခိုးတော်ပြ ဆယ်တော်မူ**

ထိုသို့ ဂုဏ်သတင်း ကျော်ကြား



www.burmeseclassic.com

ဆယ်တော်မူဘုရားအား မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်ဖူးမြော် စည်ကားသူများဖြင့် လွန်စွာများပြားလာသောအခါ ဂေါပကလူကြီးများသည် ငြိမ်းဝေးတိုင်ပင်ကာ ဆယ်တော်မူဗုဒ္ဓမြတ်စွာဘုရား ရုပ်ပွားတော်အား ဘုရားဖူးလာသူ အဓိဋ္ဌာန်ပြုသူများ လွတ်လွတ်လပ်လပ် ဘုရားဝတ်ပြု အဓိဋ္ဌာန်ပြုနိုင်ရန် ကျယ်ဝန်းသောနေရာ ယခုလက်ရှိ တန်ဆောင်းတော်သို့ ရုပ်ပွားတော်မြတ်ပင့်ဆောင်တော်မူကြပါသည်။ ထိုကဲ့သို့ ယခုတန်ဆောင်းတော်မြတ်သို့ ကြွတော်မူလာချိန်မှစ၍ ဆယ်တော်မူရုပ်ပွား ဆုတောင်းပြည့်ဘုရားသည် တန်ခိုးပြတော်မူပါသည်။

မျက်နှာတော် ပြုံးတော်မူခြင်း၊ မျက်စိပွင့်တော်မူခြင်း၊ အလင်းရောင်ခြည်လွှတ်တော်မူခြင်းများဖြင့် တန်ခိုးပြတော်မူပါကြောင်း၊ ရှေးမီနောက်မီ ဘုရားလူကြီးတစ်ဦးမှ ပြောပြပါသည်။ ထို့အပြင် သောက်တော်ရေချမ်းများသည် ရာသီဥတုပူပြင်းမှုကြောင့် လည်းကောင်း၊မည်သို့သောအကြောင်းကြောင့်ဖြစ်စေ၊ ရေခန်းခြင်းလုံးဝမရှိသကဲ့သို့ ခန်းများသည်လည်း အချိန်ကြာမြင့်စွာ သန်းဆန်းနေပါသည်။ ထို့ပြင် သက်သတ်လွတ်စား ဂုဏ်တော် (၉) ပါး (၉) ရက်ပွားသူများသည် လိုရာစိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြသောအခါ ဆုတောင်းပြည့်ကြသည်ဟု သတင်းကြီးတော်မူပါသည်။

## ဆယ်တော်မူဘုရားဖူး ထူးခဲ့သူ

ဦးဇော်မင်းထူးက စမ်းချောင်းမှာနေပါသည်။ သူ၏ အလုပ်က အတည်အကျ လက်ဆုပ်လက်ကိုင်ပြရန် မရှိ။ ထုပ်သမျှ မြုပ်နေရသောဘဝမှာ စိတ်ကြေကြည်သာဖြစ်နေခဲ့ရ၏။ သူ၏ကောင်းမြတ်သောအမူအကျင့်က အဆင်မပြေများလေ ရွှေတိဂုံဘုရားပေါ်သို့ တက်လာလေ ဖြစ်၏။ ဘုရားရင်ပြင်တော်မှာထိုင်ပြီး ရွှေတိဂုံဘုရားကြီးအား အတန်ကြာဖူးနေရင်းမှ စိတ်ကြည်လင်လာလျှင် အိမ်ပြန်ခဲ့လေ့ရှိသူ ဖြစ်၏။

တစ်နေ့သ၌ ရွှေတိဂုံဘုရားတွင် မကြာခဏတွေ့ရသူ ဝိဇ္ဇာလိုင်းလိုက်နေသူ အဘဦးအောင်သူဆိုသူမှ ဦးဇော်မင်းထူးအား 'ကယ်တော်မူပါဘုရား၊ ဆယ်တော်မူပါကိုသွား' ဟု ညွှန်ပြတော်မူသဖြင့် အင်္ဂါထောင့်မှာ တည်တော်မူ ဆယ်တော်မူဘုရားသို့သွားခဲ့၏။ ဘုရားဖူးလိုက်ရပြီဆိုလျှင်ဖြင့် သူ့ဘဝ ဧကန်မုချထူးတော့မည်ဟု စိတ်မှာ ယုံကြည်မှု ရလာ၏။ သို့သော် မည်သို့မည်ပုံ အဓိဋ္ဌာန်ဝင်ရမည်မသိဖြစ်နေခဲ့လေ၏။ ထိုအချိန် အဖြူရောင်ဝတ်စုံဝတ်ထား အဓိဋ္ဌာန်နေသူတစ်ဦး၏ သစ္စာဆို အဓိဋ္ဌာန်စကားကို ကြားရသည်နှင့် ဦးဇော်မင်းထူးသည် သေချာမှတ်သား ထိုအဓိဋ္ဌာန်သစ္စာစကားအတိုင်းလိုက်လုပ်ပါတော့၏။

'တပည့်တော်သည် ယနေ့မှစ၍ (၉) ရက်တိုင်တိုင် ငါးပါးသီလခံယူ၍ ဂုဏ်တော် (၉) ပါး (၉) ရက်ပွား၍ သတ္တဝါတွေအပေါ်မှာ မေတ္တာထား အသားငါးမစားပါဘဲ နေထိုင်ကျင့်ကြံပါမည်ဟု သစ္စာပြုပါသည် ဘုရား။ ဤဆိုခဲ့သော သစ္စာတရားအတိုင်း ပြုကျင့်နေထိုင်အောင်မြင်ပါက ဘဝအဆင့်တက်လှမ်း အောင်ပန်းပွင့်ရပါစေ တောင်းဆုပေါ်သည်ဘုရား'


ဟု ဦးဇော်မင်းထူးမှ အဓိဋ္ဌာန်သစ္စာပြုပါသည်။

အဓိဋ္ဌာန်ပြီးမြောက် ခရီးရောက်ပြီး ရက်အပိုင်းအတွင်းမှာ ငယ်စဉ်ကတည်းက ကွဲကွာသွားသော ကျောင်းနေဖက်သူငယ်ချင်းဖြစ်သူ မမျှော်လင့်ဘဲ ပြန်တွေ့ကြရာမှ သူငယ်ချင်းဖြစ်သူ၏ ကုမ္ပဏီတွင် မန်နေဂျာအဖြစ် အလုပ်ခန့်အပ်ခြင်းခံခဲ့ရပါကြောင်း စာရေးသူအား ပြောပြပါသည်။

(မှတ်ချက်။ ။ ဦးဇော်မင်းထူး၏ မေတ္တာရပ်ခံချက်အရ ဓာတ်ပုံ၊ လိပ်စာ ဖော်ပြနိုင်ခြင်းမရှိသည်ကို နားလည်ခွင့်လွှတ်ပေးပါခင်ဗျာ - စာရေးသူ)

## လန်းလန်းဆန်းဆန်း နှင်းဆီပန်းနှင့် တာမွေသူ အိမွန်သူ

ဆယ်တော်မူဘုရား ဦးထိပ်ထား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုရင်းမှ ကျန်းမာရေးမကောင်းမှုတွေ ပြေပျောက် ပန်းကဲ့



ဆယ်တော်မူတန်ဆောင်းအတွင်းမှ လေ့လာသူ နိုင်ငံခြားသားနှစ်ဦး



တာမွေသူ အိမွန်သူနှင့် စာရေးသူ

www.burmeseclassic.com

မျိုးတင့်(ညောင်လေးပင်)

# ရှောက်သီးများကြာရှည်ခံအောင် ထားသိုသုံးစွဲနည်း

ရှောက်သီးသည် မြန်မာနိုင်ငံ၌ အလွန်ပေါများစွာ ထွက်ရှိသော သီးနှံတစ်မျိုး ဖြစ်သည်။ ရှောက်သီးပေါချိန်တွင် ရှောက်ချဉ်သီးများ တောင်ပုံရာပုံ တွေ့ရတတ်သည်။ ရှားပြီဟေ့ဆိုသော အခါ ရှာမတွေ့အောင် ရှောက်သီးများ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။

ရှောက်သီးများ မြန်မာနိုင်ငံ၌ တစ်နှစ်ပတ်လုံးလိုလိုသီးတတ်ပါသော်လည်း နွေအကုန် မိုးအကူးကာလများတွင် ရှောက်သီးများမသီးဘဲ အသီးသီးခြင်းမှ ခေတ္တအနားယူကြသည်။ ထိုအချိန်တွင် ရှောက်သီးရှားပါးသွားသည်။ ဆေးဝါးခတ်စာအတွက် မရှိမဖြစ်သုံးလိုသူတို့ အခက်အခဲဖြစ်ကြရသည်။

ရှောက်သီးရှားပါးချိန်မတိုင်မီက ထိုပြဿနာကို ကြိုတင်ဖြေရှင်းထားလျှင်ရသည်။ နည်းလမ်းမှာ ရှောက်သီးရင့်ရင့်ကို လိုသလောက်ယူပါ။ ရှောက်ခွံများကို ခွာလိုက်ပါ။ အပေါ်မှ အမေ့ပါးအဖြူကလေးကျန်နေပါစေ။ ရှောက်သီး၏ အူတိုင်ကို တုတ်ငယ်နှင့် ထိုးထုတ်ပြီး ဟောင်းလောင်းပေါက်ဖြစ်သွားအောင် လုပ်လိုက်ပါ။ ထိုအပေါက်အတွင်းသို့ နှီးကြိုးသွင်း၍ မီးဖိုပေါ်၌ ရှိသောကျပ်ခိုးစင်တွင် ချိတ်ဆွဲထားပါ။ မီးခိုးပေါ်၌ရှိသောကျပ်ခိုးစင်တွင် ချိတ်ဆွဲထားသည့် ရှောက်သီးတို့သည် မူလအရသာမပျက်ဘဲ တာရှည်စွာရှိနေပါသည်။ အသုံးလိုသောအခါ ကျပ်ခိုးစင်မှဖြုတ်ယူ၍ မိမိအသုံးလိုသော ရှောက်သီးအမြွှာများကို လိုသလောက်ထုတ်သုံးရသည်။ ထိုနည်းနှင့် ရှောက်သီးရှားပါးမှုကို လတ်တလောဖြေရှင်းနိုင်ပါသည်။

ထိုဓလေ့ကို အချို့သော မြန်မာ့ကျေးလက်ဒေသများနှင့် တောင်ပေါ်နေကရင်တိုင်းရင်းသားတို့ သုံးစွဲလေ့ရှိသည်။ အတုယူ၍ အသုံးပြုကြရန်ပင် ဖြစ်ပါသည်။ ရှောက်သီးရှားပါးခြင်းကို ဤနည်းဖြင့် ဖြေရှင်းလျှင် ပြေလည်နိုင်ကြောင်း စေတနာကောင်းနှင့် တင်ပြပါသည်။

မေတ္တာရှည်လျက်-

မျိုးတင့်-ညောင်လေးပင်

---

သို့ပွင့်လန်းလာသူ တာမွေသူ အိမ်မွန်သူနှင့် ကံအားလျော်စွာ တွေ့ဆုံခွင့်ရစဉ်မှာ ဆယ်တော်မူမြတ်ဘုရား၏ တန်ခိုးကြီးစွာ ဆယ်ယူမ,စ စောင့်ရှောက်ပုံကို စာရေးသူ ကြားသိခဲ့ရပါသည်။

အိမ်မွန်သူက ငယ်ငယ်နုသွယ် အပျိုအရွယ်ကလေးနှင့် ဘဝခရီးအစပန်းကလေး လန်းလန်းဆန်းဆန်းပွင့်စမှာဖြင့် နေထိပန်း ခပ်နွမ်းနွမ်းဆိုသကဲ့သို့ လေထိသွားသောသူဘဝသည် အိပ်ရာညောင်စောင်းနှင့်ခေါင်းပြု ခြေနှစ်ချောင်းကောင်းစွာ ရပ်တည်နိုင်မှုမရှိတော့ အဆုံးမှာ အားကိုးအားထားစရာဘုရားမှတစ်ပါး အခြားမရှိတော့ဟု ဒုက္ခတွေကများ၊ ဗုဒ္ဓကယ်ပါဘုရားဟု ဆိုကာ ရွှေတိဂုံဘုရားကြီး၏ ဂုဏ်တော်ကိုပုံဖော်ကာ အာရုံပြု အိပ်ရာထဲမှ ပန်း၊ ရေချမ်းကပ်လှူ ကုသိုလ်ပြုခဲ့သည်ဖြစ်ရာ လပိုင်းမျှအကြာ၌ အတွဲဖြင့် အိမ်ပေါ်မှာ လမ်းစလျှောက်ထွက်လာနိုင်၏။ ဘုရားအာရုံပြုရင်း ဆယ်တော်မူဘုရား၊ ကယ်တော်မူဘုရား တဖြေးဖြေးချင်း ကျန်းမာရေးတိုးတက်လာရာ အားတက်လာပြီးနောက် ကြိုးစားလမ်းလျှောက်၊ လမ်းလျှောက်ရင်း ပုတီးစိပ်၊ မေတ္တာပို့ရင်း လမ်းလျှောက်၊ ထိုသို့ပြုဖန်များသောအခါ ရွှေတိဂုံဘုရား တက်ရောက်လာနိုင်သည်အထိ ကျန်းမာရေးတိုးတက်ကောင်းမွန်လာခဲ့၏။

ဆယ်တော်မူဘုရားရှေ့မှောက်၌ အောင်အရဟံသိဒ္ဓိပုတီးစိပ် သက်သတ်လွတ်စား (၉) ရက် အဓိဋ္ဌာန်စခန်းဝင်၍ နေ့စဉ်မှန်မှန် ဘုရားတက်ရင်း နောက်ဆုံးနေ့ အဓိဋ္ဌာန်ပြီးမြောက် အမျှဝေပြီးချိန် သာဓုခေါ်လိုက်သည်နှင့် မိမိ၏ရှေ့တည့်တည့်သို့ လှပလွန်းသော ရေမွှေးနှင်းဆီပန်းတစ်ပွင့်သည် မမျှော်လင့်စွာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့၏။ အနီးအပါးမှာ ထိုစဉ်က အဖော်တစ်ဦးသာရှိ၍ တခြား ဘယ်သူမှမရှိကြ။ ပတ်ဝန်းကျင်မှာ လူတစ်ဦးမှမတွေ့ရသဖြင့် လွန်စွာဆန်းကြယ်လှသဖြင့် စဉ်းစားရင်းမှ အဖြေပေါ်လာ၏။ ခပ်နွမ်းနွမ်းဖြစ်နေသော ပန်းကလေးဘဝ လန်းဆန်းစွာလန်းလာမည့်နိမိတ်ကောက်မိ၏။ ထိုထူးခြားဆန်းကြယ်သော ရေမွှေးနှင်းဆီနိမိတ်နှင့်အတူ တာမွေသူ အိမ်မွန်သူတစ်ယောက်သည် ဆယ်တော်မူဘုရားရှေ့မှောက်မှ အိမ်ပြန်ရောက်သည်နှင့် ပန်းကဲ့သို့ လန်းဆန်း ဘဝအောင်ပန်းတွေပွင့်ခဲ့ပါကြောင်း မှတ်တမ်းဓာတ်ပုံနှင့်တကွ တင်ပြအပ်ပါသည်။

ထူးဆန်းသော လန်းလန်းဆန်းဆန်း ရေမွှေးနှင်းဆီပန်းကလေးကဲ့သို့ ယခုအခါ လန်းဆန်းနေသော တာမွေသူ အိမ်မွန်သူ၏လိပ်စာကတော့ ၂၁၊ နတ်ချောင်း (၃) လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမှာ ကျန်းမာချမ်းသာစွာ နေထိုင်နေပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။ ဓမ္မမိတ်ဆွေများ ဆယ်တော်မူဘုရားဖူး၍ ထူးထူးကဲကဲ ကျန်းမာချမ်းသာကြပါစေသောဝ်။

**ဆယ်တော်မူဘုရားဂါထာ**

*ကကုသန္ဓော ကောဏဂနော*
*ကဿပေါ ဂေါတမော*
*မုနိဆယ်ထား ဆယ်တော်မူ*
*မြတ်စွာဘုရား*
*မေတ္တေယျော ပဥ္စဗုဒ္ဓေါတေ*
*သီဝေသမေသန္တု သဗ္ဗဒါ*
*ဧတေသံ အာနုဘာဝေနေ*
*ရက္ခဒေဝါ မဟိဒ္ဓိကာ*
*သဗ္ဗေသုခိတာ ဟောန္တုမေတ္တာ။*

**ရွတ်ဖတ်ရခြင်းအကျိုး**

- လူချစ်လူခင်ပေါများခြင်း၊
- အခက်အခဲများမှ ကံဆယ်တော်မူခြင်း၊
- ကျမ်းမာချမ်းသာခြင်း၊
- ရန်သူမျိုးငါးပါးမှကင်းဝေးခြင်း၊
- ပြောဆိုစကားအောင်မြင်ခြင်း၊
- လာဘ်လာဘပေါများခြင်း၊
- ထီပေါက်ခြင်း။

မေတ္တာများစွာဖြင့် -

[illegible]င်း


www.burmeseclassic.com

www.burmeseclassic.com

# ပျူသရေခေတ္တရာမြို့ဟောင်းအနီးမှ
# ဖိုးခေါင်ကန်ကုန်း

ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)


တူးဖော်မှုကုန်းအမှတ် (HMA. 54) ဖိုးခေါင်ကန်ကုန်းကို ရှေးဟောင်းသုတေသနပညာရှင်များက ဘာသာရေးနှင့်ဆိုင်သော အဆောက်အအုံပျက်တစ်ခုဖြစ်လိမ့်မည်ဟု ယူဆကြပါသည်။ အဆောက်အအုံပန္နက်ကို ကောင်းမွန်စွာမတွေ့ရှိရသော်လည်း ခေါင်မိုးအုတ်ကြွပ်ပြားများကို အများဆုံး တွေ့ရှိရပါသည်။ ခေါင်မိုးအုတ်ကြွပ်ပြားများကို အကြမ်းအားဖြင့် လေးမျိုးခန့် တွေ့ရှိရပါသည်။ အနားတစ်ဖက်ချိုင့်လေးပါသော အချောအုတ်ကြွပ်ခေါင်မိုးတစ်မျိုး၊ မြောင်းငါးမြောင်းနှင့် ခုံးခြောက်ခုံးပါသော အုတ်ကြွပ်ခေါင်မိုးပြားတစ်မျိုး၊ မြောင်းလေးမြောင်း၊ ခုံးငါးခုံးပါသော အုတ်ကြွပ်ခေါင်မိုးပြားတစ်မျိုးနှင့် ခေါင်ချုပ်အုတ်ကြွပ်ပြားတစ်မျိုးများကို တွေ့ရှိရပါသည်။ ခေါင်ချုပ်အုတ်ကြွပ်ပြားမှာ အလယ်မှ ခုံးပြီး လက်ဝဲ၊ လက်ယာတွင် မြောင်းခြောက်မြောင်းနှင့် ခုံးခုနစ်ခုံးပါရှိသည်ကို တွေ့ရှိရပါသည်။







www.burmeseclassic.com

www.burmeseclassic.com




ပုံ (၁၄)

ပုံ (၁၄) ပုံဆွဲလက်ရာမှာ (HMA. 54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အုတ်ခွက်အပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ခွက်အပိုင်းအစမှာ အမြင့် (၃ ၁/၂) cm ခန့်၊ အကျယ် (၈) cm ခန့်နှင့် အုတ်ခွက်အထူ (၂ ၁/၂) cmခန့် ရှိပါသည်။ ဆင်းတုရုပ်ကြွင်းပိုင်းအမြင့် (၂ ၁/၂) cm ခန့်၊ အကျယ် (၆) cm ခန့်နှင့် ဆင်းတုရုပ်ကြွအထူ (၁ ၁/၂) cm ခန့် ရှိပါသည်။ ဆင်းတုမှာ တင်ပါးဆုံပိုင်းသာ တွေ့ရှိရပြီး ခြေချိတ်ထိုင်နေဟန် တွေ့ရှိရပါသည်။ ပလ္လင်သည်လည်း မူလကကြာပလ္လင်အနေအထားမျိုး ဖြစ်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ပုံဆွဲ (၁၄) လက်ဝဲဘက်တွင် အနက်ဖြင့် အုတ်ခွက်အထူကို ရေးဆွဲ ဖော်ပြထားပါသည်။




ပုံ (၁၅)

ပုံ (၁၅) ပုံဆွဲလက်ရာသည်လည်း (HMA.54) E5 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်သည်။ မူရင်းမြေမီးဖုတ်လက်ရာကို ရေကရားနှုတ်သီးတစ်ခု ဖြစ်လိမ့်မည်ဟု ယူဆမိပါသည်။ အမြင့် (၇ ၁/၂) cm ခန့် အပေါ်ထိပ်ဝအချင်း (၃) cm ခန့်၊ အောက်ခြေထိပ်ဝအချင်း (၅) cm ခန့်နှင့် အနားအထူ (၁/၄) cm ခန့်၊ အောက်ခြေထိပ်အမြင့် (၇ ၁/၂) cm ခန့်၊ အပေါ်ထိပ်ဝအချင်း (၂) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ ပုံဆွဲ (၁၅)လက်ဝဲဘက်တွင် နှုတ်သီးအထူကို အနက်ဖြင့် ရေးဆွဲ ဖော်ပြထားပါသည်။



ပုံ (၁၆)

ပုံ (၁၆) ပုံဆွဲလက်ရာမှာ တူးဖော်မှုကုန်းအမှတ် (HMA. 54) D5 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အဖုံးလေးတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ အဖုံးကလေးအမြင့် (၃) cm ခန့်၊ အကျယ် (၆) cm ခန့်နှင့် အထူး (၁/၄) cm ခန့်ရှိပါသည်။ အဖုံးအောက်အဝအချင်း (၄) cm ခန့်နှင့် အပေါ်အပေါက်ဝအချင်းမှာ (၁/၄) cm ခန့် ရှိပါသည်။ ပုံ (၁၆) လက်ရာမှာ အဖုံးအဝကိုထောင်၍ ရေးဆွဲထားသော လက်ရာဖြစ်ပြီး ဘယ်ဘက်လက်ရာမှ ပုံဆွဲမှာ အိုးဖုံးအထူကို အနက်ဖြင့်ရေးဆွဲ ဖော်ပြထားသောလက်ရာပင်ဖြစ်ပါသည်။ အဖုံးကလေးမှာ အပေါ်ပိုင်းပွဲနေသည်ကို တွေ့ရှိရပါသည်။



ပုံ (၁၇)

ပုံ (၁၇) ပုံဆွဲလက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အုတ်အပိုင်းကလေး




www.burmeseclassic.com


www.burmeseclassic.com

တစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းလက်ရာမှာ အမြင့် (၈) cm ခန့်ရှိပြီး အဝန်းအချင်း (၁၇) cm ခန့်ရှိသည်ကို တွေ့ရှိရပါသည်။ မူရင် မြေမီးဖုတ်အုတ်လက်ရာမှာ ခါးလယ်ဆုံးကဲ့သို့ ဝိုင်းပြီး ထက်အောက်မျက်နှာပြင်အဝိုင်း တွေ့ရှိရပါသည်။ ခါးထက်အောက်တွင် ပွင့်ဟက်လိုသဏ္ဌာန်များ တွေ့ရှိရပါသည်။ လက်ဝဲဘက်တွင် အထူကို အနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ ဤပုံ (၁၇) မူရင်းမြေမီးဖုတ်လက်ရာမှာ စပါးခွံလေးများ တွေ့ရှိရပြီး အုတ်ရောင်ပြင်ပြင်တွေ့ရှိရပါသည်။


ပုံ (၁၉)





ပုံ (၁၈)




ပုံ (၂၀)




ပုံ (၂၁)





ပုံ (၁၈) ပုံဆွဲလက်ရာမှာ (HMA. 54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အုတ်အဝန်းလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအုတ်အဝန်း အမြင့် (၅½) cm ခန့်နှင့် အုတ်အဝန်း မျက်နှာပြင်အချင်း (၂၀) cmခန့် ရှိပါသည်။ ညာဘက်တွင် အုတ်အဝန်းအထူကို အနက်ဖြင့် ဖော်ပြထားပါသည်။ မူရင်းအုတ်အဝန်းလက်ရာတွင် သဲပွင့်ကလေးများ တွေ့ရှိရပြီး အုတ်ရောင်ခပ်ဖျော့ဖျော့တွေ့ရှိရပါသည်။

ပုံ (၁၉) လက်ရာသည်လည်း D5 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ချပ်အပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော အုတ်ချပ်အပိုင်းအစ ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ချပ်အပိုင်းအစမှာ အထူ (၅) cm ခန့် အလျား (၁၇) cm ခန့်နှင့် အနံ (၁၄½) cm ခန့် ရှိပါသည်။ အုတ်ချပ်မျက်နှာပြင်တစ်ဖက်ပေါ်တွင် ဆိတ်ခြေရာလိုလို၊ ချေခြေရာလိုလိုသဏ္ဌာန်တစ်ခု ရှိပါသည်။ စပါးခွံကလေးများကိုလည်း တွေ့ရှိရပါ၏။ အုတ်ရောင်မှာ ခပ်ဖျော့ဖျော့လေးသာ တွေ့ရှိရပါသည်။ ပုံ (၁၉) ဘယ်ဘက်တွင် အနက်ဖြင့် အုတ်ချပ်အထူကို ရေးဆွဲဖော်ပြထားပါသည်။


ပုံ (၂၀) ပုံဆွဲလက်ရာမျာ D6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အုတ်ချပ်အပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအုတ်ချပ်အမြင့် (၅) cm ခန့်၊ အလျား (၂၈) cm ခန့်နှင့် အနံ (၁၅) cm ခန့် ရှိပါသည်။ အုတ်အနားအဖြောင့်မတွေ့ရှိရဘဲ ခပ်ကွေးကွေးလေး တွေ့ရှိရပါသည်။ အုတ်ချပ်မျက်နှာပြင်တစ်ဖက်တွင် ပန်းပွင့်သဏ္ဌာန်လိုလို၊ ခွေးခြေရာလိုလို သဏ္ဌာန်တစ်ခု ချိုင့်၍ပါရှိပါသည်။ ဤအုတ်ချပ်အပိုင်းအစတွင် သဲဖြူပွင့်ကလေးများ တွေ့ရှိရပြီး အုတ်အရောင်ကို ရွှံ့အရောင်အနေဖြင့်သာ တွေ့ရှိရပါသည်။

ပုံ (၂၁) ပုံဆွဲလက်ရာမှာ တူးဖော်မှုကုန်းအမှတ် (HMA.54) ကုန်းမှ တူးဖော်တွေ့ရှိရသော အုတ်ချပ်များထဲတွင် အကြီးဆုံး၊ အရှည်ဆုံး အုတ်ချပ်တစ်ချပ်ကို ကူးယူရေးဆွဲထားသော အုတ်ချပ်ပုံဆွဲ လက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအုတ်ချပ်မှာ အထူအမြင့် (၇) cm ခန့် အလျား (၃၆) cm ခန့်နှင့် အနံ (၁၇½) cm ခန့်ရှိပါသည်။ မူရင်းအုတ်ချပ်တွင်


www.burmeseclassic.com




ပုံ (၂၂)



ပုံ (၂၃)



ပုံ (၂၄)



ပုံ (၂၅)

ထောင့်နှစ်ထောင့်ပဲ့နေပြီး မျက်နှာပြင်တစ်ဖက်တွင် ခြစ်ရာများ ပါရှိပါသည်။ အုတ်ချပ်ပုံဆွဲညာဘက်တွင် အုတ်ချပ်အထူကို အနက်ရောင်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အုတ်အရောင်မှာ လိမ္မော်ရောင်တောက်ပနေပြီး အုတ်မြေသားတွင် သဲဖြူပွင့်ကလေးများ ပါရှိပါသည်။

ပုံ (၂၂) ပုံဆွဲလက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော လက်ရေးထွင်းပါအဝန်းလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော အုတ်ဝန်းချပ်လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ဝန်းချပ်လက်ရာမှာ ပုံဆွဲအထူအမြင့် (၈) cm ခန့်၊ အောက်ခြေအဝန်းအချင်း (၂၄) cm ခန့်နှင့် အပေါ်မျက်နှာပြင်အဝန်းအချင်း (၁၉) cmခန့် ရှိသည်။ အပေါ်မျက်နှာပြင်အဝန်းနှင့် အောက်မျက်နှာပြင်အဝန်း တူညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ အပေါ်မျက်နှာပြင် ကျဉ်းပြီး ထိုမျက်နှာပြင်ပေါ်တွင် လက်ရေးစင်းငါးကြောင်း ပါရှိသည်။ ပွတ်မှောက်ထားသည့် လက်ရေးစင်းသဏ္ဌာန်ကိုလည်း တွေ့ရှိရပါသည်။ ပုံ (၂၂) လက်ဝဲဘက်တွင် အုတ်ဝန်းအထူကို အနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အုတ်အရောင်မှာဖျော့ပြီး သဲဖြူပွင့်တွေ့ရှိရပါသည်။

ပုံ (၂၃) ပုံဆွဲလက်ရာမှာ (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော လက်ရေးစင်းအကြောင်းပါ အုတ်ချပ်အပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်သည်။ မူရင်းအုတ်ချပ်အပိုင်းအစ အထူအမြင့် (၅) cm ခန့်၊ အလျား (၂၄) cm ခန့်နှင့် အနံ (၂၀) cm ခန့် ရှိပါသည်။ အုတ်ချပ်မျက်နှာပြင်တစ်ဖက်တွင် လက်ရေးစင်းကြောင်းနှစ်ကြောင်းနှင့်တစ်ဝက် ပါရှိသည်ကို တွေ့ရှိရသည်။ အုတ်ချပ်မှာ အကောင်းမဟုတ်ဘဲ အပိုင်းအစသာ တွေ့ရှိရပါသည်။ အုတ်ချပ်ပုံဆွဲလက်ယာဘက်တွင် အုတ်ချပ်အထူကို အနက်ရောင်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အုတ်ချပ်အရောင်မှာဖျော့ပြီး သဲပွင့်ကလေးများပါရှိပါသည်။

ပုံ (၂၄) ပုံဆွဲလက်ရာမှာ မြေမီးဖုတ်လက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာဖြစ်သော်လည်း အုတ်ချပ်နှင့်မတူဘဲ ပန်းကန်လုံးမှောက်ထားသည့်ပုံသဏ္ဌာန် တွေ့ရှိရပါသည်။ (HMA.54) D5 ကျင်းမှာတွေ့ရှိရသော လက်ရာတစ်ခုပင် ဖြစ်ပါသည်။ အမြင့် (၁၀) cm ခန့်၊ ထိပ်ဝအချင်း (၅) cm ခန့်နှင့် အောက်ခြေအချင်း (၁၂) cm ခန့်ရှိသည်။ အုတ်ရောင်မှာ ခပ်ဖျော့ဖျော့တွေ့ရှိရပြီး စပါးခွံများပါရှိသည်ကို တွေ့ရှိရပါသည်။ ပုံဆွဲလက်ရာ (၂၄) ညာဘက်တွင် အနက်ဖြင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။

ပုံဆွဲ (၂၅) လက်ရာမှာ (HMA.54) C6 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ကြွပ်ခေါင်မိုးပြား အပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ကြွပ်ခေါင်မိုးပြားအမြင့် (၁၆) cm ခန့်၊ အကျယ် (၁၆) cm ခန့်နှင့် အထူ (၂$\frac{၁}{၂}$) cm ခန့် ရှိပါသည်။ မြောင်းအထူမှာ (၁$\frac{၁}{၂}$) cm ခန့် ရှိပါသည်။ ပုံဆွဲ (၂၅) ညာဘက်တွင် အနက်ရောင်ဖြင့် အုတ်ကြွပ်အထူကို ရေးဆွဲဖော်ပြထားပါသည်။ အုတ်ကြွပ်ပြားမှာ ခုံးခြောက်ခုံးနှင့် မြောင်းငါးမြောင်းပါရှိသည်ကို တွေ့ရှိရပါသည်။

ပုံ (၂၆) ပုံဆွဲလက်ရာမှာလည်း (HMA.54) C6 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ကြွပ်ခေါင်မိုးပြား ခေါင်ချုပ်အပိုင်းအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအုတ်ကြွပ်ခေါင်မိုးပြား




www.burmeseclassic.com


www.burmeseclassic.com

အမြင့် (၁၃) cm ခန့်၊ အကျယ် (၁၆) cm ခန့်နှင့် အထူ (၄) cm ခန့် ရှိသည်ကို တိုင်းတာ တွေ့ရှိရပါသည်။ အုတ်ကြွပ်ခေါင်မိုးပြားအလယ်တွင်ခုံးနေပြီး လက်ဝဲလက်ယာခပ်ကုပ်ကုပ်တွေ့ရှိရပါသည်။ လက်ဝဲ၊ လက်ယာတွင် ကန့်လန့်ဖြတ် မြောင်းလေးမြောင်းနှင့် ခုံးငါးခုံးပါရှိသည်ကို တွေ့ရှိရပါသည်။ ပုံဆွဲဘယ်ဘက်တွင် အနက်ဖြင့် အုတ်ကြွပ်ခေါင်မိုးခုံးအထူကို ရေးဆွဲဖော်ပြထားပါသည်။ အရောင်တောက်ပပြီး ခေါင်ချုပ်အုတ်ကြွပ်ပြားအပိုင်းအစဟု ယူဆရပါသည်။


ပုံ (၂၇)





ပုံ (၂၈)





ပုံ (၂၉)




ပုံ (၃၀)




ပုံ (၃၁)




ပုံ (၂၇) ပုံဆွဲလက်ရာသည် (HMA.54) E6 ကျင်းမှ တူးဖော်တွေ့ရှိရသော သံမယ်နချောင်းကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်း သံမယ်နချောင်းအရှည် (၈½) cm ခန့်၊ သံမယ်နချောင်းခေါင်းအချင်း (၁) cm ခန့်နှင့် အဖျား (½) cm ခန့် ရှိသည်ကို တွေ့ရှိရပါသည်။ လေးမြောင့်အနေအထားသံချောင်းမျိုး တွေ့ရှိရပါသည်။

ပုံ (၂၈) လက်ရာသည်လည်း E6 ကျင်းမှ တူးဖော်တွေ့ရှိရသော သံမယ်နချောင်းကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း သံမယ်နချောင်း အရှည် (၆) cm ခန့်၊ သံခေါင်းအချင်း (၁) cm ခန့်နှင့် အဖျား (½) cm ခန့် ရှိပါသည်။ လေးမြောင့် အနေအထား သံချောင်းမျိုး တွေ့ရှိရပါသည်။

ပုံ (၂၉) လက်ရာ သံချောင်းပုံဆွဲသည် E5 ကျင်းမှ တူးဖော်တွေ့ရှိရသော သံမယ်နချောင်းကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်သည်။ မူရင်းသံမယ်နချောင်း အရှည် (၆½) cm ခန့်၊ သံခေါင်းအချင်း (၂) cm ခန့်နှင့် သံချောင်းအဖျား (½) cm ခန့် ရှိပါသည်။ ဤသံမယ်နချောင်းသည်လည်း လေးမြောင့်ကျအနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၃၀) ပုံဆွဲလက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသောအုတ်ချပ်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ အုတ်ချပ်မှာ လှေကားထစ်ဆင့်လို အထစ်ခုံ၍ပြုလုပ်ထားသည်မှာ ထူးဆန်းလှပါသည်။ သမားရိုးကျအုတ်ချပ်အမျိုးအစားနှင့်မတူဘဲ ထူးဆန်းနေသည်ကို တွေ့ရှိရပါသည်။ မူရင်းအုတ်ချပ်မှာ အလျား (၂၉) cm ခန့်၊ အနံ (၁၆) cm ခန့်နှင့် အထူ (၆) cm ခန့် ရှိပါသည်။ အုတ်ချပ်ပုံဆွဲညာဘက်တွင် အုတ်ချပ်အထူကို အနက်ဖြင့်ရေးဆွဲဖော်ပြထားပါသည်။ ဤအုတ်ချပ်မှာ သဲဆန်ပြီး အရောင်ခပ်ညစ်ညစ် တွေ့ရှိရပါသည်။


ပုံ (၃၁) ပုံဆွဲလက်ရာမှာ (HMA.54) D6 ကျင်းမှပင် တူးဖော်တွေ့ရှိရသောအုတ်ချပ်များကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းအုတ်ချပ်အလျား (၃၂) cm ခန့်၊ အုတ်အနံတစ်ဖက်နှင့်တစ်ဖက်မတူသည်ကို ထူးခြားစွာ တွေ့ရှိရပါ၏။ အနံတစ်ဖက် (၁၅) cm ခန့်နှင့် နောက်တစ်ဖက်




www.burmeseclassic.com

www.burmeseclassic.com


ပုံ(၃၂)




ပုံ(၃၄)




ပုံ(၃၃)




ပုံ(၃၅)



(၉) cm ခန့်ရှိပြီး အထူ (၅½)cm ခန့်ရှိပါသည်။ အုတ်ရောင်မှာ ဖောက်ပနေပြီး လိမ္မော်ရောင်သန်းနေသည်။ အုတ်ချပ်ပုံဆွဲလက်ဝဲဘက်တွင် အနက်ရောင်ဖြင့် အုတ်ချပ်အထူကို ရေးပြထားပါသည်။ မူရင်းအုတ်ချပ်တွင် စပါးခွံများ တွေ့ရှိရပါသည်။

ပုံ (၃၂) လက်ရာသည်လည်း (HMA.54) D6 ကျင်းမှ တူးဖော်တွေ့ရှိရသော အုတ်ချပ်ကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ ဤအုတ်ချပ်မူရင်းလက်ရာသည်လည်း ထူးဆန်းလှပါ၏။ အထစ်ခံကာ အနားတစ်ဖက်ကို ခပ်စောင်းစောင်းခုတ်ထားပါသည်။ အုတ်ချပ်ပုံဆွဲလက်ယာဘက်တွင် အုတ်ချပ်အထူကို အနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မူရင်းအုတ်ချပ် အလျား (၃၀) cm ခန့်၊ အနံအရှည်ဆုံးမှာ (၂၂) cm ခန့်၊ အတိုဆုံးမှာ (၁၅) cm ခန့်ရှိပြီး အုတ်ချပ်အထူ (၆) cm ခန့်ရှိပါသည်။ အုတ်ရောင်ဖျော့ပြီး မူရင်းအုတ်ချပ်တွင် သဲဖြူလုံး၊ သဲဖြူပွင့်များ တွေ့ရှိရပါသည်။

ပုံ (၃၃) လက်ရာမှာ တူးဖော်မှုကုန်းအမှတ် (HMA.54) E5 ကျင်းမှ တူးဖော်တွေ့ရှိရသော အိုးခြမ်းကွဲပုံအစကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၆) cm ခန့်၊ အကျယ် (၄) cm ခန့်နှင့် အထူ (၁½)cm ခန့် ရှိပါသည်။ အိုးခြမ်းကွဲမှာ အပေါ်ပိုင်းထူပြီး အောက်ပိုင်းပါးလွှာသည့် အနေအထားကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပုံ လက်ဝဲဘက်တွင် အိုးခြမ်းကွဲအထူ၊ အပါးကို အနက်ရောင်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။ အိုးခြမ်းကွဲအတွင်းဘက်မျက်နှာပြင်ကို လေးထောင့်ကွက်ကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအရောင်မှာ အတွင်းဘက်မျက်နှာ အုတ်ရောင်ရင့်ပြီး အပြင်ဘက်မျက်နှာ အုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ (၃၄) ပုံဆွဲလက်ရာသည် တူးဖော်မှုကုန်းအမှတ် (HMA.54) E6 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဘဲဥကို နှစ်ပိုင်းပိုင်းထားသည့်သဏ္ဌာန် တွေ့ရှိရပါ၏။ မူရင်းမြေမီးဖုတ်အပိုင်းအစလက်ရာ အမြင့် (၉) cm ခန့်နှင့် အောက်ခြေမျက်နှာပြင်အချင်း (၁၃½) cm ခန့် ရှိပါသည်။ မူရင်းမြေမီးဖုတ်အပိုင်းအစအရောင်မှာ နီညိုရောင်အနေအထားတွေ့ရှိရပြီး သဲဖြူပွင့်၊ သဲနီပွင့်များ တွေ့ရှိရပါသည်။ မြေမီးဖုတ်ပုံဆွဲလက်ရာညာဘက်တွင် အနက်ရောင်ဖြင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။

ပုံ (၃၅) ပုံဆွဲလက်ရာသည်လည်း (HMA.54) E5 ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူ ရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းလက်ရာမှာ အမြင့် (၈½) cm ခန့်၊ အကျယ် (၁၁) cm ခန့်နှင့် အထူ (၂) cm ခန့်ရှိပါသည်။ မူရင်းမြေမီးဖုတ်အရောင်မှာ နီညိုရောင် အနေအထားမျိုး တွေ့ရှိရပါသည်။ သဲဖြူပွင့်ကလေးများလည်း တွေ့ရှိရပါ၏။ အောက်ပိုင်းတွင် မြောင်းလေးမြောင်းပါရှိသည်ကို တွေ့ရှိရပါသည်။ မြေမီးဖုတ်ပုံဆွဲဘယ်ဘက်တွင် အနက်ရောင်ဖြင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ မြောင်းပါသောအောက်ပိုင်းကျိုးပဲ့သွားသည့်အနေအထား တွေ့ရှိရပါသည်။ ဖော်ပြပါလက်ရာများမှာ တူးဖော်၍ ရရှိသော ပျူခေတ်ရှားပါးသောရှေးဟောင်းလက်ရာများ ဖြစ်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက် -**

၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ တူးဖော်မှုအစီရင်ခံစာ
၃။ သိရိပစ္စယာ ဦးမြ (အငြိမ်းစား ကျောက်စာဝန်) ရှေးဟောင်း အုတ်ခွက်ဆင်းတု လက်ရာများ (ဒုတိယတွဲ)



www.burmeseclassic.com

www.burmeseclassic.com

### သီရိဓမ္မာသောကမင်းကြီး၏သာသနာ

ဂေါတမမြတ်စွာဘုရား ပွင့်တော်မူသောကာလသည် လူတို့သက်တမ်း (၁၀၀) တွင် ရှိလေသည်။ ဤဘဒ္ဒကမ္ဘာတွင် အခြားဘုရားတို့သည် သက်တမ်းရှည်သောကာလတွင် ပွင့်တော်မူလေသည်။ ဘုရားရှင်တို့သည် သက်တမ်းကုန်ဆုံး၍ ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူသည့်အခါ ရူပကာယတော် ရုပ်ခန္ဓာကိုယ်သည် တေဇောဓာတ်လောင်ကျွမ်း၍ အဆုံးစွန်သောရုပ်ဓာတ်အဖြစ် ဓာတ်တော်များ ကြွင်းကျန်ရစ်ခဲ့ပြီး လူတို့၏ ကိုးကွယ်ပူဇော်ရာဓာတုစေတီများအဖြစ် တည်ရှိခဲ့ကြလေသည်။

သက်တမ်းတော်ရှည်သော ဘုရားရှင်တို့၏ ဓာတ်တော်များသည် ရွှေတုံးကြီးကဲ့သို့ မကွဲမပြား တစ်စုတစ်ခဲတည်း ကြွင်းကျန်တည်ရှိနေကြကုန်၏။ အသမ္ဘိန္နဓာတ်တော်များဟု ခေါ်တွင်လေသည်။ သက်တမ်းတိုသောကာလတွင် ပွင့်တော်မူသော ဂေါတမဘုရားရှင်၏ဓာတ်တော်များကား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အရှည်သဖြင့် နေရာဒေသအနှံ့အပြား ပူဇော်နိုင်ကြစေရန် အဓိဋ္ဌာန်ပြုတော်မူခဲ့

# သီရိဓမ္မာသောကမင်းကြီးသာသနာမှသည်
# စကားတာခေါင်မွေတော်ဘုရားကြီးသို့

ခင်ခင်ဝင်း(မောရဝတီ)



ကျောင်းတော်မှဘုရားကြီး ဦးခေါင်းအနီးမှ ပူဇော်နေသော နတ်သားများ



ကျောင်းတော်မှဘုရားကြီး ခြေတော်ရင်းမှ ပူဇော်နေသူများ






www.burmeseclassic.com

www.burmeseclassic.com


သည့်အတိုင်း အစိတ်စိတ်အမြွာမြွာ ကွဲပြား၍တည်ရှိသော သမ္ဘိန္နဓာတ်တော်များအဖြစ် ကြွင်းကျန်ရစ်ကုန်၏။

ဂေါတမဘုရားရှင်၏ ဓာတ်တော်တို့တွင် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ စုစုပေါင်း (၇) ဆူကုန်သော ဓာတ်တော်တို့သည် မပြိုမကွဲ တစ်စုတစ်ခဲတည်းတည်ရှိသော အသမ္ဘိန္နဓာတ်တော်တို့ ဖြစ်ကုန်၏။ အရွယ်အစားမှာ အစိတ်စိတ်ကွဲ ဓာတ်တော်တို့မှာ အငယ်ဆုံး မုန်ညင်းစေ့၊ အလတ်စားဆန်ကျိုးပိုင်းခန့်၊ အကြီးဆုံး ပဲနောက်စေ့တစ်ခြမ်းခန့် ရှိကုန်၏။ အဆင်းအားဖြင့် မြတ်လေးငုံအဆင်း၊ ပုလဲအဆင်း၊ ရွှေအဆင်းရှိကုန်၏။


ဗုဒ္ဓရှင်တော်ဘုရား ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူလေပြီဟု ကြားသိကုန်သော



စကားတာခေါင်မွေတော်ဘုရားကြီး အနီးကပ်မြင်ကွင်း



ဘုရားကြီး၏သံတံခါးအပြင်ဘက် ကနုတ်မှန်စီပန်းဆွဲအလှများ



စကားတာခေါင်မွေတော်ဘုရားမြောက်ဘက်မြင်ကွင်း




လေးမျက်နှာဘုရားမြို့ပျက်စဉ် ထွက်ပေါ်လာသော ဆုတ်ခွက်ဘုရားကြီး



ဂူပေါက်ပိတ်ထားသော လိုဏ်ဂူဘုရားကြီး



ကျောင်းတော်မှဘုရားကြီးကျောဘက် ဘုရားကြွသာပုံ



စကားတာခေါင်မွေတော်ဘုရားမုခ်ဝ လှေပေါ်မှမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် ခုနစ်ပြည်ထောင်မင်းတို့သည် ကုသိနာရုံပြည် မလ္လာမင်းတို့ထံမှ ဓာတ်တော်များမရလျှင် စစ်ခင်းတိုက်ခိုက်ယူမည်ဟု အရေးဆိုကြကုန်လေသည်။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်းလုံးရှိသောမင်းတို့၏ အများအားဖြင့် ဆရာဖြစ်ခဲ့ဖူးသောဒေါဏပုဏ္ဏားကြီးက စေ့စပ်စကားသဘောထားခြင်း ညီညွတ်စေသောစကားရှည် စကားလုံးရေ (၁၆၀၀)ခန့်ဖြင့် အဘိဓာယာချေင်စွာပြောကာ ဆုံးမဩဝါဒပေးပြီး ဓာတ်တော်များဝေခြမ်းရေးကို သဘောတူ ကြည်ဖြူစွာဖြင့် လိုက်နာဆောင်ရွက်ကြလေသည်။ ကုသိနာရုံပြည် မလ္လာမင်းနှင့် အညီအမျှ ရှစ်စုခွဲ၍ ဓာတ်တော်တို့ကို ဝေခြမ်းပေးလိုက်လေသည်။ စွယ်တော်မြတ်လေးဆူကို သိကြားမင်းက စူဠာမဏိစေတီတော်၌ တစ်ဆူ၊ လက်ယာအောက်စွယ်တော်ကို နဂါးပြည်အလယ်ပိုင်း ရတနာစေတီတွင် တစ်ဆူ၊ လက်ဝဲအထက် စွယ်တော်ကို ဂန္ဓာရတိုင်းတွင်တစ်ဆူ၊ လက်ဝဲအောက်စွယ်တော်ကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ)တွင်တစ်ဆူ အစဉ်အဆက်ကိုးကွယ်ခဲ့ကြလေသည်။


နဖူးသင်းကျစ်တော်သည် ဗြဟ္မာ့ပြည်တွင် တည်ရှိသည်။ လက်ယာညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ထူပါရုံစေတီတော်တွင် တည်ရှိသည်။ လက်ဝဲညှပ်ရိုးတော်သည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မဟိယင်္ဂဏစေတီတွင် တည်ရှိသည်။

ကျန်သော ဓာတ်တော်များကို ရှစ်ပြည်ထောင်မင်းတို့သည် စေတီရှစ်ဆူတွင် အသီးသီးဌာပနာပြုတည်ထားကိုးကွယ်ကြလေသည်။ ရှင်မဟာကဿပသည် ဓာတ်တော်များနှင့် ပတ်သက်၍ နောင်အခါ အန္တရာယ်ရှိမည်ကိုသိတော်မူသောကြောင့် အဇာတသတ်မင်းနှင့် တိုင်ပင်၍ ရာဇဂြိုဟ်ပြည် အရှေ့တောင်ထောင့်ကုန်းမြင့်ရာအရပ်၌ တစ်နေရာတည်းမှာပင် တစုတပေါင်းတည်းထား၍ ဌာပနာရန် ဓာတ်တော်များကို တန်ခိုးတော်ဖြင့် ပင့်ဆောင်၍ အဇာတသတ်မင်းစိုးစံရာ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့်အရပ်ကုန်းမြင့်နေရာတွင် အများမသိအောင် ကြီးကျယ်ခိုင်ခံ့စွာတည်ထား ဌာပနာလေသည်။ လူအများတို့ကား သာဝကရှစ်ကျိပ်တို့၏ စေတီများကို တည်ထားသည်ဟုသာ သိစေတော်မူလေသည်။

သာသနာနှစ် ၂၁၈ ခုနှစ်တွင်


အင်းဘေးဖောင်တော်ဦးဘုရား


ကျောင်းတော်မှဘုရားကြီးတန်ဆောင်းဗိမာန်


ကျောင်းတော်မှဘုရားကြီးပုံတော်


ပြိုပျက်သောစေတီများမှဘုရားများ (ဌာပနာတော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားများစွာရှိသော ဂူဝရာဘုရားများ



စကားတာခေါင်မွေတော်ဘုရားကြီး၏ခေါင်းလောင်းထိပ်စီးယန်းပု



စကားတာခေါင်မွေတော်ဘုရားကြီး၏ပလ္လင်တော်အခြယ်အသ
မှန်စီရွှေချနှင့် ကျောက်မျက်ရတနာများ



စကားတာခေါင်မွေတော်ဘုရားကို လှေပေါ်မှ လှမ်းမြင်ရပုံ



လိုဏ်ဂူဘုရားကြီး၏
အပြင်လိုဏ်ဂူဘုရားနှင့် ရင်ပြင်တော်

သီရိဓမ္မာသောကမင်းကြီးသည် ထိုဓာတ်တော်များကို ရှာဖွေတူးဖော်၍ ဇမ္ဗူဒိပ်ကျွန်းတွင်ရှိသော (၈၄၀၀၀) သော မြို့နိုင်ငံတို့တွင် (၈၄၀၀၀) သော စေတီတော်တို့ကို မြတ်စွာဘုရား၏ ဓာတ်တော်များ ဌာပနာသွင်းစေ၍ တစ်ပြိုင်နက်တည်း တည်ထား ကိုးကွယ်စေခဲ့သည်။ ဤသို့ (၈၄၀၀၀) သော မြို့နိုင်ငံများသို့ စေတီပေါင်း (၈၄၀၀၀) တည်ထား သာသနာပြုနိုင်ရန် သီရိဓမ္မာသောကမင်းကြီးသည် တတိယသင်္ဂါယနာတင်ပြီး ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရှင်မဟာမောဂ္ဂလိပုတ္တတိဿရဟန္တာမထေရ်မြတ် ဦးဆောင်သော ရဟန်းတော်ပေါင်း (၁၀၀၀)ပါဝင်သော သံဃာအဖွဲ့အစည်းတွင် ဈာန်အဘိညာဉ်ရရဟန္တာပုဂ္ဂိုလ်တို့အား ရွေးချယ်၍ သာသနာပြုစေပါသည်။ သရီရဓာတ်မွေတော်များ ဌာပနာသွင်းပြီး စေတီဘုရားများ တည်ထား ကိုးကွယ်ခြင်း၊ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်များစိုက်ပျိုးခြင်း၊ ရေတွင်းပေါင်း (၈၄၀၀၀)၊ ရေကန်ပေါင်း (၈၄၀၀၀)၊ ကျောင်းပေါင်း (၈၄၀၀၀) ဆောက်လုပ်ခြင်းတို့ ပါဝင်ကြပါသည်။

အသောကမင်းတရားကြီး သာသနာပြု ကိုးတိုင်းကိုးဌာနနှင့် သာသနာပြုပုဂ္ဂိုလ်များမှာ -


၁။ မဇ္ဈန္တိကမထေရ်နှင့် လေးပါးအား ကသ္မီရဂန္ဓာရတိုင်းသို့ (အာဖဂန်နှင့် စတန်နိုင်ငံ)

၂။ မဟာဒေဝထေရ်နှင့် လေးပါးအား



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစေတီပြိုပျက်များမှ ဌာပနာများ



သုမေဓာတန်ဆောင်းမှ ရုပ်လုံးအပြည့်အစုံ



သုမေဓာတန်ဆောင်းမှ ပဓါ (၂) စ အနောက်ဘီချ၍ ဆွမ်းလောင်းရန်စောင့်နေဟန်



သုမေဓာဘုရားတန်ဆောင်းမှ ရုပ်တု

မဟိံသမဏ္ဍလတိုင်းသို့ (မိုက်ဆိုးပြည်နယ်)

၃။ ရက္ခိတမထေရ်နှင့် လေးပါးအား ဝနဝါသီတိုင်းသို့ (ကနွဒပြည်နယ်)

၄။ ယောနက ဓမ္မရက္ခိတအား အပရန္တကတိုင်း (မြောက်ပိုင်းဂူဂျရက်နှင့် သိန္ဓုနယ်)

၅။ မဟာရက္ခိတမထေရ်နှင့် အဖွဲ့အား ယောနကတိုင်း (ဂရိပါသီယန်တူရကီနိုင်ငံ)

၆။ မဟာဓမ္မရက္ခိတမထေရ်နှင့် အဖွဲ့အား မဟာရဋ္ဌတိုင်း (ဘုံဘေနယ်)

၇။ မဇ္ဈိမထေရ်နှင့် လေးပါးအား (ဟိမဝန္တာ)

၈။ သောဏမထေရ်နှင့် ဥတ္တရမထေရ်နှင့်အဖွဲ့အား သုဝဏ္ဏဘူမိ (မြန်မာ၊ ထိုင်း စသော အရှေ့တောင်အာရှဒေသ)

မြန်မာပြည် သုဝဏ္ဏဘူမိ သထုံပြည်သို့ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ ဦးဆောင်သောအဖွဲ့သည် သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုတောင်းပန်စေလွှတ်မှုကြောင့် မြတ်စွာဘုရား၏ ဓာတ်တော်များပင့်ဆောင်လာပြီး စေတီများ တည်ထားကိုးကွယ်ကြလေသည်။

**ရှမ်းပြည်နယ် တောင်ကြီး အင်းလေးတစ်ခွင်သာသနာဝင်**

မြန်မာပြည် သုဝဏ္ဏဘူမိ သထုံပြည်သာသနာသို့ ရှင်သောဏမထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့၏ သီရိဓမ္မာသောကမင်းကြီး၏စေတီပေါင်း(၈၄၀၀၀) သာသနာကို သထုံနယ်တစ်လွှားတွင် ပြုခဲ့ကြောင်း သက်သေအထောက်အထားများရှိသကဲ့သို့ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရား၊ သမိုင်းဝင် ရွှေအင်းတိန်မြတ်စွာဘုရားကြီးတို့၏သမိုင်းအကျဉ်းတို့တွင် ပါဠိလိပုဏ္ဏ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီး၏သာသနာဟု ဖော်ပြထားသလို ရှင်သောဏမထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့၏ ကျေးဇူးတရားဟု အတိအကျ ရေးသား ဖော်ပြထားပါသည်။

ကျောက်စာအဖြစ်ထပ်ဆင့်ပြုပြင်ကြသောမင်းများစာရင်းမှာ ပုဂံခေတ်အနော်ရထာမင်း၊ အလောင်းစည်သူမင်း၊ မိုးညှင်းမင်းတရားကြီး၊ မင်းရဲကျော်စွာမင်းခေါင်နှင့် ဆင်ဖြူရှင်မင်းအထိ မြန်မာမင်းအဆက်ဆက် ထပ်ဆင့်ပြုလုပ် လှူဒါန်းခဲ့ကြကြောင်းနှင့် တန်း



www.burmeseclassic.com

www.burmeseclassic.com

ဘောင်ခေတ်တွင် ဘုန်းတော်ဘုရား ထပ်ဆင့်ပြုပြင်သည်ဟုဖော်ပြထားသည်။

**အင်းလေးဒေသသို့ ဘုရားဖူးအလှူတော် ခရီး**

အင်းလေးဒေသသို့ ဘုရားဖူး အလှူတော် ဆရာတော်ကြီးများအား သံဃာပါမြွှင်း အင်းလေးဒေသကျောင်း အသီးသီးသို့ အလှူတော်များအပြင် အင်းလေးဒေသ ဘုရားစေတီများသို့ သွားရောက်ဖူးမြော်မည့်အကြောင်း ဖုန်းဖြင့် ဆက်သွယ်ဖိတ်ခေါ်ခြင်းကို ၂၀၁၃ ခု ဒီဇင်ဘာလ၏ ပထမပတ်မှာ ရောက်ရှိလာပါသည်။ အင်းလေးနယ်တစ်လွှား မှဘုရားများ အစုံအလင်ဖူးရမည်ဟု လည်း သိရ၏။ (၁၅) ရက်ခန့် ကြိုတင်၍ ဖိတ်ကြားလာသဖြင့် အင်းလေး ဘုရားများမှာ သိရှိမမှာသောကမင်းကြီး နှင့် အလောင်းစည်သူမင်းကြီးတို့၏ သာသနာမှတ်တမ်းများကို အထက် ဖော်ပြပါအတိုင်း ကြိုတင်လေ့လာမှတ် သားထားလိုက်ပါသည်။

ကျွန်မသည် မြန်မာပြည်တစ်လွှား တွင်ရှိသော တန်ခိုးကြီးဘုရားများ၏ အကြောင်းစာအုပ်များကို စုဆောင်း၍ အာရုံပြု ပူဇော်နေရသူ ဖြစ်သည်။ အား လုံးသောဘုရားများသို့ ကိုယ်တိုင်ကိုယ် ကျ သွားရောက်၍ ဖူးမြော်လိုသော် လည်း မသေးလှသောစရိတ်စကများကို မတတ်နိုင်သောကြောင့်လည်း ဖြစ်ပါ သည်။ အင်းလေးဘုရားစုံခရီးသို့ ရင်ခုန် စွာနှင့် စောင့်မျှော်ရင်း အင်းလေးတစ် လွှားရှိ ထင်ရှားကျော်ကြားဘုရားများ၏ စာအုပ်အသီးသီးမှ မှတ်သားစရာများကို



လိုဏ်ဂူဘုရားကြီးရှေ့မှ
ပုဆစ်တုပ်ကန်တော့နေဟန် နဂါးရုပ်တုများ



လိုဏ်ဂူဘုရားကြီးရှေ့မှရုပ်တု



လိုဏ်ဂူဘုရားကြီးရှေ့မှရုပ်တု



လိုဏ်ဂူဘုရားကြီးရှေ့မှရုပ်တု



သုမေဓာတန်ဆောင်းမှ ဂဠုန်မင်း၏ပူဇော်နေဟန်ရုပ်တု




လိုဏ်ဂူဘုရားကြီးရှေ့မှ
ပုဆစ်တုပ်ကန်တော့နေဟန် နဂါးရုပ်တုများ



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားကြီး

မှတ်သားပြီးနောက် ၁၉-၁၂-၂၀၁၃ နေ့တွင် စုရပ်ဖြစ်သော ပဲခူးမြို့ ဒုတိယဗိုလ်မှူးကြီးတင်လှိုင် (ငြိမ်း)၊ ဒေါ်ခင်မြင့်အိမ်သို့ မော်လမြိုင်မြို့မှ စတင်ထွက်ခဲ့ပါတော့သည်။ မြောက်ပြန်လေတသည်းသည်း၊ နှင်းမှုန်တွေတဖွဲဖွဲနှင့် ချမ်းအေးလှသော ဆောင်းဥတုကိုမမှုဘဲ ကုသိုလ်ပြုသူတို့ရှိတုန်း သွားခွင့်ကြုံခဲ့သော ဘုရားဖူးအနေအထားမှာ မှတ်သားစရာများ သေချာမှတ်သားကြားနာရန် အားခဲထိုက်ရပါတော့သည်။

**အလောင်းစည်သူမင်း ဖောင်တော်ချည်ကျောင်းတော်ဆိုက်သို့**

၂၀-၁၂-၂၀၁၃ နံနက်စောစောမှာ ပဲခူးမြို့မှ ရန်ကုန်မြို့ နီပေါ-မြန်မာ ဒီလရှင်ဆရာကြီးနှင့်အဖွဲ့ကို ဝင်ခေါ်ပြီး ဓမ္မယည်တော်ရှိ အလှူရှင်များဖြစ်ကြသော ဗိုလ်မှူးအေးချို (ငြိမ်း)၊ ဒေါ်နွယ်နီမြိုင်တို့အိမ်သို့ ရောက်ရှိပြီး နောက်နေ့နက်မှာ လူ (၃၂) ဆံ့သော ကားပေါ်မှာ (၂၀) ယောက်သာပါဝင်သော အင်းလေးအလှူတော်အဖွဲ့ စတင် အောင်ပန်းမြို့သို့ ထွက်ခွာလာပါတော့သည်။


အနွေးထည်အထပ်ထပ်၊ လည်ပင်းပေါ်ပါ ရစ်ပတ်၍ အနွေးဓာတ်လွှမ်းခြုံထား အစုံစုံသော ရှုမျှော်ခင်းများကို ရင်ခုန်ကာမရာဖြင့် မှတ်သားထားလိုက်ပါသည်။ အောက်ပြည်အောက်ရွာနှင့် မတူကွဲပြား ခြားနားသော မြင်ကွင်းများကသည်း တအားကို စိတ်လှုပ်ရှားခံစားစေသောရသကို ပေးနေကြလေသည်။ ထိုသောအလွန်တစ်ဘူတာ သီချင်းထဲကမြို့လားမသိ၊ အောင်ပန်းကို ရောက်ပါ




အင်းလေးတစ်ခွင်မှဆရာတော်ဘုရားကြီးများ(ဖောင်တော်ဆိုက်ကျောင်းအလှူတော်)



ဖောင်တော်ဦးဘုရားရှေ့စိန်နဲ့မြကျောင်းမှာ အရုဏ်ဆွမ်းကပ်လှူပုံ



တိုင်လုံးကြီးထိပ်နှင့် ဘုရားရှေ့မှန်စီရွှေချကနုတ်အလှများ




တိုင်လုံးကြီးထိပ်နှင့်မျက်နှာကြက်

www.burmeseclassic.com



အင်းလေးတပ်ခွင်သို့ အလှူရှင်နှင့် အဖွဲ့ဝင်များ



စကားတာခေါင်မွေ့တော်ဘုရားများမြေပုံ



ရေပြင်ကျယ်ကြီးနှင့် စကားတာခေါင်မွေ့တော်ဘုရားသို့အလာ

ပြီ။ ကဒလောမြို့နှင့် အောင်ပန်းကိုရောက်ပါပြီ။ ကလောမြို့နှင့် အောင်ပန်းမြို့က မိနစ် (၂၀) ခန့်သာ မောင်းရပါသည်။ ထင်းရှူးမြို့တော်များဖြစ်သည်နှင့်အညီ ရှမ်းကုန်းပြင်မြင့်၏ ပသာဒများနှင့်အတူ ထင်းရှူးရနံ့များကို ထူးခြားစွာ ခံစားရပါသည်။

ညောင်ရွှေမြို့နယ် အင်းတိန်မြို့ ဖောင်တော်ဆိုက်ကျောင်းမှ ဆရာတော် ဦးကုသလနှင့်အဖွဲ့မှ ကားနှစ်စီးဖြင့် လာကြိုပါသည်။ ရှမ်းအိုးစည်များ မြိုင်မြိုင်တီး၍ ရှမ်းပအိုဝ့်ရိုးရာဝတ်စုံများ ဝတ်ဆင်လာကြသည်မှာ အမြင်ဆန်းရှင်လန်းစေပါသည်။ အောင်ပန်း ချမ်းမြေ့လက်ဖက်ရည်ဆိုင် ဒေါ်မြင့်မြင့်တင်အိမ်တွင် နံနက်စာ ထမင်းစားပြီး ခေတ္တအနားယူကြပါသည်။ နံနက်စာဖြင့် ကျွေးမွေးဧည့်ခံသော ဒေါ်မြင့်မြင့်တင်လည်း အတူလိုက်ပါပြီး အဖွဲ့ဝင်အားလုံး ခရီးထွက်ရန် ကားပေါ်ထိုင်မိသောအခါ လာကြိုသော ဦးပဥ္စင်းမှစကားလာပြောပါသည်။

"အောင်ပန်းနဲ့ ဖောင်တော်ဆိုက်ကျောင်းက (၂၄) မိုင် ဝေးပါတယ်။ နိုင်ငံခြားဧည့်သည်တွေကတော့ ကလောလွန်တာနဲ့ အားလုံးလမ်းလျှောက်ပြီး တောင်ပေါ်ရှုခင်းအလှများကို ကြည့်ရှုခံစားပြီး တစ်ညအိပ်ခရီးဖြင့် အတွေ့အကြုံယူကြပါတယ်။ ကားကိုပြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com

ပဲမောင်းသွားပြီး ရှုခင်းတွေကြည့်ကြပေါ့"

ဟု ပြောပြပါသည်။

ရွှေဆုံးမှနေ၁ ဆိုင်ကယ် (၃) စီး သာသနာ့အလံများလွှင့်၍ ဦးဆောင်သွားပါသည်။ ရှမ်းအိုးစည်တီးရှမ်းပအိုဝ့်မိုးရာယဉ်ကျေးမှုအဖွဲ့က ကားနှင့် အိုးစည်သံများနှင့်အတူ စိတ်ကြည်နူးစွာ ကျွန်မတို့၏ အလှူရှင်ကားကလိုက်ရပြီး လာကြသော ဘုန်းတော်ကြီးကားက နောက်ဆုံးမှလိုက်လာပါသည်။

ယခင်က ဤလမ်းခရီးသည် လုံခြုံရေးမရှိသော အနက်ရောင်နယ်မြေ ဖြစ်ခဲ့ပြီး ယခုအခါမှာတော့ ငြိမ်းချမ်းနေလေပြီ။ ဘေးပတ်ဝန်းကျင်မှ ရှုခင်းများကို သတိထားကြည့်သွားတဲ့အခါမှာတော့ တောင်ပေါ်တောင်တန်းတွေက စိမ်းညို့ညို့၊ စိမ်းနုနု၊ စိမ်းဝါဝါရောင်စုံဖြာနေသော မြေနီ၊ မြေဝါစိုက်ခင်းစိုက်ကွက်များ ဂေါ်ရခါးချင်း၊ မုန်ညင်း၊ မုန်လာ၊ ပဲ၊ ကောက်ညှင်းများအပြင် ပန်းဒေါင်းစုံစိုက်ခင်းတို့၏ သင်းရနံ့နှင့် မြင်ကွင်းအလှများက ကျကျနန ဆီးကြိုနေကြလေသည်။ စာဖွဲ့လို့မမီသောသဘာဝ အနုကိုကားများကိုခံစားရင်း အလောင်းစည်သူမင်း၏ ဖောင်တော်ချည်၊ ဖောင်တော်ဆိုက်ဘုရားများတည်ရှိရာ ဖောင်တော်ဆိုက်ကျောင်းသို့ ရောက်ရှိလာပါတော့သည်။

**ဘီလူးချောင်းကြီးက ဒီကစသတဲ့**

ရွှေအင်းတိမ်မြို့ ရွှေအင်းတိန်အရပ်မှာ ရေဆိပ်၊ လှေဆိပ်ကလေးကို တွေ့ရသည်။

"အဲဒါ ဘီလူးချောင်းအစပဲ။ ဒီမြစ်ချောင်း အင်းလေးကန်ထဲကို စီးဝင်သွားပြီး ကလောပြည်နယ် လွိုင်ကော်မြို့မှာ ဘီလူးချောင်းအဖြစ်သွားပြန်ပေါ်တာ"

ဆရာတော်ပြောပြသော ဘီလူးချောင်းကို တအံ့တသြကြည့်မိသည်။ ဖောင်တော်ချည်ဘုရားကို သွားဖူးတော့လည်း မြေနီလမ်းကွေးလေးအတိုင်း နောက်တိုင့်ကြည့်လိုက်တော့ မြေနီလမ်းလေးအတိုင်း မြစ်ရေက ဖောင်တော်ချည်ဘုရားကို ဦးတိုက်စီးဆင်းနေသည်။ ဪ - အလောင်းစည်သူမင်းကြီး၏ ဖောင်တော်က ဒီနေရာမှာ ကြိုးချည်ရပ်နားပြီး ဖောင်တော်ချည်ဘုရားတည်ခဲ့တာတိုးလို့ မျှော်တွေးကြည့်မိလိုက်ပါသည်။

**ဖောင်တော်ဆိုက် ဘုရားကျောင်းမှာ အလှူမင်္ဂလာ**

ဖောင်တော်ဆိုက်ကျောင်းနယ်မြေက သက်သတ်လွတ်နယ်မြေ ဖြစ်သည့်အတွက် သက်သတ်လွတ်ဟင်းလျာများကို တောင်ကြီးမြို့မှ တောင်ကြီးကဖေးဝင်းလိုက်မုန့်ဆိုင်မှ ဒေါ်နီခင်၊ ဒေါ်စောခင်၊ ဒေါ်နန်းစိန်၊ ဒေါ်နန်းဖောင်၊ ဒေါ်နီတင်တို့နှင့်အတူ ရွာခံများ ပူးပေါင်းချက်နေကြလေသည်။ နောက်နေ့နံနက်မှာတော့ ဆရာတော်ဘုရားကြီး (၃) ပါး၊ သိမ်ထပ်မင်္ဂလာနှင့် အလှူရှင်တို့၏အလိုတော်ပြည့်ဘုရားများ အနေကဇာတင်ခြင်း၊ အင်းလေးတစ်ခွင်ရှိ ပင့်သံဃာ (၄၅) ပါးတို့အား လှူတန်းဆွမ်းကပ်မင်္ဂလာနှင့် ဒေသခံများအား ကျွေးမွေးဧည့်ခံပါသည်။


နောင်အင်းလေး၏ အင်းလျားဆရာတော် ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ရှမ်းပြည်နယ် သံဃာ့နာယက ဥက္ကဋ္ဌ အရှင်ဓမ္မဝရဆရာတော်မှ ဟောကြားပေးပါသည်။

- *ဘုရားကိုးကွယ် တန်ခိုးကြွယ် အပါယ်မကျ နိဗ္ဗာန်ရ။ တရားကိုးကွယ် ပညာကြွယ် အပါယ်မကျ နိဗ္ဗာန်ရ။ သံဃာကိုးကွယ် ဥစ္စာကြွယ် အပါယ်မကျ နိဗ္ဗာန်ရ။*

အလှူတော်ဘုရား (၂၀၁) ဆူကို အကြောင်းပြုပြီး တရားရေအေးတိုက်ကျွေးတော်မူပါသည်။ ရေစက်ချတရားနာအလှူတော်ပွဲကြီး ပြီးစီးသွားသောအခါ ဆရာတော်ကြီး အသီးသီးတို့သည်လည်း အင်းလေးဒေသအသီးသီး ကျောင်းများသို့ ပြန်ကြွကုန်လေသည်။

**အင်းလေးရေပြင်တစ်လွှား ဘုရားများဆီသို့**

အလှူရှင်များသည် အင်းလေးဒေသ၏ ဘုရား၊ ကျောင်းတို့၏ ဒကာရင်းများဖြစ်သည့်အားလျော်စွာ စက်လှေတစ်စီးကို အပြီးငှားပြီး ကျွန်မတို့အဖွဲ့ကို တင်ဆောင်၍ အင်းလေးဖောင်တော်ဦးဘုရားကို ဦးတိုက်ဖူးမြော် တည်းခိုဗဟိုပြုရန် ထွက်ခွာလာလေတော့သည်။ ဖောင်တော်ဦး စိန်နဲ့မြကျောင်းဆရာတော်၏ဩဝါဒကိုခံယူ၍ ဗုဒ္ဓသာသနာထိန်ထိန်လင်း ကျောင်းတော်ကြီးမှာ တည်းခိုကြပြီး အင်းလေးပတ်လည် (၁၃၆) ရွာမှ တန်ခိုးကြီးဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်များသို့ နေ့စဉ်



သွားရောက်ဖူးမြော်ကြလေသည်။ နံနက်လေးနာရီမှာ ဖောင်တော်ဦးဘုရားများအား ဆွမ်းကပ်ခြင်း၊ ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ပြီး ဖောင်တော်ဦး စိန်နဲ့မြကျောင်းသံဃာတော်များ ဆွမ်းစာပ်လှူကြပြီး အင်းလေးထုံးစံအတိုင်း နံနက်စောစော ထမင်းစားသောက်ကြသည်။ ပြီးလျှင် လှေပေါ်တက်၍ ဘုရားဖူးထွက်ကြရာ အိပ်ချိန်မှပြန်ရောက်သည်မှာ နိစ္စဓူဝဖြစ်ပါတော့သည်။

**ထူးထူးခြားခြား ရှေးလက်ရာများနှင့် စကားတာခေါင်မွေ့တော်ဘုရား**

တစ်နေ့ကို ဘုရားဖူးဘုရား (၃)ဆူခန့်၊ ကျောင်း(၃)ကျောင်းခန့် နေ့စဉ်သွားဖူးကြပါသည်။ ထူးထူးခြားခြား ဦးဦးဖြားဖြား သူရဇ္ဇပရိတ်သတ်များကို ရေးသားမျှဝေခြင်သော ဘုရားကား နောက်ဆုံးနေ့မှာ မမေ့နိုင်အောင် အဝေးကြီးသွားရသော စကားတာခေါင်မွေ့တော်ဘုရား ဖြစ်ပါသည်။ ကမ်းမမြင်လမ်းမမြင် ရေပြင်ကျယ်ကြီးကို ဖြတ်ကျော်သွားရသည်မှာ အင်းလေးဒေသ၏ အမှတ်တရပင်။ ရေပေါ်အိမ်တွေလည်းမရှိ၊ ဗေဒါကျူတော ရေမျှောစိုက်ခင်းတွေလည်းမရှိ။ စိမ်းညိုနက်မှောင်သော ရေပြင်ကျယ်ကြီးက နက်ရှိုင်းမှုကို ဖော်ပြနေသည်။ နေ့စဉ်သွားဖူးခဲ့ရသောဘုရားများကား ဖောင်တော်ဦးဘုရားအနီးအနားမို့ ရေပေါ်အိမ်တွေ၊ ဗေဒါကျူတော ရေမျှောစိုက်ခင်းတွေနှင့် လမ်းကျဉ်းသမ်း



www.burmeseclassic.com

www.burmeseclassic.com

ကြားမှာသာ စက်လှေနှင့်သွားနေရသဖြင့် ဒီနေ့ခရီးက တစ်မူထူးခြားနေပေသည်။ ပြာနုနုမိုးကောင်းကင်အောက်မှာ နုထဲ ပြာရောင်ရေပြင်ကျယ်ကြီးနှင့် အလွှားအသာလေးများ ရေဒူးရာဖြင့် စက်လှေက ရေကြောင်းမှာတက်သွားသည်။ တော် သေးသည်။ နိုင်ငံခြားသားတစ်ဦးနှင့် စကားပြန်တစ်ဦးပါသော စက်လှေတစ် စီးပေါ်လာပြီး လမ်းမှားနေကြောင်း လက်ဖြင့် အချက်ပြ ဦးဆောင်ခေါ်သွား ပါသည်။

**ရောက်ပါပြီ စကားတာခေါင် မွေတော် ဘုရားဆီ**

အဝေးက လှမ်းမျှော်ကြည့်လိုက်တော့ တောင်ပြာတန်းကြီးကို နောက်ခံပြုပြီး စေတီနှစ်ဆူက ရေထဲမှ ထီးထီးကြီးပေါ်နေပြီး ခြသေ့်နှစ်ကောင်ဟိန်းဟောက်နေဟန် စောင်းတန်းရှည်ကြီးနောက်မှာ ဘုရားအဆူဆူတို့၏ တည်နေဟန် ရှုခင်းကို လှေပေါ်မှ အမိအရ ဓာတ်ပုံရိုက်လိုက်ရပါသည်။

စောင်းတန်းအဆုံးကို ဝင်လိုက်သည်နှင့် စကားတာခေါင် မွေတော်ဘုရားကို ရှေးလက်ရာ အစုံအလင်နှင့် ဖူးမြင်လိုက်ရပါတော့သည်။ သံပန်းတံခါး အလှအပများနှင့် ဘုရားကြီးကို ဖူးမြင်နိုင်ရုံ ခပ်ဟဟလေးဖွင့်ထားသည်ကို မှတ်တမ်းပြုရိုက်လိုက်ရပါသည်။ မြင်ကွင်းထင်းထင်းဖြစ်အောင် ဂေါပကလူကြီးကို တံခါးနည်းနည်းထပ်ဖွင့်ခိုင်းရသည်။ ဖူးလို့မဝ သပ္ပာယ်လွန်းလှသော ဘုရားကြီးကို ရှေးလက်ရာ ပလ္လင်၊ အနွယ်အတက် ပန်းကနုတ် မျက်နှာကြက်အပြောက်အမွမ်း၊ မှန်စီရွှေချအလှအပအဆင်တန်ဆာ၊ အခြံအရံတွေက ဘုရားကြီးကို ထူးထူးခြားခြား ပနာတင့် ဝင့်ထည်စေပါသည်။ ဝင်းမှည့်အိနေသော ရွှေအဆင်း၊ လင်းလက်သော ပလ္လင်အခင်းအကျင်းမှာ ဖြူပြာပုလဲရတနာအစုံအလင်နှင့် တန်ဖိုးကြီးမား ပူဇော်ထားလေသည်။ ဘုရားကြီးကို မြင်ကွင်းအစုံ ဓာတ်ပုံရိုက်ပြီးနောက် ရှေ့တွင်ထိုင်နေသော ဂေါပကလူကြီးကို အလှူငွေထည့်ရင်း စကားပြောဖြစ်သည်။

"စကားတာခေါင် မွေတော်ဘုရားလို့ ခေါ်တွင်ရခြင်းကို ပြောပြပါဦး"

"စကားကျေးရွာ (၇) အုပ်စုအတွင်းရှိလို့ ဖြစ်ပါတယ်။ သီရိမဓမ္မာသောကမင်းကြီး၏ (၈၄၀၀၀)သာသနာဝင် ဓာတ်တော်မွေတော်များ ဌာပနာထားပါတယ်။ အလောင်းစည်သူမင်းကြီး ပြုပြင်ပြီး သူ့ရဲ့သားသမီးမြေးမြစ်တွေ ဆက်လက်ပြုပြင်တယ်။ ပွဲတော်ရက်ကတော့ နတ်တော်လပြည့်နေ့ဖြစ်ပြီး ပွဲတော်ကို သုံးရက်ကျင်းပတယ်။ ဒီဘုရားကြီးမှာ စောင့်ရှောက်နေတာ (၁၈) နှစ်ရှိပါပြီ"

ဟု ဦးညွှန့် ဒုဥက္ကဋ္ဌ အသက် (၇၀) က ပြောပြပါသည်။

ဘုရားကြီးရဲ့ရှေ့ တိုင်လုံးကြီးနားမှာ စားပွဲနှင့်တင်ထားသောဘုရားတစ်ဆူကိုတွေ့၍ မေးကြည့်တော့ လေးမျက်နှာအုတ်ခွက်ဘုရားဟု ဆိုပါသည်။ လေးမျက်နှာဘုရား ပြိုပျက်ရာမှရရှိသော ဘုရားဟု သိရပါသည်။ အဖြူရောင်မြေအခံပေါ်မှာဖြစ်ပြီး စာလုံးများကို လေးမျက်နှာဘုရားမှရရှိလို့ မှတ်သားထားဟန်ရှိပါသည်။ ဗုဒ္ဓဘာသာတည်တံ့အမွန့်ရှည်စေရန် ဆရာတော်ဘုရားကြီးများ၏ ဩဝါဒကိုခံယူ၍ အထူးဒေသ (၆) ပအိုဝ့်အမျိုးသားအဖွဲ့ချုပ်နှင့် ဂေါပကအဖွဲ့များ ပူးပေါင်းစောင့်ရှောက်၍ ပြည်တွင်း၊ ပြည်ပအလှူရှင်များက လှူဒါန်းကြသည်ဟု ပြောပြပါသည်။ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အဖွဲ့ဝင်တွေတစ်ယောက်မျှ မရှိတော့ပြီ။

နောက်ကျန်လူကွဲအမြဲဖြစ်ရသည်က ကျွန်မက သေချာမေးမြန်းစပ်စုမှတ်တမ်းပြုနေ၍ဖြစ်သည်။ ဘုရားပရဝဏ်၏တောင်ဘက်ကို ဆက်သွားကြည့်တော့ အရှေ့မှာ ရင်ပြင်ကျယ်ကြီးနှင့် ဂူဘုရားသဏ္ဌာန် ကနုတ်အထွတ်တင် လိုဏ်ဂူဘုရားကိုတွေ့ရ၍ ဂူပေါက်ကျဉ်းလေးမှ ဝင်ဖူးမိသည်။ ဘုရားကြီးကြီးမှာ တစ်ကိုယ်စာဂူပေါက်ဖြစ်ပြီး ရှေးလက်ရာဆေးရေးတွေက ခပ်မှေးမှေးလေးရှိနေသေးသည်။ အံ့ဩစွာ ဖူးမြော်ပြီး အတွင်းအဝင်ဝ ဘေးနှစ်ဖက်က ရုပ်လုံးရုပ်ကြွများကလည်း မပြယ်သေးသော ဆေးရေးများက ရှေးလက်ရာအတိုင်း ရှိနေသေးသည်။ တစ်ဖက်တစ်ချက်စီမှာ ရှိနေသော နဂါးကြီးနှစ်ကောင်ကလည်း ကိုယ်လုံးကြီးများကို ခေါက်တွန့်၍ ပဆစ်တုပ်ဖူးမြော်နေဟန် အမြီးထုတ်ထားသည်။ မှင်တက်မိ တငေးတမောလွင့်မျောစီးဝင်နေစဉ်မှာပဲ အမွှေးတိုင်ထွန်းခွက်တစ်ခု လေမတိုက်ဘဲ ပြုတ်ကျသံက ဆိတ်ငြိမ်မှုကို ဖြိုခွင်းလိုက်ခြင်းနှင့်အတူ ကြက်သီးဖြန်းဖြန်းထကာ တစ်ယောက်တည်းလာခဲ့ရသည်ကိုသတိရပြီး ဂူအပြင်သို့ အမြန်ပြေးထွက်၍ ဘုရားဝင်းကြီးတစ်ခုလုံးမှာရှိသော ဝေနေယျ သုခိတ၊ ဒုက္ခိတအပေါင်းကို အမျှပေးဝေလိုက်ရပါသည်။ မေတ္တာသုတ်ကိုရွတ်ရင်း လိုဏ်ဂူဘုရားကြီး၏အနောက်ဘက်တွင်ရှိသော သုမေဓာတန်ဆောင်းကို ဆက်လက်ဖူးရပါသည်။ မြန်မာမှုစစ်စစ် ရှေးလက်ရာများက ကြည့်မဝအောင်ဆွဲဆောင်မှုရှိလှပေသည်။

သုမေဓာဆောင်နှင့် ကပ်လျက်လျှောင်းတော်မူ ရုပ်ပွားတော်ကြီးနှင့် တန်ဆောင်းပြာသာဒ်၊ ပန်းပုရုပ်ထွင်း အစုံအလင်နှင့် ရဟန္တာသာဝကများ ရုပ်ကြွရုပ်လုံး ဆေးသားများ လှပနေဆဲ ဖြစ်ပါသည်။ စကားတာခေါင် မွေတော်ဘုရားကြီး၏မြေပုံကို ကြည့်လိုက်တော့ တောင်ဘက်တစ်ခြမ်းမှာရှိသော ဘုရားများကို ဖူးနေခြင်းဖြစ်ကြောင်း သိရသည်။ မြောက်ဘက်တစ်ခြမ်းကို ဖူးဖို့အတွက် ထွက်ခဲ့ရပြန်သည်။ ဖူးလို့မဝသေးသော ရုပ်ပုံရုပ်လုံးဆေးရေးစုံသော တောင်ဘက်အခြမ်းကို သမင်လည်ပြန်ကြည့်ရင်း နောက်တစ်ခါထပ်လာပါစေကြောင်း ဆုတောင်းလိုက်ရပါသည်။ စေတီဂူဘုရားပေါင်း (၂၄၀) ရှိသည်ဟု သိရပြီး ပြန်ခါနီးမှာ ဂေါပကအဖွဲ့မှ ဒီရေလမ်းက ရုတ်တရက် တောင်လေကျပြီး လှိုင်းကြီးတတ်ကြောင်းပြောပြမှ ကြောက်ရမှန်း သိကြသည်။ ဒီနေ့ ရာသီဥတုကြည်လင်သာယာနေသည်မှာ ဘုရားတန်ခိုးတော်ပင် ဖြစ်ပါတော့သတည်း။

သူရဇ္ဇမဂ္ဂဇင်း အတွဲ(၁၄)၊ အမှတ်(၃) ကျိုက်သုတ်ဆံတော်ရှင် စေတီတော်ကြီးအကြောင်း ဖါပြီးနောက် ဥပုသ်နေ့တိုင်း ပူဇော်သော ပန်းသီးပန်းစေတီအဖွဲ့သို့ ပန်းများ ပိုမိုလာပို့ကြကြောင်း၊ ဦးအောင်မြတ် (စာတည်းချုပ်) နှင့် သူရဇ္ဇမဂ္ဂဇင်း ဝိုင်းတော်သားများအား အထူး (အထူး) ကျေးဇူးတင်ကြောင်း လေးစားစွာ ရေးသားအပ်ပါသည်။

ခင်ခင်ဝင်း (မောရဝတီ)

**ကျမ်းကိုး -**

- ဖောင်တော်ဦးဘုရားသမိုင်းဖြစ်စဉ်မှတ်တမ်း- မူကြမ်း
  ဓမ္မကထိက ဗဟုဇနဟိတာရေ နောင်အင်းလေး
- မွေတော်ကက္ကူဘုရားသမိုင်း
  ဂေါပကအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

(သင့်အားစောင့်ရှောက်နေသောပုဂ္ဂိုလ်များ)

# ကိုယ်စောင့်နတ် တစ်ဆယ့်နှစ်ပါး

ဆရာဦးဝိန်လှိုင်(ကျိုက်လတ်)


(၃၁) ဘုံတွင် ဗြဟ္မာဘုံ (၂၀)၊ နတ်ပြည် (၆) ထပ်၊ လူ့ဘုံ (၁) ဘုံနှင့် ငရဲပြည်(၄)ထပ်ရှိသည်ဟု ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ သိကြသည်။ မြန်မာလူမျိုးများသည် များသောအားဖြင့် နတ်ရှိသည်ကို ယုံကြည်ကြ၏။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် ဘုရားရှိခိုးပြီးလျှင်ဖြစ်စေ၊ အလှူအတန်း ဒါနကုသိုလ်များ ပြုလုပ်ပြီးလျှင်ဖြစ်စေ ရေစက်သွန်းချသည့်အခါတိုင်း (၃၁) ဘုံသားများအား ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေကြပါသည်။ ဥပမာ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်စောင့်နတ်များ၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ်ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး စသော သမ္မာဒေဝနတ်ကောင်းနတ်မြတ်အပေါင်း၊ သာသနာတော်စောင့်နတ်၊ လောကကို စောင့်ရှောက်ကြကုန်သော လောကပါလနတ်ကောင်းနတ်မြတ်နတ်မင်းကြီးများ အားလုံးအား အမျှပေးဝေကြပါသည်။

ထိုနတ်အပေါင်းမှ ကိုယ်စောင့်နတ် ဟူသည် လူတစ်ဦးတစ်ယောက်အား စောင့်ကြပ်နေသော ပုဂ္ဂိုလ်များဖြစ်သည်။ ရှေးကျမ်းအရ လူတို့ကို စောင့်ရှောက်နေသော ကိုယ်စောင့်နတ် (၁၂) ပါးရှိသည်။ ထိုနတ်တို့သည် မိမိတို့ပိုင်ဆိုင်သောကိစ္စများ၌ အမြဲတစေ စောင့်ကြပ်နေကြသည်ဖြစ်ရာ မိမိတို့ကိုယ်တွင် စောင့်ကြပ်နေကြသည့် ကိုယ်စောင့်နတ်(၁၂)ပါးတို့ကို အမြဲမေတ္တာပို့၊ အမျှဝေပေးပါလျှင် ဘေးကင်းရန်ကွာ အကြံအစည် အခက်အခဲဟူသမျှ ပြည့်စုံအောင်မြင်ပါလိမ့်မည်။ ကလေးသူငယ်များကိုပင် ကိုယ်စောင့်နတ်များ အမြဲစောင့်ရှောက်နေကြသည်ဟု ယုံကြည်ရာ ကိုယ်တွေ့မျက်မြင်ရော တစ်ဆင့်ကြားသိရသည်များပါရှိခဲ့ဖူးပေသည်။

ကျွန်ုပ်၏မြေးတော်သူ ယောကျ်ားလေးတစ်ဦး (၅) နှစ်သားအရွယ်က [illegible]ထပ်တိုက်အပေါ် ဝရန်တာကိုကျော်၍ မြေပြင်ပေါ်သို့လိမ့်ကျသွား၏။ မြေပြင်ပေါ်တွင်အုတ်ခဲကျိုးအပုံကြီးရှိသည်။ မယုံနိုင်စရာပင် ကလေးမှာ ထိုအုတ်ခဲပုံကိုကျော်၍ မြေပြင်ပေါ်သို့ကျသွား၏။ ကလေးမှာ တစ်စုံတစ်ရာ ဘာမှမဖြစ်။ ဒဏ်ရာလည်းမရ။ ကလေးငိုသောအသံကြားမှ လူကြီးများ အိမ်ထဲမှထွက်ကြည့်ပြီး အံ့ဩကြရသည်။ အမြင့်ပေ (၂၀) ခန့်ကပြုတ်ကျသောကလေး ဘာမှမဖြစ်သည်မှာ အံ့ဩလောက်ပေသည်။

လွန်ခဲ့သော (၅) လခန့်က တပည့်တစ်ဦး ကားမှောက်ခဲ့၏။ သူတို့လင်မယားနှင့် သူတို့၏ချွေးမ အပါအဝင် သုံးယောက်လုံး အသက်ဆုံးသွားကြသည်။ ချွေးမ၏ (၉) လသားကလေးမှာ ပွေ့ထားသောမိခင်ရင်ခွင်ထဲမှ လွင့်ထွက်သွားပြီး အပြင်ဘက်သို့ တော်တော်ဝေးဝေးကျသွားသော်လည်း ဘာဒဏ်ရာမှမရ အသက်မသေ။ နောက်ကလေးတစ်ဦးမှာ ဖျာပုံနှင့်ကျိုက်လတ်မြို့သို့ပြေးဆွဲနေသော ခရီးသည်တင်ပုဂ္ဂလိကမော်တော်၏ အနောက်ဘက်ပွဲ့ပိုင်းမှ အိမ်သာခန်းထဲတွင် အညစ်အကြေးစွန့်နေစဉ် မိခင်က အပြင်တံခါးဝက စောင့်နေသည်။ အိမ်သာ၏အပေါက်မှ (၆) နှစ်အရွယ် မိန်းကလေး ကျွံကျပြီး ရေထဲသို့ပြုတ်ကျသွားသည်။ မော်တော်ပန်ကာနှင့်မထိ။ မြစ်ထဲတွင် မြုပ်ချည်ပေါ်ချည်မျောနေသည်။ တံငါလှေကတွေ့၍ ဆယ်ယူထားသည်။ မော်တော်ပြန်ကွေ့ပြီး မိခင်က ကလေးကို ပြန်ခေါ်ရ၏။ ကလေးဘာမှမဖြစ်။ အသက်ချမ်းသာရာရခဲ့သည်။ ကိုယ်စောင့်နတ်တစ်ပါးဖြစ်သော အသက်အန္တရာယ်ကို စောင့်ရှောက် ကာကွယ်တတ်သော ကလျာဏီ အမည်ရှိ ကိုယ်စောင့်နတ်က စောင့်ရှောက်သည်ဟု လူကြီးသူမများက ပြောကြသည်။

မည်သို့ပင်ဖြစ်စေ များအားဖြင့် ရတနာမြတ်သုံးပါးနှင့်တကွ မိဘ၊ ဆရာသမားများနှင့် သက်ကြီးပုဂ္ဂိုလ်တို့အား ရိုသေမြတ်နိုး ပူဇော်ကန်တော့လေ့ရှိသော သူတော်ကောင်းပုဂ္ဂိုလ်များအား ကိုယ်စောင့်နတ်များနှင့် သမ္မာဒေဝနတ်မြတ်နတ်ကောင်းအပေါင်းတို့ ကာကွယ်စောင့်ရှောက်ကြကုန်၏။ ထို့ကြောင့်



သာလျှင် အတွေ့အကြုံ ဗဟုသုတနှင့် ပြည့်စုံသော လူကြီးသူမများက ကုသိုလ်ကောင်းမှုပြုလုပ်တိုင်း သမ္မာဒေဝနတ်ကောင်းနတ်မြတ်များနှင့်သတ္တဝါအပေါင်းတို့အား မိမိ၏ ဒါနကုသိုလ်အဖို့ကို အမျှပေးဝေခြင်း၊ မေတ္တာပို့သခြင်းများ ပြုလုပ်ကြသည်။ ထိုသို့စိတ်ထားကောင်းမွန်ကြသော သူတော်ကောင်းပုဂ္ဂိုလ်များအား နတ်ဒေဝတာအပေါင်းတို့က ကူညီမ၍စောင့်ရှောက်ကြမည်မှာ မလွဲမသွေ ယုံကြည်အပ်ပေသည်။

**ကိုယ်စောင့်နတ် (၁၂) ပါးကို မေတ္တာပို့၍ အကူအညီတောင်းခံခြင်း**

**၁။ သတ္တပါလနတ်**

လူငယ်လူရွယ်ကျား/မများ ဖူးစာရှင်နှင့် ပတ်သက်၍ ဖူးစာရှင်အစစ်ကို တွေ့လို၍ လည်းကောင်း၊ အကြံအစည် ပြုလုပ်လိုသော်၊ မိမိရည်မှန်းထားသော ဖူးစာရှင်ကို ရည်စူး၍ မိမိကိုယ်ကိုစောင့်ကြပ်လျက်ရှိသော သတ္တပါလနတ်မြတ် (တစ်နည်း) သတ္တဘာဂနတ်မြတ်အား (၃၇) ခါ ရွတ်၍ မေတ္တာပို့ပါ။ (၉) ရက် ပြုလုပ်ရမည်။

**၂။ ဝါမသူရနတ်**

မိမိအဖို့ ပစ္စည်းဥစ္စာစည်းစိမ်များ ရစိမ့်ငှာ ဝါမသူရနတ်မြတ်ကို (၉) ကြိမ် မေတ္တာပို့ရွတ်ဆို၍ အလုပ်ကိစ္စများကို ဆောင်ရွက် လုပ်ကိုင်ပါ။ နံနက်တိုင်း (၉) ကြိမ် ရွတ်ဆိုပြီး လုပ်ကိုင်ပါလျှင် အထူးလာဘ်လာဘရွှင်၍ ပစ္စည်းဥစ္စာများ ပြည့်စုံလာပါလိမ့်မည်။

**၃။ ဇလသညာနတ်**

အလှူဒါနပြုလုပ်လိုပါလျှင် ထိုကိစ္စ အောင်မြင်ထမြောက်အောင် မိမိရည်ရွယ်သည့်အချိန်မှစတင်၍ ဇလသညာ နတ်မြတ်ကို နံနက်တိုင်း (၃၇) ကြိမ် ရွတ်ဆိုပါ။ ခုနစ်ရက် မေတ္တာပို့ ဆောင်



www.burmeseclassic.com

www.burmeseclassic.com

| ဗေဒင်ကျမ်းမှ | သုခမှတ်စုမှ |
|---|---|
| ၁။ သတ္တပါလ=နဖူးစာနတ်။ | ၁။ သတ္တဘာဂ=ဖူးစာရေးကိုစောင့်မကြည့်ရှုသောနတ်။ |
| ၂။ ဝါမသူရ=စည်းစိမ်ဥစ္စာ။ | ၂။ ဝါမသူရာ=ကောင်းမှု၊ မကောင်းမှုကိုမှတ်ယူသောနတ်။ |
| ၃။ ဇလသညာ=အလှူလုပ်လိုလျှင် မ,စ၏၊ | ၃။ သကျနတ်=ဥစ္စာစည်းစိမ်ကို စောင့်ရှောက်သောနတ်။ |
| ၄။ ဃရပါလ=အိမ်ကိုစောင့်ရှောက်၏။ | ၄။ ကရဝါ=ကာမစည်းစိမ်ကိုစောင့်ရှောက်သောနတ်။ |
| ၅။ စန္ဒီနတ်=ကျက်သရေတိုးအောင်ပြု၏။ | ၅။ စန္ဒာဒေဝီ=ကျက်သရေတိုးအောင်ပြုသောနတ်။ |
| ၆။ ကလျာဏီ=အသက်ကိုစောင့်ရှောက်၏။ | ၆။ ကလျာဏီ=ကောင်းသောစကားကိုမှတ်ယူသောနတ်။ |
| ၇။ ဗလိရာဇာ=အိပ်မက်ပေးသောနတ်။ | ၇။ မဟိရာဇာ=အိပ်မက်ကောင်းကိုပေးသောနတ်။ |
| ၈။ လက္ခမီဒေဝီ=ဥစ္စာစည်းစိမ်ကိုပေးသောနတ်။ | ၈။ လက္ခမီဒေဝီ=ကောင်းမှု၊ မကောင်းမှုကိုမှတ်ယူသောနတ်။ |
| ၉။ သူရဿတီဒေဝီ=ပညာပေးသောနတ်။ | ၉။ သူရဿတီ=ပညာရေးကိုအားပေးခြင်းပြုသောနတ်။ |
| ၁၀။ ဂတပါလ=သွားလေရာစောင့်ရှောက်၏။ | ၁၀။ ယောတက=သွားလာရာတွင်စောင့်ရှောက်သောနတ်။ |
| ၁၁။ နရိန္ဒဒေဝီ=အိပ်သောအခါစောင့်ရှောက်၏။ | ၁၁။ နရိန္ဒာဒေဝီ=အိပ်သောအခါ ခေါင်းရင်းကစောင့်၏။ |
| ၁၂။ မဟာပိန္နဲနတ်=အခါခပ်သိမ်းစောင့်ရှောက်၏။ | ၁၂။ မဟာပိန္နဲ=ကောင်းမှု၊ မကောင်းမှုကိုမှတ်ယူ၍စောင့်ရှောက်တတ်၏။ |

ရွှက်ပါ။ အမှန်ထငမြောက်အောင်မြင်ပြီး အလှူဒါနပြုနိုင်ပါလိမ့်မည်။

**၄။ ဃရပါလနတ်**

မိမိ၏ တိုက်တာအိမ်ခြေများကို အစစအရာရာ စိတ်ချရစေရန်အတွက် ဘေးဥပဒ်အန္တရာယ်ရန် ဘေးအပေါင်းမှ ကာကွယ်စောင့်ရှောက်လိုပါလျှင် ဃရပါလနတ်မြတ်ကို (၃၇) ကြိမ် ရွှတ်ဆို မေတ္တာပို့ပေးပါ။ အထူးအစောင့်အရှောက်ရ၍ ကာကွယ်ပေးပါလိမ့်မည်။

**၅။ စန္ဒီနတ်**

မိမိတိုက်တာအိမ်ဂေဟာများနှင့် တကွ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများကို ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မျက်စိနှင့် နားများ အပါအဝင် အမြတ်မြင်တွေ့ရန်၊ ကြားနေရရန် စန္ဒီနတ်မြတ်ကို နံနက်တိုင်း ရည်စူး၍မေတ္တာပို့ရွှတ်ဖတ်ပါ။ အထူးကျက်သရေမင်္ဂလာများနှင့် ပြည့်စုံပါလိမ့်မည်။

**၆။ ကလျာဏီနတ်**

မိမိအနေဖြင့် သွားလေရာရာတွင် အသက်အန္တရာယ်ဥပဒ်ဘေးမှ ကင်းဝေးစေရန်အတွက် အစောင့်အရှောက် အကာအကွယ်ပေးနိုင်သော ကိုယ်စောင့်နတ်တစ်ပါးဖြစ်သည့် ကလျာဏီနတ်မြတ်ကို ရည်စူး၍ (၃၇) ကြိမ် မေတ္တာပို့ပေးပါ။ အသက်ဘေးရန်ကို အထူးစောင့်ရှောက်ပါလိမ့်မည်။

**၇။ ဗလိရာဇာနတ်**

မိမိက သူတစ်ဦးအား မေတ္တာရှိ၍သော် လည်းကောင်း၊ တစ်နည်းနည်းနှင့်ပြောလိုသောစကားကို အိပ်မက်ပေးလိုသော်လည်းကောင်း၊ မိမိက အိပ်မက်ပေးလိုသူကို ရည်စူး၍ ပေးလိုသောအိပ်မက်ကို ရည်စူးပြီး ဗလိရာဇာနတ်မြတ် (တစ်နည်း) မဟိရာဇာနတ်မြတ်ကို အိပ်ရာဝင်သောအခါ (၇) ကြိမ်၊ (၇) ကြိမ်ပြော၍ အိပ်မက်ပေးပါဟု ရည်စူးပြီး မေတ္တာပို့ပါ။ (၆) ရက်လုပ်ပါ။ အိပ်မက်သွားပေးပါလိမ့်မည်။ လိုသောစကားကို ရည်စူး၍ မေတ္တာပို့ပေးပါလျှင် အောင်မြင်ပါလိမ့်မည်။

**၈။ လက္ခမီဒေဝီနတ်**

မိမိက သူတစ်ဦးတစ်ယောက်ထံသို့ ငွေလို၍ သွားလိုပါလျှင်သော် လည်းကောင်း၊ အကြံအစည်များ ပြုလုပ်ပါက လည်းကောင်း ဥစ္စာပစ္စည်းများပေးသော လက္ခမီဒေဝီနတ်မြတ်ကို စိတ်က ရည်စူးလျက် (၉)ကြိမ်၊ (၉)ကြိမ်ရွှတ်၍ မေတ္တာပို့ပါ။ မိမိလိုသောအမှန်ငွေရပါလိမ့်မည်။

**၉။ သူရဿတီဒေဝီနတ်**

ပညာသင်လိုသည့်အခါ၌ လည်းကောင်း၊ ပညာနှင့်ပတ်သက်၍ အကြံအစည်ပြုလုပ်လိုလျှင် လည်းကောင်း၊ စာမေးပွဲအောင်မြင်ရန် လည်းကောင်း သူရဿတီဒေဝီနတ်မြတ်ကို ရည်စူး၍ (၉) ကြိမ် မေတ္တာပို့၍ ပြောဆိုပါ။ ဖြေဆိုပါ။ အောင်မြင်ပါလိမ့်မည်။

**၁၀။ ဂတပါလနတ်**

ခရီးသွားလာတိုင်း ဘေးဥပဒ်အန္တရာယ်ကင်း အနှောင့်အယှက်ရှင်းစွာ သွားလာနိုင်ရန် အစောင့်အရှောက် အကာကွယ်ပေးတတ်သည့် ဂတပါလနတ် (တစ်နည်း) ယောတကနတ်မြတ်ကိုသွားခါလာခါနီးတိုင်း (၉) ကြိမ်ရွှတ်၍ မေတ္တာပို့ပြီးမှသွားပါ။ သွားလေရာရာ ဘေးအန္တရာယ်ကင်းလျက် ဆောင်ရွက်သမျှ အောင်မြင်မည်။

**၁၁။ နရိန္ဒာဒေဝီနတ်**

အိပ်၍မပျော်သောအခါ၌ လည်းကောင်း၊ အိပ်သောအခါ စိတ်ချလက်ချ အိပ်ပျော်ရန်လည်းကောင်း၊ အိပ်သောအခါ စောင့်ရှောက်တတ်သော နရိန္ဒာဒေဝီနတ်ကို (၉) ကြိမ်၊ (၉) ကြိမ် ရည်စူး၍ မေတ္တာပို့ပြီးမှအိပ်ပါ။ စိတ်ချလက်ချ အိပ်ပျော်၍ အနှောင့်အယှက်ကင်းပါလိမ့်မည်။

**၁၂။ မဟာပိန္နဲနတ်**

မည်သည့်အလုပ်ကိစ္စမဆို ပြုလုပ်ပြောဆိုသည့်အခါ အလုပ်ကိစ္စအဝဝ အရာရာတို့၌ ကူညီစောင့်ရှောက်ပေးတတ်သော မဟာပိန္နဲနတ်မြတ်ကို ရည်စူး၍ (၉) ကြိမ် မေတ္တာပို့ကာ ပြုလုပ်ပြောဆိုပါ။ အခါခပ်သိမ်း ကူညီစောင့်ရှောက်ပါလိမ့်မည်။

ခုနစ်နေ့သား၊ သမီးများအားလုံး ကိုယ်စိတ်နှစ်ပါးလုံး အေးချမ်းသာယာရှိကြပါစေ။

လိုအင်ဆန္ဒများ ပြီးပြည့်စုံစွာရှိ အဆင်ပြေ အောင်မြင်ကြပါစေ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

အလုပ်သမားများ လုပ်ငန်းခွင်၌ ရိုးသားကြိုးစားလာကြစေရန် မခိုမကတ်အားသွန်ခွန်စိုက် တာဝန်ထမ်းကြစေရန် ဆုပေးခြင်းစနစ်ကို သတ်မှတ်ခဲ့ကြပါ၏။ ကုန်စည်ထုတ်လုပ်ရေးတွင် စည်းကမ်းရှိရှိ လုပ်ဆောင်လာကြ၍ လုပ်ငန်းများ အောင်မြင်တိုးတက်လာခဲ့သည်။ ပညာရေး၊ ဆောက်လုပ်ရေး၊ စားနပ်ရိက္ခာထုတ်လုပ်ရေးတွင်လည်း စွမ်းစွမ်းတမံဆောင်ရွက်၍ အောင်မြင်ပါသည်။ အလှူဒါနပြုကြသူများ၊ သာသနာတော်အရေး ကိုယ်စွမ်းဖြင့်သာမက ငွေအားဖြင့် ပံ့ပိုးကြသူများပါ လွတ်လပ်ရေးနေ့၌ သီရိသုဓမ္မ၊ အဂ္ဂမဟာ၊ သရေစည်သူစသည့်ဘွဲ့များ၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက၊အဂ္ဂမဟာဘဒ္ဒန္တဇောတိကဇေဘွဲ့တော်များ ပေးအပ်ခဲ့ကြပါ၏။

သိဒ္ဓိမဟိဒ္ဓိဆိုင်ရာပုဂ္ဂိုလ်ထူးများသည် သာသနာတော်ကြီးနှင့် သတ္တဝါတို့ကို စောင့်ရှောက်သူတို့အား သိဒ္ဓိထူးများ ပေးအပ်ကြပါ၏။ ရတနာသုံးပါးဦးထိပ်ထားသူများ၊ အမျိုးဘာသာကို စောင့်ရှောက်သူတို့အားလည်း သေကံမရောက် သက်မပျောက်စေရန် ကူညီ၍ ဝိဇ္ဇာအတတ်ပညာတို့အား ထိုက်သင့်သလို ချီးမြှောက်လေ့ရှိကြပါသည်။ သာသနာပြုပုဂ္ဂိုလ် အကျော်အမော်တို့ ထံသွားရောက်၍ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် ဆေးဝါးများ လှူဒါန်းတတ်ကြပါ၏။ ကမ္ဘာအထိ ကျော်ကြားသည့်ဆရာတော်များသည် အစားထိုး၍ မရနိုင်ကြပါ။ စာရေးသူသိခဲ့သည့် သီလရှင်ဆရာကြီးသည် သာသနာပြုပုဂ္ဂိုလ်ဖြစ်၍ ဝိဇ္ဇာက ဆေးလှူဒါန်းခဲ့ပါ၏။ ရတနာသုံးပါးကိုသာ နှလုံးသွင်းသူမို့ ဆေးကို အမှတ်တမဲ့ထားခဲ့မိပါသည်။ မကြာလှပါ။ ပါးစပ်ကင်ဆာဖြစ်လာတော့မှ ဆေးတောင့်ကို ရှာမရတော့ဘဲ ပျံလွန်တော်မူပါ၏။ တောင်ပုလုဆရာတော်ကြီးအား ဝိဇ္ဇာဆေးများ မှီဝဲပါမည်လားဟု ဝိဇ္ဇာကြီး လျှောက်ထားသော်လည်း ဘုရား၊ ရဟန္တာများပင် သေခြင်းကို လက်ခံတော်မူခဲ့ကြ၍ ငြင်းပယ်ခဲ့သည်။

(၈၄၀၀၀) သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများသည် သာသနာတော်အမွန့်ရှည်စေရန်နှင့် သတ္တဝါတို့အားလည်း ကယ်မပေးနေကြပါသည်။ ဧည်းဖောက်မိသူများအား ဒဏ်ချ၍ ဆုံးမကြပါသည်။ အမည်မမှတ်မိတော့သည့် အမျိုးသမီးတစ်ဦးပါ။ နေပူပူ၊ မိုးရွာရွာ ရာသီဥတု မည်မျှပင်ပြင်းထန်ပါစေ ဖိနပ်မပါ ခြေဗလာဖြင့် ရပ်ကွက်တွင်း သွားလာနေပါ၏။ ခေါင်း၌တဘက်လေးပင် ပေါင်းမထားပါ။ နေပူအခြောက်၊ မိုးရွာအစိုဖြစ်ခဲ့ရှာပါသည်။ လည်ပင်း၌



# ရတနာဒေဝီ

## ဆုပေးဒဏ်ပေးစနစ်



www.burmeseclassic.com

www.burmeseclassic.com

(၅၀)သားခန့်စီးမည့် ကြေးစည်တစ်လုံးကို ရင်ဘတ်ပေါ် ချ၍ဆွဲထားသလို ကြေးစည်တစ်လုံးက ကျောနောက်ဘက်၌ ရှိနေပါသည်။ဘယ်ဘက်လက်က သပြေပန်းတစ်ခက်၊ ညာဘက်မှာ ကြေးစည်ထုသည့်ဘုကြီးတစ်ခုကိုင်ကာ နှုတ်မှတဖွဖွ ရွတ်ဆိုရင်း ဘယ်ဘက်ရှိ ကြေးစည်ကို တနောင်နောင်ထုရင်း ခြေလှမ်းမပျက် သွားနေခဲ့ပါ၏။

ကြီးတော်ကြီးမှ -

"အေးကွယ်၊ နေကလည်း ချစ်ချစ်တောက်ပူလိုက်တာ။ ကတ္တရာလမ်းတောင် အရည်ပျော်ကျမလား ထင်ရတယ်။မင်းမှာ ဖိနပ်မစီး၊ ခေါင်းမဆောင်းပါဘဲ ကြေးစည်တီး၊ ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ရပ်ကွက်တွေလှည့်နေလိုက်တာ။ ခဏလောက်နားပါဦးလား။ အမောပြေ ရေလည်းသောက်ပါဦး"

ဟု ဖိတ်ခေါ်လိုက်ပါသည်။

"မယ်တော်ကြီး ရေတိုက်ရင် သောက်ရပါမယ်။ ကျွန်မဆန္ဒနဲ့ ရေတောင် တောင်းသောက်ခွင့်မရှိပါဘူး"

"ဒုက္ခကြီးလိုက်တာပါလား။ ကဲ- လာလာ၊ အရိပ်မှာထိုင်ဦး။ ရေလည်းသောက်၊ အဆာပြေ ငှက်ပျောသီးလည်းစားလိုက်"

ကြီးတော်ခပ်ပေးသည့် ရေကိုနှစ်ခွက်ဆင့်၍ သောက်ချလိုက်ပါ၏။ ကျေးဇူးတင်သည့်မျက်လုံးများနှင့် ကြည့်ကာ လက်နှစ်ဖက်အုပ်မိုး၍ ကန်တော့ပါသည်။ ပြီးမှ ငှက်ပျောသီးတစ်လုံးစားရှာပါ၏။ ကြီးတော်က အခွံနွာ၍ နောက်တစ်လုံးပေးတော့ အားပါးတရ စားရှာပါသည်။

"မယ်တော်ကြီး၊ ရေဒါနနဲ့ အာဟာရငှက်ပျောသီးများအတွက် ကျေးဇူးတင်လှပါတယ်။ ဒီထက်မက မယ်တော်ကြီး သာသနာပြုနိုင်ပါစေ၊ လှူဒါန်းနိုင်ပါစေ။ ကျွန်မက မုဂ္ဂိုလ်တွေတားမြစ်တဲ့ အပြုအမူကိုလုပ်ပြီး နှုတ်နဲ့လည်းပြောဆိုပြစ်မှားမိလို့ ဒဏ်ခတ်ခြင်းခံရတာပါ။ မဟုတ်ရင် ကံသုံးပါးအမှားကြောင့် အပါယ်လားရမှာ။ အဘတို့က ဒဏ်ပေးပြီး အပါယ်လေးဘုံကို မသွားရအောင် ကုသိုလ်လည်းရ အပြစ်လည်းကျေအောင် ရပ်ရွာလှည့်ပြီး ပရိတ်တော်များ ရွတ်ဖတ်စေခဲ့တာပါ။ ဦးတင်ခဲ့ပါတယ် မယ်တော်ကြီး၊ ခွင့်ပြုပါဦးရှင်"

လက်နှစ်ဖက် ဦးထိပ်မိုးကာ ခြံထဲမှ ထွက်သွားပါတော့သည်။ လမ်းထိပ်ဘက်မှ ခပ်တိုးတိုးရွတ်ဆိုနေသည့်ပရိတ်ကြီးအသံ၊ ကြေးစည်သံတနောင်နောင်မြည်လျက်ပါ။ မိုးချုပ်နေဝင်သွားရောက်ပြီးမှ အိမ်ပြန်ရမှာပါ။

ကြီးတော်ကြီးက-

"အင်း - ဒုက္ခ . . ဒုက္ခ။ ရတနာသုံးပါးကိုလည်း ကြည်ညိုပါရဲ့၊ ပုဂ္ဂိုလ်ထူးတွေ အပြစ်ပေးခံရအောင် ဘာများလုပ်ခဲ့မိပါလိမ့်ကွယ်"

ဟု ရေရွတ်ရင်း ကျန်ခဲ့ပါတော့သည်။

တစ်ဦးက တပ်ထဲမှ ဆရာကြီးတစ်ဦးပါ။ ဟိန္ဒူအနွယ်ဖြစ်ပြီး ဂိုဏ်းတစ်ခုကိုဝင်ခဲ့ပါသည်။ ဆရာကြီးက ဝန်ခံသည့်အတိုင်း မလုပ်ဆောင်နိုင်လျှင် အစကပင် ဂိုဏ်းဝင်ရန်မလိုပါ။ ဝင်ပြီးမှ စည်းကမ်းဖောက်လျှင် ခံရမည့်အပြစ်ကကြီးလွန်းပါသည်ဟု ပြောပြတာတောင် ကန်တော့ပွဲပေးပြီး ဂိုဏ်းတော်သို့ ဝင်ခဲ့ပါ၏။ စစ်သားဖြစ်၍ တာဝန်အရ တိုင်းပြည်ရန်စွယ်များသုတ်သင်၍ အပြစ်မရှိပါ။ အခြားသောသတ္တဝါတို့ကို မေတ္တာထားပါဟုဆိုပါသည်။ အကယ်၍ သစ္စာယွင်းပျက်ခဲ့ပါလျှင် ရေသွားရေဘေး၊ ကုန်းသွား ကုန်းဘေးတွေ့ကြုံ၍ သွေးစိမ်း၊ သွေးနီ၊ သွေးနုက်ပွက်ပွက်အန်၍ သေပါစေဟု သစ္စာပြုရပါသည်။

သစ္စာတည်သော ဆရာတစ်ဦးမှာ စရဏအစွမ်းကြောင့် တင်ပျဉ်ခွေလျက် ခုန်ထလိုက်တာပင် တစ်လံကျော်အမြင့်ရောက်ပါသည်။ လူနာကို သစ္စာပြုရေတိုက်ရုံဖြင့် ဝေဒနာပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါ၏။ ထိုဆရာက ဂိုဏ်းဝင်ပြီး အောက်လမ်းပညာကိုလည်း လက်မလွှတ်ခဲ့ပါ။ တစ်ရက် အိမ်သို့လာခဲ့ရာ ဖခင်မှာ သူ၏ လွယ်အိတ်ကို မှောက်ချပြစေပါသည်။

"မင်းအစိမ်းသေအဝတ်နဲ့ အရိုးသချိုင်းမှာ ပြန်ထားလိုက်။ တောက်ခေါက်နေတာနော်။ မင်းဒုက္ခဖြစ်မယ်"

ဟု ပြောမှ သချိုင်းမှာ ပြန်ထားခဲ့ပါသည်။ ပိတ်ရက်၌ အဖော်ကောင်း၍ တောထဲ၌ ရေအိုင်ကြီးတစ်ခုတွင် ဖုံးခွခဲ့ပါတော့သည်။ ဖုံးကွဲ၍ အိုင်ကြီးအတွင်းမှ နှစ်ချို့ငါးများ သေကာ ရေပေါ်ပေါ်လာ၍ ဆယ်ထမ်းစာမျှငါးများ ရရှိခဲ့ပါသည်။ အိမ်ပေါ်အတက် လှေကားရင်းမှာပင် သွေးနက်တွေ တပွက်ပွက်အန်ပါတော့သည်။ ဆေးခန်းပို့၍ ဆေးရုံကြီးတင်ရန် ကားခေါ်နေစဉ်မှာပင် အသက်ဆုံးသွားပါတော့သည်။ ငါးများ သေသလို သူလည်း သေခဲ့ရပါပြီ။ ကတိသစ္စာပျက်ယွင်းသူတို့သွားရာလမ်းပါပဲ။

ဝိဇ္ဇာလမ်းလိုက်တိုင်း ဝိဇ္ဇာမဖြစ်ပါ။ ရှင်အဇ္ဇဂေါဏမထေရ်ကိုပင် ကြည့်ပါ။ ဝိဇ္ဇာမဖြစ်အောင် ဝိဇ္ဇာတစ်ပါးက နှောင့်ယှက်နေတတ်ပါသည်။ ကံကောင်းလွန်းသူများသာ နည်းကောင်းလမ်းညွှန်ပေးကြ၍ ဝိဇ္ဇာဖြစ်နိုင်ကြပါ၏။ သထုံရာဇဝင်၌ ဘားမဲ့ဆရာတော်ဘုရားကြီးနှင့် ဗျတ်ဝိ၊ ဗျတ္တညီနောင် ဖော်ဂျိဖိုဝင်သားတွေ့ခဲ့ကြရာ ဆရာတော်က မင်းအား ကိုယ်တိုင် နန်းတော်မှခေါ်ယူစဉ် တပည့်နှစ်ဦးက ဆရာတော်ခွင့်မပြုသည့် ဖိုဝင်သားကိုစားပြီး ကျောင်းကြီးဖောက်ထိုးမှောက်ထားပါတော့သည်။ ဆရာတော်ကြီးနှင့် ဘုရင် မသုံးဆောင်ရသေးခင် မိဦးဖဦးစားကြ၍ နှစ်ဦးစလုံး မင်းပြစ်မင်းဒဏ်သင့်ကာ သေပွဲဝင်ခဲ့ကြရသည် မဟုတ်ပါလား။ မည်မျှ ချစ်ခင်သည့် တပည့်သားမြေးဖြစ်ပါစေ ကတိသစ္စာမတည်သူ၊ လောဘကြီးသူတို့မှာ ပုဂ္ဂိုလ်ထူးများထံမှ ဖယ်ရှားခြင်းခံကြရပါ၏။

ဘုရားရှင်၏ သာသနာတော် (၂၅၀၀) ကျော်ခဲ့ပါပြီ။ ရတနာသုံးပါးမေ့လျော့သူ၊ ကတိမတည်သူ၊ စရဏမလုပ်သူတို့သည် ဒုက္ခပင်လယ်ကြောမှာ မျောပါကြပါလိမ့်မည်။ ကြိုးစားအားထုတ်ကြပါမှ အပါယ်လေးပါးမှလွတ်ကာ လူ့ဘဝပြန်ရကြ၊ အထက်နတ်ပြည်နတ်ဘုံကို ရောက်ကြမှာပါ။ အားထုတ်သည့်ဇွဲကသန်၊ နည်းလမ်းမှန်သူတို့ကတော့ တစ်မဂ်တစ်ဖိုလ်ဆိုက်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်။ သူတော်ကောင်းအကျင့်ကျင့်ကြံသူ၊ စိတ်ထားမွန်မြတ်သူတို့သည် ဖြူစင်သည့်စိတ်နှလုံးကြောင့် ကောင်းကျိုးခံစားကြမှာ မလွဲပါ။ နတ်မြတ်နတ်ကောင်းတို့က ကူညီကယ်မရန် ရှိနေကြပါသည်။ ရတနာသုံးပါးနှင့် အမိအဘ၊ ဆရာသမားတို့ကို ရိုသေရှိခိုးကြသူ၊ သာသနာတော်ကို အထောက်အပံ့ပြုသူတို့သည် စိတ်ထားကောင်းမှုကြောင့် ကောင်းတာကို တွေ့ကြုံရသလို ကောင်းမြတ်သည့်ဘုံဘဝကို ရောက်ရှိကြမှာပါ။

ပြစ်ဒဏ်မှလွဲဖယ်ကြပြီး ရသင့်ရအပ်သော ဆုထူးဆုမြတ်များရရှိနိုင်ရန် စိတ်ကို အရောင်မဆိုးကြဘဲ အဖြူထည်သန့်သန့်လေးအဖြစ်သာ ရှိနေအောင် ကြိုးစားကြပါစို့။

ရတနာဝေ



www.burmeseclassic.com

www.burmeseclassic.com

သိရိဓမ္မာသောကမင်းကြီးကောင်းမှု ရှေးဟောင်းသမိုင်းဝင်

# ကြက်မင်းစေတီတော်မြတ်

မောင်စိမ်းထွေး(ထားဝယ်)



ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးအရှေ့ဘက် ဇေယျဝတီ ကျောင်းတိုက်မှ ကုန်းစောင်းပြေပြေ အတိုင်း (၂) ဖာလုံခန့် ဆက်သွားခဲ့ပါ လျှင် အထင်ကရ ရှေးဟောင်းသမိုင်းဝင် ကြက်မင်းစေတီတော်မြတ်အား ဖူးမြော် ကြည်ညိုနိုင်ပါသည်။

ယခင်က စေတီတော်ကြီးအတွင်း အနီးအနားပတ်ပတ်လည်တွင် သချိုင်းရှိ သဖြင့် လူသွားလူလာမရှိဘဲ အထီးကျန် ဆိတ်ခြောက်သွေ့နေခဲ့သည်။ ဘုန်းတော် ကြီးကျောင်းအချို့ရှိသော်လည်း နေ့ခင်း နေ့လယ်အချိန်မျိုးမှာပင် တိတ်ဆိတ်လှ သဖြင့် အဖော်မပါ တစ်ဦးတစ်ယောက် တည်း မသွားလာဝံ့သောလူပြတ်နေရာ ဖြစ်သည်။

ကြက်မင်းစေတီရှိရာ သချိုင်းဖြစ် သောကြောင့် ထားဝယ်အခေါ် (သချိုင်း =သင်းချိုင်း၊ကြက်=ကြစ်) ကြက်သင်္ချိုင်း ရွေ့လျော၍ ကြစ်သံဒိုင်းခေါ်တွင်ရာမှ ကြက်သံဒိုင်းဘုရားဟု လူသိများသည်။ ဗြိတိသျှအစိုးရ၏ ဗုဒ္ဓသာသနာဘက် ဆိုင်ရာ စေတီရုပ်ပွားတော် ဘုရားတန် ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ကို ထိန်း သိမ်းသည့်စာရင်းတွင်ပါဝင်သော ဘုရား တစ်ဆူ ဖြစ်သည်။

ကောဇာနှစ် ၁၃၅၁ ခုနှစ်တွင် သချိုင်းကို ဖယ်ရှားပြီးနောက် စေတီ တော်ပုရိဝုဏ် အသစ်တိုးချဲ့၍ တံတိုင်း ကာရံခြင်း၊ လေးဖက်လေးတန် မုခ်ဦး



ရဟန္တာသိမ်




အလောင်းမင်းတရားကြီး အောင်မြေနင်းနေရာ (ယခု လာဘမုနိဘုရား)



www.burmeseclassic.com

www.burmeseclassic.com



သိရီဓမ္မာသောကမင်းကြီးကောင်းမှု ဓမ္မသေနမင်းတည်ထားပူဇော်ခဲ့သော ကြက်မင်းစေတီတော်မြတ် ရွှေပေါင်းသမိုင်းဝင်ဘုရားအား သပွာယ်တင့်တယ်စွာ ဖူးမြော်ရပုံ



ရဟန္တာသိမ်အတွင်းမှ ကရုဏာမုဒြာပန် ရုပ်တော်မှုရုပ်ပွားတော်

တည်ဆောက်ခြင်း၊ အသံမစဲပဋ္ဌာန်းပွဲများ ရွတ်ဖတ်ခြင်း၊ ဂေါပကအဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ စေတီတော်ကြီးနှင့် ပုရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း စသည်ဖြင့် ရဟန်းရှင်လူတို့၏ သာသနလုံ့လကြောင့် ယခုအချိန်တွင် ဤရွှေပေါင်းသမိုင်းဝင် ကြက်မင်းစေတီတော်ကြီး ရောင်တော်ပြန်ပွင့်လာပေပြီ။

ကြက်မင်းစေတီသည် စေတီတော်ပေါင်း (၈၄၀၀၀)၊ ရေတွင်းရေကန်ပေါင်း (၈၄၀၀၀) လှူဒါန်းခဲ့သော သီရိဓမ္မာသောကမင်းကြီး (အသောကမင်း) ကောင်းမှုဖြစ်သည်ဟု စေတီသမိုင်းက ဆိုပါသည်။ ထိုမင်းသည် ဗုဒ္ဓသာသနာတော် ပျံ့နှံ့တည်တံ့စေသောငှာ ကိုးတိုင်းကိုးဌာနသို့ ရဟန္တာအရှင်သူမြတ်တို့အား သာသနာပြုစေလွှတ်တော်မူရာ သာသနာနှစ် ၂၃၆ ခုနှစ်တွင် ဒူရကတိုင်း အောင်သာဝတီ (ယခု ကလိန်အောင်) သို့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်နှစ်ပါးနှင့်အတူ ဘုရားရှင်၏ သရီရဓာတ်တော်များ ရောက်ရှိလာသည်။

အောင်သာဝတီကို အစိုးရသော ဓမ္မသေနမင်းက သရီရဓာတ်တော်များကို (၇) ရက်ပတ်လုံး ပူဇော်ဖူးမြော်ကန်တော့ပြီးနောက် ဤဓာတ်တော်များသည် မြတ်စွာဘုရား သာသနာ (၅၀၀၀) ပတ်လုံးတည်ရာအရပ်၌ ဝပ်ပါစေသတည်းဟု အဓိဋ္ဌာန်ပြု၍ ဆင်ပျံယာဉ်တွင်တင်လွှတ်သည်။ ဆင်ပျံယာဉ်သည် ဘုရားလောင်းနှစဉ်ဘဝ ကြက်မင်းဖြစ်စဉ်က ကျက်စားရာ ယခုစေတီတည်ရာအရပ်၌ဝပ်လေလျှင် ဓမ္မသေနမင်းကြီးလည်း ကြည်ညိုသဒ္ဓါကြီးစွာနှင့် သရီရဓာတ်တော်များကို ဌာပနာပြီး စေတီတည်ထားပူဇော်သည်။ ရဟန္တာသိမ်ကြီးကိုလည်း အရှင်သောဏမထေရ်၊ အရှင်ဥတ္တရမထေရ် ရဟန်းတော်နှစ်ပါး ဦးစီး၍ သိမ်သမုတ်ကာ တည်ဆောက် လှူဒါန်းသည်။ ရေတွင်းရေကန်၊ ကျောင်း၊ သိမ်၊ ဇရပ်တို့ကို တစ်ပြိုင်တည်း ပြီးစီးအောင်မြင်၍ သံဃာတော်အရှင်မြတ်(၁၀၀၀)ကို ဆွမ်းကပ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ လှူဒါန်းတော်မူသည်။

ကြက်မင်းစေတီတော်ဝင်းကြီးမှာ အလျား (၄၈၄) ပေ၊ အနံ (၂၇၇) ပေ ကျယ်ဝန်းသည်။ စေတီတော်၌ မဟာရံ တံတိုင်းနှစ်ထပ်ရှိပြီး အရံစေတီ (၄၇) ဆူ၊



www.burmeseclassic.com

www.burmeseclassic.com

စေတီဝင်းအတွင်း အခြားစေတီ (၁၅) ဆူ၊ သိမ်ပေါင်း (၂၃) သိမ်နှင့် ရုပ်ပွားတော် (၈၇) ဆူ၊ ဂန္ဓကုဋိ၊ အာရုံခံတန်ဆောင်း၊ မုခ်ဦး၊ ဓမ္မာရုံ စသည်ဖြင့် သာသနိက အဆောက်အအုံများစွာနှင့် ကျက်သရေတိုးတက်တင့်တယ်လျက်ရှိသည်။

စေတီတော်ဉာဏ်တော် (၈၅) ပေမြင့်သည်။ စေတီဖိနပ်တော်အောက်ပစ္စယံ၌ အရံစေတီ (၃၅) ဆူရှိပြီး တစ်ဆူနှင့်တစ်ဆူ အရွယ်အစားကွဲပြားသည်။ ခေတ်အဆက်ဆက် ကုသိုလ်ရှင်တို့က မိမိကြိုက်နှစ်သက်သလို လှူဒါန်းသွားခဲ့ကြဟန်တူသည်။ အထက်ပစ္စယံ၌ အရံစေတီ(၁၂)ဆူ အရွယ်တူပြီး စေတီအရှေ့ဘက်တွင်လှေကားချထားသည်။ အောက်ပစ္စယံ တောင်နှင့် မြောက် နှစ်ဖက်တွင်လည်း လှေကားနှစ်ခုရှိ၍ လှေကားအဝ၌ အမျိုးသမီးမတက်ရ စာတန်းရေထားသည်။ အထက်ပစ္စယံလေးထောင့်တွင် နေ့သီဟလေးဖက်လေးတန်ရှိသည်။

ရှစ်မြောင့်ပလ္လင်သုံးဆင့်ခံထားပြီး ခေါင်းလောင်းအနားလုန်ကာ ကြာလန်ထည့်ထားသည်။ရင်စည်းထားပြီး သပိတ်မှောက်ဉာဏ်တော်အနည်းငယ်တိုသည်။ ဘီလူးပန်းဆွဲအစား သုံးမြောင့်ပွင့်ချပ်တော်ပန်းကုံးချထားသည်။ ဖောင်းရစ် (၉) ဆင့်၊ ကြာမှောက် (၃) ထပ်၊ ကြာလန် (၃) ထပ်နှင့် ရွဲခံထားပြီး ငှက်ပျောဖူး၊ ထီးတော်တို့ ပုံမှန်ဖြစ်သည်။

ရွှေထီးတော် (၁၈) ပေ၊ ငှက်ပျောဖူး (၁၂) ပေ၊ ကြာမှောက်၊ကြာလှန် (၉) ပေ၊ ဖောင်းရစ် (၁၂) ပေ၊ ခေါင်းလောင်း (၁၁) ပေ, (၆) လက်မ၊ အထက်ပလ္လင်ခုံလုံးပတ် (၉၂) ပေ၊ အောက်ပလ္လင်ခုံလုံးပတ် (၁၁၅) ပေ, (၄) လက်မ၊ အထက်ပစ္စယံ (၅၁) ပေ × (၅၃) ပေ၊ အောက်ပစ္စယံ (၁၁၀) ပေ × (၇၅. ၅) ပေ ရှိကြောင်း စေတီတော်အတိုင်းအထွာများကို မှတ်သားရသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၃၂၀) ကျော်က ဓမ္မသနမင်း တည်ထားကိုးကွယ်ခဲ့ စေတီတော်၏ မူလအချိုးအစားမှာ ယနေ့မြင်တွေ့ရသည့်အတိုင်း မဟုတ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ခေတ်အဆက်ဆက်တွင် မင်းနှင့်ရဟန်းရှင်လူတို့က စေတီတော်အား အကြိမ်ကြိမ်ပြုပြင်လာခဲ့ကြသောကြောင့် ဖြစ်သည်။

သာသနာနှစ် ၇၆၁ ခုနှစ်တွင် ဆွမ်းဘုရင် စောရန်က လည်းကောင်း၊ သာသနာနှစ် ၈၈၅ ခုနှစ်တွင် နန္ဒိယမင်း




စေတီတော်အောက်ပစ္စယံမှ အရွယ်အစားမတူ အရံစေတီတော်များအား ဤသို့တွေ့ရသည်



နဂါးပတ်လျောင်းတော်မှုသိမ်



နဂါးပတ်လျောင်းတော်မှုသိမ်အတွင်းမှ ကြည်ညိုဖွယ်ရာ ရုပ်ပွားတော်များ



ကြက်မင်းစေတီတော်မြတ်အနေအထားမှန်



www.burmeseclassic.com


www.burmeseclassic.com




ရွှေဟောင်းကြေးခေါင်းလောင်းကြီး



သီရိဓမ္မာသောကမင်းကြီး (အသောကမင်း)



စေတီတော်အောက်ပစ္စယံရှိ ကျောက်စာချပ်



အသောကမင်းကြီး၏
ရှစ်သောင်းလေးထောင်အလှူတွင်ပါဝင်သော
ရေတွင်း (ပြုပြင်ထားပြီး) အား တွေ့ရပုံ

ကြီး (ရှင်ဖုံ) က လည်းကောင်း ပြုပြင်သည်။ ကောဇာနှစ် ၁၁၁၇ ခုနှစ်တွင် သာသနာ့ပိုင် မရမ်းပင်ဆရာတော်ကြီး၊ ကောဇာနှစ် ၁၂၄၅ တွင် ဇရစ်ရပ် လှေသူကြီး ဦးရွှေလွန်းနှင့် မြို့သူမြို့သားများ၊ ကောဇာ ၁၂၈၈ တွင် ကြက်သံဒိုင်းကျောင်းဆရာတော်ဦးနာဂိန္ဒ၊ လေးထပ်ကျောင်းမှ ဦးနာဂဝံသ အရှင်နှစ်ပါးနှင့် မြို့တွင်းရပ်နေ စစ်ဘွန်ရှင်း ဒေါ်မြကျင်၊ ကောဇာနှစ် ၁၃၁၁ တွင် ကြက်သံဒိုင်းကျောင်းဆရာတော် ဦးဉာဏိန္ဒနှင့် ဒေါင်းငူရပ်နေ ဦးကြောင်ငါး - ဒေါ်ကြာဆင်၊ ကောဇာနှစ်၁၃၂၈တွင် အရိုးဆေးကန်ကျောင်းဆရာတော်ဦးသုဒဿနနှင့် ဆင်ပုနစ်ရပ်နေ ဦးဖေမောင်၊ ဒေါ်စောမြ အလှူရှင်အသီးသီးတို့က စေတီတော်အား ထပ်မံအသစ်ပြုပြင်ခြင်း၊ ရွှေထီးတော်တင်လှူခြင်း၊ အရံစေတီများပြင်ဆင်၍ ထီးတော်တင်ခြင်းကောင်းမှုပြုကြသည်။

ကောဇာနှစ် ၁၃၃၀ ပြည့်နှစ်တွင် ဦးသုဒဿန ဦးစီး၍ ဘုရားလူကြီးတို့က စေတီတော်ငှက်ပျောဖူးမှ ကြာမှောက်၊ ကြာလန်အထိ ကောဇာနှစ် ၁၃၄၄ တွင် ဖောင်းရစ်မှ ခေါင်းလောင်းပုံအထိ၊ ကောဇာနှစ် ၁၃၅၁ တွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ထားဝယ်မြို့ဟူ၍ မဖြစ်ပေါ်စဉ်ကပင် ကြက်မင်းစေတီတည်နှင့်ပြီးဖြစ်၍ စေတီတည်ပြီး နှစ်ပေါင်း ၂၀၀၀ ခန့်ကြာမှ ထားဝယ်မြို့တည်သည်။ စေတီတော်အရှေ့ဘက်တွင် ကြေးခေါင်းလောင်းကြီးတစ်လုံးတွေ့ရှိရာ ၁၁၈၇ ခုနှစ်က သွန်းလုပ်ပြီးစီးခဲ့ကြောင်း ခေါင်းလောင်းစာရေးထိုးထားသဖြင့် နှစ်ပေါင်း (၁၈၈) နှစ်ရှိ ရှေးဟောင်း ကြေးခေါင်းလောင်းကြီး ဖြစ်သည်။

မြန်မာနှစ် ၁၁၂၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီး ယိုးဒယားသို့ ချီတက်နှိမ်နင်းစဉ် ထားဝယ်၌ ခေတ္တရပ်နားခိုက် စစ်အောင်ကြောင်းဆုတောင်းခဲ့သည့် အောင်မြေနင်းနေရာ ယခုလာဘမုနိဘုရားကိုဖူးတွေ့ရသည်။ စေတီတော်မြောက်ဘက်တွင် သီရိဓမ္မာသောကမင်းကြီး၏ ရေတွင်းပေါင်း (၈၄၀၀၀) အလှူတွင် ပါဝင်သည်ဆိုသော ဓမ္မသေနမင်းကြီး တူးဖော်ခဲ့သည့် ရေတွင်း ယခုအထိရှိသည်။

သာသနာနှစ် ၂၃၅ ခုနှစ်တွင် တတိယသင်္ဂါယနာတင်တော်မူခဲ့သော သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုဓမ္မသေနမင်းတည် ကြက်မင်းစေတီတော်မြတ်သည် နှစ်ထောင်ချီ အလွန်ရှေးကျပြီး ထူးခြားသော သမိုင်းဝင်ဘုရားတစ်ဆူ ဖြစ်ပါကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

မောင်စိမ်းထွေး(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

စနေသား(မြောင်းမြ)

# ရင်ကျပ်ရောဂါအတွက် ဆေးကောင်းတစ်လက်

ရင်ကျပ်နှင့်ပတ်သက်၍ ဆေးမြီးတိုပေါင်းများစွာရှိသော်လည်း ရောဂါရှိသူတိုင်း ပျောက်ကင်းကြသည် ဟူ၍ မရှိသော်လည်း တိုက်ဆိုင်၍ ပျောက်ကင်းကြသူများလည်းရှိပေသည်။ ယခု စာရေးသူ တင်ပြမည့် ရင်ကျပ်ရောဂါပျောက်ဆေးသည် ကိုယ်တိုင် ဖော်စပ်[illegible]သ၍ လုံးဝပျောက်ကင်းသွားသဖြင့် [illegible]တို့ကဲ့သို့ ရင်ကျပ်ရောဂါခံစားနေရသူများ ပျောက်ကင်းသွားစေရန် ရည်ရွယ်၍ တင်ပြခြင်း ဖြစ်ပါသည်။

ရင်ကျပ်ရောဂါပျောက်ဆေးနည်း [illegible]တင်ပြမီ စာရေးသူ၏ ကိုယ်တွေ့အဖြစ်အပျက်ကို ဦးစွာတင်ပြလိုက်ပါသည်။ စာရေးသူ၏သား အသက်(၅)နှစ်အရွယ်[illegible] တစ်ဦးတည်းသောသားဖြစ်၍ သားဖြစ်သူ၏ ကျန်းမာရေးကို လင်မယားနှစ်ဦး အထူးဂရုစိုက်ခဲ့ရပါသည်။ သားဖြစ်သူ သူငယ်တန်းမှစတင်၍ ကျောင်းတက်သည့်အခါ စာရေးသူတို့အိမ်တွင် သားဖြစ်သူအတွက် ဆရာမတစ်ဦးအား ကျူရှင်ခေါ်၍ သင်ကြားစေခဲ့ပါသည်။ [illegible] ခုနှစ်က ဖြစ်ပါသည်။ ထိုအချိန်က စာရေးသူတို့မြို့တွင် သွေးလွန်တုပ်ကွေး ရောဂါများ ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူများလည်းရှိနေသဖြင့် အိမ်တွင် သားဖြစ်သူ ကျူရှင်သင်သည့်အခါ ခြင်မကိုက်စေရန် ကျူရှင်သင်သည့် ပတ်ပတ်လည်တွင် ခြင်ဆေးခွေ (၄) ခွေ နေ့စဉ် ထွန်းပေးထားခဲ့ပါသည်။

စာရေးသူ၏သား ပထမတန်းတက်သည့်နှစ်တွင် သားဖြစ်သူမှာ မကြာခဏ ချောင်းဆိုး၍ နေမကောင်းဖြစ်သဖြင့် ဆေးခန်းသို့ပြသောအခါ ဆရာဝန်မှ ဓာတ်မှန်ရိုက်ခိုင်းပြီး ဓာတ်မှန်အား ကြည့်ရှုကာ တီဘီဆေး (၆) လ တိုက်ရန် ညွှန်ကြားသဖြင့် တိုက်ခဲ့ရပါသည်။ (၆)လပြည့်၍ ဆရာဝန်ထံ ထပ်မံ ရောက်ပြသောအခါ သားဖြစ်သူအား စစ်ဆေးပြီးနောက် ပျောက်ကင်းသွားပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ နောက် (၅) လခန့်ကြာသောအခါ သားဖြစ်သူမှာ ထပ်မံ၍ ချောင်းဆိုးကာ [illegible] နေမကောင်းဖြစ်သဖြင့် [illegible]သော ဆရာဝန်ထံသို့ မသွားဘဲ နောက်ထပ် ဆရာဝန်တစ်ဦးထံသို့ ရောက်ပြသကာ ယခင် တီဘီဆေး တိုက်ဖူးကြောင်းကိုပါ ပြောပြခဲ့ပါသည်။ ထိုအခါ ဆရာဝန်မှ ထပ်မံ၍ ဓာတ်မှန်ရိုက်ခိုင်းပြီး ဓာတ်မှန်အား ကြည့်ရှုကာ ယခင်တီဘီဆေးအား (၆) လ တိုက်ဖူးသဖြင့် ယခု (၉) လ ပြန်၍တိုက်ရမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ပြန်သဖြင့် သားဖြစ်သူအား နေ့စဉ်ရက်မပျက် တီဘီဆေးတိုက်ခဲ့ရပါသည်။ (၉) လပြည့်၍ ဆရာဝန်အား ပြန်လည်ပြသသောအခါ ပျောက်ကင်းသွားပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

(၆) လခန့် ကြာသောအခါ သားဖြစ်သူမှာ မကြာခဏနေမကောင်းခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းများဖြစ်ကာ မောပန်းလာပြီး ညဘက်အိပ်သည့်အခါ ရင်ဘတ်မှာ လှိုင်းထနေသဖြင့် ဆေးခန်းသို့ တစ်လလျှင် (၂) ကြိမ်ခန့် သွားရောက် ပြသနေရပါသည်။ နားလည်သည့်သူများမှ ရင်ကျပ်ရောဂါရနေကြောင်း ပြောသဖြင့် ဆေးမြီးတိုများနှင့် သော်လည်းကောင်း၊ ကျီးကန်းသား၊ လင်းဆွဲသားများချက်၍ကျွေးခြင်း၊ ဆိတ်အချင်းအား သုပ်ကျွေးခြင်းများ ပြုလုပ်သော်လည်း သက်သာမှု မရှိပါ။ သားဖြစ်သူမှာ ဆော့လျှင်ဖျားခြင်း၊ မိုးတွင်း၊ ဆောင်းတွင်းများတွင် ရင်ကျပ်ရောဂါမှာ ပို၍ဆိုးဝါးခဲ့ပါသည်။

စာရေးသူ၏ မိဘညီအစ်ကိုမောင်နှမများမှ စာရေးသူ၏ သားအား အသက်မရှည်နိုင်ကြောင်း မကြာခဏ ပြောကြားခဲ့ပါသည်။ သားဖြစ်သူ ရင်ကျပ်ရောဂါဖြစ်လာလျှင် အစာလည်း မစား၊ အိပ်လည်းမအိပ်နိုင်ပါ။ ခြင်ထောင်ထဲတွင် ပက်လက်ကုလားထိုင်အားထည့်၍ သားဖြစ်သူအား အိပ်ခိုင်းရသည့်အဆင့်ပင် ဖြစ်နေပါသည်။ သားဖြစ်သူ၏ကျောင်းမှ အတန်းပိုင်ဆရာမများနှင့် စာရေးသူ၏ဇနီးတို့မှာ မကြာခဏခွင့်တိုင်ကြားရသဖြင့် ရင်းနှီးနေသည့်အဆင့်သို့ပင် ရောက်ရှိခဲ့ရသည်။ သားဖြစ်သူ၏ ရောဂါအား ပျောက်ချင်သဖြင့် ဆေးခန်းတိုင်းအား လိုက်လံပြသရာ မြို့ပေါ်တွင် မပြဘူးသည့် ဆေးခန်းမရှိသလောက်ပင်ဖြစ်ပါသည်။ ဆေးခန်းသို့ ရောက်လျှင် ရင်ကျပ်သမားများရှူသည့်ရှူဘူးအား ပိုက်ဖြင့်ရှူမှသာ သက်သာသည့်အဆင့်သို့ ရောက်ရှိခဲ့ပါသည်။

သားဖြစ်သူ (၈) တန်း ရောက်သောအခါ အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ဝင်းဦးမှ ရှူဘူးအား ဝယ်ထားရန် ညွှန်ကြားခဲ့ပါသည်။

ထိုအချိန်တွင် စာရေးသူ၏ အဒေါ်ဖြစ်သူသည် မြောင်းမြမြို့ ကျွန်းကုလေးရွာသို့ သွားရောက် လည်ပတ်ရင်း ရင်ကျပ်ရောဂါပျောက်ဆေးကို ရရှိခဲ့ပါသည်။ အဒေါ်ဖြစ်သူအား ဆေးနည်းပေးလိုက်သူ၏ သားမှာလည်း စာရေးသူ၏ သားကဲ့သို့ပင် ရင်ကျပ်ရောဂါဖြစ်ပွားရာမှ ထိုဆေးအားဖော်၍ တိုက်ခဲ့ရာ လုံးဝ ပျောက်ကင်းသွားပြီး ကျန်းမာကာ ဝဝဖြိုးဖြိုးဖြစ်နေကြောင်း သိရသဖြင့် နေမကောင်းဖြစ်၍ ရင်ကျပ်ရောဂါထလာသောအခါ ဆေးခန်းသို့ သွားရောက် မပြသတော့ဘဲ ဖော်ထားသည့် ဆေးအား ညအိပ်ခါနီး (၁) လုံး၊ မနက် (၁) လုံး တိုက်ရာ သက်သာလာသဖြင့် စွဲ၍ (၁) လတိတိတိုက်ခဲ့ရာ သားဖြစ်သူမှာ ရောဂါလုံးဝပျောက်သွားပြီး ကျန်းကျန်းမာမာနှင့်ဖြစ်ကာ ယခုဆိုလျှင် တတိယနှစ် ဥပဒေ (အဝေးသင်) ကိုပင် ဖြေဆိုပြီး ဖြစ်ပါသည်။ ထို့ကြောင့် စာရေးသူ၏ သားကဲ့သို့ ရင်ကျပ်ရောဂါသည်များ ရောဂါပျောက်ကင်းစေလိုသောဆန္ဒဖြင့် စာရေးသူ၏ အဖြစ်အပျက်များကို ရေးသားပြရခြင်း ဖြစ်ပါသည်။

ဆေးအညွှန်းမှာ -

(၁) လေးညှင်း၊ (၂) ဇာတိပ္ဖိုလ်၊ (၃) ရှိန်းခို၊ (၄) ဆေးဒန်း၊ (၅) ကန့်၊ (၆) စမုန်နက်၊ (၇) ကနခို၊ (၈) ကြက်သွန်ဖြူတို့အား ဆတူအမှုန့်ပြုလုပ်လျက် နှမ်းဆီနှင့်ရော၍ ငရုတ်ကောင်းစေ့ခန့် လုံး၍ နေလှန်းပါ။ ခြောက်သွားပါက ပုလင်း သို့မဟုတ် ကော်ဘူးထဲထည့်၍ လေလုံအောင်ထားပါ။

ဆေးအား မနက်တစ်လုံး၊ ညတစ်လုံးသာတိုက်ရပါမည်။ စတင်သောက်သောက်ချင်း ဝမ်းသွားမည်။ မကြောက်ပါနှင့်။ ဝမ်းနှင့်အတူချွဲများပါသွားခြင်း ဖြစ်ပါသည်။ နောက်ပိုင်း ပုံမှန်သာ ဝမ်းသွား၍ သက်သာ ပျောက်ကင်းသွားပါမည်။

စနေသား (မြောင်းမြ)



www.burmeseclassic.com

www.burmeseclassic.com

(မြှောင်)

# ထုံးတောင်-အရှင်ဓမ္မပိယ

## တရားအားထုတ်သူတစ်ယောက်အကြောင်း - ၈



မရဏာနုဿတိဘာဝနာပွားများနည်း

အရှင့်ဝိဝေကမှာ မရဏာနုဿတိဘာဝနာကို ကုသိုလ်ဖြစ်ရုံ အလေ့အကျင့်ဖြစ်သဘောမျိုးနှင့်သာ ပွားများအားထုတ်ခဲ့ဖူး၏။ ညအိပ်ရာဝင် အိပ်ရာပေါ် သို့ရောက်ခါမှ တစ်နေ့တာ ကုန်ဆုံးခဲ့သောအချိန်များကို ပြန်စဉ်းစားပြီးလျှင် သေခြင်းတရားကို ပွားများတယ်ဆိုရုံ ပွားများခဲ့ခြင်း ဖြစ်၏။

တကယ်တော့ မရဏာနုဿတိဘာဝနာဆိုသည်မှာ သေခြင်းတရားကို အကြိမ်ကြိမ်အဖန်ဖန်ပွားများအားထုတ်ရသောဘာဝနာ ဖြစ်၏။

မရဏ - သေခြင်းတရားကို
အနုဿတိ - အဖန်ဖန်အောက်မေ့၍
ဘာဝနာ - ပွားများခြင်း

သေခြင်းတရားကို နှလုံးသွင်းမှု (မရဏာနုဿတိဘာဝနာ) ကို အစဉ်ပွားများပါက 'ငါသေသွားလျှင် ကုသိုလ်ကိုသာ အားကိုးရာရှိမါလား' ဟု အမြဲသတိရှိ၏။ ထို့ကြောင့် မျက်မှောက်ဘဝမှာ ဘုန်းကံကြီးမားမှု၊ လာဘ်လာဘပေါများမှု၊ ကျော်စောလိမှုတွေကို အလေးမထားဘဲ ကုသိုလ်ကောင်းမှုကိစ္စ

တစ်ခုခုကိုသာအမြဲပြုနေတတ်လေသည်။ မရဏာနုဿတိဘာဝနာကို တကယ်တမ်းအားထုတ်လိုပါက ဆိတ်ငြိမ်ရာအရပ်ကို ချဉ်းကပ်ပြီး ပြင်ပအာရုံတို့ကို စိတ်မရောက်စေဘဲ မိမိမြင်ခဲ့ဖူး၊ တွေ့ခဲ့ဖူးသော လူသေကောင်ကိုဖြစ်စေ၊ လူချစ်



www.burmeseclassic.com

www.burmeseclassic.com



အစည်းစိမ်ရှင်ကြီးတို့၏ သေရပုံကိုဖြစ်စေ ကြည့်ရှုဆင်ခြင်ပြီး ဤသို့ ပွားများအားထုတ်ရသည်။

**မရဏံ ဘဝိဿတိ** - တစ်နေ့ ဤသို့ သေရဦးမည်။

**မရဏံ ဘဝိဿတိ** - တစ်နေ့ဤသို့ သေရဦးမည်။

ဟု လည်းကောင်း (သို့မဟုတ်)

**ဇီဝိတိန္ဒြေ** - အသက်သည် ပြတ်ရမည် ဟုလည်းကောင်း (သို့မဟုတ်)

**မရဏံ** - ကြောက်သေရခြင်း၊ မရဏံ ကြောက်သေရခြင်း ဟု လည်းကောင်း-

ဤသုံးမျိုးတွင် တစ်မျိုးမျိုးကို နှလုံးသွင်း၍ စိတ်ညွတ်ပြီး ပွားများရသည်။

ထိုသို့ ပွားများအားထုတ်ရာ၌ သေခြင်းတရားအပေါ်မှာ အောက်မေ့အံ့မှတ်ရမှု-**သတိ**၊ ထိတ်လန့်မှု-**သံဝေဂ**၊ ဆင်ခြင်မှု - **သမ္ပဇဉ်ဉာဏ်**တို့ကို ဖြစ်စေရမည်။

သေခြင်းတရားကို အောက်မေ့အမှတ်ရရာ၌ သင့်တော်အောင် နှလုံးသွင်းဆင်ခြင်တတ်ဖို့ အရေးကြီး၏။ ဘာဝနာမရင့်ကျက်ခင်မှာ ကမ္မဋ္ဌာန်းအာရုံရွေးချယ်မှုလည်း အရေးပါသည်။

ဆိုလိုသည်မှာ မိခင်ဖြစ်သူအတွက် မိမိ၏သားသမီးရင်သွေးသေမည့်အရေးကိုတွေးမိတိုင်း ဝမ်းနည်းပူဆွေးသောကဖြစ်ရ၏။ ထို့အတူ မိမိချစ်သူ၊ ရင်းနှီးကျွမ်းဝင်သူတို့ သေမည့်အရေးကို တွေးမိပါက ဝမ်းနည်းပူဆွေးမှုဖြစ်တတ်၏။

မိမိနှင့် ငြိုးသူရန်ဖက်၊ မုန်းတီးသူများသေမည့်အရေးကိုတွေးမိ၊ သတိရမိပြန်လျှင်လည်း ဝမ်းသာအားရဖြစ်တတ်ချေသည်။

မချစ်မမုန်း၊ ကိုယ်နှင့်မပတ်သက် မသက်ဆိုင်သည့်ပုဂ္ဂိုလ်တွေ သေမည့်အရေးကျပါကလည်း ကိုယ်နှင့်မဆိုင်၍ အမှတ်တမဲ့ဖြင့် ထိတ်လန့်သံဝေဂဖြစ်ဖွယ်မရှိ။

ထို့ပြင် မိမိကိုယ်တိုင်၏ သေခြင်းကို အမှတ်သတိရနေပြန်ပါကလည်း ကြောက်ရွံ့ထိတ်လန့်မှု စိတ်မချမ်းသာမှု (ဒေါမနဿစိတ်တွေ) ဖြင့်ဘဘာ၏။

သို့အတွက် -

မရဏံ မေ ဘဝိဿတိ ဟူ၍။

မေ - ငါ ထည့်မပွားဘဲ **မရဏံ ဘဝိဿတိ** ဟူသာ ပွားအပ်ကြောင်း ဝိသုဒ္ဓိမဂ်မှာ ဖွင့်ဆိုခဲ့ခြင်း ဖြစ်သည်ဟု ဘာသာဋီကာကျမ်းပြုဆရာတော်ဘုရား မိန့်ဆိုထားလေသည်။

သို့ဖြစ်ရာ မရဏာနုဿတိဘာဝနာအတွက် သင့်လျော်သောနှလုံးသွင်းဆင်ခြင်မှုဖြစ်ရန်မှာ ဆေးရုံ၊ ရပ်ကွက်၊ သုသာန် စသည့် ထိုထိုအရပ်တို့မှာ တွေ့မြင်ခဲ့ဖူးသောလူတွေ၏သေပုံ၊ သူဌေး သူကြွယ် စည်းစိမ်ရှင်တို့၏သေကြပုံကို သတိ၊ သံဝေဂ၊ သမ္ပဇဉ် ဉာဏ်တို့ဖြင့် နှလုံးသွင်းဆင်ခြင်နိုင်မှ သေခြင်းသဘောတရားကို သင့်တင့်အောင် နှလုံးသွင်းဆင်ခြင်နိုင်ပေလိမ့်မည်။

စင်စစ် တစ်ပါးသူသေရာမှာ စိုးရိမ်ပူဆွေးခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်း၊ ထိတ်လန့်ခြင်း၊ မထိတ်လန့်ခြင်း စသည်တို့ဖြစ်ရခြင်းမှာ သတိကင်းခြင်း၊ သံဝေဂကင်းခြင်း၊ ဉာဏ်ကင်းခြင်းတို့ကြောင့် ဖြစ်သည်။ သတိ၊ သံဝေဂနှင့် ကောင်းစွာ ဆင်ခြင်နိုင်သောဉာဏ်ရှိပါက စိုးရိမ်ခြင်း၊ ပူဆွေးခြင်းတို့ ဖြစ်ပေါ်စရာ မရှိနိုင်ပေ။

ထို့ကြောင့် မရဏာနုဿတိဘာ



www.burmeseclassic.com

www.burmeseclassic.com

ဝနာကို ပွားများအားထုတ်ရာ၌ အထူး သတိပြုရမည့်အချက်မှာ သတိ၊ သံဝေဂ ဉာဏ် ဦးစီးသော ကုသိုလ်တရား ဖြစ်သည်ဆိုသောအချက် ဖြစ်၏။ မရဏာ နုဿတိဘာဝနာပွားများအားထုတ်ပါမှ ပူဆွေးမှု ငယ်နည်းမှု စိတ်ချမ်းသော ဖြစ်မှု ကြောက်ရွံ့ထိတ်လန့်မှု စသော တရားများ ဖြစ်ပွားလာပါက အကုသိုလ် တရားများသာဖြစ်၍ မရဏာနုဿတိ ဘာဝနာမမည်နိုင်တော့ပေ။

ကြောက်ရွံ့မှုနှင့် ထိတ်လန့်မှု (သံဝေဂ) ဆိုတာကို ခွဲခြားသိအပ်သေး ၏။ တစ်စုံတစ်ရာကို ကြောက်ရွံ့မှုမှာ ဒေါသစိတ်ကို အကြောင်းပြု၏။ ထိတ်လန့်မှု (သံဝေဂ) ဟူသည်ကား ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားကို ထိတ်လန့်ခြင်း ဖြစ်၏။ အထူးသဖြင့် သေခြင်းတရား၌ ကြောက်စရာ၊ လန့်စရာ၊ ထိတ်စရာအနေဖြင့် တွေးတတ်၊ သိတတ်၊ မြင်တတ်သောဉာဏ် ဖြစ်၏။ ပြင်ပအာရုံကို ထိတ်လန့်ကြောက်ရွံ့မှုမှာ သံဝေဂ မဟုတ်။ ဒေါသ၊ ဒေါမနဿတို့သာ ဖြစ်သည်။

သံဝေဂဉာဏ်မှာ ဝိပဿနာဉာဏ်၌ ဘယဉာဏ်နှင့် ဖြစ်ပုံဖြစ်နည်းဆင်ခြင်နည်း သဘောချင်းတူ၏။ ဘယဉာဏ်သည် ရုပ်၊ နာမ်ဓမ္မသင်္ခါရတို့၌ ကြောက်စရာ၊ ကြောက်မက်ဖွယ်ရာဟု သိမြင်သောဉာဏ်ဖြစ်ပြီး သံဝေဂဉာဏ်မှာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတရားတို့ကို ကြောက်စရာထိတ်စရာကောင်းသောဘေးဟု ဆင်ခြင်သိမြင်သောဉာဏ် ဖြစ်၏။

အချုပ်အားဖြင့်ဆိုရပါမူ မရဏာနုဿတိဘာဝနာကို ပွားများ အားထုတ်မည့်သူသည် အသုဘပို့ရာ သုသာန်မှာ တွေ့ဖူးသော လူသေကောင်ကိုဖြစ်စေ၊ အရင်က မြင်ဖူးတွေ့ဖူးထားသော လူသေကောင်ကို အာရုံပြု၍ဖြစ်စေ 'သေတယ် (မရဏံ)၊ သေတယ် (မရဏံ)' ဟု အကြိမ်ကြိမ်ရှုမှတ်ပွားများရမည်။ 'သေရဦးမယ်'၊ 'သေရဦးမယ်' ဟုလည်း ဆက်ပြီး အထပ်ထပ်ရှုမှတ်ရမည်။ သေဘေးဟာ ကြောက်စရာ၊ ထိတ်လန့်စရာကောင်းသောဘေးကြီးဟုလည်း သံဝေဂဉာဏ်ယူရမည်။ ဤကဲ့သို့ ရှုမြင်အောက်မေ့ခြင်းသတိနှင့် ကြောက်စရာ၊ ထိတ်လန့်စရာကောင်းတဲ့ဘေးကြီးဟု သိမြင်သဘောကျ သံဝေဂဉာဏ်မျိုးဖြစ်ပါမှ မရဏာနုဿတိဘာဝနာ ကောင်းစွာဖြစ်သည်ဟုသိထားကြရမည်။ သို့မဟုတ်ပါက အကုသိုလ်အပူတရားများဘက်သို့ ယိုင်သွားတတ်လေသည်။

ဤသို့ နည်းလမ်းမှန်စွာနှလုံးသွင်းဆင်ခြင်ပွားများ အားထုတ်ပါမှ ကာမစ္ဆန္ဒ စသော နီဝရဏတရားများ ကင်း၏။ သေခြင်းလျှင် အာရုံရှိသော အမှတ်ရမှုသတိသည် သံဝေဂဉာဏ်ရှေ့သွားလျက် ကောင်းစွာတည်၏။ ဤသို့တည်လာပါက မရဏာနုဿတိကမ္မဋ္ဌာန်းဖြင့် ဥပစာရဈာန်ရောက်၏။ ယင်းဈာန်ကို အခြေခံ၍ ဝိပဿနာတရားအားထုတ်ပြီး မဂ်ဖိုလ်တက်နိုင်သည်။

သို့သော် မရဏာနုဿတိဘာဝနာကို အဖန်ဖန်ဆင်ခြင်ပွားများအားထုတ်နေသောပုဂ္ဂိုလ်မှာ ကိုယ်တစ်ယောက်တည်း သေရမှာထင်ပြီး စိတ်အားငယ်စိတ်ဓာတ်ကျလာတတ်သည်။ ထိုသို့မဖြစ်ရအောင် အဘိဏှသုတ်လာတရားတော်အတိုင်းလည်း ဆင်ခြင်အောက်မေ့ရပေမည်။

**အပဒ္ဒေဝ ဧကော** - ငါတစ်ယောက်တည်းသာ၊ **မရဏဓမ္မော** - သေခြင်း သဘောရှိသည်၊ **န** - မဟုတ်။ **မရဏံ** - သေခြင်းကို၊ **အနတီတော** - မလွန်နိုင်သည်၊ **န** - မဟုတ်။ **အထခေါ** - စင်စစ်ကား။ **သဗ္ဗေသတ္တာ** - ဇာတိရှိကြသော အလုံးစုံသောသတ္တဝါတို့သည်၊ **မရဏဓမ္မော** - သေခြင်းသဘောရှိကြကုန်၏။ **မရဏံ** - သေခြင်းသဘောကို၊ **အနတီတာ** - မလွန်နိုင်ကြကုန်၊ သေကြရကုန်အံ့ဟူ၍လည်း ဆင်ခြင်သင့်ပေသည်။

**ရှေးဆရာစဉ်ဆက် မရဏာနုဿတိအားထုတ်နည်း**

အနိစ္စာ မေ ပဉ္စက္ခန္ဓာ၊
အနိစ္စာ ယ မရိဿန္တိ။
မရဏန္တံ ဂမိတာနံ၊
ကမ္မံ ကာယံ ခိပိဿန္တိ။

မြန်မာပြန် -

ငါ၏ အသက်ခေါ်ငြား၊ ဇီဝိတတရားသည်၊ ဖြစ်လာပျက်စဲ၊ အမြဲမရှိချေ။ အမြဲမရှိသောကြောင့် တစ်နေ့သေကြရဦးမည်။ သေခြင်းအဆုံးသို့ရောက်ကြကုန်၍ ဤခန္ဓာကိုယ်ရုပ်အကောင်ပုပ်ကြီးကို သုသာန်တစသင်္ချိုင်းဝ၌ တစ်နေ့ပစ်ချကြပေလိမ့်မည်။ (ဓမ္မာစရိယ-ဦးအေးနိုင် (ဘီအေ) ၏ မရဏာနုဿတိနှင့်အသုဘဘာဝနာပွားများနည်းများမှ)

ဤသို့ ဆင်ခြင်ပွားများအားထုတ်နေပါကလည်း ဥပစာရဈာန်သို့ရောက်နိုင်၏။ အကယ်၍ ဤသို့နှလုံးသွင်းဆင်ခြင်ရုံမျှဖြင့် ဥပစာရဈာန်သို့မရောက်သေးပါမူ -

၁။ လက်နက်ကိုင်၍ မိမိကိုသတ်ရန် အနားကပ်လာသော လူသတ်သမား ဥပမာထား၍လည်းကောင်း၊

၂။ ပြည့်စုံခြင်း၊ ပျက်စီးခြင်းဖြင့်လည်းကောင်း၊

၃။ သေခြင်းတရား နီးကပ်ပုံကို စံထား၍လည်းကောင်း၊

၄။ ရုပ်ခန္ဓာမှာ သတ္တဝါအများနှင့် ဆက်ဆံနေရသော အဖြစ်ကိုလည်းကောင်း၊

၅။ အသက်၏ အားနည်းသောအားဖြင့်လည်းကောင်း၊

၆။ သေခြင်းမှာ အမှတ်နိမိတ်မရှိသောအားဖြင့် လည်းကောင်း၊

၇။ အသက်တမ်း အပိုင်းအခြားအားဖြင့် လည်းကောင်း၊

၈။ ရှင်ဆဲခဏ၏ တိုတောင်းပုံကို ဆင်ခြင်ခြင်းအားဖြင့် လည်းကောင်း။

ဤအခြင်းအရာရှစ်ပါးဖြင့် အဖန်ဖန်အထပ်ထပ် အောက်မေ့ဆင်ခြင်ရမည်ဟု ဝိသုဒ္ဓိမဂ်မှာ ဖွင့်ဆိုထားသည်။

ဆင်ခြင်ရှုပွားပုံအကျဉ်းမှာ -

**၁။ အနားသို့ကပ်လာသော လူသတ်သမားကဲ့သို့ရှုပုံ**

လူသတ်သမားသည် 'ဤသူ၏ ဦးခေါင်းကိုဖြတ်မည်' ဟု ဓားကိုကိုင်စွဲလျက် သတ်မည့်သူ၏လည်ပင်းကို ခုတ်သတ်မည့်အသွင်ဖြင့် အနီးမှာရပ်ပြီး ဓားနှင့်ရွယ်၍ ရပ်တည်နေသကဲ့သို့ ထို့အတူ သေခြင်းသည်လည်း အနီးကပ်လျက် ရပ်တည်နေသည်ဟု အဖန်တလဲလဲ အောက်မေ့ ဆင်ခြင်ရမည်။

အကြောင်းသော်ကား ဘဝတစ်ခုမှာ ပဋိသန္ဓေနေခြင်း ဇာတိသည် အိုခြင်း၊ သေခြင်းတို့ကို တစ်ပါတည်း ယူဆောင်လာသောကြောင့် ဖြစ်၏။

အရှိန်အဟုန်ဖြင့် ဝါးလုံးထိုးဆင်းလာသော တောင်ကျချောင်းရေသည် နောက်ကို အနည်းငယ်မျှပြန်မဆုတ်နိုင်ဘဲ ရှေ့သို့သာ စီးဆင်းသွားသည့်နည်းတူ သတ္တဝါဟူသမျှ ဖြစ်လာသည့်အချိန်မှစ၍ တစ်ခဏပင် နောက်ပြန်မဆုတ်နိုင်ဘဲ သေခြင်းဆီသို့သာ ရှေးရှုချီတက်လျက် ကြောက်မက်ဖွယ်ဘေးဖြင့် သေလွယ်ပျောက်လွယ် ပျက်စီးခြင်းအဆုံးသာရှိချေသည်။

**၂။ ပြည့်စုံခြင်း ပျက်စီးခြင်းဖြင့်ရှုပုံ**

လောကမှာ ပြည့်စုံမှု ၊ ဧည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာမှု ဟူသမျှမှာ ပျက်စီးခြင်းသာလျှင် အဆုံးရှိ၏။ အနာရောဂါကင်းခြင်းမှာ အနာရောဂါဖြစ်၍ ပျက်စီးခြင်းအဆုံးသာရှိ၏။ သေခါနီးမှာ မည်သူမဆိုရောဂါတစ်ခုခုနှင့် သေရ၏။ နုပျိုခြင်းနှင့်သမျှလည်း အိုခြင်းသာလျှင် အဆုံးရှိ၏။ အသက်ရှင်ခြင်းမှာလည်း သေခြင်းသည်သာ နောက်ဆုံးရှိချေ၏။

ဤသို့ 'ပြည့်စုံမှုဟူသမျှ ပျက်စီးခြင်းမှာပဲ အဆုံးရှိ၏' ဟု နှလုံးသွင်းဆင်ခြင်မှုသည် သေခြင်းသဘောကို နှလုံးသွင်းခြင်းပင် ဖြစ်သည်။

**၃။ နီးကပ်ပုံကိုစံထား၍ရှုပုံ**

သေပြီးကုန်သော တစ်ပါးသူတို့ကို စံထား၍ မိမိ၏သေခြင်းလည်း နီးကပ်နေသည့်သဘောကို အောက်မေ့ခြင်း ဖြစ်သည်။

ထိုသို့ အောက်မေ့ဆင်ခြင်ရာ၌-

က။ အခြံအရံ ပရိသတ်များသော ပုဂ္ဂိုလ်တို့၏သေခြင်း။

ခ။ ဘုန်းကံကြီးမားသော ပုဂ္ဂိုလ်တို့၏သေခြင်း။

ဂ။ ခွန်အားကြီးသော ပုဂ္ဂိုလ်တို့၏ သေခြင်း။

ဃ။ တန်ခိုးကြီးသောပုဂ္ဂိုလ်တို့၏ သေခြင်း။

င။ ပညာကြီးသော ပုဂ္ဂိုလ်တို့၏ သေခြင်း။

စ။ ပစ္စေကဗုဒ္ဓါတို့၏ ပရိနိဗ္ဗာန်စံဝင် သေရခြင်း။

ဆ။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ ပရိနိဗ္ဗာန်စံဝင် သေရခြင်းကို လည်းကောင်း စံထား၍ -

ဤကဲ့သို့သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ပင်လျှင် သေမင်း၏အလိုနိုင်ငံသို့ လိုက်ပါကြရ၏။ ငါကဲ့သို့သော သာမန်ပုဂ္ဂိုလ်အား သေမင်းက အဘယ်ကြောင့် ညှာမိုး မနှိပ်စက်ဘဲနေမည်နည်း။ ထိုပုဂ္ဂိုလ်ထူးကြီးများ၏ သေရခြင်းကဲ့သို့ ငါ့အားလည်း သေရခြင်းသည် ဖြစ်လတ္တံ့ဟု အဖန်တလဲလဲအောက်မေ့ဆင်ခြင်ရမည်။

**၄။ ရုပ်ခန္ဓာမှာ အများသတ္တဝါနှင့် ဆက်စပ်သောအားဖြင့်ရှုပုံ**

ဤခန္ဓာကိုယ်၌ ပိုးမျိုးရှစ်ဆယ်ရှိ၏။ အရေပါး၌နေကုန်သောပိုးတို့က အရေပါးကို စားကြသကဲ့သို့ အရေထူ၌နေသောပိုး၊ အသား၌နေသောပိုး၊ အကြော၌နေသောပိုး၊ အရိုး၌နေသော၊ ခြင်ဆီ၌နေသောပိုးတို့သည် မိမိတို့နေရာမှာရှိသော အသီးသီးသော အရေထူ၊ အရေပါး စသည်တို့ကို စားကြ၏။

ဤရုပ်ကိုယ်ကြီးသည် ထိုပိုးတို့၏ စားသောက်ခန်းလည်းဖြစ်၏။ ကျင်ကြီးကျင်ငယ်စွန့်ရာလည်း ဖြစ်၏။ သားဖွားခန်းလည်း ဖြစ်၏။ သူအိုသူနာရုံလည်း ဖြစ်၏။ သေရာသင်္ချိုင်းလည်း ဖြစ်၏။ ထိုပိုးတို့၏ ဖျက်ဆီးခြင်းကြောင့် လည်း သေဆုံးရ၏။

ငါ့မှာ သေခြင်းအကြောင်းတို့သည် အလွန်များ၏။ ပြင်ပရန်ဖြစ်သော မြွေ၊ ကင်း စသည့် ပိုးမွှားတိရစ္ဆာန်တို့ ကိုက်၍လည်း သေနိုင်၏။ အစားအသောက်ဖောက်ပြန်ပြီး သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ပျက်ပြီး လေသင်တုန်းဖြတ်၍လည်း သေနိုင်၏။ ချော်လဲ၍ဖြစ်စေ၊ ဆူးငြောင့်ခလုတ်စူး၍ဖြစ်စေ ပိုးဝင်ပြီးလည်းသေနိုင်၏ဟု ဆင်ခြင်အောက်မေ့ရမည်။ (ရဟန်းပုဂ္ဂိုလ်များမှာ ညဦးအချိန်ရောက်လျှင် သေခြင်းတရားကို ထိုသို့ မပြတ်မလတ် ဆင်ခြင်ရမည်ဟု မြတ်စွာဘုရားဟောတော်မူထားသည်။)

**၅။ အသက်၏ အားနည်းသောအဖြစ်ကိုရှုပုံ**

သတ္တဝါတို့၏ အသက်မှာ စင်စစ်အားဖြင့် အထိမခံအတို့မခံအောင် အင်မတန်အားနည်း၏။ အားမရှိ။ သတ္တဝါတို့၏ အသက်ရှင်မှုမှာ ထွက်သက်၊ ဝင်သက်သည် အရေးကြီး၏။ ဣရိယာပုတ်တို့နှင့်လည်း သက်ဆိုင်၏။ အပူ၊ အအေးဥတုတို့နှင့်လည်း သက်ဆိုင်၏။ ဓာတ်ကြီးလေးပါးမဟာဘုတ်တရားတို့နှင့်လည်း ဆက်စပ်နေ၏။ အာဟာရနှင့်လည်း ကင်း၍မရပေ။

ထွက်သက်၊ဝင်သက်တို့အညီအမျှဖြစ်မှ အသက်ဆက်လက်ရှည်နိုင်၏။ ဝင်လေသည် အတွင်းသို့မဝင်။ ထွက်လေသည် အပြင်သို့မထွက်ပါက သတ္တဝါသေသည်မည်၏။ လျှောင်းထိုင်ရပ်သွား ဣရိယာပုတ်ညီညွတ်မှ အသက်ရှည်၏။ တစ်ပါးပါးလွန်ကဲက ရုပ်၊ နာမ်ပြတ်စဲ သေပွဲဝင်ရမည်။ အလွန်ပူ၊ အလွန်အေး ဥတုနှိပ်စက်ခံရပါကလည်း အသက်သေမည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓာတ်ကြီးလေးပါးညီမျှမှသာ အသက်ရှင်ရပ်တည်နိုင်မည်။ ဓာတ်တစ်ပါးပါးပျက်ခဲ့ပါက အသက်ထွက်မည်။

အစားအသောက် အာဟာရကိုလည်း အချိန်မီစားမှ၊ သင့်တင့်လျောက်ပတ်အောင်စားတတ်မှ အသက်ဆက်လက်ရပ်တည်နိုင်မည်ဖြစ်၏။ အာဟာရပြတ်ပါက အားအင်ပြုကွဲ သေပွဲဝင်ရမည်။

ဤသို့လည်း သေခြင်းသဘောကို အဖန်ဖန်အထပ်ထပ် ဆင်ခြင်အပ်၏။

**၆။ သေခြင်းမှာ အမှတ်နိမိတ် မရှိနိုင်သော သဘောကိုရှုပုံ**

သတ္တဝါတို့မှာ ကြိုတင်မသိနိုင်သော အပိုင်းအခြား ငါးမျိုးရှိ၏။

ထိုငါးမျိုးမှာ -

က။ အသက်အပိုင်းအခြား၊

ခ။ အနာရောဂါအမျိုးအစား၊

ဂ။ သေရမည့်အချိန်ကာလ၊

ဃ။ သေရမည့်အရပ်ဒေသ၊

င။ လားရောက်ရမည့်ဂတိ (နောက်ဘဝ) တို့ ဖြစ်သည်။

သတ္တဝါ ဟူသမျှ ဘယ်အသက်အရွယ်ထိသာ အသက်ရှင်မည်။ ဘယ်ရောဂါဖြင့် သေရမည်။ ဘယ်အချိန်မှာ သေရမည်။ ဘယ်အရပ်ဒေသမှာ သေရမည်။ သေပြီးလျှင် ဘယ်ဘဝကို ရောက်ရမည်ဟု ကြိုတင်သတ်မှတ်သိအပ်သော အမှတ်နိမိတ် အပိုင်းအခြား မရှိချေ။

မွေးစက အသက်မရှည်နိုင်ဟု ယူဆခဲ့သောကလေးက အသက် (၈၀) ကျော်အောင်နေသွားရပြီး ကျန်းမာရေးဒေါင်ဒေါင်မြည်အောင်ကောင်းနေသူက ရုတ်တရက်ဖောက်ပြန်၍ ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးပါးသွားရတတ်၏။

အနာရောဂါအနေဖြင့်လည်း ဤရောဂါဖြင့်ပင် သေရတော့မည်ဟု ပိုင်းခြားသတ်မှတ်၍ မရနိုင်ပေ။ နာတာရှည်နှလုံးရောဂါ စွဲကပ်ခံနေရသူက ရုတ်တရက် ကင်ဆာရောဂါကြောင့် ကွယ်လွန်သွား၏။

သေရမည့်အချိန်ကာလနှင့် ပတ်သက်၍လည်း နံနက်မှာသေရမည်၊ ညမှာသေရမည်ဟု အချိန်သတ်မှတ်ပိုင်းခြားထားခြင်း မရှိချေ။ နံနက်၊ နေ့လယ်၊ ညနေ စသည်ဖြင့် အမှတ်မထင် တစ်ချိန်ချိန်မှာ သေကြရမည်။

သေရမည့် အရပ်ဒေသနှင့် စပ်၍လည်း ဆေးရုံမှာ သေရမည်၊ အိမ်မှာ သေရမည်၊ ဤမြို့မှာ သေမည်၊ ထိုမြို့မှာသေမည်၊ ရွာထဲမှာသေမည်၊ လမ်းပေါ်မှာသေရမည်ဟု ကြိုတင်သတ်မှတ်ပိုင်းခြားထားသော အမှတ်နိမိတ်မရှိပေ။ ရေမှာမွေးသည့်သတ္တဝါက ကုန်းပေါ်မှာ သေရ၏။ ကုန်းပေါ်မှာ ကြီးပြင်းခဲ့သော သတ္တဝါက ရေမှာ အသက်ဆုံးရှုံး၏။

သေပြီးလျှင် ရောက်ရမည့်ဂတိ၊ နောက်ဘဝနှင့်ပတ်သက်၍လည်း ကြိုတင်မသိနိုင်ပေ။ လူပြည်မှာသေက လူပြည်



www.burmeseclassic.com

www.burmeseclassic.com

မှာ ပြန်ဖြစ်ရမည်၊ နတ်ပြည်မှာသေသော နတ်ပြည်မှာ ပြန်ဖြစ်ရမည် ဟူ၍လည်း ကြိုတင် မသိရှိနိုင်ကြပေ။ လူ့ပြည်မှာ ကွယ်လွန်သူက နတ်ပြည်မှာလည်း ဖြစ်နိုင်၏။ တိရစ္ဆာန်ဘုံဘဝသို့လည်းရောက်နိုင်၏။ နတ်ပြည်မှာ စုတေသူကလည်း လူ့ပြည်မှာဖြစ်နိုင်သလို တိရစ္ဆာန်ဘဝကိုလည်း ရောက်နိုင်သေးသည်။ ဘဝသံသရာမှာ နတ်၊ လူ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ ငရဲစသည်ဖြင့် ဂတိငါးဖြာ အပြန်ပြန်အလှန်လှန်ဖြစ်နေကြရသည်။

ဤသို့လည်း ကြိုတင်သိနိုင်သည့် အပိုင်းအခြား အမှတ်နိမိတ်မရှိပုံတို့ကိုလည်း အဖန်တလဲလဲ အောက်မေ့ပြီး သေခြင်းတရားကို ဆင်ခြင်အပ်၏။

**၇။ လူတို့၏ သက်တမ်းအပိုင်းအခြားတိုခြင်းကို ရှုဆင်ခြင်ပုံ**

လူတို့၏ အသက်ရှင်ရာကာလ အပိုင်းအခြားနည်းပါး၏။ သက်တမ်းတို၏။ အသက်ရှည်ဆုံးလူမှ အနှစ်တစ်ရာ ခန့်သာနေကြရ၏။

ဘုရားရှင်က -

ရဟန်းတို့- လူတို့၏အသက်သည် နည်း၏၊ တိုတောင်း၏။ မကြာမီမှာပင် နောင်တမလွန်လောကသို့ သွားရချေမည်။ ကုသိုလ်ကိုပြုသင့်၏။ မြတ်သော အကျင့်ကို ကျင့်သင့်၏။ ဘဝအသစ်ဖြစ်ပြီးသောသူ၏ မသေခြင်းမည်သည်မရှိ။

ရဟန်းတို့၊ လောက၌ အသက် ရှည်ဆုံးလူသည် အနှစ်တစ်ရာ၊ အနှစ်တစ်ရာထက်ပိုလွန်၍ အနည်းငယ်သော်လည်း အသက်ရှည်၏ဟူ၍ သံယုတ်ပါဠိတော်မှာ ဟောတော်မူထားသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ပထမ မရဏသုတ်၌ ရဟန်း (၆) ပါးတို့ မရဏာနုဿတိကမ္မဋ္ဌာန်းစီးဖြန်းပုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဖွင့်ပြထားသည်မှာ -

ပထမရဟန်းက -

"ငါသည် တစ်ညဉ့်တစ်နေ့မျှ အသက်ရှင်နေရမူ ကောင်းလေစွ။ (ထိုကာလအတွင်း) ဘုရားရှင်၏ အဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကိုများစွာကျင့်ရသည် ဧကန်စင်စစ်ဖြစ်ရ၏"

ဟု မြတ်စွာဘုရားကို လျှောက်၏။

ဒုတိယရဟန်းက -

"ငါသည် တစ်နေ့မျှ အသက်ရှင်နေရပါမူ ကောင်းလေစွ"

တတိယရဟန်းက -

"ငါသည် ဆွမ်းတစ်ထပ်စားချိန်အတွင်း အသက်ရှင်နေရပါမူ ကောင်းလေစွ"

စတုတ္ထရဟန်းက -

"ငါသည် ဆွမ်းလေး၊ ငါးလုတ်ကို ဝါးမျိုနေခိုက်အချိန်ကို အသက်ရှင်နေရပါမူ ကောင်းလေစွ"

ပဉ္စမရဟန်းက -

"ငါသည် ဆွမ်းတစ်လုတ်စာ စားချိန်မျှ အသက်ရှင်နေပါမူ ကောင်းလေစွ"

ဆဋ္ဌမရဟန်းက -

"ငါသည် ဝင်လေကို ရှူသွင်း၍ ရှိုက်ထုတ်နေစဉ်အတွင်း၊ ထွက်လေကို ရှိုက်ထုတ်ပြီး ဝင်လေကို ရှူသွင်းနေစဉ်အတွင်း အသက် ရှင်နေရပါမူ ကောင်းလေစွ"

ဟု အသီးသီး လျှောက်ထားကြ၏။

ထိုအခါ ဘုရားရှင်က ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထရဟန်းတို့ကို မေ့မေ့လျော့လျော့ နေထိုင်ကြသည့် ရဟန်းတို့တည်း။ အာသဝေါတရားတို့ကို ကုန်ရန်အတွက် မရဏာနုဿတိကို နှေးနှေးစွာအားထုတ်နေသူတို့တည်း။

ပဉ္စမရဟန်းနှင့် ဆဋ္ဌမရဟန်းတို့သည်သာ မမေ့မလျော့ သတိတရားဖြင့် မရဏာနုဿတိကို ထက်ထက်မြက်မြက် ပွားများ အားထုတ်ကြသူတို့တည်းဟု မိန့်ကြားကာ ထက်သန်သော သတိတရားများဖြင့် မရဏာနုဿတိကို ပွားများ အားထုတ်ကြဖို့ မြွက်ကြားတော်မူလေသည်။

**၈။ ရှင်ဆဲခဏ၏ တိုတောင်းသောကာလကို ရှုဆင်ခြင်ပုံ**

ပရမတ္ထသဘောအားဖြင့် ရုပ်၊ နာမ်တို့၏ ရှင်ဆဲခဏသည် အလွန်တိုတောင်း၏။ ရုပ်၊ နာမ်တို့၏ ဖြစ်ပျက်ပုံ အခြင်းအရာမှာ အလွန်မြန်၏။

စင်စစ် သတ္တဝါတို့မှာ ရုပ်ဇီဝိတနှင့် နာမ်ဇီဝိတတို့ ရှင်သန်နေခြင်းကို အသက်ဟု ခေါ်နေခြင်း ဖြစ်၏။ ထိုရုပ်သက်၊ နာမ်သက်နှစ်မျိုးစလုံးတို့သည် အလွန်လျင်မြန်စွာဖြစ်၏။ ချုပ်၏။ ဥပမာအားဖြင့် ရထားဘီးသည် လိမ့်သွားနေစဉ်သော် လည်းကောင်း၊ ရပ်ထားစဉ်သော် လည်းကောင်း တစ်နေရာတစ်ချက်ဖြင့်သာလိမ့်၏၊ ရပ်၏။ ထို့အတူ သတ္တဝါတို့၏ အသက်သည် တစ်ခုတည်းသောစိတ်၏ ဖြစ်ဆဲခဏကာလနှင့်တူ၏။ ထိုစိတ်ချုပ်ပျက်ပါက သတ္တဝါချုပ်သည်၊ သေသည်ဟု ဆိုခြင်းဖြစ်၏။

ရုပ်ဇီဝိတသည် စိတ္တက္ခဏ (၁၇) ချက်ပြည့်လျှင် ချုပ်၏။ နာမ်ဇီဝိတသည် စိတ္တက္ခဏ တစ်ချက်မျှသာ ကြာ၏။

ထိုခဏတွေ အချိန်တိုသလောက် ဇီဝိတ အသက်လည်းတို၏။

ဤအကြောင်းကို မြတ်စွာဘုရားရှင်က -

ချုပ်ပျောက်ခဲ့ပြီးသော အတိတ်စိတ်သည် ဖြစ်ချိန်ခဏ၌ ရှင်ခဲ့ပြီ၊ ရှင်ဆဲမဟုတ်၊ ရှင်လတ္တံ့မဟုတ်။ မဖြစ်ပေါ်လာသေးသော အနာဂတ်စိတ်၏ခဏ၌ ရှင်လတ္တံ့ ဖြစ်၏။ ရှင်ဆဲမဟုတ်၊ ရှင်ပြီးမဟုတ်။ အကြောင်းကိုစွဲ၍ ပစ္စုပ္ပန်၏ ခဏ၌ ရှင်ခဲ့ပြီ၊ ရှင်ဆဲမဟုတ်၊ ရှင်ပြီးမဟုတ်၊ ရှင်လတ္တံ့မဟုတ်ဟု မဟာနိဒ္ဒေသပါဠိတော်မှာ ဟောတော်မူသည်။

တစ်နည်းအားဖြင့် ရှုဆင်ခြင်ပါက သေခြင်းသဘော၏ အလွန်လျင်မြန်ပုံနှင့်တကွ အနတ္တဉာဏ်ပါ အမြင်ထက်သန်နိုင်လေသည်။

ဤဆိုအပ်ခဲ့ပြီးသော မရဏာနုဿတိဘာဝနာ ပွားများအားထုတ်နည်းများကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ပြဆိုထားသည့်အတိုင်း ရှေးဆရာတော်ကြီးများ အစဉ်အဆက် ပွားများအားထုတ်ခဲ့သောနည်း ဖြစ်သည်။ ယုံယုံကြည်ကြည် စွဲစွဲမြဲမြဲ အားထုတ်ပါက ရရှိနိုင်သော အကျိုးတရားများကိုလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ မိန့်ဆိုထား၏။

**မရဏာနုဿတိပွားများရကျိုး**

၁။ မေ့လျော့ခြင်းကင်း၏။
၂။ ဘဝဟူသမျှ ငြီးငွေ့၍ ဘုံသုံးပါးမှ လွတ်မြောက်လိုသော အမှတ်သညာကိုရ၏။
၃။ အသက်ခန္ဓာ၌ နှစ်သက်တွယ်တာမှုကင်း၏။
၄။ မကောင်းမှုကို ကဲ့ရဲ့တတ်လာ၏။
၅။ ပစ္စည်းဥစ္စာမသိုမှီး၊ မသိမ်းဆည်း ဝန်မတို၊ တပ်မက်မှုကင်း၏။
၆။ မမြဲ ဟူသော အမှတ်သညာ (အနိစ္စသညာ)၌ အလေ့အကျင့်ရ၏။
၇။ ထိုမှတစ်ဆင့် ဒုက္ခသဘောထင်၍ အနတ္တမြင်လွယ်၏။
၈။ သေခါနီးမှာ မကြောက်ရွံ့ မထိတ်လန့်မတွေဝေဘဲ ကောင်းသောနိမိတ်ထင်၍အသေလှ၏။
၉။ မျက်မှောက်ဘဝမှာပင် သေခြင်းကင်းရာနိဗ္ဗာန်ကိုရနိုင်၏။
၁၀။ နိဗ္ဗာန်မရလျှင်လည်း သုဂတိကို လားရောက်ရ၏။

(ဆက်ရန်)

ထုံးတောင်- အရှင်မေ့မှီး (မြောင်)



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(ဝက်မှုတက္ကသိုလ်)


# ရွှေဥမင်ဆရာတော်ကြီး အမှတ်တရ

၁-၁၂-၂၀၁၃ ရက်၊ တနင်္ဂနွေနေ့ နံနက် (၇) နာရီ စာဆိုတော်ကြီးများ ပူဇော်သည့်နေ့။

ကျွန်တော်သည် ရန်ကုန်မြို့တော်ခန်းမဝင်ပေါက်ဝတွင်ရပ်နေပြီး အသက် (၈၀) ကျော် စာရေးဆရာကြီး၊ ဆရာမကြီးများကို တစ်ဦးလျှင် ငွေငါးထောင်ကျပ်ဖြင့် ကန်တော့ရန် စောင့်နေသည်။ ပထမဦးဆုံးလာသူမှာ စာရေးဆရာကြီး မောင်ယဉ်နွယ် (သုသုက)၊ ဒုတိယလာသူမှာ ဆရာကျိုက်လတ်မိုးမြင့် ဖြစ်သည်။ ဆရာကျိုက်လတ်မိုးမြင့်က သူပြုစုထားသော 'ရွှေဥမင်တောရသာသနာ' စာအုပ်အစိမ်းရောင်လေးကို



ခမည်းတော် ဦးဟာန်



မယ်တော် ဒေါ်သိုင်းခြုံ

ကျွန်တော့်အား ဓမ္မလက်ဆောင်ပေးလေသည်။ ကျွန်တော်သည် ဆရာမိုးမြင့်၏ စာအုပ်လေးကိုကြည့်ရင်း အတိတ်ဆီသို့ စိတ်ပျံ့လွင့်သွားသည်။

❐

၁၉၈၄ ခုနှစ်၊ ဧပြီလ ၉ ရက်၊ နံနက် (၉) နာရီ။

အဖေဦးရန်အောင်နှင့် ကျွန်တော် မင်္ဂလာဒုံလေဆိပ် ရောက်နေသည်။ စာရေးဆရာမကြီး မဝင်းမြင့်၊ အစ်မကြီး ဒေါ်သိန်းတင်နှင့် သူတို့၏မြေးလေးနှစ်ယောက်သည် မန်းရွှေစက်တော်ဘုရားဖူးသွားမည်ဖြစ်၍ အဖေနှင့် ကျွန်တော်သည် လေဆိပ်လိုက်ပို့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က လေယာဉ်ပျံလက်မှတ်ရရန် ခက်ခဲသည်။ ဆရာမ မဝင်းမြင့်၏ခင်ပွန်းသည် ဒုဗိုလ်မှူးကြီးစိုးလှိုင် (လေ) ဖြစ်၍ လွယ်လင့်တကူရခဲ့သည်။ လေဆိပ်တွင် မဝင်းမြင့်က အဖေ့ကို -

"ဆရာကြီး၊ မန်းရွှေစက်တော်ဘုရားဖူးလိုက်ဦးမလား"

"မဝင်းမြင့်တို့ဘာသာသွားကြပါ။ ကျွန်တော်ငယ်ငယ်က မန်းရွှေစက်တော်ဘုရားပွဲမှာ လှည်းနဲ့ဈေးလိုက်ရောင်းဖူးတယ်။ အဲဒီတုန်းက လှည်းဆရာ ကိုညိုတုတ်တဲ့။ ကိုညိုတုတ်ရဲ့ မြေးလေးက မကွေးတက္ကသိုလ်မှာ မြန်မာစာကထိက ခင်စမ်းလှ(နောင် ပါမောက္ခ)ပေါ့။ သူက ကျွန်တော့်ရဲ့အကြောင်းကို ကျမ်းပြုစုထားတယ်။ အဲဒီတုန်းက ရွှေစက်တော်ဘုရားပွဲကဆိုင်တွေက ခုလိုကြီးကြီးမားမားမဟုတ်ဘူး။ ဆိုင်တွေက ထမင်းစားဝိုင်းအပုလေးတွေနဲ့ မြေစိုက်ဆိုင်လေးတွေပဲ။ လှည်းဝိုင်းကြီးကလည်း အကြီးကြီးပဲ။ အခုလို လျှပ်စစ်မီးတွေမရှိတော့ အောက်လင်းဓာတ်မီးတွေနဲ့ပေါ့။ တုတ်မီး (ယခုခေတ် လက်နှိပ်ဓာတ်မီး) ကို အားကိုးပြီး သွားကြရတယ်"

"ဆရာကြီး အကုန်မှတ်မိတော့ စာရေးဆရာကြီး ဖြစ်လာတာပေါ့"

"ဟဲဟဲဟဲ"

ဆရာမ မဝင်းမြင့်သည် လေယာဉ်ပျံထွက်ချိန်နီးပြီဖြစ်၍ အဖေ့ကို နှုတ်ဆက်ရင်း ငွေနှစ်ရာကျပ်ကန်တော့သွားလေသည်။ အဖေနှင့် ကျွန်တော်သည် ဆရာမ မဝင်းမြင့်တို့ လေယာဉ်ပျံပေါ်တက်သည်အထိကြည့်ပြီး လေယာဉ်ပျံစက်နှိုးပြီး ဘီးလိမ့်သွားသောအခါ လက်ဖက်ရည်ဆိုင်တွင်ထိုင်ပြီး ကော်ဖီနှစ်ခွက်မှာလိုက်သည်။ လေယာဉ်ပျံတက်ပြီး (၂) မိနစ်အကြာတွင် ပေါက်ကွဲသံကြီးနှင့်အတူ မြောက်ဥက္ကလာပ အနန်းပင်ရွာကြီးအနီးတွင် လေယာဉ်ပျံပျက်ကျသွားလေသည်။

အဖေနှင့် ကျွန်တော်သည် လေယာဉ်ပျံပျက်ကျသည့်နေရာသို့ သွားကြည့်ချင်သော်လည်း လုံခြုံရေးအရ တားမြစ်လိုက်သဖြင့် သွား၍မရချေ။ လေယာဉ်ပျံပေါ်ပါသူအားလုံး ကွယ်လွန်ကြောင်း တစ်ဆင့်ကြားသိရသည်။ အပြန်ခရီးတွင် အဖေသည် ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ဝင်ရန် ဆုံးဖြတ်လိုက်သည်။ အဖေနှင့် ကျွန်တော် ခြေဦးတည့်ရာလျှောက်လာကြရာ မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရှိ ဥက္ကလာပဘူတာအနီး မင်္ဂလာဒုံလေယာဉ်ကွင်းမြောက်ဘက်ရှိ ရွှေဥမင်ဘုရားကို ဝင်ကန်တော့ပြီး ဘုရားအနီးရှိ ဘုန်းကြီးကျောင်းသို့ ဝင်ခဲ့ကြပါသည်။ ကျောင်းအမည်မှာ 'ရွှေဥမင်တောရ' ပင်။ အင်၊ ကညင်၊ သစ်ရိပ်ဝါးရိပ်များဖြင့် အုပ်ဆိုင်းလျက်ရှိပြီး အလယ်၌ဆိတ်ငြိမ်အေးချမ်းလှသည့် ရေနံ့ဝနေသော သစ်သားကျောင်းလေးပင်။ ကြိုးတန်းပေါ်တွင် သင်္ကန်းများလှန်းထားသည်ကို တွေ့မြင်ရသော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။

ဘုန်းကြီးကျောင်းသည် တိတ်ဆိတ်လွန်း၍ မည်သူမျှမရှိဟု ထင်မိသည်။ ကျောင်းပေါ်သို့ တက်လိုက်သည်နှင့် ကျောင်း၏ အရှေ့တောင်ထောင့်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့် သီတင်းသုံးစံနေတော်မူသော ရွှေဥမင်ဆရာတော်ကို ဖူးလိုက်ရသည်။ ကျွန်တော်တို့သည် ဆရာတော်ကို ကန်တော့လိုက်သောအခါ ဆရာတော်မှ မျက်လွှာပင့်ကြည့်ပြီး အသံကိုတိုးညင်းစွာဖြင့် -

"ဒကာတို့ဘယ်ကလာကြတာလဲ"


အဖေသည် နားလေးသူဖြစ်၍ ကျွန်တော်က စကားပြန်ပေးရသည်။

"တပည့်တော်တို့နေတာက ...



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ခင်းမှာပါ။ အခု လေဆိပ်က ပြန်လာတာပါဘုရား"

"ခုနက လေယာဉ်ပျံပျက်ကျသံ ကြားရတယ်၊ ရုပ်နာမ်အနိစ္စပေါ့ကွယ်"

အဖေက -

"လေယာဉ်ပျံပါသူအားလုံး ကွယ်လွန်သွားတယ်လို့ တစ်ဆင့်ကြားရပါတယ် ဘုရား"

"တွေ့ဆုံကြုံကွဲပေါ့ ဒကာကြီးတို့။ အကုန်လုံးတော့ မဟုတ်ဘူး။ တစ်ဦးတော့ကျန်ခဲ့တယ်။ အဲဒီကျန်ခဲ့တဲ့သူက သာသနာပြုမှာပဲ၊ သူလည်း သာသနာပြုသက်မရှည်ပါဘူးလေ"

ထိုနေ့က ကျွန်တော်တို့သားအဖကို ဆရာတော်က ထမင်းကျွေးသည်။ ပြန်ခါနီးတွင် ဆရာတော် မိန့်ကြားလိုက်သော ဆုံးမစကားမှာ-

"အပ္ပမာဒေန သမ္ပာဒေထ - မမေ့မလျော့၊ မပေါ့မဆတဲ့ အပ္ပမာဒတရားနဲ့ ပြည့်စုံအောင်နေကြနော်။ မမေ့ဘူးဆိုတာက သတိ၊ မလျော့ဘူး ဆိုတာက ဝီရိယ၊ မကောင်းတဲ့စိတ်တွေမဖြစ်အောင် အမြဲတမ်း ဝီရိယရှိရမယ်။ မလျော့ရဘူး၊ မပေါ့ရဘူး ဆိုတာက သမာဓိပဲ။ မဆရဘူးဆိုတာက ဉာဏ်ပဲ။ ပေါ့နေဆနေရင် ဉာဏ်အားမကောင်းဘူး ကြံစည်တဲ့ဉာဏ်၊ တွေးတောတဲ့ဉာဏ်ပဲဖြစ်မယ်။ တကယ်အနှစ်သာရရှိတဲ့ဉာဏ်၊ မမေ့မလျော့မပေါ့မဆတဲ့ဉာဏ်၊ တွေးတောကြံဆမှုမရှိတဲ့ ဉာဏ်၊ မှန်အထက်တန်းကျတဲ့ဉာဏ်၊ အထွတ်အထိပ်ရောက်နိုင်တဲ့ဉာဏ်၊ အဲဒီဉာဏ်ပညာနဲ့ ပြည့်စုံရမယ်"

ဆရာတော်ကြီးအား ဖူးတွေ့စဉ် အမေ့အား စာရေးဆရာမှန်းသိသွားရာ စာပေလက်ဆောင်ပေးလိုက်ဦးမယ်ဟု ဆိုပြီး ဒေါက်တာမင်းတင်မွန် ရေးသားသော 'ဘဝအောင်မြင်ရေးသို့ ရှေးရှု' စာအုပ်ကို စွန့်လှူလိုက်ပါသည်။

နောက်နေ့တွင် ကျွန်တော်သည် ဆရာကျိုက်လတ်မိုးမြင့်၏ 'ရွှေဥမင် တောရသာသနာ' စာအုပ်ကို ဖတ်ကြည့်သည်။ ရဟန္တာဟု အများ၏မှတ်ယူခြင်းခံရသော မြောက်ဥက္ကလာပမြို့ ရွှေဥမင်တောရဆရာတော်ကြီးဘဒ္ဒန္တကောလလ္လ၏ ထေရုပ္ပတ္တိနှင့် အဆုံးအမများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။ မူလက ဘာသာရေးစာစောင်များတွင် ဆောင်းပါးများအဖြစ် ဆောင်ရေးသားခဲ့ရာ မြတ်ပန်းရဂုံ မဂ္ဂစာစောင်တွင် စာတည်းချုပ်လုပ်ခဲ့သူ ဦးဝင်း (သ-စ-အ၊ ဓမ္မာစရိယ) (ရတနာရွှေမန်း) က အဆက်မပြတ်ရေးသားရန် တိုက်တွန်းမှုကြောင့် ယခုကဲ့သို့ စာအုပ်ဖြစ်လာရကြောင်း ကျေးဇူးစကား ဖော်ပြထားသည်။

စာရေးသူ ကျိုက်လတ်မိုးမြင့်မှာ မြောက်ဥက္ကလာပမြို့နယ်တွင် တရားသူကြီးအဖြစ် (၁၂) နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ မြောက်ဥက္ကလာပမြို့ မယ်လမုစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌအဖြစ် အသက် (၈၀) ပြည့်သည်အထိ ကုသိုလ်ယူထမ်းဆောင်ခဲ့သည်။ အများစုပေါင်းအလှူငွေဖြင့် မြောက်ဥက္ကလာပ ဆေးရုံကြီးတွင် သံဃာ့ဆေးကုသဆောင် ပေါ်ပေါက်လာရန် ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်ပြီး ဂိလာနသံဃာတော်များ၏ ဆွမ်းကွမ်းကိစ္စကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ဆရာတော်ကြီးနှင့် နှစ်ပေါင်း (၂၀) ကျော်မျှ အနီးကပ်ကြည်ညိုဆည်းကပ်ခွင့်ရခဲ့သူ ဖြစ်ခြင်းကြောင့် ဆရာတော်၏အဆုံးအမဩဝါဒများနှင့် ကြည်ညိုဖွယ်အတွေ့အကြုံများကို အများသူငါ သိရှိကြည်ညိုနိုင်ကြစေရန် ရေးသား တင်ပြထားခြင်း ဖြစ်သည်ဟု စာရေးသူ၏ အမှာစာတွင် ဖော်ပြထားသည်။ ယင်းစာအုပ် စာမျက်နှာ (၃၃) တွင် -

"တရားအဆင့်နဲ့ ပတ်သက်ပြီး နှစ်ချက်ပဲပြောမယ်။ ကဲ - ပထမအချက်က ဒကာကြီးသိတတ်တဲ့အရွယ်ကစပြီး ခုထိခြေလှမ်းဘယ်နှလှမ်းရှိပြီလဲ"

"လယ်ယာလုပ်ငန်းရော၊ ဈေးရောင်းတာရော မိုးလင်းကမိုးချုပ်လှမ်းခဲ့တဲ့ ခြေလှမ်းတွေဘယ်မှတ်မိပါတော့မလဲ ဘုရား"

"အဲဒီလို အမှတ်တမဲ့လှမ်းခဲ့တဲ့ ခြေလှမ်းအားလုံးဟာ သချိုင်းကုန်းဘက်ကို လှမ်းတာပဲ။ လှမ်းတိုင်းကြွတိုင်း ဖြစ်၊ ပျက်ဆင်ခြင်ပြီးလှမ်းတဲ့ ခြေလှမ်းဟာ နိဗ္ဗာန်ဘက်ကို လှမ်းတာပဲ၊ မှတ်မိပြီးလား"

"မှတ်မိပါပြီ ဘုရား"

"တရားအဆင့်နဲ့ပတ်သက်ပြီး ဘာဖြစ်ပြီ၊ ဘယ်ရောက်ပြီဆိုတာ သူပြောလူပြောတရားကို မှန်မှန်စွဲစွဲမြဲမြဲ အားထုတ်ရင် မိမိဘာသာသိလာမယ်။ အဲဒီခန္ဓာကပြောတာအမှန်ဆုံး၊ သဘောပေါက်ပြီလား"

နောက်နေ့တွင် ဆရာတော်ကြီး ပြောခဲ့သည့် လေယာဉ်ပျက်ကျရာတွင်-

"တစ်ဦးတော့ကျန်ခဲ့တယ်၊ သာသနာပြုမယ့်သူပဲ"

ဟူသော စကားကို ပြန်လည်ပြောကြားယောင်နေမိသည်။

လေယာဉ်ပျံပျက်ကျပြီး နောက်တစ်နှစ် ၁၉၈၅ ခုနှစ်၊ သင်္ကြန်တွင် ကျွန်တော်တို့ သူငယ်ချင်းတစ်စု ကျိုက်ထီးရိုးတွင် ရဟန်းခံကြသည်။ ကျွန်တော်နှင့်အတူ ကိုတင်လှိုင် (နဂါးနီကြာဆံစက်)၊ ဗိုလ်ကြီးဝင်းသန်း (လေ) (ယခုဒုဗိုလ်မှူးကြီးနှင့်ကွယ်လွန်)၊ ဒေါက်တာမြင့်သောင်း၊ ကိုဌေးအောင်၊ ကိုမင်းဦး၊ ကိုမောင်တောင်း၊ ကိုမောင်ချိန်၊ ကိုမောင်စိန် စသည်တို့ဖြစ်ကြသည်။

ထိုစဉ် ကိုဝင်းသန်းကို ကျွန်တော်က -

"ကိုဝင်းသန်းရေ၊ စာရေးဆရာမကြီး မဝင်းမြင့်တို့ လေယာဉ်ပျံပျက်ကျတုန်းက လူတွေအကုန်လုံးသေသလားဟင်"

"ကိုတင်အောင်က ဘယ်လိုထင်လို့လဲ"

"ကျွန်တော်က ဘာမှမသိပါဘူးဗျာ။ ရွှေဥမင်ဆရာတော်ကြီး မိန့်တာက တစ်ဦးတော့ကျန်ခဲ့တယ်၊ သာသနာပြုမယ့်သူပဲတဲ့ဗျာ"

"ဆရာတော်ကြီးမိန့်တာ ဟုတ်နိုင်တယ်ဗျ"

"ဘာပြုလို့လဲ"

"ကျွန်တော်အုပ်စုမှာရှိတဲ့ တပ်ကြပ် ကိုပေါက်က လေယာဉ်ပျံပျက်ကျတုန်းက သူလည်း လေယာဉ်ပျံပေါ်ပါသွားတာပဲ။ လေယာဉ်လုံခြုံရေးတာဝန်နဲ့ပေါ့ဗျာ။ လေယာဉ်ပျံပေါက်ကွဲလွင့်စဉ်ထွက်သွားတော့ သူလည်း လွင့်စဉ်ထွက်သွားပြီး ဘာမှဒဏ်ရာမရဘဲ မြေကြီးပေါ်မှာ အသက်ရှင်လျက် သူတစ်ဦးတည်းကျန်ခဲ့တယ်။ အဲဒီတပ်ကြပ်က တပ်ကထွက်မယ်၊ ဘုန်းကြီးဝတ်တော့မယ်ဆိုပြီးလုပ်နေလို့ ကျွန်တော်လည်း သူ့ရဲ့ တပ်ထွက်ခွင့်အမိန့်ကို ထောက်ခံပေးပြီး အထက်ကိုတင်ပြထားလိုက်တယ်"

"သူလည်း တော်တော်တရားရသွားတယ် ထင်ပါရဲ့"

ယင်းပုဂ္ဂိုလ်သည် နောင်အခါ သာကေတ (၉) ရပ်ကွက်၊ နဝရတ်လမ်းတွင် မိုးကုတ်ဓမ္မကထိကဦးပုညာနန္ဒဖြစ်လာပြီး သက်တော် (၅၂) နှစ်၌ အိန္ဒိယပြည်၊ ဗုဒ္ဓဂယာတွင် ၂၀၁၀ ပြည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com

ဇန်နဝါရီလ ၂၀ ရက်နေ့ ည (၉) နာရီတွင် ယာဉ်တိုက်မှုဖြင့် ပုံလွန်တော်မူရှာလေသည်။

ရွှေဥမင်ဆရာတော်ကြီးသည် ရွှေ [illegible] ဖြစ်တော်မူခဲ့ပါသည်။ ထို့ကြောင့် အချိန်ရတိုင်း ဆရာတော်ကြီးထံ အနားအမြဲရောက်ခဲ့ပြီး အဆုံးအမတရားတော်များကို နာကြားခွင့်ရခဲ့ပါသည်။ ဆရာတော်ကြီး၏ တိုရှင်းလိုရင်းဩဝါဒမွေများ ကြားနာရင်းတွင် ကြက်သီးဖြန်းဖြန်းထအောင် ပီတိလွှမ်းရသလို ဆရာတော်ကြီး၏ ကြည်လင်ဝင်းပသော မျက်နှာတော်ကို ဖူးမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ပင်ပန်းသမျှပြေပျောက်ပြီး ပူပင်သောကမှန်သမျှ အေးငြိမ်းသွား၏။ ဆရာတော်ကြီးသည် သက်တော် (၆၀) နောက်ပိုင်း၌ စာဖတ်လျှင် မျက်မှန်တပ်ရလေသည်။

တစ်ခါတစ်ရံ မအားလပ်သည့်ကြားမှ ဆရာတော်ကြီးထံ အပြေးအလွှားရောက်သွားသည်။ သီလပေးတရားဟောနေသည်နှင့်ကြုံလျှင် ပရိသတ်နောက်ဆုံး ဆောက်ဘောက်(စ်)ဘေးတွင် ကုပ်ကုပ်လေးဝင်ထိုင်နာယူမိသည်။ မျက်စိလျင်သော ဆရာတော်ကြီးက ကျွန်တော်ဝင်လာသည်ကို မြင်သည်။ ရေစက်ခ[illegible] တရားပွဲသိမ်းမည့် ဆဲဆဲ အလှူရှင်များကို ခဏနေကြဦးဟု တားလိုက်သည်။

ပြီးမှ -

"အေး- ဘယ်သူတရားပျက်ပျက် ကိုယ်တရားမပျက်စေနဲ့ ဒါပါပဲ"

ဟု စကားတစ်ခွန်းဖြင့် ဆုံးမလိုက်သည်။ ထိုစဉ်က ကျွန်တော်လုပ်သောရုံးတွင် ရုံးကိစ္စတလွဲတချော်လုပ်နေသူများနှင့် ထိပ်တိုက်တွေ့နေရသော ကျွန်တော်၏အခြေအနေကို အလိုလိုသိသွားပုံဖြင့် သတိပေးဆုံးမစကားဆိုလိုက်ခြင်းဖြစ်ကြောင်း နားလည်လိုက်ပါသည်။

တစ်နေ့မှာ ဆရာတော်ကြီးကို ကျွန်တော်ဖူးမြော်စဉ် ဆရာတော်ကြီးက မိန့်တော်မူပုံမှာ -

"သွား - မင်းကွတ်ပင်ကို ရေသွားလောင်းလိုက်"

မင်းကွတ်ပင်က ဆရာတော်ကြီး၏ နောက်ဘက်မှာပါ။ ကျွန်တော်က ဘာကြောင့်မှန်း သေသေချာချာ မသိပေမယ့် ဒွါရအားလုံးကို ဖြန့်ထားသည့် ဆရာတော်ကြီးက ရည်ရွယ်ချက်နှင့်လုပ်ခိုင်းခြင်း ဖြစ်ပါသည်။ ကျွန်တော်သည် မင်းကွတ်ပင်အောက်မှာ မြွေက ဖားကိုမျိုနေသည်ကို တွေ့ရသည်။ ဆရာတော်အနေနှင့် ဖားအော်သံကြားရသည့်အတွက် ဝိနည်းလွတ်အောင် ဖားကို ထယ်တင်နိုင်ရန် မင်းကွတ်ပင်ကို ရေသွားလောင်းခိုင်းခြင်း ဖြစ်သည်ကို နောက်တစ်မှသိခဲ့ရသည်။

တစ်ခါသော် သင်္ကြန်တာလနီးသဖြင့် ဒုလ္လဘဝတ်ခွင့်လျှောက်မိသည်။

"ဆရာတော်ဘုရား၊ ဒီသင်္ကြန်တွင်းမှာ တပည့်တော် ဒုလ္လဘလေးများ ဝတ်မလားလို့"

"အို - ဒုလ္လဘလေးဆိုရင်တော့ ဝတ်မနေပါနဲ့တော့"

လေအေးအေးဖြင့် ပြန်မိန့်ကြားမှ ကျွန်တော်လည်း ကမန်းကတန်းပင် ပြင်လျှောက်လိုက်ရာ -

"တပည့်တော်က လေးတွေထည့်ပြောတာ နှုတ်ကျိုးနေလို့ပါ ဘုရား။ ဒုလ္လဘကြီးပါဘုရား"

ဆိုတော့မှ ဘဝင်ကျသွားသလို -

"အေး - ဒါဆိုလည်းဝတ်ပေါ့"

ဟု ဆိုပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ် ရွှေဥမင်တောရ၌ ငါးကြိမ်ဒုလ္လဘဝတ်၍ တရားအားထုတ်ခဲ့ပါသည်။ ဆရာတော်ကြီးသည် အခြွေအရံ လာဘ်လာဘ ပေါများမှုကို အလေးထားသောပုဂ္ဂိုလ် မဟုတ်ပါ။ ပေးလှူသမျှ သာသနာ့အကျိုးငှာ တစ်ဆင့်ပြန်လည် လှူဒါန်းသည်သာ။ အလှူပယ်ဖြစ်နေသော သင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဇာတိဖြစ်သော ကျိုက်ထို မုကွမူကျေးရွာဝန်းကျင်နှင့် ရန်ကုန်တစ်ဝိုက် လက်လှမ်းမီရာ ကျောင်းတိုက်များသို့ ခွဲဝေလှူဒါန်းပေးလေ့ရှိသည်။ ကျွန်တော်၏ရှေ့တွင်ပင် ဒကာတစ်ဦးက နောက်ဆုံးပေါ်ကား တစ်စီးလာလှူသည်။ ဆရာတော်ကြီးက ဒါနမြောက်ရုံ လက်ခံပြီး ထုံးစံအတိုင်း ရေစက်ခွက်မသုံးဘဲ နှုတ်ဖြင့်ရေစက်ချပေးသည်။ အမျှဝေပြီးနောက်-

"ရော့ - မင်းတို့ကားပြန်ယူထား။ ဘုန်းကြီးလိုတော့မှ ခေါ်လိုက်မယ်"

ဟု မိန့်ကာ ကားသော့ကို ပြန်ပေးလိုက်သည်။ ဤနည်းဖြင့် လှူဒါန်းခဲ့သောကားတွေက ဆယ်စီးမက။ သို့ပေမယ့် ကျောင်းအပိုင် ယူထားသည်ဟု မရှိချေ။

တစ်ည သန်းခေါင်ကျော် ဆရာတော်သည် သူ့ကျောင်းသင်္ခမ်းရှေ့ သစ်ပင်အုပ်ကြားတွင် တရားမှတ်ရင်း စင်္ကြံလျှောက်နေ၏။ လူတစ်ယောက်က ကျောင်းပေါ် တန်ရုံကပ်နာရီကြီး တက်ဖြုတ်ခိုးလာ၏။ နာရီပိုက်လျက် ခိုးလာသူကို ဆရာတော် တွေ့လိုက်သောအခါ သစ်ပင်အကွယ်သို့ ဝင်နေလိုက်၏။ မနက်ကျတော့ ကျောင်းပေါ်မှနာရီကြီးပျောက်သွားသည်ကို ရွာထဲမှ ကပ္ပိယကြီးများတွေ့သွားသည်။ ဆရာတော်က ဘာမှမသိသလို တုဏှိဘာဝေ။ ကပ္ပိယများက ခြေရာခံသတင်းယူပြီး လူငယ်တစ်ဦးကို နာရီနှင့်တကွ လက်ရဖမ်းပြီး ဆရာတော်ရှေ့သို့ခေါ်လာ၏။

"ကျောင်းကနာရီကို ယူသွားတာသူပါပဲ ဘုရား"

အကြောင်းစုံလျှောက်ပြီး ဆရာတော်၏ အဆုံးအဖြတ်ကို နာခံရန် စောင့်ဆိုင်းနေကြသည်။

ဆရာတော်က -

"တို့များရဟန်းသံဃာ ဆိုတာ တရားတဘောင်အမှုအခင်းတွေ မလုပ်ကောင်းဘူးကွယ့်။ ဒီတော့ မင်းတို့လည်း ဒီသူငယ်ကို အပြစ်မယူဘဲ ပြန်လွှတ်လိုက်ပါ။ ပြီးတော့ ဒီနာရီလည်း မထားခဲ့နဲ့၊ ကျောင်းပစ္စည်းမှမဟုတ်တော့ဘဲ။ သူခမျာ လိုချင်လို့ တမင်ယူခဲ့တာ။ သူ့ပစ္စည်းဖြစ်သွားပြီ။ သူ့ကိုပဲပြန်ပေးလိုက်ပါ" တဲ့။

ရွှေဥမင်ဆရာတော်လောင်းလျာကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုကွမူကျေးရွာတွင် ဦးဟန်၊ ဒေါ်သိုင်းခြုံတို့မှ ၁၂၇၅ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့နံနက် (၇း ၄၈) နာရီတွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၅) ယောက်အနက် အကြီးဆုံးဖြစ်သည်။ ငယ်မည်မှာ မောင်ချစ်ညွှန့်။ ဆရာတော်လောင်းလျာသည် ၁၂၈၄ တွင် မုကွမူကျေးရွာ မှန်ကျောင်းတွင် ဆရာတော် ဘဒ္ဒန္တနန္ဒိယထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်။ ဘွဲ့တော်မှာ ရှင်ကောသလ္လ ဖြစ်ပါသည်။ ၁၂၆၂တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်တောရကြီးစာသင်တိုက်တွင် ပိဋကတ်အခြေခံစာပေများကို သင်ကြားခဲ့သည်။ ၁၂၉၄ ခု၊ တန်ခူးလဆန်း (၁၁) တွင် ညောင်လေးပင်တောရကြီးဆရာတော် ဘဒ္ဒန္တအရိယထေရ်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးဖြစ်သော ဦးသာညွှန်၊ ဒေါ်ရွှေချိန်တို့၏ပစ္စယာ



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဟကိုခံယူကာ ညောင်လေးပင်တောရကြီး ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်ကို ရောက်ရှိခဲ့သည်။

မှန်ကျောင်းဆရာတော် ဦးနန္ဒိယ၊ ညောင်လေးပင်တောရကြီး ဆရာတော် ဦးအရိယ၊ ရန်ကုန်ရန်ကင်းမေဒိနီဆရာတော် ဦးအာဒိစ္စ၊ ညောင်လေးပင် အင်းဝိုင်းဆရာတော် ဦးကေသရ၊ သထုံ (ညောင်လေးပင်တိုက်ခွဲ) ဆရာတော် ဦးသည်သိန္ဒထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့သည်။ ဆရာတော်သည် ဇရာဝတီ ကျိုက်လတ် ပစ္စိမာရုံကျောင်း ရာကျော်ဆရာတော် ဦးသောဘိတနှင့်အတူ ပဲခူးရွှေကျင်၊ ခရွဲတောင် အောနိကာရုံတောရ၌ ၁၃၁၀ ပြည့်တွင် ဝါကပ်လျက် တရားအားထုတ်ခဲ့၏။

၁၃၁၁ ခုတွင် ဆရာတော်သည် ရန်ကုန် မြောက်ဥက္ကလာပ ရွှေဥမင်တောရဆရာတော် ဦးကေသရနှင့်အတူ ပဲခူး အဖျား၊ ကသစ်ပိုင်တရားရိပ်သာတွင် ဆရာတော်ဦးရေဝတနှင့် တရားအားထုတ်ခဲ့သည်။ ထိုနှစ်မှာပင် ဆရာတော်သည် ရန်ကုန် ဗဟန်း မဟာဗောဓိကုန်းကျောင်းတွင် နှစ်နှစ်တိုင်တိုင် တရားအားထုတ်ခဲ့၏။ ၁၃၁၃ ခု၊ နယုန်လဆန်း ၁ ရက်မှ ၁၃၁၂ အထိ ရန်ကုန် သာသနာ့ မဟာစည်ရိပ်သာဆရာတော်ကြီး ဦးသောဘနထံတွင် (၁၀) နှစ်တိုင်တိုင် တရားအားထုတ်ခဲ့၏။ ၁၃၂၂ ခုတွင် မြောက်ဥက္ကလာပ ရွှေဥမင်တောရကို စတင် ထူထောင်ပြီး ၁၃၂၃ ခု၊ ဝါဆိုလပြည့်တွင် မဟာစည်ရိပ်သာမှ ရွှေဥမင်ကျောင်းသစ်သို့ပြောင်း၍ ပဋိပတ္တိလုပ်ငန်းများကို ကြီးပမ်းဆောင်ရွက်ခဲ့ပါသည်။

၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် ရန်ကုန် ပတ္တမြားကုန်း တလပေါင်ရွာ၌ နိုင်ငံခြားသား ယောဂီများ တရားအားထုတ်နိုင်ရန် လှူဒါန်းသည့် မြေကွက်(၉)ဧကကို အလှူခံတော်မူ၍ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကို တည်ထောင်ခဲ့သည်။ ဆရာတော်သည် ပဲခူး ကျောက်တန်းရွာ မဟာဗောဓိကျောင်းတွင် ပျက်စီးနေသည့် ကျောင်းကိုပြုပြင်ပြီး တောရဆောက်တည်ကာ (၃) နှစ်ခန့် တရားအားထုတ်ခဲ့သည်။ ဆရာတော်သည် နွေရာသီတွင် မော်လမြိုင်ရာ ပဲခူး၊ ဝမ်းဘဲအင်း၊ ဆင်ပုန်းတောရ မွန်၊ ရေးမြို့ အဝင် မွန်စိန်တောရ သံဖြူ၊ ဘန့်ဘွေးကုန်းရွာ၊ ကျောက်တံခါးဓမ္မသုခတောရ၊ ရန်ကုန်၊ ကော့မှူး မြို့နယ်၊ ကော့မှူးချောင်းရွာ ညောင်ကိုင်းတောရ၊ ပဲခူး ဘုရားသုံးဆူရွာ နာရဏီတောရတို့၌ သုံးနှစ်ခန့်စီ တရားအားထုတ်ခဲ့သည်။ ဆရာတော်သည် မဟာစည်သာသနာ့ရိပ်သာ၏ ဦးသျှောင်ဩဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်း ရတ္တညူမဟာနာယကအဖြစ် ပျံလွန်တော်မူသည်အထိ ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် ပဲခူး ကြခတ်ဝိုင်းစာသင်တိုက်၊ ပုဗ္ဗာရုံစာသင်တိုက်၊ ညောင်လေးပင်တောရကြီးစာသင်တိုက်၊ မဒေါက်၊ ပန်းငွေရုံစာသင်တိုက်များသို့ နှစ်စဉ်ပစ္စည်းလေးပါးထောက်ပံ့ခဲ့သည်။ ဆရာတော်သည် ဆေးရုံများတွင် ဆေးကုသမှုခံနေကြသည့် သံဃာများအား နှစ်စဉ်မိမိမွေးနေ့တွင် ဆေးဝါး၊ ဓာတ်စာ၊ ပရိက္ခရာများကို လှူဒါန်းခဲ့သည်။ ဘိုးဘွားရိပ်သာများသို့လည်း သင့်လျော်သည့်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ဆရာတော်သည် ၂၀၀၁ ခုနှစ် နွေရာသီတွင် ရန်ကုန်စမ်းချောင်း ကံမြင့်ကျောင်းတွင် ကလေးအထူးတရားပွဲကို ကျင်းပပြီး ကလေးသုံးထောင်ကျော်ကို ကိုယ်တိုင်ကြွ၍ တရားချီးမြှင့်ခဲ့သည်။ ဆရာကြီး ဦးဂိုအင်ကာ၏ ဓမ္မဂီရိအဖွဲ့အား ကျိုက်ထိုမုဏ္ဍမုန္တာဝင်းစိန်ကျောင်း၌ ကလေးခြောက်ရာကျော်ကို ကလေးအထူးတရားပွဲ နှစ်ကြိမ်ကျင်းပရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ဆရာတော်သည် အပ္ပိစ္ဆတာဂုဏ်နှင့် ပြည့်စုံသဖြင့် ပကာသနမှု၊ ကျော်စောမှုကို မလိုလားပေ။ နိုင်ငံတော်မှဆက်ကပ်သည့် ဘွဲ့များကို ဆက်ကပ်ခြင်းခံရသော မိမိနှင့် သိက္ခမ်းသည့် ဆရာတော်များအား ပြန်လည်ဆက်ကပ်ခဲ့သည်။ ဖော်ပြပါဂုဏ်များနှင့် ပြည့်စုံသော ရွှေဥမင်ဆရာတော် ဘဒ္ဒန္တကောသလ္လသည် သက်တော် (၉၀)၊ ဝါတော် (၇၀) အရ ၁၃၆၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ၂၀-၁၁-၂၀၀၂ ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၃) နာရီ (၃၀) မိနစ်တွင် ပတ္တမြားရွှေဥမင်ဓမ္မသုခတောရရိပ်သာ၌ တစ်ဘဝခန္ဓာဇာတ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

၂၀၀၂ ခုနှစ်ဝန်းကျင် ဆရာတော်ကြီး၏ နောက်ဆုံးအချိန်များတွင် ဆရာတော်ကြီးသည် ကျောက်ကပ်ဝေဒနာခံစားနေရသည်။ SSCဆေးရုံတွင် ပထမအကြိမ်(၃၆)ရက်တက်ခဲ့ရသည်။ ရောဂါကြောင့် ဆေးရုံတက်နေစဉ် တပည့်ဒကာ၊ ဒကာမများက ဆရာတော်ကြီးထံ လာရောက် ဖူးမြော်ကြသည်။ ဆရာတော်ကြီးသည် ကျောက်ကပ်ရောဂါကြောင့် ရောင်နေသော ခြေထောက်နှင့် လက်တို့ကို ခြုံစောင်နှင့်အုပ်ထားသည်။ ဒကာ၊ ဒကာမများကမေးလျှင် 'ကောင်းပါတယ်ကွယ်' ဟုသာ မိန့်ဆိုလေ့ရှိသည်။ ကိုယ့်အတွက်ကြောင့် သူတစ်ပါး စိတ်ဆင်းရဲမည်ကို စိုးရိမ်တတ်သည်။ ပထမအကြိမ် ဆေးရုံမှဆင်းပြီးနောက်ထပ်မံ၍ ဒုတိယအကြိမ် SSC ဆေးရုံသို့ တင်ပို့ကုသရပြန်သည်။ (၁၆) ရက်ကြာသည်။ ဆရာတော်ကြီးသည် ၁၆-၁၁-၂၀၀၂ တွင် ဆေးရုံမှ ရန်ကုန်ကုန်းတလပေါင် ရွှေဥမင်ဓမ္မသုခရိပ်သာ ကျောင်းသို့ပြန်၍ကြွလာသည်။ ကျောင်း၌ သီတင်းသုံးနေထိုင်စဉ် ညဘက်၌ အခွေဖြင့် တရားတော်များကိုဖွင့်ပြီး နာယူတော်မူသည်။ ဤသို့ တရားသံများကို ကြားရသောအခါ ယောဂီများသည်လည်း တရားနာချင်သဖြင့် ဆရာတော်အား လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်က ကျောင်းပေါ်မှ တရားနာခြင်းကို ခွင့်ပြုခဲ့သည်။ အဲဆိုပါအချိန်မှစ၍ ကျောင်းပေါ်၌ တရားနာသည့်ဓလေ့ကို ယခုတိုင်အောင် ဆက်လက်ကျင့်သုံးနေသည်။ ဆရာတော်ကြီး၏ မှတ်ဖွယ်စကားများမှာ -

"နှစ်သစ်ကူးတဲ့အခါ ငါးလွှတ်ကြတယ်နော်။ ဆုတောင်းလေးက ကောင်းမှကောင်း။ 'နှင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်' တဲ့။ ဈေးသည်တွေတင် အမြတ်ကြီးစားမှတ်တယ်။ အလှူရှင်တွေလည်း အမြတ်ကြီးစားတာပဲ။ ကိုယ်ငါးဖြစ်ပြီး ဆယ်ခါလွှတ်ခံရရင်တော့ မသက်သာဘူးနော်။ 'သူ့သေဘေးကလွှတ်ရသလို ကိုယ်လည်းသေဘေးကလွှတ်ပါစေ' ဒီလို ဆုတောင်းရမှာ"

"အရှူးမီးဝိုင်းဆိုတာသိကြသလား။ အိမ်ရောက်ရင် ကိုယ့်ကိုယ်ကိုယ်မှန်နဲ့ ပြန်ကြည့်။ ပုထုဇ္ဇနော ဥမ္မတ္တကောတဲ့။ လောဘမီး၊ ဒေါသမီး၊ မောဟမီး မီး (၁၁) ပါး အလောင်ခံနေရတာ အရူးမီးဝိုင်းပဲ"

"သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါတဲ့။ သင်မကောင်းလျှင် ကျွန်ုပ်ဆိုးမယ် ဆိုတဲ့ သဘောပေါ့။ ဒါဆို အတော့်ကို ကြောက်စရာကောင်းတာပဲနော်။ သူတော်ကောင်းဆိုတာ သူကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကအမြဲကောင်းနေရမယ်"

ဤဆောင်းပါးဖြင့် ရွှေဥမင်ဆရာတော်ကြီး ဦးကောသလ္လနှင့် ဖခင်ဦးရှန်အောင်ကို ဦးခိုက်လျက်။

တင်အောင်(စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်အတွက် သန့်ရှင်းတည်တံ့ခိုင်မြဲစေရန်

# ဆရာတော်ကြီးများ၏ဩဝါဒများ

မုဒိတာ(ကျိုက်လတ်)



### သံဃာ့ကိစ္စ သံဃာဆောင်ရွက်

'သံဃာကိစ္စ၊ သံဃာဆောင်ရွက်ရမည်' ဆိုသောမူအရ သာသနာတော်သန့်ရှင်းတည်တံ့ရေး၊ ပြန့်ပွားရေးဆိုသော တာဝန်ကြီးသည် ရဟန်းသံဃာတော်များအပေါ်မှာ အဓိကကျရောက်လျက်ရှိသည်ဆိုသည့် ခံယူချက်ဖြင့် မိမိကိုယ်ကို အားထားယုံကြည်ဖို့၊ သူတစ်ပါးအပေါ်မှာ အားကိုးပြီး သူတစ်ပါးအကူအညီမရတာနှင့် မဆောင်ရွက်ဘဲမနေကြဖို့၊ သူတစ်ပါးကို အားကိုးသင့်သလောက်သာ အားကိုးပြီး ဆောင်ရွက်ကြပါ။

(ပဲခူးမြို့မဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍစာရ၏ မိန့်ကြားမှာကြားချက်)

### ကျောင်းထိုင်ဘုန်းကြီးကောင်းဆိုတာ

၁။ မာတုဂါမ၊ သံသဂ္ဂ၊ လုံးဝရှောင်ကြဉ်သင့်။

၂။ လူညံ့လူဖျင်း၊ အိမ်လည်ခြင်း၊ အလျှင်းမပြုသင့်။

၃။ ငွေချေးငွေစု၊ လူအမှု၊ မပြုမိလေနှင့်။

၄။ တပည့်ဒကာ၊ ဂုဏ်မျက်နှာ၊ ဘယ်ခါမလိုက်နှင့်။

၅။ ခရီးမများ၊ တရားပေစာ၊ ပို့ချကာ၊ နေတတ်အောင်သာကျင့်။

- ကျောင်းမထိုင်ခင် ထေရ်အရှင်၊ အင်္ဂါငါးရပ်မှတ်ဖို့သင့်။
- ခေတ်အားလျော်စွာ၊ အင်ငါးဖြာ၊ လိုက်နာနိုင်မှ တော်မည်ထင့်။
- ကျောင်းထိုင်မစား၊ ဘုရားသာသနာ၊ စောင့်ရှောက်ရာ၊ ရောက်မှာဧကန်ဖြစ်။

(မိုးကောင်းဆရာတော်ဘုရားကြီး၏ အဆုံးအမ)



www.burmeseclassic.com

www.burmeseclassic.com

### ပဋိပတ်သြဝါဒ (၃) မျိုး

၁။ အတိတ်အာရုံကိုပြန်ပြီး မစဉ်းစားနှင့်။
၂။ ပစ္စုပ္ပန်အာရုံတွေကို မတပ်မက်နှင့်၊ မတွေဝေနှင့်၊ သမ္မဇဉ်နှင့် မတွေဝေအောင်လုပ်ပါ။
၃။ အနာဂတ်အာရုံကိုလည်း မမျှော်မှန်းနှင့်၊ ဒါဟာ တဏှာကင်းအောင်လုပ်နည်းပဲ။

(ဤသုံးပါးသည် တဏှာကင်းအောင်ကျင့်နည်း ဖြစ်သည်။)

### (ဗေဒင်၊ ဆေးကု၊ လှည်းသမား) ကျောင်းထိုင်ရဟန်း

ယေဘုယျာ သိအမှတ်မှာဖြင့် ပိဋကတ်မသင်၊ ပဋိပတ်မယှဉ်သည့် အမြင်ပင်ယခု၊ ရှုပ်ပွဲနှင့် ကသိုဏ်းပျော်သည်၊ ဆိုင်းဆော်လျှင် သူတို့သာရှူ။ အင်္ဂါယ ငွေစစ်ကြဲသည် ရွှေဖြစ်ရန်သူပြု။ ဘေသဇ္ဇ သူနာကုနှင့် ယတြာပြုဗေဒင်၊ ဓာတ်စာပါ၊ တစ်လည်ပေးပါလို့၊ ပြည်သေးနှင့် ဆွမ်းဆန်ကိုခြင်၊ ပင့်ဖိတ်အောင် တစ်ဘဏ်ဆင်သည်၊ ဒလန်ပင်ပေါင်းသင်း၍၊ ကျောင်းတွင်းက မြောင်းခင်းပိုင်၊ နွားလှုဂဏ်ပြိုင်၊ လှည်းသမား ကျောင်းထိုင်သည်၊ တောင်းနိုင်ဖွယ်၊ ရှိဖူးထင့်လေး။

(လယ်တီဆရာတော်ဘုရားကြီး၏ သြဝါဒစာချိုး)

### ဘုရားအမိန့်ကျူးလွန်သူများ

သာသနာ လေးမပြု ဆေးကုလို့ ကျောင်းထိုင်။ ဗေဒင်လေးဟော ပြောနိုင်၊ ဖောပေါလိုင်ဝါကြွား။ အာစီမစင်ကြယ်တယ်၊ နှင်အပယ်ရောက်လိမ့်မများ။ သက်မွေးမှုသောင်သာအောင်၊ အချောင်ရှာ ညာစား၊ ဒကာတွေလျှောက်စကားတိုတော့၊ မဖောက်ပြားလိုက်နာ၊ အာပတ်တွေ တပေပေသင့်ပါလို့၊ ခြေနေဖြင့်ဆိုးလှလေတာ၊ သံဝရ အာယတိမပါလျှင် ခါအကြိမ်တစ်ရာထပ်ကာကြွားသော်လည်း၊ မြတ်စွာဘုရား မိန့်အာဏာ ကျူးလွန်လှက်သာ အသွင်ဆန်းတဲ့ သင်္ကန်းဝါကို ဆင်မြန်းကာသာ ပစ္စည်းရှာကြလေ။

(ရှေးစာဆိုတစ်ဦး)



### ဘဝအတွက် အထွတ်အထိပ်ရောက်လိုလျှင်

၁။ စိရကာလဘာဝနာ - ကြာမြင့်စွာ အလုပ်ပြုလုပ်ခြင်း၊
၂။ နိရန္တရဘာဝနာ - မရပ်မနား အလုပ်ပြုလုပ်ခြင်း၊
၃။ နိရဝသေသဘာဝနာ - အကြွင်းအကျန်မရှိအလုပ်ပြုလုပ်ခြင်း၊
၄။ သက္ကစ္စဘာဝနာ - ရိုသေလေးစားစွာအလုပ်ပြုလုပ်ခြင်း၊
၅။ အဘိရတိဘာဝနာ - ပျော်ပျော်ပါးပါးအလုပ်ပြုလုပ်ခြင်း။

ဤကျင့်စဉ်ငါးပါးနှင့် ပြည့်စုံနေရသည်။

(သံကုန်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ)

### ရဟန်းကောင်းဘဝတိုးတက်ရန်(၇)ချက်

၁။ မြတ်စွာဘုရား၌ အလေးဂရုပြုသူဖြစ်ခြင်း။
၂။ လောကုတ္တရာတရား (၉) ပါး၌ အလေးဂရုပြုသူဖြစ်ခြင်း။
၃။ သံဃာတော်၌ အလေးဂရုပြုသူ ဖြစ်ခြင်း။
၄။ သိက္ခာသုံးပါး၌ အလေးဂရုပြုသူ ဖြစ်သူ။
၅။ သမာဓိ၌ အလေးဂရုပြုသူ ဖြစ်ခြင်း။
၆။ ဒုစရိုက်အကုသိုလ်ကို ရှက်ခြင်း၊ စက်ဆုပ်ခြင်း၌ အလေးဂရုပြုသူ ဖြစ်ခြင်း။
၇။ ဒုစရိုက်အကုသိုလ်ကို ကြောက်လန့်ခြင်း၌ အလေးဂရုပြုသူဖြစ်ခြင်း။

ဤသို့သောအချက်ခုနစ်ချက်နှင့် ညီညွတ်ပါက ရဟန်းကောင်းဖြစ်ပေသည်။

### ငံ့စား မော့စား မျှော်စား ထောင့်စား မဖြစ်အောင်ရှောင်ရန်

၁။ မြေကြန်အတတ်ဖြင့် ဘုန်းကြီးအောင်စားလမ်းထွင်သောရဟန်းမျိုးကို ငံ့စားရဟန်း (အောက်ငံ့)
၂။ နက္ခတ်အတတ်ဖြင့် ဘုန်းကြီးအောင်စားလမ်းထွင်သော ရဟန်းမျိုးကို မော့စားရဟန်း (အထက်မော့)
၃။ လူတို့ခိုင်းစေရာကိုလုပ်၍ ဘုန်းကြီးအောင် စားလမ်းထွင်သော ရဟန်းမျိုးကို လေးမျက်နှာမျှော်စားရဟန်း။
၄။ အင်္ဂဝိဇ္ဇာ၊ ဗေဒင်၊ ဓာတ်ရိုက်၊ ဆေးဝါးကုသ စသောအတတ်ဖြင့် စားလမ်းထွင်စားသော ရဟန်းမျိုးကို ထောင့်လေးမျက်နှာလှည့်စားသောရဟန်းဟူ၍ ရဟန်းဆိုး (၄) မျိုးရှိ၏။

(အရှင်သာရိပုတ္တရာ)

### သူ့ကျေးဇူးသိပါ

၁။ ကျေးဇူးမသိ၊ လူတုံးတိ၊ များဘိဒုက္ခသာ။
၂။ အရိပ်ခိုကိုး၊ သစ်ပင်မျိုး၊ မချိုးမခုတ်ရာ။
၃။ အရိပ်ခိုကိုး၊ အခက်ချိုး၊ ပျက်ရိုးထိုသူသာ။
၄။ တစ်လုတ်စားဖူး၊ သူ့ကျေးဇူး၊ ကျူးကာမဖျက်ရာ။
၅။ ကျေးဇူးသိက၊ အဝဝ၊ ချမ်းသာကြမည်သာ။
၆။ ယခုမျက်မှောက်၊ ချမ်းသာရောက်၊ မြားမြောက်ပုံစံသာ။

(စစ်ကိုင်းရွှေဟင်္သာဆရာတော်ကြီး)

မုဒိတာ(ကျိုက်သလဲ)



www.burmeseclassic.com

www.burmeseclassic.com

(တရားရေး)

# အောင်းကလေး

## မေတ္တာဘာဝနာ၏မမြင်ရသောစွမ်းအား



ကံသုံးပါးတို့တွင် မနောကံသည် တန်ခိုးအကြီးဆုံး၊ စွမ်းအားအကြီးဆုံး ဖြစ်သည်။ ကာယကံ၊ ဝစီကံတို့သည် မနောကံကြောင့် ဖြစ်ပေါ်လာရသည်။ မေတ္တာပွားခြင်း၊ မေတ္တာပို့ခြင်းတို့ကို မနောကံဖြင့်သာပြုရသဖြင့် မနောကံ မေတ္တာသည် အဓိကကျသည်။ မေတ္တာကို လူတိုင်း၊ သတ္တဝါတိုင်း အလိုရှိကြသည်။ မိမိက မေတ္တာထားလျှင် မိမိကို ပြန်၍ မေတ္တာထားသည်မှာ ဤသဘောပင် ဖြစ်ပါသည်။ မေတ္တာသည် မနောစွမ်းအားဖြစ်သဖြင့် ပကတိမျက်စိဖြင့် မမြင်နိုင်သောနာမ်ဓမ္မဖြစ်သည်။ အင်အားသတ္တိတွင် မြင်ရသောအရာထက် မမြင်ရသောအရာက ပို၍အင်အားကြီး၏။ အသံနည်းသောအရာ၊အသံမမြည်သောအရာသည် ပို၍ အင်အားကြီးသည်။ ထင်ရှားအောင် ဥဒါဟရုဏ်ဆောင်ရလျှင် နိဗ္ဗာန်သည် ဘာမှမရှိဟု ထင်ရသော်လည်း အင်အားအကြီးမားဆုံးမည်သည့်အခါမျှ ပျက်စီးခြင်းမရှိသော အတုမဲ့အငြိမ်းဓာတ်၊ အအေးဓာတ်ချမ်းသာကြီး ဖြစ်သည်။ ထို့ကြောင့် နိဗ္ဗာန်ကို နိစ္စနိဗ္ဗာန်၊ ဓူဝနိဗ္ဗာန်ဟူ၍ ခေါ်သည်။ အင်အားသတ္တိတွင် ဘာမှမရှိလေ ပို၍အင်အားကြီးလေ ဖြစ်သည်။ ရုပ်ဝတ္ထုတွင် လူမပါဘဲ အဝေးမှထိန်းချုပ်၍ လိုသလို ပြုလုပ်နိုင်သောပစ္စည်းများ၊ အလိုအလျောက်လည်ပတ်လှုပ်ရှားနေသော အော်တိုစစ်စတန်ဖြင့် ပြုလုပ်ထားသောပစ္စည်းများထက် စိတ်စွမ်းအား၊ မနောစွမ်းအားသည် လူတို့ကြံစည်ပြုလုပ်ထားသော ရုပ်ဝတ္ထုပစ္စည်းများထက် အဆရာထောင်မက အင်အားသတ္တိကြီးမားသည်။ အင်အားကို လူတိုင်း နားမလည်နိုင်ပါ။ ကြံစည်၍လည်း မရနိုင်ပါ။ ထိုအင်အားကို ယုံယုံကြည်ကြည်နှင့်အသုံးချတတ်ဖို့သာ လိုသည်။ အသုံးချတတ်ပါလျှင် ထိုမမြင်ရသောအင်အားက ကွန်ပျူတာတို့ထက် တိကျစွာစနစ်တကျ အကွက်ကျကျ တိုင်ပင်ကိုက်လုပ်ဆောင်သွားပေလိမ့်မည်။ မိမိ၏ကိုယ်ပိုင်ဉာဏ်စွမ်းဉာဏ်စအသိဉာဏ်ဖြင့် လုပ်ဆောင်ရသည်က အမှားအယွင်းများ အတိမ်းအစောင်းများ ရှိကောင်းရှိနိုင်ပါသည်။ ထိုမမြင်ရသောစွမ်းအားဖြင့် လုပ်ဆောင်သွားလျှင် ကွန်ပျူတာတို့ထက် တိကျစွာ တစ်ခုပြီးတစ်ခု ရှေ့နောက်ညီညွတ်စွာ ပရိုဂရမ်ဆွဲထားသလို လုပ်ဆောင်သွားပေလိမ့်မည်။ မိမိကလုပ်နေစရာမလိုပါ။ အလိုလို အကွက်ကျကျ တစ်ပြေးညီစွာ ဖြစ်လာပေလိမ့်မည်။ တိုင်ပင်ကိုက်၊ စကေးကိုက်၊ အချိန်ကိုက်ဖြစ်လာလိမ့်မည်။ စာဖတ်သူများမယုံမရှိပါနှင့် ကိုယ်တွေ့ဖြစ်ပါသည်။ လောကတွင် အခက်ဆုံးသောအရာသည် အလွယ်ဆုံးဖြစ်နေတတ်သည်။ သို့သော် ကိုယ်တိုင်လုပ်ကြည့်ဖို့တော့လိုသည်။ လုပ်ကြည့်လျှင် သိလာပေလိမ့်မည်။

ယခုကဲ့သို့ စာရေးသူ နိဒါန်းသွယ်နေခြင်းမှာ အလုပ်သဘောသို့ရောက်စေချင်၍ မေတ္တာဘာဝနာ၏ မနောစွမ်းအားသတ္တိကို ထင်သာမြင်သာအောင် တင်ပြနေခြင်း ဖြစ်သည်။ လောကီဖြစ်စေ၊ လောကုတ္တရာ ဖြစ်စေ မေတ္တာကျင့်စဉ်ဖြင့် ယှဉ်တွဲ၍ လုပ်ဆောင်သွားပါလျှင် ပိုမိုအကျိုးထိရောက် အောင်မြင်ရမည်မှာ အမှန်ဖြစ်ပါသည်။ မေတ္တာဘာဝနာ မစီးဖြန်းဘဲ တောထဲသို့သွား၍ တရားအားထုတ်သဖြင့် ဘုရားထံသို့ ပြန်လာရသည့် ရဟန်းငါးရာဝတ္ထုမှာ အထင်အရှား ဖြစ်ပါသည်။

စာရေးသူ၏ ကိုယ်တွေ့အတွေ့အကြုံကို အနည်းငယ် တင်ပြပါမည်။ ဇာတိဖြစ်သော အင်္ဂပူမြို့နယ် မဲဇလီကုန်းဒေသရှိ နှစ်ပေါင်းများစွာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်နေသည့် စေတီလေး (၂) ဆူကို ပြုပြင်ခဲ့ပါသည်။ မပြုပြင်မီကပင် ဘုရားပတ်ဝန်းကျင်၌ရှိကြကုန်သော မြင်အပ်၊ မမြင်အပ်သတ္တဝါအပေါင်းတို့အား မေတ္တာပို့လွှတ်ထားပါသည်။ ဘုရားရှိအစောင့်အရှောက်ပုဂ္ဂိုလ်များ၊ ဆိုင်ရာပိုင်ရာကွင်းပိုင်နယ်ပိုင်များစသည့် အပိုင်စားပုဂ္ဂိုလ်များ၊ ထိုဒေသရှိအကြီးအကဲပုဂ္ဂိုလ်များကို ကြိုတင်၍ မေတ္တာပို့လွှတ်ခြင်း၊ ပရိတ်ပဋ္ဌာန်းတရားတော်များရွတ်ဖတ်ခြင်း၊ အမျှအတန်းပေးဝေခြင်းတို့ကို ပြုလုပ်ပြီးမှ ပြုပြင်ခဲ့ပါသည်။ မည်သည့်အနှောင့်အယှက်မျှ မတွေ့ရပါ။ အဆိုပါ စေတီနှစ်ဆူရှိရာဒေသသည် ကွင်းကြမ်းသော၊ အမှားအယွင်းမခံသောနေရာဖြစ်ကြောင်း နောင်မှသိရပါသည်။ မေတ္တာကို ပုဂ္ဂိုလ်သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com

တိုင်းအလိုရှိကြသည်။ မေတ္တာပို့သောသူတို့ နှောင့်ယှက်ကြမည်မဟုတ်ပါ။ အကူအညီပေးမည်သာ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် အလွန်ခက်ထန်ကြမ်းတမ်းသော အာဠဝကနတ်ဘီလူးကြီးကို မေတ္တာဖြင့်သာ အနိုင်ယူခဲ့သည်။ မေတ္တာဘာဝနာအလုပ်ကို စူးစူးစိုက်စိုက်လုပ်ကြည့်ပါ။ သိသာလာပါလိမ့်မည်။ စာဖြင့်ရေးဖွဲ့တင်ပြ၍မရနိုင်လောက်အောင် မေတ္တာ၏ ထူးခြားမှုစွမ်းပကားများကို ကိုယ်တိုင်သိမြင်လာပါလိမ့်မည်။ မေတ္တာကို နေ့စဉ်ရက်ဆက်စူးစူးစိုက်စိုက်ပွားများလေ မေတ္တာ၏သဘောစွမ်းပကားကို သိလာလေလေ သူအများက မိမိကို အလိုလိုခေါ်ချင်၊ ပြောချင်၊ နှုတ်ဆက်ချင်ဖြစ်လာလိမ့်မည်။

မေတ္တာပွားသူကို လူတွေသာမက နတ်တွေကပါ ချစ်ခင်လာလိမ့်မည်။ ကူညီမ,စ စောင့်ရှောက်လာလိမ့်မည်။ ပင့်ဖိတ်ဆေးဆောင်နေစရာမလိုပါ။ လူချစ်လူခင်ပေါများလိုလျှင် မေတ္တာဘာဝနာအလုပ်ကို စွဲစွဲမြဲမြဲလုပ်ကြည့်ပါ။ မေတ္တာကို ကြိမ်ဖန်များစွာ အားထုတ်၍ မေတ္တာ၌ ပျော်မွေ့လာသည့်အခါ မေတ္တာဈာန်သမာဓိရလာသည့်အခါတွင် ဘဝများစွာသံသရာက ဆည်းပူးအားထုတ်ခဲ့သည့် အတိတ်ပါရမီကံအကြောင်းအားလျော်စွာ ပဋ္ဌာန်းဆက်ကောင်းကျိုးများ ရရှိခံစားပေါ်ပေါက်လာတတ်ပေသည်။ လောကီနယ်ပယ်၌ မေတ္တာလောက်အစွမ်းသတ္တိကြီးမားသော အင်အားမရှိ။ မေတ္တာကံသည် သတ္တဝါကို အာရုံပြုရာ၌ အတိုင်းအရှည်ပမာဏကန့်သတ်ချက်မရှိသောကြောင့် အပ္ပမာဏကံ ဖြစ်သည်။ ကာမာဝစရကုသိုလ်ကံသည် ကန့်သတ်ချက်အတိုင်းအတာရှိ၏။ ဥပမာ ဆွမ်းလှူလျှင် ဆွမ်းအကျိုး (၅) ပါး၊ ရေလှူလျှင် ရေအကျိုး (၁၀) ပါးကို ရ၏။ မေတ္တာကံကား ထိုသို့မဟုတ်ပါ။ မေတ္တာပွားရာ၌ ကန့်သတ်ချက်မရှိသောကြောင့် အကျိုးပေးရာ၌လည်း အကန့်အသတ်မရှိ။ မေတ္တာ၏သဘောသည် သတ္တဝါကို ပျက်စီးစေလိုသောစိတ်မရှိမှု၍ ကြင်နာသနား ကောင်းကျိုးတရားများကို ရရှိစေလိုသော၊ စေတနာဇောအဟုန်ရှိသော ကုသိုလ်စိတ် ဖြစ်သည်။ သတ္တဝါတို့ကို ရင်ဝယ်သားကဲ့သို့ ထပ်တူထားသော အကျိုးစီးပွားဖြစ်ထွန်းစေလိုသော၊ ကြီးပွားချမ်းသာစေလိုသော စေတနာကံအရင်းခံထားသည် ဖြစ်သောကြောင့် ကုသိုလ်တို့၏ အစုအပုံကြီးလည်း ဖြစ်သည်။ ကြီးကျယ်မြင့်မြတ်သောကုသိုလ်ကြီးကို ပြုလုပ်သည့်လည်း မည်ပါ၏။ နှလုံးသားမြင့်မြတ်သောသူတို့သာ ပြုနိုင်ကြ၏။ မဟာကုသိုလ်ကြီးကိုပြုသည်မည်ပါ၏။ ကာမာဝစရကုသိုလ်တို့ထက် ကြီးကျယ်မြင့်မြတ်သော၊ အင်အားကြီးမားသော ထိုမဟာကုသိုလ်ကံတို့သည်ကား ဆိုဖွယ်ရာမရှိတော့ပါ။ သံသရာတစ်လျှောက်လုံးက ပါလာသော အကုသိုလ်တို့ကို ချေဖျက်နိုင်စွမ်းရှိ၏။

ကံတို့သည် တစ်ခုနှင့်တစ်ခု အင်အားသတ္တိချင်း မတူသောကြောင့် အကျိုးပေးချင်းလည်းမတူကြ။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မှလွဲ၍ အင်အားအကြီးဆုံးသောကံမှာ မေတ္တာဘာဝနာကံ ဖြစ်သည်။ အသင်္ခတနိဗ္ဗာန်သို့ ရရှိရောက်ရှိပြီးသောပုဂ္ဂိုလ်တို့၏ အဒေါသစေတသိက်ခေါ် မေတ္တာဓာတ်၊ မေတ္တာလှိုင်းများ၏အင်အားသတ္တိကို ခံယူတတ်ဖို့ လိုသည်။ သူတော်ကောင်းတို့၏ မေတ္တာကိုလည်း ခံယူပါ။ မေတ္တာလည်း ပို့ပါ။ စာပေကျမ်းဂန်များအရ မေတ္တာသည် ပစ္စုပ္ပန်, သံသရာတို့တွင် ချမ်းသာမြင့်မြတ်စေခြင်း၊ ပါရမီမြောက်စေသော အလုပ်မှန်သမျှ အလွယ်တကူပြီးမြောက်စေခြင်း၊ ဝိပဿနာလောကုတ္တရာအတွက် လွယ်ကူသော အထောက်အပံ့ဖြစ်စေခြင်း စသော အကျိုးထရားများကို ရရှိစေပါသည်။ မေတ္တာပွားများခြင်းသည် လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့အကျိုးကိုဆောင်နေခြင်း၊ ၎င်းတို့ အနှစ်သက်ဆုံးသောအရာကို ပြုလုပ်နေခြင်း၊ သတ္တဝါတို့အတွက် ကိုယ်စိတ်နှစ်ပါးချမ်းသာစေခြင်း၊ စိုးရိမ်ထိတ်လန့်ကြောင့်ကြစွာနေရခြင်းမှကင်းဝေးခြင်းတို့ကြောင့် သတ္တလောကကြီးအတွက် အကောင်းဆုံးသော အကျိုးစီးပွားကို ဆောင်ကြဉ်းနေသူဟုလည်း ခေါ်ဆိုထိုက်ပါသည်။

စာဖတ်သူများအနေဖြင့် မြင်လျှင်လည်း မေတ္တာ၊ သွားလျှင်လည်း မေတ္တာ၊ စားလျှင်လည်းမေတ္တာ၊ ကြားလျှင်လည်း မေတ္တာ၊ အိပ်လျှင်လည်း မေတ္တာ၊ ပြောလျှင်လည်းမေတ္တာ၊ အရာရာကို မေတ္တာဖြင့်သာ လုပ်ကြည့်ပါ။ မေတ္တာသည် အကောင်းဘက်ကိုသာ ဦးတည်ကြည့်ခြင်း ဖြစ်သည်။ မိမိ၏ စိတ်နှလုံးကို အကောင်းဘက်သို့ ဦးလှည့်ပေးခြင်း ဖြစ်သည်။ သူတော်ကောင်းတို့သည် အရာရာကို အကောင်းဘက်ကသာကြည့်မြင်ကြသည်။

တစ်ခါက ဝေဘူဆရာတော်ကြီးသည် ဘုရားရင်ပြင်တော်၌ နွားချေးပုံများကို မကျုံးဘဲထားခဲ့သော နွားလှည်းပိုင်ရှင် လှည်းသမားကြီးအား -

"ဒကာကြီးက တို့ကိုကုသိုလ်တွေ ပေးသွားသဗျား"

ဟု ပြော၍ ဆရာတော်ကြီးကိုယ်တိုင် နွားချေးပုံများကို ကျုံး၍ပစ်ခဲ့ပါသည်။ စာဖတ်သူများ မေတ္တာကိုပွားကြည့်ပါက မေတ္တာ၏အကျိုးကို ကိုယ်တိုင်သိလာပါလိမ့်မည်၊ ကိုယ်တိုင်သိမှလည်း ကိုယ်တိုင်ယုံလာပါလိမ့်မည်။ တရားဆိုသည်မှာ လုပ်ကြည့်မှသိနိုင်ပါသည်။ သကြားသည် ချိုသည်ဟုဆိုရာ၌ ချိုသည်ကို စာဖြင့်ရေးဖွဲ့၍ပြောလို့ရမည်မဟုတ်ပါ။ ချိုသည်မှာ ပညတ်သာဖြစ်သည်။ ချိုသည့်သဘောကိုသိချင်လျှင် ကိုယ်တိုင်စားကြည့်မှသာ သိနိုင်သကဲ့သို့ မြင့်မြတ်သောမေတ္တာ၏စွမ်းအားများကိုလည်း ကိုယ်တိုင်လုပ်ကြည့်လျှင် သိလာပါလိမ့်မည်။

*❒ လောကတစ်ခွင် မဆန့်ကျင်ဘဲ ချစ်ခင်မြတ်လေး ကျွမ်းဝင်ဆေးကား ကြည်အေးမေတ္တာ လက်တွေ့သာတည်း။ ကိုယ်မှာအမြဲ ဆောင်သုံးစွဲက ဘေးလွဲရန်ကာ စိတ်ချမ်းသာလျက် စိန္တာမဏိ တန်ခိုးရှိသို့ သိဒ္ဓိအသီးသီး ကြံတိုင်းပြီးသည်။ ရှိန်းပြီးမေတ္တာ တန်ခိုးတည်း။*

**ဦးစံဝင်းအောင်၏**
**မေတ္တာပို့ဆုတောင်းပတ္ထနာ**

- *❒ မေတ္တာပန်းခိုင်တလှိုင်လှိုင်၊ ကြိုင်ကြိုင်သင်းပါစေ။*
- *❒ မေတ္တာထားလျှင် စိတ်ကြည်လင်၊ ပူပင်သောကငြိမ်းပါစေ။*
- *❒ မေတ္တာအကျိုး ဆယ့်တစ်မျိုး ဧကန်မုချအမှန်ရ ကြည်သာအေးမြရှိပါစေ။*
- *❒ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါ လိုရာဆန္ဒ ပြည့်ပါစေ။*
- *❒ သာသနာနှင့်ကြုံ၊ ဤလူ့ဘုံ၊ ပဋိပတ်လမ်းကျင့်စခန်း တက်လှမ်းနိုင်ပါစေ။*
- *❒ အကျင့်ပြီးမြောက် ခရီးပေါက်၊ ဝိမောက္ခဉာဏ်ရပါစေ။*

*အကြောင်းမသေးတဲ့ -*

ဆောင်းကလေး (တရားအေး)



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ပန်းနာနဲ့ပွေးပြာ

ပန်းနာရောဂါဆိုတာ လူသိများပြီး အင်္ဂလိပ်ဆေးပညာသည်များအဖြင့် ကျွန်တော်တို့မြန်မာလူမျိုးတွေနဲ့ ယှဉ်ပါးနေတဲ့ ဝေဒနာတစ်ခုလို့ဆိုနိုင်ပါတယ်။ ပန်းနာရောဂါဆိုတာ အချို့ဆိုရင် မွေးကတည်းကပါလာတာတာန်ရှိတယ်။ ကျွန်တော့်ညီမ မညွန့်စိန်ဆိုရင် အမေရဲ့အဆုတ်ရောဂါကို အမွေရခဲ့ဟန်တူတယ်။ ငယ်ငယ်လေးကတည်းက မိုးရာသီနဲ့ ဆောင်းရာသီ အေးတဲ့ကာလတွေမှာ အသက်ရှူမဝဘဲ တကျွိကျွိတရှူရှူနဲ့ခက်ခဲစွာအသက်ရှူနေရလေ့ရှိတယ်။ အဲဒီလို အသက်ရှူနေရရင် နေရင်းထိုင်ရင်းမောပန်းနေတာပါပဲ။ အလွန့်သနားဖို့ကောင်းပြီး ဆေးခန်းကို မကြာမကြာပြေးရတတ်တာပါပဲ။

ကျွန်တော့် အဘွားဟာလည်း ဗိန္ဒောဆရာကြီးကတော် ဖြစ်ပေမယ့် အသက်(၆၆)နှစ်မှာ ပန်းနာနဲ့ ကွယ်လွန်ရတာကို မှတ်မိနေပါတယ်။ ပန်းနာရောဂါဆိုတာကို ကျွန်တော်နဲ့ ညီအစ်ကိုတော်စပ်တဲ့ ညောင်ပင်ကြီးစုရွာက မောင်ကျော်ရွှေလည်း အသက် (၄၀) ကျော်ကျော်မှာ ပန်းနာနဲ့ ဆုံးရတာပါ။ မောင်ကျော်ရွှေက ကျွန်တော့်အဒေါ် မရီရဲ့သားပါ။ ငယ်ကျောင်းနေစဉ်ကတည်းက ရှူနာရှိုက်ကုန်းလေးပါ။ အသက်ရှူမဝလို့ ပါးစပ်နဲ့ အမြဲရှူနေရတော့ ပါးစပ်က အမြဲဖြဲထားရသူပါ။

ပန်းနာဆိုတာ အခုခေတ်လူတွေဆီမှာ အဖြစ်များကြတဲ့ အဆုတ်တီဘီလို ရောဂါမျိုး မဟုတ်ပါဘူး။ အဆုတ်တီဘီဖြစ်ရင် ခုခေတ်မှာ အချိန်မီကုသရင် ရောဂါစင်နိုင်ပါတယ်။ အဆုတ်တီဘီပိုးဆိုတာကလည်း ကူးစက်တာမြန်သလို အချိန်မီမကုသပြန်ရင်လည်း နှစ်တိုပိုင်းအတွင်း အဆုတ်ပျက်စီးပြီး သေသွားတတ်တဲ့ရောဂါပါ။ အဲဒီအဆုတ်တီဘီကို ကမ္ဘာမှာ စီမံကိန်းနဲ့ တိုက်ဖျက်နေတာ အောင်မြင်မှုတွေများစွာရနေတာကို မျက်ဝါးထင်ထင် မြင်တွေ့နေကြရပါတယ်။ ဝမ်းမြောက်ဂုဏ်ယူဖွယ် ကြီးစွာ အောင်မြင်မှုကြီးပါ။

ပန်းနာဆိုတဲ့ ချောင်းဆိုးရင်ကျပ်ရောဂါကတော့ အေးတဲ့အခါ၊ အစားမှားတဲ့အခါ၊ နေထိုင်မကောင်းတဲ့အခါတွေမှာ ပြန်ထတတ်လေ့ရှိပါတယ်၊ အဲဒီ ပန်းနာရောဂါနဲ့ပတ်သက်တဲ့ မြန်မာ့ဆေးနည်းတွေကလည်း အတော်များများရှိကြပါတယ်။ အချို့လည်း ပန်းနာအမှန်တကယ် အမြစ်ပြတ် ပျောက်ကင်းပြီး ကျန်းမာဝဖြိုးလာသူတွေ ရှိကြပါတယ်။

အဲဒီ ပန်းနာနဲ့ပတ်သက်လို့ ကျွန်တော့်ညီ မောင်မြတ်ထွန်းက ဆေးနည်းတစ်ခု ပြောပြပါတယ်။ ဒီဆေးနည်းက မြို့ပြတွေမှာ မလွယ်ကူပေမယ့် တောရွာဘက်တွေမှာတော့ ရနိုင်စွမ်းရှိတဲ့ ဆေးနည်းပါ။ အဓိကကျတဲ့ ဆေးအမည်က ပွေးပါပဲ။ ပွေးဆိုတာ တောထဲတောင်ထဲတွေမှာ ပွေးတူးပြီး ရောင်းစားသူတွေဆီကသာ ရနိုင်စွမ်းရှိပါတယ်။

ပွေးဆိုတာ တွင်းအောင်းသတ္တဝါဖြစ်ပြီး အများအားဖြင့် ဝါးရုံတောတွေမှာ အနေများပါတယ်။ ကြွက်နဲ့ဆင်ဆင်တူတဲ့သတ္တဝါပါ။ ဒါပေမယ့် ပွေးက ဖြူတယ်၊ ဝတယ်၊ အကောင်ကြီးတယ်၊ အမြီးတိုတယ်၊ မျက်စိမှုန်တယ်။ တွင်းထဲမှာ လျှင်မြန်သလောက် တွင်းထဲကနေ အပြင်ကိုထွက်မိရင်ဆိုရင်တော့ မျက်စိမှုန်ဝါးဝါးမို့ လူတွေက အလွယ်တကူ ဖမ်းယူနိုင်ကြပါတယ်။ အဲဒါကြောင့် သမင်ချိုယုက် ပွေးတွင်းထွက်လို့ ဆိုခြင်းပါ။ သမင်လည်း ဦးချိုတွေရှည်ပြီးယုက်လာရင် ပြေးလွှားတဲ့အခါ ချုံနဲ့ငြိတတ်တာမို့ မုဆိုးတွေ အလွယ်နဲ့ရတတ်တယ်။ ပွေးလည်း တွင်းကထွက်လာရင် ယောင်ချာချာဖြစ်နေတတ်တာမို့ အလွယ်တကူရယူနိုင်ကြပါတယ်။

ကျွန်တော် မိုင်းရှူးရတနာမြေမှာ နေစဉ်က တောထဲကမုဆိုးတွေ ပွေးတူးပြီး ကြိုးနဲ့ချည်ကာ မြို့ထဲလာလာရောင်းတာ အကြိမ်များစွာ မြင်ဖူးပါတယ်။ လောပုန်တွေက တောထဲက ပွေး၊ ဖွတ်၊ သင်းခွေချပ်၊ မြွေ၊ မျောက်၊ တောကြက်စတဲ့ အကောင်တွေကို အရှင်ရအောင်ယူလာရင် ဈေးကြီးပေးပြီး စားတတ်ကြလေတော့ အရှင်လတ်လတ်တွေ မကြာမကြာ လာရောင်းလေ့ရှိကြတယ်။ ပွေးကြီးတွေဆိုရင် ဖွေးနေပြီး ဝဝတုတ်တုတ်ကြီးတွေပါ။ ပွေးကို ဝက်ချည်သလို ဇက်မှာတစ်ချက်၊ နောက်မှာတစ်ချက်ချည်ပြီး ဆွဲလာတတ်ပါတယ်။ ပွေးကတော့ ယက်ကန်ယက်ကန်နဲ့ပါပဲ။

စာဆိုရှိတယ်လေ။ 'အသီးပေါင်းစုံဂျို (ချေ)၊ အမြစ်ပေါင်းစုံပွေး၊ ပန်းပေါင်းစုံပျား' လို့ ဆိုထားတာကိုး။ အလွန်ဆေးဖက်ဝင်တဲ့ပစ္စည်းတွေလို့ ဆိုလိုခြင်းပါ။ ပွေးဟာ ပဒိုင်းမြစ်ကလွဲရင် အမြစ်မှန်သမျှ သီးပင်စားပင်ပါမကျန် အလွန်အစားသန်တဲ့သတ္တဝါပါ။ ပွေးဟာ လူတွေရဲ့ စိုက်ခင်းတွေအထိတောင် ဝင်ရောက် ဖျက်ဆီးတတ်တဲ့သတ္တဝါမို့ လူတွေက သူ့ကိုချမ်းသာပေးလေ့မရှိပါဘူး။ တစ်နည်းမဟုတ်တစ်နည်းနဲ့ ရအောင်ယူပြီး ချက်စားကြလေ့ရှိတယ်။ ပွေးသားကလည်း ဝက်သားနဲ့ ဆင်ဆင်တူပေမယ့် ဝက်သားထက် စားကောင်းပါတယ်။ အချို့က ပွေးသားဘယ်လောက်ကြိုက်သလဲဆိုရင် မြေဝက်လို့တောင် တင်စား ကြတယ်။

ဆေးလုပ်ပုံလုပ်နည်းကတော့ အဲဒီပွေးကို ပကတိအတိုင်း မဖျက်မဆီးဘဲ အင်္ဂါစုံစုံလင်လင်နဲ့ လေလုံဘူးမှာထည့်ပြီး မီးဖုတ်ရမှာပါ။ ထမင်းချက်တဲ့ ထင်းမီးဖိုဆိုရင် သုံး၊ လေးမီးလောက် မီးဖိုလယ်မှာမြှုပ်ပြီးထားလိုက်ရင် ဘူးထဲက ပွေးဟာ မီးသွေးခဲဖြစ်နေလောက်ပါပြီ။ ပြာဆိုတာ အဲဒီပွေးတစ်ဖြစ်လဲ မီးသွေးခဲကြီးပါပဲ။

အဲဒီ ပွေးပြာကို ညက်အောင်ထောင်းပြီး ပိတ်ပါးနဲ့ ကုန်သည်အထိချယူပါ။ ရလာတဲ့ပြာကို ပျားရည်စစ်စစ် ပုလင်းနဲ့ရောမွှေပြီး တစ်နေ့ကို ညအိပ်ရာဝင် ထမင်းစားဇွန်းတစ်ဇွန်း ပုံမှန်စားပြီး ရေဝဝသောက်ပေးရမှာပါ။ အမြစ်ပေါင်းစုံ၊ ပန်းပေါင်းစုံနဲ့ ပန်းနာရောဂါကို ကိုက်ဖျက်မှာပါ။ ပျောက်နိုင်ခြေ အများကြီးရှိတဲ့ဆေးနည်းလို့ ထပ်ဆင့်ညွှန်းပါရစေ။

မြို့ကြီးပြကြီးတွေမှာ မနီးစပ်သော်လည်း တောရွာများ၊ တောမြို့များမှာ နီးစပ်တာမို့ ပန်းနာဝေဒနာသည်တွေအတွက် တင်ပြလိုက်ရခြင်းပါ။

(မောင်မြတ်ထွန်း၊ မရီရီဝင်းမိသားစုသို့ ကျေးဇူးတင်လျက်)


ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်စိုး




www.burmeseclassic.com

www.burmeseclassic.com



ပင်မစေတီတော်ကြီး



ရှစ်မျက်နှာစေတီတော်



တစ်ဝဂ္ဂစေတီ

ပြည်သူ့ကောင်းမှုစေတီ (၁၁) ဆူ၏ မူလကျိုက်ဒေးဘွမ်း (၈)

# မဟာထူပါရုံစေတီတော်

## ဖျာပုံတင်နိုင်ဝင်း

စေတီဘုရား တည်ထားကိုးကွယ်ခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရားအား ပူဇော်ရခြင်းနှင့် ထပ်တူထပ်မျှ အကျိုးတရားရရှိကြောင်း သိတော်မူကြသော ရှေးလူကြီးသူမ၊ မင်းစိုးရာဇာ၊ ပြည်သူပြည်သား ဇနပုဒ်သားတို့သည် ရှေးအစဉ်အဆက်ကတည်းကပင် စေတီတည်ခြင်းနှင့် ကိုးကွယ်ပူဇော်ခြင်းတို့ကို သဒ္ဓါတရား ထက်သန်စွာ ပြုလုပ်လာခဲ့ကြသည်မှာ ယနေ့ထိအောင်ပင် ဖြစ်သည်။

ဘုရားပွင့်တော်မမူမီကပင် ဘုရားစေတီနှင့် အလားတူသော နတ်ကွန်းစေတီကြီးများရှိခဲ့ဖူးပါသည်။ ထင်ရှားသောနတ်ကွန်းစေတီကြီးများမှာ အိန္ဒိယ





www.burmeseclassic.com

www.burmeseclassic.com

ပြည် ဝေသာလီမြို့ဝန်းကျင်မှ သာရန္တဒ စေတီ၊ ဂေါတမကစေတီ၊ ဗဟုပုတ္တ စေတီ၊ စာပါလစေတီ၊ ဥဒေနစေတီ၊ သတ္တမ္ဗစေတီတို့ ဖြစ်သည်။ ၎င်းစေတီများကား နတ်များကို ပူဇော်ပသရန် တည်ထား ကိုးကွယ်ကြခြင်း ဖြစ်သည်။ ဘုရားရှင်ပွင့်တော်မူသောအခါ ညီတော် အာနန္ဒာ တောင်းပန်မှုကြောင့် စေတီ (၃) မျိုးကို ဘုရားရှင် ခွင့်ပြုတော်မူခဲ့ပါ သည်။ ၎င်းခွင့်ပြုသော စေတီတို့ကား-

၁။ **သာရီရိကစေတီ** - ဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော် မွေတော်များဖြင့် ဌာပနာပြု၍ တည်ထားအပ်သောစေတီ။

၂။ **ပရိဘောဂစေတီ** - ဘုရားရှင်၏ အသုံးအဆောင် အမှီသဟဲများ ဖြစ်သော သပိတ်၊ သင်္ကန်း၊ ဗောဓိ ပင်စသည်တို့ကို ဌာပနာပြု၍တည် ထားအပ်သောစေတီ။

၃။ **ဥဒ္ဒိဿကစေတီ** - ဘုရားရှင်အား ရည်မှန်း၍ ထုလုပ်အပ်သော ရုပ်တုရုပ်ပွား၊ အုတ်ပုံစေတီ၊ ကျောက်စေတီ စသည်တို့ ဖြစ် သည်။

သာရီရိကစေတီကား ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်မှသာ တည်ထားနိုင်သော စေတီဖြစ်သည်။ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿကစေတီများကား ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်၌ပင်တည်ထား နိုင်သောစေတီများဖြစ်ကြောင်း ဘုရား ရှင် ဟောကြား ညွှန်ပြတော်မူခဲ့၏။ ထို့ ကြောင့် ညီတော်အာနန္ဒာသည် ဘုရား ရှင် အမှီသဟဲပြုပွင့်တော်မူခဲ့သော ဗောဓိပင်မှ ဗောဓိစေ့ကို စိုက်ပျိုး၍ ဇေတဝန်ကျောင်းတော်တံခါးဝ၌ ပရိ ဘောဂစေတီအဖြစ် တည်တော်မူခဲ့ပါ သည်။

ထိုသို့ စေတီတော် တည်ထားကိုး ကွယ်ခြင်းသည် ဘုရားရှင်မရှိသော်မှရှိ သကဲ့သို့ ဖြစ်၏။ စေတီတော်ကို လှူဒါန်း ပူဇော်ခြင်းသည် သက်တော်ထင်ရှား ဘုရားရှင်ကို ပူဇော်ခြင်းနှင့် ထပ်တူထပ် မျှ အကျိုးရ၏ဟု ဒေသနာလာရှိသဖြင့် သာသနာ့နွယ်ဝင် သူတော်စင်တို့က လည်း မြတ်စွာဘုရား ညွှန်ပြတော်မူ သည့်အတိုင်း စေတီဘုရားများ တည် ထား ကိုးကွယ်ခဲ့ကြပါသည်။ ထိုသို့တည် ထားကိုးကွယ်ခြင်းကြောင့် ရှေးလူကြီး သူမတို့မှာ အန္တရာယ်ကင်း၍ ချမ်းသာ စွာနေကြရ၏။ သဒ္ဓါတရားနေစဉ့်တိုး ပွား၍ သက်တမ်းရှည်ကြာနေလာခဲ့ကြ



စေတီတော်ခြေတော်ရင်းရှိ ဂန္ဓကုဋိတိုက်



စေတီတော်ညရှုခင်း



မူလကျိုက်ဒေးကွမ်း (ခေါ်) မဟာထုပါရုံစေတီတော်




www.burmeseclassic.com

www.burmeseclassic.com


…ဇေတော်အနီးရှိ ဇမ္ဗူထိန်လင်းကျောင်းတိုက်


…ထောင်း ဓုဏ္ဍရစရိယာကျင့်နေပုံ


…ဇေတော်အနီးရှိ သိမ်တော်ကြီး


…တစ်ရှင့်ဗောဓိညောင်ပင်

ရ၏။ စေတီတော် တည်ထားကိုးကွယ်ခြင်း၏အကျိုးတရားကား ရေတွက်၍ပင် မကုန်ပါ။ ၎င်းအကျိုးတရားတို့အနက် ရွာမဖြစ်မီ ရွာဦးစေတီတည်လျှင် သို့မဟုတ် မြို့မဖြစ်ခင် မြို့ဦးစေတီတည်လျှင် ၎င်းရွာ၎င်းမြို့တို့သည် တဖြည်းဖြည်းဖြင့် အတိုင်းထက်အလွန် စည်ကားတိုးတက်လာကြောင်း ရှေးလူကြီးသူမတို့၏ မျက်မြင်ကိုယ်တွေ့မှတ်တမ်းများ ရှိခဲ့ဖူးပါသည်။ အချို့တွင်မူ မြို့ရွာဖြစ်ပြီးသော်လည်း လိုအပ်လစ်ဟာနေသည့်အတွက် မြို့ဦးစေတီ ရွာဦးစေတီတို့ကို နောက်ကျမှ တည်ရသည်လည်း ရှိ၏။ နောက်ကျသည်ကလွဲ၍ အကျိုးတရားကား အတူတူပင် ဖြစ်သည်။

❒

တစ်ချိန်က မြစ်ထဲသို့ စီးဝင်နေသော ချောင်းဝတလေးတစ်ခု၏ အနီးတစ်ဝိုက်တွင် ဤမျှလောက် စည်ကားလာမည်ကို မည်သူမျှ ခန့်မှန်းနိုင်လိမ့်မည်မဟုတ်ပေ။ သို့သော် ၎င်းချောင်း၏ ပို့ချမှုကြောင့် နွံနှစ်များစုပုံသောင်ထွန်းပြီး ကျွန်းဖြစ်လာမည့်မြေပေါ်တွင် လူနေအိမ်အခြေမစိုက်မီ ရွာဦးနိမိတ်အဖြစ် ရှေးလူကြီးတို့ စေတီတော်တည်ခဲ့ခြင်းကြောင့် ရွာသည် တဖြည်းဖြည်း စည်ကားလာရာမှ ယခုအခါ အလွန်ဖွံ့ဖြိုးနေသော မြို့ကြီးတစ်မြို့ ဖြစ်လာခဲ့လေသည်။

ထိုစဉ်က အပြောင်ချောင်း ဟူသည် အထက်အရပ်ဒေသများမှ ထင်းခုတ်၊ ငါးရှာ လှေအနည်းငယ်သာ စုန်ဆင်းဆန်တက်သွားလာနေသည့် ဒီရေအတက်၊ အကျရှိသော ချောင်းတစ်ချောင်း ဖြစ်သည်။ ချောင်းဖျားတောတွင်းမှ စုန်ဆင်းလာကြသော လှေများသည် ၎င်းချောင်းဝတွင် ခေတ္တဆိုက်ကပ်လျက် ဒီရေအတက်ဖြင့် မြစ်အညာသို့ ဆန်ရန် စောင့်ဆိုင်းနေကြရပါသည်။ ထိုသို့စောင့်ဆိုင်းရင်း ထိုနေရာ၌ပင် လှေရှင်နှင့် လှေထိုးသားတို့ ထမင်းစု၍စားသောက်ရာနေရာတစ်ခု ဖြစ်လာပါတော့သည်။ ထိုစဉ်က ၎င်းဒေသတစ်ဝိုက်တွင် တလိုင်း (ခေါ်) မွန်တိုင်းရင်းသားများသာ အများစုနေထိုင်ကြပါသည်။ မွန်တိုင်းရင်းသားတို့သည် စကားပြောရာတွင် အကြောင်းတစ်ခုကို အစွဲပြု၍ တင်စားပြောဆိုလေ့ရှိရာ ထမင်းစုစားမိသော ၎င်းချောင်းဝကို ဈေးအလားစည်ကားလာသည်ကို မြင်သဖြင့် 'ထမင်း



www.burmeseclassic.com

www.burmeseclassic.com

ဈေး'ဟုသမုတ်ခဲ့ကြပါသည်။ နောင်ကြာသော် ထိုနေရာတွင် ကျွန်းတစ်ကျွန်းပေါ်လာရာ ထိုကျွန်းကို ရွာဖြစ်လတ္တံ့ဟု အတိတ်ကောက်၍ ရွာဦးစေတီတော်တစ်ဆူ တည်ထား ကိုးကွယ်ခဲ့ကြပါသည်။

ရှေးလူကြီးသူများ၏ နိမိတ်ဆ အတိတ်ကောက်ခဲ့သလို နောင်အခါ အိမ်တစ်လုံး နှစ်လုံးမှ ရွာတစ်ရွာဖြစ်ပေါ်လာခဲ့ပါသည်။ ထိုရွာသည် ယခင်က ထမင်းစားခဲ့သောနေရာနှင့် တပ်လျက်တည်ရှိသောကြောင့် ထမင်းဈေးရွာဟုပင် အလွယ်တကူ အမည်မှည့်တွင်ခဲ့လေသည်။ ရွာသူရွာသားတို့သည် ၎င်းရွာဦးစေတီကို ကိုးကွယ်ရင်း စည်လုံးညီညွတ်မှုအားကောင်းသောကြောင့် ရွာမှာ တစ်စတစ်စ တိုးပွားကျယ်ပြန့်လာခဲ့သည်။

ရာဇဝင်မှတ်တမ်းတစ်စောင်တွင် ဟံသာဝတီ တပင်ရွှေထီး အရေးတော်ပုံအခါလောက်မှစ၍ ဖျာပုံအမည်ခံချောင်းဆိပ်ကမ်းရှေ့တွင် တစ်စတစ်စ ကျွန်းပေါ်လာ၍ ထိုကျွန်းပေါ်တွင် ယာခုတ်၊ လယ်လုပ် စသော မွန်တိုင်းရင်းသားတို့ အနည်းငယ် နေထိုင်လာသည်မှ ကျွန်းမြေကျယ်ဝန်းသလောက် အိမ်ခြေတိုးပွားပြီးလျှင် ကာလအတော်ကြာ နေထိုင်ကြရာမှ ရွာဟူ၍ခေါ်လောက်အောင် စည်ကားလာသော်လည်း ရွာဟူသောအမှတ်ဖြင့် အုပ်ချုပ်သော မင်းအစိုးရ အသိအမှတ်မပြုသေးပေ။ အလိုက်ဘာသာ စုဝေးနေထိုင်သော အိမ်ခြေစုဒေသအဖြစ်ဖြင့်သာ နှစ်ပေါင်းများစွာ ကာလအတော်ကြာ တည်နေရလေသည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။


မြန်မာနှစ် ၁၁၄၃ ခုနှစ်တွင် နန်းတက်သော ဗဒုံမင်း (ဘိုးတော်ဦးဝိုင်း) လက်ထက်တွင် နိုင်ငံတော်အတွင်း ဘက်စုံစာရင်းဇယားများကောက်ယူရာတွင် ကျေးရွာများစာရင်းတွင် အဆိုပါရွာမှာ 'ဖျာပုံရွာ' အမည်ဖြင့် ရွှေပုရပိုက်မှတ်တမ်းအတင်ခံခဲ့ရပါသည်။ အောက်ပြည်အောက်ရွာ မွန်တိုင်းရင်းသားတို့နေထိုင်ရာ ရာမညတိုင်းအားလုံးကို ဦးကျော်ရွှေအား ဘုရင်ခံအဖြစ် အုပ်ချုပ်စေခဲ့ရာ ၎င်းဖျာပုံရွာကို ဒလခရိုင်တွင် ထည့်သွင်းစေခဲ့ပါသည်။ ဦးဖားဆိုသူကိုလည်း ရွာအုပ်ကြီးအဖြစ် ခန့်အပ်လေသည်။ သူ၏ဇနီးမှာ ဒေါ်အေးဖြစ်သည်။ ဦးဖားသည် ရွာအုပ်ကြီးရာထူးရရှိပြီးသည်နှင့် မိမိအုပ်ချုပ်သောကျေး



နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များ



ပဥ္စဝဂ္ဂီငါးဦးတို့ တရားဦးဓမ္မစကြာနာယူနေပုံ



နဂါးရုံဘုရား



www.burmeseclassic.com

www.burmeseclassic.com

ရွာကို အဖျက်အဆီး အနှောင့်အယှက် ကင်း၍ ပိုမိုစည်ကားတိုးတက်စေရန် လောကီ၊ လောကုတ် အစီအရင်များကို ပြုလုပ်ခဲ့လေသည်။

ဖျာပုံရာဇဝင်မှတ်တမ်းတွင် ရွာအုပ်ကြီးရာထူးခန့်အပ်၍ လက်ခံသိမ်းပိုက်ခြင်း၊ သစ္စာတော်ခံယူခြင်းပြီးစီးသည့်နောက် ဦးဖားသည် ဗဟုသုတရှိခြင်း၊ အကြားအမြင်ဆင်ခြင်တုံတရားရှိခြင်းဖြင့် မျိုးနွယ်စဉ်ဆက်စည်ကားကြီးပွားစေလိုခြင်းစသော စေတနာကောင်းစေတနာ မြတ်ရှိသည့်အတိုင်း နေ့ကောင်းရက်သာ အခါသိဒ္ဓိရွေးချယ်၍ သံဃာတော်များထံမှ ကျေးရွာတည်ထောင်ခြင်းမင်္ဂလာကို ခံယူရန် ပရိတ်တရားနာခြင်း၊ ကမ္မဝါရွတ်ဖတ်ခြင်း စသော ဘိသေကမင်္ဂလာကို ဆောင်ရွက်စေပြီးလျှင် လောကီသရဖူကျမ်းများအရ ဝိဇ္ဇာမဟိဒ္ဓိလမ်းဓာတ်လေးပါး စမုအင်းများကို အဖို၊ အမစီရင်၍ ဖျာပုံရွာအထက်ပိုင်းရွာဦးနှင့် အောက်ပိုင်းရွာသိမ် ကျိုက်ပဒိုင်စေတီတော်အနီးတွင် မြှုပ်နှံထားလေသည်။ ထိုကဲ့သို့ စီမံဆောင်ရွက်ခြင်းသည် ဦးဖား၌ များစွာအထောက်အထားရှိလေသည်။ ဖျာပုံဟူသော ပညတ်နှစ်လုံးသည် လောကီဗေဒင်ကျမ်းများအရ (ဘိုးရာဇာအမတ်ကြီးတို့ သုံးစွဲယုံကြည်သော) သုရောဓနေကိန်းအရ ယူဆပါလျှင် (၎င်းဖျာပုံပညတ်သည်) ဗိဋ္ဌာ ခေါ်ကြောင်မာတ်ရလေသည်။

၎င်းသုရောဓနေကိန်းတွင် ရှစ်ဌာန၌ သတ္တဝါ(၈)မျိုးရှိသည့်အနက် ကြောင်သည်- ဒုတိယအားအကောင်းဆုံးမာတ်ဖြစ်၍ ကြောင်၏ သဘောသဘာဝ အတိုင်း ကြမ်းတမ်းခက်ထန်၍ ခွန်အားရှိသော ကျားသည်ပင် မိမိ၏ တပည့်အဖြစ်ခံရလေအောင် ပရိယာယ် အတတ်ကို တတ်ကျွမ်းသောသတ္တိရှိသည့်နည်းတူ ဖျာပုံ ဟူသော အမည်ပညတ်သည်လည်း ဆရာမာတ်ရလေသည်ကို ဦးဖားက တွက်ချက်သိရှိထား၍ ဖျာပုံရွာအန္တရာယ်ကင်းရှင်း၍ ကြီးပွားတိုးတက်မည့်အရေးကို ကြိုတင်သိရှိမျှော်လင့်၍ ထိုကဲ့သို့ စီမံဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့ပါသည်။



မြတ်ဗုဒ္ဓစက်တော်ရာ



ခေါင်းလောင်းတော်ကြီး

မှတ်ချက် ။ ။ ဖျာပုံ ဟူသည့် ဝေါဟာရမှာ မွန်တို့၏စာပေဖြင့် ဖျာပုင်ဟုရေး၍ ဖျာပုံပင် အသံထွက်ပါသည်။ မွန်လို ဖျာမှာ ဈေး၊ ပုင်မှာ ထမင်းဟုဖြစ်၍ ဖျာပုင် (ဖျာပုံ) မှာ ထမင်းဈေးဟု အဓိပ္ပာယ်ရပါသည်။

ရွာအုပ်ကြီး ဦးဖားက ဖျာပုံရွာ အစစအရာရာ တိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှာ ကြိုးပမ်းနေစဉ် ဦးဖား၏ဇနီး ရွာအုပ်ကြီးကတော် ဒေါ်အေးကလည်း ပါရမီဖြည့်ဖက်အဖြစ် ကျေးရွာ စည်ပင်တိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းခဲ့လေသည်။ ၎င်းသည် ကျေးရွာတစ်ဝိုက်ရှိအမျိုးသမီးများကို စည်းရုံး၍ ရက်ကန်းအတတ်၊ အံချက်အပြုတ် စသော အမျိုးသမီးတို့တတ်အပ်သော အတတ်ပညာများကို သင်ကြားစေပြီး တစ်ဖက်ကလည်း ၎င်းအမျိုးသမီးများကို ဦးဆောင်လျက် ယခင် ရွာဦးစေတီအဖြစ် တည်ထားကိုးကွယ်ခဲ့သော မွန်ဘာသာဖြင့် ကျိုက်ဒေးကွမ်း၊ မြန်မာလို ရွာကုန်းစေတီတော်အနီးတွင် လယ်ယာလုပ်ငန်းများ လုပ်ကိုင်လေ၏။ ထိုစဉ်က ၎င်းစေတီသည် ဖျာပုံရွာနှင့် အတန်ငယ်ဝေးကွာ၍ ဒီရေတောထဲတွင် ကျန်ရစ်ခဲ့လေသည်။ ဖြစ်ပုံမှာ ဖျာပုံရွာတည်ထားရာချောင်းဝနှင့် မြစ်ကြားရှိ ကျွန်းမြေမှာ ချောင်းနှင့် မြစ်မှပို့ချလာသော နုံးနှစ်များကြောင့် တဖြည်းဖြည်းကျယ်ပြန့်လာရာ သောင်ခြေပေါ်တိုင်းပေါ်တိုင်း လူနေအိမ်ခြေများ ကမ်းနားဘက်သို့ တိုး၍တိုး၍တည်ဆောက်ခဲ့ကြသဖြင့် ကြာသော် ဖျာပုံရွာမှာ မူလနေရာ စေတီတော်ခြေတော်ရင်းနှင့် ဝေးကွာသထက် ဝေးကွာလာခဲ့ရလေသည်။ တစ်နည်းအားဖြင့် စေတီတော်မှာ ရွာနှင့်ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေသည်။

ကာလကြာသော် စေတီတော်ဝန်းကျင်မှာ ချုံနွယ်ပိတ်ပေါင်းသစ်ပင်များ ထူထပ်လာပြီး စေတီတော်မှာလည်း တောတွင်းတွင် ကျန်ရစ်ခဲ့သည့်အားလျော်စွာ ပျက်စီးခြင်းမလှပျက်စီးခဲ့ရလေသည်။ ထိုစဉ်က စေတီတော်အနီးတွင် ထင်းခုတ်သူများ၊ ယာလုပ်သူများကြောင့် ၎င်းတောထဲတွင် စေတီပျက်တစ်ဆူရှိကြောင်း သိခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com




ရှင်ဥပဂုတ္တကျောင်းဆောင်



ရှင်သီဝလိမထေရ်မြတ်



စေတီတော်စောင့်နတ်သားရုပ်တု



ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တို့၏ရုပ်တုတော်များ

ထိုအချိန်တွင် ၎င်းစေတီတော်နှင့် မလှမ်းမကမ်းတွင် လယ်ယာလုပ်ကိုင်သော ကရင်ဇနီးမောင်နှံတို့သည် ပျက်စီးနေသော စေတီတော်ကြီးကို ၎င်းတို့ချွေးနဲ့စာလေးဖြင့် ပြုပြင်ခဲ့ကြပါသည်။ သို့သော် နှစ်ပေါင်းများစွာကြာသော်အခါ စေတီတော် ထပ်မံပျက်စီး၍ မပြုပြင်နိုင်ခဲ့ကြသည်မှာ ရွာအုပ်ကြီး ဦးဖား လက်ထက်အထိပင် ဖြစ်သည်။ သို့သော် ရွာအုပ်ကြီးကတော် ဒေါ်အေးသည် မိမိတို့လယ်ယာမြေအနီးမှ စေတီတော်ကြီး ပျက်စီးနေသည်ကို တွေ့မြင်၍ ပြန်လည်ပြုပြင်ရန် စေတနာဆန္ဒ အလွန်ပြင်းပြခဲ့ပါသည်။ ထို့ကြောင့် သူစည်းရုံးထားသော အမျိုးသမီးများကို ဦးဆောင်၍ ၎င်းစေတီတော်ကြီးကို ပြုပြင်မွမ်းမံလေတော့သည်။

မူလစေတီပောင်းကို အုတ်ချပ်များဖြင့်ငုံ၍ တည်ဆောက်ပြုပြင်ခဲ့သဖြင့် မူလစေတီထက် ဉာဏ်တော်မြင့်၍ လုံးပတ်တော်လည်းကြီးမားလာခဲ့ပါသည်။ စေတီတော် ပြုပြင်ပြီးစီး၍ မြန်မာနှစ် ၁၁၈၉ ခုနှစ်တွင် ထီးတော်အသစ်ကို တင်လှူခဲ့ပါသည်။

ထို့နောက် ရွာအုပ်ကြီးကတော် နောက်ပိုင်း၌ စေတီတော်အထက်ပိုင်း ယိုယွင်းပျက်စီးပြန်ရာ ဒေါ်အေး၏တူမမှ မွေးဖွားသော ဦးလွန်းပြေမှ ထပ်မံပြုပြင်ခဲ့ပြန်သည်။ ထိုစဉ်က စေတီတော်ကြီးအထက်ပိုင်းမှာ ကျိုးကျပျက်စီး၍ ထီးတော်လည်းမရှိတော့ပေ။ ဦးလွန်းပြေသည် ၎င်းစေတီတော်အထက်ပိုင်းကို ပြုပြင်၍ ထီးတော်ကိုလည်း အသစ်တစ်ဖန် တင်လှူခဲ့ပါသည်။ ထို့အပြင် စေတီတော်ကြီး အရှည်ခိုင်ခံ့လုံခြုံစေရန် မဟာရံတံတိုင်းကြီးကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

၎င်းနောက် မြန်မာနှစ် ၁၂၄၅ ခုနှစ်တွင် ဦးလွန်းပြေ၏ညီဖြစ်သူ ဦးရွှေပြန်ကလည်း စေတီတော်ကို ဆက်လက်ပြုပြင်ခဲ့ပါသည်။ ဦးရွှေပြန်သည် ယခင်က အလွန်ဆင်းရဲနွမ်းပါးသူ ဖြစ်သည်။ သို့သော် သူ၏ လုံ့လဝီရိယဖြင့် သစ်တောသူဌေး၊ သစ်တောအရာရှိများနှင့်ပေါင်းကာ သစ်ခုတ်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ သူသည် ဖျာပုံနယ်တစ်ဝိုက်တွင် ဆင်များဖြင့် စတင်သစ်ခုတ်နိုင်သူအဖြစ် မှတ်တမ်းတင်ခံရသူ ဖြစ်သည်။ ဦးရွှေပြန် ချမ်းသာလာချိန်တွင် ကျိုက်ဒေးကွမ်း (ခေါ်) ၎င်းရွာကုန်းစေတီမှာ အလွန်အမင်း ပျက်စီးနေချေပြီ။ စေတီတော်အထက်ပိုင်းကျိုးကျ၍ ထီးတော်မှာလည်း မရှိတော့ချေ။ ချုံနွယ်ပိတ်ပေါင်းများကလည်း စေတီတော်နှင့်အနီးတစ်ဝိုက်တွင် ထူထပ်နေလေသည်။ ဦးရွှေပြန်သည် စေတီတော်ကြီးကိုပြုပြင်ရန် ငွေကြေးများစွာ အကုန်အကျခံခဲ့သည်။ မူလစေတီတော်ကြီးကို ငုံ၍ အုတ်မြစ်မှစ၍ ချဲ့ထွင်ပြုပြင်ခဲ့သည်။ စေတီတော်အရှည်ခိုင်ခံ့ရန်စေတီဖိနပ်



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အနီးတစ်ဝိုက်မှ တိုက်တာအဆောက်အအုံများ



ဂေါပကဥက္ကဋ္ဌ ဦးတင့်

တော်ကို မြေကြီးနက်နက်တူး၍ အုတ်မြစ်ချ တည်ဆောက်ခဲ့ပါသည်။ ထီးတော်ကိုလည်း အသစ်တစ်ဖန် တင်လှူခဲ့ပြန်သည်။ မဟာရံတံတိုင်း စသည်တို့ကိုလည်း ထပ်မံပြုပြင် ကုသိုလ်ယူခဲ့ပါသည်။ စေတီတော်ပြုပြင်မှု ပြီးဆုံးသောအခါ ဦးရွှေပြန်သည် အလှူရေစက်ချပွဲအဖြစ် ဆရာတော်သံဃာတော် အမြောက်အမြားကိုပင့်ဆောင်၍ ဆွမ်းကပ်ခြင်း၊ ဆွမ်းကြီးလောင်းခြင်းများ ပြုလုပ်လေသည်။ ကုသိုလ်အောင်ပွဲအဖြစ် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲမှ အားစမ်းပွဲ(အားကစားပွဲ)များ၊ အခြားဖျော်ဖြေပွဲများ ထည့်သွင်း ကျင်းပခဲ့ပါသည်။

မြန်မာနှစ် ၁၂၇၄ ခုနှစ်သို့ရောက်သောအခါ စေတီတော်မှာ ထီးတော်ပျက်စီး၍ အင်္ဂတေများလည်း ကွာကျနေသေရာ ဦးရွှန်းနှင့်ဇနီး ဒေါ်နှင်းဇီတို့က ထပ်မံပြုပြင်လျက် ကုသိုလ်အမွေဆက်ခဲ့ကြပါသည်။ ထိုသို့ပြုပြင်ရာတွင် ထိုခေတ်အခေါ် ဗမာအင်္ဂတေဟုဆိုသော သစ်စေး၊ အုံတုံ၊ ဥသျှစ်သီးစေး စသော သစ်တောထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းစနစ်အင်္ဂတေကို သုံးတော့ဘဲ ဘိလပ်မြေခေါ် ကျောက်မှုန့်များဖြင့် အခြေခံဖော်စပ်ရသော ခေတ်ပေါ်အင်္ဂတေကို ပထမဦးဆုံး အသုံးပြု၍ စေတီတော်ကြီးကို ပြုပြင်ခဲ့ကြောင်း ကမ္ပည်းမှတ်တမ်းတင်ခဲ့ကြပါသည်။

မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်သို့ရောက်သောအခါ စေတီတော်တွင် ထီးတော်မရှိဖြစ်ခဲ့ရပါသည်။ စေတီတော်သည်လည်း ပျက်စီးစပြုနေလေသည်။ ထိုအခါ ဦးရွှန်း၊ ဒေါ်နှင်းဇီတို့၏ ပထမသမီးကြီး ဒေါ်ရှိန်မှဖွားသော ကိုမောင်တင်က ဘိုးမွေဘွားမွေသာသနာ့အမွေကို ဆက်လက်ခံယူ၍ မြန်မာနှစ် ၁၃၁၀ ပြည့်နှစ်၊ တပေါင်းလတွင် အလှူအတန်းများနှင့်တကွ ထီးတော်ကို တင်လှူ၍ ရေစက်ချ အမျှပေးဝေခဲ့လေသည်။ ကိုမောင်တင်သည် ညောင်တုန်းမြို့တွင် နေထိုင်ပြီး အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းဖြင့် ကြီးပွားချမ်းသာလာသူဖြစ်သည်။

စေတီတော်ကြီး ပျက်စီးသမျှကို ရွာအုပ်ကြီးကတော် ဒေါ်အေးမှစ၍ ဆွေစဉ်မျိုးဆက် ပြုပြင်လာခဲ့ရာမှ နောင်နှစ်ကာလကြာညောင်းသော် ဆွေစဉ်ပြတ်တောက်သဖြင့် နောင်အခါ ဆရာတော် သံဃာတော်တို့က နာယကပြုဦးဆောင်၍ အများစုပေါင်းလှူဒါန်းလုပ်ဆောင်ခြင်းဖြင့်သာ စေတီတော်ကို ဆက်လက် ထိန်းသိမ်းပြုပြင်လာခဲ့ကြပါသည်။ စေတီတော်၏ ဘွဲ့မည်ကိုလည်း **ကျိုက်ဒေးကွမ်း သို့မဟုတ် ရွာကုန်းစေတီမှ မူလကျိုက်ဒေးကွမ်း ခေါ် မဟာထူပါရုံစေတီတော်** ဟု ပြောင်းလဲ သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါသည်။ မြန်မာနှစ် ၁၃၂၁ ခုနှစ်တွင် စေတီတော်အနီးရှိ ဇမ္ဗူထိန်လင်းကျောင်းတိုက်မှ ဆရာတော်ကြီး ဦးပဏ္ဍိတသည် ဒကာ၊ ဒကာမများကို ဩဝါဒပေးလျက် စေတီတော်ကို ပြုပြင်ကာ စေတီတော်၏ တောင်ဘက်ခြေရင်း၌ ကပ်လျက် ဂန္ဓကုဋိတိုက်တစ်လုံးဆောက်လုပ်၍ ကြေးဆင်းတုတော်သုံးဆူကို ပင့်ဆောင် ပူဇော်ခဲ့ပါသည်။ ဆရာတော်ကြီး ဦးပဏ္ဍိတ ပျံလွန်တော်မူပြီးနောက် ၁၃၄၂ ခုနှစ်မှစ၍ ၎င်းကျောင်းတိုက်မှပင် နာယကဆရာတော်ကြီးဖြစ်သောဘဒ္ဒန္တဥေ ယျမှ ဆက်လက်ဦးဆောင်ပြုပြင်ခဲ့ပါသည်။ ဆရာတော်ကြီး ဘဒ္ဒန္တဥေ ယျသည် စေတီတော်ကို ဆက်လက်ပြုပြင်ရင်း မြို့နယ်သံဃာ့နာယကအဖွဲ့တွင် အတွင်းရေးမှူး၊ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။

သာသနာရေး ကြိုးပမ်းဆောင်ရွက်ချက်အတွက် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၀ ပြည်နှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပါသည်။ ၎င်းဆရာတော်ကြီးလက်ထက်တွင် စေတီတော်ပုရိဝုဏ်တစ်ဝိုက်တွင် သာသနိကအဆောက်အအုံများ များပြားစွာဆောက်လုပ် လှူဒါန်းနိုင်ခဲ့ပါသည်။ ထိုစဉ် ခရစ်နှစ် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက် (မြန်မာနှစ် ၁၃၇၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် (၁၂) ရက်တွင် တိုက်ခတ်သွားသော မိုင်နူန်း (၁၂၀) ကျော်၊ နာဂစ်မုန်တိုင်းကြီးကြောင့် ပိန္နဲတိုင်ကွေးကောက်၍ ထီးတော်ကြီးမှာ အလွန်အမင်း တိမ်းစောင်းသွားသဖြင့် လက်ရှိဆရာတော်ကြီးအား နာယကပြု၍ ရန်ကုန်မြို့ အနုပညာအသိုင်းအဝိုင်းမှ ဒုလ္လဘရဟန်းငယ်တစ်ပါးမှ ဦးဆောင်၍ ပြုပြင်ခဲ့ပါသည်။ ၎င်းမုန်တိုင်းကြောင့် စေတီတော်တောင်ဘက်ရှိ အာရုံခံတန်ဆောင်းကြီး ပြိုကျသည့်အပြင် အခြားသာသနိကအဆောက်အအုံများလည်း များစွာပျက်စီးခဲ့ရပါသည်။ ထိုစဉ်က မုန်တိုင်းဘေးအန္တရာယ်ကျရောက်ခဲ့သဖြင့် ပြည်သူအများ ဒုက္ခကြုံနေရသည်ဖြစ်ရာ ဘေးဒုက္ခရောက်နေသော ပြည်သူများ ကယ်ဆယ်ရေး



www.burmeseclassic.com

www.burmeseclassic.com

ချထားရေးအတွက်သာ ကြိုးပမ်းနေကြရသည့်အတွက် စေတီတော်နှင့် သာသနိကအဆောက်အအုံများပြုပြင်ရေးကို ဦးစားမပေးနိုင်ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် စေတီတော်ပြုပြင်ရေးအတွက် နှစ်နှင့်ချီ၍ တစ်စတစ်စ ကြိုးပမ်းလာခဲ့ရပါသည်။

ယခုကဲ့သို့ ခေတ်အဆက်ဆက်ပြုပြင်လာခဲ့မှုကြောင့် ယခုအခါ စေတီတော်ကြီးသည် မြို့ကျက်သရေဆောင်အဖြစ် ရွှေရောင်တဝင်းဝင်းဖြင့် သာသနာထွန်းလင်းလျက်ရှိပါသည်။ စေတီတော်ကို ဖူးမြော်ရန် ရောက်ရှိလာကြမည့် သူတော်ကောင်းတို့အဖို့ ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော တောင်ဘက်မုခ်ဝရွှေရောင်မုခ်ဦးကြီးက စတင် ကြိုဆိုနေမည် ဖြစ်သည်။ ရှေးဦးစွာ စေတီတော်ခြေတော်ရင်း ဂန္ဓကုဋိတိုက်အတွင်းရှိ ကြေးဆင်းတုရုပ်ပွားတော်သုံးဆူကို ဖူးမြော်ရင်း အညောင်းပြေ အနားယူနိုင်ပါသည်။ ထို့နောက် စေတီတော်အရှေ့ဘက်ရှိ မဟာပဋ္ဌာန်းတန်ဆောင်းတော်ကြီးကို ဖြတ်သန်း၍ အရှေ့မြောက်ဘက်ရှိ ရှစ်မျက်နှာစေတီတော်ကို ဖူးမြော်နိုင်ပါသည်။ ထိုမှတစ်ဆင့် မြောက်ဘက်ရှိ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းတော်ကြီးအတွင်း (၂၈) ဆူကုန်သော ဘုရားရှင်တို့အား ဗုဒ္ဓုပ္ပတ္တိအကျဉ်းနှင့်တကွ ဖူးမြော်နိုင်ပါသည်။ ၎င်းနောက် အနောက်မြောက်ဘက်ရှိ တန်ဆောင်းတော်အတွင်းတွင် ပဥ္စဝဂ္ဂီငါးဦးတို့ တရားနာယူနေပုံနှင့် ဘုရားလောင်း ဒုက္ကရစရိယကျင့်တော်မူပုံရုပ်တုများနှင့်တကွ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တစသော ရဟန္တာရဟန်းမြတ်တို့၏ ရုပ်တုတော်များကို ဖူးမြော်နိုင်ပါသည်။ အနောက်ဘက်တွင်ကား အနုပညာလက်ရာမြောက်လှသော နဂါးကြီးနှစ်ကောင်ခြံရံသည့် နဂါးရုံဘုရားဆင်းတုတော်တစ်ဆူကိုလည်း ဖူးမြော်နိုင်ပါသည်။

အနောက်ဘက်တွင် မုခ်ပေါက်ဝတစ်ခုရှိပြီး ၎င်းမုခ်ပေါက်ဝအနီးတွင် ကြီးမားသော သက်တမ်းရင့် ဗောဓိညောင်ပင်ကြီးတစ်ပင် ရှိပါသည်။ ထိုညောင်ပင်ကြီးသည် ထူးခြားသော ညောင်ပင်ကြီးဖြစ်ကြောင်း ရှေးလူကြီးသူမတို့ ပြောကြားလေ့ရှိ၏။ တစ်ချိန်က ၎င်းညောင်ပင်အနီး၌ ဇရပ်တန်ဆောင်းတစ်ခု တည်ဆောက်ရန်ရှိရာ တောင်ဘက်သို့ ထိုးထွက်နေသော ကိုင်းမကြီးနှင့်မလွတ်ဖြစ်နေသည်။ သို့သော် ၎င်းညောင်ပင်ကြီးကို မည်သူမျှ မခုတ်ရဲကြပေ။

တစ်ညနေတွင် ၎င်းညောင်ကိုင်းအား ခုတ်ခွင့်ပြုရန် မုန့်၊ လက်ဖက်စသည်တို့ဖြင့် တင်မြှောက်၍ ရုက္ခစိုးနတ်မင်းကြီးအား တိုင်တည်ခဲ့ကြလေသည်။ ထိုညသန်းခေါင်ယံအချိန်တွင် မြေကြီးသိမ့်သိမ့်တုန်အောင် ဝုန်းခနဲအသံကျယ်ကြီးတစ်ခုဖြစ်ပေါ်ခဲ့ပြီး မနက်မိုးလင်းသောအခါ ညောင်ကိုင်းကြီးမှာ သူ့အလိုလိုကျိုးကျနေသည်ကို တွေ့ရလေသည်။ အသေအချာစစ်ဆေးကြည့်ရှုသောအခါ ညောင်ကိုင်းရင်း၌ လွှ၊ ဓားရာတို့ လုံးဝမတွေ့ရဘဲ တိတိရိရိကြီး ပြတ်တောက်နေသည်ကို တွေ့ရတော့သည်။ ထိုအကြောင်းအရာသည် ဇရပ်ဆောက်လုပ်မည့်ကိစ္စ ညောင်ကိုင်းနှင့်မလွတ်သဖြင့် ရုက္ခစိုးနတ်မင်းကြီးကိုယ်တိုင် ခုတ်ဖြတ်ပေးခဲ့သည်ဟု လူကြီးသူမများက အစဉ်အဆက် ပြောကြားခဲ့ကြသလို ယခုအခါတွင်လည်း သိမီသော အသက် (၈၀) ကျော်ရှိ ဂေါပကဥက္ကဋ္ဌကြီးဦးတင့်ကလည်း တဖွဖွပြောကြားနေတတ်သည်။

ဤစေတီတော်ကြီးကို ယခုကဲ့သို့ ခေတ်အဆက်ဆက်ပြုပြင်လာခဲ့မှုကြောင့် ယခုအခါ မြို့ကျက်သရေဆောင်အဖြစ် ရွှေရောင်တဝင်းဝင်းဖြင့် သာသနာထွန်းလင်းလျက်ရှိပါသည်။ ထိုစေတီတော်ကြီးသည် ဖျာပုံမြို့တွင် ဒုတိယမြောက် တည်ထားကိုးကွယ်ခဲ့သောစေတီဖြစ်ပြီး ယခင်အခါက ဤမြို့တွင် ဉာဏ်တော်အမြင့်ဆုံးစေတီ ဖြစ်ခဲ့သည်။ ဖျာပုံမြို့တွင် ပထမဆုံး တည်ထား ကိုးကွယ်ခဲ့သော လိပ်ဥကုန်းစေတီတော်ကို ခရိုင်အဆင့်ဆင့် ဘက်စုံပြုပြင်မွမ်းမံ ဉာဏ်တော် (၁၀၈) ပေ၊ (၇၂) တောင် မြှင့်ခဲ့သဖြင့် ယခုအခါ ဤမူလ ကျိုက်ဒေးကွမ်းခေါ် မဟာထူပါရုံစေတီတော်မှာ ဉာဏ်တော် (၆၄) တောင်ဖြင့် ဒုတိယအမြင့်ဆုံးစေတီအဖြစ် ပူဇော်နိုင်ပြီ ဖြစ်သည်။

ဤစေတီတော်၏ သမိုင်းမှတ်တမ်းကို ပြန်လည် သုံးသပ်မည်ဆိုလျှင် ရှေးခေတ် သာမန် ကျေးလက်နေ ပြည်သူပြည်သား ဇနပုဒ်သားများက စတင်တည်ထား ကိုးကွယ်ခဲ့သလို ခေတ်အဆက်ဆက်တွင်လည်း မည်သည့်မင်းစိုးရာဇာတို့၏အထောက်အပံ့ကိုမျှ မရရှိခဲ့ဘဲ ပြည်သူထဲက ပြည်သူတွေကသာ မြတ်နိုးကော်ရော် ပူဇော်လျှုဒါန်းပြုပြင်နိုင်စွမ်းရှိခဲ့ကြပါသည်။ အခြားသောစေတီများ၏သမိုင်းတွင်ကား မည်သည့်မင်း၊ မည်သည့်မိဖုရား စသည့် မင်းစိုးရာဇာတို့က တည်ထားခဲ့ကြောင်း၊ မည်သည့်ဘုရင်၊ နယ်စားပယ်တို့က ပြုခဲ့ကြောင်းပါရှိသော်လည်း ဤမူလကျိုက်ဒေးကွမ်းခေါ် မဟာထူပါရုံစေတီကား မည်သည့်ဘုရင်၊ မိဖုရား၊ နယ်စားမြို့စားတို့၏ ဦးဆောင်မှုမျှ မပါဝင်ခဲ့ချေ။ ထို့ကြောင့် ၎င်းစေတီတော်ကြီးကို ပြည်သူများ စတင် တည်ထားကိုးကွယ်ထိန်းသိမ်းခဲ့ခြင်းကြောင့် 'ပြည်သူ့ကောင်းမှုစေတီတော်' ဟု သမုတိပူဇာပြုက မှားအံ့မထင်။

စေတီတော်ကြီးသည် ရွာနိမိတ်အဖြစ် တည်ထား ကိုးကွယ်ခဲ့သည်ဖြစ်ရာ အမှန်တကယ်လည်း စေတီတော်ကြီးအနီးတွင် ကျေးရွာတစ်ရွာဖြစ်ပေါ်လာခဲ့ပြီး ငြိမ်းချမ်းသာယာစွာ ဖျာပုံဟူသော မြို့ကြီးပြကြီးတစ်ခု ဖြစ်လာသည်အထိ စည်ပင်တိုးတက်ခဲ့ပါသည်။ ဤသည့်ကို အာရုံယူ၍ မိမိဘဝလည်း ငြိမ်းချမ်းသာယာစွာ တိုးတက်ကြီးပွားရေးအတွက် အဓိဋ္ဌာန်ပြု ဖူးမြော်နိုင်ပါသည်။ 'စေတီကို ပူဇော်ခြင်းသည် သက်တော်ထင်ရှား ငါဘုရားကို ပူဇော်ခြင်းဖြစ်၏' ဟူသော ဘုရားရှင်၏ ဒေသနာတော်နှင့်အညီ ဘုရားရှင်အား ရည်မှန်း၍ ဤစေတီတော်သို့ လာရောက်ဖူးမြော်နိုင်ကြစေရန် လမ်းညွှန်သမှုပြုပါရစေ။ ဤစေတီတော်ကြီးရှိရာ ဖျာပုံမြို့သို့ ရန်ကုန်မြို့မှ တိုက်ရိုက်ပြေးဆွဲနေသော လမ်းနှစ်သွယ်ရှိပါသည်။ ကားဂိတ်များအနေဖြင့် ဖျာပုံ-လှိုင်သာယာလမ်းမှလာမည်ဆိုလျှင် လှိုင်သာယာရှိ ဒဂုံဧရာ အဝေးပြေးကားဂိတ်မှ ဖျာပုံ-ဘိုကလေးသွား ခရီးသည်တင်ကားများစီးနည်းနိုင်ပြီး ဒလ-ဖျာပုံလမ်းအနေဖြင့် ပန်းဆိုးတန်းဇက်ဆိပ်မှ ဒလဘက်သို့ကူး၍ ဒလကားဂိတ်မှ လာမည်ဆိုလျှင်လည်း ဖျာပုံ-ဘိုကလေးသွားကားများကို စီးနင်းလိုက်ပါနိုင်ပါသည်။ ဖျာပုံမြို့သို့ရောက်လျှင်ကား မြို့တွင်းသွားဆိုက်ကား၊ ဆိုင်ကယ်ကယ်ရီများဖြင့် (၈) ရပ်ကွက်၊ အပြောင်ဂိတ်သို့ စီးနင်းလိုက်ပါလျက် စေတီတော်ကြီးအား ဖူးမြော်နိုင်ပါကြောင်း နတ်လမ်းညွှန်ပြုလိုက်ရပါသည်။

ဖျာပုံတင်နိုင်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



# လှမြင့် (ရန်ကုန်တက္ကသိုလ်)

## လယ်တီဆရာတော်ဘုရားကြီးနှင့် အပါယ်လေးဘုံဋီကာ

လယ်တီဆရာတော်ဘုရားဦးဉာဏ ...နှစ် (၁၈၄၆ - ၁၉၂၃) ခုနှစ်သည် ...သာရေးဆိုင်ရာကျမ်းပေါင်း (၁၀၀) ...ကျော်ကို ရေးသား ပြုစုတော်မူခဲ့သည်။ ...ရှားသောကျမ်းများမှာ -

ပရမတ္ထဒီပနီကျမ်း၊ နိရုတ္တိဒီပနီကျမ်း မဂ္ဂင်ဒီပနီကျမ်း၊ ပရမတ္ထသမုပ္ပါဒ ...ဒီပနီကျမ်း၊ ရူပဒီပနီကျမ်း၊ သောမနဿ ...ဒီပနီကျမ်း၊ ဗောဓိပက္ခိယဒီပနီကျမ်း ဥတ္တမပုရိသဒီပနီကျမ်း၊ သာသနဝိ ...ခနီကျမ်း၊ ဓမ္မဒီပနီကျမ်း၊ အနတ္တ ...ဒီပနီကျမ်း၊ လက္ခဏာဒီပနီကျမ်း၊ ...ရဒီပနီကျမ်း၊ ဒါနာဒိဒီပနီကျမ်း၊ ...ဌာနဒီပနီကျမ်း၊ ပါရမီဒီပနီကျမ်း၊ ...နာဒီပနီကျမ်း၊ ပဋိစ္စသမုပ္ပါဒ်အကျဉ်း၊ ...သံခိပ်ကျမ်း၊ သင်ပုန်းကြီးသံခိပ်ကျမ်း စေတီယင်္ဂဏဝိနိစ္ဆယကျမ်း၊ ...တီပုစ္ဆာအဖြေကျမ်း၊ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်း အာနာပါနဒီပနီကျမ်း၊ ဓာတ်ကမ္မ...ကျမ်း၊ သစ္စတ္ထဒီပနီကျမ်း၊ အနတ္တ...နာပါဌ်နိဿယကျမ်း၊ ဂမ္ဘီရကဗျာကျမ်း စသည်တို့ ဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဘာဝနာဒီပနီကျမ်းကြီးကို မြန်မာနှစ် ၁၂၆၆ခုနှစ် (ခရစ်နှစ် ၁၉၀၄ ခုနှစ်) ကဆုန်လတွင် ပျဉ်းမနားမြို့အုပ် ဦးဘိုးမြတ်နှင့် ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်ရပ်နေ ဓာတ်ဆရာကြီး ဆရာမြိုးတို့၏ တောင်းပန် လျှောက်ထားချက်အရ ဘာဝနာလေးဆယ်တို့၏ အနက် အဓိပ္ပာယ်ကို မကျဉ်းမကျယ် ရေးဖွဲ့ပြုစုခဲ့သည်။

ဘာဝနာဒီပနီကျမ်းတွင် ဘာဝနာလေးဆယ်၏ အဓိပ္ပာယ်အကျဉ်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနှင့် အသုရကာယ် ဟူသော အပါယ်လေးဘုံး၏ ဒုက္ခဝေဒနာများနှင့် သီလ၊ သမာဓိ၊ ပညာတည်ထောင်မှုအကြောင်းအရာများကို ဒီပနီကျမ်း ဟူသော ဝိသေသနှင့်အညီ နားလည် သဘောပေါက် လက်ခံကျင့်သုံးမှု လွယ်ကူစေရန် ပါဠိဘာသာဝေါဟာရနှင့် အရေးအသားများထက် လွယ်ကူရှင်းလင်းထိမိပြင်သော မြန်မာစကားပြေ အရေးအသားတို့ဖြင့် အကျယ်တဝင့် ရှင်းလင်းတင်ပြ ရေးသား လမ်းညွှန်ဆုံးမခဲ့သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဘာဝနာဒီပနီကျမ်းကြီးတွင် ခန္ဓာအစု၏ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟူသော ခန္ဓာငါးပါး၏ အနိစ္စလက္ခဏာ (၁၀) ပါး၊ ဒုက္ခလက္ခဏာ (၂၅) ပါး၊ အနတ္တလက္ခဏာ (၅) ပါး၊ စုစုပေါင်း ဘာဝနာ (၄၀) ၏ သဘောသဘာဝကို ဦးစွာ ရှင်းလင်း တင်ပြခဲ့သည်။

ထို့နောက် 'ဒုက္ခမျိုးစုံ အပါယ်လေးဘုံ' ဟူသော အခန်းကဏ္ဍတွင် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသုရကာယ်ဘုံတို့၏ ခံစားရသော ကြောက်မက်ဖွယ် ဒုက္ခဝေဒနာများကို ထိတ်လန့်တုန်လှုပ်ကြောက်ရွံ့ဖွယ်ဖြစ်လာစေရန် အသေးစိတ် မှတ်တမ်းတင် ရေးသားပြုစုထားသည်။ အထူးသဖြင့် 'ဒုက္ခမျိုးစုံ အပါယ်လေးဘုံ'အခန်း၌ အပါယ်လေးဘုံ၏ ကြောက်မက်ဖွယ်ရာခံစားရမှုများ သက်တမ်းရှည်ကြာမှုများ၊ ဒုက္ခဝေဒနာ ခံစားရမှုများကို အသေးစိတ်၍ လည်းကောင်း၊ အကျယ်ချဲ့၍ လည်းကောင်း ရေးသား မှတ်တမ်းတင်ထားခဲ့သောကြောင့် လယ်တီဆရာတော်ဘုရားကြီး၏ ဘာဝနာဒီပနီကျမ်းလာ ဒုက္ခမျိုးစုံ အပါယ်လေးဘုံအခန်းကဏ္ဍကို အပါယ်လေးဘုံဋီကာ ဟူ၍လည်း တင်စားခေါ်ဆိုခဲ့ကြသည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဒုက္ခမျိုးစုံ အပါယ်လေးဘုံအခန်းတွင် ရှေးဦးစွာ ငရဲဘုံ၏ ငရဲကြီး (၈) ထပ် အကြောင်းကို -

'သဉ္စိုဝ်းကာလ၊ သယ်ာတ၊ ဒွယ- ရောရုဝါ။ တာပန-ဒွိ၊ အဝီစိ၊ တည်ရှိ ငရဲရှာ' ဟူသော ပရမတ္ထသံခိပ်တွင်လာသော လင်္ကာသံပေါက်ကို ရည်ညွှန်းလျက် -

ဇမ္ဗူဒီပါကျွန်း၏အောက်၌တည်ရှိသော ငရဲကြီးရှစ်ထပ်ကား -

၁။ သဉ္စိုဝ်းငရဲကြီး
၂။ ကာလသုတ်ငရဲကြီး
၃။ သယ်ာတငရဲကြီး
၄။ ရောရုဝငရဲကြီး
၅။ မဟာရောရုဝငရဲကြီး
၆။ တာပနငရဲကြီး
၇။ မဟာတာပနငရဲကြီး
၈။ အဝီစိငရဲကြီးတို့ ဖြစ်ကြ၏။

ငရဲကြီးရှစ်ထပ်၏ လူ့ပြည်လူ့ရွာမှ အကွာအဝေးကိုလည်း 'သောင်းငါးထောင်စီ၊ သချၤာညီ၊ ရှစ်လီခြားအကွာ' ဟူသော သံပေါက်လင်္ကာ အဆိုအမိန့်ကို အကိုးအကားပြု၍ -

လူ့ပြည်မှ အောက်ယူဇနာ တစ်သောင်းငါးထောင်အကွာတွင် သဉ္စိုဝ်းငရဲကြီးတည်ရှိ၏။ ၎င်းအောက် ယူဇနာတစ်သောင်းငါးထောင်စီကွာခြား၍ ကြွင်းသော ငရဲကြီးခုနစ်ဘုံတို့သည်လည်း အဆင့်ဆင့်တည်ကြကုန်၏။ အောက်ဆုံးဖြစ်သော အဝီစိငရဲကြီးသည် သီလာပထဝီမြေပေါ်၌တည်၏။ အလျား၊ အနံ ယူဇနာတစ်ရာစီနှင့်ရှိကြ၏ ဟူ၍ ဖော်ပြထားသည်။

ထိုငရဲကြီးရှစ်ထပ်အပြင် ဥဿဒငရဲငယ်လေးထပ်ရှိနေမှုကိုလည်း 'ဘင်- ပြာ- လက်- သန်၊ အစဉ်ရံ၊ လေးတန်ဥဿဒါ' ဟူသော သံပေါက်လင်္ကာ



www.burmeseclassic.com

www.burmeseclassic.com

အဆိုအမိန့်နှင့်အညီ -

ဘင်- ဘင်ပုပ်ငရဲ ပြာ- ပြာပူငရဲ လက်-လက်ပံတောငရဲ သန်-သန်လျက်အရွက်ရှိသော သစ်ပင်တောငရဲ တည်ရှိနေမှုကို ဖော်ပြခဲ့သည်။

ဥဿဒငရဲငယ်လေးထပ်တို့သည် အနံ့ယူဇနာတစ်ရာစီရှိကြ၏။ ငရဲကြီးရှစ်ထပ်တို့၏ ပြင်ဘက်၌ အတွင်းမှစ၍ အစဉ်အတိုင်း အဆင့်ဆင့်ပတ်၍ပတ်၍တည်ရှိကြသည်။

ထိုဥဿဒငရဲငယ်လေးထပ်၏ပြင်ဘက်တစ်ခွင်၌ ကြိမ်ပိုက်ချောင်းငရဲ၊ လောဟကုမ္ဘီငရဲအစရှိကုန်သော များစွာသော ငရဲမျိုးစုံတို့သည် ဝန်းရံ၍တည်ရှိကြကုန်၏။ တစ်ခုတစ်ခုသော ငရဲဘုံကြီးသည် ဇမ္ဗူဒီပါကျွန်းနှင့်အမျှ ယူဇနာတစ်သောင်းစီရှိကြ၏။ အောက်ဆုံးဖြစ်သော အဝီစိငရဲကြီး၌ခံနေကြကုန်သော သတ္တဝါတို့သည် ဝါးကျည်တောက်၌ထည့်ထားအပ်သော မုန်ညင်းစေ့ကဲ့သို့ ထိစပ်ပြည့်နှက်၍နေကြကုန်၏ဟူ၍ အဋ္ဌကထာကြီးတို့၌ မိန့်ဆိုထားကြသည်။ အထက်ငရဲဘုံခုနစ်ဘုံတို့မှာလည်း ထိုနည်းအတူ ပြည့်ကြကုန်သည်ဟု သိရာ၏။

ပြိတ္တာအမျိုးမျိုးနှင့် ပတ်သက်၍လည်း ကိုယ်တွင်း၌ အမြဲမီးတောက်၍နေသဖြင့် နှစ်ပေါင်းအသိန်းမက ရပ်တည်မရ ပြေး၍နေရသော ပြိတ္တာမျိုး၊ ကိုယ်ခန္ဓာတွင် လှံလက်နက်များစွာ အမြဲထိုးနေသဖြင့် နှစ်ပေါင်းအသိန်းမက ရပ်တည်၍မရ ပြေး၍နေရသော ပြိတ္တာမျိုး၊ နှစ်ပေါင်းအသင်္ချေများစွာရှည်၍ ထမင်းတစ်လုတ်ရေတစ်ပေါက်မျှမတွေ့ရသော ပြိတ္တာမျိုး အစရှိသဖြင့် မမြင်ဝံ့မရှုဝံ့ကြောက်ရွံ့ဖွယ်ရာသော ဒုက္ခများနှင့် နှစ်ပေါင်းအသေင်္ချေနေကြရသော အသူရကာယ်မျိုးအနန္တရှိကြ၏။

အသူရကာယ်အမျိုးမျိုးနှင့် ပတ်သက်၍ အလွန်ကြီးသောကိုယ်ရှိပြီး အပ်နဖားမျှသောလည်ချောင်းပေါက်ရှိသဖြင့် စားခွင့်သောက်ခွင့်မရ အမြဲဆာလောင်၍နေသော ကာလကဉ္စိကအသူရကာယ်မျိုး အစရှိသော မကြားဝံ့မနာဝံ့ကြောက်ရွံ့ဖွယ်ရာသော ဒုက္ခများနှင့် နှစ်ပေါင်းအသင်္ချေနေကြရသော အသူရကာယ်မျိုး အနန္တရှိကြ၏။

တိရစ္ဆာန်အမျိုးမျိုးတွင် ကုန်းတိရစ္ဆာန်မျိုးအနန္တ၊ ထိုထက်အဆအသင်္ချေ တွက်ရေးသင်္ချာများလှစွာသော ရေတိရစ္ဆာန်မျိုး အနန္တရှိကြ၏။

ထိုသို့သော ဒုက္ခတိဘဝ အပါယ်လေးဘုံသားတို့ များပြားနေပုံကိုလည်း လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ ဟူသော သုဂတိနှစ်ဆယ့်ခုနစ်ဘုံတို့မှ သတ္တဝါတစ်ယောက်လျှင် အပါယ်လေးဘုံတို့မှ သတ္တဝါအသင်္ချေယူထား၍ နှိုင်းယှဉ်သည်ရှိသော် သုဂတိနှစ်ဆယ့်ခုနစ်ဘုံ၌ သတ္တဝါကုန်လေရာ၏။ အပါယ်လေးဘုံရှိသတ္တဝါကား မကုန်လေရာ ဤမျှလောက်သော အပါယ်လေးဘုံသည် အသိုက်အအုံကြီးကျယ်လှ၏။

အဘယ်ကြောင့် ဤမျှလောက်အပါယ်လေးဘုံသည် အသိုက်အအုံကြီးကျယ်လှသနည်းဟူမူကား -

နခသိခသုတ်တော်တွင် မြတ်စွာဘုရားသည် လက်သည်းတော်ပေါ်၌ မြေမှုန့်တို့ကို တင်ထားတော်မူ၍ ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

'ချစ်သားရဟန်းတို့ - မဟာပထဝီမြေကြီးရှိ မြေမှုန့်နှင့် ငါ၏လက်သည်းတော်ပေါ်တွင်တင်ရှိသောမြေမှုန့်သည် အဘယ်ကများသနည်း'

ဟု မေးတော်မူ၏။

'လက်သည်းတော်ပေါ်ရှိ မြေမှုန့်ကား အလွန်နည်းလှပါ၏။ မဟာပထဝီမြေမှုန့်ကား အလွန်များလှပါ၏'

ဟု ရဟန်းတို့က လျှောက်ကြကုန်၏။

'ချစ်သားရဟန်းတို့ ထို့အတူလျှင် တစ်နေ့တစ်နေ့၌ သေဆုံးကြကုန်သော သတ္တဝါအပေါင်းတို့တွင် သုဂတိဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့ကား ငါ၏ လက်သည်းပေါ်ရှိ မြေမှုန့်ကဲ့သို့ အလွန်နည်းလှကုန်၏။ အပါယ်ဘုံသို့ ရောက်ကြကုန်သော သတ္တဝါတို့ကား မဟာပထဝီမြေကြီးရှိ မြေမှုန့်တို့ကဲ့သို့ အလွန်များလှကုန်၏'

ဟူ၍ ဟောကြားတော်မူခဲ့သည်။

ကာဏကစ္ဆပေါပမသုတ်တော်တွင်လည်း -

'ချစ်သားရဟန်းတို့ - မဟာသမုဒ္ဒရာ၌ မျက်စိနှစ်ဖက်မမြင်သော လိပ်ငယ်တစ်ကောင်သည် အနှစ်တစ်ရာမှတစ်ခါ၊ တစ်ထောင်မှတစ်ခါ ရေပေါ်သို့ပေါ်လာ၏။ မဟာသမုဒ္ဒရာပြင်တွင် အပေါက်တစ်ခုသာရှိသော ထမ်းပိုးငယ်တစ်ခုသည်လည်း လေနှင့်လှိုင်းဆောင်ရာ အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာသို့ မျောပါလွင့်ပါနေ၏။ အနှစ်တစ်ရာ၊ တစ်ထောင်မှ တစ်ခါသာပေါ်သော လိပ်ငယ်၏ဦးခေါင်းနှင့် ထမ်းပိုးငယ်အပေါက်၏ စွပ်မိနိုင်ရာသော အခွင့်သည်ရှိ၏လော'

ဟု မေးတော်မူ၏။

'စွပ်မိနိုင်ရာသောအခွင့်မရှိပါ။ သို့သော် ကပ်ကမ္ဘာမည်သည် အလွန်ရှည်ကြာလှသဖြင့် လိပ်ငယ်လည်း မသေမပျောက်လျှင်၊ ထမ်းပိုးငယ်လည်း မပုပ်မဆွေးလျှင် တစ်ခါတစ်ရံ စွပ်မိနိုင်ရာသောအခွင့်ရှိပါ၏'

ဟု လျှောက်ထားကြကုန်၏။

'ချစ်သားရဟန်းတို့ - လိပ်ကန်းထမ်းပိုးစွပ်မိရာသောအခွင့်သည် အလွန်လွယ်လှပါသေး၏။ ဤသုဂတိဘုံတို့မှ အပါယ်ဘုံသို့ တစ်ကြိမ်ကျရောက်လေသောသူ၏ ဤသုဂတိဘုံသို့ တစ်ဖန်ပြန်လာရန်အခွင့်သည် ထိုထက်အဆအရာမကအထောင်မက ခဲယဉ်းလှ၏။

အဘယ်ကြောင့်ဆိုသော် တရားကိုကျင့်ခြင်း၊ ကုသိုလ်ကောင်းမှုကိုပြုခြင်းဟူသော သုစရိုက်မျိုးဟူ၍ အပါယ်ဘုံ၌မရှိ။ နိုင်ရာနိုင်ရာသတ်ဖြတ်ညှဉ်းဆဲ၍စားသောက်ခြင်းအစရှိသော ဒုစရိုက်မှုတို့သည် အပါယ်ဘုံ၌ရှိကုန်၏။ ကုသိုလ်မှန်း၊ အကုသိုလ်မှန်းပင်မသိကြ။ အသက်ရှည်သမျှ ကာလပတ်လုံး ဒုစရိုက်မှုဒုက္ခတို့နှင့်သာ နေကြကုန်၏။ ထို့ကြောင့် တစ်ဘဝထက်တစ်ဘဝ မြုပ်၍မြုပ်၍သာသွားကြကုန်၏၊ နစ်၍နစ်၍သာလျှင် သွားကြကုန်၏ဟူ၍ ဟောကြားတော်မူခဲ့သည်။

အားလုံးသော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာသုံးရပ်တို့ကို စပ်ဟပ်နှီးနှော၍ပြောဆိုသော် အပါယ်ဘုံမည်သည် ဝင်ပေါက်သာရှိ၏။ ထွက်ပေါက်မရှိ။ ကျပေါက်သာရှိ၏။ တက်ပေါက်မရှိ။ မြုပ်ပေါက်သာရှိ၏။ ပေါ်ပေါက်မရှိ။ စုန်ပေါက်သာရှိ၏။ ဆန်ပေါက်မရှိဟု ဆိုထိုက်၏။ ဤနည်းကို အတိတ်၊ အနာဂတ် အနမတဂ္ဂသံသရာတစ်ခွင်လုံး၊ စကြဝဠာအနန္တလုံး မြော်မြင်လေ ဟူ၍ လယ်တီဆရာတော်ဘုရားကြီးသည် ဘာဝနာဒီပနီကျမ်းကြီး၌ အပါယ်လေးဘုံ၏ အနိဋ္ဌာရုံများကို ဟောကြားဆုံးမ ညွှန်ပြလျက် မကောင်းမြတ်တား ကောင်းရာညွှန်ကြား၍ ဆုံးမဩဝါဒပြုခဲ့ပေသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**

*ဘာဝနာဒီပနီကျမ်း*
*(လယ်တီဆရာတော်ဘုရားကြီး)*



www.burmeseclassic.com

www.burmeseclassic.com

# သုဓမ္မဝတီမှ ရဟန္တာခြေတော်ရာ

တက္ကသိုလ်ဝင်းမြင့်

ကျွန်တော်သည် ၂၀ဝ၅ ခုနှစ်တွင် သထုံမြို့သို့ တာဝန်ဖြင့် ရောက်ရှိခဲ့ပါသည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ရောက်လေရာဒေသတိုင်းတွင် စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ကန်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းအဆောက်အအုံများ၊ သမိုင်းကြောင်းများကို ဝါသနာထုံစွာ လေ့လာမှတ်သားလေ့ရှိပါသည်။

သထုံမြို့ကို ရှေးအခါက သုဝဏ္ဏဘူမိဟု လည်းကောင်း၊ သုဓမ္မဝတီဟု လည်းကောင်း ခေါ်တွင်ခဲ့ပါသည်။ သုဓမ္မမှ သုဓုမ်၊ သုဓုမ်မှ သထုံ၊ သထုံမှ သထုံဟု လည်းကောင်း အဆင့်ဆင့် ခေါ်တွင်ခဲ့သည်ဟု လေ့လာသိရှိရပါသည်။


'သာသနာအစ သထုံက' ဟု လည်း မြန်မာတို့က ဆိုခဲ့ကြပါသည်။ ဗုဒ္ဓဘုရားရှင်သည် မြန်မာနိုင်ငံအနှံ့အပြားသို့ ဒေသစာရီ ကြွရောက်ခဲ့ပါသည်။ သထုံသို့လည်း သုံးကြိမ်တိုင် ကြွရောက်သည်ဟု မှတ်တမ်းများတွင် တွေ့ခဲ့ပါသည်။ ကြွရောက်သည့် ခုနှစ်သက္ကရာဇ်များကို ဖော်ပြရာ၌ စာအုပ်စာတမ်းများတွင် တစ်အုပ်နှင့်တစ်အုပ်မတူဘဲ ကွဲပြားနေကြပါသည်။

သထုံဘုရင် သူရိယစန္ဒာမင်း၏ အဓိဋ္ဌာန်ဖြင့် ပင့်လျှောက်ချက်အရ မဟာသက္ကရာဇ် ၁၀၅ ခုတွင် သထုံပြည်သို့ ပထမဆုံးအကြိမ် ကြွရောက်တော်မူကြောင်း သိရှိမှတ်သားရပါသည်။ ထိုနှစ်သည် ဘုရားရှင် နှစ်ဝါမြောက်သောနှစ်ဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၁၉ ခုနှစ်၊ အချို့မှတ်တမ်းများတွင် မဟာသက္ကရာဇ် ၁၂၀ ပြည့်နှစ်၌ သထုံပြည်သို့ ဒုတိယအကြိမ် ကြွရောက်တော်မူသောအခါ ရာဟုလာမထေရ် (သားတော်ရာဟုလာ) လည်း ပါရှိကြောင်း လေ့လာသိရှိရပါသည်။ မဟာသက္ကရာဇ် ၁၂၈ ခုနှစ်တွင်လည်း သထုံပြည်သို့ကြွရောက်တော်မူခဲ့ပါသည်။

ထိုသို့ သထုံပြည်သို့ ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူခဲ့သဖြင့် အဆုံးအမတရားတော်များကို ဘုရင်မင်းမြတ်နှင့်တကွ ပြည်သူအားလုံးတ နာကြားရသည့်အတွက် မြန်မာနိုင်ငံတွင် သာသနာစတင်ထွန်းကားခြင်း၏ အစအဦးပင် ဖြစ်ခဲ့ပါသည်။ ဗုဒ္ဓသည် တရားဒေသနာများကို ဟောကြားသည့်အပြင် ဆံတော်မြတ်တို့ကိုပါ ပုဂ္ဂိုလ်အသီးသီးတို့အား ချီးမြှင့်ခဲ့သည့်အတွက် ဗုဒ္ဓကိုယ်စားဖြစ်သော စေတီဘုရားပုထိုးအမွေအနှစ်များစွာ ပေါ်ထွန်းခဲ့ပါသည်။

ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် ဂဝံပတိ (ဂဝံပတေ့) ရဟန္တာမထေရ်က ဗုဒ္ဓမှာကြားခဲ့သည့် ဗျာဒိတ်တော်မြတ်အတိုင်း ဗုဒ္ဓ၏သွားစေတ်တော်မူရင်းတစ်ဆူ၊ သွား






www.burmeseclassic.com

www.burmeseclassic.com

တော်ပွား (၃၃) ဆူ ပင့်ယူဆောင်တော်မူပြီး သထုံဘုရင် တိဿဓမ္မသီဟရာဇာ (ပထမသီရိမာသောက) မင်းကို ပေးအပ်ခဲ့သည်ဟု လေ့လာ သိရှိရပါသည်၊

ဗုဒ္ဓပရိနိဗ္ဗာန်ပြုသော မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကို ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်အဇာတသတ်မင်းကြီးက အရှင်မဟာကဿပမထေရ်၊ အရှင်အာနန္ဒာ (ညီတော်အာနန္ဒာ)မထေရ်၊ အရှင်ဥပါလိမထေရ်ရဟန္တာမြတ်တို့နှင့် ညှိနှိုင်းတော်မူလျက် သက္ကရာဇ်ဖြိုပြီး မဟာသက္ကရာဇ် ၁၄၈ ခုနှစ်အစား သာသနာတော်နှစ် ၁ ခုနှစ်ဟု စတင် ရေတွက်ခဲ့ပါသည်။ သာသနာတော်နှစ် ၁၂၈ ခုနှစ်တွင် မဇ္ဈိမဒေသမှ အရှင်မဟိန္ဒနှင့် အရှင်သောဏရဟန္တာတို့သည် ဗုဒ္ဓ၏ဆံတော်ရှစ်ဆူကိုပင့်ဆောင်ပြီး သထုံဘုရင်ဓမ္မဇေ မင်းကိုပေးအပ်ခဲ့ကြောင်းလည်း လေ့လာ သိရှိရပါသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ တပည့်သာဝကသံဃာတော်များသည် ဗုဒ္ဓဆုံးမ ဟောကြားတော်မူခဲ့သော ဓမ္မတရားအပေါင်းကို အဆင့်ဆင့်လက်ဆင့်ကမ်းလျက်၊ ပို့ချသင်ယူဆည်းပူးလျက်၊ အာဂုံဆောင်လျက်၊ ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်လျက် သာသနာတော်ရေရှည်တည်တံ့အောင် ခေတ်အဆက်ဆက်တွင် ထိန်းသိမ်း ဆောင်ရွက်တော်မူခဲ့ကြပါသည်။ ထိုထိုသော သံဃာတော်များသာ တစ်ပါးတလေမျှမရှိလျှင် ယနေ့ခေတ်လူဖြစ်ရသော ကျွန်တော်တို့တစ်တွေသည် ဗုဒ္ဓဆိုသည်ကို သိကြရမည် မဟုတ်ပါ။ ဗုဒ္ဓဆုံးမဟောကြားခဲ့သော တရားဓမ္မကိုလည်း သိကြမည် မဟုတ်ပါ။ ဗုဒ္ဓဆုံးမဟောကြားခဲ့သော တရားဓမ္မကိုလည်း သိကြမည် မဟုတ်ပါ။ ကြားဖူးကြမည်လည်း မဟုတ်ပါ။ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာအစပြု၍ ယနေ့နှစ်ပေါင်း (၂၆၀၀)ကျော်သည့်တိုင် သာသနာတော်မြတ်ကြီး တည်ရှိနေသည်မှာ ခေတ်အဆက်ဆက် ရာသီဥတု၊ မိုး၊ လေ၊ ကပ်ကြီးသုံးပါး၊ စစ်မက်ရေးရာ အခက်အခဲမျိုးစုံကြားမှ သာသနာ့တာဝန်ကို လက်ဆင့်ကမ်း ထမ်းရွက်တော်မူလာကြသော သံဃာတော်များရှိနေ၍သာဖြစ်ပါသည်။ သာသနာတော်သမိုင်း၌ ယနေ့အထိ သင်္ဂါယနာ (၆) ကြိမ်တင်ခဲ့ပြီး ဖြစ်ပါသည်။

မဇ္ဈိမဒေသတွင် သာသနာတော်နှစ် ၂၃၅ ခု၌ ပါဋလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းလက်ထက်၌ ထိုမင်း၏




ချီးမြှောက်မှုနှင့်အညီ အရှင်မောဂ္ဂလိပုတ္တတိဿရဟန္တာမထေရ်မြတ်ကြီး အမှူးပြုသော ရဟန္တာသံဃာတော် (၁၀၀၀) တို့သည် အာသောကာရုံကျောင်းတော်ကြီး၌ ဗုဒ္ဓ၏ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟုဆိုအပ်သော နိကာယ်ငါးရပ်တို့ကို ညီညွတ်စွာအာဂုံဆောင်ကြလျက် တတိယသင်္ဂါယနာတင်တော်မူခဲ့ကြပါသည်။ သီရိဓမ္မာသောကမင်းလည်း ကြည်ညိုဝမ်းမြောက်ခြင်းဖြစ်ပျက် မိမိအာဏာစိုးမိုးရာဒေသအသီးသီး၌ ဓမ္မခန္ဓာ (၈၄၀၀၀) အထိမ်းအမှတ်ပြုသည့်အနေနှင့် ရေတွင်းရေကန် (၈၄၀၀၀) တို့နှင့်တကွ စေတီပေါင်း (၈၄၀၀၀) ကို တည်ထားတော်မူခဲ့သည်ဟုလေ့လာသိရှိရပါသည်။ ထို့အပြင် အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏စီမံမှုဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရန် ရဟန်းတော်များကို စေလွှတ်တော်မူခဲ့သည်။ ထိုသို့စေလွှတ်တော်မူရာတွင် မြန်မာနိုင်ငံ သုဓမ္မဝတီ သထုံပြည်သို့ သာသနာ ၂၃၆ ခုနှစ်၌ အရှင်သောဏရဟန္တမထေရ်နှင့် အရှင်ဥတ္တရရဟန္တမထေရ် ဦးဆောင်သည့် ရဟန္တာငါးပါး ကြွရောက်တော်မူလာခဲ့

ကြောင်း၊ ထိုအချိန်က သထုံပြည်တွင် သီရိမာသောကဘွဲ့ခံ ဘုရင်မင်းစောဝေ အုပ်စိုးသောကာလဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

အဆိုပါကာလတွင် သထုံပြည်၌ ရာသီဥတုဆိုးရွားပြီး ရေကြီးခြင်း၊ မြေပြိုခြင်းများကြောင့် ကပ်ဆိုက်လျက် လူသူအသေအပျောက်များလည်းရှိပြီး ဘီလူးမများ၏ ဘေးအန္တရာယ်လည်း ကျရောက်လျက် ရှိသည်၊ အရှင်သောဏထေရ်နှင့် အရှင်ဥတ္တရ ရဟန္တာမထေရ်မြတ်များတို့က ဗြဟ္မဇာလသုတ်တော်ကို ရွတ်ဆိုဟောကြားပြီး ဈာန်အဘိညာဉ်ဖြင့် မနုဿသီဟပုံများ ဖန်တီးကာ ဘေးအန္တရာယ်အသီးသီးကင်းစင်ပပျောက်အောင်ဆောင်ရွက်တော်မူခဲ့ကြပါသည်၊

အရှင်ဥတ္တရ ရဟန္တာမထေရ်၏ သစ္စာအဓိဋ္ဌာန်ပြု၍ ချထားခဲ့သော လက်ဝဲခြေတော်ရာကို ကျွန်တော် ဖူးတွေ့ပူဇော်ခွင့်ရရှိခဲ့ပါသည်။

ယခုအခါ သထုံခရိုင် ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ ဓမ္မစကြာကျောင်းမြေပေါ်တွင် တည်ရှိပါသည်၊ ခြေတော်ရာအလျားသည် တစ်တောင်ခန့်ရှိပါသည်။ ကျောက်သားပေါ်မှ ခြေတော်ရာ ဖြစ်ပါသည်။ ခြေတော်ရာသည် တောင်အရပ်သို့လှည့်နေကြောင်း တွေ့ရှိဖူးမြင်ရပါသည်။

သုဝဏ္ဏဘူမိ သုဓမ္မဝတီ သထုံပြည်ကစ၍ မြန်မာတစ်နိုင်ငံလုံး ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေခဲ့ပါသည်။ သာသနာတော်ထွန်းကားစေရန် ဆောင်ရွက်တော်မူခဲ့သည့် အရှင်ဥတ္တရမထေရ်အား ရည်စူး၍ အရှင်၏ခြေတော်ရာကိုဖူးမြော်ကန်တော့အပ်ပါကြောင်း၊ များစွာသော ရဟန္တာသံဃာတော်များကိုလည်း ပူဇော်ကန်တော့အပ်ပါကြောင်း တင်ပြအပ်သတည်း။

တက္ကသိုလ်မင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

# ဆရာတော်ကြီးဦးဇောတိက(၁) ပထမံဆရာလှိုင်အရှင်မြတ်ကြီး


## လျောင်းစက်ရာအောင်မြေ

လွန်ခဲ့သည့်လအတွင်းက စရော ဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းသို့ ရောက်ရှိသွားဖြစ်ခဲ့ရသည်။ နိုင်ငံသစ်သစ်လုပ်ငန်းကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ ဦးဝင်းလှိုင်ကခေါ်သဖြင့် လိုက်ပါသွားဖြစ်ခဲ့ရခြင်းပင် ဖြစ်သည်။ အင်္ဂပူမြို့နယ်သည် သမိုင်းတွင်အထင်အရှားပေါ်ခဲ့သည့် မြို့နယ်တစ်မြို့နယ်ပင် ဖြစ်သည်။ အင်္ဂပူမြို့တည်နေရာကို ရှေးမြန်မာမင်းအဆက်ဆက်တို့က အုတ်ဖိုမြို့ဟုအမည်တွင်ခဲ့သည်။ မြို့အလယ်တွင် ဖြတ်သန်းစီးဆင်းနေသည့်ချောင်းမှာ အုတ်ဖိုချောင်းပင် ဖြစ်သည်။ ထိုချောင်းဖျားတွင် ရာမညတိုင်း ပုသိမ်မြို့တွင် အပါအဝင်ဖြစ်ခဲ့သော အင်္ဂပူရမြို့တည်ရှိသည်။ အင်္ဂပူရမြို့ဟောင်းတွင် မြန်မာမင်းအဆက်ဆက် အုပ်စိုးခဲ့ပြီး ၁၁၁၅ ခုနှစ်တွင် နောက်ဆုံးမင်းဆက်ဖြစ်သော သီဟပိုလ်မင်းလက်ထက်တွင် အလောင်းမင်းတရားကြီး ရာမညတိုင်းအား သိမ်းပိုက်တော်မူခဲ့ရာ ထက်ရှိအုပ်ချုပ်နေသော သီဟပိုလ်မင်းအား တိုက်သူကြီး အဆောင်အယောင်ဖြင့် သူကောင်းပြုတော်မူခဲ့သည်။ သားတော် စိတ္တပိုလ်မင်းလက်ထက်တွင် အင်္ဂပူရကို စွန့်ခွာကာ အုတ်ဖိုမြို့ကို တည်ဆောက်ခဲ့သည်။ ထိုသို့ ရာဇဝင်တွင် အထင်အရှားရှိနေခဲ့ရာမှ ဗြိတိသျှတို့ အုပ်ချုပ်ရေးလက်ထက်တွင် မီးရထားလမ်းဖောက်လုပ်ခဲ့ရာ အရှေ့ဘက်တွင်ရှိသည့် သာယာဝတီ အုတ်ဖိုနှင့် အမည်တူနေသဖြင့် အင်္ဂပူဟု အမည်ပြောင်းလဲခဲ့ရာက ယနေ့တိုင် အင်္ဂပူဟုတွင်နေခြင်း ဖြစ်သည်။

လိုက်ပါလာမိသည့် ဤခရီးစဉ်မှာ အင်္ဂပူမြို့ပတ်ဝန်းကျင် အင်္ဂပူမြို့နယ်အတွင်းလှည့်လည်မည့်ခရီးစဉ်ပင် ဖြစ်သည်။ အင်္ဂပူမြို့သို့ ရောက်သည်နှင့် အင်္ဂပူမြို့လယ်ရှိ ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် အင်္ဂပူမြို့အထဲတွင် တည်ရှိသည့် ရှေးဟောင်း သမိုင်းဝင် မြတ်ဘုရားတော်ယိုစေတီတော်မြတ်တို့အား ဝင်ရောက် ဖူးမြော်ဖြစ်ခဲ့ကြသည်။ စေတီတော်တို့ကို ဖူးမြော်ပြီးသည်နှင့် အင်္ဂပူမြို့လယ်ရှိ စံကျောင်းဆရာတော် ဘဒ္ဒန္တစက္ကိန္ဒ (ဂန္ထဝါစကပဏ္ဍိတ) ဓမ္မာစရိယ (အဂ္ဂမဟာကျော်) နိုင်ငံတော် သံဃာ့ဗဟိုဝန်ဆောင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော် ကန်တော့ဖြစ်ကြသည်။ သို့ဖြင့် အင်္ဂပူမြို့နယ်အတွင်း လှည့်လည်ကာ



ဆရာတော်စီရင်ခဲ့သည့် သန်လျက်တော်




ကန်တော့ပွဲပြင်ထားသော ဆရာတော်ဓါတ်ပုံတော်




www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်သည့်ခေါင်းတုံတော်



လျှောင်းစက်ရာ ကျောင်းတော်

ဘုရားစေတီတော်များနှင့် ဆရာတော် သံဃာတော်ကြီးများ သီတင်းသုံးရာ ကျောင်းများသို့ လှည့်လည် ပူဇော်နေမိ ဖြစ်ကြသည်။

လှည့်လည် ပူဇော်နေမိကြရာက ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်အတွင်းရှိ ကွင်းကောက်မြို့သို့ ရောက်ရှိသွားခဲ့ရသည်။ ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်တွင် သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဖြစ်တော်မူသော ယွန်းကျောင်းဆရာတော် ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်၏ ရုပ်ခန္ဓာ လျှောင်းစက်ရာနေရာရှိနေပါသည်။ ဆရာတော် ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်သည် သာသနာပြု သတ္တဝါကယ်လုပ်ငန်းများ ဆောင်ရွက်တော်မူရင်း ဝိဇ္ဇာများလျှောက်လှမ်းလမ်း အတိုင်း ထွက်ရပ်လမ်းသို့ မြန်းကြွသွားတော်မူခြင်းပင် ဖြစ်သည်။

ဆရာတော် ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင်အရှင်မြတ်ကြီးလျှောင်းစက်ရာနေရာသည် ယနေ့တိုင် အောင်မြေမှန်ရာ နေရာတစ်နေရာအဖြစ် လူသိများလျက်ရှိနေခဲ့သည်။ ဝိဇ္ဇာလမ်းလျှောက်လှမ်းနေကြသော သူတော်စင်သူမြတ်လောင်း ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ စဉ်ဆက်မပြတ် ရောက်လာကာ အောင်ဓာတ်ခံယူခြင်း၊ အောင်ဓာတ်ခိုလှုံခြင်းများ ပြုလုပ်လျက်ရှိနေကြသည်။ ရုပ်ခန္ဓာလျှောင်းစက်ရာ ကျောင်းတော်ကြီးအတွင်း တိတ်ဆိတ်ငြိမ်သက်မှုက လွှမ်းခြုံထားသလို အေးချမ်းမှုရသတို့၏ ဖျန်းပက်ထားမှုတို့ကြောင့် အေးစိမ့်စိမ့် အနေအထားခံစားရကာ ပတ်ဝန်းကျင်နှင့် ဆက်စပ်မှုပြတ်နေရသည့်အလား ခံစားရသည်။

အောင်မြေမှန်ရာတွင် ဆရာတော်ကြီးလက်ကိုင်ဖြစ်ခဲ့သည့် ရွှေသန်လျက်တော်၊ ဆရာတော်ဘုရားကြီး၏ရုပ်တုတော်နှင့် ဆရာတော်ဘုရားကြီး မိန့်မှာထားချက်ကျောက်စာများရှိနေပါသည်။ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိမှာလည်း လွန်စွာစိတ်ဝင်စားဖွယ်ကောင်းလှန်းလှပါသည်။


ဆရာတော်ကြီးလောင်းလျာကို မြန်မာနှစ် ၁၂၆၉၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ကွင်းကောက်ကျေးရွာမြောက်ပိုင်း၌ ကျောင်းဆရာကြီး ဦးမြတ်ထွန်း၊ ဒေါ်ငွေနုတို့မှ တတိယမြောက် သားရတနာအဖြစ် ဖွားမြင်သန့်စင်ပေးခဲ့သည်။ ဆရာတော်လောင်းလျှာသည် အသက် (၁၅) နှစ်အရွယ်တိုင်

www.burmeseclassic.com


အောင် အင်္ဂလိပ်စာနှင့် ကျောင်းပညာများကို သင်ကြားခဲ့သည်။ သက်တော် (၁၅) နှစ်အရွယ်ရောက်လာသည်တွင် ရွှေကျောင်းဆရာတော်ဘုရားကြီးထံ၌ ဦးကြီးဖြစ်သူ ဦးဘိုးသက်၊ ဒေါ်နှင်းပွင့်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေပြုတော်မူခဲ့သည်။ သာမဏေဘဝမှာပင် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားရင်း ဟင်္သာတမြို့ ပါဠိပထမပြန်စာမေးပွဲကြီးတွင် ဝင်ရောက် ဖြေဆိုရာ ပထမငယ်၊ ပထမလတ်တန်းများကို လွယ်လင့်တကူ ဖြေဆိုအောင်မြင်ခဲ့သည်။

အသက် (၂၀) ရောက်သည်တွင် မူလဒကာ၊ ဒကာမတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ ရွှေကျောင်းသိမ်တော်ကြီးမှာပင် တက်ရောက်ခဲ့သည်။ အရှင်မြတ်သည် ရဟန်း (၅) ဝါအရတွင် ခေတ္တ စသော အထက်မြို့ကြီးများသို့ ကြွရောက်ကာ စာဝါများ တက်ရောက်သင်ကြားခဲ့သည်။ ပခုက္ကူမြို့ အနောက်တိုက်ကြီး၌ တည်ထောင်ထားသော ပါဠိဘာဏီအသင်းကြီး၌ ရဟန်း (၈) ဝါတိုင်အောင် ပါဝင်ဆောင်ရွက်တော်မူခဲ့၏။ ထိုမှတစ်ဖန် ဆည်းပူးရရှိထားသော ပညာရပ်များအပေါ် ရောင့်ရဲတင်းတိမ်မှုမပြုနိုင်သေးဘဲ အမရပူရသို့ လည်းကောင်း၊ မန္တလေးမြို့ အာသောကာရုံကျောင်းတိုက်ကြီးသို့ လည်းကောင်း ပြောင်းရွှေ့ကာ နေ့ဝါ၊ ညဝါ စသော အဘိဓမ္မာ ပိဋကတ်ကျမ်းကြီးများကို ရဟန်း (၁၁) ဝါမြောက်သည်အထိ ကြိုးစားကာ မှတ်သားနာယူတော်မူခဲ့သည်။

အထက်မြို့ကြီးများတွင် ပညာသင်ကြားတော်မူခဲ့ပြီးနောက် မိမိနေရပ်ဖြစ်သည့် ကွင်းကောက်ရွာရှိရွှေကျောင်းတော်ကြီးသို့ ပြန်ကြွတော်မူခဲ့သည်။ ရွှေကျောင်းတော်ကြီးတွင်သီတင်းသုံးနေတော်မူစဉ် ဆရာတော် ဦးကုသလနှင့် ကျောင်းဒါယကာ ဦးသူငယ်က ယွန်းကျောင်းကို အလှူခံတော်မူပါရန် အတန်တန် ပင့်လျှောက် တောင်းပန်မှုကြောင့် သက်တော် (၃၂) နှစ်၊ ဝါတော် (၁၂)ဝါအရတွင် ယွန်းကျောင်းသို့ ကျောင်းထိုင်ရန် ကြွတော်မူခဲ့သည်။ ကျောင်းထိုင်သည့်အတွင်း တပည့်တို့အား သင့်လျော်သော စာဝါများကိုချပေးတော်မူရင်း ဆရာတော်သည် ဂန္ထဓူရ၊ ဝိပဿနာဓူရ (၂) ပါးကို ကြိုးပမ်းအားထုတ်တော်မူခဲ့သည်။ ဆရာတော်သည် ဝါတော် (၂၂)ဝါ၊ သက်တော်(၄၂)နှစ်သို့ ရောက်



ဆရာတော် ဦးတေဇောတိကရုပ်တု




ရွှေကျောင်းတော်ကြီးအတွင်းရှိ ရွှေကမ္ပည်းတစ်ခု




www.burmeseclassic.com

www.burmeseclassic.com


ဝိဇ္ဇာအတတ် (၁၆) ရပ်


ဆရာတော်၏ဆုံးမစကား


ဆရာတော်၏ဆုံးမစကား


ပထမံဝိဇ္ဇာအရှင်မြတ် သက်ပြောင်းကိုယ်ဖွားအခန်း


ဝိဇ္ဇာအသိအမှတ်ပြုမော်ကွန်းစာ

သည်တွင် တပည့်ရဟန်းသာမဏေများနှင့်တပည့်တို့အား မိဘများထံပြန်လည်အပ်နှံပြီး တစ်ပါးတည်း ဧကစာရီအကျင့်ကို စတင်ကျင့်ကြံအားထုတ်တော်မူသည်။ ဆရာတော်သည် အဝတ်သင်္ကန်းမှစ မျက်နှာသုတ်ပဝါ၊ စောင်၊ ခေါင်းအုံးစွပ်များအားလုံး အညိုရောင်သစ်ခေါက်ဆိုးစေပြီး ဝိပဿနာခံရုကို ကျင့်ကြံ ကြိုးပမ်းအားထုတ်ခဲ့သည်။

ဤသို့ ကျင့်ကြံပွားများအားထုတ်တော်မူစဉ် ၁၃၁၁ ခုနှစ်၊ တန်ဆောင်မုန်းလ၏ တစ်ညသောညအချိန်တွင် ဆရာတော်၏ ဦးခေါင်းအထက်၊ ဘယ်ဘက်နား၊ ညာဘက်နား၊ နှုတ်ခမ်းနားတို့ဆီမှ အမည်မသိ ပုဂ္ဂိုလ်တစ်ဦး၏ အသံပေါ်လာသည်။

"မင်းဒီအလုပ်တွေကိုခဏလောက်နားပါဦး။ ဝိဇ္ဇာအဖြစ်ကို ခံယူပါဦး။ သတ္တဝါတွေကိုကယ်ဖို့လုပ်ငန်း ရှိနေတယ်"

ထိုစကားသံကြောင့် ဆရာတော်က ဝိပဿနာခံရုရမပျက်လိုသဖြင့် ဝိဇ္ဇာအဖြစ်မခံယူလိုပါကြောင်း ပြန်ပြောကာ တွင်တွင်ငြင်းပယ်ခဲ့သည်။ မေတ္တာရပ်ခံပြောကြားသော်လည်း မရနိုင်လောက်အောင်ဖြစ်နေသဖြင့် မကောင်းဆိုးဝါးအနှောင့်အယှက်ပေးသည် ယူဆကာ ရွှေကျောင်းတော်မှ သံဃာတော်များနှင့် ပရိတ်ကမ္မဝါများ ရွတ်ဖတ်စေတော့သည်။ ပရိတ်ကမ္မဝါတို့ ရွတ်ဖတ်သည်တွင် အမည်မသိရသေးသည့်ပုဂ္ဂိုလ်က-

"ငါ့ကို မင်းက မကောင်းဆိုးဝါးထင်လို့ ပရိတ်ကမ္မဝါတွေနဲ့ နှင်တာပေါ့လေ။ ပရိတ်တို့၊ ကမ္မဝါတို့ နာရတာ ငါ အင်မတန် သဘောကျကြည်ညိုပါတယ်ကွာ။ ဒါပေမယ့် ငါက မင်းထင်သလို မကောင်းဆိုးဝါး မဟုတ်ဘူး။ ငါဟာ ဘိုးတော်ဘုရား လက်ထက်တော်အခါတုန်း က သီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု သွန်းပြုခတ်နှိပ် ရွှေတံဆိပ်တော်ရခဲ့တဲ့ ဆရာတော် ဦးပညာသာမိ ဆိုတာ ငါပဲ။ အခု မင်းထံလာပြီး မင်းတို့ တိုက်တွန်းရတာ မင်းရဲ့ ပါရမီထူး၊ တံထူး၊ ဉာဏ်ထူးလို့ပါပဲ။ အဲဒီတော့ ဝိဇ္ဇာအဖြစ်ကို ခံယူပါ"

ဟု ပြောလာသည်။

ဆရာတော်က ယုံကြည်မှုမရှိနိုင်ဘဲ လာနှောင့်ယှက်နေသည့် ပုဂ္ဂိုလ်ကြီးအား နှိမ်နင်းရန်အတွက် ကွင်းကောက်ပတ်ဝန်းကျင်တွင် ထင်ရှားကျော်ကြားနေသော ပယောဂဆရာများအား ခေါ်ယူကာ ရှင်းလင်းစေသော်လည်း မရနိုင်အောင်ရှိနေခဲ့သည်။ မမြင်ရသောပုဂ္ဂိုလ်မှာ လာမြဲတိုင်းလာကာ ပြောမြဲတိုင်း ဝိဇ္ဇာလုပ်ရန် စကားကိုသာဆိုနေသည်။ ထိုသို့ အတန်တန်ပြောဆိုသော်လည်း မရသဖြင့် ထွက်ရပ်ပေါက်ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးသည် အနုမရ အကြမ်းဆိုစကားအရ ဆရာတော်အား အနုနည်းဖြင့် ပြောသော်လည်း ဝိဇ္ဇာအဖြစ်ကို မခံယူသေးသဖြင့် အကြမ်းနည်းကိုသုံးတော့သည်။ ဆရာတော် ညအိပ်ချိန်များတွင် မအိပ်ရအောင်ပြုလုပ်ခြင်း မိမိကိုယ်ကို ထုထောင်းစေခြင်း စသည်ဖြင့် နာကျင်စေသောအလုပ်များကို ပြုလုပ်တော့သည်။ အနားတွင် စောင့်ကြပ်နေသောတပည့်များက ဆရာတော်၏ သတ်များကို ကိုင်ထားရသည်အထိပင်။

ထိုသို့ဖြင့် ၁၃၁၁ မှ ၁၃၁၄ အထိ (၄) နှစ်တိုင်တိုင် ဒုက္ခမျိုးစုံခံစားနေရသော ဆရာတော်ကို ထွက်ရပ်ပေါက် ဆရာတော် ဦးပညာသာမိက -

"မင်းဟာ တော်တော့်ကိုခေါင်းမာတယ်။ ငါ့ကိုလည်းမယုံဘူး။ ယုံအောင် မင်းကိုငါပြောမယ်။ မင်းကို မင်းအမေမွေးတဲ့အသက်ကကုန်ပြီ။ ငါကယ်ထားတဲ့အသက်ပဲ ကျန်တယ်။ မင်းမယုံရင် ငါပြောမယ်နားထောင်။ မင်းငယ်ငယ် (၈) နှစ်သားတုန်းက သပြေသီးခူးရင်း သပြေပင်အဖျားကိုင်းကနေ မင်းလိမ့်ကျလာပြီး အောက်ကိုင်းပေါ်တင်တော့မှ ကိုင်းတစ်ကိုင်းကို ကိုင်မိလိုက်လို့ လိမ့်ကျမယ့်ဘေးကလွတ်ပြီး အသက်ရှင်ခဲ့တာ၊ အဲဒါ ငါကယ်တာပဲ၊ မင်းမှတ်မိတောင်းပါတယ်။

နောက်ရှိသေးတယ်။ မင်း (၆) နှစ်သားတုန်းက ချောင်းတွင်းက အိုင်တစ်အိုင်မှာ ရေနစ်တုန်းက ကယ်မယ့်သူဘယ်သူမှမရှိဘဲ မင်းကမ်းပေါ်ရောက်နေတာကော မှတ်မိလား။ အဲဒါကလည်း ငါကယ်ခဲ့တာပဲ။ ကယ်ရတာကလည်း အကြောင်းရှိတယ်။ အကြောင်းက မင်းကို ဒီအချိန်ဒီအခါ ဒီအသက်အပိုင်းအခြားရောက်ရင် ဝိဇ္ဇာဖြစ်အောင် တိုက်တွန်းပြီး ဝိဇ္ဇာဖြစ်လာတော့ သတ္တဝါတွေကို ကယ်ခိုင်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကယ်ခဲ့တာပဲ။ ဒါကြောင့် မင်းမှာ ငါပေးတဲ့ အသက်ပဲရှိတော့တယ်။ အဲဒါတွေ မှန်၊ မမှန် မင်းတွေးကြည့်လိုက်ပါ"

ဆရာတော်လည်း ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ဆရာတော်ကြီး ဦးပညာသာမိ ပြောစကားများကို ပြန်လည်ဆင်ခြင်တွေးတောမိရာ အားလုံးမှန်ကန်နေသည်ကို သိရှိသဖြင့် လိုက်နာမှုပြုလိုက်ရတော့သည်။

ထွက်ရပ်ပေါက် ဆရာတော်ကြီး ဦးပညာသာမိက -

"အေး - မင်းဘယ်လိုပဲငြင်းငြင်း မင်းကို တို့က ဝိဇ္ဇာအဖြစ်ကို မင်းလိုချင်လည်းပေးရမှာပဲ၊ မလိုချင်လည်းပေးရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီခေတ်ဒီအခါဒီအချိန် ဒီနေရာမှာ မင်းကလွဲလို့ သတ္တဝါတွေကိုကယ်ဖို့ရာ ခိုင်းရမယ့်သူ၊ ကယ်နိုင်မယ့်သူမရှိဘူးလေ။ ဒါကြောင့် မင်းကို အတင်းအကျပ်ပေးရမှာပဲ။ ဘာကြောင့်လဲဆိုတော့ လောကမှာ လူတွေဟာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုတဲ့အရေးတွေရှိတယ်။ ဒီအရေးတွေကို မပြေလည်သမျှကာလပတ်လုံး သူတော်ကောင်းလမ်းစဉ်ကို လိုက်ချင်ပေမယ့်၊ သူတော်ကောင်းဖြစ်ချင်ပေမယ့် ဘယ်နည်းနဲ့မှ မလိုက်နာနိုင်၊ မဖြစ်နိုင်ဘူး။ အဲ - မင်းကို တို့က ချီးမြှင့်မ,စလို့ မင်းဝိဇ္ဇာဖြစ်သွားပြီးရင် ကျန်းမာရေးအတွက်လည်း မင်းပါးစပ်ကဖြစ်စေလို့ဆိုလိုက်ရင် ဖြစ်သွားရော။ ဒါတော့မဖြစ်စေနဲ့လို့ ဆိုလိုက်ရင်လည်း မဖြစ်တော့ဘူး။ အဲဒီလို သိဒ္ဓိပေါက်မြောက် တန်ခိုးရောက်သွားမယ်။ အဲဒီတော့ အားလုံးဒုက္ခဆင်းရဲရောက်နေတဲ့သတ္တဝါတွေကို ကိုယ်က အဖိုးအခမယူဘဲ ကယ်တင်ရှင်လုပ်ပြီး ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးတွေကို အားလုံးပြေလည်အောင် ချီးမြှင့်မ,စပေးလိုက်ရင် မကောင်းဘူးလား။ အဲဒီ ပရဟိတလုပ်ငန်းတွေက အလောင်းတော်များ လုပ်နေကျလုပ်ငန်းဖြစ်လို့ အင်မတန်မွန်မြတ်ပါတယ်ကွာ။ မင်းလည်း စာပေကျမ်းဂန်အထူးတလည် နှံ့စပ်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ပဲ။ ဒါကြောင့် ဝိဇ္ဇာအဖြစ် လက်ခံပါ မငြင်းပါနဲ့"

ဟု နောက်ဆုံး တိုက်တွန်းစကားပြောသည်။

ထိုစကားကြောင့်ပင် ဆရာတော်အရှင်သူမြတ်သည် သာသနာအကျိုး၊ သတ္တဝါအကျိုးတို့ကို ပြုပေးနိုင်စွမ်းရှိသော အလောင်းတော်များပြုကျင့်သည့် လမ်းစဉ်ဖြစ်သော စသည့် အချက်အလက်များအပေါ် တွေးတောကြံဆသမှုပြုကာ ထွက်ရပ်ပေါက်ဆရာတော်ဘုရားကြီး ဦးပညာသာမိအား -

"ခမည်းတော်တို့ ခိုင်းစေသည့် သတ္တဝါတို့အကျိုး၊ သာသနာအကျိုးများကို တစ်သဝေမတိမ်း လိုက်နာပြုလုပ်ဆောင်ရွက်ပါတော့မည်။ ထားရာမှာနေ စေရာကိုသွားပါတော့မည်။ ခမည်းတော်တို့အား အပ်နှင်းပါသည်ဘုရား။ သိဒ္ဓိမျိုးစုံ စုံလင်ပြည့်ဝ ဝိဇ္ဇာအဖြစ်ကို ချီးမြှင့်ပေးသနားတော်မူပါဘုရား"

ဟု လျှောက်ထားသည်။

ထိုသို့ လျှောက်ထားပြီးခဲ့သည့်နောက်ပိုင်း ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်နေ့၊ ည(၉)နာရီအချိန်တွင် နက္ခတာရာကြယ်တကာတို့ စုံလင်သည့် အချိန်ထူးအချိန်မြတ်၊ အခါထူးအခါမြတ်မှာပင် ကွင်းကောက်တောင်ဘက် ယွန်းကျောင်းအတွင်း ဆရာတော်အရှင်မြတ် တရားအားထုတ်တော်မူရာ တန်ဆောင်းတော်အတွင်း၌ ကဝိဇေသီရိပဝရ မဟာရာဇာဓိရာဇဂုရု သွန်းထုခတ်နှိပ် ရွှေသားဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းခံရတော်မူသော ဆရာတော်ကြီးများဖြစ်ကြသည့် ဘိုးတော် အရှင်မြတ်ကြီး ဦးပညာသာမိ၊ ဦးက္ကန္ဒာစရိယ၊ ဦးသိရိန္ဒ၊ ဦးကောသလ္လ၊ ဦးဥတ္တမ အစရှိသော ငါးဆူကုန်သော ဆရာတော်ဘုရားကြီးများမှ ဆရာတော် ဦးဇောတိကအား (၁၆)ရပ်သော အတတ်ပညာများနှင့်တကွ သိဒ္ဓိပြည့်ဝ ဝိဇ္ဇာရေအဖြစ် ချီးမြှင့်မ,စ ပေးသနားတော်မူကြသည်။ သို့ကြောင့်ပင် ဆရာတော်အရှင်သူမြတ်သည် လူတွင်ထင်ရှား ပထမံဝိဇ္ဇာမိုရ်အရှင်မြတ်တစ်ပါးအဖြစ် ထင်ရှားပေါ်ထွန်းလာခဲ့ရသည်။

ဆရာတော် အရှင်သူမြတ်သည် အလိုလောဘနည်းပါးခြင်း၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ ကင်းစင်ကွာကာ လောဘခေါင်းပါးခြင်း၊ သတ္တဝါများအပေါ် သနားကရုဏာရှိခြင်း၊ မေတ္တာတရားလွန်ကဲခြင်း၊ မည်သည့်ဥစ္စာပစ္စည်း၊ မည်သည့်ပရိက်အဆောက်အအုံ၊ မည်သည့်ပုဂ္ဂိုလ်များကိုမျှ တွယ်တာမှုမရှိဘဲ ပရိဘောဂီဆယ်ပါးမှ လွတ်မြောက်အောင် ကျင့်ကြံ၍နေတော်မူခဲ့သည်။ ပကတိတည်ငြိမ်စွာ တစ်ဦးတည်းနေလေ့ရှိပြီး ထိုင်ခြင်း၊ အိပ်ခြင်း၊ စားခြင်း၊ ပြောခြင်းတို့သည်လည်း သာမန်လူသားများနှင့်မတူဘဲ တစ်မူကွဲပြားခြားနားလှသည်။ ပထမံဝိဇ္ဇာဆရာတော်အရှင်သူမြတ်သည် တပည့်ယောဂီတို့အား အရာရာတွင် -

(၁) ကိုယ်ချင်းစာတရားအမြဲထား။
(၂) သတ္တဝါအားလုံးကိုမေတ္တာပို့။
(၃) အာဇီဝဋ္ဌမကသီလကိုလုံအောင်ထိန်း။
(၄) ဘုရားဝတ်တက်၊ ဝတ်ကပ်မှန်ပါစေ၊
(၅) ပရိတ်တော်များရွတ်ဖတ်ပါ။
(၆) သောဘဂဝါ ဣတိပိ အရဟံ ဟူသည့် အရဟံဂုဏ်တော်ကို အာရုံရအောင် နေ့စဉ် ပုတီးစိပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဟု ဆရာတော် မိန့်တော်မူလေ့ရှိခဲ့သည်။

ဆရာတော် မိန့်မှာချက်များကို အလေးထားလိုက်နာတာ ကျင့်ကြံမှုများ အားထုတ်ကြမည်ဆိုပါက မဝတ်ရမှာ၊ မစားရမှာ စသည့် အနေများကို ကြောင့်ကြပူပန်စရာမလိုဘဲ အစစအရာရာ တစ်နည်းမဟုတ်တစ်နည်းဖြင့် အဆင်ပြေကြမည်ပင် ဖြစ်သည်။ ထို့ပြင် ဆရာတော်က အနန္တောအနန္တငါးပါးကို မပြတ်ဦးထိပ်ထားတာ အာဇီဝဋ္ဌမက သီလစောင့်ထိန်းကြပြီး (၃၁) ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါများကို အထူးဂရုထား၍ အမျှဝေခြင်း၊ မေတ္တာပို့ခြင်းတို့ကို နေ့စဉ်မပြတ် ပြုကျင့်သွားကြမည်ဆိုပါက လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးထူးများ ရရှိခံစား၊ စံစားကြရမည်ဖြစ်ကြောင်းကိုလည်း မိန့်တော်မူခဲ့သည်။

ဆရာတော်ကြီးအား ဝိဇ္ဇာအဖြစ် ချီးမြှင့်ပေးတော်မူသော ဆရာတော် အရှင်သူမြတ်ကြီး ဦးပညာသာမိက -

"မင်းကို ပထမံလို့ခေါ်မယ်ဆိုရင် ပထမံဦးလှိုင် (ဆရာလှိုင်) လို့ခေါ်၊ ဝိဇ္ဇာလို့ခေါ်ရင် ဝိဇ္ဇာကျော် အောင်ဗလ၊ ရသေ့လို့ခေါ်ရင် ရခိုင်တောင်တန်းက ရှောင်ဖမ်းတဲ့ ရသေ့ကြီးဦးအောင်ဘန်းလို့ခေါ်၊ ဘုန်းကြီးများလိုခေါ်ရင် သေခဲလှဆရာတော် ဦးဝိမလဗုဒ္ဓိလို့ခေါ်၊ လူလိုခေါ်ရင် သူဌေးကြီး ဦးကောက်ရလို့ ခေါ်"

ဟု မိန့်တော်မူကာ အမည်နာမ ပညတ်မျိုးစုံတို့က အမိန့်ချထားသွားခဲ့သည်။

ဆရာတော်သည် ဝိဇ္ဇာကြီးများ ချီးမြှင့်မ,စမှုကြောင့် အတတ်ပေါင်း (၁၆) ချက်ကို တတ်မြောက်တော်မူခဲ့သည်။ (၁) ပိဋကတ်သုံးပုံကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၂) ဗေဒင်လေးပုံကို ဒိုးစက်ကဲ့သို့လှည့်နိုင်တော်မူခြင်း၊ (၃) နက္ခတ်များကို အလွန်နိုင်နင်းတော်မူခြင်း၊ (၄) ဆေးဘက်၊ ဓာတ်ဘက်တို့၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၅) ကဗျာလင်္ကာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၆) အင်္ဂလိပ်စာ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူခြင်း၊ (၇) ဘူမိဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ နာနာဓာတုဗေဒများကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၈) လူတို့၏အလယ်၌ မသိတာမရှိ မကာရဇလောကကျော် 'မ'တစ်လုံးကျေတော်မူခြင်း၊ (၉) ဓမ္မသတ်၊ ရာဇသတ်ကျမ်းများကို နိုင်နင်းတော်မူခြင်း၊ (၁၀) သဒ္ဒါ ကစ္စည်းကျမ်း၊ အလင်္ကာကျမ်း၊ ဆန်းကျမ်းတို့ကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း (၁၁) ဣတ္ထိသျှုတ္တရ၊ ပုရိသသျှုတ္တရ၊ ဂဇသျှုတ္တရ၊ အသသျှုတ္တရ၊ မဏိသျှုတ္တရ၊ အကာသသျှုတ္တရ၊ ဘူမိသျှုတ္တရကျမ်းများကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၁၂) အောက်လမ်း၊ အထက်လမ်းများကို ခုနစ်ဆင့်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၃) မှော်အတတ်များကို ခုနစ်ဆင့်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၄) အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တန်၊ အင်းဟိန်း၊ အင်းပဟောက်၊ အင်းပေါက်၊ အင်းကျိုး၊ အင်းကန်း ပညာရပ်များကို နိုင်နင်းစွာ တတ်မြောက်တော်မူခြင်း၊ (၁၅) ဇာတ်သဘင်အတတ်ပညာများကို ငှာန်ကုန်အောင် တတ်မြောက်တော်မူခြင်း၊ (၁၆) အဂ္ဂိရတ်လုပ်ရတ်အတတ်များကို တစ်ဖက်ကမ်းခပ် တတ်မြောက်ခဲ့ခြင်း ဟူသည့် (၁၆) ရပ်သော ပညာရပ်များဖြင့် ဆရာတော်သည် ဝိဇ္ဇာလမ်းလျှောက်လှမ်းရင်း သာသနာပြု၊ သတ္တဝါများကိုကယ်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ရာ သိဒ္ဓိရှင်မဟိဒ္ဓိရှင် ယွန်းကျောင်းဆရာတော်ဘုရားကြီး ဦးဇောတိက (ခေါ်) ပထမံဆရာလှိုင် အရှင်မြတ်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့ရခြင်းပင် ဖြစ်သည်။ ဆရာတော် အရှင်မြတ်ကြီးသည် ဝိဇ္ဇာအဖြစ်ကို ရရှိခဲ့ပြီးနောက် ၁၃၁၄ ခုနှစ်မှ ၁၃၁၉ ခုနှစ် အထိ ယွန်းကျောင်းတွင် သီတင်းသုံးကာ သတ္တဝါများကို ကယ်ဆယ်သမှုပြုတော်မူခဲ့သည်။ ၁၃၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့ နေ့လယ်တွင် ကွင်းကောက်မြောက်ဘက် ရွှေကျောင်းသို့ ရောက်ရှိကာ ကွင်းကောက်ရွာအတွင်း ဓာတ်နန်းများဖွင့်၍ သာသနာပြု၊ သတ္တဝါကယ်လုပ်ငန်းများ ဆောင်ရွက်တော်မူခဲ့သည်။

၁၃၂၆ ခုနှစ်၊ တပေါင်းလတွင် ဆရာတော်အရှင်သူမြတ်သည် ရွှေစေတီကို ကိုယ်တိုင်အုတ်မြစ်ချကာ တည်တော်မူသည်။ ၁၃၂၉ ခုနှစ်မှစပြီး တပေါင်းလရောက်တိုင်း ရွှေစေတီဘုရားပွဲတော်ကို ကျင်းပခဲ့သည်။ ဆရာတော်အရှင်သူမြတ်ကြီးသည် ၁၃၄၄ ခုနှစ်၊ ရွှေစေတီ တပေါင်းပွဲတော် ကျင်းပပြီးနောက်-

"ငါ ဒီခေတ်ဒီအခါ နေလို့မဖြစ်ဘူး။ ငါနေလို့မတော်တော့ဘူး"

ဟု မကြာခဏဆိုသလို မိန့်လေ့ရှိနေခဲ့သည်။

ထိုသို့ မိန့်တော်မူပြီးနောက် အစားအစာဖြတ်တောက်ကာ မသုံးဆောင် မဘုဉ်းပေးဘဲနေတော့သည်။ အနီးတွင်လည်း တပည့်တစ်ဦးတစ်ယောက်ကိုမှ ရှိမနေစေရန် မိန့်တော်မူသည်။ ၁၃၄၄၊ နယုန်လအလယ်လောက်တွင် တပည့်များ မသိမသာ ချဉ်းကပ်သော်လည်း ဆရာတော်အရှင်သူမြတ်ကြီးသည် အာရုံငါးပါးကို အလုံးစုံပယ်ဖြတ်လျက်ရှိနေသည်ကိုတွေ့ကြရသည်။ ဆရာတော်အရှင်သူမြတ်သည် ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်ဖြင့်သာ စံနေတော်မူရင်း အရိယာသခင် သူတော်စင်တို့ကို နှလုံးမူရင်း နေထိုင်တော့သည်။

သို့ဖြင့် ဆရာတော်အရှင်သူမြတ်ကြီးသည် ၁၃၄၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့ ည (၁) နာရီ၊ (၄၅) မိနစ်အချိန်တွင် ငြိမ်သက်စွာဖြင့် ရွှေကျောင်းတော်ကြီးအပေါ်တွင် ထွက်ရပ်စခန်းသို့ ကြွမြန်းတော်မူခဲ့ပါသည်။

ဆရာတော် အရှင်သူမြတ်ကြီး လျှောင်းစက်ရာအောင်မြေသည် ပကတိအေးချမ်းငြိမ်သက်လျက်ရှိနေပါသည်။ အရှင်သူမြတ်ကြီး ရုပ်ခန္ဓာလျှောင်းစက်ရာ ကျောင်းတော်ကြီးအတွင်း ဆရာတော်အရှင်သူမြတ်ကြီး၏ မိန့်မှာတမ်းကျောက်စာ၊ ဆရာတော်အရှင်သူမြတ်ကြီး အမိဋ္ဌာန်ဝင်ခဲ့ရာ ဆံင်းတုတော်၊ အရှင်သူမြတ်ကြီး စီရင်ကာ သာသနာပြု သတ္တဝါများကို ကယ်တင်သည့်လုပ်ငန်းများတွင် အသုံးပြုတော်မူခဲ့သည့် သန်လျက်တော်တို့ ယနေ့တိုင်ရှိနေသည်ကို တွေ့ရသည်။ ကျောင်းတော်ကြီးအတွင်း လာရောက် အဓိဋ္ဌာန်တင်နေသည့် သူတော်စင်ပုဂ္ဂိုလ် သုံး၊ လေးဦးခန့်ရှိနေသည်။ ဤအောင်မြေသည် ဝိဇ္ဇာလမ်းလျှောက်လှမ်းကြသူ ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့ အရောက်လာကာ အဓိဋ္ဌာန်ဝင်လေ့ရှိကြသည့် အောင်မြေမှန်ရာ၊ ဆုတောင်းအဓိဋ္ဌာန်အောင်ရာ နေရာတစ်နေရာအဖြစ် သိထားကြသူများလှပါသဖြင့် ရေးသား တင်ပြမိရခြင်းပင် ဖြစ်ပါသည်။

အောင်မြေမှန်ရာ
ရောက်ခွင့်ကြုံနိုင်ကြပါစေ

အောင်သာကျော်



www.burmeseclassic.com

www.burmeseclassic.com

ချစ်မုန်းခင် (ကြို့ပင်ကောက်-လယ်ဇာ)


# ကပ်ကျော်မန္တန်တော်ကြီး

❒ လျှုကထိန် သက်န်းနှင့်
မဂ်လမ်းတဲ့ဆုပန်ရှယ်
သည်ချိန်ကို ဝတ်မှုန်ကြဲလို့
ခဝဲရွှေညာရင်းမှာ
ဆင်းရုန့်ကြွယ်

ဟု စာဆိုရှိရာ မိုးအကုန် ဆောင်း အကူး အထူးသာယာသော ငွေနှင်းစဖြာ သည့် တန်ဆောင်မုန်းလရာသီ။

စာရေးသူသည် ဇီးကုန်းမြို့ အရှေ့ ဘက် (၉) မိုင်ခန့်ကွာဝေးသော ပဲခူးရိုးမ တောင်ခြေ ရေတာရှည်ကျေးရွာရှိ မှုခင်း သတင်းထောက် ဦးကြည်သိန်း၏ ရွာဦး ဘုန်းတော်ကြီးကျောင်း ကထိန်တော် လှူမင်္ဂလာပွဲသို့ ဖိတ်ကြားသဖြင့် မိုးညိုမြို့နယ် ရှုထောင့်မှုခင်းသတင်း ထောက်ဥက္ကဋ္ဌ ဦးဝင်းဇော်နှင့်အဖွဲ့၊ လက်ပံတန်းမြို့နယ် ရှုထောင့်မှုခင်း သတင်းထောက်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် အဖွဲ့၊ မင်းလှမြို့နယ် ရှုထောင့်မှုခင်း သတင်းထောက်ဥက္ကဋ္ဌ ဦးမောင်မောင် သိန်းနှင့် ဥက္ကဋ္ဌ ဦးသက်ဝင်း၊ အတွင်း ရေးမှူး (၁) ဦးနေအောင်နိုင်တို့သည် မော်တော်ဆိုင်ကယ်များဖြင့်သွားရောက် ကြသည်။

ရေတာရှည်ကျေးရွာတွင် ရွာသူ ရွာသားများ စုပေါင်းမဟာဘုံကထိန်ပွဲ သည် ဘုန်းတော်ကြီးကျောင်းတွင် စည်





www.burmeseclassic.com

www.burmeseclassic.com

ကားသိုက်မြိုက်လှသည်။ ကြွရောက်လာကြသော သံဃာတော် အရှင်သုမြတ်(၃၂) ပါးတို့နှင့်တကွ အနီးဝန်းကျင်ဂေါစရဂံရွာများမှ ဖိတ်ကြားထားသောဧည့်သည်တော်များအား ထမင်းဟင်းလျာများနှင့် အာဟာရဒါနအချိုပွဲများတွင် မုန့်ပဲသရေစာများဖြင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ဧည့်ခံကျွေးမွေးကြသည်မှာ လိုလေသေးမရှိပြီးပြည့်စုံလှသည်။

ကထိန်ရေစက်ချပြီး နေ့လယ်ပိုင်းတွင် မှုခင်းသတင်းထောက် ဦးကြည်သိန်းမှ ဆရာတော်အား မှုခင်းသတင်းထောက်များနှင့် တစ်ယောက်ချင်းမိတ်ဆက်ပေးပြီး ပဋိသန္ဓာရစကားများပြောဆိုနေလျက်ရှိရာမှ ဆရာတော်မှ အမိန့်ရှိသည်မှာ -

အပူရှိလျှင်အအေးရှိရမြဲ။ အေးမြလိုလျှင် ဘုရားရိပ်၊ တရားရိပ်၊ သံဃာအရိပ်၊ မိဘအရိပ်၊ ဆရာသမားအရိပ်ကိုခိုပါ။ ဦးခိုက်ရာသည် အနန္တောအနန္တငါးပါး၊ ရွတ်ဖတ်သရဇ္ဈာယ်အပ်သည်မှာ ဂါထာမန္တရား။ အသက်တစ်ရာမနေရသော်မှ အမှုတစ်ရာတွေ့ရတတ်မြဲ။ အသက်တစ်ရာနေရသော်မှ ကိုယ်စိတ်နှစ်ဖြာချမ်းသာခဲစွ။ ကိုယ်စိတ်နှစ်ဖြာချမ်းသာသော်မှ အသက်တစ်ရာနေရခဲစွ။ မရဲသော်မှပြေးခဲစေ၊ မပြေးသော်မှကန်ရာရှိစမြဲ။ အနာရှိလျှင် ဆေးရှိရမြဲ။ လောကဓံကို မလွန်ဆန်နိုင်သော်မှ ဗုဒ္ဓယတြာနှင့် ဂါထာမန္တရားများကို အားကိုးအားထားပြု၍ တွန်းလှန်လေလော့။ တရားကို နတ်စောင့်သည်။ ဗုဒ္ဓစက်၊ ဓမ္မစက်၊ သံဃာစက် ဟိတ်အရှိန်ကြောင့် နတ်မင်းလည်းမနေသာဘဲ စောင့်ရှောက်လေမည်သာတည်း။

**ဂါထာမန္တန်မန္တရားစွမ်းစေလိုလျှင်**

- ❒ ကံငါးပါးကိုလုံအောင်ထိန်းပါ။
- ❒ မေတ္တာဘာဝနာ ပွားများနိုင်သမျှပွားများပါ။
- ❒ သူတစ်ပါးကို ထိခိုက်စေမည့်အကျင့်အကြံအပြောကိုရှောင်ပါ။ ကိုယ်ချင်းစာစိတ်မွေးပါ။
- ❒ စိတ်အာရုံစူးစိုက်မှုရှိစေရန် စိတ်ကိုလွှတ်မထားပါနှင့်။
- ❒ တစ်နေရာတည်းတွင် စူးစိုက်သည့်အကျင့်ကို ပျိုးထောင်ပါ။
- ❒ ဂါထာမန္တန်မန္တရားကို ရွတ်ဖတ်ရာတွင် နှုတ်ဖြင့်ပဲရွတ်ရွတ်၊ စိတ်ဖြင့်ပဲရွတ်ရွတ် မိမိရွတ်သံကို ပြန်အာရုံစိုက်သည့်အလေ့အကျင့်ရှိပါစေ။
- ❒ ဂါထာမန္တန်မန္တရားတစ်ခုကို ဦးစွာဆိုပါ။ ဘုရားတွင် ရေချမ်းကပ်လှူ၍ အဓိဋ္ဌာန်တင်ပါ။ တစ်နေ့လျှင် (၁၀၈၀)၊ (၁၄) ရက်တိတိ ခေါက်ရေ (၁၅၁၂၀) ရွတ်ဆိုထားပါ။

'ကတီသစ္စာတည်သောအခါ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်' ဟု ဆိုထားလေရာ အဓိဋ္ဌာန်အောင်လျှင် မန္တန်၏ဟိတ်ကိုရမည်။ သို့မှသာ (၇) ခေါက်ဖြစ်စေ၊ (၉) ခေါက်ဖြစ်စေ၊ (၂၇) ခေါက်ဖြစ်စေ တစ်အားသမျှရွတ်က ဂါထာမန္တန်မန္တရားဟူသမျှ အစွမ်းထက်မည်။

အမျိုးကောင်းသား၊အမျိုးကောင်းသမီးတို့ ဘေးအမျိုးမျိုး အန္တရာယ်အသွယ်သွယ် ဆင်းရဲခြင်းအဖုံဖုံမှ ကင်းလွတ်စေရန် ရည်သန်ရွယ်မှန်းပြီး ဤဂါထာတော်မြတ်အား ယုံကြည်သဒ္ဓါထက်သန်စွာဖြင့် ရွတ်ဖတ်ပူဇော်လိုလျှင် အကျိုးကျေးဇူးအနန္တကို လက်တွေ့မုချခံစားရမှာ ဖြစ်ပါသည်။

"ဒကာကြီး၊ ဒကာမကြီးတို့ မှုခင်းသတင်းထောက်တွေဟာ နေရာဒေသမရွေး သတင်းပေါင်းစုံရယူရသလို သွားလာရတဲ့ခရီးကလည်းများသည့်အတွက် ဆရာတော်မှ ကပ်ကျော်ဂါထာတော်ကို ချီးမြှင့်လိုက်ပါ့မယ်။ ဒီဂါထာတော်က ဗုဒ္ဓဘာသာအများ အားကိုးအားထားပြုပြီး ရွတ်ဖတ်ကြသလို အမျိုးမျိုးသော ဘေးဒုက္ခအပေါင်း အကျပ်အတည်းများမှလည်း ကင်းဝေးစေတဲ့ဂါထာတော် ဖြစ်တယ်"

ဟူ၍ အမိန့်ရှိပြီး ဂါထာတော်အား ရွတ်ဖတ်ပုံများအား အမိန့်ရှိပါသည်။

**သမ္ဗုဒ္ဓေကပ်ကျော်မန္တန်ကြီး**

❒ (က) *သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ*
*ဒွါဒသဉ္စ သဟဿကေ။*
*ပဉ္စသတ သဟဿာနိ၊*
*နမာမိ သိရသာ မဟံ။*

❒ (ခ) *အပ္ပကာ ဝါလုကာ ဂင်္ဂါ၊*
*အနန္တာ နိဗ္ဗုတာ ဇိနာ။*
*တေသံ ဓမ္မဉ္စ သံဃဉ္စ၊*
*အာဒရေန နမာမဟံ။*

❒ (ဂ) *နမက္ကာရ နုဘာဝေန၊*
*ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။*
*အနေကာ အန္တရာယာပိ၊*
*ဝိနဿန္တု အသေသတော။*

**အဋ္ဌဝီသံ** - သုံးပါးဘဝသုံးလောကတွင် ဉာဏရောင်ဖိတ် အောင်ဘိတ်သိက်ဖြင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေ** - တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိတို့ကို လည်းကောင်း၊ **ဒွါဒသဉ္စသဟဿကေ** - နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေ** - လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကို လည်းကောင်း၊ **ပဉ္စသတသဟဿာနိ** - သောင်းထိုက်စကြဝဠာ ဂုဏ်ဝါရောင်ဟိန်း ငါးမာရ်ငြိမ်းသည့် ငါးသိန်းအရေအတွက်ရှိကုန်သော၊ **သမ္ဗုဒ္ဓေ** - နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကို လည်းကောင်း၊ **အဟံ** - ခန္ဓာပဉ္စကသမူဟသို့ ဂါဟစွဲကိုယ်ဟုသမုတ်အကျွန်ုပ်သည် **သိရသာ** - ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ **နမာမိ** - ရှိသေသဒ္ဓါရှိခိုးပါ၏အရှင်ဘုရား။

**ဝါလုကာဂင်္ဂါ**-ဂင်္ဂါမြစ်ထဲ ကျောက်သလဲတို့သည်၊ **အပ္ပကာ**-နည်းကုန်သော၊ **နိဗ္ဗုတာ**-ခန္ဓာဇာတ်သိမ်းငြိမ်းတော်မူကုန်ပြီးထသော၊ **ဇိနာ** - ငါးမာရ်အောင့်မြင်ဘုရားရှင်သည်၊ **အနန္တ** - သိန်းသန်းကုဋေတွက်ရေများပြား ဂဏန်းအားဖြင့် အပိုင်းအခြားရှိတော်မမူကြကုန်၊ **တေသံ** - ထိုနှစ်ကျိပ်ရှစ်ဆူ နိဗ္ဗုမြတ်ကိန်း ငါးသိန်းအပေါင်းတစ်သောင်းနှစ်ထောင်ကုန်သောမြတ်စွာဘုရားတို့အား၊ **အဟံ** - တပည့်တော်သည်၊ **နာမမိ** - ဒွါသုံးလီ စုံညီမြတ်နိုးလက်စုံမိုး၍ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

**တေသံ** - ထိုဘုရားရှင်တို့၏၊ **ဒေသိတံ** - ဟောတော်မူအပ်သော၊ **ဓမ္မဥ္စ** - မဂ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်အပေါင်းကို လည်းကောင်း၊ **သံဃဉ္စ** - မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ်အရိယာသံဃာတော်အရှင်မြတ်အပေါင်းကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန** - ရှိသေသဒ္ဓါ ပြည့်ဖြိုးစွာဖြင့်၊ **နမာမိ** - ခြေ၊ လက်၊ နဖူး၊ တံတောင်ဒူးဟု ငါးဦးထိမျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

**နမက္ကာရာနုဘာဝေန**-ရတနာမြတ်သုံးပါးနတ်ကို မပြတ်ရိုကျိုး ရှိခိုးပူဇော်အာနုဘော်ကြောင့်၊ **သဗ္ဗေ** - ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ **ဥပဒ္ဒဝေ** - ဘေးရန်ဥပဒ္ဒဝမှန်သမျှတို့ကို၊ **ဟိတွာ** - မြူမျှမကပ် ချိုးနှိမ်သက်၍၊ **အနေ**



www.burmeseclassic.com

www.burmeseclassic.com

**အန္တရာယောပိ** - တစ်ပါးမက များလှ သောင်းမြောင်း အန္တရာယ်အပေါင်းတို့ သည်လည်း၊ **အသေသတော**-အကြွင်းမရှိ တောတိအားဖြင့်၊ **ဝိနဿန္တု** - ကင်းစင် ပျောက်ပျက်ကြပါစေကုန်သတည်း။

သမ္ဗုဒ္ဓေမန္တန်တော်ကြီးသည်ကား အာနိသင်ကြီးလှပါသည်။ ရွတ်ဖတ်ပွားများ သူတိုင်း ကိုယ်တွေ့ ခံစားနေကြရပြီ။ 'အန္တရာယ်ကင်းပလိုတရမန္တန်တော်ကြီး' ပင် ဖြစ်ပါသည်။ ရွတ်ဖတ်ရာ၌ အကြိမ် များလေကောင်းလေ ဖြစ်၏။ များများ ရွတ်လျှင် များများအကျိုးခံစားရမှုအ တိုင်းပင် အနည်းဆုံး တစ်နေ့ (၃) ခေါက် ရွတ်သင့်၏။

**သမ္ဗုဒ္ဓေရွတ်နည်းနှင့်အကျိုးပြလက်ာ**


*❒ မြတ်လှစိန္တေ သမ္ဗုဒ္ဓေဟု ဆုဝေ ကျော်ကြား နိဒါန်းအားဖြင့် ကွမ်းစားသတ္တော် ခေါင်းလျှော် ဒသ။ ဘတ္တကြိန်း။ ဆီလိမ်းပဉ္စ၊ စီးထလှေမှာ ရှစ်ကြိမ်သာတည်း။ နံ့သာပန်းမျိုး ကိုးကြိမ်နှိုးလော့။ ချုပ်မိုးညဥ့်ခါ အိပ်ရာဝင်မူ ကိုးကြိမ် ဟူ၍ ရန်သူတွေ့မြောက် ဆယ့် တစ်ခေါက်တည့် စစ်ရောက်သော ခါ ရွတ်ပါကိုးကြိမ် တည်ငြိမ်သန္တေ မဖွားနေ့မူ ရေမှာကိုးခေါက်မန်း၍ သောက်က ဖွားမြောက်ခဏ ချမ်း သာရ၏။*

*ခေတ္တနှောင်သွင် သံခြေချင်းနှင့် အပြင်းတိုက်လှောင် တစ်ထောင် ရွတ်လေ။ လွတ်ထွက်ပေ၏။ ပန်း မွေးချေက ရွတ်လေ နှစ်ခေါက်၊ ခရီးလျှောက်ရာ ခေါင်းမှာတင် စိုက် ရန်ဘေး၌လည်း မကြိုက် ကင်းပ မြူမှုမလိမ်း ကင်းလွတ် ငြိမ်း၏။*

*ရှောင်တိမ်းရောဂါ ဗျာပါလည်း ကင်း သောကရှင်း၏။ မင်းမင်း တကာ ကြည်စွာမြတ်နိုး၊ ရေပြည့် အိုးသို့ မညှိုးပန်းသွင် နေ့တိုင်းပင် တည်း။ ထွက်ဝင်ရဲရဲ လူခပဲတို့ အံ့အဲစလောက် ထွန်းတောက်ပ ဝင်း ပွင့်လင်းသာသနာ ပွားကြောင်း ရှာ၍ စန္ဒာလမင်း ကောင်းကင် ချဉ်းသို့ ကောင်းခြင်းသမ္ဗုဒ္ဓေ အကျိုး။ ။*

**ဒုင်းလက်ာ၏အဓိပ္ပာယ်မှာ**

- သမ္ဗုဒ္ဓေဂါထာကို ကွမ်းစားလျှင် (၇) ကြိမ်။



- ခေါင်းလျှော်လျှင် (၁၀) ကြိမ်။
- ထမင်းစားလျှင် (၃) ကြိမ်။
- ဦးခေါင်းဆီလိမ်းလျှင် (၃) ကြိမ်။
- လှေ၊ လှည်း၊ သင်္ဘော၊ ရထား၊ ကား၊ လေယာဉ်စီးလျှင် (၈) ကြိမ်။
- ပန်းနံ့သာ၊ ရေမွှေး၊ သနပ်ခါးလိမ်း ရာ၌ (၉) ကြိမ်။
- ရန်သူနှင့်ရင်ဆိုင်တွေ့ရာ၌ (၁၀) ကြိမ်။
- ညမိုးချုပ်အိပ်ရာဝင်ရာ၌ (၉)ကြိမ်။
- စစ်ဖြစ်သောအခါ (၉) ကြိမ်။
- သားဖွားရာ၌ မဖွားနိုင်မူ ရေမှာ (၉) ကြိမ်မန်းသောက်က ချမ်းချမ်း သာသာ ဖွားနိုင်၏။
- အဖမ်းအဆီး အချုပ်အနှောင် အထိန်းအသိမ်းတိုက်ပိတ်ခံရလျှင် အကြိမ် (၁၀၀၀) ရွတ်က လွတ် မြောက်၏။
- ခရီးသွားသောအခါ ပန်းကို သမ္ဗု ဒ္ဓေ (၂) ကြိမ်မန်းပြီး ခေါင်းမှာ ပန် ၍သွားက ဘေးရန်ကင်း၏။

အမြဲရွတ်ဖတ်ပါမူကား ရောဂါ ကင်း၏။ ကြောင့်ကြဗျာပါဒမရှိ စိုးရိမ် သောကကင်းဝေးသည်။ လူ၊ နတ်အများ ချစ်ခင်မြတ်နိုး၏။ ရေပြည့်အိုးလို ကျက် သရေမင်္ဂလာနှင့်ပြည့်စုံမည်။ မညှိုးပန်း လို နေ့တိုင်းအမြဲလန်းဆန်းရွှင်ပျနေရ မည်။ ဘယ်နေရာမဆို ရဲရဲဝံ့ဝံ့ထွက်နိုင်၊ ဝင်နိုင်၏။ အံ့သြလောက်အောင်ကောင်း စားမည်။ လပြည့်ဝန်းလို နှစ်သက်စဖွယ် အေးချမ်းတင့်တယ်စွာနေရမည်။ စွဲမြဲစွာ ရွတ်ဆိုပါက အဖိုးအနဂ္ဃပင်။ လက်တွေ့ ကျင့်သုံးနေသူများ ကိုယ်တွေ့ခံစားနေ ကြရပြီ ဖြစ်သည်။

ဆရာတော်သည် သမ္ဗုဒ္ဓေမန္တရား ကြီးအား ဆက်လက် အမိန့်ရှိပါသည်။

သမ္ဗုဒ္ဓေမန္တရားကြီးသည် စီးပွားလာဘ် လာဘများနှင့်တကွ အကွယ်အကာ အပွင့်လာဘပိယနှင့် သိဒ္ဓိအမျိုးမျိုးတို့ကို ပြီးမြောက်ပေးစွမ်းသော သမ္ဗုဒ္ဓေမန္တရား ကြီး ဖြစ်ပါသည်။

ဩောင်း - *သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊*
*ဒွါဒသဉ္စ သဟဿကေ၊*
*ပဉ္စသတ သဟဿာနိ၊*
*နမာမိ သိရသာ မဟံ။*
*အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊*
*အနန္တာ နိဗ္ဗုတာ ဇိနာ၊*
*ဗုဒ္ဓသေဋ္ဌံ မဟာတေဇံ*
*သဗ္ဗပိယ လာဘလာဘံ။*

ဩောင်း - *နမော ဗုဒ္ဓ ဓေယျမင်္ဂလံ၊*
*သီရိပုဏ္ဏံ တေသံ*
*ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ*
*အာဒရေန န,မာမဟံ။*
*နမက္ကာရာ နုဘာဝေန၊*
*ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊*
*အနေက အန္တရယာမိ၊*
*ဝိနဿန္တု အသေသတော။*
*အာဂစ္ဆေယျ သဗ္ဗေဒေဝါ၊*
*အာယုဝဏ္ဏော သုခံ ဗလံ၊*
*သဗ္ဗသိဒ္ဓိ မဟိဒ္ဓိကာ၊*
*ဇယ (တေဇ) ဒသဒိသာ၊*
*ဘဝတု မမ သဗ္ဗဒါ။*

လူ့လောကအပါအဝင် (၃၁) ဘုံ၌ ကျင်လည်နေကြကုန်သော သတ္တဝါတို့ သည် ဒုက္ခအမျိုးမျိုး အန္တရာယ်အသွယ် သွယ်တို့ဖြင့် တွေ့ကြုံရင်ဆိုင်ခံစားကြရ လေသည်။ ထိုဘေးဥပဒ်အန္တရာယ်ရန် အသွယ်သွယ်တို့မှ ကင်းဝေးရန်လည်း နည်းမျိုးစုံဖြင့် ရှာဖွေကြိုးစားကြ၏။ အောင်မြင်သည်များရှိသကဲ့သို့ မအောင် မြင်သည်များလည်းရှိသည်။ အောင်မြင် သည်များထဲတွင် အကောင်းဆုံးနည်း လမ်းကား ဗုဒ္ဓ၏တရားဒေသနာဂါထာ မန္တန်တော်များပင် ဖြစ်သည်။

ဘေးဥပဒ်အန္တရာယ်ကင်းရှင်း၍ ကြီးပွားတိုးတက်မှုအသွယ်သွယ်ကို ရရှိ ခံစားစံစားလိုသူတိုင်း ဤသမ္ဗုဒ္ဓေမန္တရား ကြီးနှင့် သမ္ဗုဒ္ဓေဂါထာတော်ကို ယုံကြည် စွာဖြင့် အဓိဋ္ဌာန်ထား ရွတ်ဆိုကြမည်ဆို လျှင် အကျိုးမုချ ခံစားရမည်မှာ အမှန် ပင် ဖြစ်ပေသည်။

ချစ်မုန်းခင်
(ကြို့ပင်ကောက် - သယ်တီ)



www.burmeseclassic.com

www.burmeseclassic.com

ငရဲဆိုတာ စာထဲတွေမှာပဲ ဖတ်ဖူး မှတ်ဖူးကြမှာပါ။ တကယ့်တကယ်ဆိုရင် လက်တွေ့မြင်ရတာမှ မဟုတ်ဘဲဆိုပြီး ခုခေတ်လူတွေ သိပ်ပြီးအယုံကြည်မရှိကြဘူး။ တချို့ကျတော့လည်း ငရဲဆိုတာ ပုံပြင်သဖွယ်၊ ဒဏ္ဍာရီသဖွယ် ကလေးငယ်တွေကို အသံပေးခြောက်လှန့်တဲ့ သဘောအတိုင်း ထင်တတ်ကြတယ်။ တကယ့်တကယ် ဘုရားဟောမှာ ငရဲအကြောင်းကို ပြည့်စုံဟောပြောထားတာတွေရှိပါတယ်။ ငရဲကြီးရှစ်ထပ်ရှိတယ်ဆိုပေမယ့် ငရဲငယ်လေးတွေအများကြီးပါ။ သိပ္ပံခေတ်ရောက်နေပြီ ဖြစ်တဲ့အတွက် ငရဲဆို[illegible]ကို လက်တွေ့သက်သေပြနိုင်မှ ယုံမယ်ဆိုတာတွေနဲ့ အငြင်းခုံပွားနေရတာတွေ ရှိပါတယ်။ ဗုဒ္ဓဘာသာရဲ့ အယူဆမှန်တယ်ဆိုတာ သက်သေပြနိုင်မယ့် နည်းလေးတစ်ခု မကြာသေးခင်ကဘဲ အနောက်နိုင်ငံအုပ်စုထဲမှာ ရေပန်းစားသွားခဲ့ပါတယ်။

အဲဒါကတော့ ဆိုဗီယက်နိုင်ငံမှ ဘူမိဗေဒပညာရှင်များနှင့် ပြည်ပကနေ ငှားရမ်းထားတဲ့ ဖင်လန်နိုင်ငံနဲ့ နော်ဝေနိုင်ငံမှ ဘူမိဗေဒပညာရှင်များ ပူးပေါင်းပြီး ဆိုဗီယက်နိုင်ငံ ဆိုက်ဗေးရီးယားနယ်စွန်တစ်နေရာတွင် မြေအောက်ဆိုက်စမစ်တူးဖော်နည်းနှင့် တူးခဲ့ကြပါတယ်။ တူးဖော်တဲ့အဖွဲ့ကို ဦးဆောင်တဲ့သူတွေက ခေါင်းဆောင် ဆိုဗီယက်ဘူမိဗေဒပညာရှင် ဒေါက်တာ ဒီမီထရီအက်ဇာကော့အဖွဲ့တွေ ဖြစ်ပါတယ်။ ပိုက်လုံးတွေချပြီး တူးကြရင်းက မြေအောက်အဆုံးစွန်ဆုံးကနေ နောက်ထပ် (၉) မိုင်လောက် တူးဖော်တဲ့အခါမှာ အောက်မှာ ကယ်ပါကယ်ပါတစာစာနဲ့ ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရတဲ့ လူအုပ်စုကြီးတစ်စု မခံမရပ်နိုင်အောင် အော်ဟစ်နေတဲ့အသံတွေကို ကြားသိခဲ့ရတယ်။ အစကတော့ ပိုက်လုံးအောက်မှာ လေဟာပြင်တစ်ခုလိုဖြစ်နေပြီး တုန်ခါမှုတွေများနေတာကြောင့် ဆက်တူးလို့မရဘူးတဲ့။ ပိုက်တွေက တအားကို တုန်ခါနေတာ



# မှူးဝေမြိုင်

## ခုခေတ်မှာ ငရဲဆိုတာ တကယ်ရှိသလား

www.burmeseclassic.com

www.burmeseclassic.com

ပေါ့။ နောက်ပြီး ပိုက်ထဲကနေ အသံတွေကြားနေတော့ မြေရဲ့တုန်ခါသံတွေလို့ သူတို့ထင်ခဲ့တယ်။ ဒါနဲ့ ပိုသေချာအောင်ဆိုပြီး မြေအောက်က ပိုက်လုံးတွေအထဲကို အသံသွင်းစက်ထည့်ပြီး ကြည့်တော့မှ လူတွေရဲ့ စူးစူးဝါးဝါး အော်ဟစ်သံတွေလို့ သူတို့က သိခဲ့ရတာ။ ဒါနဲ့ ပြန်လေ့လာတော့ ဗုဒ္ဓဟောကြားတဲ့ ငရဲဆိုတာကို သူတို့က လက်ခံယုံကြည်သွားခဲ့တယ်။

အစက သူတို့ထင်တာက မြေအောက် (၉) မိုင်ကျော်လောက်ရှိတဲ့ မြေဟာပြင်ရဲ့ အပူချိန်ဒီဂရီဟာ (၂၀၀၀) ကျော်လောက်ရှိမယ်လို့ ခန့်မှန်းခဲ့ပေမယ့် တကယ့်တကယ် တွေ့ရှိခဲ့တာက အဲဒီရဲ့ (၁၀) ကျော်လောက်ရှိမယ်လို့ တူးဖော်ရေး အဖွဲ့ခေါင်းဆောင် ဆိုဗီယက် ဘူမိဗေဒပညာရှင် ဒေါက်တာ ဒီမီထရီအက်ဇာကော့ နော်ဝေနိုင်ငံရဲ့ အကြီးဆုံးနဲ့ အောင်မြင် ကျော်ကြားမှုအရှိဆုံး အော့ဘ္ဘရမ်းဘတ်စတိုက်ကီး ဆိုတဲ့ သတင်းစာကြီးရဲ့ ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ တွေ့ဆုံမေးမြန်းခန်းမှာ ဖြေကြားခဲ့ပါတယ်။ အဲဒီသတင်းဟာ ကမ္ဘာကျော်ခဲ့ပါတယ်။ အဲဒီသတင်းစာမှာပဲ ဒီကမ္ဘာကြီးရဲ့အောက် (၉) မိုင်အကွာမှာ ငရဲပြည်ဆိုတာ တကယ်ရှိနေပြီး တွင်းတူးတွေ့ရှိချက်အရ ငရဲပြည်ရဲ့ ဝိတ်ပေါက်တံခါးဝကို ရောက်ရှိခဲ့တာဟု ရေးသားခဲ့ကြတယ်။ ဒါကို ဆိုဗီယက်အာဏာပိုင်တွေက တွင်းတူးတဲ့ နိုင်ငံခြားသားအဖွဲ့တွေကို လာဘ်ထိုးပြီး တမင်ဇာကနေထုတ်လိုက်ပါတယ်။ ပညာရှင်တစ်ဦးချင်းစီကို ဒေါ်လာငွေ သိန်းဂဏန်းအထိ အမြောက်အများပေးတယ်လို့ဆိုပေမယ့် ဘယ်ရွှေဘယ်မျှ ဆိုတဲ့ပမာဏကို မပြောပါဘူးလို့ အဲဒီသတင်းစာက ဖော်ပြတယ်။ ဆိုလိုတာကတော့ သူတို့နိုင်ငံမှာ ဒီလိုအဖြစ်ပျက်ရှိနေခြင်းဟာ သူတို့အယူအဆဘာသာတရားနဲ့ အများကြီး ဆန့်ကျင်ဘက်ဖြစ်နေပြီး ဗုဒ္ဓဘာသာအယူဆဘက်ကိုလိုက်သွားမယ်စိုးရိမ်ဟန်တူပါတယ်။ ဒီလိုတွေ သက်သေပြနိုင်မှ ယုံမယ်ဆိုတဲ့ ခေတ်ကာလမှာ ဗုဒ္ဓဘုရားဟောကြားခဲ့တဲ့ အကြောင်းအရာတွေဟာ လေ့လာစမ်းစစ်လို့ရနိုင်တယ် ဆိုတာပါပဲ။

ခုဖော်ပြမှာကလည်း ငရဲဆိုတာကို ဒီဘက်ခေတ်မှာ ကိုယ်တိုင်ကြုံတွေ့ခဲ့သူရဲ့ ကိုယ်တွေ့ဇာတ်လမ်းလေးကို နေရပ်လိပ်စာအပြည့်အစုံနဲ့ ကျွန်တော်တင်ပြချင်ပါတယ်။ သူက မလေးရှားနိုင်ငံမှာ အလုပ်လုပ်နေတဲ့သူပါ။ မလေးရှားနိုင်ငံ ဂျိုဟိုးဘာရူမြို့ ၂၃-၁-၂၀၁၂ နေ့က ဖွင့်လှစ်ခဲ့တဲ့ မိုးကုတ်ဝိပဿနာတရားစခန်းမှာ သူကိုယ်တိုင်ကြုံတွေ့ခဲ့ရတဲ့ ငရဲအတွေ့အကြုံအဖြစ်ပျက်တွေကို ကျင့်တဲ့ယောဂီတွေကို မျှဝေပေးခဲ့တဲ့အတိုင်း ရေးသားလိုက်ပါတယ်။

❐

ကျွန်တော့်နာမည် အောင်နိုင်ဦးပါ။ ကျွန်တော် (၇) ရက်တိုင်တိုင် သတိလစ်ပြီး ငရဲပြည်ကို ရောက်သွားခဲ့တဲ့ အကြောင်း တစ်နေ့ကပဲ ဆရာတော်ကို လျှောက်ထားဖြစ်ခဲ့ပါတယ်။ အခုဆရာတော်နဲ့ အမှုဆောင်များရဲ့ တိုက်တွန်းမှုကြောင့် ယောဂီများအားလုံးရဲ့ရှေ့မှာ ကျွန်တော့်ကိုယ်တွေ့ ငရဲပြည်အကြောင်း ပြန်ပြောပြမှာ ဖြစ်ပါတယ်။ ကျွန်တော့်အဖြစ်အပျက်တွေကို နားထောင်ပြီး ငရဲဘေးကလွတ်အောင် မကောင်းမှုတွေကို ရှောင်၊ ကောင်းမှုတွေကို ဆောင်နိုင်ကြစေဖို့ မျှော်လင့်ပါတယ်ခင်ဗျာ။

၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့၊ (၁၃၆၄ ခု၊ နယုန်လပြည့်ကျော် ၈ ရက်) နေ့က ကျွန်တော်ဟာ ဟုမ္မလင်းမြို့နယ် မန်မော်ရွာမှာ ရောက်ရှိနေခဲ့ပါတယ်။ အဲဒီမှာ ရေချိုးမှားပြီး (၇) ရက်တိုင်တိုင် သတိလစ်သွားခဲ့ပါတယ်။ သတိလစ်သွားတယ်ဆိုပေမယ့် ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ်သတိလစ်တယ်လို့ မထင်မိပါဘူး။ ဧရာမ လူသန်ကြီးနှစ်ယောက်က ကျွန်တော့်လက်မောင်းကို ကိုင်,မပြီး ကျွန်တော့်ကို ခေါ်သွားခဲ့တာပါ။ ကျွန်တော်ဟာ သူတို့နောက်ကပါသွားချိန်မှာ ငိုနေတဲ့ ကျွန်တော့်မိဘနှစ်ပါးနဲ့ သတိလစ်နေတဲ့ ကျွန်တော့်ခန္ဓာကိုယ်ကို ကျွန်တော် အတိုင်းသား ပြန်မြင်နေခဲ့ရပါတယ်။ ကျွန်တော့်ကို ကောင်းကင်ကနေ ဆွဲခေါ်သွားချိန်မှာ အောက်မှာ ရေပြင်ကြီးကို ဦးစွာမြင်တွေ့ရပါတယ်။ ချင်းတွင်းမြစ်ရေပြင်ပါ။ ခဏကြာတော့ ဘာကိုမှမမြင်ရတော့ဘဲ ဟင်းလင်းပြင်ကြီးကိုသာ တွေ့မြင်ရပါတော့တယ်။ အဲဒီအချိန်မှာ သူတို့က ကျွန်တော့်ကို တွန်းချလိုက်ကြပါတယ်။

ကျွန်တော့် ပြုတ်ကျသွားချိန်မှာပဲ ဧရာမခွေးကြီးနှစ်ကောင်က ကျွန်တော့်အနောက်ကို ပြေးလိုက်လာကြပါတော့တယ်။ ကျွန်တော်ပြေးရင် သူတို့လိုက်တယ်၊ ကျွန်တော်ရပ်ရင် သူတို့ကရပ်နေတယ်။ ခွေးကြီးတွေရဲ့ မျက်လုံးဟာ အနီရောင်တလက်လက်တောက်နေပါတယ်။ ကျွန်တော်လည်း ကြောက်အားလန့်အားနဲ့ပြေးရင်း ဗိမာန်တစ်ခုကို သွားတွေ့ပါတယ်။ အရမ်းလှတဲ့ ဗိမာန်ကြီးတစ်ခုပါ။ ဗိမာန်ကြီးထဲကို ပြေးဝင်မယ်လုပ်တော့ အစောင့်ကပေးမဝင်ပါဘူး။ ဗိမာန်ရှင်ဟာလည်း လူ့ပြည်မှာပဲရှိနေသေးတယ်လို့ သိရပါတယ်။ ဒီလိုနဲ့ ပြေးရင်းလွှားရင်းကနေ ငရဲမင်းလို့ ပြောရမလားမသိပါဘူး။ အဝတ်အစား ဖြူးဖြူးပြောင်ပြောင်ဝတ်ထားတဲ့ ခံ့ခံ့ညားညား လူကြီးတစ်ယောက်ရှေ့ကို ရောက်သွားတယ်။ သူ့လက်ထဲမှာ ရွှေရောင်စာအုပ်ကြီးတစ်အုပ်ကိုင်ထားပြီး နာမည်ဘယ်လိုခေါ်သလဲလို့ ကျွန်တော့်ကို လှမ်းမေးပါတယ်။ အောင်နိုင်ဦးပါ ဆိုတော့ ကျွန်တော့်ကို ခေါ်လာတဲ့သူတွေကို -

"မင်းတို့ လူမှားခေါ်လာတယ်။ သူ့ကိုပြန်ပို့ပေးလိုက်ပါ။ ငရဲခန်းကိုလည်း လိုက်ပြပေးလိုက်ဦး"

ဆိုပြီး ပြောပါတယ်။ ပြီးတော့ -

"မင်းသူငယ်ချင်း အောင်ကျော်ဦးကိုပြောလိုက်ပါ။ လကွယ်နေ့ နေ့လယ်မွန်းတည့်ချိန်မှာ သူ့ကိုလာခေါ်မယ်"

လို့ ပြောလိုက်ပါဆိုပြီး မှာတယ်။

အဲဒီမှာ ကျွန်တော့်ကို ပထမဆုံး လိုက်ပြတာက သန်းတုပ်ခဲ့တဲ့သူတွေ ခံစားနေရတဲ့နေရာပါ။ ငရဲခံရသူတွေကို ဧရာမကျောက်ပြင်ကြီးပေါ်ကို ပစ်တင်လိုက်ကြပြီးတော့ ဧရာမကျောက်လုံးကြီးတွေနဲ့ လှိမ့်ပြီးကြိတ်နေကြတာပါ။ အရမ်းကိုကြောက်စရာကောင်းပါတယ်။ နောက်တစ်နေရာကတော့ ဒယ်အိုးလို့ ပြောရမလားမသိပါဘူး။ ဒယ်အိုးလို့သာ ပြောရတာပါ။ ကျွန်တော်မြင်ခဲ့ရတာကတော့ မြစ်ကြီးတစ်မြစ်လိုပါပဲ။ အခိုးတထောင်းထောင်းထနေတဲ့ သံရည်ပူတွေကြားထဲမှာ လူတွေအပြည့်ပဲ အော်ဟစ်ညည်းတွားပြီး ကူးခပ်နေကြရပါတယ်။ ကမ်းပေါ်တက်လာသူတွေကို ကမ်းထိပ်ကစောင့်နေတဲ့ငရဲထိန်းတွေက လှံနဲ့ထိုးချ၊ တင်းပုတ်တွေနဲ့ ရိုက်ချကြတော့ ပြန်ပြီးဆင်းပြေးကြ၊ ပြန်ပြီး ကူးခပ်ကြနဲ့ တကယ့်ကို ကြောက်စရာကြီးပါ။

နောက်တစ်နေရာကတော့ လူတွေရဲ့ ခြေတွေ၊ လက်တွေ၊ ခေါင်းတွေကို ဖြတ်လိုဖြတ်၊ ရင်ကိုခွဲပြီး အူတွေကို ထုတ်လိုထုတ်။ နားနဲ့မနာ ဖဝါးနဲ့နာပါ အင်္ဂါဇာတ်တွေကို ဖြတ်လိုဖြတ်နဲ့ ပိုပြီး



www.burmeseclassic.com

www.burmeseclassic.com

# ကလေးမြို့က ရေဆန်ကျွန်းရုပ်ပွားတော်

ကိုတင်လှိုင်(မိတ္ထီလာ)

မြန်မာ - အိန္ဒိယနယ်ခြားချစ်ကြည်ရေး လမ်းမကြီးပေါ်ရှိ ကလေး ကလေးဝ၊ တမူး သုံးမြို့လမ်းဆုံရာနေရာ ဒေသ အခေါ် ကျီးတော်တုန်း ရာဇဂိရိတောင် တော်ထက်တွင် မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုနိုင်ကြသည်။

ကလေးမြို့တွင် နေရဥ္စရာမြစ် အတွင်း စုန်လိုက်၊ ဆန်လိုက်၊ ပျောက်လိုက်၊ ပေါ်လိုက်ဖြစ်နေသော ရေဆန်ကျွန်းတုံးကြီးရှိသည်။ ၂၀၀၄ ခု နှစ်ဆန်းပိုင်း ဇန်နဝါရီလအတွင်း နေရဥ္စရာမြစ် ရေကြည်နေချိန်တွင် ထိုကျွန်းတုံးကြီးကို စတင်တွေ့ခဲ့ရသည်။ နှစ်အတန်ကြာ ပင်ပျောက်နေခဲ့ရာမှ ကလေးမြို့နယ် မော်လိုက်ကလေးတောင်ရွာအနီး မြစ်အတွင်း၌တွေ့ရခြင်း ဖြစ်သည်။ ရေစီးကြမ်းတမ်းလှသောနေရဥ္စရာမြစ်အတွင်း ရေဆန်ကျွန်းတုံးကြီးကို မော်လိုက်ကလေးတောင်ရွာနေ ဦးမြင့်ဦးမှ စတင်တွေ့ရှိခြင်း ဖြစ်သည်ဆို၏။ မြစ်အတွင်း၌ ကျွန်းတုံးကြီးသည် စုန်ဆန်မျောပါခြင်းလည်းမဟုတ်၊ ရေစီးအတွင်း၌ ရပ်တန့်နေသည်ဟု ဆို၏။

ရေဆန်ကျွန်တုံးကြီး နေရဥ္စရာမြစ်အတွင်း ရပ်တန့်နေသည်ကို မော်လိုက်ကလေးရွာသူရွာသားများ ထွက်လာ၍ အားလုံးဝိုင်းကြည့်သောအခါ ရေအောက်ကြမ်းပြင်နှင့် ဆွဲချိတ်ထားခြင်းလည်း မတွေ့ရ။ ရေစီးအတွင်းမှာပင် အထက်သို့ ဆန်တက်နေသည်ကို ထူးဆန်းစွာတွေ့ရ၍ အနီးဝန်းကျင်ရွာများပါ အုတ်အော်သောင်းတင်းဖြစ်၍ ကမ်းလုံးညွတ်မျှ လာရောက်ကြည့်ရှုကြသည်။

ထိုအခါ ရေဆန်ကျွန်းတုံးကြီးကို စတင်တွေ့ရှိသူ မော်လိုက်ကလေးတောင်ရွာသား ဦးမြင့်ဦးက -

"ရေဆန်ကျွန်းစစ်စစ် ဖြစ်ပါက မော်လိုက်ကလေးတောင်ရွာ အောင်ဇေယျာကျောင်းသို့ ဘုရားထုလုပ်ကိုးကွယ်ရမည်ဆိုပါက ကြွတော်မူပါဘုရား"

ဟု မော်လိုက်ကလေးရွာတစ်ရွာလုံးကိုယ်စား ရေထဲဆင်း ပင့်လျှောက်ပြီးလျှင် -

"ရေဆန်ကျွန်း အစစ်အမှန်ဖြစ်ပါက သာသနာ့အရောင် နေလိုလလိုထွန်းပြောင်နိုင်သည့်အရပ်ဒေသ၌ ကိန်းဝပ်စံပျော်နိုင်ပါစေသား"

ဟု အဓိဋ္ဌာန်ပြုခဲ့ကြောင်း သိရသည်။

ထိုအခါ နေရဥ္စရာမြစ်အတွင်းမှ ရေဆန်ကျွန်းတုံးကြီးသည် အောက်သို့လည်းမစုန်၊ အထက်သို့လည်း မဆန်တော့ဘဲ တဖြည်းဖြည်း မြစ်ဆိပ်ကမ်းသို့ ဦးတည် ကပ်ရောက်လာခဲ့သည်ဟု ဆိုသည်။ မော်လိုက်ကလေးရွာဆိပ်ကမ်း၌ ကျွန်းတုံးကြီးဆိုက်ကပ်နေပြီး ကျေးရွာ

---

တော့ ကြောက်စရာကောင်းပါတယ်။ သူတို့ဟာ လူ့ဘဝတုန်းက ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ခဲ့သူတွေလို့ သိရပါတယ်။ နောက်တစ်နေရာမှာတော့ ဇရာမမြေပြင်ကျယ်ကြီးမှာ လူတွေဟာ အတုန်းအရုန်း လူးလဲအော်ဟစ်နေကြတာကို တွေ့ရပါတယ်။ ငရဲထိန်းတွေက ဆူးချွန်တွေတပ်ထားတဲ့ ဇရာမတလိမ့်တုံးကြီးတွေနဲ့ သူတို့ကိုကြိတ်ချေနေကြပါတယ်။ သေသွားလိုက်၊ ပြန်ရှင်လာလိုက်၊ ပြန်ခံရလိုက်နဲ့ တကယ်ကို ကြောက်စရာကြီးပါ။ နောက်တော့ ကျွန်တော့်ကို ပြန်ခေါ်လာကြပြီးတွန်းချလိုက်ကြပါတယ်။ ကျွန်တော်လည်း သတိရလာပြီး အဖေတို့ဆီက ရေတောင်းသောက်ရပါတယ်။ အဲဒီနေ့မှ သတိမရရင် ကျွန်တော့်ကို သင်္ဂြိုဟ်ကြတော့မယ်လို့ ဆိုပါတယ်။ ဩော်-မေ့လို့။ ငရဲဟိန်းကြီးနှစ်ယောက်က ကျွန်တော့်ကို လာခေါ်ကြတုန်းမှာ အဝတ်ဖြူဝတ် သူတော်စင်ကြီးတစ်ယောက်ကို တွေ့ခဲ့ရပါသေးတယ်။ သူက -

"ကောင်းကောင်းလိုက်သွားပါ။ မင်းလက်တွေကို ငါလျှပ်ပေးထားမယ်"

လို့ ပြောပါတယ်။

ကျွန်တော်သတိလစ်နေစဉ် ခုနစ်ရက်အတွင်း အသက်လည်းမရှူ၊ နှလုံးလည်းမခုန်ပေမယ့် ကျွန်တော့်လက်ချောင်းလေးတွေကတော့ ခုနစ်ရက်လုံးလုံး ကွေးလိုက်ဖြန့်လိုက်ဖြစ်နေခဲ့တယ်လို့ ဝိုင်းပြောကြပါတယ်။ ဒါကြောင့်မို့ သေပြီလို့ မဆုံးဖြတ်ရဲတာနဲ့ ခုလို (၇) ရက်တိုင်တိုင်စောင့်ကြည့်နေခဲ့ကြကြောင်း ပြောပြကြတယ်။ ကျွန်တော့်အမေဆို -

"လက်တွေမညောင်းဘူးလားသားရယ်"

လို့တောင် မေးပါသေးတယ်။


ကျွန်တော်လည်း ခုနစ်ရက်တိုင်တိုင် သတိလစ်မေ့မြောနေခဲ့တော့ လေသံသဲ့သဲ့လေးနဲ့ပဲပြောနိုင်ပါတော့တယ်။ အောင်ကျော်ဦးနဲ့ လူမှားခေါ်ခံရတာဖြစ်ကြောင်း၊ လကွယ်နေ့ မွန်းတည့်ချိန်မှာ သူ့ကိုလာခေါ်မယ်လို့ မှာလိုက်တဲ့အကြောင်း အမေတို့ကို ပြောပြတော့ အမေတို့က ပြန်မပြောဖို့ ပြောပါတယ်။ မတော်ရင် တရားစွဲခံရနိုင်တယ်လို့လည်း ပြောကြတဲ့အတွက်ရော ကျွန်တော်ကိုယ်တိုင်ကလည်း အားမရှိလို့ ပင်ပန်းနေတဲ့အတွက်ပါ အောင်ကျော်ဦးအကြောင်းကို နောက်ထပ်မပြောဖြစ်တော့ပါဘူး။ တိုက်တိုက်ဆိုင်ဆိုင်ပဲ သူတို့ပြောလိုက်တဲ့အတိုင်း လကွယ်နေ့ မွန်းတည့်ချိန်မှာ အောင်ကျော်ဦးတစ်ယောက် ထမင်းစားနေရင်းကနေ နောက်ပြန်လန်ကျပြီး ဆုံးပါးသွားခဲ့ရှာပါတယ်။ ကျွန်တော့်အဖြစ်အပျက်ကတော့ ဒါပါပဲခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ငရဲဆိုတာ တကယ်ရှိပါတယ်။ ငရဲဘေးက လွတ်အောင် ကြိုးစားနိုင်ကြပါစေ ခင်ဗျာ။

မှူးဇော်မြင့်



www.burmeseclassic.com

www.burmeseclassic.com



သူထုစုပေါင်း၍ နေရဥ္စရာမြစ်အတွင်းမှ ဆယ်ယူကာ မော်လိုက်ကလေးတောင်ရွာတွင် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့သည်။

ရေဆန်ကျွန်းတုံးကြီးကို အများပြည်သူ အလွယ်တကူ ဖူးမြော်ကြည်ညိုနိုင်ရန် ၅-၄-၂၀၀၄ ရက်နေ့တွင် ကလေးမြို့မှ (၁၈) မိုင်အကွာ ကလေး - တမူး သွားကားလမ်းပေါ်ရှိ ကံသာယာရွာ ဆေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုဌာနသို့ ပင့်ဆောင်လာခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်သံဃာ့နာယကဆရာတော်ကြီးများ၊ ပညာရှိ လူပညာရှိတို့တိုင်ပင်ကာ အများပြည်သူ ကုသိုလ်တရား ပွားများနိုင်ရန် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်ထုလုပ်ကိုးကွယ်ရန် ၂၄-၄-၂၀၀၄ နေ့က စုဝေးတိုင်ပင်ဆုံးဖြတ်ခဲ့ကြသည်။

ရေဆန်ကျွန်းတုံးကြီးကို ဗုဒ္ဓရုပ်ပွားတော်မထုလုပ်မီ သစ်တောဌာနတိုင်းတာမှတ်သားချက်အရ အလျား(၁၆)ပေ၊ အနံ(၁၀)ပေ၊ (၁) လက်မ (၁၀၁. ၆၇) ကုဗပေနှင့် (၂. ၀၃၃၄) တန်ရှိပြီး ရေဆန်ကျွန်းတုံးကြီး၏သက်တမ်းမှာ နှစ် (၁၂၀) ဟု သုံးသပ်ခန့်မှန်းကြသည်။

ရေဆန်ကျွန်းမြတ်ကို ဗုဒ္ဓရုပ်ပွားတော်မြတ်ထုလုပ်ခဲ့သူမှာ ပန်းပုပညာရှင် မြန်မာမှုဦးအုန်းတင်ဟု သိရှိရသည်။ ရေဆန်ကျွန်းမြတ်ဘုရားထုဆစ်ထားသည့် ပုံသဏ္ဌာန်မှာ တစ်မူထူးခြားသောလက်ရာဖြစ်ပြီး စေတီဘုရားဟု ဆိုနိုင်သကဲ့သို့ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်ပြီးသော မြတ်စွာဘုရားတို့ကိုလည်း ရည်မှန်း ထုလုပ်ထားသည်။ ရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်၏ ဉာဏ်တော်အမြင့်မှာ (၁၉) ပေရှိပြီး အောက်ခံပလ္လင်တော်အမြင့်မှာ (၂) ပေ၊ (၉) လက်မရှိသည်။ ရေဆန်ကျွန်းရုပ်ပွားတော်များထုလုပ်ထားပုံမှာ အောက်ခြေတွင် ပဒုမာသနခေါ် ကြာပလ္လင်ခံ၍ လေးမျက်နှာလှည့် ဘုရားလေးဆူအဖြစ် ယခုဘဒ္ဒကမ္ဘာတွင် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးသော အရှေ့မျက်နှာအရပ်ဘက်မြတ်စွာဘုရားရှင်မှာ ကောဏာဂုံဘုရားဖြစ်ပြီး လာဘမုဒြာဟန် ဖြစ်သည်။ တောင်ဘက်မျက်နှာတွင် ကဿပမြတ်စွာဘုရားဖြစ်ပြီး ဉာဏမုဒြာဟန် ဖြစ်လေသည်။ မြောက်ဘက်မျက်နှာတွင် ကကုသန္ဓဘုရားရှင်ကား မဟာကရုဏာကုမုဒြာဖြစ်သည်။ အနောက်ဘက်မျက်နှာအရပ်တွင် ဂေါတမရှင်ကား အဘယလာဘမုဒြာဖြစ်သည်။ ဆုတောင်းပြည့်မတ်တတ်ရပ်တော်လေးဆူအထက်တွင် ထိုင်တော်မူဘုရား၊ ကမ္ဘာတစ်သိန်းထက်၌ပွင့်တော်မူကြကုန်သော သုဇာတာ၊ ပိယဒဿီ၊ အတ္ထဒဿီ၊ ဓမ္မသိဒ္ဓတ၊ တိဿ၊ ဖုဿ၊ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်ဘုရားဆယ်ဆူ ဖြစ်သည်။ ထိုမှ အထက်တွင် ကောဏ္ဍညာ၊ မင်္ဂလ၊ သုမန၊ ရေဝတ၊ သောဘိတ၊ အနောမဒဿီ၊ ပဒုမ၊ နာရာဒရုပ်ပွားတော်များကို ထုလုပ်ပူဇော်ထားပြီး အားလုံးနှစ်ကျိပ်ရှစ်ဆူသောဘုရားများကိုထုလုပ်ပူဇော်ထားသည်မှာ အံ့ဩလောက်ပါပေသည်။ ထိုအထက်ဘက်တွင် စေတီတော်ပုံကို ထုဆစ်ပူဇော်ထားသည်ကို အံ့ဘနန်း ဖူးတွေ့ရပါသည်။ ထိုရေဆန်ကျွန်းမြတ်ဘုရားတွင် ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံယူတော်မူသည့်ဒီပင်္ကရာဘုရားမှအစပြု၍ ဂေါတမဘုရားရှင်အထိ နှစ်ကျိပ်ရှစ်ဆူဘုရားများကို ထုဆစ်ပူဇော်ထားသည်မှာ ချီးကျူးဂုဏ်ယူလောက်သည့် မြန်မာ့ပန်းပုအနုပညာလက်ရာ ဖြစ်ပေသည်။

ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်ဘုရားအား ရှေးနှစ်ပေါင်းတစ်ထောင်ကျော်က ကြက်ပျံမကျ စည်ကားဖူးခဲ့သော ကလေးမြို့ဟု ကလေးသမိုင်းတွင် ပါဝင်သည့် တိမ်ညှင်းမြို့အနီး၌ တည်ထားသည်။ ကလေးမြို့မှ ကလေးသွားကားလမ်း ကျိကုန်းမရောက်မီ တောင်ထွတ်ပေါ်၌ ကြည်ညိုဖွယ်တွေ့နိုင်သည်။ ကလေး၊ ကလေးဝ၊ တမူးတြိဂံလမ်းဆုံ ကျိကုန်းရာဇဂီရိတောင်ပေါ်၌ ရေဆန်ကျွန်းရုပ်ပွားတော်မြတ်ဘုရားကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ကြောင်း ရေးသား တင်ပြလိုက်ပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)



www.burmeseclassic.com

www.burmeseclassic.com

နေဝင်းဝင်း(လွှန်ဆေး)


# လေးဖက်နာအတွက် တောဖရုံဆေးရွက်

ဟင်းသီးဟင်းရွက် စားသုံးသီးနှံများတွင် ရွှေဖရုံ၊ ကျောက်ဖရုံသီးနှံများလည်း ပါဝင်ပါသည်။ မြင်ဖူး၊ တွေ့ဖူး၊ စားဖူးကြပါသည်။ ရွှေဖရုံ၊ ကျောက်ဖရုံသီးနှံများသည် အသီးကိုစားသုံးရသည်သာမက အညွန့်ကိုပါ စားသုံးလေ့ရှိကြပါသည်။ နွယ်ပင်အမျိုးအစားတွင် ပါဝင်ပြီး မြေတွင် လည်းကောင်း၊ စင်တင်၍လည်းကောင်း၊ အိမ်အမိုးပေါ်၊ သစ်ပင်များပေါ် တင်၍လည်းကောင်း စိုက်ပျိုးလေ့ ရှိတတ်ကြပါသည်။

ယခုရေးသားတင်ပြမည့် ဖရုံမှာ တောဖရုံဖြစ်ပါသည်။ ရွှေဖရုံ၊ ကျောက်ဖရုံပင်များလို နွယ်ပင်မျိုး မဟုတ်။ အသီးလည်းမသီး၊ အညွန့်လည်းမရှိပါ။ ဟင်းလျာအဖြစ် ချက်ပြုတ်ကြော်လှော်စားတတ်ကြသည့်အလေ့လည်း မရှိကြပါ။

တောဖရုံပင်မှာလည်း အပင်ပုမျိုးဖြစ်ပြီး မြေပြင်တွင် ခပ်ဝပ်ဝပ်ပေါက်တတ်သည်။ အရွက်များတွင် အကြီးဆုံးမှာ မာလကာပင်အရွက်အရွယ်အစားမျှသာ ရှိပါသည်။ အရွက်၏ မျက်နှာပြင်သည် ကတ္တီပါသားကဲ့သို့ နူးညံ့သည်။ အရွက်များစိမ်းစိုပြီး ရိုးတံမှာ ဖက်ဖူးရောင်ရှိသည်။ အရွက်အနားပတ်လည်တွင် အနားတွန့်ယောင်ယောင်မျှ ပါရှိသည်။ အပင်သက်တမ်းကြာသော်လည်း အရွက်၏ အရွယ်အစားမှာ မာလကာရွက်အရွယ်ထက် မကြီးပါ။

ရွှေဖရုံ၊ ကျောက်ဖရုံများလို ဟင်းလျာအဖြစ် မုန့်ပဲသရေစာအဖြစ် စားသုံးမှု မရှိကြပါ။ လူသိမများ အသုံးမတွင်ကျယ်လှ။ သို့သော်လည်း တောဖရုံအရွက်မှာ ဆေးဖက်ဝင် အစွမ်းထက်ပါသည်။ လေးဖက်နာရောဂါအတွက် အစွမ်းထက်မြက်လှသောဆေးပင်ဖြစ်ပါသည်။ ပေါပေါများများ ပေါက်ရောက်သည့် အပင်မျိုးလည်း မဟုတ်ပါ။ လေးဖက်နာဝေဒနာရှင်များ အသုံးပြုစားသုံးပါက လွယ်ကူ မြန်ဆန် ထိရောက်စွာ ပျောက်



တောဖရုံပင်



ကင်းကြသည်ကို လက်တွေ့ စားသုံးကြပြီးသူများအသိ ဖြစ်ပါသည်။ လေးဖက်နာဝေဒနာအတွက် အစွမ်းထက်လှသော တောဖရုံပင်ကို စာဖတ်သူများ သိရှိလေ့လာနိုင်ပါရန် မှတ်တမ်းဓာတ်ပုံဖြင့်ဖော်ပြအပ်ပါသည်။

❒

တောဖရုံပင်ကို မြန်အောင်မြို့နယ်၏ အနောက်ဘက် တောင်ရိုး... ငှက်ကြီးတွင်းကျေးရွာအုပ်စု မှန်... ကျေးရွာ ဘုန်းတော်ကြီးကျောင်း... အတွင်းမှာရှိသည်ဟု သတင်း... ကြားသိရပါသည်။ သတင်းအဆ... စပ်ဖြင့် စုံစမ်းသည့်အခါ သြောင်... ကျေးရွာအုပ်စုနေ ဦးစောထူး... မျိုးယူစိုက်ပျိုးထားကြောင်း သိ... အတွက် ပျိုးပင်နှစ်ပင်ကိုယူ၍ စာ...



www.burmeseclassic.com

www.burmeseclassic.com

နေအိမ်တွင် စိုက်ပျိုးထားရှိပါသည်။ အပင်ကို ပြုစုယုယ၍ အခက်အလက် ဝေဆာသည့်အခါ၊ သတင်းအချက်အလက် ပြည့်စုံသည့်အခါ ဓာတ်ပုံနှင့်တကွ ရေးသားတင်ပြရန် ပြင်ဆင်ထားရှိပါသည်။ သတင်းအချက်အလက် စုဆောင်းဆဲမှာပင် စာရေးသူ စိုက်ပျိုးထားသည့် တောဖရုံပင်မှာ အစစ်မဟုတ်ကြောင်း လက်တွေ့ စားသုံး ရောဂါ ပျောက်ကင်းသူများနှင့် တွေ့ဆုံရသည့်အခါ သိရှိလာပါသည်။

အစစ်အမှန်မဟုတ်သည့် တောဖရုံပင်၏ အရွက်များက ကြီးမားပါသည်။ မြန်မာဆေးရွက်ကြီးပင်၏အရွက်အလတ်စားပမာဏခန့်ရှိသည်။ အရွက်များပတ်လည်တွင် အတွန့်အများအပြားပါသည်။ အရွက်မျက်နှာပြင်အနည်းငယ်ကြမ်းသည်။ အပင်ငယ်ပါက တောဖရုံအစစ်နှင့်ခွဲခြားရခက်ပါသည်။ လေးဖက်နာရောဂါ ပျောက်ကင်းအောင် မစွမ်းနိုင်သော်လည်း သက်သာမှုကိုပေးနိုင်သည့် အာနိသင်တော့ရှိပါသည်။

တောဖရုံပင်အစစ်ကို မြန်အောင်မြို့ အမှတ် (၄) ရက်ကွက်၊ ကြာနီကန်လမ်းနေ ဦးဝင်းလှိုင်၊ ဒေါ်ကြည်ဝင်း (ကုံကော်ဟိန်းစတိုးဆိုင်)တို့၏ နေအိမ်တွင် စိုက်ပျိုးထားရှိပါသည်။ ဝေဒနာရှိ၍ အမှန်တကယ် စားသုံးမည်ဆိုပါမူ ဝေငှဒါနပြုနေသူ ဖြစ်ပါသည်။ ထို့ပြင် မြန်အောင်မြို့နယ် ညောင်မြစ်ဆွဲကျေးရွာအုပ်စု ပျဉ်ထောင်တွင်းရွာနေ ဦးကျော်မြင့်စိုး၊ ဒေါ်စိုးစိုးတို့၏ နေအိမ်ခြံဝင်းထဲတွင်လည်း စိုက်ပျိုးထားရှိပါသည်။

လက်တွေ့ ပျောက်ကင်းသူများ အနေဖြင့် ဦးကျော်မြင့်စိုး၏ ဇနီး ဒေါ်စိုးစိုးကိုယ်တိုင်ပင် လေးဖက်နာဝေဒနာသည် ဖြစ်ပါသည်။ လေးဖက်နာဝေဒနာ ခံစားနေရသူတိုင်း လေးဖက်နာရောဂါအကြောင်း သိကြပါသည်။ ဆေးခန်းသွားပြ အသားအနာခံ ဆေးထိုးရသည်။ သို့သော် အမြစ်ပြတ်ပျောက်ကင်းကြသည် မဟုတ်။ ရောဂါဖြစ်လျှင် အိပ်ရာမှ မထနိုင်၊ မလှုပ်နိုင်မကိုင်နိုင်ဖြစ်ကြရပါသည်။ ခြေဆစ်လက်ဆစ်များရောင်ရမ်းကိုက်ခဲကြရသည်။ ဒေါ်စိုးစိုးမှာ တောဖရုံဆေးရွက်စားသုံးပြီးနောက်ပိုင်း လေးဖက်နာရောဂါ လုံးဝပျောက်ကင်းသွားခဲ့သည်။ ဒေါ်စိုးစိုးကဲ့သို့ပင် အနာရှိ ဆေးသိ သောက်သုံးကြ၍ ပျောက်ကင်းခဲ့ကြသူ များစွာရှိပါသည်။

ဦးကျော်မြင့်စိုးသည် မြန်အောင်မြို့နယ် နေခြည်ဈေးမြောက်ဘက်တန်းရောဝတီမြစ်ဘက်ခြမ်းတွင် ဆိုင်ဖွင့်ဈေးရောင်းသူ ဖြစ်ပါသည်။ ဆိုင်အနီးတွင် မိုးညိုမြို့နယ်ဘက်မှ ဈေးဝယ်၊ ဈေးရောင်းလာကြသော ပွဲထောင်မော်တော်ဆိပ်ကမ်းရှိသည်။ တစ်ရက် နေ့လယ်ပိုင်းဆိုက်ကပ်လာသော ပွဲထောင်မော်တော်ပေါ်မှ စောင်ပုခက်နှင့် လူနာတစ်ဦးကို ကမ်းပေါ်ထမ်း၍ခေါ်လာကြလေသည်။ ဦးကျော်မြင့်စိုးဆိုင်ရှေ့တွင် ခေတ္တရပ်နားအမောဖြေကြသည်။ လူနာက အသက် (၅၀) ကျော်ခန့် အမျိုးသားတစ်ဦး။ လေးဖက်နာရောဂါခံစားရ၍ ဆေးခန်းပြရန် လာရောက်ကြသည် ဆို၏။ လူနာမှ ခြေဆစ်လက်ဆစ်များ ရောင်ကိုင်းမို့အစ်နေသည်။ လက်တွေ့၊ ခြေတွေ မမြောက်နိုင် မျက်စိစုံမှိတ်ညည်းညူနေသည်။

အကဲခတ်ဈေးစမ်းနေသော ဦးကျော်မြင့်စိုးက လူနာ၏အခြေအနေကို သိလိုက်ရသည့်နောက် လူနာနှင့်သူ၏သားနှစ်ယောက်၊ ဇနီးဖြစ်သူတို့ကို ဆိုင်အတွင်း ခေတ္တထိုင်စေပြီး လူနာ၏ အခြေအနေကို မေးမြန်းသည်။ လေးဖက်နာရောဂါမှန်း သေချာသိရှိရသည်နှင့် ဦးကျော်မြင့်စိုးက လုံးဝပျောက်ကင်းမည့်အကြောင်း အာမခံ ရှင်းလင်းပြောပြသည်ကို လူနာနှင့်မိသားစုက သဘောပေါက် လက်ခံကြသည်။ သို့အတွက် လူနာကို ဆေးခန်းသို့ သွားရောက် ပြသခြင်းမပြုတော့ဘဲ မြန်အောင်မြို့ရှိ အသိမိတ်ဆွေနေအိမ်တွင် တည်းခိုလိုက်ကြသည်။ ထို့နောက် ဦးကျော်မြင့်စိုးပြောပြသည့် နည်းလမ်းအတိုင်း တောဖရုံရွက်သုံးရွက်ကို လူနာအား စားသုံးစေပါသည်။

နောက်တစ်နေ့ မွန်းလွဲ(၂)နာရီခန့်တွင် လေးဖက်နာဝေဒနာရှင်နှင့် သူ၏သားနှစ်ယောက် ဦးကျော်မြင့်စိုးဈေးဆိုင်သို့ လမ်းလျှောက်ရင်း ရောက်လာကြသည်။ လူနာမှာ ယမန်နေ့ကကဲ့သို့ စောင်ပုခက်နှင့် ညည်းညဉ်းညူညူနှင့် မဟုတ်တော့။ ပြုံးရွှင်ရယ်မောလန်းဆန်းတက်ကြွလျက်၊ ရောဂါပျောက်ကင်း၍ ကျေးဇူးအထူးတင်ရှိကြောင်း အားရဝမ်းသာ ပြောမဆုံး။

❐

တောဖရုံဆေးရွက် စားသုံးခြင်း မပြုမီ လေးဖက်နာဝေဒနာရှိ၊ မရှိ ဆေးစစ်ချက်ရယူရန် ပထမအဆင့် လိုအပ်ပါသည်။ ဆေးစစ်ချက်အရ လေးဖက်နာရောဂါရှိကြောင်းသေချာပါက ဆေးရွက်စားသုံးခြင်းကို ဒုတိယအဆင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ဆေးရွက်စားသုံးပြီး ညပိုင်းတွင် ကိုယ်လက်များနာကျင်ကိုက်ခဲပါမည်။ အခန့်မသင့်လျှင် အဖျားတက်သလိုမျိုး ဖြစ်ပါလိမ့်မည်။ နာကျင်ကိုက်ခဲမှုသက်သာရန် အစာခံ၍ ပါရာစီတမော ဆေးတစ်ပြား သောက်ပါက သောက်နိုင်ပါသည်။ နောက်တစ်နေ့ နံနက်တွင် ရောဂါသိသိသာသာသက်သာနေပါလိမ့်မည်။ (၂) ရက် သို့မဟုတ် (၃) ရက်ခန့်တွင် တောဖရုံဆေးရွက်ကို ဒုတိယအကြိမ် ထပ်စားသုံးရပါမည်။

တောဖရုံဆေးရွက်စားသုံးနည်းမှာ ငါးခူတစ်ဆယ်ကျပ်သားကို အကောင်လိုက် ရေစင်စင်ဆေးပါ။ ဆေးပြီးသော ငါးခူကို သင့်တော်ရုံလှီးဖြတ်၊ ဖယ်သင့်သည်များ ဖယ်ရှားပြီး ပုံမှန်ဟင်းစားချက်သည့်အတိုင်း စီမံချက်ပြုရပါမည်။ ခုတ်ထစ်ကိုင်တွယ်ပြီးသော ငါးခူအသားတုံးများကို ရေထပ်မဆေးရပါ။ ဟင်းအိုး မီးဖိုပေါ်တင် ချက်ပြုတ်၍ ကျက်ခါနီး မီးဖိုပေါ်မှမချမီလေးတွင် ရေစင်စင်ဆေးထားပြီးသော တောဖရုံနှစ်ရွက် (သို့) သုံးရွက်ကို ကတ်ကြေးနှင့် ကိုက်ညှပ်၍ ဖွင့်ထည့်ပြီး ပြန်အုပ်ထားပေးပါ။

လေးဖက်နာရောဂါရှိသူ ထမင်းစားသည့်အခါ တောဖရုံအုပ်ချက်ထားသော ငါးခူတစ်ဆယ်ကျပ်သားချက်ကုန်အောင်စားရပါမည်။ တောဖရုံရွက်ထည့်ချက်ထားသည့်အတွက် ငါးခူဟင်း၏ အရသာပြောင်းလဲမှု မရှိပါ။ တခြားသောအရသာတိုးလာခြင်းလည်း မရှိပါ။ ရောဂါပျောက်ကင်းရန် အလွယ်ကူဆုံး၊ အရိုးရှင်းဆုံးဆေးနည်း ဖြစ်ပါသည်။

တောဖရုံရွက် အခက်အခဲရှိလျှင် မြန်အောင်မြို့သို့ ကြွလှမ်းခဲ့ပါ။ မြန်အောင်မြို့သို့ရောက်လျှင် တောဖရုံနှင့် ငါးခူတစ်ဆယ်ကျပ်သားချက်ကို စားသုံးပြီး ရောဂါဝေဒနာကင်းစင်စွာဖြင့် နေရပ်သို့ စိတ်ချမ်းမြေ့ပျော်ရွှင်ပေါ့ပါးစွာဖြင့် ပြန်နိုင်ပါကြောင်း စာနာမေတ္တာများစွာဖြင့် ရေးသား တင်ပြအပ်ပါသည်။

တောဖရုံဆေးရွက်၏ လေးဖက်နာရောဂါပျောက်ကင်းမှု လက်တွေ့သာဓကများစွာကျန်ရှိပါသေးသည်။ အဓိက အချက်များကိုသာ တင်ပြလိုပါသည်။

နေဝင်းဝင်း (လွှန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ခင်မောင်လေး

## မိန်းမမြို့ရှာပုံတော်

မနက်စောစောစီးစီး နိုင်တလညီ၏ကားဖြူသည် အိမ်ရှေ့တွင်ဆိုက်လာ၏။ ဗညားဂုဏ် ကျွန်တော့်ကို ခေါ်၏။ ကျွန်တော်ကလည်း အဆင်သင့်ရှိနေပြီဖြစ်သဖြင့် သူတို့သိပ်မစောင့်လိုက်ရ။ ကျွန်တော် ကားပေါ်တက်ထိုင်လိုက်သည်နှင့် မင်းဘုန်းအိမ်ကိုခေါ်ရန် နိုင်တလညီက ကားကို မောင်းထွက်သွား၏။

ကားဆိုက်သည်နှင့် ခြံဝတွင် အရန်သင့်စောင့်နေသော မင်းဘုန်းအိမ်က ကားပေါ်တက်လိုက်၏။ သည့်နောက် ကားကို ဖက်ခင်းဘက် မောင်းထွက်လာ၏။ ဖက်ခင်းတွင် ဆီထည့်၏။ နိုင်တလညီက ယာဉ်မောင်းနေရာမှ ဆင်းပြီး နောက်ခန်းတွင်ထိုင်၏။ ဆီဆိုင်တွင် အသင့်စောင့်နေသည့် ယာဉ်မောင်းက ဒရိုင်ဘာထိုင်ခုံတွင် တက်ထိုင်လိုက်၏။ ထို့နောက် ကားကို ဖက်ခင်းမှတစ်ဆင့် ကလော့သောဖယ်ဒိုရှာဘက် ဦးတည်မောင်းထွက်လာ၏။

အမှန်စင်စစ် သည်နေ့ ကျွန်တော်တို့လေးယောက် မွန်မြို့ဟောင်းတစ်ခု လေ့လာရန်သွားနေခြင်း ဖြစ်၏။ ထူးခြားသည်ကား ယင်းမြို့ဟောင်းသည် တောင်ပေါ်တွင် တည်ရှိနေခြင်းပင် ဖြစ်၏။ သည်မြို့ဟောင်းအကြောင်းကို မင်းဘုန်းအိမ် ကျွန်တော့်အား ခဏခဏ ပြောပြ၏။ မင်းဘုန်းအိမ်သည် တောင်ပရွာဇာတိ ဖြစ်၏။ မြို့ဟောင်းသည်လည်း ဖယ်ဒိုရွာနှင့် မျက်နှာချင်းဆိုင် တောင်ပေါ်တွင်ရှိသည် ဆို၏။ သည့်ကြောင့် ထိုမြို့ဟောင်းသည် မင်းဘုန်းအိမ်နှင့် နီးစပ်သည်ဟု ဆိုရပေမည်။

မင်းဘုန်းအိမ်က ထိုတောင်ပေါ် မြို့တွင် မြို့ရိုးထင်ထင်ရှားရှားရှိသေးကြောင်း၊ မြေမြို့ရိုး၏ အပြင်ဘက်နံရံတွင် ကျောက်တုံးများစီထားကြောင်း၊ မြို့ရိုးနှင့် မလှမ်းမကမ်းတွင် မိကျောင်းကန်ဟု ခေါ်သော ကန်ကြီးတစ်ကန်ပေ





www.burmeseclassic.com

www.burmeseclassic.com

(၁၀၀) ပတ်လည်အကျယ်ရှိကြောင်း၊ ယင်းကန်သည် ရေမရှိ။ ကန်အောက် ခြေတွင် ကျောက်မိကျောင်းရုပ်တစ်ခုရှိ ကြောင်း၊ ယင်းကန်၏ တစ်နေရာတွင် ...ရပညာရပ်ဖြင့် စီရင်ထားသော မွန် ...ရင်တစ်ပါး၏ သန်လျက် မြှုပ်ထား ကြောင်း၊ ထိုသန်လျက်ကို လိုချင်သဖြင့် ...ခဲ့သည့် နှစ်ပေါင်း (၃၀)၊ (၄၀) ခန့်က ...ကြီးတစ်ဦး အကုန်ကျခံပြီး အလုပ် သမားငှား၍ တူးဖော်ခဲ့ကြောင်း၊ သို့ သော် ဘာမှမရခဲ့ကြောင်း၊ ထိုမြို့တွင် ...သားများနေထိုင်သည့် မိန်းမမြို့ ဖြစ်ကြောင်း ဤသည်တို့မှာ ပါးစပ် ...ဝင်အရသိရကြောင်း ပြောပြ၏။

မင်းဘုန်းအိမ်ပြောသည့်အထဲတွင် ...မြို့ ဆိုသောစကားကို ကျွန်တော် ...တော်စိတ်ဝင်စားသွား၏။ မင်းဘုန်း ...အိမ်ကိုလည်း ကြုံလျှင် စောစောက ...ခဲ့သည့်အထောက်အထားများ၊ ထို ...နှင့်ပတ်သက်သည့်အခြားအထောက် ...ထားများ ရသလောက်ဓာတ်ပုံရိုက်ခဲ့ ...ပြောရ၏။

မွန်ပြည်နယ်တွင် ရှေးမွန်မြို့ ...ဟောင်းများ အနှံ့အပြား ပြန့်ကျဲလျက် ...၏။ ယင်းမြို့များအနက် ဝင်းက၊ ဇုတ် ...၊ သထုံ၊ ကျိုက္ကသာ၊ ဝါခရု စသည့် ...ဟောင်းများကို တူးဖော်နိုင်ခဲ့၏။ ထိုသို့ ...ရာတွင်လည်း ထိထိရောက် ...တ် ဆုံးခန်းတိုင်တူးဖော်ခဲ့သည် ...တ်၊ ကျန်မြို့ဟောင်းများကိုမူ နိုင်ငံ ...တ ထိန်းလည်းမထိန်းသိမ်းနိုင်ခဲ့။ ...သုတေသနလည်းမပြုလုပ်နိုင်ခဲ့။ ...အတိုင်း သမိုင်းအချက်အလက်များ ...တစ်ရာမရှိနိုင်ခဲ့။

တရင်ပြည်နယ် ဝင်းယော်မြစ်၏ ...ကမ်းတွင် ဘုရားငါးဆူရှိ၏။ ထို ...အနီး တောထဲတွင် မွန်မြို့ဟောင်း ...ခုရှိ၏။ ရှေးကအခိုင်အမာတည် ...ခဲ့သော မြို့ဟောင်း ဖြစ်၏။ ထို ... အများစုက မြို့ဟောင်းဟုပင် ...ခေါ် ခဲ့ကြ၏။ မြို့ဟောင်း၏အထက် ...တရိုတ်နားတွင် အခြားမွန်မြို့ပျက် ...ရှိသေး၏။ သိသာထင်ရှားသည့် ...များလည်း ကျန်ရှိနေသေး၏။ သို့ ...မြို့နှင့်ပတ်သက်သည့်အကြောင်း ...များကား ဘာမှမသိရတော့။

မော်လမြိုင်မြို့အရှေ့ဘက် ထိုင်း- ...နယ်စပ် သောင်ရင်းမြစ်ကမ်းပေါ် ...မြဝတီမြို့ရှိ၏။ ယင်းမြဝတီမြို့သည် ...ရှေးဟောင်းမွန်မြို့တစ်မြို့ ဖြစ်၏။ ...မြတ်စွာဘုရားရှင် (၈) ဝါရချိန်

သက္ကရာဇ် ၁၁၁ခု၊ ဟေမန္တဥတုအတွင်း ရာမညတိုင်း၊ ယောနကတိုင်းများသို့ ဒေသစာရီကြွချီတော်မူ၏။ ထိုသို့ ကြွချီရာတွင် မာလကာမြို့၊ သောက္ကတဲမြို့၊ အယုဒ္ဓယဒွါရဝတီမြို့၊ ထားဝယ်မြို့၊ လင်ဖွန်းမြို့များသို့ လှည့်လည်ပြီးနောက် အိမ်ခြေ (၅၀၀) ရှိ ရွာကြီးတစ်ရွာသို့ ရောက်ရှိ၏။ ထိုရွာ၏ အကြီးအကဲမှာ သုမန ဖြစ်၏။ မြတ်စွာဘုရား ကြွလာကြောင်းသိရသောအခါ ရွာသူကြီးသုမနသည် မြတ်စွာဘုရားနှင့် ရဟန္တာ (၅၀၀) အတွက် ကျောက်ဖျာ (၅၀၀) ချပ်ခင်း၍ ဆွမ်းကျွေး၏။

ထိုရွာ၏ မူလအမည်မှာ မုတ္တမ မွန်ဘာသာဖြင့် ကွမ်းဖရဲပတိုင်၊ ပဲခူးမွန် ဘာသာဖြင့် ကွမ်းဖရဲပတီဟု ခေါ်၏။ မြန်မာဘာသာဖြင့် သဲအေးမြရွာဟု အဓိပ္ပာယ်ရ၏။ သည့်နောက် ဖရဲပတိုင်၊ ဖရဲပတီမှ မြပတီ၊ ထိုမှ ယခု မြဝတီဖြစ်လာ၏။ ပြင်သစ်ပညာရှင် EMMANUAL GULLON က မြဝတီကို မွန်ဘာသာအားဖြင့် ချင်ဗြဝတီ (BravWati) ဟု ခေါ်၏။ သည့်နောက် ထိုမြို့သည် မိန်းမမြို့ဖြစ်သည်ဟု ရေးသားခဲ့၏။

မြဝတီမြို့သည် မွန်အမျိုးသား မြဝတီဝန်ကြီးဦးစနှင့် ဆက်စပ်နေသည်ဟု အချို့ကယူဆ၏။ ရာဇဝင်မှတ်တမ်းများအရ ဝန်ကြီးဦးစအား မြဝတီမြို့ကို အစားကံကျွေး ပေးသနားတော်မူသည်ဟုဆို၏။ သို့သော် ထိုမြဝတီသည် မည်သည့်ခရိုင်၊ မည်သည့်ဒေသမှ မြဝတီဖြစ်သည်ကို ဖော်ပြထားခြင်းမရှိ။ မြဝတီမြို့ကလည်း (၂) မြို့ရှိနေ၏။ တစ်မြို့မှာ ဆိုခဲ့သည့်အတိုင်း ထိုင်း-မြန်မာနယ်စပ် သောင်ရင်းမြစ်ကမ်းပေါ်ရှိ မြဝတီမြို့ ဖြစ်၏။ အခြားတစ်မြို့ကား မြန်မာပြည်အလယ်ပိုင်း သရက်ခရိုင် ကာမမြို့နယ်အတွင်း ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် တည်ရှိ၏။ သည့်ကြောင့် ဝန်ကြီးဦးစ စားရသော မြဝတီမြို့သည် အချို့က သောင်ရင်းမြစ်ကမ်းပေါ်ရှိ မြဝတီကို ယူလို၏။ အချို့က ဧရာဝတီအနောက်ဘက်ကမ်းရှိ မြဝတီကိုယူလို၏။ မြန်မာပြည်အလယ်ပိုင်း သရက်ခရိုင်ရှိ မြဝတီမြို့၏ သမိုင်းကား ဤသို့တည်း။

❐

နရသီဟပတေ့မင်း လက်ထက် တရုတ်တပ်များ ပုဂံသို့ချီတက်လာသောအခါ အောက်ပြည်သို့ ထွက်ပြေးတိမ်းရှောင်သွား၏။ ရှင်ဒိသာပါမောက်အား တရုတ်မင်း နေပြည်တော်အရောက် ငြိမ်းချမ်းရေးတမန်အဖြစ် စေလွှတ်ခဲ့၏။ ဆရာတော်၏ စွမ်းဆောင်မှုကြောင့် တရုတ်များ တပ်ခေါက်ပြန်ကြ၏။ ထိုအခါ နရသီဟပတေ့သည် ပုဂံသို့ ဆန်တက်လာ၏။ ပြည်မြို့အနောက်ဘက်ကမ်း ရွှေဘုံသာတွင် စခန်းချရပ်နားစဉ် သားတော် သီဟသူ အဆိပ်ခတ်လုပ်ကြံသဖြင့် နတ်ရွာစံရ၏။

ထိုသို့ အဖအားသတ်သည့်အပြစ်များ ပြေပျောက်စေရန် ဖခမည်းတော်၏ မင်းမြောက်တန်ဆာမှ မြတစ်လုံးစီဌာပနာ၍ ဘုရားကိုးဆူတည်ထားခဲ့၏။ ဤသည်ကို အကြောင်းပြု၍ ထိုအရပ်ကို မြဝတီဟု သမုတ်၏။ ထို့ကြောင့် ထိုမြဝတီသည် ပုဂံပျက်ပြီးစကာလကပင် ထင်ရှားလာသည်ဟု ဆိုဖွယ်ရှိ၏။ ဝန်ကြီးဦးစ စားရသော မြဝတီမြို့သည် သရက်ခရိုင်ရှိ မြဝတီမြို့ ဖြစ်သည်ဟု ယူဆသူတို့က မြဝတီမြို့ကို ဦးစသာ စားရသည်မဟုတ်၊ မင်းညီမင်းသားများအားလည်း ကံကျွေးချ ပေးသနားခဲ့ကြောင်း အကြောင်းပြကြ၏။

အလောင်းမင်းတရားကြီး လက်ထက် ဘိုးတော်ဘုရားသည် ဗဒုံမြို့နှင့် မြဝတီမြို့များကို စားရ၏။ အလောင်းမင်းတရားကြီး၏ ကိုယ်လုပ်တော် ကျောက်မြောင်းကတော်က ဖွားမြင်သည့် သားတော် သတိုးမင်းကျော်အား ဘိုးတော်ဘုရားလက်ထက်တွင် မြဝတီမြို့ကို အသုံးကံကျွေးပေးသနားခဲ့၏။

ဘကြီးတော်ဘုရားလက်ထက် အိမ်ရှေ့မင်း၏ သားတော်လတ် မြဝတီမင်းသားနှင့် တောင်ငူထိပ်ထားကို ထိမ်းမြားတော်မူရာ ပညာရှိအမတ် ဒုတိယနဝဒေး 'ဖြန့်စန်းစက်ရွှေ ခန့်ညွန်းတက်စေ၊ မြန့်ကျွန်းချက်ပွေ' ချီ မင်္ဂလာရတုပိုဒ်စုံ စီကုံးဆက်သွင်းရကြောင်း မှတ်တမ်းမှတ်ရာရှိခဲ့၏။ သည့်ကြောင့် အိမ်ရှေ့မင်း၏ သားလတ်သည် မြဝတီမြို့စား ဖြစ်ကြောင်း သိရ၏။

မင်းညီမင်းသားများအား အစားကံကျွေးချပေးရာတွင် ရွှေမြို့တော်နှင့် အနီးဆုံးမြို့ကိုသာ ချပေးလေ့ရှိ၏။ သည့်ကြောင့် ဖော်ပြပါမင်းညီမင်းသားစားရသော မြဝတီသည် သရက်ခရိုင်ရှိ မြဝတီဖြစ်ပြီး ဦးစစားရသော မြဝတီသည်လည်း ထိုမြဝတီပင် ဖြစ်သည်ဟု ယူလိုကြ၏။ သို့သော် ဤအချက်တစ်ချက်တည်းနှင့် ဦးစစားရသော မြဝတီသည် သရက်ခရိုင်ရှိ မြဝတီဖြစ်သည်ဟု တစ်



www.burmeseclassic.com

www.burmeseclassic.com

ထစ်ချ ယူဆ၍မရ။ သောင်းရင်းမြစ်ကမ်းက မြဝတီလည်း ဖြစ်နိုင်၏။ ယင်းမြို့ကို ပြင်သစ်ပညာရှင် EMMANUAL GULLON က မွန်ဘာသာဖြင့် ချင်ဗြဝတီ (Brav Wati) ဟု ခေါ်ပြီး မိန်းမမြို့ဟု အဓိပ္ပာယ်ရကြောင်း ရေးသားခဲ့၏။

ရေးမြို့အနီး ချောင်းကမ်းပါးတစ်နေရာတွင် မြို့ဟောင်းတစ်ခုရှိ၏။ ထိုမြို့ဟောင်း၏ မြို့ရိုးနှင့်ကျုံးများ တွေ့ရှိရ၏။ မြေမြို့ရိုး၏ တစ်ဖက်တစ်ချက်တွင် ကျောက်တုံးစီထားသည့် မြို့ရိုးနှစ်ခုတွေ့ရှိရ၏။ ထိုမြို့ကို မိန်းမမြို့ဟု ခေါ်၏။ အမျိုးသမီးအပျိုစင်များသာနေထိုင်၏။ အမျိုးသားများ မြို့တံခါးဝကို ကျုံးကျော် ဝင်ရောက်လာပါက ခေါင်းဖြတ်သတ်လေ့ရှိ၏။

တစ်ခါတွင် မိန်းမမြို့အကြီးအကဲတစ်ဦးသည် ဂိတ်ဝမှဝင်ရောက်လာသော အမျိုးသားတစ်ဦးကို တွေ့၏။ ယင်းအမျိုးသားကို ကွပ်မျက်ရန် ဓားကိုထုတ်သောအခါ ဓားသည် သူ၏လက်မှလွတ်ကျသွား၏။ ထိုအမျိုးသမီးလည်း ထိုယောကျာ်း၏ ဖမ်းဆီးခြင်းခံရပြီး ထိုယောကျာ်းနှင့် အိမ်ထောင်ပြုလိုက်ရ၏။ ကျန်သည့်အမျိုးသမီးအပျိုစင်များသည် သူ့ကဲ့သို့ အခြားယောကျာ်းများနှင့် အိမ်ထောင်ပြုလိုက်ရ၏။

မိန်းမမြို့သည်လည်း အမျိုးအနွယ်မထင်ရှားသူတစ်ဦး ဦးဆောင်၍ ဝင်ရောက်တိုက်ခိုက်သဖြင့် ပျက်စီးခဲ့ရ၏။ ထိုအမျိုးသားသည် Thuthe နယ်တွင်နေထိုင်သူ ဖြစ်၏။ Thuthe နယ်သည် မိန်းမမြို့၏ အနောက်တောင်ဘက်ရှိ ကျွန်းတစ်ကျွန်းတွင် တည်ရှိ၏။ ထိုသူသည် မိန်းကလေးများနှင့် ပစ္စည်းဥစ္စာများကို မြို့သို့သယ်ဆောင်သွား၏။ ထို Thuthe နယ်သည်လည်း နောက်ပိုင်းတွင် ပင်လယ်ရေလွှမ်းမိုး၍ ပျက်စီးသွား၏။ တစ်ခါတစ်ခါတွင် Thuthe နယ်၏ ကမ်းခြေတွင် ကျောက်များနှင့် ရှေးဟောင်းပစ္စည်းများ တွေ့ရှိရ၏။ မိန်းမမြို့အနီးတွင် ကျောက်ပုံတစ်ပုံရှိ၏။ ယင်းကျောက်ပုံသည် မြို့သို့ ကျုံးကျော်ဝင်ရောက်လာသည့် ယောကျာ်းများအား ခေါင်းဖြတ်သတ်ဖြတ်သည့် အထိမ်းအမှတ်ဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။

မြန်မာနှစ် ၇၄၄ ခုနှစ်တွင် ရာဇာဓိရာဇ် ဟံသာဝတီ၌ နန်းတက်၏။ ရာမညဒေသကို မုတ္တိမမဏ္ဍလ၊ ဟံသာဝတီမဏ္ဍလ၊ ကုသိမမဏ္ဍလ စသည်ဖြင့် ပိုင်းခြားအုပ်ချုပ်၏။ မြဝတီမြို့သည် ထိုစဉ်က မုတ္တိမမဏ္ဍလမုတ္တမ် (၃၂) မြို့တွင် ပါဝင်၏။

မြန်မာနှစ် ၁၁၂၈ ခုနှစ်၊ ပြာသိုလဆုတ် ၂ ရက် ကောက်ယူခဲ့သော မုတ္တမ (၃၂) မြို့စစ်တမ်း (မွန်ဘာသာ) လာ မြဝတီမြို့၏ နယ်အပိုင်းအခြားကား မုတ္တမမြို့မှ မြဝတီမြို့အနောက်(၃၂) တိုင်၊ မြဝတီမြို့၏အရှေ့ဘက်ရှိ မေလမဲချောင်း၏အနောက်ဘက်သည် မြဝတီမြို့တွင် ပါဝင်၏။ ယင်းချောင်း၏အရှေ့ဘက်သည် ယိုးဒယားနယ်တွင် ပါဝင်၏။ (၁) ရက် (၁၀)တိုင် မြဝတီမြို့မှတောင်ဘက် ဖောင်ဂေါ်လောတောင်သည် ကလိတ်မြို့နယ်မြေတွင် ပါဝင်၏။ (၁) ရက် (၁၀) တိုင် မြဝတီမြို့မှ အနောက်ဘက် ခနိုင်းချောင်းသည် ဇွဲယနှင့် ကလိတ်မြို့နယ်မြေတွင် ပါဝင်၏။ (၉) တိုင် မြဝတီမြို့မှ မြောက်ဘက် မေလမဲမြစ်ဝသည် ဇင်းမယ်မြို့နယ်တွင် ပါဝင်၏။ (၁၂)တိုင် မြဝတီမြို့မှ အရှေ့ဘက် ကသော့ဆိပ်သည် ကလိတ်မြို့နယ်မြေတွင် ပါဝင်၏။ (၄) တိုင် မြဝတီမြို့မှ အနောက်တောင်ဘက် ဇရီချောင်းသည် ဇွဲယနယ်မြေတွင် ပါဝင်၏။ (၅) တိုင် မြဝတီမြို့မှ အနောက်မြောက်ဘက် ခရစ်ဗင်းသည် ဂျိုင်းမြို့နယ်မြေတွင် ပါဝင်၏။ (၈)တိုင်မြဝတီမြို့မှ အနောက်မြောက်ဘက် ခမ္ဘဂိတ်ချောင်းဝသည် ဇင်းမယ်မြို့နယ်မြေတွင် ပါဝင်၏။ (၁၂) တိုင်ဟု ဖော်ပြထား၏။

သို့သော် ဖော်ပြပါ မြဝတီမိန်းမမြို့နှင့် ရေးမြို့အနီးရှိ မိန်းမမြို့တို့သည် မင်းဘုန်းအိမ်ပြောသော မိန်းမမြို့နှင့် ဆက်စပ်ပတ်သတ်ခြင်းကား မရှိ။ သည့်နောက် ကျွန်တော်သည် မင်းဘုန်းအိမ်ပြောသည့် မိန်းမမြို့ဖြစ်နိုင်သောမြို့များအကြောင်းကို တောင်စဉ်ရေမရ တစ်ခုပြီးတစ်ခု စဉ်းစားရင်းလိုက်ပါလာ၏။

ကော့ဂွန်းဂူမှရသော မွန်ကျောက်စာတစ်ချပ်ရှိ၏။ သထုံရွှေစာရံ ဘုရားဝင်းအတွင်းရှိ ယင်းကျောက်စာ၏ မိတ္တူကျောက်စာတိုင်တွင် 'ကျွန်ုပ်သည် ဒုအ်ဝေါပ်မြို့၌ (နေ့စဉ်) ထုလုပ်၏။ (၇) ဒုအ်ဝေါပ်မြို့၌လည်းကောင်း ရှိသမျှသော မြေနှင့် ကျောက်ဘုရားတို့ကို (၁၄) ကျွန်ုပ်နှင့် ကျွန်ုပ်၏ တပည့်သည်သာလျှင် ထုလုပ်၏။ (၁၈) အခြားသော ဆရာတို့အား ကျောက်ဘုရားကို ထုလုပ်စေ၏' ဟူ၍ ဖြစ်၏။

ကျောက်စာပါ မုတ္တမမိဖုရား၏ အမည်ကား မုယ်တဲ (Muhh Tah) ဖြစ်၏။ ထိုမိဖုရားနေထိုင်သည့် ဒုအ်ဝေါပ်မြို့ကိုကား ကျောက်စာကသော် လည်းကောင်း သမိုင်းမှတ်တမ်းများကသော် လည်းကောင်း ဖော်ပြထားခြင်း မရှိ။ အချို့က မော်လမြိုင်မုတ္တမ၏ မြောက်ဘက်၊ အချို့က တောင်ဘက်၌ရှိသည်ဟု ဆိုကြ၏။ မင်းဘုန်းအိမ်ပြောသည့် တောင်ပေါ်မိန်းမမြို့သည် ဒုအ်ဝေါပ်မြို့ ဖြစ်နေမလား၊ မီးခိုးကြွက်လျှောက်တွေးမိ၏။

ကားဘရိတ်အုပ်သံနှင့်အတူ ကား တစ်စီးလုံးထိုးရပ်သွား၏။ သည်တော့ ကျွန်တော့်အတွေးအမျှင်တို့ကပြတ်သွားပြီး ဘေးဘီဝဲယာကို လှမ်းကြည့်လိုက်၏။ ဖယ်ဒိုရွာအဝင်လမ်းဝတည့်တည့် ရောက်နေပေပြီ။ ယင်းရွာအဝင်လမ်း၏ မျက်နှာချင်းဆိုင်အရှေ့တည့်တည့် တွင် ရော်ဘာတောသို့ဝင်သွားသော လှည်းလမ်းတစ်ခုရှိ၏။ ကားကို ထိုလမ်း အတိုင်းမောင်း၍ တောင်ပေါ်တက် မည် ဖြစ်၏။ ကတ္တရာလမ်းမပေါ်တွင် ကား အသွားအလာရှင်းသွားသောအခါ ဒရိုင်ဘာက ကားကို ဘယ်ဘက်သို့ ကွေ့ပြီး ရော်ဘာတောထဲ မောင်းဝင် သွား၏။ လှည်းလမ်းဖြစ်သဖြင့် လှည်း ဘီးရာ တစ်ဖက်တစ်ချက်ချိုင့်ခွက်များ ဖြစ်နေ၏။ အချို့ချိုင့်ကား အတန် နက်၏။ သည့်ကြောင့် ကားကို ထင် သလိုမောင်း၍ မရ။ တစ်ဘီးချင်းလိုမျှ မောင်းရ၏။ တစ်ခါတစ်ခါတွင် လှည်း လမ်းကြောင်းကို ခွ၍မောင်းရ၏။ မိနစ် နှစ်ဆယ်၊ အစိတ်ခန့် မောင်းပြီးသော အခါ ကားကိုရပ်လိုက်၏။

ကျွန်တော်တို့အားလုံး ကားပေါ် မှ ဆင်းလိုက်ကြ၏။ သည့်နောက် မင်းဘုန်းအိမ် မြို့ရိုးဟုပြောသော ရာကို လိုက်ကြည့်၏။ ယင်းနေရာသည် ကားရပ်ထားသည့်လမ်း၏ ဝဲဘက်ဘေး တွင်ရှိ၏။ အမြင့် (၂)ပေ၊ (၂)ပေခွဲ ရှိ မြေသားနံရံကို အပြင်မှကျောက် စီထား၏။ ယင်းမြေသားသည် ဖို မဟုတ်။ မြေသားကိုခုတ်ချပြီး ကျောက် ထားခြင်းသာ ဖြစ်၏။ မြို့ရိုးဟု ယူ နိုင်သောအရာမဟုတ်။ အပေါ်ခြမ်း အောက်ခြမ်းကို ပိုင်းခြားသတ်မှတ် သောအရာသာဖြစ်၏။ ယင်းနေရာ လုံးသည် ရော်ဘာတောချည်းဖြစ်

ကျောက်တုံးနံရံမှ အပေါ် အနည်းငယ် လျှောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com

မင်းဘုန်းအိမ်ပြောသည့် မိကျောင်းကန်ကို တွေ့ရ၏။ ကန်သည် အတော်ကျယ်ကျယ်ဝန်းဝန်းရှိ၏။ ပေ(၉၀)၊ (၁၀၀)ပတ်သည်ခန့်ရှိမည်။ နက်လည်းနက်၏။ ရေကား မရှိ။ ခန်းခြောက်နေ၏။ ကန်အောက်ခြေ တောင်ဘက်တစ်နေရာတွင် ကျောက်မိကျောင်းရုပ်တစ်ခု ရှိ၏။ မိကျောင်းရုပ်ကား မိကျောင်းရုပ်ပီပီပြင်ပြင်မရှိတော့။ မိကျောင်းရုပ်တွင် ပစ္စည်းရှိရာ ထုခြေထားသဖြင့် အတော်အတန်ပျက်စီးနေပေပြီ။ မိကျောင်းရုပ်သဏ္ဌာန်သာရုံမျှသာ ကျန်တော့၏။ ကျောက်မိကျောင်းရုပ်ကို ကြည့်ရှုပြီးသောအခါ ကန်ဘေးနှင့် ကန်စောင်းများကို လိုက်ကြည့်ရာ ကန်ဘေးနံရံနှင့် ကန်စောင်းတို့တွင်တူးထားသည့် မြေကျင်းသုံး၊လေးခုတွေ့ရ၏။ ထိုနေ့က ကျွန်တော်တို့ရော်ဘာတောမှ ထွက်လာသဖြင့် ရှေ့ဆက်ထက်လာကြ၏။

မြို့ရိုးဟု လူအများ ပြောနေကြသည့်နေရာသို့ရောက်သောအခါ ကားကို ရပ်လိုက်ပြန်၏။ အတွင်းဘက်ကြည့်လျှင် (၁၅) ပေ အမြင့်ခန့် ရှိသေး၏။ အောက်ခြေ (၁၀) ပေခန့်ရှိမည်ဟု ခန့်မှန်းရ၏။ မြောက်မှတောင်သို့ ပေ(၁၅၀) ခန့် ရှိပေမည်။ အတွင်းဘက်တွင် မြေပြင်သည် ပြန့်ပြန့်ပြူးပြူးရှိ၏။ ဘုရားပေါ်တက်သည့်လမ်းဖောက်စဉ်က ဖြတ်ခုတ်ထားသောနေရာသည် မြို့ရိုးဟုယူဆနိုင်သောနေရာ ဖြစ်၏။ ယင်းမြို့ရိုး၏ အတွင်းဘက်တွင် မြေပြင်သည် ပြန့်ပြန့်ပြူးပြူးဖြစ်၏။ ယင်းမြေပြန့်သည် စေတီတည်ရှိရာ တောင်ခြေအထိရှိ၏။ လက်ယာဘက်တွင် မြေပြင်တည်ဆောက်ဖို့ အစဉ်အတိုင်း လျှောဆင်းသွား၏။ ဤနေရာသည် မြို့ရိုးဟု ဆိုရလောက်အောင် အခြားအထောက်အထားဘာမျှမတွေ့ရ။ စစ်ဘေးစစ်ဒဏ်ရှောင်တိမ်းခြင်း ပုန်းအောင်းခိုနားရန် ယာယီအားဖြင့် တည်ထားသည့်မြို့ကား ဖြစ်နိုင်၏။

ကျွန်တော်တို့ မြို့ရိုးကိုလိုက်ကြည့်ပြီးနောက် ဘုရားဖူးရန် ဘုရားရှိရာတောင်ခြေရင်းသို့ ကားကို မောင်းထွက်လာ၏။ တောင်ထိပ်ပေါ်ရှိ စေတီကားသိပ်ကြီးကျယ်ကျယ်မဟုတ်။ စေတီကိုတွေ့လာသောအခါ အလွန်ရှေးကျသည်ဟု မပြောသာ။

ကျွန်တော်နှင့် မင်းဘုန်းအိမ်တို့ ဘုရားပေါ်က ဆင်းလာကြသောအခါ ဆရာလေးညီနှင့် ဗညားဂုဏ်တို့ ဘုန်းကြီးကျောင်းပေါ် ရောက်နေပေပြီ။ ကျွန်တော်တို့နှင့် မင်းဘုန်းအိမ်လည်း ဘုန်းကြီးကျောင်းပေါ်တက်ပြီး ဦးပဥ္စင်းနှင့် စကားစမြည်ပြော၏။ ဦးပဥ္စင်းက လယ ဟူ၍ ကျောင်းတိုင်တွင် 'ဘာလျှင်ချောက် ရန်ကုန်ဘာလေးကျောင်း' ဟူသော စာတန်းကို ချိတ်ဆွဲထား၏။ သည့်ကြောင့် တောင်ပေါ်က ဘုရားဘွဲ့အမည်ကို မေးလျှောက်ကြည့်၏။ ဦးပဥ္စင်းက ရန်ကုန်စေတီဟု ဖြေ၏။ ကျွန်တော် ဘဝင်မကျ၍ ပြန်လာသည်အထိ ဦးပဥ္စင်းအား ဘာမှ ပြန်မပြောမိ။

အမှန်စင်စစ် ရွှေတိဂုံကလေးစေတီသည် ယခုတောင်ညိုတောင်တန်းထိပ်တွင် တည်ရှိသောစေတီ မဟုတ်။ မုဒုံမြို့နယ် ဝက်တဲကျေးရွာ လှာဒိန်းဝင်းအင်းအနီးတွင် တည်ရှိ၏။ ဝက်တဲကျေးရွာ ပင်လယ်ကမ်းခြေတွင်မူ ကျိုက်ပွတ်ဘုရားခေါ် (အလံပြဘုရား) ရှိ၏။

မြန်မာနှစ် ၁၁၁၀ ပြည့်နှစ်တွင် အလောင်းဘုရား ဦးအောင်ဇေယျ မွန်တို့၏ ဟံသာဝတီကို ဝင်ရောက် သိမ်းပိုက်၏။ မွန်အမျိုးသား၊ အမျိုးသမီးအမြောက်အမြား ယိုးဒယားသို့ ထွက်ပြေးတိမ်းရှောင်သွား၏။ ထိုသို့ တိမ်းရှောင်သွားရာ လူစုကွဲသွား၏။ ကွဲသွားသောလူစု ပြန်စုနိုင်ရန် ရည်ရွယ်၍ ကျိုက်ဖြူ (အလံပြဘုရား) ကို တည်၏။ အချို့ကမူ ထွက်ပြေးတိမ်းရှောင်သွားသည့် မွန်တပ်မှ စစ်သူကြီးတစ်ဦး ဦးဆောင်သည့်အဖွဲ့တွင် စစ်သူကြီးကတော်နှင့် လက်အောက်ငယ်သားအချို့ လမ်းခရီးတွင် သေဆုံးသွား၏။ စစ်သူကြီးက ယင်း၏ဇနီးကို လွမ်းဆွတ်သတိရသည့်အနေဖြင့် ကျိုက်ဖု (အလံပြဘုရား) ကို တည်၏။ ယင်းဘုရားစေတီအနီးတွင် အမျိုးသမီးတစ်ဦး၏ ရုပ်တုကိုလည်း ယနေ့တိုင် ထင်ထင်ရှားရှား မြင်တွေ့နေရသေးသည် ဆို၏။

သည့်နောက် စစ်သူကြီးနှင့် နောက်လိုက်များသည် အထက်ဖော်ပြပါနေရာမှ လှေများဖြင့် ရေလမ်းခရီး ...တိုင်း ဆန်တက်လာရာ လှာဒိန်းဝန်းအင်းအနားတွင် ခေတ္တနားနေကြ၏။ အချို့မှ ရှေ့ဆက်မလိုက်တော့ဘဲ ထိုနေရာတွင် အလျဉ်းသင့်သလို နေထိုင်ကြ၏။သည့်နောက် ၁၁၁၉ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဒဂုံမြို့ရှိ ရွှေတိဂုံစေတီတော်အား ရည်စူး၍ ထိုအင်းတောတွင် ရန်ကုန်ကလေးစေတီကို တည်ထားခဲ့၏။ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ဘုရားပွဲတော် ကျင်းပလေ့ရှိ၏။ သည့်ကြောင့် ရန်ကုန်ကလေးစေတီသည် ဦးပဥ္စင်းပြောသလို တောင်ပေါ်တွင်ရှိသည်။ ဝက်တဲကျေးရွာတွင် ရှိ၏။

ဦးပဥ္စင်းပြောသည့် တောင်ညိုတောင်တန်းထိပ်တစ်နေရာရှိ စေတီသည် ရန်ကုန်ကလေးစေတီ မဟုတ်၊ ကျာ်ဂ(ကျိုက်ဂမယ်)စေတီ (နွားကျောင်းသားစေတီ) ဖြစ်၏။ အလောင်းဘုရား ဟံသာဝတီကို ဝင်ရောက် တိုက်ခိုက်သောအခါ သူကြွယ် (၀၊) မွန်အကြီးအကဲတစ်ဦး ပစ္စည်းဥစ္စာ၊ အခြွေအရံ နောက်လိုက်ပါများနှင့်တကွ တောင်ပေါ်သို့ ရောက်ရှိလာ၏။ မိမိပစ္စည်းများကို ကန်ကျုံး၍ မြှုပ်၏။ ပစ္စည်းရှိသလောက် အမှတ်အသားအဖြစ် ကျောက်မိကျောင်းရုပ်တစ်ခု ပညာသားပါပါနှင့် ပြုလုပ်ထား၏။ ထိုမိကျောင်းကိုယ်ပေါ်တွင် မွန်ဘာသာဖြင့် (ကျာ်ချင်) ရေမိကျောင်းဟု ရေးသားထား၏။ မိကျောင်းရုပ်သည် မလှမ်းမကမ်း မီးတောင်ပေါ်ရှိ ဘုရားကို ဦးခိုက်နေသည့်ဟန် ပြုလုပ်ထား၏။ ပစ္စည်းမြှုပ်ထားသည်ကို သိသဖြင့် လူအများ ဝိုင်းရှာဖူးသော်လည်း တစ်စုံတစ်ရာမရခဲ့။

လွန်ခဲ့သည့် နှစ်ပေါင်း (၇၀) ခန့်က ထိုင်းလူမျိုး (၄) ဦး တောင်ပေါ်သို့ ရောက်လာပြီး နွားကျောင်းသားတစ်ဦးနှင့်တွေ့၏။ နွားကျောင်းသားသည် ထိုကုန်းစေတီအနီးတွင် အမြဲတစေရှိနေတတ်၏။ နွားကျောင်းသားကို အစွဲပြု၍ ထိုစေတီကို ကျိုက်ဂမယ်ဂလယ် (နွားကျောင်းသားစေတီ) ဟု ခေါ်၏။ နွားကျောင်းသားက မိကျောင်းကန်နှင့် မိကျောင်းရုပ်ကို ထိုင်းလူမျိုးများအား ပြသ၏။ နောက်နေ့တွင် ထိုထိုင်းလူမျိုး (၄) ဦးကို နွားကျောင်းသား ရှာမတွေ့တော့။ မိကျောင်းကန်ရှိ မိကျောင်းနားတွင် ရတနာသတ္တာများကိုသာ တွေ့ရသည်ဆို၏။

မိကျောင်းကန် ကမ်းပါးနံရံထိပ်ရှိ မြေကျင်းငယ်များသည် ရတနာသေတ္တာထုတ်ယူသွားသည့်မြေကျင်းဖြစ်မည်ဟု ယူဆရ၏။ သည့်ကြောင့် သည်အနီးအနားဝန်းကျင်တစ်ဝိုက်မှာ မင်းဘုန်းအိမ်ပြောသလို မြို့ဟောင်းလည်း မဟုတ်၊ မိန်းမမြို့လည်းမဟုတ်။ စစ်ဘေးစစ်ဒဏ်ပုန်းအောင်းနိုင်ရန် စီမံထားသောနေရာသာ ဖြစ်၏။

နိုင်ခင်မောင်ဒေး



www.burmeseclassic.com

(ရွှေပြည်သာ)

# မေတ္တာရှင်

## ပိုက်ဆံပေး၍ တရားဟောသူ

ပိုက်ဆံပေးပြီး တရားဟောသူမှာ စာရေးသူကိုယ်တိုင်ပင် ဖြစ်သည်။ မှတ်မှတ်ရရ ပိုက်ဆံပေးပြီး ဟောခဲ့ရသော တရားပွဲနှစ်ပွဲရှိသည်။ တစ်ပွဲက တွံတေးမြို့နယ် အရှေ့အရိုးထောင်ရွာမှာဖြစ်ပြီး နောက်တစ်ပွဲက ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မေဓာဝီကျောင်းတိုက်ထဲမှာ ဖြစ်သည်။ ပထမတရားပွဲက လူလေးရာခန့်ရှိပြီး ဒုတိယတရားပွဲက အသက်လေးဆယ်ကျော်အမျိုးသမီးတစ်ဦးသာ ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

တိုက်တိုက်ဆိုင်ဆိုင်ပင် တရားပွဲနှစ်ပွဲလုံး ငွေရှစ်သောင်းစီပေးခဲ့ရသည်။ တွံ့တေးမြို့တရားပွဲမှာ ပရိသတ်တစ်သောင်းကျော်အောင် များပြားစည်ကားသောတရားပွဲ ဖြစ်သည်။ ပရိသတ်ရေတွက်နည်းလေးပေးပါမည်။ ဓမ္မကထိကဆရာတော်က ယခုလိုသြဝါဒ အကျဉ်းအား ရေးပေးလိုက်ပါ။

- မကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။
- ကောင်းကွက်ကိုသာကြည့်မည်ဆိုလျှင်မပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။

ထိုသြဝါဒလေးကို A4 စာရွက်တစ်ရွက်မှာ ဆယ်ရွက်စာလောက်ရအောင် ကွန်ပျူတာစီပါ။ လျှောက်လွှာတစ်ရွက်လျှင် သြဝါဒလက်ကမ်းဆယ်ရွက်စာရရာ လျှောက်လွှာတစ်ထောင်မိတ္တူဆွဲလိုက်လျှင် သြဝါဒလက်ကမ်းနှစ်သောင်းရသည်။ ထိုနှစ်သောင်းကို ညနေမှစ၍ တရားပွဲလာသမျှ ပရိသတ်များကို တစ်ယောက်တစ်ရွက်ရအောင်ဝေပါ။

တရားပွဲစချိန်၌ ပိုနေသော လက်ကမ်းသြဝါဒကိုရေတွက်ကြည့်လိုက်လျှင် လာသောတရားနာပရိသတ်ကို ရေတွက်ပြီး ဖြစ်တော့သည်။ ဥပမာအားဖြင့် သြဝါဒရွက်ရေ ငါးထောင်ကျန်လျှင် တရားနာပရိသတ်(၁၅၀၀၀)ဖြစ်ကြောင်း သိနိုင်ပေသည်။ တွံ့တေးမြို့ရောက်၍ ပထမည တရားပွဲအပြီးမှာပင် ကလေးတို့၏နှလုံးသားမှာ ဘုရားတည်နေသော ဆရာတော်တစ်ပါးအကြောင်းကို ကြားရသဖြင့် ကြည်ညိုကာ ထိုဆရာတော်ကျောင်းသို့ ထွက်လာခဲ့ကြသည်။

ထိုဆရာတော်သည်ကား တွံ့တေးမြို့ ဓမ္မာလင်္ကာရကျောင်းဆရာတော် ဦးရေဝတပင် ဖြစ်၏။ ထိုဆရာတော်လေးသည် ကရင်တိုင်းရင်းသား ဖြစ်သော်လည်း အဟောအပြောကောင်းသည်။ မိုးကုတ်ရိပ်သာဖွင့်ပြီး အနယ်နယ်အရပ်ရပ်သို့ လှည့်လည်တရားစခန်းဖွင့်ဟောကြားနေသူပင်ဖြစ်သည်။ ထူးခြားသည်ကား ထိုဆရာတော်လေးသည် မိဘမဲ့ကလေးငယ်များကို ကျွေးမွေး ပြုစုစောင့်ရှောက်နေခြင်းပင် ဖြစ်သည်။

ဗုဒ္ဓဘာသာအများစုသည် မြေပြင်ပေါ် ဘုရားတည်ဖို့သာ သတိရကြ၏။ ကလေးများ၏ နှလုံးသားဝယ် ဘုရားတည်ပေးဖို့ မေ့လျော့နေကြ၏။ တစ်ထောင်ဘုရားများတည်သောအခါ တစ်ဆူလျှင် ငါးသိန်းကျပ်ကုန်ကျရာ အဆူတစ်ထောင်ဆိုလျှင် သိန်းပေါင်း ငါးထောင်ကျော်ကုန်ကျ၏။ ထိုသိန်း





www.burmeseclassic.com

www.burmeseclassic.com

ပေါင်းငါးထောင်သည် ဆယ့်ငါးနှစ် မပြည့်မီမှာပင် ကြွေကျမြေခပြီး ပျက်စီးရသည်။

အဘယ်ကြောင့်နည်း။ အမိုးအကာမပါဘဲ လွင်တီးခေါင်မှာထားသော ရုပ်ပွားတော်များသည် မိုးရွာလျှင် မချိုးချင်သော်လည်း မိုးရေချိုးကြရ၏။ နေပူပြန်လျှင် မလှုံချင်သော်လည်း နေဆာလှုံကြရ၏။ ထို့ကြောင့် အင်္ဂတေဖြင့် လုပ်ထားသော ရုပ်ပွားတော်များသည် (၁၅) နှစ်ကျော်ခန့်ကြာလျှင် ပျက်စီးပြီး မြေကြီးဘဝသို့ ရောက်ကြရသောကြောင့်ပင်တည်း။

မြေပြင်မှာတည်သော ဘုရားများသည် ထိုသို့ ခဏနှင့်ပျက်စီးရသော်လည်း ကလေးများ၏ နှလုံးသားဝယ် တည်လိုက်သော ဘုရားများကား ထိုကလေး၏ ဘိုးစဉ်ဘောင် ဆက်လက်ဆင့်ကမ်းသွားသောကြောင့် ဘယ်သောအခါမှ မပျက်တော့ချေ။ ဓမ္မာလင်္ကာရကျောင်းမှ ဆရာတော်ကလေးသည် ကလေးများ၏ နှလုံးသားဝယ် ဘုရားတည်ပေးနေခြင်းပင်ဖြစ်၏။

အကယ်၍ ထိုဆရာတော်သာ ကလေးများကို လက်ခံစောင့်ရှောက်ခြင်း မပြုလျှင် ဆရာတော်ဆီရောက်နေသော ကလေး (၁၂၀) ကျော်လုံး ဘာသာခြားများလက်ထဲသို့ ရောက်ကြရမည်ဖြစ်၏။ ဘာသာခြားတို့၏ပရဟိတကျောင်းများသည် လာသမျှကလေးများကို လက်ခံနိုင်၏။ စာရေးသူသည် ဗုဒ္ဓဘာသာတိုင်း သတိပြုသင့်သော စာပိုဒ်လေးတစ်ပိုဒ်ကို 'မေတ္တာဖြင့် စီးပွာရှာခြင်း' စာအုပ်တွင် ယခုလို ရေးသားဖူးသည်။

(မှတ်ချက် - ယခုထိုဓမ္မာလင်္ကာရကျောင်းသို့ စာရေးသူမှ တစ်လလျှင် ကျပ်သုံးသိန်းထောက်ပံ့ပေးလျက်ရှိ၏)

❐ *ဘာသာခြားတွေက ဗုဒ္ဓဘာသာထဲ ပြောင်းလာတာလည်းရှိသည်။ ဗုဒ္ဓဘာသာတွေက ဘာသာခြားထဲ ပြောင်းသွားတာလည်း ရှိသည်။ သို့သော် ရည်ရွယ်ချက်ချင်းမတူကြ။ ဘာသာခြားများ ဗုဒ္ဓဘာသာထဲသို့ ပြောင်းလာခြင်းသည် ဗုဒ္ဓဘာသာက သူတို့ဘာသာထက် မြတ်သောကြောင့်ဖြစ်သည်။ ဗုဒ္ဓဘာသာများ အခြားဘာသာထဲသို့ ပြောင်းခြင်းကား အခြားဘာသာများက ဗုဒ္ဓဘာသာထက် မြတ်သောကြောင့် မဟုတ်၊ ငတ်သောကြောင့်သာ ဖြစ်သည်။*

များသောအားဖြင့် ဆင်းရဲနွမ်းပါးသောကြောင့် ဗုဒ္ဓဘာသာမှ ဘာသာခြားထဲသို့ ပြောင်းသွားသူက များသည်။ ထို့ကြောင့်လည်း စာရေးသူရောက်လေရာ မြို့များတွင် အများဆုံးသွားရောက်လှူဒါန်းသည့်နေရာများမှာ ဆေးရုံနှင့် ပရဟိတကျောင်းများသာဖြစ်သည်။ ယခုလည်း ကလေးတို့နှလုံးသားတွင် ဘုရားတည်ပေးနေသော တွံ့တေးမြို့ ဓမ္မာလင်္ကာရကျောင်း ဆရာတော်လေးထံသွားပြီး လှူဒါန်းထောက်ပံ့မိသည်။ ထိုအခါမှာပင် အံ့ဩစရာ ဘာသာရေးနှင့် ပတ်သက်သော သတင်းထူးတစ်ခုကို ယခုလို သိခဲ့ရသည်။

"ဆရာတော်က တရားလည်းဟော စာလည်းရေးဆိုတော့ ဗုဒ္ဓဘာသာဝင်အားလုံး သိသင့်တဲ့ ဘာသာရေးသတင်းထူးတစ်ခုကို ပြောပြချင်တယ် ဘုရား"

"ပြောပြပါ။ တပည့်တော်လည်း စိတ်ဝင်စားတယ်"

"တွံ့တေးမြို့ကနေ (၁၅) မိုင်လောက်ရှိတဲ့နေရာမှာ အရှေ့အရိုးထောင်ရွာဆိုတာရှိတယ်ဘုရား။ အားလုံး ကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာတွေချည်းပါပဲ။ ပြီးခဲ့တဲ့နှစ်က (၂၀၀၆) ဒီရွာကို ဘာသာခြားသာသနာပြုအဖွဲ့တွေ ရောက်လာကြတယ်။ ရွာထဲမှာ ရက်အတော်ကြာနေထိုင်ပြီး ဗုဒ္ဓဘာသာဝင်တွေကို သူတို့ဘာသာထဲဝင်လာအောင် စည်းရုံးကြတယ်။

သူတို့စည်းရုံးနည်းက အောက်တန်းကျတယ် ဘုရား"

"ဟင် - ဘာဖြစ်လို့လဲ"

"တကယ်ဆို တပည့်တော်တို့ ဗုဒ္ဓဘာသာနည်းအတိုင်း သူတို့ဘာသာရဲ့ ကောင်းကြောင်းတွေကို စိတ်ဝင်စားအောင် ဟောပြပေါ့ ဘုရား။ သူတို့ဟောပြောတာကို သဘောကျလို့ သူတို့ဘာသာထဲဝင်သွားတာ ဘာမှပြောစရာမလိုဘူးဘုရား။ ဒီလိုနည်းနဲ့ သာသနာပြုတာကိုတော့ အထက်တန်းစား သာသနာပြုနည်းလို့ ပြောရမှာပေါ့။

အခု သူတို့က ဘယ်လိုသာသနာပြုသလဲဆိုတော့ ညတိုင်းစတိတ်ရှိုးပွဲကြီးတွေ ကျင်းပတယ်။ တစ်ရွာလုံးကိုလည်း အလှူပယ်ကျွေးတယ်။ သူတို့ဘာသာဝင်အဆိုတော်တွေက နိုင်ငံကျော်တွေချည်းပဲ။ ရန်ကုန်မှာဆိုရင် ပိုက်ဆံငါးထောင်၊ တစ်သောင်းပေးမှ သူတို့ရှိုးပွဲတွေကို ကြည့်ရတာကိုး ဘုရား။ အခုတော့ လယ်ယာပြင်မှာ အခမဲ့သီဆိုဖျော်ဖြေတာဆိုတော့ လာလိုက်ကြတဲ့လူတွေ ဘုရား။ တွံ့တေး တစ်မြို့နယ်လုံးကုန်ရောမှတ်တယ်။

အဆိုကျော် မိန်းကလေးတစ်ယောက် သီချင်းတစ်ပုဒ်ဆိုပြီးတိုင်း ပရိသတ်ထဲက လူငယ်ယောကျ်ားလေးတွေဟာ အမြန်ဆုံးနည်းနဲ့ စင်ပေါ်တက်ပြီး အနမ်းဆုချခွင့်ရှိတယ်။ ဒီတော့ မိန်းကလေးတစ်ယောက် သီချင်းဆိုပြီဆိုတာနဲ့ စင်အောက်က လူငယ်တွေက စင်ပေါ် မြန်မြန်တက်ရအောင် တာစူပြီး နေရာလုနေလိုက်ကြတာဘုရား"

"ဒါ ကာမဂုဏ်နဲ့ မှိုင်းတိုက်ပြီး သူတို့ဘာသာဝင်တွေ တိုးပွားအောင် အောက်တန်းကျတဲ့နည်းနဲ့ သာသနာပြုတာပဲ။ ဦးရေဝတပြောမှ အငြိမ်းစား တပ်ကြပ်ကြီးတစ်ယောက်ရဲ့ ကိုယ်တွေ့ ဘာသာခြား ပန်းဦးလွှတ်ပွဲကြီးတစ်ခု အကြောင်းကို သတိရမိတယ်"

"ဒါဆို ဦးဇဝနပြောမယ့်အကြောင်း ကတောင် ပိုပြီးစိတ်ဝင်စားစရာကောင်းနေတယ်။ ဦးဇဝနတွေ့သိခဲ့ရတဲ့အကြောင်းကို အရင်ပြောပါ ဘုရား။ အရိုးထောင်ရွာကအကြောင်းကိုတော့ ပြီးမှဆက်ပြောမယ် ဘုရား"

"ရှမ်းပြည်နယ်အတွင်း တော်တော်ကြီးခေါင်တဲ့နေရာလို့ပဲမှတ်မိ[illegible]တယ်။ ဒီတပ်ကြပ်ကြီးတော့ ရွှေပြည်သာမှာရှိ[illegible]သေးတယ်။သူနဲ့တွေ့တဲ့အခါကျမှ နေရာဒေသအတိအကျကို ထပ်မေးဦးမယ်။

သူတို့ကတော့ လူငယ်များနေ့[illegible]သတ်မှတ်ထားသတဲ့ အဲဒီရက်နီးလာ[illegible]ဆိုရင် တခြားအရပ်ကလူတွေ သူတို့န[illegible]ထဲကို အဝင်မခံတော့ဘူး။ စစ်သားတွေကိုတော့ မငြင်းရဲလို့ လက်ခံလိုက်ရတာ နေမှာပေါ့။ ဒါတောင် သူတို့ လူငယ်[illegible]ကျင်းပမယ့်နေရာကို တပ်သားတွေ လာ[illegible]မကြည့်ဖို့ တပ်ရင်းမှူးကို လာပြောသတဲ့

တပ်ရင်းမှူးကလည်း သွားမကြည့်ဖို့ အမိန့်တော့တုတ်ရတာပေါ့။ ဒါ[illegible]မယ့် ဇာတ်ပွဲလို၊ အငြိမ့်ပွဲလိုဟာမျိုး[illegible]တော့ သွားကြည့်မိလို့ သိသွားလည်[illegible]ဆူတာငေါက်တာလောက်နဲ့ပဲပြီးမှာပေ[illegible]ကြီးမားတဲ့ပြစ်ဒဏ်တော့မချဘူး ဆို[illegible]လူငယ်စစ်သားတွေသိတယ်။ ဒါကြော[illegible]လည်း ညသန်းခေါင်ရောက်တာနဲ့ လူင[illegible]ပွဲကျင်းပမယ့် ပန်းခြံကြီးပတ်လည်[illegible]ချုံပုတ်တွေထဲမှာ လူငယ်တပ်သား[illegible]ပုန်းလျှိုးကွယ်လျှိုးနဲ့ရောက်နေ[illegible]တာပေါ့။

www.burmeseclassic.com

စစ်သားတွေဆိုတာ တပည့်တော်တို့ ငယ်ဖြူရဟန်းတွေနဲ့ တော်တော်တူတယ်ဘုရား။ တပည့်တော်တို့ ရဟန်းတွေ စာသင်တိုက်တစ်တိုက်ကို ရောက်ပြီဆိုတာနဲ့ အဲဒီစာသင်တိုက်က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြရတာပဲ။ စစ်သားတွေလည်း တပ်ထဲရောက်ပြီဆိုတာနဲ့ တပ်ကချထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာရတာပဲ။

ဒါပေမယ့် အတော်အတန် စည်းကြပ်လောက်ကတော့ မသိမသာ ဆရာသစ်ရင် လစ်သလို ဖောက်ကြတာပဲ။ တပည့်တော် တစ်ခါကြားဖူးတယ်။ စာသင်တိုက်တစ်တိုက်ရဲ့ အနီးမှာ အလှူပွဲတစ်ခုရှိတယ်။ ဒါကြောင့် ညဘုရားဝတ်တက်ပြီးတာနဲ့ တိုက်အုပ်ဆရာတော်က ဆိုင်းပွဲရှိတယ်။ ဘယ်သူမှသွားကြနဲ့ ကိုယ့်စာကိုယ်ကျက်ကြ၊ သွားရင် ငါနဲ့တွေ့မယ်လို့ ကြိမ်းထားတယ်။

ဒါပေမယ့် ဆိုင်းဝါသနာကြီးတဲ့ စာသင်သားနှစ်ပါးကတော့ ဒဏ်ကျရင်ကျစေဆိုပြီး လစ်ထွက်ကြတယ်။ ဆိုင်းပွဲထဲလည်းရောက်ရော လားလား-ပွဲသွားရင် ငါနဲ့တွေ့မယ်ဆိုတဲ့ တိုက်အုပ်ဘုန်းကြီးက သင်္ကန်းခေါင်းမြီးလေးခြုံပြီး ပရိသတ်ထဲအရင်ရောက်နေတယ်။ အဲဒါတော့ နောက်တတ်တဲ့ စာသင်သားကိုယ်တော်က သွားပြောတယ်"

"ဘယ်လိုသွားပြောတုံး ဘုရား"

"ဆရာတော်ဆိုင်းသွားရင် ငါနဲ့တွေ့မယ်ဆိုတဲ့။ ဒီတော့ တိုက်အုပ်ဆရာတော်က ခပ်တည်တည်နဲ့ပြန်ပြောတယ်။ အခုငါနဲ့တွေ့တာပဲ မဟုတ်လား။ အေးဆေးဆေးနားထောင်ကြတဲ့ကောင်းကွာ"

"ဟား ဟား ဟား ဟား - တိုက်အုပ်ဆရာတော်က တော်တော်ပညာသားပါတာပဲ ဘုရား။ သွားရင်ဒဏ်ပေးမယ်လို့မှ မပြောဘဲ။ ငါနဲ့တွေ့မယ်လို့ ပြောတာပဲ"

"အခုလည်း တပ်ရင်းမှူးက လူကြည့်ပွဲကိုသွားမကြည့်နဲ့။ သွားကြည့်ရင် ငါနဲ့တွေ့မယ်လို့ ပြောချင်ပြောမှာကိုး။ ဒါကြောင့်လည်း တပည့်တော်ကိုပြောပြတာ စပ်ကြပ်ကြီးဟာ ဒီအချိန်က သူကြည့်လည်း လူငယ်ပဲဆိုတော့ သွားကြည့်တာပဲ ဘုရား"

"ပန်းခြံထဲမှာ ဘာတွေတွေ့ရသလဲ ဘုရား"

"ပန်းခြံထဲမှာ သူတို့ဘုရားရဲ့ မယ်တော်ရုပ်တုအကြီးကြီးရှိတယ်။ ရုပ်တုပတ်ဝန်းကျင်မှာ အရက်တွေ ပုံးလိုက်အမျိုးကြီးပြင်ထားတယ်။ အရက်နဲ့မြည်းစရာ အသားမျိုးစုံလည်း ကြော်ထား၊ ကင်ထား၊ ပြုတ်သုတ်ထားလိုက်တာ စုံလို့ပဲတဲ့။ ညဆယ်နာရီလောက်ရောက်တာနဲ့ ဒီနယ်တစ်ဝိုက်က လူပျိုအပျိုတွေ လာလိုက်ကြတာ ပန်းခြံကြီးကို ပြည့်သွားတာပဲ။

ရောက်တာနဲ့ မိန်းကလေးရောယောက်ျားလေးပါ သောက်လိုက်စားလိုက်ကြတာ ပြောင်းဆန်နေတာပဲတဲ့။ မူးရူးကုန်ပြီဆိုတော့မှ မိန်းကလေးနဲ့ယောက်ျားလေးတွဲပြီး ဆိုကြကြတယ်။ ပြီးတာနဲ့ ကိုယ့်အတွဲနဲ့ကိုယ် မှောင်ရိပ်ထဲဝင်သွားကြတယ်။ ကာမဂုဏ်ပွဲတော်ကြီးလို့ ဆိုရမှာပေါ့။ နောက်တစ်နေ့ကျတော့မှ ကိုယ့်အိမ်ကိုပြန်သွားကြတယ်။

အဲဒီညမျိုးမှာ ကိုယ်ဝန်ရသွားရင် သိပ်ဝမ်းသာကြသတဲ့။ သူတို့ ယူဆတာက ဘုရားပေးတဲ့ သားတော်လေးတဲ့။ ဒီကလေးကို အထွက်အမြတ်ထားကြသတဲ့။ သူတို့ဘာသာရေးအဖွဲ့အစည်းမှာ ခေါင်းဆောင်တင်ကြသတဲ့ဘုရား"

"အရှေ့အရိုးထောင်ရွာဆိုတာက မြို့နဲ့ သိပ်မဝေးလို့ပါ ဘုရား။ အစိုးရဥပဒေမပေါက်ရောက်နိုင်တဲ့နေရာမျိုးဆိုရင် အခုဘုန်းကြီး ဦးဇဝနပြောတဲ့ နေရာမျိုးလို ဖြစ်မယ်ထင်ပါတယ် ဘုရား။ အခုဒီရွာအကြောင်းလေး ပြန်ဆက်ပြောပါ့မယ် ဘုရား။ အတိုချုံးကတော့ သူတို့စတိတ်ရှိုးပွဲလည်းပြီးရော အရိုးထောင်တစ်ရွာလုံး ဘာသာခြားထဲ ပြောင်းသွားကြတော့တာပဲ ဘုရား။

ဒီသတင်းကိုကြားပြီး နောက်ရက်မှာပဲ တပည့်တော်လည်း နွားလှည်းပေါ်ဆန်ခြောက်အိတ်တင်၊ ငွေခြောက်သိန်းယူ အရှေ့အရိုးထောင်ရွာမှာ ထမင်းသွားကျွေးတယ်။ ပြီးတော့ တစ်အိမ်တက်ဆင်း တရားလိုက်ဟောပေးလိုက်တာ အခုတော့ တစ်ရွာလုံး ဗုဒ္ဓဘာသာပြန်ဖြစ်သွားပြီ ဘုရား"

"တော်ပါသေးရဲ့ဘုရား။ ဦးရေဝတတို့လို ဆရာတော်မျိုးတွေကိုမှ တကယ့်သာသနာပြုလို့ ခေါ်နိုင်တာပါ။ ဒီရွာမှာလူဦးရေလေးရာရှိတယ်ဆိုရင် ဦးရေဝတက သူတို့နှလုံးသားမှာ ဘုရားဆူလေးရာတည်ပေးလိုက်တာပဲ ဘုရား။ ရတနာသုံးပါးအပေါ် ယုံကြည်မှုပိုပြီး လေးနက်အောင် နာမည်ကျော်ဆရာတော်တွေပင့်ပြီး ဒီရွာမှာ တရားပွဲတွေကျင်းပသင့်တယ်"

"ဒီလို ရွာသိမ်ရွာငယ်လေးမျိုးမှာ ဘယ်နိုင်ငံကျော်ဆရာတော်က လိုက်ဟောပေးမှာလဲ ဘုရား။ အလှူငွေလည်း မရနိုင်တဲ့အပြင် ဆိုးလိုက်တဲ့လမ်းကလည်း ဆိုင်ကယ်နဲ့ ဂျစ်ကားပဲ မောင်းလို့ရတယ်။ ကျန်တဲ့ကားတွေ မောင်းလို့ မရဘူး"

"တခြားနိုင်ငံကျော်တွေ မလိုက်ချင်နေ တပည့်တော်ကတော့ လိုက်တယ်"

"ဒါဆိုရင် ဆရာတော် ဘယ်တော့လောက် ဟောပေးနိုင်မလဲ ဘုရား"

စာရေးသူသည် တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်ရာ နံနက် (၇) နာရီရှိနေပြီကို တွေ့ရသဖြင့် -

"ကဲ - အခုပဲသွားဟောကြစို့"

"ဟာ - ဆရာတော်ဖြစ်ပါ့မလား။ ဆွမ်းကွမ်းကိစ္စ၊ အသံချဲ့စက်ကိစ္စ ဘာမှလည်း ကြိုတင်မစီစဉ်ရသေးဘူး"

ဟု ဆိုသည်။

"ကိစ္စမရှိဘူး။ ကရင်ရွာဆိုတော့ သူတို့စားတဲ့ တာလပေါ်ဟင်းတော့ချက်မှာပဲ။ ရှိတာစားပြီးဟောမယ်။ ရှေ့ပြေးဆိုင်ကယ်လွှတ်ပြီး လူစုခိုင်းထားလိုက်။ လာတရားနာသူတစ်ယောက်ကို ဆရာတော်က ငွေနှစ်ရာစီ မုန့်ဖိုးပေးမယ်လို့လည်း ကြေညာထားလိုက်"

ချက်ချင်း ဂျစ်ကားတစ်စီးရှာပြီး အရှေ့အရိုးထောင်ရွာသို့ ခရီးကြမ်းနှင်ကြသည်။ တချို့နေရာတွင် သဲတွေများလွန်းသဖြင့် ဂျစ်ကားကိုပင် တွန်းပေးရသေးသည်။ တွံတေးမှ လူငယ်နှစ်ဆယ်ကျော်လည်း ဆိုင်ကယ်ကိုယ်စီဖြင့် လိုက်ပါအားပေးကြသည်။ ရွာရောက်သည်နှင့် အရေးပေါ် ဆောက်ထားသော တာလပတ်ဖိုးမဏ္ဍပ်ထဲမှာ ပရိသတ်က ပြည့်လျှံနေပြီဖြစ်သည်။

ကြေညာထားသည့်အတိုင်း လူတစ်ယောက် နှစ်ရာကျပ်လိုက်ဝေရာ ရှစ်သောင်းကျော်ကျော်လေးကုန်သည်။ ပရိသတ်လေးရာကျော်ခန့်ဟု ခန့်မှန်းနိုင်ပေသည်။ ပရိသတ်က ဓမ္မပူဇာအဖြစ်လှူသော ငွေငါးသောင်းကျော်ကိုလည်း တရားပွဲကျင်းပရာ ရွာဦးဘုန်းတော်ကြီးကျောင်းကို ပြန်လှူခဲ့သည်။

ထိုဘုန်းကြီးကျောင်းသည် နိုင်ငံကျော် အဆိုတော် တွံတေးစိုးအောင် လှူထားခြင်းဖြစ်ကြောင်း သိရသည်။ ကျောင်းမှာ အဆုံးမသတ်နိုင်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com

ပြတင်းပေါက်အချို့ တံခါးမတပ်ရသေးသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း ဓမ္မပူဇာငွေကို ကျောင်းဆောက်ဖို့ လှူခြင်းဖြစ်သည်။

'သရဏဂုံအစွမ်းအံ့မခန်း' အမည်ရှိသော တရားတော်ကို တစ်နာရီခန့် စိတ်ပါလက်ပါ ဟောကြားပေးခဲ့သည်။

**သရဏဂုံအစွမ်းအံ့မခန်းဆရာတော်**

"ဒီနေ့ အရှေ့အရိုးထောင်ရွာက ပရိသတ်များကို သရဏဂုံအစွမ်းအံ့မခန်းလို့ အမည်ရတဲ့ လက်တွေ့ဖြစ်ရပ်များနဲ့ တန်ဆာဆင်ထားတဲ့ တရားတစ်ပုဒ်ကို ဟောပေးပါ့မယ်။ ညပွဲဆက်နာချင်တယ်ဆိုရင် တွံ့တေးမြို့ကို လိုက်ခဲ့ပါလား အကြိုအပို့ စီစဉ်ပေးပါ့မယ်။ ကားခ လှူမယ့်လူမရှိရင် ဆရာတော်ကိုယ်တိုင်လှူပါ့မယ်။

မူလပဏ္ဏာသ အဋ္ဌကထာမှာ သရဏဂုံတည်တဲ့ ကောင်းကျိုးငါးမျိုးကို ဖွင့်ပြထားတယ်။ အဲဒီကောင်းကျိုးငါးမျိုးက -

၁။ ဘေးရန်တွေကင်းရှင်းတယ်။
၂။ ကြောက်တဲ့လန့်တဲ့စိတ်တွေကင်းရှင်းတယ်။
၃။ ကိုယ်ဆင်းရဲစိတ်ဆင်းရဲက လွတ်မြောက်တယ်။
၄။ အပါယ်ဘေးမှ လွတ်ကင်းစေတယ်။
၅။ စိတ်ရဲ့ ညစ်နွမ်းမှုမှုလည်း ပယ်ဖျောက်ပေးတယ်။

ဒီအကျိုးငါးပါးထဲက သရဏဂုံရဲ့ အစွမ်းကြောင့် သေဘေးကလွတ်ခဲ့ရတဲ့ လက်တွေ့သာဓကတစ်ခုရယ်၊ သရဏဂုံအစွမ်းကြောင့် အပါယ်ဘေးကလွတ်ခဲ့ရတဲ့ လက်တွေ့သာဓကနှစ်ခုလောက်ရယ်ကို ပြောပြရမှာ ဖြစ်ပါတယ်။ ပထမဆုံး ပြောပြချင်တာက မြိတ်မြို့က ဘာသာခြားတပ်ကြပ်ကြီးတစ်ယောက် သရဏဂုံအစွမ်းကြောင့် သေဘေးကလွတ်ခဲ့ရတာကို ပြောပြမှာ ဖြစ်ပါတယ်။

မြိတ်မြို့နယ် ကျောက်ဖြူတောင်ရွာမှာ ဆရာတော် တည်ထောင်ထားတဲ့ ရိပ်သာတစ်ခုရှိပါတယ်။ သစ်ညီနောင် ဓမ္မရိပ်သာကျောင်းလို့ ခေါ်ပါတယ်။ ရောက်တဲ့အခါ ဆရာတော်ကျောင်းမှာ တည်းခိုနိုင်ပါတယ်။ တစ်ခုတော့ရှိတယ်။ မြိတ်မြို့ကို သွားလည်မယ်ဆိုရင် မြိတ်စကားကိုအတန်အသင့်နားလည်အောင်တော့ လေ့လာထားသင့်တယ်။

လေ့လာမထားဘဲ မြိတ်ကိုသွားရင် ရန်ဖြစ်တတ်ပါတယ်။ မြိတ်မှာ ပန်းသီးကို စိန်ခွားသီးလို့ ခေါ်ပါတယ်။ ပုသိမ်က ကျောင်းဆရာတစ်ယောက် မြိတ်ကိုရောက်လာတော့ ကျောင်းသူကျောင်းသားတွေကိုတော့ ဖရဲသီးကို ဖရဲသီးခေါ်တတ်စေရမယ်ဆိုပြီး သေချာသင်ပေးသတဲ့၊ ဖရဲသီးကို စာလုံးပေါင်းရေးခိုင်းတယ်။ ဖဦးထုပ်ရေး ဖ၊ ရကောက်နောက်ပစ် ရဲ၊ သ လုံးကြီးတင်ဆန်ခတ် သီ၊ ဝစ္စနှစ်လုံးပေါက် သီး။

အဲဒီလို တစ်လုံးချင်းကို အမှန်အတိုင်း လိုက်ဆိုတယ်။ သုံးလုံးလုံးပေါင်းဆိုခိုင်းလိုက်ပြီဆိုတာနဲ့ စိန်ခွားသီးပဲ ဖြစ်သွားတယ်။ ဒီဘက်မှာခေါ်တဲ့ သဘော်သီးကို မြိတ်က ရှိန်းခိုသီးလို့ ခေါ်တယ်။ သီဟိုဠ်ပင်ကို ခရုပင်တဲ့။ သီဟိုဠ်စေ့ကိုလည်း ခရုစေ့လို့ ခေါ်တော့တာပေါ့။ ရော်ဘာပင်ကိုကျတော့ ကော်ပတ်ပင်တဲ့။ ရော်ဘာစေးကို ကော်ပတ်စေးတဲ့။

ဒီဘက်မှာ ဧည့်သည်တွေ ထမင်းစားရအောင်ခေါ်မယ်ဆိုရင် ဧည့်သည်များ ထမင်းဆာရင် ထမင်းသုံးဆောင်နိုင်ပါပြီလို့ ပြောမယ်။ မြိတ်သားတွေက အဲဒီလိုမပြောဘူး။ ဧည့်သည်တွေထမင်းငတ်ရင် ထမင်းစားလာပါတဲ့။ သူတို့ဆီမှာ ထမင်းဆာတာကို ထမင်းငတ်တာလို့ခေါ်တယ်။ ပြီးတော့ လေကုန်မှာကြောက်လို့လား မသိဘူး။ ထမင်းကို 'မင်း' လို့ပဲခေါ်တယ်။ ငါးပိရည်ဖျော်ကို 'ပိဖျော်'တဲ့။ အတို့အမြုပ်ကိုကျတော့ 'ပိရှာ' တဲ့။ ညမှောင်တာကိုကျတော့ မိုက်တယ်လို့သုံးတယ်။ အဲဒီလို အသုံးအနှုန်းချင်းမတူလို့ ရန်ကုန်သားတစ်ယောက်နဲ့ မြိတ်သားတစ်ယောက် နောင်ဂျိန်ချဖူးတယ်။

ဖြစ်ပုံက ဒီလို။ တစ်ခါတော့ ရန်ကုန်သားတစ်ယောက်ဟာ မြိတ်က သူ့မိတ်ဆွေတစ်ယောက်ဆီ အလည်လာတယ်။ မိတ်ဆွေက လာမကြိုနိုင်တဲ့အတွက် သူ့ဘာသာ ဆိုင်ကယ်တက္ကစီငှားပြီး လိပ်စာအတိုင်းလာခဲ့တယ်။ တစ်ခါမှ မရောက်ဘူးတော့ တော်တော်ရှာရတာပေါ့။ မြိတ်သားဆိုင်ကယ်သမားကလည်း စိတ်ရှည်ရှည်နဲ့ ရှာပေးပါတယ်။ မှောင်မှပဲ အိမ်ကိုရှာတွေ့တယ်။ ဆိုင်ကယ်ခရှင်းတဲ့အခါ မှန်းထားတာထက် နှစ်ဆလောက်ပိုများနေတယ်။ ဆိုင်ကယ်သမားကလည်း မှောင်သွားလို့ ပိုတောင်းတာပါ။

ဒီတော့ ရန်ကုန်သားက မေးတယ်။ ဆိုင်ကယ်ခကို ဘာဖြစ်လို့ နှစ်ဆလောက်ပိုတောင်းတာလဲတဲ့။ မြိတ်သားက ခပ်တည်တည်ပဲဖြေတယ်။ မိုက်လို့တောင်းတာတဲ့။ ရန်ကုန်သားက ဒေါသထွက်သွားပြီး မိုက်ရင်ချတယ်ကွာဆိုပြီး စထိုးတော့တာပဲ။ မြိတ်သားကလည်း ဟိုကစထိုးတော့ အကြောင်းမဲ့ ရန်စတာပဲဆိုပြီး ပြန်ထိုးတာပေါ့။ ဒါနဲ့ နှစ်ယောက်လုံး ရုံးရောက်သွားတယ်။ ဟိုရောက်တော့မှ သေသေချာချာ မေးကြည့်တော့ မိုက်လို့တောင်းတယ်ဆိုတာ မှောင်လို့တောင်းတာလို့ ပြောတာတဲ့။

အဲဒီကျတော့မှ ငိုအားထက်ရယ်အားသန်ဖြစ်ကြရတယ်။ စစ်တပ်ထဲမှာဆိုရင် ဒီစကားအသုံး မတူတာကြောင့် လူသေမှုတောင်ဖြစ်သွားတယ်။ စစ်သားတွေ တောထဲမှာ စခန်းချရင်း မြိတ်သားရဲဘော်တစ်ယောက်က ဖယောင်းတိုင်တစ်တိုင်း ထွန်းလိုက်တယ်။ တကယ်က အခုလို ညစခန်းချတဲ့အခါမျိုးမှာ မီးမထွန်းရဘူး။ ရန်သူတွေ ကိုယ်ရှိတဲ့နေရာသိမှာစိုးလို့ပေါ့။

မြိတ်သားရဲဘော်က အသစ်ဆိုတော့ အဲဒီအချက်ကို နားမလည်ဘူး။ ဒါကြောင့် နားလည်တဲ့ အညာသားရဲဘော်တစ်ယောက်က ဟေ့-ဘာဖြစ်လို့ မီးထွန်းရတာလဲလို့ လှမ်းငေါက်လိုက်တယ်။ မြိတ်သားရဲဘော်ကလည်း အေးအေးဆေးဆေးဖြေလိုက်တာပါပဲ။ မိုက်လို့ထွန်းတာတဲ့။ သူပြောချင်တာက မှောင်လို့၊ ဘာမှမမြင်ရလို့ ထွန်းတာလို့ ပြောချင်တာ။ အညာသားရဲဘော်က အဓိပ္ပာယ်ကောက်လွဲသွားတယ်။ သူ့ကို ရန်စကားပြောတယ်လို့ယူဆပြီးသေနတ်နဲ့ပစ်ချလိုက်တာ မြိတ်သားရဲဘော်လေး သေရှာတယ်။

ပြီးတော့ ခရီးသွားတဲ့အခါ လက်ဆွဲအိတ်တို့၊ အိပ်ရာလိပ်တို့ ယူလာကြ တယ်။ ဒီဘက်မှာတော့ လက်ဆွဲအိတ်ကို လက်ဆွဲအိတ်ပဲခေါ်တယ်။ အိပ်ရာလိပ်ကို အိပ်ရာလိပ်ပဲ ခေါ်တယ်။ မြိတ်သားတွေကတော့ ခရီးသွားရင်း ယူလာသမျှ ပစ္စည်းအားလုံးကို သိက္ခာလို့ခေါ် တယ်။ လက်ဆွဲအိတ်အောက်ချပါလို့ ပြောချင်ရင် မြိတ်သူမြိတ်သားတွေ သိက္ခာချပါ ဒီလိုပြောတယ်။ ဒီဘက်မှာ က သိက္ခာချတယ်ဆိုတာ ဘုန်းကြီး ထွက်တာပဲ။

တစ်ခါတော့ ဓမ္မကထိက ဆရာ တော်တစ်ပါး မြိတ်မြို့ကို တရားဟော အောင် ကြွသွားတယ်။ ဖြစ်ချင်တော့ လက်ဆွဲအိတ် အလတ်စားလေး တော့မအပ်တော့ဘဲ ကိုယ်တိုင်ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ မြိတ်လေဆိပ်ဆင်းတော့ မြိတ်သူ မြိတ်သားတွေ လေဆိပ်မှာ ကြိုဆိုနေကျ ညည်းလို့ပဲ။ ဝတ်အသင်းသူတွေ လည်း အများကြီးပါတယ်။

ဓမ္မကထိကကိုယ်တော်လေး လက်ဆွဲအိတ်ဆွဲပြီး ဆင်းလာတဲ့အခါ မြိတ်သူတစ်ယောက်က ရာနဲ့ချီပြီးရှိနေတဲ့ ပရိသတ်တွေကြားထဲမှာ အသံကျယ်ကျယ်နဲ့ ဘာအော်လျှောက်လိုက်သလဲ ဆိုတော့ 'ဆရာ (ဆရာတော်) သိက္ခာချပါ တပည့်တော်မ ယူပါ့မယ်' တဲ့။ ကဲ- အဓိပ္ပာယ်တဘယ်ရောက်သွားလဲ စဉ်းစားသာကြည့်ကြတော့။ ဓမ္မကထိက ကိုယ်တော်လည်း မျက်နှာရဲခနဲဖြစ်သွားပြီး ပြောတဲ့မြိတ်သူမကို လုံးလုံးလှည့်ကြည့်ရဲတော့ဘူး။

မြိတ်သူမ ဆိုလိုတာက ဆရာတော်ရဲ့ အိတ်ကိုချထားပါ။ သူဆွဲခဲ့ပါမယ်လို့ ဆိုလိုတယ်။ ဟိုကိုယ်တော်နားလည်သွားတာက အရှင်ဘုရား၊ လူထွက်ပါ တပည့်တော်မလက်ထက်ယူပါ့မယ်လို့ ဖြစ်သွားတာကိုး"

မှတ်ချက် - ထိုစကားပြောအပြီးတွင် ပရိသတ်များရယ်လိုက်ကြသည်မှာ တုပ်လို့ မရအောင် ဖြစ်သွားသည်။ လိုခင်မှ တရားမင် ဆိုသော စကားတစ်ခွန်းရှိသည်။ မိမိခင်မင်သောသူ၏ တရားကိုမှ နှစ်သက်သဘောကျတတ်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင် မြစ်ရေလျှံပြီး လယ်ဧကပေါင်းများစွာ ပျက်စီးခံရမည့် လယ်သမားကြီးထံ နေ့စဉ်ကြွပြီး နှုတ်ဆက်နေဖူးသည်။

ထိုသို့ ဘုရားတန်မဲ့ လယ်သမားကြီးတစ်ယောက်ကို သွားသွားပြီး နှုတ်ဆက်နေသည်မှာ တရားဟောချင်၍ဖြစ်သည်။

တစ်ရက်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေလျှံသောကြောင့် ထိုလယ်သမားကြီး၏ လယ်များ ပျက်စီးသွားသည်။ သောကပရိဒေဝကြီးစွာဖြစ်၏။ ထိုအချိန်ကျမှ ဘုရားရှင်ကြွလာပြီး တရားဟောလိုက်ရာ သောကတွေပြေပျောက်ပြီး တရားထူးရသွားခဲ့သည်။

ထိုသို့ လယ်သမားကြီး တရားထူးရသည်မှာ ဟောသောတရားကို သေချာနာယူသောကြောင့် ဖြစ်သည်။ ထိုသို့ နာယူဖြစ်သည်မှာလည်း ဘုရားရှင်ကို အစောကြီးကတည်းက ခင်မင်နေသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ခင်မင်အောင်လုပ်ခြင်းသည် မိမိအတွက် မဟုတ်။ တရားနာပရိသတ်အတွက်သာ ဖြစ်သည်။ လွတ်လပ်စွာရယ်မောလိုက်ရလျှင် ရယ်ရသူရော ပြောရသူပါ ခဏနှင့် ခင်မင်သွားတတ်ကြသည်။

ထို့ကြောင့်လည်း ရှေးရှေးက မင်းသားများသင်ရသော အဋ္ဌာရသ ပညာ (၁၈) ရပ်တွင် ဟာသပညာပါနေခြင်း ဖြစ်သည်။ သို့သော် မိမိပြောသော ဟာသသည် ပရိသတ်အတွက် တစ်စုံတစ်ခုပေးနိုင်သည့် အဆင့်မြင့်ဟာသ ဖြစ်ဖို့တော့ လိုအပ်ပေသည်။

(စာရေးသူ)

"မြိတ်မြို့နယ်ထဲမှာ ရွှေပေးရွာဆိုတာရှိတယ်။ အဲဒီရွာက ကိုညွန့်ဝင်းလို့ခေါ်တဲ့ ဒကာကလေးတစ်ယောက်ဟာ ဆရာတော်ရဲ့ တရားခွေတွေကို နာပြီး၊ ဆရာတော်ရေးတဲ့ စာအုပ်တွေကိုဖတ်ပြီး တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်လာတယ်။ သူသိတဲ့အသိတွေကို သူ့ရွာသူ့ရွာသားတွေကိုလည်း သိစေချင်တယ်။ အဲဒါကြောင့် ဆရာတော်ကိုပင့်ပြီး တရားပွဲကြီး (၅) ည ကျင်းပတယ်။ ဝေးတဲ့ရွာကလူတွေ တရားနာလာနိုင်ဖို့အတွက် အကြိုအပို့ကားတွေပါ စီစဉ်ပေးတယ်။ ဒါကြောင့် ရွာတရားပွဲဖြစ်ပေမယ့် ပရိသတ်က လေးထောင်ကျော် ငါးထောင်နီးပါးလောက်ရှိတယ်။

ရွှေပေးရွာဟာ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ်နဲ့ ကပ်လျက်ပဲ။ ကားလမ်းဟိုဘက်ဒီဘက်ပဲကွာတယ်။ ဒါ့ကြောင့် တပ်သားတွေ၊ ဗိုလ်မှူး၊ ဗိုလ်ကြီးတွေ၊ တပ်မိသားစုတွေလည်း တရားနာလာကြတယ်။ ဒီတရားနာပရိသတ်ထဲမှာ တပ်ထိန်းတပ်က ဗိုလ်မှူးကျော်မိုးနဲ့ သူ့အမျိုးသမီးလည်း ပါတယ်။ ဗိုလ်မှူးကျော်မိုးဟာ ဆရာတော်ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပေါ့။

တရားပွဲလာတဲ့ ဗိုလ်မှူးကျော်မိုးရဲ့ ကားကိုမောင်းပေးရတဲ့သူဟာ ဘာသာခြားတစ်ယောက်ပါ။ ဒါ့ကြောင့် တရားမနာပါဘူး။ တရားပွဲကျင်းပတဲ့ ကျောင်းဝိုင်းအပြင်ဘက်က သစ်ပင်ကြီးတစ်ပင်အောက်မှာကားရပ်ထားပြီး ကားပေါ်မှာပဲ တရားပွဲပြီးတဲ့အထိနေတယ်။ ဒါပေမယ့် စပီကာတွေ၊ ဟွန်းတွေတပ်ပြီးဟောတာဆိုတော့ သူလည်း ကားပေါ်ကနေ မနာချင်လည်း နာပြီးသားဖြစ်သွားတာပေါ့။

တရားပွဲ ငါးညလည်းပြီးရော သတင်းထူးရောက်လာတယ်။ ကားမောင်းတဲ့ ဘာသာခြား တပ်ကြပ်ကြီးဟာ ဗုဒ္ဓဘာသာထဲဝင်တော့မယ်။ မဝင်မီ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့အကြောင်းအရာလေးတွေ မေးစရာရှိလို့ ဗိုလ်မှူးကျော်မိုးအိမ်ကို နေ့ဆွမ်းစားကြွပါတဲ့။ ဒါဟာ တရားပွဲကျင်းပတဲ့ ကျေးဇူးကြောင့်ပါ။

အဲသလို တရားပွဲကျင်းပတာဟာ သာသနာပြုတာ အစစ်ပါ။ တချို့က ဘုရားတည်တာကိုပဲ သာသနာပြုတယ်လို့ထင်ကြတယ်။ဒါကြောင့် ဘုရားတည်ဖို့ဆိုရင် နားကပ်တောင် ချွတ်လှူကြတာပေါ့။ တကယ်တော့ ဘုရားတည်တာကို ဒါနပြုတယ်လို့ပဲ ခေါ်ပါတယ်။ တရားပွဲကျင်းပတာကိုမှ သာသနာပြုတယ်လို့ ခေါ်ပါတယ်။ သာသနာပြုချင်တယ်ဆိုရင် ပထမဆုံး သာသနာရဲ့အဓိပ္ပာယ်ကို သေချာသိဖို့ လိုအပ်ပါတယ်

သာသနာဆိုတာ ပါဠိ-မြန်မာလို အဆုံးအမပါ။ ဘယ်သူ့ရဲ့ အဆုံးအမလည်းဆိုတော့ ဗုဒ္ဓရဲ့အဆုံးအမ။ ဗုဒ္ဓက ဘာတွေဆုံးမခဲ့သလဲဆိုတော့ ပိဋကတ်သုံးပုံကို ဟောကြားဆုံးမခဲ့တယ်။ ပိဋကတ်သုံးပုံထဲက ဝိနည်းပိဋကတ်ကို အနှစ်ချုပ်ရင် သီလသာသနာကိုရတယ်။ သီလသာသနာဆိုတာ ကိုယ်၊နှုတ်နဲ့ကျူးလွန်လာမယ့် ဝီတိက္ကမကိလေသာကို ပတ်သတ်ပေးတာပဲ။

သုတ္တန်ပိဋကတ်ကို အနှစ်ချုပ်ရင် သမာဓိသာသနာကို ရတယ်။ သမာဓိသာသနာဆိုတာ စိတ်မှာ ထကြွသောင်းကျန်းလာမယ့် ပရိယုဋ္ဌာနကိလေသာကို ပယ်သတ်ပေးတာပဲ။ အဘိဓမ္မာပိဋကတ်ကို အနှစ်ချုပ်ရင် ပညာသာသနာကိုရတယ်။ ပညာသာသနာဆိုတာ အာရုံနဲ့ဒွါရတိုက်ဆိုင်လာရင် ပေါ်လာမယ့် အနုသယကိလေသာကို ပယ်သတ်ပေးတာပဲ။

"ဒီတော့ ဘုရားရှင်ရဲ့ အဆုံးအမကို အနှစ်ချုပ်လိုက်ရင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးပဲ။ အဲဒါ သာသနာပဲ။ ပြုတယ်-ဆိုတာ အဲဒီ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို လူတွေရဲ့ရင်ထဲရောက်သွားအောင် တရားပွဲတွေကျင်းပတာ၊ စာသင်တိုက်တွေ ဖွင့်လှစ်ပြီး သင်ကြားပို့ချပေးတာ၊ ရိပ်သာတွေဖွင့်ပြီး ဟောပြောပြသပေးတာကို ပြောတာပါ။

အနှစ်ချုပ်ကတော့ လူတွေရဲ့ ရင်ထဲမှာ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး ရောက်သွားအောင်လုပ်ပေးတာကို သာသနာပြုတယ်လို့ ခေါ်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

အခုတော့ တကယ် သာသနာပြုနေသူတွေကို သာသနာပြုတယ်လို့ မထင်ဘဲ တကယ်သာသနာပြုတာမဟုတ်တဲ့ ဘိုးတော်တွေ၊ မယ်တော်တွေကိုတော့ သာသနာပြုတယ်လို့ ထင်နေကြတယ်။ ထင်တဲ့သူတွေကို အဆိုးလို့ မဆိုသာဘူး။

ဘာကြောင့်လဲဆိုတော့ တကယ် သာသနာပြုနေကြတဲ့ စာသင်တိုက်ကြီးတွေ၊ ရိပ်သာကြီးတွေ၊ တရားပွဲကြီးတွေက သာသနာပြုတယ်ဆိုတဲ့ စာတမ်းကို မချိတ်ဘဲ ကိုးတောင်ပြည့် သဲပုံစေတီလေးတစ်ဆူလောက် တည်ပြုပြီး ဂဏန်းပေးနေကြတဲ့ ဘိုးတော်တွေ၊ မယ်တော်တွေက သာသနာပြုတယ်ဆိုတဲ့ စာလုံးကြီးကြီးတွေရေးပြီး ချိတ်ထားတတ်ကြတာကိုး။

အခုလက်တွေ့ပဲကြည့်လေ။ ဘာသာခြားတစ်ယောက်ဖြစ်တဲ့ တပ်ကြပ်ကြီးဟာ ဆရာတော်ဟောတဲ့တရားကို နာလိုက်မိတာနဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သွားပြီး သူ့ရဲ့ ရင်ထဲမှာ သီလ၊ သမာဓိ၊ ပညာ ဆိုတဲ့ သိက္ခာသုံးပါး တည်သွားတာပဲပေါ့။ တပ်ထဲကိုရောက်တော့ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီးတော့ သူမေးသမျှကို ဆရာတော်ကဖြေပေးပါတယ်။ သူ့မေးခွန်းတွေပြီးပြီဆိုတဲ့အခါကျမှ ဆရာတော်က မေးခွန်းတစ်ခု ပြန်မေးလိုက်တယ်။

ဒကာလေးဟာ အသက် (၃၀) အရွယ်ထိ ဘာသာခြားဘဝမှာနေခဲ့တာကြာလှပြီ။ အခုချိန်ကျမှ ဗုဒ္ဓဘာသာကို စိတ်ဝင်စားတာဘယ်အချက်တွေကြောင့်လဲ ဆိုတော့ -

အချက်နှစ်ချက်ကြောင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားခဲ့တာပါတဲ့။ ပထမအချက်ကတော့ ဆရာတော်ဟောတဲ့ တရားကို မမျှော်လင့်ဘဲ ငါးညတိတိနာလိုက်ရတယ်။ ဒုတိယအချက်ကတော့ တပည့်တော်ရဲ့အသက်ကို သရဏဂုံသုံးပါးက ကယ်ခဲ့ဖူးတယ်တဲ့။

ဘာသာခြားတစ်ယောက်ကို သရဏဂုံကကယ်တယ်ဆိုတော့ တော်တော်ထူးခြားနေတယ်။ သူက ပြောပြတယ်။ ပြီးခဲ့တဲ့ ရက်အနည်းငယ်က သူ့တပ်မှာ သူညစောင့်တာဝန်ကျတယ်။ တညင်းပင်ကြီးတစ်ပင်အောက်မှာ သူလက်နက်အပြည့်အစုံနဲ့စောင့်နေတယ်။ ညနာရီပြန်တစ်ချက်လောက်ကျတော့ သူအိပ်ပျော်သလို ဖြစ်သွားတယ်။

ဒီအချိန်မှာပဲ သူ့ကိုယ်ပေါ်ကိုသစ်ပင်ပေါ်က အကောင်မည်းမည်းကြီးတစ်ကောင်ပြုတ်ကျလာတယ်။ သူက ရန်သူမှတ်ပြီး ခုခံသတ်ပုတ်ဖို့ ကြိုးစားတယ်။ အံ့ဩစရာကောင်းတာက သူ့ရဲ့ လက်တွေ၊ ခြေတွေလှုပ်လို့မရတာဘဲ။ အော်ကြည့်တော့လည်း အသံကမထွက်ဘူး။ မည်းမည်းအကောင်ကြီးက သူ့လည်ပင်းကို မသေမချင်း ညှစ်သတ်နေတယ်။

သူသတိထားလိုက်မိပြီ။ ခု သူ့ကိုအသက်ရန်ရှာနေသူဟာ ရိုးရိုးရန်သူတစ်ယောက်မဟုတ်တော့ဘူး။ မကောင်းဆိုးဝါးဘဲဖြစ်ရမယ်။ ဒါဆိုရင် ကိုယ်ခံပညာတွေနဲ့ ခုခံလို့တော့ မရနိုင်ဘူး။ ဘာသာရေးနဲ့ ခုခံမှဖြစ်မယ်ဆိုပြီး သမ္မာကျမ်းစာကိုရွတ်တယ်။ မကောင်းဆိုးဝါးကြီးကတော့ ဂရုတောင်မစိုက်ဘဲ သူ့လည်ပင်းကိုပဲ တအားဆက်ညှစ်နေသတဲ့။

အရင်က ဒီမြို့တစ်နယ်လုံးမှာ မားပြတွေ သိပ်ပေါတယ်။ တချို့ရွာတွေဟာ ဘာမှလုပ်မစားကြဘူး။ မားပြတိုက်စားကြတယ်။ စစ်အစိုးရတက်လာတော့ ဒီမားပြတွေကို တော်တော်ကြီး ရှင်းပစ်ရတယ်။ မားပြတွေမှာ လက်နက်တွေရှိနေတော့ အရှင်ဖမ်းလို့မရဘူး။ အသေပဲ ပစ်ဖမ်းရတယ်။ မြန်မာမားပြတွေထက် ပသျှူးမားပြတွေက ပိုဆိုးတယ်။ ပသျှူးဆိုတာ မလေးအနွယ်ဝင် မွတ်စလင်တွေပဲ။ ကော့သောင်းတစ်နယ်လုံးဆိုရင် မြန်မာတွေထက် ပသျှူးတွေက အရင်ရောက်နေတယ်။ မြန်မာ့လက်ဝှေ့ကျော် မောင်ဂုန်းဆိုတာ ပသျှူးလူမျိုးပဲပေါ့။

ပသျှူးမားပြတွေကျတော့ မားပြတိုက်ရင် ပစ္စည်းတင်ယူတာ မဟုတ်ဘူး။ လှေမှာပါတဲ့ လူတွေအကုန်လုံး သေနတ်နဲ့ တစ်ယောက်မကျန် ပစ်သတ်တယ်။ လှေကိုလည်း မီးရှို့ပြီး ပင်လယ်ထဲမြှုပ်ပစ်တယ်။ အဲသလောက် ရက်စက်တယ်။ ဒါကြောင့် သူတို့ကို အသေပဲ ပစ်ဖမ်းလို့ရတယ်။ ဆရာတော် သစ်ညီနောင်ဓမ္မရိပ်သာကျောင်းဆောက်တဲ့နေရာဟာ အရင်က မားပြတွေ ဝေစုခွဲတဲ့နေရာပေါ့ ဘယ်သူမှမလာရဲဘူး။

မှန်းကြည့်ရတာ သေသွားတဲ့ မားပြတွေဟာ မကောင်းဆိုးဝါးတွေဖြစ်ပြီး ပြန်ကလဲ့စားချေတဲ့သဘောမျိုးနေမှာပေါ့။ သူတို့ဘာသာက ကျမ်းစာကို ရွတ်သော်လည်း မကောင်းဆိုးဝါးက မကြောက်ဘူးဆိုတာ သိသွားတော့ တပ်ကြပ်ကြီးဟာ သူတို့ဘာသာကို စိတ်ပျက်သွားတယ်။ ဒီအချိန်မှာ လည်ပင်းကို တအားအညှစ်ခံထားရတော့ အသက်ရှူလို့ မရတော့ဘူး။ သေခါနီး ဇောချွေးတွေကလည်း နဖူးကနေစီးကျနေပြီ။

ဒီအချိန်မှာ သူဘာကိုသတိရသွားသလဲဆိုတော့ သူ့မိတ်ဆွေ ဗုဒ္ဓဘာသာ တပ်ကြပ်ကြီးတစ်ယောက် အမြဲရွတ်နေတဲ့ သရဏဂုံပဲ။ ဒီတပ်ကြပ်ကြီးဟာ သရဏဂုံကို သတိရတိုင်း စိတ်ပါလက်ပါရွတ်နေတတ်တယ်။ ဒါကြောင့်လည်း တိုက်ပွဲတွေဘယ်လောက်ထွက်ထွက် ဒီတပ်ကြပ်ကြီးဟာ အန္တရာယ်ကင်းဘေးဘေးရှင်းတယ်။ ကျည်ဆန်၊ဗုံးဆန် သူ့ကို ဘာမှမထိဖူးဘူး။

သေခါနီး နောက်ဆုံးအချိန်မှ သူ ဆုံးဖြတ်လိုက်တယ်။ ငါ့အသက်ကို ငါ ကိုးကွယ်တဲ့ ဘာသာကတော့ မကယ်နိုင်တော့ဘူး။ ဗုဒ္ဓဘာသာတွေ ကိုးကွယ်တဲ့ သရဏဂုံကတော့ ကယ်မယ်ထင်တယ်လို့ ယူဆပြီး သရဏဂုံသုံးပါးကို ရွတ်ဆိုလိုက်တယ်။ ကဲ- သရဏဂုံသုံးပါးကို ပါဠိရော အနက်ပါ လိုက်ဆိုကြ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

*ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။ ဓမ္မံ - တရားတော်မြတ်ကို၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။သံဃံ-သံဃာတော်မြတ်ကို၊ သရဏံ- ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။*

အဲဒီ သရဏဂုံရွတ်ဆိုအပြီးမှာပဲ မကောင်းဆိုးဝါးဟာ အသံနက်ကြီးနဲ့ အော်ပြီး သူ့ကိုယ်ပေါ်ကနေ ဆင်းပြေးသွားတယ်။ သူသတိကောင်းကောင်း ထားမိတဲ့အချိန်ကျတော့သူဟာ မြေကြီးပေါ်မှာ ပက်လက်ကြီးဖြစ်နေတယ်။ ငါ အိပ်ပျော်သွားပြီး အိပ်မက်လေလားလို့ ထင်တဲ့အတွက် ဘယ်သူ့ကိုမှ ပြောမပြဘဲ ဆရာတော်ကိုမှ ပြောပြတာပါတဲ့။

ဒီတပ်ကြပ်ကြီးဟာ ဘာသာခြားလည်း ဖြစ်တယ်။ သရဏဂုံအကြောင်းကိုလည်း ဘာမှမသိဘူး။ အဲဒီလိုလူ ရွတ်တာတောင် အန္တရာယ်ကင်း၊ ဘေးရှင်းသေးရင် ဗုဒ္ဓဘာသာလည်းဖြစ်တဲ့ သရဏဂုံရဲ့ အဓိပ္ပာယ်ကိုလည်း သိတဲ့ သူတွေရွတ်မယ်ဆိုရင် ဘယ်လောက် အန္တရာယ်ကင်းမယ်၊ ဘေးရှင်းမယ်ဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။

မေတ္တာရှင် (ရွှေပြည်



www.burmeseclassic.com

www.burmeseclassic.com

ဆုခရစ်

# နေ့ကောင်းရက်သာရွေးချယ်ပါ

## (၂၀၁၄ ခုနှစ်၊ မေလအတွက်)

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| | | | | 1<br>၄ | 2<br>၅ | 3<br>၆ |
| 4<br>၇ | 5<br>၈ | 6<br>၉ | 7<br>၁ | 8<br>၂ | 9<br>၃ | 10<br>၄ |
| 11<br>၅ | 12<br>၆ | 13<br>၇ | 14<br>၈ | 15<br>၉ | 16<br>၁ | 17<br>၂ |
| 18<br>၃ | 19<br>၄ | 20<br>၅ | 21<br>၆ | 22<br>၇ | 23<br>၈ | 24<br>၉ |
| 25<br>၁ | 26<br>၂ | 27<br>၃ | 28<br>၄ | 29<br>၅ | 30<br>၆ | 31<br>၇ |

ကျွန်ုပ်သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက်ကံကောင်းသောနေ့တစ်နေ့ ဖြစ်မည်လော၊ ဤနေ့ဤရက်သည် ငါ့အတွက် ကံမကောင်းသောနေ့တစ်နေ့ ဖြစ်မည်လော စသည်ဖြင့် မိမိတို့၏ နေ့စဉ်ကံကြမ္မာအကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေအောင်မြင်နေမည်၊ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။ ဤနေ့ဤရက်သည် မကောင်း။ ပြဿနာများတစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသောလုပ်ငန်းတွေ ဘာမှမလုပ်မိပါစေနှင့်ဟု ထိထိရောက်ရောက် အနီးကပ်ကူညီပံ့ပိုးအကြံပေးလို၍ တစ်ဦးစီတစ်ဦးစီ၏ ကိုယ်ပိုင်ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂနသိရှိစေရန်အလို့ငှာ စေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

မူလ ပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ထိုနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်းကျန်အောင် ပေါင်းပါ။ ဥပမာ အင်္ဂလိပ် (၂၃) ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။

မေလ (၁၉) ရက်နေ့ကို တွက်လိုသည် ဆိုပါစို့။ (၁၉) ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၄) ဟု တွေ့ရပေလိမ့်မည်။ ၎င်းမွေးရက် (၂၃) နှင့်ပေါင်းလျှင် (၂၇) ရ၏။ ၎င်း (၂၇) ကို တစ်လုံးတည်းဖြစ်အောင်ပေါင်းလျှင် (၂+၇=၉) ရ၏။ ထို့ကြောင့် ထိုသူအတွက် မေလ (၁၉) ရက်နေ့တွင် (၉) ဂဏန်း ကြီးစိုးနေ၏။

(၁) ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးရခြင်းများ ကြုံရတတ်၏။

(၂) ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထားသော အကူအညီများ ရရှိခြင်း၊ မိမိက အကူအညီပေးရခြင်းများ ကြုံရတတ်၏။

(၃) ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

(၄) ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

(၅) ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

(၆) ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်းဖြစ်ရခြင်းများ ကြုံရတတ်၏။

(၇) ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ မထင်မှတ်သောဖြစ်ရပ်များ ကြုံတွေ့ရတတ်၏။

(၈) ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

(၉) ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး၊ ဆရာသမားနှင့် ပတ်သက်သောကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေများအနေနှင့် (၄)၊ (၈)၊ (၆) ဂဏန်းရသောရက်များကို သတိပြုရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ (၃)၊ (၅) ဂဏန်းရသောရက်များ ဖြစ်ပါသည်။ ဒုတိယအကောင်းဆုံးမှာမူ (၁)၊ (၂)၊ (၇)၊ (၉) ဂဏန်းရသောရက်များပင် ဖြစ်ပေတော့သတည်း။

*မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ၊ မြားမြောင်ကိစ္စ၊ ဆောင်ရွက်ကြလျှင်၊ ဆန္ဒပြည့်ဝ၊ လူလုံးလှကာ၊ လောကအလယ်၊ ဂုဏ်ဝင့်ကြွယ်သည်၊ လောကီပညာအကျိုးတည်း။*

*ကောင်းမှုအကြောင်းပြု*
*တောင်းဆုပြည့်ပါစေ*

သုခစင်



www.burmeseclassic.com


www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် သတ္တကနိပါတ် မဟာကပိဇာတ်တော်၌ ဗြဟ္မဒတ်မင်းဖြစ်၍ ဘုရားအလောင်းတော် မျောက်မင်း၏ ဦးခေါင်းခွံအရိုးဓာတ်ကို နန်းတော်သို့ သယ်ဆောင်ကာ စေတီတည်၍ ပူဇော်ခဲ့ပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဟိမဝန္တာတောကြီးအတွင်း၌ မျောက်မင်းဖြစ်ခဲ့၏။ ကိုယ်ခန္ဓာကြီးထွားသည်နှင့်အမျှ ခွန်အားကလည်း အလွန်တရာ သန်စွမ်းလှ၏။ မျောက်အပေါင်း ရှစ်သောင်းတို့ကို ကြီးမှူးအုပ်ချုပ်၍နေထိုင်ခဲ့လေသည်။

တစုတဝေးတည်းနေထိုင်ကြသော မျောက်အရေအတွက်က များလွန်းလှသဖြင့် အနီးအပါး၌ သစ်သီးရှာဖွေရန် မလွယ်ကူပါ။ သို့ဖြစ်၍ စားကျက်အသစ်ကို ရှာကြရာတွင် ဂင်္ဂါမြစ်ကမ်းပါးက သရက်ပင်ကြီးကိုတွေ့ကြရ၏။ ထိုသရက်ပင်၌ ပင်လုံးကျွတ်အသီးများသီးနေကြရာ ဂင်္ဂါမြစ်ပေါ်သို့ ထိုးထွက်နေသော အကိုင်းမှသရက်သီးတို့သည် ဂင်္ဂါမြစ်ရေထဲသို့ ကြွေကျကုန်၏။ အခြားအကိုင်းမှ သရက်သီးတို့သည် အပင်ရင်းမှာကြွေကျကုန်၏။ သရက်သီးများမှာ အလုံးထွားသည်နှင့်အမျှ အရသာလည်း ချိုမြိန်လှ၏။ ထို့ကြောင့် အလောင်းတော်မျောက်မင်းနှင့်တကွ မျောက်အပေါင်းသည် ထိုသရက်ပင်သို့လာ၍ အသီးကိုဆွတ်စားကြလေသည်။

မျောက်အရေအတွက်များပြားလှသော်လည်း သရက်ပင်ကလည်း တောင်ထွတ်ကြီးတမျှ ကြီးများလှ၏။ အသီးတွေကလည်း ညွတ်နေအောင်သီးနေကြ၏။ သို့ဖြစ်၍ နောက်လိုက်မျောက်အပေါင်း စိတ်တိုင်းကျ ဆွတ်ယူ၍ စားကြပါလျက် သရက်သီးတွေက မကုန်နိုင်ပေ။ နောက်လိုက်မျောက်အပေါင်းတို့




www.burmeseclassic.com

www.burmeseclassic.com

ပျော်မဆုံးမော်မဆုံးဖြစ်နေကြလေသည်။

အလောင်းတော်မျောက်မင်းကမူ ဦးစီးခေါင်းဆောင်ပီပီ ပေါ်ပေါက်လာနိုင်သည့်အန္တရာယ်ကို စူးစမ်းရှာဖွေလေရာ ဂင်္ဂါမြစ်ထဲသို့ ကြွေကျသွားသည့် သရက်သီးတို့ကို သင်္ကာမကင်းဖြစ်လာရ၏၊ ထိုသရက်သီးတို့ ဂင်္ဂါမြစ်ကြောင်းအတိုင်း မျောပါသွားပါက မင်းတကာတို့၏ ထီးနန်းစိုးစံရာ ဗာရာဏသီမြို့တော်သို့ ရောက်သွားကြပေလိမ့်မည်။ သရက်သီးတစ်လုံးလုံးသည် ဘုရင့်ရှေ့တော်မှောက်သို့ ရောက်သွားနိုင်သည်။ မဆိုစကောင်းရောက်သွားပါက မိမိတို့အတွက် အန္တရာယ်အကြီးအကျယ်ကျရောက်လာရပေတော့မည်။

ထိုအန္တရာယ်ကိုကြိုတင်ကာကွယ်နိုင်စေရန် အလောင်းတော်မျောက်မင်းသည် မြစ်ရေပြင်ပေါ်သို့ ထိုးထွက်နေသောအကိုင်းက သရက်သီးအားလုံးကို ရေပြင်ပေါ်လွတ်ကျမသွားအောင် အထူးဂရုစိုက်၍ ခူးဆွတ်စေ၏။ ထိုနှစ်အတွက် သရက်သီးတုံးသွားပြီး နောက်တစ်နှစ်ရောက်လာတော့လည်း ထွက်ပေါ်လာသည့် အသီးကင်းကလေးတွေကိုပါအားလုံးဖျက်ဆီးပစ်ရန် ညွှန်ကြား၏။

မျောက်မင်းညွှန်ကြားသည့်အတိုင်း မျောက်များကလည်း ဆောင်ရွက်ကြပါ၏။ သို့ရာတွင် သစ်ရွက်စားပိုးကောင်လေးတို့က ပိုးမျှင်နှင့်ထုပ်စည်းထား၍



www.burmeseclassic.com

ပျောက်ကွယ်ဖြစ်နေသော သရက်သီးတစ်လုံး ကျန်နေရစ်၏။ ထိုသရက်သီးသည် တစ်နေ့တခြား ကြီးရင့်ရာမှ မှည့်လာ၏။ ထိုတစ်နေ့တွင် ထိုကိုင်းပေါ်သို့ မျောက်တစ်ကောင်က ခုန်တက်လိုက်ရာ လှုပ်ခါချလိုက်သလိုဖြစ်၍ သရက်သီးမှည့် ကြွေကျသွားလေတော့သည်။

ထိုအချိန်၌ ညီတော်အာနန္ဒာလောင်းလျာသည် ဗာရာဏသီနန်းတော်၌ ဗြဟ္မဒတ် ဟူသော ဘွဲ့မည်ခံမင်းတစ်ပါး ဖြစ်နေ၏။ ဗြဟ္မဒတ်မင်းသည် ဂင်္ဂါမြစ်ဆိပ်သို့ဆင်း၍ ရေချိုးနေကျဖြစ်၏။ ဗြဟ္မဒတ်မင်း ရေချိုးသောအခါ တံငါသည်တို့က ရေချိုးရာသို့ အမှိုက်သရိုက်များ၊ အသေကောင်ပုပ်များ မျောပါမသွားစေရန် မြစ်ညာဘက်က ပိုက်များချ၍ကာပေးထားကြရ၏။ အလောင်းတော် မျောက်မင်း တွက်ဆထားသည့်အတိုင်း ပင်အထက်မှ မျောပါလာခဲ့သောသရက်သီးမှည့်သည် ပိုက်ထဲမှာ ငြိလာလေတော့သည်။

ဗြဟ္မဒတ်မင်း ရေချိုးပြီးသွား၍ တံငါသည်များက ပိုက်ကိုရုတ်သိမ်းကြသည်တွင် သရက်သီးကို တွေ့ကြရ၏။ သရက်သီးမှာ အစွမ်းကုန်မှည့်၍ ဝါဝင်းနေ၏။ အလုံးကလည်း ကြီးထွားလှ၏။ ခါတိုင်းတွေ့နေကျ သရက်သီးများနှင့် မတူ တစ်မူထူးခြားလှသဖြင့် တံငါသည်များက သရက်သီးမှည့်ကို နန်းတော်သို့ သယ်ဆောင်လာကြ၍ ဗြဟ္မဒတ်မင်းထံ ဆက်သကြလေသည်။

ဗြဟ္မမင်းသည် ထိုသရက်သီးကို လက်ခံပြီးလျှင် -

"ဘယ်အရပ်ကအသီးလဲ"

ဟု မေး၏။

တံငါသည်များက -

"ကျွန်တော်မျိုးတို့မသိပါ။ တောကျွမ်းကျင်သောမုဆိုးများသာ သိပါလိမ့်မည်"

ဟု လျှောက်တင်ကြ၏။ သို့ဖြစ်၍ မုဆိုးများကို ရှေ့တော်သို့ခေါ်သွင်း၍ မေးမြန်းရာတွင် -

"ဟိမဝန္တာတောအတွင်းက ထူးထူးခြားခြားကြီးထွားလှသော သရက်ပင်ကြီးက အသီးဖြစ်ပါတယ်ဘုရား"

ဟု လျှောက်တင်ကြလေသည်။

ဤတွင် ဗြဟ္မဒတ်မင်းသည် သရက်သီးမှည့်ကို ဓားငယ်ဖြင့် အနည်းငယ်လှီး၍ မုဆိုးတို့ကို ကျွေး၏။ မုဆိုးတို့ဘာမှမဖြစ်သဖြင့် အမှုထမ်းအချို့ကို ထပ်၍ ကျွေးကြည့်၏။ စားမိသူမှန်သမျှ အန္တရာယ်မကျရောက်ပုံကို သိရကာမှ ဗြဟ္မဒတ်မင်းသည် ထိုသရက်သီးကို ကိုယ်တိုင်စားလေရာ ရသာကြောတစ်ထောင်လုံး ပျံ့နှံ့သွားလေတော့သည်။

သရက်သီးအရသာက ကောင်းလွန်းလှသဖြင့် ဗြဟ္မဒတ်မင်းသည် ထိုသရက်ပင်ရှိရာအရပ်ကို မုဆိုးတို့အား မေးမြန်း၏။ မုဆိုးတို့ကလည်း ဗာရာဏသီမြို့တော်နှင့် အလှမ်းကွာလှသော ဟိမဝန္တာတောကြီးအတွင်းမှာရှိကြောင်း လျှောက်တင်ကြလေသည်။

ဤတွင် ဗြဟ္မဒတ်မင်းသည် ထိုကဲ့သို့သောသရက်သီးကို နောက်ထပ်တစ်ဖန် စားချင်လွန်းလှ၍ ဂင်္ဂါမြစ်ထဲမှာ ဖောင်ဖွဲ့စေ၍ စစ်သည်ဗိုလ်ပါအမြောက်အမြားနှင့် မုဆိုးတို့ကို ရှေ့သွားလမ်းညွှန်ပြစေ၍ ဂင်္ဂါမြစ်ကြောင်းအတိုင်း ဆန်တက်သွားလေသည်။ရေဆန်ဖြစ်၍ ခရီးမတွင်နိုင်သော်ငြားလည်း ရက်မနားဘဲ လှော်ခတ်လာခဲ့ကြသဖြင့် အချိန်တန်သောအခါ သရက်ပင်ရှိရာသို့ရောက်လာကြ၏။

ဗြဟ္မဒတ်မင်းသည် ဖောင်ဆိုက်မိသည်နှင့်တစ်ပြိုင်နက် မြစ်ကမ်းပါးပေါ်သို့တက်လာ၍ သရက်ပင်ကို မော့ကြည့်၏။ သရက်သီးတွေ ဝေဝေဆာဆာရှိနေကြသည်ကိုတွေ့ရ၍ သရက်ပင်ရင်းမှာပင် နေစရာအခင်းကို ခင်းစေ၏။ ထိုနေရာမှာထိုင်လျက် သရက်သီးမှည့်ကို အားပါးတရစား၏။ ပါလာခဲ့သော ပွဲတော်စာများကို စား၏။

ဗြဟ္မဒတ်မင်းစားသောက်၍ပြီးချိန်မှာပင် နေဝင်သွားပြီဖြစ်၍ အသင့်ပါလာခဲ့သောမီးတိုင်များကို ထွန်းကြရ၏။ အရပ်လေးမျက်နှာ၌ အစောင့်တာဝန်များ ချထားကြရ၏။ အရပ်လေးမျက်နှာ၌ အစောင့်တာဝန်များ ချထားကြရ၏။ ဗြဟ္မဒတ်မင်းသည်လည်း ယုံကြည်စိတ်ချရသော သက်တော်စောင့်များအလယ်တွင်ခင်းထားသော အခင်းပေါ်၌ အိပ်စက်လေသည်။

အလောင်းတော် မျောက်မင်းနှင့် မျောက်များသည် ထိုနေညနေခင်းက သရက်သီးစားမည်ဟု လာခဲ့ကြရာ ဗြဟ္မဒတ်မင်း၏ မင်းမှုထမ်းများကို အဝေးမှလှမ်းမြင်ကြရသဖြင့် လွတ်ရာကျွတ်ရာမှာ ပုန်းရှောင်နေခဲ့ကြရ၏။ ယခုအခါတွင်ကား နေဝင်သွားပေပြီ။ တဖြည်းဖြည်းနှင့် အချိန်များကုန်ဆုံးလာကြ၍ သန်းခေါင်ယံရောက်လာခဲ့ပြီ။ ဤအချိန်တွင်ကား လူအားလုံးတို့ အိပ်မောကျနေလောက်ပြီ။ တခေါခေါဟောက်လျက် သူတို့အိပ်ပျော်နေတုန်းမှာ ဘာအန္တရာယ်မှမပေးနိုင်ကြတော့ပြီ။

ဤသို့သော တွက်ဆခြင်းဖြင့် အလောင်းတော်မျောက်မင်းနှင့် မျောက်အများသည် ခြေသံမကြားရအောင် သရက်ပင်ရှိရာသို့ ချဉ်းကပ်လာကြပြီးလျှင် သရက်ပင်ပေါ်သို့ ကျွမ်းကျင်စွာတက်၍ သရက်သီးမှည့်များကို ဆွတ်စားကြလေသည်။

ထိုစဉ်မှာပင် ဗြဟ္မဒတ်မင်းသည် အိပ်ပျော်ရာမှနိုးလာ၍ အထက်သို့မော့ကြည့်လိုက်ရာ ညသန်းခေါင်လရောင်ထဲတွင် သရက်သီးစားနေကြသော မျောက်များကို မြင်လိုက်ရသဖြင့် -

"အင်း - ငါ့အတွက်တော့ လာဘ်တိုက်တာပဲ။ သရက်သီးမှည့်က ချိုသလို မျောက်သားကလည်း စားလို့ကောင်းမှာပဲ။ ဒါပေမယ့် ဒီကောင်တွေကို ဖမ်းဖို့က မလွယ်ဘူး။ ဒီနေ့တော့ နံနက်ထိန်ထိန်လင်းလာတော့မှ တစ်ကောင်တလေမှ မလွတ်အောင် ပစ်ခတ်ဖမ်းဆီးရမယ်။ ဒါကြောင့် သူတို့တစ်တွေ တစ်ကောင်မှ မလွတ်ရအောင် စစ်တပ်ကြီးနဲ့ ဝိုင်းထားမှဖြစ်မယ်"

ဤသို့ အကြံရလာသည့်အတိုင်း ဗြဟ္မဒတ်မင်းက အမိန့်ပေးလိုက်သဖြင့် အတူလိုက်ပါလာသော စစ်သည်တော်တို့က လက်နက်အပြည့်စုံနှင့်အတူ သရက်ပင်ကို ဝိုင်းထားကြပါတော့သည်။

သည်တော့မှ မျောက်များသည် စားလက်စကို ရပ်တန့်ကာ အလောင်းတော်မျောက်မင်းထံ ဝိုင်းအုံလာကြ၏။ မိမိတို့အားလုံး တစ်ကောင်တလေမှ ပြေးထွက်မသွားနိုင်အောင် အဝိုင်းခံထားရပြီဖြစ်သောကြောင့် မျောက်မင်းထံ အစီရင်ခံကြ၏။

ဤတွင် အလောင်းတော်မျောက်မင်းက -

"အချင်းတို့၊ သင်တို့သေရမှာ ကြောက်မနေကြပါနဲ့။ ဒီအန္တရာယ်က လွတ်မြောက်နိုင်တဲ့ နည်းလမ်းကောင်းတစ်ခုရှိနေပါတယ်။ သင်တို့ကသာ ငါ့အမိန့်အတိုင်း တစ်သဝေမတိမ်းလိုက်နာကြပါ"

ဤသို့ အားပေးစကား၊ တိုက်တွန်းစကားပြောကြားပြီးလျှင် အလောင်းတော်မျောက်မင်းသည် မြစ်ပြင်ပေါ်ထိုးထွက်နေသောသရက်ကိုင်းပေါ်သို့တက်လာခဲ့ပြီးလျှင် အခိုင်မာဆုံးကိုင်းမှခေါ်မှာ ခြေစုံရပ်လျက် အသက်ကိုဝဋ္ဋလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com

လျှင် မိမိမှာရှိရှိသမျှသောအစွမ်းတို့ကို သုံးလျက် ရုတ်တရက်ခုန်လိုက်ရာ ဂင်္ဂါ မြစ်ရေပြင်အထက်မှ လွှားခနဲကျော်ဖြတ် သွားခဲ့ပြီးလျှင် အခြားတစ်ဖက်ကမ်းပါးမှ ကြိမ်ချုံကြီးတစ်ခုပေါ်သို့ ကျရောက်လေသည်။

အလောင်းတော်မျောက်မင်းသည် ရောက်လျှင်ရောက်ချင်း အပန်းဖြေမနေ တော့ဘဲ ခိုင်ခံ့၍အလွန်တရာရှည်လျား သော ကြိမ်နွယ်ကို သွားထက်ထက်ဖြင့် ကိုက်ဖြတ်၏။ ကောင်းကင်ခရီးဖြင့် မြစ် ပြင်ပေါ်က ဖြတ်လာတုန်းကပင် မျောက် မင်းသည် မြစ်ပြင်၏အကျယ်အဝန်းကို စိတ်မှတ်ဖြင့်တွက်ချက်လာခဲ့၏။ ထို့ပြင် မြစ်ကမ်းပါးမှနေ၍ တုတ်ခိုင်သောသစ် ပင်တစ်ပင်သို့လားရာ၊ ထို့ပြင် ထိုသစ်ပင် တို့ကိုပတ်၍ ချည်နှောင်ရမည့်အတိုင်း အတာ၊ ဤအတိုင်းအတာအားလုံးနှင့် အညီအမျှ ကြိမ်နွယ်ကြိုးကို ဖြတ်ယူပြီး လျှင် ပင်စည်တုတ်ခိုင်၍ အရပ်မြင့်မား သော သစ်ပင်ပေါ်သို့ တက်၏။ ခိုင်ခံ့ သော အထက်ပိုင်းက ပင်မကိုင်းကြီးတွင် ကြိမ်နွယ်ကြိုးတစ်ဖက်စွန်းဖြင့် ပတ်၍ အခိုင်အခံ့ တုပ်ချည်ထားလိုက်၏။ ထို့နောက် အမြင့်ဆုံးကိုင်းပေါ်သို့တက် ပြီးလျှင် မြစ်ပြင်ဘက်သို့ ထိုးထွက်နေ သောကိုင်းမပေါ်မှာ ခြေစုံရပ်လိုက်၏။ ခြေအစုံကို မြဲမြဲခိုင်ခိုင်ရပ်မိသည်နှင့် တစ်ပြိုင်နက် အသက်ကိုပြင်းပြင်းရှူ လျက် အားကုန်အင်ကုန်ခုန်ထွက်လိုက် လေရာ အတောင် (၄၀၀) ကျယ်ဝန်း သော မြစ်ရေပြင်အပေါ်က ကျော်ဖြတ် သွားခဲ့၍ ဤမှာဘက်က သရက်ပင်သို့ ချဉ်းကပ်လာခဲ့၏။

မျောက်မင်းသည် ကြိမ်နွယ်ကြိုး ကို တိုင်းတာစဉ်တုန်းက မိမိခါးမှာ ချည် နှောင်ရမည့်အတိုင်းအတာကို ထည့်၍ တွက်မိခဲ့ပေ။ သို့ဖြစ်၍ သရက်ပင်အ နားသို့ ရောက်လုဆဲဆဲအကွာအဝေးမှာ ပင် ကြိုးအရှည်က ကုန်သွားပြီဖြစ်၍ တစ်ကိုယ်လုံး သရက်ပင်ပေါ်သို့မရောက် နိုင်တော့ဘဲ သန်မာလှသော လက်အစုံ ဖြင့် သရက်ကိုင်းကို ဖမ်း၍ဆွဲထားလိုက် ရပေတော့သည်။

အလောင်းတော်မျောက်မင်းရည် ရွယ်ခဲ့တာက ဤကြိမ်နွယ်ကြိုးတန်းဖြင့် မိမိနှင့်တကွ မျောက်အပေါင်းတို့ ဘေး ရန်ကင်းရာသို့ ထွက်ခွာကြရန် ဖြစ်၏။ ယခုတော့ အခြေအနေက တစ်မျိုးဖြစ် သွားချေပြီ။ မိမိ၏ လက်အောက်ငယ် သားအားလုံးအတွက် မိမိအသက်နှင့် ခန္ဓာကိုယ်ကို တံတားခင်း၍ပေးလိုက်မှ ဖြစ်တော့မည်။

မျောက်မင်း၏ အပြုအမူကို အသံသည်းတထိတ်ထိတ်နှင့် စောင့်ကြည့် နေခဲ့ကြသော မျောက်များကလည်း ဤ ရည်ရွယ်ချက်ကို သဘောပေါက်လာကြ ပါ၏။ သို့ရာတွင် မိမိတို့၏ အရှင်သခင်၊ မိမိတို့ကျေးဇူးရှင်ကြီး၏ ကိုယ်ခန္ဓာကို တံတားသဖွယ်နင်း၍ မည်သူက ဖြတ် ကျော်ဝံ့ပါမည်နည်း။

ဤသို့ရှိနေဆဲမှာပင် -

"မျောက်အပေါင်းတို့၊ ငါ့ကိုယ် ပေါ်ကနင်းပြီးတော့ တစ်ဖက်ကမ်းကို မြန်မြန်ကူးကြ"

မျောက်မင်း၏အမိန့်သံပေါ်ထွက် လာ၏။

ဤအမိန့်ကို မည်သူမျှ မဆန့်ကျင် ရဲကြပါ။ သို့ဖြစ်၍ အနီးစပ်နေရာက မျောက်များမှစ၍ မျောက်မင်းကို ဦးခိုက် ရှိခိုးပြီးမှ မျောက်မင်း၏ ကိုယ်ပေါ်က တစ်ဆင့်ကြိမ်နွယ်တန်းကို တွဲလောင်းခို ကာ အစီအရီထွက်သွားကြလေသည်။

မျောက်အပေါင်းတို့၏အလှည့်ပြီး ဆုံးချိန်ကို တမင်သက်သက်စောင့်နေခဲ့ သော လက်ကျန်မျောက်တစ်ကောင်က မူ သူများတွေလိုမဟုတ်ပေ။ ပထမဦးစွာ အမြင့်ဆုံးကိုင်းပေါ်သို့ ခုန်တက်လိုက် သေး၏။ လိုအပ်သော အမြင့်အကွာ အဝေးသို့ရောက်ခါမှ မျောက်သတ္တဝါတို့ ၏ ကျွမ်းကျင်မှုဖြင့် အလောင်းတော် မျောက်မင်း၏ ကျောပြင်ပေါ်သို့ ခုန်ချ လိုက်၏။ ခုန်ချလိုက်သောအရှိန်ကြောင့် အောက်ကခံထားရသော မျောက်မင်း မှာ မည်မျှလောက်ထိခိုက်သွားမည်နည်း ဟု ထိုမျောက်၏ ခြေထောက်အတွေ့ ဖြင့် မှန်းဆနိုင်လောက်၏။

သို့ရာတွင် ဒေဝဒတ်အလောင်း လျာဖြစ်သော ထိုမျောက်ကတော့ ဘဝ ဘဝကပါလာခဲ့သော ရန်ငြိုးဖြင့် မိမိတို့ အားလုံးကို အသက်ပေး၍ ကယ်တင် လိုက်သော ကျေးဇူးရှင်ကြီးကို တစ်ချက် လေးမျှ စောင်းငဲ့၍ မကြည့်တော့ဘဲ တစ်ဖက်ကမ်းသို့ ကူးသွားပါတော့သည်။

သရက်ပင်ပေါ်က လှုပ်ရှားမှုအား လုံးကို ဗြဟ္မဒတ်မင်းက မျက်ခြည်မပြတ် ကြည့်နေခဲ့၏။ မိမိ၏လက်အောက်ငယ် သားအားလုံးအတွက် မိမိ၏အသက်ကို စွန့်လွှတ်၍ ကယ်တင်ခဲ့သော မျောက် မင်း၏ ဦးစီးခေါင်းဆောင်စိတ်ဓာတ်ကို အလေးထားမိ၏။

သို့ရာတွင် ညအချိန်တွင် ခြေခင်း လက်ခင်း မသာယာသေးသဖြင့် အလောင်းတော် မျောက်မင်းကို သည် အတိုင်းထားခဲ့ကြရ၏။ နံနက်စင်စင်လင်း ခါမှ အမှုထမ်းတို့အား ဝါးဖောင်ဖွဲ့ရန် အမိန့်ပေးရ၏။ အမှုထမ်းများသည် ဝါးဖောင်ဖွဲ့ပြီးသောအခါ ဖောင်ပေါ်မှာ မျောက်မင်းတည်ရှိရာအကွာအဝေးအရ ငြမ်းဆင်ရ၏။ ပြီးတော့မှ ထိုဖောင်ကို သရက်ပင်နားသို့ လှော်ခတ်သွားပြီးလျှင် ငြမ်းပေါ်မှနေ၍ မျောက်မင်းကို ပွေ့သူ က ပွေ့ထားကြရ၏။ တချို့က ခါးပြတ် သွားမတတ် တင်းကျပ်နေသော ကြိမ် နွယ်ကြိုးကို ဖြုတ်ပေးကြရလေသည်။

အောက်သို့ရောက်လာသောအခါ အမှုထမ်းများသည် မျောက်မင်းအား သက်နံ့းရောင်အဝတ်ပိုင်းဖြင့် ထွေးပတ် ၍ ဂင်္ဂါမြစ်ရေမှာ ရေချိုးပေးကြ၏။ ရေ ချိုးပြီးနောက် ရေစက်ရေပေါက်များ ခြောက်သွားအောင် သုတ်ပေးကြရ၏။ တင်လဲကို ရေနှင့်ဖျော်၍ တိုက်ကြ၏။ အကြိမ်တစ်ထောင် ချက်ထားပြီးသော ဆီကြည်ဖြင့် မျောက်မင်း၏တစ်ကိုယ်လုံး ကို လိမ်းပေးကြရ၏။ ထို့နောက် သိုးရေ ဖြန့်ခင်းထားသော အိပ်ရာပေါ်သို့ ပို့ ဆောင်၍ ညင်ညင်သာသာသိပ်ပေးကြရ လေသည်။

ထိုသို့ စိတ်တိုင်းကျပြုစုပေးပြီး သောအခါတွင် ဗြဟ္မဒတ်မင်းသည် အလောင်းတော်မျောက်မင်းထံ ချဉ်းကပ် ၍ ညင်သာသောလေသံဖြင့်မေးမြန်း၏။

"အို- မျောက်ခေါင်းဆောင်ကြီး၊ သင်ဟာ မိမိကိုယ်ကို တံတားသဖွယ် အနင်းခံပြီးတော့ မျောက်ပေါင်းကို တစ် ဖက်ကမ်းသို့ ချမ်းချမ်းသာသာကူးသွား နိုင်အောင် အကျိုးဆောင်ခဲ့ပါပေတယ်။ သင်က အဲဒီမျောက်များနဲ့ ဘယ်လိုသက် ဆိုင်ပါသလဲ။ သူတို့ကကော အသင်နဲ့ ဘယ်လိုများ ပတ်သက်ကြပါသလဲ"

ဤသို့ မေးမြန်းလိုက်သောအခါ အလောင်းတော် မျောက်မင်းကလည်း သည်းထန်လှစွာသော ဝေဒနာများကြား မှ အားတင်း၍ဖြေကြားလို၏။

"အရှင်မင်းမြတ်၊ ကျွန်ုပ်က သူတို့ အားလုံးရဲ့ ဦးစီးခေါင်းဆောင် ဖြစ်ပါ တယ်။ ကြီးမှူးအုပ်ချုပ်မင်းလုပ်ရသူ ဖြစ် ပါတယ်။ သူတို့ကတော့ လက်အောက် ငယ်သားများ ဖြစ်ကြပါတယ်။ အရှင်မင်း မြတ်ရဲ့ စစ်သည်တော်များကို ကြောက် ရွံ့ထိတ်လန့်နေကြတာကြောင့် ကျွန်ုပ်က ဖြစ်နိုင်တဲ့ နည်းလမ်းနဲ့ ကယ်တင်လိုက်ရ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

# ဗေဒင်

**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

(၁၀၄) ကြိမ်မြောက်၊
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

လာဘ်လာဘများစွာကို ဖြစ်လာစေတော့မည့် ကိန်းဂဏန်းလေးများနှင့် ပါရမီဖြည့်လိုက်ရပြန်ပါပြီ။

**တနင်္ဂနွေသားသမီး**

ဧပြီလ ၈၊ ၂၂၊ ၂၆ ရက်များမှာ ထီထိုးပါ။

အချိန်ပေးနိုင်လျှင် ဓာတ်ကြီး (၄) ပါးဆွမ်းကပ်ပါ။ နောက်နေ့ ထီထိုးပါ။ ဓာတ်ကြီး (၄) လေးပါး ဆွမ်းတော်မကပ်ဖြစ်လျှင် ဘုရားစေတီတစ်ဆူဆူသို့သွား၍ ရုပ်ပွားတော်တစ်ဆူဆူအား ရွှေပြားသင်္ကန်းကပ်လှူပါ။ ပြီးမှ ထီထိုးပါ။

မေလတွင် ၅၊ ၆၊ ၂၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဧပြီလ ၁၀၊ ၂၃၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဘုရားတစ်ဆူဆူသို့သွား၍ ကော်ပန်းကန်ပြားအဖြူရောင် (၅) ချပ်နှင့် မုန့်လုံးရေပေါ် ဆွမ်းတော်ကပ်လှူပါ။ (၅) ပွဲလုံးကို တစ်ပြိုင်တည်း ကပ်လှူ ဘုရားဝတ်ပြုပြီး အပြန်မှာ ထီထိုးပါ။

မေလမှာ ၇၊ ၅၊ ၃၊ ၄ ဂဏန်းများနှင့်ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဧပြီလ ၁၁၊ ၂၄၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား သစ်သီး (၆) မျိုးနှင့် (၆) ရက်ဆက်တိုက် နေ့စဉ်မပြတ်ပူဇော်ပါ။ (၆) ရက်ပြည့်ပြီး နောက်နေ့မှာ ထီထိုးပါ။

မေလမှာ ၅၊ ၂၊ ၉၊ ၁ ဂဏန်းများနှင့်ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဧပြီလ ၂၅၊ ၂၆၊ ၂၉ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူသို့သွား၍ ကြိုဟ် (၈) ခွင်လုံးလှည့်၍ ပေါက်ပေါက်ဆွမ်းကပ်လှူပါ။ ကော်ပန်းကန်ပြားနှင့်ထည့်၍ လှူပါ (ဂြိုဟ် (၈) ခွင်လုံးမှနေ၍ ဘုရားကိုပူဇော်ပါ။)

မေလမှာ ၇၊ ၆၊ ၅၊ ၃ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဧပြီလ ၂၃၊ ၂၆၊ ၂၇ ရက်များမှာ ထီထိုးပါ။

နံနက်စောစော အရုဏ်ဆွမ်းခံကြွတော်မူလာသော သံဃာတော်အရှင်သူမြတ်များကို ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူပါ။ တစ်လလုံး လောင်းလှူခြင်းပြုပါ။ ဖြစ်နိုင်အောင် လောင်းလှူပါ။ ပြီးမှ ထီထိုးပါ။

မေလတွင် ၅၊ ၄၊ ၁၊ ၈ ဂဏန်းများနှင့် ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဧပြီလ ၁၀၊ ၂၀၊ ၂၄၊ ၂၇ ရက်များမှာ ထီထိုးပါ။

ဘုရားစေတီတစ်ဆူဆူသို့သွားပါ။ မွှေးနံ့ထောင့်မှစ၍ ဘုရားရှင်အား ရွှက်လှလက်တစ်ဆုပ်လှူပါ။ လက်ယာရစ်အတိုင်း ဂြိုဟ် (၈) ခွင်လုံးမှာလှူပြီး ဘုရားရှင်ကို ပူဇော်ပါ။ (အညွှန့် ၂၅၊ ၃၀ ခန့်ဆို လက်တစ်ဆုပ်ရပါသည်) ပြီးမှ ထီထိုးပါ။

မေလတွင် ၆၊ ၅၊ ၃ ဂဏန်းများနှင့်ကံစပ်သည်။

**စနေသားသမီးများ**

ဧပြီလ ၁၁၊ ၂၁၊ ၂၅၊ ၂၉ ရက်များမှာ ထီထိုးပါ။

ယခုလတွင် အားရက်တစ်ရက်ရွေးပါ။ တစ်နေ့တည်း ဘုရား (၆) ဆူလှည့်လည်ပြီးဖူးပါ။ ဘုရားတိုင်းတွင် သစ်သီး (၆) မျိုးစီ ဆွမ်းတော်ကပ်လှူပါ။ အပြန်မှာ ထီထိုးပါ။

မေလတွင် ၇၊ ၁၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

၃၀-၄-၂၀၁၄ ဗုဒ္ဓဟူးနေ့တွင် (၇) ရက်သားသမီးများအားလုံး ထီထိုးဖြစ်အောင်ထိုးပါ။ မအားလပ်သူများဖြစ်နေလျှင်ပင် အခြားတစ်ဦးဦးနှင့် အကူအညီတောင်း၍ထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

---

အရှင်မင်းမြတ်၊ ကျွန်ုပ်က သူတို့အားလုံးကို စိုးမိုးအုပ်ချုပ်လာခဲ့တယ်။ အုပ်ချုပ်သူဦးစီးခေါင်းဆောင်တို့ရဲ့ တာဝန်အရ သူတို့အားလုံးကို အသက်ဘေးက အောင်မြင်စွာကယ်တင်ပေးခဲ့ပြီ။ သူတို့ကို ကယ်တင်ဖို့ ကျွန်ုပ်ရဲ့ခါးမှာ ပြတ်သွားတော့မတတ် ကြိမ်ကြိုးနဲ့တင်းတင်းကြီးပတ်ခဲ့ရပေမယ့် ကျွန်ုပ်မှာ နာကျင်တယ်လို့ မခံယူပါ။ ဒီဒဏ်ရာနဲ့ သေသွားမယ်ဆိုရင်လည်း ကျွန်ုပ်စိတ်မပူပါ။

အရှင်မင်းမြတ်၊ ကျွန်ုပ်ရဲ့အဖြစ်ဟာ အရှင်မင်းမြတ်အတွက် စံနမူနာဖြစ်လာပါလိမ့်မယ်။ အရှင်မင်းမြတ်ရဲ့ လက်အောက်မှာ တိုင်းသူပြည်သားတွေရှိနေကြပါတယ်။ ရထားစီးသူရဲကောင်းတွေ၊ မြင်းစီးသူရဲကောင်းတွေရှိနေကြပါတယ်။ ခြေလျင်တပ်သားတွေ ရှိနေကြပါတယ်။ စိုးမိုးအုပ်ချုပ်မင်းလုပ်ရတဲ့သူက အဲဒီလူအားလုံးရဲ့ချမ်းသာကို ကျန်းမာဖို့ဆောင်ရွက်ပေးရပါမယ်။ အဲဒီဆောင်ရွက်ပေးနိုင်အောင်လည်း အသိဉာဏ်နဲ့ ပြည့်စုံဖို့လိုပါတယ်"

ဤသို့ ရှင်းလင်း လျှောက်တင်ပြီးသည်နှင့် အလောင်းတော် မျောက်မင်းသည် ပြင်းထန်လှသော ဒဏ်ရာများကြောင့် ကွယ်လွန်သွားလေတော့သည်။

ဗြဟ္မဒတ်မင်းသည် မျောက်မင်း၏ အလောင်းကို ပြည့်ရှင်မင်းတို့ နတ်ရွာစံသောအခါ ကျင်းပရသော ဈာပနအစီအစဉ်ဖြင့် ကြီးကျယ်ခမ်းနားစွာ သဂြိုဟ်ပွဲကြီးကျင်းပစေ၏။ ကြွင်းကျန်နေသော ဦးခေါင်းခွံအရိုးဓာတ်ကို ရွှေချပြီးလျှင် ထီးဖျားမှာတင်လျက် ဗာရာဏသီမြို့တော်သို့ သယ်ဆောင်လာခဲ့၏။ ထို့နောက် နန်းတော်တံခါးမုတ်အနီး၌ လှံနှင့်တကွထားပြီးလျှင် မြို့တော်သူမြို့တော်သားများနှင့်တကွ ခုနစ်ရက်ပတ်လုံး အရိုးဓာတ်ပူဇော်ပွဲကြီးကို ကျင်းပလေသည်။

ပူဇော်ပွဲကြီး ပြီးဆုံးသောအခါ ဗြဟ္မဒတ်မင်းသည် အလောင်းတော် မျောက်မင်း၏ ဦးခေါင်းခွံအရိုးဓာတ်ကို စေတီတည်ထားပြီးလျှင် ပန်းနံ့သာ စသည်တို့ဖြင့် ရာသက်ပန် ပူဇော်ပါလေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

# ဦးမင်းဇင်

(ရွှေနဝင်း)

## ပြဒါးအဆိပ်သင့်အန္တရာယ်အသွယ်သွယ် ရှောင်ရှားကာကွယ်



'သံသေတစ်ပြည်ဝ၊ ပြဒါးသေတစ်ဆွဲဝ' ဆိုသည့် အဂ္ဂိရတ်သမားစဉ်ဆိုရိုးစကားရပ်ကို အားကျမက်မောပြီး အဂ္ဂိရတ်ဝါသနာရှင်အပေါင်းတို့က ပြဒါးဓာတ်နှင့် ပတ်သက်ဆက်နွှယ်နေသော လုပ်ရတ်လမ်းစဉ်များကို အားရပါးရ အစွဲမကြောက် မြွေမကြောက် မျက်နှမ်းရမ်းဆ လုပ်ဆောင်နေကြသည်ကို လွန်စွာပဲ တွေ့မြင်နေရပါသည်။

ထို့အတူ ပြဒါးကို ချုပ်သတ်နိုင်သည့် ခဲဓာတ်(နာ)များကိုလည်း အရမ်းခဲ့ သုံးစွဲလုပ်ကိုင်နေကြပေသည်။ ၎င်းလုပ်ရတ်လမ်းစဉ်များမှ ရရှိလာသော နိုနို ဝါဝါ ဓာတ်သားစပ်သားများကို တိတ်ရွှေဓာတ်ဖြင့် ပေါင်းစပ်၍ စားလမ်းရိက္ခာထောက်ပြုလုပ်ကြရာတွင် တော်ခေင် စံမကိုက် အရည်မလိုက်သည့် ထိုတိတ်ပျက်ဓာတ်သားများမှ ရွှေဓာတ်ကို ပြန်လည်ခွဲထုတ်ရာတွင် မဖြစ်မနေ ယမ်းစိမ်းငရဲမီးအက်စစ်အပြင်းများကို သုံးစွဲ၍ သန့်စင်ကြေးချွတ်ရပေသည်။

သို့ပါသောကြောင့် -

*□ အဂ္ဂိ အဂ္ဂိ မက်မိလျှင်*
*သူပြောင် ဒီမောင်မှာလေ*
*မီးပူလို့လုံကွဲ။*
*အစုတ်အပြဲတောင်မခံနိုင်အောင်*
*ရှိရှိသမျှ ထဲ့ထိုးသပ။*
*ပဒေသာ လမ်းမျိုးစုံ*
*ကျမ်းမျိုးစုံ လုပ်ထုံး။*
*တုံးလုံးလမ်း နည်းမဟာမှာ*
*ပက်လက်လှန် နောက်ပစ်လဲလို့*
*ဟက်တက်ကွဲတဲ့ ဒီခန္ဓာ*
*ရှုနာတဲ့ ရှိုက်ကုံး။*
*အမိုက်မဆုံးတဲ့ ဒီသံသရာ အဂ္ဂိထဲမှာလ။*
*မွဲပြာကျ အီဖေကိုယ်ကို*
*ရှင်မရေ ဆေးကုလိုက်အုံး။*

ဟု ရှေးပညာရှင်ကြီးများ စာချိုးခဲ့သလို ဖြစ်နိုးဖြစ်နိုးနှင့် နှစ်တိုး၍ ရှာဖွေကြသော်လည်း အဆုံးမှာတော့ အိမ်ရှင်မက အဂ္ဂိရတ်လင်မောင် (ရှုနာရှိုက်ကုန်း) ကို ဆေးကုသပေးရသည့်ကိန်းသာစိုက်ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှာ အဂ္ဂရိတ်တစ်လမ်း သွား တုံးလုံးလမ်း ရိက္ခာထောက် စပ် လမ်း စားလမ်းများကို အဆင်ခြင်မဲ့ လောဘတက်လုပ်ဆောင်တတ်ကြသည့် အဂ္ဂရိတ်လောဘမှိုင်းမိနေကြသူများ၏။ အမှန်တကယ် တွေ့ကြုံခံစားရမည့် ဝေဒနာဖြစ်ရပ်များ ဖြစ်ပေသည်။

လောဘတရား လွှမ်းမိုးနေခြင်း ကြောင့် မိမိတို့ကို အန္တရာယ်ပေးအဆိပ် သင့်စေသည်တို့ကို သတိမမူမိကြခြင်းပင် ဖြစ်ပေသည်။

အမှန်တကယ်ဆိုလျှင် အဂ္ဂရိတ် ဓာတ်ပစ္စည်းများသည် အများအားဖြင့် အဆိပ်သင့်အာနိသင်ရှိကြသည့် ဓာတ် ပစ္စည်းများက များပြားစွာ ပါဝင်နေပေ သည်။

ထိုဓာတ်ပစ္စည်းများထဲမှ လူကို အန္တရာယ်အပေးဆုံးဓာတ်ပစ္စည်းများမှာ ပြဒါးဓာတ်၊ ခဲ (နာ) ဓာတ်၊ စိန်ဓာတ်၊ ကန့် (ဆာလဖာ) နှင့် ငရဲမီးခေါ်သည့် အက်စက်အပြင်းဓာတ်များပင် ဖြစ်ပေ သည်။

သိပ္ပံပညာ တိုးတက် ခေတ်မီနေ သည့် အနောက်နိုင်ငံများတွင် အဏုမြူ ရောင်ခြည်အဆိပ်ပြီးလျှင် ဒုတိယအရေး ကြီးကြောက်စရာအကောင်းဆုံးအဆိပ် မှာ ပြဒါးအဆိပ်ဖြစ်သည်ဟု အတိ အလင်း သုတေသနပြု တွေ့ရှိထားပေ သည်။

ထို့ကြောင့် ပြဒါးဓာတ်များ အသုံး ပြုကိုင်တွယ်ခြင်းကို အထူးအလေးထား ကြပ်မတ်ပြီး အထူးညွှန်ကြားချက်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ လိုက် နာကျင့်သုံးရပါသည်။

လုပ်ငန်းခွင်ကျန်းမာရေးမူဝါဒများ ချမှတ်၍ ပြဒါးကင်းစင်သော ကျန်းမာ ရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကမ္ဘာ နှင့်အဝန်း နိုင်ငံတကာမှ ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီးနှင့် ပူးပေါင်း၍ အလုပ်ရုံ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် လုပ် ဆောင်နေကြပေသည်။

စာရေးသူတို့၏ နိုင်ငံတွင်လည်း ကနဦး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၁၁-၁၂-၂၀၁၃ ရက်နေ့က ရန်ကုန်မြို့ အလုံလမ်းရှိ ကိုရီယန်နာလိ(ဖ်) စားသောက်ဆိုင်၌ ပြုလုပ်ခဲ့ကြပါသည်။

ပြဒါးဓာတ် (မာကျူရီ Hg) သည် သာမန်မျက်စိဖြင့်မြင်နိုင်သော အရည် အဖြစ်မှ ပုံမှန်အခန်းအပူချိန်ထက် အနည်းငယ်ပိုမြင့်သော အပူချိန်တွင် အငွေ့ပြန်၍ ရေ လေ၊ မြေ စသည့် သဘာဝပတ်ဝန်းကျင်ထဲတွင် ပျံ့နှံ့၍ တည်ရှိနေသည့် စွမ်းအင်ရှိ ဓာတ်သတ္တု တစ်မျိုး ဖြစ်ပါသည်။

ထိုပြဒါးသည် အာရုံကြောများကို အဆိပ်သင့်စေနိုင်သည့် လူနှင့် သက်ရှိ သတ္တဝါအမျိုးမျိုးတို့၏ ကျန်းမာရေးကို ထိခိုက်၍ အသက်အန္တရာယ်ပေးသည် အထိ အဆိပ်ပြင်းထန်လှပါသည်။

လူများနှင့် လက်လှမ်းတစ်မီတွင် ရှိကြသော ခေတ်ပေါ်ပစ္စည်းများဖြစ်ကြ သည့် သာမိုမီတာ၊ သွေးပေါင်ချိန်တိုင်း သည့်ကိရိယာ၊ အစာအိမ်နှင့် အူလမ်း ကြောင်းသုံးသည့် (Tube) များ၊ Therm- ostat များ၊ လျှပ်စစ်ပစ္စည်းများ၊ ဖိအား တိုင်းကိရိယာများစသည့်တို့တွင် ပြဒါး ဓာတ် ပါဝင်အသုံးပြုထားပါသည်။

ပြဒါးဓာတ်၏ အဆိပ်သင့်ခြင်း အန္တရာယ်သည် ကြီးမားလှသောကြောင့် ထိုလူ့အသုံးအဆောင်ပစ္စည်းကိရိယာများ တွင် ပြဒါးပါဝင်အသုံးပြုခြင်းများကို ယခု အချိန်မှစ၍ ရပ်တန့်ပြီး မသုံးစွဲကြရန် WHO မှ အထူးကြပ်မတ်နိုးဆော်နေကြ ပါသည်။

ထိုပြဒါးပါဝင်သော လူ့အသုံးအ ဆောင်ပစ္စည်းကိရိယာများ ဟောင်းနွမ်း ပျက်စီးသွားလျှင် ပြဒါးဓာတ်များ ယိုစိမ့် ၍ထွက်လာပြီး သာမန်အခန်းအပူအချိန် ထက်ကျော်လွန်သောအပူချိန်တွင် ပြဒါး သည် အငွေ့ပြန်ကာ လေထဲ၊ ရေထဲ နီးစပ်ရာသို့ ပျံ့နှံ့ပျောက်ကွယ်ဝင်ရောက် သွားလေသည်။

ထိုအငွေ့ပြန်သွားသည့် ပြဒါးငွေ့ ကို ရှူမိသည့်အခါတွင်လည်းကောင်း၊ အရေပြားမှတစ်ဆင့်သော်လည်းကောင်း ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားပြီး ပြဒါး အဆိပ်သင့်အန္တရာယ်ကိုဖြစ်စေပါသည်။

တိုးတက်ခေတ်မီပါသည်ဆိုသည့် ဂျပန်နိုင်ငံလိုနိုင်ငံကြီးမှာပင် ၎င်းတို့စက် ရုံများမှ စွန့်ပစ်လိုက်သော ဓာတုအညစ် အကြေးရေဆိုးများမှတစ်ဆင့် ပြဒါးဓာတ် များပါဝင်လာပြီး ပင်လယ်ပြင်ရေထုထဲ သို့ ပျံ့နှံ့စိမ့်ဝင်သွားကာ ပင်လယ်နေ ရေသတ္တဝါ ငါး၊ ပုစွန် စသည့် သတ္တဝါ များ၏ခန္ဓာကိုယ်တွင် ပြဒါးဓာတ်များ စွဲဝင်ကိန်းအောင်းနေပြီး ထိုငါး၊ ပုစွန် စသည့် ပင်လယ်စာ (Sea Food) များ ကို စားသုံးသည့်လူများတွင် ပြဒါးအဆိပ် သင့်ခြင်းအန္တရာယ်နှင့် ကြုံတွေ့ရပြီး အသက်အန္တရာယ်ပေးသည့်အထိ ဖြစ် ပေါ်ခဲ့သည်ကို တွေ့ကြုံခဲ့ကြရပါသည်။

ထို့အတူ ရွှေကဲ့သို့ တွင်းထွက် သယံဇာတများပေါများစွာထွက်ရှိသော နိုင်ငံများတွင်လည်း ထိုပြဒါးဆိပ်သင့် အန္တရာယ်ကို ကြီးမားစွာ ခံစားနေရပေ သည်။

ရွှေတောတွင် ရွှေကိုတူးယူ၍ကျင် ယူပြီး ၎င်းရလာသော ရွှေပါဝင်ရောနှော နေသည့် အမှုန်ကလေးများထဲသို့ ပြဒါး ကို ရောမွှေပြီး ရွှေကို ပြန်ဖမ်းယူရသော ကြောင့် ရွှေထွက်ရာ မြစ်ချောင်းတစ် လျှောက်တွင် ပြဒါးဓာတ်များ မြစ်ရေ ချောင်းရေများထဲတွင် ပျံ့နှံ့ပျော်ဝင်နေ ပြီး ၎င်းတို့ကို စားသုံးသည့်လူများတွင် ပြဒါးဆိပ်သင့်ခြင်းကို ဖြစ်ပေါ်ခံစားရစေ ပါသည်။

ထို့ကြောင့် စာရေးသူတို့နိုင်ငံတွင် ရွှေထွက်ရှိရာ မြစ်၊ ချောင်း၊ အင်း၊ အိုင် များတွင် ရွှေကျင်ရွှေဖမ်းရာမှ ပြဒါးဓာတ် များ စည်းကမ်းမဲ့ စနစ်မရှိသုံးစွဲနေကြ သောကြောင့် ပြဒါးဆိပ်သင့်နိုင်ခြေ လွန် စွာ များပြားလှပေသည်။

စာရေးသူတို့ ပတ်ဝန်းကျင်တွင် ပြဒါးဓာတ်နှင့် ပတ်သက် ဆက်စပ်သော လုပ်ငန်းခွင်များမှာ -

၁။ ရွှေကျင်ရွှေလျှော်ချွတ်သည့် လုပ် ငန်းများ၊

၂။ ဓာတ်ဆေးပစ္စည်းများ ရောင်းချ သည့်လုပ်ငန်းများ၊

၃။ အဂ္ဂရိတ်လုပ်ရတ်စားလမ်း လုပ် ဆောင်ကြသူများ၊

၄။ ပြဒါးဓာတ်ကိုခဲစေပြီး အပျော အပြင်းဆိုက်အောင်ပြုလုပ်၍ ငါး များချိတ်လုပ်အသုံးပြုကာ ငါးဖမ်း သည့်လုပ်ငန်း၊

၅။ ပြဒါးပါဝင်သည့် တိုင်းရင်းဆေး ဝါးများဖော်စပ်ခြင်း၊

ဥပမာ - ဝါဠုကရွှေပြာ၊
- ရှောင်ဆေးဖုတ်ခြင်း
- ရင်ကျပ်ပန်းနာဆေး များ(ပြဒါးပါဝင်သော)
- ပြဒါးဓာတ်ပါသော လိမ်းဆေးများ၊

၆။ ပြဒါးကို ရောဂါပျောက်စေသည် ဟု ယူဆပြီး ပြဒါးအရည်ကို ကြိုတ်ဖြင့်ထည့်၍အဆောင်အဖြစ် လည်တွင်စွဲထားကြသူများ၊

၇။ မှန်ကို ပြဒါးသုတ်သည့်လုပ်ငန်း များ၊

၈။ ကလေးဆေးပေါင်ဒါတွင် ပြဒါး ထည့်၍ပြုလုပ်ကြခြင်းဖြစ်၍ ပြဒါး မပါဝင်သည့်နည်းစနစ်ကိုသုံးခြင်း

၉။ တစ်ဖက်သောင်ထွန်း၊ တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းပြိုသည့် မြစ်ကမ်းများတွင် ရေလမ်းကြောင်းဖြောင့်တန်းအောင် သောင်ထွန်းသည့် ကမ်းစပ်ဘက်မှ ပြဒါးလွှတ်၍ ကမ်းဖြိုကမ်းညှိခြင်း လုပ်ရတ်များ စသည့်လုပ်ငန်းများသည် ပြဒါးဓာတ်ကို သုံးစွဲ၍လုပ်ကိုင်ရသောလုပ်ငန်းများဖြစ်ကြ၍ ပြဒါးဓာတ်ကို အထူးစနစ်တကျ ကိုင်တွယ်သုံးစွဲရန် လွန်စွာလိုအပ်လှပါသည်။

လုပ်ငန်းခွင်၌ ဦးဆောင်ကြီးကြပ်[illegible]များက ပြဒါးဓာတ်ကိုင်တွယ်အသုံးပြု[illegible]များကို အထူးကြပ်မတ်ပေးရန် လိုပါသည်။

ယခု စာရေးသူ ဆောင်းပါးအစ[illegible] တင်ပြခဲ့သလို အင်္ဂရုတ်စားလမ်း[illegible]ရတ်နည်းများကို စမ်းသပ်လုပ်ကိုင်[illegible]ကြရာတွင် ပြဒါးဓာတ်၊ ခဲဓာတ်များ[illegible]စလက်ခတ် ပရမ်းပတာကိုင်တွယ်[illegible]နေကြသည်ကို တွေ့မြင်နေရပေသည်။

အင်္ဂရုတ်သမားများ ပြဒါးဓာတ်၊ [illegible]ဓာတ်များ ကိုင်တွယ်ရာတွင် ပယ်ပယ်[illegible]ယ် တစ်တစ်ခွခွ ကိုင်ကှယ်နေကြ[illegible] လွန်စွာမှ ကြောက်မက်ဖွယ်ရာ[illegible]ကောင်းလှပါသည်။

ထိုပုဂ္ဂိုလ်များသည် ၎င်းပြဒါးဆိပ်၊ [illegible]ဆိပ်များသင့်ပြီး သက်ဆိုးမရှည်ကြ[illegible]ကို အတွေ့ရများလှပါသည်။ ထို့[illegible] ရွှေပါဝင်နေသောဓာတ်သားများ[illegible] ရွှေပြန်လည်သန့်စင်ချွတ်ယူကြသော[illegible]မှာ ငရဲမီးနိုက်ထရစ်အက်စစ်ပြင်း[illegible]ကို သုံး၍ချွတ်ရသောကြောင့် ထိုငရဲ[illegible]တ်စစ်ပြင်း၏ အခိုးအငွေ့များသည်[illegible] လွန်စွာ အဆိပ်သင့်၊ အဆိပ်ပြင်း[illegible]လှပါသည်။ ငရဲမီးအဆိပ်အခိုးအ[illegible]သည် အဆုတ်ကို အရင်ဦးဆုံး[illegible]ဆိပ်သင့် ဒုက္ခပေးပြီး သက်ဆိုးမရှည်[illegible]။

ထို့အတူ ခဲအဆိပ်သင့်လျှင်လည်း[illegible]သက်ကိုအန္တရာယ်ပေးစေပါသည်။ [illegible]သင့်လျှင် ကလေးငယ်များတွင် [illegible]ထန်သည်ကို တွေ့ရပါသည်။

သွေးအားနည်းပြီး ကလေးငယ်[illegible]နောက်ကျခြင်း၊ ဉာဏ်ရည်ချို့တဲ့[illegible] ဘက်တတ်ခြင်း စသည်အားဖြင့်[illegible]သည်ကို တွေ့ရသည်။

ခဲနှင့်ပတ်သက်သည့် လုပ်ငန်းများ[illegible] ဘက်ထရီအိုးလုပ်ငန်း၊ ငါးဖမ်း[illegible]က်လုပ်သည့်လုပ်ငန်းတွင် ခဲသီး[illegible]ခြင်း၊ စဉ့်အိုးဖုတ်သည့်လုပ်ငန်း စသည်တို့တွင် ကလေးငယ်များကို အထူးဂရုစိုက်၍ ရှောင်ကြဉ်နေထိုင်ကြရန် လိုအပ်ပါသည်။

ပြဒါးအဆိပ်သင့်သည့်အခါ အဓိက ထိခိုက်သည်မှာ လူ့ခန္ဓာကိုယ်တွင် ဦးနှောက်နှင့်အာရုံကြောစနစ်ကို အဓိက အန္တရာယ်ဖြစ်စေပါသည်။

အမေရိကန်တွင် ပြုလုပ်သော သုတေသနတွေ့ရှိချက်အရ ပြဒါးဆိပ်သင့်နေသောမိခင်များမှ မွေးဖွားလာသော ကလေးများတွင် ဦးနှောက်နှင့် မှတ်ဉာဏ်ပိုင်းဆိုင်ရာတို့ ချို့ယွင်းမှုများ ဖြစ်ပြီး သာမန်လူများတကာထက် ဉာဏ်ရည်နိမ့်ကျသည်ကို တွေ့ရပြီး နှစ်စဉ် ကလေးငယ် ခြောက်သောင်းခန့် ပြဒါးဆိပ်သင့်မှု ခံစားနေရကြောင်းကို သုတေသန ပြုလုပ်တွေ့ရှိခဲ့ပါသည်။

ပြဒါးဓာတ်၏ အဆိပ်သင့်စေနိုင်သည့် စွမ်းအားသည် လွန်စွာမြင့်မားလှပါသည်။

ဥပမာ သာမိုမီတာတစ်ချောင်းတွင် ပါဝင်သော ပြဒါးပမာဏမှာ (၁) ဂရမ်သာ ပါဝင်သော်လည်း ထိုပြဒါး (၁) ဂရမ်မှာ ဧက (၂၀) ကျယ်ဝန်းသော ရေကန်တစ်ခုလုံး၏ ရေထုထည်ပမာဏသို့ ပျံ့နှံ့၍ ပြဒါးအဆိပ်သင့်စေနိုင်ပြီး ထိုရေကန်ထဲရှိငါးများကို ပြဒါးဆိပ်သင့်ပြီး ထိုငါးများကို စားသုံးမိသည့်လူတို့မှာလည်း ထပ်ဆင့်၍ ပြဒါးဆိပ်သင့်စေပါသည်။

ပြဒါး (၁) ဂရမ်ဆိုသည့် ပမာဏမှာ ရွှေစေ့ငယ်တစ်လုံးခန့် ပမာဏသာ ရှိသော်လည်း ၎င်း၏ ပျံ့နှံ့အဆိပ်သင့်မှု သတ္တိအစွမ်းက အင်မတန်ကြီးမားပြီး ကြောက်စရာပင်ဖြစ်ပါသည်။

ထို့ကြောင့် သာမန်စွန့်ပစ်ရေဆိုး အညစ်အကြေးရေများထဲတွင် ပြဒါး ပါဝင်မှု စုစုပေါင်းပမာဏ၏ (၄/၅) ရာခိုင်နှုန်းမှာ ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသည့် စွန့်ပစ်အညစ်အကြေးများကြောင့် ဖြစ်ပါသည်။

နှစ်စဉ် မြေပေါ်တွင် စွန့်ပစ်သည့် ဖုန်မှုန့်များထဲတွင် ပြဒါးပါဝင်မှုပမာဏမှာ (၁၅) မက်ထရစ်တန်ရှိကြောင်း သိရပါသည်။

ထို့ကြောင့် အဏုမြူအဆိပ်ပြီးလျှင် အလွန်အန္တရာယ်ကြီးမားသော ပြဒါးအဆိပ်သင့်မှုဘေးကို ကာကွယ်ရန် ပြဒါးဓာတ်ကင်းစင်သော သဘာဝပတ်ဝန်းကျင် ဖော်ဆောင်သန့်ရှင်းစေရေး ဆောင်ရွက်သည့်အခါ ပြဒါးဓာတ်နှင့် ပတ်သက် ဆက်နွှယ် လုပ်ကိုင်နေကြရသည့် လုပ်ငန်းခွင်များမှ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ထုပ်ပိုးသိမ်းဆည်းဖယ်ရှားစေခြင်း၊ ပြဒါးများ သက်ဆိုင်ရာပစ္စည်းကရိယာများထဲမှ ပြင်ပသို့ ကျိုးပဲ့ယိုဖိတ်မှုမရှိစေရန် ဂရုစိုက်ပြုမှုကိုင်တွယ်စေခြင်း၊ ပြဒါးဓာတ်ကို ဘေးထွက်ပစ္စည်းအနေဖြင့်စွန့်ထုတ်တတ်ကြသည့်လုပ်ငန်း စက်ရုံများမှ ရေဆိုးများကို မြစ်၊ ချောင်း၊ အင်း၊ အိုင်များသို့ တိုက်ရိုက်စီးဝင်ခြင်း မရှိအောင် ထိန်းချုပ်၍ တစ်ဆင့်ခံ သိုလှောင်ပြီး အနယ်ထိုင်သန့်စင်ပြီးမှ မြစ်ချောင်းများထဲသို့စွန့်ထုတ်ခြင်း၊ ပြဒါးဓာတ်၊ ခဲဓာတ်များကို မိမိဇနီးမယား ထက်ပင် ပို၍လက်ပွန်းတတီးကိုယ်တွယ်နေကြသည့် အင်္ဂရုတ်ဝါသနာရှင်များကလည်း မိမိခန္ဓာကိုယ်နှင့် မိမိတို့နေထိုင်လုပ်ကိုင်ရာ ပတ်ဝန်းကျင်သို့ ပြဒါးများ ပျံ့နှံ့၍ အဆိပ်သင့်မှုမဖြစ်စေရန် စနစ်တကျ ကိုင်တွယ်စီမံမှုပြုစေခြင်း၊

ပြည်သူလူထုအနေဖြင့် မိမိတို့ သောက်သုံးနေကြသော ဆေးဝါးများ၊ တိုင်းရင်းဆေးဝါးများတွင် ပြဒါးဓာတ် ပါဝင်ဖော်စပ်ထားသည့် ဆေးဝါးများကို လုံးဝ အသုံးမပြုရန် အသိပညာပေးစေခြင်း စသည့်အချက်များကို အထူးသတိပြု လိုက်နာလုပ်ဆောင်ကြပြီး (၁၀-၁၀-၂၀၁၃) ရက်နေ့က ဂျနီဗာတွင် ပြုလုပ်သော Health Care Without Harm အစည်းအဝေးကြီးမှ ခရစ်နှစ် ၂၀၂၀တွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ဆိုင်သော ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများအားလုံးတွင် ပြဒါးဓာတ် လုံးဝအသုံးပြုခြင်းကို ရှောင်ကြဉ်၍ ပြဒါးဓာတ်ကင်းစင်သော ပစ္စည်းကိရိယာများနှင့် အစားထိုး၍ အပြီးတိုင် ပြဒါးကင်းစင်စေရေးမူဝါဒကို ချမှတ်ရန် သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ထို့ကြောင့် ပြဒါးသေ တစ်ဆွေဝ ဟု ဆိုရိုးရှိခဲ့ပါသော်လည်း ပြဒါးမသေဘဲ ပြဒါးပျံ့နှံ့၍ အဆိပ်သင့်ခဲ့ပါက တစ်ပြည်တစ်ရွာမက ကမ္ဘာနှင့်ချီပြီး လွန်စွာ အန္တရာယ်ဘေး ကျရောက်နိုင်စေကြောင်းကို အသိပေး တင်ပြလိုက်ပါသည်။

အားလုံး ပြဒါးကင်းစင်သော သဘာဝပတ်ဝန်းကျင်တွင် ကျန်းမာပျော်ရွှင်နိုင်ကြပါစေ။

ဦးမင်းဇင် (ရွှေနံ့ဝင်း)



www.burmeseclassic.com

www.burmeseclassic.com

[illegible]

# ရွှေကူကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်

## ၂၀၁၃ ရန်ကုန်မြို့ဒေသစာရီခရီးစဉ်အတွင်းမှ ထူးခြားသောဖြစ်ရပ်များ

ရွှေကူကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့မှ ပင့်ဆောင်ပူဇော်ခြင်း ခံယူတော်မူခဲ့ရသည်မှာ ယခုဆိုလျှင် ၂၀၁၃ (၁၀) နှစ်ရာသီသို့တိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဤ (၁၀) နှစ်တာကာလအတောအတွင်း၌ တန်ခိုးတော်အဖုံဖုံနှင့် ထူးခြားမှုမျိုးစုံတို့ ဖြစ်ပွားပေါ်ပေါက်တော်မူခဲ့ပြီ ဖြစ်ပါသည်။ ယခုနှစ် ၂၀၁၃ ရန်ကုန်မြို့ဒေသစာရီခရီးစဉ်သည် ၂၀၁၂ (၁၂) လပိုင်းကတည်းက စတင်ခဲ့ခြင်းဖြစ်ပါသည်။ ဤခရီးစဉ်သည် (၅)လပိုင်း (၁၅) ရက်ရောက်မှသာ ပြီးဆုံးမည် ဖြစ်သည်။ ဤခရီးစဉ်အတွင်း၌ ပင့်ဆောင်ပူဇော်ကြသူများတွင် အနည်းနှင့်အများသာ ကွာခြားပါမည်။ ထူးခြားမှုတစ်ခုခုကတော့ ကြုံတွေ့ရစမြဲသာဖြစ်ပါသည်။ ထိုကဲ့သို့ ထူးခြားမှုကြုံတွေ့ရသူများထဲမှ ဖြစ်ရပ်အချို့ကို ထုတ်နုတ်ရေးသား ဖော်ပြပါမည်။

၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နှင့် ၆ ရက်နေ့များတွင် မင်္ဂလာဒုံလေယာဉ်ပစ္စည်းထုတ်လုပ်ရေးနှင့်ပြင်ဆင်ရေးဌာနချုပ်မှ ဗိုလ်ကြီးဝင်းနိုင်အေး၊ ဇနီး ဒေါ်မေလွှင်စိုးနှင့် သမီးများဖြစ်ကြသော မရှင်းသီရိနိုင်၊ မပန်းဝတ်ရည်မြိုးတို့မှ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ဤမိသားစုသည် ပြီးခဲ့သောနှစ်ကလည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင် ပူဇော်ခဲ့ကြပါသေးသည်။

ထိုသို့ပင့်ဆောင်ရာတွင် ထူးခြားမှာ ဗိုလ်ကြီးဝင်းနိုင်အေးတို့နေအိမ်တွင် စံပယ်ပင်တစ်ပင်ရှိပါသည်။ ဤစံပယ်ပင် စိုက်ပျိုးထားသည်မှာလည်း (၅) နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ဒေါ်မေလွှင်စိုးသည် ပန်းစိုက်ဝါသနာပါသူဖြစ်၍ စံပယ်ပင်ကို မြေသြဇာကျွေးခြင်း၊ ရေလောင်းခြင်းတို့ မပြတ်ပြုလုပ်ကာ ပြုစုယုယခဲ့သဖြင့် စံပယ်ပင်မှာ ကျန်းမာသန်စွမ်းလှပါသည်။ ဤစံပယ်ပင်နောက်မှ အခြားအိမ်များတွင် စိုက်ပျိုးထားရှိသော စံပယ်ပင်တို့မှာ တစ်နှစ်ကျော်သည်နှင့် ဖူးပွင့်နေပြီဖြစ်သော်လည်း ဒေါ်မေလွှင်စိုးတို့ စံပယ်ပင်မှာ လုံးဝဖူးပွင့်လာခြင်း မရှိပါ။

အဖိုပင်များဖြစ်လေရော့သလားဟု ထင်မိပါသည်။ သို့ဖြင့် ရုပ်ရှင်တော်မြတ်ကိုပင့်ဆောင်ပူဇော်ခဲ့ကြရာ ထူးခြားသည်ဟု ဆိုရပါမည်။ တစ်ကြိမ်တစ်ခါမျှ ဖူးပွင့်ခြင်းမရှိသော ဤစံပယ်ပင်မှ ကြီးမားသန်စွမ်းလှသော စံပယ် (၄) ပွင့် ပွင့်လာခဲ့ပါသည်။ ပန်းပွင့်အရေအတွက်နည်းသော်လည်း စံပယ်ရနံ့တို့ ကြိုင်လှိုင်နေပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းတော်မူသွားသောအခါ စံပယ်ပန်း (၄) ပွင့်သည် ညှိုးရော်ကာ ကြွေကျသွားပါသည်။ တစ်နှစ်ပတ်လုံး တစ်ဖူးတလေမျှ ထပ်မံထွက်ပေါ်လာခြင်း မရှိတော့ပါ။

ယခုနှစ်တွင်လည်း ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလာသောအခါတွင်လည်း ဤစံပယ်ပင်မှ စံပယ်(၄)ပွင့် ပွင့်လာပြန်ပါသည်။ ဗိုလ်ကြီးဝင်းနိုင်အေးနှင့် ဒေါ်မေလွှင်စိုးတို့မှာ ဝမ်းသာအံ့သြလျက်ရှိကြပါသည်။ ထိုအကြောင်းကို စာရေးသူမှ ပထမပြန်စာဖြေသားသံယာများလက်စွဲစာအုပ်များကို ရေးသားထုတ်ဝေခဲ့သူ သာသနဓဇ မြားရိယ အပါအဝင် (၁၃)ဘွဲ့ရ စဉ့်ကိုင်မြို့ သရက်





www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီး၊ဝင်းနိုင်အေး + ဒေါ်မေလွင်မိုးတို့အိမ်မှ စံပယ်ပင်အား အနီးကပ် မြင်ရပုံ



အချိန်ကာလ (၂) လနှင့် (၂၀) ရက် အတွင်း၊ ညှိုးခြောက် စွန့်ပစ်ထားသော သဇင်ပန်းများ နေ့ခေါင်ခေါင်၌ ပြန်လည် ပွင့်လန်းလာပုံ



ဘုရားရှင်ကြွလာအပြီး စေအချင်း ပွင့်လာသော လက်ဝဲဘက်မှ မညှိုးပန်းနှင်းဆီခြင်း





ဘုရားဆောင်၏လက်ယာဘက်မှ အဖူးတိုင်းရှိသော မညှိုးပန်းနှင်းဆီခြင်း

တောပရိယတ္တိစာသင်တိုက်မှ လယ်တွင်းအရှင်တေဇဗလအား လျှောက်ထားကြည့် ရာသက်မဲ့ဖြစ်တဲ့ပန်းပင်ကတောင် တန်ခိုးတော်ကြီးမားတဲ့ ရုပ်ရှင်တော်မြတ်ဖြစ်လို့ ပူဇော်တဲ့အနေနှင့် ပွင့်လာခြင်းဖြစ်သည်ဟု ပြောနိုင်ကြောင်း၊ သစ္စာလေးပါးတရားတော်တွေကို ပန်ဆင်ကြရမယ်လို့ တိုက်တွန်းနေခြင်း (သာသနာစောင့်နတ်များက) ဖြစ်သည်ဟုလည်း ယူဆနိုင်ကြောင်း မိန့်ကြားတော်မူပါသည်။

နောက်ထပ် ထူးခြားမှုကတော့ ၈-၁-၂၀၁၃ နေ့တွင် သယ်န်းကျွန်းမြို့နယ် ဇောတိကအိမ်ရာမှ ကိုအောင်သူရ ဒေါက်တာ သန်းသန်းနိုင် (Ph.D) မိသားစုမှ ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ထိုနေအိမ်

www.burmeseclassic.com

www.burmeseclassic.com



သဇင်ပန်းများ ပြန်လည် ပွင့်လန်းလာသော သဃ်န်းကျွန်းမြို့နယ် ဇောတိကအိမ်ရာမှ ကိုအောင်သူရ + ဒေါက်တာသန်းနိုင်တို့နှင့် မယ်တော်ကြီးတို့ အမှတ်တရ



ဗိုလ်ကြီးဝင်းနိုင်အေးမှ လေးပွင့်သာ ဖူးပွင့်သည့် စံပယ်ပင်လေးအား ကိုယ်တိုင် ကိုင်တွယ် ပြသနေစဉ်

သို့ သုဝဏ္ဏစုပေါင်းအိမ်ရာ (၆၇၆/၂) မှ အင်ဂျင်နီယာချုပ် ဦးခင်မောင်ကျော် နှင့် ဇနီး ဒေါ်မာမာဝေတို့ ရောက်ရှိလာ၍ ၎င်းတို့နေအိမ်တွင် စိုက်ပျိုးထားသော သဇင်ပန်းတို့ ဦးဦးဖျားဖျားပွင့်ပေါ်သဖြင့် လာရောက် လှူဒါန်းခြင်း ဖြစ်ကြောင်းပြောပါသည်။ ဦးခင်မောင်ကျော်နှင့် ဒေါ်မာမာဝေတို့သည် ရုပ်ရှင်တော်မြတ်အား နှစ်စဉ်တစ်ကြိမ်ထက်မနည်း ပင့်ဆောင်ပူဇော်ခဲ့ကြသူများဖြစ်ပြီး အချိန်ရလျှင်ရသလောက် ရုပ်ရှင်တော်မြတ် ရန်ကုန်မြို့ပေါ်တွင် အပူဇော်ခံနေသေးသရွေ့ ကြွမြန်းရောက်ရှိရာဌာနများသို့ လိုက်ပါဖူးမြော်သူများဖြစ်ကြပါသည်။ မယ်တော်ကြီးတို့၏ဝေယျာဝစ္စများနှင့် အခြားကိစ္စများကိုလည်း ကုသိုလ်ယူဆောင်ရွက်နေသူများလည်း ဖြစ်ပါသည်။

အိမ်ရှင်များဖြစ်သော ကိုအောင်သူရနှင့် ဒေါက်တာ သန်းသန်းနိုင်(Ph.D) တို့လည်း ဝမ်းမြောက်စွာနှင့် သဇင်ပန်းများကို ရုပ်ရှင်တော်မြတ်အား ကပ်လှူပေးပါသည်။ ရုပ်ရှင်တော်မြတ်အားကပ်လှူပေးပါသည်။ ရုပ်ရှင်တော်မြတ်သည် ထိုအိမ်တွင် ညအိပ် (၂) ရက် သီတင်းသုံးတော်မူပြီး ယမန်နှစ်က ကြိုတင်ရက်ချိန်းရယူထားသူများမှ အဆင့်ဆင့်ဆက်လက် ပင့်ဆောင်၍ ပူဇော်ကြပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းသွားတော်မူပြီး ရက်အနည်းငယ်ကြာသော အခါ သဇင်ပန်းများလည်း ညှိုးရော်သွား



(ဦးလှငွေ) + ဒေါ်နီနီခင် ဗေဒါမောင်ဆိုင်းအဖွဲ့မိသားစုနှင့် ဖူးပွင့်လာသော နှင်းဆီပန်း (မညိုးပန်းနှင်းဆီ)



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၍ ဒေါက်တာ သန်းသန်းနိုင်မှ ...ပြီး အနီးအနားရှိ သစ်ပင်ခွကြား ...င် အလွယ်တကူ တင်ထားလိုက်ပါ သည်။ ထို့နောက် ထိုသဇင်ပန်းခြောက် ...ကို အမှတ်တမဲ့နှင့် သတိမရတော့ ...နေလာခဲ့ပါသည်။

ဤသို့ဖြင့် ၂၈-၃-၂၀၁၃နေ့သို့ ...က်ရှိလာပါသည်။ ဤနေ့တွင် ရုပ် ...တော်မြတ်သည် စမ်းချောင်းမြို့နယ် ...စင်လမ်းရှိ ကိုလှမင်း၊ မဇင်မီမီသက် ...နေအိမ်သို့ ကြွမြန်းရောက်ရှိတော် ...က်ရှိပါသည်။ ထိုအချိန်မှာပင် ...က်တာသန်းသန်းနိုင်ထံမှ မယ်တော် ...သို့ ဖုန်းဆက်လာပါသည်။ လွန်ခဲ့တဲ့ ...သနှင့် ရက် (၂၀) က စွန့်ပစ်ထားခဲ့ ... သဇင်ပန်းခက်တို့မှာ ပြန်လည်ရှင် ...ပြီး ပွင့်လန်း၍နေလေသည်။ ၎င်းတို့ ...စုအားလုံး (၂) လနှင့် ရက်ပေါင်း (...) အတွင်း ဤသဇင်ပန်းခြောက်များ ... တစ်ကြိမ်တစ်ခါမျှ သတိမရခဲ့ကြ။ ...ည့်မိခဲ့ကြ။ ယခုမနက်တွင်မှ ကလေး ...က တွေ့မြင်ပြီး -

"မေမေ သဇင်ပန်းတွေပွင့်နေ ...ယ်"

ဟု ပြောလိုက်တော့မှ သေသေ ...သွားရောက်ကြည့်ရှုရာ ကြွေနွမ်း ... စွန့်ပစ်ထားခဲ့သော သဇင်ပန်းများ ...သည်လန်းဆန်းစွာပွင့်၍နေသည်မှာ ...တကယ်ဖြစ်နေ၍ အံ့ဩမဆုံးဖြစ် ... ဝမ်းသာလွန်းသောကြောင့် မယ် ...တော်ကြီးထံသို့ အကြောင်းကြားခြင်း ...ပါသည်ဟု ဒေါက်တာ သန်းသန်းနိုင် ... ပြောပါသည်။

ထိုအခါ မူလသဇင်ပန်းအလှူရှင် ...ါ ခဝေမာမှ ဒါကို ဘယ်လိုမှတ်ယူရ ...မည်လဲဟု မယ်တော်ကြီးကို မေးမြန်း ...သောအခါ -

"ဓာရဏပရိတ်ထဲမှာ ပါတယ် ... ဗုဒ္ဓရဲ့ဂုဏ်တော်တို့ကြောင့် သေ ...သစ်ပင်များလည်း ပြန်လည်ရှင်သန် ...တယ်ဆိုတာ အခုလည်း ရုပ်ရှင်တော် ...မှာ ဗုဒ္ဓရဲ့ဓာတ်တော်တွေ ကိန်း ...အောင်းနေတာမို့ သက်တော်ထင်ရှား ...ဘုရားရှင်တို့ရဲ့ ဂုဏ်ပုဒ်တစ်ခုလို ညှိုး ...တော်ပြီးသား သဇင်ပန်းတွေပြန်လည် ...သန်ပွင့်လန်းလာရတာ ဖြစ်တယ်။ ...ဆုံးအတိတ်ကောက်မယ်ဆိုရင်တော့ ...ကုလို့မရတော့ဘူးဆိုပြီး ဆရာဝန် ...တွေက ဆေးပညာအရ လက်လွှတ် ...ထိုက်ရတဲ့လူနာတွေ ရွှေကံကူမှာလာပြီး ...ကောင်းရင် ပြန်ကောင်းလာမယ်။ မရ



နိုင်တော့ဘူးဆိုတဲ့ အလုပ်အကိုင်တွေပြန် ရမယ်။ ပျောက်ဆုံးကုန်ဆုံးသွားတဲ့ ငွေကြေးဥစ္စာတွေပြန်ရမယ်။ ရှုံးနိမ့်သွားတဲ့၊ ကျဆုံးသွားတဲ့အရာတွေ ပြန်အောင်နိုင်မယ်။ လျှောကျတဲ့ရာထူးတွေ ပြန်ရမယ် ပေါ့"

ဟု ဖြေကြားပါသည်။

ထိုအခါ သဇင်ပန်းအလှူရှင် ဒေါ်ဝေဝေမာနှင့် လက်ရှိရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူရာနေရာဌာနမှဘုရားဖူးများလည်း အားရကျေနပ်မဆုံးဖြစ်ကာ ရုပ်ရှင်တော်မြတ်အား ရိုသေစွာ ရှိခိုးကန်တော့ပြီး ၎င်းတို့၏ လိုရာဆုများကိုတောင်းဆို၍နေကြပါတော့သည်။

၁၁ - ၄ - ၂၀၁၃ နေ့တွင် ရုပ်ရှင်တော်မြတ်သည် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် ပုလဲ (၁) လမ်းမှ (ဦးလှငွေ)၊ ဒေါ်နီနီခင်နှင့် သား ဦးမောင်မောင်-ဒေါ်မေမျိုးဦး၊ မြေးများဖြစ်ကြသော မကြည်ပြာလင်း၊ မောင်အာကာဇော်၊ မောင်သားထက်ဇော်၊ မောင်ထက်မင်းနိုင်တို့၏နေအိမ်မှ ပင့်ဆောင် ပူဇော်ပါသည်။ မကြည်ပြာလင်းသည် ရုပ်ရှင်တော်မြတ်အား မဖူးတွေ့ဘူးသော်လည်း ရုပ်ရှင်တော်မြတ်ကို လွန်ခဲ့သော(၅)ရက်ခန့်က အိပ်မက်ထဲတွင် သေသေချာချာ ဖူးတွေ့ခဲ့ရကြောင်း ပြောပြပါသည်။ ဒေါ်နီနီခင်သည် ရုပ်ရှင်တော်မြတ်အား ပန်းများဖြင့် ပူဇော်ရာ၌ သဘာဝပန်း (၉) မျိုးအပြင် ပလတ်စတစ်နှင်းဆီဖူးများ ပါသော ပန်းခြင်း (၂) ခြင်းကိုလည်း ရုပ်ရှင်တော်မြတ်၏ ဝဲယာတစ်ဖက်တွင် ထားရှိပူဇော်ခဲ့ပါသည်။

ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ရာဌာနအချို့တွင် သဘာဝပန်းအဖူးအငုံများနှင့် စက္ကူ ပလတ်စတစ်၊ အဝတ်စတို့ဖြင့်ပြုလုပ်ထားသော မညှိုးပန်းအဖူးအငုံများလည်း ရုတ်တရက် ပွင့်အာလာလေ့ရှိသည်ဟု ကြားဖူးထား၍လည်း ဤသို့ ပလတ်စတစ်ပန်းခြင်းနှစ်ခြင်းကို လှူဒါန်းခြင်းလည်း ဖြစ်ပါသည်။ ဒေါ်နီနီခင်တို့နေအိမ်သို့ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိတော်မူပြီး (၁) နာရီအကြာမှာပင် ရုပ်ရှင်တော်မြတ်၏ ဝဲဘက်နှင်းဆီခြင်းမှ ပလတ်စတစ်နှင်းဆီ အဖူးအငုံများသည် တစ်ခဏအတွင်းမှာပင် တစ်ဖူးပြီးတစ်ဖူး လှုပ်၍လှုပ်၍ရုတ်တရက် ပွင့်အာလာကြပါသည်။

ထိုအခြင်းအရာကို အိမ်သားအားလုံး မြင်တွေ့လိုက်ကြရသည်ဖြစ်၍ အံ့ဩဖြစ်နေကြကာ ဝမ်းသာပီတိဖြစ်လျက် ရောက်ရှိလာသော ဘုရားဖူးမိတ်ဆွေများကို ပြောပြ၍မဆုံးနိုင်အောင်ရှိနေကြပါသည်။

နောက်တစ်နေ့ ၁၂-၄-၂၀၁၃နေ့တွင်လည်း ရုပ်ရှင်တော်မြတ်အား အစဉ်အလာအတိုင်း ရွှေကံကူသာသနာပြု မယ်တော်ကြီးမှဦးဆောင်ပြီး သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ ဆွမ်းများဆက်ကပ်ပါသည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်အား ကပ်လှူထားရှိသော သောက်တော်ရေခွက်မှ သောက်တော်ရေခွက်များ ဆူဝေ၍လာပါသည်။ ဤကဲ့သို့ သောက်တော်ရေဆူဝေခြင်းမှာလည်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ရာဌာနတို့တွင် မကြာခဏဖြစ်ပေါ်လေ့ရှိကြောင်း မယ်တော်ကြီးမှ ပြောပြပါသည်။

အိမ်ရှင်မိသားစုတို့သည်ကား ထူးခြားမှုများကို ကြုံတွေ့ရ၍ အထူးပင်ဝမ်းသာလျက်ရှိကြပါသည်။

ရုပ်ရှင်တော်မြတ်သည် ၁၅-၅-၂၀၁၃ နေ့အထိ ရန်ကုန်မြို့ပေါ်တွင် ကြိုတင်ရက်ချိန်းလျှောက်ထားရရှိပြီးသူများမှ တစ်အိမ်တစ်နေရာတစ်ဌာနလျှင် တစ်ညအိပ် နှစ်ရက်နှုန်းနှင့် ဆက်လက်ကြွမြန်း အပူဇော်ခံယူတော်မူလျက်ရှိဦးမည်ဖြစ်ပါ၍ ထိုရက်များအတွင်း ရုပ်ရှင်တော်မြတ်အား ရန်ကုန်မြို့ပေါ်တွင် ကြွမြန်းရောက်ရှိရာ နေရာဌာနသို့ လိုက်လံဖူးမြော်ကြည်ညိုလိုပါက ရွှေကံကူသာသနာပြု မယ်တော်ကြီးနှင့်အတူရှိနေမည်ဖြစ်သော ဖုန်းနံပါတ် ၀၉-၂၁၅၀၃၀၅ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရပါသည်။

ဘိုဘို (ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ပထမံဝိဇ္ဇာဓရ
ထွက်ရပ်ပေါက်မြောက်သောပညာနှင့် ၁၇

# ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး

ပထမံဆရာဦးအေးရွှေ



## စစ်ကွင်းဆရာတော်နှင့် ရေနုတ်နဂါးဓာတ်လုံး

ဆရာတော်ကြီး၏ ဆန္ဒတော်များ ထဲတွင် ထင်ရှားပေါ်လွင်သည့်ဆန္ဒမှာ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်အဟောင်းများကို ပြုပြင်မွမ်းမံလိုသည့် ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်လုပ်ငန်း ဖြစ်၏။ ထိုလုပ်ငန်းလုပ်ရသည်မှာလည်း လွယ်ကူသည်တော့ မဟုတ်ပေ။ ဤလုပ်ငန်း၏ အဓိကလိုအပ်ချက်မှာ ငွေပင်ဖြစ်သေး၏။ ငွေမရှိလျှင် ဘယ်လိုနည်းနှင့်မျှ မိမိစိတ်တိုင်းကျ ဗုဒ္ဓဝေယျာဝစ္စအကျိုးကို ဆောင်နိုင်မည် မဟုတ်ပေ။

စစ်ကွင်းဆရာတော်သည် ဗုဒ္ဓဝေယျာဝစ္စအကျိုးဆောင်မှုနှင့်ပတ်သက်လျှင် မျက်စိထဲ ပထမဦးဆုံး ပြေးမြင်မိသည့်ပုဂ္ဂိုလ်မှာ ရသေ့ကြီးဦးခန္တီပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပေသည်။ ဦးခန္တီ၏ သာသနာပြုမှု၊ ဗုဒ္ဓဝေယျာဝစ္စပြုမှုနှင့်ပတ်သက်လျှင် တစ်နိုင်ငံလုံးက အောချမှတ်သားရလောက်အောင် ကြီးကျယ်ထင်ရှားခဲ့၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း သာသနာပြုခြင်းနှင့် ပတ်သက်ပြီး နည်းနိဿယများရရှိရန် ရသေ့ကြီးဦးခန္တီကို တွေ့ဆုံလို၏။ သို့ပါ၍ တစ်နေ့တွင် စစ်ကွင်းဆရာတော်သည် ရသေ့ကြီးဦးခန္တီရှိရာ မန္တလေးတောင်သို့ သွားရောက်ခဲ့၏။ ထိုအခါ ရသေ့ကြီးဦးခန္တီ၏ သာသနာပြုလုပ်ငန်းများတွင် အရေးပါသော သာသနာပြုခတ်လုံးအကြောင်းကို သိရတော့၏။ ထိုသာသနာပြုခတ်လုံးဆိုသည်မှာ ရေနတ်နဂါး အမည်ရှိသော ခတ်လုံးပင် ဖြစ်၏။

စစ်ကွင်းဆရာတော်လည်း ကျိုက်ထီးမိုးရသေ့တောင်တွင် ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် ရသေ့ကြီးဦးခန္တီထံမှ ရေနတ်နဂါးခတ်လုံးကို ခေတ္တငှားရန်းပြီးနောက် ရသေ့တောင်သို့ ပြန်လာခဲ့၏။ ဦးစန္ဒောဘာသသည် ရသေ့တောင်သို့ ရောက်သောအခါ တရားလည်းအားထုတ်ရင်း ဗုဒ္ဓဝေယျာဝစ္စ အကျိုးဆောင်လုပ်ငန်းကိုလုပ်ဆောင်ကာ သာသနိကအဆောက်အအုံများကို ပြုပြင်မွမ်းမံခဲ့၏။

ရသေ့တောင်တွင် ပြုဖွယ်ကိစ္စတို့ကို ဆောင်ရွက်ပြီးစီးသောအခါ စစ်ကွင်းဆရာတော်လည်း သာသနာပြုရေနတ်နဂါးခတ်လုံးကို ပြန်ပေးရန်အတွက် ရသေ့ကြီးဦးခန္တီရှိရာ မန္တလေးတောင်သို့ ထွက်လာခဲ့၏။

ရောက်ရှိလျှင် တောင်ပေါ်သို့ တဖြည်းဖြည်းချင်း တက်လာခဲ့၏။ တောင်တက်လမ်းတစ်ဝက်သို့ ရောက်ရှိသောအခါ တံမြက်စည်းလှည်းနေသော ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ခဲ့၏။ စစ်ကွင်းဆရာတော်လည်း အမောဖြေထိုင်ရင်း စကားပြောမိကြ၏။ စကားပြောရင်းပင် တစ်ဦးနှင့်တစ်ဦး လေပေးဖြောင့်ကာ စကားလက်ဆုံကျသွားတော့၏။ ထိုအခါတွင်မှ စစ်ကွင်းဆရာတော်လည်း အဆိုပါပုဂ္ဂိုလ်သည် ပေါ့သေးသေးပုဂ္ဂိုလ်တစ်ဦးမဟုတ်ကြောင်း၊ သဘောပေါက်သွား၏။

ထိုပုဂ္ဂိုလ်၏အမည်မှာ (×××)ဟူ၍ ဖြစ်၏။ ထိုအခါတွင်မှ စစ်ကွင်းဆရာတော်လည်း ထိုသူသည် မည်သူဆိုသည်ကို သိသွား၏။

ထိုပုဂ္ဂိုလ်က -

"မောင်ပဉ္စင်း ဒီကိုလာတာဘယ်ကိုသွားမလို့လဲ"

ဟု မေးလိုက်၏။

ထိုအခါ ဦးစန္ဒောဘာသက ရသေ့ကြီးဦးခန္တီထံသွားပြီး ငှားထားသောသာသနပြုခတ်လုံးကို ပြန်ပေးရန် လာခဲ့ခြင်းဖြစ်ကြောင်းနှင့် အကျိုးအကြောင်းအစုံအလင်ကို ရှင်းပြလိုက်၏။

ထိုအခါ ပုဂ္ဂိုလ်ကြီးသည် ခေါင်းတညိတ်ညိတ်လုပ်ပြီး ရသေ့ကြီးဦးခန္တီ၏ သာသနာပြု ရေနတ်နဂါးခတ်လုံးကို တည်ပေးသူမှာ သူပင်ဖြစ်ကြောင်း ဝန်ခံပြောပြလေ၏။

စစ်ကွင်းဆရာတော်လည်း ထိုအကြောင်းကိုကြားသောအခါ ရေငတ်သူ ရေတွင်းထဲကျသည့်ပမာ ရွှင်လန်းအားရသွားပြီး သူ့ကိုလည်း အဆိုပါ သာသနာပြုခတ်လုံးလိုမျိုး တစ်လုံးတည်ပေးပါရန် မေတ္တာရပ်ခံသောအခါ ထိုပုဂ္ဂိုလ်ကြီးက ရေနတ်နဂါးခတ်လုံးတစ်လုံးကို တည်ပေးသည့်အပြင် ခတ်လုံးလုပ်နည်းကိုပါ စစ်ကွင်းဆရာတော်အား တစ်ခါတည်းပေးလိုက်လေ၏။ ဆရာတော်လည်း ထိုအခါတွင် သူ၏ ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းကို ပို၍စွမ်းစွမ်းတမံ လုပ်ဆောင်လာနိုင်ခဲ့ပါတော့၏။

**သူဌေးဖြစ်စေသော စစ်ကွင်းဆရာတော်၏အင်း**

မန္တလေးတောင်မှပြန်လာပြီးသည့်နောက် စစ်ကွင်းဆရာတော်သည် ရန်ကုန်မြို့တွင် ခေတ္တမျှ နေထိုင်သီတင်းသုံးပြီး စစ်ကွင်းမြို့ ကျွန်းတောသုသာန်ကျောင်းသို့ ပြန်ကြွတော်မူခဲ့၏။

ထိုကျွန်းတောကျောင်း၌ သီတင်း



www.burmeseclassic.com

သုံးနေချိန်တွင် ဆရာတော်အား အမြဲတမ်း ဝတ်ကြီးဝတ်ငယ်ပြုစုပြီး နှိပ်နယ်ဝတ်ဖြည့်ပေးသော လင်မယားနှစ်ဦးရှိခဲ့၏။ ထိုသူတို့၏အမည်မှာ ဦးဘဂုဏ်နှင့် ဒေါ်ခင်ခင်ဟူ၍ ဖြစ်၏။ သူတို့သည် စစ်ကွင်း၌ အလွန်ပင်ပင်ပန်းပန်းလုပ်ကိုင်ရကာ ဆင်းဆင်းရဲရဲနေကြရသူများ ဖြစ်၏။ စစ်ကွင်းကားလမ်းလေး၏ နံဘေးတွင် တဲငယ်လေးတစ်လုံးထိုးကာ ဖြစ်သလိုနေကြရသူများ ဖြစ်၏။

ဦးဘဂုဏ်သည် ဦးစန္ဒောဘာသ စစ်ကွင်းကျွန်းတောကျောင်း၌ သီတင်းသုံးတိုင်း နေ့စဉ်ညတိုင်းသွားရောက်နှိပ်နယ်ဝတ်ဖြည့်ခြင်းအမှုကို မပျက်မကွက်ပြုသူ ဖြစ်၏။ ထို့ကြောင့်လည်း ဆရာတော်သည် ဦးဘဂုဏ်၏ ဘဝပေးအခြေအနေကို သနားကရုဏာဖြစ်ကာ -

"အင်း - ဘဂုဏ်ကိုတော့ ငါချမ်းသာအောင်စောင့်ရှောက်ပေးမှဖြစ်တော့မယ်"

ဟု ဆုံးဖြတ်လိုက်ပြီးနောက် ဦးဘဂုဏ်အား -

"ဘဂုဏ်၊ မင်းငါ့ကိုညစဉ်ညတိုင်း နှိပ်နယ်ဝတ်ဖြည့်ပေးတဲ့အတွက် မင်းလည်း ပင်ပန်းလှတော့မယ်။ ဒီအတိုင်းတော့မဖြစ်ဘူး၊ လုပ်အားခတော့ပေးရမယ်။ အဲဒါကို မင်းလက်ခံရမယ်။ တစ်နေ့ကို ငွေဒင်္ဂါးတစ်ကျပ်ပေးမယ်။ အဲဒီငွေတစ်ကျပ်ကိုတော့ သုံးမပစ်နဲ့။ ငါလိုတဲ့အခါ ပြန်ယူမယ်။ ဒီငွေတွေကို မင်းသိမ်းထားပါ"

ဟု ပြောဆိုမိန့်ကြားပြီး ဦးဘဂုဏ်အား နှိပ်ခအဖြစ် နေ့စဉ် ငွေဒင်္ဂါးတစ်ကျပ်ကိုပေးခဲ့၏။ ဆရာတော်လည်း သူပေးခဲ့သည့်ငွေအရေအတွက်ကိုမှတ်ထား၏။ အရေအတွက်ပြည့်မီနိုင်လောက်သည့်အချိန်သို့ရောက်သောအခါ ဦးဘဂုဏ်အား -

"ဘဂုဏ်၊ ငါမင်းကိုပေးထားတဲ့ ငွေတွေကိုပြန်ပေးတော့။ ငါမင်းကိုးကွယ်ဖို့ အင်းတစ်ဆူလုပ်ပေးမယ်"

ဟု မိန့်သဖြင့် ဦးဘဂုဏ်လည်း ဆရာတော်ထံ မိမိစုထားသောငွေများကို ပြန်ပေးလိုက်၏။

စစ်ကွင်းဆရာတော်ကြီးလည်း ဦးဘဂုဏ်ထံမှငွေများဖြင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် အုန်း၊ ငှက်ပျောပွဲများပြင်ခြင်း၊ ကန်တော့ငွေများကို သက်ဆိုင်ရာကန်တော့ပွဲများအတွင်း ထည့်ခြင်း၊ ပန်း စသည့် ပွဲပြင်စီရင်ခြင်းဆိုင်ရာ လိုအပ်သည်များကို ဝယ်ယူပြင်ဆင်ကာ အင်းတစ်ဆူကို စီမံပေးလိုက်၏။ အပြည့်အစုံ စီမံပြီးသောအခါ ထိုအင်းဘုရားကို ဦးဘဂုဏ်အား ပေးအပ်ပြီး ဆရာတော်ကြီးက -

"မောင်ဘဂုဏ်၊ ဒီအင်းဘုရားရဲ့ တန်ခိုးဂုဏ်အစွမ်းသတ္တိတွေ၊ သိဒ္ဓိမဟိဒ္ဓိတွေဟာအလွန်ပဲကြီးပါတယ်။ ဒါကြောင့် တကယ်ကို ယုံယုံကြည်ကြည် လေးလေးစားစား ရိုရိုသေသေ မွန်မွန်မြတ်မြတ် တန်ဖိုးထားပြီးတော့ ကိုးကွယ်ပါ။ ထူးခြားတဲ့အကျိုးကျေးဇူးတွေကိုလက်တွေ့ခံစားရလိမ့်မယ်"

ဟု အလေးအနက် မိန့်ကြားလိုက်၏။

ဆရာတော်၏ မဟာပထမံပညာရပ်တွင် စီမံသည့်အင်းများမှာ အလွန်ပင်တန်ဖိုးကြီးလှပါသည်။ တန်ဖိုးကြီးသည်ဆိုရာတွင် အကျိုးကျေးဇူးကြီးသလို စီမံရသည့် ပွဲဖိုးကုန်ကျစရိတ်ကိုကလည်း အလွန်ပင်ကြီးပါသည်။ သက်ဆိုင်ရာပွဲများကလည်း အလွန်ပင် များပြားလှပါသည်။ လှူဒါန်းရသည့် ငွေပမာဏကလည်း များပြားပါသည်။ ထိုပွဲဖိုးများ၊ အလှူငွေများကို ပွဲတက်ပေးသည့် ဆရာသမားက အားလုံးရသည် မဟုတ်ပေ။ သတ်မှတ်ထားသည့် ပွဲအနည်းငယ်မှ ဝတ္ထုငွေအချို့ကိုသာ ရယူသုံးစွဲခွင့်ရှိပါသည်။ ကျန်သောပွဲအများစုငွေကြေးများကိုမူ ဗုဒ္ဓကိစ္စ၊ ဂလာကိစ္စတို့အတွက်သာ အသုံးပြုရပါသည်။ အခြားကိစ္စများတွင် သုံးစွဲပိုင်ခွင့်မရှိပေ။ ထို့ကြောင့် ဤမဟာပထမံပညာ၏ ပညာတက်စဉ်ပြုခြင်း၊ သိဒ္ဓိတက်စဉ်ပြုခြင်း၊ အစီအမံပြုခြင်း၊ အစီအရင်ပြုခြင်းများတွင် ငွေကုန်ကြေးကျရမှုများခြင်းနှင့် ပတ်သက်ပြီး ဆရာအရှင်အစဉ်အဆက်တို့က မိန့်မှာခဲ့သည်မှာ 'ရွှေလိုချင်ရွှေပင်စိုက်၊ ငွေလိုချင်ငွေပင်စိုက်' ဟူ၍ ဖြစ်၏။ အဆိုပါဆရာသမားများကိုယ်တိုင်ပင် မိမိတို့အတွက် ပြုဖွယ်ကိစ္စများကို ဆောင်ရွက်ရာတွင်လည်း အထက်ပါအတိုင်းပင် သတ်မှတ်သည့်အတိုင်း ငွေကြေးအကုန်အကျခံကြရ၏။ မည်သည့်ပုဂ္ဂိုလ်မျှကင်းလွတ်ခွင့် မရှိပေ။

ပညာလမ်းစဉ်၏ငွေကြေးကုန်ကျမှုကြီးမားမှုနှင့်ပတ်သက်ပြီး အလျဉ်းသင့်သဖြင့် စစ်ကွင်းဆရာတော်ကြီးက ဆရာကြီးဦးထွန်းမြိုင်အား ပွဲတက်ပေးစဉ်က ကုန်ကျစရိတ်ကို ဖော်ပြလိုပါသည်။ အချိန်ကာလကား ဦးနုလက်ထက် ပြည်ထောင်စုအစိုးရခေတ်က ဖြစ်၏။ ထိုခေတ်က သိဒ္ဓိပွဲတက်ပွဲတစ်ခု၏ကုန်ကျစရိတ်မှာ (၈၀၀၀)ကျပ် ဖြစ်၏။ ထိုခေတ်က ရွှေဈေးမှာ တစ်ကျပ်သား (၂၀၀) ခေတ်ဖြစ်၏။ ထို့ကြောင့် စုစုပေါင်းကုန်ကျစရိတ်မှာ ရွှေဈေးနှင့်တွက်ပါက ရွှေ (၄၀)ကျပ်သားတန်ဖိုးဖြစ်၏။ ထို့ကြောင့် ကာလတန်ဖိုးအရမူ မနည်းမနောငွေဖြစ်၏။

ဤသို့ဖြင့် ဦးဘဂုဏ်သည် အင်းဘုရားကို ယုံကြည်လေးနက်စွာထား၍ ပူဇော်ကိုးကွယ်ခဲ့၏။ တစ်နေ့တွင် ဘာဘူကုလားကြီးတစ်ဦးသည် ဦးဘဂုဏ်၏ တဲဆီသို့ ရောက်လာကာ ခေတ္တနားခိုခွင့်တောင်းလေ၏။ ထိုအခါ ဦးဘဂုဏ်ကလည်း ချက်ချင်းပင် အထဲသို့ဝင်ကာ နားပါရန်ခွင့်ပြုလိုက်၏။ ထို့အပြင် သောက်ရေအေးအေးလေးတစ်ခွက်ကိုပါ ခပ်ပြီးတိုက်ပါ။ ဧည့်ဝတ်ပျူငှာပြုပေး၏။

ထို့နောက် ဦးဘဂုဏ်က ဘာဘူကုလားကြီးအား ဘယ်ကလာပါသလဲဟုမေးမြန်းပြီး ပဋိသန္ဓာရစကားကိုဆိုရာ ဘာဘူကြီးကသူရန်ကုန်မှလာခဲ့ကြောင်း ပြော၏။ ထို့နောက် သူက ဦးဘဂုဏ်အား သေသေချာချာကြည့်ပြီး-

"မင်းကဘာလုပ်ငန်းများလုပ်ကိုင်စားသောက်နေပါသလဲ"

ဟု ပြန်မေးလိုက်၏။

ဦးဘဂုဏ်က -

"ကျွန်တော့်အလုပ်က လက်ဆတ်လက်ကိုင်ပြစရာတော့ ဘာအလုပ်မှ မည်မည်ရရမရှိပါဘူး။ လက်လုပ်လက်စားသဘောမျိုးနဲ့ တွေ့တဲ့ကြုံတဲ့ အလုပ်မျိုးကို လုပ်ပါတယ်"

ဟု ပြန်ဖြေရာ ဘာဘူကြီးက -

"ဒီလိုဆို မောင်ရင်ရယ်၊ ကျုပ်က ဒီစစ်ကွင်းနယ်မှာ လယ်ဧကအတော်များများကို ပိုင်တယ်။ လယ်တွေမှာ သီးစားခချထားတာလည်း အတော်များများ ရှိတယ်။ ကျုပ်လည်း အိန္ဒိယကိုပြန်ပြီး စီးစဉ်နေတော့ ဒီကိုခဏခဏမလာနိုင်ဘူး ဖြစ်နေတယ်။ နောက်ပြီး အသက်ကလည်းကြီးလာပြီလေ။ ဒါကြောင့် လယ်စာရင်းငှားခတွေ၊ သီးထောက်ခတွေကို မောင်ရင်ကကောက်ပေးပြီး ကျုပ်ဆီကို လာပေးနိုင်မလား"

ဟု မေးမြန်းရာ ဦးဘဂုဏ်က လုပ်ပေးနိုင်ပါကြောင်း ကတိပြုသောအခါ ဘာဘူကြီးက သူတွင်ပါလာသော လယ်စာရင်းဇယားများနှင့်တကွ လုပ်ပိုင်ခွင့်များကိုပါ အပ်နှံပြီး ရန်ကုန်သို့ပြန်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

နောက်ပိုင်းတွင် ဦးဘဂုဏ်သည် ဘဘူကြီး၏အလုပ်ကို ရိုးရိုးသားသား နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေး၏။ ယ်စာရင်းငှား၍ သီးထောက်ခများကို ကောက်ကာ စာရင်းဇယားနှင့်တကွ တိတိကျကျ ပြန်လည် ပေးအပ်ခဲ့၏။ ဤသို့ဖြင့် အချိန်ကာလ အတန်ကြာ ညောင်းလာခဲ့၏။

တစ်နေ့တွင် ဦးဘဂုဏ်၏စစ်ကွင်း အားလမ်းဘေးရှိ တဲလေးသို့ ဘဘူကြီး ရောက်လာခဲ့၏။ သူက -

"ဘဂုဏ်၊ ငါအိန္ဒိယကိုပြန်တော့ မယ်၊ မင်းဟာ ငါ့အပေါ်မှာ ရိုးရိုးသား သားနဲ့ မှန်မှန်ကန်ကန်စိတ်သဘောထား တာကို တွေ့ရတယ်၊ ဒါကြောင့် စစ် ကွင်းမှာ ငါပိုင်တဲ့လယ်မြေတွေကို မင်း အတွက် အပိုင်ပေးခဲ့မယ်။ မင်းဆက်ပြီး လုပ်ကိုင်ပါ"

ဟု ပြောပြီး ဘဘူကြီးသည် သူ ပိုင်ဆိုင်သော လယ်မြေစာချုပ်စာတမ်း များနှင့်တကွ လွှဲစာတို့ကိုပါ ဦးဘဂုဏ် အား လွှဲပေးပြီး ဘဘူကြီးလည်း ရန်ကုန် သို့ ပြန်သွားတော့၏။

ထို့နောက်တွင် ဦးဘဂုဏ်သည် စစ်ကွင်းဆရာတော်၏ပညာဖြင့် စီမံထား သော အင်းဘုရားကို ကိုးကွယ်ရသဖြင့် ကြာမတင်မီပင် သာမန်လက်လုပ် လယ်သမားဘဂုဏ်အဖြစ်မှ သူဌေးကြီး ဦးဘဂုဏ်ဟူသည့်ဘဝမျိုးသို့ ရောက်ရှိ သွားတော့၏။

**ပွင့်လင်းလင်းပြောတတ်သောစစ်ကွင်း ဆရာတော်**

စစ်ကွင်းဆရာတော်သည် လူ များနှင့်မတူသော စရိုက်သဘာဝ ရှိ၏။ သူလုပ်ချင်သည့်အလုပ်ဆိုလျှင် မည်သည့် ဝွှဲနပဲနှင့် မဖြစ်ဖြစ်အောင်လုပ် တတ်သကဲ့သို့ သူမလုပ်ချင်သည့်အလုပ် ကို မလုပ်ချင်သည့်အခါမျိုးဆိုလျှင် ခပ်ပေပေနေတတ်၏။

ဆရာတော်ကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံဘုရား တန်ဂံနွေထောင့်ရှိ ကျောင်းကလေးတွင် သီတင်းသုံးနေစဉ် ရှိ၏။ တစ်နေ့တွင် သူ့ထံသို့ သူ၏ တပည့်ဖြစ်သူ ဆရာတော်ကြီး ဦးကုန္ဒာ ရောက်လာခဲ့၏။ ထို့နောက် ဆရာတော် က -

"မောင်ပဥ္စင်းကိစ္စရှိတယ်။ ကျိုက် ထီးရိုးဘုရားကိုသွားပြီးတော့ အမိဋ္ဌာန်

ဟု မိန့်ကြားလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က -

"တပည့်တော် အဓိဋ္ဌာန်မဝင်နိုင် ဘူး"

ဟု ခပ်ပြတ်ပြတ်ပင် ငြင်းလိုက်၏။

ထိုအခါ ဆရာတော် ဦးကုန္ဒာသဖ လည်း သူခိုင်းသည်ကို ငြင်းပယ်သည့် အတွက် အတော်ပင် စိတ်ထွက်သွားပြီး စစ်ကွင်းဆရာတော်၏ပါးကို ရိုက်လိုက် ၏။ ဦးကုန္ဒာသဖလည်း စစ်ကွင်းဆရာ တော်ကို ဆုံးမပြီး ပြန်ကြွသွားတော့၏။

ဦးစန္ဒာဘာသလည်း ရိုက်နှက်ခံ ရသည့်ဒဏ်ကြောင့် သူ၏ပါးပြင်တစ်ခု လုံးသည် ရောင်ကိုင်းလာတော့၏။ ထို သို့ဖြစ်ပြီးမကြာမီတွင် စစ်ကွင်းဆရာ တော်၏တပည့် ဆရာတော် ဦးပညော ဘာသခေါ် နောင်အခါ ဦးဘဟန်သည် ရောက်ရှိလာခဲ့၏။

ဆရာကြီးလည်း ဆရာတော် ဦးစန္ဒောဘာသ၏ပါးပြင် ထူးထူးခြား ခြားရောင်ကိုင်းနေသည်ကိုတွေ့သဖြင့်-

"အရှင်ဘုရားရဲ့ပါးက ဘယ်လိုဖြစ် တာလဲဘုရား။ ရောင်ကိုင်းနေတာပဲ"

ဟု မေးမြန်းလျှောက်ထားလိုက် ရာ ဦးစန္ဒောဘာသက အမှတ်မဲ့လွှတ် ခနဲ -

"ဘာမှမဖြစ်ဘူး၊ ရိုက်ခံလိုက်ရလို့ ရောင်နေတာ"

ဟု ပြန်ဖြေလိုက်၏။

ဆရာကြီး ဦးဘဟန်လည်း ဆရာ တော် ပါးရိုက်ခံလိုက်ရကြောင်း ကြားသိ ရသည်နှင့် စိတ်ထဲတွင် ထောင်းခနဲ ဒေါသထွက်သွားပြီး နှုတ်မှလည်း -

"ငါ့ဆရာကို ဘယ်သူကလာရိုက် သွားတာလဲ။ ဘယ်သူလဲဘယ်ဝါလဲ"

စသည်ဖြင့် ဆဲဆိုကြိမ်းမောင်း ပြောဆိုလေတော့၏။

ထိုအခါတွင်မှ စစ်ကွင်းဆရာတော် က ပျာပျာသလဲဖြင့် -

"ဟာ ဟေ့ - မောင်ပညော၊ ဘာ တွေလျှောက်ပြောနေတာလဲ။ ငါ့ကိုပါး ရိုက်သွားတာ ဒိပြင်ပုဂ္ဂိုလ်မဟုတ်ဘူး၊ ဆရာတော် ဦးကုန္ဒာသဖရိုက်သွားတာ။ ငါ့ကိုကျိုက်ထီးရိုးဘုရားမှာအမိဋ္ဌာန်သွား ဝင်ခိုင်းတယ်။ ငါကလည်း ဝင်ချင်စိတ် မရှိလို့ အမိဋ္ဌာန်မဝင်နိုင်ဘူးလို့ ပွင့်ပွင့် လင်းလင်းပြောလိုက်တယ်။ ဒါကြောင့် ဆရာတော်ကြီးက ငါ့ပါးကိုရိုက်သွား တာ"

ဟု မိန့်သောအခါတွင်မှ ဆရာ ကြီးလည်း ကြောက်ရွံ့တုန်လှုပ်သွားပြီး-

"ဟာ-ဒီလိုဆို မဖြစ်ချေတော့ဘူး ဘုရား။ ဆရာတော်ကြီးကို ပြန်တောင်း ပန်ရမယ်"

ဟု ဆိုကာ ဆရာကြီးလည်း ကပျာကသီပင်ထပြီး ဆီမီးထွန်းညှိပူဇော် လိုက်ပြီး ဆရာတော်ကြီး ဦးကုန္ဒာသဖ ကို ပင့်ဖိတ်ကာ ရှိခိုးတောင်းပန်ရလေ တော့၏။

ဤအဖြစ်အပျက်ကို ကြည့်ခြင်း အားဖြင့် စစ်ကွင်းဆရာတော်သည် ဆရာဖြစ်သူကခိုင်းသော်လည်း သူမလုပ် ချင်သည့်ကိစ္စကို စကားတန်ဆာဆင် မပြောဘဲ စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့် လင်းလင်း (ဝါ) ဖြောင်ဖြောင်တတ်သည့် သဘာဝရှိကြောင်း တွေ့ရပါသည်။

ထိုအဖြစ်အပျက်ဖြစ်ပွားပြီးနောက် စစ်ကွင်းဆရာတော်သည် သူ၏ပါးပြင် ကြီးတစ်ဖက်ကလည်း ရောင်နေသဖြင့် စိတ်ညစ်ကာ သူ့ထံ၌ရှိ ဆေးလွယ်အိတ် ကလေးကို ဆရာကြီးထံသို့ လွှဲပေးလိုက် ပြီး-

"မောင်ပညော၊ ငါ့ရဲ့ဟောဒီဆေး အိတ်ကလေးကို မင်းခဏသိမ်းထားပေး ပါ။ အဲဒီအိတ်ထဲမှာ ဆေးတွေပါတယ်။ သုံးချင်ရင် နည်းနည်းပါးပါးယူသုံး"

ဟု မှာပြီးပေးလိုက်၏။

ထိုသို့ ဆေးလွယ်အိတ်ပေးပြီး နောက်ရက်အနည်းငယ်ကြာတော့ စစ် ကွင်းဆရာတော်က ဆရာကြီးထံမှဆေး လွယ်အိတ်ကို ပြန်တောင်းသဖြင့် ဆရာ ကြီးလည်း ပြန်ပေးလိုက်၏။

ထိုအခါ ဆရာတော်က -

"မောင်ပညော၊ မင်းဒီလွယ်အိတ် လေးကဆေးတွေ ယူသုံးလိုက်သေးလား"

ဟု မေးလိုက်၏။

ဆရာကြီးကလည်း -

"ယူမသုံးပါဘူး"

ဟု ဖြေလိုက်၏။ ထို့နောက် တစ် ဆက်တည်းပင် ထိုဆေးလွယ်အိတ်တွင် ဘာဆေးများထည့်ထားသည်ကို သိလို လာသဖြင့် -

"အဲဒီဆေးလွယ်အိတ်ထဲ ထည့် ထားတာတွေကဘာဆေးများလဲဘုရာ့"

ဟု မေးလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်ကြီး က ဆရာကြီး၏မျက်နှာကို သေသေချာ ချာကြည့်ပြီး -

"ဘာဆေးရမလဲကွ၊ ပီယဆေး တွေ"

ဟု မိန့်လိုက်သောအခါ ဆရာကြီး က-

"ဟာ-ဒီလိုဆေးမှန်းစောစောက



www.burmeseclassic.com

www.burmeseclassic.com

သိရင် နည်းနည်းလောက် ယူသုံးကြည့်လိုက်တာပေါ့”

ဟု ပြောသောအခါ ဆရာတော်ကြီးက -

“ဘာ-ယူသုံးကြည့်မယ်ဟုတ်လား၊ တကယ်လို့ မင်းအဲဒီဆေးကို ယူသုံးကြည့်ရင်ဘာဖြစ်သွားမလဲသိလား။ (-) ဖြစ်သွားမှာပေါ့”

ဟု ပွင့်ပွင့်လင်းလင်းပြောချလိုက်တော့၏။

ထိုအခါတွင်မှ ဆရာကြီးလည်း နောက်တွန့်သွားတော့၏။

အထက်ပါ အဖြစ်အပျက်အား သုံးသပ်ကြည့်သောအခါ စစ်ကွင်းဆရာတော်သည် ပီယသိဒ္ဓိဆေးတစ်မျိုးအား စမ်းသပ်စီမံခဲ့ပါလိမ့်မည်။ ထိုကိစ္စကို ဆရာတော်ကြီး ဦးက္ကန္ဒာသဖက သိသွားသောအခါ မသင့်မလျော်သော အကျိုးဆက်များဖြစ်လာနိုင်သည့်အခြေအနေကြောင့် လည်းကောင်း၊ ဤကဲ့သို့သော အလုပ်မျိုးလုပ်သည်ကို မကြိုက်သဖြင့်လည်းကောင်း၊ ဟန့်တားလိုသဖြင့်လည်းကောင်း၊ စစ်ကွင်းဆရာတော်ကို ဦးက္ကန္ဒာသဖက မနှစ်သက်ကြောင်း ပြလိုသဖြင့် ကျိုက်ထီးရိုးဘုရားတွင် အဓိဋ္ဌာန်သွားဝင်ခိုင်းခြင်း ဖြစ်မည်။ စစ်ကွင်းဆရာတော်ကလည်း ဤကိစ္စလေးကအစ ဟန့်တားသည်ကို မကြိုက်သဖြင့် တမင်အဓိဋ္ဌာန်မဝင်နိုင်ကြောင်း ဗြောင်ငြင်းလိုက်ခြင်းပင် ဖြစ်မည်။ ထိုသို့ငြင်းသဖြင့် ဦးက္ကန္ဒာသဖက အပြစ်ပေးသည့်အနေဖြင့် စစ်ကွင်းဆရာတော်၏ပါးကို ရိုက်ခြင်းသာဖြစ်ပါမည်။ နောက်ပိုင်းတွင် စစ်ကွင်းဆရာတော်လည်း သဘောပေါက်နားလည်ကာ ဆေးလွယ်အိတ်ကို ဆရာကြီးထံမှ ပြန်ယူပြီး ဖျောက်ဖျက်ပစ်လိုက်ခြင်း ဖြစ်ပါလိမ့်မည်ဟု နားလည်ရပါသည်။

**ဝိဇ္ဇာမိုရ်ဖခင်ကြီးနောက်သို့ အမြန်လိုက်လိုသဖြင့် အင်းကို သိဒ္ဓိအဆင့်ကျော်သောက်မိခြင်း**

စစ်ကွင်းဆရာတော်၏ ဖခင်ကြီးဖြစ်သူ အဘဘိုးသာအေးသည် သားဖြစ်သူ စစ်ကွင်းဆရာတော်၏ ကျေးဇူးဆပ်မှုကြောင့်ပင် ကုစ္ဆာသယဘိုးဘိုးကြီးမှ ချက်ချင်း ဝိဇ္ဇာမိုရ်ဖြစ်စေသော ဆေးတောင့်သုံးတောင့်ကို ရရှိကာ ဝိဇ္ဇာဖြစ်သွားတော့၏။

အဘဘိုးသာအေးသည် ထိုကဲ့သို့ ဝိဇ္ဇာမိုရ်ဘဝသို့ ရောက်ရှိသွားသောအခါ သက်ဆိုင်ရာတို့မှ တာဝန်များပေးအပ်လာတော့၏။ ထိုအခါ အဘဘိုးသာအေးလည်း ပေးအပ်လာသော တာဝန်များကိုကျေပွန်ရန် မနေမနား ထမ်းဆောင်နေရတော့၏။ ထိုအခါ ယခင်က မကြာခဏတွေ့လိုသည့်အချိန်တွင် တွေ့နေရသော သားအဖနှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် မတွေ့ကြရတော့ပေ။ မတွေ့ရသည်မှ ရက်ပေါင်းများစွာ၊ လပေါင်းများစွာကြာသည့်တိုင်အောင်ပင် တစ်ကြိမ်တစ်ခါမျှ မတွေ့ကြရတော့ပေ။

ထိုအခါတွင် စစ်ကွင်းဆရာတော်သည် ဆက်ပြီးသည်းမခံနိုင်တော့ပေ။ သူ့ဖခင်ကို သူတွေ့လိုသည့်အခါ သွားတွေ့၍မရတော့သည့်အခြေအနေ ဖြစ်၏။ သူ့ဖခင်ကြီးက ဝိဇ္ဇာမိုရ်ဖြစ်၏။ သူက ဝိဇ္ဇာမဖြစ်သေး။ ထို့ကြောင့် တွေ့၍မရခြင်းဖြစ်မည်ဟု တွေးမိ၏။ ထို့ကြောင့် သူ့အနေဖြင့် မြန်မြန်ဝိဇ္ဇာမိုရ်ဖြစ်မှဖြစ်တော့မည်ဟုလည်း တွေးမိ၏။

ထိုသို့ဝိဇ္ဇာဖြစ်ရန်ကလည်း သိဒ္ဓိတက်စဉ်များကို ပုံမှန်အတိုင်းတက်ပြီး အင်းသောက်သွားပါကလည်း အမြန်ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ နှစ်ပေါင်းများစွာစောင့်ရပေမည်။ ထိုသို့ မစောင့်နိုင်ပေ။ ထို့ကြောင့် လက်ရှိသောက်နေသော အင်းမှနေပြီး သိဒ္ဓိအစဉ်ကို ကျော်သောက်မှဖြစ်ပေမည်။ ထို့ကြောင့် သိဒ္ဓိရရှိမည်ဖြစ်သော ပထဝီသိဒ္ဓိအဆင့်သို့ ကျော်သောက်လိုက်၏။

စစ်ကွင်းဆရာတော်လည်း အဆိုပါပထဝီသိဒ္ဓိအင်းကို အစမှအဆုံးထိ သောက်ပြီးသွားသောအခါ လက်ရှိသိဒ္ဓိလည်းမဟုတ်၊ ပထဝီသိဒ္ဓိလည်းမကျဘဲ ခန္ဓာကိုယ်၏သဘာဝဖြစ်စဉ်ပါ ပြောင်းလဲကာ ထိုင်မရထမရဖြစ်ကာ နေမထိထိုင်မသာဖြစ်နေလေတော့၏။

ထိုသို့ အကျပ်အတည်း ကြုံတွေ့နေရစဉ်တွင် တကယ့်အခြေအနေကိုသိရှိသောပုဂ္ဂိုလ်တစ်ဦးရှိ၏။ ထိုပုဂ္ဂိုလ်မှာ ဖျာလိပ်တစ်လိပ်ကို ချိုင်းကြားတွင်ညှပ်ပြီး ရွှေတိဂုံဘုရားပေါ်တွင်လျှောက်သွားနေသောဘုန်းကြီးတစ်ပါးရှိ၏။ ထိုဘုန်းကြီးကို တွေ့ရှိသူများက ဖျာလိပ်ကိုယ်တော်ဟု အမည်သညာပြု ခေါ်ဝေါ်ကြ၏။

တစ်နေ့ ထိုဖျာလိပ်ကိုယ်တော်ကြီးသည် ဆရာတော်ဦးစန္ဒောဘာသထံ ကြွရောက်လာခဲ့၏။ စစ်ကွင်းဆရာတော်ကို တွေ့သောအခါ ဖျာလိပ်ကိုယ်တော်က-

“မောင်စန္ဒော၊ မင်းအခုဘယ်လိုဖြစ်ပြီး ခံစားနေရတယ်ဆိုတာ ငါသိတယ်။ မင်းငါနဲ့ခဏလိုက်ခဲ့”

ဟု ခေါ်၏။

စစ်ကွင်းဆရာတော်လည်း ခေါ်ရာနောက်သို့လိုက်ခဲ့၏။

တစ်နေရာသို့ ရောက်သောအခါ ဖျာလိပ်ကိုယ်တော်ကြီးက သူ၏ထွေးခံကိုစစ်ကွင်းဆရာတော်အားပေးပြီး ထွေးခံဆေးခိုင်း၏။ စစ်ကွင်းဆရာတော်လည်း ထွေးခံကိုယူပြီး ခိုင်းသည့်အတိုင်း ဆေးကြောလိုက်၏။ ထိုအခါ ဖျာလိပ်ကိုယ်တော်လည်း ဆေးလာသည့်ထွေးခံကိုယူကာ တံတွေးထွေးထည့်လိုက်၏။ ထွေးပြီးသောအခါ စစ်ကွင်းဆရာတော်အား-

“မောင်စန္ဒော၊ ရော့ - မင်းအဲဒါကို သောက်လိုက်”

ဟု ပြောပြီး ထွေးခံကို လှမ်းပေးလိုက်၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ထွေးခံကိုယူပြီး ထွေးခံထဲမှ တံတွေးများကို ကုန်အောင်သောက်ချလိုက်တော့၏။ ထိုသို့ထွေးခံထဲမှတံတွေးများကို သောက်နေစဉ်တွင်ပင် ဖျာလိပ်ကိုယ်တော်ကြီးလည်း အပြင်သို့ထွက်သွားလေ၏။

ထိုအခါ စစ်ကွင်းဆရာတော်လည်း ကမန်းကတန်းထပြီး နောက်မှလိုက်ကြည့်သောအခါ အပြင်တွင် ဖျာလိပ်ကိုယ်တော်ကြီးကို အစအနပင် မတွေ့ရတော့ဘဲ ပျောက်သွားတော့၏။ ထိုအခါတွင်မှ စစ်ကွင်းဆရာတော်သည် ဖျာလိပ်ကိုယ်တော်ကို သာမန်ပုဂ္ဂိုလ်မဟုတ်မှန်း သိရှိတော့၏။

ထိုသို့ ဖျာလိပ်ကိုယ်တော်၏ တံတွေးကို သောက်ပြီးသောအခါမှ စစ်ကွင်းဆရာတော်လည်း သူ၏ထိုင်မလိုထရမလိုဖြစ်နေသော နေမထိထိုင်မသာ ဖြစ်ပေါ်ခံစားနေရမှုများလည်း လုံးဝပျောက်ကင်းသွားပြီး နဂိုမူလအတိုင်းဖြစ်သော ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ရ၏။

ထို့ကြောင့် ပညာလမ်းစဉ်၏ သိဒ္ဓိတက်စဉ်တွင် မိမိမှရောက်ရှိသေးသော သိဒ္ဓိတက်စဉ်များကို ဆန္ဒစောပြီး အဆင့်ကျော်မသောက်ရကြောင်း ဆရာသမားများက အမြဲပင် သတိပေးဆုံးမလေ့ရှိသည်။

ပထမံဆရာဦးအေး…



www.burmeseclassic.com

www.burmeseclassic.com

# တကယ့်စောလမုန်သိုက်

လှမ်းထက်

'ကျွန်တော်တို့သည် မှေးမှိန်နေသောမီးခွက်၏ အလင်းရောင်ဖြင့် ဆယ်ပေပတ်လည်ခန့် ကျယ်ဝန်းမည်ဟု ထင်ရသောအခန်းတစ်ခန်းကို မြင်ကြရသည်။ ထိုအခန်း၏ နံရံတစ်ဖက်၌မူ အမိုးသို့ထိအောင် တစ်ချောင်းပေါ်တစ်ချောင်းစီတင်ထားသော ဆင်စွယ်ပုံကြီးကို တွေ့မြင်ကြရ၏။

ဆင်စွယ်ပုံကြီး၏အနက် မည်မျှရှိသည်ဟုမပြောနိုင်သော်လည်း အတန်းတစ်တန်းလျှင် ဆင်စွယ်ငါးရာခန့်ရှိလေလိမ့်မည်ဟု ထင်မိသည်။ ဆင်စွယ်ကြီးများမှာ အလွန်ချောမွေ့ကြီးမားလှပါ၏။ ယင်းဆယ်စွယ်ပုံကြီးတစ်ပုံနှင့်ပင် ကျွန်တော်တို့သုံးယောက်အဖို့ တစ်သက်တာနေထိုင်စရိတ်လောက်ပေလိမ့်မည်။

ကျွန်တော်ငယ်စဉ် ကျောင်းသားဘဝက ဖတ်ရှုခဲ့ရသော စောလမုန်ဘုရင်အကြောင်းသမိုင်း၌ စောလမုန်ဘုရင်၏ နှိုင်းဘက်ကင်းသော ဆင်စွယ်ရာဇပလ္လင်သည် အထက်ဖော်ပြပါ ရတနာသိုက်မှ ထုတ်ယူပြုလုပ်ထားခြင်း ဖြစ်ပေမည်။

ဆယ်စွယ်ပုံကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသော နံရံဘက်၌မူ ဆေးအနီရောင်သုတ်ထားသော အလုံးနှစ်ဆယ်ခန့်ရှိမည်ဟုထင်ရသည့် အလွန်ကြီးမားသောသေတ္တာကြီးများကို တွေ့ကြရ၏။

ဆာဟင်နရီသည် အပေါ်ဆုံးသေတ္တာကိုဖွင့်၍ မီးရောင်ထိုးပြလိုက်သည်နှင့် ကျွန်တော်သည် လက်ဖြင့်နှိုက်၍ ဆုပ်ယူလိုက်သောအခါ ရှေးဟောင်းရွှေဒင်္ဂါးများဖြစ်နေသည်ကို တအံ့တသြ တွေ့ရတော့၏။ ရွှေဒင်္ဂါးများမှာ ပုံစံအမျိုးမျိုး သွန်းလောင်းထားသဖြင့် ကျွန်တော် တစ်ကြိမ်တစ်ခါမျှ မမြင်ဘူးသည့်ဒင်္ဂါးများ ဖြစ်ကြပါသည်။ ယင်းရွှေဒင်္ဂါးများပေါ်တွင် ဟီဘရူးအက္ခရာများရိုက်နှိပ်ထားသည်ကို တွေ့ကြရ၏။

သေတ္တာကြီးတစ်လုံးလျှင် ရွှေဒင်္ဂါး နှစ်ထောင်ထက်မနည်းရှိမည်ဖြစ်လေရာ သေတ္တာအလုံးနှစ်ဆယ်ဖြစ်သဖြင့် ရွှေဒင်္ဂါးလေးသောင်းထက်မနည်းရှိနေမည် ဖြစ်သည်။ စိန်တုံးများကိုမူ မတွေ့ကြရသေး၊ လက်ချည်းသက်သက်ပြန်ရတော့မည်ဟုအောက်မေ့ထားသော ကျွန်တော်တို့အဖို့ အတော်အသင့်ရကြမည်ဖြစ်၏။

ကျွန်တော်တို့သည် သူပြောကိုယ်ပြောကြားထားရသောသတင်းများအရ စောလမုန်ဘုရင်၏ ရတနာသိုက်ကြီး၌ အဖိုးမဖြတ်နိုင်အောင်တန်သော စိန်တုံးများရှိသည်ဟူ၏။ သို့ဖြစ်၍ စိန်များတွေ့လိမ့်ဦးမည် ဟူသော မျှော်လင့်ချက်ဖြင့် ဆက်လက်၍ ရှာဖွေခဲ့ကြပြန်ပါသည်။ ကျွန်တော်တို့၏ လမ်းပြကြီးဖြစ်သော စုန်းမကြီးဂါဂူလသည် 'စိန်တွေကိုရှာနေကြလျှင် ဟိုဘက်ကြည့်ကြဟေ့' ဟု ညွှန်ပြသဖြင့် မီးခွက်အလင်းရောင်ဖြင့်သွားကြည့်ခဲ့ရာ အခန်း၏နံရံ၌တွင်း၍ပြုလုပ်ထားသော အပေါက်ကြီးတစ်ပေါက်အတွင်း ကြီးမားသော ကျောက်သေတ္တာကြီးသုံးလုံးကို တွေ့ရ၏။ နှစ်လုံးမှာ ကျောက်များဖြင့်ဖုံးထားပြီး တစ်လုံးမှာမူ ပွင့်လျက်ရှိနေသည်။

ဆာဟင်နရီသည် ပွင့်နေသော ကျောက်သေတ္တာကို မီးရောင်ဖြင့်ထိုးပြရာ သေတ္တာအတွင်း တလက်လက်တောက်ပနေသောစိန်များကို တွေ့ရတော့၏။'

အထက်ဖော်ပြပါ စာပိုဒ်သည် ကမ္ဘာကျော် စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်၏ လက်ရာအမြောက်ဆုံးဟု စာပေအကဲဖြတ်သူများက တညီတညွတ်တည်း အကဲဖြတ်ခဲ့ကြပြီး အရောင်းရစံချိန်တင်ခဲ့သော 'The Kings Solmon's Mine' စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို မြန်မာဘာသာပြန်ဆို ဖော်ပြထားခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ဆရာကြီးရွှေဥဒေါင်း မြန်မာဘာသာ ပြန်ဆိုထုတ်ဝေသော 'စောလမုန်သိုက်' ဝတ္ထုကြီးကို ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ကူးစက်မလာမီ မူလတန်းကျောင်းသားဘဝက ဖတ်ရှုခဲ့ရခြင်း ဖြစ်၏။ မူရင်း ဗြိတိသျှအမျိုးသား ကမ္ဘာကျော် စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂက်၏ 'စောလမုန်ဘုရင်၏ရတနာသိုက်' ဝတ္ထု၏ ဇာတ်လမ်းဇာတ်ကွက်ဆင်ပုံ၊ ဇာတ်ဆောင်တို့၏ စွမ်းဆောင်ချက်၊ တစ်ဦးပေါ်တစ်ဦး သစ္စာရှိမှုနှင့် စွန့်စားမှုများကို ကျောင်းသားငယ်တစ်ဦးပီပီ စွဲလမ်းနှစ်သက်ခဲ့ရကား အထက်ဖော်ပြပါ စောလမုန်သိုက်ဘာသာပြန်ဝတ္ထုကို ဖန်တစ်ရာတေအောင် ဖတ်ရှုမိခဲ့သည်။ ထိုစဉ်ကာလက ကျွန်တော်မှာ (၁၀) နှစ်သားခန့်သာ ရှိသဖြင့် မူရင်းစာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂက်၏ အတွေးအခေါ်များကို ဉာဏ်မမီသဖြင့် လုံးစေ့ပတ်စေ့နားမလည်ခဲ့သော်လည်း ဇာတ်လမ်းဇာတ်ကွက်ကို



မူ တသသဖြစ်ခဲ့ရတော့၏။ စစ်ပြေးဘဝရောက်ချိန် ရောက်ခဲ့ရသော ကျေးရွာများအထိ ထိုစာအုပ်ကို အပါသယ်ယူကာ ထပ်တလဲလဲဖတ်ခဲ့မိပြန်သည်။

စစ်ကြီးပြီးဆုံး၍ တက္ကသိုလ်ကျောင်းသားကြီး ဖြစ်လာသည်နှင့် အင်္ဂလိပ်စာကို လူလူသူသူဖတ်နိုင်လာခဲ့သည်နှင့် ငယ်စဉ် သူငယ်တန်းကျောင်းသားဘဝက တသသစွဲလမ်းခဲ့ရသော စောလမုန်သိုက်မူရင်းစာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှုမိသည်သာမက စောလမုန်သိုက်ဝတ္ထုအား ရိုက်ကူးသည့် ရုပ်ရှင်ကားကြီးကိုလည်း အကြိမ်ကြိမ်ကြည့်မိခဲ့၏။

အမှန်အားဖြင့် ဗြိတိသျှအမျိုးသား စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂက်မှာ ကျွန်တော်တို့ စာဖတ်ပရိသတ်နှင့်မိတ်ဖွဲ့ပေးရန်မလိုသော စာရေးဆရာကြီး ဖြစ်ပါသည်။ သူ၏ဝတ္ထုကြီးပေါင်း (၂၀) ကျော်ကို ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်ရွှေမျှားက တိုက်ရိုက်မြန်မာဘာသာပြန်ခဲ့ပြီး အချို့စာအုပ်များကို ဆရာဦးအောင်ခန့် (တက္ကသိုလ်ဝင်းမွန်)၊ ဗိုလ်အေးမောင်၊ ဆရာငွေတာ



www.burmeseclassic.com

www.burmeseclassic.com

ရာ စသည့် ဆရာကြီးများက တိုက်ရိုက် မြန်မာဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်ရာ ကျွန်တော်တို့ စာဖတ်ပရိသတ်အဖို့ ဆာရိုက်ဒါဟက်ဂက်၏ ဝတ္ထုအားလုံး နီးပါးကို ကျွန်တော်တို့ စာဖတ်ပရိသတ် ကြီးသည် ဖတ်ရှုပြီး ဖြစ်ပါသည်။ မှန်ပါ သည်။ ဆာရိုက်ဒါဟက်ဂက်သည် ဝတ္ထု ရှည်ကြီး (၅၈) ပုဒ်နှင့် နိုင်ငံရေးနှင့်ဆိုင် သော ကျမ်းစာအုပ်(၇)အုပ် ရေးသားပြုစု ရေးသားခဲ့ပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဆော်လမွန်ဘုရင်ကြီးအကြောင်း ရေး သား တင်ပြရမည် ဖြစ်ပါသည်။ သမ္မာ ကျမ်းစာလာ ဖြစ်စဉ်များနှင့် သမိုင်း မှတ်တမ်းများအရ ဆော်လမွန်ဘုရင်ကြီး သည် မြေထဲပင်လယ်ကမ်းခြေတစ်ဝိုက် ရှိနိုင်ငံများနှင့် အာဖရိကတိုက်နိုင်ငံများ တွင် နေလိုလလို ထူးထူးခြားခြား ဟိုးဟိုး ကျော်သော ဘုရင်ကြီး ဖြစ်သည်။ ဤ ဆောင်းပါးအစတွင် ဖော်ပြခဲ့သော စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂက် ၏စောလမုန်သိုက်ပါ ဆော်လမွန်ဘုရင် ကြီးအကြောင်းနှင့် ရှီဗာဘုရင်မကြီးတို့ ၏ လွမ်းမောတသဖွယ် ဇာတ်လမ်းများ နှင့် ဤဝတ္ထုအတွင်းပင် အာဖရိကတိုက် တောတွင်းတစ်နေရာတွင် 'ရှီဗာ၏သား မြတ်' ခေါ်သော တောင်ကြီးနှစ်လုံးနှင့် လက်ဝဲဘက်သားမြတ်တောင်အတွင်းရှိ ရတနာသိုက်ကြီးနှင့် ဆော်လမွန်ဘုရင် ကြီး ဖောက်လုပ်ခဲ့သော လမ်းမကြီး အကြောင်းများကိုလည်း ဖတ်ရှုခဲ့ရ၏။ ဆရာကြီး ရွှေဥဒေါင်း ဘာသာပြန်ဆို သည့် စောလမုန်သိုက်ဝတ္ထုပါ ဇာတ် ကောင်အချို့မှာ စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂက်၏ စိတ်ကူးဉာဏ် ကွန့်မြူး၍ ဖန်တီးခဲ့သော ဇာတ်ဆောင် များဖြစ်သော်လည်း အချို့ဖြစ်ရပ်များ မှာမူ သမ္မာကျမ်းစာလာဖြစ်စဉ်များ၊ သမိုင်းဆိုင်ရာ အချက်အလက်များမှ ထုတ်နုတ် ရေးသားဖော်ပြခြင်း ဖြစ်ပါ သည်။

ဝတ္ထုကြီးပါ ခရီးစဉ်များမှာလည်း ပထဝီအချက်အလက်များနှင့် စာရေး ဆရာကြီးဆာရိုက်ဒါဟက်ဂက်ကိုယ်တိုင် အာဖရိကတောတွင်း၌ ကြုံတွေ့ရချက် များကို ရေးသားခဲ့သဖြင့် ဝတ္ထုကြီးမှာ အသက်ဝင်နေသည်ဟု ဆိုရမည်ဖြစ် ပါသည်။ ယနေ့အထိ ဗဟိုအာဖရိက နိုင်ငံဒေသများမှ လူမျိုးနွယ်များသည် ဆော် လမွန်ဘုရင်ကြီး လျှို့ဝှက်စွာ မြှုပ်နှံထား သော ရတနာသိုက်ကြီး အမှန်တကယ် ရှိသည်ဟု ယုံကြည်ခဲ့ကြသည်။ ရတနာ သိုက်ရှာဖွေသူအများကလည်း စနစ် တကျ သုတေသနပြုလုပ်၍ ရှာဖွေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အကြောင်း များကို အင်တာနက်သတင်းများတွင် ဖော်ပြခဲ့ကြသည်။

ဆော်လမွန်ဘုရင်ကြီးသည် အများ နှင့်မတူ ထူးခြားထက်မြက်သော ဉာဏ် ပညာရှိသည်ဟု ထိုစဉ်ကာလက မြေထဲ ပင်လယ်ကမ္ဘာရှိနိုင်ငံအများက ယုံကြည် ထားကြသည်။ မြေထဲပင်လယ်ကမ္ဘာရှိ နိုင်ငံအသီးသီးမှ မင်းအပေါင်းတို့သည် မိမိတို့ မဖြေရှင်းနိုင်သော ကိစ္စရပ်မှန် သမျှကို ဆော်လမွန်ဘုရင်ကြီးအား တင်ပြ၍ ဆုံးဖြတ်စေသည်ဟု မှတ်တမ်း များက ဖော်ပြခဲ့သည်။

သမ္မာကျမ်းစာနှင့်သမိုင်းမှတ်တမ်း များအရ ထိုစဉ်ကာလက ဆော်လမွန် ဘုရင်ကြီး၏ နေပြည်တော်ကြီးမှာ အံ့မခန်း ကြီးမားလှသည်ဟု ဆိုသည်။ မြို့တော်ကြီး၏ဗဟိုတွင် ထာဝရဘုရား သခင်၏ ကျောင်းတော်ကြီးမှာလည်း ရွှေ၊ ငွေ၊ ဆင်စွယ်၊ ကြေးသတ္တုတို့ဖြင့် လည်းကောင်း၊ ကျောက်သံပတ္တမြား အမျိုးမျိုးဖြင့် မွမ်းမံခြယ်လှယ်ထားသည် ဟု သိရ၏။ သို့ဖြစ်ရာ မြင်ရသူများအဖို့ ရင်သပ်အံ့သြဖွယ်ဖြစ်သည်။

မြို့တော်တွင်နေထိုင်သောသူများ မှာလည်း အံ့မခန်းချမ်းသာကြွယ်ဝကြ သည်။ ဗိသုကာပညာရှင်များမှာ အဆင့် မြင့်ဗိသုကာအတတ်ပညာကို တစ်ဖက် ကမ်းခပ်အောင် တတ်မြောက်သဖြင့် မြို့တော်ကြီးရှိ အဆောက်အအုံများမှာ မြင်ရသူများအဖို့ တအံ့တသြဖြစ်ရတော့ သည်ဟုဆိုသည်။ ထိုစဉ်က ဆော်လမွန် ဘုရင်ကြီးစိုးစံသော နိုင်ငံတော်သည် မြေထဲပင်လယ်တစ်ဝိုက်ရှိ နိုင်ငံများ အလယ်အရှေ့အာရှနိုင်ငံများအားလုံးနှင့် အာဖရိကတိုက်ရှိ နိုင်ငံများအားလုံး၏ ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို ချုပ် ကိုင်ထားသည်သာမက ဆက်သွယ်ပေး သောနိုင်ငံတစ်နိုင်ငံ ဖြစ်ပေသည်။ ဆော်လမွန်ဘုရင်ကြီး၏ နိုင်ငံတော်ရှိ ဆိပ်ကမ်းမြို့များသို့ နိုင်ငံတကာမှ လေ့







www.burmeseclassic.com

www.burmeseclassic.com

သင်္ဘောများ ဆိုက်ကပ်သဖြင့် အလွန်စည်ကားလှသည်။

ထိုစဉ်ကာလက နာမည်ကျော်ကြား လူသိများသော ဟင်းခတ်အမွှေးအကြိုင်၊ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ဆင်စွယ်၊ ကျောက်သံပတ္တမြားနှင့် နံ့သာအမွှေးအကြိုင်များလည်းရောင်းဝယ်သည့် ဗဟိုကုန်သွယ်ရေးအချက်အချာကျသော နိုင်ငံဖြစ်ရကား နိုင်ငံတကာက စုပါပါဝါနိုင်ငံတော်ဟု ခေါ်ဝေါ်ကြပြီး မော့ကြည့်ရသောနိုင်ငံ ဖြစ်သည်။ ဆော်လမွန်ဘုရင်ကြီး၏ သြဇာအာဏာ ကြီးမားမှုမှာလည်း အံ့ဖွယ်သရဲဖြစ်၏။ နိုင်ငံတကာပြဿနာဖြစ်မှုများတွင် ဆော်လမွန်ဘုရင်ကြီးကိုယ်တိုင် ဝင်ရောက်ဆွေးနွေးညှိနှိုင်းပေးခဲ့ကြရသည်။ နိုင်ငံတော်၏ လမ်းမကြီးများမှာလည်း ခေတ်မီသဖြင့် နိုင်ငံတကာနှင့် ဆက်သွယ်ရေးတွင် မြန်ဆန်လှသည်။ နိုင်ငံတကာနှင့်လည်း ရွှေလမ်းငွေလမ်းဖောက်နိုင်သည်ဟု သမိုင်းမှတ်တမ်းများက ဖော်ပြခဲ့၏။

ဤမျှ ဟိုးဟိုးကျော်၍ ချမ်းသာကြွယ်ဝသောနိုင်ငံကြီးကို စိုးမိုးအုပ်ချုပ်သော ဘုရင်ကြီးအဖို့ သူ၏ဘဏ္ဍာတိုက်တော်များမှ စိန်၊ ရွှေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို လူအများအသွားအလာခက်ခဲသော တောတောင်များအတွင်း ရတနာသိုက်ထားသည်ဆိုသည်မှာ ဘာဆန်းသလဲဟု ဆိုရပေတော့မည်။

ဆော်လမွန်ဘုရင်ကြီး၏ ကျောက်မိုင်းများနှင့် သတ္တုတွင်းများတွင် အလုပ်သမားပေါင်း ရှစ်သောင်းကျော်ရှိ၍ ယင်းအလုပ်သမားများကို ကြီးကြပ်ရသော အင်ဂျင်နီယာသုံးထောင့်သုံးရာရှိသည်ဟု သိရ၏။ ယင်းသတ္တုတွင်းများမှ ထွက်ရှိသော ကျောက်သံပတ္တမြားနှင့် ရွှေများမှာ အတိုင်းအဆမရှိအောင်ထွက်သည်ဟု ဆိုသည်။ ပါးစပ်ပြောသမိုင်းများနှင့် သူပြောကိုယ်ပြောပုံပြင်များတွင် ဆော်လမွန်ဘုရင်ကြီးထံ လက်ဆောင်ပဏ္ဏာဆက်သရာတွင် ရွှေတုံးရွှေခဲတန်ချိန်၍ ဆက်သသည်ဟုဆိုကြသည်။ ဘုရင်ကြီး၏ နန်းတွင်းအသုံးအဆောင်များအားလုံးမှာ ရွှေစင်ရွှေသားများဖြင့် ပြုလုပ်ပြီး ရုပ်တုများအားလုံးမှာလည်း ရွှေသားအတိဖြင့် ပြုလုပ်ထားရာ ဆော်လမွန်ဘုရင်ကြီး ထိသမျှ ရွှေဖြစ်စေရော့သလားဟု ထင်မှတ်ကြသည်။

ဤမျှ ချမ်းသာကြွယ်ဝသော ဘုရင်ကြီး၏ ရတနာသိုက်အကြောင်းကို




ဗြိတိသျှ အမျိုးသား ကမ္ဘာကျော် စာရေးဆရာကြီးက 'စောလမုန်သိုက်' (King Solomon's Mine) ဝတ္ထုကြီးအဖြစ် ခရစ်နှစ် ၁၈၈၅ခုနှစ်က ရေးသား ထုတ်ဝေလိုက်သောအခါ သောက်သောက်လဲ ရောင်းချရသည့် အရောင်းရဆုံး စံချိန်တင်စာအုပ် ဖြစ်လာခဲ့ရသည်။ ယခုဆောင်းပါးရေးသားနေသည့်အချိန်အထိ ပုံနှိပ်ထုတ်ဝေရဆဲ ဖြစ်သည်။ သမိုင်းအဆက်ဆက် စာဖတ်သူများအား ဆွဲဆောင် ဖမ်းစားနိုင်သော ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ပါပေသည်ဟု စာပေအကဲဖြတ်သူတို့က တညီတညွတ်တည်း ဆိုခဲ့ကြသည်။

စာရေးဆရာကြီး ဆာရိုက်ဒါ ဟက်ဂက်အား အင်္ဂလန်နိုင်ငံ နော့ဖော့စကွဲယားတွင် ခရစ်နှစ် ၁၈၅၆ ခု၊ ဇွန်လ ၂၂ ရက်နေ့တွင် မြေပိုင်ရှင်မိဘများမှ မွေးဖွားခဲ့၏။ သားချင်း ဆယ်ဦးတွင် အဋ္ဌမမြောက်သား ဖြစ်သည်။ ငယ်စဉ်က ထူးထူးခြားခြား ဉာဏ်ရည်ထက်သူ မဟုတ်ခဲ့။ ဗြိတိသျှဘုရင်မကြီး၏ နိုင်ငံခြားရေးဌာနတွင် ဝင်ရောက် အမှုထမ်းရာမှ တောင်အာဖရိက နေတယ်ပြည်နယ် ဘုရင်ခံဆာဟင်နရီဘူး(လ်)၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခွင့်ရလာသဖြင့် အလွန်နက်ရှိုင်း၍ တောတောင်ထူထပ်သောပြည်နယ်တွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ရသည်။ တိုင်းရင်းဘာသာစကားများ ပြောတတ်ပြီး ဒေသခံ လူမျိုးနွယ်များ၏ ဓလေ့ထုံးစံ၊ ရိုးရာယဉ်ကျေးမှုများကို လေ့လာခွင့်ရသဖြင့် သူ့အတွေ့အကြုံများကို သူ့ဝတ္ထုရှည်များတွင် ထည့်သွင်း ရေးသားနိုင်ခဲ့၏။

၁၉၂၅ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ သူမကွယ်လွန်မီ သူ့ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သော 'The Day of My Life' ကို ရေးသား ထုတ်ဝေခဲ့ပါကြောင်း။

လျှမ်းထက်

ကျမ်းကိုး -

*The Day of My Life*



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

**ကျောက်ကုန်သည်အိုက်ယ**

နဂိုကပင် လှပချောမောသော အိုက်ယသည် အကောင်းစားအဝတ်များဝတ်ဆင်၍ ကျောက်ကုန်သည်လုပ်သောအခါ ရုပ်ရှင်မင်းသားလားထင်မှတ်မှားရလောက်အောင် လှပတင့်တယ်၍ နေလေ၏။





www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ လှပကျော့ရှင်းနေသော ...ယကိုကြည့်ကာ ကျေနပ်ကြည်နူး ...သည်မှာ နန်းယူ ဖြစ်သည်။ နန်းယူ ...ည် အိုက်ယကို ခိုက်ခိုက်တုန်မျှချစ်ရှာ ... လင်၏အလိုကို ဘာမဆိုလိုက်လျော ...ရှိကာ တစ်ချက်ကလေးပင် မျက်နှာ ...မခံခဲ့ပါ။ အိုက်ယသည် သူ့ဘဝဟု ...ထားသူ ဖြစ်သည်။ ခုသော်မူ လင် ...ကျောက်ကုန်သည်၊ မယားလည်း ...ကျောက်ကုန်သည်ဖြစ်ကာ လောက ...ယ် တင့်တယ်ကြပြီ ဖြစ်သည်။

"နန်းယူရေ၊ အစ်ကို့ကျောက်ကြည့် ...စမ်းပါ"

"ပြလေ အစ်ကို"

အိုက်ယသည် ပလတ်စတစ်ဖြင့် ထုပ်ထားသော သူ၏ကျောက်ကို ထာထဲတွင်ထည့်ကာ ပြလိုက်၏။ မြင်မြင်ချင်းပင် နန်းယူ အလန့်တကြားဖြစ်သွားခဲ့၏။ သည်ကျောက်သည် ဈေးခေါ်မြင့်မှုကြောင့် ရောင်းမစွံသောကျောက် ဖြစ်သည်။

"ဒီကျောက်ကို နန်းမြင်ပြီးသား အစ်ကိုရဲ့။ အစ်ကို ကျောက်ဖျာဆရာချို့ဆီကဝယ်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ နန်းယူတို့ဘယ်လောက်ပေးထားတာလဲ"

"နန်းတို့က သောင်းအောက်ပဲကြိုက်တာ။ အခြားကုန်သည်တွေလည်း သောင်းအောက်ပဲဆစ်ချင်ကြတာ။ဆရာချို့က မရောင်းဘူးလေ။ ဒါနဲ့ အစ်ကိုဘယ်လောက်နဲ့ဝယ်ခဲ့တာလဲ"

"နှစ်သောင်းခွဲ"

"နှစ်သောင်းခွဲဟုတ်လား အစ်ကို"

"ဟုတ်တယ်"

"အစ်ကိုရယ်၊ ဒါခါးကျောက် မဟုတ်ဘူး အစ်ကိုရဲ့။ သောင်းအောက်လောက်သာတန်တာမို့ အောက်ကျောက်လို့ခေါ်တယ်။ သောင်းအထိတန်တာကို ခါးကျောက်လို့ခေါ်တယ်။ ကျောက်ဝယ်တယ်ဆိုတာ မျက်စိကိုအောက်အများကြီးချထားနိုင်မှ ကိုယ့်အတွက်ကျန်တာ အစ်ကို။ ဘာမှမဟုတ်တဲ့ကျောက်ကို သွားပြီး မျက်စိပြလို့ကတော့ အစ်ကို့ အရင်းအနှီးခဏနဲ့ပြုတ်မှာ။ ဒါထက် ဒီကျောက်ကို သူ့တွင်းကထွက်တဲ့တွင်းစလို့ မပြောဘူးလား"

"အစ်ကိုလည်း တွင်းစဆိုလို့ ဝယ်ခဲ့တာပဲလေ"


"နန်းတို့ကိုလည်း ဒီလိုပဲပြောတာပါပဲ။ ကျောက်အရောင်းအဝယ်လောကဆိုတာ မုသားမပါလင်္ကာမချော ဒီလိုပဲပြောတတ်ကြတာပဲလေ။ ဒီကျောက်က ဆင်ခွာဒေါ်စိန်ဆီက ဝယ်ထားတာ။ တွင်းစမဟုတ်ဘူး၊ ဝယ်စပါ။ အစ်ကိုက ကျောက်ကုန်သည်လက်သစ် ဆိုတော့ အချဉ်ဖမ်းခံရတာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ နန်းယူရယ်၊ ပြင်သစ်ကျောက်တုမဟုတ်ရင် ပြီးတာပါပဲ။ ဒီမှာပြလို့မကိုက်ရင် မိုးကုတ်က

(မိုးကုတ်)

# ရွှေပြည်စိုး

## ဏ္ဍတ္တိုယသိုက်နှင့်ထိုက်သူထံသွားသောပတ္တမြား





www.burmeseclassic.com

www.burmeseclassic.com

ထာပွဲတွေမှာ သွားပြမယ်။ ဒါမှ အစ်ကို မျက်စိပွင့်မှာ"

"ရွာမှာပြကြည့်ပေါ့ အစ်ကိုရယ်။ မကိုက်တော့လည်း မြို့မှာသွားပြကြည့်ပေါ့။ ပညာဆိုတာ ဒီလိုပဲအရှုံးနဲ့ရင်းနှီးပြီးမှရကြတာပဲလေ။ မိုးကုတ်မှာ အစ်ကိုရဲ့အစ်မလည်းရှိနေတာပဲ။ လူတွေဆိုတာက အစ်ကိုတို့လို ကုန်သည်လက်သစ်လေးတွေကို စောင့်မျှော်နေကြတာ အမိကကတော့ ပြင်သစ်ကျောက်တုမမိဖို့သာ အရေးကြီးတာပါ။ မြို့က ထာပွဲတွေမှာတော့ သွားပြီးမဝယ်နဲ့ အစ်ကို။ ကျောက်အတုလုပ်ရောင်းတဲ့အဖွဲ့တွေ အများကြီးရှိတယ်။ မနူးမနပ်နဲ့ အစ်ကို ခံရမှာစိုးလို့ပါ"

"အေးပါ နန်းရယ်၊ အစ်ကို ဂရုစိုက်ပါ"

"အစ်ကို့ကိုကျော်ကြားတဲ့ကျောက်ကုန်သည်ကြီး ဖြစ်စေချင်လိုက်တာ"

"တစ်နေ့ဖြစ်လာမှာပေါ့ကွာ ဟုတ်ဖူးလား"

"အင်းပါ - အစ်ကိုရယ်၊ အင်းပါ"

အိုက်ယသည် ထာထဲတွင် ထည့်ထားသော ကျောက်အား စိတ်မသက်မသာဖြင့် ပလတ်စတစ်နှင့် ပြန်ထုပ်ကာ ဂျာကင်အတွင်း အိတ်ထဲသို့ ထည့်လိုက်လေ၏။ တကယ်ဆိုလျှင် တွင်းသမားဖြစ်သော အိုက်ယသည် ကျောက်လုံးဝနားမလည်ပါ။ ကျောက်ဟူ၍လည်း သိခွင့်မရှိပါ။ ဦးနန္ဒိတို့နှင့်လုပ်စဉ်ကလည်း ရသမျှ တွင်းဆရာဦးနန္ဒိသာလျှင် ကိုင်ပြီးရောင်းလေ့ရှိကာ ရသမျှထဲမှ သုံးစုတစ်စုကို သူတို့အိမ်အတွက် ခွဲဝေပေးလျက်ရှိ၏။ တွင်းသားတစ်ဦးအနေဖြင့်လည်း ဘယ်ကျောက် ဘယ်မျှတန်သည်မေးပိုင်ခွင့်မရှိပေ။ ဤသည်မှာ တွင်းသမားတို့၏စည်းကမ်း ဖြစ်သည်။

အိမ်ထောင်ကျပြီး၍ ကိုယ်ပိုင်တွင်းလုပ်ပြန်တော့လည်း တွင်းကရခဲ့သမျှကျောက် နားလည်သော နန်းယူလက်ထဲသို့သာအပ်သဖြင့် နန်းယူကသာ ကိုင်တွယ်ရောင်းချခဲ့ရာ ကျောက်တို့၏တန်ဖိုးကို အမှန်ပင်သိခဲ့သူမဟုတ်ပါ။ တွင်းသမားဘဝတွင် အောက်ကျောက်များဖြင့်သာ အချိန်ကုန်ခဲ့ရာ ချမ်းသာနိုင်အောင် ကျောက်ကုန်သည်ဘဝကို ခြေလှမ်းစခဲ့ခြင်း ဖြစ်သည်။ သို့သော် စမ်းတဝါးဝါးနှင့်ပင် တိုးဝင်ခဲ့င်း ဖြစ်၏။

မျက်စိအရိုင်းဖြစ်နေခဲ့လေသော ကျောက်ကုန်သည်လက်သစ် အိုက်ယသည် ဟုတ်မှဟုတ်ပါ့မလား ဟူ၍ မိမိကိုယ်ကို မယုံမကြည်ခံစားနေရလေ၏။ သို့တွက် စိတ်မသက်မသာခံစားနေရသည်မှာ အမှန်ဖြစ်၏။

**မိုးကုတ်ထာပွဲများ**

"ဟဲ့ - အိုက်ယ၊ နင်ဝယ်ထားတဲ့ကျောက်တွေက ဈေးတွေအရမ်းမြောက်နေတာပဲ။ ဘယ်လိုလုပ်ပြီး ပြန်ရောင်းစားမှာလဲဟယ်"

အိုက်ယသည် ကျောက်ပြသဒ်၍ရောင်း၍မကိုက်သောကျောက်များအား မိုးကုတ်ထာပွဲများတွင်ထိုးရန် ယူလာခဲ့ပြီး အစ်မဖြစ်သူထံပြနေခြင်း ဖြစ်၏။

"အစ်မရာ၊ ကျွန်တော့်မျက်စိထဲစွဲတာနဲ့ဝယ်ခဲ့တဲ့ကျောက်တွေပဲဗျ။ ရွာမှာပြလို့မကိုက်တာနဲ့ ထာပွဲတွေမှာ ထိုးကြည့်ဖို့ ယူလာတာ"

"သူ့အစပ်နဲ့သူတော့ ရောင်းရပါတယ်။ နင့်ဟာက မိုးကုတ်မှာ မျက်စိအပြဆုံးလူဖြစ်နေပြီပဲ။ ဒီလိုမျိုးကျောက်တွေ ဒီလိုဈေးနဲ့သာ ထာပွဲမှာဝယ်ကြည့်။ အပြန်မှာ နင်ထမ်းပြီးတောင်ပြန်ရလိမ့်မယ်"

"ဒါဆို ကျွန်တော့်ကျောက်တွေက ဝယ်ရင်းဈေးတောင်မရနိုင်ဘူးလား"

"နင့်လက်တွေ့ပြကြည့်လိုက်လေ။ ကျောက်ကုန်သည်လုပ်စားကြတဲ့လူတွေ မျက်စိဘယ်လောက်တော်ကြသလဲဆိုတာ နင်တွေ့လိမ့်မယ်။ ဈေးတွေညီနေပြီဆိုရင် နည်းနည်းပိုပေးတဲ့လူရှိရင် အဲဒီကျောက်ကို လွှတ်လိုက်တော့။ ရှုံးတာ၊ မြတ်တာပမာနမထားနဲ့။ ပညာရတာကို အမြတ်ထားပေတော့။ ဒါမျိုးကျောက် ဒီလောက်ပဲတန်တာပါလားလို့လည်း မှတ်ထားပေါ့ဟာ။ နောက်တစ်ခါ အဝယ်မမှားနဲ့ပေါ့။ ကျောက်ပညာဆိုတာ ဒီလိုပဲ မျက်စိသင်ရတာပေါ့ဟယ်။ မျက်စိတတ်သွားပြီဆိုရင်တော့ နင့်တစ်သက် ဘယ်တော့မှမဆင်းရဲတော့ဘူး။ ပညာဆိုတာ မွေးကတည်းကတတ်လာတဲ့သူ ဘယ်မှာရှိမလဲ။ ဒီလိုလုပ်ရင်းကိုင်ရင်း ရောင်းရင်းဝယ်ရင်းနဲ့တတ်လာကြတာပါပဲ။ အတွေ့အကြုံနဲ့မှတ်ဉာဏ်ကောင်းဖို့သာလိုတာပါ"

"ဟုတ်ကဲ့ပါ အစ်မ"

"ငါ့ယောက်ျားမက ချမ်းသာတာပဲ ဆိုပြီးတော့လည်း မြောက်ကြွကြီးလုပ်ပြီး လျှောက်မရမ်းနဲ့နော်"

"စိတ်ချပါ အစ်မရာ"

"ကဲကဲ - နင် =ရုပ်ရှင်ရုံထာပွဲကို သွားတော့။ ခုချိန်ဆိုထာပွဲစ,နေလောက်ပြီ"

"အစ်မကော ထာပွဲမထွက်ဘူးလား"

"ငါအစပ်ထုပ်တွေလိုက်ပြစရာရှိတယ်။ မထွက်ဖြစ်သေးဘူး"

"ဒါဆို ကျွန်တော်သွားတော့မယ်နော် အစ်မ"

"အေး၊ အေး"

အိုက်ယသည် မြို့မရပ်ကွက်နှင့် ရှမ်းတောရပ်ကွက်အစပ်တွင် ရှိသော ရုပ်ရှင်ရုံထာပွဲသို့လာခဲ့သည်။ ရုပ်ရှင်ရုံ ဝန်းကျင်ပြုလုပ်သော ထာပွဲဖြစ်သဖြင့် ရုပ်ရှင်ရုံထာပွဲဟု ခေါ်ခြင်း ဖြစ်သည်။ ထာပွဲ ဟူသည်မှာ ကျောက်ထည့်သော ထာခေါ် ကြေးဗန်းကလေးများကို အ… ပြု၍ခေါ်ခြင်း ဖြစ်သည်။ မြန်မာလိုခေါ်ရသော် ကျောက်ရောင်းဝယ်သော ကျောက်ဈေးကလေးသာ ဖြစ်သည်။ ရောင်းသူ၊ ဝယ်သူတို့ဖြင့် စည်ကားနေလေ၏။

အိုက်ယသည် ဝယ်လာသော ကျောက်တို့ကို ကုန်သည်များထံသို့ လိုက်ပြရာ ကျောက်ကုန်သည်တို့၏ မျက်စိသည် တစ်ယောက်နှင့်တစ်ယောက်တိုင်ပင်ထားသည့်အလား ဈေး… ပေးတူညီနေသည်ကို အံ့သြဖွယ်တွေ့… ရလေ၏။ လျော့လျှင်နည်း၊ ပိုလျှင်နည်း… နည်းသာဖြစ်ရာ ကျောက်ကုန်သည်တို့၏မျက်စိသည် အတော်အတန်မဟုတ်… ကြောင်း နားလည်သဘောပေါက်ရလေ၏။ ထို့ကြောင့် ကျောက်ကုန်သည်ဖြစ်… ရန် စိတ်ဓာတ်ကျချင်ချင်ပင် ဖြစ်လာ၏။

သို့ကြောင့် ပါလာသော ကျောက်… တို့ ငွေပေါ်စေရန် အရှုံးခံရောင်းကာ ကျပ်ပြင်သို့ပြန်ရန် လူရှာနေသော လိုင်း… ကားကို အသင့်တွေ့သဖြင့် လိုင်းကား… ပေါ်သို့ တက်လိုက်၏။ သူနှင့်မျက်… ချင်းဆိုင်ထိုင်နေသော လှပသည့် မိန်း… ကလေး၏ ကိုယ်သင်းရနံ့တို့သည် … ကြိုင်လွှမ်းသဖြင့် အိုက်ယ၏ နှာခေါင်း… ထဲသို့ တိုးဝင်လာ၏။ ထိုခေတ်သည် … ဂျစ်ကားခေတ်ဖြစ်ရာ ကျပ်တည်းစွာ … ကြရသောခေတ် ဖြစ်လေ၏။

**မော်လမြိုင်သူ့ ခင်နှင်းဖြူ**

မျက်နှာချင်းဆိုင်၌ထိုင်နေသော မိန်းကလေး၏အလှသည် ရုတ်ခြည်း… အိုက်ယကို ဖမ်းစားနိုင်စွမ်းရှိခဲ့လေ၏… သူမ၏ အလှကား မိုးကုတ်သူတို့… ဖြူဆွတ်နီရဲနေခြင်းမရှိဘဲ ဖြူဖွေး…



www.burmeseclassic.com

www.burmeseclassic.com

သက်ညက်ကလေးဖြင့် လှပသောအလှဖြစ်သည်။ သင်းထုံနေသော ရနံ့တို့ကလည်း ခေတ်ဆန်သည့်ခေတ်ရနံ့မဟုတ်ဘဲ မြန်မာဆန်သည့် နံ့သာဖြူ ကရမက်နံ့တို့ဖြစ်ရာ ထိုကိုယ်သင်းရနံ့တို့ကို မြတ်နိုးစွာ တဝကြီးရှူရှိုက်နေမိ၏။ ထိုလှပသောမိန်းကလေး၏ဘေးတွင်မူ မိုးကုတ်သူဖြစ်ဟန်တူသော မိန်းကလေးတစ်ဦးကပ်လျက်ထိုင်နေ၏။ ကြည့်ရသည်မှာ ရှမ်းမဖြစ်ဟန်တူသဖြင့် ရှမ်းဘာသာဖြင့် မေးကြည့်မိသည်။ ရှမ်းဘာသာကို မြန်မာဖြင့် ပြန်ဆိုတင်ပြပါသည်။

"ဩော် - ဒီကညီမဘယ်ကိုသွားမလို့လဲခင်ဗျ"

"ကျွန်မတို့ ကျပ်ပြင်ထာပွဲမှာ ရောက်သွားဝယ်မလို့ပါ"

"ရှမ်းတောရပ်ကွက်မှာ နေတာ ဆင်တယ်"

"မဟုတ်ပါဘူး၊ ကျွန်မတို့က ပိတ်ချုပ်ရပ်ကွက်ထဲကပါ"

"ဘေးမှာ ပါတာကလည်း ပိတ်ချုပ်ရပ်ထဲကပဲလား"

"မဟုတ်ပါဘူး၊ သူက မော်လမြိုင်သူပါ။ မွန်တိုင်းရင်းသားလေ၊ မွန်မပေါ့။ သူ့နာမည်မက ခင်နှင်းဖြူတဲ့။ ကျွန်မတို့ ဘက်ကိုသွားတော့ မော်လမြိုင်မှာ တွေ့တည်းရတယ်လေ။ အဲဒါတည်းခိုခန်းမှာ ရင်းနှီးနေတော့ ကျွန်မတို့နဲ့ မိုးကုတ်မှာ စီးပွားရေးစပ်တူလာလုပ်တာ

"အစပ်ထုပ်လား"

"ဟုတ်တယ်"

"ဘာမျိုးစပ်လဲ"

"သုံးကိုက်၊လေးကိုက်အရည်ထက် ကျောက်ချောလေးတွေစပ်တယ်။ ရှင်လည်း အရောင်းအဝယ်ပဲလား"

"ဟုတ်တယ်၊ အခုမှ ကုန်သည်လောကကိုတိုးဝင်စပါ။ အရင်ကတော့ ကျောက်တူးတာပေါ့ဗျာ"

"ဒါဆို ကျွန်မတို့ ထာပွဲတွေမှာ အစပ်လိုက်ကောက်လေ ရှိတယ်။ အဲဒါ အရည်ထက် သုံးကိုက်၊ လေးကိုက်သန့်သန့်လေးတွေတွေ့ရင် ဆွဲခဲ့ပါ"

"ဟုတ်ကဲ့ - ဆွဲခဲ့ပါ့မယ်၊ ဒါ့ထက် ညီမရဲ့နာမည်ကကော"

"နန်းနောင့်နောင့်တဲ့။ ပိတ်စွယ်ကျောင်းကြီးနားမှာ အဲနောင့်တို့အိမ်ဆိုရင် လူတိုင်းသိပါတယ်။ ကျွန်မတို့နေ့တယ် (၁၂) နာရီနဲ့ နာရီပြန် (၁)ချက်မှာ အိမ်မှာရှိတတ်ပါတယ်။ ဒါထက် အစ်ကို့နာမည်က"

"အိုက်ယတဲ့၊ ကျောက်ပြသဒ်ကပါ"

"ဩော်-ကျောက်ပြသဒ်ကလား။ ကျောက်ပြသဒ်ဆိုရင် အရောင်းအဝယ်တော့မရောက်ဖူးဘူး။ ကျောက်ပြသဒ်ဘုရားတောင်တော့ ရောက်ဖူးတယ်။ အဲဒီကျောက်ပြသဒ်က ကျောက်နီ၊ ကျောက်ပြာ အစုံထွက်တယ်လို့ နာမည်ကြီးတာပဲ။ ဝယ်ရရင် ကျွန်မတို့ကို မမေ့နဲ့နော်"

"စိတ်ချပါ အဲနောင့်ရယ်၊ ကျွန်တော် ရောင်းဖြစ်အောင်ရောင်းပေးပါ့မယ်"

ထိုသို့ပြောဆိုနေဆဲတွင် ကားပေါ်တွင် လူပြည့်သဖြင့် ကားလေးသည် ကျပ်ပြင်ဘက်သို့ ဦးတည်ကာ ကွေ့ပတ်ဝေ့ဝိုက်လျက် မြွေကဲ့သို့တွန့်လိမ်သောလမ်းအတိုင်းတက်ခဲ့ပါတော့သည်။

မြန်မာသနပ်ခါးကို လှပစွာလိမ်းခြယ်ထားသော ခင်နှင်းဖြူသည် သူတို့နှစ်ဦး ရှမ်းလိုပြောဆိုနေခြင်းအပေါ် စိတ်ဝင်စားဟန်မပြသလို အိုက်ယကိုလည်း အရေးတယူလုပ်ကာကြည့်ခြင်း မရှိပါ။ အိုက်ယ၏မျက်နှာမှာမူ ခင်နှင်းဖြူ၏ အလှတွင်သာ ပြောင်ပြောင်တစ်မျိုး၊မသိမသာတစ်မျိုး ကျက်စားလျက်ရှိချေ၏။ ထိုသည်ကို နန်းနောင့်နောင့်ကနားလည်ပါသည်။ ထို့အတူ ခင်နှင်းဖြူလည်း နားလည်ပါလိမ့်မည်။

အိုက်ယသည် ဘယ်မိန်းကလေးကိုမှ ထိုသို့စွဲစွဲနှစ်နှစ်ကြည့်ရှုခဲ့ခြင်းမရှိပါ။ ယခုသော်မူ တို့မိန်းကလေးသည် မြင်မြင်ချင်းပင် သူ့နှလုံးသားဝယ် ဝင်ရောက်နေရာယူ ကိန်းအောင်းလျက်ရှိပြီ ဖြစ်ကြောင်း အိုက်ယအလိုလိုသိလိုက်၏။

မိုးကုတ်နှင့် ကျပ်ပြင်သည် (၇) မိုင်ခန့်ဝေးရာ မိုးကုတ်မှကျပ်ပြင်သို့သွားလျှင် အတက်ချည်းဖြစ်ရာ ကားသည် နာရီဝက်ခန့် မောင်းရလေ၏။ ယခင်က ဤလမ်းဤခရီး ကားစီးလျှင် ကြာလှသည်ဟု ထင်မိသော်လည်း ခင်နှင်းဖြူ၏အလှတွင် နစ်မြောနေသော အိုက်ယမှာ ကျပ်ပြင်သို့ရောက်မှာပင် ကြောက်နေမိ၏။ ကျပ်ပြင်ရောက်သော် အားလုံး ခရီးသည်တို့သည် ခွဲခွာကြရမည်မဟုတ်ပါလား။ ခင်နှင်းဖြူသာ သူ့မျက်စိအောက်မှပျောက်သွားခဲ့သော် ဟူသောအတွေးသည် သူ့ရင်ကို ပြင်းထန်စွာ လှုပ်ခတ်စေခဲ့ပါသည်။

အမြင့်ဆုံးဖြစ်သော ကျပ်ပြင်ဂေါက်ကွင်းထိပ်ရောက်သည်နှင့် ကားလေးသည် စက်ရှိန်လျှော့ကာ ဖြည်းဖြည်းချင်း ကျပ်ပြင်သို့ကွေ့ပတ်၍ ဆင်းလာခဲ့ပါသည်။

"အဲနောင်တို့ဘယ်မှာဆင်းမလဲ"

ဟု မြန်မာလိုမေးသည်။

"ကျပ်ပြင်ရပ်ရှင်ရုံထာပွဲမှာဆင်းမှာ။ အဲဒီကနေ ရစ်ချထာပွဲကိုဆက်သွားမှာ"

"ဩော် - ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ခင်နှင်းဖြူကမူ သူ့အမေးကိုလုံးဝစိတ်ဝင်စားဟန်မပြဘဲ ရှေ့သို့သာမျှော်ကြည့်နေပါသည်။ ကားသည် ထုံးစံအတိုင်း လူးထရပ်ကွက်၊ ကသည်းရပ်ကွက်တို့ကို ကျော်ဖြတ်ကာ ပန်းမရပ်ကွက်အဝင်နား၌ရှိသော ခေတ်သစ်ရုပ်ရှင်ရုံထာပွဲနားသို့ရောက်လာ၏။

ကားလေးရပ်အပြီးတွင် နန်းနောင့်နောင့်နှင့် ခင်နှင်းဖြူတို့ ဆင်းသွားကြသည်။ ထိုအခါကျမှ မိုးကုတ်တွင် လွန်စွာ ရှားပါးသော ခါးသေးရင်ချီပဒုမ္မနီဟူသောအလှကို ရင်ခုန်ဖွယ်မြင်တွေ့ရပါတော့သည်။ သင့်တင့်သော အရပ်အမောင်း၊ ကျဉ်းသောခါး၊ စွင့်ကားသောတင်တို့ဖြင့် အလွန်တင့်တယ်သောအလှပိုင်ရှင်ဖြစ်ကြောင်း မြင်တွေ့လိုက်ရပါတော့သည်။

ကားကလေးသည် ထုံးစံအတိုင်း ခရီးသည်တို့ဆင်းလိုရာတွင်ရပ်ပေးကာ ပန်းမရပ်ကွက်၊ ကောင်းဦးဘာရပ်ကွက်၊ ကျပ်ပြင်မြို့မရပ်ကွက်၊ ကျပ်ပြင်ဈေးရပ်ကွက်ဈေးမြောက်ဘက်တည့်တည့်တွင် ဂိတ်ဆုံးပြီဖြစ်သဖြင့် ရပ်လိုက်ပါသည်။ တစ်ယောက်တည်းသာကျန်တော့သော အိုက်ယသည် ကားပေါ်မှ ဆင်းကာ ကျောက်ပြသဒ်သို့သွားမည့် ကားကိုစောင့်ရင်း ခင်နှင်းဖြူကိုသာ တမ်းတမြင်ယောင်နေမိပါတော့သည်။

### မွေးဖွားလာသောအချစ်စစ်

အိုက်ယသည် တိတ်ဆိတ်စွာပင် အိပ်ရာဝင်ခဲ့၏။ တောမလေ့ပေမို့ အိပ်ရာဝင်သည်နှင့် မှန်အိမ်မီးငြိမ်းလိုက်ပါသည်။ အခန်းသည် မှောင်အတိဖြစ်ကာ တိတ်ဆိတ်၍နေပါသည်။

"အစ်ကို"

နန်းယူကတိုးတိုးလေးခေါ်သည်။

"ဘာလဲ နန်းယူ"

"အစ်ကို့ကျောက်တွေ အဆင်ပြေရဲ့လား"

"ပြေတယ်တော့ မဟုတ်ပါဘူးကွာ၊ ငွေပေါ်အောင် အရှုံးခံပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရောင်းခဲ့ရတာပေါ့"

"စိတ်ဓာတ်မကျပါနဲ့ အစ်ကိုရယ်။ အစပိုင်း မျက်စိမနိုင်သေးခင်တော့ ဒီလိုပေါ့။ နောက်ပိုင်း မျက်စိနိုင်သွားရင် ရှုံးထားတာ ခဏနဲ့ပြန်ရပါတယ် အစ်ကို"

"အစ်ကို"

"အင်"

"အစ်ကို့ကိုကြည့်ရတာ မျက်နှာမကောင်းသလိုဘဲ။ ကျောက်တွေရှုံးလို့ စိတ်မကောင်းဖြစ်နေတယ်ထင်တယ်။ သက်ပြင်းတွေဘာတွေချတာလည်းတွေ့ရတယ်။ အားမငယ်ပါနဲ့ အစ်ကိုရယ်။ ညီမလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေရှိနေတာပဲ။ အစ်ကိုစိတ်ရှည်ရှည်သာ လုပ်ကိုင်ပါ"

"အေးပါကွာ၊ ကဲ - အိပ်အိပ်။ အစ်ကိုစိတ်နည်းနည်းပင်ပန်းလာလို့နော်။ ကဲ - သွားအိပ်တော့"

"အင်းပါ အစ်ကိုရဲ့၊ ဒါထက် အစ်ကို့ကိုပြောစရာရှိတယ် သိလား"

"ကဲ - ပြော"

"နန်းမှာလေ အစ်ကိုရဲ့ရင်သွေးလေးရထားပြီးပြီသိလား"

"ဟုတ်လို့လား နန်းရယ်"

"ဟုတ်တယ် အစ်ကိုရဲ့၊ ဒီလလေ နန်းဘဝမှာ အပျော်ဆုံးပဲ။ ဘာလို့လဲသိလား အစ်ကို၊ အစ်ကိုရဲ့ကိုယ်ပွားလေးကို စပြီးလွယ်ထားရလို့ပေါ့"

"ဟင်း. . ."

"ဟင်-အစ်ကိုကလည်း၊ သက်ပြင်းရှည်ကြီးချနေလိုက်တာ မပျော်လို့လား"

"ပျော်ပါတယ် နန်းရယ်၊ ပျော်ပါတယ်။ ဒီကရှေ့ အသွားအလာ၊ အစားအစာတွေ ဂရုစိုက်တော့နော်။ ကဲ - အိပ်တော့။ ကျန်းမာရေးကို အထူးဂရုစိုက်နော် နန်း"

"အင်းပါ - အစ်ကိုရယ်၊ အင်းပါ"

တိုးတိုးသဲ့သဲ့ တိတ်ဆိတ်သွားပါသော်လည်း အိုက်ယ အိပ်မပျော်ခဲ့ပါ။ နန်းယူမှာမူ အပူအပင်ကင်းမဲ့စွာ အိပ်ပျော်သွားခဲ့ပေပြီ။ အိုက်ယမှာမူ တလူးလူးတလိမ့်လိမ့်ဖြင့် ခင်နှင်းဖြူမျက်နှာလှလှလေးကိုသာ မြင်ယောင်တမ်းတ၍ နေလေ၏။

အမှန်ဝန်ခံရလျှင် သူနန်းယူကို မချစ်ခဲ့ပါ။ သူ့ရင်ထဲမှ မေတ္တာသည် နန်းယူထံသို့ မစီးဝင်ခဲ့ပါ။ ဇနီးအဖြစ် ပေါင်းသင်းနေခဲ့ပါသော်လည်း နှစ်နှစ်ကာကာမချစ်ခဲ့ကြောင်း ဝန်ခံရပါမည်။ သာမန်အချစ် သာမန်မေတ္တာဖြင့်သာ ပေါင်းသင်းနေထိုင်ခဲ့ကြောင်း သူသာသိပါသည်။

နန်းယူကမူ လိုလေးသေးမရှိ ပြုစုယုယရှာပါသည်။ ချစ်လည်းအလွန်ချစ်ရှာပါသည်။ မိန်းကလေးတိုင်းကလည်း နန်းယူအား လင်ရကံကောင်းသည်ဟု ထောမနာပြုကြပါသည်။ ထိုသည်ကိုလည်း နန်းယူဂုဏ်ယူမဆုံးခဲ့ပါ။ ဒါကို သူသိပါသည်။ သူ့အတွက်သော်မူ များစွာ ကြည်နူးခြင်းမရှိခဲ့သည်မှာ အမှန်ဖြစ်၏။

သို့သော် နန်းယူကိုတော့ ကျေးဇူးတင်ရပါသည်။ သာမန်တွင်းသားဘဝမှ သည် တိုက်တာနှင့် မပူမပင်နေထိုင်နိုင်သောဘဝ၊ ပေါ့ပါးစွာ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ကျောက်ကုန်သည်ဘဝတို့သည် နန်းယူ၏ကျေးဇူးကြောင့် ဖြစ်သည်။

ယခုလည်း ကျောက်ကုန်သည် လုပ်၍သာ အလွန်မြတ်နိုးဖွယ်ကောင်းသော ခင်နှင်းဖြူကို တွေ့ရပေသည်ဟု တွေးနေမိပြန်၏။ မနိုးကြားဖူးသေးသော အချစ်စစ်တို့သည် ခင်နှင်းဖြူနှင့် တွေ့သောအခါ နိုးကြားခဲ့လေပြီ။ အချစ်စစ်များမွေးဖွားခဲ့ပြီဟု အိုက်ယ ကိုယ့်ကိုယ်ကိုယ် သဘောပေါက်လိုက်၏။

**စေတနာရေစီးကမ်းပြို**

"နန်းယူ"

"ပြောလေ အစ်ကို"

"အရည်ထက် လုံးချောသုံးကိုက်၊ လေးကိုက်လေးတွေတွေ့ရင် ကောက်ခဲ့နော်။ နန်းဆီက အစ်ကို အမြတ်ပေးပြီးဝယ်မယ်"

"ဘာလုပ်မလို့လဲ အစ်ကို"

"ဪ - မြို့က အစ်ကို့မိတ်ဆွေတစ်ယောက်က သူ့အစပ်ထုပ်အတွက် မှာလို့ပါ။ ရသလောက်ကောက်ခဲ့နော်။ အစ်ကိုလည်း ခွင့်ရှိတော့ လိုက်ကောက်မယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

အိုက်ယမှာ ကျောက်ပြသဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး၊ ဇွေးပင်၊ ကပိုင် စသောရွာများသို့ လှည့်လည်ကာ ကျောက်ဝယ်လေ၏။ အဓိကကျသော အရည်ထက်သုံးကိုက်၊ သုံးကိုက်လုံးချောများ တွေ့ခဲ့သော်လည်း လက်မလွတ်တမ်းဝယ်ပါသည်။ ဈေးမှန်သည်လည်း ရှိ၏။ ဈေးများသွားသည်လည်း ရှိ၏။ တွင်းစများဝယ်ရသောအခါ ကျောက်မျိုးစုံရရှိသလို သုံးကိုက် လေးကိုက်အရည်ထက် လုံးချောများလည်း ပါတတ်ပါသည်။ လက်ထဲရှိသမျှ အရင်းအနှီးကုန်သည်နှင့် မိုးကုတ်သို့တက်ခဲ့ပါသည်။

အိုက်ယ၏ဦးတည်ရာသည် ဦးဇွာ နန်းနောင့်နောင့်တို့အိမ်သာ ဖြစ်၏။ သူ ရောက်ချိန်နှင့် နန်းနောင့်နောင့်တို့အိမ် တွင်ထိုင်ဝယ်သောအချိန်သည် ကွက်တိ ဖြစ်သည်။

"ဪ-ကိုအိုက်ယပါလား၊ ထိုင် ဦးနော်။ ဒီမှာလက်စရှိနေလို့"

"ဟုတ်ကဲ့ ခင်ဗျ၊ ရပါတယ်"

မိန်းကလေးနှစ်ဦးသည် ကျောက် ပြနေချိန် ဖြစ်လေသည်။ သို့အတွက် ဧည့်ခံဆက်တီခုံတွင် ထိုင်နေရလေ၏။ ကျောက်ရောင်းဝယ်ခြင်းပြုကြသည်မှာ နေရောင်ပဏ္ဏာရသော (သို့) အလင်း ပဏ္ဏာကိုအားပြုပြီး ကြည့်ရှုရောင်းဝယ် ကြသည်မှာ ထုံးစံဖြစ်သည်။

နန်းနောင့်နောင့်သည် ရှမ်းချော ချောသဖြင့် အထိုက်အလျောက်လှသော် လည်း ခင်နှင်းဖြူမှာမူ နာမည်နှင့်လိုက် လျောညီထွေစွာပင် ဖြူဖွေးဝင်းဝါ လွန်စွာလှပတင့်တယ်လေ၏။

မြန်မာသနပ်ခါးကိုပါးပါးလိမ်းထား သော ခင်နှင်းဖြူ၏ အလှကို အိုက်ယ သည် တဝကြီးငေးမောကြည့်ရှုနေမိ ခင်နှင်းဖြူမှာမူ ကျောက်တို့မှလွဲ၍ မည် သည့်အရာအပေါ်မျှ အာရုံရောက် မပေါ်ပါ။ အိုက်ယထံသို့မူ တစ်ချက် လေးပင် စောင်းငဲ့၍ကြည့်ရှုခြင်းမရှိခဲ့ အလုပ်ကိုသာလျှင် စိတ်ဝင်တစားလုပ် ၍နေပါသည်။

'ဪ - နန်းယူနဲ့များတော့ လိုက်တာ။ နန်းယူသာ ခင်နှင်းဖြူဖြစ် ရင် ဘယ်လောက်ကောင်းလိုက်မလဲ'

ဟု တွေးနေမိပြန်၏။

ထိုစဉ် ခင်နှင်းဖြူသည် ထိုင်ရာမှ ထကာ အိပ်ခန်းအတွင်းသို့ဝင်သွား၏။ ခဏအကြာ ပြန်ထွက်လာပြီး ကျောက် ကုန်သည်ကောင်မလေးနှစ်ဦးအား ငွေ ချေ၏။ အိုက်ယမှာမူ ခင်နှင်းဖြူကိုကြည့် ကာ ရင်တွေပင်တဒိတ်ဒိတ်ခုန်နေ၏။ ကောင်မလေးနှစ်ဦးသည် နှုတ်ဆက်ကာ အိမ်ပေါ်မှဆင်းသွားကြပါသည်။

"ကိုအိုက်ယ ဘာပါသလဲ ပြလေ"

"အဲနောင့်တို့စပ်တဲ့ သုံး၊လေးကိုက် တွေပါတယ်"

ဟု ပြောကာ အဲနောင့်တို့၏ထား အနီးသို့လာပြီး သုံးကိုက်၊ လေးကိုက် အရည်ထက် လုံးချောအရိုင်းများကို လေ၏။ ပေးဈေးမှာ အတန်ပင် နေသည်ကို တွေ့ရပါသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အိုက်ယမှာမူ အိမ်တွင်ကပ်သည် သိပ်မရှိလှပါ။ ရွာစဉ်လှည့်၍ ကျောက်ဝယ်ခြင်း၊ မိုးကုတ်သို့တက်၍ရောင်းခြင်းဖြင့် လည်ပတ်နေ၏။ မြတ်သလားစွန်းသလားဆိုသည်ကို ဒေါ်မေနန်း မမေးဖြစ်ပါ။ မိဘတို့သဘာဝ ကိုယ့်သားသမီးများ ချမ်းသာသာနှင့် လူတန်းစေ့ နေထိုင်စေချင်၊ နာမည်ကြီးကျောက်ကုန်သည်ဖြစ်စေချင်၏။ သို့သော် စပ်စပ်စုစု မလုပ်ခဲ့ပါ။ မိမိကိုလည်း တရင်းတနှီး မနေပါ။ ကြာကြာမှတစ်ခါ ပြောစရာရှိမှသာပြောပါသည်။

အိုက်ယသည် သူ့အပေါ် အေးစက်သလောက် သူ့ညီမလေးနန်းကျော့မှာမူ နွေးထွေးမှုကို များစွာပေးစွမ်းသူလေး ဖြစ်သည်။ နန်းကျော့ အမြဲလာနေလျှင် ဘယ်လောက်ကောင်းလေမလဲဟု ဒေါ်မေနန်း အတွေးဝင်မိတတ်၏။ ခုအချိန် သူ့ကိုနွေးထွေးမှုပေးနိုင်သူမှာ နန်းကျော့သာ ဖြစ်ကြောင်း သဘောပေါက်ရလေ၏။ နန်းကျော့မှာ ရုပ်ချောသလောက် သဘောကောင်းရှာသူ ဖြစ်ပါသည်။

**ဆွဲသီး**

အိုက်ယ၏ရင်တွင် အဓိကကျသူမှာ မွန်မလေး ခင်နှင်းဖြူသာ ဖြစ်ပါသည်။ အချိန်နှင့်အမျှ သူ့ကိုစိုးမိုးနိုင်စွမ်းရှိသူမှာ ခင်နှင်းဖြူသာ ဖြစ်၏။ သူသည် ကျောက်ဝယ်ရာတွင် ရှုံးခြင်း၊ မြတ်ခြင်းထက် ခင်နှင်းဖြူတို့ အစပ်ကျောက်ကိုသာ အဓိကထား၍ဝယ်ဖြစ်ပါသည်။

ခင်နှင်းဖြူတို့သည် ဟိုဘက်ခေါ် ယိုးဒယားသို့ သွားရောင်းမည့် ကျောက်ကုန်သည်များကိုသာ ပြန်လည်ရောင်းချပေးနေခြင်းဖြင့် အဆင်ပြေနေကြရာ ကိုယ်တိုင်မသွားဖြစ်ကြပေ။ ဟိုဘက်သို့ သွားရောင်းခြင်းသည် ပွဲစားများမှ လိမ်လည်ခြင်းကိုခံရတတ်ပေရာ ကံမကောင်းပါက အရင်းပြုတ်တတ်သောအလုပ်ဖြစ်ပေ၏။ ထို့ကြောင့် အစပ်ထုပ်သွက်သွက် လုပ်ရောင်းခြင်းက ပို၍အဆင်ပြေစေပါသည်။

အိုက်ယ၊နန်းနောင့်နောင့်၊ခင်နှင်းဖြူ တည်းဟူသော လူသုံးဦးသည် ကျောက်ရောင်းဝယ်ခြင်းကို အကြောင်းပြုလျက် ခင်မင်ရင်းနှီးနေကြပြီဖြစ်သည်။ ခင်နှင်းဖြူ၏ ခင်မင်မှုကိုရရှိသော အိုက်ယမှာ များစွာကျေနပ်ကြည်နူးရပါသည်။

မကြာမကြာဆိုသကဲ့သို့ပင် စားသောက်ဆိုင်များ၌ နန်းနောင့်နောင့်နှင့်

...ကြောင်း ဈေးတိုးပေးရန် ပြောရ...

ထိုအခါ နန်းနောင့်နောင့်က -

"ကျွန်မတို့ပေးတဲ့ဈေးဟာ ပုံမှန် ...ပါ၊ ကျွန်မတို့က များများမမြတ် ...ပါးပါးပဲမြတ်တာ၊ ကျွန်မတို့ပေးတဲ့ ...မတိုက်ဘူးဆိုရင်တော့ ကိုအိုက်ယ ...ပြီးဝယ်ခဲ့တာနေမှာ။ တကယ်လို့ ...နည်းတယ်ထင်ရင် ထာပွဲမှာ ...ကြည့်ပါ၊ ပေးဈေးတူတယ်ဆိုရင် ...တို့ဆီလာအပ်ပါ။ ကျွန်မတို့က ...ရှိနေလို့ပါ။ မိုးကုတ်မှာ အစပ်ထုပ် ...တွေအများကြီးရှိတယ်။ ကျွန်မတို့ ...ထက် နည်းနည်းပိုတယ်ဆိုရင် ... ထာပွဲမှာ ရောင်းလိုက်ပါ"

"နည်းနည်းပိုလို့မရဘူးလား"

"ဟုတ်ကဲ့ မရလို့ပါ။ ကျွန်မတို့က ...ကောက်မဟုတ်တော့ အများကြီး ...အမျိုး မဟုတ်ပါဘူး။ အဲဒါ ...ပါ"

"ကဲဗျာ-ယူလိုက်ပါ၊ မိတ်ဖြစ်ဆွေ ...။ ကျွန်တော့်ကိုလည်း မိတ်ရင်း ...လိုခင်ပါနော်"

"ရှမ်းအချင်းချင်းပဲရှင်၊ ကျွန်မတို့ ...နမတွေပဲ။ ကျွန်မတို့အိမ်မှာ ...လို ဝင်နိုင်ထွက်နိုင်ပါတယ်ရှင်"

အိုက်ယမှာ ခင်နှင်းဖြူအပေါ် ...ရောက်နေသော်လည်း ခင်နှင်းဖြူ ... အသိအမှတ်ပြုဟန် မတူပါ။ ...များကိုသာ တစ်ပွင့်ချင်း စူးစူး ...ကြည့်နေလေ၏။

"နှင်းရေ၊ ငွေချေရအောင် သွား ..."

ခင်နှင်းဖြူသည် အိပ်ခန်းတွင်းမှ ...လာကာ ကျောက်ဖိုးပေးချေ၏။ ...သော ကိုယ်သင်းရနံ့ကလေးကို ... တဝကြီးရှူနေမိ၏။ ဝယ်လာ ...ကိုက်၊လေးကိုက်တို့မှာ အမြတ် ... အနှုန်းနှင့်ပင် ရောင်းရကာ ကျန် ...ကောက်တို့ကို ထာပွဲတွင်လိုက် ...မည်။

...ကုတ်မြို့၏ အမြဲတမ်းထာပွဲရှိ ...ကုတ်တောင်ခြေရင်းရှိ ထာပွဲ ... ပွင့်ကောက်ကျောက်မှာလိုက် ...မှာလည်း အများအားဖြင့် အရှုံး ... ရင်ဆိုင်ရပြန်၏။ မြတ်သည်ဆို ...ကျောက်မှာ မဆိုစလောက်ပါ။ ...လုံးဝမနိုင်သေးကြောင်း ကိုယ့် ...ကိုယ် သဘောပေါက်ရလေ၏။

သို့သော် အလွန်ကြီးစိတ်မကောင်း ...ပါ။ အဘယ့်ကြောင့်ဆိုသော် သူသည် ကုတ္တိယသိုက်တူး၏ အောင်မြင်ထားသူ ဖြစ်ကြောင်းသိ၍ ဖြစ်ပါသည်။ သို့ကြောင့် သူ့အား သူငယ်ချင်းများက မိန်းမထီပေါက်ထားသူ ဟူ၍ တင်စား ပြောဆိုကြပါသည်။

**လိမ္မာသော နန်းကျော့**

"အမေ"

"ဘာတုံး သမီးလေးကျော့ရဲ့"

"သမီး ရောက်တုန်းရောက်ခိုက် အမေ့ကို မုန့်ညင်းပေါင်းကျွေးမလို့။ သမီး ရွာလယ်ဈေးက မုန့်ညင်းဝေါက်တွေဝယ်လာတယ်"

"ကောင်းတာပေ့ါ သမီးလေးရယ်"

"အမေ မုန့်ညင်းပေါင်းကြိုက်မှန်း သိလို့ ဝယ်ခဲ့တာ"

"အောင်မလေး - လိမ္မာလိုက်တဲ့ သမီးလေးရယ်။ သာဓုပါတော်၊ သာဓုပါ"

"သမီးအမေကလေ သမီးငယ်ငယ်ကဆုံးသွားတော့ အမေ့ကို မပြုစုလိုက်ရဘူး။ ခုလေ သမီးအစားရသလိုပဲ အမေ့ကိုသိပ်ချစ်တာပါ"

"အမေလည်း သမီးကို သမီးရင်းလို ချစ်ပါတယ်။ သမီးလေးရယ်၊ မုန့်ညင်းတွေ အမေသင်ကူရဦးမလား"

"ရပါတယ် အမေ၊ သမီးသင်ပါ့မယ်။ သမီးသွားလုပ်လိုက်ဦးမယ်နော်"

"အေး၊ အေး"

အိုက်ယ၏ ညီမလေး နန်းကျော့သည် လှပချောမောသော အပျိုလေးဖြစ်နေခဲ့ပြီ ဖြစ်သည်။ နန်းကျော့သည် အစ်မနှင့်နေသော်လည်း မကြာမကြာ ကျောက်ပြဿဒ်ရှိ အစ်ကို့ထံလာလည်တတ်၏။ လိမ္မာရေးချားရှိကာ ဒေါ်မေနန်းအား မိခင်လိုချစ်ရှာ၏။ ဒေါ်မေနန်းကလည်း နန်းကျော့ကို သမီးလေးလိုချစ်ရှာပါသည်။

ဒေါ်မေနန်း၏ အငယ်ဆုံးသမီး နန်းယူမှာမူ အိမ်ထောင်ကျပြီးကတည်းက ယောကျ်ားအပေါ်သာ တယုတယ ပြုစုရှာ၏။ မိခင်နှင့် ကြာလေ စိမ်းလေ စိမ်းလာသယောင်ရှိသည်။ ဤအိမ်၏ ချက်ရေးပြုတ်ရေးကို တာဝန်ယူထိန်းသိမ်းနေရသည်မှာ ဒေါ်မေနန်းသာ ဖြစ်၏။

ယခုသော်မူ နန်းယူတွင် မလွှဲဆန်နိုင်သော မိန်းမတို့သဘာဝ ကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်ရာ တာဝန်တစ်ခု တိုးလာပြန်ပြီ ဖြစ်သည်။ ကိုယ်ဝန်သည်တို့၏နေထိုင်စားသောက်ပုံကို သင်ပြရပေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်နှင်းဖြူတို့ကိုဖိတ်ကာ ကျွေးမွေးဧည့်ခံတတ်ပါသည်။ ရုပ်ရှင်ရုံအနီးရှိ နာမည်ကြီးစားသောက်ဆိုင်တွင် ဧည့်ခံကျွေးမွေးပြီးသည်နှင့် အိုက်ယသည် ကုတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာဆွဲထုတ်ကာ စားပွဲပေါ်တင်လိုက်ပါသည်။ စက္ကူအိတ်နှင့် ထည့်ထားသဖြင့် အထဲတွင် ဘာဟူ၍ မသိရပါ။

"ဒီနေ့ ကျွန်တော် မခင်နှင်းဖြူကို အမှတ်တရလက်ဆောင်ပေးဖို့ ပစ္စည်းလေးတစ်ခုဝယ်ခဲ့ပါတယ်။ တန်ဖိုးအလွန်ကြီးကြီးတော့မဟုတ်ပါဘူး"

"အို- ကျွန်မဘာမှမရချင်ပါဘူး။ ခုလို ကိုအိုက်ယကျွေးတာကို လိုက်စားတယ်ဆိုတာတောင်မှ ဟောဒီ အဲနောင့်ကို အားနာလို့လိုက်စားတာပါ။ ရင်းနှီးမှုအပေါ် အခွင့်အရေးမယူပါနဲ့လို့ ကျွန်မ တောင်းပန်ပါရစေ"

"မဟုတ်ပါဘူး။ မခင်နှင်းဖြူ ကျွန်တော်က အခွင့်အရေးယူလိုစိတ်နဲ့ ပေးတာ မဟုတ်ပါဘူး။ ကျွန်တော် မခင်နှင်းဖြူနဲ့ တွေ့ဆုံသိကျွမ်းရတာ ဂုဏ်ယူလို့ မဆုံးပါဘူး။ အဲဒါ ခင်မင်မှုအမှတ်တရ အနေနဲ့ ပေးချင်တာပါ"

ပြောပြောဆိုဆို အိုက်ယသည် စက္ကူအိတ်ထဲမှ ကတ္တီပါဘူးကလေးထုတ်ယူကာ ဖွင့်၍ပြလိုက်သည်။ ဖြူဖွေးသော ဖဲသားပေါ်တွင် နီရဲသော ပတ္တမြားတို့ဖြင့် စီခြယ်ထားသော ဆွဲသီးခေါ် လော့ကက်သီးလေး ဖြစ်သည်။

"ကျွန်တော် ပထမ မောင်နှံခုနစ်ဖော်လက်စွပ်ကလေးဝယ်မလို့ပါ။ လက်စွပ်ဆိုရင် မခင်နှင်းဖြူ အဓိပ္ပာယ်ကောက်များလွဲလေမလားဆိုပြီး ဆွဲသီးလေးဝယ်လိုက်တာပါ။ အဲဒါ ခင်မင်မှုအမှတ်တရ အဖြစ် လက်ခံပေးပါလို့ ကျွန်တော် တောင်းဆိုပါရစေ"

"ဘယ်လိုမှမဖြစ်လို့ပါ ကိုအိုက်ယ။ ကျွန်မလုံးဝလက်မခံနိုင်ပါဘူး။ အဲနောင့်ကိုသာပေးလိုက်ပါ"

"အို - နှင်းရယ်၊ နင့်ကိုပေးတဲ့ဟာ အားနာစရာကြီး လက်ခံလိုက်ပါဟယ်"

"ဟင့်အင်း- ကျွန်မလုံးဝလက်မခံနိုင်တာ ခွင့်လွှတ်ပါ ကိုအိုက်ယ။ ကျွန်မကိုယ့်ချွေးနဲ့စာကိုပဲ မက်မောတတ်သူပါ။ နောင်ကိုလည်း ကျွန်မအတွက်လို့ရည်စူးပြီး ဘာမှမဝယ်ပါနဲ့။ ကျွန်မလုံးဝလက်မခံနိုင်လို့ပါ"

အိုက်ယမှာ စကားပင်မဆိုနိုင်အောင် ဆို့နင့်စွာပင် ခံစားရလေ၏။ သို့ကြောင့် ရှက်စိတ်ဖြင့် ကတ္တီပါဘူးလေးကို အိတ်ထဲသို့ ပြန်ထည့်လိုက်ရလေ၏။

**သည်ပုံမျိုးဖြင့်မိုးချုပ်ခဲ့သော်**

"ဟူး. . ."

အိုက်ယသည် နေးကွေးသော ခြေလှမ်းတို့ဖြင့် ကျပ်ပြင်ဈေးမှသည် ကျောက်ပြဿဒ်သို့ လျှောက်လာနေမိ၏။ သည်နေ့တွင် ကျောက်ပြဿဒ်သို့ ကားကြုံမရှိရာ ခြေကျင်လျှောက်၍ ပြန်ရုံသာရှိ၏။ သည်လမ်းသည်ခရီးသည် နီးလှသည်မဟုတ်သော်လည်း လျှောက်နေကျမို့ အဆန်းမဟုတ်ခဲ့ပါ။ သို့သော် ပျင်းရိစိတ်ဖြင့် သက်ပြင်းချမိခြင်း ဖြစ်လေ၏။

လက်က အလိုလို ကုတ်အင်္ကျီအတွင်းအိတ်သို့ စမ်းကြည့်မိသည်။ ဖောင်းထွက်နေသော ကတ္တီပါဘူးကလေးကို ထိတွေ့မိသည်။ ခင်နှင်းဖြူ မွန်မလေး ခင်နှင်းဖြူသည် သူ့ရင်ကိုစိုးမိုးလွှမ်းပါသည်။ သို့သော် သာမန်ခင်မင်မှုကလွဲလျှင် သူ့ကိုစိတ်ဝင်စားဟန်မပြပေ။ သပ်သပ်ရပ်ရပ်နှင့် အပိုအလိုမရှိ သူ့နေရာနှင့်သူ အံဝင်ခွင်ကျ လှလွန်းလှသော ခင်နှင်းဖြူအား မြင်မြင်ချင်းပင် မြတ်နိုးခဲ့သည်မှာ အမှန်ပင် ဖြစ်၏။ သူ့ရင်မှ ချစ်ခြင်းမေတ္တာသည် ယခုမှ နိုးကြားခဲ့သည်မှာ အမှန်ဖြစ်ပါသည်။

သို့သော် သူ့တွင် အားနည်းစိတ်၊ အားငယ်စိတ်တို့က အလိုလိုဝင်ရောက်နှောင့်ယှက်နေကြပြီ ဖြစ်သည်။ သူ့တွင် ဇနီးနန်းယူနှင့် လူ့လောကသို့ ခြေမချသေးသော ရင်သွေးတို့က ရှိနေပြီဖြစ်သည်။ လိပ်ပြာမလုံသော်လည်း ခင်နှင်းဖြူကို ချစ်မိသော ချစ်စိတ်က အထွတ်အထိပ်သို့ရောက်ခဲ့ပြီ ဖြစ်ပါသည်။

တစိမ့်စိမ့်ဖြင့်ကြည့်လေ လှလေ ကြည့်မဝလေဖြစ်သော ခင်နှင်းဖြူအား အချိန်တိုင်းကြည့်နေချင်၏။ မြတ်နိုးယုယချင်၏။ ပိုင်ဆိုင်လို၏။ ခင်နှင်းဖြူသာ လက်ခံခဲ့လျှင် အရာရာကို စွန့်လွှတ်ဝံ့ပါသည်။ စွန့်လွှတ်ရဲပါသည်။ လောကတွင် ခင်နှင်းဖြူမှလွဲလျှင် ဘာကိုမှမက်မောခြင်း၊ တွယ်တာခြင်း မရှိနိုင်ကြောင်း သူ့ကိုယ်သူသိပါသည်။ အရာရာကို စွန့်လွှတ်ရဲသောသတ္တိတို့ ဝင်လာခဲ့ပါသည်။ သို့သော်လည်း ယခုအချိန်အထိ သူ့အပေါ် တိမ်းညွတ်ဟန် တစ်စက်လေးမှမပြခဲ့ပါ။

သူသည် ခမောက်ပုံပတ္တမြားခြယ် ဆွဲသီးလေးအား ရွှေဆိုင်မှ ဝယ်ယူခဲ့ပါသည်။ ကျောက်တို့မှ မြတ်စွန်း၍မဟုတ်ပါ။ မိမိအရင်းအနှီးထဲမှဖဲ့၍ဝယ်ယူခဲ့ခြင်း ဖြစ်သည်။ သို့သော် ခင်နှင်းဖြူသည် မိမိ၏လက်ဆောင် ဆွဲသီးလေးအား ခါးသီးစွာပင် ငြင်းဆိုခဲ့လေသည်။ သို့အတွက် ရင်ထဲတွင် အတော်ခံစားနေရလေ၏။

မိမိ၏ ကျောက်ရောင်းဝယ်ခြင်း လုပ်ငန်းသည် အပေါ်ယံလက္ခဏာ မပြဘဲ အနှုတ်လက္ခဏာကိုသာပြ၍ နေလေရာ ရွှေ့ရေးကိုလည်း ရင်လေးနေ သည်မှာ အမှန်ဖြစ်ပါသည်။ သည်ပုံမျိုး ဖြင့် မိုးချုပ်ခဲ့ချေသော် သူလုံးပါးပါး မျက်စိပိတ်နားပိတ်ဘဝဖြင့် တော တောင်ထဲတွင် ကျောက်တွင်းကုန်း နေရသောဘဝသို့ ပြန်လည်ကျရောက် ပေဦးမည်။

ယခုကဲ့သို့ ဂျင်းဘောင်းဘီ၊ ဖိနပ်၊ ကုတ်အင်္ကျီ၊ ဂျာကင်အင်္ကျီတို့ သူဌေးသားပုံစံ ကျော့ကျော့လေး တော့ပါ။ စုတ်ပြတ်ပေရေပြီး ရွှံ့အလိမ်း လိမ်းတို့ဖြင့် မှက်ကိုက်၊ ခြင်ကိုက်ခံ တွင်းပြန်တူးရပေဦးမည်။ လက်၊ ခြေ လည်း ကျောက်တုံးကျောက်ခဲတို့ကို တွယ်ရလွန်းသဖြင့် ထိခိုက်ရှနာတို့ မလှပနိုင်တော့ပါ။

သူ့မျက်ဝန်းအစုံသည် အမှတ်တ ပင် ကားလမ်းအောက်ရှိ အင်းတော တွင်းလုပ်ကွက်သို့ ရောက်သွားပြန် ဖော့က်တွင်းလုပ်နေသူများ၊ ဖြုန်း နေသူများကို မြင်တွေ့ရပါသည်။ တွ သားတို့ဘာသာဘာဝ ပေတူးနေကြ ၏။ ထိုသည်တို့ကိုကြည့်ကာ စိတ်ပို ရပါသည်။

"အင်း - ငါလည်း ကျောက် တူးရတော့မယ်ထင်ပါရဲ့။ ကျောက် သမားသာဖြစ်သွားခဲ့ရင် ငါနဲ့ခင်နှ လုံးဝတွေ့ရမှာ မဟုတ်တော့ဘူး။ ပါပဲ၊ ဘယ်လိုလုပ်ရပါ့။ အရင်းအနှီး လည်း သိပ်မကျန်တော့ဘူး"

အိုက်ယသည် ကျပ်ပြင်သ ထိုမှ ဂေါ်ရခါးခေါ် နီပေါလူမျိုးများ ထိုင်သော ကျောက်ဖြူရွာလေးကို ဖြတ်လာခဲ့ပြီ ဖြစ်သည်။ အင်းတော တွင်းလုပ်ကွက်ကား ကျပ်ပြင် အထွက်မှသည် ကျောက်ဖားနား ရှည်လျားစွာ တည်ရှိနေပါသည်။ သို့ အိုက်ယသည် ညောင်ပင်ကွေ့သို့ ခဲ့ပြီ ဖြစ်သည်။

**ပေါ်ချောင်ကောင်း**

ထိုစဉ် ညောင်ပင်ကွေ့၌



www.burmeseclassic.com

www.burmeseclassic.com

ဖြတ်လမ်းကလေးအတိုင်း ဆင်းလာမိချေ၏။ ကားလမ်းမှာ ကွေ့ပိုက်သဖြင့်လေး၏။ ဖြတ်လမ်းက မျဉ်းဖြောင့်ဖြစ်၍နီး၏။ လေးကိုင်းနှင့် လေးညှို့သဖွယ်ဖြစ်ပါသည်။

ထိုလမ်းတွင် ကနဲဆေးသောကလေးမလေးနှစ်ဦးနှင့် ပက်ပင်းတိုးမိသည်။ ရွှံ့ညွန်များပေကျံနေသောကောင်မလေးနှစ်ဦးသည် အရွယ်အားဖြင့် ရှစ်နှစ်၊ ကိုးနှစ်အရွယ်လေးများသာဖြစ်မည်ထင်ပါသည်။ သူ့ရှေ့သို့ရောက်သော် သွက်လက်ချက်ချာဟန်ရှိသောကောင်မလေးက -

"ဦးလေး၊ ကနဲဆေးစဝယ်မလား"

ဟု မေးလေ၏။

သည်အရွယ်သည် ကျောက်ကောင်းကောင်း နားမလည်နိုင်သေးသောအရွယ်များဖြစ်၍ ပေါ်ချောင်ကောင်း တွေ့လိုတွေ့ငြား -

"ဝယ်မယ်လေကွာ၊ ပါရင်ပြောပေါ့"

ဟု ဆိုလိုက်လေ၏။

"ဟော့ကောင်မ၊ ငါတို့ရခဲ့တဲ့ကျောက် ပြလိုက်ရအောင်။ အိမ်မှာယူသွားပြီး လူကြီးတွေလက်ထဲ ထည့်လိုက်ရင် ငါတို့တစ်ပြားမှ သုံးရမှာမဟုတ်ဘူး။ သူတို့ပဲသုံးပစ်ကြမှာ"

"အေး - ဟုတ်တယ်။ အရင်ကျောက်ရသမျှတွေလည်း သူတို့လက်ထဲထည့်ရင် ငါတို့ကို ပေးမသုံးဘူး။ ဒီတစ်ခါ ကိုယ့်ဟာကိုယ်ရောင်းမယ်။ ပြီးတော့ ငါတို့ပိုက်ဆံ ငါတို့ဟာ ငါတို့ဖွက်ပြီးသုံးမယ်ဟာ"

"အေးဟာ၊ ဒါဆိုပြရအောင်"

ဆိုပြီး အင်္ကျီအိတ်ကပ်ထဲမှပလတ်စတစ်ဖြင့် ထုပ်ထားသော ကျောက်ထုပ်လေးအား ထုတ်ကာဖြေနေလေ၏။ သူတို့၏ စကားသံများကို နားထောင်ရခြင်းဖြင့် သူတို့အခြေအနေကို သဘောပေါက်ကာ သူတို့တွင် ကျောက်ကောင်းတစ်ပွင့် ရလာဟန်ရှိကြောင်း သတိပြုမိ၏။

"ကဲ - ဦးလေးကြည့်"

ဟုဆိုကာ ဖြေထားသောကျောက်ထုပ်ကလေးကို ပြလေ၏။ ကနဲဆေးသမတို့ရတတ်သော ကျောက်မှုန်ကျောက်ညှာများနှင့်အတူ နီရဲသောပတ္တမြားတစ်ပွင့်ကိုပါ တွေ့ရရာ ပတ္တမြားသည် ငါးရတ်ခန့်အရွယ် ဖြစ်သည်။ အရည်အသွေးပါ ပြောစရာမလိုဘဲ လုံးလုံးဝင်းဝင်းဖြင့် အတော်ပင် လှပသောကျောက် ဖြစ်သည်။ အင်းကောင်းရပ်ကွက်သည် ကျောက်စစ်ကျောက်ကောင်းများထွက်ရာဒေသ ဖြစ်၏။

ပတ္တမြားငမောက်ခေါ် နန်းစဉ်ပတ္တမြားကြီးသည် ဤအင်းကောင်းလုပ်ကွက်မှပင် ထွက်သည်ဖြစ်ရာ ကမ္ဘာကျော်ပတ္တမြား ဖြစ်လေ၏။ ဤသည်ကို အိုက်ယ ကြားဖူးပါသည်။ ကျောက်ကိုလေးနာရီ အနေဝက်နေပဏ္ဍာနှင့် ထောင်ကြည့်ရာ အပြစ်အနာအဆာဟူ၍လည်း မြူမျှပင် မတွေ့သဖြင့် ကြိုက်သွားမိပါသည်။

"ဘယ်လောက်ရောင်းမလဲ ကောင်မလေး"

"ငါးသောင်း"

"ဟဲ့ငါးသောင်းဆိုရင် ငါဘယ်လိုလုပ်ဝယ်တော့မလဲ။ ဒါကငါးသောင်းကျောက်မှ မဟုတ်တာ။ ငါးထောင်ပေးမယ်ဟ"

"အို-ဦးလေးကလည်း၊ ဒီလောက်လှတဲ့ကျောက် ငါးထောင်တော့မရောင်းပါဘူး"

"ကဲ - ဈေးကုန်ပေးလိုက်မယ်၊ တစ်သောင်းဟာ"

"တစ်သောင်း၊ နည်းတာပေါ့။ တစ်သောင်းနှစ်ထောင် ပေးလိုက်ပါ။ သမီးတို့နှစ်ယောက်တစ်ယောက်ခြောက်ထောင်ပေါ့"

"အေးပါဟာ၊ ပေးလိုက်ပါ့မယ်။ နောင်ရရင်လည်း ရောင်းပေးနော်"

"စိတ်ချပါ ဦးလေးရဲ့။ သမီးတို့နေ့တိုင်း ဒီဘက်မှာ လာဆေးနေကျပါ"

အိုက်ယ ကုတ်အင်္ကျီအတွင်းအိတ်ထဲမှ ပိုက်ဆံများဆွဲထုတ်ကာ ရေတွက်၍ ပေးလိုက်လေ၏။ ထိုခေတ်ထိုအခါသည် ရွှေတစ်ကျပ်သား (၁၂၀၀) ကျပ်ဖြစ်ရာ ရွှေ (၁၀) ကျပ် သားတန်သောကျောက် ဖြစ်လေ၏။ ပေါက်ဈေးဖြင့် ပြန်ရောင်းပါက အနည်းဆုံးသုံးသောင်းခန့်လောက်ရနိုင်သည်ဖြစ်ရာ ကံကောင်း



ထောက်မစွာပင် ပေါ်ချောင်ကောင်းကျောက်တွေ့ရပေသည်ဟု တွေးမိပြီး စိတ်ဓာတ်တို့ပြန်လည် လန်းဆန်းလာခဲ့တော့၏။ သို့ကြောင့်လည်း ခြေလှမ်းတို့သွက်၍လာပါသည်။ ကုန်သည်ဟူသည် ယခုကဲ့သို့ ပေါ်ချောင်ကောင်း တွေ့ရတတ်သည်မှာ ဒုလ္လဘတစ်ပါး ဖြစ်ချေ၏။

**အရင်းပြုတ်ပြီ**

"နန်းယူ၊ အစ်ကို လမ်းမှာ ကနဲဆေးစ ကျောက်တစ်ပွင့် ဝယ်ခဲ့တယ်။ အဲဒါကြည့်ကြည့်စမ်းပါ"

အိုက်ယသည် အိမ်တွင် နန်းယူအသင့်တွေ့သဖြင့် သူ့ကျောက်ကို ထုတ်ပြလိုက်သည်။

နန်းယူသည် ထုံးစံအတိုင်း ထာကိုခံကာ ကျောက်ကို ထောင်ကြည့်၊ ချကြည့်လုပ်နေ၏။ ထာခံထားခြင်းဖြင့်ကျောက် လက်မှလွတ်ကျခဲ့သော် ထာထဲသို့ကျရန် ဖြစ်၏။ ဘေးသို့ လွင့်စဉ်မသွားတော့ပေ။

"အစ်ကိုဟာ ကျောက်မှ ဟုတ်ရဲ့လား အစ်ကိုရယ်။ နန်းတော့ မသင်္ကာချင်ဘူး။ အရည်လည်းမရှိဘူး အစ်ကိုရဲ့။ ဘယ်လောက်နဲ့ဝယ်ခဲ့တာလဲ"

"မများပါဘူးဟာ၊ နည်းနည်းပါးပါးပါပဲ"

"နည်းနည်းဆို တော်သေးတာပေါ့။ ကုန်သည်တွေကို မပြပါနဲ့ အစ်ကိုရယ်။ ပြင်သစ်ဖြစ်နေရင် အစ်ကိုအချောင်နာမည်ပျက်လိမ့်မယ်။ အဲဒါမြို့ကိုယူသွားပြီး မီးစမ်းကြည့်ပါ။ နန်းတော့ မျက်စိထဲမှာ ပြင်သစ်ကျောက်တုလို့ပဲ မြင်တယ်"

"အေးကွာ၊ နက်ဖြန်မြို့မှာမီးသွားစမ်းကြည့်ဦးမယ်"

ထိုနေ့ညတွင်လည်း အိုက်ယ အိပ်မပျော်ဖြစ်ရပြန်လေ၏။ သူဝယ်ခဲ့သောကျောက်သာ ပြင်သစ်ဖြစ်ခဲ့ပါက အိတ်စောင့်အနည်းငယ်မှအပ သူ့တွင် ပိုက်ဆံမရှိတော့ပေ။ နန်းယူထံမှ ယူရအောင်ကလည်း နန်းယူသည် အိမ်၏စရိတ်ကိုတာဝန်ယူထားရသူ ဖြစ်သည်။ သူသည် အိမ်ထောင်၏တာဝန် ဘာမှထမ်းရွက်ခြင်း မရှိခဲ့ပေ။ နန်းယူသည် ချစ်လွန်းသဖြင့် အိုက်ယ၏ မျက်နှာတစ်ချက်ပင် အညိုမခံခဲ့ပါ။ ချစ်လင်ကိုတော့ ကျော့ကျော့လေးထားသူ ဖြစ်သည်။ ငွေကြေးကိစ္စနှင့် ပတ်သက်၍ ဘယ်သောအခါမှ မေးမြန်းစစ်ဆေးခြင်းမရှိခဲ့ပါ။ ရံဖန်ရံခါ



www.burmeseclassic.com

www.burmeseclassic.com

ခေါက်ဆွဲကြော်ထုပ်များ ဝယ်လာပေးခြင်းသာလျှင် သူ၏အိမ်ထောင်အတွက် ပါဝင်ကူညီမှု ဖြစ်သည်။ သူ့ဘဝသည် အချိန်တန်လျှင် ထမင်းပွဲရှေ့ရောက်သောဘဝဖြစ်နေရာ ဘဝကို လေးလေးနက်နက်တွေးခေါ်ခြင်းမရှိသည်မှာအမှန်ဖြစ်သည်။

နောက်နေ့တွင် ထိုကျောက်အားမိုးကုတ်ရှိ အစ်မဖြစ်သူထံ ယူသွားပြီးပြရာ ဝါရင့်မျက်စိဖြစ်နေပြီဖြစ်သော သူ့အစ်မသည် -

"အိုက်ယ၊ နင်ပိုက်ဆံအကုန်ခံပြီး မီးသွားစမ်းမနေနဲ့။ ဒါကျောက်မှမဟုတ်တာ။ နင့်နှယ်ဟယ်၊ ကလေးပေါက်စတွေက လိမ်တာကို ခံခဲ့ရတယ်လို့ ကြားလို့မှမကောင်း၊ ရှက်စရာကောင်းလိုက်တာဟယ်။ နင်ကတော့လေ ယောက်ျားမဆီက ပိုက်ဆံအလကားရတာပဲဆိုပြီး ထင်တိုင်းကြဲနေတဲ့ကောင်ပဲ။ ဒီပုံအတိုင်းဆိုရင် နင်တော့ ချေးထဲကလောက် ချေးထဲရောက်ဆိုသလို နင် တစ်နေ့ တွင်းပြန်တူးရမှာ သေချာတယ်။ ကျောက်ဆိုတာ မြတ်မယ်ထင်မှဝယ်။ မြတ်ချင်လို့ ကုန်သည်လုပ်တာ။ မြောက်ကားကြီးလုပ်ပြီး တွေ့မရှောင်ဝယ်နေလို့ကတော့ ခုနင်လက်တွေ့ပဲလေ။ ပိုက်ဆံတစ်သောင်းနှစ်ထောင် ဆိုတာ နင်တွင်းလုပ်ခဲ့တာတောင် တစ်ခါရဖူးခဲ့လို့လား။ အဲဒါ ရွှေဝယ်ရင် တစ်ဆယ်သားချောင်းတစ်ချောင်းရတဲ့ငွေဟဲ့။ နင်ဟာလေ ငါမပြောချင်ဘူး။ အိုက်ယ ဘဝမေ့နေတဲ့ကောင်။ နင့်အကြောင်း ငါကြားတယ်။ မိုးကုတ်ကိုလာတိုင်း ပိတ်စွယ်ကအိမ်ကို အမြဲသွားတာတွေ ငါသိတယ်။ ဒါပဲနော် ရှုပ်ရှုပ်ရှက်ရှက် ငါမကြားချင်ဘူး"

ဟု ဆူပူကြိမ်းမောင်းလေ၏။

အိုက်ယမှာ အမှန်ပင်အရင်းပြုတ်ပြီမို့ စိတ်ဓာတ်ကျကျဖြင့် ခေါင်းငုံ့၍သာ အဆူခံပါသည်။ ရိုးပုံရိုးပန်းနှင့် ကျပ်ပြင်က ကောင်မလေးနှစ်ယောက်သည် ရိုးသားသော သူ့ဘဝကို အမှန်ပင် ရိုက်ချိုးလိုက်ပြီ ဖြစ်လေသည်။ အိုက်ယသည် မကျေနပ်စိတ်ဖြင့် ထိုကောင်မလေးနှစ်ဦးအား ကြိမ်ဖန်များစွာ ဆဲရေးတိုင်းထွာနေမိ၏။ ကျောက်လောက၏ ကျယ်ဝန်းသော မာယာပရိယာယ်တို့ကို ကျောက်ကုန်သည်လက်သစ်ဖြစ်သော သူသည် အတွေ့အကြုံအရည်မဝသေးကြောင်း သဘောပေါက်ရလေ၏။

"ဘာမဟုတ်တဲ့ ကလေးတွေက ငါ့ကိုလိမ်ရတယ်လို့ကွာ ရာဇဝင်ရိုင်းလိုက်တာ။ တောက် - ဟင်း ဒီကောင်မလေးတွေ တွေ့ရင်တော့လား ကောင်းကောင်းကြီးကို ပညာပေးလိုက်ဦးမယ်"

ဟု လမ်းသွားရင်း တီးတိုးကြိမ်းမောင်းနေမိ၏။ ကျောက်တုလောကသည် ပုံစံမျိုးစုံနည်းမျိုးစုံဖြင့် သူကဲ့သို့ မန္ဒမနပ်ကျောက်ကုန်သည်တို့ကို အချဉ်ဖမ်းတတ်ကြောင်းကိုမူ အိုက်ယ မသိရိုးအမှန်ပင် ဖြစ်ပါလေ၏။ ယခုတော့ ကိုယ်တွေ့ကြုံကာ ခံစားခဲ့ရပြီဖြစ်သည်။

**နန်းအတွက်လက်ဆောင်**

"အစ်ကို"

"ဘာလဲ နန်း"

"အစ်ကို ဒီနေ့မနက် မိုးကုတ်သွားတော့ ကုတ်အကျီဝတ်မသွားဘူးလေ။ အဲဒါ အကျီလျှော်မလို့ကြည့်လိုက်တော့ အစ်ကို့ကုတ်အကျီထဲမှာ ကတ္တီပါဘူးလေးနဲ့ ဆွဲသီးတစ်လုံးတွေ့တယ်။ အဲဒါ ဘယ်သူ့အတွက်ဝယ်လာတာလဲ"

"ဩော်-ဟုတ်သားပဲ၊ မေ့နေလိုက်တာ။ အဲဒါ နန်းအတွက်လေ။ အစ်ကိုက နန်းအတွက် ဘာမှ အမှတ်တရဝယ်မပေးရသေးတော့ သတိရတာနဲ့ ရွှေဆိုင်ကဝင်ပြီးဝယ်ခဲ့တာ"

"အစ်ကိုရယ်၊ နန်းမှာ လက်ဝတ်လက်စားတွေအစုံရှိနေတာပဲ။အလကားပိုက်ဆံအကုန်ခံလို့"

"မနေ့ကတည်းက ပေးမလို့ဟာ။ ဟိုကျောက်တုအကြောင်းတွေးပြီးတော့ သောကဖြစ်တာနဲ့ပေးဖို့မေ့သွားတာ။ ဒါက အစ်ကို့အမှတ်တရပေါ့ဟုတ်ဖူးလား။ နန်းရဲ့ သေတ္တာထဲမှာ အမှတ်တရသိမ်းထားလိုက်နော်။ပွဲလမ်းသဘင်ရှိရင်ထုတ်ဆွဲနော်"

"အင်းပါ အစ်ကိုရယ်၊ အင်းပါ"

"ဒါထက် နန်းဘယ်တော့လောက်မွေးမှာတဲ့လဲ"

"ဆရာမကတော့ ဒီလထဲမှာ မွေးမယ်ပြောတယ်။ အစ်ကိုက သားလေးရချင်တာလား။ သမီးလေးရချင်တာလား"

"သမီးလေး ရချင်တယ်။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ချစ်ရမှာပေါ့ နန်းရယ်။ ကိုယ့်ရင်သွေးပဲ ဟုတ်ဖူးလား"

နန်းယူမှာ ကြည်နူးမဆုံးရှိရပါသည်။ မိမိအတွက် ဆွဲသီးဝယ်လာပေးခြင်း၊ ရင်သွေးအပေါ် အရေးတယူမေးမြန်းခြင်းအတွက် သူ့အဖို့ တန်ဖိုးအနန္တရတနာဟု ထင်မှတ်နေရှာလေ၏။

**အကြံကုန် ဂဠုန်ဆားချက်**

"ဟေ့- အိုက်ယ လာကွာ၊ ငါတို့နဲ့ ထိုင်"

အရောင်းအဝယ်မထွက်သည်မှာ ရက်အတန်ကြာပြီ ဖြစ်သည်။ နန်းယူလည်း မီးဖွားခဲ့ရာ သမီးလေးမွေးဖွားပြီးဖြစ်သည်။ မီးတွင်းကာလဖြစ်သဖြင့် နန်းယူအနီးတွင် နေပေးနေရရာ ပျင်းပျင်းရှိသဖြင့် ရွာလယ်လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ခြင်း ဖြစ်သည်။ ဆိုင်ထဲရောက်သည်နှင့် ဦးနန္ဒိနှင့် ဦးသောမတို့က ခေါ်သဖြင့် သူတို့ဝိုင်းတွင် ဝင်ထိုင်ဖြစ်သည်။

"လေးနန္ဒိတို့ ဒီနေ့တွင်းမသွားကြဘူးလား"

"ဟကောင် အိုက်ယ၊ ဒီနေ့ဥပုသ်နေ့လေကွာ။ ဒီနေ့သွားရင် တွင်းစောင့်နတ်တွေ ကျိန်ဆဲမှာပေါ့ဟ"

"ဩော် - ဟုတ်လား။ ကျွန်တော်ဖြင့် အိမ်တွင်းအောင်းနေရတာနဲ့ ဥပုသ်နေ့မှန်းတောင် မသိတော့ပါဘူးဗျာ"

"နန်းယူက သမီးလေးမွေးတယ်ဆို"

"ဟုတ်တယ်လေ နန္ဒိ"

"ကျန်းကျန်းမာမာပဲလား"

"ဟုတ်ကဲ့၊ မိခင်ရော ကလေးပါ ကျန်းမာပါတယ်"

"အေးကွာ - ဟန်ကျတာပေါ့။ ဒါထက် ဒီတစ်လော မင်းအရောင်းအဝယ်ထွက်တာ မတွေ့ပါလား"

"ဟုတ်ကဲ့- ကျွန်တော်လောလောဆယ် မထွက်ဖြစ်သေးပါဘူး"

"ဘာလဲ၊ နန်းယူ မီးနေနေလို့လား"

"မဟုတ်ဘူး လေးနန္ဒိရေ၊ အရင်းပြုတ်လို့"

"ဘာ - အရင်းပြုတ်တယ် ဟုတ်လား"

"ဟုတ်တယ်"

"မင်းယောက္ခမကြီးထုတ်ပေးထားတာ ကုန်ပြီပေါ့"

"ကုန်ပြီဆိုပါတော့ဗျာ"

"ဖြစ်ရလေ အိုက်ယရာ။ ဒါထက် မင်းဘယ်လိုသောက်မှာလဲ၊ မှာလေကွာ"

"ညီလေးရေ၊ ကျဆိမ့်တစ်ခွက်ဟေ့"

"မင်းအရင်းအနှီးက ဘယ်ပုံဘယ်နည်းတွေနဲ့ကုန်တာလဲကွာ။ ပြောပြစမ်းပါဦး"

ဆိုသဖြင့် အိုက်ယသည် ဖာဖာထေးထေးပြောပြကာ ကျောက်တုရောင်းပေးသော ကောင်မလေးနှစ်ဦးကိုသာ အပြစ်ဖို့ကာ ပြောပြလိုက်လေ၏။ ဦးနန္ဒိနှင့် ဦးသောမတို့မှာ စိတ်မကောင်းဖြစ်ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်ရလေ အိုက်ယရာ။ ကျောက်ဆိုတာ မင်းတို့လို သင်စကျောက်ကုန်သည်မပြောနဲ့၊ ဝါရင့်ကျောက်ကုန်သည်ကြီးတွေတောင် အချို့ခံကြရတာ ကြားဖူးတယ်ကွ။ ဒါဆို မင်းဘာလုပ်မယ် စိတ်ကူးလဲ"

"ကျွန်တော်လည်း အဲဒါပဲ စိတ်ကူးနေတာ။ ဘာလုပ်လို့ဘာကိုင်ရမှန်းတောင် မသိပါဘူးဗျာ"

"ပတ္တမြားမြေမှာ အလုပ်များများ ...မရှိပါဘူးကွာ။ ကျောက်တူးတာရယ်၊ ရောင်းဝယ်တာရယ်၊ ပွဲစားလုပ်တာရယ်၊ ကျောက်သွေးတာရယ် ဒါပဲရှိတဲ့ ...။ အရင်းမစိုက်လေ့ထိုးလိုက် ဆိုတာ ... အရင်းမစိုက်ရတဲ့အလုပ်ကတော့ တို့ကျောက်တူးတဲ့အလုပ်ပဲရှိတာကွ။ အလုပ်...လို့ ဘာမှပူစရာမရှိဘူး။ ငါတို့နဲ့ လိုက်... အရင်လို ကျောက်ပြန်တူးပေါ့ကွာ၊ ...တ်ဖူးလား"

"ဟာ- ဟုတ်သားပဲ။ အိမ်မှာထိုင်နေတာနဲ့စာရင် ကျောက်ပြန်တူးတာ ...ယ်ရှိတာပေါ့။ လေးနန္ဒတို့ ဘယ်...လုပ်နေလဲ"

"အစိမ်းတောမှာ ဖောက်တွင်းလုပ်နေတယ်။ ဖြုန်းတော့မပေါက်သေးဘူး။ ...လိုက်ချင်ရင် လိုက်ခဲ့ရတယ်။ တို့က ...လာတာကြာပြီဆိုတော့ တစ်ယောက်အကြောင်း တစ်ယောက်သိပြီးသားပဲ။ ...ယ်လိုလဲ၊ လိုက်မှာမဟုတ်လား"

"ကဲ - လိုက်မယ်ဗျာ။ ဝက်ဖြစ်မှတော့ မစင်ကြောက်မနေတော့ပါဘူး"

"ယောကျ်ားပဲကွာ။ ဒေါင်ကျကျ ...ကျ ဂရုစိုက်စရာမလိုဘူး။ လူတစ်ယောက်ဟာ အလုပ်တစ်ခုရှိနေရင် ဂုဏ်...တယ်၊ မျက်နှာငယ်စရာမလိုဘူး"

သို့နှင့် သူတို့သည် ဘယ်တွင်းက ...သူတွေ ဘယ်လိုရသွားကြောင်း ...နေကြရာ သွားရည်ယိုဖွယ် ဖြစ်ပေ၏။ အိုက်ယသည်လည်း မပြေးသော်လည်း ကန်ရာရှိခဲ့ပေပြီ။ အကြံကုန်လျှင် ...ဝင် ဆားချက်ရသည် မဟုတ်ပါ... ထိုနေ့ကျသမျှကို အိုက်ယမှ ထုတ်...ခြင်းတာ သူ့အပေါ် သံယောဇဉ်ကြီး...သော တွင်းဆရာနှစ်ဦးအား ဂါရဝပြု...လိုက်လေ၏။

## ...ကျော့ပြန်တွင်းသမား

အစိမ်းတောလုပ်ကွက်သည် သူရိန်...တောင်တန်းကြီး၏ မြောက်ဘက်တွင် ...ရှိကာ ကျောက်ပြဿဒ်အနောက်...၏ အနောက်ဘက်ခြမ်းသို့ ဦးတိုက်၏။ သူရိန်တောင်ကြီး၏ ပေါ်တော်မူလုပ်ကွက်မှ ရေမြီးနှင့်လုပ်စက်လုပ်ကွက်တို့မှ ရေမြီးစီးဆင်းရာဖြစ်ပြီး အောက်သို့ စုန်ဆင်းရှာ မှန်သော့ပင်ချောင်းသို့ ရေမြီးစီးဝင်လေ၏။ ထိုရေသည် ကပိုင်ချောင်းသို့ စုပေါင်းစီးဝင်ပါသည်။

အိုက်ယမှာ ဘဝပေးအခြေအနေအရ သူအလွန်ကြောက်သော တွင်းသမားဘဝသို့ကျရောက်ခဲ့ရပြန်ပါသည်။ အိုက်ယ၏ဖြစ်စဉ်ကို အတွင်းကျကျ သိခြင်းမရှိသော်လည်း ဒေါ်မေနန်းသည် မြင်ရုံမျှဖြင့် သဘောပေါက်ခဲ့၏။ သို့သော် ကောင်းသည်၊ ဆိုးသည် ဝင်၍ မပြောခဲ့ပါ။ လူကြီးပီပီ ရေငုံနှုတ်ပိတ်နေခဲ့၏။

သူသည် သမက်ဖြစ်သူ ဘဝအဆင့်မြင့်စေလို၍ မြတ်နိုးစေးကပ်စွာ သိမ်းဆည်းထားခဲ့သော လက်ရွေးစင်ကျောက်ကောင်းအချို့ကို ထုတ်ပေးကာ အရင်းအနှီးပြုစေခဲ့၏။ ကြီးပွားလာတဲ့ တစ်နေ့မှာ အမေ့ကိုထိုက်သရွေ့ပြန်ဆပ်ပါဟူသော စကားဖြင့် ထုတ်ပေးခဲ့၏။ ယခုမူ အရင်းပြုတ်၍ တွင်းပြန်တူးနေကြောင်း သဘောပေါက်ရပါသည်။ 'အမေရေ သားအရင်းပြုတ်ပြီ။ အဲဒါ ကျွန်တော် တွင်းပြန်တူးတော့မယ်' ဟူသော စကားလေးတော့ ပြောစေချင်လှ၏။ သို့သော် ယောင်၍မျှပင် စကားမဟခဲ့။ သို့ကြောင့် သူအမြတ်တနိုးစုဆောင်းသိမ်းဆည်းခဲ့သော ကျောက်တို့သည် အလဟဿ ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း နားလည်လိုက်ပါသည်။ နှမြောလိုက်သည်မှာ ပြောစရာမရှိအောင်ဖြစ်သည်။ ဆုံးရှုံးသွားသော ကျောက်တို့သည် မျက်စိထဲမှမထွက်နိုင်ပေ။ အိုက်ယမှာ အလွယ်ရသဖြင့် တန်ဖိုးထားရမှန်းသိဟန် မတူပါ။

ဖောက်တွင်းရာသီမို့ မိုးရာသီလို ဇိမ်ခံနေ၍မရပါ။ မိုးရာသီတွင် ရေအားကိုးဖြင့် ရေပန်းရိုက်နေချိန် ဇိမ်ခံကာ ရေနွေးကြမ်းသောက်ပြီး နှပ်နေ၍ရသော်လည်း ဖောက်တွင်းရာသီ ဆောင်းနှင့်နွေတို့တွင် လက်နှင့်အလုပ်မပြတ်အောင် လုပ်နေရလေ၏။ သစ်ခုတ်ရ၏။ ဝါးခုတ်ရ၏။ တောထဲမှ ရှာဖွေခုတ်ပြီးသော် တွင်းအရောက် ပခုံးဖြင့်ထမ်းသယ်ရ၏။ လိုအပ်ပါက မြက်ခေါ် မာကျောသော သစ်ရွက်သစ်ခက်တို့ များစွာခုတ်၍သယ်ရပြန်လေ၏။ သစ်၊ ဝါး၊ မြက်တို့သည် ဖောက်ထွင်းလုပ်ပါက မရှိမဖြစ်ပစ္စည်းများဖြစ်ရာ ဖတ်ဖတ်မောအောင် လုပ်ကြရ၏။

အိုက်ယမှာမူ တွင်းသမားလောကခို၍မရသဖြင့် ချွေးဒီးဒီးကျအောင်လုပ်နေရသော်လည်း သူ့စိတ်အစဉ်တွင် ခင်နှင်းဖြူသာလျှင် အချိန်ပြည့် စွဲလမ်းတမ်းတ၍နေမိ၏။ မောသမျှကို ခင်နှင်းဖြူအတွေးနှင့်သာ ဖျောက်လေ့ရှိ၏။ ကျောက်ကြီးကျောက်ကောင်း ရခဲ့သော် ကုန်သည်ဘဝသို့ ပြန်ဝင်ကာ ခင်နှင်းဖြူတို့နှင့် ပြန်လည်ရင်းနှီးစွာနေလို၏။

ပြေလည်သော တစ်နေ့တွင် သူ ခင်နှင်းဖြူထံ ချစ်ခွင့်ပန်မည်ဟုလည်း မျှော်လင့်ထားပါသည်။ ခင်နှင်းဖြူသာ ချစ်ခဲ့သော် အရာရာကို စွန့်လွှတ်ကာ ဘဝသစ် ထူထောင်မည်ဟုလည်း မျှော်မှန်းထားပါသည်။

ထိုဆောင်းရာသီတွင် ညီမလေး နန်းကျော့သည် ကျောက်ကုန်သည် တစ်ဦးနှင့် လက်ထက်မင်္ဂလာပွဲကို မဏ္ဍပ်ရတနာခန်းမတွင်ကျင်းပမည့်အကြောင်း သူ့ထံ လာရောက် အကြောင်းကြားပါသည်။

'ဩော် - အစ်မတို့၊ ညီမလေးတို့ကျတော့ ကံကောင်းလိုက်တာ။ စိတ်တူကိုယ်တူချစ်တဲ့သူတွေကိုရကြတော့ ဘယ်လောက်ပျော်လိုက်လေမလဲ။ ငါကျတော့ ကံဆိုးလိုက်တာ။ မချစ်ဘဲနဲ့ အိမ်ထောင်ပြုတယ်။ ချစ်တဲ့သူတွေ့ပြန်တော့လည်း ငါ့မှာက မလွတ်မလပ်နဲ့။ ဒါဘယ်သူ့အပြစ်မှမဟုတ်ဘူး၊ ငါ့အပြစ်ပဲ။ ဆင်းရဲခြင်းရဲ့ ထွက်ပေါက်လို့ ငါတွေးခဲ့ပေမယ့် တကယ်တော့ ထွက်ပေါက်မဟုတ်ဘဲ ဆင်းရဲတွင်းထဲကို ခုန်ဆင်းသလိုဖြစ်နေပါပေါ့လား။ လူတွေအမြင်မှာတော့ ငါ ကံကောင်းတယ်တဲ့။ မဟုတ်ဘူး၊ ကံဆိုးနေတာ။ ကံဆိုးနေတာ'

ဟု တွေးပြီး ငိုင်နေမိ၏။ စက်သီးကြိုးလှုပ်နေသည်ပင် သတိမထားမိပေ။

"ဟေ့- အိုက်ယ၊ ဘာလုပ်နေတာလဲ။ ချိတ်လေကွာ"

"ဟုတ်၊ ဟုတ်"

အောက်မှ ဦးသောမ လှမ်းအော်သံဖြင့် ကပျာကယာ စက်သီးလှည့်ရလေ၏။ အောက်မှ ဖြုန်းမြေများတင်နေခြင်းဖြစ်သည်။ ဖြုန်းအပြည့်ပါသော စောကူသည် တရွေ့ရွေ့တက်လာနေ၏။

(ဆက်ရန်)

ရွှေပြည်စိုး(မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

# စက်မှုလုပ်ငန်းနှင့်ဆိုင်သောအဆိပ်အတောက်ဖြစ်မှုများ (Industrial Toxicology)

စက်မှုလုပ်ငန်းနှင့် ဆိုင်သော အဆိပ်အတောက်ဖြစ်မှုများသည် နိုင်ငံအသီးသီးတွင် ဖြစ်ပွားခဲ့ပါသည်။

အဆိပ်အတောက်များ ပါဝင်နိုင်သည့်အရာဝတ္ထုများ စက်မှုလုပ်ငန်းများတွင် ပါဝင်ထွက်ရှိခြင်းကြောင့် လူအများ၏ကျန်းမာရေးကို ထိခိုက်နိုင်ပါသည်။ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော အဆိပ်အတောက်များသည် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို များစွာဖြစ်စေပါသည်။ လေထု၊ ရေထု၊ မြေထုများအတွင်းသို့ ရောက်ရှိပျံ့နှံ့သွားပြီး သက်ရှိများ၊ သစ်ပင်များအပေါ် ရောဂါများကျရောက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်း၊ မြေအောက်ရေပျက်စီးခြင်း၊ အက်စစ်မိုးရွာသွန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ လေထု၊ ရေထုညစ်ညမ်းမှုနှင့် မြေထုညစ်ညမ်းမှုတို့သည် ဆက်နွှယ်လျက်ရှိနေပါသည်။

စက်မှုလုပ်ငန်းများမှ ထွက်ပေါ်လာသည့် အဆိပ်အတောက်ဖြစ်မှုများသည် လူအများကျန်းမာရေးကို အောက်ပါအတိုင်း ထိခိုက်နိုင်ပါသည်။

**၁။အသက်ရှုလမ်းကြောင်းမှတစ်ဆင့်ဝင်ရောက်ခြင်း** (Inhalation Airborne)

လေထုကို ညစ်ညမ်းစေသည့်လေထဲရှိ အမှုန်အမွှားများ၊ အငွေ့များ၊ လေကို ညစ်ညမ်းစေသည့် ဓာတ်ငွေ့များသည် အသက်ရှုလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ ရောက်ရှိခြင်း။

**၂။ အရေပြားမှတစ်ဆင့် ဝင်ရောက်ခြင်း** (Skin Absorption)

အရည်များ၊အဆီများသည် အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ရောက်ရှိခြင်း။

**၃။ အစာလမ်းကြောင်းမှ ဝင်ရောက်ခြင်း** (Ingestion Hazards)

အဆိပ်အတောက်အစိုင်အခဲနှင့် အရည်များသည် ပါးစပ်အစာလမ်းကြောင်းမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်ခြင်း။

**အသက်ရှုလမ်းကြောင်းအန္တရာယ်များ** (Inhalation Hazards)

လေထုညစ်ညမ်းမှုကြောင့်ဖြစ်ပေါ်လာသော အဆိပ်အတောက်များသည်



အ သက်ရှုလမ်းကြောင်းစနစ်ကို ထိခိုက်စေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြင့်လည်း အခြားခန္ဓာကိုယ်အစိတ်အပိုင်းများကို ဒဏ်ရာရ ပျက်စီးစေပါသည်။ ဥပမာအားဖြင့် အဆိပ်အတောက်ဓာတုပစ္စည်းများသည် အသက်ရှူရှိုက်ခြင်းမှတစ်ဆင့် ခန္ဓာကိုယ်သွေးလည်ပတ်မှုစနစ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။

**အရေပြားမှတစ်ဆင့် ဝင်ရောက်သည့်အန္တရာယ်များ** (Skin Abssorption Hazards)

အရေပြားမှတစ်ဆင့် အရည်များ၊ အဆီများ စသည့် အဆိပ်အတောက်ဓာတုပစ္စည်းများ ဝင်ရောက်ခြင်းကြောင့် အရေပြားရောဂါများဖြစ်ပွားခြင်း၊ ယားယံခြင်းများဖြစ်စေပြီး အခြားခန္ဓာကိုယ်၏ အစိတ်အပိုင်းများကိုလည်း ထိခိုက်ပျက်စီးစေနိုင်ပါသည်။

**အစာလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နိုင်သည့်အန္တရာယ်များ** (Ingestion Hazards)

အဆိပ်အတောက် ဓာတုပစ္စည်းများ၊ အစာလမ်းကြောင်းမှ ဝင်ရောက်မှုကြောင့် ဝမ်းဗိုက်နှင့် ပတ်သက်သော ရောဂါများဖြစ်ပွားခြင်း၊ အစာခြေစနစ်မှတစ်ဆင့် သွေးလည်ပတ်မှုစနစ်မှ စုပ်ယူသဖြင့် အဆိပ်သင့်နိုင်ပါသည်။

အဆိပ်အတောက်ကိုဖြစ်စေသော ပစ္စည်းများကြောင့် အပြင်းအထန်ရောဂါခံစားရခြင်း၊ အချိန်တိုအတွင်း ပြင်းအားမြင့်သော အဆိပ်ဓာတုပစ္စည်းများနှင့် ဝင်ရောက် ထိတွေ့မှုများကြောင့် ဖျားနာခြင်း၊ ရောဂါများဖြစ်ပွားခြင်း၊ သတိမေ့မြောခြင်းနှင့် သေဆုံးသည်အထိ ဖြစ်ပေါ်နိုင်ပါသည်။ ထို့အပြင် နာတာရှည်ရောဂါများ ဖြစ်ပွားခြင်း၊ အချိန်တာရှည်စွာ ပြင်းအားနည်းသော အဆိပ်ဓာတုပစ္စည်းများနှင့် ထိတွေ့ရခြင်းကြောင့် နာတာရှည်ရောဂါနှင့် အဆိပ်သင့်ခြင်းသည်လည်း ဖြစ်ပေါ်နိုင်ပါသည်။

အဆိပ်သင့်နိုင်သည့်အနေအထားများမှာ အောက်ပါအချက်အပေါ်တွင် မူတည်ပါသည်။

အဆိပ်အသင့်နိုင်သည့် ဓာတုပစ္စည်းများ၏ ပြင်းအား၊ ထိတွေ့မှုအကြိမ်အရေအတွက်၊ အချိန်ကာလ၊ အဆိပ်သင့်သည့် ဓာတုပစ္စည်းအမျိုးအစားများ ခန္ဓာကိုယ်အတွင်း ဓာတ်ပြောင်းလဲမှု၊ ခန္ဓာကိုယ်မှစုပ်ယူမှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းများသို့ရောက်ရှိမှု၊ ခန္ဓာကိုယ်အတွင်းမှ ဖယ်ရှားနိုင်မှုများကြောင့် အဆိပ်သင့်နိုင်သည့် ရောဂါပြင်းထန်မှုအနည်း၊ အများ ကွာခြားနိုင်ပါသည်။

စက်မှုလုပ်ငန်းများမှ ထွက်ပေါ်လာသည့် အဆိပ်အတောက်သင့်နိုင်သော အန္တရာယ်ပစ္စည်းများကို အောက်ပါအတိုင်း ခွဲခြားနိုင်ပါသည်။

သတ္တုပစ္စည်းများ ထုတ်လုပ်မှုကြောင့် အဆိပ်အတောက်ဖြစ်စေခြင်း





www.burmeseclassic.com

www.burmeseclassic.com

အက်စစ်၊ အရက်များ၊ အယ်ကာလီ ထုတ်လုပ်မှုကြောင့် အဆိပ်အတောက်ဖြစ်စေခြင်း၊ ဓာတုပစ္စည်းများ ထုတ်လုပ်မှု အသုံးပြုမှုကြောင့် ခန္ဓာကိုယ်အတွင်းရှိအစိတ်အပိုင်းများ၊ အသည်း၊ ကျောက်ကပ် စသည်တို့ကို ထိခိုက်စေနိုင်ခြင်း၊ အဆိပ်ဖြစ်စေသည့် ပစ္စည်းများ ဖြစ်ပါသည်။ ထိုပစ္စည်းများသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်ခြင်း၊ အစာလမ်းကြောင်းများမှ ဝင်ရောက်ခြင်း၊ အရေပြားမှတစ်ဆင့်ရောက်၍ ရောဂါများဖြစ်ပွားမှုသာမက အသက်ဆုံးရှုံးနိုင်သည်အထိ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပွားနိုင်သော ရောဂါများအား များပြားလှပါသည်။

**လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားသော ရောဂါများ**

အောက်စီဂျင်ကောင်းမွန်စွာမရရှိ၍ အဆုတ်၏ လုပ်ဆောင်ချက် ချို့ယွင်းခြင်း မျက်စိ၊ နှာခေါင်း၊ ပါးစပ်၊ လည်ချောင်းယားယံစေပြီး ရောဂါဖြစ်ခြင်း၊ ပန်းနာရင်ကျပ်ရောဂါဖြစ်ခြင်း၊ အသက်ရှူလမ်းကြောင်းရောဂါဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူစဉ် အသံမြည်နေခြင်း၊ စွမ်းအင်ခွန်အားဆုတ်ယုတ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ ဟော်မုန်းထုတ်လုပ်မှု မျိုးပွားခြင်းနှင့် ပင်ကိုခုခံအားစနစ်ချို့ယွင်းခြင်း၊ အာရုံကြောပျက်စီးခြင်း၊ နှလုံးသွေးကြောများနှင့် ဆိုင်သောရောဂါပြဿနာများ၊ ကင်ဆာရောဂါဖြစ်ပွားခြင်းနှင့် စောစီးစွာသေဆုံးခြင်းများ ဖြစ်ပါသည်။

ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် လေထုအိုဇုန်းလွှာ ပျက်စီးပေါက်ပြဲ၍ နေမှထုတ်လွှတ်သော ခရမ်းလွန်ရောင်ခြည်ကို ထိခိုက်ခံစားရသောသတ္တဝါများသည် အရေပြားကင်ဆာရောဂါဖြစ်ပွားခြင်းနှင့် အဆုတ်တစ်သျှူးများ ပျက်စီးပါသည်။

**ရေထုညစ်ညမ်းမှုကြောင့် ဖြစ်ပွားနိုင်သည့် ရောဂါများ**

တိုက်ဖွိုက် (အူရောင်ငန်းဖျားရောဂါ)၊ ဝမ်းရောဂါပိုးများ စွဲကပ်ခြင်း၊ အသဲကောင်ရောဂါဖြစ်ပွားခြင်း၊ နားကိုက်ခြင်း မျက်လုံးများနီရဲလာခြင်း၊ အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ အသည်းရောင်အသားဝါ၊ ဦးနှောက်ရောင်ရောဂါ၊ အစာအိမ်ရောင်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်း၊ ဝမ်းကိုက်ခြင်းများ ဖြစ်ပါ



သည်။

ထို့ပြင် ရေထဲတွင် ဓာတုပစ္စည်းများဖြစ်သည့် ဟိုက်ဒရိုဂျင်၊ ကာဗွန်၊ ပြဒါး၊ ခဲ စသည့် သတ္တုများ ရောက်ရှိညစ်ညမ်းမှုကြောင့် အောက်ပါ ရောဂါများ ဖြစ်ပေါ်နိုင်ပါသည်။

ကင်ဆာရောဂါများဖြစ်ပွားခြင်း၊ ဟော်မုန်းထုတ်လုပ်မှု မျိုးပွားမှု ချို့ယွင်းခြင်း၊ အာရုံကြောများပျက်စီးခြင်း၊ အသည်းနှင့် ကျောက်ကပ်ပျက်စီးခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ဦးနှောက်ပျက်စီးခြင်း၊ ကြွက်သားလှုပ်ရှားမှုနှေးကွေးခြင်း၊ ပါကင်ဆန်ရောဂါဖြစ်ပွားခြင်း၊ သွေးလွှတ်ကြောအတွင်းနံရံများထူခြင်း၊ မာခြင်း၊ အယ်ဇိုင်းမားရောဂါ၊ နှလုံးရောဂါဖြစ်ပွားသည်မှ သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

ရေထုညစ်ညမ်းမှုများသည် လေထုညစ်ညမ်းမှုများနှင့်လည်း ဆက်နွယ်ပတ်သက်နေတတ်ပါသည်။ လေထုထဲတွင် မီးခိုးငွေ့များကြောင့် အက်စစ်မိုးရွာခြင်းဖြင့် ရေထုညစ်ညမ်းမှုများ ဖြစ်နိုင်ပါသည်။

**မြေဆီလွှာ၊ မြေထုပျက်စီးခြင်းကြောင့် ဖြစ်ပွားနိုင်သောရောဂါများ**

သွေးကင်ဆာ၊ ကင်ဆာရောဂါများ ဖြစ်ပွားခြင်း၊ မြေကြီးထဲတွင် ပါဝင်သော ခဲဓာတ်များကြောင့် ကလေးငယ်များ ဦးနှောက်ဖွံ့ဖြိုးမှုပျက်စီးခြင်း၊ ပြဒါးဓာတ်ကြောင့် ကျောက်ကပ်နှင့် အသည်းကို အဆိပ်အတောက်ဖြစ်စေ၍ ပျက်စီးခြင်း၊ အာရုံကြောများပျက်စီးခြင်း၊ ဗဟိုအာရုံကြောစနစ် ချို့ယွင်းခြင်း၊ ခေါင်းကိုက်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အရေပြားပျက်စီးခြင်း၊ မျက်စိထိခိုက်ခြင်းတို့ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် တိရစ္ဆာန်များအပေါ် လည်း ထိခိုက်မှုများ ဖြစ်ပေါ်စေပါသည်။ စက်ရုံ အလုပ်ရုံများ၊ ကားများမှထွက်ရှိသော မီးခိုးငွေ့များကြောင့် လေထဲတွင် ကန့်(ဆာလဖာ)ဓာတ်ငွေ့ စုဝေးပြီးနောက် အက်စစ်မိုးရွာသွန်းခြင်းကြောင့် ရေကန်၊ စမ်းချောင်းများအတွင်းမှ တိရစ္ဆာန်များ၊ ငါးများ သေဆုံးရခြင်း၊ သောက်သုံးရေများ ပျက်စီးခြင်းတို့ ဖြစ်ပါသည်။

စက်မှုလက်မှုလုပ်ငန်းများမှ အဆိပ်အတောက်ပေါ်နိုင်မှုများကို သိရှိခြင်းအားဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရပါမည်။ လေထဲတွင် ပျံ့လွင့်လျက်ရှိသော အခိုးအငွေ့၊ အမှုန်အမွှား၊ မီးခိုးငွေ့များ၊ အဆိပ်အတောက်များလွင့်ပျံ့မှုကို စက်မှုအင်ဂျင်နီယာနည်းစနစ်ဖြင့်သော် လည်းကောင်း၊ စီမံခန့်ခွဲအဖြစ်သော် လည်းကောင်း ဖယ်ရှားနိုင်သည်။ လေမှုတ်စက်၊ လေစုပ်စက် တပ်ဆင်အသုံးပြုခြင်း၊ လေသန့်ရှန်စက်များ၊ ရေပန်းများထားရှိခြင်း၊ ပတ်ဝန်းကျင်လေ၏ အရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိ အမြဲစစ်ဆေးပေးနေခြင်း၊ ထိုလုပ်ငန်းပတ်ဝန်းကျင်များတွင် တာဝန်ထမ်းဆောင်နေသော လုပ်သားများ၏ ကျန်းမာရေးကို အမြဲစစ်ဆေးနေခြင်း၊ အန္တရာယ်ကာကွယ်ရေးပစ္စည်းများ၊ ဥပမာ နှာခေါင်းစည်း အသုံးပြုခြင်းတို့ကို ဆောင်ရွက်စေပါမည်။

အဆိပ်အတောက်များသည် နည်းလမ်းသုံးသွယ်ဖြင့် အသက်ရှူလမ်းကြောင်း၊ အစာအိမ်လမ်းကြောင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ကြောင်း သိရှိပြီးဖြစ်ပါသဖြင့် နှာခေါင်းစည်း၊ ပါးစပ်စည်းများ ဝတ်ခြင်း၊ ခန္ဓာကိုယ်အရေပြားကာကွယ်ရေးအတွက် သင့်တော်သည့် ခန္ဓာကိုယ်လုံခြုံရေးပစ္စည်းများ ဝတ်ဆင်ခြင်းကို ပြုလုပ်ရပါမည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ လုပ်သားများကိုယ်တိုင်က မိမိတို့လုပ်ကိုင်နေသော လုပ်ငန်းခွင်တွင် မည်သို့သော အန္တရာယ်ဝေဒနာများ ဖြစ်ပေါ်တတ်သည်ကို သိရှိပြီး ထိုအန္တရာယ်ဝေဒနာများကို မဖြစ်ပွားရန် မည်သို့မည်ပုံရှောင်ရှားကာကွယ်ကြရမည်ကို နားလည် သဘောပေါက်ထားရန် လိုအပ်ပါသည်။ လုပ်ငန်းအမျိုးအစားအလိုက် ဖြစ်ပေါ်ရရှိနိုင်သည့် အန္တရာယ်များ၊ ရောဂါဝေဒနာများ အကြောင်းသိရှိခြင်းဖြင့် သတိပြု ရှောင်ရှားနိုင်ပြီး ကြိုတင်ကာကွယ်နိုင်ကြောင်း ရေးသား တင်ပြအပ်ပါသည်။

စွမ်းထက်နောင်



www.burmeseclassic.com

www.burmeseclassic.com

မတ်လကုန်ခါနီးနေပြီဖြစ်၍ ရာသီဥတုက ပြင်းထန်စပြုနေပြီ ဖြစ်သည်။ မနက်မိုးလင်း၍ အရှေ့ဘက်ဆီမှ နေလုံးကြီးပေါ်ထွက်လာသည်နှင့် တဖြည်းဖြည်း အပူရှိန်မြင့်တက်လာသည်မှာ နေ့လယ်ပိုင်းသို့ရောက်လာချိန်တွင် မခံမရပ်နိုင်အောင် ပူပြင်းလှသည်။

ပတ်ဝန်းကျင်တစ်ခုလုံးတွင်လည်း အသစ်ထွက်လာသော ရွက်နုရွက်သစ်များဖြင့် စိမ်းစိုတောက်ပပြီး အုပ်ဆိုင်းလျက်ရှိနေသော်လည်း ပူပြင်းလှသော အပူရှိန်မှ သက်သာအောင်တော့ မတားဆီးနိုင်ပေ။

ကျွန်တော်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့လေး ကွင်းဆင်းဆောင်ရွက်လာခဲ့သည်မှာ မိုးအကုန် စက်တင်ဘာလမှစ၍ ယခုအချိန်ထိ အချိန်ကာလအားဖြင့် ခြောက်လကျော်ကျော် ခုနစ်လနီးပါးခန့် ရှိနေပြီဖြစ်ပြီး နေရာအားဖြင့် စခန်းငါးနေရာပြောင်းရွှေ့ခဲ့ပြီး ဖြစ်သည်။

ယခု ကျွန်တော်တို့အဖွဲ့ စခန်းချထားသည့်နေရာက ရိုးမတောင်တန်းကြီး၏ခြေရင်းဖြစ်သဖြင့် နေ့အခါ ပူပြင်းသလောက် ညရောက်ပြန်လျှင်လည်း မြူနှင်းများ ထူထပ်စွာကျလာတတ်ပြီး အေးမြလျက်ရှိသည်။

စတင်ကွင်းဆင်းဆောင်ရွက်ခဲ့စဉ်က နေ့စဉ်လိုလိုပင် ရေနက်နက်ဗွက်ထူထူဖြင့် သွားရလာရ လုပ်ရကိုင်ရ ခက်ခဲသလောက် တဖြည်းဖြည်းနှင့် ချောင်းဖျားဘက်သို့ ရောက်လာလေလေ ချောင်းခြောက်များဖြစ်ကာ ရေနည်းသွားလေလေ ဖြစ်သည်။

အောက်ခံကြမ်းပြင်ကလည်း ရွှံ့နွံများမရှိတော့ဘဲ သဲများ၊ ကျောက်တုံးကျောက်ခဲကြီးများသာ ရှိတော့သဖြင့် သွားလာရအဆင်ပြေပြီး လုပ်ငန်းလည်းတွင်ကျယ်လာခဲ့သည်။ သွားလာရသက်သာအဆင်ပြေသောကြောင့် သာမန်ချောင်းလက်တက်တစ်ခုဆိုလျှင် တစ်နေ့တည်းနှင့် လုပ်ငန်းပြီးပြတ်သည်။

ရေမရှိသော ချောင်းခြောက်များဖြစ်သော်လည်း တချို့နေရာများတွင် ကြည်လင်နေသော ရေအိုင်ကြီးများကိုတော့ မကြာခဏတွေ့ရတတ်သည်။ အထက်ဘက်မှရေများ ဝါးလုံးထိုးကျလာပြီး ရေတံခွန်သဖွယ်ဖြစ်နေသဖြင့် ထိုနေရာများတွင် နက်ရှိုင်းသောချိုင့်ကြီးများ ဖြစ်ပေါ်နေတတ်သည်။

ထိုနေရာများတွင် ရေဝပ်ကျန်ခဲ့သဖြင့် မိုးရာသီကုန်ဆုံးသွားသော်လည်း ဆယ်နှစ်လရာသီပတ်လုံး ရေမပြတ်သော ရေအိုင်ကြီးများဖြစ်ကျန်ခဲ့သည်။

သောက်ရေကတော့ လူတစ်ယောက်လျှင် ရေတစ်ဘူးပါလာကြသော်လည်း ထမင်းစားလျှင် လက်ဆေးရန်နှင့် ထမင်းဘူးများဆေးကြောရန်ရေကိုတော့ ထိုအိုင်ကြီးများမှရေကိုသာ အားကိုး[illegible] သည်။ တစ်နှစ်ပတ်လုံး လူသူအရောက်အပေါက်မရှိသလောက် နည်းပါးသော နေရာများဖြစ်သောကြောင့် ရေအိုင်များ ရှိရေများက ကြည်လင်စိမ်းလဲ့နေသည်။

ရိုးမတောကြီး၏ အစပ်ဖြစ်သဖြင့် ထိုရေအိုင်များတွင် ရေဆင်းသောက်တတ်သော ချေ၊ သမင်၊ ဒရယ် စသည့် တောကောင်လေးများကိုလည်း မကြာခဏ ရိပ်ခနဲထွက်ပြေးတတ်သည်ကိုတွေ့ ရတတ်သည်။

မနက်စောစောကစားထားသော ထမင်းကြော်တစ်ပန်းကန်မောက်မောက်မှာလည်း စထွက်လာကတည်းက မရပ်မနားဆက်တိုက်လမ်းလျှောက်နေရသောကြောင့် ဘယ်ဆီသို့ရောက်သွားသည်မသိတော့ဘဲ ဗိုက်ထဲမှတဂွီဂွီနှင့်မြည်နေသော အသံကိုပင် ကြားနေရပြီ ဖြစ်သည်။

"ရှေ့ကသွားနေတဲ့အဖွဲ့တွေ ဖြည်းဖြည်းသွားကြတော့ဟေ့၊ ရေတွေ့ရင်နား ပြီး ထမင်းစားကြရအောင်"

အနောက်ဘက်ဆီမှ မြေနမူနာများနှင့် ပတ်ဝန်းကျင်အနေအထား[illegible]

(အောင်လံ)

# တင်အေးကျော်

## ကျီစားသန့်သောကွင်းပိုင်ကြီး





www.burmeseclassic.com

www.burmeseclassic.com

စစ်ဆေးရင်းလိုက်လာသော အဖွဲ့ခေါင်းဆောင်ဖြစ်သူ အရာရှိ ဦးမြင့်မောင်၏ အသံကြောင့် ကျွန်တော့်လက်တွင်ပတ်ထားသောနာရီကိုကြည့်လိုက်ရာ နေ့လယ်ဆယ့်နှစ်နာရီထိုးခါနီးနေပြီဖြစ်ကြောင်း သိလိုက်ရသည်။

ခဏအကြာတွင် ရေများကြည်တင်စိမ်းလဲ့နေသော ရေအိုင်တစ်အိုင်ကို တွေ့ကြရသဖြင့် မနက်စာစားရန် ခဏနားလိုက်ကြသည်။ နီးစပ်ရာအရိပ်များအောက်တွင် ခြေပစ်လက်ပစ်နားလိုက်ကြရင်း ထည့်ပေးလိုက်သည့် ထမင်းဘူးများကို ဖွင့်စားလိုက်ကြသည်။


"ဟာ - ဒီနေ့လည်း ငါးခြောက်နဲ့ အာလူးဟင်းပဲဟေ့။ ကြည့်ရတာတော့ အဒီမှူးလှကြည်က အခုတစ်လော ဒီဟင်းတစ်မျိုးပဲချက်မယ်လို့ ဘုရားမှာ ဆုတောင်းထားတာလားမသိပါဘူးကွာ။ ငါမှတ်ထားတာ ဒီနေ့ပါဆိုရင် ဒီငါးခြောက်နဲ့ အာလူးဟင်းက ငါးရက်တောင်ရှိနေပြီထင်တယ်"

အဖွဲ့သားတစ်ယောက်၏ ပြောလိုက်သံကြောင့် ကျွန်တော်တို့အားလုံး ဝိုင်းရယ်လိုက်ကြသည်။

"မင်းတို့ကလည်းကွာ၊ ဟင်းချက်ပေးတဲ့လှကြည်ကိုချည်း အပြစ်တင်မနေကြပါနဲ့။ အခုဆို ငါတို့ ဒီစခန်းပြောင်းလာတာပဲ တစ်လပြည့်တော့မယ်။ ရိက္ခာကလည်း ကုန်သလောက်ဖြစ်နေပြီလို့ ညတုန်းကပဲ ငါ့ကို လှကြည်လာသတင်းပို့သေးတယ်။ မင်းတို့လည်းအသိပဲ၊ ဒီရွာက ရွာဆက်လည်းပြတ်တဲ့အပြင် အိမ်ခြေကလည်း နှစ်ဆယ်အစိတ်လောက်ပဲရှိတာဆိုတော့ ပိုက်ဆံရှိရင်တောင် ဘာမှဝယ်စားစရာမရှိဘူးလေ။ အဲဒီတော့ မင်းတို့နည်းနည်းလောက်သည်းခံပေးကြပါကွာ။ စခန်းသိမ်းပြီး မြို့ကိုပြန်ရခါလည်းနီးနေပါပြီ။ နောက်တစ်နေရာပြောင်းပြီးရင် ကွင်းဆင်းတဲ့အလုပ်တွေပြီးပါပြီ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်တမင်ရယ်စရာပြောလိုက်တာပါ။ လက်ရှိအနေအထားကို ကျွန်တော်တို့လည်း သဘောပေါက်ပါတယ်"

ပြောမည့်သာပြောရသည်၊ ယခုလိုအချိန်မျိုးတွင် အမှန်တကယ်ပြောရမည်ဆိုပါက ငါးခြောက်နှင့် အာလူးဟင်းသာမဟုတ်၊ မည်သည့်ဟင်းနှင့်ဖြစ်ပါစေ ထမင်းစားကောင်းကြမည်မှာ အသေ





www.burmeseclassic.com

www.burmeseclassic.com

အချာဖြစ်သည်။ တစ်ဖွဲ့လုံး ဗိုက်ထဲက တဂွီဂွီနှင့်မြည်နေအောင်ထမင်းဆာနေကြပြီ မဟုတ်ပါလား။

စကားဆက်မပြောနိုင်ကြတော့ဘဲ ဆာဆာနှင့် ထမင်းဘူးများဖွင့်ကာ စားလိုက်ကြသည်။ ခေါင်းမဖော်တမ်း စားနေရာမှ ဆရာဦးမြင့်အောင်က ခပ်လှမ်းလှမ်းတွင် နှစ်ယောက်တစ်ဖွဲ့ထိုင်ကာ ထမင်းစားနေသော လုံခြုံရေးဝန်ထမ်းဖြစ်သူ ရဲတပ်ကြပ်ဦးဟန်စိန်နှင့် သူ၏ တပည့်အား လှမ်းမေးလိုက်သည်။

"ဗျို့ - ဆရာဦးဟန်စိန်တို့ကော ဘာဟင်းတွေချက်လာကြသလဲ။ ကြည့်ရတာတော့ ဟင်းတော်တော်ကောင်းမယ်နဲ့တူတယ်။ ခေါင်းတောင်မဖော်ကြဘူးဗျာ၊ စားနေလိုက်ကြတာ။ ခင်ဗျားတို့ကတော့ တစ်ခါတလေ တောလည်တတ်ကြလို့ ဟင်းကောင်းချက်လာကြတယ်ထင်တယ်"

"ဟင်းမကောင်းပါဘူး ဆရာရယ်။ ဆရာတို့နဲ့ ထူးမခြားနားဟင်းပါဘဲ။ ငါးခြောက်နဲ့ ခရမ်းသီးပါ။ ဆရာတို့လည်း အသိပဲ အခုတစ်လော အလုပ်တွေက ဆက်တိုက်နားရက်မရှိလို့ အမဲလေးဘာလေးတောင်ထွက်မပစ်နိုင်တာကြာပါပြီ။ ပေးထားတဲ့လူကလည်း ကျွန်တော်ပါမှ လေးယောက်တည်းရယ်။ ဒီကြားထဲ လစာထုတ်ဖို့နဲ့ရိက္ခာလေးဘာလေးဝယ်ရအောင် တစ်ယောက်ကို အခုရက်ပိုင်းမှာ မြို့ကိုပြန်လွှတ်လိုက်ရတော့ ကျန်တဲ့သုံးယောက်နဲ့ ဘယ်လိုမှ မအားပါဘူးဗျာ"

"ဒါဆိုရင် မနက်ဖြန်မနက်ပိုင်း ကျွန်တော်တို့နဲ့ တစ်ယောက်ပဲထည့်ပေးလိုက်လေ။ကျန်တဲ့တစ်ယောက်က စခန်းနဲ့မနီးမဝေးမှာ ရလိုရငြားထွက်လည်ပါလားဗျ။ မနက်ဖြန်မနက်ဝင်ရမယ့်ချောင်းလေးက သေးသေးလေးပါ။ ချောင်းကလည်း ချောင်းခြောက်ဖြစ်လို့ မနက်ပိုင်းတင်ပြီးချင်ပြီးသွားမှာ"

"ဒါဆိုရင်လည်း အဆင်ပြေတာပေါ့ဆရာရယ်။ တောလည်တာကတော့ ကျွန်တော်ပဲသွားပါ့မယ်။ ကောင်လေးတွေ က အတွေ့အကြုံသိပ်မရှိသေးလို့ စိတ်မချဘူး။ သိပ်ပြီးတောနက်ထဲလည်း သွားစရာမလိုလောက်ပါဘူး။ အခုလို ကွင်းဆင်းနေရင်းတောင် သားကောင်တွေကို ခဏခဏတွေ့နေရတာ။ ကျွန်တော်တို့ လူအုပ်ကများပြီး အသံတွေဆူနေလို့သာ လန့်ပြီးပြေးကုန်ကြလို့ပစ်မရတာပါ"

"ခင်ဗျားအဆင်ပြေသလိုသာစီစဉ်ပါဗျာ။ အန္တရာယ်မဖြစ်ရင်ပြီးတာပါဘဲ။ ကဲ - စားသောက်ပြီးကြရင် ဆက်ထွက်ကြရအောင်ပော့။စောစောပြီးတော့ စောစောပြန်ရတာပေါ့"

❒

ဆရာဟန်စိန်က ကျွန်တော်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့တွင် တွဲဖက်တာဝန်ထမ်းဆောင်လာခဲ့သည်မှာ သုံးလခန့်ရှိနေပြီ ဖြစ်သည်။ ဆရာဟန်စိန်နှင့် အလုပ်အတူတူတွဲလုပ်ရသည်မှာ အဆင်ပြေသောကြောင့် သက်ဆိုင်ရာရဲစခန်းသို့ အဖွဲ့မှမေတ္တာရပ်ခံထားသဖြင့် ကျန်သည့် ဝန်ထမ်းသုံးဦးသာ တစ်လလျှင်တစ်ကြိမ် လဲလှယ်ပေးသော်လည်း ဆရာဟန်စိန်ကိုတော့ ပုံမှန်အတိုင်းပင် တာဝန်ဆက်လက်ပေးထားခဲ့သည်။

အလုပ်ဝတ္တရားနှင့် ပတ်သက်လာလျှင် မခိုမကတတ်ဘဲ တက်တက်ကြွကြွနှင့် လုပ်ဆောင်တတ်သလို စည်းကမ်းပိုင်းတွင်လည်း တိတိကျကျရှိသောကြောင့် လုပ်ရကိုင်ရအဆင်ပြေသည်။

ပင်ကိုစိတ်က သဘောကောင်းသူတစ်ဦးဖြစ်သော်လည်း လူဖြောင့်စိတ်တိုဟု ပြောရမည်ဖြစ်သည်။ ကတိတစ်ခုပေးထားပါက သူကိုယ်တိုင် တိတိကျကျလိုက်နာပြီး ကတိတည်တတ်သလို မလိုက်နာဘဲ ဖောက်ဖျက်သူ၊ ကတိမတည်သူကိုလည်း ခွင့်မလွှတ်တတ်ဘဲ အလွန်စိတ်ဆိုးတတ်သည်။

မနက်ပိုင်းတွင် လုပ်စရာရှိသည်များကိုလုပ်နေရသောကြောင့် နေ့လယ်စာစားပြီးမှသာ ဆရာဟန်စိန် တောထဲသို့ ထွက်ခဲ့သည်။ ခဏအကြာတွင် ရိုးမတောစပ်သို့ရောက်ခဲ့ပြီး ကြီးမားလှသော သစ်ပင်ကြီးတစ်ပင်တွင် သပ်သပ်ရပ်ရပ်ပြုလုပ်ထားသည့် စင်ကလေးတစ်ခုကို တွေ့လိုက်ရသည်။ စင်လေးပေါ်တွင် ကိုးကွယ်ထားသော ရုပ်တုကလေးများကို တွေ့ရသည့်အပြင် တင်မြှောက်ပသထားသော ပစ္စည်းများကိုလည်း တွေ့လိုက်ရသည်။ ရပ်ဓလေ့ရွာဓလေ့ တောတောင်ဓလေ့အရ အများနည်းတူ ဆရာဟန်စိန်လည်း ပါလာသော ပစ္စည်းလေးများနှင့် တင်မြှောက်ပသလိုက်ပြီး သားကောင်ကြီးကြီးမားမားရစေရန်နှင့် ရလာပါက ထုံးစံအတိုင်း တင်မြှောက်ပသပါမည့်အကြောင်းကိုပါ သက်ဆိုင်ရာကွင်းပိုင်ကြီးအား တစ်ဆက်တည်း ကတိပေးတောင်းခံခဲ့သည်။

သေနတ်ကို အသင့်အနေအထား ကိုင်ရင်း ဆရာဟန်စိန် တောကြီးထဲသို့ တဖြည်းဖြည်းဝင်လာခဲ့သည်။ သာယာလှသော တောရိပ်တောင်ရိပ်များက စာဖွဲ့လို့ပင်မမီနိုင်။ ရိုးမတောကြီး၏ အစပ်တွင်ပင် သစ်ပင်ကြီးများက နေပြောက်မထိုးအောင် မှိုင်းညို့အုပ်ဆိုင်းနေသည်။ တောင်ကုန်းလေးများ၊ လျှိုမြောင်လေးများကို မကြာခဏဖြတ်ကျော်ရင်း တောက နက်သည်ထက်နက်လာသောကြောင့် နေ့ခင်းပိုင်းဖြစ်သော်လည်း အအေးဓာတ်က သိသိသာသာပင်ဝင်လာသည်။

ရုတ်တရက် ခပ်လှမ်းလှမ်းရှိ ဝါးရုံများဘက်ဆီမှ ဖြောက်ခနဲအသံတစ်ချက် ကြားလိုက်ရသောကြောင့် သေနတ်ကို အသင့်ကိုင်ရင်း ဆရာဟန်စိန် ခြေသံကို ဖွနင်းကာ ဖြည်းဖြည်းချင်းကပ်သွားခဲ့သည်။

အေးအေးဆေးဆေးပင် အစာကိုငုံ့စားနေသောချေပေါက်ကြီးတစ်ကောင်ကို တွေ့လိုက်ရသောကြောင့် ရိုင်ဖယ်သေနတ်နှင့် ချိန်လိုက်သော်လည်း ပစ်ကွင်းမကောင်းသဖြင့် ခေတ္တငြိမ်၍ ကြည့်လိုက်မိသည်။

ခဏအကြာတွင် ချေပေါက်ကြီးသည် အစာဝသွား၍လား ဒါမှမဟုတ် အန္တရာယ်အငွေ့အသက်ကို ခံစားမိ၍လားမပြောတတ်၊ ဆတ်ခနဲခေါင်းထောင်ကာ ပတ်ဝန်းကျင်ကို မသင်္ကာသလို ကြည့်နေခဲ့သည်။ ဆရာဟန်စိန် အသက်ကို ခဏအောင့်၍ သေနတ်မောင်းကို ဆွဲလိုက်သည်။

ဒိုင်းခနဲယမ်းအားပေါက်ကွဲသံနှင့်အတူ ချေပေါက်ကြီး နေရာတွင်ပင် ဝုန်းခနဲလဲကျသွားခဲ့သည်။ ချက်ကောင်းကိုထိသွားသောကြောင့် တစ်ချက်တည်းနှင့်ပင် သေသွားပြီဖြစ်ကြောင်း အတွေ့အကြုံအရ ဆရာဟန်စိန်သိလိုက်သည်။

ခါးမှအမဲလိုက်ဓားမြှောင်ကို အသာဖြုတ်၍ ခြေထောက်မှ အကြောများကို ဖြတ်လိုက်သည်။ ချေပေါက်ကြီးကိုအနီးကပ်ကြည့်လိုက်မှ အလေးချိန်အတော်ကြီး မိမိတစ်ယောက်တည်း ထမ်းပြန်ရန် မဖြစ်နိုင်ကြောင်း ဆရာဟန်စိန် သတိထားမိလိုက်သည်။

ထို့ကြောင့် ချေအသေကောင်မှ ခန္ဓာကိုယ်အစိတ်အပိုင်းအချို့အား ဓားဖြင့် စတိလှီးဖြတ်ယူလိုက်ပြီး သစ်ရွက် သစ်ခက်များဖြင့် သေသေချာချာဖုံးအုပ်ထားခဲ့ကာ နေရာအတိအကျ အမှတ်အသားပြုလုပ်၍ စခန်းသို့ အမြန်ပြန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

တောစပ်သို့ ရောက်သောအခါ ထိုးဖြတ်ယူလာသောချေအသေကောင်၏ ခန္ဓာကိုယ်အစိတ်အပိုင်းအချို့အား စင်ကလေးပေါ်သို့ တင်မြှောက်ကာ တောထဲသို့မဝင်မီ ကတိပေးထားသည့်အတိုင်း သက်ဆိုင်ရာ ကွင်းပိုင်ကြီးအား ပူဇော်ပသလိုက်သည်။

❐

ဆရာဟန်စိန် ချေပေါက်ကြီးတစ်ကောင် အမဲလိုက်၍ရခဲ့သောသတင်းက စခန်းချထားသော ရွာတစ်ရွာလုံးသို့ ချက်ချင်းပင် ပျံ့နှံ့သိရှိသွားခဲ့ကြသည်။ ဆရာဟန်စိန် မနားတော့ဘဲ စခန်းတွင် ကျန်ခဲ့သောတပည့်တစ်ဦးနှင့် ရွာသားသုံး လေးဦးကိုခေါ်ကာ ချေပေါက်ကြီးအား စခန်းသို့သယ်ရန်ပြန်ထွက်ခဲ့သည်။

တောထဲသို့ ရောက်သောအခါ စောစောပိုင်းကတင် ပြုလုပ်ထားခဲ့သော အမှတ်အသားများကိုတွေ့ရသော်လည်း ချေအသေကောင်ကိုမူ ဖုံးအုပ်ထားခဲ့သောနေရာတွင် မတွေ့ရတော့ပေ။ အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် လှူခွဲ၍ လှည့်ပတ်ရှာဖွေသော်လည်း ဘယ်လိုပင်ရှာရှာ မတွေ့ရ။ ပြုလုပ်ထားခဲ့သော အမှတ်အသားများကို တွေ့ရပါလျက် ရှာမတွေ့သည်မှာ ထူးဆန်းလှသည်။ ၎င်း၍ထူးဆန်းသည့်အချက်မှာ ခပ်စောစောကလေးကပင် သေနတ်မှန်ခဲ့သော သားကောင်မှထွက်သည့် သွေးစသွေးနများပင် မရှိတော့ခြင်း ဖြစ်သည်။

ခြေရာလည်းပျောက်၊ ရေလည်းနောက်ဖြစ်နေသည့်အတွက် ဆရာဟန်စိန်၏ စိတ်ထဲမှာတော့ အနည်းငယ်မိုက်စားမိလိုက်ပြီး စိတ်လည်းတိုသွားခဲ့မိသည်။

"ဆရာ ဒီနားမှာထားခဲ့တာကော သေချာရဲ့လား။ တစ်ကောင်ကောင်ကဆွဲသွားတယ်ဆိုရင်လည်း သွေးစသွေးနတွေနဲ့ ခြေရာလက်ရာတော့ကျန်ခဲ့ရမယ်။ အခုဟာက သွေးစသွေးနလည်းမရှိ၊ တခြားအကောင်တစ်ကောင်ကောင်ဆွဲသွားတဲ့ခြေရာလက်ရာလည်းမရှိဘူး ဆရာရဲ့"

တပည့်ဖြစ်သူနှင့်အတူ လိုက်ပါလာသော ရွာသားများထံမှ သံသယရှိသည့်စကားများကို ကြားလိုက်ရသည့်အတွက် ဆရာဟန်စိန်တစ်ယောက် စိတ်ထဲတွင် အတော်ပင် ကသိကအောင့်ဖြစ်သွားမိလိုက်သည်။

"ဒီနေရာမှာထားခဲ့တာ သေချာပါတယ်ကွာ။ မသေမရှင်နဲ့ ထပြီးပြေးတယ်ဆိုရအောင်လည်း ငါသေသေချာချာခြေထောက်ကအကြောတွေကိုဖြတ်ထားခဲ့တာကွ။ တကယ်လို့ မသေမရှင်နဲ့ထပြေးတယ်ဆိုရင်တောင် သွေးကွက်အစအနတွေတော့ ကျန်ခဲ့ရမယ်။ အခုဟာက ငါလည်းဘာပြောရမှန်းတောင်မသိတော့ပါဘူးကွာ"

"ဒါဆိုရင်လည်း ပြန်ကြရအောင်ဆရာရယ်၊ ဒဏ်ရာရသွားတယ်ဆိုရင်လည်း သွေးစက်အစအနတွေကြည့်ပြီး နောက်က လိုက်ရအကောင်းသား။ အခုတော့ ဘယ်လိုမှလုပ်လို့မရ၊ လိုက်လို့မရနဲ့"

ဆရာဟန်စိန်တစ်ယောက် စိတ်တော်တော်တိုနေပြီ ဖြစ်သည်။ ယခုလောလောဆယ် တပည့်ဖြစ်သူနှင့် ရွာသားများရှေ့တွင်ပင် သိက္ခာကျကာ မျက်နှာပူစရာဖြစ်နေပြီ မဟုတ်ပါလား။

တစ်ဖန် ရွာသို့ပြန်ရောက်လျှင်လည်း မိမိတို့အပြန်ကို မျှော်လင့်တကြီးစောင့်ကြိုနေကြမည့် ရွာသူရွာသားများနှင့် စခန်းရှိအဖွဲ့သားများကို မိမိအနေနှင့် ဘယ်လိုမျက်နှာဖြင့်ရင်ဆိုင်ရမည်ကိုတွေးမိပြီး ဆရာဟန်စိန် တောက်တစ်ချက်ခေါက်လိုက်မိသည်။

မိမိ၏အသက်အရွယ်နှင့်အတွေ့အကြုံများအရ ယခုကိစ္စသည် မည်သူ၏လက်ချက်မှန်းလည်း အတိအကျမဟုတ်သည့်တိုင်အောင် အနီးစပ်ဆုံးတော့ ခန့်မှန်းမိနေပြီ ဖြစ်သည်။

ကျားကဲ့သို့သော သတ္တဝါတစ်ကောင်ကောင်ဆွဲသွားပါကလည်း သွေးစသွေးနနှင့် စွတ်ကြောင်းရာတော့ကျန်နေခဲ့ရမည်ဖြစ်ပြီး မိမိအရင်အခြားသူတစ်ဦးဦးတွေ့ရှိ၍ ယူသွားပါကလည်း သေနတ်ဒဏ်ရာကြောင့်ကျသောသွေးကွက်ကတော့ကျန်ခဲ့ရမည်သာဖြစ်သည်။

"ကဲ - ဒါဆိုရင်လည်းပြန်ကြတာပေါ့ကွာ။ လိုက်လာတဲ့မင်းတို့ကိုတော့အားနာပါတယ်"

ပြောပြောဆိုဆိုပင် ဆရာဟန်စိန်ထွက်လာခဲ့သည်။ သူစိတ်တိုဒေါသထွက်နေမှန်းသိ၍ လိုက်လာကြသည့်သူများကလည်း ဘာမှဆက်မပြောကြတော့ဘဲ နောက်မှ အသာပင်လိုက်လာကြသည်။

တောစပ်ရှိ စင်ကလေးရှေ့သို့ရောက်သောအခါ ဆရာဟန်စိန် ဆက်မသွားသေးဘဲ ခဏရပ်လိုက်ပြီး စင်ကိုတွေတွေကြီး ကြည့်လိုက်ပြီး နှုတ်မှလည်းခပ်တိုးတိုးပြောလိုက်သည်။

"ဒီမှာကွင်းပိုင်ကြီး၊ မင်းမှာသစ္စာလူမှာကတိတဲ့။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ်ဘာပဲဖြစ်နေနေ ကတိတည်မှ ကျုပ်ကကြိုက်တာ။ ကျုပ်ကို ကောင်းမည်ကောင်းရဲ့နဲ့ သားကောင်တော့ပေးပြီးအခုလိုလုပ်တာတော့ မကောင်းပါဘူး။ ကျုပ်ကတိတည်ခဲ့ပေမယ့် ခင်ဗျားကတိမတည်ခဲ့လို့ အခုကျုပ်သိက္ခာကျပြီးအရှက်ကွဲရတော့မယ်။ အဲဒါကြောင့်နောက်နောင်ကို အခုလိုမလုပ်ရဲအောင်ကျုပ်ကတော့ ဒီလိုပဲလုပ်ချင်တယ်"

ပြောပြောဆိုဆိုပင် သစ်ပင်ကြီးအောက်ရှိ စင်ကလေးအား ရုတ်တရက်သေနတ်ဖြင့် ထိုးချိန်လိုက်ပြီး ဒိုင်းခနဲပစ်ချလိုက်တော့သည်။ စင်ပေါ်ရှိ အရုပ်ကလေးများနှင့် ပူဇော်ပသထားသောပစ္စည်းကလေးများ စင်နှင့်အတူ တစ်စစီလွင့်ထွက်သွားခဲ့သည်။

နောက်ဘက်မှ ပါလာကြသူများမှာလည်း ရုတ်တရက် အံ့အားသင့်သွားကြသော်လည်း မျက်နှာကြီးနီမြန်းကာစိတ်ဆိုးနေသော ဆရာဟန်စိန်၏ ပုံစံကြောင့် ဘာမှမမေးရဲကြဘဲ အသာပင်ငြိမ်နေလိုက်ကြသည်။

စခန်းသို့ ပြန်ရောက်သောအခါစောင့်ကြိုနေကြသည့်သူများအား ဘာစကားမှမပြောဘဲ ဆရာဟန်စိန် တဲထဲသို့ဝင်သွားတော့သည်။ ညနေစာကိုပင်ထွက်မစားတော့ဘဲ တဲထဲမှမထွက်တော့သဖြင့် အခြေအနေကို မည်သူမျှမမေးရဲကြဘဲ အတူတူပါသွားကြသောသူများကိုသာ မေးမြန်းကြည့်ရတော့သည်။

❐

"ဆရာရေ၊ စခန်းအဝမှာ ဧည့်သည်တစ်ယောက်ကတွေ့ချင်လို့တဲ့"

တဲအဝမှ တပည့်တစ်ယောက်လာပြောသံကြောင့် အိပ်ရာပေါ်လှဲနေရာမှထလိုက်ပြီး ဆရာဟန်စိန် တဲအပြင်ဘက်သို့ထွက်ခဲ့သည်။ တဲအပြင်ဘက်တွင် မည်သူ့ကိုမျှ မတွေ့ရသဖြင့် လာခေါ်သောတပည့်ဖြစ်သူအား မေးလိုက်မိသည်။

"ဟေ့ကောင် ဧည့်သည်ကဘယ်မှာလဲကွ၊ ခေါ်လိုက်လေကွာ"

"ဆရာ့ကိုတွေ့ချင်တဲ့ဧည့်သည်က ကျောင်းဝိုင်းထဲကို ခေါ်လို့မရဘူး။ ခြံစည်းရိုးအပြင်ဘက် ဝင်းတံခါးဝမှာပဲစောင့်နေမယ်တဲ့"

တပည့်ဖြစ်သူ၏ စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဟန်စိန် ယာယီစခန်းချထားသော ဘုန်းကြီးကျောင်းဝင်း၏ တံခါးဝဆီသို့ ရောက်လာခဲ့သည်။

ခြံဝင်းတံခါး၏ အပြင်ဘက်တွင် တိုက်ပုံအင်္ကျီအနက်နှင့် ပုဆိုးကွက် ထောက်ဝတ်ထားသော မျက်နှာထား တင်းတင်းနှင့် အဘိုးကြီးတစ်ယောက်အား တွေ့လိုက်ရသည်။ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးမသိဘူးသော မျက်နှာစိမ်းတစ်ဦးဖြစ်သောကြောင့် ဆရာဟန်စိန် အဘိုးကြီးအား မေးလိုက်မိသည်။

"ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာ အဘလား၊ ဘာကိစ္စများလဲမသိဘူး။ အထဲကိုဝင်ပါ အဘ၊ ကျွန်တော့်တဲကိုလိုက်ခဲ့ပါ"

"မဝင်တော့ပါဘူးကွာ၊ မင်းကို ပြောစရာရှိလို့လာတာပါ။ ငါက ဒီနယ်ကကွင်းပိုင်ကွ။ နေ့လယ်တုန်းကကိစ္စကို ပြောချင်လို့လာတာ။ မင်းကလည်း စိတ်တိုပြီး ဒေါသကလည်းကြီးလိုက်တာလွန်ပေါ့ရောကွာ။ နေ့ခင်းတုန်းက မင်းကို ကျီစယ်ချင်လို့ မင်းရှာနေတဲ့သားကောင်ကို ငါခဏနေရာရွှေ့ထားလိုက်တာပါ။ မင်းထားခဲ့တဲ့ နေရာတစ်ဝိုက်မှာပဲရှိပါတယ်။ သေသေချာချာလည်းမရှာဘဲနဲ့ မင်းက စိတ်တိုဒေါသထွက်ပြီးပြန်သွားတာကိုးကွ။ ပြီးတော့ မင်းအခုလိုလုပ်လိုက်တာ အရင်ကွင်းပိုင်ကြီးဆို မင်းမလွယ်ဘူး။ ငါကဒီနေရာမှာကွင်းပိုင်ဖြစ်တာ သိပ်မကြာသေးဘူးကွ"

"အဘက ဘယ်လိုဖြစ်ပြီး ဒီနေရာမှာ ကွင်းပိုင်လာဖြစ်နေတာလဲ"

"ငါက လူ့ဘဝတုန်းက ဒီနားတစ်ဝိုက်မှာရှိတဲ့ ရွာတစ်ရွာက ဆိုပါတော့ကွာ။ တောထဲမှာ သရက်သီးတက်ခူးနေတုန်း အပင်ပေါ်က ပြုတ်ကျပြီးသေလို့ ကွင်းပိုင်ဖြစ်ခဲ့တာပါ။ လူ့ဘဝကတည်းက ငါကအစအနောက်သန်တယ်ကွ။ အဲဒါကြောင့် မင်းကိုလည်း နေ့ခင်းက စလိုက်နောက်လိုက်ကျီစားလိုက်တာပါ။ အဲဒါကို မင်းက အခုလိုဒေါသတကြီးနဲ့တုံ့ပြန်တာတော့ ဘယ်ကောင်းပါ့မလဲကွာ။ ဘာပဲဖြစ်ဖြစ်လေ မင်းတို့က ယူနီဖောင်းဝတ်လက်နက်ကိုင်အာဏာပိုင်အဖွဲ့အစည်းကဆိုတော့ ဘာမှမဖြစ်ဘဲသက်သာသွားတယ်လို့သာ မှတ်လိုက်ပေါ့ကွာ ဒါပါပဲ။ မနက်လင်းရင်သာ မင်းဆက်ဆက်သွားရှာလိုက်ပါ။ အဲဒီအနီးနားတစ်ဝိုက်မှာပဲ ရှိပါတယ်"

ပြောပြောဆိုဆိုနှင့် အဘိုးကြီးက ချာခနဲနောက်ပြန်လှည့်ကာ ထွက်သွားတော့သည်။

"အဘ၊ အဘနေပါဦး၊ ခဏနေပါဦး"

❒

"ဆရာ ဆရာ၊ မိုးလင်းနေပြီ။ နေကောင်းရဲ့လား။ ညတုန်းက ဘာမှမစားဘဲအိပ်တော့ဆာနေရောပေါ့။ ကျွန်တော်ထမင်းကြော်ထားတယ်"

တပည့်ဖြစ်သူ၏ လှုပ်နှိုးလိုက်သံကြောင့် ဆရာဟန်စိန် လန့်နိုးသွားခဲ့သည်။

"ဩော် - အေးအေး၊ နေကောင်းပါတယ်ကွာ။ ကွင်းဆင်းတဲ့အဖွဲ့တွေကော သွားပြီလားကွ။ ငါလည်း မနေ့က တောထဲကို နှစ်ခေါက်တောင်ဆိုတော့ ပင်ပန်းပြီးအိပ်ပျော်သွားတယ်ကွာ"

"သွားကြပြီ ဆရာ၊ ကွင်းဆင်းတာ ဒီနေ့နောက်ဆုံးလို့ပြောတယ်။ သန်ဘက်ခါလောက်ကျရင် စခန်းသစ်ကို ရွှေ့ရမယ်လို့ ညတုန်းကပြောသံကြားတယ်"

ဆရာဟန်စိန် အိပ်ရာမှထလိုက်ကာ မျက်နှာသစ်ပြီး ထမင်းကြော်စားလိုက်သည်။ ထမင်းကြော်စားရင်း ညက မက်သည့်အိပ်မက်ကို စဉ်းစားကြည့်မိသည်။ ဟုတ်သည်၊ မဟုတ်သည် အသာထားပြီး နောက်တစ်ခေါက်သွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"မင်း ဒီနေ့ ဘာလုပ်စရာရှိသေးသလဲ။ မရှိရင် ငါနဲ့ တောထဲကို ခဏလောက်လိုက်ခဲ့ပါဦးကွာ။ သိပ်မကြာပါဘူး။ ချက်ချင်းသွား၊ ချက်ချင်းပြန်လာမှာပါ"

"ဟုတ်ကဲ့- ရပါတယ် ဆရာ။ အခု မနက်ပိုင်း ချက်တာပြုတ်တာကလွဲပြီး ဘာအလုပ်မှမရှိပါဘူး"

စားသောက်ပြီးသည်နှင့် ဆရာတပည့်နှစ်ယောက် သေနတ်အပြင် လိုလိုမည်မည် ခုတ်ထစ်ရန် ဓားတစ်လက်ကိုပါယူကာ မနေ့ကရောက်ခဲ့သည့်တောထဲသို့ ထွက်လာခဲ့ကြသည်။ အမှတ်အသားပြုလုပ်ထားခဲ့သည့်နေရာ၌ပင် ထားခဲ့သည့်ပုံစံမပြတ်ဘဲ ချေပေါက်ကြီးကို ပြန်တွေ့လိုက်ကြရသည်။

"ဟော့ကောင် ငါပြောတယ်မဟုတ်လား။ မနေ့က ငါတကယ်အမဲရခဲ့တယ်ဆိုတာ"

"ဟုတ်ပါတယ် ဆရာ။ ဒါပေမယ့် ဆရာပဲစဉ်းစားကြည့်လေ၊ သားကောင်ကို မတွေ့ရရင်တောင် သွေးကွက်အစအနလောက်တော့ တွေ့သင့်တာပေါ့။ အခုတော့ သားကောင်မပြောနဲ့ သွေးစသွေးနတောင်မတွေ့ရဘူးဆိုတော့"

"အေးပါကွာ ဟုတ်ပါပြီ။ မနေ့က ငါပဲအမှတ်မှားသွားတယ်လို့ထားလိုက်ပါတော့။ အခုတော့ မင်းယုံပြီမဟုတ်လား"

"ထူးတော့ တော်တော်ထူးဆန်းတာပဲ ဆရာ။ ကျွန်တော်လည်း တောတွေတောင်တွေနဲ့ သိပ်မစိမ်းသလို အတွေ့အကြုံလည်း မနည်းပါဘူး။ မနေ့ကရောက်ခဲ့တာ ဒီနေရာသေချာပါတယ်။ ဘာမှကိုရှာမတွေ့တာ"

"ကဲ - ဒီလောက်တောင်စဉ်းစားမနေပါနဲ့တော့ကွာ၊ ငါစခန်းပြန်ရောက်မှ သေချာရှင်းပြပါ့မယ်။ လောလောဆယ် ဒီကောင်ကိုကြည့်ပါဦး၊ စားလို့တောင်ဖြစ်သေးရဲ့လားလို့"

အသင့်ပါလာသောဓားဖြင့် ဗိုက်ကိုခွဲကြည့်ရာ တစ်ညအိပ်ထားသဖြင့် ဝမ်းတွင်းကလီစာများမှာ အနံ့ထွက်နေပြီး စားမရတော့ပေ။ ထို့ကြောင့် ရှိသမျှ အသားများကိုသာ ခုတ်ထစ်လှီးဖြတ်ကာ ယူရတော့သည်။

စခန်းသို့ပြန်ရောက်ကြသောအခါ ကွင်းဆင်းသွားသည့်အဖွဲ့လည်း ပြန်ရောက်နေပြီဖြစ်သောကြောင့် ဝမ်းသာအားရဖြစ်သွားကြသည်။ ဆရာဦးမြင့်မောင်က ဆရာဟန်စိန်အား လှမ်းနောက်လိုက်သည်။

"ဆရာဟန်စိန်ရေ၊ ဘယ်လိုဖြစ်ရတာလဲဗျာ။ မနေ့ကပစ်ခဲ့တဲ့အမဲကို ဒီနေ့မှပဲ ရှာတွေ့ရတယ်လို့၊ ခင်ဗျားဟာက ထူးထူးဆန်းဆန်းဗျာ။ ပြီးတော့လည်း ဒီနေရာမှာပဲ၊ မနေ့ကတော့ မတွေ့ဘူး ဒီနေ့မှ ရှာတွေ့ရတယ်လို့"

ထို့ကြောင့် ဆရာဟန်စိန်က မနေ့ကအဖြစ်အပျက်နှင့် ညကမက်ခဲ့သည့် အိပ်မက်ကို ပြန်ပြောပြလိုက်သည်။

"အေးဗျ၊ မနေ့ညကတည်းက ခင်ဗျားတပည့်ကိုမေးကြည့်လို့သိရတာ၊ တစ်ခုခုတော့ အမှားအယွင်းဖြစ်နေပြီလို့တော့ ထင်လိုက်သား။ ကဲပါဗျာ၊ ဖြစ်ပြီးမှတော့လည်း ဘယ်တတ်နိုင်တော့မလဲ။ တစ်ခုတော့ရှိတာပေါ့ဗျာ၊ ခင်ဗျားတို့ ကျွန်တော်တို့က အမြဲတမ်းလိုလို တောထဲတောင်ထဲမှာသာ တာဝန်ထမ်းဆောင်နေရတာက ခပ်များများဆိုတော့ တစ်ချိန်မဟုတ်တစ်ချိန်မှာ ဒီလိုမျိုးကိစ္စတွေ ကြုံကြရမှာပဲ။ အခုတောင် ခင်ဗျားတို့ ယူနီဖောင်းဝတ်ရတဲ့ဝန်ထမ်းအဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com

နတ်မောက်မှတ်ကျောက်

# အနာဝင်၊အနာမြုံ့အတွက် အုံဆေး၊သောက်ဆေး

လူ၏ခန္ဓာကိုယ်အတွင်းမှ အပူခိုး၊ အပုပ်ခိုးတို့ စုဖွဲ့ပြီး ခန္ဓာကိုယ်အပေါ်ယံ အရေပြားပေါ်သို့ တိုးထွက်လာကာ အနာလုံး၊ အနာကျိတ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ ခန္ဓာတစ်ကိုယ်လုံး အပူ၊ အအေးမျှတနေသူမှ အနာပေါက်လေ့မရှိပါ။ အများအားဖြင့် အပူ၊ အအေးမျှတသူမှာ နည်းပါသည်။

ဦးခေါင်းမှ အပူခိုး၊ အပုပ်ခိုးထွက်သူသည် အရွယ်မရောက်မီ ဆံပင်ဖြူမည်။ နားမှထွက်သူ နားထိုင်း၊ နားလေးမည်။ မျက်စိမှထွက်သူ မျက်စိမှုန်ဝါးမည်။ တိမ်စွဲမည်။ ပါးစပ်မှ ထွက်သူ သွားကျိုးလွယ်မည်။ အာခံတွင်း ပေါက်ကွဲသောအနာဖြစ်မည်။ စအိုမှထွက်သူ ဂရင်ဂျီနာ၊ လိပ်ခေါင်းရောဂါ ဖြစ်တတ်သည်။ ကျောင်ငယ်ပေါ်မှ ထွက်သူ ဆီးရောဂါရမည်။ ဖနောင့်မှ ထွက်သူ ဖနောင့်ကွဲမည်။ ခြေဖဝါးကွဲမည်။

ထိုအထဲတွင် ဖနောင့်မှ အပူခိုး၊ အပုပ်ခိုးထွက်ခြင်းသည် အဆိုးထဲမှ အကောင်းဆုံး၊ အသက်သာဆုံး ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူ၏ခန္ဓာကိုယ်အတွင်းမှ အပူခိုး၊ အပုပ်ခိုးတို့ စုဖွဲ့ပြီး ခန္ဓာကိုယ်အပေါ်ယံ အရေပြားပေါ် ထိုးထွက်၍ အနာလုံး၊ အနာကျိတ်ဖြစ်ပေါ်လာခြင်းသည်လည်း တစ်နည်းအားဖြင့် ကောင်းသည်ဆိုနိုင်ပါသည်။ ရှင်းပါမည်။ အကယ်၍ ထိုအပူခိုး၊ အပုပ်ခိုးတို့သည် ခန္ဓာကိုယ်အပြင်သို့မထွက်ဘဲ ဝမ်းတွင်းအသည်း၊ အဆုတ်၊ နှလုံး၊ ကျောက်ကပ်၊ အစာအိမ်၊ အူသိမ်၊ အူမတို့တွင် စုဖွဲ့ပြီး အနာပေါက်မည်ဆိုပါက ကုစားရခက်မည့်အပြင် အပ်နှင့်ထွင်းရမည့်အရာ ပုဆိန်နှင့်ပေါက်ရမည့်ကိန်းဆိုက်ပါမည်။ သို့အတွက် ခန္ဓာကိုယ်အပေါ်ယံအရေပြားပေါ်သို့ အနာလုံးထွက်လာခြင်းသည် မြင်ရ၊ ကုသရလွယ်ကူသဖြင့် တစ်နည်းအားဖြင့် ကောင်းသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ ခန္ဓာကိုယ်အရေပြားပေါ်တွင် အနာလုံး၊ အကျိတ်ဖြစ်ပေါ်လာချိန်တွင် ဆီညှော်၊ သစ်ရွက်ဆွေးမီးရှို့စော်၊ ပလတ်စတစ်အမှိုက်များ မီးရှို့နံ့နှင့် အခြားအညှော်နံ့ဆိုးများရှူရှိုက်မိပါက အကျိတ်အခဲအနာလုံးသည် မြုံ့သွားတတ်သည့်အပြင် ဝမ်းတွင်းသို့ ရောဂါအနာပြန်ငုပ်ဝင်သွားတတ်ပြီး အသက်အန္တရာယ်ထိခိုက်တတ်သည်အထိ ဖြစ်တတ်သဖြင့် ညှော်နံ့ဆိုးများအထူးသတိထား ရှောင်သင့်ပါသည်။ သို့အတွက် ရှေးလူကြီးသူမတို့က 'အနာဆိုးပေါက်လျှင် ညှော်ရှောင်၊ ညှော်နံ့ဆိုးတွေ မမိစေနဲ့' ဟု ဆုံးမတားမြစ်ခဲ့ရပါသည်။ အနာပေါက်နေချိန် ညှော်နံ့ဆိုးရှူမိလျှင် နာရီပိုင်းအတွင်းမှာပင် ဇက်လေး၊ ခေါင်းကိုက်၊ ခါးကိုက်၊ တစ်ကိုယ်လုံးတောင့်တင်းခံစားလာရပါသည်။ အချိန်မီ အနာပြန်ပွင့်လာစေရန် အောက်ပါအတိုင်း ပြုလုပ်ဆောင်ရွက်ရပါမည်။ သို့မှသာ ချမ်းသာရာရပါမည်။ အနာအညှော်ဝင်သည်ဟု ခေါ်ပါသည်။

□ ကြက်ဟင်းခါးရွက်စိမ်းစိမ်းစိုစိုများ ခူးယူပြီး ကြိတ်ခြေ အရည်ညှစ်ယူပါ။ အနာပေါ်သို့ မကြာခဏလိမ်းပေးပါ။

□ အကယ်၍ ကြက်ဟင်းခါးရွက်မရနိုင်ပါက ကြက်သွန်ဖြူဥတစ်လုံးနှင့် ငရုတ်ကောင်းစေ့ ခုနစ်စေ့ရောထောင်းကျိတ်ပြီး အနာပေါ် အုံကပ်ပေးထားပါ။

* ထို့နောက် ဝမ်းတွင်းမှ အပူခိုး၊ အပုပ်ခိုး၊ ညှော်နံ့ဆိုးများ ပွင့်ကန်ထွက်လာစေရန်အတွက် အုန်းစိမ်းတစ်လုံးမှ အရည်တွင် ငရုတ်ကောင်းမှုန့်လက်ဖက်စားဇွန်းဝက်ခန့် ထည့်မွှေပြီး အမြန်သောက်ပေးပါ။

အထက်ပါအတိုင်း လိမ်းဆေး၊ အုံအေး၊ သောက်ဆေးများနှင့် အချိန်မီပြုလုပ်ကုသပါက အနာဆိုးအမြန်ပျောက်ကင်းပြီး ချမ်းသာခြင်းသုခရရှိစေပါမည်။

လက်တွေ့အနာပေါက်ကု ဆရာကြီးဦးတိုင်၊ ဦးညွန့်ဟန်တို့၏ ကုသမှုများဖြစ်၍ ရေးသား တင်ပြအပ်ပါသည်။

*ကျန်းမာချမ်းသာ . လန်းဖြာကြပါစေ။*

နတ်မောက်မှတ်ကျောက်

ဒမို့ ကံကောင်းသွားတာမဟုတ်လား။ အဲဒါကြောင့် ကျွန်တော့်သဘောပြောရရင် သန်ဘက်ခါမနက် ကျွန်တော်တို့အခြားစခန်းကိုမပြောင်းခင် မနက်ဖြန်ရွာထဲက လက်သမားလုပ်တတ်တဲ့သူတစ်ယောက်ရှာပြီး အရင်အတိုင်း စင်လေးတစ်ခု သပ်သပ်ရပ်ရပ်ပြန်လုပ်ပေးလိုက်ပါ။ ရုပ်တုတွေဘာတွေတော့ပါချင်မှပါတော့မှာပေါ့ဗျာ။ ပြီးသွားရင် သူ့ထုံးစံအတိုင်းတင်မြှောက်ပြီး ပြန်တောင်းပန်လိုက်ပါ။ သိပ်လည်းမပန်းမကြီးလောက်ပါဘူး။ ဘယ်လိုလဲ၊ ဖြစ်တယ်မဟုတ်လား"

"ဆရာ့အကြံ ကောင်းပါတယ်။ ကျွန်တော်လည်း မနေ့က ရှက်လည်းရှက်၊ ဒေါသကလည်းထွက်ဆိုတော့ ဒေါသအလျောက်သာ လုပ်လိုက်မိတာပါ။ မှားသွားမှန်းလည်း သိပါတယ်။ မနက်ဖြန် ကျွန်တော် ဆက်ဆက်ပြန်လုပ်ပေးလိုက်ပါမယ်"

နောက်တစ်နေ့တွင် ဆရာဟန်စိန်တစ်ယောက် ရိုးမတောကြီးအစပ်ရှိသစ်ပင်ကြီးတွင် စင်လေးတစ်စင်သပ်သပ်ရပ်ရပ်ပြန်လုပ်ပေးလိုက်ပြီး တောင်းပန်ခဲ့ကြောင်း သိရသည်။ နောက်ပိုင်းတွင် ထိုစဉ်က အတူတကွတာဝန်ထမ်းဆောင်ခဲ့ရသော မိတ်ဆွေများနှင့် ဆုံတွေ့မိလေတိုင်း ကျီစားနောက်ပြောင်တတ်သော ကွင်းပိုင်ကြီးအကြောင်းကို ကျွန်တော်တို့ အမှတ်တရ ပြောဆိုလျက်ရှိနေကြပါတော့သည်။

တင်အေးကျော် (အောင်လံ)



www.burmeseclassic.com

www.burmeseclassic.com

ရိုစီကရုစီယန် အဂ္ဂိရတ်ပညာကို လွှမ်းမိုးသူမှာ အောဝဲကရို (၁၅၈၀ - ၁၆၀၉) ဖြစ်၏။ ၎င်းသည် ဂျာမန်ပါရာဆဲလ်ဆပ်၏ သမားတော်ကြီးတစ်ဦး ဖြစ်၏။ ထို့ပြင် ဓာတုပညာရှင် ပထမခရစ္စတင်းမင်းသား၏ နန်းတွင်းသမားတော်ကြီးလည်း ဖြစ်၏။ ထိုမျှမက မရောမြို့၌ တိုင်းခန်းလှည့်လည်နေသော ဒုတိယရှူးဒေါ်၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်၏။ အောဝဲကရိုသည် ဟာမစ်၏ မှော်ပညာ၊ ကာဗလာပညာ၊ အဂ္ဂိရတ်ပညာနှင့် ပါရာဆဲလ်ဆပ်၏ ဆေးပညာရပ်များကို လေ့လာခဲ့၏။ အကျော်ကြားဆုံးသော သူ၏လက်ရာမှာ BASILICACHEMICA ဖြစ်၏။ ၁၆၀၉ ခုနှစ်၌ ရေးခဲ့၏။ ထိုကျမ်း၌ အဂ္ဂိရတ်နည်းဖြင့် ဖော်စပ်ထားသော ဆေးဝါးများကိုသုံးသင့်ကြောင်း ထိုဆေးများကိုလည်း သူကိုယ်တိုင် စမ်းသပ်ပြီးစီးကြောင်း ဖော်ပြထား၏။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ သူသည် ဓာတုဓာတ်ပေါင်းများစွာကို တွေ့ရှိသူအဖြစ် ကျော်ကြားခဲ့သော်လည်း ထုံးထမ်းစဉ်လာအဂ္ဂိရတ်ပညာရှင်သာဖြစ်၏။ ထို့ပြင် သူသည် လောကကြီး၊ လောကငယ်တို့၏ ပုံစံတူဖြစ်ခြင်း၊ မှော်ပညာ၏ လွှမ်းမိုးမှု၊ အဂ္ဂိရတ်ပညာရှင်နှင့် သဘာဝတရားတို့၏ ဟန်ချက်ညီမှုတို့ကို ဦးစားပေးသူ ဖြစ်၏။

ထိုကျမ်း၏ မျက်နှာဖုံး၌ ဖော်ပြထားသည့်ပုံမှာ ထိုရာစုနှစ်၏ အဂ္ဂိရတ်ပညာဆိုင်ရာ မီးရှူးတန်ဆောင်ပုဂ္ဂိုလ်များဟု ထင်ရသော ဟာမီး၊ မော်ရီနာ ရေမွန်လား၊ ဂျီဘီး၊ ရော်ဂျာဘေကွန် ပါရာဆဲလ်ဆပ်တို့၏ပုံများ ဖြစ်၏။ ထိုပုဂ္ဂိုလ်တို့၏ ရုပ်ပုံများဘေးတွင် ကာဗ

# ရိုစီကရုစီယန်မှသည် (၅)
# ဖရီးမေဆင်အဂ္ဂိရတ်ပညာသို့

(ဘာသာပြန်)

ဆရာဦးသက်ထွန်းလင်း



လာပုံ (၂) ပုံပါ၏။ ပထမပုံမှာ လူသား အားဖြင့် မြတ်သောဘဝသို့ ကြိုးစားရန် အားပေးကူညီခြင်း ဖြစ်၏။ ဒုတိယပုံမှာ လူသားဆိုင်ရာ သုတ၏အခြေခံဖြင့် ကာဗလာပညာ၊ နက္ခတ္တဗေဒ၊ မှော်ပညာနှင့် အဂ္ဂိရတ်ပညာတို့ ဖြစ်၏။ ရိုစီကရုစီယန် အဂ္ဂိရတ်ပညာကို ဆန့်ကျင်သူမှာ အန် ဒရေလီဗာဗပ် (၁၅၄၀-၁၆၁၆) ဖြစ်၏။ ၎င်းသည် အဂ္ဂိရတ်သမိုင်းနှင့် ဓာတု သမိုင်းတွင် ပထမဆုံးသော ကျမ်းပြုသူ များအနက် တစ်ဦးအပါအဝင်ဖြစ်၏။ သူ သည်လည်း ပါရာဆဲလ်ဆပ်သမားတော် တစ်ဦးဖြစ်၏။ သို့သော်လည်း သူသည် အလွန်အမင်း ဂမ္ဘီရမဆန်သော သိပ္ပံ နည်းကျ အဂ္ဂိရတ်ပညာကို ယုံကြည်သူ ဖြစ်၏။

သူ၏ထင်ရှားသောလက်ရာတစ်ခု မှာ ၁၆၀၆ ခုနှစ်၌ ထုတ်ဝေသော ALC-



www.burmeseclassic.com

www.burmeseclassic.com

YMIA (အဂ္ဂိရတ်)ကျမ်း ဖြစ်၏။ ထိုကျမ်းသည် အလေးချိန်အားဖြင့် (၁၀) ပေါင်ရှိပြီး အဂ္ဂိရတ်ဆိုင်ရာသင်္ကေတအားလုံး ပါရှိ၏။

ယင်းသင်္ကေတတို့မှာ ဘုရင်နှင့် ရား၊ ဇီဝဂိုးငှက်၊ ကျီးကန်း၊ အဆိပ် င်းသည့်မြွေဆိုးများ၊ သတ္တုများ၊ သစ် များ၊ ခြင်္သေ့နှင့် နဂါးများ ပါဝင်လေ သည်။ ဓာတုသိုင်းဆိုင်ရာ ပညာရှင် ဦးကမူ ထိုကျမ်းသည် တော်လှန် ပြောင်းလဲသောကျမ်းဖြစ်ပြီး ထိုခေတ်က ပေါက်သည့် ပထမဆုံးသော ဓာတု တ်စွဲကျမ်းတစ်ကျမ်းဟု ဆို၏။ ထို တွင် ဓာတုပစ္စည်းများစွာ ပါဝင်၏။ မာအားဖြင့် စတာန်နစ်ကလိုရိုဒ်၊ အက်စီတစ်၊ အမိုနီယမ်ဆာလဖိတ်နှင့် ခြားသော ဓာတုနည်းလမ်းများစွာတို့ ဝင်လေ၏။ သာကေအားဖြင့် ဆာလ (တန်)ကို နိုက်ထရစ်အက်စစ်($HNO_3$) လောင်ကျွမ်းစေကာ ကန့်ငရဲမီးထုတ် သည့် နည်းလမ်းမျိုးများလည်း ပါဝင် ထို့အပြင် ကန်ဒစ်သကြားထုတ်လုပ် အရက်ပြန်မှ အချဉ်ရည်ထုတ် နည်းများ ပါဝင်၏။

လိုက်ဗာဗပ်သည် သူတွေ့ရှိချက် ကို ရှင်းလင်း ပြည့်စုံစွာ ဖော်ပြ၏။ သာမက သူ၏ရေးသားချက်သည် တန်သော ပို့ချမှုဖြစ်၏ဟု ယူဆယုံ ကြည်၏။ ပါရာဆဲလ်ဆပ်ကို ကြည်ညို အချို့ကို သူက ပါရာဆဲလ်ဆပ်၏ ဆိုင်ရာ အတွေးအခေါ်များဖြင့် ခိုက်၏။ အချုပ်အားဖြင့်ဆိုရပါမူ တွင် ဝေဖန်စူးစမ်းတတ်သော စိတ် ရှိ၏။ လိုတရဆေးနှင့်ပတ်သက်၍ သည် ရှေးရိုးစဉ်လာ အဂ္ဂိရတ်သမား သော်လည်း ထိုအကြောင်းကို သူက PANACAEA ကျမ်း၌ ရေးသားခဲ့၏။ ခါတစ်ရံတွင်လည်း ဘာသာဗေဒ ဖြင့် ပုံရိပ်များစွာ ဖော်ပြထား၏။ ဗာဗပ်သည် ၁၇ ရာစု အဂ္ဂိရတ် ၏ အခြားမျက်နှာစာတစ်ဖက်ကို ကိုယ်စားပြုလေသည်။ မှော်ပညာ ရာ စူးစမ်းလေ့လာချက်များ ပါရှိ သည့် လက်တွေ့ စမ်းသပ်ခြင်းများကို ခံထားလေသည်။

အခြားသောတစ်ဖက်တွင်မူ ဂမ္ဘီရ ကိုရလို၍ ဓာတ်ခွဲခန်းမှ ထွက်လာ သည့် ရိုစီကရူစီယန်အချို့လည်း ရှိ သည်။ ဤဖြစ်စဉ်သည် နှေးကွေး ဖြစ်စဉ်ဖြစ်ပြီး ၁၇ ရာစုတစ်ခုလုံး မြင့်ခဲ့၏။ တစ်ဖက်တွင်မူ ပြင်းထန်သော အတိုက်အခံများအကြားမှပင် ရိုစီကရူစီယန်ဒဿနသည် ဥရောပတိုက်တစ်ခုလုံးသို့ ပျံ့နှံ့သွားတော့၏။

ရိုစီကရူစီယန် လှုပ်ရှားမှုတွင် နောက်ထပ် ကျော်ကြားသူတစ်ဦးမှာ ဂျာမန်လူမျိုး ပါရာဆဲလ်ဆပ်ဆေးပညာရှင် မိုက်ကယ်မေယာ (၁၅၆၆-၁၆၂၂) ဖြစ်၏။ ရှေးဦးစွာ သူသည် ရောစတော့မြို့၌ ဆေးကုသနေပြီး ၁၆၀၈ ခုနှစ်၌ သူ့ကို ဒုတိယ ရူဒေါ့ဖ်ဧကရာဇ်၏ သမားတော်ကြီးအဖြစ် ပရော့သို့ခေါ်ယူခြင်းခံရ၏။ ဧကရာဇ်ဘုရင်သည် အဂ္ဂိရတ်နှင့် မှော်ပညာကို အားပေးထောက်ခံသူ ဖြစ်၏။ ဧကရာဇ် နတ်ရွာစံသောအခါ သူသည် ဥရောပတွင် နှံ့နှံ့စပ်စပ် ခရီးသွားလာခဲ့၏။ သူသည် အင်္ဂလန်သို့အခေါက်ပေါင်းများစွာ ရောက်ရှိခဲ့ပြီး သောမတ်နော်တွန်၏ THE ORDINAL OF ALCH-EMYကျမ်းကို လေ့လာကာလက်တင်ဘာသာသို့ ပြန်ဆိုခဲ့၏။ ထို့အပြင် ရိုစီကရူစီယန်ဒဿနပညာရှင် ရောဘတ်ဖလုဒ်ကိုလည်း တွေ့ဆုံခဲ့၏။ ဂျာမနီသို့ အပြန်တွင် သူသည် ဟက်ဆီ၌ နန်းတွင်းသမားတော်ကြီးဖြစ်လာခဲ့၏။

ထို့နောက် မောရစ်ဆိုသူသည် ပဋ္ဌမမြောက် ဖရက်ဒရစ်နှင့် သွားတွေ့ခဲ့၏။ ယင်းဖရက်ဒရစ်သည် ရိုစီကရူစီယန်နှင့် အလွန်နီးစပ်သည့် အဆက်အသွယ်ရှိခဲ့၏။ ယင်းသည် နှစ်ပေါင်း (၃၀) စစ်ပွဲ၏အစ၌ မဲဒီဘတ်တွင် ၁၆၂၂ ခုနှစ်၌ ကွယ်လွန်ခဲ့၏။ မေယာသည် အဂ္ဂိရတ်ကျမ်းများစွာကို ရေးသားခဲ့ပြီး ယင်းတို့အနက် အကျော်ကြားဆုံးမှာ FLEEING ATALANTA ကျမ်းဖြစ်၏။ ယင်းကျမ်းကို ၁၆၁၈ ၌ ထုတ်ဝေခဲ့၏။ သရုပ်ဖော်ပုံပုံပေါင်းများစွာ ပါဝင်၏။ ယင်းကျမ်း၏ သဘောတရားသည် ဂရိဒဏ္ဍာရီအတ္တလန်တာကျမ်းမှ လွှမ်းမိုးခဲ့၏။ ထိုဂရိကျမ်းတွင် ပါဝင်သော မင်းသမီးသည် ပြေးလိုက်ခြင်းကို ဝါသနာပါပြီး သူ၏ စိန်ခေါ်သော ကြေညာချက်မှာ သူ့ထက်ပို၍မြန်မြန်ပြေးနိုင်သူအား လက်ထပ်မည်ဟူသည်ပင် ဖြစ်၏။ သူမသည် တစ်ယောက်မကသော ကမ်းလှမ်းသူများကို သတ်ပစ်ခဲ့၏။

ထိုကိစ္စနှင့် ပတ်သက်၍ နောက်ဆုံးတွင် သန်းကြွယ်သူဌေးတစ်ဦးက ပရိယာယ်တစ်ရပ်ကို စဉ်းစားမိ၏။ ပြေးပွဲတွင် ပြေးလွှားရင်း သူသည် လမ်းတွင် ရွှေပန်းသီး (၃) လုံးကို ပစ်ချခဲ့၏။ ထိုရွှေပန်းသီးများကို သူ့အား အဖရိုဒိုက်က ပေးထားခဲ့ခြင်း ဖြစ်၏။ ထိုအခါ အတ္တလန်တာသည် ထိုရွှေပန်းသီးများကို ပြေး၍ ကောက်ယူလိုက်၏။ ဤသို့ဖြင့် သူမရှုံးနိမ့်သွားတော့၏။

အဂ္ဂိရတ်ပညာရှင်တို့သည် ရှေးခေတ်ဒဏ္ဍာရီများကို သူ့နည်းသူ့ဟန်ဖြင့် ပြန်ဆိုလေ့ရှိ၏။ ထိုနည်းတူ အတ္တလန်တာပုံပြင်သည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ အတ္တလန်တာနှင့် သန်းကြွယ်သူဌေးတို့၏ အပြေးပြိုင်ပွဲသည် လုပ်ရတ်ပညာအား ကိုယ်စားပြုခြင်း ဖြစ်၏။

ဤနေရာ၌ ထပ်တူပြုနိမိတ်ပုံမှာ ရွှေပန်းသီးသည် အဂ္ဂိရတ်ဒဿနပညာရှင်၏ ရွှေပင် ဖြစ်၏။ အတ္တလန်တာ ကိုယ်တိုင် ပြဒါးကို ကိုယ်စားပြု၏။ ယင်းပြဒါးရည်သည် အလွန်လျင်မြန်သော အငွေ့ပြန်သတ္တိရှိ၏။ ထိုပြဒါး၏လျင်မြန်သောသတ္တိကို ဒဿနပညာရှင်၏ ရွှေကသာ ထိန်းချုပ်နိုင်စွမ်းရှိ၏။

ထို့အတူ အတ္တလန်တာဖူဂျင်း (ATALANTA FUGLENS) ၏ တီထွင်မှု မှာလည်း နောက်ထပ်ဂရုပြုရမည့် အချက်တစ်ရပ် ဖြစ်၏။ ယင်း၏ရှင်းပြမှု တွင် -

သဘာဝ၏ ဓာတုအမှတ်အသားအသစ်၊ မျက်လုံးများနှင့် ဉာဏ်ပညာပညာတို့ကို ရည်ရွယ်သော လုပ်ရတ်၊ ကြေးနီပေါ်၌ ထွင်းထုထားသည့် ရုပ်ပုံအပိုထည့်ထားသောဝါကျများ၊ ထိပ်စီးစာလုံးများနှင့်မှတ်စုများ၊ နားများနှင့် စိတ်၏ပျော်ရွှင်မှုကို ရည်ရွယ်သည့် အစိတ်အပိုင်း အသံ(၃)မျိုးအတွက် ဂီတသင်္ကေတ (၅၀)၊ ထိုအသံ (၃) မျိုးအနက် နှစ်သံမှာ စုံတွဲသီဆိုရန် ဖြစ်၏။ ယင်းသည်လည်း လုပ်ရတ်တစ်ခုပင် ဖြစ်၏။ ယင်းကို ကြည့်ရန်၊ ဖတ်ရှုရန်၊ တွေးခေါ်ရန်၊ နားလည်ရန်၊ ဆုံးဖြတ်ရန်၊ သီဆိုရန်၊ နားထောင်ရန် သို့တည်းမဟုတ် လုံးဝစိတ်မပျော်ရွှင်ဘဲပြုမူရန် ဖြစ်၏။

အထက်ပါကျမ်း၏ ခေါင်းစဉ်ဖြစ်သည့် အတ္တလန်တာဖျူဂျင်း၏အဓိပ္ပာယ်မှာ အမှန်အားဖြင့် စကားလုံးများကို ကစားခြင်း ဖြစ်၏။ ထို့တွင် 'အတ္တလန်တာ' ဟူသည် ဝေါဟာရကို ဆိုလိုခြင်းမဟုတ်ပေ။ 'ဖျူဂျင်း' ဟူသော ဝေါဟာရကိုသာ နာမဝိသေသနပြုထားခြင်း ဖြစ်၏။ ယင်းသည် တေးသီချင်းတစ်ပုဒ်ကို ဖော်ကျူးထား၏။ ထိုတေးသည် ထူးခြားစွာပင် ဂီတသင်္ကေတ (၅၀) လုံး ပါဝင်အောင် ဖွဲ့သီထားသည့် တေးတစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။

အင်္ဂါရတ်ပညာရှင်သည် ဂီတသင်္ကေတတို့ တစ်ခုနှင့်တစ်ခုစပ်ကြားကို ထိန်းချုပ်သော ကိန်းဂဏန်းတို့၏ ပတ်သက်ဆက်နွှယ်မှုကို နားလည်၏။ အဆိုပါ ဂီတသင်္ကေတနှင့် ဆက်သွယ်မှုတို့ကို သောမတ်နော်တွန်၏ကျမ်း၌ ရှင်းလင်းစွာ တွေ့ရှိနိုင်၏။ သူက ဆိုထားသည်မှာ -

"သင်၏ ဓာတ်များကို သင်္ချာနည်းကျနှင့် ကိန်းဂဏန်းနည်းကျ ဆက်စပ်ပါ။ ၎င်းတို့ကို ဂီတနည်းကျအရပါ ဆက်စပ်ရပါမည်"

ဟု ဆိုထား၏။

AMPHITHEATRUM SAPIENTIAE AETERNAE ပုံတစ်ခုတွင် ဖော်ပြထားသည်မှာ အင်္ဂါရတ်ပညာရှင်သည် ဒူးထောက်၍ ဝတ်ပြုဆုတောင်းနေပြီး သူ့မျက်လုံးများက ဂီတသင်္ကေတအညွှန်းပေါ်တွင် စူးစိုက်စွာကြည့်ရှုနေသည်ကို တွေ့ရ၏။ စားပွဲတစ်လုံးပေါ်တွင် ဂီတတူရိယာမျိုးစုံ ရှိ၏။ ထို့အပြင် စားပွဲအပြည့် စာကြောင်းတစ်ကြောင်းရှိ၏။ ၎င်းစာကြောင်းမှာ -

'မြင့်မြတ်သော ဂီတသည် ဝမ်းနည်းမှုကို ဖယ်ရှားစေ၏။ မကောင်းဆိုးဝါးတို့ကို မောင်းနှင်ထုတ်စေ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်၏ ဝိညာဉ်တော်သည် ဝမ်းမြောက်မှုနှင့် သီဆိုသောကြောင့် ဖြစ်၏'

ဟု ဆိုထားပါသည်။ ၎င်းကျမ်းတွင် အပိုင်း (၃) ပိုင်း ပါ၏။ (၂) ပိုင်းသည် ထွက်ပြေးသောအသံနှင့် နောက်မှလိုက်သောအသံတို့ ဖြစ်၏။ တတိယအပိုင်းမှာမူ အတ္တလန်တာကို အပြေးပြိုင်ပွဲ၌ နောက်ကျစေသောအပိုင်း (ရွှေပန်းသီး) ဖြစ်၏။

အင်္ဂါရတ်သင်္ကေတစနစ်၏ရှုထောင့်မှကြည့်လျှင် အဆိုပါ အသံ (၃) မျိုးတို့သည်ကား 'ဓာတ်လုံး' ကို ကိုယ်စားပြု၏။ ဓာတ်လုံးကား အင်္ဂါရတ်ပညာရှင်ကို စွန့်ခွာ၏။ အင်္ဂါရတ်ပညာရှင်ကား ဓာတ်လုံးနောက်သို့ လိုက်ပါ၏။

အတ္တလန်တာဖျူဂျင်း၏ ရလဒ်ကား တူရိယာဂီတာဆိုင်ရာနည်းပညာအခက်အခဲများစွာကို ဖော်ပြ၏။ ၎င်းသည် လုပ်ရတ်ကြီးတစ်ခုကို လုပ်ရမည်ဖြစ်၍ ၎င်းအခက်အခဲများကိုမူ မကျော်လွှားဘဲ မဖြေ နိုင်ပေ။ သို့ရာတွင် ၁၉၃၅ ခုနှစ်၌ လန်ဒန်မြို့ တော်ဝင်သိပ္ပံ၌ ထိုမိုင်ယာ ဂီတကို သီကျူးခဲ့ကြ၏။ ၎င်းတေးကို စိန့်အန်ဒရူးတက္ကသိုလ်ဝတ်အဖွဲ့က သီဆိုခဲ့၏။ သို့ရာတွင် ထိုလုပ်ရတ်ကို ကြာရှည်စွာကား အထင်ကြီးမှု မရှိကြပေ။

အင်္ဂါရတ်ပညာတွင် သတ္တုအမျိုးအစားသည် အဓိကအားဖြင့် (၇) မျိုးရှိသကဲ့သို့ ဂီတပညာရပ်တွင်လည်း သံစဉ် (၇) ပါး (ခုနစ်သံ) ရှိခြင်းကြောင့် ဤဆက်စပ်မှုသည် ဖြစ်ပေါ်လာခြင်း ဖြစ်၏။

REVELATION ကျမ်းကို ပါရီ၌ ၁၆၆၈ ခုနှစ်တွင် ထုတ်ဝေခဲ့၏။ ဇာဆယ်ဗလင်တိုင်း၏ပုံနှင့် လေမှုတ်တူရိယာ (၇) ခုကိုပြ၏။ တစ်ခုချင်းသည် သတ္တုတစ်မျိုးကို ကိုယ်စားပြု၏။ ထိုတစ်ခုချင်းသည် အင်္ဂါရတ်နှင့် ဂီတပညာဆိုင်ရာ စကေးတစ်ခုကို ဖြစ်စေ၏။ ထို့ကြောင့် ဂီတစကေးတစ်ခုချင်းစီအလိုက် သတ္တုတစ်မျိုးစီကို ယှဉ်တွဲဖော်ပြရပါမူ 'ဒို' ဟူသော ဂီတစကေးသည် 'ဘော်' ဖြစ်၏။ 'ရေ'သည် 'ပြဒါးဓာတ်' ဖြစ်၏။ 'မီ' သည် 'ဒန် (ကြေး)' သတ္တု ဖြစ်၏။ 'ဖာ' သည် 'ရွှေ'သတ္တု ဖြစ်၏။ 'ဆို' သည် 'သံ' ဖြစ်၏။ 'လာ' သည် 'ဘင်' သတ္တု၏ စကေး ဖြစ်၏။ 'တီ' သည် 'နာ' သတ္တု ဖြစ်၏။ ထို့ကြောင့် ဒို၊ ရေ မီ၊ ဖာ၊ ဆို၊ လာ၊ တီ တို့၏အသုံးဖြင့် အင်္ဂါရတ်ရလဒ်အချို့ကိုလည်းကောင်း၊ ဓာတ်ခွဲခန်းဆောင်ရွက်မှုများ၏ ရှေ့နောက်အစဉ်ကို ဖုံးကွယ်ရန်လည်းကောင်း ဤသင်္ကေတများကို အသုံးပြုကြသည်မှာ ဖြစ်နိုင်ပေသည်။

အင်္ဂါရတ်ပညာရှင်များနှင့် ဂမ္ဘီရပညာရပ်ဆန်သူတို့က ယုံကြည်ထားသည်မှာ အသံနှင့်တေးဂီတသည် ၎င်းတို့ပြုလုပ်နေသည့် စမ်းသပ်မှုတွင် အကျိုးပြုပြီး လွယ်ကူစေသည် ဆို၏။ ပို၍ဖြစ်နိုင်သည်မှာ မိုင်ယာနှင့် ၎င်း၏အပေါင်းအဖော်များက ဂီတသည် လုပ်ငန်းကို ပို၍ သွက်လက်ပေါ့ပါးစေသည် ဆို၏။ ဤသဘောတရားမှာ အသစ်အဆန်းမဟုတ်ပေ။ လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀၀) ခန့်လောက်က ပိုက်သာဂိုးရပ်က သင်ကြားပေးခဲ့သည်မှာ ဂီတသည် ဝိညာဉ်ကို သန့်စင်စေပြီး အဆင့်မြင့်စုစည်းမှုကိုဖြစ်ပေါ်စေသည် ဆို၏။ ဖာယ်လင်နစ်ခေတ်က အမည်မသိ ဒဿနပညာရှင်တစ်ဦးက ဓာတုနှင့် ဂီတကျမ်းတစ်စောင်ကို ပြုစုခဲ့၏။ ၎င်းကျမ်းတွင် အင်္ဂါရတ်ပညာနှင့်ဂီတပညာတို့၏အလွန်ခိုင်မာသည့် ဆက်သွယ်မှုရှိကြောင်းပြသခဲ့၏။

ဂီတနှင့် သီဆိုမှုကို အသုံးပြုခြင်းသည် ဂမ္ဘီရနှင့် မှော်အတတ် အထောက်အကူဖြစ်စေပြီး ထိုအဖြစ် ဘာသာရေးအဖွဲ့အစည်းများစွာတို့ ကောင်းစွာ သဘောပေါက်ကြ၏။

ဆူဖီဝါဒကျင့်စဉ်များ၌ ဂီတသ ရုပ်လောကမှထွက်ခွာရာ၌ နည်းလ တစ်ခု ဖြစ်၏။ ထို့အပြင် ဂီတသ ကာယယန္တရားကို ကျော်လွန်နိုင်သ နည်းလမ်းလည်းဖြစ်၏။ ထိုမျှမက ဂီ သည် ဝိညာဉ်ဆိုင်ရာသန့်စင်မှု၏အမြ ဆုံးအဆင့်ကိုလည်း ရရှိစေနိုင်၏။

အတ္တလန်တာ၏ ဂီတဖျူဂျင်းတွ ရည်ရွယ်ချက်နှစ်ရပ်ရှိပေ၏။ ထိုရည်ရွ ချက်များမှာ တစ်ဖက်တွင် လုပ်ငန်း ၏ ကိန်းဂဏန်းများကို ဖုံးကွယ်ရန် ပြီး အခြားတစ်ရပ်မှာ အင်္ဂါရတ်ပညာ အား သူ့လုပ်ငန်းကို ကောင်းစွာမ ကိုင်နိုင်စေရန်၊ အခြေအနေကိုဖန်တီး ဖြစ်၏။ အတ္တလန်တာ၏ အမှတ်တံဆိ များကလည်း အရေးပါလေသည်။ ရီ ဆန့်ခေတ်၏ ဟာမစ်တစ်ကာဗ မှော်ပညာရှင်များက ပန်းချီပညာ အသေးစိတ်တွေးခေါ်ရန် ဝါဒဖြန့်ကြ မိုင်ယာကို ခေတ်ပြိုင်အဆင့်ဖြင့် ပ ဆွဲနည်းများက အားပေးကြ၏။

ပုံနှိပ်ထားသည့်ရုပ်ပုံကို အနုစိ ရှုမှတ်ရန် တောင်းဆိုကြသည့် အ လန်တာသည် ကြည့်ရှုရန်၊ ဖတ်ရှု တွေးခေါ်ရန်၊ နားလည်ရန်၊ ချီးကျူး သီဆိုရန်၊ နားထောင်ရန် ဖြစ်ပေသ စာအုပ်တွင် ပါသမျှအချက်အားလုံး စာရှုသူ၏ ခံယူချက်ကို လှုံ့ဆော်ရန် ရွယ်ထားပေသည်။ စာရှုသူအား ဝိညာ သန့်စင်မှု၏ လမ်းမှန်ပေါ်သို့ ရောက် ရန် လမ်းပို့ဆောင်ခြင်း ဖြစ်၏။ ဒသ အားလုံး ဝိဇ္ဇာရော သိပ္ပံပါအားလုံးသ လူ့ဘဝ သာယာတိုးတက်ရေးအတွ Philosophia monalis တွင် ရောက် စုဝေးသင့်၏။

SYMBOLS OF GOLD OF TWELVE NATIONS အမည်ရှိ ကျမ် မိုင်ယာက ပြုစုရာတွင် နိုင်ငံ (၁၂) မှ အင်္ဂါရတ်သမိုင်းတွင် အဓိကပုဂ္ဂို များဟု ယူဆရသူတို့၏ အကြောင်း ရေးသားထား၏။ ထိုပုဂ္ဂိုလ်မျာ အီဂျစ်မှ ဟာမီး၊ အစ္စရေးမှ ပရိုဖက် ဆာ၊ ဂရိမှ ဒီမိုကရေးတပ်၊ ရောမမှ ရိနပ်၊ အာရပ်မှ အဗီဆင်းနား၊ ဂျာမ အယ်ဘာတပ်မဂတ်၊ ပြင်သစ်မှ အာ အီတလီမှ သောမတ်အကွီးနပ်၊ ရေမွန်လာ၊ အင်္ဂလန်မှ ရော်ဂျာဘ



www.burmeseclassic.com

www.burmeseclassic.com

ဂေရီမှ စီဘီနီစစ်၊ အခြားသော ဆန် တော်မှ ပုဂ္ဂိုလ်များနှင့် အခြားအမည် သူများအကြောင်း ဖြစ်၏။

ထိုစာရင်းတွင် မပါသူများမှာ ဂျဗီး ပါရာဆဲလ်ဆပ် (၎င်းအစား အဲဗာ မက်ဂတ်) နှင့် အာနေးဗလင်နိုဗာ ပြင်သစ်မှ ဂလစ်စီယပ် ဖြစ်နေ မည်သို့ပင်ဖြစ်စေ ရွေးချယ်မှုမှာ တတ်တအလိုက် ဖြစ်၏။ (၁၂) ဟူ ကိန်းဂဏန်းသည် စုစုပေါင်းကို စားပြု၏။ တစ်နှစ်တွင် (၁၂) လ ည့်အတိုင်း ဖြစ်၏။ ၎င်းသည် အင်္ဂ ညာကို ရည်ညွှန်း၍ ပြုပြင်ထား ဖြစ်ပြီး အင်္ဂရတ်ပညာသည် နိုင်ငံ (၁၂) နိုင်ငံမှ ပေါ်ထွန်းလာသည် ဆိုလိုပေသည်။

မိုင်ယာက ဤပညာရပ်သည် တစ် လုံးသို့ ပျံ့နှံ့သွားခဲ့ပြီဟု ဆို၏။ BOLA AUREAE ၏ တ်တံဆိပ် ကား ထူးခြား၏။ ၎င်းတွင် န်းတော် ကြီးတစ်ပါးက ပွဲတစ်ခုကို ပြုလုပ် နေပုံ ဖြစ်၏။

သူ၏နောက်တွင် လေထဲ၌တွဲလဲ နေသည်မှာ ကညာစင်မေရီဖြစ်ပြီး ယ်ကို့ဇက်ကို နှိုချိုတိုက်ကျွေးနေပုံ ၏။

ထိုအမှတ်တံဆိပ်မှာ ဟန်ဂေရီ သား အင်္ဂရတ်ပညာရှင် နီကိုလပ်ကို န်း၏။ ၎င်းသည် ၁၄၉၀ ပြည့်နှစ် ဒုတိယလာဒစ်စလပ်၏ နက္ခတ္တ ကြံပေးပုဂ္ဂိုလ်ဖြစ်လာ၏။ ၁၅၂၆ တွင် ဧကရာဇ် ပထမဖရက်ဒရစ်၏ ပေးပုဂ္ဂိုလ်ဖြစ်သွား၏။ ပထမ ဒရစ်၏ နန်းတော်တွင် အင်္ဂရတ် င့်မှုနေ၍ ကက်သလစ်လူထု တ် ကျမ်းကြီးတစ်စောင် ရေးဖွဲ့ခဲ့ အမှတ်တံဆိပ်ကို ဖော်ပြရာ၌ မိုင် ဤသို့ မှတ်ချက်ချ၏။

"ခါတ်လုံးကို ကလေးငယ်အဖြစ် တပြု၍ ကညာစင်၏ နို့ရည်ကို တွေ့ရမည်"

ကညာစင်၏နို့ ဆိုသည်မှာ အင်္ဂ ဟာရဖြစ်ပြီး အမိပွာယ်မှာ ပြဒါး ၏အရည် ဖြစ်၏။ မိုင်ယာ၏ ချက်မှာ လာပစ်ဒဿနကို ထပ် ာက်ခံထားပြီး ထာဝရအသက် ညာဉ်ဆိုင်ရာ ဉာဏ်အလင်းတို့ကို စေခြင်း ဖြစ်၏။

၁၆၂၂ ၌ PHILOSOPHY RE- ED ကျမ်းကို ဂျိုဟုန်မိုင်လပ် - ၁၆၂၈) က ရေးသားခဲ့၏။

သူသည် ဆရာဝန်နှင့် ဘာသာရေးပါရဂူ တစ်ဦး ဖြစ်၏။ သူသည် မိုက်ကယ်မေယာထံတွင် ပညာသင်ကြားခဲ့၏။

၁၆၂၄ ခုနှစ်တွင် ဒယ်နီယယ် စတုတ်သည် မေယာ၏ အမှတ်တံဆိပ်ကို အသုံးပြုခဲ့၏။ မိုင်လပ်နှင့် အခြားသော ပုဂ္ဂိုလ်များ၏ အမှတ်တံဆိပ်များကို သူ၏CHEMICAL GARDEN ကျမ်းကို အသိအမှတ်ပြုရန်အတွက် သုံးခဲ့၏။ ၎င်းကျမ်းပါ သရုပ်ပြပုံ (၁၀၇) ခုမှာ ကြေးဖြင့်ပြုလုပ်ထားပြီး တစ်ခုချင်းစီတွင် လက်တင်စာတမ်းတိုတစ်စောင်ပါရှိ၏။ ထိုစာက သရုပ်ဖော်ပုံ၏ အကြောင်းကို ရှင်းလင်းထားလေသည်။ သို့ရာတွင် အမှန်မှာမူ အင်္ဂရတ်ပညာနှင့် မနီးစပ်သော စာသားများ ဖြစ်၏။

ပြင်သစ်နိုင်ငံတွင် ရိုစီကရူစီယန် လှုပ်ရှားမှုမှာ အမှန်တကယ် စိတ်ဝင်စားမှုမျိုးမဟုတ်သောအုံကြွမှုဖြင့် ရင်ဆိုင်ရ၏။ ၁၆၂၃ ခုနှစ်တွင် ရိုစီကရော့အသင်းကြီး၏ ထိပ်ပိုင်းပုဂ္ဂိုလ်က အင်္ဂရတ်ဆိုင်ရာနှင့်ပတ်သက်၍ အမှန်တကယ်မြင်ခြင်းရှိ၊ မရှိဆိုင်ရာ စောကြောသည့် စာတမ်းများကို ပဲရစ်မြို့နံရံများ၌ ကပ်ထားကြ၏။ တစ်ချိန်တည်းတွင်ပင် ကြောက်စရာကောလဟာလများက တစ်နိုင်ငံလုံးတွင် ထွက်ပေါ်လာ၏။

ရိုစီကရူစီယန်များသည် မြေအောက်လမ်းကြောင်းဖြင့် ပရိသတ်ကို ခေါ်ဆောင်၍ ကက်သလစ်ဝါဒမှထွက်ခိုင်းပြီး ပို၍ဆိုးသည်မှာ စေတန်ပူဇော်မှုဆီသို့ ပြောင်းခိုင်းခြင်း ဖြစ်၏။

ကက်သလစ်ဘာသာ ကိုးကွယ်သော အီတလီနိုင်ငံတွင် မည်သို့ဖြစ်ပျက်



နေသည်ကိုကား မသိရပေ။ ရိုစီကရူစီယန်အင်္ဂရတ်ပညာသည် ထိုဒေသတွင် အတော်အတန်ပြန့်ပွားပြီး ဖြစ်ရမည်ဖြစ်၏။ အကြောင်းမှာမူ ၁၆၈၀ ပြည့်နှစ်တွင် ဖယ်ဂွန်ဘာဗာယာမှ မာကွစ်မက်ဆီလန်သည် ဉယျာဉ်သို့ ထွက်သောတံခါး၌ AUREUM SECULUM REDIVIVUM ကျမ်း မျက်နှာဖုံးမှ ပုံတို့ကို ထွင်းထုထား၏။

ရိုစီကရော့ဝါဒကို ကာကွယ်သူ (၄)ဦးအနက်တစ်ဦးမှာ ရောဘတ်ဖလပ် (၁၅၇၄-၁၆၃၇) သည် အင်္ဂလိပ်လူမျိုး သမားတော် ဖြစ်၏။ ထို့အပြင် အင်္ဂရတ်နှင့် ဒဿနပညာရှင်လည်း ဖြစ်၏။ သူသည် ရိုစီကရိုစီယန်တို့၏ ဖာမာ၊ ကွန်ဖက်ရှင်းကျမ်းများကို အထူးစိတ်ဝင်စားစွာဖတ်ပြီးမှ ဆက်သွယ်ခဲ့၏။ ဤမျှသာ ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် လျှို့ဝှက်သော ညီအစ်ကိုအသင်းအတွက် တောင်းပန်စာနှစ်စောင်ကို ပုံနှိပ်ထုတ်ဝေခဲ့၏။ ထိုစာများကို သူထုတ်ဝေခြင်းသည် ဘုရားသခင်၏ တိုက်တွန်းမှုကြောင့်ဟု ယုံကြည်၍ဖြစ်၏။ သူတို့သည် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို ဗိသုကာမှ အက္ခရာသင်္ချာအထိ လေ့လာချင်၏။ ဂီတမှသည် ဥပဒေပညာထိလည်း သင်ချင်၏။ စီးပွားရေးမှလည်း ဘာသာရေးအထိ ပညာရပ်မျိုးစုံတို့အား သင်ကြားတတ်မြောက်လိုခဲ့၏။ ထိုပညာရပ်အားလုံးတို့သည် တိုးတက်စေရန်နှင့် ပြန်လည်ပြုပြင်ရန်လိုနေလေသည်။ ၎င်းဖာမာနှင့် ကွန်ဖက်စီနို၌ ဖော်ပြထားသည့် ရည်ရွယ်ချက်များပင် ဖြစ်၏။ အမှန်မှာမူ ဖလပ်သည် ရိုစီကရူစီယန်တို့ထံမှ မည်သည့်ပြန်စာကိုမျှ မရခဲ့ပေ။ သို့ရာတွင် သူတို့၏ ငြိမ်သက်ခြင်းကား အတယ်နည်းနှင့်မျှ ဖလပ်၏ သဘောတရားကို ပြောင်းလဲနိုင်စွမ်း မရှိပေ။ ဖလပ်သည် သူကိုယ်ပိုင်ဒဿနကို ထူထောင်လိုက်၏။ ၎င်းမှာ ရိုစီကရူစီယန်၏သဘာဝကို နားလည်ခြင်းဟူသော သဘောတရားမှ ရောင်ပြန်ဟပ်ခြင်းသာ ဖြစ်၏။

ဤသို့ဖြင့် ဉရောပတွင် ရိုစီကရူစီယန်အတွေးအခေါ် ဂိုဏ်းကွဲခြင်း၌ သူနှင့် မိုက်ကယ်မေယာတို့သည် နောက်ဆုံးတာဝန်ရှိသူများ ဖြစ်၏။ သူ၏ အကျော်ကြားဆုံးသောကျမ်း PHYSICS AND TECHNICS OF TWO WORLDS ကို ၁၆၁၇ ခု၊ ၁၆၁၈ ခုနှစ်တွင် ဂျာမနီ၌ ထုတ်ဝေခဲ့၏။ ထိုကျမ်းကို အပိုင်းနှစ်ပိုင်းခွဲထား၏။ တစ်ပိုင်းမှာ လောကကြီး



www.burmeseclassic.com

www.burmeseclassic.com

၏အပိုင်းနှင့် လောကငယ်တို့၏အပိုင်းဟူ၍ ဖြစ်၏။

၎င်းကျမ်းတွင် ဘုရားသခင်၏ ကမ္ဘာလော်ကနှင့် လူသားတို့၏ ကမ္ဘာလောကဆိုင်ရာခြားနားချက်ကို ဖော်ပြထား၏။ ၎င်း၏ သရုပ်ဖော်ဥဒါဟရဏ်ကို စာအုပ်၏ရုပ်ပုံများတွင် လှပကောင်းမွန်စွာ ဖော်ပြထားသည်ကို တွေ့ရ၏။ ၎င်းအပိုင်းတို့၏ ခေါင်းစဉ်မှာ သဘာဝလောက၏ သာမညများနှင့် အနုပညာရုပ်ပုံများ (Picture of the Art and minnor of al Nature) ဖြစ်၏။ ၎င်းတွင် အင်္ဂရတ်၊ နက္ခတ္တ၊ မှော်ပညာ၊ ကာဗလာပညာ၊ (အင်းစမပညာ) သင်္ကေတများ ပါရှိ၏။

ထို့အပြင် ကမ္ဘာမြေကို ကိုယ်လုံးတီးကညာစင်အမျိုးသမီးတစ်ယောက်၏ သင်္ကေတဖြင့် တင်စားထား၏။ ထိုအမျိုးသမီး၏ ညာဘက်ရင်သားမှ ပန်းထွက်လာသော နို့ရည်သည် ဘုရားသခင်နှင့် တိရစ္ဆာန်တို့၏ဘုံတို့၏ ဆက်သွယ်မှုကို ဖော်ပြ၏။

ဖလုက အင်္ဂရတ်ပညာကို ဟာမစ်တဲ့သို့ပင် မှော်ပညာနှင့် အင်းစပညာတို့၏ ရောယှက်ခြင်းဟု သတ်မှတ်ထား၏။ ပြင်သစ်ဒဿနပညာရှင် မာရင်မာဆီနီ (၁၅၈၈-၁၆၄၈) က အားလုံးကို ပွင့်ပွင့်လင်းလင်းပင် ဖြောင်ဖွင့်ချကာ ရှုတ်ချခဲ့၏။ ထိုအခါ ဖလုက ကျမ်းတစ်စောင်ရေး၍ တုံ့ပြန်ခဲ့၏။ ထိုကျမ်းမှာ SOMMUN BONUM (၁၆၂၉ ခုနှစ်) ဖြစ်၏။ ထိုကျမ်း၏သဘောမှာ ရိုစီကရော့၏ မှော်ပညာ၊ အင်းစမပညာ၊ အင်္ဂရတ်ပညာရပ်များပင် ဖြစ်၏။

ဖလု၏ အင်္ဂရတ်ပညာသည် ဂမ္ဘီရပညာသဘောဖြင့် မှန်းဆခြင်း၏ အဓိကပင်မဖြစ်၏။ ထိုပညာရပ်သည် အင်္ဂရတ်ဆိုင်ရာထုံးတမ်းစဉ်လာဖြစ်သော ဖိုနှင့်လုံ သုံးစွဲခြင်းအားဖြင့် ဓာတ်ခွဲခန်းကို စွန့်လွှတ်သည့်ပညာရပ်လည်း ဖြစ်၏။

နောက်ထပ် မိရိုးဖလာသဘောတရားရှိသူမှာ အင်္ဂလိပ်လူမျိုး အဲလပ်အက်ရှ်မိုး (၁၆၂၇-၁၆၉၂) ဖြစ်၏။ ၎င်းသည် အင်္ဂရတ်ပညာကို စိတ်ဝင်စားသူနှင့် အပြင်းအထန် လိုက်စားသူလည်း ဖြစ်၏။ ၎င်းထံတွင် ရှေးခေတ်အင်္ဂရတ်အသုံးအဆောင်များနှင့် ရှေးခေတ်စာရွက်စာတမ်းများ စုဆောင်းပြီးသားရှိလေသည်။ သူသည် လူငယ်ဘဝကပင် ဖာမာနှင့် ကွန်ဖက်စီနိုကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရေးသားခဲ့၏။ ထိုအထဲတွင် သူ၏ထင်မြင်ချက်၊ ဝေဖန်ချက်များပါ ရေးသားထား၏။

၁၆၄၈ ခုနှစ်တွင် သူ့အား ထိုလက်ရေးကျမ်းပေးလိုက်သောအခါ သူ၏ ရှိရင်းစွဲစိတ်ဝင်စားမှုတို့သည် ပို၍ကြီးထွားလာခဲ့၏။ (၂) နှစ်အကြာ သူ၏ ပထမဆုံးကျမ်းကိုထုတ်ဝေခဲ့၏။ ထိုကျမ်းသည် ကျမ်းနှစ်ခုကိုပြန်ရေးခြင်း ဖြစ်၏၊ ကျော်ကြားခဲ့၏။ ထိုကျမ်းတွင် ကျမ်းပြုသူအမည်၌ 'ဂျိမ်းဟာဆိုလီ' ဟူသည့် အမည်ကိုသုံးထား၏။ သူသည် ဘာသာပြန်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခဲ့၏။ ၁၆၅၂ ခုနှစ်တွင် အကြီးကျယ်ဆုံးကျမ်းကြီး(၁)စောင်ကို ရေးသားခဲ့၏။ ထိုကျမ်းသည် အင်္ဂရတ်ပညာရှင်များ၏ လက်ရာပေါင်းချုပ်လည်း ဖြစ်၏။

အက်ရှ်မိုးကိုကား လက်တွေ့လုပ်ကိုင်နေသော အင်္ဂရတ်ပညာရှင်တစ်ဦးအဖြစ်ကား မဖော်ပြနိုင်ပေ။ သို့ရာတွင် သူ၏နိုင်ငံ၌ အင်္ဂရတ်ပညာကို လှုံ့ဆော်ပေးသည့် ကျော်ကြားသော ပညာရှင်တစ်ဦး ဖြစ်၏။ ထို့နောက် သူ၏ဂုဏ်သိက္ခာသည် တိုးတက်လာပြီးနောက် ၁၆၆၁ တွင် Fellow of Royal Society ကို တည်ထောင်ခဲ့၏။ ၁၆၆၉ တွင် သူသည် အောက်စဖို့ဒ်တက္ကသိုလ်မှ ဆေးပညာပါရဂူဘွဲ့ရခဲ့၏။

သို့သော် သူ့ကို ယနေ့ထိသိရှိကြသည်မှာ ၁၆၈၃ ခုနှစ်တွင် အက်ရှ်မိုးပြတိုက်ကို တည်ထောင်သူအဖြစ် သိရှိနေကြ၏။

သူသည် မိတ်ဆွေဖြစ်သူ 'ဂျွန်ထရန်ဇီကန်' စုဆောင်းထားသည့် ထူးဆန်းသောပစ္စည်းများနှင့် ရှားပါးသောပစ္စည်းများကို အခြေခံ၍ ထိုပြတိုက်ကို တည်ထောင်ခဲ့ခြင်း ဖြစ်၏။

အက်ရှ်မိုး၏ အတ္ထုပ္ပတ္တိတွင် အခြားအရေးပါသည့် ဖြစ်ရပ်တစ်ခုပါရှိလာ၏။ သူသည် ၁၆၄၆ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့၌ အက်ရှ်မိုးသည် အင်္ဂလိပ်လူမျိုးထဲမှ ပထမဦးဆုံးသော ဖရီးမေဆင်အဖွဲ့ဝင်တစ်ဦးအဖြစ် ဝါရင်တန်တွင် ပေါ်လာခဲ့၏။

သူသည် ထိုဖြစ်ရပ်ကို သူ၏ ဒိုင်ယာရီတွင် ရေးမှတ်ထားခြင်းကြောင့် အင်္ဂလန်နိုင်ငံ၏ ပထမဦးဆုံးသော ဖရီးမေဆင်ဂိုဏ်းဆိုင်ရာ အကြောင်းတို့ကို အခိုင်အမာသိရှိခွင့်ရရှိခဲ့ခြင်း ဖြစ်၏။

သို့သော် ဖရီးမေဆင်ဂိုဏ်းကို စတင် တည်ထောင်သည့် ရက်စွဲအတိ[...] အကျကိုကား မသိရှိရပေ။ သိရှိရသ[...] မှာ ၁၆ ရာစု၊ ၁၇ ရာစုများအတွင်း လှု[...] ရှားခဲ့သောအဖွဲ့ဝင်များ၊ အသင်းခွဲမျာ[...] အကြောင်းသာသိရှိခဲ့ရ၏။ ထိုတွင် လှု[...] ရှားခဲ့သော အဖွဲ့ဝင်ဂိုဏ်းသားများမှာ[...] အင်္ဂလန်၊ စကော့တလန်တို့မှပညာတ[...] များ၊ မှူးမျိုးမတ်နွယ်များ၊ ပညာရှိမျာ[...] ဂျော်မတြီပညာရှင်များ၊ ဗိသုကာမျာ[...] စသည်တို့ ဖြစ်၏။

သူတို့ဂိုဏ်း၏ ရည်ရွယ်ချက်လု[...] ငန်းများ၏ ကောင်းမွန်မှုကြောင့် [...] မေဆင်ဂိုဏ်းကို ထောက်ခံအားပေး[...] များပြားခဲ့၏။ စိတ်ဝင်စားသူတို့လည်[...] များပြားခဲ့၏။ ဖရီးမေဆင်အသင်း[...] ဖြစ်ပေါ်ရခြင်းမှာ ဖာမာနှင့် ကွန်ဖက်[...] ကြေညာချက်၌ ဖော်ပြထားသည့် ဝိ[...] နှင့် သိပ္ပံပညာရပ်ကို ပြန်လည်ပြု[...] ဖွဲ့စည်းလိုသောဆန္ဒကြောင့်ဖြစ်ပေါ်[...] ရခြင်း ဖြစ်၏။

မက်ဆောနစ် အစဉ်အလာ[...] ဆန့်ကျင်ဘက်များ ပေါ်ပေါက်လာ[...] ရိုစီကရူစီယန်ဂိုဏ်းဝင်ဖြစ်သည့် အ[...] မိုးကိုယ်တိုင်က ရိုစီကရူစီယန်ဝါဒကို [...] မေဆင်ဂိုဏ်းအတွင်းသို့သွတ်သွင်းခဲ့[...] ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ယနေ့ခေ[...] တွင် မက်ဆိုနစ်ကျမ်းကိုရေးသူသည် [...] ကရူစီယန်အတွေးအခေါ်များကို သွ[...] သွင်းခဲ့ခြင်းသာ ဖြစ်၏။ အင်္ဂရတ်[...] သည် တစ်နည်းတစ်လမ်းအားဖြင့် [...] ဆိုနရီ (ဖရီးမေဆင်) ဝါဒ၏ သင်္ကေ[...] ကို တစ်နည်းတစ်လမ်းအားဖြင့် လွှ[...] ခဲ့၏။ ၎င်းကို အနုစိတ်သဘောအား[...] အသေအချာသိနိုင်၏။ အင်္ဂရတ်[...] ရှင်၏ နည်းလမ်းတစ်ခုမှာ အပြစ်[...] သောသတ္တုကို ဓာတ်လုံးအဖြစ်သို့ [...] ပြောင်းပေးနိုင်ခြင်း ဖြစ်၏။ ဖရီးမေ[...] ၏စွမ်းရည်မှာ ကျောက်ရိုင်းတုံး(လူ[...] တစ်ခုကို တန်ဖိုးရှိသော ကျောက်[...] ရတနာ (မာစတာ) အဖြစ်သို့ ပြော[...] ပေးနိုင်ခြင်းပင် ဖြစ်၏။ ထိုအတော[...] တွင်း သိပ္ပံနည်းကျ ဓာတုဗေဒပညာ[...] ၏ မျိုးစေ့သည် အညှောက်ပေါက်[...] လာပြီ ဖြစ်၏။

(ရှေ့လဆက်ဖတ်[...]

ဆရာဦးဆက်ထွန်း[...]

(အာယု[...]



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်အောင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များ ရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန် ရယ်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မြှုစဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ကဆုန် လဆန်း ၃ | ၅တေး | ၃<br>၄ | ၁၂း၀၀း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂ | ၄ | ၆ကြာ | ၄<br>၅ | ၁၃း၁၇း၀၉ | * အမြိတ္တ<br>* လာဘ |
| ၃ | ၅ | စနေ | ၅<br>၆ | ၁၅း၀၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၄ | ၆ | ၁နွေ | ၆<br>၇ | ၁၇း၀၁း၀၆ | * လာဘ<br>* သိဒ္ဓိ |
| ၅ | ၇ | ၂လာ | ၇<br>၈ | ၁၉း၃၃း၂၀ | △ မိတ္တု<br>△ ကာဏ |
| ၆ | ၈ | ၃ဂါ | ၈<br>၉ | ၂၂း၁၃း၂၀ | * သိဒ္ဓိ<br>□ ဝရ |
| ၇ | ၉ | ၄ဟူး | ၉ | မပြောင်း | △ ကာဏ |
| ၈ | ၁၀ | ၅တေး | ၉<br>၁၀ | ၀၀း၅၂း၂၂ | * သိဒ္ဓိ<br>△ ဝရ |
| ၉ | ၁၁ | ၆ကြာ | ၁၀<br>၁၁ | ၀၃း၀၀း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၀ | ၁၂ | စနေ | ၁၁<br>၁၂ | ၀၄း၄၈း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၁၃ | ၁နွေ | ၁၂<br>၁၃ | ၀၆း၄၄း၁၃ | * အမြိတ္တ<br>* လာဘ |
| ၁၂ | ၁၄ | ၂လာ | ၁၃<br>၁၄ | ၀၇း၅၁း၄၃ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၃ | ○ ၁၅ | ၃ဂါ | ၁၄<br>၁၅ | ၀၈း၃၂း၃၃ | * လာဘ<br>* သိဒ္ဓိ |
| ၁၄ | လဆုတ် ၁ | ၄ဟူး | ၁၅<br>၁၆ | ၀၈း၄၈း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၁၅ | ၂ | ၅တေး | ၁၆<br>၁၇ | ၀၈း၃၀း၅၈ | * သိဒ္ဓိ<br>□ ဝရ |
| ၁၆ | ၃ | ၆ကြာ | ၁၇<br>၁၈ | ၀၇း၄၄း၃၁ | △ ကာဏ<br>* အမြိတ္တ |

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁၇ | ၄ | စနေ | ၁၈<br>၁၉ | ၀၆း၄၅း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၈ | ၅ | ၁နွေ | ၁၉<br>၂၀<br>× | ၀၅း၁၅း၀၀<br>၂၂း၀၇း၃၀ | * အမြိတ္တ<br>* လာဘ<br>* သိဒ္ဓိ |
| ၁၉ | ၆ | ၂ဂါ | ×<br>၂၁ | ၁၉း၂၂း၃၀ | △ မိတ္တု<br>△ ကာဏ |
| ၂၀ | ၇ | ၃ဂါ | ၂၁<br>၂၂ | ၀၂း၁၅း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၁ | ၈ | ၄ဟူး | ၂၂<br>၂၃<br>၂၄ | ၀၀း၄၄း၁၉<br>၂၂း၅၃း၃၂ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၂၂ | ၉ | ၅တေး | ၂၄<br>၂၅ | ၂၁း၂၂း၃၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၃ | ၁၀ | ၆ကြာ | ၂၅<br>၂၆ | ၂၁း၄၂း၅၁ | * လာဘ<br>* သိဒ္ဓိ |
| ၂၄ | ၁၁ | စနေ | ၂၆<br>၀ | ၁၉း၂၁း၁၇ | △ မိတ္တု<br>△ ကာဏ |
| ၂၅ | ၁၂ | ၁နွေ | ၀<br>၁ | ၁၈း၃၄း၅၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၆ | ၁၃ | ၂လာ | ၁<br>၂ | ၁၈း၂၄း၀၀ | △ ကာဏ<br>* အမြိတ္တ |
| ၂၇ | ၁၄ | ၃ဂါ | ၂<br>၃ | ၁၈း၄၂း၄၃ | □ ဝရ<br>△ ဥပါဒ် |
| ၂၈ | ● ၁၅ | ၄ဟူး | ၃<br>၄ | ၁၉း၂၆း၅၄ | * အမြိတ္တ<br>* လာဘ |
| ၂၉ | နယုန် လဆန်း ၁ | ၅တေး | ၄<br>၅ | ၂၀း၁၆း၃၃ | △ ဥပါဒ်<br>△ မိတ္တု |
| ၃၀ | ၂ | ၆ကြာ | ၅<br>၆ | ၂၂း၁၅း၁၆ | * လာဘ<br>* သိဒ္ဓိ |
| ၃၁ | ၃ | စနေ | ၆ | မပြောင်း | △ မိတ္တု |

၂၀-နက္ခတ် = ၄၅ ယဥ္ဇီ
×- နက္ခတ် = ၃၀ ယဥ္ဇီ
၂၁ -နက္ခတ် = ၄၅ ယဥ္ဇီ
ဖြင့် တွက်သည်

* = အဝင်နက္ခတ် ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ် ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၁၅-၅-၂၀၁၄ နံနက် ၀၁း၅၄း၁၈ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောလှိုင် (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၏အပြင်ဘက်တွင် မိုးဖွဲဖွဲရွာနေသည်။ မိုးရာသီ၏ အလယ်သို့ ရောက်လာခဲ့ပြီဖြစ်၍ မိုးပြတ်သောရက်ဟူ၍မရှိတော့ပေ။ တစ်နေ့ကို တစ်ကြိမ်၊ နှစ်ကြိမ် ပုံမှန်ရွာသည်။ ထို့ကြောင့် မိုးရက်ဖြစ်၍ စောစောအမှောင်ကျသည်။

လူများမှာ တစ်နေ့တာ အလုပ်သိမ်း၍ ငြိမ်းပြီဖြစ်သောကြောင့် အနားယူခွင့်ရကြသော်လည်း ပရိယတ်၊ ပဋိပတ် ဓူရနှစ်ဖြာကို ထမ်းရွက်နေကြရသော ဦးသောဘိတတို့ ရဟန်းတော်များမှာမူ အနားယူနိုင်ခြင်း မရှိကြသေးပေ။ စာပေပို့ချခြင်း၊ တရားရှုမှတ်ခြင်း စသော သာသနာ့တာဝန်များကို ဖြည့်ကျင့်ကြရပေဦးမည်။

ထိုအခိုက်မှာပင် မှောင်မည်းမည်း မိုးစိုထဲ၌ ဒကာနှစ်ယောက်တို့ ကျောင်းဘက်ဆီဦးတည်ပြီး လျှောက်လာနေကြသည်ကို တွေ့နေရ၏။ ထို့ကြောင့် အဘယ်သို့သောကိစ္စများရှိ၍ လာနေကြပါလိမ့်ဟု ဆီးကြိုပြီး မေးမြန်းလိုက်သည်။

"အောင်ကျော်မြင့်တို့ပါလား။ မိုးချုပ်မှလာကြတယ်ဆိုတော့ အကြောင်းထူးကိစ္စတစ်ခုခုရှိလိမ့်မယ်နဲ့တူတယ်"

"ရှိတာပေါ့ဘုရား"

ဟု ပြောပြီး ဘုရားကို ဦးချရှိခိုးနေကြသည်။ ထို့နောက် ဦးသောဘိတဘက်ကို ဦးချရှိခိုးပြီး-

"အရှင်ဘုရားရဲ့ ဒကာ ကိုတင်သန်းကြီး သူ့သမီးကို ဝင်ပူးနေပါတယ်။ ဒါကြောင့် အရှင်ဘုရားကို ပင့်ပေးပါ။ ကန်တော့ချင်လို့ပါတဲ့"

တင်သန်းသည် တစ်လောက သေဆုံးသွား၏။ အကောင်းပကတိနေ ရင်းက တစ်ကိုယ်လုံး ပူလောင်သော ဝေဒနာကို ခံစားလာရသည်။ ထိုဝေဒနာ သည် တဖြည်းဖြည်းဖြင့်ဆိုးလာခဲ့သည်။ နောက်ဆုံးတွင် အောင့်အည်းသည်းမခံ

# မဟာထွန်း

နိုင်သည်အထိရှိလာခဲ့၍ ကုန်းအော်နေ ရသဖြင့် ပတ်ဝန်းကျင်က နားမချမ်းသာ ဖြစ်ခဲ့ကြရသည်။

သူအော်နေသည်ကလည်း အများ အားဖြင့် သူကျူးလွန်ခဲ့ဖူးသောမကောင်း မှုများထဲက အဆိုးဆုံး၊ ပတ်ဝန်းကျင်က လက်မခံနိုင်ဆုံးသော အကြောင်းအရာ များကိုသာ ထုတ်ဖော် အော်ပြောပြီး အသက်ကုန်သည်အထိ ကုန်းအော်သွား လေသည်။

တင်သန်းသည်ကား လူ့ကျင့်ဝတ် ကို တစ်ခုမှစောင့်ထိန်းခြင်းမရှိခဲ့ပေ။ ငါး ပါးသီလမှ ကျော်လွန်၍ ဒုစရိုက်ဆယ် ပါး (ကာယကံသုံးပါး၊ ဝစီကံလေးပါး မနောကံသုံးပါး) စသည်များကိုအထိပင် ကျူးလွန်ပျော်ပါးပြီး သူ၏ ဘဝ အမည်းရောင်လွှမ်းလျက် အမှောင်လမ်း မှ လျှောက်လှမ်းသွားခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

ရပ်ကွက်မှ အာဏာတစ်ခုကို ...ရယူထားပြီး မတရားသောနည်းလမ်း ...ဖြင့် စီးပွားရှာကာ လုပ်ငန်းတစ်ခုခု ... ရှာပေးမည်ဟူ၍တစ်ဖုံ၊ ငွေကြေး ထောက်ပံ့မည်ဟူ၍တစ်မျိုး အဖုံဖုံ အမျိုးမျိုး မက်လုံးပေးလိမ်လည်ကာ ...သူတစ်ပါးတို့၏ သမီးပျိုလေးများကို ...က်ဆီး၏။ ကာမပိုင်ကိုကျူးလွန်၏။ ...မြှောင်ထား၏။ အငယ်အနှောင်းယူ ...၏။

တင်သန်း၏ နောက်ကြောင်းများ ...မှ ပြော၍ကုန်နိုင်ဖွယ်မရှိပေ။ အလစ် ...တ်သည့်နေရာတွင်လည်း လူအချင်း ...င်းကို မဆိုထားဘိ ဘာသာရေးကိစ္စ ...ားတိုင်အောင်ပင် ရှောင်ကြဉ်ခြင်းမရှိ ... တင်သန်းသည် ရခဲလှသောလူ့ဘဝ ...ို မကောင်းမှုများမှသာ ရဲရဲကြီးသုံးဖြုန်း ...သွား၏။

"သေပြီးနောက် ဘာဖြစ်မယ်ညာ ...မယ်ဆိုတာ ငါ့လာမပြောနဲ့။ အပါယ် ...ာပါးနဲ့လည်း လာမခြောက်နဲ့။ ငါလုပ် ...င်တာလုပ်သွားမှာပဲ။ လူတောင်သေ ...တော့ ဖြစ်ချင်ရာဖြစ်ပေါ့။ ဘာ ...ကြောက်နေစရာလိုသေးလဲ။ ဒါကြောင့် ...နဲ့မှ လာပြီးဖြီးဖြန်းမနေကြနဲ့။ အလ ... အပိုတွေ"

ဤသည်မှာ တင်သန်း၏ လက် ...စကားဖြစ်သည်။ ပြောတိုင်းလည်း ...လုပ်သည်။ မကောင်းမှုအားလုံးကို ...ကြီးကျူးလွန်သည်။ ထိုကိစ္စများ၏ ...ကောင်ရှုပ်ထွေးမှုကြောင့် ထောင် ...ည်း အကြိမ်ကြိမ်ကျခဲ့ဖူးသည်။ လူ ...တ်မှုတော့မဟုတ်။ သူ့ကိုကြောက်လျှင် ...ကြောင့်တတ်သည်ကလွဲပြီး ထိုးရဲသတ် ...ဆောင်မရှိပေ။

ဦးသောဘိတ တင်သန်း၏ အိမ် ...ရောက်သွားရာ ခြံထဲမှာရောခြံပြင် ... လူအတော်များများ ရောက်ရှိနေ ... အိမ်ပေါ်မှာလည်း သူ၏သွေးချင်း ...ရောက်ရှိနေကြသည်ကိုတွေ့ရသည်။ ...ာဘိတ ကြွလာသည်ကို မြင်လျှင် ...ည်းငယ် ရွတ်ရွတ်သဲသဲဖြစ်သွားပြီး ...ယ်ပေးကြသည်။

တင်သန်းသည် သူ၏သမီးအကြီးမ ...ပူးနေခြင်း ဖြစ်၏။ တင်သန်းသည် ... အသက်ထင်ရှားရှိစဉ်က ဤသမီး ...သာ အချစ်ဆုံးဖြစ်သည်။ သမီး ...တ ရုပ်လေးဖြောင့်သော်လည်း သူ့အဖေနှင့် စိတ်ချင်းတူ၏။ စိတ်ကြမ်း ကိုယ်ကြမ်းလည်းရှိ၏။ လက်ရဲဇက်ရဲ လည်းနိုင်၏။ ရထားသော ယောက်ျား ကလည်း ထိုနည်းလည်းကောင်း။

"ကဲ - တင်သန်း ဝင်ပူးနေလို့ ငါ့ကို လာပင့်ကြတာဆိုတော့ ငါကဘာလုပ် ပေးရမလဲ ပြောကြစမ်း"

ဟု ဦးသောဘိတက ပြောလိုက် ၏။

ထိုအခါ မျက်ရည်စက်လက်နှင့် ဖြစ်နေသော တင်သန်း၏ မိန်းမကပင် အကြောင်းစုံကို ပြောပြ၏။

"သူကျွန်းမာနေတုန်းက ဘုန်းဘုန်း ကို ပြောဆိုပြစ်မှားခဲ့မိတာတွေ တောင်း ပန် ကန်တော့ချင်လို့ပါတဲ့ ဘုရား"

ဦးသောဘိတ၏ စိတ်ထဲတွင် တစ်မျိုးတော့ဖြစ်သွားမိ၏။ အချိန်ရှိစဉ် က စော်ကားမော်ကားပြုချင်တိုင်းပြုပြီး တောင်းပန်ကန်တော့သည်ဟုဆိုခြင်းမှာ သိပ်ပြီးသဘာဝကျသလို မတွေးမိပေ။ မသိမလိမ္မာ၍ဟုဆိုလျှင် တော်သေး၏။ ခွင့်လွှတ်နိုင်ဖွယ်လည်းရှိ၏။ သို့သော် လည်း တင်သန်းမှာကား ထိုသို့ မဟုတ် ပေ။ ဦးသောဘိတက သည်းခံနေမှန်းကို သိ၍ တမင်တကာစော်ကားသွားခြင်း သာ ဖြစ်၏။

"ကဲ - ဒီလိုဆိုလည်း ကန်တော့ ပေါ့။ ငါကတော့ ဘာပြန်ပြောပေးရ မလဲ"

တင်သန်း၏မိန်းမသည် တင်သန်း ဝင်ပူးနေသော သမီးကြီး၏ အနားကို ကပ်သွားပြီး တိုးတိုးပြောနေသည်ကို တွေ့ရ၏။ ထို့နောက် လက်နှစ်ဖက်ကို လည်း ပူးယှက်ပေးလိုက်၏။



www.burmeseclassic.com

"ဘုန်းဘုန်းဘုရား၊ တပည့်တော် ဘုန်းဘုန်းအပေါ်မှာ ပြောဆိုပြစ်မှား စော်ကားခဲ့မိတာတွေကို တောင်းပန်ချင်ပါတယ်။ တပည့်တော်ရဲ့ အမှားတွေကိုတော့ ဘုန်းဘုန်းနဲ့တကွ လူအားလုံးတို့ပင် သိပြီးသားဖြစ်လို့ ထပ်မပြောလိုတော့ပါဘူး။ ဘုန်းဘုန်း တပည့်တော်ဆီမှာ ကန်တော့ခံပါ။ တပည့်တော်ရဲ့ မှားပြစ်တွေကိုလည်း သည်းခံပြီး ခွင့်လွှတ်တော်မူပါ"

ဟု တင်သန်းဝင်ပူးနေသော သမီးကြီးက တင်သန်း၏အသံဖြင့် ပီပီသသ ပြောပြီး ကန်တော့၏။ ဦးသောဘိတကလည်း ခွင့်လွှတ်လိုက်၏။ ထို့နောက် ဦးသောဘိတက မေးကြည့်လိုက်သည်။

"မင်းဘာဖြစ်လို့သရဲဖြစ်နေရတာလဲ။ မင်းကွယ်လွန်ပြီးနောက် သက်ပျောက်၊ မြေကျ၊ ရက်လည်ဆိုပြီး ကုသိုလ်ကောင်းမှုတွေ ဆက်မပေးကြဘူး လား"

"ဆက်ပေးကြပါတယ် ဘုရား။ ဒါပေမယ့် တပည့်တော်မှာ သာဓုခေါ် ခွင့်မရတဲ့အတွက် ဒီအတိုင်းပဲ ကြောင်ကြောင်ကြီးကြည့်နေရပါတယ်။ ဒါကြောင့်လည်း ကျွတ်လွတ်ခွင့်မရတာပါ။ ကျွတ်လွတ်ခွင့်မရတဲ့အတွက်လည်း တပည့်တော်ဟာ လူတို့နဲ့အနီးအနားမှာ ဆက်နေခွင့်မရတော့ဘဲ ဝေးရာဖြစ်တဲ့ တောကြီးမျက်မည်း သဲကန္တာရ ပင်လယ်သမုဒ္ဒရာတစ်ခုခုကိုသွားရပါတော့မယ်။ အဲဒီလိုဝေးလံတဲ့အရပ်ဒေသတွေကို ရောက်သွားပြီဆိုရင်တော့ သူတော်ကောင်းတွေရဲ့ အမျှမေတ္တာတွေကိုလည်းမရတော့တဲ့အတွက် တပည့်တော်မှာ ကျွတ်လွတ်ဖို့နည်းလမ်းလည်း မရှိတော့ပါဘူး ဘုရား"

"သူများတွေမှာ သာဓုခေါ်ရရင် ကျွတ်လွတ်သွားကြတယ်။ မင်းကျမှ ဘာဖြစ်လို့ သာဓုခေါ် ခွင့်မရတာလဲ တင်သန်း။ အဲဒါကို မင်းပြောပြနိုင်သလား"

"တင်ပါ့ဘုရား၊ ပြောပြနိုင်ပါတယ်။ တပည့်တော်က အရှင်ဘုရားကို စော်ကားမော်ကားပြုပြီး ကျောင်းကိုမလာတဲ့အချိန်ကစလို့ အခြားမှာလည်း တပည့်တော်ဟာ အရှင်ဘုရားကို စော်ကားမော်ကားပြုပြီး ပြောဆိုနေပါသေးတယ်။ လှူဒါန်းကြမယ့် အလှူရှင်တွေရှေ့မှာလည်း အဋ္ဌိမဝတ္ထုတွေနဲ့ ပြောဆိုပြီး ပိတ်ပင်ခဲ့ဖူးပါသေးတယ်။ အဲဒီလို အကုသိုလ်တွေရှိနေတာကြောင့် တပည့်တော်ဟာ ကိုယ့်အတွက် ပြုလုပ်ပေးကြတဲ့ အလှူကုသိုလ်ဒါနရဲ့ အဖို့ဘာဂတွေကို သာဓုမခေါ်နိုင်တဲ့အထိ ဖြစ်သွားရတာပါ"

"ဒါဆိုရင် ငါမင်းကိုဘာလုပ်ပေးရမလဲ"

"ဘာမှလုပ်ပေးစရာမလိုတော့ပါဘူး ဘုရား။ အရှင်ဘုရားက တပည့်တော်ကို ခွင့်လွှတ်ရင်ပဲ ပြည့်စုံပါပြီ။ တပည့်တော်လည်း ဒီမှာဆက်နေခွင့်မရတော့ဘူး။ အခုပဲ တပည့်တော်ကို လာခေါ်နေကြပါပြီ။ တပည့်တော် လူနဲ့သူနဲ့ မနီးတဲ့ ဝေးရာကိုသွားရပါတော့မယ်။ သွားခွင့်ပြုကြပါတော့"

တင်သန်း၏ စကားအဆုံးတွင် ဝင်ပူးခံနေရသော တင်သန်း၏ သမီးကြီးသည်လည်း သတိရလာလေ၏။ ဝိုင်းကြည့်နေကြသော မိန်းမကြီးများကလည်း ယပ်ခတ်ပြီး ဝိုင်းဝန်းပြုစုပေးလိုက်ကြသဖြင့် ကောင်းပကတိပြန်ဖြစ်လာလေသည်။

တင်သန်း ကျန်းမာနေစဉ်ကပင် ဦးသောဘိတကို ပြဿနာရှာပြီး အဆက်အသွယ်ဖြတ်ထား၏။ ထို့နောက်ပိုင်းတွင်လည်း တင်သန်း ပြောပြသွားသည့်အတိုင်း အဝေးကနေပြီး ဦးသောဘိတအား အလုံးကြီးများဖြင့် လှမ်း၍ ပေါက်နေသေး၏။ ထို့ကြောင့်လည်း ယခု တင်သန်း၏ အသုဘကိစ္စတွင် ဦးသောဘိတအား ပင့်ဖိတ်ခြင်းမရှိ၍ ဘာမှလုပ်ပေးခွင့်မရလိုက်သောကြောင့် ဘာမှလဲမတတ်နိုင်တော့။

❒

ဦးသောဘိတ၏ ရည်ရွယ်ချက်မှာ စာသင်စာချ တရားဟော တရားပြ ရဟန်းငယ်တို့၏ကိစ္စအဝဝကို ဖြည့်ကျင့်ဆောင်ရွက်ပြီးနောက် တောရဆောက်တည်ရန် ဆုံးဖြတ်ခဲ့၏။ ဆုံးဖြတ်ချက်အတိုင်းလည်း တစိုက်မတ်မတ်လုပ်လာခဲ့၏။ သို့သော်လည်း နောက်ပိုင်းကာလတွင် ဆုံးဖြတ်ချက်သည် မတည်ခဲ့ဘဲ လွဲမှန်းမသိလွဲသွားခဲ့ရ၏။

စာသင်စာချပြီးနောက် ရဟန်းငယ်တို့၏ နောက်ဆုံးဖြည့်ကျင့်ရာကာလဖြစ်သော တရားဟောတရားပြကိစ္စများကို ဖြည့်ကျင့်နေစဉ်တွင် တရားလိုက်နေကြသောဒကာ၊ ဒကာမများက-

"ဦးပဥ္စင်းရဲ့ တရားနည်းလေးကို မျိုးစေ့ချတဲ့အနေနဲ့ ရန်ကုန်မှာ ကျောင်းတစ်ကျောင်း တည်ထောင်ပြီး တပည့်ဦးပဥ္စင်းတစ်ပါးကို သင်ပြအပ်ထားခဲ့ပါ။ တပည့်တော်တို့ သေတစ်ပန်သက်တစ်ဆုံး လိုက်နာကျင့်သုံးပါရစေ"

ဟု တောင်းပန်လာကြ၏။

ထို့ကြောင့် ဦးသောဘိတမှာ မငြင်းသာဖြစ်ကာ ကျောင်းတိုက်တ တိုက် တည်ထောင်ရလေသည်။ အခါ မူလကလျှောက်ထားနေကြသော ဒကာ၊ ဒကာမတို့နှင့် အလှမ်းဝေးသော တစ်နေရာမှာသာအဆင်ပြေ၍ ကျောင်း တိုက်တည်ထောင်ခြင်းကို စတင်ရသေ သည်။ ရင်းနှီးသော ဒကာ၊ ဒကာမများ အနီးအနားတွင် မရှိကြသဖြင့် နီးစပ်ရာ ဒကာ၊ ဒကာများနှင့်ပင် ကျောင်းတိုက် ကို စတင်တည်ထောင်ရလေ၏။

ကျောင်းတိုက် တည်ထောင် တစ်လကျော် နှစ်လနီးပါးအချိန်တွင် တင်သန်း ရောက်လာ၏။ တင်သ ရောက်လာပြီးနောက် လက်ရှိလုပ်ကိုင် ဆောင်ရွက်ပေးနေကြသော ဒကာ ဒကာမများသည် တစ်ယောက်ပြီးတစ် ယောက် နောက်ဆုတ်သွားကြလေ၏။ အကြောင်းမှာ တင်သန်းကို ရွံမုန်းသော ကြောင့် ရှောင်ထွက်သွားကြခြင်း ဖြ ၏။

ဦးသောဘိတမှာ နေရာသစ် မိတ်သစ်ဆွေသစ်များချည်း ဖြစ်နေ၍ တစ်ဦးတစ်ယောက်၏ အကြောင်းကို မသိသေးသလို တင်သန်း၏အကြောင်း ကိုလည်း မသိပေ။ ထို့ကြောင့် တင်သ မှာ အခြားလူများ ဆုတ်ခွာသွားကြခြ ဦးသောဘိတကလည်း သူ့အကြောင်း မသိခြင်းတို့ကြောင့် အတော်လေး အကြိုက်တွေ့နေလေသည်။

နောက် သိပ်ပြီးမကြာမီပင် တ သန်း၏အကြောင်းကို တစ်ယောက် ပေါက် ပြောလာကြ၏။ တင်သန်း အလုပ်ဟူ၍ မည်မည်ရရမရှိဘဲ မ ၏လုပ်စာကို ထိုင်စားနေခြင်း ဖြစ် အခါအားလျော်စွာ မတရားသဖြင့် ရှာပြီး မကောင်းမှုများမှာ ကျင်လည် အဆိုးဆုံးမှာ ဘာသာရေးလုပ်ငန်းမျ ဝင်လုပ်ပြီး အလစ်သုတ်ခြင်းမျိုးပင် ၏။

အရပ်ထဲတွင် ဆွမ်းလောင်း သံဃာ့ဒါန ဆွမ်းဆန်စိမ်းလောင်းလှူ တရားပွဲ၊ ပဋ္ဌာန်းပွဲ၊ သာရေး၊ နာ စသောပွဲများကို ခေါင်းလျှိုဝင်တိုးပြီး ရင်းမဲ့သုံးဖြုန်းကာ ပွဲပြီးခါနီးတွင် ကို မကျေနပ်သလိုလို သည်လူကိုမ နပ်သလိုလိုဖြင့် (မည်သူ့ကိုဟု ဦးမ ဘဲ) ဆဲဆိုကာ ထွက်ခွာသွားတတ် ထို့နောက် ပွဲအပြီးသတ် ရှေ တွင် ပြန်ရောက်လာပြီး ရှေ့ထက်ခွ



www.burmeseclassic.com

www.burmeseclassic.com

...င်ကိုပြန်၏။ ဤသည်မှာ တင်သန်း ...ပုံသေစီးပွားရှာနည်းပင် ဖြစ်၏။

ထိုသို့သော အကြောင်းအရာများ ...ဘစ်ယောက်တစ်ပေါက် ပြောပြလာ ...၍ ဦးသောဘိတစစ်ဆေးကြည့်လိုက် ...အခါ တင်သန်းဖြတ်ခုတ်ထားသည့် အကြောင်းအရာ အတော်များများကို ...ရှိရလေ၏။ ထို့ကြောင့် တင်သန်း ...အား ထိုကဲ့သို့မလုပ်ရန် ပြောဆိုတားမြစ် ...ရာ ဒေါသဖြင့် တုံ့ပြန်လေ၏။

ထို့နောက် ကျောင်းသို့မလာ ...ဘဲ ပတ်ဝန်းကျင်ကသာ ပစ်လုံး ...လုံးများဖြင့် တုံ့ပြန်တိုက်ခိုက်နေ ...၏။ လူဆိုးများနှင့် ဆက်သွယ်ပြီး ...ကျောင်းပစ္စည်းများကို အလစ် ...၏။ ဆဲဆိုကြိမ်းမောင်းခြင်းလည်း ...လှူဒါန်းနေကြသောဒကာ၊ဒကာမ ...ကိုလည်း ဦးသောဘိတအား အန္တိမ ...ဖြင့် ပြောဆိုကာ တားမြစ်ပိတ်ပင် ...

ရဟန်းလောက၌ အန္တိမဝတ္ထု ...အကြီးမားဆုံးဖြစ်၏။ ဘာသာရေး ...သည်မှာ ကြည်ညိုသဒ္ဓါ၍သာ ...နေကြခြင်း ဖြစ်သောကြောင့် ...ဝတ္ထုဖြင့်သာ ပစ်ခတ်လျှင်လည်း ...သာ ဖြစ်၏။ အကြောင်းဝတ္ထုက ...၍ မနာလျှင်လည်း အမာရွတ်သည် ...ကြာစွဲ၍ထင်တတ်၏။ သံသယ ...ဟုသော အရိပ်မည်းကြီးသည် ...ပတ်ဝန်းကျင်၏ မကြည်လင်ခြင်း ...ဖြစ်စေတတ်လေသည်။

ပုထုဇဉ်များကို မဆိုထားဘိ ...အရှင်ဘဒ္ဒိယသည်ပင် ရဟန်းဆိုး ...တို့၏ စွပ်စွဲခြင်းကိုခံရသဖြင့် ပရိ ...မြုတော်မူသောအခါ သံသယရှိနေ ...သည့် ဒကာ၊ ဒကာမများ၏ အပူဇော် ...ခံယူလိုတော့၍ ကောင်းကင်မှာ ... ပရိနိဗ္ဗာန်ပြုပြီး တေဇောဓာတ် ...တော်မူခဲ့၏။ (အလောင်းတော် ... ဒကာ၊ ဒကာမတို့အား မသင်္ဂြိုဟ်စေ ... မိမိဘာသာလျှင် တေဇောဓာတ်ဖြင့် ...ကျွမ်းစေခဲ့၏။)

အန္တိမဝတ္ထုကိစ္စသည် ရဟန်း ...တို့၏လောက၌ ထိုမျှအထိပင် ...ထင်ပြီး အမာရွတ်ကြီးစေတတ် ... ပုထုဇဉ်များကိုမဆိုထားဘိ ရဟန္တာ ...မြတ်များသည်ပင် သံသယဖြစ်နေ ...သော ဒကာ၊ ဒကာမများ၏ မြင်ကွင်း ... ထွက်လိုကြတော့ပေ။ မိမိဘာသာ ... အန္တိမကိစ္စကို ဆောင်ရွက်တော်မူ ...ကြ၏။

ယခု တင်သန်း၏ ပစ်လုံးခတ်လုံးများကြောင့် ဦးသောဘိတမှာလည်း အလွန်အမင်းရှက်နေမိသည်။ ကျောင်းကို ပစ်ထားခဲ့ပြီး ထွက်သွားရန်လည်း အကြိမ်ကြိမ်ကြံစည်ခဲ့ဖူးသည်။ ထို့ကြောင့် တပည့်ဒကာ၊ ဒကာမများက လျှောက်ထား တောင်းပန်ကြသောကြောင့် အောင့်အည်းပြီး နေထိုင်ရသော်လည်း စိတ်ချမ်းသာမှုကို မရနိုင်တော့ပေ။

ဦးသောဘိတသည် သူတို့၏ ပစ်လုံးခတ်လုံးများကြောင့် အရှက်ရကာ စိတ်ထိခိုက်နေရသည်ကိုသိ၍ တင်သန်းနှင့် သူ၏နောက်လိုက်များသည်လည်း အလွန်အမင်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အောင်ပွဲခံနေကြသည်ဟု ကြားသိရ၏။

လူနှင့် ရဟန်းတို့၏လောကတွင် လူများကသာ ဘာသာရေးစည်းကမ်းကို မထိန်းဘဲ တိုက်ခိုက်မည်ဆိုပါလျှင် ရဟန်းတို့သည် ခံရမြဲ ဖြစ်၏။ ဘုရားရှင်ကလည်း သည်းခံပြီး မေတ္တာနှင့် နေထိုင်သီတင်းသုံးရန်ကိုသာ တွင်တွင်ကြီးမှာတော်မူ၏။ ဘုရားရှင်၏ စည်းကမ်းအပြင်ဘက်တွင်လည်း မည်သည့်ရဟန်းတော်မျှ မရှိကြပေ။

ဘုရားရှင်သည်လည်း အလောင်းတော်ဘဝ ကာလတစ်လျှောက်၌ သည်းခံခြင်းဖြင့်ပင် ပါရမီတော်ကို ဖြည့်ကျင့်တော်မူခဲ့၏။ ရှင်ဒေဝဒတ်အလောင်းစသော အတိုက်အခိုက်များနှင့် ကြုံတွေ့ရတိုင်းလည်း ဘုရားအလောင်းတော်သည်သာ အထိနာ၏။ ရှင်ဒေဝဒတ်အလောင်း ဘဝဇာတ်သိမ်း၍ သူ့အပြစ်နှင့် အဝီစိကို ကျသွားပြီးမှ ဘုရားအလောင်းတော် သက်သာခွင့်ရ၏။ မည်သည့်ပုဂ္ဂိုလ်သည် ဘုရားအလောင်းတော်က တိုက်ခိုက်၍ ကျရှုံးသွားသည်ဟု မည်သည့်ဇာတ်တော်မျှ မလာရှိပေ။

သူတော်ကောင်းများက သည်းခံပြီး ခွင့်လွှတ်ကြသည်ကိုသိ၍ပင် သူယုတ်မာတို့က အခွင့်ကောင်းယူပြီး တိုက်ခိုက်အနိုင်ယူကြ၏။ လက်မောင်းလက်ရင်းတန်းပြီး အောင်ပွဲခံကြ၏။ အောင်သေအောင်သားစားကြ၏။

သည့်အဖြစ်များကို မခံမရပ်နိုင်၍ သည်းမခံ ခွင့်မလွှတ်လျှင်လည်း သူတော်ကောင်းတို့၏ ပါရမီသည် အားနည်းလာတတ်ပြီး မဟာလမ်းစဉ်ကြီးသည်လည်း ပျက်ရချေ၏။

**'မဟုတ်မခံသူသည် သူတော်ကောင်း မဟုတ်။**

**သူတစ်ပါးက သည်းခံသွားရလျှင် သူတော်ကောင်းမဟုတ်။'**

အထက်ပါ မိုးကြိုးသွားကဲ့သို့သော စကားကိုလည်း ပညာရှိတို့ ဆိုကုန်၏။ ဆုံးမကုန်၏။ အမှာတော်ထားခဲ့ကြကုန်၏။ သူတော်ကောင်းဖြစ်ချင်ကြသူများ လိုက်နာကျင့်သုံးရန် အလွန်ကောင်းမြတ်သော ဓာတ်၊ ပရမတ်၊ သစ္စာကြီးပင် ဖြစ်ချေ၏။

ယခု တင်သန်းနှင့် ဦးသောဘိတကိုပင်ကြည့်။ တင်သန်းသည် သူ့ဇီဇအတိုင်း ဘဝကို အမှောင်ခရီးဖြင့် လျှောက်လှမ်းလျက် ဦးသောဘိတ၏ သာသနဘဏ္ဍာနှင့်တကွ ဂုဏ်သိက္ခာကိုပါ ချိုးနှိမ်ပြီး စော်ကားမော်ကားပြုချင်တိုင်းပြုသွားသည်ကိုပင် -

"သည်းခံပါ၊ ခွင့်လွှတ်ပါ"

ဟု ဆိုလျှင် သည်းခံခွင့်လွှတ်ရသည်သာ ဖြစ်၏။သူတော်ကောင်းတို့၏ လမ်းစဉ်သည် ထိုသို့သဘောရှိ၏။

အောင်ကျော်မြင့် ကျောင်းပေါ်သို့ တက်လာနေသည်ကို တွေ့လိုက်ရ၍ ဦးသောဘိတ လွင့်မျောနေသော အာရုံများပြတ်ကာ အောင်ကျော်မြင့်အား စိုက်ကြည့်၏။ အောင်ကျော်မြင့်က ပြုံးရွှင်သော အမူအရာဖြင့် ဦးသောဘိတအားလျှောက်၏။

"အရှင်ဘုရားရဲ့ဒကာ ကိုတင်သန်းကြီး မနေ့က အရှင်ဘုရားကို လျှောက်ထားနည်းမတူဘဲ ဒီနေ့လည်း သူ့သမီးကြီးကိုဝင်ပူးပြီးပြောသွားပါသေးတယ် ဘုရား"

"ဩော်၊ ဩော် - ဘယ်လိုများပါလိမ့်"

"မနေ့က အရှင်ဘုရားကိုလျှောက်တဲ့အခါ သူဟာ သူတစ်ပါးတို့ရဲ့ အလှူဒါနတွေကို ပိတ်ပင်ခဲ့ဖူးလို့ ကျွတ်လွတ်ခွင့်မရတဲ့အထိ သာဓုမခေါ်နိုင်တဲ့ ပြိတ္တာကြီးဖြစ်နေရပေမယ့် အခုတော့ အရှင်ဘုရားက သူ့အပြစ်တွေကို ခွင့်လွှတ်လိုက်တဲ့အတွက် သူဟာ လူသူတို့နဲ့ဝေးရာကို မောင်းထုတ်မခံရတော့ဘဲ သာဓုခေါ်နိုင်တဲ့အဆင့်ကို ရရှိသွားပြီတဲ့ ဘုရား"

"အေးအေး - ဒီလိုဆိုရင် ဝမ်းသာရတော့မှာပေါ့"


ထို့အပြင်ပြောစရာ ဦးသောဘိတတွင်မရှိပေ။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်မိုးအောင်

## ဂမ္ဘီရဆန်သော ဒေါင်ဒေါင်အင်းကြီး

ဝန်ထမ်းဘဝဖြင့် ရန်ကုန်မြို့တွင်သာ အခြေချနေထိုင်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။ မိမိမွေးဇာတိ မော်လမြိုင်မြို့သို့ မရောက်ဖြစ်သည်မှာလည်း ကြာခဲ့ပြီဖြစ်၍ ဌာနမှ ခွင့်ယူပြီး မော်လမြိုင်သို့ အလည်တစ်ခေါက်သွားခဲ့သည်။ ကျွန်တော် မော်လမြိုင်ရောက်သွားသောအချိန်သည် တပေါင်းလကုန်ခါနီးအချိန် ဖြစ်သည်။ ကျွန်တော့်မိဘနှစ်ပါးစလုံး လူ့လောကတွင်မရှိကြတော့ပါ။ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းရပ်ကွက်တွင် ကျွန်တော့်ညီမနှစ်ယောက်နေထိုင်လျက်ရှိသည်။ ကျွန်တော့်မိဘများ လက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော နေအိမ်တွင် ကျွန်တော်ညီမများ နေထိုင်နေခြင်း ဖြစ်သည်။

ကျွန်တော် ငယ်စဉ် ကျောင်းသားဘဝကတည်းက ကျွန်တော့်ကို တူသားရင်းချာပမာ ချစ်ခင်ရင်းနှီးခဲ့ရသော ဒေါ်အုန်းကြည်ဆိုသူမှာ ကျွန်တော်တို့အိမ်ရှေ့တည့်တည့် မျက်နှာချင်းဆိုင်တွင် နေထိုင်လျက်ရှိသည်။ ကျွန်တော့်မိဘများနှင့်လည်း ချစ်ခင်ရင်းနှီးသူဖြစ်သည်။ ဒေါ်အုံးကြည်မှာ အသက် (၈၀) နီးပါးအရွယ် ဖြစ်သော်လည်း ကျန်းမာရေးကောင်းနေဆဲဖြစ်သည်။ ဒေါ်အုန်းကြည်မှာ မော်လမြိုင်ဇာတိ မဟုတ်ပေ။ ကရင်ပြည်နယ်အတွင်းရှိ ဖာသိမ်ရွာဇာတိ ဖြစ်သည်။ သားသမီးများ ပညာရေးအတွက် ဖာသိမ်ရွာမှ ဆွေမျိုးများရှိရာ မော်လမြိုင်သို့ ရွှေ့လာသူ ဖြစ်သည်။

ကျွန်တော် ဒိုင်းဝန်ကွင်းရောက်သည့်နေ့မှာပင် သတိတရဖြင့် ဒေါ်အုန်းကြည်တို့အိမ်ကိုလှမ်းကြည့်လိုက်မိသည်။ ဒေါ်အုန်းကြည်ကိုမူ မတွေ့ရပေ။ ကျွန်တော့်ညီမကို မေးလိုက်သည်။

"အိမ်ရှေ့က ဒေါ်အုန်းကြည်တ... ယောက် မတွေ့ပါလား။ နေကောင်း... လား"

"နင့်တို့အစ်ကို မလာတာကြာ... နော်လို့တောင် ပြောနေသေးတယ်။ ... ဆွေမျိုးတွေရှိတဲ့ ဖာသိမ်ရွာကို အလ... သွားနေတာ။ မနေ့ကမှ ပြန်ရောက်... တယ်။ ဒီနေ့ ဥပုသ်နေ့ဆိုတော့ ဘုန်း... ကျောင်းသွားနေတာ ဖြစ်မယ်။ ... ကြာ ပြန်လာတော့မှာပါ"

ကျွန်တော့်ညီမနှင့် စကားပြေ... နေစဉ်မှာပင် ဒေါ်အုန်းကြည်ပြန်ရော... လာသည်။ ဒေါ်အုန်းကြည်အိမ်ဘက်... ကျွန်တော်ကူးသွားလိုက်သည်။

"ဟယ်- မောင်သန်းအောင်၊ ဘယ်... တုံးက ရောက်တာလဲ။ ခွင့်ယူပြီး... တာလား"

"ဟုတ်ကဲ့၊ ခွင့်တင်ပြီး လာခဲ့တာ...



www.burmeseclassic.com

www.burmeseclassic.com





ဒေါ်ဒေါ် နေကောင်းတယ်နော်။ တော် ဒီနေ့ပဲရောက်တာ။ ရောက် ချင်း ဒေါ်ဒေါ့်ကို မေးပါသေး ”

“နေကောင်းပါတယ်ကွယ်၊ မင်း တ်တာ တော်တော်ကြာပြီ။ မင်းကို ရလို့ မင်းညီမတွေကိုတောင် မေး တယ်။လာ၊ ရေနွေးကြမ်းသောက် ”

“ဒေါ်ဒေါ် ဖာသိမ်ကဆွေမျိုးတွေ အလည်သွားနေတယ်ဆို”

“အေး - ဟုတ်တယ်၊ ဖာသိမ်ရွာ တာဆိုလည်းဟုတ်တယ်၊ ဒေါင်ဒင် ဖွင့်ပွဲသွားတာဆိုလည်းဟုတ်တယ်။ မ်ရွာသွားရင်း ဒေါင်ဒင်အင်းဖွင့်ပွဲ ခဲ့တာကွယ့်။ မင်းအဲဒီဒေါင်ဒင်အင်း မရောက်ဖူးသေးဘူး မဟုတ်လား”

“မရောက်ဖူးပါဘူး။ ဒေါ်ဒေါ်ပြော အဲဒီဒေါင်ဒင်အင်းဖွင့်ပွဲကတော်တော် ရဲ့လား”

“ကိုယ့်ဒေသမို့ပြောတာ မဟုတ် တပေါင်းလပြည့်အင်းဖွင့်ပွဲက သိပ် တာ၊ ဒေါ်ဒေါ်တို့ငယ်ငယ် အဖို့ တုန်းကဆိုရင် နှစ်စဉ်မပျက်သွားခဲ့ ဘယ်ဒေသကိုပဲရောက်နေရောက် အင်းဖွင့်ပွဲဆိုအရောက်ပြန်လာတော့ ။ ခုလည်း ဖာသိမ်က ဆွေမျိုးတွေ အလည်သွားရင်း အင်းဖွင့်ပွဲသွားခဲ့ တယ်။ ဒီဒေါင်းဒင်အင်းက သိပ် န်းတာကွယ့်”

“ကျွန်တော်ငယ်ငယ်ကတည်းက ကြားဖူးခဲ့တာ။ ဒီမော်လမြိုင်ကနေ ဘယ် လိုသွားရတာလဲ”

“လွယ်ပါတယ်။ မော်လမြိုင် ကျိုက္ခမိ သဘော်ဆိပ်ကနေ ချောင်းနှစ်ခွကို သဘော်စီးသွား၊ ချောင်းနှစ်ခွရောက်ပြီး ရင် ဒေါင်ဒင်အင်းကို ဆက်သွားရုံပဲ။ လမ်းလျှောက်သွားလို့လည်း ရတယ်။ ခုဆို ကားလမ်းပေါက်နေပြီ”

“အဲဒီ ဒေါင်ဒင်အင်းက ဒေါ်ဒေါ့် ဇာတိ ဖာသိမ်ရွာနဲ့ နီးသလား”

“ဖာသိမ်ရွာနဲ့တော့ နည်းနည်း လှမ်းတယ်။ ထရံတောင်မြောက်ဘက် ကွက်စမ်ရွာနဲ့ သရက်ကုန်းရွာနားမှာရှိ တာ တော်တော်ထူးဆန်းတဲ့ အင်းကြီး ပေါ့ကွယ်”

“ဒေါ်ဒေါ်ပြောတာနဲ့တင် ကျွန် တော် စိတ်ဝင်စားလာပြီ။ အဲဒီ ဒေါင်ဒင် အင်းရဲ့ထူးဆန်းတာတွေ ပြောပြပါလား”

“ထူးဆန်းသလားတော့ မပြောနဲ့။ ရှေ့မီနောက်မီလူကြီးတွေ ပြောကြတာ ကတော့ ရဟန္တာတစ်ပါးကို ပြစ်မှားမိလို့ ပြစ်ဒဏ်သင့်နေတဲ့ ဒေါင်ဒင်အင်းတဲ့။ ခုဒေါင်ဒင်အင်းကြီးရှိတဲ့နေရာဟာ ဟိုး နှစ်ပေါင်းများစွာက စည်ကားလှတဲ့ ဘုရင်မင်းနေပြည်တော် ဖြစ်ခဲ့တယ်။ ရဟန္တာကို ရဟန္တာမှန်းမသိဘဲ ပြစ်မှားမိ ခဲ့လို့ မြေလျှင်ဒဏ်ခံရပြီး ပြည်ပျက်ခဲ့ ရတာတဲ့။ ဒေါင်ဒင်အင်းကြီးရဲ့ ရာဇဝင် က ဒီလိုကွယ့်”

❐

ဤအရပ်ဤဒေသတွင် ယခင်က မတွေ့ဘူးသော ရဟန်းတစ်ပါး ဆွမ်းခံ ကြွလာသည်ကို တွေ့နေရသည်။ နေ့စဉ် ရက်ဆက် မနက်တိုင်း ဆွမ်းခံကြွရောက် နေသည်။ ဘုရင့်နန်းတော်အနီးအနား အထိပင် ရောက်ရှိဆွမ်းခံနေသည်။ ထို ရဟန်းကို နန်းတော်လေသာဆောင်မှ ကြည့်နေသော ဘုရင်မင်းမြတ်ကိုယ် တော်တိုင် တွေ့ရှိခဲ့သည်။ ယခင်က မတွေ့မမြင်ဘူးသောရဟန်း ဖြစ်သည်။ ယခု နန်းတော်အနီးအနားအထိ ဆွမ်းခံ ကြွလာခြင်း ဖြစ်သည်။ နေ့စဉ်လိုလို မြင် တွေ့နေရသဖြင့် ဘုရင်မင်းမြတ်က ထိုရဟန်းကို စိတ်ဝင်တစားရှိလာသည်။ ထူးခြားသောကြန့်ဖြင့် ဆွမ်းခံနေသော



www.burmeseclassic.com

www.burmeseclassic.com

ထိုရဟန်းကို စိတ်ဝင်စားလာသည်။ အရှင်မင်းမြတ်စိတ်ထဲတွင် ကိုးကွယ်ဆည်းကပ်လိုစိတ်များ ဖြစ်ပေါ်လာသည်။ ထိုရဟန်းတော် မည်သည့်အရပ်က ဆွမ်းခံကြွလာပါသနည်း။ မည်သည့်နေရာတွင် သီတင်းသုံးနေထိုင်ပါသနည်း စသည့်အတွေးများဝင်လာသည်။ အကယ်၍ ထိုရဟန်းသာ ခွင့်ပြုမည်ဆိုလျှင် နေရာထိုင်ခင်းအဖြစ် ကျောင်းဆောက်လှူဒါန်းဒါနပြုလိုသည်။ ထိုအတွေးများဖြင့် ဘုရင်မင်းမြတ်မှာ ထိုရဟန်းတော်အကြောင်း ပို၍သိချင်လာသည်။ ထိုအကြောင်းများကြောင့် ယုံကြည်စိတ်ချရသော အမတ်တစ်ဦးအား အနီးသို့ခေါ်ယူကာ တိုးတိုးတိတ်တိတ် မှာကြားသည်။

"မနက်တိုင်း နန်းတော်အနီးထိ ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးကို သတိထားမိတယ်။ အဲဒီရဟန်း ဘယ်အရပ်ကကြွလာသလဲ။ ဘယ်မှာသီတင်းသုံးသလဲ။ အဲဒါကို အမတ်မင်းစုံစမ်းပြီး အမြန်ပြန်လည်လျှောက်တင်ပါ"

"အရှင်မင်းမြတ် အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့မယ်"

"ဒါပေမယ့် တိတ်တဆိတ်သာ စုံစမ်းပါ။ ရဟန်းမသိစေနဲ့ အမတ်မင်း"

ဘုရင်မင်းမြတ် တာဝန်ပေးချက်အရ အမတ်မင်းက နံနက်ပိုင်းဆွမ်းခံကြွလာသော ရဟန်းနောက်သို့ တိတ်တဆိတ် လိုက်လံကြည့်ရှုခဲ့သည်။ ထိုသို့ လိုက်လံကြည့်ရှုရာတွင် သာမန်ဆင်းရဲသားအရပ်သားအသွင် ဝတ်ဆင်၍ ထိုရဟန်းနောက်သို့ နောက်ယောင်ခံလိုက်ကြည့်ခဲ့သည်။ ထိုရဟန်းသည် အချိန်အတော်ကြာလှည့်လည်ဆွမ်းခံကြွသည်။ သပိတ်ပြည့်လုမျှ ဆွမ်းများရသည်နှင့် မြို့ပြင်သို့ ဦးတည်ထွက်ခွာသွားတော့သည်။ ဘုရင်မင်းမြတ် တာဝန်ပေးထားသော အမတ်မင်းက ထိုရဟန်းနောက် မလှမ်းမကမ်းမှ လိုက်ပါကြည့်ရှုခဲ့သည်။

ထိုရဟန်းသည် မြို့ပြင်တောအုပ်တစ်ခုအတွင်း ဝင်ရောက်သွားခဲ့သည်။ အမတ်မင်းလည်း နောက်မှတိတ်တဆိတ် လိုက်ပါသွားခဲ့သည်။ တောအုပ်အတွင်း အတန်ငယ်ဝင်မိသည်နှင့် တဲတစ်လုံးကို လှမ်းတွေ့ရသည်။ အမတ်မင်းက တစ်နေရာမှ ပုန်းအောင်းကြည့်ရှုနေခဲ့သည်။ ရဟန်းသည် ထိုတဲအတွင်းသို့ ဝင်ရောက်သွားခဲ့သည်။ ထိုရဟန်း ရောက်လာပြီး အသံပြုလိုက်သည်နှင့် တဲအတွင်းမှ အမျိုးသမီးတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ထွက်လာသည်ကို တွေ့လိုက်ရသည်။ အမျိုးသမီးက သပိတ်ကိုလှမ်းယူလိုက်သည်။ ထိုခဏမှာပင် ရဟန်းက ဝတ်ရုံထားသော သင်္ကန်းကို ချွတ်ကာ လူသာမန်တို့ ဝတ်ဆင်သော ပုဆိုးအင်္ကျီတို့နှင့် လဲလှယ်ဝတ်ဆင်လိုက်သည်။ ထို့နောက် သပိတ်အတွင်းမှ ဆွမ်းခံရလာသော ထမင်း၊ ဟင်းများကို မိသားစု (၃) ဦး ဝေမျှစားသောက်ကြတော့သည်။

ထိုအဖြစ်အပျက်ကို မလှမ်းမကမ်းမှ တိတ်တဆိတ် ချောင်းမြောင်းကြည့်ရှုနေသော အမတ်မင်းက အလုံးစုံအဖြစ်အပျက်ကို သိရှိသွားတော့သည်။ အဖြစ်အပျက်ကို တွေ့ရှိသော အမတ်မင်းက ဤသို့ တွေးလိုက်သည်။ ထိုသူသည် ရဟန်းအစစ် မဟုတ်ချေ။ ရဟန်းတုရဟန်းယောင်သာ ဖြစ်ရမည်။ ရဟန်းယောင်ဆောင်ကာ ဆွမ်းခံ၍ မိသားစုကို ကျွေးမွေးနေခြင်းဖြစ်ကြောင်း သိရှိသွားတော့သည်။ အဖြစ်မှန်ကို သိရှိပြီးသည်နှင့် အမတ်မင်းက တိတ်တဆိတ် တောအုပ်အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ ပြီးနောက် နန်းတော်သို့ ပြန်လာသည်။ နန်းတော်သို့ ပြန်လာစဉ် အမတ်မင်းက တစ်လမ်းလုံး တွေးတောလာခဲ့သည်။

ထိုသူသည် ရဟန်းအယောင်ဆောင်ထားသူသာ ဖြစ်သည်။ ရဟန်းအယောင်ဆောင်ပြီး မိသားစုကို ရှာဖွေကျွေးမွေးနေသူသာ ဖြစ်သည်။ ဘုရင်မင်းမြတ်ထံ အဖြစ်မှန်သာ လျှောက်တင်လိုက်ပါက ထိုသူတို့၏မိသားစု မင်းပြစ်ဒဏ်သင့်ကာ အသတ်ခံကြရပေတော့မည်။ အမတ်မင်းက စိတ်ကောင်းရှိသူဖြစ်သည်။ သူတစ်ပါးအသက်ကိုလည်း မသေစေလိုပါ။ မည်သို့ ပြန်လည်လျှောက်တင်ရမည်ကို တွေးလာရင်းဖြင့် နန်းတော်သို့ ပြန်ရောက်လာသည်။

"ဘယ်လိုလဲ အမတ်မင်း၊ အဲဒီရဟန်း ဘယ်မှာသီတင်းသုံးနေလဲ"

"မှန်လှပါ အရှင်မင်းမြတ်၊ ကျွန်တော်မျိုး ထိုရဟန်းအနောက်က လိုက်လံကြည့်ရှုခဲ့ရာ မြို့စွန်တောအုပ်အတွင်းသို့ ဝင်သွားသည်ကို တွေ့ရသဖြင့် တောအုပ်အတွင်းသို့ လိုက်ဝင်သွားခဲ့ရာ လုံးဝရှာမတွေ့ဘဲ ထိုရဟန်းပျောက်ကွယ်သွားခဲ့ကြောင်းပါ"

ထိုသူ၏ မိသားစုအသတ်ခံရမည်ဆိုး၍ အမတ်မင်းက အဖြစ်မှန်ကို လွှဲပြောင်းလျှောက်တင်လိုက်သည်။ တောအုပ်အတွင်း ထိုရဟန်းပျောက်ကွယ်သွားကြောင်း လျှောက်တင်လိုက်သဖြ… ဘုရင်မင်းမြတ် ထိုရဟန်းကို ပိုမိုစိတ်ဝ… စားသွားခဲ့သည်။ ထိုရဟန်းအကြောင်း… ပို၍သိချင်လာခဲ့သည်။

ထိုရဟန်းမှာလည်း နေ့စဉ်ဆွမ်း… ကြွလာနေမြဲ ဖြစ်သည်။ ဘုရင်မင်းမြတ်… ကလည်း မြင်တွေ့နေမြဲပင် ဖြစ်သည်… တောအုပ်ထဲ ဝင်ရောက် ပျောက်ကွယ်… သွားသည်ကို ပို၍စိတ်ဝင်တစားဖြစ်လာ… သည်။ ဘုရင်မင်းမြတ် မကျေနပ်ဘဲဖြ… နေသည်။ ထို့ကြောင့် ဘုရင်မင်းမြတ်… ပို၍ယုံကြည်စိတ်ချရသည့် အတွင်း… နောက်ထပ်အမတ်တစ်ဦးကို ထိုရဟ… အကြောင်း စုံစမ်းစေပြန်သည်။

နောက်ထပ် တာဝန်ပေးသည်… အမတ်လည်း ထိုရဟန်းလည်း ဆွမ်း… ကြွပြီးအပြန်တွင် နောက်မှတိတ်တဆိ… လိုက်သွားခဲ့သည်။ ယခင်အတိုင်းပင်… ရဟန်း တောအုပ်အတွင်းသွားခဲ့သည်… ထို့နောက် မိသားစုနှင့် ဆွမ်းခံ၍ ရလာ… သည့် ထမင်း၊ ဟင်းများကို ဝိုင်းဖွဲ့စား… သောက်ကြသည်။ ထိုအဖြစ်ကို အမတ်… က မြင်တွေ့သွားသည်။ အဖြစ်မှန်ကိုသိ… ရှိသည့်အမတ်က နန်းတော်သို့ တိတ်တ… ဆိတ်ပြန်လာခဲ့သည်။ နောက်တစ်နေ့… ညီလာခံတွင် ဘုရင်မင်းမြတ်ထံ မိမိတွေ့… မြင်သိရှိခဲ့သည့်အတိုင်း အဖြစ်မှန်… လျှောက်တင်လိုက်တော့သည်။ အဖြစ်… မှန်ကို သိရှိသွားသည့် ဘုရင်မင်းမြတ်… က -

"သင်္ကန်းကို ခုတုံးလုပ်တဲ့ ရဟန်း… တုတော့ သတ်ရင်သေတော့မှာပဲ။ သာ… သနာကို ညှိုးနွမ်းအောင် လုပ်နေတာ… သတ်ရင်တော့ အပြစ်မဲ့တဲ့ ကလေး… မိန်းမလည်း သေကြရမယ်။ ဒီတော့… အသတ်မသေဘဲ ဒီရဟန်းတုကို ပညာ… ပေးရတော့မယ်။ ကဲ- အမတ်ကြီး"

"တင်ပါ့ ဘုရား၊ မိန့်တော်မူ… အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"

"ကောင်းပြီ၊ မနက်ဖြန်မနက်… ဆွမ်းခံချိန်ကစပြီး အမိန့်အတိုင်း ဆော… ရွက်ကြပေတော့။ ဆွမ်းခံကြွလာတဲ့… ရဟန်းတစ်ပါးကို ဘယ်သူမှ ဆွမ်း… လောင်းစေနဲ့။ သပိတ်အတွင်းကိုတံတွေး… အညစ်အကြေးများ ထွေးထည့်ကြစေ… အညစ်အကြေးများ သပိတ်အတွင်း… ရောက်ရှိသွားအောင် ဆောင်ရွက်ကြ… စေ။ ဒါမှ ဒီရဟန်းတုနောင်တရမှာ"

"တင်ပါ့ဘုရား၊ မနက်ဖြန်… အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"

"နန်းတော် အနီးအနားသာမက…



www.burmeseclassic.com

www.burmeseclassic.com

တွက်ကျေးရွာများထိ ဆွမ်းလောင်းသူ သိအောင်လှည့်လည်ပြီး အမိန့်တော် သိအောင်ဆောင်ရွက်ကြစေမောင်မင်း

မှူးကြီးမတ်ကြီးများက ဘုရင်မင်း မြတ်အမိန့်တော်အတိုင်း ပြည်သူများသိ အောင် ကြေညာမှုပြုကြရသည်။ အနီး ဝန်းကျင်ရပ်ကွက်မကျန် မြို့စွန် အထိတိုင်အောင် အမိန့်တော်ကို လှည့် ကြေညာကြသည်။ တစ်ဆင့်စကား၊ ဆင့်နားဖြင့် ထူးဆန်းသော သတင်းက မြို့စွန်ကျေးရွာများအထိ ချင်းတွင်း ပျံ့နှံ့သွားတော့သည်။ နောက်ဆုံး ထိုသတင်းကို ဆွမ်းခံကြွနေ ရဟန်းအတုအယောင်ပင် သိရှိသွား တော့သည်။ မိမိရဟန်းတုဖြစ်ကြောင်း ဘုရင်မင်းမြတ်ပင်သိရှိသွားခဲ့သဖြင့် မင်း ဒဏ်သင့်မည်ကို ကြီးစွာတုန်လှုပ်မှု ခဲ့သည်။ မိသားစုတစ်ခုလုံး အသတ်ခံ ကို စိုးရိမ်လာသည်။ အသက်မသေ ၍ ကြံရာမရဖြစ်ကာ လက်ရှိနေထိုင် တောအုပ်မှ အခြားဒေသတစ်ခုသို့ သားစုနှင့်အတူ ထွက်ပြေးတိမ်းရှောင် သွားတော့သည်။

ထိုသူ ထွက်ပြေးတိမ်းရှောင်သွား နှစ်ရက်၊ သုံးရက်ခန့်တွင် တိုက်ဆိုင် ရဟန်းတော်တစ်ပါး ဆွမ်းခံကြွ ရောက်ရှိလာပြန်သည်။ ကြည်ညိုဖွယ်ရာ ၊ ဣန္ဒြေဖြင့်ဖူးတွေ့ရသည်။ ဆွမ်း လောင်းလှူလိုသော်လည်း မင်းပြစ် သင့်မည်စိုး၍ အမိန့်ထုတ်ပြန်ထား အတိုင်း မည်သူတစ်ဦးတစ်ယောက် ဆွမ်းမလောင်းကြပေ။ ဆွမ်းဟင်း၊ များမလောင်းလှူရဲသာမက ဘုရင့် အမိန့်တော်အတိုင်း ထိုရဟန်း၏သပိတ် အတွင်းသို့ တံတွေးအညစ်အကြေးများ ထည့်ကြသည်။ သို့သော် ထိုရဟန်း သည်သို့မျှ တုန်လှုပ်မှုမရှိ။ အံ့သြခြင်း ဘဲ ဆက်လက်ဆွမ်းခံကြွသည်။ ဆွမ်း သည့်အိမ်တိုင်း ဆွမ်းမလောင်းဘဲ သပိတ်အတွင်းသို့ တံတွေးများထွေးထွေး ထည့်ကြသည်။ မသင့်တော်မှန်း သိကြ သော်လည်း ဘုရင်မင်းမြတ်အမိန့်ကို ဆန်ဝံ့ကြပါ။

ရဟန်းတော်လည်း ခရီးစဉ်အ တိုင်း ဆက်လက် ဆွမ်းခံကြွသွားသည်။ ဟင်း၊ ဆွမ်းထမင်းများ မရသည့် သပိတ်အတွင်းသို့ တံတွေးများ ထွေးထည့်ကြသည်ကို ရဟန်းတော် နေရသည်။ ရဟန်းတော်လည်း လည်အောင်ဖြစ်ခဲ့ရလေသည်။ နေ အတန်မြင့်သည်အထိ ဆွမ်းမရခဲ့ပါ။ လောင်းလှူမည့်သူလည်းမရှိခဲ့ပါ။ ဆွမ်း ခံရင်း တဖြည်းဖြည်း မြို့အပြင်ဘက်သို့ ရောက်လာခဲ့သည်။ နောက်ဆုံး မြို့စွန်ရှိ ကြီးမားသော ပန်းဥယျာဉ်တစ်ခုသို့ ရောက်ခဲ့သည်။ ဆွမ်းရလိုရငြား ရဟန်း တော်က ဥယျာဉ်ရှေ့တွင်ဆွမ်းရပ်သည်။ ထိုဥယျာဉ်မှာ ဘုရင်မင်းမြတ်ပိုင်သည့် ပန်းဥယျာဉ်ကြီး ဖြစ်သည်။ ဘုရင့်နန်း တော်သို့ နေ့စဉ် ပန်းများဆက်သနေရ သော ဥယျာဉ်ဖြစ်သည်။ ထိုဥယျာဉ်ကို ဥယျာဉ်မှူးဇနီးမောင်နှံနှစ်ယောက်က ပန်းများကို ပြုစုပျိုးထောင် စိုက်ပျိုးကြ သည်။

မကြုံစဖူး ဆွမ်းခံကြွလာသော ရဟန်းတော်ကို ဥယျာဉ်မှူးလင်မယားက တွေ့ရှိသွားခဲ့သည် ။ ဥယျာဉ်မှူးဇနီး မောင်နှံတို့က ဆွမ်းလောင်းလှူလိုသဖြင့် ဥယျာဉ်အတွင်းသို့ ကြွရောက်ပါရန် ပင့်ဖိတ်သည်။ ယင်းနောက် သပိတ်ကို လှမ်းယူလိုက်သည်။ ဆွမ်းများလောင်း လှူရန် သပိတ်ကိုဖွင့်လိုက်စဉ် သပိတ် အတွင်း မမျှော်လင့်သော အညစ်အကြေး များကို အံ့သြဖွယ်ရာတွေ့လိုက်ရသည်။ ဥယျာဉ်မှူးက သပိတ်ကို ဒရေဖြင့် ဆေး ကြောပြီး မြေပေါ်သို့သွန်ချလိုက်သည်။ သပိတ်အတွင်းမှရေများ မြေပေါ်သို့ သွန်ချလိုက်စဉ် ရေများဆူပွက်လာပြီး တွင်းငယ်တစ်တွင်း ဖြစ်ပေါ်လာသည်။ တွင်းငယ်အတွင်းမှ ရေများလည်း ဆူ ပွက်နေသည်ကို အံ့သြဖွယ်ရာ တွေ့ လိုက်သည်။ ထူးဆန်းသော အဖြစ် ကြောင့် ဥယျာဉ်မှူးက ရဟန်းတော်ကို ငေး၍ကြည့်နေမိသည်။

သတိဝင်လာသော ဇနီးဖြစ်သူက လင်ယောက်ျား၏လက်တွင်းမှ သပိတ် ကိုလှမ်းယူကာ ထပ်မံဆေးကြောသည်။ အညစ်အကြေးများ သန့်စင်သလောက် ရှိသွားတော့မှ သပိတ်အတွင်းမှရေများ မြေပေါ်သို့ သွန်ချလိုက်သည်။ ထိုစဉ်မှာ လည်း ရေများဆူပွက်လာပြီး တွင်းငယ် တစ်တွင်း ထပ်မံဖြစ်ပေါ်လာပြန်သည်ကို မယုံကြည်နိုင်ဖွယ်ရာ တွေ့ရပြန်သည်။ ဆူပွက်နေသော တွင်းငယ်နှစ်တွင်းမှ ရေများကို ငေးကြည့်ရင်း မှင်တက်မိနေ ခဲ့သည်။ ရဟန်းတော်က သတိပေးလိုက် တော့မှ အသိဝင်လာကြသည်။ သူတို့ အနီးတွင် တွင်းငယ်နှစ်တွင်း ဖြစ်ပေါ်နေ ပြီး တွင်းအတွင်းမှရေများ ဆူပွက်နေ သည်ကို ထိတ်လန့်ကြောက်ရွံ့သော မျက်နှာများဖြင့် ငေးကြည့်နေကြသည်။

"ဒကာကြီးတို့ စေတနာကြောင့် ကောင်းကျိုးခံစားရမှာပါ။ လာမယ့်တစ် ပတ်အတွင်း ဒီဒေသဟာ မြေလျှင် အန္တရာယ်ကြုံတွေ့ရလိမ့်မယ်။ တော် လည်းငလျင်ခပြီး အကြီးအကျယ်ပျက်စီး တာကို ကြုံတွေ့ရလိမ့်မယ်။ ဘေးလွတ် ရာကို ရှောင်ရှားကြပေတော့"

ရဟန်းက ထိုသို့မိန့်ကြားပြီး ကောင်းကင်ခရီးမှ ရှာန်ဖြင့်ကြွသွား သည်ကို ဥယျာဉ်မှူးလင်မယား တွေ့ လိုက်ကြရသည်။ ဥယျာဉ်မှူးလင်မယား က လက်အုပ်ချီမိုးရှိခိုးရင်း ကျန်ရစ်ခဲ့ သည်။

"ရှင်မရေ တို့ကုသိုလ်ထူးတာပဲ။ ရဟန္တာအရှင်အစစ်ကို လောင်းလှူလိုက် ရတာပဲ။ ဘာကြောင့် သပိတ်အတွင်းကို အညစ်အကြေးတွေ ထည့်ကြတာလဲ။ အဲဒီအဖြစ်ကြောင့် ငလျင်တော်လည်း ဒဏ်ခံကြရမယ်ထင်ပါရဲ့။ ရဟန္တာအရှင် မြတ်က ဘေးကိုကြိုတင်သိမြင်လို့ မိန့် ကြားတာဖြစ်မယ်။ လိုအပ်တဲ့ပစ္စည်းတွေ သိမ်းဆည်းပြီး ဘေးလွတ်ရာကို သွားကြ စို့"

ဥယျာဉ်မှူးက အရှင်မင်းမြတ် အတွက် စာတစ်စောင် ရေးသားထားခဲ့ သည်။ စာပါအကြောင်းအရာမှာ ရဟန္တာ အရှင်သူမြတ်ကို ပြစ်မှားစော်ကားမိ သည့်အတွက် တော်လည်းငလျင်ဒဏ်ခံ ရမည့်အကြောင်း ဖြစ်သည်။ ထိုစာကို မြင်သာသည့်နေရာတွင်ထားခဲ့ပြီး အထုပ် အပိုးများဖြင့် ဘေးလွတ်ရာသို့ ထွက် ပြေးတိမ်းရှောင်သွားပါတော့သည်။

ဥယျာဉ်မှူးဇနီးမောင်နှံ မရှိတော့ သဖြင့် နန်းတော်သို့ ပန်းပို့မည့်သူလည်း မရှိတော့ပေ။ နန်းတော်သို့ ပန်းများ မရောက်သည်မှာ ရက်အတန်ကြာခဲ့ပြီး အဖြစ်မှန်သိလို၍ ဘုရင်မင်းမြတ်က ပန်း ဥယျာဉ်သို့လူလွှတ်စုံစမ်းမှုပြုစေခဲ့သည်။ စုံစမ်းသူ ပန်းဥယျာဉ်သို့ ရောက်ရှိသော် ဥယျာဉ်မှူးဇနီးမောင်နှံကို မတွေ့ရတော့ ဘဲ လူသူကင်းမဲ့နေသည်။ ထိုစဉ် မင်းကြီး အတွက် ဥယျာဉ်မှူးရေးသား ထားရစ်ခဲ့ သည့်စာကို တွေ့ရှိသွားကြသည်။ စာကို ဖတ်ရတော့မှ အကြောင်းစုံ သိရှိရတော့ သည်။ ရဟန္တာကို ရဟန္တာမှန်းမသိဘဲ ပြစ်မှားစော်ကားမိလေခြင်းဟု နောင်တ ကြီးစွာ ရခဲ့ကြသည်။ ချက်ချင်းပင် ဘုရင် မင်းမြတ်ထံ သတင်းပို့လျှောက်ထားကြ သည်။

ဘုရင်မင်းမြတ်လည်း ကြီးစွာပူပန် မှုဖြစ်ခဲ့သည်။ ထိတ်လန့်တုန်လှုပ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရဟန္တာကို ပြစ်မှားမိလေခြင်းဟု နောင်တရခဲ့သည်။ ဥယျာဉ်မှူး၏စာထဲတွင် တစ်ပတ်အတွင်း ငလျင်တော်လည်းဒဏ်ခံရမည်ဟု ရေးသားထားသည်။ ဘုရင်ကြီးလည်း ယုံကြည်သက်ဝင်ကာ ဤဒေသမှ ထွက်ခွာရန် စီစဉ်ရတော့သည်။ ကျောက်မျက်ရတနာ၊ စည်းစိမ်ဉစ္စာ၊ ဆင်၊ မြင်းရထားများစီစဉ်ပြီး နန်းတော်မှ ဝေးရာအရပ်သို့ ထွက်ခွာလာခဲ့သည်။ နောက်လိုက်နောက်ပါ အခြံအရံများဖြင့် နန်းတော်မှထွက်ခွာစမှာပင် ငလျင်တော်လည်းမြည်ဟည်းသံများ ထိတ်လန့်ဖွယ်ကြားရသည်။ ငလျင်တော်လည်းမြည်ဟည်းသံများမှာ တဖြည်းဖြည်း နီးကပ်လာသည်။ မကြာမီ ငလျင်တော်လည်းမြည်ဟည်းသံကြီးနှင့်အတူ မြေပြင်မှာ သွက်သွက်ခါလှုပ်ခတ်လာသည်။ ဆင်၊ မြင်းရထားဗိုလ်ခြေများ အလဲလဲအပြိုပြိုဖြစ်ကုန်သည်။ ရုတ်တရက် မြေပြင်ကြီးကွဲအက်မှုများ ဖြစ်ပေါ်လာပြီး ဘုရင်မင်းမြတ်နှင့်တကွ ဆင်၊ မြင်းရထား၊ လူများအားလုံး မြေအောက်သို့ကျရောက်နစ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။ ထိုအချိန်နှင့် တစ်ပြိုင်တည်းမှာပဲ ဘုရင့်နန်းတော်တည်ရှိရာ မြို့တော်ကြီးမှာလည်း မြေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားပါတော့သည်။

❒

ဒေါ်ဒင်အင်းကြီး၏ ရာဇဝင်ကို စိတ်ဝင်စားဖွယ် ရှည်လျားစွာ ပြောပြခဲ့သည့် ဒေါ်အုန်းကြည်က စကားပြောသည်ကို ခေတ္တရပ်လိုက်ပြီး ရေနွေးကြမ်းသောက်လိုက်သည်။

"ဒေါ်ဒေါ်ပြောပြတဲ့ဒေါ်ဒင်အင်း ရာဇဝင်က ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုဖြစ်နေပေမယ့် ထူးဆန်းပြီး စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ ရဟန္တာအရှင်သူမြတ်မှန်းမသိဘဲ ပြစ်မှားစော်ကားခဲ့မိလို့ မြို့နဲ့နန်းတော်ကြီးအားလုံး မြေအောက်နစ်မြုပ်သွားတာပေါ့"

"သိပ်မှန်တာပေါ့။ မြေငလျင်ခပြီး မြို့နဲ့ နန်းတော်တစ်ခုလုံး မြေအောက်နစ်မြုပ်သွားတာဟာ ရဟန္တာအစစ်ကို ပြစ်မှားစော်ကားမိလို့ပဲကွယ့်။ အခု ဒေါ်ဒင်အင်းကြီးဟာ နန်းတော်နေရာလို့ ပြောကြတယ်။ ဒေါ်ဒင်အင်းဟာ ထူးဆန်းတာတွေ ရှိသေးတယ်ကွယ့်"

"ဘာတွေများလဲ ပြောပြပါဦး ဒေါ်ဒေါ်"

"ဒဏ္ဍာရီလိုပုံပြင်လိုဖြစ်နေပေမယ့် ရဟန္တာရဲ့ သပိတ်ထဲက အညစ်အကြေးတွေကို သန့်စင်ပြီးသွန်ပစ်ခဲ့လို့ ရေပူတွင်းတွေ ဖြစ်ပေါ်ခဲ့တယ်လေ။ အဲဒီရေပူတွင်းနှစ်တွင်းဟာ ခုချိန်ထိရှိနေဆဲပဲ။ တပေါင်းလပြည့်နေ့ အင်းဖွင့်ပွဲအချိန်ဆိုရင် ကမ္ဘာလှည့်ခရီးသည်တွေတောင် ရောက်လာတတ်တယ်။ ရေပူကန်ငယ်ထဲကရေတွေကို ခပ်ယူအအေးခံပြီး အဲဒီရေကိုချိုးကြတယ်။ အဲဒီရေကိုချိုးရင် ရောဂါမျိုးစုံ ပျောက်တယ်လို့ ယုံကြည်ကြတယ်။ တချို့ဆိုရင် အဲဒီရေပူတွေနဲ့ ကော်ဖီတောင်ဖျော်သောက်ကြတာကွယ့်။ ဆင်၊ မြင်းရထားတွေ မြေအောက်နစ်မြုပ်သွားတာ လမုအိ၊ လမုအိုက်ဘုရားအနီးမှာလို့ ပြောကြတယ်"

"အဲဒီဘုရားတွေ အခုထက်ထိ ရှိသေးလား၊ ဘယ်နားမှာလဲ"

"ခုထက်ထိ အထင်အရှားရှိနေတယ်။ ကြာအင်းဆိပ်ကြီးအထက်နားက ကျိုက်ဒုံရွာအနီးမှာ လမုအိ၊ လမုအိုက် ဘုရားရှိနေတယ်"

"ဥယျာဉ်မှူးလင်မယားနှစ်ယောက် ထွက်ပြေးသွားပြီး ဘာတွေဆက်ဖြစ်သေးလဲ၊ သိရင်ပြောပြပါဦး"

"အဲဒီဥယျာဉ်မှူးလင်မယားဟာ ကိုယ့်ဇာတိကို ဘယ်စွန့်ခွာချင်ပါ့မလဲ။ အသက်ဘေးကြောင့်သာ ထွက်ပြေးခဲ့ကြရတာ။ နောက်ဆုံး ခုမွန်ပြည်နယ်ထဲက မုဒုံမြို့ကို ရောက်သွားကြတယ်တဲ့။ မုဒုံကန်တော်ကြီးအနီးမှာ ရင်ကွဲနာကျပြီးသေကြတယ်လို့ပြောကြတယ်။ တချို့ကလည်း အဲဒီလင်မယားသေပြီး မုဒုံကန်တော်ကြီးမှာ အစောင့်ဖြစ်နေတယ်လို့လည်း ပြောကြတယ်ကွယ့်"

"ဒေါ်ဒင်အင်းနဲ့ပတ်သက်ပြီး ထူးဆန်းတာတွေရှိသေးလားဒေါ်ဒေါ်"

"သိပ်ရှိတာပေါ့။ ထူးဆန်းတာတွေ ပြောမကုန်နိုင်အောင်ပါဘဲ။ ဒေါ်ဒင်အင်းကနေ မျှော်ကြည့်လိုက်ရင် ဟိုဝေးဝေးမှာ တောင်ကုန်းတစ်ခုတွေ့ရမယ်။ အဲဒီတောင်ကုန်းကို အဝေးကလှမ်းကြည့်ရင် စပါးပုံတွေလိုလို၊ ကျောက်သံပတ္တမြားပုံလိုလိုပေါ်နေတယ်။ ပြီးတော့ ဘုရင့်ပုဆိုး ရက်လုပ်တဲ့ ရက်ကန်းစင်ပုံတွေပေါ်နေတယ်။ အဝေးကမြင်ရ၊ ထင်ရတာနော်။ အနားရောက်သွားတော့မှ တောင်ကုန်းသာ ဖြစ်နေတယ်။ မထူးဆန်းဘူးလား။ ကိုယ်တိုင်သွားကြည့်မှ ပိုသိရမယ်"

"တပေါင်းလပြည့်နေ့မှာ အင်းဖွင့်ပွဲနော်။ ငါးတွေကော တော်တော်ရရဲ့လား"

"အေး-မင်းမေးလို့ဆက်ပြောရဦးမယ်။ ဖာသိမ်ရွာဟာ ကရင်တိုင်းရင်းသားတွေ အများဆုံးနေထိုင်တဲ့ ရွာကြီးပေါ့။ အင်းလေလံဖွင့်ပွဲမှာ ကရင်၊ ဗမာနှစ်ဘာသာနဲ့ ကြေညာပေးရတာ။ လေလံရတဲ့ လှေအစီး (၁၀၀) ကျော်လောက်က ကွန်ပစ်ပြီးငါးဖမ်းကြတာ။ ပိုက်ကွန်ပစ်သူအချင်းချင်း စကားများရန်ဖြစ် စစ်ရေးတိုင်းထွာမိလို့ကတော့ အဲဒီနေ့ ဘာငါးတစ်ကောင်မှ မရတော့ဘူးကွယ့်။ သစ်ရွက်တွေသာ ပိုက်ထဲပါလာတတ်တာ။ ဒါကြောင့် လေလံရတဲ့လှေအချင်းချင်း ဘယ်တော့မှ စကားမများကြဘူး။ ကရင်၊ ဗမာအားလုံး ချစ်ချစ်ခင်ခင်နဲ့ ငါးဖမ်းကြတာကွယ့်"

"တော်တော်ထူးဆန်းတဲ့ ဒေါ်ဒင်အင်းကြီးပဲ။ ဆက်ပြောပါဦး ဒေါ်ဒေါ်"

"ဒေါ်ဒင်အင်းကြီးအကြောင်းကို ပြောရရင်တော့ ထူးဆန်းတာတွေချည်းပဲကွယ့်။ အင်းဖွင့်လို့ ငါးဖမ်းကြပြီဆိုလည်း ငါးဖမ်းသူတိုင်း တစ်နေ့လုံး ငါးအမျိုးအစား တစ်မျိုးတည်းပဲဖမ်းမိကြတာ။ ဘယ်သူမှ တခြားငါးအမျိုးအစား မမိဘူး။ ငါးခူဆို ဖမ်းသူတိုင်း ငါးခူချည်းပဲဖမ်းမိတာ၊ ငါးဖန်းမဆိုလည်း ငါးဖန်းမချည်းပဲဖမ်းမိတာ၊ ငါးရံ့ဆိုလည်း ငါးရံ့ချည်းပဲ ဖမ်းဆီးရမိတာ။ ကဲ - ဘယ်လောက်အံ့သြဖို့ကောင်းသလဲ။ တစ်နေ့ကို ငါးတစ်မျိုးတည်းပဲ ရေပေါ်ပေါ်တာကွယ့်။ ပထမရက်တွေဖမ်းမိတဲ့ငါးတွေက အကောင်ကြီးကြီးတွေ ဖမ်းမိတာ။ အင်းပိတ်ခါနီး ငါးအကောင်ကြီးကြီးတွေကုန်သလောက်ရှိတော့မှ ငါးအကောင်သေးသေးလေးတွေပေါ်လာတတ်တာ။ ဖမ်းမိတဲ့ငါးအကောင်ကြီးတွေ ဝမ်းဗိုက်ထဲမှာ မီးသွေးခဲတစ်ခဲစီတွေ့ရတယ်တဲ့"

"ဒေါ်ဒင်အင်းကြီးရဲ့ အဖြစ်က ထူးဆန်း အံ့သြဖွယ်ရာချည်းတွေပါလား"

"ပထမပိုင်းရက်တွေမှာ ဖမ်းဆီးမိတဲ့ ငါးအကောင်ကြီးကြီးတွေဟာ ရဟန္တာရဲ့သပိတ်ထဲ တံတွေးထွေးထည့်ဖို့ အမိန့်ချမှတ်ခဲ့တဲ့ ဘုရင်မင်းမြတ်နဲ့ သူ့မိသားစုတွေဖြစ်တယ်လို့ ပြောကြတယ်။ ရဟန္တာကိုပြစ်မှားလို့ ငါးဖြစ်ပြီး ငရဲခံနေရတာတဲ့။ ရေခန်းခါနီး ပေါ်လာတဲ့ ငါးသေးသေးလေးတွေဟာ ဘုရင်မင်းမြတ်အမိန့်နဲ့ ရဟန်းတော်ရဲ့သပိတ်ထဲ တံတွေးထွေးထည့်ကြတဲ့ မြို့သူမြို့သားတွေလို့ ပြောကြတယ်။ ကဲ- ရဟန္တာကို



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# အန္တရာယ်ကင်းစင် လာဘ်တွေဝင်ဖို့



လောကရှိ လူသားတိုင်းသည် သက်ရှင်သရွေ့ကာလပတ်လုံး မိမိတို့ စားဝတ်နေရေးအတွက် လုပ်ငန်းစီးပွား မျိုးမျိုးတို့ကို မိမိတို့ လုပ်ဆောင်နိုင် သောလုပ်ငန်းများအလိုက် အလုပ်နေရာ၊ အိမ်တိုက်တာများ၊ စက်ရုံ၊ အလုပ်ရုံ များ၊ ကုမ္ပဏီများ၊ ဈေးဆိုင်များ စသည် နေ့စဉ်နှင့်အမျှ ဖွင့်လှစ်လုပ်ကိုင်နေ ကြရသည်။

ရှေးပညာရှိကြီးများ စီစဉ်ဆောင် ရွက်ခဲ့သော ပညာရပ်ယတြာများဖြင့် မိမိတို့အတွက် အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘများရွှင်လန်းခြင်း၊ ကူညီ ပေးမည့် အပေါင်းအသင်းများနှင့် ပြည့်စုံ၍ လုပ်ငန်းဆောင်တာများ ထွန်း ကား အောင်မြင် မင်္ဂလာရှိကြစေရန် အောက်ပါအတိုင်း ပြုလုပ်ဆောင်ရွက် ကြပါက ထူးထူးခြားခြား အကျိုးတရား များ ရရှိကြပါလိမ့်မည် ဖြစ်ပါသည်။

**(၁) တနင်္ဂနွေသားသမီးအတွက် လုပ်ဆောင်ရန်**

ကုံကော်ညွန့်နှင့် ခရေညွန့်များကို အိမ် သို့မဟုတ် အလုပ်ဌာန၏ ဘုရား ဈောင်ရေအိုးတွင် လည်းကောင်း၊ ခေါင်းရင်းတံခါးပေါက်တွင် လည်းကောင်း ထိုးထားပါ။ ခုနစ်ရက်တစ်ကြိမ် ပန်းကိုလဲပေးပါ။ အိမ်ရှေ့အရှေ့အရပ် တွင် အုန်းပင် (၁) ပင်စိုက်ပါ။ အုန်းပင် ကို မစိုက်မီ စိုက်မည့်နေရာတွင် မြေသန့် နှင့် ကျောက်ရတနာမျိုးစုံ (၇)လုံး၊ မြေ စာမြက်လက်တစ်ဆုပ်၊ ဆန်လက်တစ် ဆုပ်၊ ကြေးပိုက်ဆံတစ်ပြားတို့ကိုရော၍ ထည့်စိုက်ပါ။ စိုက်ပြီးလျှင် ရွှေရည်ငွေ ရည်များလောင်း၍ မိမိလိုရာဆုတောင်း ပါ။ စိုက်ထားသောသစ်ပင် ရှင်သန်ကြီး ထွားလာလေလေ မိမိအတွက် မင်္ဂလာ အပေါင်းနှင့် တိုးတက်လေလေ ဖြစ် သည်။

ပြုလုပ်ရမည့်နေ့နှင့်အချိန်အခါမှာ တနင်္ဂနွေနေ့နံနက်ပိုင်း (၉) နာရီ၊ (၄၅) မိနစ်မှ နံနက် (၁၀) နာရီခွဲအချိန်အတွင်း ပြုလုပ်ပါ။

**(၂) တနင်္လာနေ့သားသမီးများအတွက် လုပ်ဆောင်ရန်**

မြေစာညွန့်နှင့် သပြေပန်းများကို မိမိအိမ်၊ အလုပ်ဌာန၏ ဘုရားဈောင် ရေအိုးများတွင် လည်းကောင်း၊ ခေါင်း

---

မှန်းမသိဘဲ ပြစ်မှားမိတဲ့အပြစ်က လောက်ကြောက်ဖို့ကောင်းသလဲ။ ဒင်အင်းကြီးထက် ဆန်းပြားတာ မှာရှိတော့မလဲ"

"တော်တော်ကို ဂမ္ဘီရဆန်လှတဲ့ ဒင်အင်းကြီးပါပဲလား။ တစ်ဆင့် ကြားရုံနဲ့တင် ကိုယ်တိုင်သွားချင် တက်လာပြီး နောင်နှစ်အင်းလေ ပွဲသွားဖြစ်အောင်ကြိုးစားရမယ်"

အေးကွယ့်၊ မင်းကိုယ်တိုင်သွား မှ ဒေါ်ဒေါ်ပြောပြခဲ့တာတွေ အမှန် သိရ တွေ့ရမယ်။ စောစောက ပြခဲ့တဲ့ ကျောက်သံပတ္တမြားပုံ၊ ဆန် ရက်ကန်းစင်ပုံတွေလို အဝေးက ရင်ထင်ရပေမယ့် အနားအနီး သွားတော့မှ တောင်ကုန်းကြီး တွေ့ရတဲ့တာတွေ၊ သပိတ်ဆေးပြီး လို့ ရေပူတွင်းနှစ်တွင်းဖြစ်ပေါ် တွင်းထဲကရေတွေ ဆူပွက်နေ ခုထက်ထိ အထင်အရှားရှိနေ ပြီးတော့ နေ့အလိုက် ငါးတစ် သော ရေပေါ်ပေါ်တာတွေဟာ ဆန်းပြားလှတဲ့ဒေါင်ဒင်အင်းကြီး ဖြစ်နေတာကွယ့်။ မင်းသိပ်ကို စားသွားပြီမဟုတ်လား။ ကိုယ် ချင်ရင်တော့ ကိုယ်တိုင်သွား ကြည့်ပေါ့ကွယ်။ တစ်ခေါက်ရောက်ဖူး ပြီးရင်တော့ နှစ်တိုင်းသွားချင်စိတ် ဖြစ် လာမှာ သေချာတယ်"

"ထူးဆန်းလွန်းပြီး တော်တော် ဂမ္ဘီရဆန်တဲ့ ဒေါင်ဒင်အင်းကြီးပါပဲ။ အင်းကြီးရဲ့ ရာဇဝင်ကိုက အံ့ဩဖို့ ကောင်းလိုက်တာ။ ဘယ်လိုမှယုံနိုင်စရာ မရှိဘူး။ ရဟန္တာကိုပြစ်မှားမိလို့ ငရဲလား ရတဲ့ သင်ခန်းစာပေးနေတဲ့ အင်းကြီးပေါ့ ကွယ်"

"ဒေါ်ဒေါ်နဲ့တွေ့ရ၊ စကားပြော ရတာ ဗဟုသုတတော်တော်ရပါတယ်။ ဒေါ်ဒေါ့်ကိုလည်း ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မောင်သန်းအောင်က စာ ရေးဆရာဖြစ်နေတယ်ဆို။ မင်းညီမတွေ ပြောပြလို့သိရတာကွယ့်။ ဒီလောက် ထူးဆန်းပြီး အံ့ဩဖို့ကောင်းလှတဲ့ ဒေါင် ဒင်အင်းကြီးအကြောင်း အများပြည်သူ သိအောင်ဝတ္ထုတစ်ပုဒ်ရေးလိုက်ပါလား"

"ဟုတ်ကဲ့ စိတ်ချပါ။ ကျွန်တော် ရန်ကုန်ပြန်ရောက်တာနဲ့ ဒေါင်ဒင်အင်း အကြောင်းရေးပါ့မယ်"

ထိုသို့ပြောပြီး ဒေါ်အုန်းကြည်ကို ဦးသုံးကြိမ်ချ ကျွန်တော် ကန်တော့လိုက် ပါသည်။ ကျွန်တော် ကန်တော့နေစဉ် ဒေါ်အုန်းကြည်က ဆုတွေပေးပါသည်။

"သာဓုပါကွယ်၊ သာဓု၊ သာဓု။ ဘေးရန်ကင်းရှင်းပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းပါစေကွယ်။ စာရေးချင် ရင်တော့ နောင်နှစ်အင်းဖွင့်ပွဲသွားဖြစ် အောင်ကြိုးစားပေါ့ကွယ်။ မင်းက ဝန် ထမ်းဆိုတော့ စိတ်သွားတိုင်းကိုယ်ပါဖို့ ဘယ်လွယ်ပါ့မလဲ"

"စိတ်ချပါ၊ ဒေါင်ဒင်အင်းကြီးဖွင့် ပွဲသွားဖြစ်အောင် ကြိုးစားပါ့မယ်။ ကျွန် တော့်ကို ခွင့်ပြုပါဦး"

ဒေါ်အုန်းကြည်ကို နှုတ်ဆက်ကန် တော့ပြီး ပြန်လာခဲ့သည်။ အိမ်ပြန် ရောက်သည့်တိုင် ဒေါင်ဒင်အင်းကြီး၏ စိတ်ဝင်စားဖွယ် ဂမ္ဘီရဆန်လွန်းသော အဖြစ်များက ကျွန်တော့်အတွေးထဲ စိုးမိုး နေပါသည်။ လာမည့်နှစ် တပေါင်းလ ပြည့်နေ့ ဒေါင်ဒင်အင်းလေလံဖွင့်ပွဲသို့ ကိုယ်တိုင် သွားရောက်လေ့လာရန် ဆုံး ဖြတ်ချက်ချလိုက်မိပါတော့သည်။

မောင်မောင်မိုးအောင်

*ထူးဆန်း အံ့ဩဖွယ်ကောင်းသော ဒေါင်ဒင်အင်းကြီးအကြောင်း ပြောပြခဲ့ သော ဖာသိမ်ရွာသူ ဒေါ်အုန်းကြည်သို့ အမှတ်တရ။*



www.burmeseclassic.com

www.burmeseclassic.com

ရင်းတံခါးပေါက်တွင် လည်းကောင်း ထိုးထားပါ။ ခုနစ်ရက်တစ်ကြိမ် ပန်းကိုလဲပေးပါ။ အိမ်၏အရှေ့မြောက်အရပ်မှာ ကံ့ကော်ပင် သို့မဟုတ် မန်းကျည်ပင်တစ်ပင်စိုက်ပါ။ သစ်ပင်စိုက်လျှင် စိုက်မည့်နေရာမှာ မြေသန့်၊ ကျောက်မျက်ရတနာမျိုးစုံ(၇)လုံး၊ မြေစာမြက်လက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ်၊ ကြေးပိုက်ဆံတစ်ပြားထည့်၍ ရွှေရည်၊ ငွေရည်လောင်းပြီး လိုရာဆုတောင်းစိုက်ပါ။

ပြုလုပ်ရမည့်နေ့နှင့် အချိန်အခါမှာ တနင်္လာနေ့နံနက် (၉) နာရီ (၄၅) မိနစ်မှ နံနက် (၁၀) နာရီခွဲအတွင်း ပြုလုပ်ပါ။



**(၃) အင်္ဂါသားသမီးအတွက် လုပ်ဆောင်ရန်**

ခရေညွန့်နှင့် မြေစာညွန့်ကို မိမိနေအိမ်၊ အလုပ်ဌာနများ၏ ဘုရားဆောင်ရေအိုးများတွင် လည်းကောင်း၊ ခေါင်းရင်းတံခါးပေါက်တွင်လည်းကောင်း ထိုးထားပါ။ စိုက်သည့်အခါ မြေသန့်၊ ကျောက်မျက်ရတနာမျိုးစုံ (၇) လုံး၊ မြေစာမြက်လက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ်၊ ပိုက်ဆံတစ်ပြားထည့်၍ ရွှေရည်၊ ငွေရည်လောင်းပြီး လိုရာဆုတောင်းစိုက်ပါ။

ပြုလုပ်ရန်နေ့နှင့် အချိန်မှာ အင်္ဂါနေ့နံနက် (၉) နာရီ (၄၅) မိနစ်မှ (၁၀) နာရီခွဲအတွင်းစိုက်ပါ။

**(၄) ဗုဒ္ဓဟူးနေ့သားသမီးများအတွက် လုပ်ဆောင်ရန်**

သပြေပန်းနှင့် ခရေညွန့်များကို မိမိ၏နေအိမ်တွင်လည်းကောင်း၊ အလုပ်ဌာနတွင် လည်းကောင်း ဘုရားဆောင်ရေအိုးတွင်ဖြစ်စေ၊ ခေါင်းရင်းတံခါးပေါက်တွင်ဖြစ်စေ ထိုးထားပါ။ ပန်းများကို ခုနစ်ရက်တစ်ကြိမ်လဲပေးပါ။ အိမ်၏အနောက်မြောက်ထောင့်(ရာဟုထောင့်) အရပ်၌ မဲဇလီတစ်ပင်စိုက်ပါ။ စိုက်သည့်နေရာမှာ မြေသန့်နှင့် ကျောက်မျက်ရတနာမျိုးစုံ (၇) လုံးနှင့် မြေစာမြက်လက်တစ်ဆုပ်၊ ဆန်တစ်ဆုပ်၊ ကြေးပြားပိုက်ဆံတစ်ပြားထည့်၍ ရွှေရည်၊ ငွေရည်လောင်းပြီး လိုရာဆုတောင်းစိုက်ပါ။

ပြုလုပ်ရမည့်နေ့နှင့်အချိန်အခါမှာ ဗုဒ္ဓဟူးနေ့နံနက် (၉) နာရီ (၄၅) မိနစ်မှ (၁၀) နာရီအတွင်းစိုက်ပါ။

**(၅) ကြာသပတေးနေ့သားသမီးများအတွက် လုပ်ဆောင်ရန်**

သီဟိုဠ်သရက်ညွန့်၊ သီးညွန့်၊ သင်ညွန့်ရရာတစ်ခုခုနှင့် ဒေါနပန်း၊ ထန်းညွန့်၊ ထနောင်းညွန့် ရရာတစ်ခုနှင့် ပေါင်းပြီးလျှင် အိမ်၏ဘုရားဆောင်ရေအိုး၌လည်းကောင်း၊ အလုပ်ဌာန၏ ခေါင်းရင်းတံခါးပေါက်တွင်လည်းကောင်း ထိုပန်းများကို ထိုးထားပါ။ ပန်းများကို ခုနစ်ရက်တစ်ကြိမ်လဲပေးပါ။ အိမ်၏ အရှေ့မြောက် တနင်္ဂနွေထောင့်တွင် သီးပင် သို့မဟုတ် သီဟိုဠ်သရက်ပင်၊ သင်ပင် ရရာ တစ်ပင်ပင်ကိုစိုက်ပါ။ စိုက်လျှင် စိုက်မည့်နေရာမှာ မြေသန့်၊ ကျောက်မျက်ရတနာမျိုးစုံ (၇) လုံး၊ မြေစာမြက်လက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ်နှင့် ကြေးပိုက်ဆံတစ်ပြားထည့်ပြီး ရွှေရည်၊ငွေရည်လောင်း၍ လိုရာဆုတောင်းစိုက်ပါ။ ပြုလုပ်ရန်နေ့နှင့် အချိန်အခါမှာ ကြာသပတေးနေ့နံနက် (၉) နာရီ (၄၅) မိနစ်မှ (၁၀) နာရီခွဲအတွင်း လုပ်ပါ။

**(၆) သောကြာနေ့သားသမီးများအတွက်**

ဒန်းညွန့် သို့မဟုတ် ဒေါနပန်း သို့မဟုတ် ထန်းညွန့်နှင့် ခရေညွန့်များကို အိမ်မှ ဘုရားဆောင်ရေအိုးတွင်လည်းကောင်း၊ အလုပ်ဌာန၏ခေါင်းရင်း တံခါးတွင်လည်းကောင်း ထိုးထားပါ။ ခုနစ်ရက်တစ်ကြိမ် ပန်းများကို လဲပေးပါ။ အိမ်၏အရှေ့အရပ်၌ သီဟိုဠ်သရက်ပင် သို့မဟုတ် သင်ပင်၊ သီးပင် ရရာတစ်ပင်ပင်ကို စိုက်ပါ။ စိုက်လျှင် စိုက်မည့်နေရာတွင် မြေသန့်၊ ကျောက်မျက်ရတနာမျိုးစုံ (၇) လုံး၊ မြေစာမြက်လက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ်နှင့် ကြေးပြားပိုက်ဆံတစ်ပြားထည့်၍ ရွှေရည်၊ငွေရည်လောင်းပြီးစိုက်ပါ။

ပြုလုပ်ရန်နေ့နှင့် အချိန်အခါ[illegible] သောကြာနေ့ နံနက် (၉) နာရီ (၄[illegible] မိနစ်မှ (၁၀) နာရီခွဲအတွင်း ပြုလုပ်[illegible]

**(၇) စနေနေ့သားသမီးများအတွက်**

အုန်းညွန့်နှင့် သပြေညွန့်[illegible] အိမ်ကဘုရား၏ ဆောင်ရေအိုး[illegible] ဖြစ်စေ၊ အလုပ်ဌာန၏ ခေါင်းရင်းတံ[illegible] ပေါက်မှာဖြစ်စေ ထိုးထားပါ။ ခုနစ်[illegible] တစ်ကြိမ် ပန်းလဲပေးပါ။ အိမ်၏အနော[illegible] အရပ်မှာ တောင်ထန်းပင် သို့မဟုတ် [illegible] ပင်၊ ဘန်းပင်၊ ထနောင်းပင်၊ ရရာ[illegible] ပင်ပင်ကို စိုက်ပါ။ သစ်ပင်စိုက်လျှင် [illegible] သန့်သန့်၊ ကျောက်မျက်ရတနာမျိုးစုံ [illegible] လုံးနှင့် မြေစာမြက်လက်တစ်ဆုပ်၊ [illegible] လက်တစ်ဆုပ်၊ ကြေးပိုက်ဆံပြားတစ်[illegible] ထည့်၍စိုက်ပါ။ ရွှေရည်၊ငွေရည်လော[illegible] ပြီး လိုရာဆုတောင်းစိုက်ပါ။

ပြုလုပ်ရန်နေ့နှင့် အချိန်အခါ[illegible] စနေနေ့နံနက် (၉) နာရီ (၄၅) မိ[illegible] (၁၀) နာရီအတွင်း ပြုလုပ်ပါ။

အထက်ပါအတိုင်း နေ့၊ အချိ[illegible] အခါ၊ ပစ္စည်း၊ ပြုလုပ်သည့် ကိစ္စ[illegible] တို့နှင့် တိကျမှန်ကန်စွာဆောင်ရွက်[illegible] ကိုင်ကြပါက မိမိတို့အဖို့ ဘေး[illegible] အန္တရာယ်ကင်းဝေးစေခြင်း၊ ကျန်း[illegible] မင်္ဂလာနှင့် ပြည့်စုံရရှိခြင်း၊ စီးပွားလာ[illegible] သပ်ပကာများတိုးပွား ရရှိစေခြင်းစ[illegible] ကောင်းကျိုးချမ်းသာ အဖြာဖြာ[illegible] စံစားကြရမည် ဖြစ်ပါသည်။

ခုနစ်နေ့သားသမီး[illegible]
ကျန်းမာချမ်းသာ[illegible]
ကောင်းကျိုးအထွေထွေ[illegible]
ဆရာဦးစိန်သိုင်း ([illegible]



www.burmeseclassic.com

www.burmeseclassic.com



# ပန်းမြိုင်လယ်-စိန်ဝင်း

## အမျက်ငြေပျက်ကြေလွင့်စေတော့

လူ့ဘောင်ဤလောကမှာ သဘော ကျစရာတွေ၊ အံ့ဩစရာတွေကလည်း အများသားပါကလား။ 'ကြုံလေဘုံပွေ ဆုံတတ်ပလေ' ဆိုသလို အဖြစ်အပျက် ဆန်းဆန်းပြားပြားတွေကလည်း အံ့ဩ ဘနန်းပါပဲ။

တကယ်တော့ လူ့ဘောင်အဖွဲ့ အစည်းအတွင်းက လူသားအားလုံးဟာ အချိန်မည်သော ရထားကြီးကို တိုးခွေ့စီး နင်းလိုက်ပါလို့ ဘဝခရီးကို နည်းမျိုးစုံနဲ့ ဖြတ်သန်းသွားလာနေကြသူများသာ ဖြစ် ပါသည်။ ဆရာဦးအောင်သင်းက 'ဘဝ ဆိုတာ ဘာလဲ' ဆိုတဲ့ မေးခွန်းကို ဟော ပြောပွဲတစ်ခုမှာ မေးခဲ့ဖူးပါသည်။ 'ဘဝ ဆိုတာ မွေးဖွားရာမှ သေဆုံးသည့် အကြား ကာလကို ဘဝ' ဟု အဓိပ္ပာယ် ဖွင့်ဆိုရပေမည်။

တစ်ဖန် လူ့ဘဝကို စာအုပ်တစ် အုပ်နှင့်တင်စား၍ ဘဝစာမျက်နှာများ ဟုလည်း သီကျုံးဖွဲ့နွဲ့ခဲ့ကြပြန်ပါသည်။ စာအုပ်တိုင်းမှာ စာမျက်နှာများပါရှိကြ ပါသည်။ စာအုပ်ထူလျှင် စာမျက်နှာများ ပြီး စာအုပ်ပါးလျှင်တော့ စာမျက်နှာ နည်းပေမပေါ့။ လူ့ဘဝ၏ တစ်နှစ်တာ ကာလကို ဘဝစာမျက်နှာဟု ဆိုပါစို့။ ဤသို့ဆိုလျှင် အသက် (၅၀) နှစ်ရှိသူ အဖို့ ဘဝစာမျက်နှာ (၅၀) ရှိမည်။ အသက် (၉၀) ရှိသူအတွက်တော့ ဘဝ စာမျက်နှာထူထူနှင့် စာမျက်နှာ(၉၀)ရှိ မှာတော့ အသေအချာပဲပေါ့။

ဒီနေရာမှာ စဉ်းစားစရာက စာအုပ်တစ်အုပ်တွင် မဖတ်ချင်သည့် စာမျက်နှာများဆို ကျော်သွားပြီး ဖတ် လိုသည့်နေရာကို ဖော်ထားလို့ ဖတ်ချင် ဖတ်နိုင်ပါသည်။ သို့သော် လူ့ဘဝ၏ စာမျက်နှာများကိုတော့ ကျော်ကျော် လွှားလွှားသွား၍မရနိုင်သလို မေ့ပျောက် ဖျောက်ဖျက်၍လည်း မရနိုင်ပါပေ။ အတိတ်ဘဝကို အခြေပြု ပစ္စုပ္ပန်ဘဝ တည့်တည့်ကို အကောင်းဆုံးဖြစ်အော



www.burmeseclassic.com

www.burmeseclassic.com

ဖန်တီးပြုပြင်ပြီး သွားရမည့် အနာဂတ်ကာလကို ရည်မျှော်ခြင်းမျိုးသာ ပြုလုပ်နိုင်ပါလိမ့်မည်။

❐

သည်နေ့ ဝါခေါင်လပြည့်နေ့ ဦးလေးရောင်နီ၏ ဘဝစာမျက်နှာ (၅၀) ပြည့်သည့်နေ့။ သူ့ဘဝစာမျက်နှာဖွေ့မှာ လွမ်းမောကြေကွဲစရာ၊ နာကြည်းဆွေးမြည့်စရာတွေနှင့် ပြည့်သိပ်ခဲ့ရဖူးပါသည်။

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် ဆိုသည့်အတိုင်း ဧရာဝတီ၏သားတစ်ယောက်ဖြစ်သည့် ငဝန်မြစ်ရေသည် ကမ်းကိုလွန်ကာ မြစ်ငဝန်ကမ်းဘေး မေးတင်နေသော သာယာကုန်းရွာလေးကိုပင် ညှာတာမှုကင်းမဲ့စွာဖြင့် ရေပတ်လည်ဝိုင်းရံလို့နေပေပြီ။

ဦးလေးရောင်နီ၏အိမ်အောက်နှင့် ကုန်းမြင့်မြင့်တွင် ဆောက်ထားသော နွားတင်းကုပ်အခြေသို့ပင် ရေများက ဝိုင်းပတ်လှုပ်ခတ်လို့ကျီစယ်လျက်။ သည်လို ရေပတ်လည်ဝိုင်းလို့နေပြီ ဆိုမှတော့ နွားများကိုလည်း လွှတ်ကျောင်း၍မဖြစ်နိုင်တော့။ ကိုင်းကွင်းများ ရေမြုပ်နေ၍ မြေနေတွင်းအောင်းသတ္တဝါများ ရေလွတ်ရာ ကုန်း၊ သစ်ပင်အမြင့်များသို့ တက်နေတတ်ကြသည်။ သည်လိုအချိန်မျိုးမှာ အဆိပ်ရှိမြွေဆိုးသတ္တဝါတို့၏ အန္တရာယ်ကို ကြောက်နေကြရပါသည်။

အမြင့်မှာရှိနေသော ဦးလေးရောင်နီ၏ နွားတင်းကုပ်မှာ ရေမမြုပ်သော်လည်း မြွေတက်ခိုမှာကိုတော့ ကြောက်နေရသည်။ ညညဆို မြွေတွန်သံကို နားစွင့်၍ မကြာခဏဆိုသလို အသံပေးခြောက်လှန့်နေရသည်။ ဦးလေးရောင်နီ၏ အသံပေးစနစ်က အိမ်ပေါ်မှ နွားတင်းကုပ်သို့ ကြိုးရှည်တစ်ချောင်း သွယ်တန်းထား၏။ နွားတင်းကုပ်အတွင်းတွင် သံပုံးတစ်လုံးကို တင်းကုပ်ထုပ်တန်းတွင် ချည်ဆွဲထားပြီး တုတ်တစ်ချောင်းကို ပုံးအတွင်း ခေါင်းလောင်းအဆန်အဖြစ်ထည့်သွင်းကာ အိမ်ပေါ်မှ ကြိုးဖြင့် ဆက်သွယ်ထား၏။ အိမ်ပေါ်မှ ကြိုးကို ဆွဲခါလှုပ်တိုင်း သံပုံးနှင့်တုတ်ရိုက်မိကာ 'ဒုန်း ဒုန်း ဝုန်း ဝုန်း' မြည်သံပေးလေသည်။ မြစ်ရေမကျမချင်း နွားများလွှတ်၍မဖြစ်နိုင်သည်မို့ နေ့စဉ်နွားစာမြက်ရိတ်ကျွေးနေရသည်မှာ အလုပ်တစ်ခုဖြစ်နေတော့သည်။

သည်နေ့အခါကြီးရက်ကြီး ဝါတွင်း ဥပုသ်နေ့လည်းဖြစ်သည့် ဝါခေါင်လပြည့်မေတ္တာအခါတော်နေ့မှာ ဥပုသ်သီလစောင့်မည်ဟု ကြံရွယ်ထားသော်ငြားလည်း၊ အိမ်မှ တူတော် မောင်ငစိုးနှင့် ငတိုးတို့က ဟသာ်တမြို့တက်သွားကြ၍သာ ဦးလေးရောင်နီကိုယ်တိုင် မြက်ရိတ်ထွက်ရတော့မည် ဖြစ်သည်။

စင်စစ် ဦးလေးရောင်နီသည် လူပျိုကြီး အထီးကျန်အဖြစ် ယနေ့တိုင် မိခင်အိုကြီးနှင့်နေလာခဲ့ပြီး ညီဖြစ်သူ ဦးလေးသိန်း၏သားသမီးများကို မွေးစားလို့နေလာခဲ့သူပင်။

ဦးလေးရောင်နီက တံစဉ်ကို ခါးတွင်ထိုးလိုက်သည်။ နီးခမောက်ကို ဆောင်းပြီး လှော်တက်ကိုယူကာ အိမ်တိုင်နှင့်ချည်ထားသော လှေပေါ် တက်လှော်ထွက်ခဲ့သည်။ လှေပေါ် တွင်ထိုးဝါး၊ မြက်ခြင်းတို့မှာ တင်ထားပြီးဖြစ်သည်မို့ စားကျက်ကုန်းရှိရာသို့ ဦးတည်လျက်။

အနီး သာယာကုန်းမည်သော ရွာကလေးသည် သူ့ကိုမွေးဖွားခဲ့သည့် ဇာတိချက်ကြွေရာဌာနီပါ။ သည်ရွာသည် သူ၏ ဘူမိနက်သန်အမှန်ဖြစ်ပြီး သည်မြေ၊ သည်ရေ၊ သည်ရွာ၏အထာကို ညက်ညက်ကြေသိထားသူဟုလည်း ဆိုနိုင်ပါသည်။ သည်ရွာ၏ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ဘုန်းကြီးကျောင်းသား၊ ကိုရင်သာမဏေအဖြစ်နှင့်ကြီးပြင်းခဲ့ရသူ။ ကိုရင်လူထွက်တော့ မိရိုးဖလာကိုင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ရသည်။ ရှင်လိင်ပြန်ကိုလူထွက်၏ ရင်ခုန်တတ်စမှာပင် တစ်ရွာတည်းသူ မိစန်းရင်နှင့် ချစ်ကျွမ်းဝင်ခဲ့သည်။

ရိုးသားခြင်း၊ ကြိုးစားခြင်းတို့၏ ဂုဏ်ကိုဆောင်သည့် မောင်ရောင်နီကို မိစန်းရင်၏ မိဘမောင်ဖွားဆွေမျိုးသားချင်းတို့ကလည်း သဘောတူကြည်ဖြူပြီး ဖြစ်သည်။ ကိုရောင်နီအသက်က (၂၅) နှစ်ပင် တင်းတင်းပြည့်ခဲ့ပြီမို့ သည်ဝါကျွတ်လျှင် မင်္ဂလာဆောင်ရတော့မည်။

ဦးလေးရောင်နီသည် လှေကို မှန်မှန်လေးလေး လှော်ခတ်ရင်း အတိတ်ဆီမှ မဆီမဆိုင်အတွေးတွေက မဖိတ်ခေါ်ပါဘဲနှင့် အလည်ဝင်ရောက်လို့လာနေပေပြီ။

လွန်ခဲ့သည့် (၂၅) နှစ်တာကာလဆီကအရိပ်၊ အတွေးရိပ်၊ အဆွေးရိပ်သည် သူ့နှလုံးသားအတွင်းသို့ လွမ်းလွမ်းမြွေမြွေ ထင်ဟပ်လာသည်။ သည်လို စားကျက်ကုန်းကို နွားစာရိတ်ထွက်ခဲ့လေတိုင်း ကြုံဆုံခဲ့ရဖူးသောအရိပ်ဆိုးကို ဦးလေးရောင်နီ ဘယ်တော့မှ မမေ့။ မတွေးဘဲ၊ မဆွေးဘဲလည်း မနေနိုင်။ တွေးမိလေတိုင်းလည်း ဝမ်းနည်းမျက်ရည်တို့ကဝေ့ဝဲတတ်သည်ပင် မဟုတ်ပါလား။

❐

ကောင်းကင်တစ်ခိုတွင် မိုးသားတိမ်ရိပ်တို့က ညို့မှိုင်းအုံ့ဆိုင်းလို့နေသည်။ ဝါတွင်းကာလပေမို့ ရွာဦးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်အတွင်းရှိ စေတီများဆီမှ ဘုရားဖူးများ၏ ခေါင်းလောင်းထိုးသံများ ကြားနေရသည်။ တင်ကျီးငှက်တစ်အုပ် ကောင်းကင်ယံတွင် ညီညာလှပစွာဖြင့် အစာရှာဖို့ရာ ပျံသန်းသွားကြပြီ။ သာယာကုန်းရွာနှင့် စားကျက်ကုန်းမြေသည် တစ်မိုင်သာသာ ခန့်သာဝေးသည်မို့ ရေစုန်ခရီးကို သိပ်ကြာကြာမလှော်လိုက်ရပါ။ လှေပေါ်မှာ သူ့အတွက် အမောပြေစရာ ချောမွေ့ကညာ မိစန်းရင်ပါ ပါလာခဲ့သည်မို့ မောရမှန်းပင် မသိတော့။

ကိုရောင်နီနှင့် မိစန်းရင်တို့မှာ နှစ်အိမ့်တစ်အိမ်လိုပင်ဖြစ်လို့။ ကိုရောင်နီမှာ ခိုင်းနွားကြီးလေးကောင်၊ မိစန်းရင်တို့မှာက ခိုင်းနွားလေးကောင်နှင့် နွားမတစ်ကောင်အတွက် မြက်ရိတ်အတူထွက်လာခဲ့ခြင်းပင် ဖြစ်သည်။ မိစန်းရင်ကလည်း တောသူပေမို့ မြက်ရိတ်ခြင်းအလုပ်ကိုပင် ယောက်ျားများနှင့် ဒိုးတူပေါင်ဖက်ရင်ပေါင်တန်းလုပ်ကိုင်နိုင်သူပင်။

နံနက်ခင်းအလှနှင့်အပြိုင် သနပ်ခါးပါးကွက်ကျားနှင့် လှချင်တိုင်းလှနေသော ချစ်သူ မိစန်းရင်နှင့်အတူ မြက်ရိတ်နေသော ကိုရောင်နီအဖို့ ပျော်စရာကမ္ဘာလေးကိုရောက်နေဘိသို့ရှိချေ၏။

"အစ်ကို၊ ဟိုအနောက်တောင်ဘက်က မိုးတွေမည်းပြီးတက်လာနေပြီ၊ မြန်မြန်ရိတ်ပြီး ပြန်ကြရအောင်။ တော်ကြာ မိုးသည်းတော့မှာ"

မိစန်းရင်က လောဆော်လိုက်သည်မို့။

"အေးပါကွာ၊ ဒီမြက်တစ်ထုံးလောက်ပြည့်ရင်တော့ တော်ပါပြီ"

နှစ်ယောက်သား အချိန်ကိုလု၍ သဲသဲမဲမဲ ဖွဲကြီးစွာဖြင့်ရိတ်နေကြသည်။ စားကျက်ကုန်းရှိ ကညင်ပင်ကြီးထက်မှ ချိုးကူသံက နံနက်ခင်းအလှနှင့် ချစ်သူစုံတွဲ၏ လုပ်အားအလှကို ဂုဏ်ပြုနေဘိ အလား နွဲ့နှောင်းသာယာချိုလွင်လို့နေပါ

www.burmeseclassic.com



ဒီစားကျက်ကုန်းမြေမှာ ကိုရောင် နှင့် မိစန်းရင်တို့ချစ်သူစုံတွဲမှလွဲ၍ ကျန် မြက်ရိတ်သူများ တစ်ဦးတစ်ယောက်မှ ရောက်မလာကြသေးပေ။ လူသံဆူသံ ကင်းမဲ့၍နေချေသည်။

မိစန်းရင် မြက်ရိတ်ရာအနီးမှ ငွေ ဖြူနှစ်ကောင် ဖြုန်းခနဲ လန့်ဖျပ် အော်မြည်သံပြုကာ အဝေးဆီသို့ ထပ်ပျံ သွားကြသည်။ မြက်ထုံးလည်းပြည့်တော့ မည်ဖြစ်သည်။ လေအေးတစ်ချက်အဝှေ့ တွင် မိုးစက်မိုးဖွဲလေးများပင် တဖွားဖွား ကျလာနေပြီ။ မိစန်းရင်သည် ကောင်း ကင်ကို မော့ကြည့်ရင်း မြက်ပင်တို့ကို ဘယ်လက်ဖြင့် စုကိုင်ဆုပ်၍ ရိတ်မည်ပြု ဆဲမှာပင် -

"ဒုတ်"

"အား. . . အမေ့"

စိတ်ထဲတွင် မီးစနှင့်ထိုးလိုက်သလို ကျင်ခနဲခံစားလိုက်ရသည်မို့ ငုံ့အကြည့် လက်မောင်းလုံးခန့် မြွေပွေးကြီး ကိုက်ခံလိုက်ရပြီ ဟူသောအသိနှင့် အကြောက်တရားတို့ ရောထွေးကာ အော်ရင်း နောက်ဘက်သို့ လန်ကျ သွားတော့သည်။ မနီးမဝေးပေမို့ လျှော သွားသော မြွေပွေးကွက်ဆက်ကြီး ကို ကိုရောင်နီ မြင်လိုက်မိသေးသည်။ ကို လိုက်သတ်ဖို့ စဉ်းစားမိသော်ငြား မိစန်းရင်မှာ လဲကျနေသည်မို့ ပွေ့ထူကာ စိုးရိမ်စိတ်လွန်ကဲမှု -

"ဟာ - လုပ်ကြပါဦးဗျာ၊ မိစန်းရင် မြွေကိုက်လိုက်ပြီဗျို့"

ကိုရောင်နီ ယောင်ယမ်းပြီး အော် လိုက်မိသည်။ တကယ်တော့ တော လေ့ထုံးစံအရ မြွေကိုက်ခံရသည်ကို မြွေကိုက်သည်ဟု မပြောဆိုရ။ မြွေ ပိုးထိသည်ဟူသောစကားကိုသာ ထိုး သုံးစွဲပြောဆိုလေ့ရှိကြပေ မြွေကိုက်သည်ဟူသောစကားကို ဆိုသုံးစွဲမိလျှင် အကိုက်ခံရသူမှာ တတ်ပြီး အသက်ရှင်ဖို့ရာ ခက်ခဲ

ကိုရောင်နီလည်း အတွေ့အကြုံ မှုမရှိ၍ ရှေးဦးပြုစုရမည်ကိုလည်း နားမလည်သည်မို့ ကြောက်အား အားဖြင့် ယောင်ယမ်းအော်လိုက်မိ နှင့်တစ်ပြိုင်နက် စားကျက်ကုန်းမြေ ပြန်အော်သံတွေ အဆက်မပြတ် နေရတော့သည်။

"မိစန်းရင်ကို မြွေကိုက်ပြီ၊ မိစန်းရင်ကို မြွေကိုက်ပြီ၊ မိစန်းရင်ကို မြွေကိုက်ပြီ လာကြဟေ့ သွားကြမယ်၊ လာကြဟေ့၊ လာကြ. . . လာကြ. . . လာကြ လာ. . . လာ. . . လာ"

ဟူသော ပဲ့တင်ထပ်အော်သံများ နှင့်အပြိုင် မိုးသည်းသည်းထန်ထန်ရွာချ လေတော့သည်။ ကိုရောင်နီလည်း မိစန်းရင်ကိုပွေ့ချီ၍ ဘာလုပ်လို့ဘာကိုင် ရမှန်းလဲ မသိတော့။ ပတ်ဝန်းကျင်ကို အကူအညီတောင်းရန်ကြည့်သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ မမြင်မိ။ အပမှီသော မကောင်းဆိုးဝါးအသံများ သာ သူ့နားထဲပဲ့တင်ထပ်ကြားယောင်နေ တော့သည်။

"မိစန်းရင်၊ မိစန်းရင် သတိထား စမ်းဟာ။ နင် ဘာ. . . ဘာမှမဖြစ်စေရ ဘူး။ ရွာပြန်မယ်၊ လာ - ငါထမ်းခေါ် မယ်"

တစ်ယောက်တည်း ပြောဆိုပြီး မိစန်းရင်ကို ပခုံးပေါ်ထမ်းကာ လှေရှိ ရာသို့ အပြေးတစ်ပိုင်းဆင်းလာခဲ့သည်။ လှေပေါ်မှာ အသာချပြီး ရွာသို့ မနား တမ်း တရစပ်လှော်ခတ်ပြန်လာခဲ့တော့ သည်။ ရွာရောက်တော့ မိစန်းရင်တစ် ယောက် လှေပေါ်မှာပင် အသက်ပျောက် ခဲ့ရပြီ။ ချစ်သူဆုံးရှုံး ယူကျုံးမရတော့ပြီ။ သည်စားကျက်ကုန်းမြေမှ မြွေဆိုးသည် သူတို့နှစ်ဦး၏ ချစ်ခြင်းကို ရက်စက်စွာ သေကွဲခွဲခဲ့လေပြီ။

❒

ဦးလေးရောင်နီရင်မှာ တစစ်စစ် နာကျင်လျက်ရှိနေသော အတွေးစများ ကို သတ်ပြင်းမောတစ်ချက်ဖြင့် ဖွဲခြေ လွှင့်လိုက်မိသည်။ သည်အချိန်လောက် ဆို စားကျက်ကုန်းပေါ်မှာ မြက်ရိတ်သူ တွေ သူ့ထင်ငါဦးရောက်လောက်နေပြီ ဟု ထင်လိုက်သည်။ လှေကို ကမ်းမှာ ကပ်ချည်ပြီး မြက်ရိတ်တစ်စဉ်ကောက်ကို မြဲမြံစွာ ဆုပ်ကိုင်လျက် မြက်ကောင်းရှိ နိုင်မည်ထင်သည့်နေရာကို ရပ်မျှော်ပြီး ရှာကြည့်လိုက်ပြန်သည်။

မြက်မြေစာတောနှင့် ပန်းတော် ဖြူမြက်တို့ ရောနှောပေါက်နေသည့် ကုန်းစောင်းကို ရွေးချယ်လိုက်သည်။ ယခု သူစိတ်ကြိုက်ရွေးချယ်လိုက်သော ကုန်းစောင်းသည် တစ်ချိန်ခါတုန်းဆီက သူချစ်သူ မိစန်းရင် ပိုးထိပြီး အသက်ဆုံး ရှုံးခဲ့ရသည့်ကုန်းစောင်း ဖြစ်နေသည်။ ဦးလေးရောင်နီ တောက်တစ်ချက်ခတ် ပြီး အံကိုတင်းတင်းကြိတ်လိုက်မိလျက် သား ဖြစ်သွားသည်။ စားကျက်ကုန်း မြေတစ်ခွင်တစ်ပြင်လုံးတွင် မြက်ရိတ် သမားဆိုလို့ သူတစ်ယောက်တည်းသာ ရှိနေပေသည်။ သူ့စိတ်ထဲ အားငယ်စိတ် ဖြစ်မိလို့ အတွေးပေါင်းစုံကလည်း တစ် မျိုးပြီးတစ်မျိုးဝင်လာနေပြန်သည်။

"တောက် - ဒီနေ့ကျမှ မြက်ရိတ် သမားတယ်ရှားနေပါပေါ့လား။ ငါတစ် ယောက်တည်း ခုနေများတစ်စုံတစ်ခုဖြစ် လိုက်ရင် ဟူး. . ."

ဦးလေးရောင်နီ သက်ပြင်းမော တစ်ရှိက် ခြွေချလိုက်မိပြန်ပါသည်။ ပျံ့လွင့်နေသောစိတ်ဖို့ကို ပြန်လည် စုစည်းလိုက်ပြီးမှ -

"အို - မတတ်နိုင်ပါဘူးလေ၊ သတ္တဝါတစ်ခုကံတစ်ခုပေပဲပေါ့"

ကိုယ့်ကိုယ်ကိုယ်ရဲဆေးတင်လိုက် ပြီး မြက်ထမ်းထိုးဝါးဖြင့် ဝန်းကျင်မြက် ခင်းပေါ် ခြောက်လှန့်သည့်သဘော တဖြန်းဖြန်းလိုက်ရိုက်၏။ စိတ်ချရတော့ မှ မြက်ရိတ်ခြင်းအမှုကိုပြုခြင်း ဖြစ်သည်။ စကားပြောဖော်မရှိတော့ တစ်ယောက် တည်း အတွေးတွေက ဝင်လိုက်၊ပျောက် လိုက်။

သည်နေ့လည်း ကောင်းကင်ယံ တွင် မည်းညိုအုံ့ဆိုင်းလို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်တစ်ခို ညှိရောင်ဆိုင်းလို့ မှိုင်းမှုန်ပျပျ။ အသိနှင့် သတိအာရုံကို စုစည်းပြီး မြက်ပင်ဆုပ်၍ ရိတ်ဖြတ်ပြီးတိုင်း အသေအချာကြည့်နေရသည်။ မြက်ထုံးများ တစ်ထုံးရိတ်ပြီးတစ်ထမ်းစာရတိုင်း လှေပေါ်ကို ပို့ထားလိုက်သည်။ လှေပေါ်မှာ မြက်ထုံးငါးထုံးရောက်လို့နေခဲ့ပြီ။

လှေပေါ်ကို မြက်ထုံးပို့ပြီး စားကျက်မြေပေါ် အပြန်တွင် ဘွင်ျခဲ့ငှက် နှစ်ကောင် အလန့်တကြား ထပျံသွားသည်။ ဦးလေးရောင်နီက မြက်ဆက်ရိတ်ဖို့ ထိုင်လိုက်သည်။ သူ့ရှေ့တည့်တည့် သုံးပေခန့်အကွာတွင် နွားချေးပုံကြီးအလား ဝိုင်းခွေ၍ ငြိမ်သက်နေသည့် လက်မောင်းနီးပါး မြွေပွေးကြီးကို ဖြုန်းခနဲ တွေ့လိုက်ရသည်။

"ဟာ - ဘုရားဘုရား၊ မြွေပွေးကြီးပါလား။ ကံသီပေလို့သာပဲ"

ဦးလေးရောင်နီ မြွေကိုမြင်ပြီး ခေါင်းကြီးလို့ ကြက်သီးထသွားမိသည်။ သတိလက်လွတ်ဖြစ်မသွားရန် မနည်းအာရုံကို စုစည်းထားရသည်။ ဘုရား,တရင်း နောက်သို့တစ်လှမ်းဆုတ်ကာ ခွေမနေသော မြွေပွေးကြီးကို သေချာစွာ ကြည့်နေမိပြန်သည်။ လွန်ခဲ့သည့် (၂၅) နှစ်က မိစန်းရင်ကို ကိုက်လိုက်တာ ဒီကောင်ကြီးလားမသိဘူး ဟူသော မဆီမဆိုင်အတွေးက ချက်ချင်းဝင်လာခဲ့သည်။

"ဟား - ဒီကောင်ကြီးကလည်း ကွင်းဆက်ကြီးပါလား"

(မြွေပွေးတွင် ကွက်ဆက်နှင့် ကွက်ပြတ် နှစ်မျိုးရှိသည်။ ကွက်ဆက်ကိုက်မိလျှင် အဆိပ်မှာ မနားတမ်းတောက်လျှောက် ဆက်တက်တတ်ပြီး ကွက်ပြတ်မှာ အတက်အကျဖြစ်သည်ဟု ဆိုကြသည်။)

မြွေပွေးဆိုသည့်အမျိုးက သူ့ကို မထိသမျှ ဘယ်တော့မှမကိုက်။ လူကိုလည်း ဘယ်တော့မှမခြောက်။ ကြောက်၍လည်းမပြေး။ အဲ - သူ့ကိုထိလိုက်လို့ကတော့ ယင်တောင် မလွတ်ဘူးဆိုဘဲ။ ကျန်တဲ့သတ္တဝါမှန်သမျှ ကိုက်မိလိုက်လို့ကတော့ မိုးကြိုးပစ်၊ ဓာတ်လိုက်တာထက် ပြင်းထန်သွားမယ်ထင်ရဲ့။ မြွေဟောက်လိုအကောင်ကတော့ ပါးပျဉ်းထောင်မာန်ဖီပြီး ခြောက်လှန့်အသံပေးတတ်သည်။ အချို့အဆိပ်မဲ့မြွေတွေကတော့ လွတ်အောင်ပြေးတတ်ပါသည်။

ဦးလေးရောင်နီ မြွေပွေးကြီးကို ကြည့်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ပါပြီ။

'မိစန်းရင်ကို ကိုက်သတ်ခဲ့တာ၊ ရွာက ညီဝမ်းကွဲ ဖိုးသံလုံးလည်း မြွေကိုက်လို့သေခဲ့တာ၊ ပြီးတော့ အလိမ္မာဆုံး ခိုင်းနွားကြီးရွှေဝါလည်း မြွေပေါက်လို့ ဆုံးရှုံးခဲ့ရတာ။ ဒါတွေအားလုံးဟာ ဒီမြွေတွေကြောင့်၊ ဒီမကောင်းဆိုးဝါး မြွေတွေကြောင့်. . .'

အသံကိတ်စကားများသည် သူ့ရင်ထဲမှာ နာကြည်းကျယ်လောင်ပဲ့တင်ရိုက်သွားသည်။

"ကဲ-အချစ်ရဲ့နှလုံးသားပဲ့ကြွေကျတဲ့ကြွေး၊ ညီဖိုးသံလုံးအတွက် နစ်နာကြေး၊ နွားကြီးရွှေဝါအတွက် အသက်လျော်ကြေးတွေပေးဆပ်ရတော့မှာပေါ့ကွာ။ ဟင်း. . . ဟင်း. . . ဟင်း"

အံကို တင်းတင်းကြိတ်၍ မြက်ထမ်းပိုးဝါးကို မြှောက်ရွယ်လိုက်စဉ်မှာပင် -

"နောင် ဒူဝေ ဝေ ဝေ၊ နောင် ဒူဝေ ဝေ ဝေ"

ကြေးစည်သံနှင့် ထိုးစည်သံများသည် ရွာဦးဘုန်းတော်ကြီးကျောင်းဆီမှ လေသင့်မှုကြောင့် အဆက်မပြတ် ပြက်ပြက်ထင်ထင်ကြားလိုက်ရတော့ မြှောက်ရွယ်ထားဆဲ ထမ်းပိုးဝါးကို အသာပြန်ချကာ -

"ဩော် - ဘုရား ဘုရား ဘုရား၊ ကံကောင်းလို့ပဲ။ ဒီနေ့လပြည့်ဥပုသ်နေ့ကြီးပါလား။ ပြီးတော့လည်း ဒီနေ့ဟာ ငါ့ရဲ့အသက် (၅၀) ပြည့်မွေးနေ့ ဖြစ်နေပြန်တယ်"

ဓမ္မကြေးစည်သံနှင့်ထပ်တူ ရွာဦးကျောင်းဆရာတော်ဘုရားဟောကြားခဲ့တဲ့တရားထဲက မှတ်သားစရာစကားတွေကိုပြန်ပြီးကြားယောင်လို့နေပြန်ပါတယ်။

"ရာဇဂုရု တဘိယ မောင်းထောင်ဆရာတော်ကြီးရဲ့ဆုံးမစကား (၆) မျိုးကို သိထားဖို့ရာ ဘုန်းကြီးပြောပြချင်တယ်။ အဲဒါတွေကတော့ (၁)အားသက်လုံပျက်တဲ့နွားကွယ်။ အားသက်လုံပျက်တဲ့နွားဟာ ပါးစပ်ကအမြှုပ်ထွက်လွယ်ပြီး လေးလံတဲ့ဝန်ကို မသယ်နိုင်လို့ ဒုက္ခရောက်တတ်တယ်။ (၂) မေတ္တာသက်လုံပျက်တဲ့လူ။ မေတ္တာသက်လုံပျက်တဲ့လူဟာလည်း ဒေါသအမြှုပ်ထွက်လွယ်ပြီး စိတ်ဆိုးတတ်လို့ ခန္တီဝန်ကိုမနိုင်ဖြစ်တတ်ပါတယ်။ (၃) အလောဘသက်လုံပျက်တဲ့လူ။ အလောဘသက်လုံပျက်တဲ့လူဟာလည်း ရာဂအမြှုပ်ထွက်လွယ်ပြီး သမာဓိမရှိလို့ ဘာမထဝန်ကို မနိုင်ဖြစ်တတ်ပါတယ်။ (၄) အမောဟသက်လုံပျက်တဲ့လူ။ အမောဟသက်လုံပျက်တဲ့လူဟာလည်း မောဟအမြှုပ်ထွက်လွယ်ပြီး ဉာဏ်ထိုင်းမှိုင်းလို့ ဝိပဿနာဝန်ကို မနိုင်ဖြစ်တတ်ပါတယ်။ (၅)ဟိရိဩတ္တပ္ပသက်လုံပျက်တဲ့လူ။ ဟိရိဩတ္တပ္ပသက်လုံပျက်တဲ့လူဟာလည်း ကိလေသာအမြှုပ်ထွက်လွယ်ပြီး အရှက်အကြောက်မရှိလို့ သီလဝန်ကို မနိုင်ဖြစ်တတ်ပါတယ်။ (၆) သဒ္ဓါတရားသက်လုံပျက်တဲ့လူ။ သဒ္ဓါတရားသက်လုံပျက်တဲ့လူဟာလည်း မစ္ဆေ[illegible] အမြှုပ်ထွက်လွယ်ပြီး နှမြောတွန့်တိုတတ်လို့ ဒါနဝန်ကို မနိုင်ဖြစ်တတ်ပါတယ်။ ဒါ့ကြောင့် ဒကာ၊ ဒကာမတွေ အနေနဲ့ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်အောင် ထိန်းသိမ်းကြ။ အရေးကြီးတဲ့ သက်လုံ (၆) မျိုးကို မပျက်စီးရအောင် ကြိုးစားပြီးနေထိုင်ကြဖို့ ဘုန်းကြီး ဆုံးမစကားနဲ့ တိုက်တွန်းပါတယ်"

ဆိုတဲ့ ဆရာတော့်စကားတွေဟာ ပဲ့တင်ပြန်ကြားယောင်လာခဲ့တယ်။

"ကဲ- မင်းလည်း သေကံမရောက်တော့ သက်မပျောက်ပေဘူးပေါ့။ သတ္တဝါတွေ ကျန်းမာချမ်းသာကြပါစေ။ ငါလည်း မင်းကို မသတ်ချင်တော့ပါဘူး။ မင်းကလည်း လူတွေ၊ အခြားသတ်[illegible] သတ္တဝါတွေနဲ့ လွတ်ကင်းတဲ့နေရာ[illegible] သွားပါ။ မင်းကိုယ်မင်း ချမ်းသာစွာ[illegible] သွားပေတော့။ ငါလည်း ငါ့ခန္ဓာကိုယ်[illegible] ကို (ရုပ်နဲ့နာမ်ကို) ချမ်းသာစွာ စောင့်[illegible] ရှောက်ရပါတော့မယ်။ မင်းတို့အမျိုး[illegible] အမျိုးတွေသတ်ခဲ့လို့ သေတဲ့လူတွေ[illegible] လည်း သေခဲ့ကြပြီ။ ဒါပေမယ့် မင်း[illegible] ငါမသတ်ရက်တော့ပါဘူး။ မင်းကို က[illegible] စားချေဖို့ရာနာကျင်ခံစားမှုနဲ့အတူ အ[illegible] အခါကြုံခဲ့ပေမယ့် ဒေါသအမျက်[illegible] မေတ္တာတရားနဲ့သာ နာကြည်းမှုကလဲ့[illegible] အဖြစ်နဲ့ သင်ပုန်းချေဖျက်ပေးလိုက်ပါပြီ[illegible] သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ"

ဦးလေးရောင်နီသည် မြက်ထမ်း[illegible] ဝါးကို မြွေကြီးအနားတွင် စိုက်ထောင်[illegible] လိုက်ရင်း ရွာဦးကျောင်းအသံချဲ့စက်[illegible] မေတ္တာပို့၊ အမျှဝေသံကို သာဓုသုံးကြိမ်[illegible] ခေါ်ဆိုပြီး မြစ်ကမ်းစပ်ရှိ မြက်ထုံးလှေ[illegible] ရာသို့ တစ်လှမ်းချင်း လျှောက်လှမ်းနေ[illegible] ပါတော့သည်။

သဗ္ဗေသတ္တာကမ္မသက[illegible]

ပန်းမြိုင်လယ်[illegible]

www.burmeseclassic.com

### ၂၀၁၄ ခုနှစ် မေလ

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းဇအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ်လက်ဖြတ်ကျော်ချိန်၊ မနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် ၎င်းသုံးပါးထပ်ချိန်တို့ဝယ် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အမိဋ္ဌာန်မန္တန်ရွတ်ဖတ်ပူဇော်ခြင်းတို့အား ပြုလုပ်ပူဇော်ပါလျှင်၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် မန်လာဘ်ဆိုင်ရာ ဂါထာ၊ မန္တန်၊ မန္တရားတို့အား ရွတ်ဖတ်ပူဇော်ပါလျှင် ထူးကဲသော အကျိုးကျေးဇူးကောင်းများကို ရရှိခံစားရမည်မှာ မလွဲမသွေ ဖြစ်ပါသည်။ ယခုကာလမှာ ၂၀-၅-၂၀၁၄ နေ့ နံနက် (၀း၂၂) နာရီမှ ၂၀-၅-၂၀၁၄ နေ့ ညဉ့် (၁၀း၅၂) နာရီအထိအတွင်းတွင် မနသိဒ္ဓိနက္ခတ်သည် စန်းယှဉ်နေမည် ဖြစ်ပါသည်။ ပြီး ၂၀-၅-၂၀၁၄ နေ့ သန်းခေါင်ကျော် (၀း၀၀း၁၇) နာရီမှ (၀း၃၆း၂၂) နာရီထိ အတွင်းဝယ် မနသိဒ္ဓိနက္ခတ်သည် လက်ဖြတ်ကျော်နေမည်ဖြစ်ပြီး ၎င်း ၂၀-၅-၂၀၁၄ နေ့ နံနက် (၅း၂၅း၄၃) နာရီမှ (၆း၃၃း၃၁) နာရီထိတွင် မနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

**လက်ဖြတ်ကျော်ချိန်ဇယား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁း ၁၅း ၀၁ | ၁း ၅၂း ၀၆ |
| ၂ | ၁း ၁၁း ၀၅ | ၁း ၄၈း ၁၀ |
| ၃ | ၁း ၀၇း ၀၉ | ၁း ၄၄း ၁၄ |
| ၄ | ၁း ၀၃း ၁၃ | ၁း ၄၀း ၁၈ |
| ၅ | ၀း ၅၉း ၁၇ | ၁း ၃၆း ၂၂ |
| ၆ | ၀း ၅၅း ၂၁ | ၁း ၃၂း ၂၆ |
| ၇ | ၀း ၅၁း ၂၅ | ၁း ၂၈း ၃၀ |
| ၈ | ၀း ၄၇း ၂၉ | ၁း ၂၄း ၃၄ |
| ၉ | ၀း ၄၃း ၃၃ | ၁း ၂၀း ၃၈ |
| ၁၀ | ၀း ၃၉း ၃၇ | ၁း ၁၆း ၄၂ |
| ၁၁ | ၀း ၃၅း ၄၁ | ၁း ၁၂း ၄၆ |
| ၁၂ | ၀း ၃၁း ၄၅ | ၁း ၀၈း ၅၀ |
| ၁၃ | ၀း ၂၇း ၄၉ | ၁း ၀၄း ၅၄ |
| ၁၄ | ၀း ၂၃း ၅၃ | ၁း ၀၀း ၅၈ |
| ၁၅ | ၀း ၁၉း ၅၇ | ၀း ၅၆း ၀၂ |
| ၁၆ | ၀း ၁၆း ၀၁ | ၀း ၅၂း ၀၆ |
| ၁၇ | ၀း ၁၂း ၀၅ | ၀း ၄၈း ၁၀ |
| ၁၈ | ၀း ၀၈း ၀၉ | ၀း ၄၄း ၁၄ |
| ၁၉ | ၀း ၀၄း ၁၃ | ၀း ၄၀း ၁၈ |
| ၂၀ | ၀း ၀၀း ၁၇ | ၀း ၃၆း ၂၂ |
| ၂၁ | ၂၃း ၅၆း၂၁ | ၀း ၃၂း ၂၆ |
| ၂၂ | ၂၃း ၅၂း ၂၅ | ၀း ၂၈း ၃၀ |
| ၂၃ | ၂၃း ၄၈း ၂၉ | ၀း ၂၄း ၃၄ |
| ၂၄ | ၂၃း ၄၄း ၃၃ | ၀း ၂၀း ၃၈ |
| ၂၅ | ၂၃း ၄၀း ၃၇ | ၀း ၁၆း ၄၂ |
| ၂၆ | ၂၃း ၃၆း ၄၁ | ၀း ၁၂း ၄၆ |
| ၂၇ | ၂၃း ၃၂း ၄၅ | ၀း ၀၈း ၅၀ |
| ၂၈ | ၂၃း ၂၈း ၄၉ | ၀း ၀၄း ၅၄ |
| ၂၉ | ၂၃း ၂၄း ၅၃ | ၀း ၀၀း ၅၈ |
| ၃၀ | ၂၃း ၂၀း ၅၇ | ၂၃း ၅၆း ၀၂ |
| ၃၁ | ၂၃း ၁၆း ၀၁ | ၂၃း ၅၂း ၀၆ |

**မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား**

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၆း ၄၁း ၂၇ | ၇း ၄၆း ၁၅ |
| ၂ | ၆း ၃၇း ၃၁ | ၇း ၄၂း ၁၉ |
| ၃ | ၆း ၃၃း ၃၅ | ၇း ၃၈း ၂၃ |
| ၄ | ၆း ၂၉း ၃၉ | ၇း ၃၄း ၂၇ |
| ၅ | ၆း ၂၅း ၄၃ | ၇း ၃၀း ၃၁ |
| ၆ | ၆း ၂၁း ၄၇ | ၇း ၂၆း ၃၅ |
| ၇ | ၆း ၁၇း ၅၁ | ၇း ၂၂း ၃၉ |
| ၈ | ၆း ၁၃း ၅၅ | ၇း ၁၈း ၄၃ |
| ၉ | ၆း ၀၉း ၅၉ | ၇း ၁၄း ၄၇ |
| ၁၀ | ၆း ၀၅း ၀၃ | ၇း ၁၀း ၅၁ |
| ၁၁ | ၆း ၀၁း ၀၇ | ၇း ၀၈း ၅၅ |
| ၁၂ | ၅း ၅၇း ၁၁ | ၇း ၀၄း ၅၉ |
| ၁၃ | ၅း ၅၃း ၁၅ | ၇း ၀၁း ၀၃ |
| ၁၄ | ၅း ၄၉း ၁၉ | ၆း ၅၇း ၀၇ |
| ၁၅ | ၅း ၄၅း ၂၃ | ၆း ၅၃း ၁၁ |
| ၁၆ | ၅း ၄၁း ၂၇ | ၆း ၄၉း ၁၅ |
| ၁၇ | ၅း ၃၇း ၃၁ | ၆း ၄၅း ၁၉ |
| ၁၈ | ၅း ၃၃း ၃၅ | ၆း ၄၁း ၂၃ |
| ၁၉ | ၅း ၂၉း ၃၉ | ၆း ၃၇း ၂၇ |
| ၂၀ | ၅း ၂၅း ၄၃ | ၆း ၃၃း ၃၁ |
| ၂၁ | ၅း ၂၁း ၄၇ | ၆း ၂၉း ၃၅ |
| ၂၂ | ၅း ၁၇း ၅၁ | ၆း ၂၅း ၃၉ |
| ၂၃ | ၅း ၁၃း ၅၅ | ၆း ၂၁း ၄၃ |
| ၂၄ | ၅း ၀၉း ၅၉ | ၆း ၁၇း ၄၇ |
| ၂၅ | ၅း ၀၅း ၀၃ | ၆း ၁၃း ၅၁ |
| ၂၆ | ၅း ၀၁း ၀၇ | ၆း ၀၉း ၅၅ |
| ၂၇ | ၄း ၅၇း ၁၁ | ၆း ၀၅း ၅၉ |
| ၂၈ | ၄း ၅၃း ၁၅ | ၆း ၀၂း ၀၃ |
| ၂၉ | ၄း ၄၉း ၁၉ | ၅း ၅၈း ၀၇ |
| ၃၀ | ၄း ၄၅း ၁၃ | ၅း ၅၄း ၁၁ |
| ၃၁ | ၄း ၄၁း ၁၇ | ၅း ၅၀း ၁၅ |



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာတွင်ကား တောင်မှ မြောက်သို့ ဆန့်ကျင်ဘက်စီးဆင်းနေသော စမုံမြစ်တစ်စင်းရှိသည်။ ရမည်းသင်းမြို့အနောက်ဘက် မြို့လှအနီးမှ စတင် မြစ်ဖျားခံ၍ သာစည်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့ကို ကျော်လွန်ကာ ကျောက်ဆည်အရောက်၌ ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်တို့နှင့်ဆုံစည်းခဲ့ကြသည်။ ညီနောင်ဆွေရင်းဖက်လဲတကင်းပြုလျက် အမိရင်ခွင် ဧရာဝတီမြစ်ပြင်အတွင်းသို့ မြစ်ငယ်မြစ်နှင့် ပေါင်းစည်းကာ စီးဝင်ခဲ့ကြသည်။

ပုဂံပြည့်ရှင် အနော်ရထာဘုရင် လက်ထက်တော်၌ လယ်ယာမြေများ ဖွံ့ဖြိုးတိုးတက် တိုင်းပြည်သာယာဝပြောရေးအတွက် ဆည်မြောင်းတာတမံများအား တည်ဆောက်ပေးခဲ့သည်။ ထိုသို့ နိုင်ငံနှင့်အဝန်း တည်ဆောက်ပေးခဲ့ရာတွင် ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ်တို့လည်း အပါအဝင်ဖြစ်သည်။

ဇော်ဂျီမြစ်နှင့် ပန်းလောင်မြစ်တို့မှာ ဆည်တာတမံ တည်ဆောက်၍ အောင်မြင်ခဲ့သော်လည်း စမုံမြစ်ကိုက အကြောင်းအမျိုးမျိုးနှင့် မအောင်မြင်ဘဲ ရှိနေခဲ့၏။ ညတစ်ည၌ အနော်ရထာမင်းကြီး ကျိန်းစက်တော်မူရာတွင် ထူးဆန်းပြားသောအိပ်မက် မြင်မက်တော်မူသဖြင့် မနက်မိုးသောက် အလင်းရောက်သောအခါ ပညာရှိအမတ်များအား ဆင့်ခေါ်ပြီးမေးမြန်းခဲ့ရသည်။

"ငါ၏အပါး ခစားလိမ္မာ ပညာရှိ အမတ်တို့ဗျား။ မနက်မိုးသောက်အလင်းရောက်ခါနီးအချိန်မှာ ငါကိုယ်တော်မြင် အိပ်မက်မြင်မက်တော်မူတာ ထူးဆန်းတယ် အမတ်ကြီးများ"

(သာစည်)

# အာကာသ

## စမုံမြစ်ကမ်းနှုးပေါ်ရှိ လက်ပံပင်ကြီးအောက်က တဲကလေး





www.burmeseclassic.com

www.burmeseclassic.com

ရေမြွေသခင် အနော်ရထာဘုရင် ... ညီလာခံတက်ရောက်လာကြသော ... ပညာရှိများအား ပလ္လင်ထက်မှ ... ရွှေလျှားရှုစားရင်း အမေးရှိတော် ... ည်။

"ဘုန်းတော်ကြောင့်အမိန့်ရှိတော် ... ဘုရား"

အမတ်ကြီးတစ်ဦးမှ ဦးခေါင်းငုံ့ ... က လက်နှစ်ဖက်အား မြှောက်ချီ ... အမိန့်တော်နာခံရန်အသင့်ရှိကြောင်း ... တ်ထားသည်။

"ငါကိုယ်တော့်အိပ်မက်က ကိုယ်





www.burmeseclassic.com

www.burmeseclassic.com

တော်တစ်ပါးတည်းထိုင်နေစဉ်မှာ မထင်မှတ်ဘဲ ကိုယ်တော်ရှေ့က မြွေကြီးသုံးကောင် ဖြတ်ပြေးသွားတယ်။ ဒီအချိန်မှာ လက်တော်ထဲရှိတဲ့ သန်လျက်နဲ့ခုတ်ပိုင်းဖြတ်လိုက်တာ မြွေကြီးနှစ်ကောင်ကတော့ သန်လျက်အောက်ကပြေးမလွတ်လို့ အတုံးအရုံးဖြစ်ကုန်ကြပြီး ကျန်တစ်ကောင်ကတော့ သီသီလေးလွတ်သွားခဲ့ရတယ်။ အဲဒါ ကိုယ်တော့်အိပ်မက်ကောင်း၊ဆိုးနှစ်တန်ကို စဉ်းစားဝေဖန်ကြပြီး အမြန်လျှောက်တင်ကြစေဗျ ပညာရှိအမတ်များ"

ပညာရှိအမတ်များ တစ်ယောက်မျက်နှာတစ်ယောက် မဝံ့မရဲကြည့်ကာ သူလျှောက်နိုးနိုး၊ ကိုယ်လျှောက်နိုးနိုး ခပ်မဆိတ်ရှိနေကြ၏။ ညီလာခံကျင်းပနေသော နန်းရင်ပြင်တစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

"မှန်လှပါ၊ ဘုန်းတော်ကြောင့်ပါဘုရား။ အရှင်မင်းကြီးရဲ့ ဘုန်းတော်နဲ့ တည်ဆောက်နေတဲ့ ဆည်မြောင်းတာတမံများအနက်က ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်၊ စမုံမြစ် ဆိုတာ ရှိပါတယ်ဘုရား။ အဲဒီမြစ်သုံးစင်းထဲက ဇော်ဂျီမြစ်၊ ပန်းလောင်မြစ်တို့က ဆည်တာတမံများအောင်မြင်ခဲ့သော်လည်း စမုံမြစ်တစ်စင်းကတော့ မအောင်မမြင်ရှိခဲ့ရပါတယ်ဘုရား။ ထိုးဘုရားဘုန်းတော်ကြောင့် အိပ်မက်မြင်မက်တော်မူခြင်း ဖြစ်ပါတယ်ဘုရား"

ခဏအကြာ၌ အသက်အကြီးဆုံးဖြစ်သော ပညာရှိအမတ်တစ်ဦးမှ စိုးရွံ့သောအမူအရာနှင့် မဝံ့မရဲလျှောက်ထားလိုက်၏။ ညီလာခံတစ်ခုလုံး စိုစိုပြည်ပြည်ဖြစ်သွားကာ အနော်ရထာမင်းကြီးလည်း ခေါင်းတညိတ်ညိတ်လုပ်လျက်ရှိနေတော့သည်။

စင်စစ် စမုံမြစ်သည် ပုဂံခေတ်အနော်ရထာဘုရင် လက်ထက်ကပင် ဆည်တာတမံတည်ဆောက်၍မအောင်မြင်ခဲ့သော သမိုင်းဝင်မြစ်တစ်စင်းဖြစ်ခဲ့၏။ မိုးကာလအခါများတွင် အရှေ့ဘက်ရှိ တောင်စဉ်တောင်တန်းများမှ တောင်ကျရေစီးချောင်းများဖြစ်သော ခွေးသေချောင်း၊ ဇဝင်းချောင်း၊ ကျောက်ဖျာချောင်း အစရှိသောချောင်းတို့မှ စမုံမြစ်အတွင်းသို့ ရေများစီးဝင်ကြ၏။ သာစည်မင်းလှကန်၊ ညောင်ရမ်းကန်တို့မှ ပိုလျှံရေများလည်း ဒလဟောစီးဝင်သဖြင့် နှစ်စဉ်လို ရေကြီးရေလျှံဖြစ်လေ့ရှိသည်။

သို့သော်လည်း မိုးမရှိသော ကာလများတွင် မြစ်ရိုးတစ်လျှောက်လုံး၌ ကျောက်စရစ်သဲသောင်ခုံများ ဖြစ်ပေါ်လျက်ရှိပြီး ရေးကြောင်းခပ်ကျဉ်းကျဉ်းက လူ၏ ခြေသလုံးမြုပ်ရုံလောက်သာရှိသည်။ မိုးနှောင်းသီးနှံလုပ်ကိုင်ကြသော စမုံကမ်းပါးယံအနီးဝန်းကျင်ရှိ တောင်သူများက ရေတင်စက်အမျိုးမျိုးနှင့် မြစ်အတွင်းမှ ရေများအား စုပ်ယူလျက် သီးနှံများစိုက်ပျိုးကြသည်။ ရွာနှင့်အလှမ်းကွာဝေးကြသောတောင်သူအချို့က အမြဲနေလယ်လုပ်တဲကလေးများ ဆောက်လုပ်နေထိုင်ကြပြီး အကြောင်းကိစ္စရှိမှသာ ရွာသို့ခဏတစ်ဖြုတ်ပြန်ကြသည်။

သာစည်မြို့မှ တောင်ကြီးသို့သွားသော ရထားလမ်းနှင့် မော်တော်ကားလမ်းတို့က သာစည်မြို့၏ အရှေ့ဘက်(၈)မိုင်ခန့်အကွာတွင် တောင်မှမြောက်ဘက်သို့ စီးဆင်းနေသော စမုံမြစ်ပေါ်သို့ ဖြတ်သန်းသွားရ၏။ ထိုနေရာတွင် စမုံမြစ်မှာ ချောင်းသာသာခန့်သာ ရှိ၏။ မြောက်ဘက်သို့ မလှမ်းမကမ်းအရောက်တွင် ခွေးသေချောင်းနှင့် ပေါင်းဆုံရာမှ အစပြုပြီး ကျယ်ပြန့်နက်ရှိုင်းသွားခဲ့သည်။

စမုံမြစ်ရေ စီးဆင်းရာအတိုင်း အောက်ဘက် လေး၊ငါးမိုင်ခန့်အရောက်တွင် ယာဘက်ကမ်းပါးယံ၌ ဇဝင်းရွာ၊ မြောင်းဦးရွာနှင့် ဝဲဘက်ကမ်းပါးယံတွင် ထနောင်းကန်ရွာတို့ရှိကြ၏။ ထိုနေရာတွင် စမုံမြစ်အား ကန့်လန့်ကာဆီးပြီး မြေသားရေထိန်းတမံအား နိုင်ငံတော်အစိုးရမှ တည်ဆောက်ပေးခဲ့သည်။

စမုံရေထိန်းတမံ၏အောက်တွင် ကျားပစ်ကန်၊ မြောင်းဦး၊ အလယ်ကန်၊ သာဂရ၊ သုံးပတ်လည်၊ အုန္ဒဲ၊ ကျောက်အိုး၊ တမာကန် အစရှိသော ရွာများရှိကြ၏။ ထိုရွာများရှိ တောင်သူအချို့ပိုင်ဆိုင်ကြသော လယ်ယာမြေများက စမုံမြစ်ကမ်းပါးယံတွင်ရှိကြသဖြင့် ဆည်ရေသောက်များ ဖြစ်ကြ၏။ သို့သော်လည်း အချို့သောမြေများကား နုန်းတင်မြေ၊ လယ်စိုက်မရသောယာမြေများဖြစ်သဖြင့် ဆည်ရေသောက်၍ မရဘဲရှိနေသည်။ ထိုမြေများပေါ်တွင် အချို့က ဥယျာဉ်စိုက်၍ လည်းကောင်း၊ ငရုတ်, ခရမ်းချဉ် အစရှိသော မီးဖိုချောင်သုံးသီးနှံများ စိုက်၍ လည်းကောင်း တဲများအခိုင်အမာဆောက်လျက် မိသားစုများပါ အမြဲနေထိုင်ကြသည်။

မည်းမည်းမှောင်နေသောမိုးကား တခြိမ့်ခြိမ့်နှင့် သဲကြီးမဲကြီးရွာချနေ... တစ်သက်နှင့်တစ်ကိုယ် တစ်ခါတလေ... မကြုံဘူးသော အညာမိုးက နေ့စဉ်ရ... ဆက်ကြီး တဝေါဝေါတပြောပြော... လျက်ရွာနေ၏။နေ့ရောညပါ မနား... ရွာနေသောမိုးက သုံးရက်ပင်တိုင်ခဲ့... ဖြစ်၏။ မိုးကြောက်သော အညာ... အညာသားများက အိမ်ပြင်မထွက်... အိမ်ထဲတွင်သာ ကုပ်ပြီးငြိမ်ချက်သာ... ကောင်းနေကြသည်။

အငြိုးအတေးကြီးစွာဖြင့် မနား... တမ်း တရစပ်ရွာချနေသောမိုးက မနေ... အရုဏ်တက်အချိန်ခန့်တွင် တစ်မုဟုတ်... ချင်း ရပ်စဲသွားပါ၏။ ရွာနေသောမိုး... ချက်ချင်းကြီးတိတ်ဆိတ်သွားသော်လည်း... ကောင်းကင်ယံတွင် မိုးသားတိမ်လိပ်များ... အလုအယက် ပြေးလွှားနေကြသည်... ကျွန်တော်တို့ရွာ၏တောင်ဘက်ရှိ လ... ကွင်းပြင်တစ်ခုလုံးလည်း ရေများတ... တည်းရှိနေပြီး ရွာအတွင်း မြေအနိမ့်ပိုင်း... များသို့ပင် ရေများအလိုမှဲ့လိုက်စီး... နေလျက်ရှိသည်။

မိုးတိတ်သွားပြီဖြစ်သဖြင့် ရွာ... အရှေ့ဘက်အနီးမှ ကပ်လျက်ရှိသော... စမုံလက်ဝဲမြောင်းပေါင်အတိုင်း တစ်မိုင်... ခန့်ဝေးသော တာတမံရှိရာသို့ အချို့... ရေသွားကြည့်ကြသည်။ မြောင်းပေါင်... ဝဲ၊ယာတွင်ရှိသောလယ်ကွက်များလည်း... ကန်သင်းရိုးများမမြင်ရဘဲ ရေပြင်ကျယ်... ကြီးသာ တစ်မျှော်တစ်ခေါ် မြင်နေ... သည်။

"စမုံဆည်ကြီးကတော့ ရေ... ပြည့်လျှံနေတာ တစ်ပြင်တည်းပဲ။ ... ပေါင်နားအထိ ဘယ်သူမှမသွားရဲ... တော့ဘူး။ ကျုပ်တို့တောင် အဝေး... လှမ်းကြည့်ခဲ့ရတာဗျ"

မနက်စောစော ကန်ပေါင်အ... ရေသွားကြည့်ပြီး ပြန်လာသူများအ... ကိုကျော်အောင်က ကွမ်းတံတွေး... ရင်းပြောသည်။

"ဟုတ်တယ်ဗျ။ ရေထုတ်ပေါ... တံခါးတွေလည်း သဲကျပ်ပြီးဖွင့်မရဘူး... ပြောသံကြားတယ်။ ဆည်ပေါင်... တောင် ရေတွေကျော်တော့မလိုဖြစ်... ပြီဗျ။ ကန်တွင်းက ထနောင်းကန်ရွာ... ရင် ရွာတစ်ခြမ်းလောက်ရေမြုပ်နေ... တချို့ဆို ရေလွတ်ရာ ဘုန်းကြီးကျောင်း... ဘက် ရွှေ့နေကြရတယ်ဗျ"

ကျော်အောင်နှင့်အတူတူပါ... သော ဖိုးထောင်ကလည်း ... ဆေးလိပ်တိုအား မီးခိုးထွေးထွေး...



www.burmeseclassic.com

www.burmeseclassic.com

အောင်ဖွာရှိုက်ရင်း ပြောသည်။

အလိပ်လိုက်တက်နေသော တိမ်တည်းကြီးများက ရွေလျားပြေးသွား မိုးရွာချခြင်းမရှိတော့သော်လည်း သီးလက်မောင်းတန်း၍ အင်အားကြဆဲ ရှိ၏။ ကန်ပေါင်ပေါ်သို့ ရေတက်စရှိနေသဖြင့် ရေထိန်းတံခါးရာသို့ပင် မည်သူမျှမသွားရဲကြသေးဘဲရှိနေသည်။

နေဝင်ရီတရော ညနေခင်းအချိန် စမုံရေထိန်းတာမံတည်ရှိရာဘက် တဝုန်းဝုန်းတဝေါဝေါရေသံများ ကျက်ခမန်းလိ ကြားနေရကာ စမုံမြောင်းပေါင်ကြီး ကျိုးပေါက်သွားသည်။ အချို့သတ္တိကောင်းသူများက ၏အရှေ့ဘက်ရှိ မြောင်းပေါင်ပေါ်သို့ အလွှားသွားကာ ကြည့်ဖြစ်အောင် ကြည့်ကြသေးသည်။အလိပ်လိုက်အလိပ် ရေလုံးကြီးများနှင့်အတူ သစ်ပင်ချို ပိတ်ပေါင်းဒိုက်သံရောများ တရိပ်ရိပ် ပါနေရာအား နေဝင်မိုးချုပ်ချိန်ဖြစ် ရီဝိုးတဝါးမြင်နေကြရသည်။

ဆည်ပေါင်မကျိုးမီ နေ့ခင်းပိုင်းမိုး ချိန်၌ အချို့ အကင်းပါးကြသော ကမ်းခြေနေသူများက ပစ္စည်းပစ္စယ ထုပ်အပိုးများကို လှည်းနွားများဖြင့် ဆောင်ကာ ရွာသို့ပြန်လာခဲ့ကြ၏။ တတော့ ဒီလောက် ထုထည်ကြီး ဘဲဆည်ပေါင်ကြီး မကျိုးနိုင်ပါဘူး။ တော်လို့ ဆည်ပေါင်ကျိုးတောင် ရေတွေက စမုံမြစ်ထဲပဲ စီးသွားကြမှာပါ ဖြင့် ပေ့ါပေ့ါတန်တန်တွေးတောနေ ကြ၏။ ထို့ကြောင့် မရွှေ့မပြောင်းနိုင် သော ပစ္စည်းသံယောဇဉ်၊ စိုက်ခင်းသီးနှံများ၏ သံယောဇဉ်နှင့် တဲ၌ပင် ကုတ်ကတ်ပေတော့ပြီး ‘မဖြစ်တန်ပါရဲ့’ဟု ဇွတ်တွေးပြီးနေခဲ့ကြသည်။

နောက်တစ်နေ့ မိုးလင်းချိန်တွင် ဆိုင်သူမိသားစုများက စမုံကမ်းပါး များရှိရာသို့ အပူတပြင်း ရေးကြီး ပျာသွားကြသည်။ တစ်ညလုံး စီး နေသောရေလည်း စမုံကမ်းတွင်း အထိ ကျသွားပြီ ဖြစ်၏။ သို့သော်လည်း ကမ်းပါးအထိရောက်အောင် သွားဖို့ ရေပြည့်နေသော ချောက်များ၊ ရေ စားသွားသဖြင့် ကန်သင်းရိုးပြတ် ပိတ်ဆို့နေသော ကန္တာရဆူးပင်များ အလွယ်တကူသွားမရသေးဘဲရှိနေ သည်။

ဒရောသောပါးနှင့် လိုက်သွားကြ သော မိသားစုများအနက်မှ ဦးထွန်းလှ နှင့်ဇနီးဒေါ်ရွှေခတို့မှာ အဝတ်အစားများ ဖိုသီဖတ်သီရှိပြီး ရေနံ့အိုးဖင်တည်မရ သလို ပျာယီးပျာယာဖြစ်နေကြသည်။ ယခင်က အဝေးမှ လှမ်းမြင်နေရသော စမုံမြစ်အရှေ့ဘက် ကမ်းနဖူးပေါ်ရှိ လက်ပံပင်ကြီးနှင့် သရက်ပင်ပျိုများအား မနက်နေထွက်တစ်ပြုံ၌ လှမ်းမျှော်ကြည့် ကြ၏။ ဦးထွန်းလှက ထွက်ပြူစနေရောင် အား မျက်နှာပေါ် လက်ဖဝါးကာ၍ နေ ရာရွှေ့ကာရွှေကာကြည့်၏။ ဒေါ်ရွှေခ လည်း ကုန်းမြင့်တစ်နေရာထက် တက် ကာ ခြေဖျားထောက်ပြီးကြည့်၏။ သို့ သော်လည်း သူတို့၏ သားလေး တင် မောင်နေသော လက်ပံပင်ကြီးနှင့်သရက် ပင်များက စိုးစဉ်းမျှမမြင်ရပေ။

သာစည်မြို့နယ် သာဂရရွာ၌ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးနေ ထိုင်ကြသော ဦးထွန်းလှနှင့်ဇနီးဒေါ်ရွှေခ တို့တွင် တင်မောင် ဟူသော သားတစ် ယောက်ရှိ၏။ ရွာ၏အရှေ့ဘက်တစ်မိုင် ခန့်ဝေးသော စမုံမြစ်အရှေ့ဘက် ကမ်း နဖူးပေါ်ရှိ လက်ပံပင်ကြီး၏အောက်တွင် အမြဲနေ လယ်လုပ်တဲကလေးဆောက် လုပ်နေထိုင်သည်။ တစ်ပင်တည်း ထီးထီး ကြီးရှိနေသော လက်ပံပင်၏အောက် တွင် ခွန်ရိုက်တိုင်သေးသေးနှင့် လူနေ ဖြစ်ရုံ မိုးကာလေကာတဲဆောက်လုပ်ပြီး



တဲ၏ဝန်းကျင်တွင်လည်း သရက်ပင်များ စိုက်ပျိုးထားသည်။

တင်မောင်နေသော လက်ပံပင် တဲကုန်းကား အဝေးမှမြင်ရလျှင် သရက် ပင်များနှင့် အုပ်မိုင်းစိုပြည်လျက်ရှိသည်။ အလယ်ကန်ကွင်းအတွင်းမှ လယ်မြေ ငါးဧကခန့်အား နွားတစ်ရှဉ်းနှင့် ကိုယ်ဖိ ရင်ဖိ ထွန်ယက်လုပ်ကိုင်ပြီး မိဘနှစ်ပါး အား ကြိုးကြိုးကုတ်ကုတ် လုပ်ကိုင်ကျွေး လျက်ရှိသည်။ ရွာနှင့် အတန်ငယ်ဝေး သော လက်ပံပင်တဲတွင် တင်မောင်က အမြဲလိုနေ၏။ အသက်အရွယ်ကြီးပြီဖြစ် သော ဦးထွန်းလှနှင့် ဒေါ်ရွှေခတို့က ရံဖန်ရံခါမှသာ တဲရှိရာသို့ရောက်ဖြစ်ကြ သည်။

ဦးထွန်းလှနှင့် ဒေါ်ရွှေခတို့က တင်မောင်တစ်ယောက်တည်းနေသော တဲရှိရာအား မြင်ရနိုးနိုးနှင့် ကုန်းမို့မို့ပေါ် တက်၍ လည်းကောင်း၊ နေရာရွှေ့၍ လည်းကောင်းကြည့်လျက်ရှိရာ မပြီးနိုင် အောင်ရှိနေ၏။ ဒေါ်ရွှေခက ခေါင်းပေါ် မှ ပုဆိုးစနှင့် တားမနိုင်ဆီးမရ စီးကျလာ သော မျက်ရည်များအား ဦးထွန်းလှ မမြင်အောင် ကျိတ်ပြီးသုတ်နေရ၏။ လင်မယားနှစ်ယောက်သား ထိုင်မရထ မရဆောက်တည်ရာမရဖြစ်ပြီး ဒေါင်း တောက်လျက်ရှိနေတော့သည်။

“ငါ့သားတစ်ယောက်တည်း လက် ပံပင်ကြီးအောက် နေ့ရောညပါနေနေရ တာ အမေစိတ်မချဘူး။ မင်းအဖော် လည်းရအောင် အသက်ကလည်း ငယ် တော့တာ မဟုတ်ဘူး။ (၃၀) တောင် ကျော်နေပြီ။ ငါ့သား မိန်းမယူတော့။ အမေ တောင်ပိုင်းက ကိုရဲအောင့်သမီး ဖြူမလေးနဲ့ စပ်ထားတယ်။ ဖြူမလေးက လှလည်းလှ၊ လိမ္မာရေးချားလည်း ရှိ တယ်။ အနွံ့အတာခံမယ့် ကလေးမလေး လည်းဖြစ်တယ် သားရဲ့”

“အိုဗျာ - အမေကလည်း၊ မိန်းမ ယူတယ်ဆိုတာ လွယ်တာမဟုတ်ဘူးဗျ။ တော်ကြာ အမေတို့နဲ့ အဆင်မပြေရင် စိတ်ဆင်းရဲနေရပါဦးမယ်။ စုမိဆောင်းမိ အောင် ကြိုးစားလုပ်လိုက်ပါဦးမယ်ဗျာ”

ဒေါ်ရွှေခမှ တစ်ယောက်တည်း စိတ်မချသဖြင့် သားဖြစ်သူ တင်မောင် အား မိန်းမယူဖို့ပြောတိုင်း မိဘများကို ငဲ့ညှာပြီး အကြိမ်ကြိမ်ငြင်းပယ်ခဲ့သည်။ မိခင်ကြီးအတွက် မိန်းကလေးတစ်ဦးလို ထင်းမှရေမှအစ လိုလေသေးမရှိအောင် လုပ်ပေး၏။ ဖခင်ကြီး တောထဲလိုက်လာ လျှင်လည်း ဘယ်တာမှ အလုပ်မခံဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဖခင်၏ အလုပ်မှန်သမျှအား သူချည်း လုပ်၏။ မိဘများအပေါ် အလိုက်သိ လိမ္မာသော သားလေး တင်မောင်အား မတွေ့မမြင်ရသေးသဖြင့် ဒေါ်ရွှေခ၏ ရင်ထဲ၌ ဗလောင်ဆန်နေခဲ့သည်။

စမုံဆည်ပေါင်ကျိုးပြီး နောက်နေ့ ရက်များ၌ ရာသီဥတုကလင်းထင်းသာ ယာလျက်ရှိပြီး မြစ်ရေလည်းကျသွားပြီ ဖြစ်ရာ အရှေ့ဘက်ကမ်းသို့ ကူးသွားသူ တွေလည်း ကူးနေကြသည်။ တင်မောင် နေသော တဲကလေးနှင့် လက်ပံပင်ကြီး သည် လည်းကောင်း၊ သရက်ပင်များ သည် လည်းကောင်း ရေတိုက်စားသဖြင့် ပြောင်တလင်းခါနေ၏။ လက်ပံပင်ကြီး မှာ ရေအားနှင့် တွန်းလှဲသလိုရှိ၏။ နေ ရာ၌ပင် လဲလျက်ရှိပြီး ဒိုက်သရောများ ဖုံးလွှမ်းနေသည်။

တင်မောင်နှင့် ခွန်ရိုက်တိုင်၊ သက် ငယ်မိုးတဲကား အစအနရှာမရဘဲ လူ ရောတဲပါကျွတ်ပါမျောသွားဟန်ရှိသည်။ လှည်း၊ နွား၊ ထွန်၊ ထယ်များအား ရေ လွတ်ရာ ကုန်းမြင့်မြင့်သို့ ကြိုတင်ပို့ထား ၍ သီသီလေးရေလွတ်ကာကျန်နေခဲ့၏။ နွားတစ်ရှဉ်း၏အနီးတွင် တဲစောင့်မွေး ထားသော ခွေးညိုကြီးက သခင်အလာ ကို စောင့်မျှော်လျက်ရှိသည်။

ဒေါ်ရွှေခ,ခမျာ သားအတွက် ငို ကြွေးရလွန်း၍ မျက်ရည်များပင် ခန်း ခြောက်နေပြီး အကြိမ်ကြိမ်ဆို့နင့်မေ့ မြောခဲ့ရသဖြင့် တစ်ကိုယ်လုံးရိုက်ထား သလိုရှိနေ၏။ ဦးထွန်းလှမှာလည်း စိတ် ပန်းကိုယ်ပန်း ခြေကုန်လက်ပန်းကျပြီး ချုံးချုံးကျဖြစ်ကာ အိပ်ရာထက်တွင် ခွေ ခွေကလေးရှိနေတော့သည်။

ဦးထွန်းလှနှင့် ဒေါ်ရွှေခတို့မှာ မျှော်လင့်ချက်မရှိတော့သော သား အတွက် ရည်မှန်းပြီး သံဃာငါးပါးပင့် ကာ ဆွမ်းသွတ်အမျှအတန်းပေးစေခဲ့ သည်။တင်မောင်နှင့် ရည်မှန်းစေ့စပ်ထား သော ဖြူမလေးက မျက်နှာမသာမယာ ညှိုးနွမ်းစွာဖြင့် ယောက္ခမ မတော်လိုက် ရသော မိဘများအား တောက်တိုမည်ရ အစစအရာရာ လုပ်ကိုင်ပေးလျက်ရှိ သည်။

ဖြူမလေးဟု ချစ်စနိုးခေါ်နေကြ သော မဖြူကား ရွာတောင်ပိုင်းမှ ကိုရဲ အောင်နှင့် မခင်မြတို့၏သမီး ဖြစ်၏။ မွေးချင်းငါးယောက်အနက်မှ အငယ်ဆုံး လည်းဖြစ်၊ လူပိုလိုလည်းဖြစ်နေသော ဖြူမလေးမှာ ကျပန်းအလုပ်သမား မိသားစုများမှဖြစ်ရာ ကြုံရာအလုပ်၊ ခေါ်ရာအိမ်သို့ သွားရောက်လုပ်ပေးလေ့ ရှိ၏။ အထူးသဖြင့် ဦးထွန်းလှတို့၏အိမ် တွင်လုပ်ရသည်များကာ အဝင်အထွက် များလာပြီးနောက်ပိုင်းတွင် အပြန်အ လှန်အားဖြင့် သံယောဇဉ်ဖြစ်ခဲ့ကြသည်။

တင်မောင် ဆုံးပါးသွားပြီးနောက် သားထောက်သမီးခံမရှိသော ဦးထွန်းလှ၊ ဒေါ်ရွှေခတို့၏အိမ်သို့ ဖြူမလေး အမြဲလို ရောက်ကာ လုပ်စရာကိုင်စရာများအား လုပ်ပေးခဲ့၏။ ထင်းခွဲ၊ ရေဆွဲ၊ ထမင်း ဟင်းချက်တာကမှအစ လျှော်ဖွပ်ပေး၊ ခူး ခပ်ကျွေးပြီးသည်အထိ အစစအရာရာ သမီးကလေးတစ်ယောက်လို လုပ်ပေး ၏။ ကြာတော့ နဂိုကတည်းကမှ သံယော ဇဉ်ရှိပြီးဖြစ်နေသော ဖြူမလေးအား သမီးအရင်းသတ်မှတ်ပြီး စာချုပ်စာတမ်း နှင့် အမွေစားအမွေခံမွေးစားခဲ့သည်။

တင်မောင်လုပ်လာခဲ့သော စမုံမြစ် တစ်ဖက်ကမ်းရှိ လယ်မြေလုပ်ကွက်များ အား ကံအားလျော်စွာ ကျန်ရစ်ခဲ့သော နွားတစ်ရှဉ်းနှင့် ထင်ကျော်က ထွန်ယက် လုပ်ကိုင်ပေးသည်။ ဒေါ်ရွှေခင်၏ မောင် မှ မွေးသော တူဖြစ်သူ ထင်ကျော်က သွားလေသူ တင်မောင်နှင့် တစ်ခုတည်း ဖွားများ ဖြစ်ကြ၏။ ညီအစ်ကိုတစ်ဝမ်း ကွဲဖြစ်သော်လည်း ညီအစ်ကိုအရင်းတမျှ ချစ်ခင်ကြ၏။ ထင်ကျော်က အသက် တစ်လခန့်ကြီးသော အစ်ကို တင်မောင် အား ဖြူမလေးကို ဒွေးလေးခ သဘောကျ တောင်းရမ်းယူဖို့ မကြာခဏတိုက်တွန်း ခဲ့ဖူးသည်။

တစ်ဦးနှင့်တစ်ဦး၏ နီးစပ်မှုအား သဘာဝတရားကြီးမှ ဖန်တီးပေးခဲ့သဖြင့် အပျို၊ လူပျို့ သက်တူရွယ်တူများရှိကြ သော ထင်ကျော်နှင့် ဖြူမလေးတို့က တစ်အိမ်တည်းနေ၊ တစ်အိုးတည်းစား များဖြစ်ကြ၍ ကြိုးချင်းထားကြိုးချင်းငြိ၊ အိုးချင်းထားအိုးချင်းထိနေကြ၏။ သွေး မတော်သားမစပ် လူငယ်လူရွယ်များ ဖြစ်ကြသော ထင်ကျော်နှင့် ဖြူမလေးတို့ က တစ်နေ့မဟုတ်တစ်နေ့နှင့် ဖုံးမနိုင် ဖိမရရှိလာကြတော့သည်။

သို့သော်လည်း တင်မောင်၏ အဖြစ်ဆိုးက တစ်နှစ်ပင်မရှိတတ်သေး ၍ အဒေါ်ဖြစ်သူဒေါ်ရွှေခနှင့်တင်မောင် တို့မျက်နှာအား ထောက်ချင့်ပြီး အောင့် အောင့်အည်းအည်း သိုသိုသိပ်သိပ်နေ လာခဲ့ကြသည်။

"ကိုထင်ကျော်၊ ကျွန်မ မလွတ်မခါ ကြီးဖြစ်နေပြီထင်တယ်တော့။ အဲဒါဘယ် လိုလုပ်ကြမတုံး။ ဒွေးလေးခသိသွားရင် ကျွန်မတို့ကို ဒီအိမ်ပေါ်က နှင်ချမှာ တော့"

ထင်ကျော်နှင့် ဖြူမလေးတို့ ဆိတ် ကွယ်ရာတွင်တွေ့ကြရာ၌ ဖြူမလေး စိုးရိမ်ညှိုးငယ်စွာနှင့်ပြောသည်။

"အေးပါ၊ အစ်ကိုဆုံးသွားတာ လည်း ဘာမှကြာသေးတာမဟုတ်ဘူး လူသိရှင်ကြားဖြစ်သွားလို့ကတော့ မ သေးဘူးထင်တာဘဲ။ပြီးတော့ ဒွေးလေး နဲ့ မင်းကြီးလှတို့ကလည်း အခုထိ အ ငြိမ်းကြသေးတာ မဟုတ်ဘူး။ ဒီလိုလု ပါလား ဖြူလေး"

ထင်ကျော်က ဖြူမလေး၏ ညှိုး ရော်နေသော မျက်နှာလေးအား စေ့ ကြည့်ကာ ပြောသင့်၊ မပြောသင့်ချင့်ချိန် နေ၏။ ပြီးတော့ ဖြူမလေးနားအနီး တိုးကပ်သွားသည်။

"ဘယ်သူမှ မရိပ်မိအောင် အနောက်ချောင်က ဒေါ်ဘုမကို သွား ကြည့်ပါလား။ ဒေါ်ဘုမက ကိုယ်ဝန် အောင်လုပ်တတ်တယ်လို့ ငါကြား တယ်"

ထင်ကျော်က ဖြူမလေးနားကပ် ပြီး ခပ်တိုးတိုးပြောသည်။

"ဟုတ်တယ်တော့၊ နေ့ခင်းပိုင်း ဒွေးလေးခအိပ်ချိန်လောက်ကို ကျွ သွားပြီးတိတ်တဆိတ်ပြကြည့်မယ်တော်"

ပေါ့စေလိုလို့ ကြောင်ရှုပ်ထိုး မှ ဆေးကြောင့်လေး ဆိုသလို ဒေါ်ဘု နှင့်ကျိတ်ပြီးပြကြည့်မှ တစ်ရွာလုံးမော တီးပြီး ပြောလိုက်သလို ဖြစ်ကုန်သည် ဒေါ်ရွှေခ၏နားသို့ ချက်ချင်းရောက်သွား တော့၏။ သားအတွက် သောကမငြိမ်း သေးသော်လည်း ငယ်ရာကကြီးလာ ပြီး စဉ်းစားဝေဖန်တတ်သူများဖြစ်သော ဦးထွန်းလှနှင့် ဒေါ်ရွှေခတို့ ခေါင်းချင်း ရိုက်၍ တိုင်ပင်ကြရသည်။ ဖြူမလေး မိရင်းဖရင်းများ၊ ထင်ကျော်၏ မိဘများ အား ခေါ်ယူတိုင်ပင်ပြီး မင်္ဂလာပွဲအား အဆောတလျင် ကျင်းပကြရန် စီစဉ် တော့သည်။

ဦးထွန်းလှနှင့်ဒေါ်ရွှေခတို့၏ အိမ် တွင် တင်မောင်ဆုံးပြီး၍ တစ်နှစ်မပြည့် မီမှာပင် ထင်ကျော်နှင့်ဖြူမလေးတို့၏ မင်္ဂ လာပွဲအား တက်သုတ်ရိုက်ပြီးလုပ်ပေး လိုက်သည်။ အုပ်စုအတွင်းရှိ သံဃာ တော်များအား မင်္ဂလာဦးဆွမ်းကပ်၍ ကြွရောက်လာကြသော လူကြီးသူများ အား ဧည့်ခံကျွေးမွေးပါသည်။

ရာသီစက်မောင်း အလီလီပြော



www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းလွန်မြောက် နှစ်သစ် အကြိမ်ကြိမ်ရောက်ခဲ့သော်လည်း ကြီးဒေါ်ရွှေခ,ခမျာတော့ သား၏ မငြိမ်းနိုင်ဘဲရှိနေသေး၏။ ဖြူမ ကလေးရပြီးမှသာ ကလေးနှင့် ရွှပ်ထွေးလာပြီး တဖြည်းဖြည်းနှင့် တ်သလိုတော့ရှိခဲ့၏။ တင်မောင် ကတည်းက ခြောက်ကပ်ကပ်ရှိ လည်း ကလေးရှိလာမှ အိမ်၏ ည်းဟု ဆိုရလောက်အောင် ပြည်ရှိလာခဲ့သည်။

"ရွှေခရေ၊ တို့ကလေးက သော းဆိုတော့ သ၊ ဟ သောကြာ ဟန်လို့နာမည်ပေးရင် မကောင်း ဟု"

အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင်ထိုင်ပြီး ကြမ်း တဂွတ်ဂွတ်သောက်ရင်း လှ ဘာစိတ်ကူးပေါက်သည်မသိ။ တွင်ထိုင်နေသော ဒေါ်ရွှေခအား ချင်းကြီး ဆိုင်းမဆင့်ဗုံမဆင့်ပြော ၏၊

"တော်ကလည်းတော် ဘာများလဲ အလန့်တကြားနဲ့။ အဲဒီနာမည်ကြီး မကောင်းပါဘူးတော် ရိုးရိုးကြီး။ သား တင်မောင့်နာမည်လည်း ပါ င် တင်ဟန်လို့မှည့်ရရင် မကောင်း းတော့"

ဒေါ်ရွှေခမှ တွန့်ခနဲဖြစ်သွားကာ င်းဖူးဖက်ဆေးလိပ်ကြီးအား မီးခိုး င်းထောင်းထအောင် ဖွာရှိုက်ရင်း လိုက်၏။ လင်မယားနှစ်ယောက် လေးအတွက် နာမည်ရွေးကြရင်း ရှုပ် ခတ်နေကြ၏။ နောက်ဆုံး၌ ရွာဦး ောင်းဆရာတော်ပေးသော နာမည် င်ကျော်ဟန်ဟူ၍ အတည်ဖြစ်သွား တော့သည်။

တင်ကျော်ဟန်ကလေးအား မပီ သော ပီကလာနှင့် စကားပြောတတ်စ ပြုပြီ ဖြစ်၏။ မိရင်း၊ ဖရင်းဖြစ်ကြသော င်ကျော်နှင့် ဖြူမလေးတို့၏ လက်ထဲ င်မနေဘဲ ဦးထွန်းလှတို့လင်မယား၏ က်ထဲတွင်သာနေသည်။ ဖအေ၊ မအေ း ခင်တွယ်ရမှန်းမသိ။ အဘိုး၊ အဘွား နှင့်သာ အတူနေ၊ အတူအိပ်သည်။ မ်းတတ်လှမ်းတတ်သွားတတ်ချိန်မှ ချည်တိုင်မှနွားများဆီ ခဏခဏ းနေသဖြင့် ဆွဲဆောင်ရ၊ ပွေ့ချီပြီးပြန် ရရှိနေသည်။

ဦးထွန်းလှနှင့် ဒေါ်ရွှေခတို့လည်း င်မောင်ဝင်စားသောကလေးများ ဖြစ် နေမလားဟု သံသယဝင်လာကာ တင်



ကျော်ဟန်အား ယခင်ကထက်ပိုပြီး ဂရု စိုက်လာကြ၏။ တစ်ခါတစ်ရံတွင် အိမ် အပေါ်ထပ်ရှိ အလယ်ခန်း၌ထားသော တင်မောင်၏ သော့ခတ်ထားသော သံ သေတ္တာကြီးဆီ မရမကတက်သွားပြီး ဖွင့်နေတတ်၏။ တင်မောင်ငယ်စဉ်က ပွဲ ဈေးတန်းထဲတွင် ဇွတ်ပူဆာသဖြင့် ဝယ် ပေးခဲ့သော အိမ်နံရံတွင်ချိတ်ဆွဲထား သည့် အိုးစည်လေးအား လက်ညှိုးထိုးပြ ပြီး တောင်းတတ်သည်။

တစ်နေ့ထက်တစ်နေ့ စကားပြော တတ်၊ သိတတ်လာသော တင်ကျော် ဟန်ကား တစ်ခါမှ မရောက်ဘူး၊ မသွား ဘူးသော စမုံကမ်းပါးရှိ လက်ပံပင်ကုန်း သို့ ပို့ခိုင်းနေသည်။ တစ်နေ့မဟုတ်တစ် နေ့ မမေ့တမ်း ပြောဆိုငိုယိုကာ ဇွတ် အတင်းကြီး လိုက်ပို့ခိုင်းနေသည်။

"လူလေးက စမုံကမ်းပါး လက်ပံ ပင်ကုန်းလယ်ပွဲကိုရောက်ဖူးလို့လားကွ"

တင်ကျော်ဟန် အငိုတိတ်ပြီး ရွှင်ရွှင်ပျပျရှိနေသောအချိန်တွင် ဦးထွန်း လှက တင်ကျော်ဟန်၏ကျောကုန်းလေး အား လက်နှင့်ပွတ်သပ်ရင်း မေးစမ်း ကြည့်၏။

"ရောက်ဖူးတာပေါ့ အဘိုးရာ။ သားလက်ပံပင်ကြီးအောက်က တဲလေး ထဲနေလာတာ အကြာကြီး။ သားစိုက် ထားတဲ့ သရက်ပင်တွေလည်းအများကြီး ရှိတယ်ဗျ"

"ငါ့သား လက်ပံပင်ကုန်းကို ဘာ လို့ သွားချင်ရတာတုံး"

ဟုတ်တိပတ်တိ ယုတ္တိယုတ္တာရှိရှိ ပြောနေသော ကလေးအား ဒေါ်ရွှေခ ကပါ ချော့မော့၍ မေးသည်။

"သား သရက်သီးဖိုးပိုက်ဆံတွေ အများကြီးရှိတယ်။ အဲဒီပိုက်ဆံတွေ လက်ပံပင်ကြီး တောင်ဘက်ထွက်တဲ့ အမြစ်အောက်မှာမြှုပ်ထားတာဗျ။ အဲဒီ ပိုက်ဆံတွေ သွားယူမလို့ပေါ့ဗျာ"

ဦးထွန်းလှ အတိတ်ကို ပြန်တွေး မိပြီး စိတ်မကောင်းစွာဖြင့် ငုတ်တုတ်ကြီး ထိုင်ကာ ရေနွေးကြမ်းကိုသာ တစ်ခွက် ပြီးတစ်ခွက် ကောက်သောက်နေမိ၏။ မျက်ဝန်းမှ မျက်ရည်စမ်းစမ်းကျနေသော ဒေါ်ရွှေခကလည်း ပြောင်းဖူးဖက်ဆေး လိပ်တိုအား ခဏချထားကာ စီးကျလာ သော မျက်ရည်များအား ကလေးမမြင် အောင် သုတ်နေရသည်။

'ငါ့သား၊ မင်းအသက်မငယ်တော့ ဘူး။ မိန်းမယူတော့လေ' ဟု ပြောတိုင်း-

'ကျုပ် မိန်းမယူလို့ မဖြစ်သေးပါ ဘူးဗျာ။ အမေတို့နဲ့မတည့်ရင် စိတ်ဆင်း ရဲနေရပါဦးမယ်ဗျာ။ ပိုက်ဆံလေးစုမိ အောင်လုပ်ဦးမှဖြစ်မှာဗျ'

ဟု ပြောခဲ့ဖူး၏။

သားအမိနှစ်ယောက် ပြောခဲ့ကြ သော စကားတသီတတန်းကြီးအား ဒေါ်ရွှေခ ပြန်တွေးမိကာ အားပါးတရ ကြီးသာ ငိုချပစ်ချင်နေသည်။

ဘွားအေဒေါ်ရွှေခအားမော်ကြည့် နေသော တင်ကျော်ဟန်လေးက ဘွား အေကြီးမျက်ရည်ဖြိုင်ဖြိုင်စီးကျနေသဖြင့် ဆက်မပြောတော့ဘဲ ငြိမ်ချက်သား ကောင်းနေပါ၏။ အော်ကြီးဟစ်ကျယ် ငိုပစ်ချင်နေသောဒေါ်ရွှေခက မြေးလေး တင်ကျော်ဟန်အား ငုံ့ကြည့်လျက် ဆို့နင့် နေသောအလုံးအခဲကြီးအား ကျိတ်မှိတ် မျိုချနေရသည်။

မည်သို့ပင်ဖြစ်စေ ဘဝသစ်ကူး သွားသော သားလိမ္မာလေး တင်မောင် ကား မိဘများအား သိတတ်ရှိသေလုပ် ကျွေးခဲ့သောကြောင့် ကောင်းသောဘဝ သို့ ရောက်ရှိနေပြီ ဖြစ်၏။ တင်ကျော် ဟန်အဖြစ်နှင့်လည်း သံယောဇဉ်ကြီးခဲ့ သော မိဘများထံ ပြန်လည်ရောက်ရှိနေ ပြီ မဟုတ်ပါလား။

*ဝန်ခံချက်။ ။ လွန်ခဲ့သော နှစ် နှစ်ဆယ်ခန့်က တကယ့်ဖြစ်ရပ်မှန်အား ခံစားရေးသားပါသည်။*

အာကာသ(သာစည်)



www.burmeseclassic.com

www.burmeseclassic.com

ဝါဆိုလကွယ်နေ့ဥပုသ်ပတ် ဥပုသ်ဇရပ်တွင် ကိုထွန်းကြိုင်နှင့် နံနက်ဆွမ်းသီလမယူသေးမီ ဝိုင်းဖွဲ့ကာ စကားပြောဖြစ်ကြသည်။ ကိုထွန်းကြိုင်မှ စာရေးသူအား -

"မင်းက စာတိုပေစလေးတွေ ရေးနေတဲ့သူဆိုတော့ စာရေးဖို့ကုန်ကြမ်းတစ်ခုတော့ ရမှာသေချာတယ်။ စာရေးလို့လည်းရတယ်။ တို့ရွာအရှေ့နားက ပုသိမ်ကန်မြောက်ဘက်ကပ်လျက် ဥယျာဉ်ခြံထဲက ကျောက်ပြားကြီးအကြောင်းပေါ့"

ဟု အစချီကာပြောလျှင် စာရေးသူကလည်း ဇာတ်သမားတို့ပြောနေကျ လက်သုံးစကားတစ်ခုအား သတိရမိရင်း -

"သတင်းပေးရင်ထမင်းကျွေးသလိုပါပဲ။ အခုလည်း ရေးကွက်ရလာတော့ စာပေဝါသနာရှင် စာဖတ်ပရိသတ်တွေအတွက် ဂမ္ဘီရ သုတ၊ ရသတစ်ခုခုတော့ ပေးခွင့်၊ပျိုရမီဖြည့်ခွင့်ရတာပေါ့ဗျာ"

ဟု ဆိုကာ ကျေးဇူးတင်စကားလည်းပြောလိုက်မိပါသည်။

ပုသိမ်ကန်အုတ်တစ်သိန်းကန်ကြီးမှာ သိမ်သိမ်ငယ်ငယ်တော့ မဟုတ်ပေ။ စလေနယ်တွင် တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် နာမည်ကြီးသည်။ ဥယျာဉ်ရွာ ရှင်ပင်စာကြိုလှဘုရားကြီး တည်ထားကိုးကွယ်ချိန်က ဘုရားတည်ရာအုတ်တို့အား ထိုကန်နေရာကတူး၍ အုတ်ဖုတ်ခဲ့သည့်ကန်ကြီးလည်း ဖြစ်သည်။

ပုဂံခေတ် ကောဇာနှစ် ၅၅၃ ခုနှစ်တွင် နန်းတက်တော်မူသော နရပတိစည်သူမင်းကြီးကိုယ်တော်တိုင် တည်ထား ကိုးကွယ်ခဲ့သည့် ရှင်ပင်စာကြိုလှ၊ ရှင်ပင်စာကြိုကြီး၊ ကြာညွှန့်ဝတီ၊ ဝေညွှန့်ဝတီ၊ ကက်သူ၊ ဇေယျသူ၊ ပျံချီ စသည့် ဘုရားများနှင့်အတူ မင်း၊ မိဖုရား၊ သားတော်ငါးပါးတည်ထားခဲ့သည်။ဘုရားများတည်ထားစဉ် ပုသိမ်ကန်ခေါ် အုတ်တစ်သိ[...] ကန်မှာ အုတ်များဖုတ်ကာ ဘုရား[...] အား တည်ထားခဲ့ခြင်း ဖြစ် သည်။

ဘုရားကြီးမှာ စလေမြို့တော[...] ဘက် ခရီးလေးမိုင်ကွာသည့် ဥယျာဉ်[...] တွင် တည်ထားခဲ့ခြင်း ဖြစ်သော်လည်း[...] ဘုရားတည်ရန် အုတ်တို့အား ဥယျာ[...] ရွာတောင်ဘက် ခရီးနှစ်မိုင်ကျော်[...] ကွာသည့် ယခု ဥယျာဉ်ခြံ ပုသိမ်ကန်[...] အုတ်တို့ဖုတ်ကာ သယ်ယူသည့်အခါ[...] လည်း ရှေးက လှည်းခေတ်၊ လှေခေ[...] ဖြစ်သော်လည်း လှည်းနှင့် သယ်ယူ[...] မရှိ။ တိုင်းသူပြည်သားနယ်သူနယ်သာ[...] အများ လူတစ်ယောက်နှင့်တစ်ယော[...] တန်းစီလက်ချင်းဆက်လက်ဆင့်က[...] ဘုရားတည်ရာနေရာအရောက် အု[...] အား သယ်ယူခဲ့ခြင်း ဖြစ်သည်။ [...] ကန် အုတ်တစ်သိန်းကန်နှင့်ဆက်၍ [...] က အုတ်တို့သယ်ယူခဲ့သည့် လ[...]

# နေအောင်လင်း (စလေ)

## အုတ်တစ်သိန်းကန်တစ်ခွင်မှ ဂမ္ဘီရဖြစ်စဉ်များ





www.burmeseclassic.com


www.burmeseclassic.com

ရှောပင် မင်းလယ်ဟောင်း၊ မင်းလမ်းဟောင်းဟု ပြောဆိုလျက်ရှိကာ လမ်းအကျယ်အဝန်းမှာလည်း ပေတစ်ရာကျော်ကျယ်ဝန်းသည့် ဧရိယာပင် ဖြစ်သည်။ ဆင်၊ မြင်းတို့သွားလာနိုင်အောင် ကျယ်ဝန်းသည့်လမ်းနေရာ ဖြစ်သည်။ သို့သော် ယနေ့ကာလ လမ်းဟောင်းနေရာအား လယ်မြေယာမြေတို့နီးစပ်ရာဆောင်သူအချို့ ချဲ့ထွင်လုပ်ကိုင်လာ၍ ဆိုခင်းလမ်းအဟောင်းအချို့နေရာမှာ ပျောက်ကွယ်လုမတတ်ဖြစ်လျက် မြင်တွေ့ရသည်။

အုတ်တစ်သိန်းကန် သို့မဟုတ် ပုသိမ်ကန်နှင့် ဆက်စပ်လျက်ရှိသည့် မြောက်ဘက်ကပ်လျက် ဥယျာဉ်ခြံမြေကလည်း ရှေးယခင်ကာလ ထနောင်းပင်၊ တမာပင်၊ စောင်ချမ်းပင်၊ ခံတက်ပင်၊ ဆပွတ်ပင်၊ ခံတက်ဆီး၊ ခလောက်ပင်တို့နှင့် ပြည့်ကျပ်လျက်ရှိကာ ယာမြေဧကပေါင်းလျှင် (၂၅) ဧက (၃၀) နီးပါး ကျယ်ဝန်းသည့်နေရာ ဖြစ်သည်။ ထိုဧရိယာဝန်းအတွင်း ရှေးက ယာမြေလယ်မြေလုပ်ကိုင်ခြင်း မရှိခဲ့ပေ။ မြေမှာ မြေစေးမြေနှဲ့ရွှံ့စေးမြေမျိုးဖြစ်ကာ ယာမြေထွန်ယက်သည့်အခါ ထွန်ရေးခက်သည့် မြေအမျိုးအစားလည်း ဖြစ်သည်။ သီးပင်စားပင်အဖြစ် ရှေးက ပြောင်း၊ ကုလားပဲတို့သာ စိုက်ကြ၍ရသည်။ သို့သော် ယာမြေကို လုပ်ကိုင်ခြင်းမရှိဘဲ သစ်ပင်သစ်တော ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်စွာပေါက်ရောက်လျက်ရှိသည့်နေရာလည်း ဖြစ်သည်။

ထိုဥယျာဉ်ခြံအတွင်း လွန်ခဲ့သည့် နှစ် ပေါင်း (၉၀) ကျော်၊ (၁၀၀) နီးပါး အချိန် ဦးစိန်တို့၏အဘ၊ အဖေတို့မှ အဆက်နေထိုင်လာခဲ့ကြခြင်း ဖြစ်သည်။ ဦးစိန်၏ အဘဖြစ်သူမှာ ထိုပုသိမ်ကန်အနီးပင် နေထိုင်ပြီး ကန်ကြီးအားလည်း အမြဲလို ကန်တက်ခြင်း မကြာခဏပြုခဲ့သည်ဟု သိရသည်။ ပုသိမ်ကန်ကြီးအား သူ၏ သားဖြစ်သူလက်ထက်တွင်လည်း ထိုနည်းတူ ကန်တက်ခြင်းတို့အား ပြုပြင်လေ့ရှိခဲ့သည်။ ဦးစိန်ဥယျာဉ်ခြံတွင်နေထိုင်စဉ် အဓိကနွားအုပ်များမွေးမြူကာ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေထိုင်ခဲ့သည်။ နွားအုပ်တို့အား သူ၏ ဥယျာဉ်ခြံကွင်းပတ်လည်အတွင်းမှာပင် လွှတ်ကျောင်းကာထားသည်။ ခြံစည်းရိုးပတ်ပတ်လည်ကလည်း သစ်ပင်၊ သစ်တော၊ ခလောက်ပင်၊ ဆူးရစ်ပင် စသည့် ချုံနွယ်တောများ ထူထပ်စွာ ပေါက်ရောက်လျက်ရှိရာ ခြံစည်းရိုးပတ်ပတ်လည်နေရာ လူသူလေးပါးလုံးဝဝင်ရောက်၍မရအောင်ပင် တောကကောင်းသည်။ ခြံစည်းရိုးလုံခြုံသည်ဟု ဆိုရမည်။ ဦးစိန်က ခြံတွင်နွားများမွေးမြူထားသလို ကိုက်တတ်သည့်ခွေးများလည်း မွေးထား၍ လူစိမ်းသူစိမ်းတို့ ဝင်ထွက်ရန် ခဲယဉ်းသည်။ ခြံတွင် လူစိမ်းသူစိမ်းဝင်လာသည်နှင့် နွားတို့ကလည်း လူစိမ်းမမြင်ဘူး၍ ဝိုင်းကာလိုက်ဝှေ့တတ်သလို ခွေးတွေကလည်း လူစိမ်းမှန်လျှင် ဝိုင်းဝန်းကာကိုက်တတ်သောကြောင့် ခြံအနီးအနားတွင် လူတိုင်း ကပ်၍ဖြတ်သွားဖြတ်လာမပြုဝံ့ကြပေ။ ခြံထဲဝင်ဖို့ဆိုတာ ဝေလာဝေးပင် ဖြစ်သည်။

ရှေးယခင်က ယာမြေ၊ လယ်မြေ လုပ်ကိုင်ခြင်းမရှိခဲ့သော်လည်း မြစ်ရေတင်စီမံကိန်းပေါ် လာပြီးနောက်ပိုင်း လယ်မြေ၊ ယာမြေတိုးချဲ့ကာ လုပ်ကိုင်လာကြသည်။ ဥယျာဉ်ခြံမြေအတွင်းမြေတို့အားလည်း လယ်တီးခြင်း၊ယာမြေချဲ့ထွင်ခြင်းတို့ လုပ်ကိုင်လာကြသည်။ သစ်ပင်၊ သစ်





www.burmeseclassic.com

www.burmeseclassic.com

တောတို့လည်း ကြပါးကာလာသည်။ ကွင်းအမှတ် (၂၄၃၃) ကွင်းဧရိယာတွင် တည်ရှိပါသည်။ထိုဥယျာဉ်ခြံမြေအလယ် နေရာတွင် သစ်ပင်သစ်တောနှင့် စိမ်းစိမ်း ညို့ညို့ရှိနေသည့်ကုန်းမြေနေရာကွက် လပ်တစ်နေရာရှိသည်။ အကျယ်အဝန်း ကား ဧကဝက်ထက် မကျယ်ဝန်း။ ယခင် ဦးစိန်နေထိုင်သွားသည့်နေရာပင် ဖြစ် သည်။ ထိုကွက်လပ်မြေနေရာအား မည် သူမျှ ယာမြေတိုးချဲ့လုပ်ကိုင်ခြင်းမပြုဝံ့ ကြပေ။ သစ်ပင်တို့အားလည်း ခုတ်လှဲ ခြင်းမပြုဝံ့ကြ။ နေရာမှာ ပုသိမ်ကန်ကြီး ၏မြောက်ဘက် ကန်ဦးထိပ်တစ်ဖာလုံ အကွာတွင် တည်ရှိကာ ဘေးပတ်လည် တို့မှာ ယနေ့ကာလလယ်မြေယာမြေတို့ တိုးချဲ့လုပ်ကိုင်လျက် တွေ့ရသည်။

ထိုနေရာ သစ်တောညို့ညို့အ တွင်း အလျားနှစ်တောင်နီးပါး၊ အကျယ် တစ်တောင့်ထွာ၊ ထုခြောက်လက်မ၊ ကျောက်ပြားရင်းတွင်ရှိကာ အဖျားပိုင်း မှာ လေးလက်မ၊ ငါးလက်မရှိပြီး သဲ ကျောက်အမျိုးအစား ကျောက်ပြားတစ် ချပ်ပင် ဖြစ်သည်။ ကျောက်ပြားတည်ရှိ ရာနေရာသို့ စာရေးသူ မကြာခဏဆို သလို ရောက်နေကျလည်း ဖြစ်သည်။ (၂၄၃၃) ကွင်းဧရိယာအတွင်း စပါးစိုက် လေ့ရှိနေခြင်းကြောင့်လည်း အနီးပတ် ဝန်းကျင်အား မကြာခဏ ရောက်ရှိနေ ခြင်းလည်း ဖြစ်သည်။ အထက်ဘက် ရေမြောင်းအား ရေလိုက်ရင်း၊ မြက်ရိတ် ထင်းခုတ်ရင်းလည်း ရောက်ဖြစ်သည့် နေရာလည်း ဖြစ်ပါသည်။ သို့သော် ကျောက်ပြားရှိနေတာ သူပြောငါပြော ပြောနေကြသော်လည်း ကိုယ်တိုင်ဂယ သေချာဝင်မကြည့်၊ မလေ့လာမိခဲ့ပေ။ ကိုထွန်းကြိုင်ပြောမှပင် သစ်တောထဲရှိ ကျောက်ပြားအား သေချာတိုင်းတာ ကြည့်ရှုခဲ့ခြင်း ဖြစ်သည်။

ကျောက်ပြားတည်ရှိနေသည်က ခပ်ဆန်းဆန်းပင်။ ထိုနေရာဒေသအနီး ဝန်းကျင်မှာ ထိုကျောက်ဖျာကောင်း ကောင်းမျိုး အနီးအနား (၁) မိုင်၊ (၂) မိုင်ဝန်းကျင်၌ရှာ၍မတွေ့နိုင်။ ထိုနေရာ နေထိုင်ခဲ့ကြသူအဆက်ဆက် ဘယ်အ ရပ်ဒေသက သယ်ယူကာထားခဲ့သည် မသိရပေ။ အနီးအနားဝန်းကျင်နေရာ တို့မှာလည်း ယခုကျောက်ပြားမျိုးတစ် တောင်ပတ်လည်ပင် မတွေ့ရနိုင်။မြေ စေး မြေနုံပြင် သဲတောအတိပြီးသည့် ယာပြင်တို့ ဖြစ်သည်။

ကျောက်ဖျာအကြောင်းကိုယ်တွေ့ ကြုံခဲ့ရပြီး သူ၏အတွေ့အကြုံအားပြော ပြခဲ့သူမှာ ကိုဖိုးဇော်ပင် ဖြစ်သည်။ ဒီနေ ရာ၌ ဒီကျောက်ပြားရှိနေခဲ့တာ သူတို့ လည်း အရင်ကတော့ မသိခဲ့ပေ။ ဒီနေ ရာတစ်ဝိုက်က ပုသိမ်ကန်ကြီးနှင့်လည်း ကပ်လျက်ရှိနေတာဖြစ်၍ သစ်ပင်သစ် တောကောင်းသည်။ နွားကျောင်း၊ ထင်း ခွေရောက်ဖြစ်ကြသည်။ နွားကျောင်းရင်း ထင်းခွေကြနှင့် သူတို့မှာ ဓားမကိုယ်စီပါ ကြသည်။ နွားကျောင်းရင်း ထင်းခွေကြ သူတို့ တစ်ခါတစ်ရံ ဓားကတုံး၊ အပြတ် နည်းတာကြုံရသည့်အခါ ထင်းခွေသမား နွားကျောင်းသားတို့ ထိုကျောက်ပြားတွင် ပါလာသည့်ဓားအား သွေးကြသည်။

ကိုဖိုးဇော်ပြောပြတာက -

"အစ်ကိုကြီးရာ၊ ဓားသွေးလို့က တော့ တအားပြတ်တဲ့ ကျောက်ပြား၊ တအားစားတဲ့ကျောက်"

ဟု ဆိုလေသည်။

တအားစားသည်ဆိုခြင်းမှာ ဓား သွေးသည့်အခါ ကျောက်သားက ဓား သွားအားစား၍ ဓားပြတ်လွယ်တာကို ပြောဆိုခြင်း ဖြစ်သည်။ ဓားသွေးလို့ ကောင်းတဲ့ကျောက်ပြားဖြစ်နေတာ သိ ရတော့ ကိုဖိုးဇော်တို့ ကျောက်ပြားအား မိမိတို့အိမ်မှာ သယ်ယူထားပြီး ဓားသွေး ကျောက်လုပ်ရလျှင်ကောင်းမှာပဲဆိုကာ သယ်ယူဖို့အကြံဖြစ်လာသည်။

ဒါလောက် ဓားသွေးလို့ ပြတ်တဲ့ ကျောက်ပြားကို အိမ်မှာသယ်သွားပြီး ဓားသွေးရလျှင် ဓားသွေးကျောက်ရှာ စရာမလိုတော့ဘူးဟုဆိုကာ လမိုက်ည တစ်ညတွင် ကျောက်ပြားသယ်ယူဖို့ တိုင်ပင်ကြသည်။အိမ်ရောက်မှ ကျောက် ပြားအား ထုခွဲကာယူကြမည်။ ကျောက် ပြားသယ်ယူမည့်သူတွေက ကိုဖိုးဇော်၊ ကိုလှကွန်း၊ ကိုရဲမောင်၊ ကိုမောင်ပုတို့ (၄) ယောက် ဖြစ်သည်။ ကိုရဲမောင်နှင့် ကိုမောင်ပုတို့ကလည်း သားအဖနှစ် ယောက်။ ကိုလှကွန်း၊ ကိုဖိုးဇော်တို့က လည်း သားအဖနှစ်ယောက်။ ကျောက် ပြားအား ထမ်းပိုးသယ်ယူဖို့အတွက် ထွန်တံအသစ်နှစ်ချောင်း၊ လက်ညှိုးလုံး အရွယ်ရှိ ပလတ်စတစ်ကြိုးတစ်ခွေနှင့် ည (၁၀) နာရီအချိန် ရွာကထွက်လာ ခဲ့ကြသည်။ အချိန်က နွေရာသီဖြစ်လို့ လယ်ပြင်ယာပြင်က မိုးအွင်းကာလလို ရေဗွက်မရှိ။ သီးနှံပင်တို့ ရိတ်သိမ်းပြီးချိန် ဖြစ်၍သယ်ယူရလွယ်ကူမည်။

နွေဦးပေါက်စအချိန်ဖြစ်၍ လေ ကလည်း လေပြေလေညင်းကလေးက

ဝှေ့ယမ်း တိုက်ခတ်လျက်ရှိနေသည်။ ကျောက်ပြားရှိရာတောထဲရောက်ချိန်မှာ တော့ အနီးအနားပတ်ဝန်းကျင်ရှိ လူနှင့် အခြားတိရစ္ဆာန်သတ္တဝါတို့အသံလည်း မကြားရ။ တစ်ချက်တစ်ချက် အဝေးဆီ က လင်ကောင်ပိုး၊ ဇီးကွက်အော်သံက လွှဲလျှင် တိတ်ဆိတ်လျက်ရှိနေသည်။ သူတို့ (၄) ယောက် ကျောက်ပြားအနီးသို့ ရောက်လျှင် လက်နှိပ်ဓာတ်မီးအား ခပ်အုပ်အုပ်ထိုးကာ ပါလာသည့် ပလတ် စတစ်ကြိုးနှင့် ကျောက်ပြားအား ကြက် ခြေခတ်သဏ္ဌာန်ချည်ပိုးကာ ထွန်တံတိုး လျှိုကာ ထမ်းပိုးကြိုးကွင်းအားလည်း ပြ လုပ်ချည်ထားလိုက်သည်။

"ကဲ - မင်းတို့ကလည်း သားအဖ နှစ်ယောက်၊ တို့ကလည်း သားအဖနှစ် ယောက်"

ဟု ဆိုကာ လေးယောက် ထွန်တံ တိုးလျှိုကာ ပြိုင်တူထမ်းလိုက်ကြသည်။ ထိုသို့ ထမ်းလိုက်ချိန်မှာပင် လူလေး ယောက်စလုံး ဟန်ချက်တို့ကမညီ။ ဒယီး ဒယိုင်ပြို့တော့မလိုလဲတော့မလို ယိုင်ထိုး ကာနေရင်း ကျောက်ပြားမှာ မြေကြီးနှင့် မလွတ်ဘဲရှိနေသည်။ လူတွေယိုင်နဲ့နေ တော့ ချည်ထားသည့်ကြိုးမှာလည်း ဖျိုး ဖျိုးဖျစ်ဖျစ်မြည်လျက်။ ကျောက်ပြားကား ရွေ့တော့ရွေ့သည်၊ လေးငါးခြောက် တောင်သာ ရွေ့သည်။ လူ(၄)ယောက်မှ ခဏတာအားအင်သုံးထမ်းလိုက်ရသည် ဖြစ်သော်လည်း ကျောက်ပြားကား နေ ရာဝေးဝေးရွေ့အောင်မထမ်းနိုင်။ လူတွေ သာ ဖတ်ဖတ်မောကာ ဟောဟဲလိုက် သွားသည်။

နောက်တော့ -

"ဟော့ကောင်တွေ ဒီပုံစံအတိုင်းဆို ရင် ရွာရောက်အောင် သယ်ဖို့ဆိုတာ ဝေလာဝေး၊ သိပ်အခြေအနေကောင်းပုံ မပေါ်ဘူး။ ကျောက်ပြားယူတာမကြိုက် ဘူးနဲ့တူတယ်၊ သူ့နေရာသူ ပြန်ထားရင် ကောင်းမယ်"

ဆိုကာ ကိုဖိုးဇော်နှင့် ကိုမောင် တို့နှစ်ယောက် နေရာပြန်ပို့ရအောင်ဆို ပြီး ချည်ထားသည့်ကြိုးတို့အား ဖြေလိုက် သည်။ နှစ်ယောက် လက်ပွေ့ထိုးကာ ကျောက်ပြားမူလနေရာသို့ပွေ့ကာပို့ကြ သည်။ ထိုသို့ပွေ့သည့်အခါတွင် လေး ယောက် ကြိုးတွေဖျစ်ဖျစ်မြည်ပြီး ဒယီး ဒယိုင်ထမ်းရသည်။ ကျောက်ပြားမှာ နှစ် ယောက်လက်ပွေ့ပွေ့ပိုက်တော့ ပေါ့ ပါးပါး ဘာမှအားမစိုက်ရဘဲ အငြိ ရောက်သွားရသည်။ ပလတ်စတစ်ကြိုး



www.burmeseclassic.com

www.burmeseclassic.com

...သည်း ကြိုးလွန်းတို့ ပေါက်ကာသွားခဲ့သည်။

ပြန်လာချိန် ကျောက်ပြားအား ...(၄)ယောက်ထမ်းတာမရသည့်အဖြစ်...အား ကိုရဲမောင်က မကျေနပ်။ ကျောက်...ကြည့်တော့ လူနှစ်ယောက်ထမ်း...တောင်ရလောက်တဲ့ ကျောက်ပြား...လူ (၄) ယောက်ထမ်းတာ မကြွချင်...အောင်လေးနေတဲ့ကျောက်ပြား နောက်...ညသိရမယ်ဆိုကာ ကြုံးဝါး၍ အိမ်သို့...လာကြသည်။

နောက်နေ့ည ဆက်၍ ကိုရဲမောင်...အတူ (၄) ယောက်ကျောက်ပြားရှိရာ...လာခဲ့ကြပြန်သည်။ ဒီလောက်လေး...ယ်လို့မရတဲ့ ကျောက်ပြားသိကြ...ပေါ့ကွာဟုဆိုကာ သူ့အိမ်ရှိပေါင်တူ...အားထမ်း၍လာခဲ့သည်။ ကျောက်...အား ပေါင်တူနှင့်ခွဲကာ တစ်ခြမ်းစီ...ယူကြမည်။ အနီးနားသို့ရောက်သွား...ကိုရဲမောင်က အနီးနားဘေးပတ်...အသံဗလံတို့ကို နားစွင့်ထောင်ပြီး...အသံဗလံတို့မကြားနိုင်သည့် အနောက်...လေတို့ တဟူးဟူးတိုက်ခတ်နေချိန်...အခွင့်ကောင်းယူကာ ကျောက်ပြား...အလယ်တည့်တည့်နေရာ ချိန်ရွယ်...ပေါင်တူနှင့် တအားကုန်ထုချလိုက်...သည်။

'ဒုတ်'၊ 'ဖြောင်း' ဟူသည့် အသံ...ပေါ်ထွက်လာကာ ကျောက်ပြားကြီး...သည်း မီးပွင့်ထွက်သွားသလို အနီးရှိလူ...ယောက်စလုံးလည်း နားပွင့်ထွက်...တော် ကြားလိုက်ရသည်။ သို့သော်...ကျောက်ပြားကြီးကား လုံးဝကွဲထွက်...ခြင်းမရှိခဲ့။ အချိုက်အတန့်မှာပင်...ပတ်လည်ဝန်းကျင်က ဘယ်နေရာ...ဆိုမှန်းမသိ ခွေးတွေဟောင်ကြအူကြသည်...မည်သူမျှ မစေခဲ့နိုင်။ ခွေးအူသံ...အောင်သံတို့ဆူညံကာ ပွတ်လောရိုက်...ကြားရသည်နှင့် (၄) ယောက်သား...နောင့်နှင့်တင်ပါး တစ်သားတည်းကျ...အောင် ပြေးကြရတော့သည်။ နောင်...လည်း ထိုကျောက်ပြားအား သယ်...ဖို့ စိတ်နှင့်ပင်မပြစ်မှားဝံ့ကြတော့ပေ။ ကျောက်ပြားမှာ ယနေ့တိုင်မရွေ့မပြောင်း...ထိုသစ်တောအတွင်းရှိနေပါသည်။ ကျောက်ပြားမှာ ပေါင်တူနှင့်ထုသော်...လည်း လုံးဝမကွဲမအက်ဘဲ တူထုသည့်...နေရာတွင် အနည်းငယ်သာပွန်းပဲ့ကာ...ရာအနည်းငယ်သာတွေ့ရပါသည်။

အုတ်တစ်သိန်းကန် ပုသိမ်ကန်...ဝန်းကျင်နေရာကား ဘုမ္မိယအစောင့်အရှောက်အလွန်ကြီးသည့်နေရာလည်းဖြစ်သည်။ ကျောက်ပြားပေါ်တွင် ရှေးက လယ်ယာမြေလုပ်ကိုင်သူတို့ ထမင်း၊ ဝက်သားဟင်းများနှင့် နှစ်စဉ်တင်မြှောက်ကျွေးမွေးလေ့ရှိသည်ဟု ကိုထွန်ဦးပြော၍ သိရသည်။ အုတ်တစ်သိန်းကန်ဝန်းကျင်တွင် စောင့်ရှောက်သည့် ဘုမ္မိယအစောင့်အရှောက်တို့မှာ ငန်းတော်ကျားမြွေအမျိုးအနွယ်တို့ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အနီးအနားဝန်းကျင်တစ်ဝိုက် မြွေတို့ မကြာခဏတွေ့ရှိရခြင်းဖြစ်ကြောင်း သိရသည်။

တစ်နှစ် နွေဦးပေါက်ချိန်ကလည်း ရေကန်ကြီးမြောက်ဘက် နဘူးတောများတွင် ထင်းခွေကြသူတို့ မြွေကြီးတစ်ကောင်ခွေလျက်တွေ့ရှိခဲ့ကြသည်။ မြွေကြီးအား မြင်တွေ့ရချိန် အဝေးက ကြည့်လျှင်ပင် ခွေးတစ်ကောင်အိပ်နေသည့်အလား မြင်တွေ့ရသည်။ ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ကိုစန်း၊ မြင့်စိန်တို့အပြောအရဆိုလျှင် မြွေကြီးက နောက်နှစ်ရက်၊ သုံးရက်တိုင် အခွေမပြတ် နေရာလည်း မပြောင်းမရွေ့တွေ့ခဲ့ရသည်ဟုဆိုသည်။

အုတ်တစ်သိန်းကန်ကွင်းတစ်ဝိုက် လယ်ယာရေသွင်းလိုက်သူများ ဇရာမမြွေကြီးများအား မြင်ဖူးသူ၊ တွေ့ဖူးသူအများပင် ရှိခဲ့သည်။ ကန်ကြီး၏အရှေ့မြောက်ဘက် ကုန်းမို့မို့နေရာတွင် တွေ့ကြုံဖူးသူတို့ပြောပြချက်များအရ ညီအစ်ကိုနှစ်ယောက် ရှေးခေတ်နန်းဝတ်နန်းစားများ ဝတ်စားဆင်ယင်ကာတွေ့ရသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်ကပင် နွေရာသီညဘက် ကြွက်လိုက်သည့် လူငယ်တစ်ယောက် ထိုကုန်းမို့မို့နေရာအနီးအနားမှာပင် ပိုးထိကာ နေရာမှာပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ ကန်အနီးနားပတ်ဝန်းကျင် သစ်ပင်တို့အားလည်း ရှေးက ခုတ်လှဲဖို့နေနေသာသာ လေကြမ်းတိုက်၍ လဲကျနေသည့် ထနောင်းပင်အပိုင်းအစတစ်ခုအား နွားစာစဉ်းတုံး၊ စဉ်းတီတုံးဖြတ်ယူခဲ့သူပင် အယူမခံ နေရာမှာပင် မထနိုင်ဘဲရှိနေရာ ဖြတ်ယူသူကိုယ်တိုင် -

'ကျုပ်ဒီထနောင်းတုံးအပိုင်းအားလုံးဝမယူတော့ပါ'

ဟု ပြောမှ နေရာကထကာ အိမ်သို့ပြန်လာနိုင်ခဲ့သည်။

ပြီးခဲ့သည့် နွေဦးပေါက်အချိန်ကလည်း ဖြစ်ရပ်ဆန်းတစ်ခု ကြားလိုက်ရသည်။ အဖြစ်မှာ အုတ်တစ်သိန်းကန် ပုသိမ်ကန်ကြီးအနီးမှာပင် ဖြစ်သည်။ မြစ်အနောက်ဘက်က ဝယ်လာသည့် နွားသိုးပေါက်တစ်ကောင် ကူးတို့ကဆင်းပြီး ရွာသို့မောင်းလာချိန် ဖြစ်သည်။ ကူးတို့ဆင်းဖြစ်လို့ လှေကဆင်းတာနှင့် ကုန်းပေါ်တက်ကာ ကပေါင်းတဲရွာအပြန်ခရီး ပုသိမ်ကန်ကြီး၏အရှေ့ဘက် ကန်ဦးထိပ်ကဖြတ်ကာ ပြန်ရသည်။ ကန်ဦးနေရာ ကန်ဦးထိပ်တွင် နွားမောင်းလာသူမှာ မဆင်မခြင် ကန်ဦးကန်ထိပ်ကန်ဘက်လှည့်ကာ နွားအား ခေတ္တရပ်ကာ အပေါ့သွားမိသည်ဟု ဆိုသည်။ ထိုမှအရှေ့ဘက် အနည်းငယ်မောင်းမိသည့်နောက် နွားမှာ မည်သည့်အရာအား မြင်သည်မသိ လန့်ဖျပ်ကာ ဆောင့်ရုန်းလိုက်ရာ ရုတ်တရက် နွားမှာ ကြိုးလွတ်ကာထွက်ပြေးသွားခဲ့ရသည်။ လွတ်ပြေးသည့်နွားမှာလည်း ပုသိမ်ကန်ကြီး၏ ဝန်းကျင်မှာပင် မျက်ခြည်ပျက်ကာပျောက်သွားသည်။ ထိုနေ့က ညနေနေဝင်မိုးသာချုပ်ခဲ့သည်၊ နွားအား အရိပ်အယောင်မျှပင် မတွေ့ရ။

နောက်တစ်နေ့ မနက်မိုးလင်းတာနှင့် ရွာကလူတချို့ပါ လူစုခွဲကာ ခြေရာခံပြီး နီးစပ်ရွာကျေးရွာတို့အားလိုက်၍ မေးမြန်းစုံစမ်းသည်။ နွားခြံရှိရာတွေ့ကပ်လိုက်ပြား မနက်စောစော၊ နေဝင်မိုးချုပ် နွားအုပ်တို့ ရွာပြန်လာချိန်တွေလိုက်လံရှာဖွေကြသည်။ နွားကအစအန သတင်းလည်း မကြားရ။ တစ်ရက်၊ နှစ်ရက်နှင့်၊ တစ်နေ့တွေ့နိုးနှင့် လိုက်လံရှာဖွေရင်း လူစုခွဲကာ ရှာဖွေကြသည်မှာ (၁၀)ရက်ပင်ကြာသွားပြီဖြစ်ကာ သတင်းလည်းမကြားရသဖြင့် နောက်ဆုံးတော့ ဆုံးပြီဟုဆိုကာ လက်လျှော့ကာထားရတော့မလို ဖြစ်လာသည်။

(၁၀) ရက်ကျော်နောက်ပိုင်းမှာ နွားအား တွေ့မည့်တွေ့တော့ ခပ်ဝေးဝေးနေရာမဟုတ်။ ပုသိမ်ကန်ကြီး၏ အနောက်တောင်ထောင့် နတ်နန်း၏ အနောက်မြောက်ဘက်ရှိ ကန်ဘောင်ကုန်း နဘူးတောအတွင်း နွားကျောင်းသားများ ကြုံးပြီကာ အားပြတ်လဲနေသည့် နွားအား တွေ့ရှိရခြင်း ဖြစ်သည်။ နွားမှာ ကြိုးတန်းလန်းနှင့်ဖြစ်၍ ကြိုးစနှင့် နဘူးချုံငြိကာ မရုန်းနိုင်ဘဲ နေရာမှာပင် အစာငတ်ရေငတ်ဖြစ်ကာ အားပြတ်ကာလဲနေခြင်း ဖြစ်သည်။

ထူးခြားသည်မှာ နွားရှာသူတွေလည်း ထိုနေရာဝန်းကျင် သစ်တောချုံများအနီး ဖြတ်သွားဖြတ်လာရှိသည်။ အခြားနွားအုပ်၊ ဆိတ်အုပ်များလည်း



www.burmeseclassic.com

www.burmeseclassic.com

ကန်တွင်းပတ်ဝန်းကျင်အနီးနား နေ့ခင်းဘက် နွားကျောင်းချိန် ဥဒဟိုဖြတ်သွားဖြတ်ပြန်ရှိသည့်နေရာလည်း ဖြစ်သည်။ လမ်းနှင့်လည်း အတောင်လေးငါးဆယ်ထက်မဝေးသည့်နေရာ၊ နွားကြီးငြိမ်နေသည့် ကန်ဘောင်ကုန်း နဘူးတောကလည်း ဧကဝတ်ထက် မကျယ်ဝန်းသည့် နေရာကျဉ်းကျဉ်းလေး ဖြစ်သည်။ ယာထွန်၊ မြက်ရိတ်သွားကြသည့် နွားရှဉ်းကလည်း တစ်နေ့ သုံးလေးစီးထက်မနည်း ဖြတ်သွားဖြတ်ပြန်ရှိသော်လည်း ထိုနွားငယ်မှာ အသံပေးအော်ဟစ်ခြင်း လုံးဝမရှိ၊ အကျောက်အကန်ရုန်းကန်တာလည်း မတွေ့ရသောကြောင့် နွားရှာသူတို့ လုံးဝမတွေ့ရခြင်း ဖြစ်သည်။ ထိုကန်ဘောင်ကုန်းနေရာ နဘူးတောကား လူလက်ခုပ်တစ်ဖောင်သာသာ တောပင်ဖြစ်ပြီး ဆီးပင်၊ တမာပင်၊ ထနောင်းကန္တာရပင်တို့ရှိနေသည်။ တောချုံနေရာကလည်း ကျဉ်းကျဉ်းဖြစ်သော်လည်း အသံပေးခြင်းလည်းမရှိ၊ ရုန်းကန်ခြင်းလည်းမပြုဘဲ ကြိုးငြိသည့်အတိုင်း မရုန်းမအော်ဟစ်ဘဲ နေရာမှာပင် ခွေလဲကျလျက် တွေ့ရှိခဲ့ရသည်။ အချို့သူများ သူပြောငါပြော ပြောဆိုနေကြသည်မှာ ကန်ဦးဘက် ကန်ဦးထိပ်တွင် မဆင်မခြင် အပေါ့သွားမိခဲ့သောကြောင့် ကန်စောင့်နတ်က မကျေနပ်၍ နတ်ဝှက်၍ ထားခဲ့တာဟု ပြောဆိုလျက်ရှိနေပါသည်။

အုတ်တစ်သိန်းကန်ကွင်းတစ်ဝိုက်ကား မြေကြမ်းသည့် အစောင့်အရှောက်ကြီးသည့်နေရာများလည်း ဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွေ့ရှိရသည့် မြွေကြီးများတွေ့လျှင် မသတ်မိကြဖို့ မေတ္တာပို့သကာ ပေးကြဖို့ပင် ဖြစ်သည်။ ကန်ကြီး၏အနီးနားတစ်ဝိုက် လယ်မြေယာမြေလုပ်ကိုင်သူတို့အနေနှင့် လယ်ယာလုပ်ငန်းခွင်ဝင်ချိန်တွင် ကွင်းပိုင်၊ နယ်ပိုင် ဘုမ္မိယအစောင့်အရှောက်တို့အား လက်ဖက်၊ ကွမ်းယာ၊ စားဦးစားဖျားများတင်မြှောက်ကာ မေတ္တာပို့သ အမျှအတန်းပေးဝေခြင်းကို ပြုလုပ်ကာ လုပ်ကိုင်ကြလျှင် မည်သည့်အန္တရာယ် မကောင်းသည့်အနိဋ္ဌာရုံတို့ လုံးဝကြုံတွေ့မည် မဟုတ်ပေ။

ဖော်ပြပါ ဖြစ်ရပ်အချို့မှာ အုတ်တစ်သိန်းကန်နှင့် ဥယျာဉ်ခြံမြေတစ်ဝိုက်တွင် ကြုံတွေ့ခဲ့ရသည့် ဂမ္ဘီရဆန်ဖြစ်ရပ် အချို့ပင် ဖြစ်ပါသည်။

နေအောင်လင်း (စလေ)

ဥာဏ်မြင့်(တောင်တွင်း)

# မြန်မာ့အုန်းမောင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထုတ် သုရဿဝတီမဂ္ဂဇင်း၊ စာမျက်နှာ (၂၂) တွင် ပါရှိသော ဆရာ ရသဂမ္ဘီရ ကျော်ဝင်းအောင် ရေးသားသည့် 'မြန်မာ့ဘုန်းတော်ကြီးကျောင်းများမှ ဂမ္ဘီရဆန်သော အုန်းမောင်းခေါက်နည်းနှင့် အုန်းမောင်းပြုလုပ်ပုံများ' ဆောင်းပါးကို ဖတ်ရှုရပါသည်။ ၎င်းဆောင်းပါးထဲတွင် 'ထိပ်ဝတစ်ပြန်၊ အနားချန်၊ လေးပြန်အဝထား ထိပ်ထူခေါင်ပါး အဝေးကြား' ဟူသော အုန်းမောင်းပြုလုပ်နည်းလင်္ကာကိုလည်း ဖတ်ရှုရပါသည်။


ဆရာရေးထားသော လင်္ကာနှင့်ဆင်တူ ကျွန်တော် သိရှိဖတ်မိသော အုန်းမောင်းပြုလုပ်နည်းကို ဖြည့်စွက်သည့်အနေဖြင့် တင်ပြချင်လာပါ၍ ယခုဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ဆရာကျော်ဝင်းအောင်အနေဖြင့်လည်း ခွင့်ပြုမည်ထင်ပါသည်။

လင်္ကာမှာ -

*'ထိပ်ဝတစ်ပြန်၊ အနားချန်၊ အလယ်လေးပြန်သွင်း၊ ထိပ်ဝငါးချိုး၊ ပယ်လေးချိုး တစ်ချိုးအပေါက်ထား၊ လက်လေးသစ်အောက်ကား၍ဖောက်၊ တောင်မြှောက်အဝေးကြား ကက်ကင်းခတ်ပြန်ခေါက်တို့မှန်၊ ဘေးရန်ပယ်ရှင်းသွား'*

ဟု ဖြစ်ပါသည်။

'ထိပ်ဝတစ်ပြန် အနားချန်' ဟု ဆိုသဖြင့် ဥပမာ အုန်းမောင်းပြုလုပ်မည့်တုံး၏ ထိပ်ဝအချင်း (၂၀) လက်မရှိပါက တုံး၏ အထက်နှင့် အောက်တို့တွင် (၂၀) လက်မစီ အနားချန်ထားရပါမည်။ 'အလယ်လေးပြန်သွင်း' ဟု ဆိုပါသဖြင့် အပေါက်ဖောက်မည့် တုံးအလယ်မှာ (၂၀) လက်မ × (၄) = (၈၀) လက်မဖြစ်ရပါမည်။ 'ထိပ်ဝငါးချိုး' ဟုဆို၍ ထိပ်ဝအချင်းကို (၅) ချိုးချိုးက (၄) လက်မစီ ရပါသည်။ 'ပယ်လေးချိုး' ဟု ဆိုပြန်သဖြင့် (၄) × (၄) = (၁၆) လက်မကို ပယ်လိုက်လျှင် ကျန်သောတစ်ချိုး (၄) လက်မကို အပေါက်ဖောက်ရန်ထားရပါမည်။ အပေါက်ကိုထွင်းရာတွင် တည့်တည့်အောက်သို့လက်လေးသစ်ထွင်းပြီးမှ အတွင်းရောက်သော် တဖြည်းဖြည်းကား၍ ဖောက်သွားရမည် ဖြစ်ပါသည်။ သို့မှသာ အသံပို၍ပြည်ဟိန်းလာမည်




ဖြစ်ပါသည်။ 'ကက်ကင်းခတ်မှန်' ဆို
ဥပမာ ပိတောက်သားကို အုန်းမောင်း
လုပ်ပါက ယင်း၏ ကက်ကင်းခတ်
သော တမာတုံးလက်ရိုက်ဖြင့် ခေါက်
မည် ဖြစ်ပါသည်။ ရှေးမြန်မာများသ
အုန်းမောင်းခေါက်ရာတွင် ရာသီ
ရက်၊ နာရီတို့ကိုပါ သိရှိနိုင်စေရန် အ
အသားများပြု၍ခေါက်ကြရပါသည်။

လွန်ခဲ့သော ဆယ်ငါးနှစ်ကျော်
ကျွန်တော့်မိတ်ဆွေသစ်အုပ်ကြီး ဦးထွ
လု (တောင်တွင်းကြီး - သစ်ထုတ်
ရေး) ၏ ကူညီမှုဖြင့် အထက်ဖော်ပြ
သော အုန်းမောင်းပြုလုပ်နည်းအတို
ပိတောက်သားဖြင့် အုန်းမောင်းငါးလုံး
လုပ်ခဲ့ဖူးပါသည်။ ပြုလုပ်ပေးခဲ့သော
လက်သမားဆရာမှာ မြို့၏ အနော
ဘက် လက်ပကွေ့ရွာမှ ဖြစ်ပါသ
အသေးလေးလုံးကို မြို့ပေါ်မှ ဘုန်း
ကျောင်းများသို့ လှူဒါန်းခဲ့ပြီး အကြီး
အုန်းမောင်းကို မကွေးမြို့မှ ဦးမောင်
(ပဲခွဲစက်) မှ တာဝန်ယူလှူဒါန်းသ
မကွေးမြို့ ကျောင်းထိုင်ဘုန်းကြီး
တန်းကျောင်းသို့ ပေးပို့လှူဒါန်းခဲ့ပါသ

ယနေ့တိုင် ကျေးလက်နေပြည်
များအနေဖြင့် အချိန်၊ နေ့ရက်၊ ရာသီ
ကို အုန်းမောင်းသံကြားရုံနှင့် သိရှိနိုင်
ကြောင်းကို ထပ်လောင်း တင်ပြ
သည်။ ဥာဏ်မြင့် (တောင်တွင်း)



www.burmeseclassic.com

www.burmeseclassic.com

# တင်နိုင်တိုး

## ညောင်ရမ်းထိပ်တင်မကြီး၏ ဈာပနအခမ်းအနားသတင်း



မင်းတုန်းမင်း၏ သားတော် ညောင်ရမ်းမင်းသားနှင့် ကိုယ်လုပ်တော် ခင်လေးဖုရားခေါ် ရှင်ခင်တို့တွင် သားတော် သမီးတော် (၅) ပါး ထွန်းကားရာ ထိပ်တင်မကြီးမှာ သမီးတော်နှစ်ပါး အနက် အကြီးဆုံးဖြစ်ပါသည်။ ညောင်ရမ်းမင်းသား၏ သမီးတော် ဖြစ်သဖြင့် ညောင်ရမ်းထိပ်တင်မကြီးဟု အမည်ထင် ရှားခဲ့သည်။ ညောင်ရမ်းမင်းသားအား အင်္ဂလိပ်အစိုးရက အိန္ဒိယသို့ ပို့လိုက် သောအခါ ခင်လေးဖုရားနှင့် သားတော် သမီးတော်များလည်း အတူပါသွားကြ သည်။

ညောင်ရမ်းထိပ်တင်မကြီး၏နောင် တော် ထိပ်တင်ဦးဇွန်းမှာ မြန်မာနိုင်ငံ တွင် ရင်ခွင်ပိုက်ဘုရင်အဖြစ် အုပ်ချုပ်ရန် မျှော်ထားခြင်းခံခဲ့ရသူ ဖြစ်သည်။ ညောင် ရမ်းမင်းသား၏သားတော်၊ သမီးတော် အများစုမှာ အိန္ဒိယနိုင်ငံတွင် ကြီးပြင်းခဲ့ ကြရသူများ ဖြစ်ပါသည်။ ညောင်ရမ်း ထိပ်တင်မကြီးသည် အိန္ဒိယသို့ ရောက် ရှိသော ကျောက်ကုန်သည် ဦးအောင် ဘနှင့် လက်ဆက်ခဲ့ပါသည်။ မင်းမျိုးမင်း နွယ် မင်းသမီးတစ်ပါးက သာမန်အရပ် သားတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။

ညောင်ရမ်းထိပ်တင်မကြီးနှင့် ဦး အောင်ဘတို့မှ သမီးထိပ်တင်စစ်ချစ်ကို ဖွားမြင်ခဲ့သည်။ ထိပ်တင်စစ်ချစ်သည် လည်း မယ်တော် ညောင်ရမ်းထိပ်တင်မ ကြီးကဲ့သို့ပင် သာမန်အရပ်သား ဦးချစ် ဆွေဆိုသူနှင့် အိမ်ထောင်ကျခဲ့ပြီး သား သမီးမထွန်းကားခဲ့ပေ။ သို့ဖြစ်၍ ညောင် ရမ်းထိပ်တင်မကြီး၏ အဆက်အနွယ် များမှာ မြေးအဆင့်တွင် အဆက်ပြတ် သွားခဲ့သည်။ သို့ဖြစ်၍ ညောင်ရမ်းမင်း သားကြီး၏ အဆက်အနွယ်များမှာ အများအားဖြင့် သားတော်ကြီးထိပ်တင် ဦးဇွန်းမှ ဆင်းသက်လာကြသူများ ဖြစ်ပါ သည်။

ညောင်ရမ်းထိပ်တင်မကြီးအောက် တွင် ကိုကလျာဏခေါ် ထိပ်တင်လတ်၊ ထိပ်တင်မလတ်နှင့် ထိပ်တင်ကလေး ဟူ သော ညီအစ်ကိုမောင်နှမများရှိကြပါ သေးသည်။ ညောင်ရမ်းထိပ်တင်ကလေး သည် ညောင်အုပ်မင်းသား၏သမီးတော် ညောင်အုပ်ထိပ်တင်မလေးနှင့် လက် ဆက်ကာ သားသမီးများထွန်းကားခဲ့ရာ ညောင်ရမ်းနှင့် ညောင်အုပ်ဆက်များ ပူပေါင်းသွားကြသည်ဟု ဆိုနိုင်ပါသည်။

ညောင်ရမ်းထိပ်တင်မကြီးသည် အိန္ဒိယတွင် နေထိုင်ခဲ့ရာမှ နောက်ပိုင်း တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိ လာခဲ့သည်။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ကွမ်းရွှေတန်းတွင် မိသားစုနှင့်အတူ နေ ထိုင်ပါသည်။ အသက် (၇၅) နှစ်အရွယ် တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။ ညောင်ရမ်းထိပ်တင်မကြီး၏ ဈာပနအ ခမ်းအနားကို ရန်ကုန်မြို့တွင် ကြီးကျယ် ခမ်းနားစွာ ကျင်းပခဲ့ကြသည်။

၂၇-၉-၁၉၃၇ ရက်စွဲပါ မြန်မာ့ အလင်းသတင်းစာတွင် ညောင်ရမ်းထိပ် တင်မကြီး၏ ဈာပနအခမ်းအနားနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေး သား ဖော်ပြထားသည်ကို တွေ့ရပါ သည်။

### ညောင်ရမ်းထိပ်တင်မကြီး၏မသာတော်

စက်တင်ဘာလ ၂၆ ရက်၊ တနင်္ဂ နွေနေ့ ညနေ (၄) နာရီခွဲအချိန်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင် ကွမ်းရွှေတန်း၌ နက်ရှာစံသော ညောင်ရမ်းမင်းသားကြီး ၏သမီးတော် ထိပ်တင်မကြီး၏ ဈာပန ကိစ္စကို အပြီးတိုင်ဆောင်ရွက်ကြကြောင်း၊ ထိုနေ့တွင် ထိပ်တင်မကြီး၏ မသာတော် ကို ရဲတပ်၊ ကန်တော်ကလေးမီးသတ်နှင့် ဓားမတပ်သားများက လိုက်ပါကြသည့် အပြင် အလောင်းတော်ကို ဆွေတော် မျိုးတော်များက အဝတ်ဖြူများဝတ်ဆင် လျက် စမ်းမားယမားကြိုးဖြင့် ဆွဲကြ ကြောင်း၊ အလောင်းတော်ကို ထီးဖြူ (၄) ချက်မိုးပြီးလျှင် ရှေ့ဆုံးမှ သံဃာတော် (၇၅) ပါးကြွလျက် နောက်မှ သီလရှင် များကလိုက်ပါကြကြောင်း၊ မသာတော် မှာ အလွန်ပင် စည်ကားလျက် ပရိသတ် များ ပြည့်ကျပ်နေရာ ပုလိပ်များက စောင့်ကြပ်ပြီးလျှင် ကြံ့တောသုသာန်သို့ ပို့ဆောင်လျက် ဂူသွင်းကြောင်း ဟူ၍ ဖြစ်ပါသည်။

အထက်ပါ သတင်းဖော်ပြချက် အရ ဈာပနအခမ်းအနားကို ရဲတပ်၊ မီး သတ်တို့အပြင် ဓားမတပ်သားများကပါ လိုက်လံ ပို့ဆောင်ကြကြောင်း ဖော်ပြ ထားသည်ကို သတိပြုမိပါသည်။ ဓားမ တပ်ဖွဲ့သည် ဒေါက်တာဘမော် တည် ထောင်သောတပ်ဖွဲ့ ဖြစ်ပါသည်။ သူ့ ခေတ်သူ့ခါအလျောက် အရေးပါသည့် အဖွဲ့ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ထီးဖြူ (၄) ချက်မိုးခြင်း၊ ယမားကြိုးဖြင့် ဆွဲကြခြင်း၊ ဆွေတော်မျိုးတော်များက အဝတ်ဖြူဝတ်ဆင်ကြခြင်းတို့မှာ ကိုလိုနီ ခေတ်တိုင် ရှေးမြန်မာဘုရင်များလက် ထက်က ဓလေ့ထုံးစံများအတိုင်း လေး စား လိုက်နာနေကြဆဲဖြစ်ကြောင်း ထင် ရှားလှပါသည်။

ညောင်ရမ်းမင်းသား၏သမီးတော် ဈာပနအခမ်းအနားသတင်းက သမိုင်း တန်ဖိုးရှိသောသတင်းတစ်ပုဒ်ဟု ဆိုနိုင် ပါသည်။

တင်နိုင်တိုး


ကျမ်းကိုး -

၁။ ကုန်းဘောင်အလွန် (ပထမအုပ်) မောင်သန်းဆွေ (ထားဝယ်)

၂။ မြန်မာ့အလင်းသတင်းစာ (၂၇-၉-၁၉၃၇)




www.burmeseclassic.com

www.burmeseclassic.com

'သားသမီးယုံ စုံလုံးကန်း၊ ကျွန်ယုံတော့ တစ်ဖက်ကန်း' ဟု မြန်မာစကား ရှိသည်။ ဒီစကားနှင့် ပတ်သက်၍ ဝက်လက်မစိုးရိမ်ဆရာတော်ဘုရားကြီး ဦးတိသက 'ဘုန်းကြီးနှင့် သာသနာ' ဆိုပြီး သူ့ဘဝအကြောင်းစာအုပ်တွင် မှတ်သားစရာလေးတစ်ခု ရေးပြထားသည်။

မိဘတိုင်းက သားသမီးယုံ စုံလုံးကန်း ဆိုတဲ့အထဲမှာ မိမိတို့သားသမီး မပါဘူးဟု မှတ်ယူထားကြသည်။ ဤစကားသည် မြန်မာမှုနယ်ပယ်၌ အများနားလည်ပြီး မကြာမကြာခိုင်းနှိုင်းသုံးနှုန်း

ခမ်းနားသောစည်းစိမ်ချမ်းသာရှိကြောင်း လျှောက်တင်လေသော် ဤသို့ဖြစ်လျှင်-

"ထိုဥဒေနမင်းကို ဖမ်းကြ"

ဟု ဆိုလေသည်။

"ထိုမင်းကို ဖမ်းရန် မစွမ်းဆောင်နိုင်ကြပါ"

လျှောက်သော် -

"အဘယ့်ကြောင့်နည်း"

ဟု မေး မြန်းတော်မူသည်။

"မှန်လှပါ၊ ထိုဥဒေနမင်းသည် ဟတ္ထိကန္တမည်သောမန္တန်ကိုတတ်သည်။ ထိုမန္တန်ကိုရွတ်ပြီး ဟတ္ထိကမည်သော စောင်းကိုတီးလျှင် ဆင်မှန်သမျှကို နိုင်နင်းသည်။ ဆင်ရိုင်းတို့ ဒူးတုပ်ခစား စေနိုင်သည်။ ဆင်ကိုယဉ်အောင် လည်း

"အရှင်မင်းကြီး၊ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူ၍ ငွေတောင်အဆင်းရှိသော ဆင်ဖြူတော်တစ်စီး နယ်စပ်အနီး၌ လှုပ်ရှားသွားလာလျက်ရှိသည်"

ဟု သံတော်ဦးတင်သည်။

ဆင်ဟု အသံကြားလျှင် မန္တန်အစွမ်းပြပြီး ငမ်းငမ်းတက်ဖမ်းချင်စိတ်ပေါက်သော ဥဒေနမင်းကြီးသော် အခြံအရံတို့နှင့်တကွ ဆင်စီး၍ မုဆိုးညွှန်ရာအရပ်သို့ ထွက်ခွာသွားလေ၏။

စဏ္ဍပဇ္ဇောတမင်း၏ သစ်သားရုပ်ဆင်ကို မြင်လေလျှင် ဥဒေနမင်းက ဆင်ဖြင့်လိုက်ဖမ်းရန် အားထုတ်၏။ ယန္တရားနှင့်လုပ်ထားသော သစ်သားဆင်ကလည်း အဟုန်ဖြင့်ပြေးလေ၏။ ဥဒေနမင်းက မန္တန်ရွတ်၊ စောင်းကိုတီး၍ ထိုဆင်ပြေးရာသို့လိုက်၏။ သစ်သား



# မိုးဇော်အောင်

## သမီးတော်ကိုယုံစားမိလို့

လေ့ရှိကြသည်။ အမှန်မှာ ဤစကားသည် မြန်မာမှုနယ်ပယ်မှာသာမက မြတ်စွာဘုရားသခင်ပွင့်တော်မူခဲ့သည့် ခေတ်ကာလကလည်း သမီးယုံလို့ မန္တန်ပေါက်လိုက်ရသော ဘုရင်တစ်ပါးရှိခဲ့ဖူးပါသည်။ ထိုခေတ်ကာလက မဇ္ဈိမတိုင်းပြည်ပေါ်သည့် ယခုခေတ်အခေါ် အိန္ဒိယနိုင်ငံက အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့ပါသည်။

ကောသမ္ဗီပြည်နှင့် ဥဇ္ဇေနီပြည် နှစ်ပြည်ထောင်တို့သည် အိမ်နီးချင်းပြည်နှစ်ပြည် ဖြစ်ကြသည်။ ဥဒေနမင်းက ကောသမ္ဗီပြည်ကို လည်းကောင်း၊ စဏ္ဍပဇ္ဇောတမင်းက ဥဇ္ဇေနီပြည်ကို လည်းကောင်း အသီးသီးအုပ်ချုပ်နေကြသည်။ စဏ္ဍပဇ္ဇောတမင်းသည် မိမိကိုယ်ကို အယင်ကြီး၏။ မာန်ဝင့်၏။ တစ်နေ့သောအခါ ဥယျာဉ်တော်မှပြန်လာသော် ငါကဲ့သို့သော စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသူ တစ်ဦးတစ်ယောက်ရှိသေးသလောဟု မှူးမတ်တို့ကို မေးမြန်းခဲ့၏။

မှူးမတ်တို့က ကောသမ္ဗီပြည်ဘုရင် ဥဒေနသည် အလွန်ကြီးကျယ်

ကောင်း၊ [illegible] လုပ်နိုင်သည်။ [illegible] ဖမ်းနိုင်စွမ်း[illegible] များစွာလည်းရှိကြောင်း လျှောက်ထားကြသည်။

စဏ္ဍပဇ္ဇောတမင်းသည် မှူးမတ်တို့နှင့် ဆွေးနွေးတိုင်ပင်ပြီး အကြံတစ်ခု ရလာသည်။ သစ်သားဆင်ရုပ်တစ်ခုကို လုပ်စေသည်။ ယန္တရားအတတ်နှင့်လုပ်ထားသောဆင် ဖြစ်သည်။ လှုပ်ရှားသွားလာလို့ရသည်။ ဆင်ဝမ်းထဲ၌ သူရဲစစ်သည် ခြောက်ဆယ်ဝင်၍ ချောင်းချောင်းနေလိုင်နိုင်သည်။ ထိုဆင်၏ကိုယ်၌ ပုဆိုးပိုင်းတို့ဖြင့်ရစ်ပတ်စေ၍ ပန်းချီအတတ်ပညာဖြင့် တကယ့်ဆင်အစစ်ပုံသဏ္ဌာန်နှင့်တူအောင် လုပ်ထားသည်။

ထိုဆင်ကို ဥဒေနမင်း၏ တိုင်းနိုင်ငံနယ်စပ်အနီး ရေကန်ပတ်ဝန်းကျင်၌ လှုပ်ရှားသွားလာစေသည်။ ဆင်ချေးတုံးအစစ်တို့ကိုရှာဖွေ၍ အနီးအနားတို့၌စွန့်ပစ်ထားစေသည်။ ထိုဆင်ကို တောမုဆိုးတစ်ယောက်က မြင်လေသော် -

ရုပ်ဆင်ကလည်း သူ့မန္တန်နှင့်စောင်း[illegible] မကြားသကဲ့သို့ [illegible] ခေါ် သွားသည်။

ဥဒေနမင်း အလွန်[illegible] ထွက်လာ၏။ မိမိဆင်[illegible] ပေါ် ပြောင်းစီးကာ တစ်[illegible] မိမိ၏စစ်သည်တော်တို့ အဝေးကြီး ကျန်ရစ်ခဲ့၏။ ဥဒေနမင်းတစ်ပါး[illegible] သာရှိနေသောအခါ စဏ္ဍပဇ္ဇော[illegible] သည်တော်တို့သည် နဂိုက ကြံ[illegible] သည့်အတိုင်း တောတွင်းမှ ဝိုင်း[illegible] လာကြ၏။ ယန္တရားဆင်ရုပ်ထဲမှ[illegible] စစ်သည်တော်များခုန်ပျံထွက်လာ[illegible] ဥဒေနမင်းကို ဝိုင်းဖမ်းကြသည်။ [illegible] နမင်းမှာ မည်သို့မျှမတတ်စွမ်းနိုင်[illegible] ဘဲ စဏ္ဍပဇ္ဇောတမင်း၏ စစ်သ[illegible] ဖမ်းဆီးခေါ် ဆောင်ရာပါရှာတော့[illegible]

ဥဒေနမင်း၏ စစ်သည်တို့[illegible] လည်း နယ်စပ်အနီး၌ စခန်းချကာ မိ[illegible] ဘုရင် နယ်ကျွံသွားသည်ကိုသိ[illegible] နေရာမှ စောင့်မျှော်လျက်ရှိ[illegible]



www.burmeseclassic.com

www.burmeseclassic.com

စဏ္ဍပဇ္ဇောတမင်းသည် ဥတေနမင်းအား လှောင်အိမ်အတွင်း အကျဉ်းချထား၍ စစ်သည်တော်များနှင့် သုံးရက်မျှ အောင်သေအောင်သားစားပွဲ ကျင်းပနေလေ၏။

ဥတေနမင်းကအစောင့်အရှောက် လုံခြုံရေးတို့အား မိမိကိုသတ်လိုကသတ် သို့မဟုတ်ပါက လွှတ်ပေးပါ။ မိန်းမဆန်သော ဤလိုအပြုအမူမျိုး မလုပ်သင့်ကြောင်း ပြောဆိုသော် ထိုလုံခြုံရေး အစောင့်တို့မှတစ်ဆင့် စဏ္ဍပဇ္ဇောတမင်းကြီးသို့ လျှောက်တင်ကြရသည်။

စဏ္ဍပဇ္ဇောတမင်းသည် အဖမ်းခံ ဥတေနမင်းထံလာ၍ ၎င်းထံ၌ ဆင်ဖမ်းနိုင်သော ဟတ္ထိကမန္တန်ရှိသည်ဟု ကြားသိရကြောင်း၊ ထိုမန္တန်ကို သင်ပေးနိုင်၊ မပေးနိုင် သိလိုကြောင်း မေး၏။

ဥတေနမင်းကလည်း သင်ပေးနိုင်ပါကြောင်း၊ သို့သော် သင်ယူသူသည် ဆရာအား ရှိခိုးမှသာ သင်ပေး၍ဖြစ်နိုင်ကြောင်း ပြန်ပြော၏။

စဏ္ဍပဇ္ဇောတမင်းကလည်း အောင်နိုင်သူဘုရင်တစ်ဦး၏ ရာဇမာန်ဝင့်ကာ မိမိအနေနှင့် လုံးဝရှိမခိုးနိုင်ကြောင်း ပြန်လည်ပြောဆိုသော် ရှိမခိုးက သင်မပေးနိုင်ကြောင်း ဥတေနမင်းကလည်း ခပ်ပြတ်ပြတ် ပြန်လည် မိန့်ဆို၏။ မန္တန်သင်မပေးက ဥတေနမင်းအနေနှင့် အသက်ဇီဝိန်ချုပ်ငြိမ်းသွားနိုင်ကြောင်း သိပါကြောင်း။ သို့သော် သင်စဏ္ဍပဇ္ဇောတမင်းသည် ကျွန်ုပ်၏ခန္ဓာကိုယ်ကို စိုးမိုးပိုင်ဆိုင်နိုင်သော်လည်း ကျွန်ုပ်၏စိတ်ကို မစိုးမရနိုင်ပါဟု ပြန်လည်ခွန်းတုံ့ဆို၏။


စဏ္ဍပဇ္ဇောတမင်း အမျိုးမျိုးစဉ်းစား၏။ ဤမန္တန်ကို မည်သူ့အားသင်ယူစေအံ့နည်းဟု တွေးတော၏။ တခြားတစ်စုံတစ်ဦးတတ်စေခြင်းငှာ မသင့်။ ထို့ကြောင့် သူ၏ချစ်သမီးတော် ဝါသုလဒတ္တာကို အရင်သင်စေပြီး မိမိမှာ ထိုသမီးမှတစ်ဆင့် ပြန်သင်ရသော် ကောင်း၏ဟုအကြံရလာ၏။

ရှိခိုး၍ သင်ယူလျှင် ငါမှတစ်ပါး တခြားသူတစ်ဦးဦး သင်ယူစေလျှင် ဖြစ်နိုင်လောဟုမေးရာ ရှိခိုးသင်ယူလျှင် မည်သူ့ကိုမဆို သင်ပေးနိုင်ကြောင်း ဥတေနမင်းက မိန့်ကြား၏။

ထို့နောက် မန္တန်သင်ယူတတ်မြောက်ပြီးက ဥတေနမင်းကို ပြန်လွှတ်ပေးမည့် ကတိကဝတ်ထားလျက် စဏ္ဍပဇ္ဇောတမင်းက သူ့ထံ၌ ခါးကုန်းမတစ်ယောက်ရှိသည်။ ထိုခါးကုန်းမသည် အလွန်ရုပ်အားကြီးသည်။ ထိုသူ့ကို တင်းထိမ်အတွင်းမှနေ၍ သင်ပေးပါဟု ပြောရာ ရှိခိုးနိုင်လျှင် မည်သူ့ကိုမဆို သင်ပေးနိုင်ကြောင်း ဥတေနမင်းက ပြန်လည် မိန့်ကြား၏။

ထို့နောက် သမီးတော် ဝါသုလဒတ္တာအား -

"ချစ်သမီး၊ ခရုသင်းစွဲ၍ နူနေသောသူတစ်ဦးသည် အဖိုးအလွန်ထိုက်တန်သော မန္တန်အတတ်တတ်၏။ ထိုသူထံမှမန္တန်ကို ချစ်သမီးက တင်းထိမ်ကာ



www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှနေ၍ ရှိခိုးသင်ယူပါ။ သမီးထံမှ တစ်ဆင့် ဖခမည်းတော် ပြန်သင်အံ့"

ဟု ပြောဆို၍ မန္တန်သင်ယူခြင်းကို စီစဉ်သည်။

ဥတေနမင်းသည် တင်းထိမ်ကာ အတွင်း၌ရှိသော မင်းသမီးကို မန္တန်ပို့ချပေးသည်။

မင်းသမီးသည် တင်းထိမ်ကာ အတွင်းမှနေ၍ ရှိခိုးကာ မန္တန်ကိုသင်ယူလျက် ဥတေနမင်းက တင်းထိမ်ကာ အပြင်ဘက်မှနေ၍ မန္တန်ကို ပို့ချ၏။ သူတို့ မန္တန်သင်ယူပို့ချသော နန်းတွင်းအခန်းအတွင်းသို့ တစ်စုံတစ်ဦးမျှ မလာရချေ။ မန္တန်ကို နေ့စဉ်သင်ပေးနေလျက် မင်းသမီးမှာ နောက်မှလိုက်၍ရွတ်ဆိုရသည်။

တစ်ရက်သော် မန္တန်ကို ဌာန်၊ ကရိုဏ်းပီပီသသရွတ်ရမည့်စကားလုံးပါလာသည်။ ဥတေနမင်းက ရှေ့ကရွတ်ဆို၍ ဝါသုလဒတ္တာမင်းသမီးက လိုက်ဆိုရာ မပီမသဖြစ်နေ၍ ဥတေနမင်း အလွန်ဒေါသထွက်သွား၏။ ထပ်ကာထပ်ကာ ရှေ့ကရွတ်ဆိုချပေးသော်လည်း နောက်က လိုက်ဆိုသူ မင်းသမီး၏ အသံမှာ မပီမသ ဌာန်၊ ကရိုဏ်းမမှန် ဖြစ်နေသည်။

ဥတေနမင်း စိတ်မရှည်နိုင်တော့-

"ဟဲ့ - ခါးကုန်းမ၊ ဒီလောက်ထူရအ,ရသလား။ သေချာနားထောင်၊ ပီပီသသဆိုပါဆို မဆိုနိုင်ဘူး။ ငါပါးလာတီးလိုက်ရ"

ဟု မြည်တွန်ကြိမ်းမောင်းတော့သည်။

ထိုအခါ မင်းသမီးမှာ အလွန်ခံပြင်းဒေါသထွက်လျက် -

"ဟဲ့ - အနူရဲ့၊ ဒိထက်ပီသအောင်ဆိုရဦးမှာလားဟဲ့ အနူရဲ့"

ဟု ခွန်းတုံ့ပြန်၏။

"နင်က ဘယ်သူ့ကို အနူလို့ပြောတာတုံးဟင်"

ဟု ဥတေနမင်းက မေးသော် -

"နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းရှိတာ နင့်ကိုမပြောလို့ ဘယ်သူ့ကိုပြောစရာရှိမှာလဲဟဲ့"

ဟု မင်းသမီးမာန်နှင့် ခွန်းတုံ့ပြန်၏။

ဥတေနမင်းသည် စိတ်ကိုမထိန်းနိုင်တော့ဘဲ ခါးကုန်းမပါးကိုချမည်ဟု ဒေါနှင့်မာန်နှင့် တင်းထိမ်ဆွဲဖယ်၍ဝင်သွား၏။

"ဟာ - အလို ဘုရား၊ ဘုရား"

ဆိုသော အသံနှစ်သံတစ်ပြိုင်နက်လိုလိုထွက်လာသည်။ ဒေါသဖုံးလွှမ်းနေခဲ့သော ဥတေနမင်း၏မျက်နှာမှာ ရုတ်ခြည်း အံ့ဩသင့်အမူအရာသို့ ပြောင်းလဲသွား၏။ ထိုနည်းတူ ဝါသုလဒတ္တာမင်းသမီး၏ မာန်တင်းခံနေသောမျက်နှာလေးမှာလည်း အံ့အားသင့်ခြင်းနှင့် တကွ အားတုံ့အားနာအမူအရာများ ပြောင်းလဲပေါ်လာသည်။

အထင်နှင့်အမြင်တွေလွဲကုန်ကြ၏။ ဥတေနမင်းစိတ်ထဲ၌ တင်းထိမ်ကာအတွင်းမှာ ခါးကုန်းမရှိသည်။ သူ တကယ် တွေ့လိုက်ရသည့် မြင်ကွင်းက ချောမောလှပသည့် ဘုရင့်သမီးတော်လေး။ ဝါသုလဒတ္တာမင်းသမီးဘက်မှလည်း တစ်ဖက်လူသည် ခရုသင်းစွဲနေသော အနူတစ်ယောက်။ တကယ်မြင်တွေ့နေရသည်က သန့်သန့်ပြန့်ပြန့် ကြံ့ခိုင်သော ခန္ဓာကိုယ်ပိုင်ရှင် ဘုရင်တစ်ပါး။

သူတို့နှစ်ဦး လက်တွေ့မြင်ကြရသောအခါ သူတို့၏ နဂိုက အမုန်းပွားမာန်ထခဲ့သော နှလုံးသားတို့သည် ခွင့်လွှတ်သောနှလုံးသားမှသည် သံယောဇဉ်နှောင်ဖွဲ့သော အချစ်နှလုံးသားများ ဖြစ်လာကြသည်။ ထိုနေ့မှစ၍ မန္တန်သင်ယူခြင်း မပြုကြတော့ဘဲ ဟန်ဆောင်၍ မန္တန်သင်ယူကြသောရက်တွေ ဖြစ်လာကြတော့သည်။

စဏ္ဍပဇ္ဇောတမင်းကြီးက -

"ချစ်သမီး၊ မန္တန်သင်ယူ၍ မပြီးသေးဘူးလား"

ဟု မေးသော် -

သင်ယူဆဲဖြစ်ပါကြောင်း၊ အရေးကြီးဆုံးအပိုင်းသို့ရောက်နေပါကြောင်း၊ သို့သော် မန္တန်နှင့်အတူ ဆေးမြစ်ပါ တွဲသုံးရမည်ဖြစ်ပါ၍ နက္ခတ်ကောင်းသောည၌ ဆေးမြစ်တူးသွားလိုပါကြောင်း၊ နန်းတော်တံခါးပေါက်တစ်ခုမှ ယာဉ်စီး၍ ၎င်းတို့အား ဝင်ထွက်သွားလာခွင့်ပြုဖို့လိုပါကြောင်း တောင်းဆိုလျှောက်ထား၏။

မင်းကြီးသည် သမီးတော်ကို ချစ်လည်းချစ်၊ အားလည်းကိုးခဲ့၏။ ထို့ကြောင့် သမီးတော် ဝါသုလဒတ္တာ တောင်းဆိုသည့်အတိုင်း ယုံကြည်စွာနှင့် ခွင့်ပြုလိုက်သည်။

မင်းကြီးထံမှ ခွင့်ပြုချက်ရသောအခါ ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့သည် ဆေးမြစ်တူးအကြောင်းပြု၍ အသွားအလာ အဝင်၊အထွက်အခြေအနေလမ်းကြောင်းသိရန် ဆင်စီးလျက် အစမ်းသွားလာဝင်၊ထွက်လုပ်ကြည့်ကြသည်။

တစ်နေ့သောအခါ စဏ္ဍပဇ္ဇောတမင်းကြီးသည် ဥယျာဉ်ကစားရန် နောက်ပါ အခြံအရံတို့နှင့်အတူ နန်းတော်မှထွက်ခွာသွားသည်။

ဥတေနမင်းသည် ရွှေ၊ ငွေတို့ကို သားရေအိတ်တို့အတွင်းထည့်သွင်းလျက် တစ်နေ့ ယူဇနာငါးဆယ်သွားနိုင်သော ဘဒ္ဒဝတီဆင်မယဉ်ပေါ်တွင် ဝါသုလဒတ္တာမင်းသမီးကို ခေါ်ဆောင်၍ နန်းတော်ထဲမှ ထွက်ပြေးလေ၏။

ဥယျာဉ်တော်၌ ကစားနေသော စဏ္ဍပဇ္ဇောတမင်းကြီးထံသို့ နန်းတွင်းအစောင့်လုံခြုံရေးတို့က သံတော်ဦးသွားတင်ကြ၏။ မင်းကြီးက သူ၏စစ်သည်ရဲမက်တို့ကို အမြန်လိုက်ဖမ်းစေ၏။

စဏ္ဍပဇ္ဇောတမင်းကြီး၏စစ်သည် ဗိုလ်ပါအပေါင်းတို့ နောက်မှလိုက်လာသည်ကို ဥတေနမင်း မြင်သောအခါ ပါလာသောငွေတို့ကို ပြေးလွှားရင်း လမ်းပေါ်ကြဲချသွား၏။ နောက်မှလိုက်သော စစ်သည်တော်တို့သည် လောဘတက်သောစိတ်ရှိရကား ထိုကြဲချခဲ့သော ငွေတို့ကို သူ့ထက်ငါ လုယက်တိုးဝှေ့ကောက်ယူကြ၏။ တစ်ဖန် လိုက်ကြပြန်၏။ ဥတေနမင်းသည် ရွှေအိတ်ထဲမှ ရွှေတို့ကိုထုတ်၍ ကြဲဖြန့်ပစ်ခဲ့ပြန်၏။ ရှေ့နည်းအတူ စစ်သည်တော်များကလည်း တိုးဝှေ့ကောက်ယူနေကြသဖြင့် ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့ စီးတော်ယာဉ်ဆင်သည် အပြေးနှင်သွားရာ မကြာမီ နယ်ခြားစည်းမှတ်တိုင် ကညင်ပင်ကြီးကို ကျော်၍ ဥတေနမင်းပိုင် နိုင်ငံနယ်မြေသို့ ရောက်ရှိသွားတော့သည်။

နောက်မှလိုက်လာကြသော စဏ္ဍပဇ္ဇောတမင်း၏ စစ်သည်တော်တို့သည် ကညင်ပင်ကြီး၏ ပင်စည်၌စိုက်နေသော ဥတေနမင်း၏လှံတော်ကို မြင်တွေ့သောအခါ မိမိတို့နိုင်ငံနယ်နိမိတ်ကျော်နေပြီဟု အသိဝင်ကာ တပ်ခေါက်ပြန်သွားကြ၏။ ထိုနယ်စပ်၌စောင့်နေသော ဥတေနမင်း၏ စစ်သည်တော်တို့သည် မိမိတို့ဘုရင်ကြီးအား စောင့်ကြို၍ နေပြည်တော်သို့ ခရီးနှင်သွားကြလေတော့သည်။ ဥတေနမင်းသည် ဝါသုလဒတ္တာမင်းသမီးကို အဂ္ဂမဟေသီမိဖုရားအဖြစ် ဘိသိက်သွန်းလောင်း၍ ကောသမ္ဗီပြည်၌ စိုးစံလျက်နေလေတော့သတည်း။

**စာကိုး -**

*အရှင်ဓမ္မသာမိဘိဝံသ၏ ဓမ္မပဒ ပထမတွဲ၊ ဥတေနမင်းကြီး ဝါသုလဒတ္တာ မင်းသမီးမန္တန်သင်ပေးခန်းကို မှီငြမ်းသည်။*

မိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com


# လမင်းသစ္စာ

နဲ့ဆို

မင်းသစ္စာ လေးဖက်နာသောက်ဆေး၊
ဒူးရှောင်ပေါင်း ဒဏ်ကျေလိမ်းဆေးရည် အားလုံးလန်းသွားမယ်နော်

လေးဖက်နာနှင့် ဂေါက်ရောဂါကြောင့်
ဒူးနာ၊ ခါးနာ၊ ဖက်ကြောတက်၊
ထုံကျဉ်ကိုက်ခဲ၊ ခြေဆစ်လက်ဆစ်ကိုက်၊
အရိုးကျီးပေါင်းတက် ၊ အဆစ်အမျက်၊
အကြောရောင်ဖြစ်လျှင် -



**လမင်းသစ္စာဆေးကိုလိမ်း၊**
**လမင်းသစ္စာဆေးကိုသောက်**
**လက်တွေ့ပျောက်**



# ရွှေနံ့သာ
အမှတ်တံဆိပ်

**ဆီးချိုသွေးချိုကျဆေး**

ဆီးချို၊ သွေးချိုကို ပုံမှန်အထိကျစေပြီး
ဆီးချို၊ သွေးချိုရောဂါကြောင့် ဆီးမကြာခဏ
သွားခြင်း၊ ရေငတ်ခြင်း၊ ချွေးထွက်လွန်ခြင်း၊
မောပန်းနွမ်းနယ်ခြင်း၊ မျက်စိမှုန်လာခြင်း၊
ခန္ဓာကိုယ်ယားယံခြင်း၊ အနာကျက်ခဲခြင်း၊
ခြေလက်ထုံကျဉ်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

ဆေးဝါးမှတ်ပုံတင်အရ လမင်းသစ္စာ လေးဖက်နာသောက်ဆေးအား လမင်းသစ္စာ အဆစ်ရောင်ရောဂါသောက်ဆေးအဖြစ် အမည်ပြောင်းလဲပါမည်။

– အမှတ် (၁၉၃/၄ဘီ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၅၂၃၄၇၈၊ 📱 ၀၉-၅၁၃၁၆၄၃
– လှထမေတ္တာ၊ မိဘမေတ္တာ၊ ဦးမြင့်ဆွေ၏သားများ၊ ကိုလှစိုး၊ အာရောဂျ၊ ၁၅လမ်း ကိုဝင်းမြင့်+မအေဘီ၊
– ကိုသက်နိုင်၊ သုခချမ်းသာ၊ အာရောဂျ၊ မင်းသား၊ စံမတူ၊အောင်၊ NEO ၊ တောင်ကြီး - လင်းဆေးဆိုင်
– ကောင်းသန့်၊ မထူးမခြား၊ အောင်ရတနာ၊ ဆွေလ၊ ဘဝသစ်၊ ပဲခူး - နေလ၊ ဖိုးခွားလေး။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၃/၂၀၁၀ (တအဆလ/ တိုး-၁၂၄၁)



# သဘာဝသမားတော်

## အသည်းနှင့် ဆီးချိုအထူးကုဆေးခန်း




ကျွန်မ မဝင်းမာ မှာအသည်းခြောက်၊ ရေဖျင်းစွဲ၍ ဝမ်းဗိုက်ကြီးပူပြီး ခြေထောက်များ ရောင်၍ အသည်းအထူးကုပါရဂူမှ (၆) လပဲ နေရတော့မည် ဆိုပြီး စိတ်ဆင်းရဲနေရာမှ သမားတော်ဆေးခန်းတွင် (၃)လအတွင်း ငွေကုန်လဲသက်သာ၊ ဝေဒနာလည်းသက်သာ ပျောက်ကင်း၍ ဘဝတူများကို လမ်းညွှန်အပ်ပါသည်။

စိတ်သိလိုလျှင် ☞ ဒေါ်ဝင်းမာ (ပဲနွယ်ကုန်း - ဖုန်း ၀၉ ၄၂၈၁၁၅၆၅၃)



(ဒေါ်ဝင်းမာ)

**" ရောဂါပျောက်ကင်းသူများမှ အနည်းငယ်ထုတ်နှုတ်ဖော်ပြရလျှင် "**

- ဦးဒေဝရိန္ဒ – "မှတ်ချိုအိပ်ကင်ဆာ" – ကျိုက်ထိုမြို့ (၂ လနှင့် ပျောက်ကင်း)
- ဒေါ်လှမြင့် – "အူမကြီးကင်ဆာ" – မ–၄၁၀၊ အောင်မေတ္တာလမ်း၊ ဖျာပုံမြို့။ (၃ လ နှင့် သက်သာပျောက်ကင်း)
- ...ားဝဟန် – "အသည်းကြီး" တာမွေမြို့နယ်။ (တစ်ပတ်နှင့်ပျောက်ကင်း)
- ...ကြည်ကြည်အောင် – အသည်းရောင်ဆီးပိုး၊ ရွှေဘိုသာလမ်း။ (၆ လအတွင်း Negative ဖြစ်)
- ...မျိုးနိုင် – "အသည်းအဆီဖုံး၊ အသည်းရောင်၊ အသည်းကြီး" မော်ဘီမြို့။
- ဦးသန်းထွန်း – "အသည်းရောင်ဆီးပိုး" ပုသိမ်မြို့။ (၆ လနှင့်ပျောက်ကင်း)

ဆေးခန်းဖွင့်ချိန် – တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး နေ့ (နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ) (သောကြာနေ့တိုင်းဆေးခန်းပိတ်သည်)။

အမှတ် (၁၁၂)၊ ကာဘိုးလမ်း၊ (၄၅) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။ ဖုန်း - ၀၉ ၄၂၁၁၂၁၈၉၀၊ ၀၉ ၂၅၄၂၃၀၉၅၆
...နေ့ - နံနက် (၁၀) နာရီမှ နေ့လည် (၁) နာရီ (တိုက် (၁)၊ အခန်း (၈) မြေညီထပ်၊ လှိုင်ရတနာအိမ်ရာ
အင်းစိန်လမ်းမကြီး၊ ထိုင်ဝမ်စားတော်ဆက်ရှေ့၊ လှိုင်မြို့နယ်။


www.burmeseclassic.com

www.burmeseclassic.com

ကိုသာအေးတို့ လင်မယားက သာယာကုန်းရွာကလေးတွင် နေထိုင်ကြကာ တောင်သူလယ်လုပ်ဖြင့် အသက်မွေးကြလေသည်။ ကိုသာအေးတို့ အိမ်ထောင်သက်ငါးနှစ်ရှိသောအခါ သမီးကလေးချည်း နှစ်ယောက်ဆက်မွေးလာခဲ့သည်။ မိခင်ဖြစ်သူ မြခင်ကတော့ သမီးကလေးများချည်းမွေးလာသဖြင့် ပို၍ဝမ်းသာနေလေသည်။ ထိုသမီးကလေးများ အရွယ်ရောက်လာခဲ့လျှင် မိခင်

ယောကျ်ားလေးများ မွေးထားကြသူများက အရွယ်ရောက်ကြသောအခါ ဖခင်ဖြစ်သူအတွက် အကူအညီရခဲ့တော့၏။

"ဟေ့-ညီမောင်၊ မင်းထယ်ကောက်လာသလား။ မင်းအဖေကော"

"ကျွန်တော်ပဲ အဖေ့အစား ထယ်ကောက်လာခဲ့တယ်လေ။ အဖေ့ကို အိမ်မှာ အနားယူခိုင်းထားတယ်ဗျ"

အလုပ်ဘယ်လောက်ပင် အရေးကြီး... အလုပ်နားထားကြကာ ထိုသာရေး... နာရေးကိစ္စများတွင် သွားရောက်... ဝိုင်းဝန်း ဆောင်ရွက်ပေးကြလေသည်... တစ်ရွာတည်းသားချင်းတွေလည်းဖြစ်... သူ့ကိစ္စကိုယ့်ကိစ္စတွေက မလွဲမသွေ... လာကြမည်သာ ဖြစ်သည်။ ကိုယ့်ထံ... သွားမှ သူလက်လာမည်ပင် မဟုတ်...

# (ဒေးဗျစတီ)

# တင့်ထူး

## ထူးဆန်းစွာ သားဆုပန်သူနှင့် ညောင်စောင့်နတ်သူတော်စင်



အတွက် ကူဖော်လောင်ဖက်ရလာမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

သမီးတွေချည်း ဆက်တိုက်မွေးလာခဲ့သောအခါ ဘဝင်မကျဖြစ်နေသည်က ကိုသာအေး ဖြစ်သည်။ သူမွေးစေချင်သည်က သားယောကျ်ားလေးဖြစ်၏။ သားယောကျ်ားလေး မွေးလာမှပင် ဖခင်အတွက် အကူအညီရမည်ပင် မဟုတ်ပါလား။ ရွာထဲတွင် သား

ညီမောင့်စကားကို သာအေးကြားမိတော့ သားယောကျ်ားလေးတွေမွေးရကျိုးနပ်သည်ဟု ထင်ခဲ့မိသည်။

"ဟာ - ရွာအရှေ့ပိုင်းက ဒေါ်ဝိုင်းစိန်ရဲ့သားတွေကိုရှင်ပြုတော့မှာပါလား။ အလှူရက်ရောက်ရင်တော့ ငါပဲနုတ်ရပ်ထားဦးမှပဲ"

ရွာမလေ့က ရွာထဲတွင် သာရေး၊ နာရေးကိစ္စများရှိလာလျှင် မိမိတို့၏

လား။ သူများကိစ္စကြုံသည့်အခါ ကို... က သွားရောက်မဝိုင်းဝန်း မဆောင်ရွ... ခဲ့လျှင် ကိုယ့်ကိစ္စရှိလာခဲ့သောအခါ... အခြားသူများကလည်း ဘယ်မှာလျှ... ဝိုင်းဝန်းပေးကြမှာနည်း။ အလုပ်အရေး... ကြီးလို့၊ ဖျားလို့နာလို့အကြောင်းပြ... ရှောင်နေကြမည်ပင် ဖြစ်လေသည်...

"ဩော် - သားယောကျ်ားလေး...



www.burmeseclassic.com

www.burmeseclassic.com

…ခွေးထားကြတော့ သားရှင်ပြုပွဲတွေ …ပြီး ကုသိုလ်ယူနိုင်ကြပါလား။ …တော့ ကုသိုလ်ရနိုင်အောင် ရှင်ပြု …နိုင်တဲ့ သားယောကျ်ားလေး မမွေး …ခဲ့လို့ သူများနည်းတူ အလှူမလုပ်နိုင် …ပါလား"

တိုးသာအေးမှာ သူ့အဖြစ်ကို ပြန် …ကြည့်ကာ ဝမ်းနည်းသလိုဖြစ်လာ …သည်။ တောသူတောင်သားဘဝက …ထဲချောင်းထဲတွင် အပင်ပန်းအဆင်းရဲခံကာ စိုက်ကြပျိုးကြမည်။ ထွက်ရှိလာခဲ့သည့်သီးနှံများရိတ်သိမ်းပြီးလျှင်မျိုး၊ ဝမ်းစာချန်ကာ အပိုအလျှံကို ရောင်းကြမည်။ ရောင်းရငွေများအား မသုံးရက်မစွဲရက်။ မိမိတို့ရင်နှစ်သည်းချာဖြစ်သောသားလေးများအား ရှင်သာမဏေသွတ်သွင်းပေးကာ ဘဝနောင်ရေးပါနိုင်သောကုသိုလ်တရားရရှိရေးအတွက်သာ အားခဲမျှော်မှန်းကြသည်။ တချို့က တစ်နှစ်၊ နှစ်နှစ်နှင့် မလှူလောက်သေးလျှင် လေးငါးနှစ်လုပ်ကိုင်၍ စုဆောင်းခဲ့ကြသည်။ စုမိဆောင်းမိဖြစ်လာသည်နှင့် နွေလသီတင်းပေါက်ကာ တလင်းပိတ်သိမ်းပြီးကြသောအခါ သားရှင်ပြုပွဲများကို အကြီးအကျယ် ကျင်းပခဲ့ကြတော့သည်။

"ဟဲ့ - အေးမြ၊ ညဉ်းအလှူမှာ ဝတ်ဆင်ဖို့ အင်္ကျီ၊ လုံချည်တွေ ဝယ်ချုပ်ပြီးပလားဟင်"

"မဝယ်ရသေးပါဘူး မြမြရယ်။ အမေ့ကိုတော့ပူဆာထားတာပဲလေ"

"ချုပ်မယ်ဆိုရင်လည်း မြန်မြန်ချုပ်တော့လေ။ အလှူရက်က သိပ်မလိုတော့ဘူးဟ"

ရွာထဲတွင် အလှူ မင်္ဂလာဆောင်





www.burmeseclassic.com

www.burmeseclassic.com

ရှိလျှင် ရွာထဲရှိ ကာလသား၊ ကာလသမီး ပျိုတို့မှာ ကြိုတင်ပြင်ဆင်ခဲ့ကြတော့သည်။ တချို့က နွေရောက်လျှင် ရွာထဲ၌ အလှူလုပ်မည်ဟု သတင်းသဲ့သဲ့ကြားသည်နှင့် မိမိတို့ ကောက်စိုက်၊ ကောက်ရိတ်၊ ပဲနုတ်၊ ပဲကောက်အလုပ်တို့မှရလာသော ငွေကြေးများကို မစားရက်မသုံးရက်ဘဲ ကြိုတင်စုဆောင်းထားကြကာ အလှူရက်နားနီးသည်နှင့် မိမိတို့အသုံးအဆောင်ပစ္စည်းများကို ဝယ်ယူကြလေသည်။

ကိုသာအေးအဖြစ်က တခြားလူများ အလှူရှင်လောင်းလှည့်လျှင်၊ မြင်းပေါ်မှ ရှင်လောင်းများကို မြင်တွေ့လျှင် သူ့မှာ သားယောကျ်ားလေးရှိခဲ့ပါကသည်လိုမြင်ကွင်းမျိုးကို ကိုယ်တိုင်ပင်ပြုပေးနိုင်မည်ဟု တွေးနေမိခဲ့သည်။ အလှူပွဲကြီးနေ့တွင် မောင်ရင်လောင်းများ ဆံချပြီး၍ သင်္ကန်းဝါဝါကလေးများနှင့် တွေ့မြင်လေလျှင် သူအလွန်ပျော်ခဲ့မိသည်။

တစ်နေ့တွင် ကိုသာလေးတို့လင်မယား ထမင်းဝိုင်းတွင်အတူစားနေကြရင်းက ကိုသာအေးက ပြောလာလေသည်။

"ဟဲ့မြခင်၊ နင်ကလည်းဟာ သမီးတွေချည်းမွေးနေတော့တာပဲ။ သားယောကျ်ားလေးလည်း မွေးပေးပါဦးဟ"

"အလိုတော်၊ ကိုယ်မွေးချင်တိုင်း မွေးလို့ရတာမှတ်လို့တော်။ ကံပေးလာသမျှပဲ မွေးတော့မပေ့ါတော်ရဲ့"

"မင်း ရွာထဲမှာ လိုက်ကြည့်စမ်း။ သားကလေးတွေမွေးထားတော့ ဖခင်အတွက် ဘယ်လောက်အထောက်အကူရသလဲ။ ပြီးတော့ သားရှိသူတွေက လှူလိုက်ကြတာကွာ။ ငါတို့မှာက သမီးတွေပဲ မွေးထားခဲ့တော့ သူများတွေလှူရင်လည်း ငေးပဲကြည့်နေရတော့တာပဲ မြခင်ရယ်"

"ကျုပ်လည်း သားယောကျ်ားလေးမလိုချင်ဘဲနေပါမလားတော်။ သားကလေးမွေးလာမှ ရှင်ပြုပေးနိုင်ပြီး အလှူရှင်မကြီးဖြစ်မှာလေတော်"

ကိုသာအေးတို့ လင်မယားမှာ ရတာမလို၊ လိုတာမရဖြစ်နေခဲ့ကြလေသည်။ နှစ်ယောက်စလုံးကလည်း သူတကာတွေ သားရှင်ပြုပွဲလုပ်ကြလျှင် သူတို့လည်း ပြုပေးချင်ကြသည်။ အလှူ့ရှင် အလှူ့အမများဖြစ်လိုခဲ့ကြလေသည်။

❐

တစ်နေ့တွင် ကိုသာအေး လယ်ထဲမှ စောစောထယ်ဖြုတ်လာခဲ့လေသည်။

"ဟင် - ရှင်ဒီနေ့လယ်ထဲကပြန်လာတာစောလှချေလား။ ရှင်နေမကောင်းလို့များလားတော်"

"ငါနေကောင်းပါတယ်ကွာ။ ဒီနေ့ မင်းကို ပြောစရာတစ်ခုရှိလို့ စောစောပြန်လာခဲ့တာကွ"

"ဘာများပြောမှာလဲရှင်"

"ဒီလိုကွ၊ ငါမနက်ကလယ်ထဲ ထယ်ထိုးပြီး ထယ်ခဏနားနေတုန်းမှာ ဟို ညောင်ပင်သာက ကိုမှတ်ဆိုတဲ့လူနဲ့ တွေ့လို့ ကန်သင်းပေါ် ထိုင်ကြရင်းစကားပြောခဲ့ကြတယ်ကွ"

"ဟုတ်ပါပြီ။ အဲဒီကိုမှတ်က ဘာများပြောခဲ့လို့လဲဟင်"

"ကိုမှတ်ကပြောတယ်။ မင်းတို့ လင်မယား သားရှူးပြီး သားယောကျ်ားလေးလိုချင်နေကြတယ်လို့ကြားတယ်တဲ့။ သားယောကျ်ားလေးလိုချင်ရင် ရွာဦးမှာရှိတဲ့ ညောင်ပင်စောင့်ဆီမှာ သားဆုတောင်းခဲ့ရင်ရနိုင်တယ်တဲ့ကွာ။ သူ့ရွာက သမီးတွေချည်းဆက်တိုက်လေးဦးမွေးခဲ့တဲ့ ဒေါ်လှခင်တစ်ယောက် ညောင်ပင်စောင့်ကို သွားပူဇော်ပြီး သားဆုတောင်းခဲ့တာ အခုတော့သားယောကျ်ား အမြွှာပူးလေးနှစ်ယောက်တောင် မွေးခဲ့သတဲ့ကွ"

"ဟုတ်ရဲ့လားတော်ရယ်။ ကျုပ်တို့ သားယောကျ်ားလေးလိုချင်နေမှန်းကြားသိလို့များ ပြောသွားခဲ့တာလားပဲတော်"

"သူပြောခဲ့တာ ဟုတ်တယ်ကွ။ သူ့ရွာထဲမှာ ယောကျ်ားလေးအမြွှာပူး မွေးခဲ့တယ်ဆိုတာလည်း ဟုတ်တယ်ကွ"

"ဟုတ်လား၊ ဒါဆိုရင် ကျုပ်တို့လည်း ရွာဦးကညောင်ပင်ကြီးမှာ ဆီမီး၊ အမွှေးတိုင်ထွန်းပြီး သားဆုသွားတောင်းကြရင်မကောင်းဘူးလားတော်"

"ကောင်းတာပေ့ါ မြခင်ရယ်။ ငါကလည်း အဲဒါပဲတိုက်တွန်းမလို့လေ"

ကိုသာအေးတို့လင်မယားလည်း တစ်ညဦးပိုင်းတွင် ရွာဦးကညောင်ပင်ကြီးသို့ နှစ်ယောက်အတူလာခဲ့ကြကာ ဆီမီး၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ပြီးလျှင် သားဆုတောင်းကြလေသည်။

"ညောင်ပင်စောင့်ရုက္ခစိုးနတ်ကြီးရှင်၊ ကျွန်မတို့မှာ သမီးမိန်းကလေးတွေချည်းမွေးခဲ့ပြီး သားယောကျ်ားလေး မမွေးခဲ့လို့ မိဘများအနေနဲ့ အလှူအတန်းမပြုလုပ်နိုင်ခဲ့ကြလို့ စိတ်ဆင်းရဲနေကြရပါတယ်။ ဒါကြောင့် ဒီတစ်ကြိမ်မှာ သားယောကျ်ားလေး မွေးဖွားလာအောင် ကူညီမစပေးသနားတော်မူပါ အရှင်ရုက္ခစိုးနတ်ကြီးရှင့်"

"ညောင်ပင်စောင့်နတ်ကြီးခင်ဗျား ကျွန်တော်မျိုးတို့အား သားယောကျ်ား လေးမွေးလာအောင် ကူညီမစပေးခဲ့မယ် ဆိုရင် ကျွန်တော်မျိုး အိမ်ခြံပေါက်နွား သိုးကိုသတ်ပြီး အမဲအသည်းနဲ့ပူဇော် ပေးပါမယ် နတ်မင်းကြီး ခင်ဗျား"

ကိုသာအေးတို့ လင်မယားသည် လူမစွမ်းတော့ နတ်မစေရန် ပူဇော် တည်၍ပြန်ခဲ့ကြလေသည်။

❐

"ဟဲ့-မြခင်၊ အိမ်မှာ ဟိုဟာလုပ် ဟာလုပ်ရင်လည်း ဖြည်းဖြည်းသက်သာ လုပ်ဦးနော်။ ပြီးတော့ အလေးအပင် တွေ မနိုင်မနင်းမ,မနဲ့။ အခုလို ကိုယ် ရစမှာ အစစဆင်ခြင်ရတယ်နော်"

"အမလေးတော် - သူမွေးမှာ နေတာပဲ။ ဒါတွေကျုပ်သိပါတယ်တော် ကျုပ်က ဒီတစ်ခါကိုယ်ဝန်ရလာတာ သားယောကျ်ားလေးပဲလို့ ယုံကြည် အစစဆင်ခြင်နေပါတယ်တော်"

သားရှူးရှူးနေကြသော လင် မယားနှစ်ယောက်မှာ ဇနီးသည်ကိုယ် လွယ်လာခဲ့ရပြီဆိုတော့ ရလာသည် ကိုယ်ဝန်ပျက်ကျမည်ကို စိုးရိမ်စိတ် မယားအား အစစဆင်ခြင်ရှိစေရန် သ ပေး၏။ မယားဖြစ်သူကလည်း ယခု လာသည့် ကိုယ်ဝန်မှာ ညောင်ပင်စော ရုက္ခစိုးနတ်ကြီးအား ပူဇော်ပ,သ၍ သား ဆုတောင်းခဲ့သဖြင့် သားယောကျ် လေးပင်ဖြစ်ရမည်ဟု တထစ်ချယုံကြည် ထားပြီး ပို၍ပင်သတိထားနေထိုင်ခဲ့ သည်။

"ဟဲ့မြခင်ရေ၊ မင်းအဲဒီမီးဖိုချော ကနေပြီး အိမ်ရှေ့ကိုလမ်းလျှောက်လာ စမ်းပါ"

"ရှင်ဘာကိစ္စရှိနေပြန်ပြီလဲ တော်"

"လျှောက်သာလျှောက်လာစမ်း ကွာ"

မြခင်က သူ့ခင်ပွန်းပြောသည် အတိုင်း အိမ်ရှေ့သို့လျှောက်၍ ထွ လာခဲ့လေသည်။

"အင်း - မင်းလမ်းလျှောက် ကို မြင်ရတော့ သားယောကျ်ားလေး ပဲဆိုတာ သေချာပြီဟေ့"

"ဟင် - ရှင်က ဘာကိုကြည့် သားလေးပဲလို့ပြောနိုင်တာလဲတော်



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလေကွာ၊ မင်းလမ်းလျှောက် ကြည့်တော့ ယာဘက်ခြေက ပြီး လျှောက်လာခဲ့တာကိုးကွ။ ခြေနဲ့သာ စလှမ်းပြီးလျှောက်လာ တော့ သမီးမိန်းကလေးပဲလေကွာ"

"ရှင့်ကိုဘယ်သူကများပြောလိုက် လဲတော့"

"ဒီလိုပေါ့ကွာ၊ အတွေ့အကြုံရှိတဲ့ ယောက်ကပြောပြလို့ လက်တွေ့ သပ်ကြည့်ခဲ့တာပါကွာ"

"အင်း ကျုပ်တို့သားလေးသာမွေး ခဲ့ရင်တော့ ညောင်ပင်စောင့်နတ်ကြီး ယ်မ,စတာပဲ ဖြစ်မယ်နော်"

"ဒါပေါ့ကွာ၊ သားလေးသာဆိုရင် အဖို့ အလှူ့ဒကာ၊ အလှူ့အမကြီး ဖြစ်နိုင်ကြပြီပေါ့"

"တော်အလှူ့ဒကာဖြစ်နိုင်တာကို လင့်ပြီး ဝမ်းသာမနေနဲ့ဦးလေ။ ဒကာအဖြစ်နဲ့ မွေးလာမယ့်သား ကို ရှင်ပြုပေးနိုင်အောင် ရှင်ဒါထက် စားပြီးအလုပ်လုပ်ရလိမ့်မယ်နော်"

"ငါကြိုးစားလုပ်ရမှာပေါ့ မိန်းမ"

သူတို့ကို အဖြစ်သည်းလှသည်ဟု ချင်လည်း ထင်ကြပါစေ။ သူတို့က ညောင်ပင်တွင် သားဆုတောင်း၍ ကောင်းပြည့်လာရမည်ဟုသာ ယုံ ကြပြီး ရှေ့ဆက်ရမည့်အရေးများ ကြိုတင်စဉ်းစားနေခဲ့ကြတော့ ။

❐

"ဟေ့ကောင် သာအေး၊ မင်းက ထဲမှာ အေးဆေးနေတာကိုးကွ။ မအိမ်မှာဗိုက်နာနေပြီလေ"

"ဟာ - ဟုတ်လား ကိုကြီးအောင်"

"ဟုတ်လို့ လက်သည်ဒေါ်ဖွားမေ ောင် မင်းအိမ်ကိုရောက်နေပြီလေ"

ကိုသာအေးမှာ သူအလလကြာ စောင့်ဆိုင်းခဲ့ရသောအချိန်ကိုရောက် ပြီဖြစ်၍ သတင်းကြားလျှင်ကြား အိမ်သို့မပြေးရုံတမည်ပင်လှမ်းလာ ။ အိမ်ဝသို့ရောက်သည်နှင့် 'အူဝဲ ဆိုသော ကလေးငိုသံကိုကြားလာ တော့သည်။

"ဟာ - မွေးပြီပဲ။ ဘုရား ဘုရား လေးပဲဖြစ်ပါစေ"

"ဩော် - သာအေးရောက်နေပြီ နင့်မိန်းမယောကျ်ားလေးမွေးတယ်

"ဟာ - ဟုတ်လား။ ကျုပ်ဝမ်းသာ လိုက်တာဗျာ"

သာအေးမျက်နှာက မှီရသော မျက်နှာလို ဝမ်းအသာကြီးသာနေတော့ သည်။ သားလေးမွေးလာခဲ့သဖြင့် အပေါင်းအသင်းတွေမှ ခမည်းခမက် တော်လိုသူတွေကို ပြန်လှန်ပြောဆိုခွင့်ရ တော့မည်ပင်။ ယခင်က မိန်းကလေး များသာ မွေးခဲ့သဖြင့် သူ့အား အုန်းပွဲ ငှက်ပျောပွဲတော့ အကန်တော့ခံရမှာပဲ ဟု နောက်ပြောင်ကျီစယ်ခဲ့ကြသည်။ ယခုတော့ သမီးမိန်းကလေးရှင်များအား ချွေးမလောင်းရှာပြီး ခမည်းခမက်ရာပုံ တော်ဖွင့်နိုင်တော့မည်ဖြစ်၍ သူ့ဝမ်း အသာကြီးသာနေခဲ့မိတော့သည်။

မမွေးတော့လည်းမမွေးလို့ သား ဆိုသည်ကို တစ်ကြိမ်တစ်ခါမှမချီဘူးခဲ့ ချေ။ ယခု သားလေးမွေးလာခဲ့၍ ဝဝ ကစ်ကစ်နှင့် ချစ်စရာလေးဖြစ်သည်။

"မြခင်၊ မင်းဝမ်းမသာဘူးလား ဟင်"

"ဟာ - ဘယ်နှယ်မေးလိုက်ပါလိမ့် ကိုသာအေးရယ်။ ကျုပ်အနှစ်နှစ်အလလ က တောင့်တခဲ့တဲ့ ဆန္ဒပြည့်လာခဲ့လို့ ဒီ ကမ္ဘာမှာ ကျုပ်လောက်ဝမ်းသာတဲ့သူကို ရှာရင်တောင် တွေ့နိုင်မယ်မထင်မိဘူး လေ"

"အေး - ငါလည်း မင်းလိုပဲဝမ်း သာရတာပဲဟ။ ပြီးတော့ ငါက အခုသား ရှင်ပြုပွဲမှာ မောင်ရင်လောင်းရဲ့ဖခင်တစ် ယောက်အနေနဲ့ သပိတ်လွယ်ခွင့်ရလာပြီ ပေါ့ကွာ ဟား ဟား ဟား"

ကိုသာအေးက ပြောလည်းပြော ကာ သူ့အပြောကို သူ့ဘာသာသဘော ကျနေလေတော့သည်။

"ရှင် သားလေးမွေးလာလို့ ဝမ်း သာပြီးရယ်မနေနဲ့ဦး။ ဒါဟာ ညောင်ပင် စောင့်ရုက္ခစိုးနတ်ကြီးက သားဆုပေးခဲ့လို့ အခုလို သားလေးမွေးလာခဲ့တာနော်။ ရှင်ကတိပေးထားခဲ့သလိုလည်း ဆောင် ရွက်ပေးဖို့ မေ့မနေနဲ့ဦးလေ"

"အို - ငါဘယ်မေ့ပါ့မလဲကွာ။ ငါ ကတိအတိုင်း ဆောင်ရွက်ပေးရမှာပေါ့ မိန်းမရာ"

ကိုသာအေးက လယ်လုပ်သည် ဆိုပေမယ့် အမြော်အမြင်ရှိလေသည်။ လယ်လုပ်လျှင် နွားများကိုခိုင်းရသည်။ နွားမရှိ၍မဖြစ်။ တချို့ကခိုင်းနေသော နွားများအိုသွားလျှင် ရောင်းထုတ်၍ နုပျိုသောနွားများကို ပြန်ဝယ်ကာ ခိုင်း ကြရလေသည်။ ကိုသာအေးက ပြန် မဝယ်ရအောင် နွားမတစ်ကောင်၊ နှစ် ကောင်ပါ ဖက်၍မွေးထားခဲ့သဖြင့် သူ့ အိမ်တွင် နွားများပေါက်ပွားလာကာ လက်ရှိနွားတွေ အသက်ကြီးပြီး အိုမင်း သွားကြသော်လည်း အစားပြန်ဝယ်ရန် မလိုဘဲ အိမ်ခြံပေါက်နွားများကိုခိုင်းလာ နိုင်ခဲ့သည်။ သူ့အိမ်တွင် ခြံပေါက်နွား များ အတော်များများပွားများနေလေ သည်။

"အင်း - ငါ့သားလေး ခြောက်လ သားပြည့်တဲ့မွေးနေ့မှာ ငါညောင်ပင် စောင့် ရုက္ခစိုးနတ်ကြီးကို သားဆု တောင်းခဲ့စဉ်က သားယောကျ်ားလေး မွေးလာခဲ့ရင် အမဲအသည်းနဲ့ ပူဇော်ပ,သ မယ်လို့ ကတိပေးထားခဲ့တာပဲ။ ဒီတော့ ငါ့ကတိအတိုင်း သားလေးခြောက်လ သားအရွယ်ဖြစ်လာရင် အိမ်ရှိနွားတွေ ထဲက နွားပေါက်တစ်ကောင်ကို သတ်ပြီး အမဲအသည်းနဲ့ ပူဇော်ပေးရမှာပဲ"

ကိုသာအေး သူ့ကတိပေးထား သည့်အတိုင်း ဆောင်ရွက်ပေးနိုင်ရန် သားလေးခြောက်လသား ပြည့်အောင် စောင့်နေခဲ့လေသည်။

သူ၏ သားငယ်လေးမှာလည်း ခြောက်လပြည့်ခါနီးလာခဲ့သဖြင့် သွား ငုတ်တုတ်လုငုတ်တုတ် ဆိုစကားအ တိုင်း သွားကလေးတချို့ပင်ပေါက်လာ ကာ ငုတ်တုတ်ထိုင်နိုင်လာခဲ့လေသည်။

"သားရေ့ ဟေး- သား၊ မင်းက မျက်နှာသွယ်သွယ်နဲ့ လူချောပဲကွ။ တကယ်တော့ မင်းက အဖေနဲ့တူလို့ ချောလာတာပဲကွ။ ဒါပေမယ့် အသား ကညိုနေတော့ မင်းအမေနဲ့တူသွားပြန် ရော"

"အင်း-ရှင့်အသားကတော်တော် ဖြူပေတာကိုး"

လင်မယားနှစ်ယောက်မှာ သား လေးမွေးလာကတည်းက ပျော်မြူးနေခဲ့ ကြတော့သည်။ ပျော်လိုက်ကြသည်မှာ တစ်ရွာလုံးတွင် သူတို့နှစ်ယောက်တွင် သာ သားရှိနေသည့်အလားပင်။ အများ တကာက သူတို့မိသားစုကို ကြည့်ကာ အဖြစ်သည်းကြသည်ဟု ဆိုကြသည်။ မည်သို့ပင်ဆိုဆို၊ သူတို့မနာခဲ့ကြ၊ စိတ် မဆိုးခဲ့ကြပါချေ။


❐

"အင်း - နောက်နှစ်ရက်နေရင် သာအေးဟာ သူ့သားလေးခြောက်လ ပြည့်လို့ ငါ့ကို သူ့ခြံပေါက်နွားသတ်ပြီး အမဲအသည်းနဲ့ လာရောက်ပူဇော်ပေး တော့မှာပါလား"

www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်



'ကတိသစ္စာတည်သောခါ၊ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏'။

မှန်ကန်သော သစ္စာစကား ဖြစ်ပါ၏။ ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော နွယ်မြက်သစ်ပင်တို့သည် ဆေးပင်တို့သာ ဖြစ်ကြပါ၏။

နွယ်မြက်သစ်ပင်တို့၏ ဆေးဖက်ဝင်ပုံကို မသိကြသဖြင့် ဆေးပင်ကို ခေါင်းအုံးကာ ဘဝတစ်ပါးသို့ ပြောင်းသွားကြရလေ၏။

လူသားတို့သည် အသက်တာရှည်စွာနေထိုင်ရေးအတွက် နေ့စဉ် အစားအစာတို့ကို စားသောက်ကြရ၏။ 'ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်' ဟု ဆိုစမှတ်ပြုကြ၏။

ထမင်းသည် လူ့သက်တမ်းကို ခုနစ်ရက်ခန့်မျှ အသက်ရှင်တည်တံ့နေနိုင်ပါ၏။ ရေသည်ကား မသောက်သုံ...က တစ်မနက်အချိန်မျှသာ အသက်...နေထိုင်နိုင်ပါ၏။

လူသားတို့သည် အသက်ရှင်...အတွက် နေ့စဉ်စားသုံးကြသော အ...

"ဒီအကောင် တော်တော်ခက်တဲ့အကောင်ပဲ။ သူ့မှာ သားရမယ့်ကံရှိလို့ သူ့အလိုလို သားယောကျ်ားလေး မွေးလာခဲ့တာကို ငါ့ညောင်ပင်မှာလာရောက်ဆုတောင်းခဲ့လို့ သားဆုပြည့်တယ်လို့ အထင်လွဲမှားခဲ့တာပဲ။ အထင်လွဲခဲ့တယ်ပဲထားဦး။ အခုတော့ နွားတစ်ကောင်ကို သတ်ပြီးပူဇော်ပေးမယ်ဆိုတော့ နွားကသက်သက်မဲ့ကြားချောင်အဖြစ် အသေခံနေရဦးတော့မယ်။ မဖြစ်ချေဘူး၊ နွားအသတ်မခံရအောင်တော့ ငါဖယ်ရှားပေးရတော့မှာပဲ"

❐

ကိုသာအေးက ညောင်ပင်စောင့်အား ပူဇော်နိုင်ရန် သူ့ခြံပေါက်နွားသိုးတစ်ကောင်ကို အိမ်မှာပင် ချည်နှောင်ထားပြီး အစာများကို ဝ,လင်အောင် ဂရုတစိုက်ကျွေးမွေးထားခဲ့လေသည်။

တစ်နေ့ -

"ဟာ - ညောင်ပင်စောင့်ကိုပူဇော်ဖို့ အိမ်မှာပဲချည်ပြီးကျွေးမွေးထားတဲ့ နွားသိုး ချည်တိုင်မှာမရှိတော့ဘဲပျောက်နေပါလား"

ကြိုးပြတ်သလား ကြည့်တော့လည်း ကြိုးပြတ်သည်ကို မတွေ့ခဲ့ရ။ တောင်တောင်ဤဤ အနှံ့လိုက်ရှာခဲ့သော်လည်း လုံးဝရှာမတွေ့ခဲ့ပေ။ ဘယ်မှ ရှာမတွေ့သည့်အဆုံးတွင် နွားဒိုင်သို့ပင် သွားရောက် စုံစမ်းကြည့်မိခဲ့သည်။ နွားမှာရှာတွေ့ဖို့ဝေးစွ၊ သတင်းအစအနပင်မရခဲ့သဖြင့် ညောင်ပင်စောင့်အားပူဇော်ပ,သရန် ကတိပျက်မရလိုဖြစ်နေသည်။

"မင်းနွားပျောက်တာ ရွာဦးကဆရာတော်ဆီသွားပြီး ဗေဒင်လေးဘာလေးမေးကြည့်ပါလားကွ"

"ဟုတ်ပေသားပဲ၊ ဆရာတော်က ဗေဒင်တအားမှန်တာပဲ။ ဆရာတော့်ကို တွက်ချက်ကြည့်ခိုင်းရတော့မှာပဲ"

ကိုသာအေးလည်း ရွာဦးဘုန်းကြီးကျောင်းသို့ရောက်ရှိလာကာ ဆရာတော်အား အပြည့်အစုံ လျှောက်ထားပြီး နွားပျောက်ကြည့်ပေးပါရန် လျှောက်ထားခဲ့လေသည်။

"အင်း - ဒကာက ရုက္ခစိုးနတ်ကို အမဲအသည်းနဲ့ ပ,သပေးမယ်လို့ ကတိထားပေးခဲ့တာကိုး။ တကယ်တော့ ရုက္ခစိုးနတ် ဆိုတာက နတ်သူတော်စင်တွေဖြစ်လို့ တခြားပစ္စည်းများနဲ့သာ ပူဇော်ပေးသင့်တာပဲ။ အမဲအသည်းနဲ့ ပူဇော်ပေးမှာမနှစ်သက်ခဲ့လို့ သတ်မယ့်နွားကို နတ်ဝှက်ခဲ့တာပဲ ဖြစ်မယ် ဒကာ။ ဗေဒင်အဆိုအရတော့ ဒကာရဲ့ပျောက်နေတဲ့ နွားဟာ အသက်ရှင်လျက်ရှိနေပါတယ်။ သိပ်ဝေးဝေးလည်းမဟုတ်ဘူး။ ဒကာတို့ကို နွားသတ်မှာစိုးလို့ မျက်စိမှောက်ထားတာပဲဖြစ်မယ်ဒကာ။ ဒီတော့ နွားပြန်ရှာတွေ့ချင်ရင် နွားသတ်ပြီး အမဲအသည်းနဲ့ ပူဇော်မယ်ဆိုတာကို မသတ်တော့ဘဲ တခြားအုန်းပွဲ၊ ငှက်ပျောပွဲနဲ့သာ ပ...မယ်လို့ ကတိပေးပါ ဒကာ"

ဆရာတော်က မိန့်ကြားသ...ကိုသာအေးလည်း ကတိပေးခဲ့ရ...သည်။

"ကဲကဲ - ဒကာသာအေး၊ ဒကာ...ပျောက်နေတဲ့ နွားဟာ သိပ်ဝေးဝေး...မရှိဘူး။ ဟောဟို ညောင်ပင်ရဲ့အနောက်...ဘက်တောထဲလောက်မှာပဲရှိနေမှာ...သွားရှာကြည့်ကြပါ"

ကိုသာအေးလည်း ဆရာတော်...တွက်ချက် မိန့်ကြားပေးသည့်အတိုင်း...ညောင်ပင်၏အနောက်ဘက်တောထဲ...တိုးဝင်၍ရှာခဲ့လေရာ အစာစားနေသော...သူ၏ပျောက်နေသောနွားကို လွယ်...တကူပင် တွေ့ခဲ့ရတော့သည်။ ယခင်...ခဲ့စဉ်က ထိုတောထဲသို့ဝင်ရှာခဲ့ပြီး...သည်။ လုံးဝရှာမတွေ့ခဲ့ပါ။ ယခု ထို...အားသတ်၍ အမဲအသည်းနှင့် မပူ...တော့ဟု ကတိပေးခဲ့တော့မှ လွယ်...ကူကူပင်ရှာတွေ့လာခဲ့ရသဖြင့် နတ်...ထားခံရသည်မှာ ဖြစ်နိုင်ကြော...ယုံကြည်မိခဲ့တော့သည်။

ထိုနေ့ညနေပိုင်းမှာပင် ကို...အေးတို့ တစ်မိသားစုလုံး ထိုသ...တောင်းခဲ့သော ညောင်ပင်သို့ လာ...ကာ ငှက်ပျောပွဲ၊ အုန်းပွဲများနှင့် ဆ...အမွှေးတိုင်များ ထွန်းညှိပူဇော်ပေး...လေတော့သည်။

တင့်ထူး(...



www.burmeseclassic.com

www.burmeseclassic.com

ထဲမှ လူတို့အား အဆိပ်အတောက် စေသော အစာအာဟာရများ ပါရှိ တတ်ကြ၏။ မည်သူမျှလည်း မျော် ခြင်းမရှိကြ။

တစ်ခါတစ်ရံမှာ အမှတ်မထင် သောက်မိသဖြင့် အစာအဆိပ်ဖြစ် ဒုက္ခရောက်တတ်ကြ၏။ တစ်ခါ ရံမှာ မှတ်မှတ်ရရသိပါလျက်နှင့် သောက်ကြသဖြင့် အစာအဆိပ်အ တက်ဖြစ်ကာ ဒုက္ခရောက်ရ၏။

သာဓကပြရလျှင် တညင်းသီးကို စွာ စားသောက်သဖြင့် အစာအ အတောက်ဖြစ်ကာ ဒုက္ခရောက်ကြ အလားတူပင် မှိုအမျိုးမျိုးကို စား တ်မိ၍ အစာအဆိပ်အတောက် ရ၏။ ရေမှုရသော ရေကင်းကို ပြီး အရက်နှင့်မြည်းကြသဖြင့် အဆိပ်အတောက်ဖြစ်ကြရ၏။

ငါးတောက်တူငါးဥကိုစားသောက် ဖြင့် အစာအဆိပ်အတောက်ဖြစ် ၏၊ မင်းကွတ်သီးကို သကြားနှင့် သဖြင့် အစာအဆိပ်အတောက်ဖြစ် ၏၊

နွားနို့ထဲ အိမ်မြှောင်ချေးကျနေ ကိုမသိ၍ စားသောက်မိသဖြင့် အဆိပ်အတောက်ဖြစ်ရ၏။ နွား သန်ပြည်) နှင့် ပျားရည် ရောစားမိ အဆိပ်အတောက်ဖြစ်ရခြင်း ဖြင့် အမှတ်မထင် စားသောက်မိ ဖြင့် အဆိပ်အတောက်ရောဂါများ လာတတ်ကြပေ၏။

ယင်းသို့ ဖြစ်ပေါ်လာပါက ဆေး မြန်ဆန်ဆန် ကုသခြင်းကို ခံယူ ၏၊ နောက်ကျပါက ဒုက္ခရောက် ကြ၏။

ဤလောက၌ လူသားတို့ကို ပြုသော အစားအစာများကား ၏၊ ထို့ပြင် လူသားတို့၏ အသက် ကိုခြွေယူသွားသော အစားအစာတို့ သည်း များစွာရှိကြပါ၏။

'အစားမတော်တစ်လုတ်၊ အသွား တော်သော် တစ်လှမ်း၊ အပြောမတော် ခွန်း' ဟူ၍ ရှေးပညာရှိတို့က ဆို ပြုကြ၏။ အစားအစာတစ်လုတ် ကြောင့် ဒုက္ခရောက်တတ်ကြပါ၏။ သတိပြုစရာအချက်ပင် ဖြစ်၏။

အထက်ဖော်ပြပါ အစာအဆိပ် တောက်ဖြစ်ခြင်းကို ချက်ချင်းပျောက် စေသောဆေးတို့ကို တင်ပြသွားပါ ယခုဖော်ပြသည့်ဆေးတို့ကို လက် အသုံးပြုကြည့်ကြစေလိုပါ၏။ ဆေး ကသက်သေခံပါလိမ့်မည်။

ဆေးကား ဤသို့ဖြစ်ပါ၏။အကြင် သူတစ်ယောက်သည် အစားအစာ၊ မသင့်သောအရာတို့ကို စားသောက်မိ သဖြင့် အဆိပ်အတော်သင့်ကာတောက် နေပါပြီ ဆိုကြပါစို့။ ယင်းရောဂါတို့ ကြောက်စရာမလိုပါ။

ဆတ်သတ္တဝါ၏ ဦးချိုကို ရေစင် အောင် ဆေးကြောပြီး ဓားနှင့်ခြစ်ချပါ။ ဆတ်ဦးချိုမှ အမှုန်ကလေးများ ရလာပါ လိမ့်မည်။ ယင်းအမှုန့်တစ်ကျပ်သားရရှိ လာပါလျှင် သန့်ရှင်းသော ပန်းကန်၌ ထည့်ပါ။ ရှောက်သီး သို့မဟုတ် သံပရာ သီးတစ်ခုခု၏ အရည်ကို ပန်းကန်ထဲသို့ ထည့်လိုက်ပါ။

ဆတ်ချိုအမှုန့်နှင့် သံပရာအရည် တို့ ဓာတ်ပြုကာ ဆူလာပါလိမ့်မည်။ ဆတ်ချိုအမှုန့်များအားလုံး သံပရာရည် နှင့်ရောနှောကာ အရည်ဖြစ်သွားပါလိမ့် မည်။ ဆေးရည်ကိုရ၏။ အဆိုပါ ဆေး ရည်ကို အဆိပ်အတောက်မိနေသောသူ ကို ချက်ချင်းတိုက်ပေးလိုက်ပါ။ အဆိပ် အတောက်မိနေသူသည် လူကောင်း ပကတိဖြစ်လာပါလိမ့်မည်။ လက်တွေ့ ဖြစ်ပါ၏။ မည်သည့် အဆိပ်အတောက် မျိုးကိုမဆို ဤဆေးက နိုင်ပါ၏။ မည် သည့် အဆိပ်အတောက်မျိုးကိုမဆို ဤ ဆေးက နိုင်ပါ၏။ လက်တွေ့ စမ်းသပ် နိုင်ပါ၏။

အချို့သောနေရာတို့၌ ဆတ်ဦးချို သည် ရှားပါးပါလိမ့်မည်။ ယင်းသို့ ရှားပါး သောဒေသတို့တွင် အသုံးပြုရန်အတွက် ဆေးတစ်ပင်ကို တင်ပြပါဦးမည်။ ဤ ဆေးပင်သည်လည်း မည်သည့်နေရာတို့ ဖြင့် အဆိပ်အတောက်ဖြစ်၍ တောက် နေစေကာမူ ကြောက်စရာမလိုပါ။ နွယ် မြက်သစ်ပင်ဆေးဖက်ဝင်ဆိုသောကြောင့် ဆေးပင်ကို တိတိကျကျသိရှိထားရန် ပထမလိုအပ်လှပါသည်။ ဆေးပင်ကို သိ ရှိပါက ရောဂါပျောက်ကင်းရန် မခက် တော့ပါချေ။ လွယ်ကူလှပါ၏။

ကဲ - ဆေးပင်ကိုကြည့်ကြပါစို့။

ဆေးပင်ကား ရပ်ထဲရွာထဲ၌ လည်း တွေ့ရှိနိုင်ပါ၏။ ဥယျာဉ်ခြံထဲတွင် လည်း တွေ့ရှိနိုင်ပါ၏။ ထိုအပင်ကို လူ တို့သည် အမြတ်တနိုးစိုက်ပျိုးထားတတ် ကြပါ၏။ ထိုအပင်ကား အဘယ်အပင် ပါနည်း။

လူသားတို့သည် ဆေးပင်တို့ကို လွယ်လွယ်ကူကူနှင့် ပြောပြလိုက်လျှင် ဆေးပင်ကို တန်ဖိုးမထားတတ်ကြပါ ချေ။ ဒီအပင်ကား နေရာတိုင်းမှာရှိတာ ပါပဲဟု ပေါ့ပေါ့တန်တန် သဘောထား ပြီး အလေးမပြုကြ။ ဤဆေးပင်ကား အဆိပ်အတောက်မိနေသော လူပေါင်း များစွာ၏ အသက်ပေါင်းများစွာကို ကယ်တင်လာခဲ့ပါပြီ။ ဦးနှောက်တွင် စွဲမြဲစွာထားကြပါ။ မှတ်ကြပါ။ အရေး ကြုံလာပါက ချက်ချင်းလက်ငင်း အသုံး ပြုကြဖို့ကိုလည်း မေတ္တာရပ်ခံပါ၏။

ဆေးပင်ကို လူတိုင်း သိကြပါ၏။ ဆေးပင်မှာ အိမ်နီးတွင်ရှိသော အိမ်ပိန္နဲ ပင် ဖြစ်ပါ၏။

အိမ်ပိန္နဲပင်၏ အရှေ့ဘက်သို့ ထိုး နေသောအမြစ်ကိုတူးယူပါ။ အရှေ့ဘက် သို့သွားနေသော အမြစ်သည် နေ၏ အလင်းရောင်ကို ရှေးဦးစွာ ရရှိထား သဖြင့် အစွမ်းထက်သည်ဟု ရှေးမြန်မာ သမားတော်ကြီးများက ယူဆထားကြ ၏။ အစွမ်းသတ္တိလည်း ထက်မြက်ကြပါ ၏။

ဆေးမြစ်ကို ရလျှင် ရေစင်ကြယ် အောင် ဆေးကြောပါ။ ဆေးသွေးရန် ကျောက်ပျဉ်ကိုလည်း ရေစင်ကြယ် အောင် (သန့်ရှင်း) အောင် ဆေးကြော ပါ။ သန့်ရှင်းစင်ကြယ်သော ဆေးမြစ်ကို သန့်ရှင်းစင်ကြယ်သော ကျောက်ပျဉ် ပေါ်မှာ တင်ထားပါ။

ဆေးသွေးရန်အတွက် သန့်ရှင်း စင်ကြယ်သော နှမ်းဆီ သို့မဟုတ် ပဲဆီ ကို ကျောက်ပျဉ်ပေါ်တွင်တင်၍ ဆေး ကို သွေးပါ။ ဆေးသွေးသောအခါ အိမ် သုံးဆား အနည်းငယ်ထည့်ပြီး သွေးရပါ မည်။ ဆေးရည်သည် တစ်ဇွန်း သို့ မဟုတ် နှစ်ဇွန်း (ဟင်းစားဇွန်း) ခန့် ရရှိပါ က ဆေးရည်ကို ရ၏။

အဆိပ်အတောက်မိနေသော လူ နာအား ရရှိထားသောဆေးကို တိုက်ပေး လိုက်ပါ။ မည်သည့်အဆိပ်အတောက် မျိုးဖြစ်ပါစေ ဆေးရည်ကို သောက်ပြီး ပါက ငါးမိနစ်၊ ဆယ်မိနစ်အတွင်းမှာ အဆိပ်အတောက်များ ချက်ချင်းပျောက် ကင်းချမ်းသာသွားပါလိမ့်မည်။ လက် တွေ့ဖြစ်ပါ၏။ စမ်းသပ်နိုင်ပါ၏။

ဆေးပညာကို သေရွာသို့ မယူလို ပါ။ တိုင်းရင်းဆေးပညာ ဗဟုသုတ ပြည့်ဝကုံလုံပြည့်စုံနိုင်ကြပါစေ။ တိုင်းရင်း ဆေးပညာအပေါ်မှာ သစ္စာရှိစွာဖြင့်-

ကျန်းမာချမ်းသာကြပါစေ။
လိုအင်ဆန္ဒပြည့်ဝကြပါစေ။

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလအားဖြင့် ၁၉၉၀ ပြည့်နှစ်ဝန်းကျင်ခန့်က ဖြစ်ပါသည်။ ထို့ကြောင့် ဤဖြစ်ရပ်သည် နှစ်ပေါင်း (၂၀) ကျော် ကြာမြင့်ခဲ့ချေပြီ။

ဤဖြစ်ရပ်အားကိုယ်တွေ့ကြုံခဲ့သူများမှာ ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်ဆိုသော သူငယ်ချင်းနှစ်ဦးဖြစ်လေသည်။ ထိုသူငယ်ချင်းနှစ်ဦးသည် ပုဂံ ညောင်ဦးမြို့နယ် တောင်သာကြီးကျေးရွာတွင် နေထိုင်ပြီး သွားအတူစားအတူ ညီအစ်ကိုရင်းတမျှ အလွန်ချစ်ကြသော သူငယ်ချင်းများ ဖြစ်လေ၏။

တောင်သာကြီးရွာသည် ကျောက်ပန်းတောင်းမြို့နှင့် (၂၇) မိုင်အကွာတွင် ရှိပြီး ငါးသရောက်မြို့နှင့်ဆိုလျှင် (၆) မိုင်ကွာဝေးသည်။ အညာဒေသဖြစ်ခြင်းကြောင့် မျက်စိတစ်ဆုံးကျယ်ပြန့်သော ထန်းတောများ၊ ယာခင်းများနှင့် အလွန်သာယာလှပေသည်။ ထို့အပြင် ရွာ၏ တောင်ဘက်တွင်လည်း ပြာရီညို့မှိုင်းသော ပုပ္ပားတောင်ကြီးကို အစဉ်တွေ့မြင်နိုင်သေးသည်။

တောင်သာကြီးတစ်ရွာလုံး ထန်းရည်ကျိုချက်ခြင်း၊ ယာခင်းများဖြင့် သော မြေပဲ၊ နှမ်း၊ လူး၊ ခဝ် ...

ခြင်းဖြင့် အသက်မွေးကြသည်။ ထို့ကြောင့် ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်တို့သည်လည်း ထန်းသမား၊ ယာသမားများသာ ဖြစ်ကြသည်။

ထိုစဉ်အချိန်က ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်သည် အသက် (၂၀) ကျော်အရွယ် လူပျိုလူလွတ်များ ဖြစ်ကြသည်။ သူတို့နှစ်ဦးစလုံး၏ မိသားစုများသည် ရွာထဲတွင်မနေချေ။ ထန်းတောထဲတွင် တဲထိုး၍နေကြသည်။ သူတို့ကဲ့သို့ ထန်းတောထဲတွင် တဲထိုးနေကြသော အခြားမိသားစုများလည်း အများအပြားရှိကြသည်။

ထိုကဲ့သို့ ထန်းတောအတွင်း တဲထိုးနေကြသော တဲအစုအဝေးကို အညာဒေသ အခေါ်အဝေါ်ဖြင့် တဲတိုက်ဟု ခေါ်သည်။ ကိုထွန်းမြိုင်နှင့် ကိုလှကြိုင် နေထိုင်သော တဲတိုက်ကို ဖီးပင်သာတဲတိုက်ဟု ခေါ်သည်။

ဇာတ်လမ်း၏အစကား နတ်တော်လ ဆောင်းရာသီ၏ အေးချမ်းလှသော နေ့တစ်နေ့မှ စတင်ခဲ့ပါသည်။

☐

ထိုနေ့တွင် ဖခင်ဖြစ်သူက ကိုထွ[န်း]မြိုင်ကို ကံငယ်ရွာသို့ လွှတ်ခဲ့သ[ည်] အကြောင်းကိစ္စကား အကြွေးတော[င်း]ရန် ဖြစ်သည်။ ကံငယ်ရွာမှ ဦးကံ... သည် ကိုထွန်းမြိုင်၏ ဖခင်ထံမှ ... (၂၀၀၀၀) ချေးငှားထားခဲ့ပြီး ထိုနေ့... ပြန်ပေးမည်ဟု ကတိပြုထားခဲ့သည်။

ထိုအကြွေးကိုတောင်းရန် ကိုထွ[န်း]မြိုင်သည် သူငယ်ချင်းကိုလှကြိုင်အ... အဖော်ခေါ်၍ ထိုနေ့ နေ့လယ်... ကံငယ်ရွာသို့ ထွက်ခွာလာခဲ့သည်။

ကံငယ်ရွာသည် တောင်သာ[ကြီး] ရွာ၏မြောက်ဘက် (၄) မိုင်ခန့်အ... တွင်ရှိသည်။ ထို့ကြောင့် ခြေကျင်... (၂) နာရီခန့်လျှောက်ရသည်။

ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်... ခြေကျင်ခရီးဖြင့်လာခဲ့... ရောက်သည် ညနေစောင်းသွား... ပြီး ဦးကံလှသိမှ ... (၂၀၀၀၀)... ပြီးသော်လည်း မပြန်ဖြစ်သေး... ဦးကံလှက သူတို့နှစ်ဦးကို ညနေစာ... ကျွေးခဲ့သည်။

ညနေစာစားပြီးနောက် စ... စမြည်ပြောကြရင်း ည (၈) နာရီထိုး...

# (ပုဂံမြေ) ကိုသဲယု

# တစ္ဆေလှည်း



www.burmeseclassic.com

…သည်။ ထို့နောက် ဦးကံလှအိမ်မှ ထွက် …ခဲ့ပြီး ရွာတွင်းရှိ အသိအကျွမ်း …များသို့ ရောက်တုန်းရောက်ခိုက် …ထိုင်စကားပြောရာ ည (၁၀) နာရီကျော်မှ …ပြန်ခရီးကို စဖြစ်သည်။

ဤအချိန်မှစထွက်လျှင် ည(၁၂) …နာရီကျော်မှ တောင်သာကြီးသို့ ရောက် …မည်။ မိတ်ဆွေတစ်ဦးက ညအိပ်ရန် …ပြောသေးသော်လည်း သူတို့လက်မခံခဲ့ … အညာဒေသတွင် ညဥ့်နက်သန်း …ခေါင် တစ်ရွာနှင့်တစ်ရွာ ကူးသန်းသွား …နေကျဖြစ်၍ ဤအပြန်ခရီးသည် …နှစ်ဦးအတွက် အထူးအဆန်း …တဝေ။

ရွာပြင်ထန်းတောသို့ရောက်ခြေချမိသော် …စိမ့်သော ဆောင်းည၏ လေပြည် … ကြိုဆိုလျက်ရှိသည်။ သူတို့နှစ်ဦး … အနွေးထည်များ ဝတ်လာမိ၍ …ပေသေး၏။ မှောင်ပြီဖြစ်၍ ညအိပ် …ပြောသော မိတ်ဆွေထံမှ အပြန်ခရီး …တွက် ဓာတ်မီးတစ်လက်ငှားလာခဲ့ …သည်။ ထိုဓာတ်မီးကိုထိုးရင်း တောင် …ကြီးရွာရှိရာ တောင်ဘက်ရှိ လူသွား …လေးအတိုင်း ခပ်သွက်သွက်လျှောက် ခဲ့လေတော့သည်။

လေတိုက်သဖြင့် ထန်းလက် ထန်းခက်ချင်း ထိခတ်သံများဖြင့် တစ်လမ်းလုံး ဆူညံနေလေသည်။ တစ်ခါ တစ်ရံ ဦးခေါင်းထက်မှ ညဥ့်ငှက်များ အသံပေး၍ ပျံသန်းသွားကြသည်။ ကောင်းကင်ယံတွင်မူ ဆန်းသစ်စလခြမ်း ကွေးကလေးက သာလျက်ရှိသည်။

ထိုညသည် ဆောင်းရာသီ၏ လဆန်းညတစ်ည ဖြစ်၏။ လရောင်အောက် ထန်းတောထဲတွင်မူ သူတို့နှစ်ဦးမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်မျှ မရှိပါချေ။

ခက်သွက်သွက်လျှောက်ခဲ့ကြသည်မှာ တစ်နာရီကျော်မျှ ကြာမြင့်ခဲ့လေ၏။ ရှေ့မှာခင်းနှစ်ကွက်ခန့်တွင် သဲချောင်းကိုရောက်တော့မည်။ သဲချောင်းဆိုသည်မှာ မိုးရာသီတွင်သာ ရေစီးတတ်ပြီး ဆောင်းနှင့် နွေတွင် ရေခန်းနေသော သဲပြင်ကျယ်ကြီးသာ ဖြစ်သည်။ ထိုသဲချောင်းသည် တောင်သာကြီးနှင့် ကံလှ ရွာ နယ်နိမိတ်ခြားလမ်းတစ်ဝက်တွင် ရှိသည်။ ထို့ကြောင့် သူတို့နှစ်ဦး ခရီးတစ်ဝက်ကျိုးခဲ့ချေပြီ။ အချိန်ကလည်း ည (၁၁) နာရီကျော်လေပြီ။

သဲချောင်းအနီးသို့ ရောက်သော် တစ်လမ်းလုံးထိုးလာခဲ့သောဓာတ်မီးက မီးရောင်မှိန်လာသည်။ ဓာတ်ခဲအားကုန်လာချေပြီ။ ကိုထွန်းမြိုင်က ဓာတ်မီးကို လက်ဖြင့်ပုတ်ကြည့်သည်။ ဓာတ်မီးက လင်းမလာတော့။ မီးရောင်မှာ ပို၍ပင် မှိန်သွားသည်။

ကိုထွန်းမြိုင်က စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါလိုက်ရင်း

"ဓာတ်ခဲအားကုန်သွားပါပြီကွ … ဓာတ်ခဲတွေက အဟောင်းတွေ … ကွ။ ဒီလောက်မှိန်နေမှတော့ …





www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးကွာ၊ လရောင်ရှိနေတာပဲ"

ကိုထွန်းမြိုင်က ထိုသို့ပြောရင်း ခာတ်မီးကိုပိတ်ကာ ခါးကြားသို့ထိုးလိုက်သည်။ ထို့နောက် သူတို့နှစ်ဦး လရောင်ကို အားကိုးရင်း သဲချောင်းထဲသို့ဆင်းခဲ့ကြသည်။

လရောင်အောက်တွင် သဲချောင်းသည် သဲပြင်တွင်ပါဝင်သော သလင်းကျောက်မှုန့်များဖြင့် တလက်လက်တောက်ပနေလေသည်။ သူတို့နှစ်ဦး သဲချောင်းအလယ်ရောက်သော် ကိုလှကြိုင်က ရုတ်တရက်ရပ်တန့်လိုက်ပြီး -

"ဟော့ကောင်-ထွန်းမြိုင်၊ လှည်းသံကြားတယ်ကွ"

ကိုထွန်းမြိုင်က နားစွင့်ကြည့်လိုက်သည်။

"ဟုတ်တယ်ဟေ့၊ လှည်းသံကွ။ ဟိုသဲချောင်းကွေ့အကွယ်က ကြားရတာ"

ဟုတ်ပေသည်။ သူတို့ဘယ်ဘက်တွင် သဲချောင်းသည် အရှေ့ဘက်သို့ ကွေ့သွားသည်။ ထိုသဲချောင်းကွေ့ အကွယ်မှ လှည်းဝင်ရိုးသံကြားနေရသည်။

ကိုလှကြိုင်က ကိုထွန်းမြိုင်ကို လက်ဆွဲခေါ်ရင်း -

"လာကွာ- ထွန်းမြိုင်၊ အဲဒီလှည်းနောက်လိုက်ရအောင်။ ဘယ်သွားမလဲ မသိဘူးကွ၊ လမ်းကြုံရင် ရွာထိလိုက်ရအောင်။ လမ်းလျှောက်ရတာ ခြေတွေလည်းတိုလှပေါ့"

သူတို့နှစ်ဦး လှည်းသံကြားရာ သဲချောင်းကွေ့ဆီသို့ ခပ်သွက်သွက်ပြေးသွားလိုက်သည်။

ဟော-တွေ့ပါပြီ။ သူတို့နှစ်ဦးနှင့် ဝါးနှစ်ပြန်ခန့်အကွာ လရောင်အောက် သဲပြင်ပေါ်တွင် သဲချောင်းကို အလျားလိုက်မောင်းနေသော လှည်းတစ်စီး။ လှည်းပေါ်တွင် လူသုံး၊ လေးဦးခန့်ပါသည်။ညအမှောင်လရောင်အောက်တွင်ဖြစ်၍ လှည်းပေါ်ပါသူများကို သဲသဲကွဲကွဲမမြင်ရချေ။ လှည်းမောင်းသမားကားနွားများကို ကြိမ်နာနာတို့ရင်း လှည်းကို ခပ်မြန်မြန်မောင်းနေသည်။

ကိုထွန်းမြိုင်က လှည်းကို လှမ်းကြည့်လိုက်ပြီး -

"ဒီလှည်းသွားနေတာ တို့ရွာဘက် မဟုတ်ဘူးကွ၊ အရှေ့ဘက်ကို သွားနေတာ။ ရွာကိုလမ်းမကြုံဘူး။ လာပါကွာ ပြန်လှည့်ရအောင်"

ကိုထွန်းမြိုင်က ပြောပြောဆိုဆို ကိုလှကြိုင်၏လက်ကိုဆွဲကာ နောက်ပြန်လှည့်သည်။ သို့သော် ကိုလှကြိုင်ကား နောက်ပြန်မလှည့်သေးဘဲ လှည်းကိုသာ တွင်တွင်ကြည့်ရင်း -

"နေဦး ထွန်းမြိုင်ရဲ့ ဒီလှည်းသွားနေတာ လှည်းလမ်းမဟုတ်ဘူးကွ။ မင်းသေသေချာချာကြည့်"

"ဟေ - ဟုတ်လား"

ကိုထွန်းမြိုင် လှည်းသွားရာနေရာကိုပြန်ကြည့်ရာ ဟုတ်ပေသည်။ လှည်းလမ်းသည် သူတို့လျှောက်ခဲ့သော လူသွားလမ်း၏ညာဘက်တွင် ကျန်ခဲ့ပြီ ဖြစ်သည်။ ယခု ထိုလှည်းမောင်းနေသည်မှာ လှည်းလမ်း မဟုတ်။ လမ်းသစ်ထွင်၍ မောင်းနေခြင်း ဖြစ်၏။

သူတို့အညာဒေသတွင် လှည်းများသည် လှည်းလမ်းမှ သွေဖည်၍ မောင်းရိုးထုံးစံမရှိ။ သို့ဆိုလျှင် ဤလှည်းသည် မည်သို့လှည်းနည်း။

သူတို့နှစ်ဦး လှည်းကိုသတိထား၍ ရပ်ကြည့်နေစဉ်မှာပင် လှည်းသည် သဲချောင်းမှတက်ပြီး ဘယ်ဘက်ရှိ ယာခင်းပြင်ထဲကွေ့၍ မောင်းဝင်သွားသည်။ ထိုနေရာတွင်လည်း လှည်းလမ်းမရှိပေ။ လှည်းသည် ယာခင်းထဲတွင် ဆက်လက်မောင်းနှင်နေရာ ထိုလှည်း၏ ရှေ့တည့်တည့်တွင် ပေ (၃၀) ခန့်မြင့်သော ထနောင်းပင်ကြီးတစ်ပင်ရှိ၏။

ထနောင်းပင် ဆိုသည်မှာ ဆူးအလွန်ပေါသောကြောင့် လူမတက်နိုင်ချေ။ ယခု ထိုလှည်းသည် ထနောင်းပင်ရှိရာတည့်တည့်သို့ မောင်းနှင်နေခြင်းဖြစ်သည်။

သူတို့နှစ်ဦး အတော်အံ့ဩနေမိသည်။ ကိုထွန်းမြိုင်က -

"ဟော့ကောင် လှကြိုင်၊ လှည်းက ဘာတုံးကွ။ ထနောင်းပင်ကို ဝင်တိုက်မလို့လား။ ခုထိမကွေ့သေးဘူး"

ကိုထွန်းမြိုင်ကို ကိုလှကြိုင် ဘာမှပြန်မပြောဖြစ်ပေ။ ထနောင်းပင်ရင်းနားထိရောက်သည့်တိုင် ကွေ့မရှောင်သေးဘဲမောင်းနေသောလှည်းကိုသာ စိုက်ကြည့်နေမိသည်။

ထို့နောက်တွင်တော့ သူတို့နှစ်ဦးစလုံး တစ်သက်တာတွင် တစ်ခါမှမမြင်ဘူးခဲ့သော မြင်ကွင်းတစ်ခုကို ကြက်သီးထဖွယ်ရာ မြင်တွေ့လိုက်ရတော့သည်။

အကြောင်းမှာ ထိုလှည်းသည် ထနောင်းပင်ကိုရှောင်မသွားသည့်အပြင် အပင်ပေါ်သို့ တရွေ့ရွေ့တက်သွားသည်ကို လရောင်အောက်တွင် မြင်တွေ့လိုက်ရ၍ ဖြစ်သည်။

ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်သည် လှည်းတစ်စင်း ထနောင်းပင်တစ်ပင်ပေါ် တရွေ့ရွေ့တက်နေသည်ကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိတော့သည်။ ပြန်ပြောပြသော် မည်သူယုံမည်နည်း။

လှည်းသည် အပင်ပေါ် တရွေ့ရွေ့တက်နေရာမှ အပင်ထိပ်ဖျားရောက်သောအခါ ပျောက်ကွယ်သွားတော့သည်။ ထိုအခါမှ နှစ်ဦးစလုံးသတိပြန်ဝင်လာသည်။

ကိုလှကြိုင် တစ်စုံတစ်ရာကို ပြေး၍သတိရမိသည်။

"ဟော့ကောင်-ထွန်းမြိုင်၊ ဒါ လူကြီးတွေ ပြောပြဖူးတဲ့ တစ္ဆေလှည်းဆိုတာပဲ ဖြစ်မယ်"

ကိုထွန်းမြိုင်က ကိုလှကြိုင်၏ စကားကို ခေါင်းညိတ်ထောက်ခံရင်း -

"ဟုတ်တယ် လှကြိုင်၊ ဒါတစ္ဆေလှည်းဆိုတာ အသေအချာပဲ။ လာ၊လာ ဟော့ကောင် ရပ်မနေနဲ့၊ ဒီနေရာ မြေမသန့်ဘူးကွ၊ ရွာမြန်မြန်ပြန်ရောက်မှ ဖြစ်မယ်"

နှစ်ဦးစလုံး သဲချောင်းမှတက်ကာ ရွာရှိရာဘက်သို့ မပြေးရုံတစ်မည် လျှောက်ခဲ့ကြသည်။ ရွာသို့ရောက်ရန် နောက် (၁) နာရီခန့် လျှောက်ရဦးမည် ဖြစ်သည်။

တစ်လမ်းလုံးတွင် နှစ်ဦးသား ဇောချွေးများပြန်နေသည်။ ထိုတစ္ဆေလှည်းသည် သူတို့ရှေ့ကပဲပေါ်လာလေမလား၊ နောက်ကပဲလိုက်လာလေမလားဟု ကြောက်လန့်နေခဲ့ကြသည်။ ခာတ်မီးကလည်း ခာတ်ခဲအားကုန်ကာ ထိုးမရ၍ အားငယ်မိသေး၏။ သို့သော် ရွာသို့ ပြန်ရောက်သည်အထိ အခြားမည်သည့် အရိပ်အယောင်ကိုမျှ မတွေ့ရတော့ပေ။

သူတို့နှစ်ဦး ရွာသို့ပြန်ရောက်သော် ည(၁၂)နာရီကျော်ပေပြီ။ သူတို့နှစ်ဦး ကြုံတွေ့ခဲ့သမျှကို မိသားစုများအား ပြန်ပြောသောအခါ လူကြီးများက ထိုလှည်းသည် တစ္ဆေလှည်းဖြစ်ကြောင်း အညာဒေသတွင် လူအတော်များများ တွေ့ကြုံဖူးကြောင်း၊ တစ္ဆေ၊ သရဲ၊ ကျတ်ပြိတ္တာများသည် တစ်ခါတစ်ရံ ညအခါ မိသားစုလိုက် လှည်းဖြင့်သွားလာတတ်ကြောင်း ပြောပြကြသည်။

တစ္ဆေလှည်းနှင့် ကြုံခဲ့ရသော ထိုဆောင်းတစ်ညကိုဖြင့် ကိုထွန်းမြိုင်နှင့် ကိုလှကြိုင်ကား မေ့ပျောက်၍ရတော့မည် မဟုတ်ပေ။

ကိုသဲပုံ (ပုဂံမြေ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏သားသည် ရန်ကုန်မြို့ လူဝင်မှုကြီးကြပ်ရေးဝန်ရုံး၊ ခြေမြန်ကင်း ... လူဝင်မှုကြီးကြပ်ရေးတာဝန်ဖြင့် ...ဆောင်နေရာ ၁၉၅၈ ခုနှစ်တွင် ...ိုင်းတုံမြို့ အပါအဝင် ထိုင်းနိုင်ငံ ...စပ် တာချီလိတ်အထိ သွားရောက် ...ဆေးနေရကြောင်းကို ကျွန်ုပ်၏ ...ရှင်ယောက္ခမ လယ်ပြင်ကျောင်း ...ကာမကြီးကွယ်လွန်၍ လာရောက် ...သောသူများကို ပြောကြားရသည်။ ...အေ အနိစ္စရောက်ရာ မြေးဖြစ်သူ ...တွေ့၍ လူတို့သဘာဝမေးမြန်းခြင်းကို

# ကိုယ်တိုင်တွေ့ကြုံခဲ့ရသော အဖြစ်အပျက်များ

# မြန်မာနိုင်ငံတော်အစိုးရထီနှင့် လူဝင်မှုကြီးကြပ်ရေးဌာနအစဖော်သူ

အနောက်တံခါးမှူးမောင်မှူး

...ကြားရ၏။

ညှိသည်များထဲတွင် နယ်ပိုင် ...ထောက်၊ တိုက်ပိုင်၊ ကျောင်းဆရာ ...သည်တို့ပါဝင်ရာ တက္ကသိုလ်တွင် ...ရာလုပ်ခဲ့သူ နယ်ပိုင်ဝန်ထောက် ...က လူဝင်မှုကြီးကြပ်ရေးဌာနသည် ...စာ နန်းရင်းဝန်ဖြစ်စဉ်က ကုလား ... အတားအဆီးမရှိ မြန်မာနိုင်ငံ ...တွင်းဝင်ရောက်မှုကို အဟန့်အတား ...ရန် လူဝင်မှုကြီးကြပ်ရေးဌာနကို ...တင်ဖွဲ့စည်းခဲ့သည်ဟု ပြောလေသည်။ ...ကြောင်းအရာတစ်ခုကို မေးလေ့မေး ...ရှိသော ညီတော်စပ်သူ ဖိုးထွန်းအင် ... မှတ်တမ်းတင်ရန်သတိရှိသော မြေ ...ရင်းအင်စပိတ်တော်ဦးသာဒွန်းဦးတို့ ...သည် ကြားလိုက်ပါသည်ဟု အမှတ် ...ညာဖြင့် တစ်နေ့တစ်ချိန်တွင် မေးရန် ...ခါကိုလင့်၏။ ထိုနည်းတူစွာ ရဲနယ် ...ဝန်ထောက် ကိုဘသန်းလည်း အရာ ...တို့ ရဲတစ်ဦးအနေဖြင့်သိပါသည်ဟု ...ပြောသကဲ့သို့ နယ်ပိုင်ဝန်ထောက်မင်း ...ပြောချက်အဆုံးတွင် သူ၏ခေါင်းတစ် ...ချက်ညိတ်လိုက်သည်ကို ကျွန်ုပ်သည် ...လိုက်၏။

သို့နှင့် ကျွန်ုပ်၏ယောက္ခမ လယ် ...ကျောင်း (တောင်ဘက်ဆောင်)၊ ...တာမ သူကောင်းမ အမေဉာဏ်၏ ...နသည် သူကောင်းတောင်စဉ်ရိုးတို့ ၏ထုံးတမ်းစဉ်လာအရ သင်္ဂြိုဟ်အမှုပြု လုပ်ပြီးစီးရသည်။ ရွှေမြူတာ၊ ငွေမြူတာ၊ ခမောက်စသည်တို့နှင့် အဆောင်ကိုင် များ၊ လွှတ်ကိုရင်၊ လွှတ်ကျွန် စသည်တို့ နှင့် ဗျိုင်းတောင်၊ ဗုံရှည်စသည်တို့လည်း ပါဝင်သည်။ ဂူမသွင်းမီ စင်နိမ့်စင်မြင့် တွင်တင်၍ ဆွေမျိုးများကန်တော့ကြရ သည်။ ရာဇမတ်ကာ၊ သံခင်းထားသော ဝင်းအတွင်း၌ ငှက်ချေးခံအောက် စင် နိမ့်စင်မြင့်ပေါ်၌ အမေဉာဏ်အလောင်း တင်၍ ကန်တော့ပွဲနှင့် ကန်တော့ခြင်း ဖြစ်သည်။ ကန်တော့သည့်အမှုပြုပြီး သည့်အခါတွင် လွှတ်ကိုရင်က ရှေ့ ဆောင်လျက် ဂူသွင်းရာသို့ ယူဆောင် သည်။ လွှတ်ကျွန်က နောက်ကလိုက်ရ သည်။ ဂူသွင်းရာတွင် လွှတ်ကျွန်အပေါ် မှ ဖြတ်သန်းသယ်ဆောင်ပြီး ဂူသွင်းရ သည်။ အဆောင်ကိုင်များ၊ လွှတ်ကိုရင်၊ လွှတ်ကျွန်စသည်တို့မှာ ရှေ့မီနောက်မီ ဦးဆယ်မှ ဖန်တီးငှားရမ်းပေးသောသူ များသာ ဖြစ်သည်။

အမေဉာဏ်၏စျာပနပြီး၍ ရက် လည်သည်နှင့်အတူ ဖိုးထွန်းအင်သည် သူမေးလိုသောကိစ္စကိုမေးရန် ကြာရှည် စွာမစောင့်နိုင်။ သို့ဖြစ်၍ သူ့အဖွဲ့ဝင်တို့ ကိုခေါ်၍လာတော့သည်။ သေနင်္ခေါင်း သူကြီးအို ကျောင်းဒကာ ဦးဘိုးရွှေ အင်စပိတ်တော်ဦးသာဒွန်းဦးတို့နှင့်အတူ ချီတက်လာကြသည်။ သူတို့ရောက်လာ သည်နှင့် မရှေးမနှောင်း နယ်စီးရဲ ဝန်ထောက် ကိုဘသန်းသည် တပည့် ကျော် ရဲတပ်ကြပ်မောင်ကျော်သောင်း နှင့်အတူ ရောက်လာကြ၏။ ကိုဘသန်း လာခြင်းမှာ ကျွန်ုပ်ထံမှ (Burma Law Report) ဖိုင်တွဲကို ကြည့်လို၍ လာ ရောက်ခြင်း ဖြစ်၏။ သူတို့လည်း ကျွန်ုပ် တို့၏ ဆွေးနွေးပွဲတွင် ဝင်ရောက်ပါလေ သည်။

မလိုင်အပြည့်ပါသော ကော်ဖီ၊ မအေးစိန်စလင်းမုန့်ပစ်စလက်၊ အိုး သူကြီးမယ်မှင်၏ ငါးမြင်းရင်းငါးပိချက် တို့နှင့်အတူ စားဖွယ်ရာများကို မင်းက တော် မယ်ဂိုင်က တည်ခင်းကျွေးမွေး လေသည်။

ချက်ဆိုလျှင် နားခွက်က မီး တောက်သည်ဟု ဆိုသလို နယ်စီးရဲဝန် ထောက်မင်းက စတင်၍ -

"ဟိုနေ့က ကုလားများ မြန်မာ ပြည်ကို အတားအဆီးမရှိ ဝင်ရောက်မှု ကာကွယ်ဖို့ ဂျွန်ဦးစောက ဒီလိုကိစ္စ မျိုးဆောင်ရွက်တယ်ဆိုတာ ယုံနိုင်စရာ မရှိလို့ မေးမြန်းရလာကြခြင်း ဖြစ်သဗျ" ဟု ဆို၏။

ဖိုးထွန်းအင်က -

"မှန်လိုက်လေ၊ ဗိုလ်ချုပ်အောင် ဆန်းနှင့်တကွ နိုင်ငံခေါင်းဆောင်ကြီး များကိုလုပ်ကြံတဲ့ ဂျွန်ဦးစောက ဒီလို ကိစ္စမျိုးဆောင်ရွက်တယ်ဆိုတာ ယုံနိုင် စရာမရှိလို့ မေးမြန်းဖို့လာကြခြင်း ဖြစ်




မြန်မာနိုင်ငံတော်အစိုးရထီလက်မှတ်ပုံကို ဗိုလ်မှူးခေါင်လှသိမှ ကျေးဇူးပြုသည်



www.burmeseclassic.com

www.burmeseclassic.com

သဗျ"

ဟု ဆို၏။

ကျွန်ုပ်က ဤသို့ဖြည့်စွက်ရ၏။

"ဦးစောဟာ တော်တယ်လို့ဆိုရမယ့်အချက်တွေရှိခဲ့သဗျ။ ဒေါက်တာဘမော်ဆိုတာ ပါရဂူဘွဲ့ကို ပြင်သစ်နိုင်ငံမှာယူခဲ့တဲ့ ပညာရှိတစ်ဦးပါ။ အင်္ဂလိပ်လို၊ ပြင်သစ်လိုစာပေများ သင်ကြားသူပါ။ ဦးစောကတော့ ရှေ့နေ့ကလေးဘဝက ကြိုးစားပြီး နိုင်ငံရေးခေါင်းဆောင်ဖြစ်သူပါ။ သူတို့နှစ်ဦး ရန်ကုန်တက္ကသိုလ်မှာ အင်္ဂလိပ်လိုစကားစစ်ထိုးကြရာမှာ ဦးစောက ဒေါက်တာဘမော်ကိုပြိုင်ဆိုင်ပြောနိုင်တဲ့သူ။ ဂဠုန်တပ်ဖွဲ့စည်းပြီး ဂဠုန်စစ်သူကြီးဆိုပြီး စစ်ယူနီဖောင်းကြီးဝတ်၊ လယ်ထွန်မင်္ဂလာဆိုပြီး ဝတ်စုံနဲ့ လယ်ထွန်ပြခဲ့တယ်။ မြန်မာပြည်မှာ နန်းရင်းဝန်ဘဝနဲ့ စစ်ဝတ်စုံဝတ်ပြီး ဓာတ်ပုံအရိုက်ခံတာ ပထမဦးဆုံးသူပါပဲ။ အင်္ဂလန်ကို လေယာဉ်နဲ့သွားပြီး မြန်မာနိုင်ငံလွတ်လပ်ရေးတောင်းဆိုခဲ့တာပဲ။ အင်္ဂလန်ရောက်တော့ သူ့မှန်းခြေမကိုက်တော့ ဂျပန်သံရုံးနဲ့ ဆက်သွယ်တာ ဗြိတိသျှအစိုးရကသိတော့ အာဖရိကားက ယူဂါဒန်နိုင်ငံမှာ ဒုတိယကမ္ဘာစစ်ပြီးသည်အထိ ထိန်းသိမ်းခံခဲ့ရပါတယ်"

ဟု ပြောရ၏။

ကျောင်းဒကာရွှေကမူ -

"ကျုပ်မှတ်မိတာကတော့ ဂဠုန်ဦးစောက တို့ဗမာအစည်းအရုံးဝင်သခင်များနဲ့ အဆင်မပြေဘူးဗျ။ သူ့ခါးပိုက်ဆောင် ဂဠုန်ဝါးရင်းတုတ်တပ်ဖွဲ့တွေဖွဲ့ပြီး သူသွားရာတစ်လျှောက်အင်အားပြသဗျ။ စလင်းကို စစ်မဖြစ်မီလာတုန်းကလည်း ဝါးရင်းတုတ်တပ်သားတွေနဲ့လာလို့ သခင်အောင်ပုံတို့အဖွဲ့နဲ့ ထိပ်တိုက်မတွေ့အောင် ရာဇဝတ်ဌာနအမှုထမ်းများက အတော်ထိန်းထားရတယ်လို့ သိရတယ်"

ဟု ပြော၏။

ကျွန်ုပ်က -

"ဘိုးထွန်းအင်ရဲ့ ဆရာစံလယ်သမားအရေးတော်ပုံဆိုပြီး ဗြိတိသျှအစိုးရကို ပုန်ကန်မှုကြီးကို ခင်ဗျားတို့မှတ်မိရင် သူ့နောက်ဖြစ်ပွားခဲ့တဲ့ ကုလား-ဗမာအဓိကရုဏ်းကိုလည်း မှတ်မိကြမှာပါ။ အဲဒီအချိန်က ကျုပ်က ရေဦးမှာ မြို့ပိုင်ကြီးပါ။ ဒီကိစ္စအတွက် ရပ်ရွာအေးချမ်းအောင် ထိန်းသိမ်းပေးဖို့အတွက်ကဂေါ်ရခါးတပ်ခွဲကို အခု စကုမှာနေတဲ့ ဆူပေဒါဗိုလ်စောလွင်က အုပ်ချုပ်ပြီးရောက်လာတယ်။ ဆူပေဒါ ဆိုတာက စာရေးဆရာ ရွှေဥဒေါင်းရေးတဲ့ 'ဂျမဒါကိုကိုကြီး' ထက် တစ်ဆင့်မြင့်တယ်။ ကျုပ်တို့က အိန္ဒိယနိုင်ငံနဲ့တွဲနေရတော့ ကျုပ်ဆီကတပ်တွေကို အိန္ဒိယတပ်က ကုလားအခေါ်နဲ့ခေါ်ပြီး သူတို့မျက်နှာဖြူတပ်တွေနဲ့ အဆင့်ချင်းခွဲတာပါပဲ။ ကျုပ်တို့တပ်ကအရာရှိတွေကို ဘုရင်ခံချုပ်ခန့်[1] ဆိုပြီး ဟာဗဒါ၊ ဂျမဒါ၊ ဆူပေဒါ စသဖြင့်တပ်အုပ်ချုပ်ရတယ်။ သူတို့မျက်နှာဖြူတွေတော့ ဘုရင်ခန့်[2]ဆိုပြီး ဆပ်လက်ဖတင်နင်၊ လက်ဖတင်နင်၊ ကပ္ပတိန်ဆိုပြီးခန့်သဗျ။ ဘုရင်ခန့်ဆိုတဲ့သူတွေကျတော့ ပင်လယ်ရပ်ခြား အမှုထမ်းစရိတ်ဆိုပြီး ပေးသဗျ။ ကျုပ်တို့နယ်ဘက်မှာလည်း အိုင်စီအက်[3]ဆိုပြီး မိုးကျရွှေကိုယ်အရာရှိတွေကို အင်္ဂလန်ကခန့်ပြီး အရေးပိုင်မင်းကြီး စတဲ့ ရာထူးကြီးများနဲ့ အမှုထမ်းတယ်။ သူတို့လည်း လစာအပြင်ပင်လယ်ရပ်ခြားစရိတ်ရတယ်။ ဘီအိုစီ၊ ဘီဘီတီစီအယ်ဆိုတဲ့ ကုမ္ပဏီကြီးတွေမှာလည်း လန်ဒန်ခန့်[4] ဆိုပြီး ပင်လယ်ရပ်ခြားစရိတ်နဲ့ မျက်နှာဖြူဝန်ထမ်းတွေရှိတာပါပဲ။ ဆူပေဒါဗိုလ်စောလွင်ဟာ သူ့ဂေါ်ရခါးတမ်သားတွေကို ထိန်းသိမ်းပြီး စစ်ရေးပြလိုက်၊ ကင်းလှည့်လိုက်နဲ့ ကုလား-ဗမာအဓိကရုဏ်း ဘာကြောင့်ဖြစ်သလဲဆိုတာရယ်၊ ဆရာစံ သူပုန်ထရခြင်းအကြောင်းကို စိစစ်လေ့လာဖို့ ဗြိတိသျှအစိုးရက မစ္စတာဂျိမ်းဘက်(စ်)တာ ဦးဆောင်တဲ့အဖွဲ့ကို စေလွှတ်ပြီး တွေ့ရှိရသမျှကို အဖွဲ့ရဲ့သုံးသပ်ချက်နဲ့ တကွ အစီရင်ခံရတယ်။ ဂျိမ်းဘတ်(စ်)တာ[5] အစီရင်ခံစာအရ စပါးဈေးကျဆင်းမှု၊ ချစ်တီးတွေက သူတို့အကြွေးနဲ့ သိမ်းတဲ့ လယ်မြေတွေမှာ အိန္ဒိယက ကူလီကုလားတွေခေါ်ပြီး လယ်လုပ်ခိုင်းတော့ ဗမာလယ်သမားများ လယ်မလုပ်ရခြင်း၊ အလုပ်လက်မဲ့ဖြစ်ရခြင်း၊ လူခွန်တော်လို့ခေါ်တဲ့ သဿမေဓအခွန်စီးကြပ်မှုတို့ကြောင့် ဆရာစံလယ်သမားသူပုန်ထခြင်းဖြစ်တယ်လို့ အစီရင်ခံစာတင်သွင်းတယ်။

လက်ရှိအစိုးရက သဿမေဓအခွန်မကောက်ရရင် အဲဒီလိုငွေကိုဘယ်လိုရှာမလဲ။ ကုလားကူလီများ ဝင်လာမှုကို တားဆီးဖို့အကြောင်းလည်းရှာမတွေ့တော့ ဂဠုန်ဦးစောက ကုလားများဝင်လာမှုတားမယ်။ ထင်သလိုမဝင်စေဖို့ ဆောင်ရွက်မယ်။ သဿမေဓအခွန်မကောက်ဘူးဆိုပြီး အစိုးရဖွဲ့တယ်။ ဦးစောက ဉာဏ်ကောင်းတော့မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံခွဲလိုက်တ...
အိန္ဒိယနိုင်ငံမှ ကုလားများကို စည်း...
မရှိဝင်လာခြင်းကို မြန်မာနိုင်ငံမှ လို...
သောဦးရေအရသာလျှင် ဝင်ရောက်...
ပေးမှ ထိုအရေအတွက်အတိုင်း ဝင်...
ပြုမယ်လို့ ဦးစောနဲ့ အိန္ဒိယနိုင်ငံ...
တာဝန်ရှိသူတို့ လက်မှတ်ရေးထိုးပြီး...
ဝင်မှုကြီးကြပ်ရေးကိစ္စကို လုပ်ဆောင်...
တယ်။ ၁၉၄၀ လောက်မှာ လူဝင်မှု...
ကြပ်ရေးဌာနပေါ်ပါပြီ။ အလုပ်သ...
ဝန်ကြီးဌာနလက်အောက်မှာ ထား...
တယ်"

ဟု လူဝင်မှုကြီးကြပ်ရေးဌာန...
လာရပုံကို ပြောရ၏။

ဤတွင် နယ်စီးရဲဝန်ထောက်...

"အဲဒီတုန်းက လဝကဥပဒေ...
မပြဋ္ဌာန်းသေးပါဘူး။ မြန်မာပြည်...
အိန္ဒိယရာဇသတ်ကြီး ကိုဥပဒေနဲ့ ...
ချုပ်နေတာပါ။ လူဝင်လူထွက်၊ လူ...
တွေကို အဲဒီဥပဒေလည်း အရေးယူ...
ပါတယ်။ အိန္ဒိယရာဇသတ် ကိုဥပ...
ထဲမှာ ကိုယ့်ကိုယ်ကိုယ်သေကြောင်း...
ရင်တောင် အရေးယူဖမ်းဆီးအပြစ်...
တယ်။ ရာဇဝတ်မှုတစ်ခုကို သိရဲ့...
နဲ့ ထိမ်ချန်ထားလည်း အပြစ်ပေး...
တယ်"

ဟု ပြော၏။

ကျွန်ုပ်က ဆက်လက်၍ -

"သဿမေဓအခွန်ကို မကော...
ခံတော့ဘဲ မြန်မာနိုင်ငံတော်အစိုးရ...
ဦးစောကလုပ်ခဲ့ပါတယ်။ ရငွေက အ...
ကောက်တာထက်မိုသေးတယ်။ ဦး...
က ဝါးရင်းတုတ်တပ်ထောင်တ...
အနောက်ဥရောပမှာ ဂျာမနီက အာ...
ရှင်ဟစ်တလာ၊ အီတလီမှာ မူဆို...
ရုရှားမှာ စတာလင်တို့ဟာ အာ...
ရှင်စနစ်ကို ကျင့်သုံးနေပြီ။ အင်္ဂလိ...
လည်း ဂျာမနီနဲ့ အဆင်မပြေ စစ်ဖြ...
မယ့်အနေအထားမှာ ရောက်နေ...
အင်္ဂလိပ်အခက်တွေ့နေတဲ့အချိန်...
မြန်မာတို့အတွက် ကိုယ်ပိုင်အုပ်ချုပ်...
တောင်းဆိုရန် အကောင်းဆုံးအချိန်...
တယ်လို့ ယူဆတဲ့အတွက် အင်္ဂလန်...
သွားပြီး အရေးဆိုတာပါ။ တစ်ဖက်...
လည်း ဦးစောက ကိုယ်ပိုင်ဝါးရင်းတု...
တပ်နဲ့ အခြားနိုင်ငံရေးအဖွဲ့အစည်း...
ကို အင်အားပြိုင်တယ်။ သူ့ကို ပဲခူး...
က သူဌေးတွေက ထောက်ခံကြသ...
ဦးစော လေယာဉ်ပျံနဲ့ ရန်ကုန်က...
အင်္ဂလန်သွားဖို့ စီစဉ်ပေးကြ...
ဦးစောကလည်း အင်္ဂလန်သ...
လေယာဉ်နဲ့ ရွှေတိဂုံစေတီတော်...



www.burmeseclassic.com

www.burmeseclassic.com

ြ်တာကို ရုပ်ရှင်သတင်းကားရိုက် လိုက်သေးတယ်"

ဟု ပြောပြရသည်။

ဘိုးထွန်းအင်က -

"ဒီလိုဆိုပြန်တော့ ဦးစောလည်း တော်ပဲ။ ဘာပြုလို့ ဗိုလ်ချုပ်အောင် တို့ကို လုပ်ကြံရတာလဲ"

ဟု ညည်းတွားပြောဆိုသည်။

"စူဠသုဘဒ္ဒါဟာ ဆဒ္ဒန်ဆင်မင်း ချစ်ခင်ငြားသော်လည်း ဆဒ္ဒန်ဆင် တ စူဠသုဘဒ္ဒါကို ရေချိုးပေးရာမှာ ပြုတဲ့အင်ကြင်းခက်က ပုရွက်ဆိတ် လာပြီး မိဖုရားကို ကိုက်လေတော့ ဆင်မှားပြီး ဆဒ္ဒန်ဆင်မင်းကိုမုန်း ရန်သူကြီးဖြစ်သွားပြီး ဆုတောင်း ဆဒ္ဒန်ဆင်မင်းကို သေသည်အထိ ည်တော့တာပါပဲ။ ဘယ်နေရာဘာ မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ သဘော ကွဲလွဲပြီး မကြံသင့်မလုပ်အပ်တာ ကိုပြုတယ်မသိပါဘူး"

ဟု ကျွန်ုပ်က ပြောရသည်။

"မသေခင် မစိုးရိမ်ဆရာတော်ကြီး တရားပြတယ်။ အမှား၊ အမှန်မြင် တော့ ဒီလိုတရားတော်တွေရှိပြီး အစက ကြံခဲ့ရင် သူဒီလိုလုပ်မိမှာမဟုတ် လို့ ပြောသွားတယ်လို့ဆိုတယ်"

• ဟု ဘိုးထွန်းအင်က ပြောသည်။

"လူဝင်မှုကြီးကြပ်ရေးဌာနဆိုတာ င်တကာမှာရှိပါတယ်။ တိုင်းပြည်လို ချက်ကိုဖြည့်တာပါပဲ။ ကုလားတွေ င်သလို မြန်မာပြည်ထဲဝင်မလုပ်နိုင် အောင် အိန္ဒိယနဲ့ စာချုပ်ခဲ့လို့ ကုလား ဝင်ချင်တိုင်းဝင်လို့မရပါဘူး။ လားတွေဘာလို့မြန်မာပြည်ထဲလာ သလဲမေးရင် လုပ်ငန်းရှင်တွေ၊ မြေ ရှင်ဖြစ်တဲ့ ချစ်တီးတွေ၊ ကုမ္ပဏီတွေ သင်္ဘောစရိတ်ခံပြီး ကုလားခေါ်ခဲ့ ပဲ။ ကိုလိုနီနိုင်ငံချင်း အတားအဆီး ခေါ်နိုင်တယ်ဆိုပြီး ကုလားတွေခေါ် ပဲ။ ဇေယျဝတီနားက ရွာတွေဆိုရင် စိုက်ဖို့ခေါ်ထားတဲ့ ကုလားအလုပ် မားတွေ ရွာလိုက်ရှိတယ်။ ဦးစော ချုပ်လုပ်လိုက်မှ ရပ်တန့်သွားတယ်။

ရပ်မသွားဘဲ တန့်သွားပါသလဲဆို မြန်မာများရဲ့ကိုယ်ချင်းစာတရား မှု ညာတာမှုရရှိတော့ မြန်မာပြည် ကုလားအဖို့ ငွေရှာရန် အကောင်း ဖြစ်တယ်။ မြန်မာဘုရင်များက သံ့ပန်းအဖြစ်ပါလာတဲ့ ဘရင်ဂျီ သာဝင်တွေအတွက် ဘုရားရှိခိုး ာင်းရှိစေတယ်။ ဗလီဆိုတာလည်း ခဲ့ပြီး ကိုယ်ရုံတော်ဗလီဆိုပြီး နေပြည်တော်ဖြစ်တဲ့ အမရပူရ၊ မန္တ လေးမှာတောင်ထားပေးတယ်။ ဧရာ ဝတီဖလုပ်တီလာကုမ္ပဏီဆိုရင် ကုလား ပဲသုံးတယ်။ သူတို့ရုံးတွေမှာ အလုပ် သမားဌာနမှတ်တမ်းကြည့်ရင် ချစ်တ ကောင်းခရိုင် နော်ရာကာလီဆိုတဲ့ နယ် က ခေါ်တာကုလားတွေ အများဆုံး ခိုင်းတာပါပဲ။ ဧရာဝတီသင်္ဘောမှာ ကုလားကိုခိုင်းတယ်။မြန်မာတစ်ယောက် မှမခိုင်းပါဘူး။ မြန်မာများ မိမိထမင်း အိုး ကုလားဝင်လုပြီဆိုတာ သိတော့ နောက်ကျနေပြီ။ ဝံသာနုတွေပေါ်လာ တယ်။ အိန္ဒိယမှာ မဟတ္တမဂန္ဒီက အင်္ဂ လိပ်ကို ဆားချက်ပြီး အင်္ဂလိပ်ရောင်း တဲ့ဆားမစားဘူး။ အိမ်တိုင်းချည်ငင်၊ အထည်ရက်၊ ပြည်တွင်းဖြစ်အားပေး မယ်ဆို လုပ်တယ်။ ဗမာတွေကလည်း ပြည်တွင်းဖြစ်အားပေးမယ်ဆိုပြီး လုပ်ကြ တယ်။ နိုင်ငံခြားသားဆိုရင် အားမပေး ဘူးဆိုပြီးလုပ်ကြပါတယ်။ အောင်မြင် သင့်သလောက် မအောင်မြင်ဘူးလို့ ဆိုရ ပါမယ်။ မြန်မာတိုင်းရင်းသားများက အိပ် နေတဲ့အချိန် ကုလားကူလီက အစလုပ် နေပြီ။ ခင်ဗျားတို့ ဘေးရှေလို့ခေါ်တဲ့ ဦးမောင်လိုင်ကပြောတာ ကြားဖူးတယ်။ သူတို့ရခိုင်ဘက်မှာ ဦးရဲကျော်သူ ဆိုတဲ့ သူဌေးကြီးက နံနက်စောစောထလမ်း လျှောက်တော့ ကုလားတွေက ကူလီ ထမ်းနေတာမြင်သတဲ့။ရခိုင်တွေက အိပ် ကောင်းတုန်းဆိုတော့ ဦးရဲကျော်သူက-

'အဝေး - မောင်တို့ထလော့၊ မြစ် ထဲမှာ ပေသာတွေမျောနေပြီ'

လို့ဆိုပြီး ရခိုင်များအိပ်ရာကထ စေရန် အော်နှိုးလေသတဲ့။ အဓိပ္ပာယ်က အမောင်တို့ထလော့၊ မြစ်ထဲမှာ ပိုက်ဆံ တွေမျောနေပြီဟူသတည်း။ မြန်မာတိုင်း ရင်းသားတို့ညီညာမှ ကုလားတွေက မြန်မာတွေစားမယ့်ထမင်း လုမစားနိုင် မှာပါ။ ခြင်နဲ့ ကြွက်ကိုကြည့်ပါ။ ခြင်စာ၊ ကြွက်စာရှိရင်လာမှာပဲ"

ဟု ပြောရသည်။

ဤတွင် နယ်စီးရဲဝန်ထောက်မင်း က -

"၁၉၄၇ ခု၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်) အက်ဥပ ဒေဆိုတာ မတရားခိုးဝင်မှုကို အရေးယူ တဲ့ဥပဒေပါပဲ။ ဥပဒေဘယ်လောက် ကောင်းစေကာမူ ပြည်သူများ မပါဝင် ရင် မထိရောက်ပါဘူး။ မည်သည့်မင်း မှုထမ်းမှ သတင်းမရရင် အကြောင်း ခြင်းရာအပြည့်အစုံမသိနိုင်ပါ။ သတင်းရ မှ စုံစမ်းစစ်ဆေးပြီး အရေးယူရပါမယ်။ အရေးကြီးတာက ဝံသာနုရက္ခိတစိတ် ဓာတ်ပါ။ ကုလားများအလုပ်လုပ်သလို ကျွန်တော်တို့ကလည်း လုပ်ကိုင်ပြနိုင်ရန် တရုတ်များစည်းရုံးစီးပွားရှာသလို မြန်မာ များလည်း အချင်းချင်းကွန်ရက်သဖွယ် ဆက်နွယ်ပြီး လုပ်ငန်းများထူထောင်သင့် ပါပြီ။ ဒါတွေက ဥပဒေထဲမှာမပါတဲ့အ ချက်ပါ။ ဆော်ဒါပုလင်းဖောက်သလို၊ ကောက်ရိုးမီးထတောက်သလို ထအော် ဆန္ဒပြ၊ ဆူပူအကြမ်းဖက်မှုဟာ မလုပ် သင့်တာတွေပါ။ ကျွန်တော်တို့တိုင်းပြည် မှာ တိုင်းရင်းသားများက ညီညာစွာလုပ် ကိုင်မှ နိုင်ငံခြားသားတွေလည်း ခိုးမဝင် နိုင်မှာ၊ နိုင်ငံစီးပွားရေးမှာလည်း မခြယ် လှယ်နိုင်မှာပါ"

ဟု ဆို၏။

ကျောင်းဒကာရွှေသည် သူဖွာ နေသော ပြောင်းဖူးဖက်ဆေးလိပ်ကို ချ လိုက်ပြီးနောက် -

"ကိုင်း - စာရင်းချုပ်သော် ဥပဒေ ဆိုတာ အရံအတားတစ်ခုသာ ဖြစ်တယ် လို့ အဓိပ္ပာယ်ပေါက်တယ်။ မိမိကိုယ်တိုင် ကြိုးစားမှ မိမိထမင်းအိုးကို အခိုးမခံရ မှာပါ။ မိမိကိုယ်တိုင် အမျိုးလိုက်ဖြစ်စေ ဘုရားဟောဖြစ်တဲ့အတိုင်း ကြီးပွားရာ ကြီးပွားကြောင်းမှာ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်လုပ်ရင် သူတို့လည်း မြန်မာပြည်မှာ ထင်သလိုမလုပ်နိုင်ဘူးပေါ့ဗျာ။ ဒါနဲ့တစ် ပါးတည်း ခိုးဝင်မှုပြဿနာလည်းမရှိဘူး ပေါ့ဗျာ"

ဟု စကားအဆုံးသတ်လိုက်လေ သည်။

ကျွန်ုပ်သည် ကုလားများမတန် မဆ ဝင်ရောက်လာမှုကို ဟန့်တားရန် အတွက် အိန္ဒိယနှင့် ဦးစော ချုပ်ဆို သော စာချုပ်ကို လည်းကောင်း၊ သသ မေမအခွန်တော် ကောက်ခံမည့်အစား မြန်မာနိုင်ငံတော် အစိုးရထိကို ထုတ် သည့်ဦးစော၏ဉာဏ်အရည်အသွေးကို စဉ်းစားမိ၍ စိတ်မကောင်းဖြစ်ရသည်မှ အပ ဘာမှဆိုဖွယ်ရာမရှိပါ။

အထင်မှားအမြင်မှားကာ အမုန်း တရားပွားခြင်းကား ပျက်စီးခြင်းသို့ ရောက်သည်ဟု မှတ်ယူရပါသည်။

အနောက်တံခါးမှူးမောင်မှူး

၁။ Viceroy's commision
၂။ King's commision
၃။ ICS Indian Civil Sevice
၄။ B.O.C (Burma Oil Company), B.B.T.C.L (Bombay Burma Timber trading Company Ltd. London appointment.
၅။ James Baxter Report.
၆။ Indian Penal Code.



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နှုတ်မိန့်ဟူသော ဝေါဟာရအား စာရေးသူအနေဖြင့် လက်နက်ကိုင်အဖွဲ့အစည်းသို့ဝင်ရောက်လာသည့်အခါတွင် လုပ်ငန်းခွင်၌ အဆက်မပြတ် ကြားသိခဲ့ရပါသည်။ မိမိအထက်အရာရှိများက လုပ်ငန်းလုပ်ကိုင်ရန်အတွက် နှုတ်မိန့်အမျိုးမျိုးဖြင့် တာဝန်ပေးအပ်ခြင်းကိုခံရပါသည်။ ထို့ပြင် စာရေးသူအနေဖြင့် ထူးမြို့တွင် တပ်ခွဲမှူးသင်တန်းတက်ရောက်စဉ်တုန်းကလည်း နှုတ်မိန့်၏ အဓိပ္ပာယ်ကို သင်ကြားခဲ့ရပါသည်။

နှုတ်မိန့် ဆိုသည်မှာ တပ်မှူးတစ်ဦးက မိမိအား ပေးအပ်ထားသော တာဝန် (သို့) ရည်မှန်းချက် အောင်မြင်စေရန် သုံးသပ်ချမှတ်ထားသော နည်းလမ်းအတိုင်း လက်အောက်ခံ တပ်မှူးများ လိုက်နာအကောင်အထည်ဖော်ရန်လုပ်နည်းတို့ကို တိုတိုတုတ်တုတ်နှင့် ပြောပြခြင်းအား နှုတ်မိန့်ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

စာရေးသူအနေဖြင့် နှုတ်မိန့် ဟူသော ဝေါဟာရနှင့် ဆက်စပ်နေသည့် ကိုယ်တွေ့အဖြစ်အပျက်များအား တင်ပြလိုသည့်ဆန္ဒကြောင့် ဖြစ်ပါသည်။ စာရေးသူသည် ၁၉၇၈ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး သင်



ပဲခူး

# ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း)

## နှုတ်မိန့်

တန်းပြီးဆုံးသည့်အခါ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရဲစခန်း၌ အလုပ်သင်တာဝန်ဖြင့် စတင်တာဝန်ထမ်းဆောင်ရပါသည်။ ထိုအချိန်က ရဲစခန်းမှူးမှာ ဦးစိန်ညွန့် (ရဲမှူး-ငြိမ်း) ဖြစ်ပါသည်။ အလုပ်သင်တာဝန်ဖြစ်သည့်အလျောက် ရဲစခန်းရှိ မိမိထက်လုပ်ငန်းကျွမ်းကျင်မှုရှိသော အမှုစစ်အရာရှိကြီးများနှင့်တွဲဖက်၍ ၎င်းတို့ စစ်ဆေးသည့်မှုခင်းများဖြစ်ပွားရာနေရာသို့ လိုက်ပါပြီး လုပ်နည်းကိုင်နည်းများကို လေ့လာသင်ယူရပါသည်။ ထိုသို့ သင်ယူစဉ်ကာလ

တစ်လျှောက်တွင် ရဲစခန်းမှူးစစ်ဆေးသည့် အမှုကြီးများ အထူးသဖြင့် လူသတ်မှုများတွင် စိတ်ဝင်တစားဖြင့် လိုက်ပါကြည့်ရှုမှတ်သားရပါသည်။

ထိုသို့ ရဲစခန်းမှူးနှင့်အတူ လိုက်ပါကြည့်ရှုသည့် လူသတ်မှုများတွင် ပုံစံအမျိုးမျိုးနှင့်သေဆုံးနေသော လူသေအလောင်းများအား ယခုမှပင် သေချာစွာ တွေ့မြင်ရပါတော့သည်။ ငယ်စဉ်ကျောင်းသားဘဝ၌ လူသေကောင်အလောင်းများအား အဝေးမှပင် ကြောက်ရွံ့စွာဖြင့် ကြည့်ရှုခဲ့ရပြီး အနားသို့ ကပ်မကြည့်ရဲခဲ့ပါ။ ယခု ရဲတပ်ဖွဲ့သို့ ရောက်ရှိ တာဝန်ထမ်းဆောင်သည့်အခါမှသာ လူသေအလောင်းများအား နီးနီးကပ်ကပ် ကြည့်ရှုခွင့်ရခဲ့ပါသည်။ မိမိရဲတပ်ဖွဲ့လုပ်ငန်းကလည်း လူသတ်ကောင်မပေါ်သည့်မှုခင်းများတွင် သေဆုံးသူအလောင်းအနီး သဲလွန်စများကို ရှာဖွေပြီး စုံစမ်းဖော်ထုတ်ရမည့်တာဝန်ဖြစ်ပါသည်။ အချို့သော မှုခင်းများ၌ သဲလွန်စကျန်နေခဲ့၍ လည်းကောင်း၊ ပတ်ဝန်းကျင်သက်သေအစစ်ခံချက်များအရ လည်းကောင်း ကျူးလွန်သော တရားခံအား လွယ်ကူစွာ ဖော်ထုတ်ဖမ်းဆီးနိုင်ပါသည်။ သို့သော် အချို့သော မှုခင်းများတွင် သဲလွန်စလည်းမကျန်၊ မည်သူသတ်သည်ကို ခန့်မှန်းရခက်ခဲ၊ ကောက်ချက်ချရန်ခက်ခဲသည့်မှုခင်းများလည်းရှိခဲ့ပါသည်။ ထိုသို့ တရားခံမဲ့မှုခင်းများ ဖြစ်ပွားလာသည့်အခါ စာရေးသူ၏ စခန်းမှူးများလုပ်ဆောင်ချက်ကို သတိပြုခဲ့မိခြင်းကြောင့် ဖြစ်ပါသည်။

ပြစ်မှုကျူးလွန်သူအများစုတို့သည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှုကျူးလွန်ပြီးနောက် အပြစ်ကိုဝန်ခံခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်လေ့ရှိကြပါသည်။ မိမိကိုယ်တိုင် ဖြစ်မှုကျူးလွန်ကြောင်းဝန်ခံသည့်သူက ရှိတော့ရှိပြီးရှားသည်။ ယခုလည်း ပုံစံအမျိုးမျိုးဖြင့် အသတ်ခံရကြသော လူသေအလောင်းများ၊ သဲလွန်စရှာရန်ခက်ခဲသော သေသူအလောင်းများ၊ သုံးလေးရက်ခန့်ကြာမှ ပုပ်ပွသေဆုံးနေသည့် အလောင်းများ စသည့် အခြေအနေများ ဖြစ်ပေါ်လာသည့်အခါ စခန်းမှူးများက ထူးခြားသောလုပ်ဆောင်မှုကို ပြုလုပ်တတ်ကြပါသည်။

စခန်းမှူးများက သေဆုံးသူအလောင်း၏ ဦးခေါင်းဘက်သို့သွားပြီး ဦးခေါင်းအား ခြေထောက်ဖြင့် ထိ၍နှုတ်မှတိုးတိုးရေရွတ်သည်ကို တွေ့ရှိရပါသည်။ ဘာအကြောင်းအရာရွတ်ဆိုသည်ကို မသိပါ။ ထိုသို့ ခဏခဏတွေ့ဖန်များလာသည့်အခါတွင် ဆရာစခန်းမှူးအား မေးမြန်းရတော့သည့်အဆင့်သို့ရောက်လာပါသည်။

"ဆရာ၊ ကျွန်တော်မသိလို့မေးပါရစေ။ ဆရာလူသတ်မှုအလောင်းတွေကိုတွေ့တိုင်း လူသေခေါင်းရင်းဘက်သွားပြီး ဘာတွေရွတ်တာလဲ ဆရာ။ ကျွန်တော်သိချင်လို့ပါ"

"မင်းမေးတော့လည်း ပြောရတာပေါ့ကွာ။ မင်းလည်း တစ်ချိန်မှာ ရဲစခန်းမှူးတစ်ယောက်ဖြစ်မှာပဲ။ ယုံကြည်ရင်တော့ သိထားသင့်တာပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော့်ကို ရှင်းပြပါဦး"

"ဒီလိုကွ၊ တို့ရဲတပ်ဖွဲ့က စစ်ဆေးနေတဲ့လူသေမှုတွေဟာ ဓမ္မတာအတိုင်းသေတာရယ်၊ ဓမ္မတာအတိုင်းမဟုတ်ဘဲ သေတာဆိုပြီး (၂) မျိုးရှိတယ် မဟုတ်လား။ ဓမ္မတာအတိုင်းသေတာကတော့ မည့်သည့်သက်ရှိ၊ သက်မဲ့ ပယောဂမရှိဘဲ ရိုးရိုးသေတာပေါ့ကွာ။ တစ်နည်းအားဖြင့် နာမကျန်းအိုမင်းပြီး၊ သေနေ့စေ့ပြီး သေရခြင်းသဘောပေါ့ကွာ။ ဓမ္မတာအတိုင်းမဟုတ်ဘဲ သေတာကျတော့ သက်ရှိ သက်မဲ့ပယောဂတစ်ခုခုကြောင့် သဘာဝနဲ့ဆန့်ကျင်ပြီး သေတာမျိုးကို ခေါ်တာပေါ့ကွာ။ မြန်မာအယူအဆရ ပြောရင်တော့ အစိမ်းသေလို့ပြောတာပေါ့ကွာ။ ဒီလိုဓမ္မတာအတိုင်းမဟုတ်ဘဲ သေတဲ့လူတွေဟာ သေပြီးနောက် သူ့ရဲ့အတိတ်၊ ပစ္စုပ္ပန်ကံတွေကြောင့် တချို့ဟာ မကျွတ်မလွတ်ဘူးလို့လည်းဆိုကြတယ်မဟုတ်လား"

"ဟုတ်တယ် ဆရာ။ ကျွန်တော့် အဖေအမေတွေပြောသံကြားဖူးတယ်။ သေတဲ့လူဟာ (၇) ရက်မပြည့်ခင် သူ့ရဲ့ဝိညာဉ်ဟာ နေရာအနှံ့စွဲလမ်းရာကိုသွားတတ်တယ်တဲ့။ ဝိညာဉ်ကလိုက်ပြီးနိမိတ်ပြ၊ ခြောက်လှန့်တယ်လို့ မှတ်သားဖူးပါတယ်"

"အေး- အခုလည်းအသတ်ခံရတဲ့သူတွေရဲ့ဝိညာဉ်တွေလည်း ဒီလိုပဲပေါ့ကွာ။ (၇) ရက်မပြည့်ခင်တော့ နေရာအနှံ့သွားနေကြမှာပဲ။ သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်ပြုတဲ့အခါမှ သူ့ရဲ့ကံအနိမ့်အမြင့်အလိုက် သက်ဆိုင်ရာဘုံဘဝကိုရောက်တယ်လို့ ငါတို့လည်းကြားသိဖူးတာပဲ။ အဲဒီတော့ တို့က သတ်တဲ့သူမပေါ်တဲ့ သေဆုံးသူအလောင်းတွေကို တွေ့တဲ့အခါ သူ့ခေါင်းရင်းကနေ နှုတ်မိန့်ပေးလိုက်တာပေါ့ကွာ"

ထိုအခါကျမှ စာရေးသူလည်း ဗထူးတွင်တပ်ခွဲမှူးသင်တန်းတက်ရောက်စဉ်က သင်တန်းနည်းပြဆရာ၏ နှုတ်မိန့်အင်္ဂါရပ်အချက်များကို သတိရမိပါသည်။ နှုတ်မိန့်အင်္ဂါရပ်တွင် ရှင်းလင်းပြတ်သားရမည်။ အလွယ်တကူ နားလည်နိုင်ရမည်။ တိုတောင်းရမည်။ တိကျရမည်။ အချိန်မီဆောင်ရွက်ရမည် ဆိုသည့်အချက်များပင် ဖြစ်ပါသည်။ ထို့ပြင် နှုတ်မိန့်ပေးသူ၏ အရည်အချင်းတွင် ယုံကြည်မှုရှိခြင်းနှင့် အကျိုးကျေးဇူးဩလည်း ကိုယ်တိုင်နှုတ်မိန့်ပေးခြင်းအားဖြင့် လေးနက်မှုရှိခြင်းများကို သတိရမိခြင်း ဖြစ်ပါသည်။ ယခုလည်း သက်ဆိုင်ရာစခန်းမှူးအနေဖြင့် ထိုအချက်များနှင့် သဏ္ဌာန်တူသော နှုတ်မိန့်မျိုးပေးသည်ဟု ယူဆခဲ့ပါသည်။

"ဒါနဲ့ ဆရာပြောဆိုတဲ့ နှုတ်မိန့်ရွတ်ပုံလေးကိုလည်းပြောပြပါဦးဆရာ။ ဆရာက တိုးတိုးလေးရွတ်တော့ ကျွန်တော် မကြားဘူးဖြစ်နေတယ်"

"မခက်ပါဘူးကွာ၊ သေသူရဲ့ အမည်သိရင်တော့လည်း နာမည်ထည့်ပြီး နှုတ်မိန့်ပေးပေါ့ကွာ။ ဒီလိုပြောပေါ့၊ 'ကဲ - သေသူဘယ်သူပေါ့ကွာ၊ မင်းကိုငါ အမိန့်ပေးတယ်။ ငါက ဒီနယ်မြေကို အုပ်ချုပ်တဲ့ရဲစခန်းမှူးဖြစ်တယ်။ မင်းက ငါ့အမိန့်ကို နာခံရမယ်။ မင်းကိုသတ်သွားတဲ့လူကို (၇) ရက်အတွင်းမိအောင် ကူညီရမယ်။ ဒါမှမဟုတ် ငါတို့ဖမ်းမိအောင် သဲလွန်စပေးရမယ်။ ဒါငါ့အမိန့်ပဲ။ မင်း ငါ့အမိန့်မရဘဲ ဘယ်ကိုမှမသွားရဘူး။ ကဲ - မင်းငါ့အမိန့်အတိုင်းဆောင်ရွက်ပေတော့' လို့ ပြောပြီး သူ့ခေါင်းကို လက်နဲ့ပုတ်ရင်လည်းပုတ် ဒါမှမဟုတ် သူ့ဆံပင်တစ်ပင်လောက်နုတ်ပြီး ယူလာရင်လည်း ယူလာပေါ့ကွာ"

"အဲဒီလိုဆိုရင် သတ်တဲ့လူကို မိရောလား ဆရာ"

"ဒါက ဒီလိုရှိတယ်ကွ။ နှုတ်မိန့်ပေးတဲ့သူကလည်း ဘာသာတရားကိုင်းရှိုင်းရမယ်။ ဒါလည်း အဓိကကျတယ်လို့ထင်တယ်။ ငါ့ဘဝမှာတော့ ဒီလိုသဲလွန်စမဲ့ ကျူးလွန်သူမသိတဲ့အမှုတွေမှာ ဒီနည်းအတိုင်း နှုတ်မိန့်ပေးဆောင်ရွက်ခဲ့တာပဲ။ စိတ်အထင် (၇၅) ရာခိုင်နှုန်းလောက်တော့အောင်မြင်တယ်။ နောက်ပြီး ညဘက် ဘုရားရှိခိုးရင်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်တွေကို မေတ္တာပို့၊ အမျှဝေပြီး မှုခင်းပေါ်ပေါက်ရေးအတွက် ကူညီတောင်းခံရတာပေါ့ကွာ။ ဒါဆို အနေနဲ့အမြန်ဆိုသလို နည်းနည်းတော့ ပေါ်ပေါက်လာတာပဲကွ"

"အင်းပေါ့လေ၊ ကိုယ့်ဘက်ကလည်း ဘာသာတရားနဲ့ယှဉ်ပြီးဆောင်ရွက်ရင်တော့ အောင်မြင်မှာပေါ့ ဆရာ"

"အေး- နောက်ပြီး တို့လက်နက်ကိုင်အဖွဲ့တွေသေတဲ့အခါ တခြားအရပ်သားတွေလို ရိုးရိုးမြေမမြှုပ်ဘူးကွ။ အမိန့်ပြန်တမ်းအမိန့်ထုတ်ပြီး သေတဲ့လူရဲ့ခေါင်းရင်းကနေ ဖတ်ပြရတယ်ကွ။ သူ့ကို လွတ်ရာလွတ်ကြောင်းသွားခွင့်ပြုလိုက်တာပေါ့။ တစ်နည်းအားဖြင့် နှုတ်မိန့်ပေးလိုက်တာပဲပေါ့ကွာ"

စာရေးသူရဲ့ ဆရာက ဆေးပေါ့လိပ်မီးညှိရှိုက်ဖွာပြီး ဆက်ပြောပြပါသည်။

"နောက်ပြီး တချို့ဆရာစခန်းမှူးများရဲ့လုပ်နည်းကိုင်နည်းတစ်မျိုးလည်း ရှိသေးတယ်ကွ"

"ဘယ်လိုလုပ်တာလဲဆရာ၊ ဆက်ပြောပြပါဦး"

"ဒီလိုကွ၊ တချို့ရဲစခန်းမှူးတွေက အဲဒီလိုသတ်တဲ့သူမပေါ်သေးတဲ့ လူသေအလောင်းတွေ့တာနဲ့ အဲဒီလူသေရဲ့ လက်နှစ်ဖက်ကို နောက်ပြန်လက်ထိတ်ခတ်ခိုင်းတယ်ကွ"

"ဟင် - ဘာဖြစ်လို့လဲဆရာ"

"ဆရာတွေ ပြောတာကတော့ သေတဲ့သူရဲ့ ဝိညာဉ်လိပ်ပြာကို ဘယ်မှမသွားနိုင်အောင် ချုပ်ထားလိုက်တာတဲ့၊ ဒါမှ အဲဒီသေသူဝိညာဉ်က သူ့နှုတ်မိန့်ကို နာခံမယ်ပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီနည်းလည်းဖြစ်နိုင်တာပဲဆရာ၊ သဘာဝကျပါတယ်။ သေတဲ့လူကို လက်ထိတ်ခတ်ရမှာတော့ တစ်မျိုးကြီးပေါ့နော်။ သူ့ခမျာ သတ်လည်းအသတ်ခံရသေးတယ်။ သေတဲ့အထိ လက်ထိတ်ခံရသေးတယ်ဆိုတော့ သေသူရဲ့ ကာယကံရှင်ဆွေမျိုးတွေသိရင် စိတ်မကောင်းဖြစ်စရာ ပေါ့နော်"

"ဒါကတော့သူ့ပုံစံနဲ့သူပေါ့။ တချို့ရဲစခန်းမှူးကျတော့လည်း သေသူရဲ့ ခေါင်းကို လက်နဲ့ (၃) ချက်ပုတ်ပြီး 'မင်း-ငါ့အမိန့်နာခံ' ဆိုပြီး နှုတ်မိန့်ပေးကြတာပေါ့ကွာ"

စာရေးသူအနေဖြင့် ထိုအချိန်က လူသတ်မှုများကို ကိုယ်တိုင်မစစ်ဆေးရသေးသဖြင့် ဆရာစခန်းမှူးများ၏လုပ်နည်းလုပ်ဟန်များကိုသာ မှတ်သားထားလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ စာရေးသူနှင့် ရဲစခန်းမှူးတို့ သေသူအား နှုတ်မိန့်ပေးမှုနှင့် ပတ်သက်ပြီး ဆွေးနွေးနေစဉ် တပ်ကြပ်ကြီး (စာရေး) ဦးတင်အောင် (ကွယ်လွန်) ကလည်း ၎င်း၏ အတွေ့အကြုံတစ်ခုအား ပြောပြခဲ့ပါသည်။

"ဟုတ်တယ် ဗိုလ်လေးရ၊ ဒီကိစ္စဆိုတာ မယုံလို့လည်းမရဘူး။ တကယ်လက်တွေ့နယ်ပယ်မှာ သုံးစွဲနေကြတဲ့ သူတွေလည်းရှိတာပဲ။ ရှေးထုံးလည်း ရှိတယ်နဲ့ဆိုတာမျိုးပေါ့။ ရဲစခန်းရုံးထဲ ဝင်လာရောဂါသည်ဝင်တာမျိုး၊ ကျွန်တော့် စာရေးစားပွဲကို လက်နဲ့ခေါက်တာမျိုး၊ ခြေနဲ့ခြစ်တာမျိုးတွေဟာ သတိထားနေရတယ်၊ အဲဒီလိုမျိုးဆိုရင် ရဲစခန်းမှာ ပြဿနာကြီးတဲ့အမှုမျိုး ဖြစ်တော့တာပဲ။ ကျွန်တော်လည်း ဆရာစခန်းမှူးရဲ့ ဖြစ်ရပ်အမှန်ကို ပြောပြပါ့မယ်"

"လုပ်ပါဦး ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း ဗဟုသုတရတာပေါ့ဗျာ"

"ဟုတ်ကဲ့ - ပြောပါ့မယ်၊ ကျွန်တော်မှတ်မိသလောက်ပေါ့။ ဟိုဘုရားကြီးမှာ (ယခုမြို့အဖြစ်သတ်မှတ်) လမ်းလျှောက်နေသွားရတဲ့ ဘောနက်ကြီးရဲစခန်း ဆိုတာရှိတယ်။ စခန်းမှူးအမည်တော့ မမှတ်မိတော့ဘူး။ အဲဒီရဲစခန်းမှူးက အရက်သောက်စားပြီး ရဲစခန်းပြန်လာတဲ့ အခါ လမ်းမှာတွေ့တဲ့နတ်စင်နားရောက်တော့ နားတာပေါ့ ဆရာ။ အဲဒီမှာပဲ ရဲစခန်းမှူးက အရက်မူးနေတော့ နတ်စင်မှာတွေ့တဲ့ ဓားထမ်းထားတဲ့ နတ်ရုပ်ကို မြင်တဲ့အခါ သူ့ကိုဆက်ထားတဲ့ အရက်၊ ပစ္စည်းတွေကိုလည်း ယူစားပစ်တယ်။ နတ်ရုပ်က ဓားကိုင်ထားလို့ ဓားကို ဖြုတ်ယူပြီး လက်နက်ပုဒ်မနဲ့ တရားစွဲဖို့ ရဲစခန်းလိုက်လာရမယ်လို့ပြောပြီး စခန်းကိုပြန်သွားတယ်"

"ဒါနဲ့ ဘယ်လိုဖြစ်သလဲ၊ ဆက်ပါဦး"

"စခန်းမှူး ရဲစခန်းရောက်တော့ စခန်းထဲမှာ လူတွေအုံနေပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦးရဲ့ဇနီးတစ်ယောက်ကို နတ်က ဝင်ပူးနေတယ်တဲ့။ အဲဒီနတ်ဝင်ပူးနေတဲ့ ရဲမေက စခန်းမှူးကို တောင်းပန်ပေးကြပါ။ အမြည်းနဲ့ အရက်သောက်တာလည်း စိတ်မဆိုးပါဘူးတဲ့။ ဒါပေမယ့် သူ့ကိုတော့ လက်နက်ပုဒ်မနဲ့ တရားမစွဲဖို့ တောင်းပန်ပေးကြပါလို့ ပြောတယ်တဲ့"

စာရေးသူလည်း စာရေးကြီးပြောပြတဲ့အဖြစ်အပျက်ကို နားထောင်ပြီး ငိုအားထက်ရယ်အားသန်ခဲ့ပါသည်။

"တကယ်မှတ်သားလောက်ပါပေတယ်ဆရာရယ်။ စခန်းမှူးနှုတ်မိန့်က ထိရောက်တော့ နတ်ကဝင်ပူးပြီးပြောရတဲ့အဆင့်ကိုရောက်တော့တာပေါ့နော်"

စာရေးသူအနေဖြင့် ဆရာစခန်းမှူးများ၏ နှုတ်မိန့်ပေးမှုခင်းများနှင့် ပတ်သက်လေ့လာခဲ့ရာတွင် အမှန်ပင် တရားခံဖော်ထုတ်နိုင်ခြင်း၊ ပြစ်မှုကျူးလွန်သူမှာ ရဲစခန်းမှူး နှုတ်မိန့်ပေးထားစဉ်ကာလအတွင်း အိပ်မပျော်ခြင်း၊ အိပ်မက်ဆိုးများမက်ခြင်း။ ရဲတပ်ဖွဲ့ဝင်များအား တွေ့မြင်လျှင် ကြွေ့ပျက်ခြင်း၊ ပြစ်မှုကျူးလွန်ကြောင်းဝန်ခံလိုစိတ်များပေါ်ပေါက်လာခြင်း၊ အဝေးသို့ထွက်ပြေးရန် ကြိုးစားသော်လည်း အကြောင်းတစ်ခုခုကြောင့် ထွက်မပြေးနိုင်ခြင်း စသည်များ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာ သိရှိရပါသည်။ ထိုအချက်များမှာ စာရေးသူအနေဖြင့် ညောင်လေးပင်အချုပ်ထောင်တွင် အချုပ်အုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်က လူသတ်မှုမှ တရားခံများ မေးမြန်းစုံစမ်းခြင်းဖြင့် သိရှိခဲ့ရခြင်း ဖြစ်ပါသည်။

ထိုသို့သော ဖြစ်ပျက်မှုကိစ္စရပ်များအား သာမန်ပြည်သူများအနေဖြင့် ကိုယ်တိုင်မကြုံဘူးကြသဖြင့် ယုံချင်မှယုံကြပေလိမ့်မည်။ စာရေးသူအနေဖြင့် ယုံကြည်မှုရာခိုင်နှုန်းများပါသည်။ စာရေးသူ၏ယုံကြည်မှုအား ပိုမို၍ခိုင်မြဲစေသည့် အဖြစ်အပျက်တစ်ခုက အမှန်ပင် ကိုယ်တွေ့ကြုံခဲ့ရသောကြောင့် ဖြစ်ပါသည်။

စာရေးသူမှာ ညောင်လေးပင်မြို့ ရဲစခန်းအချုပ်ထောင်တို့တွင် (၄) နှစ်ခန့် တာဝန်ထမ်းဆောင်ပြီးသည့်အခါ ဒုရဲအုပ် (စခန်းမှူး) အဆင့်သို့ ရာထူးတိုးမြှင့်ခံခဲ့ရပါသည်။ ထိုအချိန်က မြို့နယ်ရဲတပ်ဖွဲ့မှူးမှာ ရဲအုပ်ကြီး စောလှမောင် (ရဲမှူးကြီးငြိမ်း - တိုင်းရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်းတိုင်းဒေသကြီး) ဖြစ်ပါသည်။ ၁၉၈၂/ ၈၃ ခုနှစ်တွင် စာရေးသူအား ပြွန်တန်ဆာရဲစခန်းမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

ထိုအချိန်တုန်းက စာရေးသူမှာ အသက်(၃၀)ကျော်ခန့်သာရှိပြီး အတွေ့အကြုံနုနယ်သူ ဖြစ်ပါသည်။ အမှန်ပင် လက်တွေ့ ရဲစခန်းမှူးကိုယ်တိုင်လုပ်ရတော့မည်ဖြစ်သဖြင့် စိုးရိမ်စိတ်ကလည်း ပိုနေမိပါသည်။ ဘယ်ရက်မှာများလူသတ်မှုဖြစ်မှာလဲ စသည်ဖြင့် အမှုကြီးဖြစ်ပွားမှာကိုပင် စိုးရွံ့နေပါတော့သည်။ ဆရာများသင်ကြားပေးခဲ့သည့်အတိုင်း ဘာသာရေးကိုတော့ အလေးထားပုံမှန်ဆောင်ရွက်ခဲ့ပါသည်။ အထူးသဖြင့် နံနက်စောစော ဘုရားရှိခိုးခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း စသည်တို့အား မပျက်မကွက် ဆောင်ရွက်ခဲ့ပါသည်။ အမှန်မှာ စာရေးသူအနေဖြင့် စိုးရိမ်စိတ်ပိုနေခြင်းနှင့် အတွေ့အကြုံနုသေးသည်ဟုသာ မိမိကိုယ်မိမိ ခံယူထားခြင်းကြောင့် ဖြစ်ပါသည်။

စာရေးသူမှာ လုပ်ငန်းအတွေ့အကြုံပေါ် မူတည်ပြီး စိုးရိမ်စိတ်ပေါ်နေသော်လည်း တပ်ကြပ်ကြီး စာရေး ဦးမောင်ရင်(ကွယ်လွန်)ကတော့ စာရေးသူကို အားပေးခဲ့ပါသည်။ စာရေးကြီးက -

"ဆရာက ရဲစခန်းမှူးဖြစ်ခါစဆိုတော့ စိုးရိမ်နေမှာပဲ။ ဘာမှမစိုးရိမ်ပါနဲ့ ကျွန်တော်တို့လည်းရှိပါတယ်။ ရဲစခန်းမှတ်ပုံတင်ပိုင်းဆိုင်ရာနဲ့ ပတ်သက်ပြီး ကျွန်တော့်တာဝန်သာထား၊ ဆရာမရှင်းရင်လည်းမေးပေါ့။ နောက်ပြီး ကျွန်တော်တို့ရဲ့ စခန်းနယ်ထိန်းတပ်ကြပ် ချစ်တီး (ငြိမ်း) က ဒီစခန်းမှာ ကြာပြီဖြစ်တယ်။ ဒီနယ်မြေအကြောင်းကို ကောင်းကောင်းသိတယ်။ ဒီနယ်ကိုထိန်းနိုင်ပါတယ်။ အမှုဖြစ်လာရင် ဝိုင်းပြီးပူးပေါင်းဆောင်ရွက်ကြပါတယ်။ မပေါ်တဲ့အမှုမရှိပါဘူး"

စာရေးကြီးက ထိုသို့ပြောလိုက်မှပဲ စာရေးသူအနေဖြင့် အားတက်ကြည်နူးမိပါသည်။ ဤသို့နှင့် စာရေးသူလည်း ရဲစခန်းမှူး၏တာဝန်များကို ရင်ခုန်စွာဖြင့် ဖြတ်သန်းနိုင်ခဲ့ပါသည်။

နေ့ရက်တော့ မမှတ်တော့ပါ။ တစ်နေ့သောညဘက်တွင် စာရေးသူ၏



www.burmeseclassic.com

www.burmeseclassic.com

နယ်ထိန်းအဖွဲ့နှင့်အတူ ည (၁၁) နာရီခန့်တွင် မြို့ထဲမှ ရဲစခန်းသို့ ပြန်လည်ရောက်ရှိပါသည်။ ထိုအချိန်က ရဲစခန်းတွင် ယခုကဲ့သို့ အချုပ်ခန်းသီးသန့်မရှိပါ။ ယခု ရဲစခန်းရုံးပြုလုပ်ထားသောအဆောက်အအုံ၌ပင် (၁၀)ပေပတ်လည်ခန့်ရှိ အချုပ်ခန်းအား သစ်သားတိုင်များဖြင့် ပြုလုပ်ထားပါသည်။ အမှုစစ်ဆေးဖော်ထုတ်ရန်အတွက် တရားခံတစ်ဦး၊ နှစ်ဦးစကိုသာ ရီမန်ယူချုပ်ထားလေ့ရှိပါသည်။ စုံစမ်းစစ်ဆေးပြီးသည်နှင့် ညောင်လေးပင်အချုပ်ထောင်သို့ အမြန်ပို့အပ်ပါသည်။ တစ်နည်းအားဖြင့် ယာယီချုပ်နှောင်သောအချုပ်ခန်းဟုပင် သတ်မှတ်ရမည် ဖြစ်ပါသည်။

ထိုနေ့က အချုပ်ခန်းကင်းစောင့်တာဝန်မှာ ဒုတပ်ကြပ်လှဝင်း (ယခု တပ်ကြပ်ကြီး-ပြွန်တန်ဆာရဲစခန်း) ဖြစ်ပါသည်။ အချုပ်ခန်းထဲတွင် တရားခံတစ်ဦးသာရှိပါသည်။ အမည်တော့မမှတ်မိတော့ပါ။ စာရေးသူက ရဲစခန်းရောက်သည်နှင့် အချုပ်ခန်းကို အမြဲစစ်လေ့ရှိပြီး အရပ်ရပ်နေ့စဉ်မှတ်တမ်းတွင် မိမိကိုယ်တိုင် ရေးသား ဖော်ပြပါသည်။ အချုပ်ခန်းသော့နှင့် တိုင်များအား စစ်ဆေးပြီးနောက် ဒုတပ်ကြပ်လှဝင်းအား-

"မင်းအိပ်မနေနဲ့နော်၊ သေသေချာချာစောင့်။ မင်းမစောင့်လို့ကတော့ ငါကျော်ဖြိုးကိုလည်ပင်းညှစ်ခိုင်းမယ်"

ကျော်ဖြိုး ဆိုသူမှာ လွန်ခဲ့သောတစ်ပတ်ကျော်ခန့်လောက်က ကျောင်းရွာကျေးရွာတွင် အသတ်ခံရသူတစ်ဦးဖြစ်ပြီး ၎င်း၏သွေးစွန်းအင်္ကျီအား လေသလပ်ခြောက်သွေ့စေရန် အချုပ်ခန်း၏မျက်နှာကြက် သစ်သားတန်းပေါ်တွင် လွှားထား၍ဖြစ်ပါသည်။ ဒုတပ်ကြပ်လှဝင်းက-

"မလုပ်ပါနဲ့ဆရာရယ်၊ ကျွန်တော်က သရဲကြောက်တတ်တယ်"

စာရေးသူကလည်း ဒုတပ်ကြပ်လှဝင်းကြောက်တတ်သည်ကို သိထားသဖြင့် အတည်လိုလို၊ နောက်သလိုလိုနှင့် ထပ်မံပြောလိုက်ပါသည်။

"ဟေ့ကောင် ကျော်ဖြိုး၊ ဒီကောင်လှဝင်း· အိပ်ငိုက်တာနဲ့ လည်ပင်းညှစ်ကွာ၊ မင်းကိုတာဝန်ပေးခဲ့မယ်"

ဟု အမိန့်ပေးလိုက်ပါသည်။

ဒုတပ်ကြပ်လှဝင်းက မျက်နှာငယ်စွာဖြင့် -

"ဆရာကလုပ်တော့မယ်၊ ကျွန်တော်ကြောက်တတ်ပါတယ်ဆိုမှ။ ကျွန်တော်မအိပ်ဘဲသေချာစောင့်ပါ့မယ်"

"အေး-သေချာစောင့်နော်၊ ငါကတော့ ကျော်ဖြိုးကို အမိန့်ပေးခဲ့ပြီးပြီ။ ငါသွားအိပ်တော့မယ်"

ဒုတပ်ကြပ်လှဝင်းအား ပြောဆိုပြီးနောက် စာရေးသူလည်း အိမ်သို့ပြန်လာပြီး ဘုရားဦးချ၍ အိပ်ရာဝင်လိုက်ပါသည်။ စိတ်အထင် မှေးခနဲအိပ်ပျော်ခါနီးတွင် ကျွန်တော်အိပ်ခန်းပြတင်းတံခါးအပြင်ဘက်မှနေ၍-

"ဆရာ ဆရာ ထပါဦး၊ အချုပ်ထဲက တရားခံဘယ်လိုဖြစ်လဲမသိဘူး။ အီးအီးနဲ့အော်နေတယ်။ ကျွန်တော်နှိုးတာလည်းမရဘူးဖြစ်နေတယ်။ ဆရာလာကြည့်ပါဦး"

ဟု ဒုတပ်ကြပ်လှဝင်း သတင်းပို့မှုကြောင့် စာရေးသူလည်း အိပ်ရာမှ ကပျာကယာထပြီး အချုပ်ခန်းဘက်သို့ အမြန်လာခဲ့ပါသည်။ အချုပ်ခန်းရောက်သည့်အခါအတွင်းရှိ အချုပ်သားမှာ ၎င်း၏လည်ပင်းကိုကိုင်လျက် အီးအီးအစ်အစ်နှင့် အသံများထွက်၍ ရုန်းကန်နေသည့်ပုံစံ ဖြစ်နေပါသည်။ စာရေးသူက တရားခံအမည်ခေါ်သော်လည်း မည်သို့မျှ မထူးခြားခဲ့ပါ။ စာရေးသူလည်း တရားခံတစ်ခုခုဖြစ်မည်ကို စိုးရိမ်ပူပန်ခဲ့ပါသည်။ ထိုသို့စိုးရိမ်ပူပန်နေစဉ်မှာပင် ဖျတ်ခနဲသတိရမိခဲ့ရာ စာရေးသူ မြို့ထဲမှပြန်လာစဉ် အချုပ်ခန်းစစ်ဆေးရာ၌ ကင်းစောင့်ဒုတပ်ကြပ်လှဝင်းအား အိပ်မငိုက်စေရန်အတွက် အသတ်ခံရသူ ကျော်ဖြိုးအား ကင်းအိပ်ငိုက်ပါက လည်းပင်းညှစ်ရန် အမိန့်ပေးခဲ့သည်ကို ပြန်သတိရမိပါသည်။ စာရေးသူလည်း သို့လောသို့လောဖြင့် ထိုသို့အမိန့်ပေးခဲ့မှုကြောင့်ဟု ယုံကြည်ခဲ့ပြီးနောက် -

"ဟေ့ကောင် ကျော်ဖြိုး မလုပ်နဲ့လေကွာ၊ တစ်ခုခုဖြစ်သွားဦးမယ်။ မင်းနေရာမင်းနေစမ်း"

ဟု ခပ်တည်တည်ဖြင့် အမိန့်ပေးလိုက်ပါသည်။

ထိုအခါတွင် အချုပ်ခန်းအတွင်းမှ တရားခံမှာ 'ဟူး. . .'ဟု သက်ပြင်းချသံကြားရပြီးနောက် ရုတ်တရက် ထထိုင်လိုက်ပါသည်။

စာရေးသူက -

"ဟေ့ကောင်၊ မင်းဘယ်လိုဖြစ်တာလဲ တအီးအီးနဲ့"

တရားခံက ၎င်းမျက်နှာပေါ်က ချွေးများကိုသုတ်ပြီးနောက် -

"ကျွန်တော်လည်း ဘယ်လိုပြောရမှန်းတော့င်မသိဘူးဆရာ။ ဆရာတ... စစ်လာတာကို သိတယ်။ ကင်းသမား... ပြောတာလည်းကြားတယ်။ နောက်... ဆရာအသတ်ခံရတဲ့ကျော်ဖြိုးအမည်... ခေါ်ပြီး ကင်းအိပ်ငိုက်ရင် လည်ပင်းည... လို့ပြောသွားတာလည်း သိတယ်။ ဆ... ထွက်သွားပြီး ကျွန်တော်လည်း မှေး... အိပ်ပျော်စဉ်မှာပဲ ကျွန်တော့်ကိုယ်... ကို တစ်ဦးဦးကတက်ဖိပြီး လည်ပင်းည... တော့တာပဲဆရာ။ ကျွန်တော်ပြန်တွ... တာလည်းမရဘူး။ အသက်ရှူကျ... အော်နေတယ်လို့ထင်တာပဲ။ အခုဆ... က မလုပ်နဲ့လို့ပြောလိုက်မှ ကျွန်တေ... ကိုယ်ပေါ်က လေးနေတာလည်းပျော... သွားတယ်ဆရာ"

စာရေးသူလည်း တရားခံပြော... မှ အံ့အားသင့်သွားရပါသည်။ အမ... တမဲ့ နှုတ်မိန့်ပေးလိုက်သည့်အချက်... ကင်းသမားအပေါ် မသက်ရောက်... တရားခံအပေါ်တွင် သွားရောက်သ... ရောက်နေသည်ကို တွေ့ရှိရပါသည်... တစ် ဖန်ကင်းသမား ဒုတပ်ကြပ်လှ... အား ဘာဖြစ်လို့လည်ပင်းမညှစ်သလဲ... မေးခွန်းထုတ်စရာရှိပါသည်။ စာရေး... အထင်မှာ မင်းအာဏာအရ နိုင်... ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော... ဖြစ်၍သာ မပြုလုပ်ခြင်းဖြစ်မည်ဟု ထ... မြင်မိပါသည်။

ထိုသို့သော အဖြစ်အပျက်ကြော... စာရေးသူ၏သင်ဆရာ ရဲစခန်းမှူးမျ... အမှုပေါ်စေရန် အသတ်ခံရသည့်လူ... အလောင်းရှေ့တွင် ရွတ်ဆိုနှုတ်မိန့်ပေး... မှုများသည် တရားခံများအား အမ... နှင့်အမြန်ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း ဖြ... သည်ကိုပြန်လည်သတိရမိပါတော့သည်... ယခုလည်း မိမိကိုယ်တိုင် နှုတ်မိန့်တ... ကို မဆင်မခြင်ပြောဆိုမိခဲ့သည့်အတွ... ဖြစ်ပေါ်လာသည့် အခြေအနေများ... ကိုယ်တိုင် လက်တွေ့သိမြင်ရပြီ ဖြစ်ပါ... သည်။ စာရေးသူအနေဖြင့် နှုတ်မိ... ဟူသည် ကိုယ်ကိုယ်တိုင် ယုံကြည်မှု... ပြီး ဘာသာတရားအခြေခံ၍ သစ္စာ... ကာ နှုတ်မိန့်ပေးခဲ့ပါက မုချမလွဲမသေ... အောင်မြင်နိုင်ပါကြောင်း ကိုယ်တွေ့... အား အခြေပြုလျက် ယုံကြည်သက်ဝ... မိပါတော့သည်။

*သင်ဆရာများအားလုံး...*
*ဂါရဝပြုလျ...*

ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း...)



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လှိုင်(သုဝဏ္ဏ)

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေပျူပဟာ ၁၆၈

အသားအရေ ကြည်လင်သန့်ရှင်းမှု ကံကောင်းခြင်းများကို ဆွဲဆောင်နိုင်

တရုတ်လူမျိုးတို့၏အယူအရ မျက် အနေအထား၊နှာခေါင်းတည်ဆောက် အပြင် အသားအရေကြည်လင်သန့် ခြင်းကလည်း ကံကောင်းခြင်းနိမိတ်



အတွက် တစ်ခုအပါအဝင်ဖြစ်သည်။

ဖုန်းရွှေပညာရပ်နှင့်အညီ ထူးခြား ရည်များဖြင့် အောင်မြင်ကျော် သည့် မျက်နှာပိုင်ရှင်များဖြစ်လာ အိပ်ရာမဝင်မီ ညစဉ်ညတိုင်း မျက် ပုံမှန်သန့်စင်ပေးရန်လိုပါသည်။

ကြာဝင္ဇာ၏ အခြေခံစွမ်းအင်နှစ် ဖြစ်သည့် ယင်နှင့် ယန်ဓာတ် နှစ်မျိုး မျက်နှာ၌ပါဝင်စီးဆင်းလျက်ရှိသည်။ မျက်နှာတွင် ယင်နှင့် ယန်ဓာတ်နှစ်မျိုး တစ်ခုမဟုတ်တစ်ခု လွန်ကဲစွာ ရောစပ်ပါဝင်ခြင်းမရှိစေရန် သတိပြုရပါမည်။ ယန်ဓာတ်လွန်ကဲသောနေရောင်ကြောင့် မျက်နှာ၌ အရေးအကြောင်း၊ အတွန့်အခေါက်များ တိုးပွားလာပြီး မျက်နှာအသားအရေကြမ်းတမ်းလာပါမည်။ ထို့သို့ အသားအရေအား နေရောင်တိုက်ရိုက်ထိတွေ့ခြင်းမှ ကာကွယ်ရန် ဦးထုပ်ဆောင်း၍ နေရောင်ဒဏ်ခံနိုင်သည့် ခရင်(မ်) လိမ်းကျံပေးသင့်ပါသည်။ နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်များက အသားအရေကိုပျက်စီးစေခြင်းကြောင့် မိမိနှင့် သင့်တင့်ကိုက်ညီသည့် အလှဆီ၊ ခရင်(မ်)တို့အား နေပူထဲ မသွားမီ ကြိုတင်လိမ်းရန် သတိပြုရပါမည်။ နေရောင်နှင့်တိုက်ရိုက်ထိတွေ့မှုနည်းသည့် ဖျော့တော့သော မျက်နှာသည် နေရောင်လောင်ကျွမ်းမှုဒဏ်ခံရသည့်မျက်နှာထက် ပို၍ကံကောင်းခြင်းများကို ဆွဲဆောင်နိုင်ကြောင့် ဖုန်းရွှေပညာရှင်တို့က ဆိုသည်။ အပြစ်အနာအဆာမဲ့၍ ကံကောင်းခြင်းနိမိတ်ဆောင်သော ရုပ်ရည်ပိုင်ရှင်များဖြစ်ရန် နေရောင်အား သတိပြုကာကွယ်ခြင်း၊ အိပ်ရာမဝင်မီ (ညစဉ်) ပုံမှန် မျက်နှာဆေးကြောသန့်စင်ခြင်းနှင့် အဆီမပြန်အောင် ကာကွယ်ခြင်းများ လုပ်ပေးရပါမည်။


## ၉၇။ တောက်ပသော မျက်လုံးအစုံနှင့် တည်ငြိမ်သောအကြည့်များက ကောင်းသောချီဓာတ်များကို ယူဆောင်ပေးနိုင်ခြင်း

မျက်လုံးအစုံအား အကဲခတ်လေ့လာလိုက်သည်နှင့် သက်ဆိုင်သူ၏ကျန်းမာရေး၊ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာနှင့် စိတ်ခံစားမှုအခြေအနေတို့အား ရာနှုန်းပြည့်နီးပါး သိရှိနိုင်ပါသည်။ ထို့ကြောင့်လည်း မျက်လုံးသည် နှလုံးသား၏ ပြတင်းပေါက်ဖြစ်သည်ဟု တင်စားပြောဆိုခြင်း ဖြစ်သည်။ မျက်လုံးအစုံစူးရှတောက်ပ၍ တည်ငြိမ်စွာကြည့်တတ်သူတို့အတွက် ကောင်းသောချီဓာတ်များ စဉ်ဆက်မပြတ် စီးဆင်းနေပါမည်။

**အောင်နိမိတ်ဆောင်သည့် တောက်ပသော မျက်လုံးပုံစံနှင့် ပင်ပန်းနွမ်းနယ်ဟန်ပြနေသည့် နိမိတ်မကောင်းသောမျက်လုံးပုံစံ**

ပင်ပန်းနွမ်းနယ်နေဟန်၊ ခြောက်သွေ့နေဟန်ဖြင့် နီနေသောမျက်လုံးအစုံသည် စိတ်တည်ငြိမ်မှုမရှိခြင်း၊ ကျန်းမာရေးမကောင်းခြင်း ဟူသည့် မကောင်းသောနိမိတ်များကို ဖော်ပြပါသည်။

တောက်ပသောမျက်လုံးအစုံသည် တစ်ဖက်သား လူအများအပေါ် မိမိဘက်ပါအောင် ဆွဲဆောင်စည်းရုံးနိုင်ခြင်း၊ ကောင်းသော ချီဓာတ်များကြောင့် အခွင့်အရေးသစ်များ ရရှိခြင်းတို့ဖြင့် ကောင်းကျိုးပေးပါသည်။ တောက်ပသောမျက်လုံးအစုံ၏ ပိုင်ရှင်ဖြစ်သည့်အပြင် တည်ငြိမ်သော (သို့) မိမိကိုယ်မိမိယုံကြည်သည့်အဓိပ္ပာယ်ရှိသောအကြည့်ဖြင့်ပါ ကြည့်တတ်ပါက တစ်သက်တာအတွင်း အောင်မြင်မှုများ ဆက်တိုက်ရနေပါမည်။ တည်ငြိမ်စွာ ကြည့်တတ်သူများသည် မျက်စိရှေ့တည့်တည့်သို့ မျက်တောင်တစ်ချက်မခတ်စတမ်း ကြည့်နိုင်စွမ်းရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



**၉၈။ တစ်ရက်ချင်းစီအလိုက် သန့်ရှင်း သပ်ရပ်စွာ ဝတ်စားနေထိုင်တတ်ခြင်း**

ကံကောင်းခြင်းများဖြင့် ပြည့်စုံသောသူများသည် အမြဲတစေ အဝတ်အစား သပ်ရပ်စွာ ဝတ်ဆင်တတ်ပြီး ပြုံးရွှင်သောမျက်နှာပေးထားရှိနိုင်သူများဖြစ်သည်။ တစ်နည်းအားဖြင့် ကံကောင်းခြင်းနိမိတ်များ ဝင်ရောက်လာနိုင်ရန် ကြိုတင် ပြင်ဆင်ထားခြင်းပင် ဖြစ်သည်။ အပြင်သို့ထွက်၍ သွားလာရန်ကိစ္စမရှိသည့်တိုင် အိမ်အတွင်း (သို့) ရုံးအတွင်း အလုပ်လုပ်နေစဉ်မှာပင် တစ်ကိုယ်ရေ သန့်ရှင်းပြီး သပ်ရပ်စွာ ဝတ်စားထားသင့်ပါသည်။ မိမိကိုယ်မိမိ သန့်ရှင်းသပ်ရပ်စွာနေထိုင်ရန် လိုအပ်သည်။ ပျင်းရိ၍ ဖြစ်သလိုနေထိုင်မိခြင်းဖြင့် ကံကောင်းခြင်းများအစား မကောင်းသောအတိတ်နိမိတ်များကျရောက်လျက် ဒုက္ခတွေ့နိုင်ပါသည်။

ယနေ့ခေတ် လူငယ်များ၏ ဝတ်စားဆင်ယင်မှုကို လေ့လာပါက သန့်ရှင်းသပ်ရပ်သော အင်္ကျီ၊ ဘောင်းဘီများအစား စုတ်ပြတ်ပေါက်ပြဲနေသော ဂျင်းဘောင်းဘီ၊ အရောင်မွဲ၍ အမွေးဖွာနေသော ဂျင်းဘောင်းဘီများကို အများဆုံး ဝတ်ဆင်နေကြောင်း တွေ့ရှိရသည်။ ထိုမကောင်းသော (နိမိတ်ဆိုးဖြစ်စေသည့် ရုပ်ဆိုးသော) ဝတ်စားဆင်ယင်မှုများကို စိတ်ဝင်စားသူ လူငယ်တို့အတွက် ကောင်းသောချီဓာတ်များရရှိရန် လွန်စွာ



အားနည်းနေပါသည်။

သန့်ရှင်းသပ်ရပ်စွာ ဝတ်စားနေထိုင်တတ်သူများအဖို့ မိမိ၏ကြိုးစားအားထုတ်မှုရှိသလောက်အောင်မြင်တိုးတက်နေပါမည်။

အဝတ်အစားများကို နေ့စဉ် သန့်စင်အောင် လျှော်ဖွပ် အခြောက်ခံပြီး မီးပူတိုက်ပေးပါ။ ပြီးနောက် ၎င်းအဝတ်အထည်များအား ချိတ်ဖြင့် သပ်ရပ်စွာချိတ်ဆွဲထားခြင်း (သို့) ညီညာစွာခေါက်၍ ဗီရိုဌ် သိမ်းဆည်းပေးခြင်းလုပ်ရပါမည်။ သင်ဝတ်ဆင်ထားသော အင်္ကျီ၊ အဝတ်အစားသန့်ရှင်းသပ်ရပ်မှုသည် သင့်ကိုယ်သင်ယုံကြည်မှုကို မြင့်တက်စေပြီး မမျှော်လင့်ထားသော စိန်ခေါ်မှုမျိုးစုံအား ရင်ဆိုင်ရဲသည့်သတ္တိကို မွေးဖွားပေးပါသည်။

**၉၉။ ပါးစပ်ဟ၍ အတတ်နိုင်ဆုံး သွားပေါ်အောင် ပြုံး၊ ရယ်ခြင်း**

တရုတ်လူမျိုးတို့၏ယုံကြည်မှုအရ အပြုံးပန်းဆင်၍ ခရီးဦးကြိုပြုရာတွင် သွားပေါ်အောင် ပြုံး၊ ရယ်ခြင်းက များစွာသောအကျိုးထူးများကို ရစေပါသည်။ သွားပေါ်အောင် တစ်ချက်ပြုံးရယ်ခြင်း၌ နွေးထွေးလှိုက်လှဲခြင်း၊ ရင်းနှီးပျူငှာခြင်း၊ ညှို့ဝတ်ကျေပွန်ခြင်း ဟူသည့် အဓိပ္ပာယ်များ လေးနက်စွာ ပါဝင်နေပါသည်။ ထိုအနက်အဓိပ္ပာယ်များကတစ်ဆင့် ကောင်းသော ချီဓာတ်များကို ရရှိလာစေပါသည်။ ကျက်သရေမင်္ဂလာရှိသော ပြုံးအလှပိုင်ရှင်များဖြစ်ရန် နေ့စဉ် သွားပုံမှန်တိုက်၍ သွားများ ညီညာသန့်ရှင်းလှပရန် ကျွမ်းကျင်သူဆရာဝန်များ၏အကြံပြုချက်ကို လိုက်နာရပါမည်။

ပါးစပ်သည် ခန္ဓာကိုယ်အတွင်း အစာအာဟာရများဝင်ရောက်ရန် တံခါးဝတစ်ခုလည်း ဖြစ်သည်။ ပါးစပ်မကြာခဏ (ပြုံး-ရယ်ရင်း) ဟ,မိရုံဖြင့် စကြဝဠာ၏ ကောင်းသောချီဓာတ်များ ခန္ဓာကိုယ်အတွင်း မကြာခဏ ဝင်ရောက်စီးဆင်းနိုင်ပါသည်။ သွားပေါ်အောင် ပြုံးရယ်နိုင်ခြင်းအပြင် ပါးစပ်အနီးတစ်ဝိုက် လှပသောမှဲ့ပါရှိခဲ့ပါက ပြုံးရယ်စဉ် ပိုမိုကျက်သရေတိုးစေပြီး ကောင်းသောချီဓာတ် များစွာကိုလည်း ဖိတ်ခေါ်ဆွဲဆောင်နိုင်ပါမည်။ ၎င်းပြင် ပြုံးရယ်တတ်သောအကျင့်သည် မျက်နှာပေါ်ရှိ ကြွက်သားများအား (လေ့ကျင့်ခန်းလုပ်ပေးသလို) ပြေလျော့စေရုံသာမက မြင်ရသူအပေါင်းအတွက်လည်း နှစ်လိုဖွယ်၊ ခင်မင်ဖွယ် ဖြစ်လာစေပါမည်။



သွားပေါ်အောင် ပြုံးရယ်ပေး...
သည် ဖုန်းရွှေရှုထောင့်အရ ပါးစပ်အ...
တစ်ဝိုက် ကောင်းသောချီဓာတ်မျာ...
ဖြစ်ပေါ်စေပြီး ပြောဆိုဆက်ဆံမှုအ...
ပြေခြင်း၊ အစားအသောက် ပေါ...
ကြွယ်ဝခြင်း ဟူသည့် နိမိတ်ကို ဆော...
ပါသည်။

**၁၀၀။ ယန်စွမ်းအင် ကိုယ်စားပြု ကော... သောချီဓာတ်ရရှိရန် အရောင်တဖျပ်ဖျ... တောက်သော လက်ဝတ်ရတနာများ ဝ... ဆင်ခြင်း**



ဖုန်းရွှေပညာအရ အရောင်... ဖျပ်ဖျပ်တောက်ပသောလက်ဝတ်ရတ... ဆင်မြန်းပေးခြင်းဖြင့် ယန်ဓာတ်ကို ... လောက်စွာရရှိစေပါမည်။ သို့သော် ... ကြေး များစွာမတတ်နိုင်သူများအ... ကျောက်မျက်ရတနာအစစ်များ မဆ... မြန်းနိုင်သည့်တိုင် ဖန်ဖြင့်ပြုလုပ်သော...





www.burmeseclassic.com

www.burmeseclassic.com



(အရောင်တဖျပ်ဖျပ်တောက်ပသော) ကျောက်မျက်အတုများ ဝတ်ဆင်ခြင်းကလည်း အကျိုးရလဒ်အတုတူပင် ဖြစ်ပါသည်။

**အနာစီခြယ်ထားသည့်အဝတ်များ ဝတ်ဆင်ခြင်း**

အရောင်အသွေးစုံလင်သည့်ရတနာပစ္စည်းများစီခြယ်ထားသည့် အရောင်တောက်သော အဝတ်အစားများကို ဝတ်ဆင်ခြင်းဖြင့်လည်း ယန်ဓာတ်ဦးဆောင်သည့် ကောင်းသောဓာတ်များကို ရစေပါသည်။


**၁၁။ တတိယမျက်လုံး၏ စွမ်းအင်ကိုမြှင့်တင်ပေးခြင်း**



တတိယမျက်လုံးသည် မျက်လုံးနှစ်ခုကြား၏ အရေပြားအောက်ဘက်နေရာတွင်ရှိ နားလည်ရန် ခက်ခဲသော အကြောင်းအရာများအား သိမြင်နိုင်စွမ်းရှိသည့်နေရာတစ်ခု ဖြစ်သည်။ တတိယမျက်လုံးသည် သာမန်မျက်စိနှစ်ကွင်းဖြင့် မမြင်ရသည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရာများအားမြင်သိနိုင်စွမ်းရှိခြင်းကြောင့် အမြဲတစေ စွမ်းအင်ထက်မြက်နေစေရန် လေ့ကျင့်ပေးသင့်သည်။



တတိယမျက်လုံး၏စွမ်းရည်ကိုမြှင့်တင်ရန် သင့်မျက်ခုံးနှစ်ခုကြားရှိနေရာအား အာရုံစူးစိုက်၍ သမာဓိတည်အောင် ကြိုးစားပေးရပါမည်။ ညဘက်အိပ်ရာဝင်၍ အိပ်မပျော်သေးမီနှင့် နံနက်အိပ်ရာထချိန်များ၌ ၎င်းနေရာ (မျက်ခုံးနှစ်ခုကြား) အား လက်ဖြင့် ပွတ်သပ်ပေးပါ။ ထိုသို့ ပုံမှန်ပွတ်သပ်ခြင်းတစ်လခန့်ကြာပြီးနောက် မိမိ၏ စိတ်အတွင်း ထူးခြားမှုများစွာပေါ် ပေါက်လာပါမည်။ အစပထမပိုင်းတွင် မိမိကိုယ်မိမိ သတိမထားမိသော်လည်း အချိန်ကြာလာသည်နှင့်အမျှ မမျှော်လင့်ထားသော(ထူးခြားသည့်) အဖြစ်အပျက် အကြောင်းအရာများအား သူများထက် ကြိုတင်သိမြင်နိုင်သည့်စိတ်တန်ခိုး ရရှိလာပါမည်။ ထိုအနေအထားသည် တတိယမျက်လုံးပွင့်လာသည့်အဆင့်သို့ ရောက်ရှိပြီး အရာရာအား သိစိတ်နှင့်အတူ ယှဉ်၍ ကြိုတင်သိမြင်နိုင်ပါမည်။ မျက်လုံးနှစ်ခုကြား (တတိယမျက်လုံးနေရာ) အား ပုံမှန်ပွတ်ပေးခြင်းဖြင့် မွေးရာပါသဘာဝစိတ်အား ပိုမို အစွမ်းထက်လာစေပါသည်။



**၁၀၂။ နဖူးပြင်အား သန့်ရှင်း တောက်ပြောင်နေစေခြင်း**

နဖူးပြင်သည် မျက်နှာပေါ်ရှိ အစိတ်အပိုင်းများအနက် အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ နဖူးနေရာ သန့်ရှင်းတောက်ပြောင်နေခြင်းသည် ထက်မြက်သော ဉာဏ်စွမ်းရည်ရှိခြင်း၊ ဖန်တီးနိုင်မှုစွမ်းရည် မြင့်မားခြင်းတို့ကို ကိုယ်စားပြု ဖော်ပြနေပါသည်။ နဖူးပြင် ကျယ်ပြန့်ချောမွေ့နေခြင်းသည် ဩဇာအာဏာကြီးခြင်းနိမိတ်ကိုဆောင်ပြီး နဖူးပြင် အမြဲတစေရှင်းလင်းနေပါက အခက်အခဲ အတားအဆီး ပြဿနာ လုံးဝမရှိသည့်သဘောကို ဖော်ပြပါသည်။



**နဖူးပြင်မှ ဆံစများကို ဖယ်ရှားပစ်ခြင်း**

နဖူးပြင်ပေါ်၌ ဆံမြိတ်ချထားခြင်းသည် ကလေးငယ်များအတွက် ကြည့်ရကောင်းမွန်သော်လည်း အရွယ်ရောက်သူ (အမျိုးသမီးများအတွက်) နဖူးပြင်၌ မည်သည့်ဆံစမျှ မရှိအောင် ရှင်းလင်းထားသင့်ပါသည်။ နဖူးပြင်ပေါ် ဝဲကျနေသော ဆံစများ၊ ဆံမြိတ်များသည် စီးပွားဥစ္စာရှာဖွေခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်များအတွက် မကောင်းသောအတိတ်နိမိတ်ကို ဖြစ်စေပါသည်။

ဆံမြိတ်ထူထဲစွာချထားခြင်းကြောင့် ရည်မှန်းချက်နှင့် ဖန်တီးနိုင်မှုစွမ်းအားများကို တားဆီး ဖုံးကွယ်ထားသည့် နိမိတ် ဖြစ်စေပါသည်။





www.burmeseclassic.com

www.burmeseclassic.com



နဖူးပြင်အထိသာမက မျက်လုံးအနီးထိပါ တွန့်လိမ်ဝဲကျနေသော (ဖရိုဖရဲဖြစ်နေသည့်) ဆံပင်ပုံစံမထားရှိရ (နဖူးပြင်ရှင်းလင်းအောင် ဖွင့်ပေးရန်)။



အမျိုးသား၏ ဆံပင်ထားပုံသည် နဖူးပြင်ပေါ် ဆံမြိတ်ချဟန်ရှိနေသောကြောင့် မကြာမီ အန္တရာယ်တစ်စုံတစ်ရာကျရောက်တော့မည့်သဘောကို ပြနေပါသည်။



အောင်မြင်မှုလမ်းကြောင်းများပွင့်သွားရန်၊ အခွင့်အရေးသစ်များ အတားအဆီးမရှိ ရရှိရန် မျက်နှာ (နဖူးတစ်ဝိုက်) ရှိ ဆံစအားလုံးအား စုစည်း၍ နောက်လှန်ဖြီးကာ သိမ်းဆည်းထားသည့်ဟန်ရှိသောကြောင့် အတိတ်နိမိတ်ကောင်းဆောင်သောဆံပင်ပုံစံမျိုး ဖြစ်ပါသည်။



အမျိုးသား၏နဖူးပြင် ပြောင်ရှင်းနေခြင်းကြောင့် အရာရာ၌ အတားအဆီး အခက်အခဲမရှိအောင်မြင်မည့်နိမိတ်ကို ဆောင်နေပါသည်။


**၁၀၃။ ဖုန်းရွှေပညာနှင့် ထူးခြားသော အသက်ရှူခြင်းပုံစံ**

ထူးခြားသော အသက်ရှူခြင်းပုံစံသည် ခန္ဓာကိုယ်အတွင်းဝင်ရောက်သည့် ချီဓာတ်များအား အရည်အသွေးပြည့်ဝစွာဖြင့် မြှင့်တင်ထိန်းချုပ်ပေးနိုင်စွမ်းရှိပါသည်။ အသက်ကို ဖြည်းဖြည်းနှင့်ပြင်းပြင်းရှူသွင်း၍ တစ်ဖန် ဖြည်းဖြည်းနှင့် မှန်မှန်ပြန်ထွက်ပေးခြင်းဖြင့် ယန်ချီခေါ် ကောင်းသောချီဓာတ်၏အစွမ်းအာနိသင်ကြောင့် (အခြေခံအားဖြင့်) ကျန်းမာရေးအတွက်အထောက်အကူဖြစ်စေပါသည်။

**အသက်ပြင်းပြင်းရှူသည့် လေ့ကျင့်ခန်းလုပ်ပေးခြင်း**

အခြေခံအားဖြင့် နေ့စဉ် (ပုံမှန်) အသက်ရှူလေ့ကျင့်ခန်းလုပ်ရန်အတွက် ထိုင်ခုံတွင် ကိုယ်ကို တည့်မတ်ဖြောင့်တန်းစွာထိုင်ပြီး လက်နှစ်ဖက်အား ဒူးခေါင်းပေါ် တင်ထားပေးပါ။ ပြီးနောက် လေကို အဆုတ်အတွင်းရောက်ရှိအောင် ဖြည်းဖြည်းနှင့်ပြင်းပြင်း ရှူသွင်း၍ ဖြည်းညင်းစွာ ပြန်ထုတ်ပါ။ နမူနာပုံအရ ထိုင်ချိကစားနည်းသည် အထက်ပါ အသက်ရှူလေ့ကျင့်ခန်းအား လုံးဝ အခြေခံထားသည်ကို တွေ့ရှိရသည်။

အသက်ပြင်းပြင်းရှူတတ်သည့် အလေ့အကျင့်များလာသည်နှင့် ညအိပ်စဉ် နှစ်ခြိုက်စွာ အိပ်ပျော်တတ်ပြီး နိုးလာပါကလည်း(အိပ်ချိန်နည်းသည့်တိုင်) သိသိသာသာ လန်းဆန်းနေတတ်သည်ကို တွေ့ရပါမည်။



အလုပ်လုပ်နေစဉ် စိတ်ပင်ပန်းနွမ်းနယ်မှုများ လျော့ကျသွားအောင် ခေတ္တခဏအချိန်ယူ၍ အသက်ပြင်းပြင်းရှူသည့်လေ့ကျင့်ခန်းလုပ်ပေးသင့်သည်။ လေ့ကျင့်ဖန်များလာသည်နှင့် အလွယ်တကူ မပင်ပန်းတတ်သူ၊ အပင်ပန်းခံနိုင်သူအဖြစ် စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာ၌အားကောင်းသူအဖြစ် တိုးတက်လာပါမည်။ ယင်းမှာ ကောင်းသောချီဓာတ်များ ခန္ဓာကိုယ်အတွင်း ဖြည်းညင်းစွာ ပုံမှန်စီးဝင်နေခြင်းကြောင့်ပင် ဖြစ်သည်။

ဦးအောင်ထွိုင်(သုဝဏ္ဏ)





www.burmeseclassic.com

www.burmeseclassic.com

# အသည်ဝန်

ဉာဏ်လွင်မြင့်

အသည်ဝန် ဟူသည် အသည်၊ ပ်ပါး၊ အလာ ဟူသည့် အမှုထမ်းများ ကို အုပ်ချုပ်ကွပ်ကဲရသည့်ဝန် ဖြစ်သည်။ အသည်ဆိုသည်မှာ အခြားမြို့၊ ရွာက လာသူများမဟုတ်။ အမှုထမ်းလည်း မဟုတ်။ နေမြဲ မြို့၊ ရွာတွင် အစဉ်ထာဝရ နေထိုင်သူများကို အသည် ဟူ၍ ခေါ် ခြင်း ဖြစ်သည်။ အစဉ်အဆက် အတည် အကျနေထိုင်လာသူများဖြစ်၍ သူရင်း၊ တိုင်ရင်းဟုလည်း ခေါ်သည်။ မည်သည့် အမှုအစုအဖွဲ့တွင်မျှ မပါဝင်သဖြင့် စုလွတ်များဟု ခေါ်သည်။

မြန်မာဘုရင်များလက်ထက်အခါ က တိုင်းပြည်အုပ်ချုပ်ရာ၌ မင်းအမှုထမ်းများကို စုရင်း၊ စုခြား၊ စုကြီး၊ စုဝေး၊ စုနု၊ စုကြမ်းဟု အစုအငန်း၊ အစုံများ ခွဲခြား၍ အုပ်ချုပ်သည်။ ဤတွင် သူရင်း၊ စုရင်း၊ စုခြားတို့၏အဓိပ္ပာယ်ကိုသိဖို့လို အပ်သည့်အတွက် အောက်တွင် တစ်ခု ချင်းအဓိပ္ပာယ်ကို ဖော်ပြလိုက်ပါသည်။

(က) သူရင်း ဟူသည် အသည်ကိုပင် ခေါ်ခြင်း ဖြစ်သည်။

(ခ) စုရင်း ဟူသည် မြန်မာလူမျိုးတို့ လက်နက်ကိုင်အမှုထမ်း၊ မြင်းစီး အမှုထမ်းကို ခေါ်သည်။

(ဂ) စုခြား ဟူသည် မြန်မာလူမျိုး မဟုတ်သော အခြားလူမျိုးများ ကို ဖွဲ့စည်းထားသော လက်နက် ကိုင်အမှုထမ်း၊ မြင်းစီးအမှုထမ်း ကို ခေါ်ဆိုသည်။

(ဃ) စုကြီး ဟူသည် စုရင်း၊ စုခြား (၂) မျိုးတွင် ပါဝင်သော လက်နက် ကိုင်အမှုထမ်း၊ မြင်းစီးအမှုထမ်း များကို ခေါ်ဆိုသည်။ တစ်နည်း အားဖြင့် အတွင်းခြောက်စု၊ အပြင်ခြောက်စုကို စုကြီးဟု ခေါ်ဆိုခြင်း ဖြစ်သည်။ အမည် ပြောင်းသော်လည်း စုရင်း၊ စုခြား ခေါ်သူများနှင့် သဘောသွား





www.burmeseclassic.com

www.burmeseclassic.com

အတူတူပင် ဖြစ်သည်။

(င) စုသေး ဟူသည် ရွှေတော်ပြေး၊ စမြောင်၊ တုံရင်၊ ပြော့၊ နေရာချ စသော အစုများနှင့် ရွှေတိုက်၊ ကသောင်၊ မြောင်တိုက် စသော တိုက်စောင့်များပါသောအစုများ ကို စုသေး ခေါ်သည်။

(စ) စုနု ဟူသည် ရွှေမျက်ပါး၊ ကြယ်ခပ်၊ ရွှေချည်ထိုး၊ ခတ်၊ ဂုဏ္ဍန်ထိုး၊ ဂုဏ္ဍန်ရွှေလုပ်၊ ဘီးတော်လုပ် စသော အသုံးအဆောင်လုပ်ရ သောအစုများကို ခေါ်ဆိုသည်။

(ဆ) စုကြမ်း ဟူသည် လှေသင်းစု၊ အတီးစု၊ ထောင်သားစု၊ လက်မ ထောက်စု၊ ပါးကွက်လက်မရွှံ့ အစု၊ ဝင့်သီးအစု၊ ဗိုင်းတာအစု များကို ခေါ်သည်။ တခြားတစ် မြို့တစ်ရွာမှမဟုတ်ဘဲ အတည် တကျနေထိုင်သူများကို အသည် ခေါ်သည့်အကြောင်း အထက် တွင်ဆိုခဲ့ပြီး ဖြစ်သည်။ တစ်ရပ် တစ်ကျေးမှရောက်လာသူများကို (ဝါ) အစုအမှုထမ်းတွင် မပါဝင် သောသူများကို ကပ်ပါးခေါ် သည်။ အသည်နှင့် ကပ်ပါးတို့ သင့်မြတ်၍ ပေါက်ပွားလာသူ ကို အလာဟု ခေါ်လေသည်။ ထိုအသည်၊ အလာ၊ ကပ်ပါးတို့ ကို အုပ်ချုပ်ကွပ်ကဲရသောဝန်ကို အသည်ဝန် ခေါ်ဆိုခြင်း ဖြစ် သည်။

**အသည်ဝန်နေရာနှင့်အခွင့်အာဏာ**

အသည်ဝန်သည် လွှတ်တော် ကွန်း၊ အတွင်းဝန်ကြီး (၄) ပါး၏ တောင် ဘက် တစ်ခန်းခြားတွင် မြင်းစုဝန်ကြီး ၏ နောက်ကနေ၍ ထိုင်ရသည်။ ဝန် ထောက်မင်းများထက် နေရာမြင့်သော် လည်း ဝန်ထောက်မင်းများမှာ ဝန်ကြီး ၏ အခွင့်အာဏာအတိုင်းပိုင်သည်။ အသည်ဝန်မှာကား မိမိနှင့်ဆိုင်သည့် အသည်၊ အလာ၊ ကပ်ပါး (၃)မျိုးကိုသာ ဆင့်ဆိုကွပ်ကဲနိုင်သည်။

သက္ကရာဇ် ၉၆၁ ခုနှစ်တွင် နန်း တက်သော ရတနာပူရဒုတိယမြို့တည် နန်းတည် ညောင်ရမ်းမင်းတရားလက် ထက်၌ လက်နက်ကိုင်အမှုထမ်းတို့က အသည်တို့လည်း သင့်တော်သောအမှု များကို ထမ်းရွက်စေသင့်သည့် လျှောက် ထားကြသဖြင့် မင်းတရားကြီးအား အသည်တို့ကို (၁၂) မှု မင်းတိုင်းကို ထမ်း ရွက်ကြရမည် အမိန့်ထုတ်ပြန်ခဲ့သဖြင့် မင်းတိုင်း (၁၂) မှုကို ထိုအချိန်မှစ၍ ထမ်းရွက်ကြရသည်။ ယင်း (၁၂) မှုမင်း တိုင်းကား အောက်ပါပစ္စည်းဝတ္ထုများကို နန်းတော်သို့ မပျက်မကွက် ဆက်သွင်း ပေးပို့ရခြင်းဖြစ်သည့်အကြောင်း အောက် ပါစာပိုဒ်ဖြင့် သိရသည်။

*'စုလွတ်နယ်တွင်း၊ မှီတင်းထာဝရ၊ နေလေကမူ အသည် ဟူ၏။ မတူနယ်သား၊ စုလွတ်များကို ကပ်ပါး ဆို၏။ ထိုကပ်ပါးက အသည်မနှင့်ကျလျှင် အလာမှတ် ပြီးကာမှ။*

*တမာစေးလျှော်၊ ကော်အုံတုံလဲ၊ တင်လဲဥသျှစ်၊ မရိုးစစ်မီးသွေး၊ ရေးရန် ထန်းဖူးစည်း၊ မန်ကျည်း မှည့်တစ်ထွေ၊ ရေနံပွဲ့လျက်၊ ဆယ့် နှစ်ချက်ကို၊ သန်လျက်စုံကမ်း၊ ညောင်ရမ်းတရား ပြဋ္ဌာန်းထား ၏။ တခြားဆိုမှ နော၄ယုယ၊ သုံး ခုတွင်ဘက်၊ တန်မြက်လွှန်ဆန်၊ ဖန်ခါးမှန်ဟု၊ ကွဲပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊ အသည်ဆိုင် ရှင်၊ လုပ်ကိုင်ချောဝန်၊ မှန်သမျှ မှာ၊ သည်လာကပ်ပါး၊ စုခြား လေးဖြာ၊ ကြေးသုံးရာကာ၊ တစ် ဝက်ကျစီ၊ ကမယထာ၊ ဆုံစေရာ သည်၊ သေချာမှတ်ရန် ထုံးတမ်း တည်း'*

ဤကား အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်၊ ကင်းဝန်၊ သေနတ်ဝန်၊ လယ်ကိုင်း မြို့စားမင်း သတိုးသုဓမ္မ မဟာသက်တော်ရှည်ဖွဲ့ဆိုသည့် စာပိုဒ် ရတု ဖြစ်သည်။

*'စုလွတ်နယ်တွင်း၊ မှီတင်းထာဝရ၊ နေလေကမူ၊ အသည်ဟူ၏'* ဟူသည် မြို့ နယ်မြေအတွင်း အမြဲထာဝရနေထိုင်သူ များဖြစ်လျက် မည်သည့်အစုအဖွဲ့တွင် မှ မပါဝင်ဘဲ လွတ်လပ်စွာနေထိုင်ရသူ ကို အသည် ဆို၏။

*'မတူနယ်လာ၊ စုလွတ်မှာကို၊ ကပ်ပါးဆို၏'* ဟူသည် တခြားမြို့နယ် က ပြောင်းရွှေ့လာရောက်နေထိုင်သော မည်သည့်အစုအဖွဲ့ အမှုထမ်းစာရင်း၌ မပါဘဲ လွတ်လပ်စွာ နေထိုင်ရသူကို ကပ်ပါး ဆို၏။

ထိုကပ်ပါးက အသည်မနှင့်ကျ လျှင် အလာ ဟူသည် ကပ်ပါးနှင့် အသည်မတို့ အိမ်ထောင်ကျ၍ ပေါက် ပွားလာသူကို အလာ ဆို၏။

တမာစေး[၁], လျှော်[၂], ကော်[၃], အုံ တုံ[၄], လဲ[၅], တင်လဲ[၆], ဥသျှစ်[၇], မရိုး... မီးသွေး[၈], ရေးရန်ထန်းဖူးစည်း[၉], ... ကျည်းမှည့်တစ်ထွေ[၁၀], ရေနံ[၁၁], ... လျက်[၁၂] ဆယ့်နှစ်ချက်ကိုဟူသည်...

၁။ တမာစေး ဆိုသည်မှာ ... ကော်အဖြစ် ရွှေနန်းတော်က အ... သည့်အခါ ဆက်သရသည်။

၂။ လျှော် ဆိုသည်ကား ... တော်၊ ဖောင်တော်ငင်ရန် ကြိုးနှင့်တ... ဇကရာဇ်မင်းမြတ်အသုံးတော်ရှိရာ ... အမျိုးမျိုးကျစ်ရန် အုန်းဆံ၊ ချဉ်ပေ... ဖလံ စသည့် လျှော်များကို ဆက်သ... သည်။

၃။ ကော် ဆိုသည်မှာ နန်းတော်... အိမ်တော်တွင် အုတ်၊ အင်္ဂတေနှင့်... သော အလုပ်တော်ရှိလျှင် ကျွဲရေ ... ရေတို့ကို ပြုတ်ယူရရှိသည့် ကော်ရည်... ဆက်သွင်းရခြင်း ဖြစ်သည်။ အင်္ဂတေ... စပ်သည့်အခါ အုံတုံပဋ္ဌ၊ ကျွဲကော... ဥသျှစ်ဇကေ၊ တင်လဲဒွဆိုသည်နှင့်အ... အုံတုံရည် (၅) ပိဿာ၊ ကျွဲကော်ရ... (၆) ပိဿာ၊ ဥသျှစ်သီး (၁) ပိဿာ၊ တ... လဲ (၂) ပိဿာတို့၏အရည်များနှင့် ... သဲတို့ကိုစပ်နှော၍ ကျည်ပွေ့ (၂)ချော... တပ်သောမောင်းနှင့်အစေးပေါက်အောင်... ထောင်းပြီးမှ ၎င်းအင်္ဂတေကို အသုံး... ရသည်။

၄။ အုံတုံ ဆိုသည်မှာ အင်္ဂတေ... ဖျော်စပ်ရန် အုံတုံခေါက်ကို ဆက်သွင်း... ခြင်း ဖြစ်သည်။

၅။ လဲ ဆိုသည်မှာ ဇကရာဇ်မင်း... မြတ်နှင့်တကွ မင်း၊ မိဖုရားတို့ အသုံး... အဆောင်ဖြစ်သော နေရာပါးတော်... မွေ့ရာတော်၊ လက်ထောက်တော်၊ ... တော်များချုပ်လုပ်ရန် အလိုတော်ရှိသော... အခါ လက်ပံပင်မှသီးသော လဲမှို... ဆက်ရသည်။

၆။ တင်လဲ ဆိုသည်မှာ အင်္ဂတေ... ဖျော်စပ်ရန် တင်လဲကို ဆက်သွင်း... သည်။

၇။ ဥသျှစ် ဆိုသည်မှာ အင်္ဂတေ... ဖျော်စပ်ရန် ဥသျှစ်သီးအမှည့်များ... ဆက်သွင်းရခြင်း ဖြစ်သည်။

၈။ မရိုးစစ်မီးသွေး ဆိုသည်မှာ... လက်နက်တိုက်တော်ရှိ ဗုံးအမြောက်... မြတပူသေနတ်များနှင့်တကွ နန်း... အမြောက်စကြာတင်၊ ဆင်တင်၊ ... တင်အမြောက်အမြီး အမြောက်တော်... များအတွက် ယမ်းပြန်၊ ယမ်းထော... အမှုထမ်းတို့က ယမ်းတော်ဖျော်စပ်... အခါ အသုံးပြုရန် လစဉ်မပြတ် မ...



www.burmeseclassic.com

www.burmeseclassic.com

သားမီးသွေးဖြစ်အောင်ဖုတ်၍ ဆက်သွင်းရသည်။

၉။ ရေးရန်ထန်းဖူးစည်း ဆိုသည်မှာ အတွင်းဗြဲတိုက်တော်မှုစ၍ လွှတ်ရုံးငါးရပ်တွင် နေ့စဉ် ရေးသားသုံးစွဲရန် ထန်းဖူးညွန့်ရှည်များကို အမြဲဆက်သွင်းရသည်။

၁၀။ မန်ကျည်းမှည့်တစ်ထွေ ဆိုသည်မှာ ထီးတော်ဆင်၊ ရွှေးတော်ဆင်၊ ဝင်းဆင်၊ တိုက်ဆင်၊ စိန်တင်ဆင်၊ စက်ကြာရိယာအစုံတင် ဆင်တော်ပေါက်မများကို လည်းကောင်း၊ ရွှေနန်းတော်အတွင်း ဇောင်းတော်၌ထားရှိသည့် စီးတော်မြင်းများ၊ ထိုမှတစ်ပါး မြို့တွင်းမြို့ပြင်တို့၌ အသီးသီးဇောင်းတော်နှင့် ထားရှိသည့် ကသည်းမြင်း၊ အင်္ဂလိပ်မြင်း၊ ကုလားကက်မြင်း၊ ရွှေပြန်ရန်အောင်မြင်း၊ မြင်းကြီးမြန်မာမြင်း၊ မြင်းစုကြီးရှမ်းမြင်း၊ ရှင်းယိုးပါမြင်း၊ နောက်တော်ပါမြင်း၊ လမိုင်းမြင်း၊ နန်းဦးမင်္ဂလာမြင်း စသည်တို့နှင့် စစ်မက်အရေး တစ်စုံတစ်ရာကြုံသည့်အခါ ချီတက်တိုက်ခိုက်ရန် ဖွဲ့စည်းသည့် မြင်းတပ်တော်များကို လည်းကောင်း မြင်းဆေးသမား၊ ဆင်ဆေးသမားတို့က အခါခပ်သိမ်း ကြည့်ရှုကြပ်မတ်၍ သင့်လျော်သော ဆေးဝါးကို ဖော်စပ်ကျွေးမွေးသဖြင့် ၎င်းဆင်ဆေး၊ မြင်းဆေး ဖော်စပ်၍ အသုံးပြုရန်အတွက် ဆက်သွင်းရသည်။

၁၁။ ရေနံ ဆိုသည် ဖော်တော်၊ လှေတော်၊ သမ္ဗန်တော်များကို ပွဲလျက်ဆီနှင့် ချက်ကျို၍ ဖာထေးရန်အတွက် ဆက်သွင်းရသည်။

၁၂။ ပွဲ့လျက် ဆိုသည်မှာ အမှတ် (၁၁) တွင်ပြခဲ့သည့် ရေနံနှင့် ချက်ကျိုရန်အတွက် ဆက်သွင်းရသည်။

*'တစ်ဖြာထိုမှ နောဋ္ဌယုယု၊ သုံးခုချင်ဘက်၊ တံမြက်လွှန်ဆန်၊ ဖန်းခါးမှန်ဘာ တွဲပြန်သော်လည်း၊ ရှေးနည်းသာဆီ အသည်ဆိုရှင့်'* ဟူသည် နောဋ္ဌယုယုမှ ဋ္ဌနောယုယုပြု၍ ဂဏန်းချလျှင် ၈-၁-၁၁ နံပါတ်စဉ်ဖြစ်၏။ ဆယ့်နှစ်မှုမင်းအင်း နံပါတ်စဉ်တိုက်ဆိုင်ကြည့်သော် (၈)ကား မရိုးစစ်မီးသွေး၊ (၉)ကား ထန်းဖူးစည်း (၁၁) ကား ရေနံ ဖြစ်သည်။ (၃) မျိုးအစား တံမြက်၊ လွှန်ဆန်၊ ဖန်ခါးသီးများကို ထမ်းဆောင်ရန် ဘုရင်မင်းများလက်ထက် ပြင်ဆင်သော်လည်း အတည်မဖြစ်။ ရှေးနည်းအတိုင်းသာလျှင် ထမ်းဆောင်ပါသည် ဆိုသည်။

*'လုပ်ကိုင်ချောဝန်၊ မှန်သမျှမှာ၊ သည်လာကပ်ပါး၊ စုခြားလေးဖြာ၊ ကြေးသုံးရာက၊ တစ်ဝက်ကျစီ၊ ကမယထာ၊ ဆုံစေရာသည်'* ဟူသည် စစ်ခက်ကိစ္စပေါ်ပေါက်၍ ချီတွက်သောအခါ ချောပို့ဝန်ထမ်းလုပ်ကိုင်ရန် တာဝန်ကို အသည်က ကြေး (၃၀၀) ကျလျှင် အလာကြေးက (၁၅၀)၊ ကပ်ပါးက (၇၅)၊ စုခြားက (၃၇) ကျပ် (၅)ပြားကျဆုံ၍ ထမင်းချက်ကြရန် ကြေးတိုင်စိုက် သတ်မှတ်ထားသော ဥပဒေစည်းကမ်း ဖြစ်သည်။ ဤစုလွှတ်နယ်အတွင်း အစချီသော လင်္ကာမှာ အချို့ဝါကျများတွင် အနက်အဓိပ္ပာယ်ခဲသောကြောင့် ကိလိဋ္ဌဒေါသ မလွတ်ဟု ဆိုနိုင်သော်လည်း ရှေးက ပညာရှိကြီးများသည် အနက်ကို အဓိပ္ပာယ်ခဲအောင် ရေးသားမှသာ သိလိုသူတို့မှာ စိန္တာမယဉာဏ် ဖြစ်ကြလိမ့်မည်။ ဤသို့ စိန္တာမယဉာဏ်ဖြစ်မှသာလျှင် ပညာဉာဏ် တိုးပွားရသည့်အကျိုးကို မျှော်ထောက်၍ တမင်ခက်ခဲအောင် ရေးခြင်း ဖြစ်သည်ဟု ဆိုပါသည်။

အမှန်တော့ကား ပညာရှိကြီးများက ခက်ခဲအောင်ရေးသည်မှာ ပညာစွမ်းပြသည့်သဘောလည်း ပါဝင်ပါလိမ့်မည်။ မြန်မာဘုရင်များလက်ထက်က အမှုထမ်းအရာထမ်းများ၏ အမည်အခေါ်အဝေါ်များကလည်း မူလအခေါ်အဝေါ်များကိုက အရပ်သူအရပ်သားများအဖို့ ရင်းနှီးကျွမ်းဝင်ခြင်းမရှိဘဲ စိမ်းနေခြင်း ဖြစ်ပါသည်။

ထို့အပြင် တစ်ကြောင်းကလည်း မြန်မာလူမျိုးများသည် မြန်မာဘုရင်များလက်အောက်တွင်နေထိုင်ခဲ့ရခြင်းမဟုတ်ဘဲ နယ်ချဲ့တို့၏ လက်အောက်၌ ကျွန်သပေါက်အဖြစ် နှစ်ပေါင်း (၆၃) နှစ်ခန့်နေထိုင် ကြီးပြင်းခဲ့ကြရသဖြင့်လည်း မြန်မာ့ထီးသုံးနန်းသုံး အခေါ်အဝေါ်တို့နှင့် ကျွမ်းဝင်ရင်းနှီးခြင်းမရှိဘဲ စိမ်းနေရခြင်းဖြစ်ကြောင်း သုံးသပ်မိပါသည်။



ဥပမာအားဖြင့် တင်ပြရသော် 'မရဟ်' အမှုထမ်း၊ စမြောင်အမှုထမ်းဆိုသည့် ဝေါဟာရများကို ကြားဖူးသလိုလိုရှိသော်လည်း မည်သည့်အမှုကို ထမ်းရွက်ရသည့် အမှုထမ်းဖြစ်ကြောင်း မသိကြ။ ယခု ရွှေနန်းသုံး ဝေါဟာရအဘိဓာန်ကို ဖတ်ရှုခွင့်ရသဖြင့်သာ 'မရမ်' ဟူသည် မင်းကိုးကွယ်တော်မူ၍ အထူးအလေးအမြတ်ပြုရသော မင်းဆရာတော်တို့၏ကျောင်းတိုက်ရှိ (ဝစ္စပသာဝ) ကုဋီအိမ်များကို မပြတ်စင်ကြယ်သန့်ရှင်းအောင်သုတ်သင်ဆေးကြောပေးရသော အမှုထမ်းဖြစ်ကြောင်း သိရခြင်း ဖြစ်ပါသည်။

ထို့အတူပင် စမြောင် ဆိုသည့် အမှုထမ်းမှာ မည်သည့်အမှုတော်ကို ထမ်းရွက်ရကြောင်းမသိကြ။ အမှန်အားဖြင့် စမြောင် ဟူသည် ရှင်ဘုရင်များ ခရီးအနီးအဝေး ထွက်ခံတော်မူသည့်အခါ တပ်တော်ဦးမှနေ၍ သိုင်းကိုင်၊ လောက်လေးကိုင်နှင့် ဝဲယာကနေလိုက်ရသည့် အမှုထမ်းတစ်မျိုးဖြစ်ကြောင်း သိရပါသည်။ လွှတ်တော်မှာလွှတ်တက်သည့်အခါ အသည်အသံမရှိစေရ။ ကြိမ်ဆွဲ၍ တားမြစ်ရသည်။ နားခံတော်မင်းကအမိန့်ထုတ်ပြန်သည့်အခါတွင် 'တိတ်စေ' ဟူ၍ ဆင့်ဆိုရသည့် အမှုထမ်းဖြစ်ကြောင်း သိရပါသည်။ ဤအမှုထမ်းပေါင်း (၂၃) ယောက်ကို ခန့်ထားရာ စားပုံလယ်(၂၃)ပယ်ကိုလည်း အသနားခံကြရသည် ဆိုပါသည်။

ဤမျှဖြင့် အသည်ဝန်နှင့် နီးနွယ်ပတ်သက်သမျှသော အကြောင်းအရာများကို နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ပါသည်။ မြန်မာဘုရင်မင်းများလက်ထက်က မင်းသုံးနန်းသုံးဝေါဟာရများနှင့် ပတ်သက်သည့်ဗဟုသုတများ တိမ်ကောပပျောက်ခြင်းမရှိစေရန်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ကြစေရန် ရည်ရွယ်လျက် ဤဆောင်းပါးကို ရေးသားတင်ဆက်လိုက်ရပါသည်။

ဘုဏ်လွင်မြင့်

**မှီငြမ်းပြု -**

ရွှေနန်းသုံး ဝေါဟာရအဘိဓာန်
ဦးမောင်မောင်တင် (၁) K.S.M. A.T.M.



www.burmeseclassic.com

www.burmeseclassic.com



# မင်းနန္ဒရိုက်

## ကျွန်းညိုကြီးမှ ထူးဆန်းသောမင်းသားတစ်ပါး

၁၉၇၅ ဝန်းကျင်ကာလ။ ဖခင်ဖြစ်သူ နိုင်ငံ့ဝန်ထမ်းဘဝဖြင့် ဘိုကလေးမြို့တွင် တာဝန်ကျခိုက် စာရေးသူ ကျောင်းသားဘဝဖြင့် ဧရာဝတီတိုင်းဒေသကြီးထဲမှ မြို့နယ်တော်တော်များများမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါသည်။

ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ စသည့် မြို့များတွင် နေထိုင်ခဲ့စဉ်က ခရီးသွားဝါသနာပါသော ဗီဇပိုးရှိသည်နှင့်အညီ ရောက်ရှိခဲ့သည့် မြို့ရွာများ၏ ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်များကိုလည်း သိရှိစုဆောင်းခဲ့ရပါသည်။ ဖျာပုံမြို့ဆိုလျှင် ဖျာပုံရာမနှင့် ခရေပင်ဇောက်ထိုးက မြန်မာတစ်နိုင်ငံလုံးတွင် ထူးခြားခဲ့သလို ဘိုကလေးမြို့ဆိုလျှင် မျှောက်တစ်ရာဘုရား၊ ကျွန်းညိုကြီး၊ မိန်းမလှကျွန်း (သမီးလှကျွန်း)၊ ဦးရှင်ကြီးခေါ် ရေငန်ပိုင်စိုးသည့် နတ်ဦးရှင် ရေစာချခံရသည့်နေရာတွင် သမ္ဘန်ဝမ်းဗိုက်ရာကြီး ယနေ့တိုင်တည်ရှိနေသည့်ဖြစ်ရပ်စသည့် အကြောင်းအရာ ဒဏ္ဍာရီဆန်ဆန်၊ ပုံပြင်ဆန်ဆန် ရာဇဝင်ဇာတ်လမ်းများနှင့် တန်ဆာဆင်ထားသည့် ဖြစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



များအပြင် သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေခဲ့သော ထူးခြားသည့် ဂမ္ဘီဆန်ဆန် မွန်မင်းသားတစ်ပါး၏ ရုပ်အလောင်းအား ရှာဖွေတွေ့ရှိခဲ့သည့် ဖြစ်ရပ်များကို သေချာ စေ့ငုလေ့လာ၍ မှတ်တမ်းအရ ရေးသား ဖော်ထုတ်ခဲ့ရပါသည်။

တစ်ချိန်တစ်ခါက ကျွန်းညိုကြီးတွင် ပဟေဠိဆန်ဆန်ဖြစ်ခဲ့ရသော မွန်



www.burmeseclassic.com

www.burmeseclassic.com

မြို့စားကြီးတစ်ပါး၏ ရုပ်အလောင်းမှာ ယခုအခါတွင် လုံးဝတိမ်မြုပ်ပျောက်ကွယ်သွားခဲ့သော်လည်း စာရေးသူကတော့ သိရှိမီလိုက်သမျှကို ရှာဖွေစုဆောင်းလျက် တစ်ချိန်က ကျွန်းညိုကြီး၏ ပုံပြင်၊ ဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းများစွာထဲမှာ ထူးခြားသော ဖြစ်စဉ်နှင့် တိမ်မြုပ်နေသော မင်းသားတစ်ပါး၏ မှန်ခေါင်းတော်နှင့် ရုပ်အလောင်းအား လျှို့ဝှက်စီမံခဲ့သည့်အကြောင်းကို ရေးသားတင်ပြလိုက်ရပါသည်။

❐

သက္ကရာဇ် ၁၁၁၉ (၁၇၅၇)၊ ကဆုန်လပြည့် ၄ ရက်နေ့ နေ့လယ် အလောင်းမင်းတရားဘွဲ့ခံ ဦးအောင်ဇေယျသည် ရွှေဘိုမြို့တွင် ရာဇဘိသေကပွဲကို ကျင်းပ၍ နန်းတက်လေသည်။

ထိုအခါ ကျုံတုံးမြို့စားကြီးသည် မိမိအရှင်သခင်မဲ့သွားသဖြင့် သူတစ်ပါးမင်း၏ ဘုန်းရိပ်တွင်မနေလိုသဖြင့် ကျုံတုံးမြို့သူမြို့သား လှည်းနေလှေအောင်းမြင်းဇောင်းမကျန် တစ်ချက်လွှတ်အမိန့်ထုတ်ပြန်လိုက်လေသည်။

ကျုံတုံးမြို့သူမြို့သားများ ခုနစ်ရက်အတွင်း မိမိတို့ဥစ္စာပစ္စည်းများ ယူဆောင်စေပြီး အပြီးတိုင်ထွက်ခွာကြစေရန် အမိန့်တော်မှတ်လေသည်။

ကျုံတုံးမြို့သူမြို့သားများ၏ ကြေကွဲမှုမျက်ရည်များနှင့်အတူ စွန့်ခွာစပြုနေကြလေပြီ။ လူနှင့် အိမ်မွေးတိရစ္ဆာန်များပါမကျန် မြို့တော်ကြီးကို ခွဲခွာသွားကြ၍ တစ်ချိန်က ကြက်ပျံမကျစည်ကားခဲ့သည့် ကျုံတုံးမြို့ကြီးသည် သုသာန်တစပြင်လုပ်တိုင်းကဲ့သို့ အကျည်းတန်စွာ ရှိလေတော့သည်။

ထိုသို့ဖြင့် ခုနစ်ရက်ပြည့်မြောက်ခဲ့လေပြီ။ မနက်ခင်း ဝေလီဝေလင်းမြူမှုန်နှင်းထဲတွင် မြို့စားကြီး၏ စံအိမ်တော်မြောက်ဘက်မှ ရုတ်တရက်ကြီးမားသော မီးတောက်ကြီးတစ်ခု ထွက်ပေါ်လာခဲ့သည်။

"ဝုန်း၊ ဝုန်း"

အလျှံညီးညီ မီးတောက်ကြီးက စံအိမ်တော်ဆီ၊ ထိုမှတစ်ဆင့် ရိက္ခာတော်တိုက်၊ ဘဏ္ဍာတိုက်တို့မှ အဆင့်ဆင့် ကူးပြောင်းပြီး ဝါးမျိုလာခဲ့ရာ မြို့တော်ကြီးတစ်ခုလုံးမကျန် ကူးစက်သွားလေတော့သည်။

ကျုံတုံးမြို့ကြီးအား အပြီးတိုင် မြေလှန်မီးတိုက်ဖျက်ဆီးလိုက်လေပြီ။ ထိုအခိုက် မြို့စားကြီး၏ ရေတပ်မတော် လှေတော်ကြီး (၃)စင်းဆီမှ စစ်တံပိုးခရာ အသံများ စီညံစွာထွက်ပေါ်လာခဲ့ပြီး ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့လေသည်။

"ဝုန်း ဗုန်း ဝုန်း"

"ဖြစ် ဖြစ် ရှဲ ဝုန်း"

"ဗုန်း ဝေါ ဝေါ"

အလျှံညီးညီမီးတောက်များ၊ မီးလျှံတို့က ကျုံတုံးမြို့ကြီးကို လောင်ကျွမ်းဝါးမျိုနေသည့် မြင်ကွင်းကို နောက်ချန်ထားလျက် မြို့စားကြီး ဗညားဇေယျ လှေတပ်မတော်ကြီးကို ဦးဆောင်၍ စုန်ဆင်းလာခဲ့ရာ (ယခု ဘိုကလေးမြို့) မြောက်ဘက်စူးစူးအရပ်သို့ ရောက်ရှိလာခဲ့လေသည်။

ဓာတ်သားဘုရားရှင်နှစ်ဆူကို ပင့်ဆောင်၍ အဖိုးထိုက်ရတနာပစ္စည်းများနှင့် အခြွေအရံများခြံရံလျက် လှေတော်ကြီးက စုန်ဆင်းနေသည်။ နေဝင်ဆည်းဆာကလည်း ပစ္စန်ဆီရောင်အသွေးနှင့် ကောင်းကင်ကို ခြယ်မှုန်းထားပြီး အလှဆုံးပန်းချီကားတစ်ချပ်အလား ထင်မှတ်နေရသည်။

မြို့စားကြီး ဗညားဇေယျသည် လှေတော်ကြီး၏ ခန်းမဆောင်အတွင်းမှ ထွက်လာပြီး ရွှေအိုရောင် နေဝင်ဆည်းဆာအလှကို ခံစားရင်း အနီး၌ခစားနေသော တပ်မှူးဗိုလ်ကလေးအား -

"နေဝင်တော့မှာပါလား တပ်မှူးငယ်။ ဒီရေကျချိန်ဆိုတော့ ရေတက်ဦးအချိန်ခါကိုစောင့်လို့ ဒီတစ်ညတော့ ဆိပ်ကမ်းသာတဲ့နေရာမှာပဲ လှေတော်ကို ဆိုက်ကပ်စခန်းချကြစို့"

"မှန်လှပါဘုရား"

တပ်မှူးဗိုလ်ကလေးသည် လှေတပ်မတော်ကြီးကို အချက်ပြရပ်နားစေ



လိုက်ကာ ကုန်းပြောင်ပြောင် ပြန့်ပြူ
သော မြေပြင်ကျယ်ကိုရွေးလျက် တစ်ည
တာ စခန်းချခိုနားကြလေသည်။ (ထိ
နေရာသည် နောင်အခါ မြို့စားကြီး၏
စစ်တပ်လှေတော်ကြီး စခန်းချခဲ့သည်
အစွဲပြု၍ စစ်ကုန်းဟု ခေါ်ခဲ့ကြသည်)
ညကလည်း လရောင်နှင့်အတူ အလင်း
ဓာတ်ဖြန့်ကြက်လာသည်။ ယာယီစခန်း
ဆောင်မှထွက်၍ မြို့စားကြီးသည် ဇမ္ဗူ
သပြေပင်အောက်တွင် ခေတ္တရပ်နေခိုက်
ဇမ္ဗူသပြေပင်မှ သစ်ရွက်များ လေတိုက်
သံနှင့် ရွက်ချင်းခတ်သံ၊ အလင်းရောင်
တချို့ ဖြာကျသည်ကို တွေ့လိုက်ရသည့်
အခါတွင် စိတ်သန္တာန်၌မိမိရပ်နေမိသည့်
ဇမ္ဗူသပြေပင်ကြီးသည် ဓာတ်သားဘုရား
ရှင်တစ်ဆူ၏ ဘုမ်ိအောင်မြေဖြစ်ပေ
သည်ကို အလိုလိုသိ၍နေခြင်းကထူးခြား
လှ၏။

မြို့စားကြီးသည် စံနန်းဆောင်
အတွင်းသို့ဝင်၍လာပြီး ဓာတ်သား
ဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီးများ
ကပ်လှူ၍ သာသနာစောင့်နတ်၊ တော
ပိုင်၊ တောင်ပိုင်၊ ရုက္ခစိုးတို့ကို ပင့်ဖိတ်၍
သစ္စာစကားဆိုလေ၏။

"အကျွန်ုပ် မြုပ်နှံဌာပနာတော်မူ
မည့် ဓာတ်သားဘုရားရှင် စံပယ်တော်မူ
သည့်နေရာ အောင်မြေအမှန်ဖြစ်
နောင်တွင် စေတီတော်ကြီးတစ်ဆူ ပေါ်
ပေါက်လာစေပြီးလျှင် ကျွန်ုပ်နှင့်ကောင်း
မှုတော် ဓာတ်သားဘုရားရှင်သည် ဓမ္မ
ကုဋီတိုက်တော်နှင့်တကွ စံမြန်းလျက်
စေတီတော်သည်လည်း ကမ္ဘာတည်
သရွေ့ မပြိုမကွဲ ခိုင်မြဲပါစေသတည်း
ဤနေရာ၏ တောင်ဘက်တွင်လည်း
သာသနာစည်ပင်သည့် မြို့ကြီးတစ်မြို့
ပေါ်ပေါက်စေခဲ့ပြီး စေတီတော်
ကိုးကွယ် ဆည်းကပ်သူအပေါင်းလည်း
ကျွန်ုပ်နှင့်ထပ်တူထပ်မျှ ကုသိုလ်အဖို့
ရကြပါစေသတည်း"

နံနက်မိုးသောက်သော် မြို့စားကြီး
ဗညားဇေယျမှ တပ်မှူးငယ်ကိုခေါ်၍ -

"တပ်မှူးငယ် ဗိုလ်ကလေး ဤ
ဓာတ်သားဘုရားရှင်ကို အရှေ့တော
အရပ် ဇမ္ဗူ့သပြေခြေရင်း၌ သေချာ
မြုပ်နှံပါလေ"

ဟု ပေးအပ်၏။

မြို့စားကြီးသည် တပ်မှူးကလေး
နှင့် ရံရွေတော်အချို့ကို ထားရှိ
ပင်လယ်ဘက်သို့ လှေတော်ကြီးများ
စုန်ဆင်းသွားတော်မူလေသည်။
လှေတော်ကြီးသည် စခန်းသာ



www.burmeseclassic.com

www.burmeseclassic.com

မိန်းမလှကျွန်းအပိုင် ဒီးဒုတ်ကျွန်းတွင် နေးခို၍ တော၏အတွင်းဘက်တစ်နေရာတွင် ကျန်ခဲ့တတ်သားဘုရားတစ်ဆူကို နွှကုဋ္ဌိတိုက်နှင့်စံပယ်စေပြီး အပူဇော်ခံထားရှိခဲ့၏။ (နောင်တွင် မျောက်တစ်ရာဘုရားဟု ထင်ရှားခဲ့သည်။)

(ကျုံတုံးမြို့စားကြီး ဗညားဇေယျ အကြောင်းပြောလျှင် ကျုံတုံးမြို့ကြီးအကြောင်း ချန်လှပ်ထား၍ မရပါ။ ကျုံတုံးမြို့တော်ကြီးသည် ယခု မြင်းကကုန်းမြို့၏ အရှေ့မြောက်ယွန်းယွန်း ခူလံချောင်းနှင့် မရဲချောင်းအတွင်းရှိခဲ့ပေပါသည်။

မွန်ဘာသာဖြင့် ကျုံ - ချောင်း၊ တုံး - ခရိုင်၊

ကျုံတုံး-ချောင်းတွင်းခရိုင်မြို့ကြီးဖြစ်သည်။

ကျုံတုံးမြို့စား ဗညားဇေယျသည် သက္ကရာဇ် ၁၁၁၀ (၁၇၄၈) ခုနှစ် ဟံသာဝတီနေပြည်တော် (ပဲခူး) ၏ မွန်ဘုရင် သျှားဒလ (ဗြမိုင်ဓိရာဇာ) လက်ထက် ထွန်းစွာအားကိုးရသော လက်ရုံးတစ်ဆူဖြစ်သည့်အပြင် ဘုမ္မိရတ်အတတ်ပညာရှင်တစ်ဦးလည်း ဖြစ်ပါသည်)

ပြန့်ပြူးသောမြေပြင်အကျယ်တွင် မြို့စားကြီး ဗညားဇေယျသည် စံနန်းတော်ကြီးတစ်ဆောင်ကို တည်ဆောက်ဆောက်မှု၍ စံမြန်းနေခဲ့သည်။

စစ်၏အနိဋ္ဌာရုံ၊ လောကဓံတရားကို သိမြင်ခံစားမှုနှင့်အတူ တရားဓမ္မဆုံးသွင်းမွေ့ပျော်ရင်းနေခဲ့သော်လည်း အတိတ်ကစိတ်ပင်ပန်းမှု၊ နွမ်းနယ်မှုများနှင့် မိမိအရှင်သခင်ရှိရာကို လွမ်းဆွတ်သရင်းနှင့် မြို့စားကြီး ဗညားဇေယျသည် မကြာမီ နတ်ရွာစံခဲ့လေပြီ ဖြစ်သည်။

ထီးမြူရိပ်အောက်တွင် စံမြန်းခဲ့သူ တစ်ချိန်က မင်းပျိုမင်းလွင်တို့၏ လေးစားခံသားရသူ၊ ရာဇမာန်ကြီးလှသူဖြစ်သော်ငြား မလွန်ဆန်နိုင်သော သင်္ခါရတရားကြောင့် မြို့စားကြီး ဗညားဇေယျ လက်လျှော့ အရှုံးပေးခဲ့ရလေပြီ။

တပ်မှူး ဗိုလ်ကလေး၏ အစီအမံဖြင့် မြို့စားကြီး၏ ရုပ်အလောင်းတော်ကို မန်စီရွှေချခေါင်းတလားဖြင့် မြကျွန်းညို၏ တောနက်နက်တစ်နေရာအရပ်တိုင် ကွယ်ဝှက်လျက် လျှို့ဝှက်စွာ သင်္ဂြိုဟ်ခဲ့လေ၏။

လျှို့ဝှက်ဆန်းကြယ်မှု ဘုမ္မိရတ်အတတ်ပညာရှင်ကြီး မြို့စားမင်း၏ နောက်ဆုံးခရီးသည်ပင် လျှို့ဝှက်စွာပင် စီမံဆောင်ရွက်ခဲ့ရပြန်လေသည်။ အချို့သော နောက်ပါအခြွေအရံများတို့သည် မိမိတို့၏ အရှင်သခင်မဲ့လေသည်နှင့် မုတ္တမအရပ်ဘက်သို့ ထွက်ခွာသွားခဲ့ကြသလို အချို့လည်း အံ့နွယ်အဆက် မပြတ်လိုကြသူများသည် ဖျာပုံ ထမင်းစျေးဘက်၌ သမိန္ဒောကုန်းတန်းအရပ် သဘာဝလျှိုမြောက်ခံတပ်ကြီးကို အခြေပြုလျက် လယ်သမားများအသွင် ရုပ်ဖျက်နေထိုင်ခဲ့ကြတော့၏။

သို့သော် -

မြို့စားကြီးဗညားဇေယျစံ ခေါင်းတော်ကြီးနှင့်တကွ လှေတော်ကြီးထဲတွင် ရွှေစင်ကျောက်သံပတ္တမြားတို့ကိုပါ လျှို့ဝှက်အစီအရင်ဖြင့် မြှုပ်နှံခဲ့ကြသည်။ ဖောင်ဝင်မြစ်တစ်ဖက်ကမ်း သမီးလှကျွန်း (မိန်းမလှကျွန်း) ပေါ်တွင် ဓာတ်သားဘုရားတစ်ဆူ ဌာပနာခဲ့သည့် စေတီတော်တွင် ကျောက်ဖြစ်နေသည့်မျောက်ရုပ်တစ်ရာတိတိရှိ၍ နောင်တွင် မျောက်တစ်ရာဘုရားဟု ခေါ်ဆိုခဲ့ကြသည်။

(တချို့က ဘုရားအတက်တွင် မျောက်တစ်ရာတိတိရေတွက်ခဲ့ကြသော်လည်း ပြန်အဆင်း၌ ရေတွက်ကြည့်ပါက ကိုးဆယ့်ကိုးကောင်သာ ရှိသည်။ ပျောက်ဆုံးနေသော မျောက်ရုပ်တုတွင် သိဒ္ဓိဝင်အစီအရင်နှင့်စီရင်ခဲ့ပြီး မျောက်တစ်ရာဘုရားသိုက်နှင့် ဆက်စပ်မှုရှိနေ၏။)

တစ်ချိန်က မိန်းမလှကျွန်း မျောက်တစ်ရာသိုက်ဆိုပြီး ဓာတ်စက်ရောင်သိုက်သမားများ စကားဖြန့်ကားမှုနှင့်လာရောက်တူးဖော်ကြရာတွင် ဘယ်က ရောက်လာမှန်းမသိသော မျောက်အုပ်ကြီး၏ တိုက်ခိုက်မှုကိုခံခဲ့ကြရပြီး ထူးထူးခြားခြား ဖြစ်ရပ်များသည်လည်း ယခုအခါတွင် ဒဏ္ဍာရီဆန်၍ နေပေတော့သည်။

ထို မျောက် တစ် ရာ ဘု ရား တွင် အဓိဋ္ဌာန်ဝင် အနီးကပ်စောင့်ရှောက်နေသူက ဝတ်ဖြူစင်ကြယ်၊ မုတ်ဆိတ်မွေးဖြူဖြူနှင့် သူတော်စင်ကြီးတစ်ဦး။

သူ့အမည်က ဘိုးဂန္ဓမာဖြစ်သည်။

လူသူတော်ကြီးသည် ဒေးဒရဲမြို့နယ် ကွဲ့စလင်းကုန်းစေတီ၊ ဘိုကလေးမြို့နယ် မြင်းကကုန်းအနီး အစီးကလေးရွာ ကွဲ့ဖြူသောင်စေတီနှင့် မျောက်တစ်ရာတို့၌ အဓိဋ္ဌာန်ဝင်နေသူ ဖြစ်၏။ ယခု မျောက်တစ်ရာဘုရားသို့ အဓိဋ္ဌာန်ဝင်ရန်နှင့် ရက်ရှည်ဥပုသ်သီတင်းဆောက်တည်ရန် ရောက်ရှိနေသူ ဖြစ်သည်။

တစ်နေ့ -

ဘိုးဂန္ဓမာ ဘုရားရင်ပြင်သန့်ရှင်းရေးလုပ်ပြီး မေတ္တာဓာတ်ဖြန့်ကြက်လျက် အဓိဋ္ဌာန်ခရီးဆက်လုပ်နေစဉ် ဘုရားဖူးအချို့ ရောက်ရှိလာသည်။ သျှောင်ထုံးနှင့်နှုတ်ခမ်းမွေးထူထူလူကြီးနှစ်ယောက်။ အသက်အရွယ်အားဖြင့် (၆၀)ကျော်ခန့်။ ထူးသည်က နားတောင်းနှင့် ဖြစ်၏။

"အဘိုး မတွေ့ရတာကြာလို့ လာခဲ့တာပါ"

ဟု ပြောပြီး ဒူးထောက်ဝတ်ပြုလိုက်ကြသည်။

"အခုဒီကိုဘာကိစ္စလာကြသတုံး"

"ဘုရားဒကာ မြို့စားကြီးရဲ့ ဓာတ်သားဘုရားရှင်ပူဇော်ရန် အနွယ်အဆက်တွေက ကုသိုလ်ပြုခိုင်းလို့ ပြင်ဒရယ် မြို့ဟောင်းက လာခဲ့တာပါ"

ဟုဆို၍ သေးငယ်သောသေတ္တာတစ်လုံး ဘိုးဂန္ဓမာလက်ထဲသို့ထည့်ပြီး ဝတ်ပြုကာ -

"အဘိုးအလိုရှိက ပြင်ဒရယ်မြို့ဟောင်းက အနွယ်အဆက်ဟောင်းလို့ အာရုံပြုလိုက်ပါ။ ထူးခြားပါလိမ့်မယ်"

ဟု ဆိုကာ ထွက်ခွာသွားလေ၏။

ဘိုးဂန္ဓမာက ထွက်ခွာသွားသော လူစိမ်းနှစ်ဦးကျောပြင်ကို ကြည့်လိုက်ပြီး-

"သာဓု၊ သာဓု၊ သာဓု"

ထိုလူနှစ်ယောက် ထွက်ခွာသွားပြီး မကြာမီ-

"အဘိုး၊ ဒီမှာ အဘိုးအတွက် ခြံထွက်ငှက်ပျောနဲ့ အသီးအနှံတွေ ကျွန်တော်ယူလာခဲ့တယ်"

အဘိုးအိုက အသာအယာခေါင်းကို ညိတ်ပြလိုက်သည်။

ခူလံ၊ သံလိုက်၊ သုမထိုက်ဘက်က တောတက်ရွာသားအချို့ ကျွန်းညိုကြီးတွင် တောတက်ထင်းခွေရင်း ဘိုးဂန္ဓမာကို အသီးအနှံအစားအသောက်များ ဝင်ရောက်ပေးကြခြင်း ဖြစ်သည်။

"ကဲကဲ - မျောက်တစ်ရာဘုရားလည်း ဝင်ဖူးသွားကြဦး။ ဒါနဲ့ ကျွန်းညိုနန်းကို သွားတဲ့အခါ အမှားမလုပ်မိစေနဲ့။ အဘိုး ဒီကနေ လူကလေးတို့အတွက် မေတ္တာပို့ပေးနေမယ်"

"ဟုတ်ကဲ့ အဘိုး"

"သွားလာသာလို့ ပြန်လမ်းဖြောင့်တန်းပါစေကွယ်"

ကျွန်းညိုကြီးဘက်သို့ ထွက်ခွာသွားသော ခူလံ၊ သံလိုက်၊ သုမထိုက်ရွာသားများကိုကြည့်၍ အဘိုးအိုက မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

ခါတ်များ အဆက်မပြတ် ပို့လွှတ်နေသည်။

ထိုအချိန်၌ 'ချွင်၊ ချွင်' ဟူသော ဆည်းလည်းသံလေးများက ချိုလွင်သာယာစွာ ထွက်ပေါ်လာပါသည်။

တောတက် ထင်းတိုက်မည့်သူတိုင်း ကျွန်းညိုကြီးတည့်တည့် ဖောင်ဝင်မြစ်ဆုံရှိ ထိပ်ချောင်းရွာကလေးတွင် ခေတ္တနားခိုကြသည့်အတွက် ထိုရွာသည် ထမင်းဆိုင်တချို့နှင့် အတန်ငယ် စည်ကားစပြုလာသည်။တောတွင်းဟင်းလျာများအပြင် တစ်ခါတစ်ရံများ၌ မိကျောင်းသား၊ ဖျံသား ရေသတ္တဝါအသားများကို မုဆိုးကျော် စောလှထွန်း၏ ဖမ်းဆီးမှုကြောင့် စားရတတ်သည်။

သို့သော် ထိပ်ချောင်းရွာသည် ရွာပုံဆွမ်း (ဦးရှင်ကြီး) တင်မြှောက်ရာ၌ မလေးမစားမလုပ်ရဲသည့် ရွာတစ်ရွာအဖြစ် ကျော်စောသည်။ ထူးခြားသည်ကား ထိပ်ချောင်းရွာပြင်ထိပ် သောင်ပြင်တွင် လှေဝမ်းဗိုက်ရာတစ်ခုရှိလေသည်။ (အဆိုပါ ဝမ်းဗိုက်ရာသည် ရေငန်ပိုင် ဦးရှင်ကြီးဖြစ်လာမည့် မောင်ရှင်အား ရေစာချကျွေးသည့်နေရာ ဖြစ်သည်။ ထိုလှေဝမ်းဗိုက်နေရာမှာပင် ရှစ်တောင်ခန့်ရှိသည့် သံကြိုးတစ်ချောင်းကို တွေ့ခဲ့ရသည်။

'ဘုရားသုံးဆူ အဆူဆူ၊ အလယ်ဘုရား သောကြာသား' တဘောင်အရ ဂေါပကလူကြီးများသည် ထိုသံကြိုးကို ကမ်းထိပ်ရှိ ဘုရားနှစ်ဆူကြားတွင် ဘုရားတည်၍ ဌာပနာခဲ့ကြသည်။ ရှေးလူကြီးတို့အဆိုအရ ထိုသံကြိုးသည် မောင်ရှင်အား ရေစာချရာ၌ အသုံးပြုခဲ့သည့် သံကြိုးဟု ဆိုကြသည်။)

တစ်နေ့ ပင်လယ်ပျော်နှင့် တောမုဆိုးများဖြစ်သည့် မုဆိုးစောလှထွန်း၊ မောင်ရန်နောင်၊ စောထူး၊ ငွေသောင်၊ စိန်ကောင်းတို့အဖွဲ့ စက်လှေကြီးတစ်စီးနှင့် ဒီးဒုတ်ကျွန်းသို့ ဦးတည်မောင်းနှင်ပြီး ဆိပ်ကမ်းကောင်းသည့် ကျွန်းညိုကမ်းအနီး ရောက်ရှိလာခဲ့ကြသည်။

ထိုအချိန်က အလှရွှန်းစို မြကျွန်းညိုဟု တင်စားရလောက်အောင်ပင် ကျွန်းညိုကြီးသည် ရှားပါးအဖိုးထိုက်တန်သည့် သစ်ပင်မျိုးစုံတို့အပြင် တောထူထပ်၍ နေပြောက်ပင်မထိုးနိုင်အောင် ရှိချေသည်။

အဝေးမှကြည့်လျှင် စိမ်းစိမ်းညို့ညို့သစ်တောများ ဖုံးလွှမ်းနေပြီး လတာပြင်သောင်စပ်ပတ်ပတ်လည်တွင် ဖြုံး၊ ကနစို၊ မဒမ၊ ခနိပင်၊ သင်ပေါင်း၊ ကျူပင်ရိုင်၊ ခနွန်း၊ သပေါ့၊ မြက်ကလုံးပင်များ၊ ညောင်မှတ်ဆိတ်၊ ညောင်ခြေထောက်၊ နွယ်လိမ်ကွင်းထိုးများ ပေါက်ရောက်နေ၏။ သစ်ကြီးဝါးကြီးများ အောက်ခြေတွင် တောဝက်၊ ဖွတ်၊ ဖြူ၊ စပါးအုံး၊ စပါးကြီး၊ ဖျံပမွဲ၊ မျောက်ပုတီး၊ လိပ်နှင့် မိကျောင်းတို့ ကျက်စားနေကြသည်။

ထူးဆန်း၍ ဂမ္ဘီရဆန်စွာ နတ်ကြီးသော ကျွန်းညိုကြီးတောအတွင်းဝယ် ထင်းတိုက်၊ တောတက်သူများနှင့် ပျားဖွပ်သားထိုးမုဆိုးများ ရောက်ရှိနေကြသည်။ စိမ့်၊ မြောင်အသေးစားလေးများနှင့် မြေနီသဲဝန်း ကျောက်ပွများကြားက တစိမ့်စိမ့်နှင့် ရေများယိုစိမ့်ထွက်နေသည်။

ရွာခံမုဆိုး စောလှထွန်း ပါနေ၍ လမ်းပြမှာ အထူးအထွေရှာစရာမလိုတော့။ ဒီလိုနှင့် တစ်တောဝင်တစ်ချိုးတိုးလာကြရာ မကြာမီ နေမွန်းတည့်တော့မည်။ တောစီးဖိနပ်၊ အင်္ကျီထူထူများ ဝတ်ထားပေမယ့် ဆူးခြစ်ရာများက သွေးစို့နေသည့် ဒဏ်ရာများအဖြစ် လက်ဆောင်ပေးထားကြသည်။ သူတို့ တောတိုးလာခဲ့ကြသည်မှာ ချေတစ်ကောင်၊ တောကြက်နှစ်ကောင်သာ ရထားပေသေးသည်။ တောကနက်လာသည်နှင့် အမျှ အောက်ခြေ အောက်ပေါင်းရှုပ်လာသည်။ မကြာမီ ချိုးကူသံ၊ ဒေါင်းတွန်သံများ ကြားရသည်။

ထိုအချိန် မဟောဂနီပင်ကြီးထက် လင်စိုင်တစ်ကောင် ငုက်အုပ်တက်နှိုက်



နေသည်ကို တွေ့ရသဖြင့် မုဆိုးစောထူးက သူ၏ဒူးလေးဖြင့် အသာချိန်၍ ပစ်ခ
လိုက်သည်။

"ဝှီး ဝှစ်"

"ဒုတ် ဗုန်း"

ဟူသောအသံနှင့် လင်စိုင်တစ်ကောင် မြေပြင်သို့ ပြုတ်ကျလာ၏။ လင်စိုင်သေကိုကြည့်ပြီး မုဆိုးစောထူးက -

"ဟာ - ထွားလိုက်တဲ့အကောင်။ အချိန်စီးလိုက်တာမှ လေး၊ ငါးပိဿာအောက်လျှိမှာမဟုတ်ဘူး"

ဟု ပြောပြီး ပခုံးပေါ် ကောက်တင်လိုက်ပြီး တောထဲဆက်တိုးလာခဲ့သည်။

သူတို့အဖွဲ့တောတိုးရင်း အမှတ်မထင် သင်ပေါင်းတောဘက်သို့ ရောက်ရှိသွားသည်။ ချောင်းရိုးသရွက်ဖျားနှင့် သဲသောင်ခုံတို့တွင်သာ ပေါက်သော မဒမပင်သည် အသုံးဝင်လှသည်။

မြွေပါတစ်ကောင် ဝါးပိုးကြွက်ဝါး နိနောက်လိုက်ရင်း သင်ပေါင်းတောအတွင်း ပြေးဝင်ပျောက်ကွယ်သွား၏။ မုဆိုးစောလှထွန်းက မဒမတော သေသေချာချာ အမှတ်အသားများ လုပ်သည်။ ထို့နောက် သင်ပေါင်းဖူးနုနုများကို သားလှီးဓားနှင့် လိုက်လံခုတ်ယေ
သည်။ ရရှိသော သင်ပေါင်းဖူးကို ခွဲလိုက်သောအခါ မည်းနက်နေသော သင်ပေါင်းပိုးများကို ရရှိလေသည်။

"စိန်ကောင်းရေ သင်ပေါင်းပိုးနဲ့ လင်စိုင်ရပြီဆိုတော့ အုန်းသီးရှားတာ တော့ မင်းတာဝန်ပဲ။ အုန်းနို့နဲ့ ကြော် စားလို့ကတော့ အိုကေပဲ"

မုဆိုးစောလှထွန်းက -

"ယာယီစခန်းချပြီး နားကြ ဆရာလေးရေ"

ပြောတာနှင့် အနီးရှိ သစ်ပင်ကြီး ကို ကြည့်လျက် -

"ဒီတစ်ညလင့်ထိုးကြစို့။ ညောင်ခြေထောက်တွေ အကိုင်းအခက်များ ယှက်နွယ်နေတာ အဆင်းအတက်လွယ် တာပေါ့"

ထိုအချိန်တွင် စိန်ကောင်းက အုန်းသီးတစ်ခိုင်ဆွဲပြီး အပင်ကြီးအောက် သို့ ပြန်ရောက်လာသည်။ စိမ့်များကကျ သောရေနှင့် လင်စိုင်ကို ငွေသောင်က ဖျက်ရင်း-

"ဆရာလေးရေ ဒီလင်စိုင်က အ နဲ့တူတယ်။ ဆူဖြိုးနေတာပဲ"

"မိတ်လိုက်ရာသီမဟုတ်လို့က လို့ သိပ်ကောင်းတယ်။ လင်စိုင်တွေ



www.burmeseclassic.com

www.burmeseclassic.com

များသောအားဖြင့် တစ်ကောင်းတည်းနေတာများတယ်။ သစ်ပင်တွေပေါ်မှာ ကျက်စားတာ သစ်သီးသစ်ဥနဲ့ ကြွက်၊ မြွေ ငှက်ဥ၊ ငှက်တွေစားပြီးဆူဖြိုးနေတာပေါ့ကွာ"

လင်စိုင်က ကျောပေါ်တွင် ကန့်လန့်ဖြတ်အမည်းစင်းကြီး။ အမြီးက အဖြူအမည်းအကွင်းများ ရစ်ထားပါသည်။နှုတ်သီးအနည်းငယ်ရှည်သယောင်တောကြောင်နှင့်ဆင်သလိုရှိပြီး ကျောပေါ်တွင် အဖြူခံ၌ အမည်းစင်းများက ခွဲခြားပေးထားပါသည်။

ထို့နောက် ယာယီတဲကလေးတွင် ချက်ပြုတ်စားသောက်ကြပြီး ညဘက် မီးဖို၍ လင့်ထိုးပြီးတက်အိပ်ကြလေသည်။ နွေးထွေးသော လေပြည်နှင့်အတူ ကျေးငှက်လေးများအသံက တော၏သဘာဝကို ဖော်ကျူးလိုက်သဖြင့် မုဆိုးတစ်သိုက်နိုးထလာခဲ့ကြလေသည်။

ငွေသောင်က မစားစောစီးစီး ရေနွေးအိုးကျိုရန် ညောင်ကိုင်းတစ်ကိုင်းကိုတိုင်တွယ်၍ ဆင်းလိုက်သောအခါ ညောင်လက်တံ ညောင်ဆင်နှာမောင်းတိုင်းကြား အမှတ်မထင်ကြည့်လိုက်သောအခါ အုံ့ဩမှုနှင့် ကြက်သီးများထသွား၏။

"ဟာ-ဒါဘာကြီးလဲ။ သစ်ပင်ထဲမှာ မှန်ခေါင်းကြီးတစ်ခုပါလား"

ငွေသောင် လင့်စင်ပေါ်သို့ လှမ်းကြည့်လိုက်ပြီး -

"ဆရာလေး၊ ဆရာလေး"

"မုဆိုးကြီးရေ"

ဟု အသံခပ်အုပ်အုပ် ခေါ်လိုက်သည်။ ငွေသောင်အသံကြောင့် မုဆိုးတစ်သိုက်အောက်သို့ လှမ်းကြည့်ပြီး တစ်စုံတစ်ခုထူးခြားမှုရှိပုံကြောင့် ညောင်ကိုင်းများကို ဖက်၍ဆင်းလာကြရင်း ငွေသောင်ညွှန်ပြရာကို ကြည့်လိုက်သောအခါ -

"ဟင်"

"ဟင်"

"အို"

"ဟာ"

"ဒါဘာကြီးလဲ။ ကြံကြံဖန်ဖန်မှန်ခေါင်းကြီး သစ်ပင်ထဲတွင်း မြှုပ်ထားရတယ်လို့"

တစ်ယောက်တစ်ပေါက် အသံများ ထွက်လာ၏။

မောင်ရန်နောင်က စေ့စပ်သေချာသူမို့ ငွေသောင်၊ စိန်ကောင်းတို့အား ညောင်ကိုင်းနှင့် အခက်အလက်များကို ရှင်းခိုင်းပြီး ကြည့်လိုက်သောအခါ ရွှေခေတ်မင်းညီမင်းသားအဝတ်အစားနှင့် ယောကျ်ားတစ်ယောက် ရုပ်အလောင်းဖြစ်၍နေသည်ကို တွေ့ရလေသည်။

အသက်အားဖြင့် (၃၀) ကျော်၊ နှုတ်ခမ်းမွေးသဲ့သဲ့၊ ဆင်မြန်းထားသည့် အဝတ်အစားများက ရွှေခေတ်ထီးသုံးနန်းနှင့် ဆေးစိမ်ရုပ်အလောင်းသည် မင်းမျိုးမင်းနွယ်ထဲကသာ ဖြစ်နိုင်ချေသည်။ မည်သို့သော အကြောင်းတရားကြောင့် မှန်စီခေါင်းနှင့် သစ်ပင်အတွင်း ရောက်ရှိနေသနည်း။

တစ်ချိန်ချိန်မှာ ထိုကိစ္စကို ဖော်ထုတ်ရန် ဦးနှောက်ထဲတွင် ထည့်ထားလိုက်ပြီး သေချာစွာ ထိုအပင်ကြီးအား ဓားဖြင့်ထစ်၍ အမှတ်အသားများ ပြုလုပ်၍ တောတိုးကြလေသည်။

ကျွန်းညိုကြီးအတွင်း တစ်ပတ်ခန့် တောလည်ပြီးနောက် မောင်ရန်နောင်တို့အဖွဲ့ စက်လှေကြီးနှင့် ပြန်လာကြရင်း ရွာခံမုဆိုးစောလှထွန်းက -

"ဆရာလေးရေ သစ်ပင်ထဲက မှန်ခေါင်းအကြောင်းကို သိချင်ရင် မျောက်တစ်ရာဘုရားက လူသူတော်ကြီးကို ဘိုးဂန္ဓမာကို ကျုပ်ဖွပ်လာတဲ့ ပျားလပို့ကြီး ဝင်ပေးရင်း မေးကြည့်တာပေါ့ ဟုတ်လား"

"အဲဒါလောက် အဆင်ပြေတာ မရှိတော့ဘူး စောလှထွန်းရေ"

စက်လှေက မိန်းမလှကျွန်းဘက်ခြားလွယ်ခုတ်ဖြတ်မောင်းရင်း မျောက်တစ်ရာဘုရားရှိရာသို့ ကမ်းထိုးကပ်လိုက်သည်။

သူတို့အဖွဲ့ တောတက်ရင်း ယူလာခဲ့သော ပျားလပို့နှင့် ဆေးမြစ်၊ဆေးဥတချို့ကို လူသူတော်ကြီးအတွက် လက်ဆောင်ပေးရန်ယူဆောင်လာခဲ့ကြသည်။ ရွာခံစောလှထွန်းကဦးဆောင်၍ မျောက်တစ်ရာဘုရားသို့ သူတို့ရောက်လာသောအချိန်တွင် ဘိုးဂန္ဓမာက ဘုရားရင်ပြင်ကို သန့်ရှင်းရေးပြုလုပ်နေခိုက်မို့ အဆင်သင့်သွားကြသည်။

ဘိုးဂန္ဓမာအား အရိုအသေပေးရင်း ယူဆောင်လာသည့် စားစရာနှင့် ပျားရည်၊ ဆေးမြစ်များကို လက်ဆောင်အဖြစ် ပေးလိုက်ကြသည်။

စောလှထွန်းကပင် -

"အဘိုး၊ ကျွန်တော်တို့ ကျွန်းညိုကြီးထဲမှာ လင့်ထိုးတော့ မှန်ခေါင်းတလားထဲမှာ ထီးမူနန်းဟန်မင်းသားတစ်ပါးနဲ့တူတယ်။ သစ်ပင်ကိုထွင်းပြီး ထည့်ထားတာ တွေ့ခဲ့ရတယ်။ အဲဒါ အဘိုးများသိရင် ရှင်းပြပါလား။ တော်တော်ထူးဆန်းနေလို့"

ဘိုးဂန္ဓမာက ကျွန်းညိုကြီးရှိရာဘက်သို့ အသာအယာမျက်နှာလွှဲသွားပြီးနောက် -

"ကျုံတုံးမြို့စားကြီး ဗညားဇေယျပဲဖြစ်မှာပေါ့။ လူကလေးတို့ ကံထိုက်လို့ တွေ့ကြရတာနေမှာပါလေ။ တချို့ဆိုရင် မြို့စားကြီးရဲ့ မှန်စီရွှေချခေါင်းတလားကို လာရှာကြပေမယ့် မထိုက်တော့ မတွေ့ကြဘူး။ မြို့စားကြီးခေါင်းတလားကို ယူဆောင်သွားတဲ့အချိန်၊ လူယုံတော်တွေ ဘယ်မှာဝှက်ပြီး မြှုပ်နှံခဲ့တယ်ဆိုတာကို ပြန်ရောက်ချိန်ကိုလည်း တွက်ပြီး မှော်စက်ရောင်သမားတွေက ကျွန်းညိုကြီးလို့ သတ်မှတ်ထားတဲ့ တောမှာရှာကြတယ်။ ကံမထိုက်တော့ မမြင်ရဘူး။ စေတနာမမှန်လို့ ပြန်လှည့်ပြေးရသူတွေလည်း ရှိတယ်။ အစီအမံအစောင့်အရှောက်ကကြီးလွန်းလှတယ်ကွယ်။ တောခြောက်ခံရတာ၊ တောမှောက်ခံရတာတွေလည်း မကြာခဏပေါ့"

ဟု ရှင်းပြလိုက်လေသည်။

အနောက်ဆီမှာတော့ နေလုံးကပင်လယ်အတွင်း ငုပ်လျှိုးတော့မည့် သဏ္ဌာန်။ မကြာမီနေဝင်တော့မည်။

လူသူတော် ဘိုးဂန္ဓမာအား နှုတ်ဆက်လျက် အပြန်လမ်းမှာ ထူးခြားသော ကျွန်းညိုကြီးမှ မင်းသားတစ်ပါးအကြောင်း ဒွိဟစိတ်အတွေးနှင့် စဉ်းစားနေမိပါတော့သည်။

ထိုခေတ်က ကျွန်းညိုကြီးတွင် မှန်ခေါင်းတော်နှင့် မင်းသားတစ်ပါးအလောင်းရှိသည့် သစ်ထွင်းပင်ကြီးသတင်းသည် ဂမ္ဘီရဆန်ဆန်ထူးခြားမှုနှင့် သတင်းကြီးခဲ့လေသည်။ သို့သော် ယခုအချိန်တွင်တော့ နှစ်တွေလည်း ကြာမြင့်ခဲ့ပြီ။ တောကြီးလည်းပြုန်း၊ မီးသွေးဖုတ်ထင်းတိုက်ရင်းနှင့် သစ်ကြီးဝါးကြီးများ ပျောက်ကွယ်ခဲ့ပြီး လူနေအိမ်ခြေ၊ လယ်ယာလုပ်ကိုင်ကြသဖြင့် ကျွန်းညိုကြီးမှ မှန်ခေါင်းတော်နှင့် မင်းသားတစ်ပါး၏ ရုပ်အလောင်းသည် ဝမ်းနည်းဖွယ်ရာ ပျောက်ကွယ်ခဲ့ပြီး ရာဇဝင်လိုလို၊ ဒဏ္ဍာရီလိုလိုတောင်ဖြစ်ခဲ့ပါချေပြီ ဖြစ်သည်။

*(ဘိုကလေးမြို့ ကမာကလူ စက်ဆန်းခရီးစဉ်တစ်ခေါက်)*

မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



(ကျွေမြိစ်)

# ဧယျာစနိး

တို့လှယ်မေတ္တာ (ပရလောကဖြစ်ရပ်ဆန်း)

သဘာဝဖြစ်ရပ်မှန်များဆိုတာက တစ်ခါတစ်ရံ ဖန်တီးလုပ်ကြံထားတာများထက် သာ၍ပင် ဆန်းကြယ်တတ်တာ အံ့သြဖွယ်ဖြစ်ရလေ့ ရှိတတ်ပါသည်။ အထူးသဖြင့် စာရေးသူက ပရလောကမှ ဖြစ်ရပ်ဆန်းများ၊ စိတ်နယ်လွန်ဖြစ်ရပ်များ အစရှိသည်တို့ကို စိတ်ပါဝင်စားသည့်အလျောက် ရှာဖွေစုဆောင်းမှတ်တမ်းတင်ထားလေ့ရှိပါသည်။ ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ဖြစ်ပျက်ခဲ့တာများရှိသလို တကယ်ဖြစ်ပျက်ခဲ့ရသော ဖြစ်ရပ်ဆန်းလေးများကို လူအများ ပြောဆိုလက်ဆင့်ကမ်းခဲ့ကြရင်း ပုံပြင်သဖွယ်၊ ဇာတ်လမ်းလေးများသဖွယ်၊ စိတ်ဝင်စားဖွယ်

www.burmeseclassic.com

www.burmeseclassic.com



လေးများ ဖြစ်တာကြောင့် စာရေးသူ
သချာစေ့ငုစွာမေးမြန်းပြီး မှတ်တမ်း
ပြုစုထားလေ့ရှိခဲ့ပါတယ်။ ထိုသည့်
များထဲမှ ယခုရေးပြမည့် ဇာတ်
တစ်ပုဒ်ကလည်း လူ့လောကသား
လောကသားတို့ရဲ့ အပြန်အလှန်
ရှိုင်းပင်းကြပုံ၊ မေတ္တာထားကြပုံ
အံ့ဩဖွယ်တွေ့ရှိရလို့ ရေးသား
ပြလိုက်ရခြင်းလည်း ဖြစ်ပါတယ်။
မွန်ပြည်နယ်ရဲ့ မြို့ကြီးတစ်မြို့။
ပြည့်နှစ်ကျော်ဝန်းကျင်လောက်
ဖြစ်ပါတယ်။ ကိုတိုးစိန် ဆိုတာက
တမ်းကုန်တင်ကုန်ချအလုပ်သမား
သားတစ်ယောက် ဖြစ်ပါတယ်။
တ် (၃၀) ကျော် လူလတ်ပိုင်းတစ်
ယာက်ဖြစ်ပြီး ကျေးရွာဇာတိဖြစ်သော်
မိဘလက်ငုတ်လက်ရင်း လယ်
လုပ်ကို မလုပ်လိုတာကြောင့် မြို့
တက်လာခဲ့ပြီး ဆိပ်ကမ်းတံတား
င်ကုန်ချအလုပ်သမားအဖွဲ့မှ လုပ်
တစ်ယောက်အဖြစ်နဲ့ ဘဝရပ်
ရပါတယ်။ အိမ်ထောင်မရှိ တစ်
တည်း လူပျိုကြီးဖြစ်ပြီး ဆင်ခြေဖုံး

ရပ်ကွက်တစ်ခုရဲ့ ချောင်ကျကျနေရာ
လေးမှာ အိမ်ဟောင်းတစ်လုံးကို ငှားရမ်း
ပြီး ဖြစ်သလိုနေထိုင်ပါတယ်။ စားအိုး
သောက်ခွက်ဘာမှမရှိ။ အိပ်စရာခုတင်
ဟောင်းတစ်ခု၊ ခြင်ထောင်တစ်လုံးနဲ့ ခြုံ
စရာစောင်စုတ်တစ်ထည်သာရှိတယ်။

ကိုတိုးစိန်က အိပ်ချိန်တစ်ခုသာ
၌အိမ်တွင်ရှိတတ်ပြီး ကျန်သောအချိန်
များမှာ သူ့အလုပ်တာဝန်ကျရာ ဆိပ်
ကမ်း၊ တံတား၊ ဈေးများအနီး လုပ်ဖော်
ကိုင်ဖက် ဘဝတူလုပ်သားများနှင့် ဟေး
လားဝါးလားအချိန်ကုန်နေတတ်ပါတယ်။

ကိုတိုးစိန်တို့ရဲ့အလုပ်က နံနက်
ဆိုင်းနှင့် ညဆိုင်းနှစ်ခုခွဲထားပြီး နံနက်
ဆိုင်းဆိုပါက နံနက်စောစော လေးနာရီ
အိပ်ရာမှထပြီး အပြာရောင်အင်္ကျီကို
ဝတ်ဆင်ကာ မီးရထားဖြင့် အလုပ်
ဌာနရှိရာ သင်္ဘောဆိပ်သို့အရောက်
သွားရပါတယ်။ နယ်မြို့များမှတက်လာ
သည့်သင်္ဘောများ၊ စက်လှေများ၊ သမ္ဗန်
များနှင့်ပါ၍လာသော ကုန်စိမ်း၊ ကုန်
ခြောက်၊ ဝန်စည်စလယ်တို့အား ကိုတိုး
စိန်တို့အလုပ်သမားအဖွဲ့မှ တာဝန်ယူပြီး
ဆိပ်ကမ်းမှနေ၍ သက်ဆိုင်ရာ ဈေးဆိုင်
များသို့ တာဝန်ယူ ပို့ဆောင်ပေးကြရပါ
တယ်။ ညနေဆိုင်းဖြစ်လျှင်တော့ သက်
ဆိုင်ရာအလုပ်ဌာနသို့ နေ့လယ် မွန်း
တည့် (၁၂) နာရီအရောက်သွားကြရပြီး
ညနေမိုးချုပ် (၇) နာရီလောက်မှ အလုပ်
သိမ်းပြီးနားကြရပါတယ်။

ကိုတိုးစိန်က နံနက်စာကို သူ့
အလုပ်လုပ်ရာ ဆိပ်ခံတံတားအနီးရှိ ဈေး
သက်သာသော ခေါင်းရွက်ထမင်းသည်
မှာစားပြီး ညနေအတွက်တော့ ကိုတိုးစိန်
လိုအလုပ်သမားများက တစ်နေ့တာလုံး
ထမ်းပိုး၊ ပင့်၊ ရွက်၊ ကာယအားနဲ့ အလုပ်
လုပ်ကြရတာကြောင့် ကိုယ်လက်များ
ညောင်းညာနေကြပြီဖြစ်ရာ အကြော
အခြင်ပြေစေဖို့ရာက တစ်ကြောင်း၊
ကြိုက်နှစ်သက်သည်ကတစ်သွယ်ဖြစ်တာ
ကြောင့် သူတော်အချင်းချင်းသတင်းလွှ
လွှဆိုသလို ဘုံဆိုင်မှာ ဝိုင်းဖွဲ့ကာ
ဘဝတူများ သောက်စားမူးယစ်ကြတာ
လက်ပံပင် ဆက်ရက်ကျသည့်အလား
ကိုယ်စိတ်အပန်းဖြေကြရပါတော့တယ်။

ညဉ့်နက်မှ မိမိအိမ်တွင် မအိပ်မီ
ဝမ်းဖြည့်ရန်အလို့ငှာ ခေါက်ဆွဲကြော်ဖြစ်
ဖြစ်၊ ထမင်း၊ ဟင်းဖြစ်ဖြစ် အထုပ်ဆွဲပြီး
ကိုယ့်ရပ်ကွက်ကို ပြန်ကြရတာ ဖြစ်ပါ
တယ်။ ကိုတိုးစိန်နေတဲ့ ဆင်ခြေဖုံးရပ်
ကွက်နဲ့ သူအလုပ်လုပ်ရာ ဆိပ်ကမ်းဌာန



www.burmeseclassic.com

www.burmeseclassic.com

တို့က အတော်လေးဝေးကွာပါတယ်။ ရပ်ကွက်သုံး၊လေးခုလောက်ခြားတာ ဖြစ်လို့ နေ့ခင်းဆိုရင်တော့ ဘတ်(စ်)ကား၊ ဆိုက်ကား၊ မြင်းလှည်းတို့က အဆင်သင့်ရှိသော်လည်း ညဥ့်နက်ပိုင်းဆိုရင်တော့ ဘာမှမရှိ။ ဆိုက်ကားဆရာတို့ကလည်း ကိုတိုးစိန်တို့ ရပ်ကွက်ဘက်ဆို ညဥ့်နက်ရင် မလိုက်ကြတော့။ ဒါကြောင့် ကိုတိုးစိန်က ညဆိုင်းအလုပ်ကျသောရက်များ အိမ်ပြန်ချိန်ညဥ့်နက်ပါက ခြေကျင်ကုန်းကြောင်းဖြင့်သာ ပြန်ရပါတော့တယ်။

ပြောရမယ်ဆိုရင် အကြောင်းတစ်ခုကရှိနေပြန်ပါတယ်။ ဆိုခဲ့သလို ကိုတိုးစိန်နေထိုင်ရာအရပ်ကို ဆိုက်ကားဆရာတို့ ညဥ့်နက်ချိန် မလိုက်ကြရခြင်းမှာလည်း ကြောင်းရင်းခံကရှိနေလို့ပါပဲ။ အကြောင်းကတော့ ကိုတိုးစိန်တို့ရပ်ကွက်သို့ ပြန်လာရာလမ်းတစ်လျှောက် နေထိုင်ရာရပ်ကွက်ကိုမရောက်မီ လမ်းတစ်နေရာမှာ 'ဇာတ်တံတား' လို့ခေါ်တဲ့ သစ်သားကြမ်းခင်းတံတားဟောင်းကြီးတစ်ခုက ရှိနေပါတယ်။ ဟိုးယခင်အချိန်များတုန်းက နယ်ကိုထွက်ပြီး က,ပြကြရမယ့် ဇာတ်အဖွဲ့ဟာ မိမိတို့ ဇာတ်အဖွဲ့ရဲ့ ပစ္စည်းကြီးငယ်များ၊ ဇာတ်သေတ္တာကြီးများအား လှေ၊သမ္ဗန်များအပေါ်သို့ တင်ရန်၊ ချရန် ဤတံတားကို အသုံးပြုရတာကို အစွဲပြုပြီး ဇာတ်တံတားလို့ ခေါ်တွင်ကြခြင်းလည်း ဖြစ်ပါတယ်။

အဲဒီ ဇာတ်တံတားအား ကျော်လွန်ပြီး ခြေလှမ်းလေး ငါးလှမ်းလောက်ရောက်နေရာမှာတော့ ဘယ်ခေတ်အခါကတည်းက ပေါက်ရောက်နေခဲ့တာမသိရနိုင်တဲ့ အပင်အိုကြီးတစ်ပင်ကရှိနေပြန်ပါတယ်။ ဒီအပင်အိုကြီးရဲ့ သတင်းကတော့ ဒီနယ်တစ်ခုလုံးကို ဟိုးလေးတကျော်ဖြစ်ခဲ့ရပါတယ်။ ညဥ့်နက်သန်းခေါင်အချိန် တစ်ယောက်တည်း ဒီတံတားအား ဖြတ်ဝံ့သူမရှိ၊ အရွယ်ကောင်းလူငယ်များပင် ထိုအပင်အိုကြီးပေါ်မှ ပရလောကသားတစ်ကောင်ရဲ့ ခြောက်လှန့်မှုကြောင့် ပုဆိုးကွဲ၊ ဒူးပြဲနဲ့ ပြေးခဲ့ကြရတဲ့သတင်းကား တစ်နယ်လုံး ပျံ့နှံ့လျက်ရှိပါတယ်။

ကိုတိုးစိန်တစ်ယောက်လည်း အဲဒီသတင်းတို့ ကြားပြီး ဖြစ်ပါတယ်။ သို့သော်လည်း ကိုတိုးစိန်က ဒါမျိုးတွေ ကြုံလည်းမကြုံဘူး၊ ကြောက်လည်း မကြောက်သူတစ်ယောက် ဖြစ်ပါတယ်။ ကိုတိုးစိန်ကား လူပေလူတေ၊ လူပျော်တစ်ယောက် ဖြစ်ပါတယ်။ သူရဲ့ ပြောစကားက -

"သရဲလာတော့ကော ဘာဖြစ်လဲကွာ။ တိုးစိန်တို့က စိန်ခေါ်လိုက်ရုံပေါ့"

ဟု မော်ကြွား ပြောဆိုတတ်သူလည်း ဖြစ်ပါတယ်။ တကယ်တမ်းလည်း ကိုတိုးစိန်က ကြောက်ရွံ့တတ်သူမဟုတ်။ တကယ်လက်တွေ့ တကယ်စိန်ခေါ်သူ ဖြစ်နေခဲ့ပါတယ်။ ဒါကြောင့်ပင်လား မပြောတတ်၊ မျက်ကန်းတစ္ဆေမကြောက် ဆိုသော်လည်း ကိုတိုးစိန်က မျက်စိလည်းမကန်း၊ ကြောက်လည်းမကြောက် ဖြစ်ရကား ညနေညချမ်း လမ်းလျှောက်ပြီး သီချင်းတကြော်ကြော်ဟစ်ဆိုကာ သိုင်းကွက်နင်းပြီး အိမ်ပြန်လာတတ်တဲ့ ကိုတိုးစိန်အား ထိုဇာတ်တံတားက ဘာမှ အန္တရာယ်မပြု မနှောင့်ယှက်ခဲ့ပါ။

ဒီလိုနဲ့ တစ်နေ့တော့ ကိုတိုးစိန် ညဆိုင်းတာဝန်ကျပြီး ထုံးစံအတိုင်း အလုပ်ချိန်ပြီးတာနဲ့ ဘဝတူအလုပ်သမားများနဲ့ ဘုံဆိုင်မှာ တဆူဆူတည်ညံနဲ့ စားရင်းသောက်ရင်း ညဥ့်အတော်နက်သွားပါတယ်။ ဒါကြောင့် ကိုတိုးစိန်က အိမ်အပြန် မအိပ်မီ ဝမ်းဖြည့်ဖို့ ခေါက်ဆွဲကြော်တစ်ထုပ်ကို မှာလိုက်ပါတယ်။

ထိုစဉ် အလုပ်သမားတစ်ဦးက -

"ကိုတိုးစိန်ကြီး၊ ဒီနေ့မိုးတော်တော်ချုပ်နေပြီနော်။ ခင်ဗျားကို ဇာတ်တံတားက ထွက်ဆွဲနေဦးမယ်။ ကြည့်လုပ်ဦး"

ပြောင်သလိုလို နောက်သလိုလိုနဲ့ သတိပေးစကားပြောလိုက်ပါတယ်။

ကိုတိုးစိန် ဒါကိုကြားလိုက်တော့ မခံချင်စိတ်ဖြစ်သွားပြီး -

"ဟား ဟား ဟား - တိုးစိန်တို့က ဒါမျိုးဆို လုံးဝပဲ။ ကြုံက်သလိုလာစမ်းပါ။ သူနိုင်ကိုယ်နိုင်ပေါ့"

ကိုတိုးစိန်က ပြန်ပြော၏။

"တကယ်ပါဗျာ၊ မပြန်ရဲရင် အဖော်တစ်ယောက်ခေါ်သွား။ မနက်မှ ပြန်လွှတ်လိုက်ပေါ့။ တော်ကြာ ခင်ဗျား ဒုက္ခများနေဦးမယ်"

ဟု မခံချင်အောင် ပြောလိုက်တော့ရာ -

ကိုတိုးစိန်က ဒေါသဖြစ်သွားကာ သူ့ကို သူရဲဘောကြောင်သူလို့ ထင်နေခံရလို့ ဒေါသဒီဂရီကတက်လာပြီး ယစ်ရွှေရည်ကလေးရဲ့အရှိန်ကလည်းတက်လာတာမို့ -

"ဟေ့ - တိုးစိန်တဲ့ကွ။ ရဲရဲကြီးစိန်ခေါ်တယ်။ မင်းတို့ပြောတဲ့ သရဲမကလို့ သဘက်ပဲဖြစ်ဖြစ်ကွာ တိုးစိန်နဲ့တွေ့ အကြောင်းသိသွားစေရမယ်။ ကဲ- နေကြပါတယ်။ အခုပဲသွားမယ် ဟင်း"

ကိုတိုးစိန်က ခေါက်ဆွဲကြော် ကလေးအား လက်တစ်ဖက်မှဆွဲပြီး ထိုးယိုင်ထိုးနဲ့ထွက်လာခဲ့ပါတော့တ အလုပ်သမားများကလည်း ပြောလို့ မဟုတ်တာကြောင့် ဒီအတိုင်းသာ လိုက်ရပါတော့တယ်။

ကိုတိုးစိန်ရဲ့ ခြေလှမ်းများက တိုင်းလိုမဟုတ်။ ခြေလှမ်းကဲ့ ခပ်သွက်သွက်ဖြစ်နေတယ်။ မူးနေ ကတစ်ကြောင်း၊ စိတ်ဆိုးမာန်ဆိုးဖြ တာက တစ်ကြောင်းတို့ကြောင့်လည်း ဖြစ်တယ်။ ညဥ့်ကလည်းနက်နေပြီ ဝန်းကျင်တစ်ခုလုံးလည်း တိတ်ဆိတ် သက်လျက် ခွေးတစ်ကောင်၊ ကြော တစ်မြီးတောင် မတွေ့ရ။ ညဥ့်လယ် လေပြည်လေးကလည်း တသွဲ့သွဲ့တိုက် ခတ်၊ ဆောင်းနှင်းမြူမှုန်များအကြား လခြမ်းကွေးကလေးက အားနည်း နေပါတယ်။ တဖျတ်ဖျတ်နဲ့ လှော လှမ်းလာသောခြေသံများကို ကိုတိုး က အဖော်ပြုရင်း လမ်းမီးတိုင်မှုန်ဝါး အလင်းရောင်များအောက်မှာ မသဲမ နဲ့ မြင်နေရပါပြီ။ တစ်နယ်လုံးမှာ နာ ကြီးလှပါတဲ့ ဇာတ်တံတားကြီး။ တဖြည်း ဖြည်းနဲ့ နီးကပ်လာပါပြီ။

"ကိုယ့်ဘက်က ကျေပါတ မအေးစိန် မအေးစိန်ရယ်။ ဝေါ့ ထွီ"

ကိုတိုးစိန်က သီချင်းပင်ဆိုလို သေးတယ်။

ပရလောကသားတို့ သဘာ လည်း ခက်ပါတယ်။ သာမန်အချိန် အခြေအနေမျိုးဆိုရင် တစ်မျိုးဖြစ် မထူးခြားလှပါ။ သို့သော်လည်း သူ ကို စိန်ခေါ်ပြီဆိုရင်တော့ သူတို့ဘ လည်း နဂါးမှန်းသိအောင် အမော တော့ ထောင်ပြကြရမှာဖြစ်ပါတယ်။

ယခုလည်းပဲ ကိုတိုးစိန် မကြောက်ဘူးဆိုပြီး စိန်ခေါ်နေ ဖြစ်တဲ့အတွက် -

ဇာတ်တံတားအနီးကိုရောက် ခြေလေးငါးလှမ်းအလိုလောက်အရော တွင်ကား -

"မအေးစိန်၊ မအေးစိန် အဲ အဲ အအား"

ကိုတိုးစိန်သီချင်းဆိုရင်း တယ်။ ထိုစဉ် ကိုတိုးစိန်ရှေ့ခပ်လှ



www.burmeseclassic.com

www.burmeseclassic.com

ည်မ်းမှ -

"ပိုး ပုန်း"

"ဖတ် ဖတ် ဖတ် ဖတ် ဖတ်"

ကိုတိုးစိန်ရဲ့ ခြေလှမ်းများ ဒက်တော့အုပ်လိုက်သကဲ့သို့ တုံ့ခနဲရပ်သွားတယ်။ ကိုတိုးစိန် ပါးစပ်အဟောင်းသားနဲ့ ရှေ့တူရူကြည့်လိုက်တော့ စက္ကန့်ငြင်းအချိန်လေးအတွင်း မြင်လိုက်ရတဲ့မြင်ကွင်းမှာကား သစ်ပင်အိုကြီးထက်မှ လေးလံသော သတ္တဝါကြီးတစ်ကောင်က ခုန်ချလာပြီး ဇာတ်တံတားထိပ်ကိုတိုးစိန်ရဲ့ရှေ့မှပိတ်ကာ ကိုတိုးစိန်အား စောင့်ကြိုနေပါတယ်။

ဦးခေါင်းကသေးသေး၊ ကိုယ်ကကြီးကြီး ခန္ဓာကိုယ်ကြီးက နှင်းပွင့်နှင်းခတ်များလို ဖြူဖွေးနေတယ်။ ကိုယ်လုံးကြီးက ကြီးမားသလောက် ခြေတံလက်တံတို့က တိုလွန်းလို့နေပါတယ်။ နားရွက်များက ကားချွန်နေကြပြီး ပြူးကျယ်နီရဲလျက်ရှိတဲ့ မျက်လုံးတစ်စုံနဲ့ ကိုတိုးစိန်အား ရင်ဆိုင်ရန် စောင့်ဆိုင်းနေလျက်ပါ -

ကိုတိုးစိန်ရဲ့ ခြေလှမ်းများ ရပ်တန့်သွားပြီး ဦးခေါင်းထက်မှ ဆံစများညည်း ထောင်တက်ကုန်ပြီလို့ ထင်လိုက်မိတယ်။ တစ်ချိန်တည်းမှာပင် ခန္ဓာကိုယ်တစ်ခုလုံးရှိ မွေးညင်းကြက်သီးများဖြန်းဖြန်းထကာ ရှိန်းဖိန်းလာခြင်းနဲ့အတူ သွေးခုန်နှုန်းများပင် မြင့်တက်လာတော့တယ်။ ဒီဂရီတက်လာတဲ့ အမူးများပင် ပျောက်ကုန်လေပြီ။

မထူးတော့ပါ။ ကိုတိုးစိန်ရင်ဆိုင်ရော ရှိတော့၏။ သည်တော့မှ စောတ သတိပေးစကားများအား ပြန်ည်ကြားယောင်လာ၏။ ယခုတော့မူတစ်ယောက်တည်းသာဖြစ်၍ မတတ်တော့ပါ။

ကိုတိုးစိန်ကရှိသမျှ မိမိ၏ စိတ်ခွန်အား ရုပ်ခွန်အားများအား စုစည်း၍ငြိမ်အောင်ကြိုးစားရင်း အခြေအအား အကဲခတ်စောင့်ကြည့်နေလိုက်

မကြာလိုက်ပါ။ သတ္တဝါကြီး၏ တိုသောလက်တစ်ဖက်က ဓရှေ့သို့ ရှည်လာပြီး သူ့လက်ကြီး၏လားရာကစိန်၏ ခေါက်ဆွဲကြော်အထုပ်ဆီတည်လာရာ တစ်ခဏမျှတွေဝေသော် ကိုတိုးစိန်က သတိပြန်ဝင်လာခေါက်ဆွဲကြော်ထုပ်အား ခန္ဓာကိုယ်သို့ ဖွက်လိုက်ပြီး-

"အံမယ် အံမယ် - ဒီလိုတော့ မလုပ်ပါနဲ့။ မင်းစားချင်ရင် ဒီလိုတော့ မရဘူး။ မင်းနဲ့ငါနပန်းလုံးမယ်ကွာ။ မင်းနိုင်ရင် ယူစား၊ ငါပေးမယ်။ မင်းရှုံးရင်တော့ မင်းနေရာမင်းပြန်ပေါ့ကွာ။ ကဲ ဘယ်လိုလဲ စိန်မလား"

သတ္တဝါကြီးက လက်ခံသည့်သဘောအမူအရာပြတော့ -

အာဂ ကိုတိုးစိန်ပါပေ။ ခေါက်ဆွဲကြော်ထုပ်အား လမ်းဘေးကိုချ၊ လုံချည်ကို ခါးတောင်းမြှောင်ကျိုက်၊ အသက်ကိုဝအောင် တစ်ချက်ရှူလိုက်ပြီးသကာလ သတ္တဝါကြီးရှိရာသို့ အတင်းဝင်ကာ သတ္တဝါကြီးနှင့် နပန်းလုံးကြတော့၏။

သူတစ်ပြန်ကိုယ်တစ်ပြန်နှင့် ဇာတ်တံတားနားတွင် ယှဉ်ပြိုင်သတ်ပုတ်နေသော ညဥ့်လယ်ယံနပန်းပွဲကြီးအား ကြည့်ရှုသူမရှိ။ အားပေးသူနတ္ထိ။ လုံးရင်းထွေးရင်းနှင့် ကိုတိုးစိန် စဉ်းစားလာမိ၏။ စတင်နပန်းလုံးစဉ်အခါက နှင်းကဲ့သို့ ဖြူဖွေးအိထွေးနေသော ခန္ဓာကိုယ်ကြီးက ကိုတိုးစိန်နှင့် သိပ်မကွာခြားလှသော်လည်း ကြာလာတော့ အနှီသတ္တဝါကြီး၏ ခန္ဓာကိုယ်ကြီးက တဖြည်းဖြည်း ကြီးမားလေးလံလာပြီဖြစ်ရာ ကိုတိုးစိန် လက်ပန်းကျစပြုလာ၏။ ကြည့်ရင်းကြည့်ရင်းနှင့်ပင် ခန္ဓာကိုယ်ကြီးက မူလထက် သုံးဆမျှကြီးမာလာနေရာ ကိုတိုးစိန် ရိပ်စားမိလာပါပြီ။ ပါးနပ်သော ကိုတိုးစိန်က ကြာလာလျှင် သူသေရန်သာ ရှိတော့မည်။ ထို့ကြောင့် ပက်လက်အနေအထားရှိနေသော ကိုတိုးစိန်က သူ့အား ခွစီးထားသော သတ္တဝါကြီးကို ကြည့်၍ပြောလိုက်၏။

"ဟေ့ ဟေ့ - တော်ပြီကွာ၊ တော်ပြီ။ ငါရှုံးပြီ။ မင်းပဲခေါက်ဆွဲကြော်ထုပ် ယူလိုက်တော့ကွာ ငါရှုံးပြီ"

ဒီတော့မှ လေးလံသော ခန္ဓာကိုယ်ကြီးက ကိုတိုးစိန်ပေါ်မှ ခွာ၍ ခေါက်ဆွဲကြော်ထုပ်ရှိရာသို့ ထွက်ခွာသွားကာ နှင်းမှုန်များက တဖြည်းဖြည်း တဝေ့ဝေ့ဝဲလည်လျက် သတ္တဝါကြီး၏ ခန္ဓာကိုယ်ကြီးက ပျောက်ချက်သားကောင်းသွားသလို ခေါက်ဆွဲကြော်ထုပ်ကလေးကိုလည်း မတွေ့ရတော့ပါ။ ဒီတော့မှ ကိုတိုးစိန်လည်း လဲနေရာမှ ဖုတ်ဖုတ်ခါထလျက် အေးဆေးစွာ အိမ်ပြန်ခဲ့ရပါတော့သည်။

ဒီလိုနှင့် အိမ်အပြန်ညဉ့်နက်သော အခါများတိုင်း ကိုတိုးစိန်နှင့်ပရလောကသားကြီးတို့၏ ခေါက်ဆွဲကြော်လုပွဲတွေက အတော်အတန်ကြာလာခဲ့တော့ လူ့လောကသားနှင့် ပရလောကသားတို့ ရင်းနှီးကျွမ်းဝင်လာကြ၏။ တစ်ခါတစ်ရံ သတ္တဝါကြီး အရှုံးပေးတတ်၍ တစ်ခါတလေကျပြန်တော့ ကိုတိုးစိန်က အရှုံးပေးရင်းဖြင့် အတော်အတန် ရင်းနှီးလာကြတော့၏။

တစ်ခါသော် ကိုတိုးစိန်ပြန်လာရာတွင် ငွေရေးကြေးရေးက အဆင်မပြေသည်ဖြစ်၍ ခေါက်ဆွဲကြော်က ပါမလာ။ လက်ဗလာနှင့်သာ ဖြစ်၏။ သတ္တဝါကြီးကတော့ ခါတိုင်းကဲ့သို့ပင် နပန်းကိုင်ရန် အပင်ကြီးပေါ်မှ ဆင်းလာစဉ် ကိုတိုးစိန်က ပြော၏။

"မင်းကလည်းကွာ ငါ့မှာ ဘိုင်ပြတ်(ပိုက်ဆံမရှိ)နေတာ သိရဲ့လားကွာ။ မင်းကိုတော့ ကျွေးချင်ပါတယ်။ ဒါပေမယ့် ငါ့မှာငွေမရှိတော့ဘူးကွာ"

ဟူ၍ ညည်းတွားလိုက်ရာ သတ္တဝါကြီးက နောက်လှည့်ကာ အပင်ကြီးပေါ်သို့ ပြန်တက်သွားတော့၏။

နံနက်မိုးလင်းသောအခါ ကိုတိုးစိန် အိပ်ရာမှထသည်။ ကိုယ်လက်သန့်စင်ပြီးတော့ ဆေးလိပ်တိုလေးအား မီးညှိ၍ ရှိုက်ဖွာရင်း တွေးနေမိသည်။ သူ့တွင် ငွေတစ်ပြားတစ်ချပ်ပင် မရှိတော့ပြီ။ အလုပ်အကိုင်က အဆင်မပြေသည့်အခါဖြစ်၍ ကိုတိုးစိန် စိတ်ညစ်နေ၏။ ပြီးလျှင် အလုပ်ဆင်းရန် ပြင်ဆင်၏။ ထိုအခိုက် သူ့အာရုံထဲတွင် သူ့အိပ်ရာရှိ ခေါင်းအုံးသို့စိတ်ရောက်နေ၏။ အလုပ်သွားရန်ပြင်ပြီးမှ ဘာရယ်မသိ ခုတင်ဆီသို့ ပြန်လာပြီး ခေါင်းအုံးအား ဖုန်များခါချရန် ဆွဲယူလိုက်သောအခါ (၁၀) ကျပ်တန်၊ (၂၅) ကျပ်တန် အစရှိသော ငွေစက္ကူအခေါက်ကလေးတစ်ခုကို တွေ့လိုက်ရ၏။ ကောက်ယူပြီး ရေတွက်ကြည့်လိုက်တော့ ကျပ်နှစ်ရာကျော်ကျော် ဖြစ်နေ၏။ မနေ့ညနေက အလုပ်ဆင်းချိန်ဖြစ်၍ လုပ်အားခက ဒီမနက်မှရှင်းပေးရန် ဖြစ်၏။ ဘယ်ကနေဘယ်လိုများ အနှီငွေများရောက်လာသည်ကို ကိုတိုးစိန် မစဉ်းစားတတ်အောင် ဖြစ်နေ၏။ ဘာပဲဖြစ်ဖြစ် ကိုတိုးစိန်က ယင်းငွေစက္ကူခေါက်လေးအား မိမိအကျီအိတ်ထောင်ထဲသို့ ထည့်ကာ အလုပ်ရှိရာသို့ထွက်ခဲ့တော့၏။

ဒီည ကိုတိုးစိန် အိမ်အပြန်တွင်တော့ ခေါက်ဆွဲကြော် (၂) ထုပ်ပါလာခဲ့သည်။ ထုံးစံအတိုင်း ဇာတ်တံတားထိပ်သို့ ရောက်တော့ သူ့အား စိန်ခေါ်မည့် သတ္တဝါကြီးကလည်း အဆင်သင့်စောင့်



www.burmeseclassic.com

www.burmeseclassic.com

နေရာ အတော်အတန် ရေချိန်ကိုက်နေပြီ ဖြစ်သော ကိုတိုးစိန်က -

"ဟေ့ အေ့ ဝေါ့ ငါသိပ်မူးနေပြီကွာ။ ဒီနေ့တော့ အေးဆေးပဲကွာ။ ရော့ ဒီမှာ မင်းအတွက် တစ်ထုပ်ထားခဲ့မယ်။ ငါသွားပြီဟေ့"

ပြောပြောဆိုဆို ကိုတိုးစိန်က ယိုင်ထိုးယိုင်ထိုးနှင့် ထွက်သွားရာ သတ္တဝါကြီးလည်း သူ့ရှယ်ယာဖြစ်သော ခေါက်ဆွဲကြော်ထုပ်လေးအား ယူ၍ ပျောက်ကွယ်သွားတော့၏။

ဒီလိုနှင့် ရက်တွေ၊ လတွေ ကြာလာခဲ့သည်။ ထူးဆန်းသည်က ကိုတိုးစိန်က ငွေမရှင်သောနေ့များတွင် ဇာတ်တံတားထိပ်သို့ ရောက်ပါက -

"ဟေ့ - ငါ့ကို ကြည့်လုပ်ပေးဦး။ ဒီမှာ ငါဘိုင်ပြတ်နေပြီကွာ။ သုံးစရာမရှိတော့လို့ဟေ့"

ဟု အော်ပြောခဲ့ပြီး နံနက်မိုးလင်းခေါင်းအုံးအောက်သို့ နှိုက်ကြည့်ပါက ငွေစက္ကူအခေါက်လိုက်ကလေးများ ရတတ်၏။ သိပ်အများကြီးရသည်တော့ မဟုတ်ပါ။ ထမင်းဖိုးဟင်းဖိုးလောက်သာ ဖြစ်၏။ ကြာလာတော့ ကိုတိုးစိန်က အနှီဇာတ်လမ်းလေးအား သူကိုးကွယ်နေသော ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်အား လျှောက်ထားပြောလိုက်တော့၏။

"ကြုံကြုံဖန်ဖန် ဒကာကြီး တိုးစိန်ရယ် မကြောက်မရွံ့နဲ့။ သူကလည်း သူ့ဝဋ်ကြွေးနဲ့သူ စားရမဲ့သောက်ရမဲ့ဘဝ။ ဒီနှစ်ယောက်ပေါင်းပြီး အလုပ်ဖြစ်နေကြတယ်ပေါ့ ဟုတ်လား ဒကာကြီး။ ဒကာကြီးက ဒီလိုအစာတွေကျွေးပြီးမွေးထားသလို ဖြစ်နေတယ်"

ကိုတိုးစိန်က ပြန်လျှောက်ထား၏။

"မှန်ပါဘုရား။ တပည့်တော်ကလည်း သူ့ကို ခင်မင်နေမိလို့ပါဘုရား"

"ဒီလိုဆိုရင် ဒကာကြီးကို ပြောပြမယ်။ သူ့ကို မေတ္တာနဲ့ခင်မင်နေတယ် ဆိုလို့ရှိရင် သူ့ကို ဒီထက်ကောင်းတဲ့ဘုံကို ရောက်အောင် ဒကာကြီးကလုပ်ပေးလိုက်ပါ။ တိုတိုပြောရရင် ဒကာတိုးစိန်က ကောင်းမှုကုသိုလ်အလှူအတန်းတစ်ခု ပြုလုပ်ပြီး သူ့ကိုအမျှဝေပေးလိုက်ပါ။ ဒါဆိုရင် သူလည်း စားရမဲ့ဘဝက ကျွတ်လွတ်ပြီး ကောင်းရာဘုံဘဝကို ရောက်သွားလိမ့်မယ် ဒကာကြီး"

"တင်ပါ့ဘုရား"

နောက်များမကြာမီ ကိုတိုးစိန်လည်း ငွေကြေးအဆင်ပြေသောအခါမှာ ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့လှူကာ ထိုဇာတ်တံတားမှ ပရလောကသားကြီးအား ရည်စူး၍ အမျှအတန်းပေးဝေလိုက်ပါတော့တယ်။

ယင်းနောက်ပိုင်းအချိန်များတို့တွင် ဇာတ်တံတားမှ ခြောက်လှန့်သည်ဆိုသော ပြောဆိုသံများ မကြားရတော့ပါ။ မည်သူ့ကိုမျှလည်း အနှောင့်အယှက်ပေးခြင်းမျိုးတို့လည်း မရှိတော့သလို တစ်ချိန်တစ်ခါက ပရလောကသားနှင့် အသိမိတ်ဆွေဖွဲ့ ရင်းနှီးခဲ့ဖူးသော ကိုတိုးစိန်ဆိုသည့် ကုန်ထမ်းလုပ်သားကြီးမှာလည်း ဤမြို့တွင် မရှိတော့ပါဘဲ သူ၏ရပ်ရွာဇာတိဖြစ်သော တောလက်ကျေးရွာသို့ ပြန်သွားကာ မိဘလက်ငုတ်ဖြစ်တဲ့ လယ်ယာလုပ်ငန်းသာ လုပ်ကိုင်ရင်း အိမ်ယာထူထောင်ကာ သူ့ဘဝအား အခြေချထူထောင်လိုက်ခဲ့ပါတော့၏။

သို့ကမိုကြောင့် တစ်ရံတစ်ခါ[...] ကြည့်ရှုသူမရှိ အားပေးသူနတ္ထိနှင့် မ[...] မကြာကျင်းပလေ့ရှိသော ညဉ့်လယ်[...] နပန်းပွဲကလေးသည်လည်း ထာ[...] ပျောက်ကွယ်ရပ်ဆိုင်းခဲ့ပါတော့၏။ [...] သို့ပင်ဖြစ်စေ ဘဝချင်းမတူညီသော [...] လောကသားပင် ဖြစ်လင့်ကစား သူ[...] ထူး၏ ကျေးဇူးတရားအား နားလည်[...] တတ်၍ တစ်ဦးနှင့်တစ်ဦး တတ်အား[...] သရွေ့ အပြန်အလှန် ရိုင်းပင်းကူညီတ[...] ကြကာ မေတ္တာတရားထားရှိကြသော[...] ဤအဖြစ်ကလေးအား ထောက်ရှု[...] သပ်ရင်း တစ်ဦးနှင့်တစ်ဦး မေတ္တာ[...] လှယ် ရောင်ပြန်တတ်မှုများသည် ဤ[...] လောကကြီးအတွင်း ရှိနေပါကြော[...] အံ့ဖွယ်ရေးသားတင်ပြရင်းဖြင့် -

မေတ္တာတရားများ ပွားများနိုင်[...] ပါစေ။

ဇေယျာစန်း (ရွှေမြိတ်)

# ဝမ်းပိုက်အဆီပြင်ကျစေချင်

ကျွန်တော့်အဒေါ်(၅၈)နှစ်အရွယ်သည် အဝလွန်၊ ဗိုက်ရွှဲ၊ အဆီပြင်ခဲနေသဖြင့် အဆီချရန် ဆရာတစ်ဦးနှင့် တိုင်ပင်ဆွေးနွေးရာ ငွေသိန်းဂဏန်းကုန်ကျမည်ဖြစ်၍ မလုပ်ဖြစ်ပါ။

မြန်မာ့ရိုးရာ ဆေးဆရာတစ်ဦး (တောရွာမှ)နှင့် ဆွေးနွေးရာ ဆရာကြီး လမ်းညွှန်သည့်အတိုင်း ပြုလုပ်ဆောင်ရွက်ရာ အဆီကျ၊ အသားကျစ်၊ ဝမ်းဗိုက်အဆီပြင်ကျသွားပြီး တကယ့်ကို ပေါ့ပါးလန်းဆန်း သွက်လက်နေပါသည်။

- ဆန်ကို ရေခန်းထမင်းအဖြစ်ချက်ပြီး နေပူတွင်ခြောက်သွေ့အောင် လှန်းရပါသည်။ ထိုထမင်းခြောက်သည် ညစာ ဖြစ်သည်။
- နေ့လယ်စာ ထမင်းတစ်နပ်ကို ကြိုက်နှစ်သက်ရာ ဟင်းအစုံဖြင့် ဝဝလင်လင် စားရသည်။
- ညစာအဖြစ် အထက်တွင်ဖော်ပြထားသော ထမင်းခြောက်ဟင်းသောက်ဇွန်းတစ်ဇွန်းကို ရေမတ်ခွက်နှစ်ခွက်၊ ကြက်သွန်နီတစ်ဥ၊ ချင်းတစ်တက်၊ကြက်သွန်ဖြူတစ်ဥထောင်းထည့်၍ ဆန်ပြုတ်ကျို၊ ဆားသင့်ရုံခတ်၍သောက်စားရသည်။

ထိုသို့ ညစာစားပြီး အိပ်ရာ[...] နီးတွင် အောက်ပါ လိမ်းဆေး၊ ဝမ်း[...] အဆီပြင်ပေါ် လိမ်းပေးရသည်။

- တောချက်အရက်မီးတောက် [...] ပုလင်း၊
- လေးညှင်းပွင့် (၂၀) ကျပ်သား
- ဆေးပရုတ်ခဲ (၄) ကျပ်သား
- ငရုတ်ကောင်းစေ့ (၁၂) ကျ[...] သား။

အထက်ပါ ဆေးအမည်မျာ[...] ရေသန့်ဘူးကြီးတွင်စိမ်ထားပြီး လိမ်း[...] တိုင်း နာနာလှုပ်၍လိမ်းပေးရသည်။[...] လိမ်းပေးပြီးနောက် မှောက်လျှ[...] (ဗိုက်မှောက်) ၍ တစ်နာရီခန့်အိပ်[...] သည်။

ဖော်ပြပါအတိုင်း စားသောက်[...] ထိုင်လေ့ကျင့်ခဲ့ရာ သုံးလအတွင်း ဗိုက်[...] အဆီပြင်ကျ ချပ်ချပ်ရပ်ရပ်ဖြင့် ကျ[...] မာပေါ့ပါးသွားပါသည်။

အဝလွန်သူများ၊ ဗိုက်အဆီပြင်[...] နေသူများ လိုလျှင်သုံးနိုင်ရန် တင်[...] ရေးသားအပ်ပါသည်။

*လိုရာဆန္ဒမှန်သမျှ ပြည့်ဝကြပါ[...]*

နတ်မောက်မှတ်ကျော[...]




www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ပြိဿရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၅-၅-၂၀၁၄) နေ့မှ (၁၄-၆-၂၀၁၄) နေ့အထိကာလ




၁၅-၅-၂၀၁၄နေ့နံနက် ၈း၂၉း၂၄ အချိန်တွင် တနင်္ဂနွေဂြိုဟ်သည် ပြိဿရာသီသို့ ကူးပြောင်းဝင်ရောက်ချိန်၌ ဥဒယလဂ်သည် မေထုန်ရာသီ (၁၂) ဒီဂရီ (၅၉) မိနစ်မှာ ပေါ်ထွက်နေပါသည်။ ၎င်းသည် ပြန်မြန်မာ၏ ပြိဿရာသီပြောင်း မန်ဒိန်ဇာတာခွင်ပင် ဖြစ်သည်။

ဤဇာတာ၌ စိတ်ဝင်စားစရာကောင်းသည်က ယူရေးနပ်ဂြိုဟ်နှင့် နတ်ကျွန်းဂြိုဟ်တို့က ရာသီအိမ်ချင်း၊ ဘာဝအိမ်ချင်း ဖလှယ်နေကြသလို အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်တို့ကလည်း ရာသီအိမ်ချင်း၊ ဘာဝအိမ်ချင်း ဖလှယ်နေကြသည်ပင် ဖြစ်သည်။ တစ်ခါ ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ စနေဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၁၄၄) အမြင်၊ ယူရေးနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၉၀) ဒီဂရီအမြင်ဖြင့် ပတ်လည်မြင်ထားပြီး ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၈၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်က ကြာသပတေးဂြိုဟ်ကို (၉၀) ဒီဂရီမြင်ထားကာ ဗုဒ္ဓဟူးဂြိုဟ်က အင်္ဂါဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ အင်္ဂါဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀) ဒီဂရီအမြင်၊ ပလူတိုဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၉၀) ဒီဂရီအမြင်၊ ယူရေးနပ်ဂြိုဟ်က ဗုဒ္ဓဟူးဂြိုဟ်ကို (၆၀) ဒီဂရီအမြင်တို့ဖြင့် မြင်ထားကြသည်က ထူးခြားသည်။ နောက် အင်္ဂါဂြိုဟ်က ယူရေးနပ်ဂြိုဟ်ကို (၁၈၀) ဒီဂရီဖြင့် မြင်ထားကာ ဗုဒ္ဓဟူးဂြိုဟ်နှင့် နတ်ကျွန်းဂြိုဟ်တို့က ဂြိုဟ်ပြိုင်ဖြစ်နေကြသည်။

အဆိုပါတို့ကို ခြုံငုံကောက်ချက်ဆွဲရသော် ပထမ မဏ္ဍိုင်အပေါ် စည်းတွင် ဝိဝါဒကွဲပြားမှု၊ တင်းမာစွာတောင်းဆိုခံရမှု၊ ထိုးနှက်တိုက်ခိုက်ခံရမှု၊ ဂုဏ်သိက္ခာထိပါးခံရမှုများရှိမည်။ ဥပဒေပြုရေးမဏ္ဍိုင်၌ ငြင်းခုံမှုများ၊ ဖျက်သိမ်းမှုများ၊ ရုတ်သိမ်းခြင်းများ၊ နုတ်ထွက်ခြင်းများ၊ သဘောထားကွဲလွဲမှုများ ရှိလာမည်။ ငွေကြေးဘဏ္ဍာနှင့် ပတ်သက်၍ (ဝါ) အခွန်အကောက်များနှင့် ပတ်သက်၍ ဥပဒေပြင်ဆင်မှုများ၊ ပြုပြင်ပြောင်းလဲမှုများရှိမည်။ အမျိုးသမီး၊ ကလေးသူငယ်တို့နှင့် စပ်လျဉ်းသော ရာဇဝတ်မှုခင်းများ မငြိမ်ဝပ်နိုင်သေး။ ၎င်းတို့ကို အကာအကွယ်ပေးသောဥပဒေဖြစ်ပေါ်မှုအတွက် အကျောက်အကန်ငြင်းခုံဆွေးနွေးနေရလိမ့်မည်။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၌ အောင်မြင်မှုရသော်လည်း ဥပဒေလက်တစ်လုံးခြားပြုလုပ်မှုများ ထွက်ပေါ်လာတတ်မည်။ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေရေးမဏ္ဍိုင်မှ ထိပ်ပိုင်းပုဂ္ဂိုလ်တစ်ဦးအတွက် စိတ်မကောင်း ဖြစ်ရတတ်မည်။

ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ လက်နက်ကိုင် ပဋိပက္ခဖြေရှင်းမှုကို အဆုံးမသတ်နိုင်သေး။ သို့သော် ပြေငြိမ်နေသယောင်တော့ရှိနေလိမ့်မည်။ မြေယာပိုင်ဆိုင်မှုအဖြေရှာရာ၌ ထိပ်တိုက်ရင်ဆိုင်မှုများနှင့် ရှင်းလေရှုပ်လေဖြစ်နေဦးမည်။ ပြည်ပနိုင်ငံ၊ ပြည်ပအဖွဲ့အစည်းတချို့နှင့် ဆက်ဆံရာတွင် သဘောထားခြင်း မတိုက်ဆိုင်မှု၊ စိန်ခေါ်ခံရမှုများရှိမည်။

ပြည်ပနှင့် နွယ်ယှက်နေသော အရပ်ဘက် လူ့အဖွဲ့အစည်း၊ NGO အဖွဲ့အစည်းတို့နှင့် ဆက်နွယ်နေသော ကျန်းမာရေး၊ ပရဟိတတို့နှင့် နွယ်ယှက်နေသော၊ ပဥ္စမံတပ်ဖွဲ့ လှုပ်ရှားမှုဆန်သော ပယောဂများကြောင့် မငြိမ်ဝပ်မှု၊ ဝိရောဓိဖြစ်မှု၊ တက်ကြွလှုပ်ရှားမှုများ ပေါ်ပေါက်တတ်မည်။ ဒုက္ခသည်စခန်းများ၊ ပရဟိတဂေဟာများ၊ အကျဉ်းထောင်များနှင့် နီးနွယ်နေသော ပြဿနာတချို့ တွေ့တတ်မည်။ ပြည်ပနှင့် နွယ်ယှက်နေသောအရပ်ဘက်လူ့အဖွဲ့အစည်း၊ NGO အဖွဲ့အစည်းနှင့်ဆိုင်သော ဥပဒေများကို ပြန်လည်သုံးသပ်လာရလိမ့်မည်။ ဘာသာရေးအသွင်ဆောင်၊လူမျိုးရေးအသွင်ဆောင်ပဋိပက္ခများ ပုံစံတစ်မျိုးဖြင့်ခေါင်းထောင်လာမည်။ ဘာသာရေး၊ ဥပဒေရေးဆိုင်ရာ တက်ကြွလှုပ်ရှားမှုများ ပီပီပြင်ပြင် တွေ့လာရပါမည်။

အနုပညာလောကတွင် အောင်မြင်မှုတချို့ရရှိသော်လည်း မကောင်းသတင်းများလည်းထွက်ပေါ်တတ်သည်။ ၎င်းလောကမှ ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအတွက် ဝမ်းနည်းရတတ်သည်။ ပညာရေးလောက၌ အတော်အတန် ကောင်းမွန်တိုးတက်မှုရှိမည်။

လေပြင်းမုန်တိုင်းနှင့် ရေကြီး၊ ရေလျှံခြင်း၏ ခြိမ်းခြောက်ထိုးနှက်မှုခံရသဖြင့် စိုက်ပျိုးသီးနှံပျက်မှု၊ နောက်ကျထွက်မှုများရှိမည်။ ဆည်မြောင်းတာတမံကြောင့်ဖြစ်သောဒုက္ခများကို တွေ့တတ်မည်။ သတ္တုတွင်းတွင်မတော်တဆဖြစ်မှုများ၊ လူစည်ကားရာတွင် မတော်တဆဖြစ်မှုများ ကြုံတတ်မည်။

မင်းခိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



# သပိတ်ကျင်း-ကျော်ကျော်ထွန်း

## တောခြောက်ခြင်း၊ တောမှောက်ခြင်း

တောတောင်တို့သည် တိတ်ဆိတ်ငြိမ်သက်အေးချမ်း၏။ တောတောင်တို့ သဘာဝအလှအပများသည် သာယာကြည်နူးဖွယ်ရှိ၍ စိတ်ဘဝင်ချမ်းမြေ့စေနိုင်၏။ ကျေးငှက်သာရကာတို့ သီကျူးသည့် သဘာဝတေးသံသာများသည် သာယာကြည်နူးဆွတ်ပျံ့ဖွယ်အတိပြီး၏။ ထိုသို့ သာယာကြည်နူး ဆွတ်ပျံ့ဖွယ်ရာအဖြာဖြာကို ပေးနိုင်စွမ်းသော ထိုတောထိုတောင်တို့သည် တစ်ခါတစ်ရံ စိတ်ချောက်ချားဖွယ်၊ ထိတ်လန့်ဖွယ်ဖြစ်စေသောအသွင်ကိုလည်းဆောင်တတ်ပြန်သေး၏။ ထိုသို့သော စိတ်ကိုချောက်ချားစေအောင်၊ ထိတ်လန့်စေအောင် ပြုမူပြန်သောအခါ တောခြောက်ခြင်းဟု။

ကျွန်တော်တို့ ငယ်စဉ်က သင်ခဲ့ရသော ဦးပန်းရည်၏ ပထဝီဝင်၌ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမ ဟူ၍ တောင်တန်းကြီးများကို သုံးပိုင်းခွဲခြားကာ ကျက်မှတ်ခဲ့ရပါသည်။ သို့သော် ယခု ကျွန်တော်တို့ ရောက်ရှိနေသော ရိုးမသည်ကား အတွင်းရိုးမ ဟူ၏။ တစ်လက်မတစ်မိုင်စကေးမြေပုံ၌ ချင်းတွင်းမြစ်၏ အရှေ့ဘက်ခြမ်းတွင် မော်လိုက်၊ အနောက်ဘက်တွင် ကဘော်လွင်ပြင်မှ ဘုတ်ကန်၊ ဤကြားရှိ ရိုးမသည် အတွင်းရိုးမဟု မြေပုံတွင် ဖော်ပြထား၏။

အတွင်းရိုးမ တောင်ခြေနားတွင် စွန်လယ်ရွာနှင့် မင်းသမီးရွာ ရှိ၏။ မင်းသမီးရွာ၏အရှေ့ဘက်တွင် ခမ်းပတ်မြို့အနီးမှ စီးဆင်းလာသော ခမ်းပတ်ချောင်းသည် မြောက်အရပ်သို့ စီးဆင်းသွားကာ ယုမြစ်နှင့် ပေါင်းဆုံသည်။ ခမ်းပတ်ချောင်း၏ ဟိုဘက်ကမ်းသည် အတွင်းရိုးမတောင်ခြေနယ်နိမိတ်ပင် ဖြစ်တော့သည်။ မင်းသမီးရွာသည် အနွတ္တသညာ အမည်နှင့်လိုက်လျောစွာပင် အလွန်လှပသာယာသော ရွာလေးတစ်ရွာဖြစ်၍ ဖွဲ့စည်းပုံ (Town Plan) လည်း စနစ်တကျ အကွက်ရိုက်ထားသော ကြောင့် သန့်ရှင်းလှပနေခြင်း ဖြစ်သည်။

မင်းသမီးရွာ၏ လှပသာယာမှုကို အလွန်သဘောကျလှသောကြောင့် ထို စဉ်က (၁၉၈၉ ခုနှစ်) က ကျွန်တော် တတ်ကျွမ်းခဲ့သည့် မြေတိုင်းပညာဖြင့် ရွာမြေပုံကို တစ်လက်မ တစ်ရာစကေး ဖြင့် (၁":၁၀၀') တိုင်းတာရေးဆွဲကာ မြေပုံထုတ်၍ မင်းသမီးကျေးရွာဥက္ကဋ္ဌ နှင့် အတွင်းရေးမှူး ဦးသိုက်ညွန့် ဦးမောင်သိန်းတို့ထံ ပေးအပ်ခဲ့ပါသည်။ မင်းသမီးရွာသာလျှင် လှပသည် မဟုတ် ပါ။အမည်နှင့်လိုက်လျောညီစွာ မင်းသမီး ရွာသူပျိုဖြူတို့လည်း ယနေ့ ခေတ်စား နေသော မော်ဒယ်ဂဲလ်လေးများကဲ့သို့ ချောလှကြသဖြင့် 'ဝဏ္ဏပဘာ၊ နတ် ကညာလား၊ ထင်မှတ်မှားမိ' အစချီသော ကဗျာတစ်ပုဒ်ရေးဖွဲ့၍ ထိုစဉ်က ခင်မင် ရသော မအဲချောတို့ ညီအစ်မအား အမှတ်တရပေးခဲ့ဖူးပါသည်။

မင်းသမီးရွာအလှအပတွေ ဖော်



www.burmeseclassic.com

www.burmeseclassic.com



…ခြင်းမှာ အထက်က ခေါင်းစဉ်တွင် …ပ်ပြထားသော 'တောခြောက်ခြင်း၊ …တောမှောက်ခြင်း' အကြောင်းသည် …ညီသို့ လှပသော မင်းသမီးရွာလေးတွင် …ခြေခံစခန်းချရင်း အတွင်းရိုးမတော …အတွင်း၌ အသုံးဝင် အဖိုးတန် …ောက်မီးသွေးသယံဇာတများလေ့လာ …ခဲ့စဉ်က တွေ့ကြုံခဲ့ရသည့် တော …ောက်ခြင်းကို ဖော်ပြလို၍ဖြစ်ပါသည်။

အခြေခံစခန်းသည် မင်းသမီးရွာ …ဦးလှမြိုင်၏အိမ်နှင့် ဦးမောင်ယုန်၊



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နန်းသိန်းတို့အိမ်များတွင် ပြုလုပ်ထားပေရာ ကျွန်တော်တို့ ဆာဗေယာအဖွဲ့က ဦးမောင်ယုန်၏အိမ်တွင်နေ၍ ဘူမိဗေဒပညာရှင်တို့က ဦးလှမြိုင်အိမ်တွင်နေကြပါသည်။ ကျောက်မီးသွေးသယံဇာတသည် အတွင်းရိုးမကြီးတစ်နေရာရှိ ဒါးသွေးကျောက် အမည်ရှိသောချောင်း၏ ဝန်းကျင်၌ တွေ့ရှိရပါသည်။ ကျောက်မီးသွေးကြော၏ Strike Direction သည် တောင်၊ မြောက်နီးပါးတန်းလျက်ရှိ၍ ချောင်းကမ်းပါးများတွင် ကျောက်မီးသွေးကြောများ ပေါ်ထွက်လျက်ရှိပါသည်။ အချို့သောကျောက်မီးသွေးကြောများသည် ဆယ်ပေကျော်ကျယ်ပါသည်။ ကျွန်တော် ရောက်ဖူးသမျှ ကျောက်မီးသွေးသယံဇာတရှိသောနေရာတို့မှာ ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် ကွဲဇင်းကျောက်မီးသွေး၊ မကွေးတိုင်းဒေသကြီး ဆောမြို့နယ် နွားမတောင်ကျောက်မီးသွေး၊ ဆေးမင်းတောမြို့နယ် ရေရှင်ရွာအနီးမှ ကျောက်မီးသွေး၊ မြောက်ပိုင်းရှမ်းပြည်နယ် လားရှိုးမှ နမ့်မကျောက်မီးသွေးတို့ဖြစ်ရာ ကျောက်မီးသွေးကြောများမှာ ယခု အတွင်းရိုးမရှိ ကျောက်မီးသွေးကြောများလောက် မကြီးမားပါ။ ကျွန်တော်ရောက်ဖူးသမျှ ကျောက်မီးသွေးဧရိယာများတွင် ဤဒါးသွေးကျောက်ချောင်းဧရိယာရှိ ကျောက်မီးသွေးကြောသည် အကြီးဆုံးနှင့် အများဆုံး ဖြစ်သည်။

မင်းသမီးရွာရှိ အခြေစိုက်စခန်းတွင် ဆက်သွယ်ရေးကြိုးမဲ့ကြေးနန်းစက်သာ အဓိကထား၍ ဝန်းထမ်းများက ကျောက်မီးသွေးကြောများရှိရာ တောတွင်းလျှော်နီချောင်းဘေးတွင် စခန်းတဲဆောက်၍ လုပ်ငန်းများဆောင်ရွက်ကြရပါသည်။ အတွင်းရိုးမတောကြီးသည် လူသူအရောက်အပေါက်နည်းသလို သစ်ဝါးများခုတ်ယူထုတ်လုပ်မှုမရှိသလောက်နည်းပါးသဖြင့် သစ်တောဝါးတောကြီးများ ထူထပ် အုပ်ဆိုင်းလျက်ရှိရုံမျှမက ဘဲ တောဆင်ရိုင်းအုပ်များပါ ကျက်စားနေထိုင်ကြပါသည်။

ကျောက်မီးသွေးကြောများရှိရာနေရာအားလုံး ကွန်တိုမြေပုံထုတ်ရန် နေ့စဉ် ဆာဗေးလုပ်ရသော ကျွန်တော်တို့ဆာဗေးအဖွဲ့သည် ဆင်ရိုင်းအုပ်များနှင့် မကြာခဏ ရင်ဆိုင်တွေ့ရသောကြောင့် လက်နက်ကိုင် လုံခြုံရေးအစောင့်အရှောက်တို့ဖြင့် လုပ်ငန်းဆောင်ရွက်ကြရပါသည်။

❐

တောခြောက်ခြင်း။

တနင်္ဂနွေအလုပ်နားရက်တစ်နေ့တွင် စခန်း၌ အဝတ်လျှော်သူကလျှော်၊ စာဖတ်သူကဖတ်၍ ကျွန်တော်က ဆာဗေးဒေတာများကို တွက်ထုတ်ကာ ကွန်တိုမြေပုံ ရေးဆွဲနေပါသည်။ စခန်းတဲဆောက်လုပ်ထားသော နေရာသည် တောင်များကြားရှိ လျှော်နီချောင်းကမ်းဘေးတွင်ရှိ၍ ပတ်ဝန်းကျင်တွင် သစ်တောဝါးတောကြီးများက ထူထပ်စွာပေါက်ရောက်နေသည့်အတွက် တဲစခန်းနေရာဝန်းကျင် နေရောင်ခြည်ရစေရန် တဲဘေးပတ်လည် ပေငါးဆယ်မျှ ခုတ်ထွင်ရှင်းလင်းထားရပါသည်။ စခန်းသည် မင်းသမီးရွာနှင့် ငါးမိုင်ခန့်သာကွာဝေးသော်လည်း ကြေးနန်းရောက်၍ ပို့ရန်၊ ယူရန်လာသည့်အခါမှတစ်ပါး ရွာမှလူများလာလေ့မရှိပါ။

ထိုနေ့က မနက်ဆယ်နာရီခန့်တွင် စခန်းရှိရာသို့ ဆင်းလာသော တောင်စွယ်လေးပေါ် ခြေလမ်းဆီမှ လူသုံးလေးယောက်အသံဖြင့် စကားပြောရင်း ဆင်းလာကြသံကြားရပါသည်။ ဝါးတောကြီးများ ထူပိန်းနေသည့်အတွက် လမ်းကလေးကို မမြင်နိုင်ပါ။ စကားပြောရင်းဆင်းလာသည့်အသံများကြောင့် စခန်းမှ လူများသည် လမ်းလေးဆီသို့ မျှော်ကြည့်နေကြပါသည်။ အသံများသည် တောခုတ်ရှင်းလင်းထားသော နေရာအရောက်တွင် ရှေ့ဆက်မလာဘဲ တိတ်ဆိတ်သွားသည့်အတွက် လုံခြုံရေးဝန်ထမ်းက -

"ဟေး- လာကြကွ၊ ဘာလို့ရပ်နေတာလဲ"

ဟု လှမ်းအော်ပါသည်။

မည်သည့်တုံ့ပြန်သံမျှ ထွက်မလာချေ။ သို့အတွက် ထိုနေရာသို့ သွားကြည့်သည်။ ခွေးတစ်ကောင်ကြောင်တစ်မြီးမျှ မတွေ့ရသလို ဘာခြေရာမှုလဲမရှိပေ။ ထို့ကြောင့် နေ့ကြောင်တောင်သော်မှတောခြောက်တတ်ပါလားဟုသာ မှတ်ယူလိုက်ကြပါသည်။

တစ်ညတွင်လည်း တဲတွင်းရှိလူများ အိပ်ယာထက်တွင် လှဲလျောင်းရင်း မြန်မာ့အသံရေဒီယိုနားထောင်နေကြပါသည်။ ထိုစဉ်အချိန် တဲခေါင်မိုးပေါ်သို့ ကျောက်ခဲသေးသေးများ ကျလာသံကြားရပါသည်။ တဲခေါင်မိုးကို ဝါးကပ်ဖြင့်မိုးထားသည့်အတွက် ကျောက်ခဲလေးများကျသံကို ပီပြင်စွာကြားကြရပါသည်။

စခန်းတဲ၏ အရှေ့ဘက်ခြမ်းတွင် ဘူမိ
ဗေဒပညာရှင်များဖြစ်ကြသော ကိုလှ
ကို၊ ကိုလှသန်းနှင့် ကျွန်တော် အပါအ
ဝင် မြေတိုင်းဆာဗေယာသုံးဦးနေ၍
အနောက်ဘက်ခြမ်းတွင် မင်းသမီးရွာ
လုပ်အားပေးနှစ်ဦး၊ ထမင်းချက်တစ်ဦး
လုံခြုံရေးဝန်ထမ်းနှစ်ဦးတို့ နေကြပါ
သည်။ တဲခေါင်မိုးပေါ် ခဲကျနေမှုက ရပ်
မသွားပါ။ မည်သူကမျှ ဦးဆောင်၍
အဖြေရှာရန်မပြောဘဲ ငြိမ်ကုပ်နေကြပါ
သည်။

ဤအဖွဲ့တွင် ကျွန်တော်က အ
သက်ကြီးဆုံးဖြစ်သလို တောတောင်
တွင် ကျင်လည်ခဲ့သော အတွေ့အကြုံ
လည်း နှစ်ပေါင်း (၂၉) နှစ်ရှိပြီဖြစ်၍
ဤကိစ္စသည် တောခြောက်နေပြီဟု နား
လည်ပါသည်။ လူတစ်ဦးတစ်ယောက်
လာရောက် ခြောက်လှန့်နိုင်စရာမရှိပါ
မင်းသမီးရွာသည်ပင် ဤကျောက်မီး
သွေးလေ့လာရေးဧရိယာနှင့် (၅)မိုင်ကွာ
ဝေးသည်မို့ လူမဟုတ်ကြောင်း ထင်ရှား
ပါသည်။ သို့သော် တဲခေါင်မိုးအထက်
တွင် သစ်ပင်ရှိနေပါက သစ်ပင်ထက်မှ
ဖွတ်သတ္တဝါ သို့မဟုတ် သင်းခွေချပ်၊ ရှူး
စသည်များလည်းဖြစ်နိုင်သည်တွေးကာ
တဲပြင်ထွက်၍ကြည့်ပါသည်။ ဤတဲနှင့်
ပတ်ဝန်းကျင် ပေငါးဆယ်ခန့် အကွာ
အထိ တောခုတ်ရှင်းလင်းထားသဖြင့်
ဘာသစ်ပင်ဝါးပင်မှမရှိပါ။

ကျွန်တော်ထွက်ကြည့်နေခိုက်မှာ
အမိုးပေါ် ကျခြင်းများ ရပ်ဆိုင်းသွားပါ
သည်။ တဲတွင်းပြန်ဝင်၍မှ မကြာသေး
မင်းသမီးရွာမှလုပ်အားပေးနှင့် လုံခြုံရေး
ဝန်ထမ်း (၂)ဦးတို့နေသော အနောက်
ဘက်ခြမ်းဝါးထရံကို တုတ်ဖြင့် ပြင်းထန်
စွာရိုက်လိုက်သော 'ဖုန်း' ဆိုသည့် အသံ
ကြီးထွက်လာပြီး ထရံတွင် ချိတ်ထား
သော ဦးထုပ်များ လွင့်စဉ်ကျကုန်သည်
ထိုဘက်ခြမ်းရှိလူအားလုံးလန့်အော်ကာ
ကျွန်တော့်ဘက်ခြမ်းသို့ ခုန်ကူးလာပါ
သည်။

ကျွန်တော်လည်း ချက်ချင်းပင်
လက်နှိပ်ဓာတ်မီးယူကာ တဲအပြင်ပြေး
ထွက်၍ တုတ်ဖြင့်ရိုက်သူကို ပတ်ရှာပါ
သည်။ တဲနှင့် ပေငါးဆယ်ကျော် ရှင်း
လင်းထားသည်ဖြစ်သည့်အတွက် လူ
တစ်ကိုယ်စာ ပုန်းကွယ်ရန်နေရာ မရှိပါ
အဝေးတစ်နေရာ ထွက်ပြေးချိန်လည်း
မရှိပါ။ ထင်ရှားပီပြင်စွာခြောက်လှန့်ခြင်း
ဖြစ်၏။ ကျန်လူအားလုံး တဲပြင်သို့ပင်
မထွက်ရဲကြပါ။ သေနတ်ပါသော လုံခြုံ



www.burmeseclassic.com

www.burmeseclassic.com

ရေးဆရာတို့လည်း ကြောက်လန့်နေပါသည်။

ကျွန်တော်က သရဲနှင့်နပန်းလုံးခဲ့ဖူးသူဖြစ်၍ ဤမျှလောက်ကို အရေးမစိုက်ပါ။ သမ္ဘုဒ္ဓေသမားလည်းဖြစ်၍ ကြောက်သူ မဟုတ်ချေ။

ထိုမျှနှင့် ခြောက်လှန့်ခြင်းကိုစွဲပြီး သွားပြီဟု ထင်ကာ အိပ်ရာဝင်ကြ၏။ ကျွန်တော်ကလည်း ငါမကြောက်မှန်းသိသွားပြီဟု ကျေနပ်ပီတိဖြစ်နေ၍မှ ဆုံးသေး အတော်လှမ်းသော ကြသောင်းဝါးတောဆီမှ ဆင်ရိုင်းအုပ်ကြီးတောတိုးသံ၊ ဝါးပင်များအားတဖြောင်းဖြောင်းဖြင့် ချိုးဖဲ့သံများကြားရာမှ အသံများ စခန်းဘက်သို့ နီးလာ၏။ စခန်းဘက် ဝင်လာပါက သေနတ်ဖြင့်ပစ်ရန် လုံခြုံရေးများကို မှာကြားကာ အသံကြားရာသို့ ကျွန်တော်ပင် တဲပြင်ထွက်ကြည့်ရသည်။ ပြိတ္တာ၊ တစ္ဆေသရဲကို မကြောက်သော်လည်း ဆင်ရိုင်းကိုတော့ ကြောက်သဖြင့် ဆင်ရိုင်းများကဲ့သို့ ဝင်ဖျက်ပါက ပြေးရန် တောင်ကမ်းပါးပြတ်ဆီသို့လည်း ကြည့်ထားရသေး၏။

တောတိုးသံ၊ ဝါးပင်များ ချိုးဖဲ့သံများနီးလာလေ ကျွန်တော်တို့အားလုံး ခြံပေါက်ကိုကြည့်နေရလေ။ လုံခြုံရေးဆရာတို့ကလည်း သေနတ်ဖြင့်ပစ်ရန် အကဲကဲလုပ်နေသဖြင့် အကောင်အထည် မြင်မှပစ်ရန် တားနေရပါသည်။ ယခင်နေ့က စကားပြောသံများ ပျောက်သွားသောနေရာအရောက်တွင် တောတိုးသံ၊ ဝါးပင်ချိုးသံများ တိတ်ဆိတ်သွားပါသည်။ ထိုအခါတွင်မှ ကျွန်တော်လည်း တောခြောက်မှန်းသိကာ -

"ပြိတ္တာတွေ နင်တို့ကို ကြောက်မယ်ထင်သလား။ ခြောက်မနေနဲ့၊ တကယ်ဆင်ဆိုရင်လည်း အသေပစ်သတ်မယ်"

ဟု ကြုံးဝါးရင်း တဲတွင်းသို့ ပြန်ဝင်ကြပါသည်။ ထိုညက နောက်ထပ် ခြောက်လှန့်ခြင်း မပြုတော့ပါ။

❐

တောမှောက်ခြင်း။

ကျွန်တော်၏ဇာတိမွေးရပ်နေမြေသည် ပဲခူးရိုးမအနောက်ခြမ်းတွင် ရှိသော လက်ပံတန်းမြို့နှင့် နှစ်မိုင်ခန့်ကွာသည့် ကွမ်းခြံရွာ ဖြစ်ပါသည်။ အဖေ၏ ဆွေမျိုးများသည် ပဲခူးရိုးမတောင်ခြေနားမှ ရေငန်ရွာနှင့် ရိုးမအတွင်းမှ ငှက်ပျောတုံး ရွာတို့တွင် နေထိုင်ကြပါသည်။ ရေငန်ရွာတွင် အဖေထက်အကြီးဖြစ်သူ ဦးအောင်ကျော်ဇံရှိ၍ ငှက်ပျောတုံးရွာတွင် ဘကြီးတက်ပြား နေထိုင်ပါသည်။ ဘကြီးတက်ပြားသည် ငှက်ပျောတုံးရွာသူ ဒေါ်စိန်ညွန့်နှင့် ဖူးစာဆုံသောကြောင့် ရိုးမတောတွင်းမှ ငှက်ပျောတုံးရွာ၌ပင် အခြေချနေထိုင်သွားပါသည်။ ကျွန်တော်ငယ်စဉ်က ဘကြီးတက်ပြားနေအိမ်သို့ မကြာမကြာအလည်ရောက်ရာ ဘကြီးတက်ပြားက သူကိုယ်တိုင်ပစ်ခတ်ရရှိသော တောအမဲဟင်းလျာများဖြင့် ကျွေးမွေးဧည့်ခံပါသည်။

တောအမဲ ဆိုသည်မှာ ဘကြီးကိုယ်တိုင် ပစ်ခတ်ရရှိသော ချေ၊ ဆတ်၊ ရစ်၊ တောကြက်တို့ ဖြစ်ပါသည်။ ဘကြီးတက်ပြားသည် မုဆိုးမဟုတ်သော်လည်း ဟင်းစားအတွက် တစ်ခါတစ်ရံ လင့်စီးခြင်းလည်း ပြုပါသည်။ ဘကြီးတို့ဒေသအခေါ် လင့်စီးခြင်းဆိုသည်မှာ ချေတို့၊ ဆတ်တို့စားတတ်သောသစ်ဆိမ့်သီး၊ ဆီးဖြူသီး စသည့်အပင်များနှင့် ဆားငန်မြေ (ပုံကျင်းဟုလည်းခေါ်သည်။) ရှိရာအနီးအနားမှ သစ်ပင်ကြီးများအထက်တွင် လူတစ်ကိုယ်စာနေနိုင်ရန် သစ်ဝါးတို့ဖြင့် လင့်စင်လုပ်၍ ညအခါ လင့်စင်ပေါ်မှ တက်စောင့်ကာ အသီးများလာရောက်စားကြသည့်တောကောင်များကို အထက်စီးမှ မလွဲတမ်းပစ်ခတ်ခြင်းကို လင့်စီးသည်ဟု ဆိုပါသည်။

အခန့်မသင့်လျှင် ချေ၊ ဆတ်တို့အား လာချောင်းသော တောကောင် (ကျား) နှင့် ဆုံတတ်သည်။ ထို့ကြောင့် လင်းစင်ကို ကျားအန္တရာယ်မှ လွတ်ကင်းသည့်အမြင့်တွင်လုပ်ထားရသည်။ ဤမျှမျှအမြင့်တွင်လုပ်ထားသောလည်း ရာနှုန်းပြည့် အန္တရာယ်ကင်းသည်ဟု မဆိုနိုင်ချေ။ ချေတို့၊ ဆတ်တို့က အန္တရာယ်မပေးသော်လည်း တောကောင်ကြီး (ကျား) နှင့် မမြင်အပ်သည့် ပရလောကသားတို့က အသွင်အမျိုးမျိုးဖြင့် ထင်ယောင်မြင်မှားဖြစ်စေ၍ နှောင့်ယှက်ခြောက်လှန့်မှု (တောမှောက်ခြင်း) လုပ်တတ်သေးသည်။

ထို့ကြောင့်ပင် ဘကြီးတက်ပြား လင့်စီးသွားသည့်ညဆိုလျှင် ဇနီးဒေါ်စိန်ညွန့်နှင့် သားသမီးများအား -

"နင်တို့ အိမ်မှာ သေရေးရှင်ရေး တမျှ အရေးကြီးတဲ့ကိစ္စရှိနေပါစေ၊ ငါ့ကို လိုက်မခေါ်ရဘူး။ မနက်လင်းတာနဲ့ ငါ ပြန်ခဲ့မယ်"

ဆိုသည့် မုဆိုးစည်းကမ်းကို မှာရစမြဲ ဖြစ်သည်။

ဤမျှ တင်းကျပ်စွာ ဆောင်ရွက်သည့်ကြားကပင် တစ်ခါတစ်ရံ အာရုံများကို အဟုတ်ထင်၍ လင့်ထက်မှဆင်းမိသောကြောင့် ဒုက္ခရောက်သွားသော မုဆိုးတို့ရှိသည်ဟု ဘကြီးတက်ပြား ပြောပြပါသည်။ သားကောင်ခြေသံကြား၍ အာရုံစိုက်ကြည့်နေစဉ် သားကောင် မဟုတ်ဘဲ မိမိအိမ်သားတစ်ဦးဖြစ်နေသဖြင့် မပစ်တော့ဘဲ ကြည့်နေမိရာမှ အိမ်သားတစ်ဦး အသည်းအသန်ဖြစ်၍ လာခေါ်ကြောင်းပါ ပြောသံ(အာရုံများ) ကြားရာ အကယ်ပင် ထင်မှတ်သဖြင့် လင့်စင်ထက်မှ ဆင်းမိရာ ကျားစာဖြစ်ရသောမုဆိုးတို့ ရှိဖူး၏။ သို့အတွက် မုဆိုးစည်းကမ်းအရ ဘာမှတွေဝေစရာမလိုဘဲ ပစ်ရမည်ဟု ဆိုပါသည်။

တစ်နေ့တွင် ဘကြီးတက်ပြား၏ တောင်ယာစပ်မှ သစ်ဆိမ့်ပင်ကြီးအောက်တွင် ဆတ်ချေးများတွေ့ရသောကြောင့် သစ်ဆိမ့်သီးကို ဆတ်လာစားကြောင်းသိရ၏။ သို့ဖြစ်၍ သစ်ဆိမ့်ပင်ခွဆုံတွင် ညီအစ်ကိုနှစ်ယောက် (ညီဖြစ်သူမှာ ကျွန်တော်၏ အဖေ ဦးအောင်ထွေး) လင့်စင်ထိုးကြ၏။

ဘကြီးတက်ပြားတွင် တစ်လုံးထိုးသေနတ်ရှိ၏။ နှစ်လုံးပြူးယမ်းတောင့်ထည့်၍ ပစ်ရသော်လည်း ပြောင်းတစ်လုံးသာ ပါရှိသော အမျိုးအစားဖြစ်သည့်အတွက် တစ်လုံးထိုးသေနတ်ဟု ခေါ်ပါသည်။ အင်္ဂလိပ်အမည်ဖြင့် မည်သို့ခေါ်သည်ကို မသိပါ။ Greener Gun ဟု ထင်ပါသည်။

တောင်စွယ်နေမကွယ်မီပင် ညီအစ်ကိုနှစ်ယောက် လင့်စင်ထက်ရောက်ခဲ့ပြီ ဖြစ်လေ၏။ လဆန်းရက်ဖြစ်သောကြောင့် အနောက်ကောင်းကင်ယံတွင် လခြမ်းလေးက မပီ့တပီသာနေပြီဖြစ်၍ သစ်ဆိမ့်ပင်အောက်သို့ အတန်အသင့်မြင်နိုင်သော်လည်း မသဲကွဲချေ။ ငါးခဲထိုးလက်နှိပ်ဓာတ်မီးပါသဖြင့် မှုစရာမလိုပေ။

ညီအစ်ကိုနှစ်ယောက် အသံတိတ်စောင့်ဆိုင်းနေကြစဉ် ယာတောင်ဘက်အစပ်ဆီမှ တစ်တီတူးတစ်ကောင် လန့်ဖျပ်၍ ရုတ်တရက်ထပျံရင်း အလန့်တကြားအော်မြည်သွားသလို တတောက်တောက်အော်မြည်နေသည့် မြေဝပ်ငှက်၏အသံလည်းတိတ်သွား၏။ ဤသကေ်တတို့မှာ အကောင်တစ်ကောင်လာနေပြီ

www.burmeseclassic.com

ဆိုသည့်သဘော။

ဘကြီးတက်ပြားက ညီဖြစ်သူကို လက်တို့သတိပေး၏။ ညီဖြစ်သူက သိတယ်ဟု တိုးတိုးပြန်ကြားရင်း အသံကြားရာဆီသို့ မျှော်ကြည့်ကြ၏။ အကောင်ကို မမြင်ရသေးသော်လည်း လူတစ်ယောက် သီချင်းညည်းသံလိုလိုမျိုး ကြားနေရသဖြင့် အသက်ပင်မရှူမိဘဲ စူးစိုက်ကြည့်နေကြရာမှ လှုပ်ရှားမှုကို မြင်လာရချိန်တွင် ဆတ်ကြီးတစ်ကောင် ဖြစ်နေ၏။ ထူးဆန်းသည်က ဆတ်ကြီးထံမှ သီချင်းညည်းသံသည် စိန်ခြူးကြာဲ ညောင်ဘောလယ်တေးသွားမှ အပိုဒ်တစ်ပိုဒ်ဖြစ်နေခြင်းပင်။

"အစ်ကိုကြီး၊ လူထင်တယ်ကွ"

ဟု လေသံဖြင့်ဆိုရာ -

"ဒီအချိန်ဘယ်ကလူလာမှာလဲ"

ဟု ဆိုစဉ် ဆတ်ကြီးမှာ သေနတ်တစ်ကမ်းစာ (ပစ်ကွင်း)သို့ဝင်လာပြီ ဖြစ်ရာ 'မီး' ဟု အချက်ပေးလိုက်သဖြင့် ငါးခဲထိုးလက်နှိပ်ဓာတ်မီးရောင် စူးရှထိန်လင်းကာ ဆတ်ကြီးအပေါ် ကျရောက်သွားခိုက် ဆတ်ကြီးကလည်း စိမ်းလဲ့နေသော မျက်လုံးဖြင့် မီးရောင်လာရာဆီသို့ မော့အကြည့် 'ဒိုင်း' ဟူသော သေနတ်သံနှင့်အတူ ဆတ်ကြီးထံမှ အားခနဲ လူအော်သံဖြင့် လဲကျသွားသည်ကို ထူးဆန်းစွာကြားလိုက်ကြရပါသည်။

မြေပြင်ပေါ် လဲကျသွားသော ဆတ်ကြီးအား ညီအစ်ကိုနှစ်ယောက် အသေအချာကြည့်ရာ ဆတ်မဟုတ်ဘဲ ခေါင်းတုံးပြောင်ပြောင်ဖြင့် လူကြီးတစ်ယောက်ဖြစ်နေသည်ကြောင့် လင့်ထက်မှ အမြန်ဆင်း၍ ကြည့်ကြရာ ငှက်ပျောတုံးရွာနှင့် သုံးမိုင်ခန့်အကွာရှိ နလင်ကျော်ရွာမှ စိတ်ရောဂါဝေဒနာရှင် 'ဖိုးဝ' ဖြစ်နေကြောင်း သိကြရတော့သည်။

ကံကောင်းထောက်မစွာ ဘကြီးတက်ပြားပစ်လိုက်သော ကိုးလုံးကျည်သည် ဖိုးဝ၏ပေါင်ကို တစ်လုံးသာရှပ်မှန်သဖြင့် သေကံမရောက်ခဲ့သလို ဘကြီးတက်ပြားလည်း ပြည်တွင်းသောင်းကျန်းသူများ ထကြွနေသည့် ကာလဖြစ်၍ ဂါတ်တို့မရောက်လိုက်ရခြင်းမှာ ကံကောင်းသွားပါသတည်း။

ဘကြီးတက်ပြား၏ ကိုယ်တွေ့ 'တောမှောက်ခြင်း' ကို ရေးသားတင်ပြခြင်း ဖြစ်ပါသည် ခင်ဗျား။

သပိတ်ကျင်း-ကျော်ကျော်ထွန်း

ပုသိမ်မင်းလွင်

# ဝါးပိုးဝါးခြမ်းနှင့်မီးယပ်ချမ်း

မီးယပ်ချမ်းရောဂါနှင့်ပတ်သက်၍ ခေါင်းစဉ်ပါ။

ရေးသားသူ ဦးလှကြည် (အောင်လံမြို့) ဟု ရေးသားပါရှိပြီး စာရေးသူ-သုတေသီတို့မှ သိလျှင် ဖြေကြားပေးပါရန်။

မည်သည့် ဝါးအမျိုးအစားမဆို အသုံးပြု၍ ရနိုင်၊ မရနိုင်ဆိုတာနှင့် ပတ်သက်ပြီး အကယ်၍ သီးသန့်ဝါးအမျိုးအစားများရှိပါက ဝါးအမျိုးအစားများကို ဖော်ပြပေးပါရန် ရေးသားပေးပို့စေလိုကြောင်း မေတ္တာရပ်ခံချက်များ ရရှိလာပါသဖြင့် စာရေးသူမှ ကိုယ်တွေ့ကြုံခဲ့ရပြီး ယခုလည်း လက်ရှိကုသ၍ မိန်းကလေးများရောဂါနှင့်ပတ်သက်ပြီး စွမ်းစွမ်းတမံ ကုသပျောက်ကင်းနေကြသည်ကိုလည်း မြင်တွေ့ခဲ့ရပြီး အဆိုပါ ဆရာနှင့် ပတ်သက်၍လည်း လက်ပွန်းတတီးနေထိုင်ခဲ့ရပြီး စာရေးသူကိုယ်တိုင် ကျောင်းဆရာဘဝနှင့် အဆိုပါကျေးရွာ၌ တာဝန်ကျ ထမ်းဆောင်ခဲ့သဖြင့် ၎င်းနေအိမ်၌ပင်လျှင်နေထိုင်ခဲ့၍ တစ်ခါတစ်ရံ ဆေးဝါးများနှင့် ပြန်လည်ပြောပြနေခြင်းတို့မှ စာရေးဆရာတို့မည်သည့်ထာဝစဉ် မျက်စိဖွင့်နားစွင့်ထားသောလူမျိုးများ ဖြစ်သလို ကြားသိလိုက်ရပြီး မှတ်သားထားလိုက်ကာ ခုလို မသိနားမလည် နားမရှင်းသူများ မေးမြန်းလာပါက ကြုံရင်ကြုံသလို ဆေးဝါးများ မှတ်ကာ ဖြန့်ဝေပေးခြင်း ဖြစ်ပါသည်။

အဆိုပါကျေးရွာသည် အနောက်ရိုးမကိုကျော်လွန်၍ ကျေးလက်တောရွာအတော်များများရှိ ဟက်လက်၊ ဖောင်တိုး၊ ရေသိုး၊ သံမှာန်၊ သဲတောင်ရွာများ၌ လိုက်လံကုသနေသော မြန်မာသမားတော်ကြီး ဦးမောင်ရွှေ (ခ) ဦးကိုခွေးနှင့် စာရေးသူတို့ ဆေးဝါးများအကြောင်း ပတ်သက်ပြီး ဆေးဆောင်းပါးတစ်ခု ရေးသားလို၍ မေးမြန်းရာမှ (အောင်လံမြို့ ဆရာဦးလှကြည်၏) မေးမြန်းချက်ကို သိစေလို၍ မေးမြန်းလာခြင်းကြောင့် လက်တွေ့ကုသနေသော မြန်မာသမားတော် ဦးမောင်ရွှေ (ခ) ဦးကိုခွေးမှ စေတနာမေတ္တာဖြင့် ခုလိုပြောပြခြင်းကြောင့် ပြန်လည်ရေးသားဖော်ပြလိုက်ရပါကြောင်း။

ဝါးများကို တစ်တောင်လော ပိုင်း၊ ပြီးလျှင် ဓားနှင့်အလယ်မှ စိတ် ပြီးလျှင် မီးဖိုတွင် မီးတောက်အောင်လ ပြီး မီးလှုံ့ရကြောင်း၊ ရှေ့နောက်လှည့် လှုံ့ရကြောင်း၊ ချွေးများများထွက်အော လှုံ့ရကြောင်း၊ တစ်လတစ်ခါဖြစ်တ သော မီးယပ်ချမ်းရောဂါ သုံးခါလော လှုံ့ရုံနှင့်ကောင်းသွားကြောင်း ရေးသ ထားရာတွင် အမှန်တကယ်လည်း သု ကုထုံးများတွင် ပါဝင်ကြောင်း ထော ပါသည်။ ဝါးဆိုသည့်ကိစ္စနှင့် ပတ်သ ၍ကျတော့ ကွဲကွဲပြားပြား ခြားခြား နား ဖော်ပြပေးခြင်းမရှိ၍ အခက်တွေ ကြကြောင်း မေးမြန်းလာကြပါသ ခုလို ရေးသား ဖြန့်ဝေလိုက်ရခြင်း ဖြစ် သည်။

ဝါးများမှာ ဝါးပိုးဝါး၊ ဝါး မျက်ဆံကြယ် ထိုဝါးများမှလွဲ၍ ကျ သောဝါးများ မဖြစ်စေရပါ။ ဥပမာ နက်၊ ခရင်၊ ထီးရိုးဝါးစသည်တို့ ဖြစ်ကြ အဆိုပါ မီးယပ်ချမ်းထနေသော ရော ရှင် မိန်းကလေးများအား ထိုဝါးများ မီးလှုံ့မိပါက လူကြီးတွင် ဘာမှမ သော်လည်း ၎င်း၏ ကလေးများတွ ကျဗဟုံး၊ ကြာဖူး (ခ) အင်ပြင်၊ အ သွေးနီဥများပေါ်ပြီးပေါက်တတ်ကြော အဆိုပါ မြန်မာသမားတော် ဖောင် အုပ်စု သဲတောင်ကျေးရွာမှ ဦးမောင် (ခ) ဦးကိုခွေးမှ ပြောပြချက်အရ တို ဆိုင်နေပါ၍ ယခုကဲ့သို့ မေးမြန်းခ များကို ပြန်လည်ဖော်ပြရေးသား လိုက်ရပါကြောင်း။

ဆေးနည်းများ ပြောပြသော ဆရာကြီး ဦးမောင်ရွှေ (ခ) ဦးကို သဲတောင်ရွာအား ဤဆောင်းပါး မှတ်တမ်းပြုရင်း ကျေးဇူးပြုလို ကြောင်း။

**မှတ်ချက် -**

လှုံ့ရန်မှာလည်း နံနက်၊ နေ့လ အချိန်များတွင် လှုံ့ရန်မသင့်ကြော ညဉ့် (၇)နာရီမှ (၉) နာရီအချိန် သာလှုံ့သင့်ကြောင်း။

ပုသိမ်မင်းလွ



www.burmeseclassic.com

www.burmeseclassic.com

လူသတ်မှုတွေ၊ မုဒိမ်းမှုတွေ၊ ပြန်ပေးဆွဲမှုတွေကို လွယ်လွယ်ကူကူ ဖော်ထုတ်ပေးနိုင်တဲ့ ကရာဇက်ဟာ ခိုးမှု၊ အလစ်သုတ်မှု၊ ဖောက်ထွင်းမှုတွေကိုတော့ အင်တင်တင်လုပ်နေပါတယ်။


ဒီလို ခိုးမှု၊ ဖောက်ထွင်းမှုတွေ သူ့ဆီရောက်လာတဲ့အခါ သူ့ရဲ့အာရုံထူးကို အသုံးချပြီး အမှုဖော်ထုတ်ပေးရမှာ ဝန်လေးနေတယ်။ လက်ရှောင်ချင်နေတယ်။ သူ့ဆရာ ပါမောက္ခတင်ဖာက်က တိုက်တိုက်တွန်းတွန်းလုပ်မှသာ မနေသာတော့ဘဲ ကူညီဖြေရှင်းပေးတတ်တယ်။

ကရာဇက်ငယ်ငယ်က သူ့သူငယ်ချင်း (၁၉) နှစ်သား တစ်ယောက်ဟာ ခိုးမှုနဲ့ ဖမ်းဆီးခံရပြီး ထောင်ကျသွားတယ်။ သူမခိုးဘဲနဲ့ ထောင်ကျသွားတာ ဖြစ်တယ်။ သူ့သူငယ်ချင်း မတရားထောင်ကျသွားတာကို ကရာဇက်က မမေ့နိုင်အောင်ဖြစ်နေတယ်။ နာကြည်းနေတယ်။ ဒါကြောင့် ခိုးမှုတွေအတွက် သူ့ဆီအကူအညီလာတောင်းတဲ့အခါ သူ့သူငယ်ချင်းကို သတိရပြီး ကူညီရမှာကို လက်တွန့်နေတာ ဖြစ်တယ်။

သူ ကူညီလိုက်တဲ့ခိုးမှုကြောင့် လူတစ်ယောက်ဟာ ဖမ်းဆီးခံရပြီး ထောင်ကျသွားရင် ဒီလိုခံရသူဟာ သူ့သူငယ်ချင်းလို မတရားခံရတာများ ဖြစ်နေမလားဆိုတဲ့ သံသယတွေဝင်လာတယ်။ သူ့ရဲ့ အာရုံထူးဟာ မှားယွင်းပြီး လူကောင်းကို သူခိုးလို့မှားယွင်းပြောမိရင် ဒီလို မတရားခံရသူဟာ သူ့ရဲ့သူငယ်ချင်းလိုပဲ ခံရမှာလားဆိုတဲ့ စိတ်ထင့်မှုကလည်း ပေါ်လာတတ်တယ်။ ဒီတော့ ခိုးမှုကိစ္စ အကူအညီလာတောင်းရင် စောစောကတည်းက ရှောင်လိုက်ချင်တယ်။

ဒါပေမယ့်လည်း ကိုယ့်ကိုအားကိုးလို့ အကူအညီလာတောင်းတဲ့လူတွေကို ကိုယ့်အစွမ်းကလေးပြလိုက်ချင်တဲ့ မာနပုန်းကလေးရဲ့ တွန်းအားကြောင့် ကူညီလိုက်တာကများပါတယ်။

ဒီလို ခိုးမှုကိစ္စတွေကို ပါမောက္ခတင်ဖာက်ကတစ်ဆင့် အကူအညီ



# မနောသုတေသီ

## စိတ်ရှမ်းအင်စုံထောက်ကြီး ကရာဇက်၏ အတွင်းသူခိုးကိုဖော်ထုတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

တောင်းတဲ့အခါမှာ ဒေါက်တာတင်ဟက်က ကရာဇက်ရဲ့အကြောင်းကို သိနေတော့ ချက်ချင်းကတိမပေးရဲဘူး။ ကရာဇက်နဲ့ တိုင်ပင်ကြည့်ပါဦးမယ်။ သူက ခိုးမှုတွေကို သိပ်စိတ်မပါဘူး။ ကျွန်တော်တိုက်တွန်းရင်တောင်လည်း မနေပါဘူး။ ကူညီမှာပါလို့ ဒေါက်တာတင်ဟက်က မတင်မကျပြောလေ့ရှိတယ်။

ဒေါက်တာတင်ဟက်က ကရာဇက်ဟာ သူ့ရဲ့သူငယ်ချင်း မတရားခံခဲ့ရတာကို သူစိတ်ထိခိုက်နေပေမယ့် သူမှာ အာရုံထူးအမြင်တွေရှိကြောင်း ပြန်ပြီး မေးခွန်းထုတ်လိုက်တော့ ကရာဇက်က ဘာပဲဖြစ်ဖြစ်လေ၊ အရောင်းစာရေးရဲ့ အိမ်ကို သွားကြည့်သင့်တယ်။ ဒီတော့မှ သူပြောတာမှန်၊ မမှန်သိရမှာပေါ့လို့ ပြန်ပြောလိုက်တယ်။

မစ္စတာ ကရာဇက်က စတိုးဆိုင်ရှင်ကို ထပ်မေးလိုက်သေးတယ်။

"ခင်ဗျား နောက်ထပ်စတိုးဆိုင်သစ်တစ်ဆိုင်ဖွင့်ဖို့ စိတ်ကူးရှိနေတယ် မဟုတ်လား။ မြို့လယ်မှာ အိမ်တစ်လုံးဝယ်ပြီး စတိုးဆိုင်ဖွင့်ဖို့ ကြံနေတယ် မဟုတ်လား။ မြို့လယ်မှာရှိတဲ့ စတိုးဆိုင်တစ်ဆိုင်ဟာ (၁) နှစ်အတွင်းမှာ သူ့ပစ္စည်းတွေ အကုန်ရောင်းချပြီး ဆိုင်ပိတ်ပစ်လိမ့်မယ်။ အချိန်နည်းနည်းစောင့်ပြီး အဲဒီမြို့လယ်က စတိုးဆိုင်ကို ဝယ်လိုက်ရင် ဈေးချောင်ချောင်နဲ့ရမယ်။ စောင့်လိုက်ရင်ကောင်းမယ်"

"မြို့ငယ်တစ်ခုမှာ စတိုးဆိုင်ကြီး နှစ်ဆိုင်ရှိတာ အနေတော်ပင် ဖြစ်တယ်။ နောက်ထပ် စတိုးဆိုင်သစ်ဖွင့်မယ်ဆိုတာဟာ စွန့်စားရမယ့်သဘောရှိတယ်။ ရှိပြီးသား ကိုယ်နဲ့အပြိုင်ဖွင့်ထားတဲ့ စတိုးဆိုင်ကလည်း အရောင်းအဝယ်ကောင်းနေတာမို့ ဆိုင်ပိတ်စရာအကြောင်း မရှိဘူး။ ဒီဆိုင်ပိတ်လိမ့်မယ်။ ဒီဆိုင်ဖွင့်ထားတဲ့အိမ်ကို ဈေးချောင်ချောင်နဲ့ သိပ်မကြာခင်မှာ ရနိုင်တယ်"

လို့ ကရာဇက်က ပြောလိုက်တော့ စတိုးဆိုင်ရှင်က ဝမ်းသာသွားတယ်။

နောက်တစ်ပတ်အကြာ အရောင်းစာရေးဟာ ဆိုင်ကငွေ ဂီလ်ဒါ (၁၀) (သုံးဒေါ်လာ) ခိုးတာကို ဆိုင်ရှင်ရဲ့သမီးက လက်ပူးလက်ကြပ်မိသွားတယ်။ အရောင်းစာရေးက သူခိုးတာမဟုတ်ဘူးလို့ ဇွတ်ငြင်းနေတော့ ဆိုင်ရှင်က ရဲကိုတိုင်ရတယ်။ ရဲတွေ ဆိုင်ထဲလာပြီး သမီးကိုလည်းမေးတယ်။ အရောင်းစာရေးကိုလည်း စစ်မေးတယ်။ အရောင်းစာရေးက ခပ်တည်တည်ပဲ ငြင်းနေတယ်။ ရဲတွေက အရည်ဝပြီးသားတွေဆိုတော့ အရောင်းစာရေးစကားကို မယုံဘူး။ ဒါပေမယ့် ခိုးကြောင်း သက်သေခံအထောက်အထားကလည်း မခိုင်လုံလှလို့ အရောင်းစာရေးအိမ်ကိုသွားရှာကြတယ်။ အရောင်းစာရေးအိမ်မှာ သူပိုင်ပစ္စည်းမဟုတ်တဲ့ ပစ္စည်းတွေ အတော်များများ တွေ့ရတယ်။ စတိုးဆိုင်က ရောင်းတဲ့ ပစ္စည်းအသစ်တွေပေါ့။ အရောင်းစာရေးဟာ တော်တော်အစောကတည်းက လစ်ရစ်လစ်သလိုခိုးသွားတဲ့ စတိုးဆိုင်ကပစ္စည်းတွေပေါ့။

သူ့စတိုးဆိုင်က အရောင်းစာရေးကို အလုပ်ကထုတ်ပစ်ဖို့ ဟောခဲ့တဲ့ ကရာဇက်ရဲ့ အမြင်အာရုံထူး စိတ်စွမ်းအင်ကို စတိုးဆိုင်ရှင်က အံ့ဩသွားတယ်။ အရောင်းစာရေးက ဒီလို တတိတိနဲ့ ခိုးလိမ့်မယ်လို့ သူမထင်ခဲ့ဘူး။ သမားဂုဏ်ထုတ်ပြလိုက်ချင်သေးတယ်ဆိုတာကို စိတ်ပညာရှင်ပီပီသိနေတယ်။

ဒေါက်တာတင်ဟက်ရဲ့ ပရစိတ်ပညာဌာနမှာ စိတ်စွမ်းအင်နဲ့ ရာဇဝတ်မှုတွေ ကူညီဖြေရှင်းပေးခဲ့တဲ့ မှတ်တမ်းတွေကို စနစ်တကျ ဖိုင်တွဲတွေနဲ့ သိမ်းဆည်းထားတယ်။ ဒီဖိုင်တွဲတွေထဲမှာ ကရာဇက်အပြင် အခြားစိတ်စွမ်းအင်ပိုင်ရှင်တွေရဲ့ အမြင်အာရုံထူးတွေနဲ့ ကူညီဖြေရှင်းပေးခဲ့ရတာတွေပါ မှတ်တမ်းတင်ထားတယ်။ ဒီလိုမှတ်တမ်းတင်ထားတဲ့အထဲက ကရာဇက်ရဲ့ အမြင်အာရုံထူး စိတ်စွမ်းအင်နဲ့ ကူညီဖြေရှင်းပေးခဲ့တဲ့ ခိုးမှုတစ်ခုကို တင်ပြပါ့မယ်။

ဒီလို ခိုးမှု၊ ဖောက်ထွင်းမှုတွေကို ကူညီဖို့ ကရာဇက်ကို အကူအညီတောင်းတဲ့အခါ ကရာဇက်က တရားခံသူခိုးကို ညာညာတာတာ အပြစ်ကျခံစေရပါ့မယ်ဆိုတဲ့ ကတိကို ကာယကံရှင်တွေဆီက တောင်းလေ့ရှိတယ်။ ညာညာတာတာ အပြစ်ပေးရပါစေ့မယ်လို့ အာမခံချက်ရတော့မှ ရှောရှောရှူရှူ ကူညီလေ့ရှိတယ်။

ဟော်လန်ပြည် မြို့ငယ်တစ်မြို့မှာ စတိုးဆိုင်တစ်ဆိုင်ရှိတယ်။ ဒီစတိုးဆိုင်ပိုင်ရှင်က ကရာဇက်ဆီက အကူအညီတောင်းပြီး ဖြေရှင်းခဲ့တဲ့အမှုပါ။

တစ်နေ့မှာ စတိုးဆိုင်ပိုင်ရှင်ရဲ့ မိတ်ဆွေ မစ္စတာအိပ်ချ်ဒီအမ်ဟာ ကရာဇက်နဲ့အတူ စတိုးဆိုင်ပိုင်ရှင်ဆီ အလည်အပတ်ရောက်လာတယ်။ ကရာဇက်ကို ဆိုင်ရှင်က မသိပါဘူး။ သူ့မိတ်ဆွေနဲ့အတူပါလာတဲ့ ဧည့်သည့်အဖြစ်နဲ့ မိတ်ဆွေက မိတ်ဆက်ပေးလို့ တွေ့ရတာပါ။

ဧည့်သည်နှစ်ဦး ဆိုင်ထဲဝင်လာပြီးနောက် ဆိုင်ပိုင်ရှင်က စတိုးဆိုင်အတွင်းမှာရှိနေတဲ့ အရောင်းစာရေးနဲ့ မိတ်ဆက်ပေးလိုက်တယ်။ စတိုးဆိုင်ရဲ့ အတွင်းခန်းမှာရှိတဲ့ ဧည့်ခန်းထဲရောက်တော့မှ မိတ်ဆွေဖြစ်သူ မစ္စတာအိပ်ချ်ဒီအမ်က ကရာဇက်ဟာ စိတ်စွမ်းအင်ပိုင်ရှင် ဖြစ်တယ်။ အမြင်အာရုံထူးတွေ မြင်နိုင်သူဖြစ်တယ်။ မိတ်ဆွေများရဲ့ ပြဿနာတွေ၊ အခက်အခဲတွေ၊ ရာဇဝတ်မှုခင်းတွေကို ကူညီဖြေရှင်းပေးသူဖြစ်တယ်လို့ ထုတ်ဖော်ပြောပြတယ်။

ဒီလို အာရုံထူးအမြင်တွေ မြင်နိုင်တယ်လို့ ကြားလိုက်ရတော့ စတိုးဆိုင်ရှင်က သူ့ရဲ့စတိုးဆိုင်နဲ့ပတ်သက်လို့ ထူးထူးခြားခြား အာရုံရထားတာများရှိရင် သိပါရစေလို့ ကရာဇက်ကို တောင်းပန်လိုက်တယ်။

ကရာဇက်က အရောင်းစာရေးကို အလုပ်က ထုတ်ပစ်သင့်တယ်လို့ တန်းပြောလိုက်တယ်။ ဒီတော့ ဆိုင်ပိုင်ရှင်က မစ္စတာကရာဇက်ဟာ အရောင်းစာရေးကို လှစ်ခနဲမြင်တယ်ဆိုရုံနဲ့ သူ့အကြောင်း ချက်ချင်းပဲသိရသလားလို့။

အရောင်းစာရေး ခိုးမှုမှန်သွားတော့ စတိုးဆိုင်သစ်ဖွင့်ဖို့ကိစ္စနဲ့ ပတ်သက်ပြီး ကရာဇက် ပြောသွားတာကိုလည်း သတိရလာတယ်။ ဒီစတိုးဆိုင်အကြောင်းပြောသွားတာလည်း မှန်မှာပဲလို့ ယုံကြည်ပြီး စတိုးဆိုင်ရှင်ဟာ ဆိုင်သစ်မဖွင့်သေးဘဲ အသာစောင့်နေလိုက်တယ်။

မကြာပါဘူး။ (၁) နှစ်မပြည့်ခင်မှာပဲ မြို့လယ်က စတိုးဆိုင်ဟာ ပစ္စည်းတွေကိုရောင်းချပြီး ဆိုင်ပိတ်လိုက်တယ်။ ဩစတေးလျမှာ အရောင်းအဝယ်လုပ်ငန်းကောင်းလို့ ဩစတေးလျကို ပြောင်းရွှေ့သွားတော့မှ စတိုးဆိုင်ရှင်ဟာ သူ့ရဲ့ပြိုင်ဘက်ရဲ့ စတိုးဆိုင်နေရာကို ဈေးချောင်ချောင်နဲ့ ဝယ်လိုက်တယ်။

စတိုးဆိုင်ရှင်ကတော့ ကရာဇက်ရဲ့ အမြင်အာရုံတွေဟာ ကိစ္စ (၂) ခုစလုံးမှာ တိုက်တိုက်ဆိုင်ဆိုင် မှန်နေတာတွေ့ရတော့ မိတ်ဆွေတွေနဲ့တွေ့တိုင်း ကရာဇက် ချီးမွမ်းခန်းဖွင့်နေတော့တာပါပဲ။

မနောသုတေသီ

စာညွှန်း -
*CROISET*

www.burmeseclassic.com

www.burmeseclassic.com

# အက္ခရာဝါလှိုင်း

## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာဂန္ဓာရီခရီးစဉ်

၁



ဇ္ဇာလိုင်းအစ ပယောဂကုဆရာက

ကျွန်ုပ်သည် အဘကို ကိုးကွယ်ောတပည့်တစ်ဦး ဖြစ်သည်။ အဘကို ကိုယ်တိုင် မမြင်ဘူးပါ။ အဘပုံတော်သာ မြင်ဖူးသူ ဖြစ်သည်။ အဘစာတ် ၍ အဘခိုင်းတာလုပ်ရင်း ယောင်ောင်တောင်အတတနှင့် ဝိဇ္ဇာလမ်းကို ောင်လျှောက်လှမ်းခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တွင် တာဝန်ထမ်းဆောင်စဉ်က ဆရာစု တွင် ဝိဇ္ဇာဂန္ဓာရီပညာကို စတင် လာ လိုက်စားခဲ့သည်။ အင်းပညာ၊ ယောဂကုထုံးပညာများကို သင်ယူခဲ့ ော်လည်း ဝါသနာမပါခဲ့ပါ။ မှတ်မှတ် အဖြစ်အပျက်လေးတစ်ခုကို ကြုံတွေ့ တ်ရသည်။

ဗုဒ္ဓဘာသာ ကရင်လင်မယားမှာ ပ်နှင့်များစွာရင်းနှီးကြသည်။ ကျွန်ုပ် ကော်ထောက်တပည့်များလည်း ဖြစ် ည်။ သူတို့သမီးလေး ပျိုဖော်ဝင်စ ယ် ကျန်းမာရေးချို့တဲ့ပြီး မစားနိုင် ်နိုင်နှင့်အရိုးပေါ် အရေတင်ပိန်လာ သည်။ ပါးစပ်ကလည်း အသံမျိုးစုံ ဆိုနေသဖြင့် သူမိဘများက စုန်း ယောဂဝင်ပူးနေသည်ဟု ယူဆပြီး ဆရာပေါက်စ ကျွန်ုပ်ထံ ခေါ်လာလေသည်။

"ဆရာရယ်၊ ကျွန်မသမီးလေး ကြည့်ပေးပါဦး။ အစာလည်းမစားဘူး။ စုန်းတို့၊ ကဝေတို့ ဖမ်းစားတာလား ကု ပေးပါ ဆရာရယ်"

ကျွန်ုပ်ကို အထင်တကြီး အပ်နှံ ကြလေသည်။ ဝိဇ္ဇာလိုင်းကို စတင်စ ကျွန်ုပ်ဘာမှမသိပါ။ စုန်းပူးတာလား၊ နတ်ပူးတာလား မခွဲခြားတတ်။ ဘယ်လို မှလည်း အာရုံခံလို့မရခဲ့ပါ။ အထင်ကြီး သူက ကျွန်ုပ်အား မြှောက်ပင့်နေသဖြင့် ဆရာစု ကုသသလို ပယောဂကို စတင် ကုသလေတော့သည်။

"ဒီကလေးကို ဆရာ့ကိုအပ်ပါ"

"ဟုတ်ကဲ့၊ ဆရာ့ကိုအပ်ပါပြီ"

"ဒါဆိုရင်ပွဲတင်ရမယ်။ ဘုရားပွဲ (၁) ပွဲ၊ ဝိဇ္ဇာပွဲ (၁) ပွဲပေးပါ"

"ဟုတ်ကဲ့"

အုန်းသီး၊ ငှက်ပျောသီးတို့ဖြင့် ပွဲ တင်ကြလေသည်။ အမွှေးတိုင်၊ အလင်း တိုင်များ ထွန်းညှိပြီး အထက်ဆရာကြီး များကို ပင့်ဖိတ်သည်။ ဆရာများကြွလာ ပြီဖြစ်၍ ဆရာအားကိုးဖြင့် လူနာအား စတင်ကုလေသည်။

"အထက်ဆရာကြီးများရဲ့အမိန့်၊ ငါဆရာရဲ့အမိန့်။ ယခုအချိန်ကစပြီး စုန်း၊ ဖုတ်၊ ကဝေ၊ မြေဖုတ်ဘီလူး ဤသမီး တော်အား ဖမ်းစားသည်ဆိုပါက အမြန် ဝင်စီးစေ"

ဟု ကြိမ်တုတ်ဖြင့် ကြမ်းပြင်ကို နာနာနှက်ပြီး အမိန့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ လူနာသည် တုန်၍ဝင်ပူးလေသည်။

"ကြောက်ပါပြီဆရာ၊ ကြောက်ပါပြီ ဆရာ၊ ဒီကြိမ်လုံးနဲ့မရိုက်ပါနဲ့ ဆရာ"

ဟု ကျွန်ုပ်ပတ်ဝန်းကျင်တွင် လူနာရှင်များ ပရိသတ်များဝိုင်း၍ကြည့်နေကြလေသည်။ ကျွန်ုပ်၏ အပြုအမူသည် ဟိတ်နှင့်ဟန်နှင့်မာန်အပြည့်ဆိုတော့ လူနာမပြောနှင့် ကြည့်နေသူပရိသတ်ပင် ကျောချမ်းကြလေသည်။ ဝင်ဆိုဝင်၊ ထွက်ဆိုထွက် အမိန့်ပေးလို့ရ စေခိုင်းလို့ရသော ငါဆရာဟု နည်းနည်းမြောက်လာသည်။

"ခုမှဘာကြောက်ပါပြီလဲ ။ ဒီလိုစုန်းမလောက်တော့ ဆရာက ကြိမ်နဲ့ဆုံးမနေကျ။ နင့်ပယောဂတွေ၊ ရောဂါတွေယူသွား။ ကာယကံရှင်ကို နောက်မနှောင့်ယှက်ရ"

"ဟုတ်ကဲ့ဆရာ"

"ရောဂါတွေယူသွား၊ မိမွေးတိုင်းဖမွေးတိုင်းရှိပါစေ။ နင်လုပ်ထားတဲ့အပင်းတွေအကုန်ယူ"

"ဟား ဟား ဟား ဟား ဟား ဟား"

ဟု လူနာက ရယ်နေပြန်သည်။ တော်တော်ကြာ ရှိုက်ကြီးတငင်ငိုနေပြန်သည်။ ပရိသတ်က ဝိုင်းကြည့်နေသည်။ ကျွန်ုပ် ဘာဆက်လုပ်ရမှန်း မသိတော့။ လက်ထဲက ကြိမ်ဖြင့် လူနာကို တစ်ချက်ခပ်ပြင်းပြင်းရိုက်လိုက်လေတော့သည်။

"အားပါးပါး - နာလိုက်တာ"

"ဘာနာတာလဲ။ ဒီလူနာမျိုးကုလာတာကြာပြီ။ (၅) ချက်ပြည့်အောင်မရိုက်ရဘူး။ နင်မှန်မှန်ပြောစမ်း၊ ဘာလို့ဒီလိုလုပ်ရတာလဲ။ ဒီကာယကံရှင်ကိုဒီလိုလုပ်ရမလား"

ဟု ကြိမ်ဖြင့် ဒုတိယအကြိမ်ရိုက်လိုက်လေတော့သည်။

ကျွန်ုပ်ကြိမ်ဒဏ်ကို ဒုတိယမှီအရိုက်ခံရသောလူနာမှာ အတော်နာသွားလေသည်။

"ကြောက်ပါပြီ ဆရာ။ ဆရာခိုင်းသမျှ အကုန်လုပ်ပါ့မယ်"

"ဒါဖြင့်ရင် နင်လုပ်ထားတဲ့ပယောဂတွေ၊ ရောဂါတွေအကုန်ပြန်ယူ"

"ဟုတ်ကဲ့ဆရာ ပြန်ယူပါမယ်။ နောက်ထပ်မရိုက်ပါနဲ့တော့"

လူနာရှင်တို့ အပြုံးတွေဝေသွားလေသည်။ ဆရာသမားသည် လူနာတွင်ပူးကပ်နေသော ပယောဂကိုနိုင်ပြီဟုထင်နေကြလေသည်။ စုန်းမသည် သို့ရောဂါများကို လက်နှစ်ဖက်ဖြင့်သပ်ချနေသည်။

"ဆရာရောဂါတွေကုန်ပါပြီ"

"ဟုတ်ပြီ၊ ဒါဆိုရင်နောက်ဒီပညာနဲ့ မလုပ်ရဘူး။ ကန်တော့ပြီး ပြန်ထွက်တော့"

ကျွန်ုပ်သည် ဘုရားကျောင်းဆောင်မှ သောက်တော်ရေစင်ဖြင့် လူနာကိုပက်ဖျန်းပြီး ပယောဂကို နိုင်နိုင်နင်းနင်းကုသပေးလိုက်လေတော့သည်။ လူနာရှင်မိဘများက ကျေးဇူးတင်စွာဖြင့် ဆရာကို ကန်တော့၍ ပြန်သွားကြလေသည်။

နောက် (၇) ရက်ကြာသောအခါ ကျွန်ုပ်ကုသပေးသော လူနာမိန်းကလေးမှာ ယောကျ်ားရသွားတော့သည်။ ကရင်တိုင်းရင်းသားချင်း လက်ထပ်လိုက်ကြသည်။သူတို့စုံတွဲသည် ငှက်ပျောပွဲ၊ အုန်းပွဲကိုရွက်ပြီး ကျွန်ုပ်အား လာရောက်ကန်တော့ကြလေသည်။

"ဟဲ့ - ကရင်မ၊ ညည်းလင်ရတာဘာလို့ ငါ့ကို ငှက်ပျောပွဲ၊ အုန်းပွဲနဲ့ လာကန်တော့ရတာလဲ။ အမျိုးတွေကိုသာဒီလိုကန်တော့ရတာမဟုတ်လား"

"ဆရာက အမျိုးတွေထက်ကျေးဇူးရှိလို့ပေါ့"

"ကရင်မ စကားပြောတာတုံးတိတိနဲ့ ငါကဘာကျေးဇူးရှိလို့လဲ"

"ဆရာ ကျွန်မကို ပယောဂကုတယ်လေ။ ကြိမ်နဲ့ (၂) ချက်ရိုက်တယ်။ ကျွန်မတအားနာတာပဲ။ (၅) ချက်ပြည့်အောင်မခံနိုင်ဘူးဆရာ"

"ဟုတ်ပါပြီ။ ဒါနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်ပါတယ်။ နောက်ထပ်မရိုက်အောင် ကျွန်မချစ်သူ စောအာကျယ်ကိုပြောလိုက်တယ်။ စောအာကျယ်ကကျွန်မကို ခိုးသွားလို့ မင်္ဂလာဆောင်ရတာပေါ့"

"နင်ကဘာလို့ပယောဂပုံစံပေါက်နေရတာလဲ"

"ဟီးဟီး - ရှက်စရာကြီး"

ဟု ပြောပြောဆိုဆို ပြန်သွားကြလေသည်။

အဖြစ်မှန်မှာ ကရင်မလေး ကိုယ်ဝန်ရနေလေသည်။ကိုယ်ဝန်ဆောင်ရသဖြင့်မစားနိုင်ဘဲ အစားပျက်ခြင်း ဖြစ်သည်။ ကိုယ်ဝန်ရသဖြင့် မိဘများသိမှာစိုးခြင်း၊ ချစ်သူကလည်း မယူသေးသဖြင့် စိတ်ဆင်းရဲမှုကြောင့် စိတ်ချောက်ချားခြင်းဖြစ်လေသည်။ ကျွန်ုပ်၏ကြိမ်လုံးဖြင့် (၂) ချက်တီးလိုက်မှ လင်တော်မောင်အသိဝင်လာပြီး သူ့ချစ်သူကို ခိုးယူလေသည်။

ဘာပဲပြောပြော ကျွန်ုပ်သည် ပယောဂ… ဆရာဟု နာမည်ကြီးသွားလေတော့သည်။

'ပယောဂကို ကုနိုင်သော ဆရာလေး' ဟု ကျွန်ုပ်နာမည်သည် တော… လောင်သလို ခဏချင်း ပျံ့နှံ့သွားလေသည်။

တစ်ခါက ရပ်ကွက်ထဲတွင် နာရေးရှိသဖြင့် အသုဘပို့လိုက်ခဲ့ရသည်။ ပြီးအပြန် အသုဘအိမ်တွင် ခဏနားနေ… အဒေါ်ကြီးတစ်ယောက်က ကျွန်ုပ်အား ဦးချ၍ သရဲပူးနေသောလူနာအား ကုပေးရန် တောင်းပန်နေလေသည်။ ကျွန်… မှာ ဘာမှမဖတ်သေးသောဆရာပေါက်ဖြစ်သည်။ ကရင်မလေးက စခဲ့သော ပယောဂကုဆရာသည် လူပုံအလယ်တွင် အရှက်ကွဲတော့မည်။ ကျွန်ုပ် … ဟန်ပြ၍နေလေသည်။

ပိုဆိုးတာက ဆရာမလိုက်နိုင်ဘူးဆိုရင် ဆရာ မနိုင်တော့ သို့မဟုတ် ဆရာလက်လွှတ်လိုက်ရသောလူနာ… ၍ သေရမှာမုချဟု ယူဆကြလေသည်။ ကျွန်ုပ်ဘာဆက်လုပ်ရမှန်းမသိ၍ ထိုင်…နေခြင်း ဖြစ်သည်။

"ဆရာ အားကိုးပါတယ်။ ကျွန်မ… သမီးလေးကို လိုက်ကြည့်ပေးပါ ဆရာ"

ကျွန်ုပ် မနေနိုင်တော့ပါ။ ထ… လူနာရှင်နောက်သို့လိုက်သွားလေသည်။ သေဆုံးသူ ဒေါ်ဖွားတင်၏သမီးအငယ်ဆုံးဖြစ်သည်။ အသုဘအိမ်တွင် သူ… ငယ်လေး ရှိုက်ကြီးတငင်ငိုရာက … သွားပြီး ပြန်မလည်တော့ပါ။ ပယော… ပူးသလို မျက်ဖြူလန်သွားလေသည်။

ကျွန်ုပ်လည်း ပရိသတ်အလယ်တွင် ပယောဂကုရတာ အလွန်ရှက်… သည်။ ဇွတ်တွန်းပို့သောလောကကြောင့် ထလိုက်လာရသည်။ ဘာလုပ်ရမှန်း မသိ။ ကလေးမလေးကို လက်ကိုကိုင်… သည်။ သွေးတိုးနှုန်းကို စမ်းသပ်ကြ… သောအခါ ပုံမှန်ဖြစ်သည်။ ပယော… တစ်ခါတစ်ရံ ကြမ်းကြမ်းတမ်းတမ်းကု… နိုင်သည်ဟု ပြောသံကြားဖူးသည်။ … အလယ်မှ ပယောဂပူးနေသော သူငယ်… ကို ပယောဂနှင့် နှင်ထုတ်ဖို့အကောင်… ဆုံးမှာ အမျိုးသမီးကြီးတစ်ယောက်အ… ခေါးထမ်း၍ (၇) ကြိမ်ကျော်ခိုင်းလိုက်… သည်။ ပယောဂသည် မိန်းမဘုန်းရှိန်… ကြောက်ပြီးထွက်သွားရန် စီမံခြင်း ဖြ… သည်။ (၇) ကြိမ်မကျော်လိုက်ရပါ။ (၃) ကြိမ်နှင့် ပယောဂထွက်သွားလေသည်။ လူနာမိန်းကလေးမှာ ထပြီးရယ်…



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဒုတိယအကြိမ် ကျွန်ုပ်မှာ နာမည်ကြီးသွားပြန်လေသည်။

အမှန်မှာ လူနာရှင်မိန်းကလေးမှာ ...၍တက်သွားတာမှန်ပါသည်။ သူဟာ ...သူ သတိရနေတာကြာပါပြီ။ ဒါကို မသိသော သူ့အဒေါ်က စိုးရိမ်တကြီး ဆရာ ...၍ ပယောဂကို နှင်ထုတ်ခိုင်းခြင်း ဖြစ်သည်။ လူနာသည် သူ့ကိုကျော်သွားကာ ...မျိုးသမီးကို ကြည့်လိုက်သောအခါ ...တော်တရော် မြင်လိုက်ရသောကြောင့် ...ရယ်ခြင်း ဖြစ်ပါသည်။ နာမည်ကြီးချင် ...တော့ လုပ်သမျှတည့်နေခြင်းသာ ဖြစ်သည်။

ပယောဂနှင့်ပတ်သက်သော လူ...များ ဤနယ်တွင် ကျွန်ုပ်ဘယ်တော့မှ ...တော့ပါ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည့် အမိန့်စာကြောင့် ဖြစ်သည်။ ကျွန်ုပ်ကို အထင်ကြီးသော သည်ပတ်ဝန်းကျင်နှင့် ...တ်လွတ်ကင်းကင်းရှိတော့မည်။ ပတ် ...န်းကျင်အသစ်တွင် ပယောဂမကုဘဲ ...တ်သစ်လူသစ်နှင့်နေတော့မည်။

ကျွန်ုပ်၏ဆရာ ဆရာစုကို ကန် ...တော့သည်။ ဆရာ့အပေါ်မှာ အပြစ်ကြီး ...အပြစ်ငယ်များရှိပါက သည်းခံခွင့်လွှတ် ...ရန် တောင်းပန်ဝန်ချကန်တော့ခဲ့လေသည်။

"တပည့်၊ ခု ဆရာ့ကိုကန်တော့ရသောအကျိုးအားကြောင့် ဘေးခပ်သိမ်း၊ ...ခပ်သိမ်း၊ အန္တရာယ်ခပ်သိမ်းကင်းငြိမ်း ...စေ။ သူတော်ကောင်းနှင့် တွေ့ကြုံရ ... သူတော်ကောင်းစကား နာကြားရပါ ...။ သွားလမ်းသာ၍ပြန်လမ်းဖြောင့်ပါ ..."

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"

"မင်းအခုရှမ်းပြည်နယ်မြောက်ပိုင်း ... ပြောင်းရမယ်။ ဘာလို့ပြောင်းရတာ ... သိလား"

"မသိဘူး ဆရာ"

"အဘအောင်မင်းခေါင် အမိန့်ချ ...ယ်၊ အဘအမိန့်အရပြောင်းရတာပဲ"

အဘအမိန့်အရ ပြောင်းရတာ ...တ်၊ မဟုတ်မသိပါ။ အထက်အမိန့် ...ရ ပြောင်းရတာ ဖြစ်ပါသည်။ ဆရာစု ...ပြောသောစကားအပေါ် သံသယတော့ ...နေပါသည်။

"အဘက အမိန့်ချတယ်ဆိုရင် ...ပြည်နယ်မှာ လုပ်စရာရှိလို့ပေါ့"

"ဟုတ်တယ်၊ ဟိုမှာ ဘုရားတည် ...မယ်"

"ဘုရားတည်တာ လွယ်တာမှတ်လို့။ သားကဘာပညာမှမတတ်တာ။ ဘယ်လိုလုပ်ဘုရားတည်ရမှာလဲ"

"ဝိဇ္ဇာခိုင်းရင် မဖြစ်ဘူးဆိုတာမရှိဘူး။ ခု ငါပြောတာကို မှတ်သွား"

"ဟုတ်ကဲ့"

"ရှမ်းပြည်နယ်ကိုရောက်ရင် မင်းနေတဲ့အရပ်မှာ ညောင်ပင်ကြီး (၂) ပင်ရှိတယ်။ ဒီညောင်ပင်ခြေမှာ ကိုးမြို့ရှင်နတ်နန်းဆောက်ပေးရမယ်"

"ဟုတ်ကဲ့"

"မင်းတို့ အတိတ်က ညီအစ်ကို (၃) ယောက် ပြန်ဆုံမယ်"

"ဟုတ်ကဲ့"

"(၃)ယောက်ပြည့်ရင် ဘုရားတည်ရမယ်။ ပြီးရင် မင်းလိုတာ ဆုတောင်းပြည့်မယ်။ နောက်မြန်မာပြည်ပြောင်းရမယ်"

"ဆရာမှာတာတွေ များနေပြီ။ တပည့်စာအုပ်ထဲမှာ မှတ်တမ်းတင်ထားပါ့မယ်"

"အေးအေး- ဝိဇ္ဇာဆိုတာ သတ္တဝါကို ကယ်မရမယ်။ ကိုယ်တတ်တဲ့ပညာနဲ့ ကယ်မရင်းနဲ့ သတ္တဝါအကျိုးကို အောင်မြင်နိုင်တယ်။ လောကအကျိုးကို ဖြည့်ဆည်းရင်းနဲ့ သာသနာ့အကျိုးကို တက်လှမ်းရမယ်။ သာသနာပြုရမယ်။ သာသနာပြုရင်းနဲ့ ဝိဇ္ဇာတွေစောင့်ရှောက်ပြီး လိုရာဆန္ဒပြည့်ဝနိုင်တယ်"

"မှတ်သားထားပါ့မယ် ဆရာ"

ကျွန်ုပ်တွဲ့ယူစဉ်က အမှတ်တရရိုက်ကူးခဲ့သော ရောင်စုံဓာတ်ပုံကို ကြည့်ရင်း မျက်ရည်များကျလာသည်။ ကျွန်ုပ်ကိုသားသမီးလိုပြုစုစောင့်ရှောက်ခဲ့သော ကျေးဇူး၊ ပညာသင်ပေးသောဆရာ့ကျေးဇူးများကို အထူးအောက်မေ့မိရင်း ဝတ်ချကန်တော့ပြီး ရှမ်းပြည်နယ်သို့ပြောင်းခဲ့ရသည်။ ကျွန်ုပ်ရှမ်းပြည်နယ်သို့ရာထူးတိုးဖြင့် ပြောင်းရွှေ့ခဲ့ရပြီး များမကြာမီ ဆရာစုလည်း ဆုံးရှာလေတော့သည်။ ကျွန်ုပ်ဘဝ၏ ပုသိမ်ကမ်းခြေမှ ပုံရိပ်တို့သည် ပြည်ဖုံးကားချ၍ ဇာတ်သိမ်းခဲ့ရလေတော့သည်။

အဘအောင်မင်းခေါင်သည် ကျွန်ုပ်ဘဝ၏အပြောင်းအလဲများကို ချုပ်ကိုင်နိုင်သော၊ အမိန့်ပေးစေခိုင်းနိုင်သော ဝိဇ္ဇာတစ်ယောက်ဟု မမြင်ရသော နာမ်လောကမှ စတင်ခဲ့ပါတော့သည်။

## ရှမ်းပြည်နယ်ရောက်စ ပယောဂကုဆရာ

ကျွန်ုပ်သည် လူပျိုလူလွတ်ဖြစ်သည်။ အရက်မသောက်ပါ။ သူများသားမယားမပြစ်မှားပါ။ ဒီကံ (၂) ခုကို အသက်ထက်ဆုံးထိန်းသိမ်းခဲ့ပါသည်။ လားရှိုးမြို့ လားရှိုးကြီးရပ်ကွက်ထဲတွင် နေရသည်။ ညနေ ရုံးဆင်းလျှင် မာန်ဆူဘုရားသို့သွားသည်။ ဘုရားတွင် ပုတီးစိပ်သည်။ တရားထိုင်သည်။ ရုံးဆင်းပြီးလျှင် ကိုယ်ပိုင်အချိန်ဖြစ်သည်။ လူတိုင်းလူတိုင်း ကိုယ်ပိုင်အချိန်တွင် အရက်သောက်ခြင်းဖြင့် အချိန်ကုန်လေသည်။ ထိုထဲမှ ကျွန်ုပ်မှာ လူပျိုလူလွတ်တစ်ယောက်ဖြစ်ပြီး အရက်မသောက်ဘဲ ဘုရားသွား၍ ပုတီးစိပ်နေသဖြင့် ထူးခြားနေလေသည်။ တချို့က ဘိုးတော်လေးဟု ခေါ်ကြလေသည်။

ကျွန်ုပ် ပတ်ဝန်းကျင်အသစ်တွင် လိုက်လျောညီထွေစွာ နေထိုင်တတ်လေသည်။ မာန်ဆူဆရာတော်နှင့် တွေ့ဖန်များသောအခါ ရင်းနှီးကြလေသည်။ မာန်ဆူဘုရားတွင် စောင့်ရှောက်သော ဦးခင်မောင်ကြီးကို ခင်မင်ရလေသည်။ ဘုရား၏ ဝေယျာဝစ္စကို ကုသိုလ်ယူရင်း ဘုရားတွင်နေလေသည်။

တစ်ညနေ မာန်ဆူဘုရားကအပြန် တပည့် ကျော်ကျော်တို့လင်မယားကို တွေ့လိုက်ရသည်။ လောကတွင် ရှားရှားပါးပါး လူပျိုဖြစ်ပြီး အရက်မသောက်သော၊ ပုတီးစိပ်သော ကျွန်ုပ်ကို အထင်ကြီးနေသူ ဖြစ်၏။

"ဆရာလိုင်၊ ကျွန်တော့်ကို ကယ်ပါဦး"

"မင်းတို့လင်မယားဘာဖြစ်ကြတာလဲ"

"နောက်မှမေးပါ ဆရာ။ ကျွန်တော့်နောက်ကိုလိုက်ခဲ့ပါ"

"မင်းဟာကဘာမပြောညာမပြော ငါ့ကို ဖွတ်ခေါ်နေတာ၊ ငါက ဘုမသိဘမသိ ဘာကယ်ရမှာလဲ"

"လိုက်သာလိုက်ခဲ့ပါဆရာ။ ဟိုကျရင် သိပါလိမ့်မယ်"

"တစ်ခုကြိုပြောမယ်နော်။ ငါ ပယောဂကုဆရာ မဟုတ်ဘူးနော်"

"ခက်တော့ခက်နေတာပဲ။ ဆရာက ဒီလိုကြိုပိတ်လို့ဘယ်ရမလဲ"

"ခုဘယ်သွားမှာလဲ"

"ကျွန်တော့်ယောက္ခမအိမ်"

"ငါနဲ့တော့ ရင်းနှီးပါတယ်။ သိလည်း သိပါတယ်။ ဘာဖြစ်တာလဲ"

"ခဏလေးပါဆရာ။ ဟိုကျရင်သိပါလိမ့်မယ်။ ဆရာ့ကိုကုခိုင်းတာမဟုတ်ပါဘူး။ လိုက်ကြည့်ရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ပုသိမ်တွင် ဇာတ်မြှုပ်ခဲ့သော ပယောဂကုဆရာအဖြစ်ကို ပြန်မလိုချင်ပါ။ လူသိမခံချင်ပါ။ တပည့်ကျော်ကျော်ခေါ် ရာသို့ လိုက်ပါသွားလေသည်။

အိမ်ထဲသို့ ဝင်လိုက်သောအခါ ကျွန်ုပ်ဦးနှောက်ထဲသို့ အသိလှိုင်းလေးတစ်ခု ရိုက်ခတ်လိုက်လေသည်။ ဘုရားတွင် နေ့စဉ် ပုတီးစိပ်ထားသော အကျိုးကြောင့် ပယောဂဟုထင်ရသော သရဲပုံရိပ် (၂) ခုကို တွေ့လိုက်ရလေသည်။

အိမ်ထဲတွင် ကျော်ကျော်၏ ယောက္ခမစုံတွဲနှင့် သူ့သားသမီးများ စုံစုံလင်လင်ထိုင်နေလေသည်။ အလယ်တွင် သမီးငယ်က အော်ကြီးဟစ်ကျယ်နှင့် စုန်းပူးသလို၊ နတ်ပူးသလိုဖြစ်နေသည်။

"နင်တို့ဘာမှမသိဘူး။ လူအတွေ၊ အအ,တွေ"

ဒီအသံ ကျော်ကျော့်ခယ်မ အငယ်ဆုံးမကို ပူး၍ပြောနေခြင်း ဖြစ်သည်။

"ကိုကြီးကျော်ရယ်၊ ညနေစောင်းလို့ရှိရင် ဒီကိုကြွလာတာကိုသိပါတယ်။ ကိုကြီးကျော်ကို နံ့သာနဲ့ကြိုဆိုပါတယ်။ ကိုကြီးကျော်စောင့်ရှောက်ပါ"

ဒီအသံက ကျော်ကျော့်ယောက္ခမကပြောနေခြင်း ဖြစ်သည်။ လက်ထဲတွင် နံ့သာရည်နှင့်ပက်၍ ကိုကြီးကျော်ကို ကြိုဆိုနေလေသည်။

"ဘာတွေလုပ်မှန်းလဲ မသိဘူး။ အအ,တွေ၊ ဘာမှလဲနားမလည်ကြဘူး"

ဟု သမီးမှ ပြောပြန်လေသည်။

"ကိုကြီးကျော်ရယ် စိတ်မဆိုးပါနဲ့။ သမီးတော်တို့ကို စောင့်ရှောက်ပါ"

ဟု ပြောပြန်သည်။

ကျွန်ုပ်အာရုံထဲတွင် ပူးနေသော သရဲလင်မယားကို မြင်နေရသည်။ သရဲကို မမြင်ရသော ကျော်ကျော့်ယောက္ခမက ကိုကြီးကျော်ဟု ဖွတ်ဖန်တီးပြီး 'မ,စပါ၊ ကယ်မ,ပါ' ဟု မျှော်လင့်ချက်ဖြင့် အမွှေးရည် ပက်ဖျန်းနေပါသည်။ အမြင်မတော် ဆင်တော်နှင့်ခလောက်ပါ။ သရဲကို အမွှေးရည်နှင့်ပက်နေတာ ဘယ်လိုမှ ကြည့်လို့မကောင်းပါ။ ကျော်ကျော်က ဝင်ပြောသည်။

"ဒီမှာ ပုသိမ်က ပြောင်းလာတဲ့ ဆရာအဏ္ဏဝါလှိုင်း ရောက်နေတယ်။ အမေ သူ့ကိုကြည့်ခိုင်းပါဦး"

ဟု မေတ္တာရပ်ခံလေသည်။

"ကျော်ကျော်၊ ကြည့်ခိုင်းတာ အကြောင်းမဟုတ်ဘူး။ ကိုကြီးကျော်ကို ချုပ်လားကိုင်လား၊ ရိုက်လားပုတ်လား လုပ်လို့မရဘူး"

ကျော်ကျော့်ယောက္ခမသည် သူစွဲလမ်းသော ကိုကြီးကျော်ကို အရိုက်မခံစေချင်။ မလာနှင့်ဟု အနှင်မခံစေချင်။ သူလာမှတွေ့ရမယ်။ သူနဲ့တွေ့မှတောင်းလို့ရမယ်ဆိုတဲ့အစွဲကကြီးနေပြန်သည်။

"ကျော်ကျော်၊ မင်းယောက္ခမကြီးက ကိုကြီးကျော်စွဲနေပြန်ပြီ။ သရဲကို သရဲမှန်းမသိ နံ့သာရည်နဲ့ ပက်ဖျန်းနေတယ်"

"လုပ်ပါဦး ဆရာရယ်"

"ငါက ပိုင်ရှင်အပ်မှပြောနိုင်၊ လုပ်နိုင်တာ။ ဒီကိစ္စတွေ ငါမလုပ်ချင်ဘူး။ ဒါပေမယ့် မျက်ကွယ်ပြုလို့လည်း မရဘူးဖြစ်နေတယ်"

"ဆရာ၊ ကျွန်တော့်ယောက္ခမကြီးကို ကျွန်တော်ပြောလိုက်မယ်။ ခဏလေးနော်"

တပည့်ကျော်ကျော်က ဘာသွားပြောတယ်မသိ သူ့ယောက္ခမကြီးက လိုလိုလားလား ဖိတ်ခေါ်၍ လူနာအား အပ်နှံလေတော့သည်။ သို့သော် မယုံတစ်ဝက်ယုံတစ်ဝက် သံသယမျက်လုံးများဖြင့်ကြည့်နေလေတော့သည်။

ကျွန်ုပ်သည် ဘုရားကျောင်းဆောင်သို့ သွားသည်။ အလင်းတိုင်၊ အမွှေးတိုင်ထွန်းညှိသည်။ ဘုရားရှိခိုးသည်။ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းကို ပင့်ဖိတ်သည်။ အဘအောင်မင်းခေါင်ကို ပင့်ဖိတ်သည်။

"ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းရဲ့အမိန့်၊ အဘအောင်မင်းခေါင်ရဲ့အမိန့်၊ ငါဆရာရဲ့အမိန့်။ ဝင်ဆိုဝင်ထွက်ဆိုထွက် ငါဆရာရဲ့အမိန့်ကို နာခံရမည်။ ကာယကံရှင်ထံ ပူးနေတာ ဘယ်သူလဲပြော၊ နှုတ်ကဖွင့်"

လူနာရှင်သည် ဘာမှမပြော။ မျက်လုံးကြီးပြူး၍ကြည့်နေသည်။ ကလေးမလေးက အပျိုဖျန်းလေးဖြစ်သည်။

"ဟဲ့ - ငါပြောတာ ကြားလား။ နှုတ်ဖွင့်စမ်း"

"ကျော်ကျော်ရေ ကြိမ်တုတ်တစ်ချောင်းပေးစမ်း"

ကျော်ကျော်သည် နွားရိုက်သော နှင်တံတစ်ချောင်းကို ယူလာပြီး ကျွန်ုပ်အား ပေးလိုက်လေသည်။ ကျော်ကျော့်ယောက္ခမကြီးက သူ့သမီးကိုရိုက်မှာကို စိုးရိမ်တကြီးကြည့်နေလေသည်။ ကျွန်ုပ်ဆေးမကုခင် ကတိပေးခဲ့ရသေးသည်။

သူ့သမီးကို မရိုက်ရ။ ကိုကြီးကျော် မရိုက်ရ။ သူ့သမီးကိုမရိုက်ပဲ။ ကြ ပြင်သာရိုက်ခြင်း ဖြစ်သည်။

"ငါဆရာအမိန့်ပေးတယ်။ ရိုက်ချက်သည် ကာယကံရှင်ကို မထိ ရ။ စုန်းပူး၊ နတ်ပူး၊ သရဲပူး၊ တစ္ဆေပူး ထိစေရမည်"

"ဖြန်း ဖြန်း ဖြန်း"

ကြမ်းပြင်သို့ (၃) ချက် ရိုက်လို သည်။ လူနာမိန်းကလေးသည် မခံ လောက်အောင် နာကျင်သွားလေသည်

"ကြောက်ပါပြီ ဆရာ။ မရိုက်ပါ ဆရာ။ ကျွန်တော်ပြောပါတော့မယ်"

"အေးအေး - မင်းဘယ်သူလဲ"

"ကျွန်တော် ကျောက်ခဲပါ"

"ဘယ်ကကျောက်ခဲလဲ။ မြန်မြ ပြော"

"ဟိုလမ်းဘေးကညောင်ပင်မှာ တာပါ။ သူတို့ ငါ့ပစ္စည်းကို ယူထား လိုက်လာတာ"

"ဘာပစ္စည်းလဲပြော"

"ခြုံထည်ပါ"

"ဘာခြုံထည်လဲ ပြော။ ဘယ် ပတ်သက်တာလဲ"

"ငါတို့လင်မယားက ညောင်ပင် နတ်စင်မှာနေကြတာ။ နတ်ကိုဆက် ခြုံထည်ကိုလူတွေကယူပြီး ဈေးမှာရော စားတယ်။ ဒီအိမ်ကလူတွေက ဒီခြုံထည် ကိုဝယ်လာတယ်။ ငါတို့ခြုံထည်ရှိ အိမ်ကို ငါတို့လိုက်လာတာ"

"အေး - မင်းပြောတာမှန်ရင် မင်း ဖြစ်ချင်တာလုပ်ပေးမယ်"

"ဒီခြုံထည်ကို နတ်စင်ပြန်ပို့ပေး ပါ"

"ကောင်းပြီ၊ ပြန်ပို့ပေးမယ်"

ဤသို့ လင်တော်မောင် သ ကျောက်ခဲဝင်ပူး၍ပြောသွားလေသည် ကျောက်ခဲထွက်သွားပြီး ၎င်း၏မိန်းမဝင် ပူးပြန်သည်။

"ဆရာ၊ ဆရာ ကျွန်မ ကျောက် မိန်းမပါ။ ကူညီပေးပါ ဆရာ"

"လာပြန်ပြီ တစ်ယောက်။ ပြော ငါဘာကူညီရမလဲ"

"ကျွန်မတို့လင်မယားနေစရာမ ဘူး"

"နင်တို့နေစရာမရှိတာ ငါဘာ တတ်နိုင်မှာလဲ"

"ဆရာပုတီးသွားစိပ်တဲ့ကျောင်း အလှူလုပ်ပေးပါ။ ကျွန်မတို့လင်မယ ကို အမျှပေးပါ။ ကျွန်မတို့သာဓုခေါ်ချင် လို့"



www.burmeseclassic.com

www.burmeseclassic.com

"အေး - ကောင်းပြီ။ မနက်ဖြန် (၁၀) နာရီ ကျောင်းကိုလာခဲ့ကြ။ နင်တို့ ကောင်းတာတွေလုပ်ပေမယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကဲ - နင်တို့လည်း လိုတာရပြီ။ နောက် ကာယကံရှင်ကို ပူးခြင်း၊ ခွာခြင်း မလုပ်ရ။ ငါဆရာအမိန့်နာခံရမယ်။ ဗိုဒ္ဓာရှစ်သောင်း ဆရာတို့၏အမိန့်၊ အဘ အောင်မင်းခေါင်၏အမိန့်"

ကျွန်ုပ် အမိန့်ထုတ်ပြန်၍ သရဲ လင်မယားကို မောင်းထုတ်လိုက်လေသည်။ လူနာမှာ ဘုရားကျောင်းဆောင် ကို ဦးချ၍ မူလပကတိစိတ်ဝင်လာလေတော့သည်။

ထိုအခါ ကျော်ကျော့်ယောက္ခမ ကြီးသည် မှိုရသောမျက်နှာ၊ အားကိုး သောအမူအရာ၊ အထင်ကြီးသောစိတ် တို့ဖြင့် ကျွန်ုပ်အား လှိုက်လှိုက်လှဲလှဲ ကြီးပြောတော့သည်။

"ဆရာရယ်၊ ဒီခြံထည်လေးပေါ့။ သမီးဖြစ်သူက ဈေးချိုတယ်ဆိုပြီး ဈေး ဝယ်လာတာ။ ဒီခြံထည်ကိုစွဲပြီး သရဲ လင်မယား အိမ်လိုက်လာတယ်"

"ဒီကလေးမက ညောင်ပင်နားက ဘော်စင်မှာဘာသွားလုပ်တာလဲ"

"ဒီကလေးမက ညောင်ပင်နားက ဘော်စင်မှာ စက်ဘီးလဲတာ။ လဲရင်းနဲ့ သူတို့ ပူးကပ်တော့တာပဲ ဆရာ"

"ဒီသရဲလင်မယားက ကျောက်ခဲ တို့ပြောတယ်"

"ကျောက်ခဲလင်မယားက ညောင် ပင်နားမှာ အသတ်ခံရတာ။ ဘာလို့ သတ်တာလဲမသိဘူး။ သူတို့လင်မယား နေတဲ့အိမ်ကိုလည်း မီးရှို့ပြီးရေမျှောလိုက် ကြတယ်။ အဲဒါတကယ့်အဖြစ်အပျက်ပဲ ဆရာ"

"အေး၊ အေး - ဒါဆို မနက်ဖြန် ဆန်ဆုဘုရားမှာ ဆွမ်းသွားပို့ပါ။ ကျောက်ခဲလင်မယားလည်း ခေါ်သွား။ သူတို့ကို အမျှပေးလိုက်"

"ဟုတ်ကဲ့ ဆရာ။ အဲဒါနဲ့ ဒီခြံ ထည်ကြီးကိုဘယ်လိုလုပ်ရမှာလဲ"

"ကျော်ကျော်ရေ၊ ဒီခြံထည်ကို ညောင်ပင်ကနတ်စင်ကိုပြန်ပို့ပေးလိုက်"

ဤသို့ဖြင့် ကျွန်ုပ် မလုပ်ချင်သော ယောဂကုဆရာကို လုပ်လိုက်ရပြန် သည်။ ကျွန်ုပ်၏သတင်းသည် ရပ်ကွက် ထဲတွင်မက မာန်ဆူဆရာတော် ကျောင်းအထိ ကျော်ကြားလေတော့ သည်။

အဏ္ဏဝါလှိုင်း

# မျက်စိကျိန်းလျှင် အလွယ်ဆုံးဆေး

ပရိသတ်အတော်များများ မျက်စိ ကျိန်းဖူးကြပါမည်။ မျက်စိကျိန်းဖူးသူ တိုင်း နည်းအမျိုးမျိုးဖြင့် ကုသကြပါ သည်။ ဤနည်းအမျိုးမျိုးထဲမှ ငွေတစ် ကျပ်မှမကုန် လက်တွေ့ပျောက်သော ဆေးမြီးတိုအား ဖော်ပြပေးလိုက်ပါ သည်။

မှတ်မှတ်ရရ ကိုစိုးငယ်ငယ် (၄) တန်းကျောင်းသားတွင် မျက်စိ (၂) လုံး စကျိန်းပါသည်။ တစ်ပတ်ခန့်ကြာသော အခါ မျက်လုံးများသည် နီရဲစွာအရောင် ထွက်၍ မျက်ချေးများထွက်ခြင်း၊ မနက် မိုးလင်းလျှင် မျက်ချေးများပိတ်ဆို့ထား ၍ မျက်စိမဖွင့်နိုင်ခြင်း၊ အလင်းရောင် မကြည့်နိုင်ခြင်း၊ မျက်ရိုးများကိုက်၍ ရောဂါသည်းလာပါသည်။

(၄) တန်း ကျောင်းသားသည် ကျောင်းပျက်၍မရ။ အစိုးရစစ်ဖြစ်၍ မျက်စိနာနေသော်လည်း ပေ၍ကျောင်း တက်ခဲ့ရ၏။ ထိုအခါ အတန်းပိုင်ဆရာမ သည် ကိုစိုးအားမြင်၍ သနားသွားပုံရ သည်ထင်၏။ ခွင့်တိုင်၍ အိမ်တွင် နား နားနေနေ ဆေးကုရန်နှင့် နောက်ကျ သောစာများအား အနီးဆုံး သူငယ်ချင်း ထံမှ ငှား၍ကူးရန်၊ ရောဂါပျောက်မှ ကျောင်းပြန်လာရန်ပြောကာ အိမ်ပြန် လွှတ်ခဲ့၏။

အိမ်ရောက်၍ အမေ့အား အကျိုး အကြောင်းပြောရာ အမေမှ -

"ငါ့သား မျက်စိကျိန်းတာ တစ် ပတ်လောက်ရှိပြီ။ အမေလည်း ပျောက် မယ်ထင်တာနဲ့ ပေါ့ပေါ့နေလိုက်တာ ကြာလေဆိုးလေ။

ကဲကဲ - ငါ့သား ဆီးသွားရင် ခွက် သန့်သန့်နဲ့ခံထား။ အဲဒါ ခဏခဏမျက် စဉ်းခတ်ပေး၊ ပျောက်တယ်"

ဟု အမေနည်းပေး၏။

ကိုစိုးသည် ထိုနေ့မှစ၍ ကျင်ငယ် ရေအား မျက်စဉ်းခတ်ရာ (၃) ရက်ပြည့် သောနေ့တွင် မျက်လုံးများ ပြန်ဖွေး၍ သက်သာ ပျောက်ကင်းကာ ကျောင်းပြန် တက်နိုင်ခဲ့၏။

နောက်ထပ်တစ်ကြိမ် အသက် (၂၁) နှစ်တွင် ကိုစိုးသည် အင်းတော်မြို့ ၌ ဝန်ထမ်းငယ်ဘဝနှင့် တာဝန်ထမ်း ဆောင်စဉ် မျက်စိ (၂) လုံး ကျိန်းပြန်၏။ လူပျိုအရွယ် ဤအချိန်မျက်စိကျိန်းခြင်း သည် အဆိုးဆုံးခံစားရ၏။ ထိုစဉ်အခါ မျက်စိကျိန်းသူ ကိုစိုးတစ်ဦးတည်းမက မိတ်ဆွေအတော်များများ မျက်စိကျိန်း နေချိန်လည်း ဖြစ်၏။

မှတ်မှတ်ရရ ကိုစိုး၏မျက်စိသည် ရက် (၂၀) ကျော်လွန်၍ မျက်စိနှစ်လုံး အထိမခံနိုင် နာကျင်စွာ ခံစားနေရသ ဖြင့် ရုံးမှခွင့်ယူကာ အမေရှိရာ ကန့်ဘ လူသို့ ပြန်ခဲ့ရ၏။

အမေ့ထံသို့ ရောက်သောအခါ အမေသည် ကိုစိုး၏ ဝေဒနာအားကြည့် ၍ အတော်စိတ်မကောင်းဖြစ်ရှာ၏။ ဤ တွင် စာတစ်လုံးမှမတတ်သော အမေ သည် အမှတ်သညာကောင်းကြောင်း သက်သေပြလိုက်၏။

"ဟဲ့ငါ့သား၊ နင်ငယ်ငယ်တုန်းက မျက်စိကျိန်းတော့ နင့်ရဲ့ကျင်ငယ်ရေ ခတ်လို့ ပျောက်ခဲ့တယ် မဟုတ်လား။ အဲဒီကျင်ငယ်ရေနဲ့ခတ်ကြည့်စမ်း"

ကိုစိုးသတိလုံးလုံးမပေါ်ပါ။ ယခု အမေပြောမှ သတိပြန်ရာ ကျင်ငယ်ရေ အား ထိုနေ့မနက်စောစောမှစ၍ ခဏ ခဏခတ်ပေးရာ (၅) ရက်ပြည့်သောနေ့ တွင် အကောင်းပကတိဖြစ်၍ ပျောက် ကင်းတော့၏။

ရောဂါပြင်း၍သာ (၅) ရက်ကြာ ပြီး ရောဂါနုလျှင် (၂) ရက်၊ (၃) ရက် ဆိုလျှင် ပျောက်ပါသည်။ ကိုစိုးထံသို့လာ သော မျက်စိကျိန်းသူ ကလေး၊ လူကြီး ဤနည်းတစ်မျိုးနှင့်ကုပေးရာ မပျောက် သောသူမရှိဘူးသေးပါ။

မနက်အိပ်ရာထ ပထမဦးဆုံး ကျင်ငယ်ရေအား ခွက်သန့်သန့်နှင့်ခံ၍ မကြာမကြာခတ်ပေးရန်သာဖြစ်ပါသည်။

ကျင်ငယ်ရေသည် ရွံ့စရာမဟုတ် ပါ။ သူ့ကို တို့သောက်ကြည့်လျှင် ငန်၍ မျက်စဉ်းခတ်လျှင်စပ်ပါသည်။ ထွန့်ထွန့် လူးမစပ်၊ အသင့်တင့်သာစပ်ပါသည်။ နို့စို့အရွယ်ကလေးငယ်များအား သူတို့ ၏ မနက်စောစော ကျင်ငယ်ရေနှင့်ခတ် ပြီး နာရီများခြား၍ မိခင်နို့ရည်ကြားညှပ် ခတ်ပေးပါ၊ လက်တွေ့ပျောက်ပါသည်။

စိုးမင်း (မြောက်စည်း)



www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာမြေပြင်၌ရှိသော လူသားများ၏စိတ်သန္တာန်၌ အတ္တဝါဒီနှင့်ပရဝါဒီဆိုသည့် သူ့အကျိုး ကိုယ့်အကျိုးဝါဒများ ဒွန်တွဲနေပါသည်။ တချို့သောလူသားများ၌ အတ္တဝါဒီနှင့် ပရဝါဒီတို့ မျှတသော်လည်း အချို့သူများမှာ အတ္တဝါဒီအစွန်းရောက်သူများလည်း ရှိပါသည်။ အတ္တဝါဒီအစွန်းရောက်သမား[illegible]အဘဝသို့ရောက်လျှင် [illegible]တ်သက်ဲ့သို့ စာနာခြင်း[illegible] မျက်ကွယ်ပြုထားတတ်ပါသည်။

# ရိုရိုငွေး

## ဖကီးကြီး၏မြွေဆိုးကျိန်စာ



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း လောကကြီး၌ ပြောင်းလဲဖောက်ပြန်ခြင်းမရှိသော ပရမတ္ထတရားရှိပါသည်။ ထိုတရားကို 'လောကသစ္စာ' ဟုလည်း ခေါ်ပါသည်။ လောကသစ္စာ၌ အကျိုးနှင့်အကြောင်း၊ အဆိုးနှင့် အကောင်းဆိုသည့် အရာများ ရှိပါသည်။ ကောင်းရာကောင်းကြောင်း လုပ်သောသူများသည် ကောင်းမြတ်သည့် အကျိုးကျေးဇူးကို ခံစားရမည်ဖြစ်ပါသည်။ အတ္တဝါဒီလွန်ကဲကာ မစာနာတတ်သည့် ဆိုးဝါးသောအဖြစ်ကို ကျူးလွန်သူသည် ဆိုးကျိုးကိုခံရစမြဲပင် ဖြစ်ပါသည်။ တူ[illegible]ခန်းက ထုခဲ့သမျှ ပေဖြစ်သောနေ့[illegible] ထိုအဖြစ်ဒဏ်ကိုခံရမည်ဖြစ်ပေသည်။ [illegible] လောကသစ္စာတရား၏ ဒဏ်ခတ်သောနေ့ကို မလွဲမသွေ ရောက်ရှိမည်မှာ အမှန်ပင်ဖြစ်ပေမည်။

အတ္တဝါဒီလွန်ကဲကာ မာနတံခွန်ထူပြီး ထင်[illegible]သော အင်္ဂလိပ်မျက်နှာဖြူအရာရှိ[illegible]သည် ဗြိတိသျှနယ်ချဲ့များ အုပ်စိုး[illegible]လက သစ္စာတရား၏ဒဏ်ခတ်ခြင်း[illegible] လူလူကြီးခံရသည့် ဖြစ်ရပ်ဆန်းတစ်ခု မြန်မာပြည်၌ ဖြစ်ပွားခဲ့ပါသည်။ ထိုဖြစ်ရပ်မှာ လွန်စွာထူးဆန်းပြီး သဘာဝလွန်ဖြစ်ရပ်ဖြစ်၍ မျက်နှာဖြူအသိုင်းအဝိုင်းတစ်ခုလုံး ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်တကြားဖြစ်ခဲ့ပါသည်။

ထိုအဖြစ်အပျက်မှာ လွတ်လပ်ရေးမရမီ ဆယ်နှစ်ကျော်ခန့်က ဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှအစိုးရ အုပ်ချုပ်ခဲ့သည့်အချိန်ကာလဖြစ်ပါသည်။ ၎င်းဗြိတိသျှအစိုးရသည် ထိုအချိန်အခါက အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံကို လက်အောက်ခံ ကိုလိုနီနိုင်ငံအဖြစ် သိမ်းပိုက်ထားပါသည်။

မြန်မာနိုင်ငံရှိ အရေးပါသည့် ဌာနဆိုင်ရာများတွင် အင်္ဂလိပ်လူမျိုးများကိုသာ အရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။ ယခုလည်း ပုလိပ်အရာရှိ အင်စပက်တော်အဖြစ် မစ္စတာဂျိုနသန်ကို ခန့်အပ်ခဲ့ပါသည်။ ဂျိုနသန်မှာ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် ရုပ်ရည်ချောသူ ဖြစ်ပါသည်။ သူသည် အင်္ဂလန်နိုင်ငံရှိ ပုလိပ်ဆတ်ကျောင်းဆင်းအရာရှိဖြစ်သည်။ လူပုံကချောမောပြီး အဝတ်အစားဝတ်ဆင်ရာတွင် သေသေသပ်သပ်ရှိသည်။ သို့သော် သူသည် အလွန်မာနကြီးသည်။

ပုလိပ်အရာရှိပီပီ ပြစ်မှုများကို စစ်ဆေး[illegible]။ စစ်ဆေးရာတွင် လက်သံပြောင်ပြောင်နှင့် ရိုက်နှက်စစ်ဆေးသည့်အတွက် သူရိုက်သည့်ဒဏ်ကို မခံနိုင်သည့်အဆုံးတွင် လူကောင်းများကလည်း အပြစ်ရှိသည်ဟု ဝန်ခံကြရသည်။ ထို့ကြောင့် အပြစ်မရှိဘဲ စကားတိုင်တက်ရသည့်လူများစွာရှိလာခဲ့သည်။ ထိုအပြင် လယ်သမားများ အခွန်အခကျေမပေးနိုင်ပါက ထိတ်တုံးခတ်ခြင်း၊ အစာငတ်ထားခြင်းဖြင့် မညှာမတာနှိပ်စက်စီးနင်းဆက်ဆံခဲ့သည့်အတွက် ဂျိုနသန်ကို



www.burmeseclassic.com

www.burmeseclassic.com

လယ်သမားများက 'ဂျိုကြီး' လူ့တိရစ္ဆာန်ဟု အမည်ပေးခဲ့ကြသည်။

သူနှင့် ဆန့်ကျင်ဘက်မှာ 'ဖကီးကြီးချန်ဒရီ' ဖြစ်သည်။ ဖကီး ဆိုသည်မှာ အိန္ဒိယယောဂီဖြစ်ပြီး ဆာဒူးကြီးကဲ့သို့ တရားကျင့်နေသူ ဖြစ်သည်။ ဖကီးကြီးအား ဆာဒူးများကဲ့သို့ တရားတစ်မျိုးတည်း ကျင့်ကြံသူ မဟုတ်ချေ။ ၎င်းတို့၏ အိန္ဒိယယောဂီပညာဖြင့် ဆေးကုသပေးခြင်း၊ ဗေဒင်ဟောခြင်းကိုလည်း ပြုလုပ်ပေးခဲ့သည်။ ထိုစဉ်က အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံမှာ ကိုလိုနီအချင်းချင်းနိုင်ငံဖြစ်၍ အိန္ဒိယပြည်မှ လူအများက မြန်မာနိုင်ငံသို့ တံခါးမရှိဓားမရှိ ဝင်ထွက်သွားလာနိုင်သည့်အချိန် ဖြစ်လေသည်။ ဖကီးကြီး ချန်ဒရီမှာ ဟိမဝန္တာ၌ ယောဂီပညာများကို ကျင့်ကြံအားထုတ်ခဲ့သည်။ သူသည် အိန္ဒိယပြည်တွင်း၌ လှည့်လည်ကာ ဆေးကုသခြင်း၊ ဗေဒင်ဟောခြင်း၊ ဆင်းရဲသူများအား စွန့်ကြဲပေးကမ်းခြင်းများ ပြုလုပ်ပေးခဲ့သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

ရန်ကုန်သို့ရောက်နေစဉ်အတွင်း ဖကီးကြီးချန်ဒရီသည် စူရတီဘဇားဟုခေါ်သော ယခု သိမ်ကြီးဈေးတစ်ဝိုက်တွင် လည်းကောင်း၊ မဂိုလမ်းဟုခေါ်သော ရွှေဘုံသာလမ်းတစ်လျှောက်တွင်လည်းကောင်း လှည့်လည်နေထိုင်လျက်ရှိပါသည်။ သို့သော် ယခုရန်ကုန်မြို့တွင်း၌ရှိနေသော်လည်း ချက်ချင်းဆိုသလို အင်းစိန်တွင် ရောက်ချင်လည်း ရောက်နေတတ်သည်။ သို့တည်းမဟုတ် ပဲခူးမြို့၌လည်း သူ့ကိုတွေ့ရတတ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သနပ္ပင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးသည့် ကျေးရွာများစွာရှိပါသည်။ ထိုလယ်ကွင်းများအနက် ကုလားကွင်းတွင် ထူးထူးခြားခြားဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ပါသည်။ ထိုစဉ်က ထိုနေရာရှိ လယ်မြေများစွာပိုင်ဆိုင်သူမှာ အပ္ပနား ဆိုသည့် ချစ်တီးကုလား ဖြစ်သည်။ ချစ်တီးပိုင် လယ်မြေများမှာ လက်ညှိုးထိုးမလွဲအောင် ကျယ်ဝန်းလှသည်။ ထိုချစ်တီးကား လွန်စွာ လောဘကြီးသူ ဖြစ်သည်။ သူသည် လယ်စာရင်းငှားများကို အတိုးကြီးကြီးဖြင့် ငွေချေးလေ့ရှိသည်။ ငွေပြန်မဆပ်နိုင်ပါက ၎င်းတို့ပိုင်သည့်နွားများနှင့် အိမ်ဝိုင်းကို အကြွေးနှင့်သိမ်းယူလေ့ရှိသည်။

ယခုလည်း စာရင်းငှား ဦးကျော်ကြီးမှာ အပ္ပနားဆီမှ ငွေချေးယူပြီး ပြန်မဆပ်နိုင်သဖြင့် ချစ်တီးက အကြွေးနှင့် သိမ်းရန် ရောက်လာခဲ့သည်။ တခြားသူများကဲ့သို့ အကြွေးနှင့်သိမ်းရန် နွားများလည်း မရှိ။ အိမ်ဝိုင်းလည်း မရှိပေ။ လယ်တောအစပ်၌ ပြိုလဲလုလုတဲငယ်လေးတစ်လုံးသာရှိသည်။ သို့သော်လည်း အပျိုဖော်ဝင်စလှပသောစန်းမေဆိုသည့် သမီးလေးတစ်ယောက်သာရှိလေသည်။ ချစ်တီးက ဦးကျော်ကြီးထံမှ အဖိုးတန်ပစ္စည်းများ သိမ်းယူစရာမရှိသောအခါ စန်းမေကိုသိမ်းမည်ဟုဆိုကာ သူ့တပည့်နှစ်ယောက်အား အတင်းဆွဲခိုင်းခဲ့သည်။ အခြားလယ်သမားများမှာလည်း ဝင်မဆွဲရဲသဖြင့် စောင့်ကြည့်နေစဉ် ဖကီးကြီးချန်ဒရီ ရောက်ရှိလာခဲ့သည်။

"ဟေ့ကောင်တွေ၊ အခုချက်ချင်းရပ်လိုက်"

ဟူ၍ ကုလားစကားဖြင့် လှမ်းပြောလိုက်ရာ အပ္ပနား အပါအဝင် တပည့်နှစ်ယောက်မှာ အံ့အားသင့်သွားသည်။ နောက်မှ အပ္ပနားမှာ သတိရသွားပြီး -

"ဖကီးကြီး၊ အသင်နဲ့ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ"

"မင်းဟာ အတိုးကြီးကြီးယူပြီး အဲဒီ ပိုက်ဆံမဆပ်နိုင်တော့ ဒီကောင်မလေးကို အကြွေးနဲ့သိမ်းဖို့ ဝိုင်းဆွဲနေတာ မဟုတ်လား"

"ဟုတ်တယ်"

"သင့်ရဲ့လုပ်ရပ်က အလွန်အောက်တန်းကျတယ်။ သင့်မှာ မိန်းမကြီးရှိရက်နဲ့ ဒီကောင်မငလေးရဲ့ဘဝကို မဖျက်ဆီးပါနဲ့"

"ဖကီးကြီး၊ ဒီကိစ္စက မင်းနဲ့မဆိုင်ဘူး။ ဝင်မပါပါနဲ့"

"ဒုက္ခရောက်နေရင် ကယ်တင်ရမှာ ငါ့အလုပ်ပဲ"

"ကျုပ်ကိစ္စမှာဝင်ရှုပ်ရင် ခင်ဗျားရဲ့ ခေါင်းကို ကျုပ်တပည့်တွေက ရိုက်ခွဲပစ်လိမ့်မယ်"

"ကြည့်ကြသေးတာပေါ့ကွာ"

"ကဲ-ငါ့တပည့်တို့၊ သူများကိစ္စကို မဆိုင်ဘဲဝင်ရှုပ်တတ်တဲ့အကျင့်ပျောက်အောင် အဲဒီဖကီးကြီးရဲ့ ခေါင်းကိုရိုက်ခွဲပစ်လိုက်"

ဟု အမိန့်ပေးလိုက်ရာ ကုလားလူမိုက်နှစ်ဦးမှာ တုတ်ကိုင်ပြီး ဖကီးကြီးဆီသို့ ပြေးလာခဲ့သည်။

ထိုစဉ် ဖကီးကြီးမှာ လက်ဝါးပေါ်သို့ ဆေးမှုန့်အနည်းငယ်တင်ပြီး မှုတ်လိုက်ရာ မီးခိုးငွေ့များ ပေါ်ထွက်လာ

သည်။

ကုလားသုံးဦးမှာ မီးခိုးငွေ့များ ရှ

ပြီးနောက် သူတို့သုံးယောက်စလုံး စိတ်

ဖောက်ပြန်သွားကာ ငွေချေးထားသည့်

စာချုပ်ကို တစ်စစီဖြစ်အောင် ဆွဲဖြဲပြီး

ကုလားသီချင်းများအော်ဆိုပြီး ကုလား

က,ကနေရာ ရပ်၍မရအောင် ဖြစ်နေပါ

သည်။

ထိုအခါ အပ္ပနားက -

"ဖကီးကြီး၊ ကျုပ်တို့မှားမှန်းသိပါ

ပြီ။ ကတာကိုရပ်ပေးပါ"

ဟု တောင်းပန်ရာ ဖကီးကြီးမှ -

"မင်းတို့သုံးယောက်စလုံး နောက်

ကို ဒီတဲကိုမလာနဲ့။ လာရင် ဒီထက်ပို

သွားမယ်"

ဟု လှမ်းအော်ပြောလိုက်သည်။

အပ္ပနားတို့သုံးဦးမှာလည်း ဖကီး

ကြီး၏ စကားအဆုံးတွင် သတိပြန်ရပြီး

အကရပ်သွားပါသည်။ သူတို့သည် တစ်

ခဏတာ အရူးဘဝကိုရောက်သွားသည့်

အတွက် ထိုကိစ္စကို ဆက်မလုပ်ရဲတော့

ဘဲ ထိုလယ်တဲမှ ထွက်ပြေးသွားခဲ့ကြပါ

သည်။

စန်းမေနှင့်တကွ မိဘနှစ်ပါးမှာ

လည်း ဖကီးကြီးကို ကျေးဇူးတင်

သဖြင့် ထိုင်ကန်တော့ခဲ့ကြပါသည်။

ထိုအချိန်မှစ၍ ဖကီးကြီးသတင်း

မှာ ကျော်ကြားလာပြီး အားလုံး

လေးစားလာကြပါသည်။ ထိုကျေးရွာ

တစ်ဝိုက်ရှိ လယ်သမားများကလည်း

မြန်မာအမျိုးသမီးတစ်ဦး၏ အရှက်

တရားကို ကယ်တင်ခဲ့သည့် ဖကီးကြီး

မုန့်များ၊ ငှက်ပျောသီးများနှင့် ကန်တော့

ခဲ့ကြပါသည်။ သို့ဖြင့် ပဲခူးနယ်တစ်ဝိုက်

တွင် ဖကီးကြီး၏ ဂုဏ်သတင်းမှာ

ကျော်စောခဲ့သည်။

ဖကီးကြီးသည် နောက်တစ်နေ့

ညတွင် မဂိုလမ်းရှိ ဟိန္ဒူဘုရားကျောင်း

သို့ ရောက်ရှိလာခဲ့သည်။ ထိုနေ့ညတွင်

မဂိုလမ်းရှိ စိန်ဘာဘူတိုက်ကို ဓားပြ

တိုက်ရာ စိန်ဘာဘူက ခုခံသဖြင့် ဓား

များက စိန်ဘာဘူတို့ ဇနီးမောင်နှံ

သတ်ပစ်လိုက်ကြလေသည်။ ပုလိပ်များ

မရောက်မီ ဓားပြများထွက်ပြေးသွား

သည်။ ဖကီးကြီးမှာ ထွက်ပြေးသွားသည့်

ဓားပြသုံးယောက်ကို လှမ်းမြင်လိုက်

သည်။ သူတို့သုံးယောက်စလုံးမှာ

ဝဝဖိုင့်ဖိုင့်ဖြစ်သည်။

ထို့နောက် စိန်ဘာဘူသ

အတွက် ပုလိပ်အဖွဲ့တစ်လုံး အဆုံ



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ထိုဓားပြသုံးယောက်စလုံးမှာ အချိန်အတော်ကြာအောင် စုံစမ်းမရဖြစ်နေသည်။ ပုလိပ်အဖွဲ့ကြီးမှ ဤအမှုမှာ ကြန့်ကြာနေသဖြင့် အမှုမှန်ပေါ်ရေးအတွက် ပုလိပ်အရာရှိများကို တွန်းအားပေးခဲ့ပါသည်။ ထိုအမှုကိုလိုက်သူမှာ အင်စပက်တာဂျိုနသန်ဖြစ်ပြီး ၎င်းပုလိပ်အဖွဲ့မှ စုံစမ်းရာ စူလတီဘဇားတွင် အလုပ်ကြမ်းလုပ်သည့် ရွှေသိန်းဆိုသူသည် ထိုဓားပြအဖွဲ့တွင် ပါဝင်သည်ဟု သံသယရှိကြောင်း တင်ပြသဖြင့် ဂျိုနသန်က ရွှေသိန်းကို ဖမ်းဆီးခဲ့သည်။

ရွှေသိန်းမှာ ပိန်ပိန်ပါးပါး၊ အရပ်ခပ်မြင့်မြင့်ဖြစ်ပြီး အသက် (၂၅) ခန့်ရှိသည်။ ၎င်းမှာ မိခင်အိုကြီးကို အလုပ်ကြမ်းလုပ်ပြီး ရှာဖွေလုပ်ကိုင်ကျွေးနေသူဖြစ်သည်။ ဖကီးကြီးကိုလည်း ဖယောင်းတိုင်၊ အမွှေးတိုင်များ လာရောက် လှူဒါန်းလေ့ရှိသည်။ ရွှေသိန်း အဖမ်းခံရသည့်အတွက် ရွှေသိန်း၏ အမေကြီးမှာ စားဝတ်နေရေး ချို့တဲ့လာသဖြင့် ဖကီးကြီးထံရောက်လာပြီး-

"သားလေးဟာ အလုပ်ကြမ်းလုပ်ပြီး အမေ့ကိုလုပ်ကိုင်ကျွေးမွေးနေသူပါ။ ဓားပြအဖွဲ့ထဲမှာ မပါပါဘူး။ အဲဒါ သားလေးကို အချုပ်ကလွတ်အောင် ပြောပေးပါ"

ဟု ရွှေသိန်း၏ မိခင်ကြီးက ပြောခဲ့သည်။

ဖကီးကြီးကလည်း -

"အဲဒီညက ဓားပြတိုက်တဲ့သူတွေ ကျုပ်ကိုယ်တိုင် မြင်လိုက်တယ်။ မင်းရဲ့ သားမဟုတ်မှန်း ငါသိတယ်။ ဒီတော့ ကျုပ် အင်စပက်တော် ဂျိုနသန်ကိုသွား ပြောပေးမယ်"

"ကောင်းပါပြီ ဆရာကြီး၊ ဆရာကြီးရဲ့ ကျေးဇူးကို မမေ့ပါဘူး"

"အိမ်း - စိတ်ချမ်းသာစွာနေပါ"

ဤသို့ပြောပြီးနောက် အင်စပက်တော် ဂျိုနသန်၏ရုံးသို့သွားရာ ဖကီးကြီးကို ဝင်ခွင့်မပေးပေ။ ဖကီးကြီးသည် အင်စပက်တော် ရုံးဆင်းသည့်အထိ ကြာရှည်ရှည်နှင့် ထိုင်စောင့်နေခဲ့သည်။ ညနေ လေးနာရီထိုးသောအခါ အင်စပက်တော်ဂျိုနသန်မှာ ရုံးပေါ်မှဆင်းလာသည်။ ဖကီးကြီးသည် ဂျိုနသန်ဆီသို့ အပြေးသွားကာ -

"အင်စပက်တော်ခင်ဗျား၊ ကျုပ်ကို ခဏအနည်းငယ်ပြောခွင့်ပြုပါ"

"ပြောပါ"

"မဂိုလမ်း စိန်ဘာဘူလင်မယား အသတ်ခံရတဲ့ဓားပြမှုမှာ အခုဖမ်းထားတဲ့ ရွှေသိန်းဟာ တရားခံမဟုတ်ပါဘူး။ တရားခံသုံးဦးစလုံးကို ကျုပ်မြင်လိုက်တယ်။ သုံးယောက်စလုံး ဝဝဖိုင့်ဖိုင့်တွေချည်းပဲ။ ရွှေသိန်းဟာ စူလတီဘဇားက အလုပ်ကြမ်းသမားပါ။ ပုလိပ်တွေက တရားခံမဖော်နိုင်လို့ ရွှေသိန်းကိုဆွဲထည့်တာပါ။ ရွှေသိန်းဟာ အမေအိုကြီးကို လုပ်ကိုင်ကျွေးမွေးနေသူပါ။ ဒါကြောင့် တရားခံမဟုတ်တဲ့ ရွှေသိန်းကို လွှတ်ပေးပါ"

ဟု တောင်းပန် ပြောဆိုခဲ့သည်။

ထိုအခါ ဂျိုနသန်က -

"မင်းဟာ သူတော်စင်လိုလို၊ ဘုန်းကြီးလိုလိုလုပ်နေတဲ့သူမဟုတ်လား။ မင်းနဲ့ဓားပြမှုနဲ့ဘာဆိုင်လို့ဝင်ပြောရတာလဲ။ မင်းပြောတိုင်းကော ငါကယုံရမှာလား"

"မကြာခင် အဲဒီဓားပြတွေဟာ ပုလိပ်အဖွဲ့ကိုလာပြီး ဝန်ခံပါလိမ့်မယ်"

"ဒီလိုအတပ်ပြောရအောင် မင်းနဲ့ ဓားပြအဖွဲ့ပတ်သက်မှုရှိလို့လား"

"အမှန်တရားဘုရားသိပါတယ်"

"ဘာပဲဖြစ်ဖြစ် အဲဒီအမှုဟာ လူသတ်မှုဖြစ်တယ်။ မင်းနဲ့မဆိုင်ရင် ဝင်မရှုပ်ပါနဲ့။ မင်းကိုပါ အချုပ်ချပစ်လိုက်မယ်"

ဟု ဂျိုနသန်က ကြိမ်းမောင်းလိုက်သည်။

ဖကီးကြီးမှာ ဂျိုနသန်၏စကားကို အရေးမထားပေ။ ညနေရုံးဆင်းချိန်တိုင်း စောင့်၍ပြောရာ နောက်ဆုံးတွင် ဖကီးကြီးကိုပါ မသင်္ကာမှုနှင့် အချုပ်ချထားလိုက်သည်။ အချုပ်ထဲတွင် ရွှေသိန်းနှင့် တွေ့ရာ ရွှေသိန်းက -

"အရှင် ဘယ်လိုကြောင့် အချုပ်ထဲရောက်လာတာလဲ"

ဟု မေးသဖြင့် အကြောင်းစုံရှင်းပြရာ ရွှေသိန်းက -

"အရှင် ချန်ဒရီ၊ ကျွန်တော်ဟာ တရားခံမဟုတ်မှန်းသိရက်နဲ့ သံသယနဲ့ ချုပ်နှောင်ထားတာပါ။ ဒီလိုဖြစ်ရတာ ရှေးဘဝက ဝဋ်ကြွေးလို့ ထင်ပါတယ်။ ကျွန်တော်ကို ပြောမပေးပါနဲ့။ အရှင်ပဲ လွတ်အောင်လုပ်ပါ"

"ကျုပ် ဓားပြတွေကို တွေ့လိုက်တယ်။ အခု သူတို့အဝေးရောက်နေကြတယ်။ မကြာမီမှာ သူတို့အဖမ်းခံရအောင် ကျုပ်ရဲ့စိတ်ညှို့ပညာနဲ့ညှို့ထားတယ်"

"ဩော် - ဒီလိုလား"

"ဟုတ်တယ်ကွယ့်"

သို့ဖြင့် တစ်ပတ်ခန့်အကြာတွင် နောင်ချိ၌ ပုန်းအောင်နေသော ဓားပြများမှာ မည်သို့မျှမနေနိုင်တော့ဘဲ လာရောက် အဖမ်းခံခဲ့ကြသည်။ ထို့ကြောင့် ဖကီးကြီးကို လွှတ်ပေးလိုက်သည်။ ရွှေသိန်းကိုမူ မလွှတ်သေးဘဲ ချုပ်နှောင်ထားခဲ့သည်။ ဖကီးကြီးမှာ စိတ်ဆိုးပြီး ဂျိုနသန်၏ ညနေရုံးဆင်းချိန်တွင်-

"အင်စပက်တာ၊ ဓားပြမှုကတရားခံတွေလည်းအကုန်မိပြီ။ ရွှေသိန်းကိုဘာကြောင့်မလွှတ်ပေးသေးတာလဲ"

"တကယ်တော့ ရွှေသိန်းကို လွှတ်မလို့ဘဲ။ ဒါပေမယ့် သူ့ကိုလွှတ်လိုက်ရင် မင်းရဲ့အမိန့်ကို နာခံသလိုဖြစ်သွားမှာစိုးလို့ အခုတော့မလွှတ်သေးဘူး။ ရုံးတင်စစ်ဆေးပြီးမှ လွှတ်သင့်ရင်လွှတ်မယ်"

"အင်စပက်တော်၊ ဒါကတော့ မတရားပါဘူး။ လောကမှာ သစ္စာတရားရှိပါတယ်။ သစ္စာတရားရဲ့ ဒဏ်ခတ်မှာ မကြောက်ဘူးလား"

"နည်းပါးမိုင်း၊ ကျုပ်ကိုဘယ်သူကမှ အမိန့်ပေးလို့မရသလို သစ္စာတရားရဲ့ ဒဏ်ခတ်မှာလည်းမကြောက်ဘူး။ ဒဏ်ခတ်မယ်ဆိုရင် ခတ်လိုက်စမ်းပါ။ ခင်ဗျားနဲ့ကျုပ်ဘယ်သူကစွမ်းသလဲဆိုတာကြည့်ရအောင်"

"မင်းဟာ အလွန်မိုက်မဲတဲ့ လူကလေးပဲ"

ထိုသို့ပြောဆိုကာ ဖကီးကြီးလည်း ထိုနေရာမှထွက်ခွာသွားခဲ့သည်။

ဂျိုနသန်မှာ အရာရှိတစ်ဦးပီပီ ညဘက်တွင် ပဲခူးကလပ်၌လည်းကောင်း၊ ဝိုက်ဟောကလပ်၌လည်းကောင်း၊ ဇီဒင်ကလပ်၌လည်းကောင်း အရက်သေစာသောက်စားကာ မျက်နှာဖြူမလေးများနှင့် တွဲကနေတတ်သည်။ ရုံးဆင်းချိန်တွင် ဂျိုနသန်အား မည်သို့မျှ ပြောမရသဖြင့် ညဘက်တွင် ဂျိုနသန်ရှိရာ ပဲခူးကလပ်သို့လိုက်လာကာ ရွှေသိန်းကို လွှတ်ပေးရန် တောင်းဆိုခဲ့သည်။ ထို့နောက် ဖကီးကြီးမှာ မလျှော့သောဇွဲဖြင့် ဝိုက်ဟောကလပ်သို့လိုက်လာရာ ဂျိုနသန်မှာ သူ့အား ဖကီးကြီးမှ လိုက်လံနှောင့်ယှက်သည်ဟုထင်ကာ ဆဲဆိုလွှတ်လိုက်သည်။ မည်သို့မျှ ပြောမရသည်ကို သိသောအခါ ဖကီးကြီးက ဂျိုနသန်အား -

"မင်းဟာ အမှန်တရားကိုပြောလို့မရအောင် ခေါင်းမာတဲ့သူဘဲ။ မင်းမှာ မကြာခင် မင်းလိုခေါင်းမာတဲ့သားလေး တစ်ယောက်ရလိမ့်မယ်။ အဲဒီအခါမှာ



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုလာမရှာနဲ့"

ဟု ပြောဆိုပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထို့နောက် ဖကီးကြီး မလာတော့သဖြင့် ဂျိုနသန်မှာ မေ့မေ့ပျောက်ပျောက်နေခဲ့ရာ တစ်လကျော်ခန့်အချိန်သို့ ရောက်ရှိလာခဲ့သည်။

တစ်ညတွင် ဂျိုနသန်မှာ ဗိုက်ရစ်နာပြီး တစ်ညလုံး ဝမ်းခဏခဏသွားသဖြင့် ၎င်း၏ဇနီးဖြစ်သူ မေရီဂျိုနသန်က -

"ရှင်ဘာတွေအစားမှားလို့လဲမသိဘူး။ ခဏခဏဝမ်းသွားနေရင်မကောင်းဘူး၊ ဆရာဝန်စမစ်ကို ပင့်လိုက်ပါလား"

"အေး - ကောင်းသားပဲ"

ဆရာဝန်စမစ် ရောက်လာပြီး ဆေးကုပေးခဲ့ရာ ဝမ်းမသွားတော့ပေ။ သို့သော်လည်း သူ၏ဗိုက်ကြီးမှာ တစ်နေ့တခြားဖောင်းဖောင်းလာခဲ့သည်။တစ်လခန့်အကြာတွင် ထိုဗိုက်ကြီးမှာ ပူဖောင်းကို လေလျှော့သကဲ့သို့ တဖြည်းဖြည်းပိန်သွားပြီး ချက်နေရာတွင် အဖုကလေးတစ်ခု ထွက်လာခဲ့သည်။ ထိုအဖုလေးမှာ တဖြည်းဖြည်းကြီးလာပြီး တစ်လခန့်အကြာတွင် ရှည်မျောမျောအရာလေးအဖြစ်သို့ ကူးပြောင်းသွားခဲ့သည်။ ထို့မှတစ်ဖန် ထိုအရာကလေးမှာ ရှည်လာပြီးနောက်တစ်လခန့်အကြာတွင် အဖုလေးမှာ မြွေတစ်ကောင်၏ဦးခေါင်းနှင့်သဏ္ဌာန်တူလာခဲ့သည်။ ဂျိုနသန်သည် ဤအရာကိုမြင်ပြီး လွန်စွာစိတ်ဆင်းရဲကာ ဖကီးကြီး၏စကားကို ပြန်လည်ကြားယောင်မိခဲ့သည်။

'မင်းမှာ မကြာခင်မင်းလိုခေါင်းမာတဲ့သားလေးတစ်ယောက်ရလိမ့်မယ်လို့ ပြောတာဟာ ဒီမြွေလေးကို ပြောတာလား။ ငါတော့ ဒီမြွေလေးနဲ့ ဒုက္ခပါပဲ။ ဒီမြွေလေးဟာ အသက်ဝင်လာရင် ငါ့ကို အချိန်မရွေးကိုက်တော့မှာဘဲ'

ထိုနေ့ညက သူသည်ဇောချွေးများပြန်လာအောင် ကြောက်ရွံ့ခဲ့သည်။ သူ့မိန်းမကိုလည်း ပြောပြရန်ဝန်လေးနေမိသည်။ ထို့နောက်မှ အကြံရလာသည်။

'ဒီမြွေအသက်မဝင်မီ ဒေါက်တာစမစ်ကို လှီးထုတ်ခိုင်းရမယ်'

ဤသို့ စဉ်းစားမိစဉ် အသားပိုကဲ့သို့အရာကလေးမှာ လှုပ်ရှားလာသဖြင့် မှန်ထောင်ကြည့်လိုက်ရာ မျက်လုံး၊ နှာခေါင်း၊ ပါးစပ်အပြည့်အစုံနှင့် အသက်ဝင်နေသည့် မြွေကလေးကို တွေ့လိုက်ရသည်။

"ဖြစ်မှဖြစ်ရလေ၊ ငါ့ရဲ့အသားပိုကနေ မြွေဖြစ်သွားပါလား။ ဘယ်သူ့ကို ပြောလို့ယုံမှာလဲ။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ဒေါက်တာစမစ်ဆီကို ပြေးမှာပဲ"

ဂျိုနသန်သည် ညကြီးမင်းကြီး အကျီအဝတ်အစားလဲကာ သူကိုယ်တိုင်ကားမောင်းပြီး ဒေါက်တာစမစ်ဆီသို့ လာခဲ့သည်။

ဒေါက်တာစမစ်မှာ ညသန်းခေါင်းယံအချိန်တွင်ရောက်လာသော ဂျိုနသန်ကို အံ့အားသင့်ကာ -

"ဂျိုနသန်၊ ဘာကိစ္စရှိလို့ ဒီအချိန်ကြီးမှာရောက်လာတာလဲ"

"အရေးတကြီး တိုင်ပင်စရာရှိလို့ပါ"

"ဒါဆိုစည့်ခန်းကိုလာပါ"

စည့်ခန်းသို့အရောက်တွင် ဂျိုနသန်မှာ မိမိ၏အသားမှ မြွေတစ်ကောင်ဖြစ်နေကြောင်းပြောပြရာ -

"ဂျိုနသန်၊ ခင်ဗျားမူးနေတာလား။ မဖြစ်နိုင်တဲ့စကားတွေမပြောပါနဲ့"

"ကျုပ်မူးလည်းမမူးဘူး၊ မဖြစ်နိုင်တဲ့စကားလည်း မပြောဘူး။ ခင်ဗျားမယုံရင် ဒီမှာကြည့်ပါ"

ဟု ပြောဆိုပြီး ဝမ်းဗိုက်ကို လှန်ပြလိုက်ရာ ချက်နေရာတွင် လှုပ်ရှားနေသော လေးလက်မခန့်ရှည်သည့် အသားပိုမှ မြွေအဖြစ်သို့ ကူးပြောင်းနေသည့် ထူးဆန်းသော မြွေကလေးကို မြင်ရသောအခါ-

"အိုး. . . မိုင်ဂေါ့(ဒ်)၊ ကျုပ်တစ်သက်မှာ ဒီလောက်ထူးဆန်းတဲ့ မြွေမျိုး တစ်ခါမှ မမြင်ဖူးသေးဘူး"

"ကိုင်း - အခုတော့ကျုပ်ပြောတာကို ခင်ဗျားယုံပြီမဟုတ်လား"

"ဟုတ်ကဲ့၊ ယုံပါပြီ"

"ဒါဆိုရင် အဲဒီမြွေကလေးကို



ကျုပ်ရဲ့ချက်တိုင်ကဖြတ်ပေးပါဗျာ"

"အင်း - ဟုတ်တာပေါ့။ ဒီမြွေ လေးဟာ ခင်ဗျားကို အချိန်မရွေးကိုက် နိုင်တယ်။ ခင်ဗျားမှာ အသက်အန္တရာယ် ရှိတယ်။ ဒီတော့ ဒီမြွေကလေးကို ကျ လှီးဖြတ်ပေးမယ်။ ဒါဆို ခွဲစိတ်ခန်း သွားရအောင်"

၎င်းတို့နှစ်ဦးမှာ ခွဲစိတ်ခန်းထဲ သွားရောက်ခဲ့သည်။ ထို့နောက် မြွေ ဦးခေါင်းကိုကိုင်ပြီး လှီးဖြတ်ရန် ပြု ချိန်တွင် ထိုမြွေကလေး၏ ဦးခေါင်း ရှည်ထွက်လာပြီး ဒေါက်တာစမစ် လက်ခွကြားကို ပေါက်လိုက်ပါတော့ သည်။

"ဟာ-မြွေပေါက်တယ်၊မြွေပေါက် တယ်"

ဟု ဆိုကာ ဒေါက်တာစမစ် မကြာမီ တစ်ကိုယ်လုံးမည်းပြာသွား ထိုနေရာတွင် လဲကျသွားပါသည်။

"ဟာ - ဒေါက်တာစမစ်တော့ ကိုက်လို့သေပြီနဲ့တူတယ်။ ဒါငါ့သ တာမဟုတ်ပေမယ့် ငါ့ဆီကို အမှု လာနိုင်တယ်။ ဒီတော့ ငါလည်း သလိုလုပ်ပြီးပြန်ပြေးမှဖြစ်မယ်"

ဂျိုနသန်လည်း ဤသို့တွေး ဒေါက်တာစမစ်၏အိမ်မှ အပြေးအ ထွက်လာပြီး ကားကိုအမြန်ဆုံးမောင်း ကာ အိမ်သို့ပြန်လာခဲ့ပါသည်။ သူသ တစ်ညလုံး မအိပ်နိုင်အောင် ဇော များ ပြန်နေပါသည်။

နံနက် (၇) နာရီခန့်အချိန် ပုလိပ်အဖွဲ့မှ ဒေါက်တာစမစ် မြွေ ၍ သေဆုံးကြောင်း သတင်းပို့ခဲ့ပါသ ထိုသတင်းကြားသည်နှင့် ဂျိုနသ ဆောက်တည်၍မရအောင် တုန် ချောက်ချားနေပါသည်။ ထိုနေ့တွင် လှုပ်ချောက်ချားလွန်း၍ ရုံးပင်မတ ခဲ့ပေ။

"ဖကီးကြီးရဲ့ကျိန်စာ စတင်ပြီ ဘယ်လိုလုပ်ရပါ့"

ဒေါက်တာစမစ်မသေဆုံးပြီး ဂျိုနသန်မှာ ခွင့်တစ်ပတ်ယူကာ အိမ် အိမ်ပြင်သို့ပင် မထွက်ပေ။

ပုလိပ်အဖွဲ့မှာလည်း ဒေါက် စမစ်သေဆုံးခြင်းမှာ အဆိပ်ပြင်း မြွေတစ်ကောင်ကိုက်သဖြင့် သေ ကြောင်း အစီရင်ခံစာတင်ပြခဲ့သည်။ နေ့ညက ဂျိုနသန်သွားခဲ့သည်ကို သူမျှ မသိချေ။ သို့သော် ဂျိုနသ ကိုယ့်ကိုယ်ကိုယ် လိပ်ပြာမလုံဖြစ် သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာစမစ်သေဆုံးပြီးနောက် တစ်ပတ်အကြာတွင် မေရီမှ ဂျိုနသန်အား -

“ဒါလင်၊ ဒီနေ့ည ပဲခူးကလပ်မှာ ဒေးဗစ်ရဲ့ မွေးနေ့ပါတီဖိတ်ထားတယ်။ အဲဒါ ကျွန်မတို့နှစ်ယောက်စလုံး တက်ရမယ်”

“ဒါလင်တော့ မလိုက်ချင်ဘူး”

“မလိုက်လို့မရဘူး ဒါလင်၊ ဒီနေ့ည (၇) နာရီမှာပွဲစမှာ”

ဂျိုနသန်မှာ ဒေးဗစ်၏ မွေးနေ့ပါတီကို မလာချင်သော်လည်း လွန်စွာရင်းနှီးသောမိတ်ဆွေဖြစ်သဖြင့် ပါတီပွဲသို့ တက်ရောက်ခဲ့သည်။ ပါတီပွဲ၏ ထုံးစံအတိုင်း အဖျော်ယမကာများ သုံးဆောင်ပြီးနောက် အမျိုးသားများနှင့် အမျိုးသမီးများ တွဲကကြသည်။ ဂျိုနသန်မှာ ဇနီးနှင့် သူတွင် မြွေပေါက်ကလေးရှိသည်ကို မေ့သွားပြီး လူစီနှင့် တွဲကခဲ့သည်။ လူစီနှင့်တွဲကပြီး သီချင်းတစ်ပုဒ်ဆုံးမိ လူစီက -

“ဂျိုနသန့်ဆီက မီးစကြီးနဲ့ ထိုးထိတ်သလို ခံစားရတယ်”

“ဟင်”

ဂျိုနသန် သိလိုက်ပါပြီ။ သူ၏ခန္ဓာကိုယ်မှ ကိုယ်ပွားမြွေပေါက်က လှမ်းပေါက်လိုက်လေပြီ။ ထို့ကြောင့် လူစီကို ကုလားထိုင်တစ်လုံးတွင် ထိုင်ခိုင်းကာ အရက်ကိုတစ်ခွက်ပြီးတစ်ခွက်တိုက်ခဲ့သည်။ လူစီအရက်မူးနေချိန်တွင် ဂျိုနသန်သည် သူ့မိန်းမမေရီကို လက်ဆွဲကာ အိမ်သို့အမြန်ဆုံးပြန်လာခဲ့သည်။

မေရီက အထူးအဆန်းဖြစ်ကာ -

“ဒါလင် ဘာဖြစ်လို့ အစောကြီး ပြန်လာရတာလဲ”

“ငါနည်းနည်းနေမကောင်းဖြစ်နေလို့”

ထိုသို့ပြောလိုက်သဖြင့် ဂျိုနသန်၏နဖူးကို စမ်းကြည့်ပြီး -

“ဒါလင်က ကိုယ်လည်းမပူပါဘူး။ ဒါပေမယ့် ရင်တွေအရမ်းခုန်နေတယ်နော်”

“အေးပါကွာ၊ ငါနေမကောင်းပါဘူးဆိုမှကွာ”

ဟု ပြောဆိုပြီး အိပ်ခန်းထဲသို့ ဝင်သွားခဲ့သည်။

နောက်တစ်နေ့နံနက်တွင် ပုလိပ်အဖွဲ့မှ လူစီ ပဲခူးကလပ်၌ မြွေကိုက်ခံရသဖြင့် ဆုံးသွားကြောင်း ဂျိုနသန်ဆီသို့ အကြောင်းပို့ခဲ့သည်။ ထိုအခါ မေရီမှာ အလွန်အံ့ဩသွားပြီး -

“ဒါလင်၊ လူစီသေရတာ ဒါလင်နဲ့ များပတ်သက်နေသလား”

“ဟင်- မင်း မင်းဘာပြောတာလဲ”

ဂျိုနသန်မှာ ကြောက်လန့်တကြား အော်ဟစ်ပြောလိုက်ရာ မေရီက -

“ဒါလင်ရယ်၊ ဘယ်လိုဖြစ်ပြီး ဒီလောက်တောင် တုန်လှုပ်သွားတာလဲ”

“မေရီ၊ မင်း ငါ့ရှေ့က အမြန်ဆုံး ထွက်သွားစမ်း”

ဂျိုနသန် ဒေါသတကြီးနှင့် အော်လိုက်ရာ မေရီလည်း အိပ်ခန်းအပြင်သို့ ထွက်သွားခဲ့သည်။

“ငါတော့ ဖကီးကြီးရဲ့ ကျိန်စာမိနေပြီ။ ငါ ဖကီးကြီးကို အမြန်ဆုံးရှာမှ ဖြစ်မယ်”

ဂျိုနသန်သည် ပုလိပ်တပ်ဖွဲ့ဝင်များအား ဖကီးကြီးကို နေရာအနှံ့အပြားရှာဖွေရန် အမိန့်ပေးခဲ့သည်။ ပုလိပ်အဖွဲ့ဝင်များ ရှာဖွေသော်လည်း မတွေ့သဖြင့် ဖကီးကြီးကို ရှာမတွေ့ကြောင်း သတင်းပို့ခဲ့သည်။

“အင်း- ဖကီးကြီးပြောတဲ့အတိုင်း ငါ့လိုခေါင်းမာတဲ့ သားတစ်ယောက် မွေးလိမ့်မယ်လို့ပြောတာ လက်စသတ်တော့ ဒီမြွေဆိုးဖြစ်နေတာကိုး။ အဲဒီအခါမှာ ငါ့ကိုလာမရှာနဲ့လို့လည်း ပြောခဲ့တယ်။ ဒါကြောင့် ရှာမတွေ့တာနေမှာ။ ငါများ ပါပြီ ဟီး. . . ဟီး. . . ဟီး”

ဂျိုနသန်မှာ သူ့အမှားကိုသိရှိကာ ချုံးပွဲချငိုကြွေးခဲ့သည်။

ထိုအခါ မေရီကလည်း အံ့ဩစွာဖြင့် အခန်းထဲသို့ဝင်လာပြီး -

“ဒါလင် ဘာဖြစ်လို့ငိုနေတာလဲ။ ရှင်တစ်ခုခုဖြစ်နေတယ် မဟုတ်လား။ ကျွန်မကိုပြောစမ်းပါ”

ဂျိုနသန်မှာ အစက ဖုံးကွယ်ခဲ့သော်လည်း မေရီက အတင်းမေးသည့်အတွက် မဖုံးကွယ်နိုင်တော့ဘဲ ဖြစ်ကြောင်းကုန်စင် ပြောပြကာ ၎င်း၏ဝမ်းဗိုက်ကိုလှန်ပြရာ ခေါင်းတလှုပ်လှုပ်နှင့် မြွေဆိုးတစ်ကောင်မှာ ချက်ထဲမှထွက်နေသည်ကိုတွေ့ပြီး -

“အိုးမိုင်ဂေါ့(ထ်)”

ဟု ပြောဆိုပြီး မေ့လဲသွားသဖြင့် ဂျိုနသန်က မေရီ့ကို လှမ်းဖက်လိုက်ရာ ၎င်း၏ ဝမ်းဗိုက်နှင့် မေရီ၏ရင်ညွန့်ထိသွားပြီး မြွေဆိုးကလှမ်းပေါက်လိုက်ရာ-

“ဟာ - မေရီ့ကို မြွေဆိုးပေါက်လိုက်ပြီ။ ဒုက္ခပါပဲ၊ မေရီတော့ သေတော့မှာပဲ”

ဂျိုနသန်သည် မြွေဆိုးကို လွန်စွာစိတ်ဆိုးပြီး ဗီရိုအံဆွဲထဲမှာ ခြောက်လုံးပြူးကို လှမ်းယူလိုက်သည်။ ထို့နောက် သူ၏ဒိုင်ယာရီတွင် ဖကီးကြီးအကြောင်းကို ပြည့်စုံစွာ စာရေးပြီးနောက် -

“ကဲ-ဒီနေ့ဟာ မေရီရဲ့နောက်ဆုံးနေ့ဖြစ်သလို မင်းနဲ့ငါနဲ့လည်း နောက်ဆုံးနေ့ပဲ”

ဤသို့ပြောဆိုပြီးနောက် မြွေဆိုး၏ ဦးခေါင်းကို သေသေချာချာချိန်ပြီး ခြောက်လုံးပြူးနှင့် ပစ်လိုက်ရာ -

“ဒိုင်း”

မြွေဆိုး၏ဦးခေါင်းကို တိုက်ရိုက်ထိမှန်ပြီး ဦးခေါင်းပိုင်းလွင့်စဉ်သွားခဲ့သည်။ မြွေဆိုး၏ဦးခေါင်းပြတ်သွားသည်နည်းတူ ဂျိုနသန်၏ဝမ်းဗိုက်တစ်ခုလုံး ပြတ်သွားသည့်နှယ် ခံစားရကာ သွေးများပန်းထွက်လာလေတော့သည်။ ထို့နောက် သူ၏ချက်တိုင်မှအူများထွက်လာပြီး မခံမဆုံခံစားရကာ သူလည်း မေရီနှင့်အတူ တမလွန်သို့ ရောက်သွားခဲ့သည်။ ပုလိပ်အဖွဲ့သားများလည်း သေနတ်သံ ကြားသဖြင့် အိမ်ပေါ်သို့ တက်လာရာ အိပ်ခန်းအတွင်း၌ သေဆုံးနေသော ဇနီးမောင်နှံနှင့် မြွေခေါင်းပြတ်ကို မြင်ရသဖြင့် လွန်စွာအံ့ဩသွားခဲ့ကြသည်။ ထို့နောက် ဂျိုနသန်၏ ဒိုင်ယာရီကို ဖတ်ကြည့်သောအခါမှ လွန်စွာထူးဆန်းသည့် ဖြစ်ရပ်ဆန်းအကြောင်းကို သိခဲ့ကြပါသည်။

ဤအကြောင်းမှာ ထူးဆန်းလွန်းသဖြင့် ထိုခေတ်က ကြားရသူများမှာ အံ့ဩဘနန်းဖြစ်ခဲ့သည်။ ထို့ထက်ပိုထူးဆန်းသည်မှာ ထိုအချိန်မှစပြီး ဖကီးကြီးကို မြန်မာပြည်၌ လုံးဝမတွေ့ရတော့ပေ။ ဖကီးကြီးနှင့်အတူ အချုပ်ခန်းတွင်ရှိနေသော ရွှေသိန်းမှာလည်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်။ ဤဖြစ်ရပ်ဆန်းကြီးကို ပြောမဆုံးအောင်ဖြစ်ခဲ့ကြပါသည်။ ရှေးလူကြီးများ၏ ပြောစကားမှာမူကား -

“လူလူချင်း ကြောက်စရာမကောင်းပေမယ့် လောကသစ္စာတရားက ဒဏ်ခတ်ရင်အလွန်ကြောက်ဖို့ကောင်းတယ်”

ဟု ဆိုကြပါသည်။

ထိုခေတ်ကာလကဖြစ်ပျက်ခဲ့သည့် ဖကီးကြီး၏ မြွေဆိုးကျိန်စာကို တချို့သောလူကြီးများက ယခုတိုင် အမှတ်တရရှိနေဆဲပင် ဖြစ်တော့သတည်း။

ရီရီဌေး



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံ တစ်ခွင်တစ်ပြင်က စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ဓမ္မာရုံ အစရှိသော ရှေးဟောင်း၊ ခေတ်သစ် ဗုဒ္ဓသာသနိကအဆောက်အအုံများကို စူးစမ်း လေ့လာ သုံးသပ်ကြည့်လျှင် အလှအပအနေနှင့်ဖြစ်စေ၊ အခြေအရံအနေနှင့်ဖြစ်စေ၊ အစောင့်အကြပ်အနေနှင့်ဖြစ်စေ ထည့်သွင်း ဖော်ပြလေ့ရှိကြသော ခြင်္သေ့ရုပ်၊ ဆင်ရုပ်၊ နဂါးရုပ်၊ နတ်သားရုပ်၊ နတ်သမီးရုပ်၊ ကိန္နရာ၊ ကိန္နရီရုပ်၊ ကျားရုပ်၊ မနုသီဟရုပ်၊ ဂဠုန်ရုပ် အပါအဝင် ဘီလူးရုပ်များကိုလည်း တခမ်းတနား တဝေတဆာ တွေ့ရှိရလေ့ရှိသည်။

ဤနေရာတွင် ဘီလူးရုပ်နှင့် ပတ်သက်၍ အထူးတလည်ဖော်ပြချင်ပါသည်။

အဆိုပါဗုဒ္ဓသာသနိကအဆောက်အအုံများတွင် ဘီလူးရုပ်များကို ပန်းချီ၊ ပန်းပု၊ ပန်းတဉ်း၊ ပန်းတမော့ စသော ပန်းပညာများဖြင့် ပညာစွမ်းပြထားသည်ကို တွေ့ရှိရလေ့ရှိသည်။ နမူနာဆိုရ

# မင်းရှိန်အောင်

## ဘီလူးဒဿနှ၊ ဘီလူးဂမ္ဘိရ

သော် ပါးစပ်တွင်၊ နှုတ်ခမ်းတွင် ပန်းနွယ်ပန်းခက်ပန်းဆိုင်များကို ကိုက်ငုံခဲထားသော ဘီလူးရုပ်များကို တလှတပ တဝေတဆာ တွေ့ရှိရမြဲ ဖြစ်သည်။ ယင်းကို ဘီလူးပန်းကိုက်၊ ဘီလူးပန်းဆွဲဟု ခေါ်ဆိုလေ့ ရှိသည်။ ပြီး - များသောအားဖြင့် နတ်ဝတ်တန်ဆာများဝတ်ဆင်လျက် ဒူးတစ်ဖက်ထောင်၊ ဒူးတစ်ဖက်လှဲထောက်၍ လက်တစ်ဖက်၌ သန်လျက်ကိုင်စွဲထားသော မျက်လုံးကျယ်ကျယ်၊ အစွယ်ပြူးပြူးဘီလူးရုပ်များကို တွေ့ရှိရမြဲ ဖြစ်သည်။ တခြားအသွင်သဏ္ဍာန်ရှိသော ဘီလူးရုပ်များကိုလည်း တွေ့ရှိရသေးသည်။

ဥဒါဟရုဏ်ဆိုရသော် မကွေးမြသလွန်စေတီတော်၏ ငှက်ပျောဖူးပတ်လည်တွင်ရှိသော ပန်းဆွဲပန်းကိုက်ဘီလူးခေါင်း (၂၁) လုံးတွင် အများအားဖြင့် ဒေါ်မာန်တင်းတင်း၊ အစွယ်ပြူးပြူးမျက်နှာပိုင်ရှင်များ ဖြစ်ကြသော်လည်း တနင်္ဂနွေထောင့်မှ ဘီလူးခေါင်းတစ်ခုမှာမူ နှစ်လိုဖွယ်ရာ အပြုံးမျက်နှာနှင့် တွေ့ရှိရသည်က ထူးခြားမှုတစ်ခုပင်။ နောက် ရွှေတိဂုံစေတီတော်၏ တနင်္ဂနွေထောင့် နောင်တော်ကြီးစေတီတော်၏ အရှေ့ဘက်တံတိုင်းအနီး ပခေါ်ယှိစေတီတော်အောက်ခြေ၌ ဟေမဝတ၊ သုခိလောမ၊ သာရာဂီရိ အမည်ရှိသော ဘီလူးခေါင်းသုံးလုံးကို မာန်တင်းတင်းနှင့် တွေ့ရှိနိုင်ပေသည်။ ပြီး ပဲခူးမြို့ရွှေမော်ဓောစေတီတော်တွင် သီတင်း… တော်မူသော စူဠသီရိမာသောကမင်း… ကုသိုလ်တော် ဆုတောင်းပြည့်ဘီလူး… နိုင်ဗုဒ္ဓဆင်းတုတော်သည် ဘီလူး… ပလ္လင်ပေါ်က ထိုင်ကိုယ်တော်ကျော… ဆင်းတုတော် ဖြစ်လေသည်။ ရာဇ… မင်းနှင့် တပင်ရွှေထီးမင်းတို့ နိမ့်စဉ်…





www.burmeseclassic.com

www.burmeseclassic.com

ဆုတောင်း၍ပြည့်ဖူးခဲ့ကြသည်။ မြောက်ဦးမြို့ သကျမာန်အောင်စေတီက သာတာဂီရိဘီလူးရုပ်နှင့် ဟေမဝတဘီလူးရုပ်တို့ကလည်း ထင်ရှားလှပေသည်။

သို့လိုပင် မြန်မာ့ရိုးရာ နတ်ကိုးကွယ်မှုမလေ့၌လည်း တချို့သောနတ်ရုပ်များသည် ဘီလူးရုပ်ကို စီး၍သော်လည်းကောင်း၊ ဘီလူးခေါင်းပါ စမ္ဘခဏ်ပေါ်တွင် မတ်ရပ်၍သော်လည်းကောင်း တွေ့ရှိရတတ်သည်။ ရှေးတုန်းက ပုပ္ပားတောင် နတ်ကွန်းတချို့တွင် မဟာဂီရိနတ်မောင်နှမရုပ်တုများ ဘီလူးခေါင်းပါရှိသော စမ္ဘခဏ်များတွင် မတ်တတ်ရပ်လျက် စံတော်မူဟန်များ ရှိခဲ့သည်ဟု ဖော်ပြမှုများကို တွေ့ရှိရသည်။ ယင်းအပြင် ဒေါင်းမြီးတောင်များကို ကိုင်စွဲထားဟန် ဘီလူးမရုပ်ကလည်း သုတေသနပြုစရာပင်။

အဘယ်နံ့ရောကာလကပင်စတင်၍ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်အဝန်းအဝိုက်ထဲတွင် ဘီလူးဆိုသော ဝေါဟာရနှင့်နွယ်မှုများသည် ထဲထဲဝင်ဝင် ထိထိတွေ့တွေ့ရှိနေခဲ့သည်မသိ။ ဘီလူးခေါင်း၊ ဘီလူးကြိမ်း၊ ဘီလူးရယ်၊ ဘီလူးစွယ်၊ ဘီလူးမျက်ကွင်း၊ ဘီလူးမတိုင်ခိုး၊ ဘီလူးရေက်ကန်းကြိုး၊ ဘီလူးနက္ခတ် စသည့်သည့် စကားလုံးများ ခြေခြေမြစ်မြစ်ကွယ်ရစ်နေကြပြီး ဖြစ်သည်။

ဘီလူးခေါင်းဆိုသည်မှာ ဇာတ်ပွဲသဘင်များတွင် ဘီလူးအသွင်ကပြသည့်အခါသုံးသော ဘီလူးမျက်နှာပုံ ခေါင်းဆောင်း ဖြစ်သည်။ ဘီလူးကြိမ်းဆိုသည်မှာ ဇာတ်ပွဲသဘင်များတွင် ရွတ်ဆိုကြိမ်းမောင်းရသော ဇာတ်စကား ဖြစ်သည်။ ဘီလူးရယ် ဆိုသည်မှာ ကဗျာလင်္ကာစပ်နည်းတစ်မျိုး ဖြစ်သည်။ ဘီလူးစွယ်ဆိုသည်မှာ လက်သမားတို့ အသုံးပြုသော သိုက်နည်းတစ်မျိုး ဖြစ်သည်။ ဘီလူးမျက်ကွင်း ဆိုသည်မှာ လောကီပညာရှင်း လက်ဖွဲ့ထိုးနည်းတစ်မျိုး ဖြစ်သည်။ ဘီလူးမတိုင်ခိုး ဆိုသည်မှာ တလေးသူငယ်တို့ ကစားကြသော ရိုးရာကစားနည်းတစ်မျိုး ဖြစ်သည် ။ ဘီလူးမရက်ကန်းကြိုး ဆိုသည်မှာ နွယ်ပင်တစ်မျိုးမှအောက်ဘက်သို့ တွဲလျားကျနေသော နွယ်ပင်မြစ်ပွားတစ်မျိုးပင် ဖြစ်သည်။ ဘီလူးနက္ခတ် ဆိုသည်မှာ မြန်မာ့ရိုးရာဗေဒင်ပညာ၌အသုံးပြုသော လူနက္ခတ်၊ နတ်နက္ခတ်များလို နက္ခတ်အမျိုးအစားတစ်မျိုး ဖြစ်သည်။

တစ်ခါ ရှေးအဲမောင်းခံရေး (၁၆) မျိုးထဲတွင် ဘီလူးကိုင်ရေး (ရွှေလှံကျားမြီးဆွဲဟန်)၊ ဘီလူးပုခက်စီး (ကျွဲမြီးခတ်ဟန်)၊ ဘီလူးနားထွင်း (ရွှေလှံဆံထုံးရစ်ဟန်) နည်း(၃) မျိုးလည်း ပါဝင်နေသည်ဆို၏။ ရှေးရှင်ဘုရင်တို့အသုံးပြုခဲ့သော သလွန်ညောင်စောင်းများတွင် ခံသောအုတ်ခြောက်မျိုးထဲတွင် (၁) ငှက်ရုပ်၊ (၂) ဝက်ရုပ်၊ (၃) ဘူးရုပ်၊ (၄) ရှူးပျံရုပ်၊ (၅) ကျားရုပ်တို့နှင့်အတူ ဘီလူးရုပ်လည်း ပါဝင်ခဲ့သည် ဖြစ်၏။ သိကြသည့်အတိုင်း ဘီလူးများကို ယက္ခ၊ ကုမ္ဘဏ်ဟုလည်း ခေါ်ကြသေးသည်။ ရှေးမြန်မာသေနင်္ဗျူဟာ စစ်ကျမ်းများထဲတွင် စစ်ဗျူဟာ (၂၉) ပါးထဲ၌ ယက္ခဗျူဟာ - မျက်မာန်ဟူးဟူး ဘီလူးများကဲ့သို့ တွေ့မြင်လေသမျှ ရန်သူများကို စားမတတ်ဝါးမတတ် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်နည်းတစ်နည်း ပါဝင်သည်။

ရှေးရှင်ဘုရင်များ နန်းတော်တွင် အရပ်မျက်နှာအလိုက် အစောင့်အကြပ်တပ်ကို ဝင်းဟု ခေါ်သည်။ ရှေ့ဝင်း၊ နောက်ဝင်း၊ တောင်ဝင်း၊ မြောက်ဝင်းဟူ၍ ရှိသည်။ မြောက်ဝင်းတပ်သားတို့၏ လည်ကုပ်တွင် ကုဝေရနတ်မင်းကြီးဘီလူးစီးရုပ်ဆေးမင်ကြောင်ထိုးထားကြပြီး တောင်ဝင်းတို့တပ်သား၏ လည်ကုပ်တွင် ဝိရူဠှကနတ်မင်းကြီး ကုမ္ဘဏ်စီးရုပ်ဆေးမင်ကြောင်ထိုးထားကြ၏။ ဆက်စပ်၍ပြောရလျှင် မြင်းမိုရ်တောင်၏တောင်ဘက်ကိုအစိုးရသည့် ဝိရူဠှကနတ်မင်းကြီးသည် အာလိန်ရှစ်ဆင့်က တတိယအဆင့်တွင်နေသော ကုမ္ဘဏ်ကို အုပ်စိုး၍ မြင်းမိုရ်တောင်၏ မြောက်ဘက်ကိုအစိုးရသည့် ကုဝေရနတ်မင်းကြီးသည် အာလိန်ရှစ်ဆင့်၏ စတုတ္ထအဆင့်နေဘီလူးများကို အုပ်စိုးရသည် ဟူ၏။

တစ်ဖန် မြန်မာ့လောကီပညာတွင် ယက္ခသေနမှော်၊ အာဋာဝကမှော်၊ ပုဏ္ဏကမှော်၊ ပေါရိသာဒမှော်၊ ဘီလူးချစ်မန္တန်၊ ဘီလူးနိုင်မန္တန်၊ ဘီလူးပြေးမန္တန်၊ ယက္ခသိန္ဓေဟမန္တန်၊ ပုဏ္ဏတိုက်ဟု ဆိုသော ဝေါဟာရအသုံးအနှုန်းများရှိကြသည်။ ဘီးလူရုပ်တို့နှင့် ဝေဆာနေသော မြန်မာ့ရိုးရာ ဆေးမင်ကြောင်ထိုးနည်းတစ်မျိုးရှိသည်။ မြန်မာ့ရုပ်သေးပညာမှ ရုပ်သေး ရုပ် (၂၈) ရုပ်တွင် ဘီလူးရုပ် (၁) ရုပ်နှင့် ကုမ္ဘဏ်ရုပ် (၁) ရုပ် ပါဝင်သည် ဖြစ်၏။

သို့ကလို ခပ်တိုင်းငန်ပါလေရာဖြစ်နေသော ဘီလူး ဟူသည် အဘယ်နည်း။ ဘီလူး ဟူသော ဝေါဟာရကို မြန်မာစာအဘိဓာန်ထဲတွင် ဇာတ်တော်နှင့် ဒဏ္ဍာရီများတွင် ဖော်ပြလေ့ရှိသည်။ လူနှင့်အသွင်အပြင်တူ၍ အစွယ်၊ အမွေးရှိပြီး ခက်ထန်ကြမ်းကြုတ်သောသတ္တဝါတစ်မျိုးဟု ပြဆိုထားသည်။

ဘီလူး ဆိုသော ဝေါဟာရသည် ဘီရု ဆိုသော ပါဠိဝေါဟာရမှဆင်းသက်လာခြင်း ဖြစ်သည်။ အနက်အဓိပ္ပာယ်ကို ကြောက်မက်ဖွယ်ဟု ဖွင့်ဆိုပြသည်။ ဤဘီရုဝေါဟာရနှင့် ပရိယာယ်တူဝေါဟာရများမှာ ယက္ခ၊ ကုမ္ဘဏ်၊ ရက္ခိုသ်၊ ရက္ခသ၊ ကုမ္ဘဏ္ဍ၊ ဒေဝ၊ ဘူတ၊ ဒါနဝ၊ ပေတ၊ ပိသာစ၊ အမနုဿတို့ ဖြစ်ကြပေသည်။

အဆိုပါ ဘီလူး၏ သရုပ်သကန်များကို ဗုဒ္ဓစာပေများမှာ ဤသို့ဖော်ညွှန်းထားသည့်ကို တွေ့ရှိရသည်။ ယင်းတို့မှာ ဘီလူးတို့သည် လူယောင်ဆောင်နိုင်သည်။ အရိပ်လည်းမထွက်။ မျက်စိလည်းနီသည်။ (အပဏ္ဏကဇာတ်၊ အပဏ္ဏကဝဂ်)။ ဘီလူးတို့သည် အိုး၏အကိုင်းအရှည်လို ပုံပျက်ပန်းပျက် ကိုယ်ခန္ဓာလည်းရှိသည်။ (အလာကူဋဇာတ်၊ စူဠကုဏာလဝဂ်)။ ကြောက်စိတ်လည်းမရှိ။ (အပဏ္ဏကဇာတ်၊ အပဏ္ဏကဝဂ်)။ ဘီလူးတို့သည် လက်နက်ပါသော လူတို့ကို ကြောက်တတ်သည်။ (သုမနဇာတ်၊ ကုက္ကုဝဂ်)။ ဘီလူးတို့သည် ကိုယ်ခန္ဓာကို ကြီးအောင်၊ ငယ်အောင် အမျိုးမျိုးဖန်ဆင်းနိုင်သည်။ (ဝလဟာကဇာတ်)။ ဘီလူးတို့ပိုင်နက်ထဲသို့ ရောက်သွားသော သတ္တဝါများကို ထိုဘီလူးတို့ စားပိုင်ခွင့်ရှိသည်။ (ဝလဟကဇာတ်၊ သုမနဇာတ်၊ တေလပတ္တဇာတ်၊ ကာလဝိလ္လိယဇာတ်၊ နဋကဇာတ်၊ ဒေဝဓမ္မဇာတ်၊ အယကူဒဇာတ်၊ သမုဂ္ဂဇာတ်၊ သမ္ဗုလာဇာတ်၊ ဘဂ္ဂဝဇာတ်) ပရိယာယ် မာယာသုံး လှည့်စားပြီး လူသားတို့အား စားသုံးတတ်သည်။ (ကုမ္မယဇာတ်၊ ဘဂ္ဂဝဂ်ဇာတ်၊ အပဏ္ဏကဇာတ်)။ ဘီလူးတို့သည် သံသတ္တုကို ကြောက်တတ်သည်။ (အယောဃဝဇာတ်)။ မနုဿသီဟကိုလည်း ကြောက်တတ်သည်။ (ပါရာဇိကဇာတ်၊ အဋ္ဌကထာ၊ ဇာဟိရနိဒါန်း) စသဖြင့် ဖြစ်ကြပါသည်။ တစ်နည်းဆိုရလျှင် ဘီလူးတို့သည် ကမ္ဘဇိဒ္ဓိတန်ခိုးများကို တစ်စုံတစ်ရာ အတိုင်းအတာထိ ပိုင်ဆိုင်မှုရှိသည် ဟူခြင်းပင် ဖြစ်၏။

စိတ်ဝင်စားစရာကောင်းသည်က ဖော်ပြပါသရုပ်သကန်ရှိသော ဘီလူးတို့တွင် ရေဘီလူး၊ ဂုန်းဘီလူး၊ တောဘီလူး၊



www.burmeseclassic.com

www.burmeseclassic.com

တောင်ဘီလူး၊ ကန္တာရဘီလူး၊ သမုဒ္ဒရာဘီလူး စသဖြင့် ဘီလူးများစွာရှိနေသော်လည်း အနှစ်ချုပ်လိုက်လျှင် ပြိတ္တာဘီလူးနှင့် နတ်ဘီလူး ဟူ၍ နှစ်မျိုးနှစ်စားသာ ရှိနေပေသည်။ ပြိတ္တာဘီလူးမျိုးမှာ အပါယ်လေးဘုံဝင် ပြိတ္တာအမျိုးအနွယ် ဖြစ်ပြီး မြေဖုတ်ဘီလူး၊ ဖုတ်ဘီလူး၊ ဝေမာနိကဘီလူး စသဖြင့် ခေါ်ကြပေသည်။ ဤပြိတ္တာဘီလူးတို့သည် လူတို့နေထိုင်ရာ မြေကမ္ဘာတွင် မနီးမဝေးတွင် လည်းကောင်း၊ နီးနီးစပ်စပ်တွင်သော် လည်းကောင်း၊ ရောထွေးယှက်တင်သော်လည်းကောင်း လူသားတို့နှင့်အတူ မှီတင်းနေထိုင်ကြသည် ဖြစ်၏။ သူတို့တွင် ကမ္ဗဇိဒ္ဓိတန်ခိုးများရှိသော်လည်း အားနည်းကြသည်။

နောက်တစ်မျိုးဖြစ်သော နတ်ဘီလူးတို့သည် စတုမဟာရာဇ်နတ်ဘုံဝင်များဖြစ်ကြပြီး ဝိရူဠှကနတ်မင်းကြီး အုပ်ချုပ်သော ကုမ္ဘဏ်ဘီလူးများနှင့် ကုဝေရနတ်မင်းကြီး အုပ်ချုပ်သော ယက္ခဘီလူးတို့သည် ၎င်းတို့ပင် ဖြစ်ကြပါသည်။ သူတို့သည် စတုမဟာရာဇ်နတ်ဘုံ၌ နေထိုင်ကြသလို လူ့ပြည်လူ့ရွာ၌လည်း လှည့်လည်သွားလာနေထိုင်ကြသည် ဆို၏။ သူတို့သည် ကမ္ဗဇိဒ္ဓိတန်ခိုးအတော်အတန် ကြီးမားကြသည် ဟူ၏။

ဤနေရာမှာ ဆက်နွှယ်ပြောချင်စရာလေးတစ်ခုကတော့ ဗုဒ္ဓစာပေ၏ အလိုအရ အဟိတ်ပဋိသန္ဓေစိတ်နှင့် ယှဉ်သောဘီလူး၊ ဒွိဟိတ်ပဋိသန္ဓေစိတ်နှင့်ယှဉ်သောဘီလူး၊ တိဟိတ်သန္ဓေစိတ်နှင့်ယှဉ်သောဘီလူးဟူ၍ သုံးမျိုးရှိသည် ဖြစ်၏။ အဟိတ်ဘီလူးသည် အဆင့်နိမ့်မဂ်ဖိုလ်နိဗ္ဗာန်နှင့် ဝေးသည်။ ဒွိဟိတ်ဘီလူးများသည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် နီးစပ်ရန် ခက်ခဲသော်လည်း ဘုန်းတန်ခိုးကြီးမားကြသည်။ တိဟိတ်ဘီလူးများသည် အဆင်သင့်လျှင် မဂ်ဖိုလ်နိဗ္ဗာန်ကိုရောက်လွယ်ကြပြီး ဘုန်းတန်ခိုးအလွန်ကြီးမားကြသည်။

ထိုကဲ့သို့ ဗုဒ္ဓစာပေများ၌ ဘီလူးများကို တွေ့ရသည်သာမက မြန်မာရာဇဝင်သမိုင်းများတွင်လည်း ဘီလူးနှင့် နှီးနွှယ်နေမှုများကို တွေ့ရှိရသေးသည်။ နမူနာဆိုရသော် မဟာသမ္မတမင်းသား၊ စူဠသမ္မတမင်းသားတို့နှင့် တွေ့ခဲ့သော စန္ဒမုခ ဘီလူးမ၊ ခြေမြန်တော်ဗျတ္တနှင့် ချစ်ကြိုက်ခဲ့သော ပုပ္ပားတောင်က ပန်းစား ဘီလူးမ မယ်ဝဏ္ဏ၊ အလောင်းစည်သူမင်းနှင့် တွေ့ခဲ့သည်ဆိုသော ဘီလူး (ဝက်တောင်း၊ ဒွတ္တဘောင်မင်း စက်တော်ခေါ် သည့်နေရာကို ဝင်ရောက်စူးစမ်း၍ ဆုံးမခံရသော ဘီလူး)၊ ပုဂံတွင်လည်း မင်းသုံးဆက်တိုင် ဝင်စားခဲ့သည်ဆိုသော တန့်ကြည့်တောင်စောင့်ဘီလူး၊ ပုဂံသရပါတောင်စောင့်ဘီလူး၊ မန္တလေးတောင်စောင့်ဘီလူးမ၊ ပုဂံမြင်းကျွေးမင်း၏ ဖခမည်းတော်ဘီလူး၊ ဗုဒ္ဓဘုရားရှင်နှင့် တွေ့ခဲ့သည်ဆိုသော စစ်ကိုင်း ဇေတဝန်အရပ်က ဘီလူးများ၊ သုဝဏ္ဏဘူမိ သထုံပြည်ကို သာသနာပြုရောက်လာသော ရှင်သောဏမထေရ်နှင့် ရှင်ဥတ္တရမထေရ်တို့ ဆုံးမလိုက်ရသော ရေဘီလူးမများ၊ ရခိုင်မဉ္ဇဝတီပြည်ကို ထူထောင်သော မာရယုမင်း နှိမ်နင်းသုတ်သင်လိုက်ရသော ဆဒ္ဒန် အမှုးပြုသော ဘီလူးများ၊ ဒွါရဝတီ (သံတွဲ) ပြည်ကို ကြီးစိုးခဲ့သော ဘီလူးများ၊ ယနေ့ မိုးညှင်းမြို့အနီး ဘီလူးမြို့လေးတွင် ရှေးတုန်းက နေထိုင်ခဲ့ဖူးသည်ဆိုသော ဘီလူးများ၊ သံလွင်မြစ်ဝ ဘီလူးကျွန်းတွင် ရှေးတုန်းက နေထိုင်ခဲ့ဖူးသော ဘီလူးများ စသည်စသည်တို့သည် မြန်မာရာဇဝင်သမိုင်းတို့၌ ထင်ရှားလှပေသည်။

ဤနေရာ မေးစရာတွေးစရာဖြစ်လာသည်က သို့ကလို ဘီလူးတို့နှင့် ဆက်နွှယ်နေမှုများသည် မြန်မာတို့၌သာ ရှိနေသလားဟူ၍ပင် ဖြစ်၏။ တကယ်တော့ ထိုသို့မဟုတ်ပါလေ။ ထိုင်း၊ လာအို၊ ကမ္ဘောဒီယား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား စသော နိုင်ငံများ၏သာသနိကအဆောက်အအုံအပါအဝင် ရှေးဟောင်းအဆောက်အအုံ တချို့တွင် ရုပ်လုံးရုပ်ကြွဘီလူးရုပ်များ၊ ဆေးရေးပန်းချီဘီလူးရုပ်များကို တွေ့နိုင်ပါသည်။ အထင်ရှားဆုံးမှာ ထိုင်းနိုင်ငံ မြဘုရား၏ ဘီလူးရုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်ဘုရားကျောင်းက ဘီလူးရုပ်တို့ ဖြစ်သည်။ ယနေ့ သီရိလင်္ကာနိုင်ငံဟု ထင်ရှားသော ယခင် သီဟိုဠ်ကျွန်း၊ လင်္ကာဒီပကျွန်း၊ သိန်းယိုကျွန်းဟုခေါ်သောကျွန်းနိုင်ငံသည် ရာမယာဏဇာတ်မှ ရာမမင်းသား၊ လက္ခဏမင်းသားတို့နှင့် ပြိုင်ဘက် ရာဝဏခေါ် ဒသဂီရိဘီလူးမင်းနန်းစိုက်ရာ တိုင်းဌာနဖြစ်ခဲ့သည်။ ဘီလူးတို့ ကြီးစိုးရာ ထိုသီဟိုဠ်ကျွန်းတွင် အိန္ဒိယကုန်းမကလာသော ဝိဇယမင်းသားသည် ဒေသခံ ဘီလူးမ ကုဝဏ္ဏာနှင့် ပေါင်းဖက်ရုံသာမက အနုရာမပြည်ကြီးကိုလည်း ထိုဘီလူးတို့အား နှိမ်နင်းပြီး ထူထောင်ခဲ့သည်ပင် ဖြစ်၏။

တရုတ်ဒဏ္ဍာရီတစ်ခုထဲတွင် ...လယ်ကမ်းခြေရွာတစ်ရွာကို လာရောက်... သောင်းကြမ်းသောဘီလူးကိုသွားရောက်... နှိမ်နင်းခဲ့ကြသူတိုင်း ဘီလူးဖြစ်သွား... သည်ဆိုသော ဇာတ်လမ်းကလည်း... တရုတ်ရာဇဝင်သမိုင်းများ၌ ဘီလူးများ... ပတ်သက်မှုရှိသည့် လက္ခဏာကို ပြ... နေသည်ပင် ဖြစ်ပေပြီ။ အာရှဘီယံ... ကျွန်းဆွယ်၊ ပါးရှား (အီရန်) ပါဝင်သော... အာရှအရှေ့အလယ်ပိုင်းတို့တွင် ဇာတ်... အိမ်တည်ထားသော တစ်ထောင့်တစ်ည... ပုံပြင်ထဲက အာလာဒင်၏ မီးခွက်စောင့်... ဘီလူး၊ သူခိုးလေးအာကမက်၏ ပုလင်း... စောင့်ဘီလူးတို့ကလည်း လူတို့စိတ်ဝင်... စားဖွယ်ရာကို ဖော်ဆောင်ခဲ့ကြသည်။ ဤနေရာဤဒေသတို့သည်လည်း ဘီလူး... နှင့်မကင်းဆိုသည်ကို ပြသနေပေသည်။

တစ်ခါ အနောက်တိုင်းသားတို့၏... ဒေဝတာပုရာဏ်များ၊ နတ်သမီးပုံပြင်... များ၊ ဒဏ္ဍာရီများတွင် ဘီလူးများ... တစ်ခုတ်တစ်ရ ဖော်ပြထားသည်... တွေ့ရှိရသည်။ ရှေးဟောင်းဂရိစာပေ... တွင် ဘီလူးတို့သည် အလွန်တရာ ထွား... ကျိုင်း မြင့်မားကြပြီး အလွန်အမင်း... ကြောက်မက်ဖွယ်ကောင်းကြောင်း၊ မျက်... နှာပုံပန်း အလွန်ဆိုးဝါးကြလျက် နဂါး... အမြီးတစ်ခုလို အမြီးပါရှိကြောင်း၊ ထို... ဘီလူးတို့သည် အလွန်အကြမ်းဖက်ဆိုး... သွမ်းကြကာ လူ့ဘုံကိုသာမက နတ်ဘုံ... ကိုပါ ဖျက်လိုဖျက်ဆီးလုပ် ဒုက္ခမျိုးစုံပေး... တတ်ကြကြောင်း စသဖြင့် ဖော်ပြထား... ကြသည် ဟူ၏။ ထိုဘီလူးတို့သည် ... ရေးနပ်(စ်)နတ်ကြီး၏ အသွေးအသား... ဖြစ်လာကြသည်ဟု ပြောဆိုကြသ... တချို့ကလည်း ထိုယူရေးနပ်နတ်ကြီးနှင့်... ဂေယာနတ်သမီးတို့မှ ပေါက်ဖွားလာကြ... သူများဟုလည်း ဆိုကြပြန်သေးသည်။

ရှေး ဂရိဒေဝတာပုရာဏ်ထဲတွင်... အက်တနာ၊ ထိုက်တန်၊ ဆိုင်ကလုပ်... ဘီလူးတို့ နတ်ဘုံနတ်ပြည် ဝင်ရောက်... အကြမ်းဖက်သောင်းကျန်းသောအခါ... ဇုနတ်မင်းကြီး၊ ပိုဆေးဒန်နတ်၊ ပလူတို... နတ်တို့ ပူးပေါင်းနှိမ်နင်း ရှင်းထုတ်ခဲ့... သည် ဆို၏။ လူနှင့် နတ်ကပြား လူစွမ်း... ကောင်း ဟာကျူလီသည် ဆိုးသွမ်း... သောင်းကျန်းလွန်းလှသော အက်တနာ... ဘီလူးကြီးကို ဖမ်းဆီးပြီး မိုးကောင်း... ကင်ကို ထမ်းရွက်ထားရန် ဒဏ်ခတ်ပေး... ခဲ့ရုံသာမက တခြားဆိုးသွမ်းအကြမ်းဖက်... သောဘီလူးများကို ဖမ်းဆီးကာ ...



www.burmeseclassic.com

www.burmeseclassic.com

နာမ်းတောင်ထဲတွင်လျောင်သွင်းဖမ်းချုပ်ထားခဲ့သည် ဟူ၏။ ထိုအက်တနာမ်းတောင် လှုပ်ရှားပေါက်ကွဲရခြင်းမှာ ထိုဘီလူးများ ရုန်းကန်လွတ်လမ်းရှာသောင်းကျန်းမှုကြောင့် ဖြစ်ပွားရသည်ဟု ယုံစွဲကြသည်။

တစ်ဖန် ဂရိစာဆိုတော်ဟိုးမား၏ အိုဒက်စီလင်္ကာထဲတွင်ကောက်ကျစ် ယုတ်မာသော မျက်လုံးတစ်လုံးသာရှိသည့် လူသားစား ဘီလူးကြီး ပေါ်လီဖီးမက်ကို ဉာဏ်ထက်ပြီး ရဲရင့်သော သူရဲကောင်းလေး အက်ဒက်စီက ဉပါယ်တံမျဉ်သုံး နှိမ်နင်းသုတ်သင်ခဲ့ရပုံကို ပီပြင်ကြွရွစွာရေးသားသီကုံးခဲ့ပေသည်။ သို့လိုပင် နော့(စ်)လူမျိုးတို့၏ဒေဝတာပုရာဏ်ထဲတွင်လည်း ဘီလူးကြီးများက လူသားနှင့် မြေကမ္ဘာကြီးတို့ကို ဖန်ဆင်းခဲ့သည်ဟု မှတ်ယုံကြသည်။ နော့(စ်)တို့၏ တခြားဒေဝတာပုရာဏ်တစ်ခုထဲတွင် မိုးကြိုးလက်နက်သခင်သော် (Thor) နတ်မင်းကြီးက မြေကမ္ဘာပေါ်က ဘီလူးများကိုသုတ်သင်ရှင်းလင်းခဲ့ရသည်ဟု ဆိုထားပြန်သည်။ နောက်ဗြိတိသျှဒဏ္ဍာရီတစ်ပုဒ်ထဲတွင်လည်းလန်ဒန် ရွှေပြည်ရွှေနန်းရှင် စစ်ဘုရင်ဘရူးတပ်(စ်)မင်းသည် သူအနိုင်ယူဖမ်းဆီးထားသော ဂေါ့ဘီလူးကြီးနှင့် မာဂေါ့ဘီလူးကြီးတို့ကို သူ့ရွှေနန်းတော်တံခါးစောင့်အဖြစ် တာဝန်ပေးခဲ့သည် ဟူ၏။ ဦး ရှေးပေါ်တူဂီပြည်က ဖာရာဂတ်(စ်)ဘီလူး၏ ရဲတိုက်ကြီးတွင် ရောမကြေးဝါဦးခေါင်းကြီးတစ်ခုရှိကြောင်း၊ ထိုဦးခေါင်းကြီးသည် မေးသမျှ မေးခွန်းဟူသမျှကိုဖြေဆိုနိုင်ကြောင်း ဖော်ပြမှုကိုလည်းတွေ့ရှိရပေသည်။

ဆိုခဲ့သမျှကို အနှစ်အချုပ်လျက်ထိရင်းကိုဆိုရလျှင် လူသားတို့နှင့် ဘီလူးတို့ ရောထွေးယှက်တင်နေမှုများကိုလည်း တွေ့ရပေသည်။ နောက်ပြီး လူသားနှင့် ဘီလူးတို့ အကြင်လင်မယားအဖြစ် ပေါင်းဖက်နိုင်မှုများကိုလည်းတွေ့ရှိရပေသည်။ ဥဒါဟရဏ်ဆိုရသော်သုတနိပါတ် သမုဂ္ဂဇာတ်ထဲတွင် ဒါနေဘကျိုသ်ဘီလူး (တာနေဘဘီလူး) သည်လူ့စန်း လူမိန်းမကိုချစ်လွန်း၍ ရွှေကြုတ်တွင်သွင်းကာ အာခံတွင်းဝယ်ငုံထားခဲ့သည်ဆို၏။ ပဒကုသလမာဏဝဇာတ်ထဲတွင် အဿမုခီဘီလူးမနှင့် ပုဏ္ဏားလုလင်ဖျိုကိုပေါင်းသင်းရာမှ ပဒကုသလသတို့သားကို မွေးဖွားလာသည်ဆို၏။ ဝေဿန္တရာထဲမှာလည်း လက်ာဒီပကျွန်းတွင် အနုရာဓမြို့ကိုတည်သော ဝိဇယမင်းနှင့် ကုဝဏ္ဏာဘီလူးမတို့ ပေါင်းဖက်ရာမှ ဇီဝဟတ္ထမင်းသားနှင့် ဒီပေလ္လာမင်းသမီးတို့ကို မွေးဖွားခဲ့သည် ဆို၏။ မြန်မာရာဇဝင်တွင်လည်း မဟာသမ္ဘဝမင်းသားနှင့် စန္ဒမုခီဘီလူးမတို့ ယှဉ်ပါးရာမှ ပန်ထွာမင်းသမီးတို့ မွေးဖွားခဲ့သည်ဆို၏။ ခြေမြန်တော် ဗျတ္တနှင့် ပန်းစားဘီလူးမ မယ်ဝဏ္ဏာတို့ စုံဖက်ရာမှ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ်တို့ ပေါက်ဖွားခဲ့သည် ဟူ၏။ ဗုဒ္ဓဘုရားရှင်လက်ထက်က ဥဋ္ဌေနီပြည့်ရှင် စဏ္ဍပဇ္ဇောမင်း၏ ခြေမြန်တော် ကာကဏ်ဖခင်သည် ဘီလူးဖြစ်သလို ပုဂံပြည့်ရှင် မြင်းကျွေးမင်း၏ဖခင်သည်လည်း ဘီလူးပင် ဖြစ်ပါသည်ဟူ၏။

နောက် စိတ်ဝင်စားစရာတစ်ခုကလောကီပညာ၊ ဂန္ဓာရီပညာတချို့သည် ဘီလူးတို့ထံမှ လူသားတို့ဆီသို့ ရောက်ရှိလာသည်ဆိုခြင်းကိုပင် ဖြစ်၏။ မဟာသုတသောမဇာတ်ထဲက လူစင့်စစ်ဖြစ်လျက် လူသားကိုစားသော ပေါရိသာဒမင်းကြီးသည် ဘဝဟောင်းက မိတ်ဆွေဖြစ်ဖူးသော ဘီလူးထံမှ အလွန်လျင်မြန်သန်စွမ်းစေသောမန္တန်ကို ရရှိခဲ့သည်ဖြစ်၏။ ပဒကုသလမာဏဝဇာတ်တွင်လည်း ပဒကုသလသတို့သားသည် သူ့မိခင် ဘီလူးမထံမှ လွန်ခဲ့သောခုနှစ်ကပျောက်ဆုံးသည့် ရတနာကို ရှာဖွေရရှိစေနိုင်သည့် စိန္တာမဏိမန္တန်ကိုရရှိခဲ့သည်ဟူ၏။

မြန်မာ့ဂန္ဓာရီပညာရှင် ဗားမဲ့ဆရာတော်သည် စိတ်ဝေဒနာရှင်တစ်ယောက်မိကျောင်းပါးစပ်မှ လုယူရရှိသော လောကီကြေးပုရပိုက်ထဲမှ အင်းပညာဆိုင်ရာနားမလည်သောအချက်များကို ပုပ္ပားတောင်အနီး အင်းဘီလူးထံ သွားရောက်မေးမြန်းခဲ့ရသည် ဆို၏။ ရခိုင်ရာဇဝင်ထဲ၌လည်း နန်းကြားကြီးမင်းလက်ထက်ကစိကြနှင့်နာရဒရှင်ညီနောင်တို့သည် ခြိတ်ချောင်းဘီလူးကြီးထံမှရသော နာနာရုပ်အတတ်ဖြင့် ထင်တိုင်းကြဲခဲ့ကြသည် ဟူ၏။ အိန္ဒိယအဂ္ဂိရတ်ပညာရှင် နာဂဇုနကသူ၏ ရတနကရကျမ်းထဲတွင် သူသည်အဂ္ဂိရတ်ပညာအတတ် မကွယကွနီနတ်ဘုရားမ(တချို့က ဘီလူးမ)ထံမှ ရသည်ဟု ဖော်ပြထားသည်။

စိတ်ဝင်စားစရာနောက်တစ်ခုကတော့ လူသားတို့ကို ဘီလူးတို့ ဖမ်းစားတတ်သည်ဟူခြင်းပင် ဖြစ်၏။ ဗုဒ္ဓဘုရားရှင်လက်ထက် သာနုသာမဏေသည် သာသနာမှာ မပျော်ပိုက်၍ လူထွက်ရန်ကြိုးစားသောအခါ ဘဝဟောင်းက မိခင်ဖြစ်ဖူးသော ဘီလူးမက ထိုသာမဏေလေး လူမထွက်စေလိုသဖြင့် ထိုဘီလူးမက ထိုရှင်သာမဏေလေးကိုခြိမ်းခြောက်ဖမ်းစားခဲ့သည်ဆိုပေမယ့် မဟာဝင်ထဲတွင်လည်း သီဟိုဠ်ကျွန်းက ရွာစားတစ်ဦးသည် ကုန်သည်တစ်ဦး၏ မယားဖျိုကိုချစ်ကြိုက်သဖြင့် လောကီပညာရှင်တစ်ဦးအား ငှားရမ်းပြီး သန်လျက်စွဲဘီလူးရုပ်ပြုလုပ်လျက် ဘူတမန္တန် (ဘုတ်မန္တန်) စုတ်ကာ စေလွှတ်ကာ သတ်ဖြတ်ရန်ကြိုးစားသော်လည်း မအောင်မြင်ဘဲ ကိုယ့်ရှူးကိုယ်ပတ်ကာ ရွာစားသာလျှင်အသတ်ခံရသည် ဟူ၏။

တစ်ခါ ဘီလူးဖမ်းစားခြင်းကိုလောကီပညာ ဂန္ဓာရီပညာဖြင့် ကုသကြသလို ဗုဒ္ဓပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်၍လည်း ကာကွယ်ကုသကြသည်။ ထိုပရိတ်တော်ဖြင့် ကုသနေစဉ်လူနာကို ဓား၊ လှံလက်နက်စွဲကိုင်ထားသူများက ဝိုင်းရံထားရလေ့ရသည် ဖြစ်၏။

သို့ဖြစ်သည့်တိုင် လူနာအားဘီလူးက မပေးလွှတ်သေးလျှင် ထိုလူနာအား ရှေးဟောင်းမြေစိုက်စေတီတစ်ဆူရင်ပြင်ကို ဓား၊ လှံလက်နက်ကိုင်ဆောင်သူများရံလျက် သယ်ဆောင်ယူပြီး သီလ၊ သိက္ခာ၊ သမာဓိတို့နှင့်ပြည့်စုံသော ရဟန်းမထေရ်များကို ပင့်ဆောင်ကာ လူနာအား ဝိုင်းရံသီတင်းသုံးစေရမည် ဖြစ်ပေသည်။ ဓား၊ လှံကိုင်သူများကို ဝိုင်းရံစေရန် တာဝန်ပေးထားရမည်။ ပြီးနောက်အနီးရှိ တောစိုးသစ်ပင်ကြီးမှ ရုက္ခစိုးအားဖိတ်ခေါ်သက်သေထား၍ ထိုဖမ်းစားသောဘီလူးအား ခမ္မစက်၊ အာဏာစက်ဖြင့် ဆင့်ခေါ်ကာ လူနာအား လွှတ်ရန်(၃) ကြိမ် သတိပေးရမည်။ သို့သော်လည်း ဘီလူးကား လူနာကို မလွှတ်ဘဲနေသေးပါက ရဟန်းတို့သည် အာဋာနာဋိယသုတ်ကို ဌာန်မှာန်ပါပါ မာမာရွတ်ဖတ် သရဇ္ဈာယ်လိုက်ပါလျှင် ထိုဘီလူးသည် ဘယ်လောက်ပင် တောင့်ခံတင်းမာနေပါစေ မလွှတ်ဘဲမရလွှတ်ပေးရသည် ဆို၏။

ဤနေရာမှာ လိုရင်းကို ပြောရလျှင် ဘီလူးတို့နှင့် စုပ်မိစပ်ရာများကိုဆန်စဉ်ရာကျည်ပွေ့လိုက်နေမည်ဆိုလျှင်ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေမည်မှာ အသေအချာဖြစ်၏တည်း။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအာန်းသွင်

ပိုးနှင့်ဦးစံမြ

ယခင်အပတ်က ငန်းတော်ကျား အကြောင်းရေးရန် ကျန်ခဲ့ပါသည်။ ငန်းတော်ကျားကို အချို့က နန်းတော်ကျား ဟု ခေါ်ကြပါသည်။

ကျွန်တော့်အဖေက -

"အရင်က ဒီမှာငန်းမြွေအမျိုးမျိုး ရှိတယ်။ သူလည်း မြွေပွေး၊ မြွေဟောက်တို့လို အဆိပ်ပြင်းတာပဲ။ မြွေဟောက်က လူနဲ့ရရင် ပြေးတယ်။ မပြေးသာရင်မှ မှုတ်ပြီးအသံပေးတယ်။ မရမှ ပေါက်တာ။ ပေါက်ပြီးတော့လည်း ပြေးတာပဲ။ မြွေပွေးကတော့ လူသံကြားရင် ငြိမ်ပြီး ကိုက်ဖို့အဆင်သင့်ပြင်ထားတယ်။ သူ့ကို မထိမချင်းဘာမှမလုပ်ဘူး။ ထိရင်တော့ ယင်ကောင်တောင်မလွတ်ဘူး။ အဲ-ငန်းမြွေကတော့ လူကိုလိုက်တယ်။ ငန်းမြွေက အခြားမြွေထက်ရှည်တယ်။ ငန်းဖါ၊ ငန်းစောင်း၊ ငန်းပုပ် စသည်ဖြင့် အမျိုးမျိုးရှိတယ်။ ငန်းတော်ကျားဆိုတာ အဲဒီငန်းမျိုးထဲကပဲ။ အဆိပ်ပြင်းတယ်။ ဒါပေမယ့် ဒေါသစိတ်နဲ့နာကျင်အောင်လုပ်မှုကိုက်တာ။ သူ့ကို ငန်းကျားလို့ မခေါ်ဘဲ ငန်းတော်ကျားဆိုပြီး 'တော်' ထည့်ခေါ်တာ သူ့ကို မြွေသူတော်လို့သတ်မှတ်ကြလို့ပဲ"

ဟု ပြောဖူးပါသည်။

ယခင်က တစ်ခါတစ်ရံ မြန်မာနိုင်ငံ၌ (၁) နှစ်အတွင်း မြွေကိုက်ခံရသူနှင့် ပျက်စီးသူစာရင်းကို ထုတ်ပြန်တတ်ပါသည်။ ထိုစာရင်းတွင် ကိုက်သည့်မြွေ အမျိုးအစားကိုပါ ဖော်ပြရာတွင် 'ငန်းတော်ကျား' လည်းပါသည်ကို တွေ့ရပါသည်။ မည်သို့ဖြင့်အကိုက်ခံရသည်ကို မသိပါ။ ငန်းတော်ကျားကို ဒဏ္ဍာရီဆန်ဆန်အပြောအဆိုလည်းရှိပါသေးသည်။

ငန်းတော်ကျားသည် သူ့အား တမင်သေစေလိုသော ဒေါသစိတ်ဖြင့် ရိုက်ပြီး မသေသေးဘဲ ထွက်သွားသူကို မလိုက်နိုင်တော့လျှင် ထိုသူ၏ခြေရာကို ပေါက်ရုံဖြင့် ထိုသူသေသည်ဟု ဆိုပါသည်။နောက်တစ်ခုက သူက မြွေဘုရင်။ အစာရှာမစားပါ။ အခြားမြွေများက အစာရှာပြီး လာကျွေးရသည်။ သူက ပါးစပ်ကို အဆင်သင့်ဟထားသည်။ ခွံ့ပေးရသည်။ အကယ်၍ အစာရှာလို့မရလျှင် ကိုယ်တိုင် အစာအဖြစ် ခံတွင်းထဲ ဝင်သွားရသည်ဟု ဆိုသည်။

ကျွန်တော့်အတွေ့အကြုံကို တင်ပြပါမည်။ လွန်ခဲ့သည့် (၄၅) နှစ်လောက်က ကျွန်တော် တောင်ဥက္ကလာမှာနေပါသည်။ တစ်နေ့ညနေ အမှောင်ပျိုးစအချိန်မှာ အိမ်ခေါင်းရင်းဘက် ခြံစည်းရိုးတိုင်ကိုကိုင်ပြီး ခေါင်းရင်းအိမ်က အစ်ကိုဝမ်းကွဲနှင့် စကားပြောနေပါသည်။ မိုးတွင်းဖြစ်၍ မြေပျော့ပြီး ဗွက်ဖြစ်နေပါသည်။ ကျွန်တော့် ခြေတစ်ဖက်က ထိုဗွက်အိုင်ထဲ ကျနေပါသည်။ ခြေအောက်က သတ္တဝါတစ်ကောင်ကောင် ရုန်းနေသလို ခံစားရသဖြင့် ခြေကြွပြီး ကြည့်လိုက်ရာ ကျပ်လုံးခန့်ရှိ ငန်းတော်ကျားဖြစ်နေပါသည်။ကျွန်တော် အတော်ကြောက်သွားပြီး 'မတော်လို့ပါ၊ မတော်လို့ပါ' ဟု အထပ်ထပ်ပြောနေမိပါသည်။ ငန်းတော်ကျားက နောက်ဖေးလမ်းကြားဘက်သို့ တဖြည်းဖြည်းထွက်သွားပါသည်။

ဒဂုံမြို့သစ်တည်စက မြွေအလွန်ပေါပါသည်။ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သာကေတမြို့သစ်များတုန်းကလည်း ဤအတိုင်းဖြစ်ပါသည်။ လယ်ကွင်းများဖြစ်၍ မြွေပေါခြင်း ဖြစ်ပါသည်။ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်သည် ဒဂုံမြို့သစ်အရှေ့ပိုင်းတွင် မြေကွက်ရသဖြင့် အိမ်ဆောက်နေပါသည်။ အစဖြစ်၍ အိမ်နည်း၊ လူနည်းပြီး မြွေပေါပါသည်။ တစ်နေ့တွင် ဆရာမကြီးက နောက်ဖေးတံခါးဖွင့်ပြီး ရေအိမ်သို့သွားပါသည်။ အပြန်တွင် ဖွင့်ထားသော တံခါးဝကို ကန့်လန့်ဖြတ်ပြီး မြွေကြီးတစ်ကောင်ကတန်းနေပါသည်။ အိမ်ရှေ့တံခါးကိုလည်း မိမိအတွင်းက ပိတ်ထားသဖြင့် အိမ်ရှေ့ကလှည့်ဝင်၍မရ။ အိမ်တွင်လည်း မိမိတစ်ယောက်တည်းရှိနေချိန်ဖြစ်သည်။ ဆရာမကြီးက ကြော[က်]ကြောက်ဖြင့် ကြက်မောင်းသလို တ... ရှူးဖြင့်မောင်းပါသည်။ မရွေ့။ နော... ရေအိမ်မှ ရေသွားယူလာပြီး ပက်သည်... မလှုပ်။ နောက်မှ ကြားဖူးနားဝရှိသည်... သတိရပြီး အာရုံကိုစုစည်းလိုက်ပါသည်။ ပြီးတော့ -

"အသင်မြွေ ချမ်းသာပါစေ၊ ဘေး... ကင်းပါစေ၊ အသင်နဲ့ ငါဟာ ရန်... မဟုတ်။ မိတ်ဆွေများသာ ဖြစ်တယ်၊ ဒါ... ကြောင့် ငါသွားမယ့်လမ်းကို ဖယ်ပြီး... ဘေးကင်းရာကိုသွားပါ"

ဟု တိုးတိုးပြောလိုက်သည်။

ဤတွင် အသံက အဓိကမဟုတ်... ကြားချင်မှကြားမည်၊ ကြားလည်း သိချင်... မှ သိမည်။ မြွေဆီသို့ ဦးတည်ပြီး ပို့လွှတ်... သည့် မပြန့်လွင့်သော မေတ္တာစိတ်က... အဓိကဖြစ်သည်။ သူမေတ္တာပို့ပြီးသည်... နှင့် မြွေကြီးသည် ရှေ့သို့သွားပြီး ခြံ... သို့ဆင်းကာ မြက်တောထဲ ပျောက်သွား... ပါသည်။ (ဒေါ်ကြွယ်ကြွယ်၏ ကိုယ်တိုင်ပြောပြချက် ဖြစ်ပါသည်။)

၁၉၆၇ ခုနှစ်လောက်က ချင်း... တိုင်းရင်းများ၏ ယဉ်ကျေးမှုရိုးရာဓလေ့... ထုံးစံများကိုလေ့လာရန်အတွက် ရန်ကုန်... တက္ကသိုလ်မှ ဒေါက်တာ ခင်မောင်ညွန့်... (သမိုင်းပါမောက္ခ) ဦးဆောင်သောအဖွဲ့... နှင့် ချင်းတောင်မြောက်ပိုင်းသို့ သွား... ရောက်ခဲ့ပါသည်။ ဖလမ်းရောက်သော... အခါ ဖလမ်းမြို့အနီး တောင်ခြေတွင်... တောင်တန်းသာသနာပြု ဆရာတော်... ဦးစုတ္တမသာရ ကမ္မဋ္ဌာန်းကျောင်းဖြ... သီတင်းသုံးနေကြောင်း ကြားသိရသဖြ... ကျွန်တော်တို့ သွားရောက် ဖူးမြော်ကြပါ... သည်။ ဆရာတော်ကား မေတ္တာတန်ခိုး... ထူးခြားထက်မြက်သောပုဂ္ဂိုလ် ဖြစ်ပါ... သည်။

ချင်းတိုင်းရင်းသားအများစုမှာ မိ... ရာနတ်ကိုးကွယ်သူနှင့် ခရစ်ယာန်အာ... သာဝင်များ ဖြစ်ကြပါသည်။ ဆရာတော်... အား ဂေါ်ရခါးများက ကိုးကွယ်ကြပါ... သည်။ ဗုဒ္ဓဘာသာဝင် ထိုဂေါ်ရခါးလူမျိုး... (၃၀)ခန့်ကကိုးကွယ်ထောက်ပံ့ကြသည်... ကမ္မဋ္ဌာန်းကျောင်းဆိုသည့်အတိုင်း ... ဖြစ်ရုံသာရှိပြီး လုံခြုံမှုမရှိပါ။ မြွေ၊ ကျား... စသည့်တောကောင်များ၏အန္တရာယ်မှ... မလုံခြုံသလို ဖေဖော်ဝါရီလတွင် ... သည့် အအေးဒဏ်ကလည်း မလုံခြုံပါ... ဂေါ်ရခါးများက ထိုအအေးဒဏ်ကို ကာ... ကွယ်ဖို့ ညဘက်မီးဖိုရန် အလွန်ရှား... သောထင်းများ ထောက်ပံ့ လှူ... သည်။ တောရိုင်းတိရစ္ဆာန်များ၏ရန်က...



www.burmeseclassic.com

www.burmeseclassic.com

မှ ဆရာတော်၏ မေတ္တာဖြင့် လုံခြုံစေပါသည်။

"ကျွန်တော်တို့ဆီမှာ နွားပေါက်တစ်ကောင်လောက်ကို ကိုက်ချီသွားနိုင်တဲ့ မြွေကြီးတွေရှိတယ်"

ဟု ချင်းအမျိုးသားများက ပြောပါသည်။

"အတော်လေး ညဥ့်နက်လာရင် မြွေတွေ၊ ကျားတွေ ဘုန်းကြီးနဲ့အတူ နေလာလို့ကြတယ်။ မြွေကြီးတွေက သိပ်ကြီးတယ်။ သဘာဝအားဖြင့် မြွေနဲ့ကျားက ရန်သူပဲ။ ဒါပေမယ့် ဘုန်းကြီးရဲ့ မေတ္တာရိပ်အောက်မှာ ရန်မပြုကြဘူး။ တစ်ခါတစ်ခါလည်း မလာကြဘူး။ သူတို့လာရင် ဘုန်းကြီးက ဒကာကြီးတို့ ဒကာမကြီးတို့ ချမ်းချမ်းသာသာနေကြ။ ဘုန်းကြီးကလည်း မေတ္တာထားတယ်။ ဘုန်းကြီးကိုလည်း ပြန်ပြီးမေတ္တာထားကြ။ ပြီးတော့ အချင်းချင်းလည်း မေတ္တာထားကြလို့ ပြောရတယ်။ တစ်ခါတစ်ခါလည်း မလာကြဘူး။ ဒါပေမယ့် ကျားထီးကြီးတစ်ကောင်ကတော့ ပုံမှန်လာတယ်။ သူလာရင် ဘုန်းကြီးက ဒကာကြီး ရောက်လာပြီလား။ ချမ်းချမ်းသာသာနေ လို့ ပြောလိုက်ရင် သူကသိသလိုပြန်ကြည့်ပြီး ခွေနေလိုက်တယ်"

ဟူ၍ ဆရာတော်က မိန့်ကြားပါသည်။

နောက်ကြားဖူးတာ တစ်ခုရှိပါသည်၊ ကြားဖူးသူများပါမည်။ ဤကဲ့သို့သင်တောထဲတွင် ကမ္မဋ္ဌာန်းကျောင်းဖြင့် ဆရာတော်တစ်ပါးက ကမ္မဋ္ဌာန်းဘာဝနာပွားများသည်။ ဆရာတော်အား ဝတ်ကြီးဝတ်ငယ်ပြုစုရန် ကပ္ပိယကြီးတစ်ဦးရှိသည်းပါသည်။ ယခုကဲ့သို့ပင် ညဘက်မိုးထားသောအခါ ကျားကြီးတစ်ကောင်ရောက်လာပြီးမီးလှုံသည်။ ဆရာတော်၏ မေတ္တာဖြင့် ကျားကြီးက ယဉ်ပါးနေသည်။

တစ်ညတွင် ကျားကြီးက ထိုင်ပြီး မီးလှုံနေရင်းက ပါးစပ်ဟာပြီးသန်းလိုက်သည်။

ထိုအခါ ကပ္ပိယကြီးက -

'ကျားကြီးပါးစပ်ထဲ မီးစထိုးထည့်လိုက်ရင် ဘယ်လိုနေမလဲ မသိဘူး'

ဟု တွေးလိုက်သည်။

ထိုအခါ ကျားကြီးက မာန်ဖီသည်။

ဆရာတော်က -

"ကပ္ပိယကြီး၊ ဘာတွေမကောင်းကြံနေသလဲ။ မေတ္တာပို့လိုက်"

ဟု မိန့်ကြားသည်။

ကပ္ပိယကြီးက ထိတ်လန့်သွားပြီး အမြန်မေတ္တာပို့လိုက်ရသည် ဆို၏။

ဤသည်တို့မှာ 'လူတို့၏ စိတ်အကြံ (မေတ္တာလား၊ ဒေါသလား) ကို မြွေ၊ ကျား စသည့် ထူးခြားသောသတ္တဝါများသိသည်' ဆိုသော အချက်ကို ဖော်ပြနေခြင်း ဖြစ်၏။

စိတ်၏တန်ခိုး၊ စိတ်၏အစွမ်းသတ္တိနှင့် ပတ်သက်ပြီး ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်များ ကြားဖူးနားဝလည်းရှိ ယုံလည်းယုံကြည်ကြသဖြင့် အထူးဖော်ပြရန် မလိုတော့ပါ။ လုံးဝအယုံအကြည်မရှိသော ရုပ်ဝါဒသမားများ၏ လေ့လာတွေ့ရှိချက်ကိုမူ ဖော်ပြလိုပါသည်။

၁၉၇၀ ပြည့်နှစ်ဝန်းကျင်က ဖြစ်ပါသည်။ ရုပ်ဝါဒီ၊ ကွန်မြူနစ်ဝါဒီ၊ ဆိုဗီယက် ရုရှားနိုင်ငံထုတ် အစိုးရအာဘော်ဖြစ်သည့် မော်စကိုနယူးယောက်သတင်းစာ၌ သတင်းဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ အကျဉ်းချုပ်မှာ လူတစ်ဦးနှင့်တစ်ဦး အဝေးကြီးနေပြီး စိတ်ဖြင့်ဆက်သွယ်ပြောဆိုနိုင်သည့် တယ်လီပယ်သီဟူသောအချက်ကို စမ်းသပ်ရန်အတွက် ထိုပညာရှင်နှစ်ယောက်ကို မော်စကိုမြို့တွင် တစ်ယောက်၊ လီနင်ဂရက်မြို့တွင်တစ်ယောက် နေစေပြီး ဆက်သွယ်ပြောဆိုစေသည်။

ပို့သူနှင့် လက်ခံသူဟု ထားပြီး နှစ်ဖက်စလုံးတွင် အစောင့်အကြပ်များထားသည်။ ပို့သူက ပို့မည့်အကြောင်းအရာ(ပစ္စည်း)ကို ဘေးတွင်ချထားသည်။ လက်ခံသူက စာရွက်နှင့် ဖောင်တိန်ဘေးတွင်ချထားသည်။ တိကျသောအချိန်သတ်မှတ်ပြီး ပို့သူကပို့သည်။ ဖမ်းသူကဖမ်းသည်။

ပို့သူက (ပစ္စည်းသိပ်မသေချာတော့ မှတ်မိသလောက်) ပလာသား၊ ဝက်အူလှည့်၊ အချိုရည်ပုလင်း သုံးမျိုးကို တစ်မျိုးပြီးတစ်မျိုးပို့သည်။ ဖမ်းသူက ဖမ်းယူရရှိသောပုံကို စာရွက်တွင်ချဆွဲရာ သုံးမျိုးစလုံးမှန်သည် ဆို၏။

ဤသို့ဆိုလျှင် ထူးခြားသောသတ္တိရှိသူများအဖို့ စိတ်စိတ်ချင်း ဆက်သွယ်သိရှိနိုင်သည်ဟူသောတစ်ချက်မှာ ထင်ရှားပေပြီ။

ယခု ဦးစံမြအကြောင်းကို ဖော်ပြပါတော့မည်။ မြွေများသည် သဘာဝအားဖြင့် စိတ်ငြိမ်သောနေရာတို့၌ နေတတ်ကြပါသည်။ ထို့ကြောင့် တောတောင်နှင့် လယ်ကွင်းပြင်တို့တွင် အနေများကြပါသည်။ မူလကနေသောနေရာဖြစ်၍သော် လည်းကောင်း၊ အစာလိုက်ရင်းသော် လည်းကောင်း လူများနှင့်ကြုံတွေ့ရခြင်း ဖြစ်ပါသည်။

လယ်ကွင်းများမှာ လယ်ထွန်၊ ကောက်စိုက်ချိန် (ရှေးက တစ်သီးစားတစ်ခါစိုက်သာရှိပါသည်။) နှင့် စပါးရိတ်သိမ်းချိန်တို့မှာသာ လူများရှိတတ်ပြီး ကျန်ချိန်များမှာ တိတ်ဆိတ်ငြိမ်သက်ချိန်ဖြစ်နေပါသည်။ ကောက်စိုက်ချိန် ကျွန်တော်တို့ဒေသမှာ ရေနက်ကွင်းများ၊ (ဆူးထိုးစိုက်ရသည်) ဖြစ်၍ မြွေတွေ့ရနည်းပါသည်။ စပါးရိတ်ချိန်တွင်သာ တွေ့ရများပါသည်။ ထို့ကြောင့် ကျွန်တော်တို့ငယ်စဉ်က ကောက်စိုက်နှင့် စပါးရိတ်တို့အတွက် နေ့တွက်လုပ်အားခပေးရာတွင် ကောက်စိုက်၌ အမျိုးသမီး ငါးမူး၊ အမျိုးသား သုံးမတ်၊ စပါးရိတ်၌ အမျိုးသမီး သုံးမတ်၊ အမျိုးသား တစ်ကျပ်ပေးရပါသည်။ မြွေပေါသည်ဟု နာမည်ကြီးသော (ထိုစဉ်က) ဟသ်ာကျွန်း စသည့်ကွင်းများတွင် တစ်မတ်စီ ပိုပေးရပါသည်။ ထိုသို့ပိုပေးသည့်တိုင်အောင် လုပ်သား အလွယ်တကူမရကြပေ။

ဦးစံမြပါလျှင် စိတ်ချလက်ချလိုက်နိုင်ကြသဖြင့် ဦးစံမြနှင့်အဖွဲ့အား မြွေပေါသောလယ်များက သူ့ထက်ငါ ဆက်သွယ်ငှားရမ်းကြပါသည်။ ကျွန်တော့်ဖခင်နှင့် ညီ၊ ညီမတို့သည် လူပျို၊ အပျိုဘဝက နှစ်စဉ် ကောက်စိုက်၊ စပါးရိတ်လိုက်ကြပါသည်။ ဦးစံမြသည် အဖေ့အဖေ အဘိုးနှင့် ညီအစ်ကိုဝမ်းကွဲတော်သဖြင့် ဦးစံမြနှင့် အမြဲလိုက်ရသဖြင့် စပါးရိတ်ရာသီတွင် နေ့တွက်တစ်မတ်စီပိုရကြပါသည်။

ဦးစံမြသည် စပါးရိတ်ရမည့် လယ်ကို ညနေဘက်ရောက်သည်နှင့် နံ့သာရည်ထည့်ထားသောရေခွက်ကို ဘုရားရှေ့ချ အာဇီဝဋ္ဌမက ရှစ်ပါးသီလခံယူပြီး ပရိတ်ရွတ်ပါသည်။ ထို့နောက် ထိုပရိတ်ရေဖြင့် ကွင်းကို ပတ်လည်အနှံ့ လျှောက်ဖျန်းပါသည်။ လျှောက်ဖျန်းစဉ်လည်း ရွတ်ပါသည်။ ရှိနေက ရှောင်ပေးရန်လည်း မေတ္တာရပ်ခံသည်။ အကယ်၍ သူမရောက်မီ မြွေတွေ့ထားလျှင်လည်း ထိုမြွေရှိရာသွားပြီး မေတ္တာစကားဖြင့် အဖယ်ခိုင်းပါသည်။ မြွေကလည်း နားလည်သည့်အလား အေးဆေးစွာ ဖယ်ရှားသွားပါသည်။

ဦးစံမြ ဤအခြေအနေမျိုးရရန် မည်ကဲ့သို့ အားထုတ်ခဲ့ရသည်ကို ဆက်လက် ဖော်ပြပါဦးမည်။

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်)*

မုဆိုးကြီး ဦးဘရီနှင့် သားဖြစ်သူ ကိုလေးကုလားတို့နှစ်ယောက် သက်ကယ်ခြံရွာ အရှေ့တောင်စူးစူးသို့ တောတိုးလာခဲ့ကြသည်။ ဘုတလင်မြောက်ဘက်ရှိ နှောနယ်ဝက်ရဲတောကဲ့သို့ တောမထူထပ်သော်လည်း လျှိုလေးများ၊ ကုန်းကမူများဖြင့် ရှား၊ ထနောင်း၊ သစ်ရာ၊ ဒီဒူးပင်များက အုပ်စုလိုက် ဟိုသည်တစ်ကွက် စုစုဝေးဝေးရှိသည်။ ထန်း၊ ဒဟတ်ပင်များကလည်း ထူထပ်လှ၍ တောကောင်းသည်ဟုဆိုရမည်။ ယာခင်းများကား ကျိုးတိုးကျဲတဲနည်းပါးလှသည်။ ဤနယ်သည် စရစ်ကုန်းမြေ၊ လျှိုမြောင်၊ ချောင်းရိုးပေါ၍ မြေပြင်ကညီညာမှုမရှိ။ နေရာအတော်များများ ယာထွင်၍မရပါ။ (ယခုအချိန်ခါတွင် လူအများ ယာထွင်၍လည်းကောင်း၊ သနပ်ခါးများစိုက်ကြ၍ မြေကြီးလည်းယဉ်လေ၏။)

# သန်ဇင် ပြေးလမ်း

တောကောင်များကလည်း ဝက်ရဲတောနှင့် အရှေ့အုတ်ဖိုတောင်တောကြီးသို့ ကူးချည်သန်းချီကျက်စားကြ၍ သားကောင် မရှားပါးလှပါ။

အိမ်မှာ သားကောင်အစိုသား မစားရသည်မှာ ကြာပြီ။ သမင်သားခြောက်အနည်းငယ်တော့ ကျန်သေးသည်။ ကုလားက ညည်း၏။ သူ့ဗိုက်မှာ အူမစိုသဖြင့် ခွေးလည်းမနမ်း၊ ဝက်ကစောင်း၍ပင်မကြည့်။ စားရသောက်ရ ဇိမ်ပျက်လှသည်ဟု ဖအေဖြစ်သူအား စောင်းပြောသည်။ သားသမီးတွေထဲမှာ အငယ်ဆုံးသား မောင်ညွန့်ကိုပင် ဒီလောက်မချစ်ပါ။ သားလတ် ကုလားက အလွန်ဆိုးသည်။ ဆိုးသည့်သားအား ပို၍ချစ်မိသည်မှာ မိဘတို့အပြစ်လား။

ထန်းရည်သောက်ချင်သည်ဟု ပူဆာသောကြောင့် သူကိုယ်တိုင် ထန်းပင်တက်ပေးရသည်မှာ အကြိမ်ကြိမ်မကတော့။ အိမ်ဘက် ယာခင်းအလုပ်များအား သားအကြီးဆုံး သန်းအောင်အားလွှဲ၍ထားလို့ရပြီမို့ သူဝါသနာပါရာ မုဆိုးအလုပ်ကို စိတ်ချလက်ချလုပ်၍ရနေပြီဖြစ်၏။

.ကာလကြီးကလည်း တိုင်း
ပြည်ရေးမကောင်းပါ။ ဟိုနားလှုပ်လှု
ဒီနားလှုပ်လှုပ် ရန်ကုန်မှာဆူနေကြ
တကွဲသိုလ်တွေ ပြန်ပိတ်ထားရသည်
ကြားရ၏။ ဘီဘီစီသတင်းတွေကလည်
နေ့စဉ်ရက်ဆက် တစ်ရက်မှမပြတ်
မြန်မာပြည်သတင်းမပါလျှင် စားမဝင်
အိပ်မပျော်ဖြစ်ကြရသည်။ မန္တလေး
လည်း အခြေအနေမကောင်း။ ဘုန်းကြီ
တွေစုပြီး ဆူမလိုလိုကြားရသည်။ ဘာ





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ် ခေတ်ကာလမကောင်းလျှင် အိမ်မှာရိက္ခာလေးဘာလေးစုတန်စုထား နေအောင် နှစ်လုံးပြူးကိုင်စွဲ၍ တောလည် ထွက်လာခဲ့သည်။

မိုးကျနေပြီဖြစ်၍ မြက်တို့ကစိမ်း စိမ်းစိုစိုရှိလှသည်။ သစ်ပင်ချုံကြားမြေ စပ်စပ်မှာ မြက်တို့က ထူထူထပ်ထပ်ရှိ သည်။ တချို့နေရာတွေမှာ ဘာပင်မှ မပေါက် သဲအတိဖြစ်နေသည်။

ဤကဲ့သို့နေရာများတွင် သမင်၊ ချေတို့လို သားကောင်တွေ ကျက်စား တတ်သည်။ အနီးပတ်ဝန်းကျင်တွင် လည်း ချုံကောင်းသဖြင့် အစားစားပြီး ချုံထဲဝင်အိပ်နေတတ်သော သားကောင် များအား မျက်စိရှင်ရှင်ဖြင့်ကြည့်ရသည်။ မိုးရွာထားသဖြင့် လတ်ဆတ်သောမြေ ပြင်မှ ခြေရာများကိုကြည့်ပြီး ဘယ်နေရာ မှာခိုနေနိုင်သည်ကို သတိထားရသည်။

မုဆိုးကြီးဦးဘရီသည် တောချုံမြေ ပြင်အား စေ့စေ့စပ်စပ်ကြည့်ရင် ထူးခြား မှု တွေ့လာရသည်။ သမင်ခြေရာများ အပြင် လူခြေရာတွေထပ်နေခြင်းပင် တည်း။မြေအနေအထားက မြေစေးဖြစ် လျှင် ခြေရာကတော်ရုံနှင့်ပျောက်မသွား



www.burmeseclassic.com

www.burmeseclassic.com

တတ်။ သဲဆန်လျှင် မိုးတစ်ပြိုက်လောက် ရွာချလျှင် ပျောက်သွားတတ်သည်။ လူခြေရာတွေကအများသား။ သေသေချာချာကြည့်တော့ လူငါးယောက်ခြေရာ။ ဦးတည်ရာဘက်က အနောက်စူးစူးသို့ ဖြစ်သည်။ သူတို့ဒေသက ယာထဲကိုင်းထဲသို့သွားလျှင် နွားလှည်းဖြင့်သွားသည်။ တောတိုး၍ထင်းခုတ်ရအောင်ကလည်း ဘယ်သူမှတောထဲအထိထင်းလာမခုတ်ကြ။ ရွာအပြင်ထွက်ခုတ်လျှင်ပင် ထင်းက လုံလောက်နေပါပြီ။ ဒီလောက် လူလေးငါးယောက် အုပ်စုလိုက်တောတိုးပြီး ဖြတ်သွားဖြတ်လာလုပ်နေကြလျှင် ဒီလူတွေကဘာတွေလဲ။ တောအရှေ့ဘက်ကလည်း နေ့ဝက်ပြင်းပြင်းသွားလျှင် ရွှေဘိုတောင်ဘက်ရွာတွေသို့ ရောက်သည်။ ပြီးတော့ ဖြတ်လမ်းလည်းဖြစ်သည်။ သို့သော် လူတွေက တောတိုးပြီးမသွားချင်ကြ။ မှုးရိုးအတိုင်း လမ်းဖြောင့်မှသာသွားချင်ကြသည်။ ဦးဘရီ တစ်ချက်သွား၍သတိရလိုက်သည်။ ခုတစ်လော အရှေ့ရွာအုပ်စုတွေမှာ ဓားပြပူနေသည်ဟု ကြားရ၏။ ဓားပြတွေများ တောတိုးပြီးဖြတ်လမ်းလုပ်နေကြပြီလား။ ရေရေရာရာမဟုတ်သော်လည်း ခန့်မှန်းကြည့်ရတာ ဖြစ်နိုင်နေသည်။

ဦးဘရီက လူခြေရာတွေကို ဂရုတစိုက်ကြည့်နေ၍ ကိုလေးကုလားကလည်း လိုက်၍ကြည့်သည်။ ခြေရာများအနီးချုံစပ်တွင် ဆေးပေါ့လိပ်အတိုတစ်ခုအား တွေ့ရသည်။ ကိုလေးကုလား ဒီဆေးပေါ့လိပ်ကို မြင်ဖူးနေ၏။ စဉ်းစားရင်း အဖြေပေါ်လာသည်။

"အဖေ ဒီဆေးလိပ်က မဟာမြိုင်တောဘက်ကလူတွေသောက်တတ်တဲ့ ဆေးပေါ့လိပ်ပဲ"

"မင်းဟာက သေချာလို့လား"

"ကျုပ်တွေ့ဖူးတယ်။ ကျုပ်တို့နယ်က ဒီဆေးလိပ်ကို မသောက်ကြဘူး။ ဒါမျိုးသောက်တာ မဟာမြိုင်တောထဲက လူတွေပဲရှိတယ်"

ပြောလည်းပြောရင်း သူ့အာရုံထဲမှာ သက်ကယ်ခြံရွာပြင် ဒေါ်အေး၏ အရက်ဖိုမှာ အောင်သန်း၏ မိတ်ဆွေများသောက်နေသည့် ဆေးပေါ့လိပ်ကို သွားသတိရသည်။

"မင်းက နေရာတကာ လျှောက်သွားနေတော့ မဟာမြိုင်ကလူတွေ ဒီဘက်လာတတ်သလား"

"ဟိုတစ်လောက အောင်သန်း မိတ်ဆွေတွေ နွားဝယ်မလို့ဆိုပြီး သက်ကယ်ခြံကိုလာကြတာပဲ။ မဟာမြိုင်တောင်ဘက်ကလူတွေလေ"

"ဘာပဲဖြစ်ဖြစ် မင်းဒီကောင်တွေကို သတိထားပြီးကြည့်နေကွာ။ ထူးထူးခြားခြားလှုပ်ရှားမှုတွေ့ရင် ငါ့ကိုပြော။ ငါ တိုက်ပိုင်ကြီးကို သတင်းပို့ရမယ်။ တို့နယ်ထဲမှာ ဓားပြပူတာမကောင်းဘူး။ လူတွေအထိတ်တလန့်နဲ့"

"ကဲပါ အဖေရယ်။ လောလောဆယ် ဓားပြပူတာထက် ဗိုက်ထဲမှာပူတာက ပိုဆိုးတယ်။ သမင်သားဆီပြန်လေး မစားရတာ ကြာလှပြီ။ လုပ်စမ်းပါ၊ တစ်ကောင်လောက်ရရင်တော်ပြီ"

သားအဖနှစ်ယောက် တောတိုးကြပြီး ထိုနေ့က သမင်ပေါက်တစ်ကောင်ရ၍ အိမ်ပြန်လာခဲ့ကြသည်။ ကိုလေးကုလားမှာ ချက်အရက်တစ်ပုလင်း မီးဖိုတဲထဲဖွက်၍ ဟင်းချက်ရင်း မြည်းလေတော့သတည်း။

❒

"ကိုအောင်သန်း ဆည်တဲမှာ ဝိုင်းကောင်းတယ်။ ဒီနေ့ ချိန်းဝိုင်းရှိတယ်၊ လိုက်ခဲ့ပါလား။ ကျုပ်တော့ ဝိုင်းကောင်းကောင်းမှာ မဆော့ရတာကြာပြီ။ လက်ယားနေပြီ။ တစ်ချီလောက်ဝင်ဆွဲလိုက်တယ်"

အောင်သန်းလည်း ပျင်းပျင်းမို့ လိုက်သွားဖို့ စိတ်ကူးရသည်။ ကောင်အေး ဆိုသည့်အကောင်ကလည်း လက်ထဲမှာ ငွေယားကလေးရှိလျှင် ဖဲဝိုင်းသို့ ပြေးချင်နေသူ ဖြစ်သည်။ မနည်းတားထား၍သာ ဒီကောင်ငြိမ်နေရသည်။ သူတို့နှစ်ယောက် အမြည်းကောင်းကောင်းဖြင့် ဇိမ်ကျနေသည်ကို ရွာသားတွေက နွားအရောင်းအဝယ်တည့်၍ အသားပေါ်လိုက်၊ ဝက်ပေါ်လိုက်လုပ်နေကြသည်ဟုသာ ထင်နေကြသည်။ အမှန်တော့ ပိုက်ဆံတွေ သိပ်မသုံးရဲသဖြင့် အသားပေါ်ပြီး ကောင်းကောင်းချက်စားနေကြခြင်းသာ ဖြစ်သည်။

"လိုက်မယ်ကွာ၊ ပိုက်ဆံတော့သိပ်ယူမလာနဲ့။ လူတွေမသင်္ကာဖြစ်နေဦးမယ်"

သူတို့နှစ်ယောက် ဆည်တဲရွာဘက်သို့ထွက်လာခဲ့ကြသည်။ ရောက်တော့ တိတ်တိတ်ပုန်းချိန်းဝိုင်းအိမ်တွင် ဟိုဘက်သည်ဘက်ရွာတွေက လူတော်တော်စုံနေသည်ကိုတွေ့ရသည်။ ကောင်အေးက နယ်လှည့်ဖဲရိုက်နေသူဖြစ်သောကြောင့် ရွာစုံရှိ ဖဲသမားများနှင့် ရင်းနှီး

သည်။ ဝိုင်းကမစသေး။ အိမ်ရှင်
အရက်ဝိုင်းဖြင့် ဧည့်ခံနေသည်ကိုတွေ့
ရသည်။ သူတို့လည်း နှစ်ခွက်သုံးခွက်
ဝင်သောက်လိုက်ကြသည်။

"ကောင်အေး၊ မင်းအမဲပေါ်
တာ တော်ဇတ်ဟုတ်နေတယ်ကြား
တယ်။ မင်းမိန်းမ ဟိုတစ်နေ့က ဝက်သား
တွဲတွေ ဇလုံနဲ့ရွက်ပြီး ရွာထဲလာပို့
တွေ့တယ်။ မင်းထောနေပြီပေါ့"

"နည်းနည်းပါးပါးပါ ကိုကြ
ကောင်းရာ။ ခေတ်ကောင်းတုန်း
လုပ်စားရတာ"

"မင်း အခုလည်း မိန်းမဆီက
ဝယ်မယ်ဆိုပြီး ဖဲရိုက်ဖို့ မ,လာပြ
မဟုတ်လား"

ကောင်အေး ဘာမှဆက်မပြော
တော့ဘဲ ရယ်ပြလိုက်သည်။

ဝိုင်းစကြလေပြီ။ ကိုးမီးဝိုင်း၊
ငါးယောက်ရိုက်ကြ၏။ ဖဲရိုက်သည့်
၏နောက်မှာ အဖော်တစ်ယောက်စီ
လူဆယ်ယောက်တို့၏ အသံတွေ
အိမ်အောက်ထပ်၌ ဆူညံနေသည်
ကျိတ်ဝိုင်းမို့သာတော်တော့သည်။ အိမ်
ရှင်က ဘယ်လိုပေးကမ်းထားပြီး ဝိုင်း
အောင်လုပ်ထားသည်မသိပါ။

ဤနေ့သည် အောင်သန်းတို့နှစ်
ယောက်အတွက် ပြဿဒါးနေ့သာလျှင်
ဖြစ်ရပါတော့သည်။ ဖဲက တော
လျှောက်သေနေ၏။ စရိုက်သည့်
လှည့်၊ သုံးလှည့်သာ အလျော်ရသည်
နောက်ပိုင်း ဒိုင်ကသာစားနေသည်
အောင်သန်း ဒိုင်ကို မသင်္ကာသဖြင့်
သေသေချာချာကြည့်သည်။ ဒိုင်အိမ်
လည်း အပွင့်ကောင်းလှသည် မဟုတ်
ငါးပွင့်၊ ခြောက်ပွင့်ဖြင့်ပင် သူတို့အိမ်
စားသည်။ ကောင်အေးလာဘ်မကောင်း
ခဏခဏဘူကျ၏။ အကောက်ကောက်
နေသည့်အိမ်ရှင်ကပင် ဘူကောင်အေး
ဟု နောက်နေသည်။

ညနေစောင်းတော့ သူတို့နှစ်
ယောက်ရှိသမျှ ပြောင်လေသည်။
လာသည့် နှစ်ယောက်ပေါင်းငွေ သုံး
သောင်းကုန်ပြီ။ ကောင်အေးက အ
ထောင့်မှာချည်ထားသော လက်စွပ်
ပေါင်၍ဆက်ရိုက်မည်ဆိုသောကြောင့်
မနည်းတားယူရသည်။ အရင်တုန်း
ဆိုလျှင် ငွေသုံး၊ လေးထောင်ကုန်လျှင်
ကောင်အေး မျက်နှာကြီးနီလာပြီး တ
ရှုးဖြစ်နေသည့်ကောင်က အခုငွေသုံး
သောင်းလောက်မြောက်သွားတာ
အပြုံးမပျက် စီးကရက်ဖွာလျှက် ဒူးနှံ



www.burmeseclassic.com

www.burmeseclassic.com

နေသည်မို့ ဖဲသမားအချင်းချင်းအံ့သြကြသည်။

ဝိုင်းသိမ်းတော့ အိမ်ရှင်ထံမှ ငွေစ်ရာတောင်းပြီး သူတို့ပြန်ကြသည်။ အရက်တစ်ပုလင်းဆွဲလာပြီး လမ်းလျှောက်ရင်း သောက်လိုက်၊ စကားပြောထိုဖြင့် ကောင်အေးမှာ တဖျစ်တောက်တောက်ဖြစ်နေသည်။ ငွေကုန်သွားသည်မှာ အရေးမကြီး။ လူတွေမသက်ာဖြစ်ကုန်လိမ့်မည်ဟု သတိပေးရသည်။

မဟာမြိုင်မှ ကိုတင်တို့လူစုအကြောင်းမကြားဘာမကြား ဖြုန်းစားပြီး ရောက်ချလာကြသည်။ အဖေကတော့ သူတို့အား နွားပွဲစားကုန်သည်များသာ ထင်နေသည်။ စိုင်ပြင်အရက်ဆိုင်သို့သွားနှင့်ရန်ပြောပြီး ကောင်အေးအားဝင်ခေါ်၍လိုက်သွားသည်။ လမ်း၌ဘိန်းစားငပိန် ချိုးထောင်နေသည်ကိုတွေ့ရသဖြင့် တစ်ပါတည်း ခေါ်ခဲ့၏။ အရက်ဆိုင်ရောက်တော့ ကိုယ်တော်ချောတွေက ပုလင်းတစ်လုံးပင်ကုန်လုပြီဖြစ် သည်။

"ကိုတင်၊ ဘာတွေဖြစ်လာတာလဲ ပြောပါဦးဗျ"

"ဘာမှမဟုတ်ပါဘူး ဆရာအောင်သန်းရယ်။ အလုပ်လုပ်မလို့လာခဲ့ကြတာပါ"

မဟာမြိုင်မှ အဖွဲ့သားနောက်တစ်ယောက်ကဝင်ပြောသည်။

"ဟိုတစ်လောက လုပ်ထားတာဘာမှမကြာသေးဘူးလေ။ သိပ်ပြီးစိပ်နေရင်မကောင်းဘူးဗျ"

"ကိုတင်ပေါ့ဗျာ။ ခင်ဦးမှာ ဂျင်ဝိုင်းတွေ့လို့ ဝိုင်းကောင်းတာနဲ့ စိတ်ပါလာပြီး ဝင်ဆော်ကြတာ ကျုပ်တို့ဟာတွေပါပြောင်တာပဲ။ ဗိုင်နဲ့ စကားများကြတာ ကံကောင်းလို့ လူသတ်မှုမဖြစ်တာယ်"

"ငါလုပ်လိုက်ရင် ရှုံးသွားတဲ့ငွေ၊ ရွှေညီးတွေအပြင် သူတို့ဟာတွေပါ ရတယ်၊ မောင်မင်းတို့တားလွန်းလို့လျှော့ပေးလိုက်တာ"

ကိုတင်သည် သူတို့အား ဂျင်ဝိုင်းဆီမ်လိုက်သဖြင့် ကြိတ်မနိုင်ခဲမရဖြစ်နေသည်။ အောင်သန်း အရက်ဖြူတစ်ခွက်ငှဲ့သောက်လိုက်ပြီး ချိုးကင်အားတစ်ဖဲ့ဖဲ့၍စားလိုက်သည်။ မြို့၍ဝါးနေရင်း စိုင်ပြင်ဈေးဘက်သို့ငေးနေမိသည်။ စိုင်ပြင်ကြီးဈေးကား မွန်းလွဲနေပြီဖြစ်သော်လည်း စည်ကားလျက်။ သားငါးကုန်စိမ်းသည်တို့ကတော့ မရှိကြတော့ပါ။

ကားဂိတ်မှာ လူတစ်ယောက်အကျအနထိုင်ပြီး သတင်းစာဖတ်လိုက်၊ အော်ကြီးဟစ်ကျယ်ပြောလိုက်လုပ်နေသည်။ သူပြောတာ နားစွင့်ကြည့်လိုက်တော့ -

"ဦးစိန်လွင် ပြုတ်သွားပြီဗျ။ ဒေါက်တာမောင်မောင်ကို သမ္မတတင်လိုက်ကြပြီ။ ပါတီစုံလုပ်ပေးဖို့ ပြည်သူဆန္ဒခံယူမယ်တဲ့။ ငါတော့ မကြိုက်ဘူးကွ။ တို့နယ်မှာ တည်မြဲ၊ သန့်ရှင်းတွေကွဲပြီး တစ်ဖက်နဲ့တစ်ဖက် ဆော်ကြ၊ ကာကွယ်ရေးတွေ၊ ပျူစောထီးတွေဖွဲ့ပြီး နှိပ်စက်တာ ငါတို့ပဲခံရတယ်"

"ခင်ဗျား တစ်ပါတီကလည်း ကောင်းလို့လား၊ နေရာတကာ ပါတီ၊ ပါတီနဲ့ ရွာကို သူတို့လာရင် လူမပြောနဲ့ အိမ်ကကြွက်တောင် ထွက်ပြေးတယ်။ တယ်အာဏာပြတာပဲ။ကျုပ်တော့ ပါတီစုံကိုပဲ၊ ကြိုက်တဲ့ပါတီမဲထည့်လိုက်မှာပဲ"

စိုင်ပြင်ဈေးရှေ့ ကားဂိတ် ကွမ်းယာဆိုင်ကား နိုင်ငံရေးအယူအဆ ငြင်းခုံရာတောပါလီမန် ဖြစ်နေတော့သည်။ နယ်မြို့တွေလည်း ရန်ကုန်မှ နိုင်ငံရေးလှိုင်းဂယက်အရှိန်အဟုန် ရိုက်ခတ်လာပြီ ဖြစ်လေသည်။

မိန်းကလေးတစ်ယောက် စိုင်ပြင်ဈေးထဲမှ ထွက်လာသည်။ ဆွဲခြင်းအားဆွဲထားပြီး တစ်ဖက်မှ ငါးခြောက်အိတ်ကိုဆွဲထား၍ မနိုင်မနင်းဖြစ်နေသည်။ ဈေးပြင်ရောက်တော့ ခြင်း၊ အထုပ်များအား လက်မှချ၍ ထနောင်းပင်ရိပ်မှာ နားနေသောလှည်းကို လှမ်းခေါ်နေ၏။ အောင်သန်း ထိုမိန်းကလေးအား စူးစူးစိုက်စိုက်ကြည့်သည်။ သူမှတ်မိပြီ။ ယင်းရဲရွာက ကွမ်းထောင်ကိုင်လေး။ ဘိန်းစားငပိန်က အောင်သန်းငေးနေရာသို့ ကြည့်လိုက်တော့ မိန်းကလေးကို တွေ့သွားသည်။ အောင်သန်းက မျက်တောင်မခတ်ဘဲ ထိုမိန်းကလေးကို စိုက်ကြည့်နေသည်အား တွေ့ရသဖြင့် -

"ဆရာအောင်သန်း၊ ကြည့်လှချေလား။ ကောင်မလေးကလှတယ်နော်"

ငပိန့်စကားသံကြောင့် ကောင်အေး လှမ်းကြည့်သည်။

"ငပိန်ရ ကြည့်မှာပေါ့ကွ။ သူတို့နှစ်ယောက်က ဇာတ်လမ်းရှိတယ်"

"ယင်းရဲမှာ မာနခဲလေး ကိုယ့်လူ။ ပိုက်ဆံလည်းချမ်းသာ၊ လှလည်းလှတော့ မာနကြီးတာမဆန်းပါဘူးကွာ"

အောင်သန်း တစ်ခုခုဆုံးဖြတ်လိုက်ပုံရသည်။

"ငပိန်၊ အဲဒီကောင်မလေးအိမ်အကြောင်းစုံစမ်းပေးကွာ"

"ကိုအောင်သန်း အဲဒီအိမ်ကို လုပ်မလို့လား"

ကိုတင်က စိတ်အားတက်ကြွစွာမေးလာသည်။

ငပိန်က ဝင်ပြောသည်။

"ညီအစ်မနှစ်ယောက်နဲ့ အဖေ၊ အမေ စုစုပေါင်း လေးယောက်ပဲ အိမ်မှာရှိကြတာ။ သူရင်းငှားတွေက လယ်တဲမှာပဲနေကြတာ။ လုပ်ရင်ကောင်းတယ်။ ဒါပေမယ့် ရွာနည်းနည်းကြီးတယ်နော်။ ပြီးတော့ ယင်းရဲသားတွေက လက်သံပြောင်တယ်။ တော်ကြာ မိသွားရင် နုပ်နုပ်စဉ်းပြီး ထယ်နဲ့ရောထိုးပစ်လို့ နောက်ဘဝမှာ လူမဖြစ်ဘဲ စပါးပင်ဖြစ်ကုန်မယ်"

"မင်းကကြောက်လို့လား ငပိန်"

ကောင်အေးက လေသံမာမာဖြင့် ဝင်ဟောက်သည်။ သူသည် ကိစ္စအဝဝအား သိပ်စဉ်းစားလေ့မရှိဘဲ တုံးတိုက်တိုက်ကျားကိုက်ကိုက် ဖြစ်ချင်ရာဖြစ်ဆိုသောလူစားပင် ဖြစ်သည်။

"အမိကကတော့ ဆူဆူညံညံမဖြစ်ဘဲ ပိပိရိရိဖြစ်ဖို့ပဲ။ အသံထွက်သွားလို့ကတော့ သူတင်ကိုယ်တင်ပဲ မောင်။ ငါတို့လည်း ခေါင်းပြတ်ပြီးသား၊ သူတို့ဘက်ကလည်း သေမှာ"

ရွာကြီးသဖြင့် အတော်စွန့်စားရမည့်အလုပ် ဖြစ်သည်။

သို့သော် အောင်သန်း၏စိတ်တို့အား တွန်းအားပေးလှုံ့ဆော်နေသည်က ထိုမိန်းကလေး၏ အလှတရားဖြစ်သည်။ ငွေမရရင်နေပါစေ လူကိုအပါဆွဲချင်နေသည်။

"ခင်ဗျားတို့ကလည်းဗျာ၊ ကျုပ်တို့မှာ သေနတ်ရှိနေတာပဲဟာ။ အသံထွက်သွားလို့ ဝိုင်းလာရင်လည်း သုံး၊ လေးချက်ပစ်လိုက်ရုံပေါ့။ သေနတ်နဲ့ဆိုရင် တော်ရုံလူမကပ်ရဲပါဘူး။ ငပိန် သေသေချာချာစုံစမ်း။ ဒီရက်အတွင်း အကောင်အထည်ဖော်ရအောင်"

ကိုတင်မှာငွေပြတ်နေပြီဖြစ်သောကြောင့် အလုပ်ဖြစ်ချင်နေပေပြီ။

သို့ဖြင့် ယင်းရဲရွာအဝင်အထွက်လမ်း၊ ယင်းရဲမှ မူးရိုးသို့ဖြတ်လမ်း၊ ရွာအခြေအနေများအားစုံစမ်းရန် ငပိန်ကိုလွှတ်လိုက်ကြသည်။ အမြန်ဆုံး စုံစမ်းရန်လည်း ပြောလိုက်ကြရသည်။ သူတို့လူစုမခွဲခင် ကိုတင်အား အောင်သန်း



www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးလေးမှာနေသည်။ ငွေနှစ်ထောင်လည်း ပေးလိုက်သည်ကို တွေ့ရသည်။ ရေဦးမှာမရရင် ရွှေဘိုကိုတက်ပြီး ရအောင်ရှာဖို့ ပြောရသည်။ ဘာရှာခိုင်းသည်လဲ မသိပါ။

❐

လသည် မိုက်လွန်းလှသည်။ ညနေက မိုးတစ်ပြိုက်ရွာထားသဖြင့် ကန်သင်းရိုးတစ်လျှောက် သွားရတာသိပ်မကောင်းလှ။ လက်နှိပ်ဓာတ်မီးအား အုပ်၍ထွန်းပြီးကြည့်သွားရသည်။ မြွေပွေးရန်ကလည်း ရှိသေးသည်မဟုတ်လား။ သည်နှစ် မြွေပွေးပေါမည်ထင်ရသည်။ အကောင်ပေါက်ကလေးတွေ ခဏခဏတွေ့နေရ၏။ မူးရိုးကိုဖြတ်၍ ယင်းရဲဘက်ထွက်လာခဲ့ကြသည်။ ယင်းရဲက ရွာခြံစည်းရိုးမရှိသော်လည်း အိမ်ခြံစည်းရိုးများ ဝိုင်းထားသဖြင့် ရွာစည်းရိုးသဖွယ်ဖြစ်နေသည်။ ရွာတံခါးလည်း မရှိ။ ကောင်မလေးတို့အိမ်က ရွာအဝင်မှ မလှမ်းမကမ်းတွင်ရှိသည်။

ကောင်အေး ထန်းလျက်ထုပ်ကို ဖြေ၍ ရွာအဝင်အဝမှ တဲဝိုင်းနားသို့ လေး ငါးခဲပစ်ချလိုက်သည်။ ထိုတဲမှ ခွေးကနည်းနည်းဆိုးသည်။ ထန်းလျက်နှင့် လာဘ်ထိုးထားရသည်။

တဖုတ်ဖုတ်အသံကြားရ၍ ခွေးသုံး၊ လေးကောင် ပြေးလာသည်။ ထန်းလျက်ခဲအား နမ်းကြည့်ပြီးသော် ဝါးမျိုကြသည်မှာ အသံပင်မထွက်ကြတော့။ ကောင်အေး နောက်ထပ် လေး၊ ငါးခဲ ဆက်ပစ်ကျွေးခဲ့ပြီး သူတို့တစ်သိုက် မိန်းကလေး၏အိမ်ဘက်သို့ ခြေသံလုံလုံဖြင့် လျှောက်လာခဲ့ကြသည်။ သန်းခေါင်ကြက်တွန်လေပြီ။ တောသူတောသားတို့မှာ နေ့ဘက် ပင်ပန်းကြီးစွာလုပ်ရသဖြင့် ညဘက်ရောက်လျှင် မောမောနှင့်နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သည်ကများသည်။ အဘိုးကြီး၊ အမယ်ကြီးတွေသာ ကြက်အိပ်ကြက်နိုး တလှုပ်လှုပ်နှင့်ရှိတတ်ကြသည်။

သူတို့အားလုံး မျက်နှာကို အဝတ်ဖြင့် စည်းထားကြသည်။ ကောင်မလေးတို့ ခြံဝိုင်းထဲရောက်တော့ မြေစိုက်အိမ်က တံခါးပြတင်းပေါက်တွေ အကုန်ပိတ်ထားသည်ကို တွေ့ရသည်။ တံခါးမကြီးက ခိုင်ခံ့လှသည်။ ခေါင်းရင်းဘက်လှည့်ပြီး ပြတင်းပေါက်အခြေအနေကို ကြည့်တော့ တံခါးချပ်က အနည်းငယ်ဟနေသည်။ ကိုတင် ဓားဦးဖြင့် ကန့်လန့်လိုက်သောအခါ ဂျောက်ခနဲအသံထွက်သွားပြီး တံခါးရွက်ပွင့်လာသည်။ သူတို့လေးယောက် ပြတင်းပေါက်မှ ကျော်တက်ကြသည်။ မှောင်မည်းနေသော အိမ်တွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ခေါင်းရင်းခန်း၊ ခြေရင်းခန်းနှစ်ခန်းတွေ့ရသည်။ နှစ်ယောက်စီခွဲ၍ အခန်းထဲသို့ဝင်ရန် အချက်ပြသည်။ အောင်သန်းနှင့် ကောင်အေးက ခြေရင်းခန်းသို့ဝင်မည် ဖြစ်သည်။ ထိုအခန်းမှာ ကောင်မလေးတွေ အိပ်သည် မဟုတ်လား။

အိပ်ခန်းအတွင်းသို့မဝင်မီ အကျီအိတ်ထဲမှ ကိုတင် ရွှေဘိုမှရှာလာပေးသော ပုလင်းကိုစမ်းမိသည်။ ထိုပုလင်းမှာ မေ့ဆေးပုလင်းဖြစ်သည်။ အဝတ်ဖြင့်စွပ်၍ နှာခေါင်းနားတေ့ပေးလိုက်လျှင် အနည်းဆုံး နာရီဝက်၊ တစ်နာရီမေ့နေ၏ဟု ခိုးရောင်းသူက ဆိုလိုက်သည်။ ကောင်အေး လက်နှိပ်ဓာတ်မီးဖွင့်ပြီး မီးထိုးပြသည်။ အငယ်မလေးက အအိပ်ကြမ်းပုံရသည်။ ကောင်အေးမျက်လုံးများ အမှောင်ထဲတွင် အရောင်များတောက်လာ၏။ အောင်သန်းတံတောင်ဆစ်နှင့်တွက်လိုက်မှ တံတွေးမျိုချသံတစ်ချက်ကြားရသည်။

မာနခဲမိန်းကလေးကား ကွေးကွေးလေး အိပ်နေရှာသည်။ လက်နှိပ်ဓာတ်မီးအရောင်အောက်တွင် အိပ်ပျော်နေပုံမှာ ပန်းချီကောက်ကြောင်းတစ်ခုအလား ထင်မှတ်ရသည်။ အောင်သန်းရင်ခုန်သံမြန်လာသည်။ ကောင်အေး ခမောင့်ပြေမှ ပုလင်းအဖုံးဖွင့်၍ ပါလာသည့် လက်ကိုင်ပဝါဖြင့် အနည်းငယ်ဆွတ်သည်။ အငယ်မလေးက အိပ်ပျော်နေရင်း အီးခနဲအသံပြုကာ တစ်ချက်လူးလွန့်သည်။ လက်မြန်ခြေမြန်ဖြင့်ပင် မေ့ဆေးဆွတ်ထားသော လက်ကိုင်ပဝါဖြင့် ကောင်မလေးမျက်နှာအား အုပ်ချလိုက်သည်။ ကောင်မလေးတစ်ချက်တွန့်သွားပြီး ငြိမ်ကျသွားသည်။ ဘေးနားမှ ခြေသံများကြောင့် မိန်းကလေး လန့်နိုးလာသည်။

"ဟင် - လူ၊ လူ"

"မအော်နဲ့ တိတ်တိတ်နေ။ အသံထွက်ရင် ဒီမှာ ဓားတွေ့လား။ တစ်ဆုံးထိုးထည့်လိုက်မယ်"

ဓာတ်မီးအလင်းရောင်အောက်၌ ကောင်အေး၏ဓားရှည်အရောင်တလက်လက်အားကြည့်ပြီး မိန်းကလေး နည်းနည်းငြိမ်သွားသည်။

"ရှင်တို့ဘာလုပ်ဖို့ဝင်လာကြ... လဲ"

"စကားမများနဲ့၊ တိတ်တိတ်... ဓားပြတိုက်နေတာ"

ကောင်အေးက စိတ်မရှည်... ဖြင့် ခပ်တိုးတိုးကြိမ်းသည်။ အောင်... မိန်းကလေးလက်ကိုဆွဲပြီး အခန်း... ထွက်လိုက်သည်။ ကိုတင်တို့နှစ်ယော... မှာ မြန်လိုက်သည့်ဖြစ်ခြင်း။ မိန်းကလေး၏ အဖေ၊ အမေနှစ်ယောက်မှာ ... တုပ်၊ ပါးစပ်အဝတ်ဆို့ပြီးဖြစ်နေ... သည်။ အောင်သန်းက မိန်းကလေး... သာ ဂရုစိုက်နေသည်။ ကိုတင် သေ... သော့အား တွင်တွင်တောင်းသ... အဘွားကြီးက ခေါင်းမာသည်။ ... မပေးချင်။ ကိုတင် သေနတ်ဒင်တစ်ချ... မြောက်သွားသည်။ ဖြောင်းခနဲ ခပ်အ... အုပ်သံတစ်ချက် ထွက်ပေါ်လာသ... မိန်းကလေးက အမေ့ကိုမရိုက်ပါနှင့်... ငိုရင်းတားသည်။ အဘွားကြီးမျက်နှာ... သွေးများထွက်လာသည်။ အကျီရင်... အောက်မှ ချိတ်ဖြင့်တွယ်ထားသော... သော့တွဲထွက်လာသည်။

ကိုတင် ခပ်သွက်သွက်ပင် အခန်း... ထဲဝင်သွားပြီး သေတ္တာဖွင့်၍ မှောက်... လိုက်သည်။ ပိုက်ဆံများအထပ်လိုက်... အပြင် ပုဂံယွန်းသေတ္တာလေးတစ်... ထွက်လာသည်။ သေတ္တာလေးအား ဖွင့်... ကြည့်လိုက်တော့ အရောင်တဝင်းဝင်း... ဖြင့် လက်ဝတ်လက်စားများဖြစ်သည်။

"ရပြီ ကိုအောင်သန်း၊ လစ်ကြ... မယ်"

"နေဦး ကိုတင်၊ ကျုပ်သူ့ကိုပါခေါ်... သွားချင်တယ်"

"ထားလိုက်စမ်းပါ ကိုအောင်သန်း... ရာ၊ သံယောဇဉ်ဖြတ်စမ်းပါ။ လိုချင်တာ... အကုန်လုံးရနေပြီပဲဟာ"

"မဟုတ်ဘူး ကိုတင်။ ကျုပ်လိုချင်... တာ ငွေမဟုတ်ဘူး။ ဒီမိန်းကလေးကို..."

"ခင်ဗျား ဘာလိုလုပ်ပြီးခေါ်သွား... မှာလဲ"

ကောင်အေးက စိတ်မရှည်တော့... ၍ အောင်သန်းဆီမှ မေ့ဆေးပုလင်း... ပြီး အဝတ်မှာဆွတ်၍ မိန်းကလေးမျက်... နှာနားကပ်လိုက်သည်။ တစ်ဆက်တည်း... အဘိုးကြီး၊ အဘွားကြီးများကိုပါ မေ့... ဆေးဆွတ်ပေးလိုက်သည်။ စက္ကန့်ပိုင်း... အတွင်းမှာပင် ငြိမ်ကျသွား၏။

"ကဲ - ကိုအောင်သန်း၊ ကောင်မ... လေးကို ခင်ဗျားပဲထမ်းခေါ်ခဲ့"

သူတို့ အိမ်ပြင်သို့ ခပ်သွက်သွက်...



www.burmeseclassic.com

www.burmeseclassic.com

…တ်ကြသည်။ အောင်သန်းက မိန်းက…သားကို ပွေ့ချီပြီး ပခုံးပေါ်ထမ်းတင်…လိုက်သည်။ ရွာပြင်အတော်လှမ်းသော…နေရာသို့ ရောက်လာကြပြီး လူမနေ…သော လယ်တဲတစ်ခုဆီသို့ ဦးတည်ခဲ့ကြ…သည်။

လယ်တဲရောက်၍ မိန်းကလေး…အား အသာချပြီး မျက်နှာရေဆွတ်ပေး…လိုက်တော့ သူမသတိရလာသည်။

"ရှင် ရှင် ကျွန်မကို ဘယ်ခေါ်လာ…တာလဲ၊ ဘာလုပ်မလို့လဲ"

အောင်သန်း ဘာမှမပြောဘဲ…မိန်းကလေးကို စိုက်ကြည့်နေမိသည်။…လက်နှိပ်ဓာတ်မီးကို အဆက်မပြတ်ထွန်း…ထား၍ ဓာတ်ခဲမှာအားကုန်၍လာသည်။…မီးရောင်ပျပျ၌ မိန်းကလေးသည် လှ…လွန်းနေသည်။ ကိုတင်တို့က အလိုက်သိ…စွာဖြင့် တဲပြင်သို့ထွက်သွားကြသည်။

ကောင်အေးက ပြုံးစိစိဖြင့် ဖွင့်…ပြောသွားသေးသည်။

"ဆရာ ကြိုးစားခဲ့သမျှ အရာထင်…ပါစေ"

မိန်းကလေးမှာ ကြောက်လွန်း၍…အသားဆတ်ဆတ်တုန်ပြီးငိုနေရှာသည်။

"ခင်ဗျားကိုကျုပ်တကယ်ချစ်တာ…ပါဗျာ"

"ရှင်ဘာမှအပိုတွေလာပြောမနေ…နဲ့ လူယုတ်မာ"

အောင်သန်း မိန်းကလေးအနား…သို့ တရွေ့ရွေ့တိုးကပ်သွားသည်။

"ရှင်အနားတိုးမလာနဲ့နော်"

လက်နှိပ်ဓာတ်မီးသည် ဓာတ်ခဲ…အားကုန်လုပြီဖြစ်၍ အလင်းရောင်မှိန်…သထက် မှိန်လာသည်။ ရာဂမီးတောက်…လောင်နေသော လူဆိုးကြီးအောင်သန်း…သည်လည်း မိန်းကလေးအနားသို့ တိုး…သထက်တိုးလာသည်။ မိန်းကလေးသည်…လည်း ပို၍ပို၍ငိုရှိုက်လာသည်။ ဖျတ်…ခနဲ မီးမှောင်ကျသွားသည်။ လယ်တဲငယ်…အတွင်း၌ကား ရှုန်းကန်အော်ဟစ်သံ၊…ငိုကြွေးသံ၊ ညည်းတွားသံများဖြင့် ကမ္ဘာ…ပျက်သကဲ့သို့ဖြစ်ပြီးသကာလ တဖြည်း…ဖြည်း ငြိမ်သက်သွားပါတော့သည်။

❒

"အောင်သန်း အောင်သန်း၊ ထထ…မြန်မြန်ထ"

ကိုတင်နှိုးသံကြောင့် ခေတ္တအိပ်…ပျော်သွားရာမှ နိုးလာသည်။ ခပ်ဝေးဝေး…မှ လူသံများအား သဲ့သဲ့ကြားနေရသည်။…အတော်လှမ်းနေသေးသည်ဟု ထင်ရ၏။

"ရွာထဲက လူတွေလိုက်လာကြပြီ ထင်တယ်။ မီးရောင်တွေလည်းတွေ့နေရတယ်။ နီးမလာခင် ငါတို့ဒီနေရာက ခွာမှဖြစ်မယ်"

"ကျုပ် ဒီမိန်းကလေးကို ခေါ်သွားချင်တယ်ဗျာ"

"လုပ်မနေနဲ့ ကိုအောင်သန်း။ သူ့ကြောင့် ကျုပ်တို့တစ်ဖွဲ့လုံးမိကုန်လိမ့်မယ်။ ထားခဲ့လိုက်တော့၊ ခင်ဗျားလည်း လိုချင်တာရပြီးပြီ မဟုတ်လား။ လာစမ်းပါဗျာ၊ သွားကြရအောင်"

"ဟုတ်တယ် ဆရာအောင်သန်း။ ထားခဲ့မှဖြစ်မယ်။ မိကုန်ရင် အားလုံးနုပ်နုပ်စဉ်းခံနေရမယ် သွားရအောင်"

မိန်းကလေးနိုးလာပြီ ဖြစ်သည်။ ဆံပင်ဖရိုဖရဲကြားမှ မျက်လုံးစူးစူးဖြင့် အောင်သန်းကိုကြည့်သည်။သူမအကြည့်တွေက နာကြည်းမုန်းတီးရွံရှာနေပုံရသည်။

"မိန်းကလေး၊ တို့တွေကံမကုန်သေးရင် ပြန်ဆုံကြရအောင်နော်။ ကျုပ်ကိုခွင့်လွှတ်ပါ"

"ရှင့်ကို ဒီတစ်သက်သေတောင် ခွင့်မလွှတ်ဘူး မှတ်ထား"

"အဲဒါမှတ်ထား၊ အချစ်ကြီးလို့ အမျက်ကြီးတာ"

ကောင်အေးက ဝင်စဖြစ်အောင် စလိုက်သေးသည်။ မိန်းကလေး၏မျက်စောင်းကား နဂါးမသာဆိုလျှင် သူတို့အားလုံး ပြာကျလောက်ပါသည်။ လယ်ကန်သင်းရိုးအတိုင်း ဖြတ်လမ်းမှ လစ်ထွက်လာကြသည်။ ကြယ်ရောင်ပျပျမှာ မှန်း၍လျှောက်လာခဲ့ကြပြီး မှူးရိုးသို့ရောက်သောအခါ သူတို့ခဏတည်းခိုခဲ့သော လယ်တဲလေးအား ရေးရေးသာ မြင်ရပါတော့သည်။ လယ်တဲလေးနား၌ မီးတုတ်အရောင်များဝင်းနေသည်ကို



တွေ့လိုက်ရသည်။ မှူးရိုးကိုကျော်ပြီး စရစ်ကုန်းရွာဘက်သို့ ကုန်းခြောက်တောအုပ်အတိုင်း ဖြတ်လျှောက်လာကြ၏။ ရွာနားရောက်တော့ မိုးစင်စင်လင်းနေပြီဖြစ်သည်။ ရွာထဲမဝင်ဘဲ ရွာပြင်ထန်းတောရှိ ထန်းလျက်ဖိုဟောင်းမှာ စခန်းချလိုက်ကြသည်။ တိုက်လို့ရသမျှထဲမှ ပိုက်ဆံတစ်ဝက်နှင့် ရွှေထည်အနည်းငယ်သာယူပြီး ကျန်သည်များအား ကိုတင်တို့အား ခွဲပေးလိုက်ကြသည်။ အောင်သန်းစိတ်ထဲမှာလည်းမကောင်းဖြစ်နေသည်။ မိန်းကလေးသံယောဇဉ်ကြောင့် ဖြစ်မည်ထင်သည်။ ရှိသမျှ အကုန်မလာသည့်အပြင် မိန်းကလေးကိုပါ စော်ကားမိသလိုဖြစ်သွားသည် မဟုတ်ပါလား။ နေမြင့်တော့မှ ကိုတင်တို့နှစ်ယောက် အုတ်ဖိုလက်ပံဘက်မှတစ်ဆင့် ကားတားစီးပြီး ရေဦးဘက်သို့ သွားကြမည်ဆိုသည်။ သူတို့လည်း ဝေပုံကျထက်ပိုရ၍ ကျေနပ်သွားကြသည်။ ဆေးလိပ်သောက်စရာမရှိ၍ ကိုတင်က ပါလာသည့် ဆေးပေါ့လိပ်စည်းအား ကောင်အေးသို့ပေးသွားသေးသည်။ သူတို့နှစ်ယောက် ငွေများနှင့် ရွှေထည်တွေကို အိမ်ပြန်ဖွက်ပြီး ငွေအနည်းငယ်ယူ၍ သက်ကယ်ခြံအရက်ဖိုသို့ ထွက်လာခဲ့ကြသည်။

ဒေါ်အေးတဲသို့ ရောက်တော့ ကိုလေးကုလားက ရောက်နှင့်နေသည်။ ငွေငါးကျပ်အား ကျစ်ကျစ်ပါအောင်ဆုပ်ထားပြီး ဒေါ်အေးအရက်ချင်ထည့်နေသည်ကို ကြည့်နေ၏။

"ကိုလေးကုလား၊ စောလှချေလား။ မနက်စောစော လေထနေပြီနဲ့တူတယ်"

"ဟင် - အောင်သန်းတို့ပါလား။ မင်းတို့လည်းစောလှချေလား"

"ကျုပ်တို့လည်း ပျင်းတာနဲ့ထွက်လာကြတာ၊ လာဗျာ၊ တစ်ပုလင်းလောက် ဖြိုလိုက်ကြရအောင်"

ကိုလေးကုလားက အရက်ခွက်ငှဲ့ရင်း ကောင်အေးလက်မှ ဆေးပေါ့လိပ်အား သေသေချာချာကြည့်သည်။ သူနှင့် အဖေဦးဘရီ တောလည်သွားရင်း တောထဲမှာတွေ့လာခဲ့ရသည့် ဆေးပေါ့လိပ်မျိုး ဖြစ်သည်။

"ကောင်အေး၊ မင်းဆေးပေါ့လိပ်က စိုင်ပြင်ကလည်း မဟုတ်ပါလား။ ဘယ်ကဝယ်လာတာလဲ"

"ကျုပ်မိတ်ဆွေတစ်ယောက်က သောက်ဖို့ပေးလိုက်တာပါဗျာ။ ကဲကဲ - ကိုလေးကုလားက အသက်ကြီးတော့



www.burmeseclassic.com

www.burmeseclassic.com

အရင်ချ များများချ။ ဒါမှ သေရင်လည်း
မြန်မြန်သေမှာ ဟား ဟား ဟား"
"ဟော့ကောင် - မင်းသာနွားသတ်၊
ဝက်သတ်နဲ့ အကုသိုလ်များပြီး အရင်
သေမှာ။ ငါက အရက်သာသောက်တာ
အရက်သမားသူတော်ကောင်းလေး
မောင်၊ မသေသေးဘူး စိတ်ချ"
"ကဲပါဗျာ၊ သောက်မယ့်ဟာ
သောက်စမ်းပါ။ ခင်ဗျားကြိုက်သ
လောက်သောက်။ ဒေါ်အေးရေ၊ ဘာ
အမြည်းရှိလဲ လုပ်စမ်းပါဦးဗျာ"
"ရှိတယ် အောင်သန်းရေ။ နင့်ဦး
လေး ညကကြောင်ထောင်တာ ကြောင်
ဖားကြီးတစ်ကောင်မိတယ်။ ပေါင်နှစ်
ချောင်းကတော့ ဥက္ကဌအတင်းဝယ်သွား
လို့ ရောင်းလိုက်ရတယ်။ ကျန်တာတွေ
ငါချက်ထားတယ်"
ကိုလေးကုလားသည် ချက်အရက်
နှင့် ကြောဝ်သားဟင်းအား အောင်သန်း
ကျွေးဇူးကြောင့် သောက်စားနေရသော်
လည်း သူတို့နှစ်ယောက်အား မသက်ာ
ချင်တော့ပါ။ ယခင်က ငတ်တစ်လှည့်
ပြတ်တစ်လှည့် အတူတူသောက်စားလာ
ခဲ့ကြသူချင်းပင်။ ယခုမှာတော့ အောင်
သန်းအိတ်ထဲမှာ ငွေကမပြတ်၊ အထပ်
လိုက်ရှိနေသည်။ ပြီးတော့ နွားပေါ်မှ
ပိုက်ဆံရှင်သော ကောင်အေးလို့
အကောင်က အမဲ၊ ဝက်မပေါ်သော်
လည်း လက်ထဲမှာ ငွေပြတ်သည်မရှိ။
သူမိန်းမပင်လျှင် တစ်ခါတစ်ရံမှာ ရွာ
စဉ်လှည့်၍ ဝက်သားတွဲ၊ အမဲသားတွဲ
များရောင်းသည်ကို တွေ့ရသည်။ ဒါပေ
မယ့် ပြောင်ပြောင်ရောင်ရောင်ဖြစ်နေ
သည့်ကို တွေ့ရ၏။ ဒီကောင်တွေဆီကို
လည်း မဟာမြိုင်ဘက်ကလူတွေ အဝင်
အထွက်ရှိသည်။ နှစ်ယောက်စလုံးက
လည်း လက်စလက်နမသေးကြသော
သူများ ဖြစ်သည်။ တန်တော့ ဒီနယ်မှာ
မကြာခဏ ကြားနေရသော ဓားပြတိုက်
မှုသည် ဒီကောင်တွေလက်ချက်များလား
မသိ။ သေသေချာချာ မသိရတော့
လည်း စွပ်စွဲဖို့က ခက်သားပင်။ သူတို့
ကျွေးထား၊ တိုက်ထားသည့်အရက်က
မိမိခန္ဓာကိုယ်ထဲတွင် ပီပါလိုက်မကရှိ
ရော့မည်။ ဘာပဲဖြစ်ဖြစ် မသေချာဘဲ
ရမ်းမပြောတာကောင်းလိမ့်မည်။
ဟိုတစ်နေ့ကပဲ အိမ်သို့ တိုက်ပိုင်
ကြီးနှင့် စာသင်ကြီးတို့ လာသွားသေး
သည်။ နယ်မြေအခြေအနေစုံစမ်းရင်း
နှင့် မကြာခဏ မှုးအရှေ့ဘက်မှာ ဓားပြ
မှုဖြစ်ပွားနေ၍ လူစိမ်းအဝင်အထွက်ကို
သတိထားဖို့ အဖေနှင့်ပြောနေကြသည်။
ခေတ်ကာလမှာလည်း ငြိမ်သက်သည်
မဟုတ်။ ရန်ကုန်၊ မန္တလေးနယ်မြို့တွေပါ
မကျန် သပိတ်တွေမှောက်ကုန်ကြပြီ။ စိုင်
ပြင်မှာပင် သမဂ္ဂဆိုလားဘာလားဖွဲ့သည်
ဟု ကြားရသည်။ ကောင်စီလူကြီးတွေ
လည်း အိမ်ထဲက အိမ်ပြင်မထွက်ကြ
တော့။ ပါတီလူကြီးတွေဆို အဆိုးဆုံးဖြစ်
မည်။ သူတို့ရပ်ရွာဒေသတွေကလည်း
ရာဇဝင်နှင့်ချီပြီးရှိခဲ့သည်။ တိုင်းပြည်
သရောကြီးခိုင်းလျှင် ခေတ်ပျက်ပိုလ်များ
တစ်စခန်းထကြတော့သည်။ ခေတ်ကြီး
မကောင်းလျှင် မသူတော်ကို ကြောက်
နေရသည်။ လက်ရဲဇက်ရဲရှိသူတွေက
ခေါင်းဆောင်လိုက်တာနှင့် ဓားပြတိုက်
မည့်အဖွဲ့တွေကမရှား။ မြို့တွေမှာ ကိုယ့်
ရပ်ရွာကိုယ် ကာကွယ်နေကြရတော့
သည်။ နောက်တက်လာမည့် သမ္မတ
ဦးမောင်မောင်က စစ်အုပ်ချုပ်ရေးရုတ်
သိမ်းပြီး ရွေးပြည်အေးတရားဟောနေစဉ်
မှာပင် နယ်တွေမှာက မအေးချမ်း။
တောကြောင်တွေကို ကြောက်နေကြရ
သည်။ ဂါတ်တဲကလူတွေလည်း ခေတ်
ကြီးမကောင်း၍ သိပ်ပြီးတော့ လှုပ်ရှားမှု
မတွေ့ရ။ ရဲရှိတာကနည်းနည်း။ ရွာတွေ
မှာက ဓားလှံတဝင်းဝင်းဖြင့် ဓားစွမ်းပြ
ချင်နေသူများသည်။ ရန်ငြိုးရှိသူတွေက
လည်း ယခုလိုတရားမဲ့နေသောအခါကို
အခွင့်ကောင်းယူ၍ ကလဲ့စားချေကြ
သောကြောင့် မကြာခဏသတ်သွား
သည့်သတင်းကို ကြားနေရသည်။ သူ့ကို
တောင်မှ အဖေဦးဘရီက ဝေးဝေးလံလံ
သိပ်မသွားဖို့ပြောသည်။ သက်ကယ်ခြံ
နှင့် ကျောက်မဲတောက လမ်းလျှောက်
လျှင် ငါးမိနစ်ပင်မကြာ။ ရွာချင်းကပ်
နေ၍တော်တော့သည်။ ဒေါ်အေးက
လည်း ထန်းလျက်ဝယ်မရလျှင် အရက်
မချက်တော့ဟု ပြောသဖြင့် သူတို့လို
ယမကာသမားများက ထန်းလျက်
ရောင်းသောအိမ်များကို ညွှန်ရသေး
သည်။ မကောင်းတာကတော့ အမှန်ပင်
တည်း။

❐

ယင်းရဲမှလူတစ်စု ဦးဘရီထံသို့
လာကြသည်။ သူတို့နှင့် ဦးဘရီက ယခင်
ကတည်းက သိကျွမ်းနေကြသည်။ မုဆိုး
ကြီးဦးဘရီရှိရာ ကျောက်မဲတောရွာလေး
က အိမ်ခြေသုံးဆယ်ခန့်သာ ရှိသော်
လည်း အနီးအနားရွာများက ပမာမခန့်
မလုပ်ရဲကြ။ ဦးဘရီဆီမှာ နှစ်လုံးပြူး
သေနတ်နှစ်လက်နှင့် ကျည်ဆန်မျာ
ရှိသည်ကို ရွာနီးချုပ်စပ်များက သိ
သည်။ ပြီးတော့ စစ်တပ်၊ နယ်
အရေးပိုင်၊ ဂါတ်တဲမှလူကြီးများ မ
ခဏဝင်ထွက်သွားလာနေ၍ မုဆိုး
ဦးဘရီ မင်းပေါက်စိုးပေါက်ရှိသည်
သိကြပြီး တောသူတောင်သားတွေ
ရှိန်သည်။ ရွာတွေက လက်စလက်
သော ရာဇဝင်လူဆိုး၊ နောက်ပေါ
လက်တဲ့စမ်းချင်သူများကတောင် ဦး
ကဟန့်လိုက်လျှင် ငြိမ်သွားကြသည်
ဦးဘရီကလည်း သေနတ်ပစ်လက်ဖြေ
သည့်နေရာမှာ နာမည်ကြီးသည်။ ေ
ရုံလူ လေး၊ ငါးယောက်လောက်က
ဦးဘရီ၏ ကိုးလုံးကျည်တစ်တောင့်
ခွေလဲသွားနိုင်သည်။ ကျည်ဆန်ဘော
များ၊ ယမ်းများပေးထားသော မုံ
စစ်တပ်ကို ကျေးဇူးတင်ရမည်။ သူတို့
လည်း လက်နက်ပြင်ပြီး၍ သေနတ်
ရန် အကြောင်းပြုပြီး ကျောက်မဲတော
မုဆိုးကြီးဦးဘရီထံသို့ အမြဲလာကြသ
မဟုတ်လား။ လေး၊ ငါးရက်နေပြီး အ
ရှိတောထဲမှာ လက်နက်စမ်းသည်
နည်းနည်း သမင်၊ ချေ၊ ဆတ်မျာ
ပစ်ခတ်၍ ဝအောင်ချက်စား၊ ကျန်သ
အသားကို ကျပ်ကင်ပြီး ထုပ်ပိုး၍
သွားတတ်ကြသည်။ အိမ်မှာလည်း
ခွေးနမ်းမငေါတ် စားကြရသည့်အ
သမင်သားကျပ်တိုက်များက စဉ့်အိုး
အပြည့်ရသည်။ သူတို့ပြန်လျှင် ကျ
ဆန်ခဲဘောစီ၊ ယမ်းပြင်းများပေးသွ
တတ်ကြလေသည်။ ထို့ကြောင့်လည်
ကျောက်မဲတောရွာလေးက ခေတ်ပျ
ကြီးမှာ မုဆိုးကြီးဦးဘရီ၏ အရှိန်အ
ဖြင့် အေးချမ်းနေပါသည်။
ယင်းရဲမှလူစုက အဖေနှင့်တိုး
တိုတ်တိုတ်ဆွေးနွေးနေသည်။ ကိုကုလာ
လည်း မယောင်မလည်ဖြင့်သွားထိုင်
နားထောင်နေ၏။ သူတို့ရွာမှာ ဓား
တိုက်သွားသည့်အပြင် မိန်းကလေး
ပါပြန်ပေးဆွဲ၍ အဓမ္မကျင့်သွားသည်
အတွက် စုံစမ်းနေကြကြောင်း၊ ဓား
ခေါင်းဆောင်နှင့် ပါလာသည့် အဖွဲ့ဝ
တစ်ဦး၏နာမည်ကို အတိုက်ခံရသည
အိမ်ကပြောသဖြင့် စုံစမ်းနေကြော
အောင်သန်းနှင့် ကိုတင်ဟု သိရသည်
သူတို့ပြောလိုက်ကတည်းက ကိုလေး
ကုလား ရိပ်မိလိုက်တော့သည်။ ဓား
ကုန်းက အောင်သန်း၊ သူ့မိတ်ဆွေ မ
မြိုင်မှကိုတင်။ သူတို့တွေကလွဲလို့ အ
သူတွေမဖြစ်နိုင်။ သူတို့က ပြော



www.burmeseclassic.com

www.burmeseclassic.com

သည်။ လူပုံပန်းသဏ္ဌာန်ကတော့ အဝတ်များစည်းထား၍ မမှတ်မိဟုဆိုသော်လည်း အနိုင်ကျင့်ခံရသူ မိန်းကလေးက သူ့ကို အဓမ္မကျင့်သွားသော အောင်သန်းဆိုသူနှင့် အဖော်တစ်ယောက်ကို ခပ်ရေးရေးပြောပြနိုင်ခဲ့သည်။ ထိုမိန်းကလေး ပြောသည့် နှစ်ယောက်ထဲမှ နောက်တစ်ယောက်ပုံသဏ္ဌာန်က ကောင်အေးပုံဖြစ်နေသည်။ မျက်နှာလေးထောင့်၊ မျက်ခုံးမွေးထူ၍ နားရွက်ကားကားဆိုကတည်းက ကောင်အေးပဲ ဖြစ်သည်။

ယင်းရဲကလူတွေ ပြန်သွားကြတော့ နေစောင်းနေပြီ ဖြစ်သည်။ အဖေ့ဆီက ငွေတစ်ဆယ်အရတောင်း၍ ကိုလေးကုလားသက်ကယ်ခြံဘက်ထွက်လာခဲ့သည်။ မိုးကာလရောက်နေပြီဖြစ်၍ သန်း၊ ဒဟတ်ပင်များက ထူထပ်စွာပေါက်နေကြသည်။ ရှားပင်များကလည်း တောထနေကြ၏။ တောင်မရိုးပင်ကြီးပေါ်မှ သပိတ်လွယ်ငှက်တွေက တကျီကျီဖြင့် အသံပေးလျက်။ ငှက်ခါးတွေအပ်လိုက်နှမ်းခင်းထဲဆင်းသွားကြသည်။ နေကျည်းပင်ကြီးတွေပေါ်မှာတော့ ချိုးတို့က တကူကူးနေကြသည်။ သနပ်ခါးပင်တွေက ဟိုသည်တစ်ပင်စနှစ်ပင်စတွေ့ရသည်။ အပင်ရှိသည့်နေရာကိုမှတ်ထားရသည်။ အရက်ဖိုးပိုက်ဆံမရှိလျှင် သည်အပင်တွေက ပိုက်ဆံဖြစ်သည် မဟုတ်လား။ သူတို့အရပ်မှာ သနပ်ခါးက အလေ့ကျပေါက်တတ်သည်။

ဒေါ်အေးအရက်ဖိုရောက်တော့ မီးရေအိုးကား မဆူသေး။ မြန်မြန်ဆူအောင် ထန်းပလပ်ခြောက်တွေကို ပွေ့လာပြီး မီးဝိုင်းထိုးပေးလိုက်သည်။ မီးပြင်းလာ၍ ပေါင်းအိုးကိုမီးဟပ်မည်စိုးသောကြောင့် ဒေါ်အေးက လှမ်းဟန့်နေရသေးသည်။ အရက်ကသောက်ချင်နေပြီဖြစ်၏။ မီးရှိန်တက်လာ၍ ဘာမှမကြာလိုက်ပါ။ ပိုက်လေးမှ အရက်ဆီတွေက တစ်ပေါက်ပေါက်ကျလာသည်။ ကိုလေးကုလားက ပိုက်တပ်ထားသော ပုလင်းကိုဖယ်လိုက်ပြီး အကြမ်းပန်းကန်လုံးယူ၍ ခံထားလိုက်သည်။ ပန်းကန်ပြည့်ကာနီးမှ ပုလင်းမှာပြန်တပ်ပေးလိုက်၏။ အရက်သည် ဦးရည်ဖြစ်သောကြောင့် အဆီလဲ့ပြီး ပူနွေးနေသည်။ ရေမရောဘာမရောဖြင့် မော့သောက်ချလိုက်၏။ ရင်ထဲမှာ မီးစနှင့် ထိုးသလို ပူခနဲဆင်းသွားသည်။ ရေအိုးရှိရာ အပြေးသွားပြီး ရေတစ်ခွက်မြန်မြန်သောက်လိုက်ရသည်။

"ကုလားရယ်။ နင့်မလည်းအရက်ငတ်ကြီးကျနေလိုက်တာ။ အရက်သီးပြီးသေနေပါဦးမယ်။ နင်လည်း ဒီအရက်နဲ့သေမှာပဲ-ကြပ်ကြပ်သောက်"

"ကျုပ်တို့လို ယမကာလုလင်တွေရှိလို့ ခင်ဗျားစီးပွားရေးအဆင်ပြေနေတာ။ ကျုပ်တို့ကို ညတိုင်းဦးသုံးကြိမ်ချပြီးမှ အိပ်ဖို့ကောင်းတယ် ဒေါ်အေးရဲ့"

ရင်ပူပျောက်သွားမှ ကိုလေးကုလား ဒေါ်အေးအား ပြန်ပြောနိုင်သည်။ ဦးရည်တစ်ခွက်ဝင်သွား၍ နေသာထိုင်သာရှိသွားသည်။ အမြည်းလိုက်ရှာတော့ ဒယ်အိုးထဲမှာ ပဲရေပွကြော်တွေ့သည်။ ပန်းကန်ထဲထည့်ပြီး အရက်ဖိုအနီး အုန်းပင်အောက်သို့သွားထိုင်နေလိုက်သည်။

"ကုလား၊ ဒါကဦးရည်နော်။ တစ်ပုလင်း တစ်ဆယ်နဲ့မရဘူး"

"ခင်ဗျားက တစ်ဆယ်မဟုတ်လို့ ဘယ်လောက်လိုချင်လို့လဲ"

"ဦးရည်က နှစ်ဆယ်ဟဲ့။ ထန်းလျက်တစ်ပိဿာခြောက်ကျပ်ဖြစ်နေပြီ။ ငါ တစ်ပိဿာချက်မှ အရက်ဘယ်နှပုလင်းထွက်လို့လဲ။ နင်းတို့ကသိရဲ့သားနဲ့ ကပ်သတ်ပြီးဆစ်နေကြတယ်"

"ကဲပါဗျာ၊ နှစ်ဆယ်ဆိုလည်းပေးပါတယ်။ . ထည့်စမ်းပါ၊ ဒီဦးရည်ကိုပဲသောက်ချင်တာ"

"ဟာ - အရက်သခင်ကျေးဇူးရှင် ဘယ်တုံးကရောက်နေသလဲ။ လာကွာ ဒီမှာထိုင်၊ ပဲရေပွကြော်လေးကောင်းတယ်။ ကြက်သွန်ဖြူနုံ့မွှေးမွှေးလေးနဲ့"

"ဟဲ့-ကုလား၊ ငါ့ယောက်ျားစားဖို့ကြော်ထားတာ အကုန်စားမပစ်နဲ့။ နင်တို့စားချင်ရင် ဖားနှစ်ကောင်ကင်ထားတာရှိတယ်။ တစ်ကောင်သုံးကျပ်ပေး၊ ဒီမှာလာယူ"

"ခင်ဗျားဖားကင်ကိုတော့ မစားချင်ပါဘူးဗျာ၊ ရွံလို့"

ကိုလေးကုလား ရွဲ့ပြောလိုက်သည်ကို ဒေါ်အေး ရိပ်မိသဖြင့် ဆဲလိုက်သည်။ အောင်သန်းနှင့် ကောင်အေးက မြေကြီးပေါ်မှာပဲ ဖိနပ်ခု၍ထိုင်လိုက်ကြသည်။ ကောင်အေးက ခါးပုံစထဲမှ အမဲခြောက်များအား မီးဖုတ်ရန် ဒေါ်အေးလက်ထဲသို့ထည့်၏။ ဦးရည်ပုလင်းအား ရေစိမ်ထားလိုက်သဖြင့် အေးသွားပြီဖြစ်သည်။

ကိုလေးကုလား ပြောသင့်၊ မပြောသင့်စဉ်းစားနေရသည်။ သောက်ဖော်စားဖက်ဖြစ်သောကြောင့် အောင်သန်းအပေါ် သူ သံယောဇဉ်ရှိသည်။ အောင်သန်းက လက်ထဲပိုက်ဆံရှိလာလျှင် သူ့အပေါ် ဘယ်တော့မှလက်မကပ်တတ်။ ဦးရည်တစ်ပိုင်းနှင့် အမဲခြောက်ဖုတ်တစ်ပန်းကန်ကုန်တော့ ကိုလေးကုလား မှန်လာပြီ ဖြစ်သည်။ အာလည်းတော်တော်သွက်လာသည်။ သူ့အတွေးတို့အား အောင်သန်းတိုက်သည့်အရက်က အနိုင်ယူသွားသည်။

"အောင်သန်း၊ ငါမင်းကိုပြောစရာတစ်ခုရှိတယ်။ မင်းသေသေချာချာနားထောင်"

"ဘာပြောမလို့လဲ"

အောင်သန်းက စကားထောက်ပေးသည်။

"အရက်သမားပါးစပ်က နတ်စကားထွက်တော့မယ်။ ကြီးကြီးကျယ်ကျယ်တွေလျှောက်မပြောနဲ့နော်။ ခင်ဗျားအေ၊ ဘီ၊ စီ၊ ဒီ မတတ်တာ ကျုပ်သိတယ်။ မြို့ကလူတွေသင်ပေးတဲ့အင်္ဂလိပ်စကားတစ်ခွန်းနှစ်ခွန်းနဲ့ ရေနံလာရှာတဲ့တရုတ်တွေကိုပဲ ခင်ဗျားညာလို့ရမယ်။ ကောင်အေးကို ညာလို့မရဘူး"

"မင်းပါပါတယ် ကောင်အေး။ ငါ့စကားကိုဆုံးအောင်နားထောင်။ စကားဆုံးရင် မှားလား၊ မှန်လား မင်းစဉ်းစား။ အဖြေဟာ မင်းတို့နှစ်ယောက်မှာပဲရှိတယ်"

ကိုလေးကုလား၏စကားကြောင့် အောင်သန်း စိတ်ဝင်စားသွားသည်။ ကိုလေးကုလားသည် မူးနေသော်လည်း အတည်ပြောနေခြင်းဖြစ်သည်။ ပြောမယ့်သာပြောပါဟု အောင်သန်းစကားဆက်ပေးလိုက်သည်။

နေ့လယ်က ယင်းရဲကလူတွေ ရောက်လာသည့်အကြောင်း၊ သူတို့ရွာမှာ ဓားပြတိုက်ပြီး မိန်းကလေးကို အဓမ္မကျင့်သွားသည့်ကိစ္စ လာစုံစမ်းသည့်အကြောင်း၊ ဓားပြနှစ်ယောက်၏နာမည်ကို မှတ်မိကြောင်း၊ အောင်သန်းနှင့် ကိုတင်ဟုပြောကြောင်း၊ နောက်တစ်ယောက်ပုံသဏ္ဌာန်ကို မိန်းကလေးပြောတော့ ကောင်အေးပုံသဏ္ဌာန် ဖြစ်နေကြောင်း ဒေါ်အေးမကြားအောင် ခပ်တိုးတိုးပြောပြလိုက်သည်။

ထိုစကား ကြားလိုက်ရသည်နှင့် အောင်သန်းမျက်နှာ တည်သွားသလို ကောင်အေး၏တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထသွား၏။ ခေါင်းမှဆံပင်များ



www.burmeseclassic.com

www.burmeseclassic.com

ပင်ထောင်လာသလို ခံစားရသည်။ ကောင်အေး အောင်သန်းမျက်နှာအား တစ်ချက်မော့ကြည့်လိုက်သည်။ အောင်သန်းခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး-

"ကိုလေးကုလား၊ ခင်ဗျားကို ကျုပ်တို့ယုံလည်းယုံတယ်၊ခင်လည်းခင်တယ်။ ညီလိုအစ်ကိုလိုဖြစ်နေလို့ ကျုပ်အမှန်အတိုင်းပြောမယ်။ ဒါပေမယ့် ခင်ဗျားနှုတ်လုံပါစေ။ အခုလို သတင်းပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဟုတ်တယ်၊ ခင်ဗျားပြောတာအမှန်တွေပဲ။ ယင်းရဲမှာ ဓားပြတိုက်တာ ကျုပ်တို့လက်ချက်။ ဒါပေမယ့် ခင်ဗျားနှုတ်မလုံလို့ကတော့ အချစ်ဆုံးကနေ အမုန်းဆုံးဖြစ်သွားလိမ့်မယ်။ ခင်ဗျားသဘောပေါက်တယ်နော်"

"ငါသဘောပေါက်ပါတယ်ကွာ။ ငါလည်း မင်းတို့ကို မသက်ာဖြစ်ရတာကြာပြီ။ အထူးသဖြင့် ဒီကောင်ပဲ။ မနေတတ်မစားတတ် ဖဲဝိုင်းခဏခဏသွားနေတာ။ သူ့မိန်းမတောင် အမဲသားလာရောင်းရင် လေသံပြောင်းနေတယ်"

အောင်သန်း အိတ်ကပ်ထဲမှ ငွေစက္ကူတစ်ထပ်ဆွဲထုတ်လိုက်သည်။ ငွေတစ်ထောင်ခန့်ရှိမည်။

"ဒီမှာ ရော့၊ ကိုလေးကုလားအတွက် နှုတ်ပိတ်ခပေးတာ မဟုတ်ဘူးနော်။ ကျုပ်စေတနာနဲ့ပေးတာ"

"မယူပါဘူးကွာ။ မင်းအရက်တိုက်တာကိုပဲ ငါကျေနပ်ပါပြီ"

ပြောမယ့်သာပြောရသည်။ သူတို့တိုက်သည့်အရက်ကို ဆက်မသောက်ရဲတော့။ လည်ချောင်းထဲနင်လာသလိုလို ခံစားရသည်။ အရက်တစ်ခွက်နှင့် အမှုပတ်မှာလည်းစိုးရသည်။ ဒေါ်အေးက အရက်နောက်ထပ်တစ်ပုလင်းနှင့် အမဲခြောက်ဖုတ်တစ်ပန်းကန်လာချတော့ သောက်ချင်လာပြန်လေသည်။ အရက်သမားများရှေ့မှာ ပုလင်းမြင်လျှင် ဘယ်သူရှောင်နိုင်မတုံး။ သည်လိုနှင့်ပဲ တစ်ခွက်ပြီးတစ်ခွက်ဝင်သွားတော့သည်။

အောင်သန်းနှင့် ကောင်အေး နှစ်ယောက်သားတိုင်ပင်ကြသည်။ ကောင်အေးက သူ့မိန်းမပါခေါ်ပြီး ဖားကန့်ဘက်လစ်တော့မည်ဟုဆိုသည်။ သူတို့မှာ လယ်ယာမရှိ၊ ကလေးမရှိ၍ လင်မယားနှစ်ယောက်ပြေးလည်း ကိစ္စမရှိပါ။ အောင်သန်းကကော။ သူလည်းစဉ်းစားနေသည်။ နောက်ဆုံး ကိုတင်တို့ရှိရာ မဟာမြိုင်သို့ပြေးမည်ဟု ဆုံးဖြတ်သည်။ တိုင်းရေးပြည်ရေးကလည်း မတည်ငြိမ်သည်မို့ ဘယ်ရဲကမှ လိုက်ဖမ်းနိုင်မည်မဟုတ်။ သူတို့နှင့်ရောပြီး ကိုလေးကုလားသည်လည်း အရက်ကိုမူးအောင်သောက်လိုက်တော့သည်။ ကိုယ့်ရွာကိုပြန်ကြတော့ အောင်သန်းက ပိုက်ဆံအတင်းထိုးပေးသည်။ ကိုလေးကုလား မယူလာခဲ့ပါ။ အရက်သောက်သည်ကပင် လွန်လှပြီ ဖြစ်သည်။ ထိုနေ့ညက မိုးသားကင်းစင်သည်ဖြစ်၍ ဆန်းစလကွေးသည် အနောက်ဘက်အရပ် မိုးကောင်းကင်၌ တွဲလဲခိုနေသည်။ ဖီးကွက်တို့က တကွစ်ကွစ်ဖြင့် ညတေးကိုဆိုနေကြသည်။

❐

တိုင်းပြည်ကား မင်းမဲ့စရိုက်ဆန်ဆန်ဖြစ်လာကြ၏။ မြို့ရွာအနှံ့ သမဂ္ဂတွေဖွဲ့နေကြ၏။ အုပ်ချုပ်ရေးကလည်း လျော့တိလျော့ရဲ။ မြို့ရွာလူကြီးတွေကလည်း ဘယ်သူ့မှ မာမာထန်ထန်မပြောရဲ။ တစ်ချိန်က တိုက်ပုံဝတ်များလည်း ယခုအချိန်အခါမှာ ခေါင်းလျှိုနေကြရသည်။ ခေါင်းထောင်လာလျှင်မတော် ခေါင်းပြတ်သွားမှဖြင့်အခက်။ ဩဇာရှိသောလူရွယ်များနှင့်လူကြီးများက ကိုယ့်မြို့ရွာကိုယ်ထိန်းနေရသည်။ ဥပဒေမရှိသကဲ့သို့ဖြစ်နေသဖြင့် ဇရှိသူများက တစ်စခန်းထကြပြန်သည်။ ဓားတဝင်းဝင်း၊ လှံတဝင်းဝင်းဖြင့် မြန်မာပြည်သည် စစ်ကြီးအဖြစ် အင်္ဂလိပ်အပြေး၊ ဂျပန်အဝင်သကဲ့သို့လည်းကောင်း၊ လွတ်လပ်ရေးရပြီး ပြည်တွင်းသူပုန်တွေသောင်းကျန်းစဉ်ကကဲ့သို့ ခေတ်ပျက်လေပြီတည်း။ ဥပဒေက ခေါင်းမြီးခြုံနေရသကဲ့သို့ဖြစ်နေစဉ်မှာပင် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ရွာနှင့်တစ်ရွာ ရန်ငြိုးရန်စများပေါ်လာကြပြန်သည်။ အမေရိကန်ပြည် ကာလီဖိုးနီးယားမှာကဲ့သို့ လက်နက်ချင်းယှဉ်၍ရှင်းကြသော လက်နက်ဥပဒေကဲ့သို့ ဓားတွေ၊ လှံတွေ၊ ကျည်သေနတ်တွေက သွေးဆာနေသကဲ့သို့ရှိကြသည်။ လူကောင်းတွေက ခေါင်းငုံ့၍ သူတို့ပြောသမျှ နားထောင်ရသည်။ မြို့က သမဂ္ဂဟုဆိုပြီး ရန်ပုံငွေလာတောင်းလည်း ပေးလိုက်ရ၊ ရွာက လူမိုက်ကြီးတွေက ကင်းစောင့်နေတုန်း ထမင်းချက်စားရန်အတွက်ဆိုပြီး ကြက်ဆွဲသွားတော့လည်း အသာကြည့်နေလိုက်ရသည်။

ဤအတောအတွင်း ဦးဘရီတို့ရွာဘက်သို့ သတင်းပြန့်လာသည်က အောင်သန်းနှင့်အပေါင်းအပါများ မူးတောင်ဘက်ရွာတွင် ရှိသည်။ ထို့ကြောင့် ယင်းရဲကလူမိုက်များနှင့် ရွာသားများ တောနင်းရှာမည်ဟု အသံများကြား[illegible]သည်။ သူတို့က တပ်ထောင်ကာ ဗိုလ်[illegible]နှင့်လာမည်ဟု အသံပေးနေစဉ်မှာပင် ကောင်အေးနှင့် သူ့မိန်းမက တဲတံခါးပိတ်ပြီးပြေးလေပြီတည်း။ တစ်ရက်နှစ်ရက် အသံမကြားရ၍ ရွာကသူများသွားကြည့်တော့မှ ခြံဝိုင်းထဲတွင် နွေးပင် မနေတော့။ ထမင်းငတ်မှာစိုး၍ သခင်သစ်ရှာပြီထင့်။

ဇရစ်ကုန်းရွာမှ အောင်သန်းက သတင်းကို မသိမသာ စုံစမ်းသည်။ ကောင်အေးတို့လင်မယား ပျောက်သွားပြီး သုံး၊လေးရက်ခန့်အကြာ၌ နံနက်စောစော အိပ်ရာထပြီး လွယ်အိတ်ထဲသို့ အင်္ကျီ၊ လုံချည်အပိုတစ်စုံထည့်၊ ဓားပြတိုက်သွားသည့်ရွှေများမှ အနည်းငယ်ယူ၊ ပိုက်ဆံထုပ်ကို ကျစ်ကျစ်ပါအောင် လွယ်အိတ်ထဲထည့်သည်။ စစ်ဓားမြှောင်တစ်ချောင်း ခါးကြားထိုး၍ အနွေးထည်ဂျာကင်ဝတ်လိုက်သည်။ဝါးဖက်ခမောက်တစ်လုံးကိုယူလိုက်ပြီး ဖခင်ဖြစ်သူ ဦးဒိန်းသာရှိရာ တမာပင်အောက် ရေနွေးကြမ်းဝိုင်းသို့သွားသည်။ ဖခင်ဖြစ်သူအား ဦးသုံးကြိမ်ချလိုက်၏။

"ဘာလဲကွ၊ ငါ့သားရ"

"ကျွန်တော် မြောက်ဘက်ကို ခဏ ခဏထွက်မလို့အဖေ။ ဒါကြောင့် အဖေကိုကန်တော့သွားတာ"

"မင်းအမေကိုလည်း ပြောဦးလေကွာ။ ဘာလုပ်ဖို့သွားမှာလဲငါ့သားရယ်။ တိုင်းရေးပြည်ရေးကလည်း မကောင်းဘူး။ အိမ်မှာ သားအကြီးဆိုလို့ မင်းပဲရှိတာ။ မင်းနှမတွေကို မင်းပဲ စောင့်ရှောက်ရမှာ"

အဖေ့စကားကြောင့် အောင်သန်းစိတ်ထဲမှာမကောင်း။ ဒါပေသည့် ဤသို့မှမရှောင်လျှင် ပြဿနာအကြီးကြီးတတ်သွားနိုင်သည်။ အမေအိပ်ပျော်နေသဖြင့် အိမ်ထဲမှာပင်ကန်တော့ခဲ့ရသည်။

"သိပ်မကြာပါဘူး အဖေ။ ကိစ္စအရေးကြီးလို့ပါ။ မြန်မြန်ပြန်ခဲ့မှာပါ"

ဦးဖိုးသာမှာ ပြောမရသည့် သားဖြစ်သူအား ငေးကြည့်နေရင်း မျက်ရည်များဝဲလာသည်။ ဘာရယ်ကြောင့်မှန်းမသိ သည်တစ်ခါ သားကိုကြည့်ပြီး စိတ်ထဲမှာ ဝမ်းနည်းသလိုကြီးဖြစ်နေသည်။ မိဘတို့မည်သည်မှာကား သားသမီးအပေါ်မှာ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ရင်မှဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ကြရသည်မှာ အမှန်တရားပင် ဖြစ်ပါသည်။ မည်မျှပင် ဥပေက္ခာပြုစေဦးတော့ ဒုက္ခရောက်လာလျှင်မနေနိုင်ကြ။ ရှေးလူကြီးတွေပြောခဲ့သည့် စကားတစ်ခွန်းသည် အလွန်မှန်ပါက တောင်းဆိုလုံးဆိုးသာ ပစ်ရိုးထုံးစံရှိသည်။ သားဆိုးသမီးဆိုးအား ဘယ်မိဘမှပစ်ရိုးထုံးစံမရှိပါ။ အဖေ၊ အမေဟုဆိုလိုက်သည်နှင့် လွန်ခဲ့သမျှ အပြစ်တွေ မေ့ပျောက်၍ ဝမ်းနည်း၊ ဝမ်းသာဖြစ်ကြရသည်။

လွယ်အိတ်စလွယ်သိုင်း၍ ပုဆိုးတိုတိုဝတ်ပြီး ဝါးခမောက်ဆောင်းကာ ထွက်သွားသော အောင်သန်းကိုကြည့်ပြီး ဦးဖိုးသာ စကားဟဟမပြောနိုင်။ သူ့မျက်ဝန်းမှ မျက်ရည်တစ်ပေါက်နှစ်ပေါက်ကျလာ၏။ အင်္ကျီလက်ဖြင့်မျက်လုံးအစုံကိုပွတ်လိုက်သည်။ အမြင်တွေက ဝိုးတဝါးနိုင်လှသည်။ အောင်သန်းငိုက်စိုက်ငိုက်စိုက်ဖြင့် ရွာလမ်းအတိုင်းထွက်သွားသည်ကို မှုန်ဝါးဝါးငေးကြည့်နေမိသည်။ အနီးရှိ ခွေးနှစ်ကောင်က အကြောင်းမဲ့ထအူလိုက်သည်။ ခွေးအူသံကြောင့် အမယ်ကြီး နိုးလာပြီး ဦးဖိုးသာအနားလာထိုင်သည်။ မျက်ရည်စမ်းစမ်းဖြစ်နေ၍ ဘာဖြစ်နေတာလဲဟု မေးသည်။ ရင်ထဲမှာ ဆို့နင့်နင့်ကြီးဖြစ်နေသောကြောင့် စကားမပြောနိုင်ဘဲ အောင်သန်းထွက်သွားရာသို့ လက်ညှိုးထိုးပြသည်။ မအေလုပ်သူက လှမ်းကြည့်လိုက်တော့ အောင်သန်းကို ရေးရေးမြင်၏။ သူ့ဟာသူ ထုံးစံအတိုင်း ရွာစဉ်လှည့်တာနေမှာပေါ့ဟု ခပ်ပေါ့ပေါ့ဆိုသည်။

ဦးဖိုးသာက -

"ဒီတစ်ခါ ဒီကောင်ထွက်သွားတာထူးဆန်းတယ်။ မင်းနဲ့ ငါ့ကို ကန်တော့သွားတယ်။ တစ်ခါမှဒီလိုမလုပ်ဖူးဘူး။ ဒီကောင် အဝေးကြီးကိုထွက်သွားတာနေမှာ။ ဘာအကြောင်းကိစ္စရှိလို့လဲမသိဘူး။ ငါ့စိတ်တွေလေးနေတယ်။ ရင်ထဲမှာလည်း မကောင်းဘူး"

ဟု ပြောရင်း တစ်ချက်ရှိုက်လိုက်သည်။ သည်တော့မှ မအေလုပ်သူက အောင်သန်းထွက်သွားရာ လိုက်မည်လုပ်တော့ ဦးဖိုးသာကတားရသည်။

"လိုက်မတားနဲ့တော့ အမယ်ကြီး။ တားလည်း နင့်သားကရမှာမဟုတ်ဘူး။ မကြာခင်ရင် ဒီကောင်ပြန်လာမှာပါ"

အောင်သန်းကား အရိပ်အယောင်မျှ မတွေ့ရတော့ပါ။ မအေဖြစ်သူသည် ရင်ထဲမှာ ထမင်းအိုးမွှေရင်း မျက်ရည်ပေါက်ပေါက်ကျရသည်။ တစ်ဦးတည်းသောသားဖြစ်သူ ဘယ်လောက်ဆိုးဆိုး အမေဟု တစ်ချက်ခွဲလိုက်လျှင် ပြေပျောက်သွားရသော သူတို့မိဘနှစ်ပါးမှာ သားဖြစ်သူအတွက် ဘာရယ်ကြောင့်မှန်းမသိ ပရိဒေဝသောကမီးများတောက်လောင်ရပါတော့သည်။ ထမင်းအိုးအောက်မှ ရှားကိုင်း၊ ဒဟတ်ကိုင်းများက တဖျပ်ဖျစ်တောက်လောင်လျက်။ မီးဖိုမှ မီးတောက်ထက် ဦးဖိုးသာတို့ ဇနီးမောင်နှံ၏ ရင်ထဲမှမီးတောက်သည် အဆမတန်ကြီးမည်ထင်ပါသည်။

နံနက်ခင်းလေပြည်သည် အနောက်တောင်အရပ်မှ မန်ကျည်းပင်ကြီးဆီသို့ တကျစ်ကျစ်အသံပေးရင်း ခုန်ကူးလာသည်။ ကြက်သားအုပ်မက ကြက်ပေါက်ကလေးများကို တကွတ်ကွတ်ခေါ်ရင်း အိမ်တလင်းမှ မီးဖိုတဲအနီး ပြေးလာသည်။ ကြက်ကလေးကား ကြက်မကြီးအတောင်နှစ်ဖက်ကြားမှာပုဝပ်လျက်။

ကောင်းကင်မှာတော့ စွန်တစ်ကောင်ဝဲ၍ အစာချောင်းနေသည်ကို တွေ့ရပါတော့သည်။

❐

အောင်သန်း ရွာပြင်ဘက်ညောင်ပင်ကြီးရှိရာသို့ လှည့်ထွက်ခဲ့သည်။ ဘာရယ်ကြောင့်မှန်းမသိ။ လမ်းမသင့်သော်လည်း ညောင်ပင်ကြီးနားဘက်မှ သွားချင်နေမိသည်။ အနီးသို့ရောက်တော့ ညောင်ပင်ပေါ်မှ ဇီးကွက်တစ်အုပ်က မအိပ်နိုင်ကြသေးပါ။ တစ်ညလုံးသောင်းကျန်းခဲ့သမျှ စားမြုံ့ပြန်၍စကားကောင်းနေကြဟန်တူသည်။ ညောင်ခေါင်းထဲ၌ မိန်တစ်ကောင်က ဆူဆူညံညံကြားမှာ ငိုက်မျဉ်းနေ၏။ သိမ့်ခနဲတိုက်လိုက်သော လေကြမ်းအဝှေ့၌ ညောင်ကိုင်းများ လှုပ်ခါသွားပြီး ငှက်တစ်အုပ်လည်း ငြိမ်ကျသွားသည်။ အောင်သန်း ညောင်ပင်အောက်၌ရပ်၍ အပေါ်သို့မော့ကြည့်မိသည်။ အပြစ်လုပ်ထားသူတစ်ယောက်ပမာ စိတ်ထဲမှာ မလုံမလဲဖြစ်နေ၏။ ဓားပြတိုက်ခါနီး ဤညောင်ပင်ကြီးအောက် ဓားထောင်စဉ်က ပေးခဲ့သောကတိစကားများ ချိုးဖောက်မိ၍ ဓားပြကြီးဦးပြူးများ ငါ့ကိုစိတ်ဆိုးနေမလား။ နှစ်တွေကြာလာပြီပဲ။ ဦးပြူးလည်းရှိချင်မှ ရှိတော့မှာပါဟု စိတ်ကိုဖော့တွေး၏။ တွေးလိုက်တော့မှ ကြက်သီးကဖြန်းခနဲထလာသည်။ မိုက်မိုက်ကန်းကန်းပေပေတေတေနေလာခဲ့သူတစ်ယောက်ဖြစ်သော်ငြား ဘာရယ်ကြောင့်မှန်းမသိ စိတ်အားငယ်လာသည်။ ထိုစိတ်နှင့်အတူ ကြောက်ရွံ့စိတ်က ပိုများလာ၍ နှုတ်မှစကားတို့က အလိုအလျောက် ထွက်လာတော့သည်။

"ကျုပ်မှားသွားပါတယ် ဦးပြူးရယ်။ မရည်ရွယ်ဘဲနဲ့ဖြစ်သွားရတာပါ။ သူများသားမယားမဟုတ်ပေမယ့် အလိုမတူဘဲကျင့်ကြံခဲ့မိပါတယ်။ အတင်းခိုးပြေးမလို့လုပ်နေတုန်း ရွာသားတွေဝိုင်းလာလို့ မယူဖြစ်ခဲ့တာပါ။ ကတိမတည်တဲ့ ဓားပြဆိုပြီး ကျုပ်ကို အပြစ်မယူပါနဲ့။ ကျုပ်ကိုခွင့်လွှတ်ပါ။ ကျုပ်တောင်းပန်ပါတယ်"

အောင်သန်းနှုတ်မှ တတွတ်တွတ်ရွတ်ဆိုရင်း တောင်းပန်နေမိသည်။ ဤသည်ကို ဓားပြကြီး ဦးပြူး ဆိုသော ပရလောကမှ ညောင်ပင်စောင့်ပုဂ္ဂိုလ်ကြီးက ခွင့်လွှတ်နိုင်မည်လား။

"ဖျတ်. . ဖျတ်. . . ဖရော. . ဖုတ်. ."

သစ်ကိုင်းများလှုပ်ခါသံ၊ ပြုတ်ကျလာသံနှင့်အတူ မြေပြင်ပေါ်သို့ ဖုတ်ခနဲအသံကြီးကြောင့် ကြက်သီးထပြီး ခေါင်းနပန်းကြီးသွားသည်။ အသံကြားရာသို့ ကြည့်လိုက်တော့ နက်မှောင်နေသော မြွေငန်းတစ်ကောင် မြေကြီးပေါ်မှာတွန့်လိမ်နေသည်။ မြွေငန်းသည် သွေးသံရဲရဲအသားစများ ထွက်နေသော်လည်း မသေသေးဘဲ ခေါင်းထောင်ထ၍လာ၏။ အောင်သန်း ကြောက်ပြီး တစ်ချိုးတည်း ညောင်ပင်အောက်မှ ပြေးထွက်ခဲ့ပါတော့သည်။ ညောင်ပင်ပေါ်မှ သိမ်းငှက်တစ်ကောင်က အပင်အောက်သို့ ဝဲဆင်းလာပြီး မြွေငန်းအား ခြေနှစ်ဖက်ဖြင့်ကုပ်၍ ဦးခေါင်းကို နှုတ်သီးဖြင့် တဆတ်ဆတ်ပေါက်နေသည်။ မြွေသည် တွန့်လိမ်နေရာမှ ငြိမ်ကျသွားသည်။ သိမ်းငှက်ကား မြွေကိုချီ၍ ညောင်ပင်ပေါ်သို့ ပျံတက်သွားတော့သည်။

❐

ပုဆိုးတိုတို၊ ဝါးခမောက်ခပ်ငိုက်ငိုက်ဆောင်းထားသောလူတစ်ယောက် မောင်းထောင်ဘက်သွားသော လှည်းလမ်းအတိုင်း ခပ်သွက်သွက်လျှောက်နေသည်ကို တွေ့ရလေသည်။ ထိုသူမှာ အောင်သန်းဖြစ်ပါသည်။ သူ့ခရီးစဉ်က မောင်းထောင်မရောက်မီ မြောက်ဘက်သို့ချိုး၍ မဟာမြိုင်တောင်ဘက် ဝက်ရဲတောအစပ် နှောနှယ်ရှိ ဝက်ပုတ်ရွာသို့



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ ကိုတင်က ဝက်ပုတ်ရွာမှာနေသည်။ ဝက်ပုတ်သို့ စိုင်ပြင်မှ မူးရိုးအတိုင်းလျှောက်သော် လမ်းဖြောင့်သည်။ သို့သော် ထိုလမ်းဖြောင့်မှ မသွားရဲ။ ယခုလောက်ဆိုလျှင် ယင်းရဲမှလူတွေ ရဲကင်းသို့တိုင်ထားလောက်ပြီ။ နောက်တစ်ကြောင်းက ခေတ်ကာလမကောင်း၍ ရွာစဉ်ဖြတ်သွားသော် မသင်္ကာ၍ ရွာသားများ စစ်လားဆေးလားလုပ်လာလျှင် ခက်တော့မည်။ ယာခင်းများ၊ ထန်းတောများ ရုံဖန်ရုံခါ အင်ပင်၊ ကျွန်းပင်များ စုဝေးစွာ ပေါက်နေသော တောတန်း၊ ကုန်းကမူများကြားမှ ဝက်ပုတ်ရွာဘက်သို့ မှန်း၍လျှောက်သည်။ နေ့လယ်ခင်းရောက်တော့ ဗိုက်ဆာလာသဖြင့် အုတ်ဖို - လက်ပံကားလမ်းဘေး လက်ဖက်ရည်ဆိုင်တန်းမှ ဝယ်လာသော ကောက်ညှင်းထုပ်အား ဖြေစားသည်။ ရေငတ်လာ၍ တည်ပင်များ ထူထပ်စွာ ပေါက်နေသော ကုန်းဘေး စမ်းချောင်းလေးမှရေကိုသောက်ရသည်။

တောကား သစ်ပင်ကြီးများဖြင့် ထူပိန်းမနေသော်လည်း ယာခင်းတို့ သိပ်မမြင်ရတော့ပါ။ ဟိုသည်တစ်ကွက်စီဖြင့် ခပ်ကျဲကျဲသာတွေ့ရသည်။ ဒီဒူး၊ထောက်ကြံ့ပင်ကြီးများ၊ တောသရက်ပင်တို့မှာ နေရောင်ကိုလုနေကြသောကြောင့် မိုးထိုးမတတ် မြင့်မားလာသည်။ အင်ပင်တွေ ခပ်စိပ်စိပ်ပေါက်နေကြသည်။ ကျွန်းပင်ကြီးများကို ဟိုသည်တစ်ပင်စီတွေ့ရသည်။ တည်ပင်တွေပိုများသည်။ တည်ခေါက်တွေခွာပြီး ထန်းသမားတွေကို ရောင်းလိုက်ရလျှင် ပိုက်ဆံတော်တော်ရမည်ဟု တွေးမိလိုက်သေးသည်။ ရုံဖန်ရုံခါ တောကောင်လေးများတိုးသွားသည်ကို တွေ့ရ၏။ တစ်ချက်တစ်ချက်မျောက်အုပ်စု၏အသံများကို ကြားရသည်။

ညနေစောင်းတော့ ယာခင်းတချို့အား ခပ်စိပ်စိပ်တွေ့လာရသည်။ ယာခင်းမှပြန်လာသော လှည်းတစ်စီးတွေ့သဖြင့် ဝက်ပုတ်ရွာအားမေးကြည့်တော့ သစ်ပင်ကြီးများဖြင့် ညို့နေသောခပ်လှမ်းလှမ်းမှ တောအုပ်ကို ညွှန်ပြသည်။ ဘယ်သူ့အိမ်သွားမလို့လဲဟုမေး၍ ဝက်ပုတ်မှ ကိုတင့်အိမ်ဟု ပြောသောအခါ လှည်းနှင့်လိုက်ခဲ့ရန် ခေါ်သေးသည်။ သူမလိုက်ချင်၍ လမ်းဆက်လျှောက်လာခဲ့သည်။ ကိုတင့်ခြံတံခါးဝရောက်တော့ မှောင်ရီပျိုးနေပြီတည်း။

❐

ထမင်းမစားသေးဘဲ ချက်အရက်တစ်လုံးထောင်၍ နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ခပ်တိုးတိုးဆွေးနွေးရသည်။ ကိုတင့်မိန်းမက မသင်္ကာဖြစ်လာ၍ ဘာဖြစ်လာတာလဲဟု လှမ်းမေးတော့ ကိုတင်က 'နင်အသာနေ' ဟု ငေါက်သည်။ ကိုတင်က ဝက်ပုတ်သည် စိုင်ပြင်နှင့် နေ့ဝက်ခန့်သာဖြစ်၍ မလုံခြုံ၊ ယခုလောက်ဆိုလျှင် ရဲကင်းမှာလည်း အမှုဖွင့်ပြီးလောက်ပြီ။ အောင်ဖေရှိရာ ချင်းတွင်းအရှေ့ဘက်သို့ ခဏရှောင်နေလျှင်ကောင်းမလားဟု အကြံပေးသည်။

"ကိုတင် အထာမပေါက်ဘူးနော်။ ယင်းရဲကကောင်တွေအကြောင်း ကျွန်တော် သိတယ်။ ဒီကောင်တွေက အုပ်လိုက်။ ကျုပ်တို့က ပြေးကြည့်မှ နှစ်ယောက်တည်း။ ကောင်အေးတို့လင်မယားလည်း ဖားကန့်ကိုပြေးပြီ။ ကျုပ်ကတော့ မဟာမြိုင်ကိုဖြတ်ပြီး ကလေးဝဘက်ကိုရှောင်နေချင်တယ်။ အချိန်နည်းနည်းကြာပြီး သွေးအေးသလောက်ရှိသွားမှ ပြန်လာကြတာပေါ့။ ခေတ်ပျက်နေတော့ အမှုကလည်း ပျောက်သွားမှာပါ။ ဘယ်လိုသဘောရလဲ"

ကိုတင် မိန်းမနှင့် ကလေးတွေကို ပြန်ကြည့်သည်။ သူကသာ ကြည့်နေသည်။ ကလေးတွေနှင့် မိန်းမလုပ်သူက သူ့ကိုဂရုမစိုက်ကြ။ အရက်သောက်၊ ဖဲရိုက် ဆိုးသွမ်းနေသော ယောကျ်ားအား ဘယ်မိန်းမကသံယောဇဉ်ရှိမည်နည်း။

"မင်းဘယ်လမ်းက လစ်မလဲ။ တန့်ဆည်ဘက်ကလစ်မလား။ ဒီအချိန် ကားမလာသေးဘူး၊ မိုးတွင်းကြီး"

"ခေါင်နန်းလမ်းကို ကျုပ်မဖြတ်ရဲဘူး။ ပျဉ်ကိုင်းမှာ ရဲကင်းရှိတယ်"

"ဒါဆို တောင်ဘက်တောထဲကနေ သစ်ခုတ်လမ်းအတိုင်း တောတိုးမလား။ သုံးရက်လောက်တောတိုးရင် ချင်းတွင်းအရှေ့က ဆင်အိုင်မရွာကို ရောက်မယ်။ ဒီကမှ ချင်းတွင်းကိုကူးပြီး ကလေးဝဘက်လစ်တာပေါ့။ ကလေးဘက်သွားသွား၊ တမူးကိုဖြတ်ဖြတ် အဆင်ပြေတယ်။ ရွှေဘိုခရိုင်ထဲက လွတ်ရင်တော်ပြီ"

သူပြောသည့် အကြံကောင်း၍ အရက်ပိုင်းအား လက်စသတ်ပြီး ထမင်းစားကြသည်။

❐

မနက်ရောက်တော့ ကိုတင်က သူ့မိန်းမအား ခေါ်သည်။ ကလေးနှစ်ယောက်က တဲရှေ့မြေကွက်လပ်၌ ဆော[...] နေကြသည်။ ကိုတင့်မိန်းမက ခပ်မှန်[...] ပင် အနားသို့လာထိုင်သည်။ ကိုတ[...] သိမ်းထားသော ဆွဲကြိုးတစ်ကုံး၊ လ[...] ကောက်လေးကွင်းနှင့် ငွေငါးထောင်[...] အားပုံပေးပြီး -

"ငါတို့နှစ်ယောက် ခရီးထွက်မယ်[...] နည်းနည်းကြာမယ်။ နင်ရင်းနှီးစား[...] ဒါတွေယူထား။ ကလေးနှစ်ယော[...] ကျောင်းအပ်ဖို့မမေ့နဲ့"

ကိုတင့်မိန်းမက ဘာမှမကြာ[...] ပစ္စည်းနှင့် ငွေအားယူ၍ အိပ်ခန်းထဲဝ[...] သွားသည်။ ပြန်ထွက်လာတော့ ပုဆိုး[...] အကျီနှစ်စုံ၊ မျက်နှာသုတ်ပုဝါတစ်ထ[...] ပါလာသည်။ လွယ်အိတ်ထဲထည့်ပေး[...]

"ရှင်ဘယ်လောက်ကြာမှာလဲ"

"နင်က ဘာဖြစ်လို့ မေးတာလဲ[...] ဘာလဲ၊ကြာရင်နောက်လင်ယူမလို့လား"

"မဟုတ်ဘူး တော်ရေ။ ကြာနေ[...] သပိတ်သွတ်တန်သွတ်ထားရအောင်[...] နေတာ။ ရှင့်ဟာရှင် သွားချင်တဲ့နေ[...] သွား၊ လာချင်တဲ့နေရာလာ၊ ပျော်သ[...] နေ ကျုပ်ဂရုမစိုက်ဘူး။ နောက်လ[...] လည်း စိတ်မကူးဘူး။ ဒီတစ်ယော[...] တင် လက်လန်နေပြီရှင့်"

အောင်သန်း စိတ်ညစ်လာသ[...] တဲပြင်သို့ထွက်လာခဲ့သည်။ ကလေး[...] ယောက်ကတော့ ဘာမှမသိ။ ဆော[...] ကစားလို့ကောင်းတုန်းပင်တည်း။

သူတို့နှစ်ယောက် ဓားရှည်ကိုယ်[...] လွယ်၍ ရွာပြင်မှတစ်ဆင့် ဝက်ပုတ်[...] တောအတွင်း ဝင်လာခဲ့ကြသည်။ သ[...] ခုတ်သမားများ၏ ခြေသွားလမ်းလေး[...] တွေက တောထဲမှာရှိသည်။ တစ်တော[...] နှင့်တစ်တောကူးလို့ရသည်။ ဒါပေမယ့်[...] တောကောင်ကို အလွန်သတိထား[...] သည်။ တောကောင်ငယ်လေးများအပြ[...] ဆင်၊ ကျား၊ ကျားသစ်တို့က ဤတော[...] ကျက်စားကြသည် မဟုတ်လား။ လူကြ[...] သူမတွေ ပြောပြောနေသည့် ထန်းလ[...] လောက်မြွေကြီးတွေ၊ လူကိုပင်ကိုက်ဖြ[...] စားသောက်တတ်သည့် ကင်းခြေမျာ[...] ကင်းပုစွန်ကြီးများ မဟာမြိုင်တော[...] ကြီးမှာ ကျက်စားနေသည်ဆို၍ မျက်[...] နားရှင်ရှင်ထား၍သွားရသည်။ ဟိုးတ[...] လောက လက်ပံတောင်ရွာမှ ထန်းသမား[...] ကိုအေး ဤတောထဲမှာ တည်ခေါက်[...] လာပြီးခွာတုန်း ပေါင်လုံးလောက်ရှိသ[...] ကင်းခြေများကြီးတွေ ထွက်လာ၍ [...] ရောန္တားပါ ဒရောသောပါးပြေးခဲ့ရသ[...] ဟု ကြားရသည်။ (မှတ်ချက်-ယ[...]



www.burmeseclassic.com

www.burmeseclassic.com

...စ်တောများပါးလာ၍ ရွာနီးချုပ်စပ် ... လယ်ယာတည်ကြသည်။ ဤသို့ဖြင့် ...ယ်ကွင်း၊ ယာကွင်းများစိပ်လာပြီး သစ် ...ာစုက ဟိုတစ်ကွက်သည်တစ်ကွက် ...ာ ကျန်တော့သည်။)

"ကိုတင်၊ ခင်ဗျားဘယ်လမ်းကို ...မလဲ"

အောင်သန်းက နယ်ခံဖြစ်သူ ...တင်အား မေးသည်။

"ငါကတော့ မောက္ကတော်ချောင်း ...ဖြတ်ပြီး မဟာမြိုင်အလယ်မရောက် ...ရောက် သစ်တိုက်လမ်းကနေ စည် ...ပ်တုတ်ချောင်းကို ဖြတ်လိုက်ရင်၊ ...တို့နဲ့ မားပြအတူတူတိုက်ခဲ့တဲ့ ဖြေ ...ာကွမတွေ့နေတဲ့ ချင်းတွင်းမြစ်ကမ်း ...ာ ဆင်အိုင်မရွာကို ရောက်မယ်။ ...လည်း ဘာသတင်းကြားလို့လဲမသိ ... ဆင်အိုင်မကို ပြေးပြီ"

အောင်သန်းက မိုးထိမြင့်မား၍ ...ပြောက်မထိုးသော တောကြီးကို ...ည့်ပြီး ကျောချမ်းလာ၍-

"ကျုပ်တို့ပြေးပေါက် လမ်းမတော် ...တိုင်း လစ်ကြရင်မကောင်းဘူးလား။ ...ာပဲဖြစ်ဖြစ် ကျောင်းကြီးခေါင်နန်းတို့ ...ရွာတို့ဖြတ်သွားရတော့ ရိက္ခာ ...ာက်လည်း မပူရဘူး။ လမ်းဆိုတော့ ...ရတာလည်းသင့်တယ်"

"ကိုအောင်သန်း၊ ခင်ဗျားက လမ်း ...မ်းတာ။ မဟာမြိုင်အလယ်တည့် ...လမ်းပေါ်မှာ ပျဉ်ကိုင်းရဲစခန်းရှိ ...။ ခင်ဗျားရဲကင်းမှာသွားပြီးအဖမ်း ...လို့လား။ အခုလောက်ဆိုရင် ဘုတ ... ရေဦး၊ ရွှေဘိုတောင်ဘက်နဲ့ ဒီလမ်း ...ကင်းတွေမှာ ကျုပ်တို့အကြောင်း ...င်းပို့ပြီးလောက်ပြီ"

အောင်သန်း စိတ်အတော်လေ ...၏၊ အခုမှတော့ မထူးတော့ပြီမို့ ...င်ရဖြစ် မဟာမြိုင်တောကြီးထဲက ... ဖြတ်ရတော့မည်။ မဟာမြိုင်တော ...သည် တောင်၊ မြောက် မိုင်သုံးရာ ...ရှည်လျား၍ အရှေ့အနောက် မိုင် ...ဆယ်မှ တစ်ရာနှစ်ဆယ်ခန့်အထိ ...ဝန်းသည်။ သူတို့နှစ်ယောက်က ...တောအလွန် ဝက်ပုတ်၊ အင်း ... ပတိုင်ချင်းတောဘက်မှ စည်ပ ...တ်ချောင်းကို ဖြတ်မည်ဖြစ်သော ...င့် ဘာပဲဖြစ်ဖြစ် မိုင်ခုနစ်ဆယ်ခန့် ...ဦးမည်။ ခပ်သွက်သွက်လေးသွား ...ောင် သုံးရက်လောက်ကြာမည်။ ...လမ်းဆို ကိစ္စမရှိပါ။ ယခုဟာက ...ကြီးထဲတိုးရသည့်အပြင် တောင်ကုန်းများ၊ ကမူ၊ လျှိုများကို ဖြတ်နေရသဖြင့် ခရီးကသိပ်မတွင်။

အင်၊ ကညင်၊ ထောက်ကြန့်၊ သက်န်းနှင့် အင်ကြင်းပင်ကြီးများက တောကြီးအတွင်း နေရောင်ကိုလုပြီး တက်ရသဖြင့် မိုးထိုးနေသည်။ ကျွန်းတောကြီးများကလည်း လူနှစ်ဖက်၊ သုံးဖက်စာမက ကြီးမားလွန်းလှသည်။ ထူးခြားသည်က ညောင်ပိန္နဲပင်ခေါ် ညောင်ကြတ်ပင်ကြီးများ ဖြစ်သည်။ နှစ်ပေါင်းဘယ်နှရာလောက် ကြာနေပြီ မသိပါ။ ပင်စည်လုံးပတ် လူသုံးလေးယောက်ဖက်သည့်တိုင် ထိမည်မထင်ပါ။ ထိုသစ်ပင်ကြီးများကလည်း ကြီးမားအုပ်ဆိုင်းလွန်းလှသည့်အပြင် မြေပေါ်သို့ အမြစ်များကပြန်၍ပင်ထောက်နေကြသည်။ မသိလျှင် အိမ်တိုင်များနှင့် သစ်ပင်ကြီးဟု ထင်ရသည်။ ထိုညောင်ကြတ်ပင်ကြီးများတွင် လှည်းဘီးခန့် ပျားအုံပောင်းကြီးများကို တွေ့ရသည်။ မိုးကာလဖြစ်၍ ပျားကြီးများ မတွေ့ရ။ မဟာမြိုင်တော၏ အဓိကထွက်ကုန်က ပျားရည်ဖြစ်သည်။ တန်ခူး၊ ကဆုန်လများတွင် ပျားရည်များကို ပီပါကြီးများနှင့်ပင် တိုက်၍ရသည်။

အပင်ကြီးများအောက် ကုန်းစောင်း၊ မြေလျှောများတွင် စီရိုးနွယ်ပင်များ၊ မြင်းစားကျက်ပင်များ၊ တောငှက်ပျောပင်များ၊ မျောက်လုပ်ပင်များက တောထနေသည်။ တောသရက်ပင်များနှင့် ကနစိုးပင်များ ကြိုကြားပေါက်နေကြသည်။ ဘီးကွန်ပင်၊ တောထန်းလျက်ပင်လေးတွေရှိ၍ ဘာပဲဖြစ်ဖြစ် ခူးစား၍ရသေးသည်။

တောသည် နက်သထက်နက်လာသည်။ မျောက်များ၏အော်သံ၊ ဝန်လိုငှက်၏ ကျက်သရေမရှိသောအသံနှင့်အတူ ဝါးကိုင်းများချိုးသံကိုလည်း တစ်ချက်တစ်ချက်ကြားရသည်။ ကိုတင်ကတော့ သစ်ခုတ်သမားများသွားခဲ့ရာလမ်းဟောင်းလေးမှ နေရောင်ကိုကြည့်ပြီး တောသို့တိုးဝင်နေသည်။ ရှေ့မှာ ရင်ဆိုင်ရမည့် ရန်သူကိုမကြောက်၊ နောက်ကလိုက်လာမည့်ရဲများ၊ ယင်းရဲရွာသားများ၏ ဓားဖွေးဖွေး၊ လှံဖွေးဖွေးကို သူထိတ်လန့်နေသည်။ မိုးမရွာသဖြင့် ခရီးအတော်တွင်သည်။ ဖျောက်ဆိတ်ပင်အောက်မြေကမူမှာ ခဏနားကြသည်။ အနီးရှိစမ်းပေါက်မှ ရေတွေ့သဖြင့် သောက်လည်းသောက်၊ ရေဘူးထဲလည်း ထည့်ပြီး ရွာမှဝယ်လာသည့် ကောက်ညှင်းပေါင်းအားထုတ်စားကြသည်။

ထိုစဉ် သံဃာတော်တစ်ပါး တောလမ်းအတိုင်း ကြွလာသည်ကို တွေ့ရသည်။ လက်မှာလည်း တောငှက်ပျောအမှည့်တစ်ခိုင်ဆွဲလာသည်ကို တွေ့ရသည်။ ငှက်ပျောသီးမြင်၍ ကိုတင်က မန်းကတန်းထသွားသည်။ အနီးရောက်တော့ သံဃာတော်အား ဦးချကန်တော့လိုက်ပြီးနောက်-

"အရှင်ဘုရား၊ ဘယ်ကကြွလာပါသလဲ ဘုရား"

"ဘုန်းကြီး ဒီတောထဲမှာ သတင်းသုံးနေတယ်။ ဒါနဲ့ ဒကာကြီးတို့က ဘယ်ကလာလို့ ဘယ်ကိုသွားမလို့လဲ။ သစ်ခုတ်သမားတွေတော့ မဟုတ်တန်ရာဘူး"

"မဟုတ်ပါဘူး ဘုရား။ တပည့်တော်တို့ ချင်းတွင်းအရှေ့ကို ခရီးဆက်မလို့ပါ"

"တောကနက်လွန်းတယ်။ အန္တရာယ်အရမ်းများတယ်။ ဒကာကြီးတို့ မမြင်ဘူးတဲ့ အကောင်ပလောင်တွေလည်းရှိတယ်။ လမ်းရိုးရိုးကသွားကြပါလား။ ဘုန်းကြီးမေတ္တာရှေ့ထားပြီး ပြောတာပါ"

"ရပါတယ် ဘုရား။ တပည့်တော်တို့ ဒီလိုပဲ ရှောင်တိမ်းပြီး ခရီးဆက်ပါ့မယ်"

ရဟန်းတော်သည် အတန်ကြာ စကားဆက်မမိန့်ဘဲ မျက်စိမှိတ်၍ စဉ်းစားနေဟန်ပြုသည်။ ပြီးနောက်-

"ကိုယ့်အကုသိုလ်ကံက ကိုယ့်နောက်ကို ထက်ကြပ်မကွာလိုက်နေပြီ။ လှည်းနောက်က ဘီးရာလိုပါပဲလား။ နောက်ဆုံးတော့ သတ္တဝါတွေဟာ ကိုယ့်ရဲ့ကုသိုလ်၊ အကုသိုလ်ကံတွေစီမံရာအတိုင်းခံနေကြတဲ့ သားကောင်တွေလိုပါပဲ။ ကဲကဲ- ဘုန်းကြီးကျောင်းသခ်မ်းဆီ သွားရဦးမယ်။ မြွေပါးကင်းပါးသတိထားကြပါ။ ဒီတောကြီးက အဆိပ်ရှိသတ္တဝါကြီးတွေရဲ့ရန်က မသေးလှဘူး။ ညရေးညတာမှာ သစ်ပင်ပေါ်တက်အိပ်တာဘေးအကင်းဆုံးပဲ ဒကာတို့"

ကိုတင်က ရဟန်းတော်မကြွမီ ငှက်ပျောသီးနှစ်ဖီး တောင်းထားလိုက်သေး၏။ ရဟန်းတော် မိန့်ကြားသွား၍ အောင်သန်းတစ်ယောက် ကျောထဲစိမ့်တက်လာပြီး ရှေ့နောက်ဝဲယာဂရုစိုက်ကြည့်မိသည်။ ပတ်ပတ်လည်မှာ မြက်ပင်ကြီးများ၊ တောငှက်ပျောပင်များ၊ ချုံနွယ်ပိတ်ပေါင်းထူထပ်ပြီး သစ်ပင်ကြီးငယ်လတ်များက နေပြောက်ထိုးမရ



www.burmeseclassic.com

www.burmeseclassic.com

အောင် ထူထပ်စွာပေါက်နေကြသည်။ တောသရက်ပင်အုပ်ကြီးထဲမှာလည်း မျောက်ညိုတစ်အုပ်က သစ်ပင်ထက်၌ ခုန်ပေါက်ပြေးလွှားလျက်။ ခပ်လှမ်းလှမ်း စမ်းချောင်းစပ် မြက်ပင်တောထဲ၌ ဆတ်နှစ်ကောင် အစာစားနေကြသည်။ ဆတ်ဖိုကြီးက ချိုတဝင့်ဝင့်ဖြင့် ဘေးဘီသို့ကြည့်နေသည်။

အောင်သန်း စဉ်းစားနေမိသည်။ ဒီလို တောကြီးထဲမှာ တစ်ပါးတည်းလာပြီး သီတင်းသုံးနေသည့် ရဟန်းသံဃာ ရှိပါသေးလား။ သူတို့ကကော ပိုးမွှား တိရစ္ဆာန်တွေကို မကြောက်ကြဘူးလား။ အန္တရာယ်မတွေ့ဘူးလား။ စဉ်းစားရကျပ်လှသည်။

ကိုတင်က ရှင်းပြသည်။

"ဒီဘက် မဟာမြိုင်တော တောင်ပိုင်းတောထဲမှာ တရားကျင့်နေတဲ့ရဟန်းတော်တွေရှိတယ်ဗျ။ ကျုပ်နှစ်ပါး၊ သုံးပါး တွေ့ဖူးတယ်။ ဆီလေး၊ ဆားလေးလိုလာရင် ကျုပ်တို့တောစပ်က ရွာတွေဆီကို လာပြီး အလှူခံတယ်။ သိတဲ့လူတွေက ဆွမ်းဆန်တို့ဘာတို့လှူကြတယ်။ တရားကျင့်နေကြတာ။ ဒါပေမယ့် မဟာမြိုင်မြောက်ပိုင်းနဲ့မတူဘူး။ မြောက်ပိုင်းက ရသေ့တွေချည်းပဲ။ ဘုန်းကြီးနေလို့မရဘူး။ ဘာကြောင့်မှန်းမသိဘူး။ ကျောင်းကြီးခေါင်နန်းတို့ ချက်မရေယဉ်နေရာဆိုသာဆိုးသေး။ နေမယ်ကြံရုံရှိသေး ဘာရောဂါမှမဖြစ်ဘဲ ပျံလွန်တော်မူပြီ။ တစ်ခါတလေ ပျားကြီးတုပ်တာနဲ့ ကိစ္စချောတာပဲ။ ဒီတောင်ပိုင်းက နှောဘိုးတော်ကြီးတို့၊ နတ်ရဲတောင်ဘိုးဘိုးကြီးတို့က သာသနာကို ကြည်ညိုတယ်လေ။ နတ်ကောင်းကြီးတွေပေါ့။ ဟိုဘက်မြောက်ပိုင်းက မယ်တော်ကြီးရှိတယ်။ သူက ဘုန်းကြီးတွေလာရင် မကြိုက်ဘူး။ အနှောင့်အယှက်အမျိုးမျိုးပေးတယ်။ မြောက်ပိုင်းမှာ တရားကျင့်နေကြတာ ရသေ့တွေ၊ ဝိဇ္ဇာတွေလို့ ကျုပ်တို့အဖေပြောဖူးတယ်။ ကျုပ်အဖေတောင် ရသေ့ကြီး ဦးသိပ္ပကို တွေ့ဖူးသေးတယ်။ လယ်ဝေးစမတောင်မှာ ဝင်မွေသွားတဲ့ ဦးသိပ္ပပေါ့။

(ယခုအခါ၌မူ မြောက်ပိုင်းမဟာမြိုင်သည် ပြောင်းလဲခဲ့ပြီဖြစ်သည်။ မယ်တော်ကြီးကပင့်၍ မဟာဗောဓိမြိုင်ဆရာတော်ကြီးသည် ကျောင်းကြီးခေါင်နန်းအနီး တောထဲတွင် တောရဆောက်တည်နေပါသည်။ မယ်တော်ကြီး ဆိုသည်မှာ ပန်ထွာမယ်တော်ကို ခေါ်ကြခြင်း ဖြစ်ပါသည်။)

❐

ညနေစောင်းသည်နှင့် အလင်းရောင်က ပျောက်ချင်ချင်ဖြစ်လာသည်။ တောနက်၍ မိုးချုပ်မြန်မည်ထင်ရသည်။ တောကျေးငှက်တို့ အိပ်တန်းတက်သံ၊ မျောက်များ ဆူပွက်သံများဖြင့် တော၏ ညနေသည် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ စမ်းချောင်းထဲမှရေအား ရေဘူးထဲအပြည့်ထည့်ပြီး အနီးရှိ သစ်ပကန်ပင်ကြီးပေါ်သို့ နှစ်ယောက်သား တွယ်တက်ကြသည်။ အပင်ကြီးက မနိမ့်မမြင့်လွန်းသည့်အပြင် အရွက်အခက်အကိုင်းများက ထူထပ်သဖြင့် ကောင်းကောင်းအိပ်လို့ရသည်။ သစ်ခုတ်သမားများကဲ့သို့ အပင်အောက်မှာ မီးလည်းမဖိုရဲ။ လဆန်းရက် ဖြစ်သောကြောင့် နေ့အလင်းရောင် မပျောက်တပျောက်တွင် လတစ်ခြမ်းပဲ့က ခေါင်းပေါ်တည့်တည့်ရောက်နေသည်။ မကြာမီ တဝီဝီမြည်သံပေးကာ ခြင်အုပ်ကြီး ချီတက်လာပါတော့သည်။ ကိုတင်က ရေသွားခပ်ရင်း ခူးလာသော အရွက်များအား အိတ်ထဲမှ ထုတ်သည်။ အရွက်များကို လက်ဖဝါးထဲထည့်ပြီးခြေသောအခါ ဆီကဲ့သို့ပျစ်ချွဲချွဲအရည်များထွက်လာသည်။ ထိုအရည်များဖြင့် လက်၊ ခြေထောက်များနှင့် လည်ပင်း၊ မျက်နှာပါမကျန် လိမ်းသည်။ သူ့အားလည်း လိမ်းဖို့ပြောသည်။ ထိုအရွက်အနံ့မှာ ဆိုးဝါးလွန်းလှသည်။ စူးရှပြီး နံလွန်းသဖြင့် မလိမ်းချင်လိမ်းချင်ဖြင့်လိမ်းရသည်။

"ခင်ဗျားအရွက်က နံလှချေလား၊ ဘာရွက်လဲ"

"တောင်ဝေ့ရွက်လို့ ခေါ်တယ်။ ကျုပ်တို့တောတက်ရင် ညဘက်ဆို ဒါကို လိမ်းပြီးအိပ်ရတယ်။ ဒါပြင်ဆို အိပ်နေတုန်း ခြင်အုပ်ကသမသွားလို့ နောက်နေ့သွေးမရှိဘဲ ပိန်ခြောက်ပြီး အသက်ဘယ်ကထွက်ရမှန်းမသိဖြစ်သွားမယ်"

ကိုတင်ပြောလည်း ပြောစရာပင်။ မဟာမြိုင်ခြင်အုပ်ကြီးကား ကမ္ဘာစစ်အတွင်းက ဗုံးကြဲရန်လာသော ဂျပန်လေယာဉ်ပျံများကဲ့သို့ တဝီဝီဖြင့် စိတ်ပျက်စရာကောင်းလှသည်။ အကောင်တွေကလည်း နည်းတဲ့အကောင်ကြီးတွေ မဟုတ်။ အရွက်ဆီကိုလိမ်းပြီး သစ်ပင်ခွကြား၌ ပုဆိုးတစ်ထည်ထုတ်ပြီး တစ်ကိုယ်လုံးခြုံထားလိုက်သည်။

ညသည် မှောင်မိုက်လွန်းလှသည်။ အလင်းရောင်ဟူ၍ ဘယ်... မှန်းမသိ။ လမိုက်၍မလင်းသည်... တိမ်ထူ၍ အလင်းပျောက်နေသည်... ခွဲခြားမရပါ။ ခဏကြာတော့ လေ... ဖြူးတိုက်လာသည်။ သစ်ကိုင်းသစ်... တို့အချင်းချင်း ပွတ်တိုက်သံများ ... ၏။ လေနှင့်အတူ မိုးငွေ့မိုးသက်... လာ၏။ ချမ်းလာသဖြင့် ပို၍အိပ်... လေတိုက်သောကြောင့် ခြင်အပေါ်... ရန်စွယ်ထိုးစစ် ကိုက်ခဲမှုမှ ကင်း... သွားသည်။ အိတ်ထဲမှ ဆေးပေါ့လိပ်... မီးခြစ်ကိုထုတ်၍ မီးညှိပြီးဖွာလိုက်... အချမ်းပြေသလိုလိုရှိသွား၏။ ကိုတ... သူ့ဆေးပေါ့လိပ်ကို လှမ်းယူ၍ဖွာ... ပြန်သည်။ မကြာမီ ခပ်ဝေးဝေး... တဝေါဝေါအသံများကြားရ၏။

"ဘာသံတွေလဲ ကိုတင်။ တ... ဖြည်းနီးလာသလိုပဲ"

"အဲဒါ မိုးသံပဲ၊ မိုးရွာတော့မ...

ပြောရင်းဆိုရင်း မိုးပေါက်... သစ်ရွက်များပေါ်သို့ တစ်ပေါက်... ကျလာသည်။ များသထက်များ... ပို၍သည်းလာ၏။ သူတို့၏အ... သစ်ပင်ပေါ်မှ မျောက်နှစ်ကောင် ... နေသလိုဖြစ်နေပါတော့၏။ အောင်... သစ်ကိုင်းများကြား ပုဝပ်နေပြီး ... သတိရနေမိသည်။ ဒီလိုမိုးသည်း... ရွာနေသည့်အချိန် အိမ်မှာသာဆို... စောင်ခြုံပြီးကွေးမလား။ တံစက်... အောက်ထိုင်ပြီး အိမ်အမိုးမှကျလာ... မိုးရေစက်များကိုကြည့်၍ ဆေးပေါ့... ဖွာပြီး ဝေးချင်ရာဝေးနေမှာလား။ ... ကယ်ခြံက ဒေါ်အေးအရက်ဖိုမှာ ဦး... တစ်လုံးလောက် ကောင်အေးနှင့် ... တူသောက်နေရလျှင် ကောင်း... တွေးနေမိသည်။

မိုးစဲသွားပြီးနောက် တော... ပြန်လည်တိတ်ဆိတ်သွားသည်။ ... ကိုယ်လုံးစိုရွှဲနေ၍ ကောင်းကောင်း... မရ။ မကြာမီ တချွတ်ချွတ်အသံများ... တောတိုးလာသည့်အသံများကို ကြ... သည်။

"ကိုတင်ဘာသံတွေလဲ။ ... တွေကများလိုက်တာ၊ လူတွေထင်...

အသံများက သားကောင်... လိုက်သွားနေသောအသံလည်း မ... ဆင်များ တောတိုးသည့် အသံ... မဟုတ်။ သို့ပေမယ့် ခြေသံတွေက ... ချက်ညီ၍ တဖျောက်ဖျောက်နှင့် ... လွန်းလှသည်။ ခြေသံတွေက ... သည်။ ခြေသံများကြားရာသို့ ...



www.burmeseclassic.com

www.burmeseclassic.com

မ်းကြည့်မိသည်။ သစ်ရိပ်တို့ မည်း
မှောင်နေသောခြေသံများလာရာ၌ အနီ
ရောင်တောက်နေသော မျက်လုံးအစုံ
လေးစုံကို တွေ့ရသည်။ မျက်လုံး
များက နီရဲနေပြီး သံပရာသီးလုံးခန့်
ရှိသည်ထင်သည်။

"ဟာ"

ကိုတင့်နှုတ်မှ အလန့်တကြား
အသံထွက်သွား၏။ ထိုမျက်လုံးများ
သည် အသံလာရာဘက်သို့ စိုက်ကြည့်
နေသကဲ့သို့ရှိပြီး တဖြည်းဖြည်းနီးလာ
၏ မှိတ်တုတ်သွားသဖြင့် ကြယ်ရောင်နှင့်
လတစ်ခြမ်းပဲ့၏ အလင်းရောင်
သည် သစ်ပင်များကြားမှ တောခြေသို့
ကွက်တိကွက်ကျား ဖြာကျလာ၏။ လ
ရောင်မသဲမကွဲကြားတွင် တွေ့လိုက်ရ
သည်က ကင်းခြေများကြီးလေးကောင်
ဖြစ်သည်။ ထိုအကောင်ကြီးများသည်
သူတို့နှစ်ယောက်ရှိရာ သစ်ပကန်ပင်
ကြီးဆီသို့ တဖြည်းဖြည်းကပ်လာနေကြ
သည်။ သူတို့နှစ်ယောက် အသံမထွက်ရဲ
ကြတော့။ ကြောက်လွန်း၍ တစ်ကိုယ်
လုံး အေးစက်နေကြပြီး သွေးလည်ပတ်မှု
ရပ်ဆိုင်းသွားသကဲ့သို့ထင်ရသည်။

"ရှီး. . ."

ခပ်လှမ်းလှမ်းရှိ တောသရက်ပင်
အကြားထဲမှ တရှီးရှီးအသံကြီးထွက်
လာသည်။ ကင်းခြေများကြီးလေး
ကောင်၏ ဦးခေါင်းမှ နှာမောင်းအစုံ
သည် အသံလာရာဘက်သို့ကွေးလျက်
နားစွင့်နေသကဲ့သို့ရှိ၏။ တော၏ ညဉ့်
နက်၌ ထိုသတ္တဝါကြီးများ၏ မျက်
လုံးအစုံများသည် မီးဝင်းဝင်းတောက်
တောက်ရှိနေ၏။ တောသရက်ပင်များ
ကြား နီရဲဝင်းတောက်နေသော မျက်
လုံးနှစ်လုံးက ကင်းခြေများကြီးများ
ဆီသို့ တရွေ့ရွေ့တိုးကပ်လျက်။

လူတစ်ရပ်ခန့်အမြင့်မှာ တည်ရှိ
နေသော တောက်ပသည့်မျက်လုံးနှစ်လုံး
သည် မလှမ်းမကမ်းရောက်မှ မသဲမကွဲ
မြင်ရတော့သည်။ နက်မှောင်သော
အရောင်ဖြင့် ငန်းမြွေကြီးတစ်ကောင်
ဖြစ်သည်။ လုံးပတ်မှာ မရှိဘူးဆိုလျှင်
ကောင် ငှက်ပျောပင်စည်လုံးခန့် ရှိနိုင်
သည်။ ငန်းမြွေကြီးသည် တရှီးရှီးဖြင့်
ခေါင်း ကင်းခြေများကြီးများရှိရာသို့
ကပ်လာနေ၏။

"ကိုတင်၊ ကျုပ်တို့ဆင်းပြေးကြ
ကောင်းမယ်"

လူမိုက်ကြီး အောင်သန်း ယခု
မှ မိုက်သွေးတွေဘယ်ရောက်သွားပြီ
မသိပါ။ ကြောက်စိတ်ကြောင့် မေးခိုက်
ခိုက်တုန်နေ၏။ စကားပြောသံပင် မပီ
သတော့။

"ငါတို့ဆင်းပြေးရင် တစ်စစီဖြစ်
သွားလိမ့်မယ်။ ငါတို့အနံ့ရလို့ သတ္တဝါ
ကြီးတွေ ဝိုင်းလာတာ။ သူတို့ငါတို့ကိုစား
မလို့လုပ်ရင်း မြွေကြီးနဲ့တွေ့ပြီး ကိုက်ကြ
လိမ့်မယ်။ မင်းစောင့်ကြည့်နေ"

မကြာလိုက်ပါချေ။ မြွေကြီးက
ကြီးမားလှသော ပါးပြင်းကြီးထောင်ပြီး
အစွယ်အငွေ့သားဖြင့် ကင်းခြေများကြီး
တစ်ကောင်အား လှမ်းပေါက်လိုက်
သည်။ ကျန်သုံးကောင်က မြွေကြီးအား
ဝင်၍ခဲ၏။ ငန်းမြွေကြီးတစ်ကောင်နှင့်
ကင်းခြေများလေးကောင်၏ တိုက်ပွဲ
ကြောင့် မဟာမြိုင်တောကြီးသည် ကမ္ဘာ
ပျက်မတတ် ဆူညံနေပါသည်။

မြွေကြီး၏ ရစ်ပတ်လိမ်ချိုးမှု
ကြောင့် ကင်းခြေများကြီးများ၏ ခြေ
ထောက်တွေ အပိုင်းပိုင်းပြတ်ကုန်သလို
ကင်းခြေများကြီးတွေကလည်း မြွေကြီး
၏ခန္ဓာကိုယ်အား မလွတ်တမ်းခဲထားကြ
သဖြင့် တောမြေပြင်ရှိ ချုံပင်ငယ်များ၌
သွေးတို့သည် မြင်မကောင်း။

တစ်နာရီခန့်ကြာသောအခါ တွန့်
လိမ်နေသောမြွေကြီးမှာ တဖြည်းဖြည်း
ငြိမ်သက်သွားသလို အပိုင်းပိုင်းအတစ်
တစ်ဖြင့် ကင်းခြေများကြီးမှာလည်း
အသက်မရှိကြတော့။ ထိုညက ကိုတင်
နှင့် အောင်သန်းတို့နှစ်ယောက် သစ်ပင်
ထက်၌အိပ်၍မရတော့ပါ။ ကြောက်စိတ်
က ငယ်ထိပ်ရောက်နေပြီ ဖြစ်ပါသည်။

သူတို့ မောက္ခတော်ချောင်းအား
ဖြတ်ကူးပြီး ခရီးပြင်းနှင်လာရာ စည်
ပလုတ်တုတ်ချောင်းနား ရောက်လာ၏။
မဟာမြိုင်တောကြီး၏ မြောက်ပိုင်းသည်



မိုးရိပ်တို့ညို့၍ မည်းမှောင်နေသည်။
စည်ပလုတ်တုတ်ချောင်းကား ဒေါမာန်
ကြီးလာပြီ ဖြစ်၏။ တောင်ကျရေက
တဟဲဟဲစီးဆင်းရင်း ဘယ်လိုမှဖြတ်ကူး
၍ မဖြစ်တော့။ ဤချောင်းအားဖြတ်ကူး
ပြီး ညတွင်းချင်း ခရီးနှင်လျှင် နံနက်
စောစော ဆင်အိုင်မရွာသို့ရောက်သည်။
ဆင်အိုင်မ၌ အောင်ဖေရှိသည် မဟုတ်
လား။

ကိုတင်သည် စည်ပလုတ်တုတ်
ချောင်းကမ်းနဖူး၌ရပ်၍ အဝေးသို့မျှော်
ကြည့်လိုက်သည်။ နေသည် အနောက်
ယွန်းယွန်းသို့ရောက်ရှိနေချေပြီ။ အလင်း
ရောင်ရှိတုန်း အမြန်ဖြတ်ကူးမှ ဖြစ်တော့
မည်။

ထို့ကြောင့် -

"xxxx"

"ကိုတင်ဘာဖြစ်လို့ညစ်ညစ်ပတ်
ပတ်တွေ ဆဲနေရတာလဲဗျာ။ ခင်ဗျားက
လည်း အရေးထဲမှတစ်မျိုး"

ကိုတင်က မင်းမသိပါဘူးကွာဟု
ပြောပြီး ထပ်ဆဲပြန်၏။ အောင်သန်း
ဘာကိုမှ နားမလည်တော့။ ကိုတင်တစ်
ယောက် အားရအောင်ဆဲပြီး မော်သွား
သဖြင့် ခဏငြိမ်သွား၏။ ပြီးတော့ ပြန်ဆဲ
ပြန်သည်။ ပြီးတော့ တဟဲဟဲစီးဆင်းနေ
သော ချောင်းရေအား ငုံ့ကြည့်၏။ စည်
ပလုတ်တုတ်ချောင်းသည် ဝုန်းဒိုင်းကြဲစွာ
မာန်ဖီပြီး စီးဆင်းနေရာမှ ရုတ်တရက်
ငြိမ်သက်သွားသည်။

"လာ အောင်သန်း၊ ငါတို့ ချောင်း
ကိုဖြတ်ကူးကြမယ်"

"ကိုတင် ဘာလဲဗျ၊ ကျုပ်ကိုရှင်းပြ
ပါဦး"

"ဒီချောင်းက နာမည်ကြီးကွ။ လူ
ကူးခါနီးဆိုရင် ဒီလိုပဲကြမ်းတတ်တယ်။
သူ့ထက်ပြန်ကြမ်းပြီးဆဲပြမှငြိမ်တာ။ ဆဲ
ရင်ကြိုက်တယ်။ ဘုရားစာသွားရွတ်နေ
ရင် ပိုတောင်ဆိုးလာလိမ့်မယ်။ ဘုရား၊
တရားမယုံတဲ့ မကောင်းဆိုးဝါးတွေကြီး
စိုးတဲ့နေရာပေါ့ကွာ"

အောင်သန်းတစ်ယောက် ပေါင်
လယ်အနက်ခန့်ရေပြင်မှာ အမြန်ဆုံး
တစ်ဖက်ရောက်အောင် ဖြတ်ကူးသည်။
တစ်ဖက်ကမ်းရောက်၍ နောက်လှည့်
ကြည့်လိုက်တော့ -

ကိုတင်သည် ရေအောက်မှ ငုတ်
စူးသဖြင့် သွေးသံရဲရဲဖြင့် တအားအား
အော်နေသည်။

ထိုစဉ် ချောင်းရေသည် ရုတ်တ
ရက်မြင့်တက်လာပြီး တဟဲဟဲအသံပေး



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရေပြင်သည် လှိုင်းဂယက်တို့ဖြင့် ရုန်းကန်ထကြွနေ၏။ ချောင်းအထက်ဘက်မှ ရေလုံးကြီးများ တဝုန်းဝုန်းဖြင့် ရိုက်ခတ်လာနေသည်ကို တွေ့ရ၏။ ကိုတင်က သူ့အားလက်ပြပြီး အကူအညီတောင်းသည်။ အောင်သန်း ရေထဲဆင်း၍ မရတော့ပါ။ စည်ပလုတ်တုတ်ချောင်းရေသည် ဘီလူးသရဲစီးသကဲ့သို့ မြည်ဟည်းရင်း ကိုတင့်အား ဆွဲချသွားပါတော့သည်။

"အောင်မလေးဗျ၊ ကယ်ကြပါဦးဗျို့"

ကိုတင်၏အော်သံကား မဟာမြိုင်တောကြီး၌ ပဲ့တင်သံထပ်ရင်း ကျန်ရစ်ခဲ့တော့သည်။ လူမိုက်တစ်ယောက် သွားလေပြီတည်း။ အောင်သန်းနောက်လှည့်မကြည့်ရဲတော့ဘဲ တောထဲဖြတ်ပြေးရင်း ဆင်အိုင်မရွာဘက်သို့ မှန်းဆထွက်လာခဲ့ရပါတော့သည်။

❒

"ကိုအောင်သန်း၊ ဟေ့-ကိုအောင်သန်း"

ခပ်သုတ်သုတ်သွားနေရင်း အင်တောထဲမှ သူ့အားခေါ်လိုက်သံကြောင့် ကြောင်စီစီဖြစ်သွား၏။ လူသူမနီးတောထဲမှာ သူ့ကို ဘယ်သူကသိနေသည်လဲ မသိ။ လှည့်ကြည့်လိုက်တော့ အဝတ်အစားစုတ်စုတ်ပြတ်ပြတ်ဖြင့် အောင်ဖေဖြစ်နေ၏။

"ဟာ - အောင်ဖေ၊ မင်းဘယ်လိုဖြစ်လာတာလဲ။ ဘယ်လိုလုပ် တောထဲရောက်နေတာလဲ"

"ချင်းတွင်းမြစ်ကမ်းနဖူး ကိုင်းရွာရဲကင်းကရဲတွေ ဆင်အိုင်မရွာထဲဝင်မွှေလို့ ကျုပ်ထွက်ပြေးလာတာ။ ကျုပ်တို့ ဓားပြမှုက နယ်ရဲကင်းတွေကို သတင်းပြန့်နေပြီ။ ကျုပ်တို့ထွက်ပေါက်မရှိတော့ဘူး။ ဒါကြောင့် ကျုပ်မဟာမြိုင်တောထဲ ဖြတ်ပြေးပြီး ခင်ဗျားတို့ရှိရာလာမလို့"

"အေး- ငါတို့လည်း မင်းရှိရာ ဆင်အိုင်မကိုလာရင်း လမ်းမှာ ကိုတင်တစ်ယောက် စည်ပလုတ်တုတ်ချောင်းထဲ မျောပါသွားပြီး သေသလား၊ ရှင်သလားတောင် မသိပါဘူးကွာ"

"ဒါဆိုရင် ဒီလိုလုပ်မယ်။ ငါတို့ စိုင်ပြင်ဘက်ပြန်လှည့်ပြီး ရုပ်ဖျက်ပြီး မန္တလေးကိုဆင်းမယ်။ နယ်စပ်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ သွားရင်ကောင်းမယ်"

"အေး-အဲဒါကောင်းတယ်။ လာဗျာ၊ မြန်မြန်သွားရအောင်။ ဒီတောထဲက အမြန်ဆုံးထွက်နိုင်ရင် ကောင်းမယ်"

သူတို့နှစ်ယောက် စည်ပလုတ်တုတ်ချောင်းနား ပြန်ရောက်တော့ ချောင်းရေသည် အပြစ်ကင်းစင်သည့်အလား ငြိမ်သက်နေ၏။ ရေသည် ဒူးဆစ်သာသာခန့်သာရှိသည်။ ဟိုသည်မျှော်ကြည့်ရင်း ကိုတင့်အလောင်းအားတွေ့လိုတွေ့ငြား ရှာကြည့်၏။ မတွေ့ပါ။ ကိုတင့်တစ်ယောက် ဘယ်သောင်လမ်းအထိ မျောပါသွားသည် မသိတော့။

သစ်တိုက်လမ်းအတိုင်း ခပ်သွက်သွက်လေးလျှောက်နေကြ၏။ ဗိုက်ဆာလာသဖြင့် တွေ့သမျှတောသရက်သီး၊ တောငှက်ပျောသီးများ စားနေကြရ၏။

"ကိုအောင်သန်း၊ ခဏရပ်ဦး။ ရှေ့မှာဘာသံတွေလဲ မသိဘူး"

နားစွင့်ကြည့်လိုက်တော့-

"ဂျွတ်. . ကျွတ်. . ဖြောင်း. . . ကျွတ်"

"ဟာ - ဘာကောင်ကြီးတွေလဲ"

"ကိုအောင်သန်း၊ ပြေး. . ပြေး. . လွတ်အောင်ပြေးတော့။ အဲဒါ ကင်းပုစွန်ကြီးတွေပဲ"

စကောဝိုင်းကြီးတစ်ချပ်စာမျှ ရှိသော ကင်းပုစွန်ကြီးများသည် ကြီးမားသောလက်မကြီးများဖြင့် သမင်နှစ်ကောင်အား ချိုးဖဲ့စားသောက်နေကြသည်။ သူတို့နှစ်ယောက် တောတိုးပြီးထွက်ပြေးသံကြောင့် ကင်းပုစွန်ကြီးများက ခေါင်းထောင်၍ကြည့်သည်။ ထို့နောက် ကုန်ခါနီးနေပြီဖြစ်သော သမင်နှစ်ကောင်အရိုးများအားထား၍ သူတို့နှစ်ယောက်နောက်သို့ ခြေတံရှည်ကြီးများဖြင့် လိုက်ကြပါတော့သည်။

ရှုပ်ထွေးလာသော တောသရက်ပင်၊ တည်ပင်၊ ထိမ်ပင်၊ အင်ပင်များနှင့် စီရိုးနွယ်ပင်များအကြား အသက်လုပြေးရသည်မှာ တကယ်တော့ မလွယ်လှပါ။ သန်စွမ်းသော အောင်သန်းက ရှေ့မှဦးဆောင်ပြီး ခြေဦးတည့်ရာပြေးနေ၏။ အောင်ဖေကား စီရိုးနွယ်ပင်များနှင့်ငြိပြီး ခပ်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့၏။ ကင်းပုစွန်ကြီးများမှာ လက်မကြီးနှစ်ချောင်းထောင်၍ အုပ်လိုက်ဖွဲ့ပြီး အောင်ဖေရှိရာသို့ ဦးတည်သွားတော့သည်။ လျှင်မြန်လှပါသည်ဆိုသောသမင်၊ ဒရယ်များပင် ဒီကောင်ကြီးများနှင့်တွေ့လျှင် လွတ်လမ်းမရှိပါ။ အောင်ဖေသည် ငယ်သံပါအောင် အော်ဟစ်နေ၏။ အောင်သန်းလှည့်မကြည့်အားတော့။ အသက်လွတ်အောင် ပြေးရမည်ဖြစ်ပါသည်။ ခပ်ဝေးဝေးရောက်၍ လှည့်ကြည့်လိုက်...
အောင်ဖေအား ကင်းပုစွန်ကြီး...
လက်မကြီးများဖြင့် ဆွဲဖဲ့နေသည်...
တွေ့လိုက်ရပါတော့သည်။

❒

ဓားပြတိုက်၊ လူသတ်၊ အဓမ္မ...
သူ တရားခံပြေးထဲမှာ ခေါင်း...
အောင်သန်းတစ်ယောက်သာကျန်...
သည်။ အဝတ်စားစုတ်စုတ်ပြတ်...
လူကချည့်နဲ့နေပြီးလူရုပ်ပင်မပေါ်...
အောင်သန်းတစ်ယောက် နေဝင်...
အချိန်လောက်တွင် ဘုတလင်-...
ကားလမ်းအနီး ပဲပြစ်တောချောင်း...
နားရောက်လာပါသည်။

တစ်ခြမ်းပဲ့လအရိပ်က ယာ...
ဆူးရိုး၊ ထန်းပင်ညို့ညို့၊ ထနောင်း...
များကြားမှ မြေပြင်သို့ ဖျော့တော့...
ဖြာကျနေ၏။ ပဲပြစ်တောချောင်း...
ဝင်သော ရိုးခြောက်အတွင်း နဘူး...
မှ တောခွေးတို့က တဝူးဝူးအသံ...
အူနေကြသည်။ ညဉ့်ငှက်များက ...
ဂစ်အသံပေးရင်း သူတို့အစာ...
ချောင်းနေကြလေသည်။

ယခုတော့ အောင်သန်း...
ယောက် နောင်တရခဲ့ပြီ။ မိခင်နှင့်...
အား တွေ့ချင်လာကာ အမေ့ရင်ခွင်...
ပြေးဝင်၍ ငိုလိုက်ချင်မိသည်။ နော...
သာအရင်ရခဲ့လျှင် ဤကဲ့သို့သော ...
ဆိုးများအား တွေ့ခဲ့ရမည်မဟုတ်...
အဖော်တွေလည်း အသေဆိုးနှင့် ...
ရ၏။ သူတစ်ယောက်သာ ကံ...
လွတ်လာခြင်းဖြစ်သည်ဟု ထင်မိ...

ချောင်းကြီးမှ အရှေ့မြောက်...
သို့မှန်း၍ လျှောက်လာခဲ့သည်။ ...
ခပ်လှမ်းလှမ်းမှ ဝါးခမောက်ကြီး...
ထားသော လူတစ်ယောက် ခပ်...
သုတ်သွားနေသည်ကို တွေ့ရသည်။ ...
ရွာနီးနားကဖြစ်မည် ထင်သည်။ ...
ဖြစ်ဖြစ် မှန်းဆ၍သွား၍နေရသည်...
လမ်းသိသူနောက်က မထင်မရှား...
လျှင် ရွာသို့အချိန်တိုအတွင်း ရောက်...
သည်။

ယာခင်းရိုးလမ်းလေးအတိုင်း...
လူကြီးသည် ငိုက်စိုက်ငိုက်စိုက်သွား...
၏။ အောင်သန်းသည်လည်း ထို...
အား မျက်ခြည်မပြတ်စေရန် သတိ...
၍ ခပ်သွက်သွက်လျှောက်နေရ...
အရှေ့တောင်ယွန်းယွန်းမှ အုတ်ဖို...
ကြီးသည် လရောင်အောက်၌ထီး...
တည်ရှိနေသည်။ တောင်ထိပ်...



www.burmeseclassic.com

www.burmeseclassic.com

ပွဖော်ထားသော လျှပ်စစ်မီးအလင်းရောင်က မှုန်ပျပျမြင်နေရသည်။

ရှေ့၌ သခွတ်ပင်ကြီးအား တွေ့လိုက်ရသည်။ လှည်းလမ်းကြောင်းသည် နှစ်မြွာခွဲထွက်သွားသည်။ ရွာသားတွေက သခွပ်ပင်လမ်းဆုံဟု ခေါ်ကြသည်။ အရှေ့စူးစူးသို့သွားသော လမ်းသည် ကျောက်မဲတော သက်ကယ်ခြံသို့ဖြစ်ပြီး အရှေ့မြောက်စူးစူးက လက်ပံခြောက် အရှေ့ရွာများဆီသို့ ဖြစ်၏။ ဒါဆိုလျှင် အောင်သန်း နေထိုင်ရာ စရစ်ကုန်းရွာသို့ ရောက်နိုင်ရန် လက်ပံရွာတွေဘက်သွားသောလမ်းအား ရွေးရမည် ဖြစ်သည်။

ရှေ့မှလူကြီးသည် လက်ပံရွာလမ်းခွဲဆီသို့ ချိုးကွေ့သွားသည်။ အောင်သန်းလည်း လမ်းကြုံနေသောကြောင့် သူ့နောက်မှပင် ခပ်ခွာခွာလိုက်ပါနေမိ၏။ ထိုလူကြီးက တစ်ချက်လေးမှနောက်သို့ လှည့်မကြည့်။ တစ်တီတူး၊ ဇီးကွက်၊ လင်ကောင်ပိုး၊ သိမ်းငှက်များက ထိုလူကြီး ခေါင်းပေါ်မှဝဲပျံရင်း တဂစ်ဂစ်အသံပေး၍ တစ်လမ်းလုံး လိုက်ပါနေကြသည်။ အောင်သန်း ထိုမြင်ကွင်းအား အထူးအဆန်းသဖွယ်ကြည့်မိသည်။ ဘာဖြစ်လို့ ဒီလူကြီးနောက် ငှက်ဆိုးတွေက ထက်ကြပ်မကွာလိုက်နေကြပါလိမ့်ဟုလည်း တွေးနေမိသည်။ အဝေးမှိန်ပျပျနှင့် သူ့ရွာလေးအား လှမ်းမြင်နေရပြီ ဖြစ်သည်။ ရွာဆီမှလွင့်ပျံ့လာသော သူငယ်အိပ်ဆိတ်ကြက်တွန်သံကိုပင် ကြားနေရ၏။ သူဆေးလိပ်သောက်ချင်လာမိသည်။ ဆေးလိပ်မသောက်ရသည်မှာ ရက်အတန်ကြာရှိခဲ့၏။ လမ်းလျှောက်နေရင်း ဆေးပေါ့လိပ်အတိုလေးများ တွေ့နိုင်မလားဟု ကြည့်မိသည်။

ရှေ့မှလူကြီးသည် သွားနေရာမှ ရုတ်တရက်ရပ်လိုက်သည်။ သူ့ကိုလှည့်မကြည့်ဘဲ တွေရပ်နေသည်ကို တွေ့ရ၏။ ဘာပဲဖြစ်ဖြစ် ထိုလူကြီးနှင့် စကားသွားပြောရင်း ဆေးလိပ်လေးပါခဲ့လျှင် တောင်းသောက်ချင်စိတ် ဖြစ်ပေါ်လာခဲ့သည်။ ထိုလူကြီးအနီးသို့ရောက်တော့-

"ဦးကြီးဘယ်ရွာကပါလဲ၊ ဆေးလိပ်လေးပါရင် တစ်လိပ်လောက်ပေးသောက်ပါလားဗျာ"

ဆေးလိပ်တောင်းရင်း ထိုလူကြီးကို သေသေချာချာကြည့်မိသည်။ တော်တော်ထူးဆန်းသည့်လူကြီး ဖြစ်သည်။ မြင့်မားသည့် အရပ်အမောင်း၊ သျှောင်ထုံးကိုလည်း ထုံးထား၏။ ပုဆိုးအား ခါးထောင်းကျိုက်ထားပြီး ပေါင်မှာထိုးကွင်းတွေကအပြည့်။ လက်နှစ်ဖက်နှင့် ကိုယ်မှာလည်း အင်းကွက်တွေ၊ ဆေးမင်ကြောင်တွေနှင့်။ ဒီခေတ်ကြီးမှာ တော်တော်ရှားပါးသည့်လူကြီး ဖြစ်သည်။

"ရော့၊ ဝအောင်သောက်"

အက်တက်တက် အသံကြီးဖြင့် ဆေးပေါ့လိပ်တစ်လိပ်ထုတ်ပေးသည်။ မီးခြစ်ပါတစ်ခါတည်းထုတ်ပေး၍ မီးညှိပြီးတဝကြီးဖွာရှိုက်လိုက်သည်။ ဆေးလိပ်ကိုဝအောင်ဖွာပြီးမှ ထိုလူကြီး၏ အသံအား ပြန်လည်ကြားယောင်ရင်း ကျောချမ်းသွားမိသည်။ ထိုလူကြီးသည် မတ်တတ်ရပ်ပြီး သူ့အား မမှိတ်မသုန် စိုက်ကြည့်နေသည်။

အောင်သန်းတစ်ယောက် ထိုလူကြီးအား ပြန်ကြည့်မိရင်း အလိုလိုကြောက်ရွံ့လာမိသည်။ ကြက်သီးဖြန်းဖြန်းထလာသလို ဆံပင်မွေးများထောင်လာသကဲ့သို့ ခံစားရ၏။

"ဆေးလိပ်သောက်လို့ဝပြီလား"

ထိုလူကြီးကမေး၏။

"ဟုတ်. . . ဟုတ်ကဲ့ ဟုတ်. . . ဝပါပြီခင်ဗျာ"

"ဝရင်လည်း ဒီနေရာမှာပဲ မင်းအပြစ်အတွက်ပေးဆပ်တော့"

"ခင်ဗျာ၊ ဘာဖြစ်လို့လဲ"

"မင်းလုပ်ခဲ့တဲ့အပြစ်တွေ မင်းသိမှာပေါ့။ ငါ့ပိုင်နက်မှာနေပြီး ငါ့ကိုခွင့်တောင်းလို့ ငါခွင့်ပြုရင် ကတိအတိုင်းတည်ရတယ်။ မင်းကတိမတည်လို့ မင်းကို မဟာမြိုင်ထဲမှာသေခွင့်မပေးနိုင်ဘူး။ ဒါကြောင့် ဒီနေရာအထိရောက်အောင် ပြန်ခေါ်တာ။ ဒီနေရာဟာ မင်းရဲ့သင်္ချိုင်းပဲ"

အောင်သန်းသည် သူတို့ရွာအနီးမှ ညောင်ပင်စောင့်ရက္ခစိုးတစ်ပိုင်း သရဲကြီးဖြစ်သူ ဓားပြကြီးဦးပြူးနှင့် ပြန်တွေ့နေပြီဖြစ်ကြောင်း သဘောပေါက်သွားပါတော့သည်။ သူလှည့်ပြေးမလို့အားယူလိုက်သည်။ သူ့ခြေလှမ်းများက သဲဆန်သောမြေကြီးထဲသို့ ကျွံဝင်သွားသည်။ စောစောက သူလှမ်းမြင်နေရသော သူ့ရွာလေးသည် ဘယ်ဆီရောက်သွားသည်မသိ။ ရုတ်တရက်ပေါ်လာသော မြင်ကွင်းက စိုင်ပြင်ကြီးတောင်ဘက် ဆပ်ပြာချောင်းရိုးအနီး နဂါးပွက်သဲကျင်းများ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ထိုနဂါးပွက်သဲကျင်းများက ခြေလှမ်းများ မျက်စိလည်သွားသော ခွေးများ၊ နွားများပင်လျှင် မြေအောက်ထဲသို့ ဆွဲခေါ်သွားတတ်သည်။ ထို့ကြောင့် ရွာနီးချုပ်စပ်မှ ရွာသားများက သဲဆပ်ပြာလို့လျှင် ခပ်ဝေးဝေးမှသာ လာရောက်၍ခြစ်ယူကြပြီး၊ ယခုခေတ် ဆပ်ပြာပေါ်လာသောအခါ ယောင်လို့ပင် အနားသို့မသီကြ။

အောင်သန်းတို့ ဓားပြတိုက်ခါနီး အဓိဋ္ဌာန်ဆုတောင်းသော ညောင်ပင်မှ ပုဂ္ဂိုလ်ကြီးသည် သူတို့အား အပြစ်ဒဏ်ခတ်လေပြီတည်း။ ကတိမတည်သော သူတို့အတွက် တစ်ယောက်ပြီးတစ်ယောက် အသေဆိုးနှင့် သေခဲ့ရသည် မဟုတ်ပါလော။

သဲကျင်းများမှ သဲတို့က အောင်သန်း၏ခန္ဓာကိုယ်အား တဖြည်းဖြည်းစုပ်မျိုနေကြပြီ ဖြစ်ပါသည်။ ကြောက်လန့်တကြား ရုန်းလိုက်သောအခါ ပို၍ပင်နစ်သွားသည်ကို ခံစားရ၏။ သဲများကလည်ပင်းအထိပင်နစ်လာနေ၏။ အောင်သန်း ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။ ညောင်ပင်စောင့်ပုဂ္ဂိုလ်ကြီးက သဲကျင်းထက်မှ ခါးထောက်၍ ဟားတိုက်ရယ်မောနေသည်။

"အား. . . အမေရေ. . . အဖေရေ၊ ကျွန်တော့်ကို ကယ်ကြပါဦးဗျာ"

အော်သံသည် တဖြည်းဖြည်းလွင့်ပျံ့၍ ပျောက်ကွယ်သွားသည်။ အောင်သန်းတစ်ကိုယ်လုံး သဲပြင်အောက်သို့ စုံးစုံးမြုပ်ပျောက်ကွယ်သွားတော့ပါတော့၏။

ဆပ်ပြာချောင်းရိုးမှ ရေအလျဉ်သည် သဲ့သဲ့လေးစီးဆင်းနေသည်။ တစ်ခြမ်းပဲ့လသည် အနောက်အရပ်သို့ တိုးဝင်ပျောက်ကွယ်သွား၏။ အဝေးရှိ အုတ်ဖိုတောင်စေတီမှ ဆည်းလည်းသံက လေအဝှေ့မှာ တိုးတိုးလေးကြားရသည်။ ရှားပင်ထက်မှ ဇီးကွက်မောင်နှံက အသံပေးနေကြသည်။ ဖျောက်ဆိပ်ပင်ကြီး၏ အကိုင်း၊ အခက်များအား လေတိုးသဖြင့် တရှဲရှဲမြည်သံများက ညကိုပို၍ချောက်ချားဖွယ်ဖြစ်အောင်ပြုနေပါသည်။ လူမဆန်သောဒုစရိုက်သမား ဓားပြများအား တရားဥပဒေမှ အပြစ်မပေးခင်မှာပင် သဘာဝတရားကြီးက ဒဏ်ခတ်လိုက်ပြီ ဖြစ်ပါတော့သည်။

မကြာခင်မှာပင် ဖားကန့်မှပြန်လာသော ကောင်အေးမိန်းမလေးက ပြောပြသည်မှာ သူ့ယောက်ျား ကောင်အေးသည် ကျောက်စိမ်းမှော်အတွင်း ကျင်းပိ၍ သေဆုံးသွားပြီဆိုသော အဖြစ်အပျက်ပင်တည်း။

သန့်ဇင်



www.burmeseclassic.com

www.burmeseclassic.com

လှမိုး(ပညာရေး)

# စာတ်မသိမ်းနိုင်သော သေရွာပြန်စာရင်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ဒုတိယအပတ်အတွင်း စိတ်ဝင်စားဖွယ်ရာ အောက်ဖော်ပြပါ ခေါင်းစဉ်ဖြင့် အင်တာနက်သတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

**ဒုတိယကမ္ဘာစစ်ကြီးအတွင်း အော်စကာရှင်ဒလား ကယ်တင်ခဲ့သော သေရွာပြန် ဂျူးလူမျိုးများ၏ အမည်စာရင်းမူရင်းအား ဒေါ်လာသုံးသန်းဖြင့် လေလံတင်**

*ပိုလန်နိုင်ငံသား ဂျာမန်-ဂျူးကပြား အော်စကာရှင်ဒလား ဖက်ဆစ်နာဇီဂျာမန်တို့လက်မှ ကယ်တင်ခဲ့သော ဂျူးလူမျိုးများ၏ မူရင်းသေရွာပြန်စာရင်းစာရွက်ကို ဒေါ်လာသုံးသန်းဖြင့် ဇူလိုင်လ ၂၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု လော့(စ်)အင်ဂျလိ(စ်)မြို့ လေလံလုပ်ငန်းတစ်ခုမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းမီဒီယာများကို ပြောကြားခဲ့သည်။*

*ယင်းသေရွာပြန်စာရင်းမှာ စာမျက်နှာ (၁၄)မျက်နှာပါဝင်ပြီး လက်နှိပ်စက်ဖြင့် ရိုက်ထားသည်။ ထိုသေရွာပြန်စာရင်း(၁၄)ရွက်တွင် ဂျူးလူမျိုး (၈၀၁) ဦး ပါဝင်သည်။ ၎င်းသေရွာပြန်စာရင်းစာရွက်၏မူလပိုင်ရှင်မှာ ဂျာမန်လူမျိုး စက်မှုလက်မှုလုပ်ငန်းရှင်နှင့် လက်ယာလုပ်ငန်းရှင် အိုက်ဇက်စတန်းဆိုသူဖြစ်သည်ဟု သိရ၏။*


*အော်စကာရှင်ဒလား၏ သေရွာပြန်စာရင်းစာရွက်များကို အစ္စရေးနိုင်ငံတွင်နေထိုင်သော မူလပိုင်ရှင်ဖြစ်သူက သေရွာပြန်စာရင်းစာရွက်များအား လွန်ခဲ့သော သုံးနှစ်ခန့်က လက်ရှိပိုင်ရှင် စတန်းအား ရောင်းချခဲ့ခြင်း ဖြစ်သည်။ လက်ရှိ ပိုင်ရှင်ဖြစ်သူကလည်း ယင်းသေရွာပြန်စာရင်းစာရွက်များကို ရင်းနှီးမြှုပ်နှံမှုတစ်ခုအဖြစ် ဝယ်ယူခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။*

*အော်စကာရှင်ဒလားသည် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက သူ၏စက်ရုံများ၌ ဂျူးလူမျိုး (၁၂၀၀) ကို အလုပ်ခန့်အပ်ပြီး ဒုတိယကမ္ဘာစစ် အပြီးတွင် ကိုယ်ယောင်ဖျောက်၍ အနောက်ဂျာမနီ (ထိုစဉ်က ဂျာမနီနိုင်ငံအား အနောက်ဂျာမနီ၊ အရှေ့ဂျာမနီဟုခွဲခြား၍ မဟာမိတ်စစ်နိုင်ငံများက အုပ်ချုပ်ခဲ့ကြ၏။) ၁၉၇၄ ခုနှစ်တွင် အနောက်ဂျာမနီနိုင်ငံ ဖရန်ဖတ်မြို့တွင် ကွယ်လွန်ခဲ့သည်ဟု ဆိုသည်။*

**အင်တာနက်**

အထက်ဖော်ပြပါ သတင်းကို ပင် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော သတင်းစာများနှင့် ရုပ်သံလွှင့် အစီအစဉ်များမှ ထုတ်လွှင့်ပေးခဲ့ပြီး အင်္ဂလန်နိုင်ငံ ဘီဘီစီရုပ်သံလွှင့်အစီအစဉ်မှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ပေးခဲ့သည်ဟု သိရ၏။

ကျွန်တော်တို့ စာဖတ်ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com

အဖို့ အော်စကာရှင်ဒလားနှင့် သူ၏ သေရွာပြန်စာရင်းအား မိတ်ဖွဲ့ပေးရန် မလိုဟု ယူဆမိပါသည်။ အဘယ်ကြောင့် ဆိုသော် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား တက္ကသိုလ်တွင် ပါမောက္ခအဖြစ် အမှုထမ်းနေသော သောမတ်ကော်နယ်လီသည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ပိုလန်နိုင်ငံသား အော်စကာရှင်ဒလားဆိုသူ ဂျာမန်-ဂျူး ကပြားစက်ရုံပိုင်ရှင်တစ်ဦး၏ ဖြစ်ရပ်မှန် အတ္ထုပ္ပတ္တိအား (Schindeler's List) 'ရှင်ဒလား၏သေရွာပြန်စာရင်း' အမည် ဖြင့် စာအုပ်တစ်အုပ်ရေးသားထုတ်ဝေ ခဲ့ရာ အရောင်းရအသွက်ဆုံး စာအုပ် တစ်အုပ်ဖြစ်ခဲ့သည်သာမက ကမ္ဘာ့နိုင်ငံ အသီးသီးသို့ ထူးထူးခြားခြား ဂယက် ရိုက်ခတ်ခဲ့သည်။ (ထိုစာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး လင်းယုန်မောင်မောင်က 'သေရွာပြန်စာရင်း' အမည်ဖြင့် လုံးစေ့ပတ်စေ့ မြန်မာဘာသာ ပြန်ဆိုထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ထိုဝတ္ထုကိုပင် ကျွန်တော်တို့ ရုပ်ရှင်ကြည့်ပရိသတ်၏ အသည်းစွဲ ရုပ်ရှင်ဒါရိုက်တာကြီးဖြစ်သော စတီဖင်းစပီး(လ်)ဘတ်(ဂ်)က ရုပ်ရှင်အဖြစ် ရိုက်ကူးပြသခဲ့ရာ အော်စကာဆု ခုနစ်ဆု ရရှိခဲ့သော ရုပ်ရှင်ကားကြီးတစ်ကားဖြစ် ခဲ့သည်သာမက နိုင်ငံတကာမှ ရုပ်ရှင် ဝါသနာအိုးများက အားပေးခဲ့ကြရာ သောက်သောက်လဲ ဝင်ငွေရရှိသည့် ရုပ်ရှင်ကားကြီးဖြစ်ခဲ့သည်။ ယင်းရုပ်ရှင် ကားဗီဒီယိုအခွေများကိုလည်း ကျွန် တော်တို့ပရိသတ်ကြီးအဖို့ ကြည့်ရှုပြီး ဖြစ်ပါသည်။

မှန်ပါသည်။ ရှင်ဒလား၏ သေရွာ ပြန်စာရင်းစာအုပ်မှာ ဇာတ်လမ်းအား ဖြင့် ရိုးသားလှပါသည်။ ထူးထွေဆန်း များသောဖြစ်ရပ်များ ပါဝင်ခြင်းမရှိခဲ့။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည့် အချိန်ကပင် နာဇီဂျာမန်တို့၏ စကြာ တံဆိပ်အလံတော်ကြီးမှာ ပိုလန်နိုင်ငံ မြို့ရွာအများတွင် တလူလူလွင့်လျက်ရှိ သည်။ ထိုအချိန်တွင် ပိုလန်နိုင်ငံ ကရာ ကောင်းမြို့တွင် နှစ်ပေါင်းများစွာ ကြောင့်ကြကင်းစွာ နေထိုင်ခဲ့သော ဂျာမန်-ဂျူးကပြား အော်စကာရှင်ဒလား ဆိုသူသည် အိုးခွက်ပန်းကန်ပြားစက်ရုံ တည်ထောင်ထားပြီး ထိုပစ္စည်းများကို နာဇီဂျာမန်တပ်မတော်အား ရောင်းချခဲ့ ရာမှ ငွေကြေးသာမက ဩဇာအရှိန်အ ဝါ အတော်အသင့်ရရှိလာခဲ့၏။ ပိုလန် နိုင်ငံရှိ စစ်ဘက်နယ်ဘက်မှ ထိပ်သီး နာဇီဂျာမန်အရာရှိများနှင့် ခင်မင်ရင်းနှီး လာသည်။အော်စကာရှင်ဒလားမှာ နာဇီ စစ်ဘက်မှ အရာရှိကြီးအချို့အား တံစိုး လက်ဆောင်ပေး၍ သူ့ဩဇာထူထောင် ထောင်နိုင်ခဲ့သည်။

ထိုစဉ်က ဂျာမန်တပ်မတော်သည် ဂျူးအမျိုးသားဆန့်ကျင်ရေးကို ကျင့်သုံး လာသည့်အချိန် ဖြစ်၏။ ထိုစဉ်က နာဇီ ဂျာမန်တို့မှာ ဒုတိယကမ္ဘာစစ်ကြီးကို အောင်ပွဲခံရန် သေချာသလောက်ဖြစ် နေသည်။ ဥရောပတိုက်နိုင်ငံအသီးသီး ရှိ မြို့တော်များတွင် နာဇီတို့၏ စကြာ တံဆိပ်ပါ အလံတော်များမှာ တလူလူ လွင့်လျက်ရှိပြီး အစဉ်အလာကြီးမားခဲ့



သော အင်္ဂလန်နိုင်ငံသည် ဥရောပတိုက် မှ အောင်မြင်စွာ ဆုတ်ခွာခဲ့ရပြီး တစ်ကောင်ကြွက်နိုင်ငံတစ်နိုင်ငံဖြစ်လာ ခဲ့ရသည်သာမက အချိန်မကြာမြင့်မီ နာဇီဂျာမန်တို့ထံ လက်နက်ချ အရှုံးပေး ရတော့မည့်အခြေအနေ ဖြစ်နေသည်။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက် နေ့တွင် နာဇီဂျာမနီနိုင်ငံသည် အမေရိကန်ပြည်ထောင်စုအား စစ်ကြေညာ ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီးအား မီးကုန် ယမ်းကုန်ဆင်နွှဲတော့၏။ ထိုစဉ်က နာဇီ အထူးထောက်လှမ်းရေးအဖွဲ့ (အက်စ်အက်စ်) ထိပ်သီးဦးစီးချုပ်ဖြစ်သူ ဟင်းမလား၏ တာဝန်မှာ ဂျူးလူမျိုးများအား လုံးကို မျိုးဆက်တုံးစေရန် သုတ်သင်ရ မည် ဖြစ်သည်။ ဤသို့ မျိုးဆက်တုံးသုတ် သင်မှုတွင် အများပြည်သူများမျက်ကွယ် ၌သာ ပြုလုပ်ရမည် ဖြစ်သည်။ သို့ဖြစ်၍ နာဇီတို့သည် ဂျူးလူမျိုးများသုတ်သင် ရေးစစ်ဆင်ရေးကို နာမည်အသစ်အ ဆန်းပေး၍ ပြုလုပ်ခဲ့သည်။ မည်သို့ပင် နာမည်အသစ်အဆန်းများပေးခဲ့စေကာ မူ နာဇီတို့၏ အဓိကရည်ရွယ်ချက်မှာ ဂျူးလူမျိုးနွယ်များ ဥရောပတိုက်မှ ပျောက်ကွယ်သွားရေးသာ ဖြစ်၏။ သို့ဖြစ်၍ ဂျူးလူမျိုးများကို အစုလိုက် အပြုံလိုက်သတ်ဖြတ်ရန် စီမံခဲ့ကြသည်။ ပထမတွင် ဂျူးလူမျိုးများအား စနစ် တကျ နေရာချထားမည်ဖြစ်၍ ဂျာမနီ နိုင်ငံ အပါအဝင် ဥရောပနိုင်ငံများမှ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထွက် ခွာသွားစေသည်။ ဤသို့ ထွက်ခွာသွား ခြင်းမရှိသူများကို စနစ်တကျ ကျန်းမာရေးပြုစုပေးရန် သင့်လျော်သောနေ ရာများ၌ နေရာချထားပေးမည်ဟုဆိုကာ ဂျူးလူမျိုးများအား အက်စ်အက်စ်တပ် များကြီးကြပ်သည့်နေရာများတွင် စခန်း သွင်းထားကြသည်။

ထိုစခန်းများအား ပြုပြင်ရေးစခန်း များ၊ ချွေးတပ်စခန်းများဟု နာမည်ပေး ထားစေကာမူ ထိုစခန်းများမှာ ဂျူးလူမျိုး များအား နည်းမျိုးစုံဖြင့် ရက်ရက်စက် စက် လူသားမဆန် နှိပ်စက်ညှဉ်းပန်း၍ သတ်ဖြတ်သည့် ငရဲခန်းများသာ ဖြစ် သည်။ ဤသို့ အစုလိုက်အပြုံလိုက်သတ် ဖြတ်သည်ကိုပင် စနစ်တကျ သဘာဝ ကျကျ လူဦးရေလျှော့ပေါ့ခြင်း (Natural Dimination) ဟု သတင်းမီဒီယာများ အား သတင်းထုတ်ပြန်ခဲ့၏။

အမှန်အားဖြင့် ထိုစခန်းများတွင် ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက် ဓာတ်ငွေ့ပေး၍ ရက်ရက်စက်စက်သတ် ဖြတ်ခဲ့ကြသည်။ ထိုငရဲခန်းများအနက် ပိုလန်နိုင်ငံ ဩဇဝစ်မြို့၌ တည်ရှိသော ဩဇဝစ်လောကငရဲခန်းမှာ နာမည်ဆိုးဖြင့် ဟိုးဟိုးကျော်ခဲ့သည်။ နာဇီတို့ ထိုစဉ်က ကြွေးကြော်ခဲ့သော တတိယဂျာမနီ နိုင်ငံတော်ခေတ် (နှစ်ပေါင်းတစ်ထောင် တည်တံ့စေမည်ဟု ကြွေးကြော်ခဲ့သော်လည်း တစ်ဆယ့်နှစ်နှစ်သာ ကြာမြင့်ခဲ့ပါ သည်။) တစ်ခေတ်လုံးတွင် ထိုငရဲခန်း မှာ လူလူချင်း ရက်စက်သည့်နေရာတွင် ဟိုးဟိုးကျော်၍ စံတင်ထားခံရသောငရဲ ခန်းဖြစ်သည်။ ထိုစခန်းမှ အသက်မသေ လွတ်မြောက်လာသူတို့၏ ပြောပြချက် အရဆိုရလျှင် စိတ်မချမ်းမြေ့ဖွယ်ရာဖြစ် ခဲ့သည်။ ယင်းစခန်းအပါအဝင် အခြား စခန်းများတွင်လည်း ဂျူးလူမျိုးများအား



www.burmeseclassic.com

www.burmeseclassic.com

ရာထောင်ချီ၍သတ်ခဲ့ရာ ဒုတိယကမ္ဘာစစ်ပြီးမှတ်တမ်းများအရ ထိုစဉ်က ဂျူးလူမျိုးပေါင်း (၁၁) သန်း အသတ်ခံခဲ့ရသည်ဟု ဆိုသည်။ ထိုစခန်းများတွင် ဂျူးလူမျိုးများသာမက နာဇီတို့အား ဆန့်ကျင်ကြသော အပြစ်မဲ့ပြည်သူများ၊ စစ်သုံ့ပန်းများကိုလည်း ထိုစခန်းများတွင် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ကြသည်။

ဤသို့ နာဇီဂျာမန်တို့ လျှမ်းလျှမ်းတောက် အရှိန်အဝါကြီးနေစဉ် အော်စကာရှင်ဒလားမှာ ပိုလန်နိုင်ငံ ကရာကောင်းမြို့မှ မီးဖိုချောင်သုံး ဒန်အိုးဒန်ခွက်များ၊ ပန်းကန်ပြားများ ထုတ်လုပ်သော စက်ရုံပိုင်ရှင်တစ်ဦးဖြစ်ပြီး များစွာနှစ်လိုဖွယ်ကောင်းသူတစ်ယောက် ဖြစ်သည်။ သူ၏ သွင်ပြင်လက္ခဏာမှာ ဆန့်ကျင်ဘက်များ ပေါင်းစပ်နေသည်ဟုဆိုရမည်ဖြစ်ပါသည်။ အချို့ကမူ ရှင်ဒလားသည် ခပ်ပွေပွေနေတတ်သူ၊ အရက်ကို စွဲစွဲမြဲမြဲသောက်တတ်သူတစ်ယောက်ဖြစ်သော်လည်း ပေါင်မုန့်ကို မည်သည့်ဘက်က ထောပတ်သုတ်ရမည်ကိုသိသူဖြစ်၍ နာမည်ကျော် လူသတ်သမား နာဇီစစ်ဗိုလ်များကို သူတို့အကြိုက် တံစိုးလက်ဆောင်ပေး၍ အိတ်ထဲထည့်နိုင်သူဟု ဆိုကြသည်။

အမျိုးသမီးများနှင့် ခပ်ရှုပ်ရှုပ်ထွေးထွေးနေသူတစ်ယောက် ဖြစ်သော်လည်း သူ့ဇနီးဖြစ်သူကိုမူ သားမှတ်မှတ်မယားမှတ်မှတ်ပေါင်းသင်းသူ ဖြစ်လေသည်။ သို့သော် သူ၏ မီးဖိုချောင်သုံး အိုးခွက်ပစ္စည်းထုတ်လုပ်သည့်စက်ရုံ တည်ရှိသော ကရာကောင်းမြို့သို့ သူ့ဇနီးအား ခေါ်ယူလာခဲ့ခြင်းမရှိဘဲ လှပချောမောသော ဂျူးအမျိုးသမီးလေးတစ်ယောက်အား ကိုယ်ရေးအတွင်းရေးမှူးအဖြစ်ခန့်ထား၍ ထိုအမျိုးသမီးလေးနှင့်အတူနေထိုင်ခဲ့၏။

ထိုစဉ်ကာလက ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း နာဇီဂတ်စတာပိုများသည် ဂျူးဆန့်ကျင်ရေးနှင့်ဂျူးလူမျိုးများမျိုးတုံးပျောက်ကွယ်ရေးကို ပြုလုပ်လာခဲ့ကြသည်။ နာမည်ဆိုးဖြင့်ကျော်ကြားသော ချွေးတပ်စခန်းများ 'ဂတ်တို'ခေါ် ဂျူးလူမျိုးများသာနေထိုင်ရသည့်ရပ်ကွက်များ ပိုလန်နိုင်ငံတွင် မှိုလိုပေါက်လာသည်။ ထိုလောကငရဲခေါ် ချွေးတပ်စခန်းများနှင့် 'ဂတ်တို' ခေါ် ဂျူးလူမျိုးရပ်ကွက်များတွင် ရက်ရက်စက်စက် လူသားမဆန်စွာ နှိပ်စက်ညှဉ်းပန်း၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့သည်ကို မျက်ဝါးထင်ထင် တွေ့ရသော အော်စကာရှင်ဒလားသည် အထက်ဖော်ပြပါ ချွေးတပ်ငရဲခန်းများနှင့် 'ဂတ်တို'သို့ ပို့ဆောင်မည့် ဂျူးလူမျိုးများအား ကယ်ဆယ်ရန် စီမံလာခဲ့သည်။

သို့ဖြစ်၍ အော်စကာရှင်ဒလားသည် ဂျူးလူမျိုးများအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ရန်နှင့် ချွေးတပ်ငရဲခန်းများသို့ ပို့ဆောင်ရေးတာဝန်ယူရသော နာဇီဂျာမန်စစ်ဗိုလ်များနှင့် ခင်မင်ရင်းနှီးအောင်နေသည်။ နာဇီဂျာမန်ဂတ်စတာပိုစစ်ဗိုလ်များအကြိုက် တံစိုးလက်ဆောင်တွေပေးသည်။ သူ့အိမ်သို့ နာဇီဂျာမန်




စစ်ဗိုလ်များအား မကြာခဏဖိတ်ကြား၍ ပါတီပွဲများ ကျင်းပသည်။ နာဇီစစ်ဗိုလ်များအကြိုက် စီစဉ်ပေးခဲ့ရာ အများအမြင်တွင်မူ အော်စကာရှင်ဒလားအား နာဇီဂျာမန်အလိုတော်ရိဟုမြင်ကြသည်။ ဂျာမန်တို့ကမူ အော်စကာရှင်ဒလားသည် တတိယဂျာမနီနိုင်ငံတော်ကြီးစစ်အောင်နိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးနေသူဟု ယူဆထား၏။

သို့ဖြစ်၍ နာဇီဂျာမန်ဂတ်စတာပိုအရာရှိများသည် ရှင်ဒလား လိုအပ်သည်များကို အားတက်သရော ဆောင်ရွက်ပေးကြသည်။ အော်စကာရှင်ဒလားကလည်း သူ့စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ရန် အလုပ်သမားများ အမြောက်အမြားလိုသည်ဟု ဆိုကာ ချွေးတပ်စခန်းများမှ ဂျူးလူမျိုး အကျဉ်းသားများကို ပြောင်းရွှေ့ခန့်ထားပေးရန် ကြိုးစားခဲ့ရာ အထိုက်အလျောက် အောင်မြင်ခဲ့သည်။ ဤသို့အောင်မြင်ရန် နာဇီဂျာမန်စစ်ဗိုလ်များနှင့် ဆက်ဆံပေါင်းသင်းရသည်မှာလည်း အော်စကာရှင်ဒလားအဖို့ သည်းထိတ်ရင်ဖိုဖွယ်ရာ၊ တုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်သည်။ သူကယ်တင်ခဲ့ရသည့် ဂျူးလူမျိုးများကမူ အော်စကာရှင်ဒလားမှာ တကယ့်ကယ်တင်ရှင် ဖြစ်သည်။ သူကယ်တင်ခဲ့ရသောစာရင်းတွင် ပါဝင်ခဲ့သူများမှာ သေရွာပြန်များသာဖြစ်သဖြင့် သူရေးမှတ်ထားခဲ့သည့်စာရင်းကို 'သေရွာပြန်စာရင်း' ဟု ပြည်သူအများက တင်ပွန်းတပ်ခဲ့ကြသည်။

ဤတွင် အော်စကာရှင်ဒလား၏ ဘဝဇာတ်ကြောင်းသည် နိဂုံးမချုပ်ခဲ့ပါ။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ရှင်ဒလားသည် တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံသို့ တိမ်းရှောင်ခဲ့ရာတွင်ပင် ဂျူးလူမျိုးအချို့ကို ခေါ်ဆောင်သွားခဲ့၏။ ထို့နောက် ဂျာမနီနိုင်ငံ ဖရန်ဖတ်မြို့သို့ ပြန်လာ၍ ခပ်အေးအေးနေထိုင်ခဲ့သည်။

ဂျူးအမျိုးသားအဖွဲ့ချုပ်ကလည်း အော်စကာရှင်ဒလားအား ဂုဏ်ပြုရန် စီစဉ်ဆောင်ရွက်သောအခါ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှ အသက်မသေကျန်ရစ်ခဲ့ကြသော သေရွာပြန်ဂျူးအမျိုးသားများက ရှင်ဒလားအား ထောက်ခံကြောင်း စာများ ပေးပို့ခဲ့ကြ၏။

မှန်ပါသည်။ ငရဲခန်းချွေးတပ်စခန်း ဂျူးလူမျိုးချွေးတပ်သား (၁၂၀၀) တို့အား သေတွင်းမှနေ၍ ကယ်ဆယ်နိုင်ခဲ့သော အော်စကာရှင်ဒလား၏ လုပ်ရပ်မှာ ထူးထူးခြားခြား ရင်သိမ့်တုန်စရာကောင်းသည့်လုပ်ရပ် ဖြစ်ပါသည်။ အော်စကာရှင်ဒလားသည် နိုင်ငံတကာစစ်ခုံရုံးတွင် နာဇီဂျာမန်စစ်တရားခံများအား တရားဥပဒေအတိုင်း အရေးယူနိုင်ရေးတွင် အစွမ်းကုန် ကူညီခဲ့၏။

၁၉၇၄ ခု၊ အောက်တိုဘာလတွင် ရှင်ဒလားသည် ရုတ်တရက် လေဖြတ်ခဲ့ရာ အောက်တိုဘာလ ၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။ သူ့ဆန္ဒအတိုင်း သူ့ရုပ်ကလာပ်ကို အစ္စရေးသို့ သယ်ဆောင်၍ ဂျေရုစလင်မြို့ လက်တင်သုသာန်၌ မြှုပ်နှံခဲ့ကြသည်ဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -

၁။ Hunting Evil.
By G.Walters
၂။ Schindler's List.
By T.Keneally



www.burmeseclassic.com

www.burmeseclassic.com

# သင်္ကြန်အတက်နေ့ ညနေချမ်းပြုလုပ်ရန် ကောင်းသူဦးကြီးများအတွက် ရေးထုံးနည်းလမ်းကောင်းစု



ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ သင်္ကြန်ရုံးပိတ်ရက်တွင် ဇနီးသည်၏ မွေးရပ် ကျောက်ပုံကျေးရွာရှိ ရွာဘုန်းတော်ကြီးကျောင်းတွင် စာရေးသူတို့ တစ်မိသားစုလုံး သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း (၁) ရက်နေ့အထိ ကုသိုလ်ပွဲ ပြုလုပ်ဖြစ်ပါသည်။

ဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်သည်ရန်လာသည့် ဥပုသ်သည်များအား ခေါင်းသုပ်၊ သာကူ၊ မုန့်လုံးရေပေါ်၊ ဆန္ဒင်းတောင်း စသည်များ တည်ခင်းဧည့်ခံကျွေးမွေးသောကုသိုလ်ပွဲ ဖြစ်ပါသည်။

သက်ကြီးရွယ်အိုဘိုးဘွားတို့အား သင်္ကြန်အတက်နေ့တွင် လက်သည်းညှပ်ပေး ခေါင်းလျှော်ပေး၊ ရေချိုးပေး၊ ကန်တော့ ဝတ်ကြီးဝတ်ငယ်ပြုကြသည့် ကုသိုလ်ပွဲမှာလည်း ကြည့်မြင်ကြားရသူတိုင်း ပီတိဖြစ်ရ၊ ရွှင်လန်းချမ်းမြေ့ရပါသည်။

ထိုသင်္ကြန်အတက်နေ့တွင် တောင်သူကြီးတို့ ပြုမြဲဖြစ်သည့် ရှေးထုံးနည်းလမ်းတစ်ခုမှာ အလွန်ပင် အတုယူဖွယ်ကောင်းသည့်တဖြစ်သဖြင့် လက်ဆင့်ကမ်းတင်ပြအပ်ပါသည်။

သင်္ကြန်အတက်နေ့ ညနေပိုင်း နေချမ်းချိန်တွင် စာရေးသူတို့ မိသားစုသည် ရွာအပြင်ဘက် ထန်းတောညို ထားသော ကုက္ကိုတောယာဝိုင်းမြေများဘက်သို့ လေဟာပြင်လေရှူရှိုက်ရင်း လမ်းလျှောက်ထွက်ဖြစ်ခဲ့ကြပါသည်။

ထန်းလျက်ချက်နေသော ထန်းလျက်တဲတိုက်များမှ ထန်းဖိုဦးထန်းလျက်များ ထန်းခေါက်ဖာလေးများ၊ ထန်းရွက်တီးများ၊ ထန်းပက်လက်ကုလားထိုင်များ သက်ဆောင်ပေးနေကြသဖြင့် မယူမဆင်သဖြင့် ငြင်းဆန်ရပါသေးသည်။ ငြင်းမရသည်မှာ ငြင်းဆန်သည့်ကြားမှပင် ထန်းလျက် (၁) ပိဿာခန့် ယူခဲ့ရသေးသည်။ ယခုရက်မှာ နှစ်သစ်ကူးအခါသင်္ကြန်ရက်ဖြစ်၍ ထန်းတောမှာ လူသူအသွားအလာ နည်းပါးနေကြောင်း၊ ခါတိုင်းရက်များတွင် ငှက်ခါးတောင်ထန်းရည်ခါး တစ်မြူ နှစ်မြူကို ကာလသားလူငယ် လူရွယ်အချို့နှင့် အရွယ်လတ်အချို့တို့ပင် ပန်းမှုဖြေဖျောက်၊ အနားယူအပန်းဖြေ၊ အာလာပသလ္လာပပြောဆိုရင်း တဝါးဝါးတဟားဟား ရယ်မော၍ ထန်းရည် လာသောက်တတ်ကြကြောင်း၊ အလွန်ပင် စိုစိုပြည်ပြည်ရှိလှကြောင်း ပြောပြသဖြင့် ကြားသိခဲ့ရသေးသည်။

ရွာအပြန်လမ်း ထယ်ရေးညက်နေသော ယာခင်းကျယ်တစ်ခုကို ဖြတ်လျှောက်စဉ် ဦးကြီးဦးဘဂျမ်းနှင့် တွေ့ရပါသည်။

"ဦးကြီး၊ ဒီနေ့ ဥပုသ်စောင့်ကျောင်းကို မသွားဘူးလား"

"သွားပါ့မောင်ရာ၊ ဦးကြီး ဥပုသ်နဲ့ပါကွ။ ဒီအလုပ်ကလေးက သင်္ကြန်အတက်နေ့တစ်နေ့သာ မဖြစ်မနေလုပ်ရတဲ့အလုပ်မို့ မပျက်မကွက် လာလာလုပ်ရတာပ"

"ဟုတ်လား ဦးကြီး၊ ဘာအလုပ်များလဲ ခင်ဗျ"

"တခြားဟုတ်ပါရိုးလားမောင်ရာ။ ရှေးဘိုးဘွားမိဘတွေကတည်းကလုပ်ခဲ့တဲ့နည်းလမ်းလေ။ 'ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်း မကြွယ်နဲ့' ဆိုစကားရှိရဲ့ မဟုတ်လား။ ရှေးထုံးမပယ်ဘဲ ဦးကြီး နှစ်တိုင်းပြုလုပ်ခဲ့တာပါ"

"ဩော်- ဟုတ်လား၊ ဘယ်လိုလုပ်တယ်၊ ဘယ်အဓိပ္ပာယ်လဲဆိုတာ ပြောပြပါ ဦးကြီး။ သက်ကြီးစကား သက်ငယ်ကြားရတာပေါ့။ ပညာအမွေလက်ဆင့်ကမ်းတယ်လို့ သဘောထားပါ ဦးကြီးရယ် ပြောပြပါ"

"သိပ်ခက်ခက်ခဲခဲ မဟုတ်ပါဘူးမောင်ရာ။ နှစ်စဉ် နှစ်တိုင်း မိမိယာမြေပေါ်ကို အခုလို သင်္ကြန်အတက်နေ့မှာ သွား။ အတက်ဓာတ်ယူတဲ့ သဘောပေါ့။ အဲဒီ သင်္ကြန်အတက်နေ့မှာလည်း ခုလိုညနေချမ်းမှာသွားပြီးလုပ်ရတယ်။ အအေးဓာတ်အေးချမ်းမှုကိုယူတဲ့သဘောပါပဲ။ ဒီယာမြေပေါ်မှာ ထွန်ယက်စိုက်ပျိုးမယ့် မြေပဲမျိုး၊ နှမ်းမျိုး၊ ပဲမျိုး၊ ဝါ၊ ငရုတ် စသည်ဖြင့်ပေါ့ မျိုးစေ့တွေကို လက်တစ်ဆုပ်စီယူပြီး စတီသဘောနဲ့ ကြဲပက်ပေးရမယ်။ ကြဲပက်ရင်းနဲ့ ဤမြေယာပေါ်တွင် ယခုနှစ်စိုက်ပျိုးရာသီတွင် မြေပဲ ဒါမှမဟုတ် နှမ်းပေါ့မောင်ရာ။ မိမိ ထွန်ယက်စိုက်ပျိုးမယ့် သီးနှံမျိုးကို ထည့်ပြောပြီး ထွန်ယက်စိုက်ပျိုးပါမည်။ ရရှိလာသော သီးနှံများကို ဘုရားလှူရန်၊ သံဃာတော်ဆွမ်းကပ်ရန်၊ မိမိမိသားစုနှင့် သတ္တဝါဝေနေယျ ပဋ္ဌာန်းဆက်ရှိသူတိုင်း စားသုံးနိုင်ရန် ဖြစ်ပါသည် ဆိုပြီး ကြဲပက်ပေးရတယ်ကွယ့်"

"အဲဒီလို ဆောင်ရွက်လုပ်ကိုင်တဲ့အခါ အကျိုးထူးလား ဦးကြီး"

"ထူးပြီလား မောင်ရာ။ မိုးလေဝသ အထူးမှန်ကန်ပြီး လုပ်ငန်းဆောင်တာ အဆင်ပြေတယ်။ သီးနှံအထွက်အထူးကောင်းမွန်စေတယ်ကွယ့်။ ထင်တာမှန်တာထက်ပိုပြီး သီးနှံတွေရတယ်ကွယ့်"

"ခုလို စိတ်ရှည်လက်ရှည် ရှင်းပြတာ ကျေးဇူးပါပဲ ဦးကြီး"

နတ်မောက်မြို့နယ် ကျောက်ပုံရွာမှ အသက် (၈၀) အရွယ် တောင်သူကြီး ဦးဘဂျမ်းထံမှ ရရှိကြားသိခဲ့ရသော ရှေးထုံးဟောင်းနည်းလမ်းကောင်းတစ်ခု ရေးသား တင်ပြလိုက်ရပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

သောကြာရဲ့စတုရန်းကို -

ပဥ္စပွတ်အုပ်တဲ့နံတွဲက မသုံးအပ်တဲ့ ပညတ်အတွဲဖြစ်သလို သောကြာရဲ့ တြိရန်းကို စတုရန်းအုပ်ထားတဲ့ ပညတ်အတွဲကလည်း ဒီလိုပါပဲ။ ထိထိခိုက်ခိုက်ဖြစ်တတ်တဲ့သဘောတွေကို ရှေးပညာရှိကြီးတွေက ထင်ထင်ရှားရှားပြခဲ့ကြပါတယ်။

လက်ာနဲ့ လွယ်လွယ်မှတ်လိုက်ရင်တော့ 'အုတ်လှ-ကြံစာ' ဆိုတာ ထွက်လာပါတယ်။

'အုတ်လှ'။

*'တြိ,ဆအုပ်၊ မကောင်းလုပ်၊ ပျက်ယုတ်သေတတ်စွာ၊*

*နံပင်ကိုကား၊ စိုက်ကာထား၊ ဆိုငြားအမှန်သာ၊*

*မကောင်းဟူက၊ ရှောင်လေရ၊ မုချမှတ်လေပါ'*

ဒါက အဗျင်းဆရာတော်ဘုရားကြီးရဲ့ 'ဗေဒမကုဋ္ဌမာလာ'ကျမ်းမှာလည်း ပြထားတဲ့လက်ာပါ။

သောကြာရဲ့တြိရန်းဖြစ်တဲ့ တနင်္ဂနွေကို သောကြာရဲ့ဆပွတ်ဖြစ်တဲ့ ဗုဒ္ဓဟူး အုပ်လိုက်ရင် မကောင်းဘူးလို့ မှတ်သားရပါတယ်။

တစ်ခါက -

လူတစ်ယောက်ဟာ အင်မတန်မှ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ စီးပွားတက်လာခဲ့ပါတယ်။

ဒီလိုစီးပွားတက်လာတော့ လူပျိုလူလွတ်တစ်ဦးဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်ကို သမီးရှင်တချို့ မျက်စိကျလာပါလေရော။


သူ့နာမည်က ဟန်မောင်။

တစ်နေ့တော့ ဟန်မောင့်မိဘတွေကလည်း တိုက်တွန်း၊ တစ်ဖက်ကလည်း နီးနီးကပ်ကပ် ခင်မင်မှုတွေနဲ့ ရောထွေးလာကြတဲ့အခါကျတော့ ဟန်မောင်အိမ်ထောင်ကျသွားပါတယ်။

ဒါက ဟန်မောင်ရဲ့ ဘဝလေးတစ်ခု။

အဲဒီဘဝလေးဟာ ရုတ်တရက်တော့ လှသား။ နောက်မှ တဖြည်းဖြည်း ရုပ်လုံးပေါ်လာတာကတော့ ပညာနဲ့ ဆက်နွှယ်နေတဲ့ အကြောင်းတရားပါပဲ။ ဘာလဲဆိုတော့ ဟန်မောင် မေတ္တာရှိသူ့ သူ့ဘဝလေးထဲကို လက်ကမ်းလိုက်တဲ့သူ က မအေးရင်။

သောကြာနာမည်ရှင် သောကြာသား ဟန်မောင်ရဲ့ တြိရန်းကို ဆပွတ် အုပ်လိုက်တဲ့ နာမည်ပညတ်တွဲပါပဲ။









www.burmeseclassic.com

www.burmeseclassic.com

စပြီး အိမ်ထောင်ကျတဲ့နှစ်။ ဒါ လောက်မဟုတ်သေးဘူး။

နောက်တစ်နှစ် စလာပါပြီ။

အရှာအဖွေကောင်းတဲ့ဟန်မောင် ဘာ အပေါင်းအသင်းများလာတာမဆန်း တော့ဘူးလေ။ အဲဒီအပေါင်းအသင်းတွေ ထဲမှာ ကောင်းတာပါသလို မကောင်း ဘာလည်းပါမှာပဲ။ ဒါကို ဟန်မောင်သိ ချင်လည်းသိမယ်၊ မသိချင်လည်းမသိ ဘူး။

ဒါပေမယ့် သူသတိထားလိုက်မိ နိမ်မှာတော့ သူဟာ တော်တော်လေးကို သောက်တတ်သွားပြီ။

အောင်မြင်နေတဲ့ စီးပွားရေးလုပ် ငန်းရှင်လေးတစ်ယောက်ဆိုတော့ ဘယ် သူတပြောလို့နားဝင်မှာလဲ။ ဘယ်သူ ပြောပြော နားဝင်မှာမဟုတ်ဘူး။ ဒါ ဆိုးစံ။

မြှောက်ပင့်ပြီးပေါင်းနေတဲ့သူတွေ ဝန်းရံနေကြမှာပဲ။ လုပ်ငန်းတူတွေက ဘာပြောမလဲ၊ မူးလေထပ်တိုက်လေ။

"ပျော်ပျော်ပါးပါးကြီးပေါ့ သူငယ် ချင်းရာ။ မင်းဒါလောက်အလုပ်တွေ များပြီး စိတ်ဖိစီးမှုတွေများနေတာ။ ဒါ လောက်လေးတော့ ထွက်ပေါက်လေးရှိ ရမှာပေါ့"

ဆိုပြီး မူးသထက်မူးအောင်ပဲ တွန်းအားပေးကြတော့မှာ။

"သူငယ်ချင်းရာ၊ ဒါကောင်းတဲ့ ကိစ္စမဟုတ်ဘူး။ တို့တွေဟာ စီးပွားရေး လုပ်ငန်းလေးတွေ အောင်မြင်သင့်သ လောက် အောင်မြင်နေပြီပဲ။ ဒီထက်ပို အောင်မြင်ဖို့ ကြိုးစားကြမယ်"

လို့ ဘယ်သူမှပြောမှာမဟုတ်ဘူး။ ဟန်မောင်က ပေးနေကျွေးနေတိုက်နေ နိုင်တာကိုး။ ဝေါခနဲဝေါခနဲပိုက်ဆံထုတ် နေနိုင်တာကိုး။

ဟော - ဟန်မောင်ရဲ့အလုပ် သမားလေးတွေကကော။

ဘယ်ပြောရဲပါ့မလဲ၊ ဝေးသေး။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ရဲ့သူဌေး မူးပြီးဆဲနေရင်တောင် ဘေးနားကနေ လက်ကလေးတွေ နောက်မှာပစ်ထားပြီး မရယ်ချင့်ရယ်ချင်နဲ့ တဟားဟားလုပ်ပြီး မျက်နှာချိုသွေးနေကြမှာ သေချာတယ်။

ဒါ ဖြစ်လေ့ဖြစ်ထရှိတဲ့အကြောင်းတွေ။

ဒီတော့ -

ပြောမယ့်သူမရှိ -

ပြောရဲတဲ့သူမရှိ ဖြစ်ရင်းဖြစ်ရင်း ဟန်မောင်ရဲ့ အသားတွေဟာ လေပူဖောင်း လေစလျော့လာသလိုပဲ ပွတဲ့တွဲဖြစ်လာတယ်။ ပါးကြီးတွေကတစ်မျိုးကြီး။

သူအိမ်ထောင်စကျခါစနှစ်ကနေ ရေတွက်ရင် သုံးနှစ်လောက်အရောက်မှာ ဟန်မောင်ကျန်းမာရေးထိတော့တာပဲ။

ဆေးခန်းခဏခဏပြေးနေရတာ တို့ဘာတို့ဖြစ်လာပြီ။

နေကောင်းလာပြန်ရင် စီးပွားရေးလုပ်ငန်းရှင်သူငယ်ချင်းတွေနဲ့ ဆုံပြန်တာပဲ။ မူးပြန်တာပဲ။

အသောက်စိပ်လာလေ သူ့ပုံကတစ်မျိုးဖြစ်လာလေပဲ။

တဖြည်းဖြည်းနဲ့ သူ့လုပ်ငန်းတွေထဲက နှစ်ခုပိတ်လိုက်ရတယ်။ အမြဲလိုလိုအပြင်ထွက်မူးနေတတ်တော့၊ လုပ်ငန်းကိုဖိဖိစီးစီးမရှိတော့ လုပ်ငန်းအားနည်းချက်တွေဖြစ်နေပြီ။

လုပ်ငန်းကို ဂရုမစိုက်တော့ လုပ်ငန်းကျွမ်းကျင်သူဆိုပြီး သူခန့်ထားတဲ့ လူယုံတွေက သူတို့ ဘယ်လောက်ပဲ ကျွမ်းကျင်ကျွမ်းကျင်လေ လည်ပတ်မှုအားလျော့လာတဲ့လုပ်ငန်းကို ဘယ်လိုကျွမ်းကျင်မှုနဲ့ ဆက်ထိန်းမလဲ။ သူဌေးကလှည့်မှမကြည့်တော့ဘဲ။

လုပ်ငန်းလည်ပတ်နေမှ လုပ်ငန်းကျွမ်းကျင်ခြင်းဆိုတဲ့ အရည်အချင်းကပေါ်လာနိုင်မှာ။

အဲဒီမှာ ထုံးစံအတိုင်းပေါ့။ အပေါင်းအသင်းတွေက အထင်အသေးလာပြီပေါ့။ မသိမသာ မသိမသာ လူကျဲလာပြီလေ။

နောက်ဆုံးတော့ သူရဲ့ နဂိုမူလအိမ်တွင်းမှုလုပ်ငန်းလေးတစ်ခုပဲ ကျန်တော့မှ သူအသိဝင်လာတယ်။ လူတွေရဲ့အကြောင်းကိုလည်း သိပြီ။ သဘောပေါက်သွားပြီ။

အဲဒီ ကျန်တဲ့အိမ်တွင်းမှုလုပ်ငန်းလေးကိုပဲ သူဦးစီးရတော့တာပေါ့။

ကျန်းမာရေးကမကောင်းတော့ သိပ်တော့မသွက်တော့ဘူး။

အိမ်ထဲကနေလည်း အိမ်အပြင်မထွက်တော့ဘူး။

လူတွေ သူ့ကိုဘယ်လိုအကြည့်နဲ့များကြည့်ကြမလဲဆိုကဲ့စိတ်က လွှမ်းမိုးပြီး လိပ်ပြာမလုံတော့ဘူး။

အရင်လို ဝင့်ဝင့်ကြွားကြွားသွားလာနေတဲ့ စီးပွားရေးလုပ်ငန်းရှင် ဟန်မောင် မဟုတ်တော့ဘူး။ အိုလည်းအိုစာသွားပြီ၊ ကျန်းမာရေးအရ။

သူဟာ ဘာကြောင့်ရတဲ့နောင်တပဲဖြစ်ဖြစ် နောင်တတော့ရလိုက်ပါတယ်။

ဘယ်သူဖြတ်ခိုင်းလို့ပဲ ဖြစ်ဖြစ် အရက်တော့ဖြတ်သွားပါတယ်။

ဘာအဖတ်တင်ကျန်ခဲ့လဲဆိုတော့ လူရုပ်အိုစာသွားတာ အဖတ်တင်သွားတယ်။

ဒါ -

နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ ဟန်မောင်ရဲ့ဘဝလေးပါပဲ။

နာမည်မြင်ကွင်းထဲကို ရောက်အောင် သူ့ကိုခေါ်လာတာကတော့ သူ့နံသောကြာရဲ့ တြိရန်းကို ဆပွတ်အုပ်ထားတဲ့ နာမည်ပညတ်ရဲ့ အားသတ္တိပါပဲ။

'အုတ်လှ' ဆိုတဲ့ ကိန်းပါပဲ။

ဘယ်သူ့အပြစ်ရယ်လို့မှ မဟုတ်ပါဘူး။

ကိန်းတွေမှာရှိနေတဲ့ အင်အားသတ္တိဟာ ရှောင်လွှဲလို့ကို မရနိုင်တဲ့သဘောရှိပါတယ်။ ဒါကြောင့် ကိန်းရဲ့သတ္တိပါပဲ။

ရှောင်လို့မရပါဘူး။

'ဆပွတ်ဂြိုဟ်ကို တြိရန်း' အုပ်တဲ့ သစ်၊ နံ၊ မြို့၊ ရွာတွေဟာ သောကြာသားသမီးတွေအတွက် ကောင်းပါတယ်ဆိုရင် -

'တြိရန်းဂြိုဟ်ကို ဆပွတ်အုပ်' တော့ မကောင်းဘူးပေါ့။

ဒါ - ရှင်းပါတယ်။

ဟိုဘက်အမြင်နဲ့ ဒီဘက်အမြင်ပါပဲ။

ဒါက လက်တွေထိခိုက်ကြပုံတွေထဲက တစ်ဦးတည်းရှိပါသေးတယ်။ ဒီလိုထိသွားတဲ့သူတွေ အများကြီးရှိနေပါသေးတယ်။

တချို့ဆိုရင် အဲဒီလို တြိရန်းကို ဆပွတ်အုပ်တဲ့နာမည်မျိုး သားသမီးကိုပေးမိလို့ ထိခိုက်ကုန်ရတာတွေရှိနေပါတယ်။

ထိပုံထိနည်းက အမျိုးမျိုးပါပဲ။

စာရိတ္တပျက်ပြားသွားပြီဆိုတာ[...] ထိခြင်းတစ်မျိုးဖြစ်သလို စီးပွားကျသွား[...] တာလည်း ထိခြင်းတစ်မျိုးပါပဲ။

တချို့များ စီးပွားကျဖို့မပြော[...] စီးပွားတောင် ရှာလို့ဖွေလို့မရအောင်[...] ရတဲ့သူတွေရှိနေပါတယ်။ ကျစရာစီးပွား[...] တောင်မရှိပါဘူး။

တချို့ကျ -

ရောဂါစွဲသွားပါတယ်။

တချို့က အင်မတန် မိုက်ရိုင်း[...] ပါတယ်။ စုတ်စုတ်ပဲ့ပဲ့မပြောဘူး[...] မပြောတတ်တဲ့သူက တွေ့ကရာပေါ်[...] ပန်းဈေးအကုန်ပြော၊ တိုင်းထွာပြော[...] ဖြစ်ကုန်တော့တာပါပဲ။

တချို့ကျ မိဘတွေကို အကောင်[...] မမြင်တော့ဘဲ ခွဲထွက်သွားပြီး တစ်[...] မှာ ဘဝကို အနစ်မွန်းခံကြပါတယ်။ အသောက်အစားမရှိပေမယ့် ဒါလည်း ထိခြင်းတစ်မျိုးပါ။ မိရိုးဖရိုးမဲ့သွားခြင်း[...] ပါ။

တချို့က ဒုက္ခိတဘဝရောက်သွား[...] ပြီး တချို့ကျတော့ အသက်ဆုံးပါးသွား[...] တဲ့အထိ ကိန်းရဲ့အကြောင်းတရားတွေ[...] ဝဲဂယက်ထဲမှာမျောသွားကြပါတယ်။

ဒါကြောင့် -

အများကြီးတွေထဲက ယဉ်[...] လေးထိသွားတဲ့ဟန်မောင်ကိုပဲ ရွေးထုတ်[...] ပြလိုက်တာ ဖြစ်ပါတယ်။

ဒီပြင်လူတွေထိပုံက သိသာ[...] မယ့် သူထိသွားပုံက ကြည့်နိုင်မှသိ[...] မယ့် ယဉ်ယဉ်လေးထိသွားပုံပါ။

သာမန်ကြည့်ရင် လူတိုင်းပြော[...] မယ့် စကားက 'အင်းလေ၊ လုပ်ငန်း[...] အောင်မြင်လာမှတော့ အပေါင်းအသင်း[...] ကြောင့် သောက်တတ်စားတတ်ပြီ[...] ဆိုတာလောက်ပါပဲ။

အဲဒီ သောက်တတ်စားတတ်[...] ဟာ ဘာကြောင့်လဲ ဆိုတာကို[...] နာမည်မြင်ကွင်းထဲကပဲ ကြည့်မှသိ[...] ပါ။

သာမန်မျက်လုံးနဲ့ မမြင်နိုင်သ[...]

သာမန်ကြည့်ရုံနဲ့လည်း မမြင်[...] ဘူး။

ဒါကြောင့် ရိုးရိုးကြည့်ရင် အ[...] မရှိပါဘူး။

ဟန်မောင်လိုမျိုးတွေ့ဖူးတဲ့သူ[...] အများကြီးထဲက အောင်ဗလဆိုတဲ့ [...] ငယ်တစ်ယောက်ကိုတော့ သတိသွား[...] လို့ ပြောလိုက်ပါဦးမယ်။

အောင်ဗလ။



www.burmeseclassic.com

www.burmeseclassic.com

အမှန်က ပိန်ပိန်လေးနံပိန်။ လူက မည်းကြုတ်ကြုတ်။ သူလုပ်နေတာက တားဝပ်ရှော့မှာ။

တော်တယ်၊ ဆက်ဆံရေးတော်တယ်။ ကားပိုင်ရှင်တွေတိုင်းလိုလို အောင်ဗလကိုခင်ကြတယ်။

အမှန်က သေးလွန်းလို့ သူ့မိဘတွေ၊ ဆွေမျိုးတွေက ဝိုင်းပြီးခေါ်ကြတဲ့ အောင်ဗလ။ ဗလကြီးလို့ မဟုတ်ဘူး၊ ခန္ဓာကိုယ်ဖွံ့ထွားလို့ မဟုတ်ဘူး။ သေးသေးလေးကို တမင်နောက်ပြောင်ခေါ်ကြရာကနေ အောင်ဗလ ဖြစ်သွားတာ။ ထိုးငယ်ငယ်လေးတည်းကစခေါ်တာ။

သူ့အကြောင်းကို ခုလိုကြားတာနဲ့ မျက်လုံးထဲမှာ မျက်နှာချိုချိုနဲ့ ကားပြင်ရှင်း စက်ဆီတွေပေကျံနေတဲ့ လူငယ်လေး အောင်ဗလကို မြင်ယောင်မှာပါ။

ဟုတ်ပါတယ်။ မျက်လုံးထဲမှာ ပုံဖော်လာနိုင်တဲ့အတိုင်းပါပဲ။ ဒါပေမယ့် သူဟာ ငါးနှစ်သားအထိ ခဏခဏတက်ရင်းကနေ နားတွေထိုင်းသွားတယ်။ အကြားအာရုံထိသွားတယ်လို့ ပြောပြတာပဲ။

မကလောက်ဘူး။

ဘာလို့လဲဆိုတော့ သူ့စကားပြောရင် မဆွံ့တာတောင်မှ အသံက အောက်ဘက်ထဲကို ပြန်ဝင်နေသလိုမျိုး ထိမ်နေတယ်။ ပြောတာတော့ပြောနေတာပဲ မပီသဘူး။ လေသံနဲ့ပြောသလိုမျိုး။ သူပြောတာကို နားစိုက်မထောင်မိရင် ပြန်မေးရင်တောင် သူ့ခမျာသက်ပြင်းခဏချပြီးပြောရရှာတယ်။ မျက်စိတော့မစွေဘူး။ ကျန်တဲ့ခြေထောက်ဘာမဖြစ်ဘူး။ ဒါပေမယ့် လက်လှုပ်ရှားမှုက သူများထက်မြန်တယ်။ ဒါတော့ ထူးတယ်။

သူ့ဆရာကတော့ သူ့ကို ချီးကျူးတာအမှန်ပဲ။

အောင်ဗလက သူများနဲ့မတူဘူး။ အာရုံစိုက်ပြီးလုပ်တတ်တယ်တဲ့။

သေချာကြည့်ရင် တကယ်စိတ်ကောင်းစရာပါ။

သူ့ရဲ့ဘဝလေးက အလုပ်ထဲမှာပဲ မွေ့နေတဲ့ကလေးပါ။

ဘာလို့လဲဆိုတော့ ဘယ်သူဘာပြောပြော ရယ်နေတတ်တာကိုး။

သူ့လုပ်ဖော်ကိုင်ဖက်ကလေးတွေ ခပ်မကြားတကြား ဟော့ကောင် ခေါ်လည်း ရယ်ပြီးကြည့်နေတာ၊ ဟော့ကောင် ငါ့သား ခေါ်လည်း ကြည့်လို့ ရုတ်တရက်တော့ သူ့ကို ဘာခေါ် လို့ခေါ် မှန်းသူမသိဘူး။ နှစ်ခါ၊ သုံးခါခေါ် ရင် ခေါ် တဲ့သူ့ရဲ့ ပါးစပ်လှုပ်ရှားပုံကို သေချာကြည့်ပြီးမှ အဲဒီလူကို လက်ညှိုးတထိုးထိုး ခေါင်းလေးတစောင်းစောင်းနဲ့ သူ့ပါးစပ်ကပွစိပွစိနဲ့။

သဘောကတော့ ဟော့ကောင် မခေါ် နဲ့နော်၊ မင်းနော် ဆိုတဲ့ ပုံမျိုးပါ။ ဒါပဲ၊ ဒါလောက်ပဲ။ သူ့ကိုစလွန်းလို့ လက်သီးနဲ့လိုက်ထိုးလည်း တကယ်ထိုးတော့ထိရုံလေး။

သဘောကကောင်းမှကောင်း။

အဲဒီကလေးနာမည်က သာဂေါင်။ သူ့နာမည်အရင်း။

ခေါ်တော့ အောင်ဗလ၊ တွင်တော့ အောင်ဗလ။ စောစောကပြောသလို လူကောင်သေးသေးမို့ တမင်ခေါ်ရင်းတွင်သွားတာက၊ တွင်နေတာက အောင်ဗလ။

၃
၀
၄ ← ဗလ
သာဂေါင် ၆
၂
၅
၁ — အောင်

ဘာလုပ်လို့ရမှာလဲ။

သွားပြီ။ သူ့ဘဝတစ်လျှောက်လုံးမှာ သူ့ဘဝလေးကို လက်ဆင့်ကမ်းပြီး စောင့်ရှောက်သွားကြမယ့်၊ အလုပ်ခန့်ပေးသွားကြမယ့် လုပ်ငန်းရှင်တိုင်းက သူ့ကိုခေါ် ရင် အောင်ဗလပဲ ခေါ်ကြတော့မှာ။

သူကပြောရင်လည်း သူ့ကိုယ်သူ ကျွန်တော် သာဂေါင်ပါလို့ ပြောမှာ မဟုတ်ဘူး။ အများက သူ့ကိုခေါ် တဲ့အတိုင်း အောင်ဗလပဲပြောမှာ သေချာတယ်။

ဒါ -

လူတစ်ယောက်ရဲ့ဘဝကို ပညတ်တစ်ခုနဲ့သတ်လိုက်သလိုပဲ။ သွားပြီ၊ ဘယ်လိုလုပ်တိုးတက်တော့မှာလဲ။

ဘယ်လိုပုံစံနဲ့ ပြည့်စုံချမ်းသာနိုင်တော့မလဲ။

ဒီလိုဖြစ်နေပါတယ် ဆိုတာကို ထောက်ပြ ပြောဆို ကယ်တင်နိုင်ဖို့ဘယ်သူပြောနိုင်မလဲ။

ငါးနှစ်သားမတိုင်ခင်လောက်က စပြီး နှုတ်ကျိုးခဲ့တဲ့ အောင်ဗလကို အခု မြင်နိုင်ကြပါတော့မလား။

သူကတော -

သူ့ကိုယ်သူ အောင်ဗလလို့ ဝင့်ဝင့်ကြွားကြွားပြောနေရာကနေ ဒီလိုအကျိုးအကြောင်းရှိတယ်လို့ရှင်းပြရင် လက်ခံနိုင်ပါတော့မလား။

မကောင်းပါဘူးဆိုတာကို မြင်နိုင်ပါ့မလား။

ခေါ်သူတွေကကော နှုတ်တွေကျိုးနေပြီမို့ မြင်လို့ရပါတော့မလား။

ဒီလိုပြောရင်းနဲ့ လူ့သဘာဝလေးတွေနဲ့ပတ်သက်ပြီး ပြောပြစရာလေးတစ်ခုကို သတိတရနဲ့ ပြောလိုက်ပါဦးမယ်။

ဒါကတော့ -

မကြာခဏ ပြောပြခဲ့ဖူးတဲ့ မီးနာမည်။

ကိုယ့်ကိုယ်ကိုယ် 'မီးက၊ မီးက' နဲ့ ပြောတဲ့သူတွေနဲ့ ဆုံဖူးပါလိမ့်မယ်။ ဒါမှမဟုတ် ကြားဖူးကြပါလိမ့်မယ်။ ဒါမှမဟုတ် မြင်ဖူး၊ စကားပြောဖူးကြပါလိမ့်မယ်။

တစ်နည်းနည်းနဲ့ ဘယ်လိုပဲကြုံကြုံ သတိထားကြည့်လိုက်ပါ။ (၁၀) ယောက်မှာ (၉) ယောက်ကဘဝရဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့ချည်းပါပဲ။

'မီးက၊ မီးက' နဲ့ ပြောကြတဲ့ သားသမီးတွေရဲ့ မိဘတွေဟာ အတူမနေရပါဘူး။ တကွဲစီနေကြရပါတယ်။

တချို့ကွဲနေကြပါတယ်။

တချို့ သေကွဲ၊ တချို့ ရှင်ကွဲကွဲနေကြရပါတယ်။

ပြောတဲ့ မီးနာမည်ရှင်တွေကိုယ်တိုင်ကိုလည်း လေ့လာကြည့်လိုက်ပါ။ အရွယ်ရောက်လို့ အိမ်ထောင်ပြုကြသူတွေဆိုရင် အဲဒီသူတွေကိုလေ့လာကြည့်လိုက်ပါ။

ခုနပြောသလို အိမ်ထောင်ရေးဆိုးကျိုးတွေနဲ့ကြုံနေကြရသူတွေ တော်တော်များများတွေ့ရပါလိမ့်မယ်။

တချို့ အရွယ်ငယ်ငယ်လေးပဲ ရှိသေးတယ်၊ အိမ်ထောင်ဖက်ဆုံးသွားရှာပြီ။

တချို့ အရွယ်ငယ်ငယ်ပဲရှိသေးတယ်၊ အိမ်ထောင်ဖက်က ဖောက်ပြန်လို့ကွဲသွားကြရပြီ။

တချို့ ကိုယ်က အရွယ်ငယ်ငယ်ပဲ ရှိသေးပေမယ့် အိမ်ထောင်ဖက်က နောက်ထပ်တစ်ယောက်ကိုယူထားလိုက်လို့ သောကတွေရင်မှာပိုက်နေရပြီ။

အများကြီး၊ အများကြီး။

ကလေးမလေးတစ်ယောက်ဆိုရင် အင်မတန်မှ ချောမောလှပပြီး နူးညံ့သိမ်



www.burmeseclassic.com

www.burmeseclassic.com

မွေ့လိုက်တာလည်း အရမ်းပဲ။

လာတာက သူ့အမေနဲ့ လာတာ။

ကိစ္စက သူ့အလုပ်လုပ်ဖို့ အလုပ်လျှောက်ဖို့။

အသက်ကတော့ အစိတ်လောက်ရှိပြီ။

သူ့အမေက ဘာပြောလဲဆိုတော့ သူ့ယောက်ျားဟာ တော်တော်မိုက်ရိုင်းတယ်တဲ့။ ယောက္ခမမိဘကိုမိဘမှန်းမသိဘူးတဲ့။ သမီးကမမိုက်ရိုင်းတတ်ဘူးတဲ့။ ကြာတော့ ဘယ်လိုမှပေါင်းစပ်လို့မရတော့တာနဲ့၊ သမီးကလည်း သည်းမခံနိုင်တော့တာနဲ့ သူတို့ချင်းလက်မှတ်ထိုးပြီးကွဲသွားကြပြီတဲ့။ (၂) နှစ်ပဲပေါင်းလိုက်ရတယ်တဲ့။

ကလေးမလေးကိုကြည့်လိုက်တော့ မထင်ဘူး။

တကယ်ကို အိမ်ထောင်ကျထားသူလို့ မထင်ရဘူး။ သူ့မျက်နှာလေးဟာ သန့်ပြီးရှင်းနေတာပဲ။

သူတို့ပြောတဲ့၊ အလုပ်လိုချင်တဲ့ ကိစ္စကို အာရုံမစိုက်နိုင်သေးဘဲ ဘာဖြစ်လို့ အိမ်ထောင်ရေးဒီလိုဖြစ်ရတာပါလိမ့်ဆိုပြီး စဉ်းစားဖို့အချိန်ယူလိုက်တုန်းမှာ -

"မေကြီး ဒီကပြန်ရင်မီးပြောထားတဲ့ ဆိုင်ဝင်ကြည့်ပါလား။ အဲဒါ မီးမီး သူငယ်ချင်းတွေ။ ဟိုကျမီးပြမယ်၊ မီးကြိုက်တဲ့အင်္ကျီအရောင်လေးဆို မေကြီးလည်းကြိုက်မှာ"

ဆိုပြီး ပြောသံကြားလိုက်ရတော့တာပါပဲ။

ဘာမပြောညာမပြော ဘာမှတောင် မစဉ်းစားရသေးဘဲ ခေါင်းက အလိုလိုညိတ်နေမိရက်သားဖြစ်သွားရပါတယ်။

ဩော် - မီး ဆိုပါလား။

ပူတတ်တဲ့၊ လောင်တတ်တဲ့ သဘာဝကို ဒီကလေးမလေး မလွန်ဆန်နိုင်ဖြစ်သွားရရှာတာပါလားလို့ကရုဏာသက်ရင်းနဲ့ပဲသက်ပြင်းချလိုက်မိပါတယ်။

မနေနိုင်ဘူး။ ပြောကိုပြောချင်စိတ်တအားဖြစ်လာတာနဲ့ -

"သမီး၊ မီးမီးပြောမယ့်အစား သမီးလို့ပြောပါလား။ သမီးမှာစိတ်ညစ်စရာတွေ နောက်ထပ်မပေါ်တော့အောင်"

ဆိုတော့ -

"မီးကအကျင့်ပါနေပြီ" တဲ့။

သူ့အမေကလည်း ရယ်ရယ်မောမောနဲ့ -

"သူက မွေးကတည်းကပြောလာတဲ့ မီးလေ ဆရာ။ ဘယ်လိုလုပ်ပြင်လို့ရမှာလဲ" တဲ့။

ဒါဟာ အဖြေပါပဲ။

ဟုတ်ပါတယ်။ နှုတ်ကျိုးပြီးအကျင့်ပါနေသူတိုင်းကိုလေ့လာကြည့်မိပါတယ်။ သူတို့ရဲ့ လောကဓံလှိုင်းလုံးတွေကြားထဲက သူတို့ရုန်းမထွက်နိုင်ကြတော့ပါဘူး။ သူတို့ဟာ ဘဝကိုခြယ်လှယ်တိုးတက်အောင် ကြံဆောင်ကြိုးစားမယ် ဆိုတဲ့ စိတ်ထားမရှိကြပါဘူး။ သူတို့ကိုကြည့်လိုက်ရင် ခပ်ပေါ့ပေါ့တွေပါပဲ။

တော်တော်များများတွေ့ခဲ့ဖူးတဲ့မီးတွေကတော့ ဒီနေ့ရရင် ဒီနေ့စားပစ်သုံးပစ်ကြတာများပါတယ်။ စည်းစနစ်မရှိကြပါဘူး။ စည်းကမ်းမရှိကြပါဘူး။ စုတဲ့ဆောင်းတဲ့စိတ်မရှိကြပါဘူး။ ခပ်လွယ်လွယ်ပဲ ဘဝကိုဖြတ်သန်းနေကြလေ့ရှိပါတယ်။

လောကဓံတရားကို ကြုံသလို ရင်ဆိုင်နေကြသလိုပါပဲ။

သူတို့မှာ အောင်မြင်အောင် ကြိုးစားချင်စိတ်၊ တိုးတက်အောင် ကြိုးစားချင်စိတ်တွေ မတွေ့ရပါဘူး။

ပညတ်ကိုက ပူလောင်တဲ့ ပညတ်မို့လားမသိပါဘူး။ မီး၊ မီး ဆိုတဲ့ ကလေးမလေးတွေကို ကြည့်လိုက်ရင် ဘဝကိုကြမ်းကြမ်းတမ်းတမ်းနဲ့ ဖြတ်သန်းနေကြရရှာတာ များပါတယ်။

ဒီမီးတွေကိုတွေ့ရပါများလာတော့၊ အကြိမ်ပေါင်းများလာတော့ မဆင်ခြင်နိုင်သေးတဲ့ ပါးစပ်အကျင့်က ကိုယ့်ကိုယ်ကိုယ် မီး၊ မီးဖြစ်နေသေးတဲ့ ကာလမှာ ဘုရားရှင်ကို အလင်းဖွင့်ပူဇော်ဖို့၊ ဘုရားစေတီများမှာသွားရောက်ပူဇော်ဖို့၊ အိမ်မှာလည်း အိမ်မီးထက်စာရင် ဘုရားဆောင်မီးဟာ လင်းနေအောင် ပူဇော်ဖို့ မကြာခဏ အကြံပေးခဲ့ရပါတယ်။



တွေ့ဖူးကြမှာပါ။

လောကဓံတရားကို အသက်... ရင်ဆိုင်နေကြရရှာတဲ့ မီး၊ မီးမီး ပည... ရှင်တွေ တွေ့ဖူးကြမှာပါ။

ကလေးမလေးတစ်ယောက်က... ပြောဖူးပါတယ်။ ဒီလို ကိုယ့်ကိုယ်ကိုယ် မီးက၊ မီးကပြောရတာ အရမ်းသာယာ... စကားလုံးလို့ခံစားရလို့ ပြောနေမိ... ပါတဲ့။ သူဆိုရင် အိမ်ထောင်နှစ်ဆ... အပြင် ဒုတိယအိမ်ထောင်နဲ့တောင် အ... အနေမကောင်းတော့ပါဘူး။

တစ်ယောက်ကတော့ မီး... အကျင့်ပါနေပြီတဲ့၊ ဖျောက်လို့မရတော့ဘူးတဲ့။ သူကတော့ သူ့မိဘတွေ သေ... ကွဲသွားကြရှာပြီ။

တစ်ယောက်က မိဘတွေ အသ... ရှင်လျက်နဲ့ ကွဲနေကြတာ။

နာမည်မြင်ကွင်းထဲကိုရောက်လာကြတဲ့ မီး၊ မီးမီးတွေကတော့ဘဝမလှ... ပါဘူး။

လူတွေက သူတို့ရှေ့မှာသာ သူ... ကို ဟန်ဆောင်ပြုံးပြပေမယ့် သူတို့ရဲ့ နောက်ကွယ်မှာ သူတို့ကိုကြည့်တဲ့အထ... သေးမျက်လုံးတွေ၊ သူတို့ကိုပြောတဲ့ အထင်သေးစကားလုံးတွေ သူတို့မကြား... ကြ၊ မမြင်ကြရှာပါဘူး။

ဒါတွေကို သိစေချင်ပါတယ်။

ဘယ်လောက်ပဲကောင်းအောင်နေ... နေ ပူလောင်တဲ့ပညတ်က စကားနောက်... တရားပါနေတာကြီးကို မဖြစ်စေချင်ပါဘူး။

ဒါကြောင့်မို့ -

ကိုယ်တွေကိုယ်တိုင်လည်း မီးအ... တွေမဟပ်အောင် ကိုယ့်သား၊ သမီးလေး... တွေရဲ့မီးကလည်း ကိုယ့်ဆီကို အပူလာ... မဟပ်အောင် စဉ်းစားဖို့ပါဘဲ။

ဖြစ်လာရင် ကုလို့ရတဲ့ ဝေဒနာ... ပေမယ့် ကုလို့မရတဲ့ ဝေဒနာတွေလည်း ရှိနေပါတယ်။

အကောင်းဆုံးကတော့ မီး၊ မီးမီး ဆိုတဲ့ ပညတ်ရှင်တွေရဲ့ ဘဝလေးတွေကို လေ့လာကြည့်ပါ။

ပညတ်ကလာတော့မယ့် အ... တွေကို မလောင်ခင်မှာ ရှောင်ကြဉ်နိုင်... နာမည်မြင်ကွင်းထဲမှာ တစ်စိတ်တ... ဒေသ အကြံပြုလိုက်တာပါ။

ဒါကတော့ -

အောင်ဗလလေးရဲ့အကြောင်းကို... ပြောရင်းကနေ -

မကောင်းပါဘူးဆိုတာကို ပြနိုင်... ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သူတွေကကော နှုတ်တွေကျိုးနေပြီဖို့ ပြင်လို့ရပါတော့မလားဆိုတာနဲ့ ဆက်သက်ပြီး ဥပမာအခေါ်အဝေါ်လေး တစ်ခုကို တင်ပြလိုက်တာပါ။

အောင်ဗလလေးလည်း ဒီလိုပဲ သွားနေပါပြီ။

သူကိုယ်သူ အောင်ဗလလို့ ဝင့်ဝင့်ကြွားကြွားပြောနေရာကနေ ဒီလိုအကျိုးအကြောင်းရှိတယ်လို့ ရှင်းပြရင်တောင် ဘက်ခံမယ်မထင်တော့ပါဘူး။

ကိုင်း - ဒါဖြင့် -

အဲဒီလိုပဲ သာစည်၊ ပင်းယ ဆောက်ထိုးလို့ နာမည်ကြီးလှတဲ့ အတွဲတွေထဲက စနေရဲ့ သာစည်၊ ပင်းယ ဆောက်ထိုးနာမည်တွေဆီသွားလိုက်ဦးစို့ရဲ့

'ခပေါင်း၊ ဆူးလေ၊ ရက်စနေ
ပွတွေမီးထပ်မျှ'

စနေသားတို့သည် ခပေါင်း တည်းသော ကြိရန်းကို ဆပွတ်အုပ်သည့် အရပ်၊ ဆူးလေ ဟူသော စတုရန်းကို ဆွတ်အုပ်သည့်အရပ်တို့မှာ စည်းစိမ် ဆောင်၍နေမိသော် စီးပွားချမ်းသာဆုတ် ဆုတ် အသက်တိုတတ်၏ဆိုပြီး ပြထားပါတယ်။


'နေမှားချေမိ ဘေးရန်ထိ၊ မချိကိုယ်မထ။
အမြစ်ခပင်း ပြုန်းတီးလျှင်း၊ နောင်ကြွင်းခွင့်မရ။
ကျမ်းဂန်ဆရာ ထက်လှစွာ၊ မေတ္တာလွန်မစ'

ဆိုပြီး နဝသာခါကျမ်းမှာ လာပါတယ်။

ဒါကိုရှင်းအောင်ပြောရရင်တော့- စနေသားသမီးများဟာ 'တနင်္လာ စကြာသပတေး' ပိတ်မှည့်ထားတဲ့ပညတ်မျိုး၊ 'အင်္ဂါ၊ ဗုဒ္ဓဟူး' ပိတ်မှည့်ထားတဲ့ ပညတ်မျိုးဆိုရင်တော့ ရှောင်ရှားဖို့ဆိုပြီး ရှေးပညာရှိတွေက ပြဆိုထားတာဖြစ်ပါတယ်။

ဒီလိုဆို -

'တနင်္လာ၊ စကြာသပတေး' ပိတ်မှည့်ထားတဲ့ ပညတ်ဟာ စနေသားသမီးတွေကို ဘယ်လိုထိခိုက်သလဲကြည့်လိုက်ရအောင်။




ဒါကတော့ ကြားခဲ့ဖူးတာ။

မြင်ခဲ့ဖူးတာမဟုတ်ဘူး။

စနေသားတစ်ယောက် အိမ်ထောင်ကျပြီး ရင်သွေးလေးရလာတော့ မှည့်လိုက်တဲ့နာမည်က ကျော်ဘုန်းမြတ်။

သူ့နာမည်မှာ ကျော်ပါတယ်။ သူ့ဇနီးနာမည်မှာက မြတ်ပါတယ်။ ကလေးကို နှစ်မျိုးတွဲမှည့်လိုက်တော့ ကျော်ဘုန်းမြတ်ဖြစ်ကရော။

သူက ဆိုင်ကယ်ကယ်ရီဆွဲတာ။

အိမ်ထောင်မကျခင်ကတည်းက ဆွဲတာ။ အိမ်ထောင်ကျပြီး ကလေးရလာတဲ့ထိဆွဲတုန်း။

ဘာကြောလဲ၊ ကလေးလေးအခါလည်တောင် မပြည့်သေးဘူး။ သူ့ဆိုင်ကယ်က ဘာကိုရှောင်လိုက်လို့လား မှောက်သွားတာ။ တော်သေးတာပေါ့၊ ခရီးသည်မတင်ထားတဲ့အချိန်မို့။

သူကတော့ ခေါင်းမကောင်းတော့ဘူး။

သူ့မိဘတွေက တော်တော်လေးကုလိုက်ရတယ်။ မသေတာဘဲကံကောင်း။ သတိပြန်ရလာတော့ သိပ်မမှတ်မိချင်ဘူး။

ကြည့်ရပြန်တော့ အမြဲတမ်းအိပ်ငိုက်နေသလိုကြီးပဲ၊ မျက်လုံးကြီးကစင်းလို့။

အော်ကျယ်အော်ကျယ်နဲ့ အမြဲတမ်း စကားပြောတတ်တဲ့သူဟာ အသံတောင်မထွက်တော့ဘူး။ သူကြည့်ရင်ရယ်တော့မလိုလို၊ ပြုံးတော့မလိုလိုပုံစံနဲ့။

အမျိုးမျိုးပြောကြတာပေါ့လေ။

ဘာကိုင်တယ်ညာကိုင်တယ်ပေါ့။

တချို့ကတော့လည်း ဘယ်သူကဘယ်လိုလုပ်ထားတယ်တို့ဘာတို့ပေါ့။

တချို့ကျတော့လည်း ကံနိမ့်လို့တို့ဘာတို့။

ဟုတ်ချင်လည်းဟုတ်မှာပေါ့လေ။ သူတို့ ရှုထောင့်အမြင်ကနေကြည့်ရင် ဟုတ်မှာပေါ့။

ဒါပေမယ့် စဉ်စဉ်ထင်ထင်သတိထားလိုက်မိတာကတော့ နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ ခပေါင်းကိန်းပါပဲ။

ကျော်ဘုန်းမြတ်လေးဟာ ခပေါင်းကိန်းနဲ့အတူတူမို့ နာမည်မြင်ကွင်းထဲကနေ ကျော်ဘုန်းမြတ်လေးကို ကြည့်နေလိုက်မိပါတယ်။

ပြောရတာတော့ လွယ်ပါတယ်။

ကံနိမ့်လို့ပဲဖြစ်ဖြစ်၊ ဘယ်သူကဘယ်လိုပညာနဲ့လုပ်ထားလို့ပဲဖြစ်ဖြစ် ဟိုအရင်ကတည်းက တောက်လျှောက်စီးလာတဲ့ ဆိုင်ကယ်၊ နှစ်ပေါင်းများစွာချီပြီး စီးလာတဲ့ ဆိုင်ကယ် -

ဘာဖြစ်လို့ ကျော်ဘုန်းမြတ်လေး မွေးပြီးခါမှ ဦးခေါင်းတွေ၊ အာရုံကြောတွေ ထိကုန်ရသလဲ။

ထိမယ့်ထိပြန်တော့ အာရုံကြောတွေပါထိကုန်တဲ့ထိ ဘာလို့ဖြစ်ကုန်ရတာလဲ။

ဒါဟာ နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ပညာတွေပါပဲ။

နာမည်နဲ့ဆိုင်တဲ့ ပညာရပ်တွေမှာ ရုပ်လုံးကြွလာစေနိုင်တာ၊ ထိချင်ဖြင်းတာတွေ သိနိုင်တာ၊

ကြားလိုက်တာနဲ့ ဟာခနဲ၊ ဟင်ခနဲဖြစ်သွားစေနိုင်တာ -

အင်္ဂဝိဇ္ဇာပါပဲ။

အင်္ဂဝိဇ္ဇာအမြင်ကနေ ကြည့်ယူရတဲ့နာမည်ပညာဟာ တကယ့်ကို ဆောင်ရန်၊ ရှောင်ရန် ထိရောက်လှပါပေတယ်။

ဒီလို ခပေါင်းကိန်းမျိုးတွေ အများကြီး တွေ့ခဲ့ဖူးပါတယ်။

စနေသားသမီး ဖြစ်ပါလျက်နဲ့ ကိုယ်တိုင် ခပေါင်းကိန်းမိအောင် နာမည်မှည့်ထားထားမိတဲ့သူတွေ -

အိမ်ထောင်ပြုလိုက်တဲ့အခါ အိမ်ထောင်ဖက်ရဲ့နာမည်တည်ဆောက်ပုံက ခပေါင်းကိန်းမိသွားရတာတွေ -

သားသမီးရလာလို့ နာမည်ရွေးတဲ့အခါ ကိုယ့်အတွက် ခပေါင်းကိန်းမိသွားပြီး တချို့မိဘတွေဆို ကလေးကိုတောင် မမြင်နိုင်တော့တဲ့အဖြစ်တွေ အများကြီး တွေ့ခဲ့ဖူးပါတယ်။ တွေ့လည်းတွေ့နေရ



www.burmeseclassic.com

www.burmeseclassic.com

တုန်းပါပဲ။

ဘာမှမဖြစ်တဲ့သူတွေ ရှိချင်လည်း ရှိမှာပေါ့။

ဒါက ပညာပိုင်းမို့ ပညာခွင်အရ ကိန်းအရ ထိခိုက်သွားစေနိုင်တဲ့ ပညာခန်းမို့ နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ ခပေါင်းကိန်းကို ရှုထောင့်တစ်ခု အနေနဲ့ ကြည့်ပြလိုက်တာပါ။

တချို့ နာမည်က တင်ဘုန်း။ ဇနီးက တနင်္လာစ ကြာသပတေးပိတ် မှည့်ထားတဲ့နာမည်။

တချို့ ဇနီးသည်နာမည်က ကြည်ကြည်မိုး။

တချို့ ဇနီးက စနေ၊ ယောကျ်ားက ခိုင်မင်းတို့။ အများကြီးတွေ့ဖူးတယ်။

ကလေးမကလေးတစ်ယောက်ဆို နာမည်က တစ်မျိုး။ သူ့ကိုမွေးပြီးမှ သူ့မိဘစီးပွားတက်တယ်လို့ဆိုပြီး တိုးတိုး၊ တိုးတိုးနဲ့ ခေါ်ကြတာ။ နာမည်အရင်း ပျောက်နေတယ်။ တိုးတိုးပဲ အားလုံးသိတယ်။

ယူလိုက်တဲ့ယောကျ်ားက ခင်မောင်။

တစ်ခါတည်း ခပေါင်းကိန်းပဲ။

ကလေးမလေးဟာ အင်မတန်အေး၊ အင်မတန်ရိုးသားလွန်းလို့ ကောင်လေးရဲ့ မိဘတွေကိုယ်တိုင်ကရော ချစ်လွန်းလွန်းလို့ သူတို့ကိုယ်တိုင် ပေးစားလိုက်တာ။

(၁) နှစ်၊ (၂)နှစ် ကျော်စပြုတာနဲ့ သူပုံစံပြောင်းသွားပြီ။ တိုးတိုးပုံစံပြောင်းသွားပြီ။

ကောင်လေးက ရှာရသမျှ တိုးတိုးကို အပ်တယ်။

ကြာတော့ ကောင်လေးမိဘတွေလာရင် တိုးတိုးက သိပ်မကြိုက်ချင်တော့ဘူး။ ဘာမှတော့မပြောပေမယ့် တည်တည်နေတာတို့၊ စကားမပြောနိုင်၊ မခေါ်နိုင်ဖြစ်တာတို့ဖြစ်လာပြီ။

သူတို့ကိုယ်တိုင် ပေးစားထားတဲ့ ချွေးမ အချိုးအဲဒီလိုဖြစ်ပြနေတော့ သူတို့ရင်ထဲမှာဘယ်ကောင်းမလဲ။ မလာချင်ကြတော့ဘူး။ တဖြည်းဖြည်း အလာကျဲသွားတယ်။ သူတို့အလာကျဲလေ သူတို့ရဲ့ ချွေးမကကြိုက်လေ။

ကြာတော့ -

ရပ်ကွက်ထဲမှာရော ကောင်လေးအသိုင်းအဝိုင်းမှာပါ တိုးတိုးဟာ တကယ့်မိန်းမကြမ်းကြီးကိုဖြစ်လို့။ ပြောခံရတာ ပြောပါတယ်။

သူတို့တွေရဲ့ အမြင်မှာတော့ တိုးတိုးဟာ မိန်းမကြမ်းကြီးပေါ့။

နီးစပ်တဲ့သူတွေကရော တိုးတိုးကို ငွေမက်တယ်တို့ဘာတို့ ပြောချင်လည်း ပြောကြမှာပေါ့။

ဒါပေမယ့် တိုးတိုး ဒီလိုဖြစ်သွားရတာနဲ့ ပတ်သက်ပြီး ဘယ်သူမှ သတိမထားလိုက်မိတာလေးရှိနေပါတယ်။


တော်ရုံနဲ့တော့ မမြင်နိုင်လောက်ပါဘူး။

တမင်ကြည့်ယူရတဲ့မြင်ကွင်းထဲကို ရောက်လာမှပဲ မြင်ရသိရတဲ့ အကြောင်းပါ။ မြင်ကွင်းကတော့ -

နာမည်မြင်ကွင်းပါပဲ။

ဟုတ်ပါတယ်။ နာမည်မြင်ကွင်းထဲကနေကြည့်လိုက်ရင် တိုးတိုးဟာ အပြစ်မရှိရှာပါဘူး။သူတို့ပြောသလို မိန်းမကြမ်းကြီးလည်း မဟုတ်ရပါဘူး။ ငွေလည်း မမက်လောက်ပါဘူး။

တိုးတိုးကို ဒီလိုဖြစ်သွားအောင် ကြိုးကိုင်လိုက်တာကတော့ အင်္ဂဝိဇ္ဇာ ပညာခန်းလာ ခပေါင်းကိန်းပါပဲ။




ဒီခပေါင်းကိန်းဟာ နာမည်မြင်ကွင်းထဲကို ရောက်လာတဲ့ ကိန်းပါပဲ။ ခပေါင်းကိန်းနဲ့ တည်ဆောက်ထားတဲ့ နာမည်ပညတ်ဟာ ဖအစ်ဖက်ကို ထိခိုက်သွားစေတဲ့အကြောင်းပါပဲ။

ဒီလို ခပေါင်းကိန်းမိပြီး အလယ်အချာ စနေကို ထိခိုက်သွားကြသူတွေ အများကြီးရှိနေပါတယ်။

တအိအိထိကြတာရှိသလို ရုတ်တရက်ထိကြသူတွေလည်းမနည်းပါဘူး။

ကလေးမလေးတစ်ယောက်ဆိုရင် အရွယ်တောင်မရောက်သေးဘူး။ အိမ်ထောင်ကျ၊ ကွဲသွား၊ နောက်ထပ်အိမ်ထောင်ကျ။ မိဘလက်ထဲမှာ မဆင်းရဲခဲ့ပေမယ့် အိမ်ထောင်နဲ့ကျတော့ အခြေအနေမပေးလို့ သူပါအသုပ်ရောင်းလိုက်၊ အကြော်ရောင်းလိုက်နဲ့။

သူ့နာမည်က စနေ။ နှင်းနှင်းချို။

အများက ချစ်စနိုးခေါ်ကြတော့ ချိုမ။ ချိုမာမဟုတ်ဘူး ချိုမ။ မချိုဆိုတာကို ပြောင်းပြန် ပြန်ခေါ်ထားတာ။

သူ ဒီလို အိမ်ထောင်ရေးကံ…
မကောင်းတာနဲ့ပတ်သက်ပြီး အမျိုး…
ပြောကြတာပေါ့လေ။ တချို့ကျ…
လည်း ဘဝဟောင်းရဲ့ အနှောင့်အယှ…
တို့ဘာတို့ ပြောကြတာပေါ့။ တချို့…
တော့လည်း မိဘတွေနဲ့ အတူမနေ…
အောင်လုပ်ထားတာတို့ဘာတို့ပေါ့။

အဲဒါတွေတော့ မသိဘူး။

ဘဝဟောင်းကိုလည်း မမြင်…
တော့ မပြောတတ်ဘူး။

မိဘတွေနဲ့ အတူမနေနိုင်အောင်…
လုပ်ထားတယ်ဆိုတာမျိုးနဲ့ ပတ်သက်…
ပယောဂပညာ မတတ်ထားတော့ …
ဘူး။

သိလိုက်တာက နာမည်မြင်ကွင်း…
ထဲကို ရောက်လာတဲ့ ချိုမပါပဲ။

ဟုတ်ပါတယ်။

နှင်းနှင်းချိုကို တအိအိနဲ့ ထိခိုက်…
သွားစေတဲ့ ခပေါင်းကိန်းပါ။

နှင်းနှင်းချိုလေးအကြောင်းကို သတိ…
ထားနေရင်းကနေ အောင်ဗလလေး…
လည်း သတိရချင်ရကြမှာပါ။

ဟုတ်ပါတယ်၊ သူတို့လေးတွေ…
ဟာ အေးအေးချမ်းချမ်းနေကြသူတွေ…
စိတ်ထားယုတ်မာကြသူတွေလည်းမဟုတ်…
ကြပါဘူး။ ဒါပေမယ့် ပညာခန်းနဲ့ယှဉ်…
မိသွားတဲ့ အလွယ်ခေါ်နာမည် ပညာ…
က သူတို့ရဲ့ဘဝလေးတွေကို ပြောင်း…
သွားစေခဲ့ပါတယ်။

နာမည်မြင်ကွင်းထဲကိုရောက်လာ…
ကြတဲ့ သူတို့လေးတွေရဲ့အကြောင်းတွေ…
ဟာ မီး၊မီးမီးလို့ပြောလေ့ရှိကြတဲ့ ကလေး…
တွေလိုပါပဲ။ ပြုပြင်ဖို့ တော်တော်ခက်…
သွားပါပြီ။

ကာယကံရှင်တွေဖြစ်တဲ့ သူတို့…
ကိုယ်တိုင်သိရင်တောင် ပြင်နိုင်မယ်…
မထင်တော့ပါဘူး။

သူတို့ကို အဲဒီလိုတွေတွင်အောင်…
ခေါ်ကြတဲ့၊ခေါ်ခဲ့ကြတဲ့ သူတို့ရဲ့မိဘတွေ…
ညီအစ်ကိုမောင်နှမတွေ၊ မိတ်ဆွေသူငယ်…
ချင်းတွေကကော ဂရုတစိုက်နဲ့ ပြင်ခေါ်…
နိုင်ကြပါတော့မလား။

ဒါ နာမည်ပညာရဲ့ အသက်ပါပဲ…

မကောင်းမှန်းသိရင် မကောင်း…
သလို စဉ်းစားပေးပြီး ကောင်းတဲ့ဘက်…
ဘယ်လိုပြုပြင်ပေးရမယ်၊ ဘယ်လိုပြောင်း…
ခေါ်ပေးရမယ်ဆိုတာ လူတော်တော်များ…
များရဲ့ရင်ထဲမှာ အင်မတန်ဝန်လေး…
ပါတယ်။

ရှင်းရှင်းပြောရရင် ဒီကလေး…
ယောက် ဒီလိုကြုံနေပါတယ်။ ဒါကြောင်…



www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်လေးကို ဒီလိုမခေါ်ပါနဲ့။ ဒီလို ခေါ်နေတာကို ဖျောက်ပေးပါပြောရင် မဖျောက်ချင်ကြဘူး။ ဟိုလိုပြောင်းခေါ် ပေးပါဆိုရင်လည်း အတော်ခဲယဉ်းတဲ့ ကိစ္စကြီးကိုလုပ်နေရသလိုပဲ။ တချို့များ အဲဒီလိုပြောင်းခေါ် ပေးရမှာ သူတို့ကိုယ် တိုင် ပါးစပ်ရှက်နေသလိုမျိုးကြီးပဲ၊ လုံးဝ ခေါ်ဘူး။

ဒီတော့ ဒီလိုကိန်းတွေမိပြီး ဒီလို ဖြစ်ကုန်ကြတာ သိပ်တော့မဆန်းပါဘူး။ ခေါ် ရမှာ၊ ပြောင်းခေါ် ရမှာ ဝန်လေးကြ တာကိုး။

နှုတ်အကျင့်ကို မပြင်ချင်ကြဘူး လေ။

မကောင်းတာကို မကောင်းမှန်း သိလို့ ပြုပြင်နိုင်းရင် လူတော်ပဲလို့ ပြော ကြလေ့ ရှိပါတယ်။

နောက်တစ်ခု ပရအကျိုး ဆိုတာ ရှိပါတယ်။

သူ့နာမည်က ဒီလိုတည်ဆောက် ထားလို့ မကောင်းပါလား။ ဒီလိုဆို သူ့ အတွက် ကောင်းသွားအောင် ငါတို့ ပြောင်းခေါ် ပေးလိုက်မယ်ဆိုတဲ့ စိတ်ဟာ ပရအကျိုးကိုဆောင်တဲ့စိတ်ပါ။ ပြောရ မယ်ဆိုရင် ကူညီတဲ့စိတ်ပါ။ ဒါမျိုးရှိသင့် ပါတယ်။

မရဘူးလေ။ အကျင့်ကပါနေပြီ ဆိုတာမျိုးက သတိမရှိဘူးလို့ ပြောတာနဲ့ အတူတူပါပဲ။ တစ်ဖက်သားအတွက် သတိမထားပေးတာနဲ့ အတူတူပါပဲ။

တချို့ဆို မိဘတွေကိုယ်တိုင် အဲဒီ ... သတိမထားပေးတဲ့စိတ်တွေရှိနေပါ တယ်။ ဒါကြောင့် -

ကျွန်မရဲ့ ကလေးဟာ ဆိုးလာ ... တာမှ တအားပဲတို့ -

ကျွန်တော့်ရဲ့ ကလေးဟာ ပြန် ... နားမထောင်နဲ့တို့ -

ဘာဖြစ်မှန်းမသိဘူး၊ စာကိုမလုပ် ... ဘူးတို့ -

ဂိမ်းပဲနှိပ်နေတာပဲတို့ -

သူများနဲ့ဆိုအကောင်း၊ မိဘတွေနဲ့ ... ကောင်းတော့ဘူးတို့ -

အပေါင်းအသင်းမက်ပြီး အိမ်ကို ... တော့ဘူးတို့ -

ဆိုတဲ့အသံတွေထွက်လာခဲ့ရတာ ... ပါတယ်။

ဒါတွေဟာ နာမည်မြင်ကွင်းထဲကို ... လာတဲ့ နာမည်ပညာခန်းတွေပါ။ ... မြင်ကွင်းဟာ ကြည့်ကြည့်၊ ... ကြည့် မြင်နေရမှာပါဘဲ။မြင်ကွင်း ... ရောက်လာတဲ့နာမည်တွေကို မြင်



နေရမှာပါပဲ။

ခုပဲကြည့်ပါ။ ကိုဟန်မောင် ကြုံရ တဲ့ နာမည်ပညာခန်းနဲ့ အောင်ဗလလေး တို့၊ ချိုမတို့ကြုံရတဲ့ နာမည်ပညာခန်း ဟာ အတူတူပါပဲ။

ဒီလမ်းကြောင်းအတိုင်း သွားတာ ပါ။

ဒါပေမယ့် အောင်ဗလလေးနဲ့ ချိုမတို့ ကြုံရတာမျိုးက ရင်နာဖို့ကောင်း ပါတယ်။

အခေါ် အဝေါ် လေးပြောင်းလိုက် တာနဲ့တင် ဘဝတစ်ဆစ်ချိုးတွေပြောင်း လဲသွားနိုင်ပါရက်သားနဲ့ သူတို့လေးတွေ နဲ့ပတ်သက်ပြီး နာမည်မြင်ကွင်းထဲကနေ မြင်ခွင့်၊ စကားပြောခွင့် မရခဲ့ပါဘူး။

ခုမှ မြင်ပြ၊ စကားပြောပြရတဲ့ အခါ သူတို့လေးတွေ ဘယ်ဆီရောက်လို့ ရောက်နေကြမှန်း၊ ဘယ်မှာနေကြမှန်း တောင် မသိတော့ပါဘူး။

ဒါကိုပဲ သူတို့လေးတွေကံမကောင်း ဘူးပြောရမလား။

ဒီလိုမှ မဟုတ်ရင်လည်း -

နာမည်မြင်ကွင်းထဲကနေ မြင် အောင်ကြည့်ကြတဲ့သူတွေက သူတို့ လေးတွေကို အကျိုးအကြောင်း ပြောပြ ရှင်းပြပြီး သူတို့နဲ့ နီးစပ်ရာ၊ ပတ်သက်ရာ အသိုင်းအဝိုင်းတွေကို ပြောပြပေးမလား။

ပြောပြနိုင်တဲ့ အခြေအနေပေးရင် ပြောပြကြပါစေလို့တော့ ဆုတောင်းပါ တယ်။

ဘာလို့လဲဆိုတော့ ခပေါင်းကိန်းမိ တဲ့ စနေသားသမီးတွေ၊ စတုရန်းကို ပဥ္စ ပွတ်အုပ်တဲ့ ဆူးလေကိန်းမိတဲ့ စနေသား သမီးတွေ အများကြီးရှိနေလို့ပါပဲ။

အရင်မသိသေးရင် ခုသိရပြီမို့ နာမည်မြင်ကွင်းထဲကနေ မြင်အောင် ကြည့်ပေးပါလို့ပြောရင်း -

ဘယ်လိုမှ ရှောင်ဖို့တိမ်းဖို့ မစဉ်း စားကြတဲ့ကိန်းတစ်ခုကို ဆက်ပြီးသွား လိုက်ဦးစို့။

ဒီကိန်းကတော့ -

နာမည်ပညာခန်းမှာ အတော့်ကို ကြောက်စရာကောင်းလှတဲ့ အင်္ဂဝိဇ္ဇာ ပညာခန်းလာ 'စောလှ-လှေဆန်' ကိန်း ပါပဲ။

ဟုတ်ပါတယ်။

စောလှ-လှေဆန် ပညာခန်းဟာ အင်္ဂဝိဇ္ဇာမှာ အထူးရှောင်ရတဲ့ကိန်းပါ။

ဒီကိန်းဟာ သိသိ၊ မသိသိ ချမ်း သာမပေးပါဘူး။

အင်မတန်မှ ထိချက်ပြင်းလွန်းလှ တဲ့ကိန်းပါ။

ဘာနဲ့တူလဲဆိုတော့ မီးခဲတစ်ခဲကို မသိဘဲတက်နင်းလိုက်ရင် ပူသလို သိသိ နဲ့နင်းရင်လည်း ပူတဲ့အတိုင်းပါပဲ။

ဒီကိန်းဟာ မီးခဲနင်းသလိုပါပဲ။

ဒါကြောင့် ဒီကိန်းကို ရှေးရှေးက အင်္ဂဝိဇ္ဇာပညာရှင်ကြီးတွေက အထင်အ ရှားပြခဲ့ကြပါတယ်။

ရှောင်ရှားဖို့ပြခဲ့ကြပါတယ်။
လင်္ကာမျိုးစုံနဲ့ပြခဲ့ကြပါတယ်။

- *ဂဠုန်မင်းထန် ခြင်္သေ့ပျံ ဆဒ္ဒန် ဝင်လာရောက်။*
- *ဂဠုန်မသွေ ပျက်ပြားကြေ သေလေ အပြီးရောက်။*
- *ဆင်လည်းတကြောင်း ကြွက်ငယ် လောင်း*
  *ပေါင်း၍ ကျားကိုကြုံ။*
- *ကြွက်ဖြူရဲမာန် ပူးနှင့်ကြုံ ဂူစံခြင်္သေ့ပျက်။*
- *ပူးနဂါးမြွေ၊ ဆင်ကိုချေ မသွေပျက်ဆီးရ။*
- *နဂါး ဂဠုန် ပေါင်းဘက်တုံ မာန်ဟုန်ကြွက်ကိုညှိုး။*
- *ဂဠုန်လည်းစုတ် ကျားလည်းဟုတ် လန့်ဆုတ် ပူးလည်းကြေ။*
- *ခြင်္သေ့နှင့်ကျား ပေါင်းငြားတထွေ မြွေကိုချေ စနေမြွေပျက်ရ။*

ဒါတွေဟာ ရှေးပညာရှိကြီးတွေ ထားရစ်ခဲ့ကြတဲ့၊ ပြဆိုခဲ့ကြတဲ့ 'စောလှ-လှေဆန်' ပညာခန်းတွေပါပဲ။

ရှေးလင်္ကာတွေ ဖြစ်တဲ့အတွက် မပြင်ဝံ့တာနဲ့ မူရင်းအတိုင်း တင်ပြလိုက် တာ ဖြစ်ပါတယ်။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသော)



www.burmeseclassic.com

www.burmeseclassic.com



(ဂျေခင်း-နေပြည်တော်)

# မနှင်းဆီ

## ကြုံခဲ့၊ ဆုံခဲ့ရသည့် လူး ဆိုသောနာနာဘာဝအကြောင်း

လွန်ခဲ့သော အနှစ် (၂၀) ကျော် ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် ရမည်းသင်းမြို့နယ်၏ အနောက်တောင်ဘက်လက်ရွာများတွင် တွေ့ကြုံခဲ့ကြရသည့် တကယ့်အဖြစ်အပျက်တစ်ခုကို ပြောပြချင်ပါသည်။

၁၉၈၅ ခုနှစ် ကျောင်းဆင်းပြီး အလုပ်လက်မဲ့ဖြစ်နေ၍ ရမည်းသင်းမြို့နယ် ရှမ်းဘုရားဆိုသောရွာကလေးတွင် အရပ်ခန့်မူလတန်းပြဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ အရေးအခင်းမတိုင်ခင် အိမ်ထောင်ကျပြီး အရေးအခင်းကာလတွင်လည်း ထိုရွာကလေးမှာပင် အိမ်ဆိုင်ကလေးဖွင့်၍ ဆက်လက်နေထိုင်ခဲ့ပါသည်။

တစ်နေ့တွင် ကျွန်မတို့ဆိုင်ကို ဈေးဝယ်လာသော ကာလသားခေါင်း ကိုတင်ဦးက -

"ဆရာမရေ၊ ကျွန်တော်တို့ ရွာရဲ့ တောင်ဘက်တစ်ရွာကျော်က ဆူးရဲတောင်ဆိုတဲ့ရွာမှာ လူးတွေဝင်လို့တဲ့။ အဲဒီရွာထဲက အိမ်အတော်များများကို တစ်ညထဲမှာ အိမ်တိုင်တွေ၊ တံခါးတွေမှာ ရွှံ့တွေအသုတ်ခံရလို့တဲ့။ ဝက်မွှေးတွေလို အမွေးတချို့ပါ ရွှံ့နဲ့ရောပြီး ကျန်ခဲ့တယ်။ ပြီးတော့ ကျွန်တော်ကြားခဲ့ရတာတော့ ရန်ကုန်နားက တိုက်ကြီးမြို့နယ်နားကစပြီး မြောက်ဘက်ကို တစ်ညတစ်ရွာ လူးတွေဝင်ပြီး အိမ်တိုင်းလိုလိုရွှံ့တွေအသုတ်ခံရတယ်တဲ့။ အကောင်အထည်တော့ မမြင်ရဘူးတဲ့"

စာရေးသူ ငယ်စဉ်က မိခင်ကြီး ပြောပြသည့် လူးအကြောင်းကို ကြားရပြန်ပါပြီ။

မိခင်ကြီးက -

"တို့ရွာရဲ့ တောင်ဘက်တံခါး အနားက သစ်ပင်ကြီးမှာ လူးရှိတယ်"တဲ့။

"လူးဆိုတာ ဘာလဲအမေ"

ဆိုတော့ မိခင်ကြီးက -

"လူးဆိုတာ နာနာဘာဝတစ်မျိုးပေါ့။ သူရှိတဲ့အပင်အောက်ကိုရောက်လာတဲ့ကံနိမ့်သူဆိုရင် ကျွဲယောင်ဆောင်ပြီးလိုက်တယ်။ ပြီးတော့ သူနေတဲ့အပင်ရဲ့ လူမမီနိုင်တဲ့ခေါင်ဖျားမှာ ရွှံ့တွေသုတ်ပြထားလေ့ရှိတယ်တဲ့။ အဲဒီလိုဆိုရင် သေချာပေါက် အဲဒီအပင်မှာ လူးဆိုတဲ့ နာနာဘာဝရှိတာ သေချာတယ်"

လို့ ပြောပြပါသည်။

နောက်တစ်နေ့မနက်မှာ ကိုတင်ဦးနှင့် ကိုသာအေးတို့အဖွဲ့ ရောက်လာ[illegible] သည်။

"မနေ့ညက ကျွန်တော်တို့ရွာရဲ့ တောင်ဘက် ကံသာရွာမှာ လူး[illegible] သုတ်သွားတာသေချာတယ်ဆိုပဲ။ အဲ[illegible] လိုဆိုရင် ကျွန်တော်တို့ရွာရဲ့အလှည့်[illegible] ဒီညပေါ့။ ဘယ်လိုလုပ်ကြမလဲဆရာမ"

လို့ ပြောလာပါတယ်။

ကျွန်မလည်း စိတ်ကူးထဲရှိသ[illegible] ဒီနေ့ည မှောင်စပျိုးတဲ့အချိန် (အ[illegible] အခေါ်) မိုးတိုးမှောင်တောင်အချိန်[illegible] အိမ်ရှေ့တွေမှာ မီးပျိုးပြီး သံပုံးတီး [illegible] ထုတ်ရရင်ကောင်းမယ်ထင်တယ်"

ဟု ပြောတော့ အဲဒီအကြံအ[illegible] ကို လက်ခံပြီး ဗာကယ်ပဲ ညမိုး[illegible] အချိန်မှာ ရွာရဲ့အရှေ့မြောက်က[illegible] မီးတွေဖိုပြီး သံပုံးတွေတီးကြပါ[illegible] ရော။ တစ်ရွာလုံး မီးတွေလင်းပြီး သံ[illegible] သံတွေဆူညံသွားသည်။ သံပုံးတီးသံ[illegible] တစ်ချိန်တည်း ရွာလယ်ပိုင်းမှ မုဆိုး[illegible] ဒေါ်အုံးကြည်ရဲ့အိမ်တိုင်တွေမှာ ရွှံ့[illegible] သုတ်သွားပြီဆိုတဲ့အသံလည်းကြား[illegible] လူတွေကိုယ့်အိမ်ကိုယ်ပြန်ရှာကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com

နေစကြဝဠာအတွင်းတွင် တည်
...သော ကျွန်ုပ်တို့ကမ္ဘာကြီးသည် အံ့ဖွယ်
...ဆန်းအံ့သြစရာတွေ ရောပြွမ်းနေ
သော ဂြိုဟ်ကမ္ဘာကြီး ဖြစ်လေတော့
သည်။ ထိုကမ္ဘာကြီးတွင်ပင် လောက
...ပါးတို့ဖြင့် ရောယှက်နေလေ၏။
...တုက သုံးလီသတ်မှတ်ထားသည့်
...တိုင်း နွေဥတု၊ မိုးဥတု၊ ဆောင်းဥတု
... ခွဲပြထားလေသည်။ သဘာဝဖြစ်ရပ်
...ကလည်း မတူညီကြပေ။

နွေရာသီတွင် ပူပြင်းခြောက်သွေ့
၏။ မိုးရာသီတွင်မူ စိုစွတ်လေသည်။
ဆောင်းရာသီ၌မူ အေးစိမ့်သောဂုဏ်
သတ္တိတို့ဖြင့် တည်ကြလေသည်။ ထို
ရာသီသုံးပါးလုံးတွင်ပင်လျှင် ဩကာသ
လောက၊သတ္တလောက၊သင်္ခါရလောက
ဟူ၍ ဖြစ်ရလေပြန်သည်။

ထိုအကြောင်းများကပင်လျှင်
သဘာဝစနစ်ကြီး၏ လွန်စွာမှ လျှို့ဝှက်
ခြင်း၊ နက်နဲခက်ခဲခြင်းတို့ဖြင့် စုစည်း
ပေါင်းစပ်ထားသည်ကို ပြနေခြင်း ဖြစ်
လေသည်။ သဘာဝမှာ မသိသူအတွက်
မှာလည်း သုည ဖြစ်၏။ သဘာဝ၏
သဘောတရားတို့ကို ကောင်းစွာ နား
လည်သူအတွက်မှာလည်း သုံးမကုန်နိုင်
ပေ။ အဆုံးမရှိ ကျယ်ပြန့်နက်ရှိုင်းနေ
သောကြောင့်လည်း သုညတဖြစ်နေပြန်
ပါတော့သည်။

ဩကာသလောကကြီးတွင် ရေ၊
မြေ၊ တောတောင်၊ စိမ့်စမ်းတို့ဖြင့်ဖွဲ့စည်း

# သုဒ္ဓ(နုဝင်းမြို့)

# သဘာဝတရားမှပေးသောဆေးနည်း

...တိုင်းလိုလို တွေ့ရပါသည်။ကျွန်မ
...နေတဲ့အိမ်ရဲ့အနီးအနားမှာရှိတဲ့ သမ
...ဝင်းထရံက အလုံမခတ်ထားပေမယ့်
...မြေသတ်မှတ်ထားတဲ့ ဝင်းခြံတိုင်
...ရှိသည်။ အဲဒီတိုင်တွေမှာ ရွှံ့တွေ
... အမွေးတွေပါ တွေ့ရပါသည်။
...မယ့် ကျွန်မတို့နေတဲ့အိမ်မှာတော့
...မှုသုတ်ထားတာမတွေ့ရပါ။

နောက်တစ်နေ့ညမှာ အဲဒီရွာရဲ့
...ကဘက်သစ်ဆုံကြီးရွာကိုသုတ်သွား
...သည်။ သစ်ဆုံကြီးရွာမှာနေတဲ့ ကျွန်မ
...တွေနေအိမ်မှာလည်း အသုတ်မခံ
... ကျွန်မ စဉ်းစားမိတာက ညစဉ်
...ရှိခိုး၊ မေတ္တာပို့၊ အမျှဝေ စတဲ့
...သာရေးအလုပ်ကို ပုံမှန်လုပ်ရုံနှင့်
...ကြီးစကားကျယ်ပြောရလျှင် မိရိုး
...ဗုဒ္ဓဘာသာကျင့်စဉ်လေးတစ်ခုကို
...ရုံနှင့် ဒီလောက်လုံခြုံနေပါလား
... ကျေနပ်မိပါသည်။ ဗုဒ္ဓဘာသာ
... စစ်မှန်တဲ့ မှတ်ကျောက်တင်ခံနိုင်
...သာပါလား။ မာရဏပရိတ်တွင်
... ဤမာရဏပရိတ်တော်သည်
...ဘေးကို ကြောက်ရွံ့သောသူတို့
...ကိုးကွယ်ရာလည်း ဖြစ်၏၊ ပုန်း
...လှဲလျောင်းရာလည်းဖြစ်၏ ဆို
... တရားတော်ကို လက်တွေ့ကြုံရ
...အခါ အားကိုးထိုက်သော ဘာသာ
...အရိပ်တွင် မှီခိုခွင့်ရသော မိမိ
...ကို ကျေနပ်မိပါသည်။ စာရေးသူ
...င် မိရိုးဖလာဗုဒ္ဓဘာသာဝင်တိုင်း
...မ်းလုံခြုံကြမည်ဟု ယုံကြည်မိပါ

အဲဒီအတွေးတွေနှင့်အတူ ငယ်စဉ်
က ဖတ်ခဲ့ဖူးသည့် အကြောင်းအရာတစ်
ခုကို သတိရမိပါသည်။ ငါးရာ့ငါးဆယ်
နိပါတ်ထဲက ဘာသာရေးအကြောင်း
အရာတစ်ခုပေါ့။ တိုင်းပြည်တစ်ခုမှာ
မင်းနှင့်ပြည်သူတွေက ကိုယ်ကျင့်တရား
ပျက်ပြားပြီး ဘာသာရေးတွေကို မေ့
လျော့ပြီးနေကြတဲ့အချိန်မှာ သိကြား
မင်းက မာတလိနတ်သားကို ခွေးနက်
ကြီးယောင်ဆောင်ခိုင်းပြီး ဘယ်လောက်
ကြီးတဲ့ခွေးနက်ကြီးလဲဆို နန်းတော်တံခါး
အထိမြင့်တဲ့ခွေးနက်ကြီးပေါ့။ သူကိုယ်
တိုင်လည်း အဲဒီခွေးနက်ကြီးကိုဆွဲထား
တဲ့ လူအကြီးကြီးယောင်ဖန်ဆင်းပြီး တစ်
တိုင်းပြည်လုံး ကြားလောက်တဲ့အသံနဲ့
ဟောင်ခိုင်းတော့တာပေါ့။ မင်းနှင့် တိုင်း
သူပြည်သားတွေ ကိုယ်ကျင့်တရားပျက်
ပြားပြီး ရတနာသုံးပါးကို မေ့လျော့တဲ့
သူတွေဆိုရင် ဒီခွေးကြီးရဲ့ ကိုက်စားခံရ
မယ်ဆိုပြီး ခြိမ်းခြောက်တော့မှ လူတွေ
လည်း ဘာသာရေးကိုသတိရပြီး ရတနာ
သုံးပါးရဲ့အရိပ်ကို ခိုလှုံရမှန်းသိလာကြ
ပြီး ကောင်းမွန်တဲ့ ကိုယ်ကျင့်တရားနှင့်
အညီ နေထိုင်လုပ်ကိုင်လာကြတော့
တယ်တဲ့။

အခုအဖြစ်အပျက်ကလည်း အဲဒီ
ပုံနှင့် သွားဆင်တယ်လို့ ထင်မိပါသည်။
လူတွေ ဘာသာရေးမလုပ်လို့ ကိုယ်ကျင့်
တရားတွေပျက်ပြားနေကြလို့ ခေတ်ဆိုး
ခေတ်ပျက်ထဲမှာ တိုင်းပြည်မငြိမ်မသက်
ဖြစ်နေတဲ့အချိန်မှာ သတိတရား၊ အ
ကြောက်တရားနဲ့ ရတနာသုံးပါးအရိပ်
ကို ခိုလှုံလာအောင် နတ်ဒေဝါတွေရဲ့
သတိပေးခြင်းတစ်ခုလို့ ယုံကြည်ပါသည်။
အဲဒီနောက်ပိုင်းမှာ လူတွေလည်း
အကြောက်တရားနှင့် ရတနာသုံးပါးကို
ကိုင်းရှိုင်းလာကြပြီး မကြာခင်မှာ
တိုင်းပြည်အခြေအနေလည်း ပြန်လည်
ကောင်းမွန်လာပါသည်။ ဒါကြောင့်
ဗုဒ္ဓဘာသာနိုင်ငံတွေမှာ မိဘကဲ့သို့
စောင့်ရှောက်မည့်သတိပေးမည့် ပုဂ္ဂိုလ်
တွေရှိနေပါလားဆိုတဲ့ အတွေးနှင့်
ကျေနပ်ပီတိဖြစ်မိပါသည်။ သို့သော်
ဘုရားရှင်က နည်းလမ်းသာပေးပါသည်။
ဗုဒ္ဓဘာသာဝင်တစ်ယောက်လို့ သတ်
မှတ်ရုံနှင့် ရန်အားလုံး လုံခြုံသွားပြီလို့
သတ်မှတ်လို့မရပါ။ ဘာမှမလုပ်ဘဲနှင့်
တော့ ဘာမှမရပါ။ အနည်းဆုံး ရတနာ
သုံးပါး၏ ဂုဏ်ကျေးဇူးကို အကြွင်းမဲ့
ယုံကြည်သက်ဝင်မှုရှိပြီး ဘုရားဂုဏ်၊
တရားဂုဏ်၊ သံဃာ့ဂုဏ်တို့ကို ပွားများ
ခြင်း၊ ဘုရားရှိခိုးပုတီးစိပ်ခြင်း၊ မေတ္တာ
ပို့၊ အမျှဝေခြင်းတို့လောက်တော့ လုပ်
သင့်ပါသည်။ ထို့အပြင် ဒါန၊ သီလ၊
ဘာဝနာတို့ကိုပါ ပြုလုပ်နိုင်သောပုဂ္ဂိုလ်
ဆိုပါက တစ်ဘဝသာမဟုတ် သံသရာ
တစ်လျှောက်လုံးအတွက်ပါ လုံခြုံစိတ်ချ
ရသော မှတ်ကျောက်တင်ခံနိုင်သည့်
ဘာသာပါလား ဟူ၍ အသိပညာကို
ရရှိခဲ့ပါသည်။ ငယ်စဉ်က အမေပြောခဲ့
သည့် လူး ဆိုသော နာနာဘာဝဆိုသည်
မှာ အိပ်ရာဝင်ပုံပြင်မဟုတ်ဘဲ အမှန်
တကယ် တွေ့ကြုံခဲ့ကြရပါသည်။

မနှင်းဆီ (ရေဆင်း-နေပြည်တော်)



www.burmeseclassic.com

www.burmeseclassic.com

ထားသဖြင့် နွယ်ပင်၊ သီးပင်၊ စားပင်၊ ဥပင်၊ အပွင့်၊ အပေါက်၊ အခေါက်၊ အသီး၊ အရွက်အခက်၊ အမြစ် စသည်တို့မှာလည်း ဂုဏ်သတ္တိများစွာဖြင့် ပြည့်ဝနေသောကြောင့် သက်ရှိသတ္တဝါများနှင့် လူသားများအတွက် အသက်ခန္ဓာကိုယ် ပင်လျှင် ဆင်းရဲအောင်၊ ပင်ပန်းအောင်၊ သေကျေပျက်စီးအောင် စွမ်းဆောင်နိုင် ပေသည်။

အစွမ်းသိဒ္ဓိတို့ကို ထဲထဲဝင်ဝင် နားလည်သောသူသည်လည်း သက်ရှိသတ္တဝါများနှင့် လူသားများအတွက် ခွန်အားကို ဖြစ်စေ၏။ အသိဉာဏ်ကို တိုးပွားစေ၏။ အသက်ဇီဝကိုပင် ရှည်စေအောင် စီမံနိုင်လေသည်။

သတ္တလောကကြီးတွင် လှုပ်ရှားကျင်လည်နေသော ခပ်သိမ်းကုန်သော သတ္တဝါတို့၏ အသား၊ အရိုး၊ သည်းခြေ၊ သွေးစသည်တို့သည်လည်း လူသားများကို ဒုက္ခပေးစေနိုင်၏။ အသက်ကိုပင် ကောင်းစွာပင် လွယ်ကူစွာ နုတ်ယူစွမ်းနိုင်ကြပေသည်။

လူသားများအတွက် သက်ရှည်ကျန်းမာ ပျော်ရွှင်စွာ နေထိုင်နိုင်အောင်ကိုလည်း သူတို့၏ ပစ္စည်းများမှ ကယ်မပေးနိုင်သည်မှာလည်း လွန်စွာ အံ့ဩဖွယ် ဖြစ်ရလေတော့သည်။

ရှေးရှေးနှစ်ပေါင်းသန်းများစွာက ပင်လျှင် ထိုကဲ့သို့ သဘာဝကပေးသော သီး၊ ပွင့်၊ ခေါက်၊ မြစ် စသည်တို့နှင့် ဖြစ်စေ၊ သတ္တဝါများ၏ အသား၊ အရိုး၊ ဦးချို၊ ခွာ၊ သည်းခြေ၊ သွေးစသည်တို့ဖြင့် လူသားတို့၏ ကျန်းမာရေးအတွက် အသုံးပြုတတ်ကြလေသည်။ ဤသည် ကပင်လျှင် သဘာဝကပေးသော ဆေးပညာတို့ကို သိရှိနားလည်ပြီး သုံးစွဲလာခဲ့ပေသည်။

ကျွန်ုပ်တို့၏ ဆေးပညာနယ်ပယ်ထဲတွင် ဝိဇ္ဇာဓရဂမ္ဘီရဆေးပညာလည်း ပါဝင်နေခဲ့ပါသည်။ ထိုပညာရပ်များသည် အသိခက်လှ၊ ယုံရခက်လှသော မန္တန်ပညာ၊ အင်းပညာ၊ လက်ဖွဲ့ပညာ တို့ကိုလည်း ချန်လှပ်ထား၍မရနိုင်ပါ။ အမှန်တကယ် နားလည်တတ်ကျွမ်းခြင်း မရှိဘဲ ဆောင်ရွက်သောသူသည် သူသတ်သမားဖြစ်နေလိမ့်မည်။

ကျွန်ုပ်တို့ ဆေးပညာနယ်တွင် ဒူလာ၊ မီးယပ်နှင့် ကလေးသူငယ်များ အတွက် ကုထုံးပေါင်းများစွာဖြင့် တည်ရှိခဲ့ပြီးလည်း ဖြစ်ပါသည်။

ယခု ကျွန်ုပ်တင်ပြမည့် သူငယ်နာရောဂါကုထုံးသည် လွန်စွာသိမ်မွေ့လှပါသည်။ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ရှိမည်လည်း မထင်ပါ။

မြန်မာ့သမိုင်းစာမျက်နှာပေါ်တွင် ပါဝင်ခဲ့ခြင်းမရှိသော ကျွန်ုပ်၏ ဘေးတော် ခုံမင်းကြီးဖိုးရွှေညှင်း၏လက်ထက်မှယနေ့ထိ ဆွေစဉ်မျိုးဆက် အသုံးတည့်သည့် မိသားစုပိုင် ဆေးမြီးတိုနည်း တစ်ခုကို ဖော်ပြပေးပါမည်။

ထိုသူငယ်နာဆေးမြီးတိုမှာ ရာသီမရွေး၊ အချိန်အခါကာလမစောင့်ဆိုင်းရ။ မည်သည့်ဒေသ၊ လူနေအိမ်၊ ကျောင်းကန်၊ ဇရပ်တို့တွင် လွယ်လင့်တကူရှာဖွေနိုင်သော ပစ္စည်းလည်း ဖြစ်ပါသည်။ ထိုပစ္စည်းသည် လသားအရွယ် လွန်စွာနုံ့သေး ငယ်သေးသော အနှီးတွင်းမှ ကလေးသူငယ်တို့ အဖြစ်များသည့် ရောဂါကို ကောင်းစွာ ပျောက်ကင်းစေပါသည်။

ထိုရောဂါသည် 'သူငယ်ကလေးတို့၏ ထိပ်ကပ်နာ' ပင် ဖြစ်ပါသည်။ ကလေးငယ်ထိပ်ကပ်နာဟု ခေါ်ရသော ကလေးငယ်နှာခေါင်းပိတ်သောရောဂါကိုပျောက်ကင်းစေပါသည်။ ထိုထိပ်ကပ်နာကို ကုသရန် ဆေးရှာရမည်။

ထိုဆေးရှာရာတွင် အိမ်အတွင်း ချောင်ကျသော ထောင့်နေရာများ၊ တံခါးရွက်များလှပ်ထားရာတွင် တံခါးရွက်နှင့် ထရံအကြားတို့ကို ရှာကြည့်ရန် ဖြစ်ပါသည်။ ထိုနေရာများတွင် လွန်စွာ ရိုးရှင်းသော ပင့်ကူအမျှင်တွေကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ထိုပင့်ကူအမျှင်များထဲတွင် သေချာစွာ ဂရုစိုက်ကြည့်ပါက တွေ့မြင်ရမည် ဖြစ်ပါသည်။ ထိုအရာသည် ပင့်ကူမျှင်တန်းလန်းနှင့် သေနေပြီဖြစ်သော ပင့်ကူကောင်ပင် ဖြစ်ပါသည်။

ထိုပင့်ကူသေကောင်သည် ဆင်တူရိုးမှားနှင့် မှားတတ်သောပင့်ကူရှိပါသည်။ ဂနသေချာစွာ သိသူအနေဖြင့် လုံးဝမမှားနိုင်ပါ။ ဆေးအသုံးမဝင်သော ပင့်ကူသည် ဆေးအသုံးဝင်သော ပင့်ကူကောင်ထက် အရွယ်အစားကြီးပါသည်။ နောက်ခြေထောက်များတွင် ဆူးတက်ကလေးများ ဆူးတောင်ကလေးများ ပါဝင်ပါသည်။ ထိုဆူးကလေးများသည် ကလေး၏ အသားအရေနှင့် ထိသောအခါတွင် ယားယံခြင်း၊ အဖုအပိမ့်များ ဖြစ်လာတတ်ပါသည်။

ဆေးသုံးရသည့် ပင့်ကူကောင်ကို 'ပင့်ကူဆွဲကျ' ဟု ခေါ်ပါသည်။ ထိုပင့်ကူ




တွဲလောင်းကျနေသော
ပင့်ကူအသေကောင်

၏ ကိုယ်လုံးမှာလည်း လွန်စွာသေးငယ် လှသော ကိုယ်ထည်သေးငယ်သွယ် နေပါသည်။ ထင်ရှားသိသာ မြင်သာ အောင် ပုံဖြင့်ရေးသားဖော်ပြပေးလိုက် ပါသည်။

ထိုပင့်ကူဆွဲကျအကောင်လေး ပြီး အုန်းဆီအနည်းငယ်ဖြင့် ရော ကျေမွသွားအောင်ခြေပြီးနယ်ရပါမည်။ ထိုသို့ကြေနေအောင်နယ်ထားသောအ ဆီစိုနေသောပင့်ကူဆွဲကျကို လက်ဖြင့် ပြီး နှာခေါင်းပိတ်နေသော ကလေး ငယ်၏ ငယ်ထိပ်ပေါ်သို့ အုံပေးရန် ဖြစ်ပါသည်။

ထိုသို့ ကလေးသူငယ်၏ ငယ်ထိပ် ကို အုံပေးခြင်းဖြင့် နှာခေါင်းပိတ် သော ကလေးသူငယ်မှာ ချက်ချင်း နှာ ခေါင်းပွင့်လာပြီး ကောင်းစွာ အသက်ရှူ လာနိုင်မည် ဖြစ်ပါသည်။ ကလေးမှာ သည် ပန်းကလေးကဲ့သို့ ချက်ချင်းလ ဆန်းပြီး ပျော်ရွှင်မြူးလာမည် မုချ ဖြစ်ပါသည်။

ယခု ကျွန်ုပ်ရေးသားတင်ပြသော ဆေးမြီးတိုသည် မိမိတို့ နေထိုင်လျက် ရှိသော အဆောက်အအုံများထဲတွင် အချိန်အခါမရွေး ရှာဖွေ၍ လွယ်ကူ ဒိဋ္ဌပျောက်သော ဆေးမြီးတို ဖြစ် သည်။ ရင်သွေးငယ်အတွက် က အထူးကုထံ သွားရောက်ပြသရန်မလို နှင့် မြန်မာတို့၏ ဝိဇ္ဇာဓရဂမ္ဘီရဆေးနည်း ကောင်းဖြစ်ကြောင်း သားသည်မိခင် များအတွက် ရေးသား တင်ပြလိုက်ရ တော့သည်။

ကျွန်ုပ်တို့၏ တိုင်းရင်းဆေးပညာ မှ ကွယ်ပျောက်သွားခြင်းမရှိအောင် သုံး စွဲတတ်အောင်၊ ခိုင်မာလာအောင်၊ လက် ဆင့်ကမ်းပြီး ထိန်းသိမ်းကြပါစို့ဟုလည်း ထပ်လောင်း နှိုးဆော်လိုက်ရပါသည်။

ရောဂါကင်းကွာ
ကျန်းမာကြပါစေ

သုဒ္ဓ(နဝင်း



www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်စိုး

# ငှက်ပျောပင်ယဉ်အောင်ပြုပြင်နည်း



၂၂ - ၁၂ - ၂၀၁၃ မှာ ကျွန်တော် မြောက်ဒဂုံရှိ စာရေးဆရာ ဦးမောင်မောင်အေးနဲ့ စာရေးဆရာမ ဒေါ်တင်တင်နွဲ့တို့အိမ်ကို ရောက်နေတဲ့အချိန်မှာ ဆရာဦးမောင်မောင်အေးက သူသတ္တုရှာဖွေရေးတွေမှာ တာဝန်ထမ်းနေတဲ့အချိန် တောတွေတောင်တွေထဲ မြန်မာနိုင်ငံအနှံ့သွားလာရတဲ့ အတွေ့အကြုံတွေကို ပြောပြရာမှာ တောငှက်ပျောပင်တွေအကြောင်းလည်း ပါပါတယ်။ ပြီးတော့ သူ့အိမ်ဝိုင်းထဲမှာငှက်ပျောပင်တွေအကြောင်းလည်း ပါပါတယ်။

"ကျွန်တော့်အိမ်ဝိုင်းထဲက ငှက်ပျောတစ်အုံက ရခိုင်ငှက်ပျောမျိုးဗျ။ ဒါပေမယ့် စားတဲ့အခါ အစေ့နည်းနည်းပါနေတယ်"

"အစေ့ပါတယ် ဆိုတာက အဲဒီငှက်ပျောမျိုး တောဝင်သွားလို့ပါ။ ငှက်ပျောပင်စိုက်တဲ့ငှက်ပျောခြံတွေမှာ သက်ငယ် (သက်ငယ်)လို့ခေါ်တဲ့ သမန်းမြက်ပင်တွေပေါက်လာရင် အဲဒီငှက်ပျောခြံပျက်တော့တာပဲဗျ။ ဘာလို့လဲဆိုတော့ သက်ကယ်မြစ်ဟာ မာပြီးအတော်ချွန်ပါတယ်၊ အဲဒီသက်ကယ်မြစ်ဟာ မြေကြီးထဲလျှောက်သွားရင်း ငှက်ပျောခေါင်းကို ဖောက်ဝင်သွားတတ်တယ်။ သက်ကယ်အမြစ်ကလည်း မျိုးပွားလေတော့ အလွန်အဖြစ်မြန်ပါတယ်။ ငှက်ပျောခေါင်းထဲ သက်ငယ်မြစ်ဖောက်ဝင်သွားတာနဲ့ အဲဒီငှက်ပျောပင်တောဝင်ပြီး အစေ့တွေ ပါလာတော့တာပဲ"

"အဲဒါကြောင့်နေမှာ၊ ကျွန်တော့်ငှက်ပျောက မျိုးမကောင်းတော့ဘူးဗျ"

"အဲဒါက မခက်ပါဘူး ဆရာရယ်။ အရိုင်းကိုလည်း အယဉ်ဖြစ်အောင် လုပ်နည်းရှိပါတယ်။ အဲဒီအစေ့ပါနေတဲ့ငှက်ပျောပင်က သားတက်တစ်ခုကို တူးပြီး ငှက်ပျောခေါင်းကို ပြောင်နေအောင်ရိတ်ပစ်ပါ။ အမြစ်တစ်ခုမှ မကျန်အောင် ခေါင်းကိုဖွေးနေအောင် ဓားနဲ့ နွာပြီးရင် ပြန်စိုက်ပါ။ အဲဒီငှက်ပျောက အယဉ်ပြန်ဖြစ်သွားပါပြီ။ အစေ့မပါတော့ပါဘူး"

"ကျွန်တော်တို့ တောတွေတောင်တွေထဲမှာ ဘာ-ခ-ရတာဝန်ထမ်းရတော့ကာ စမ်းသပ်တွင်းတွေ တူးရတော့မယ်ဆိုရင် ခလေ့ထုံးစံအရ ပွဲတင်ကြရတယ်ဗျ။ တောနက်တောင်နက်ထဲ အုန်းသီး၊ ငှက်ပျောသီးဘယ်ရှိမှာလဲ။ သွားဝယ်ရအောင်ကလည်း နီးနီးမဟုတ်ဘူးလေ။ ဒီတော့ တောထဲ တောငှက်ပျောပင်က ငှက်ပျောခိုင်ခုတ်ရတယ်။ ဆရာရေ၊ တောငှက်ပျောက သီးမွေးငှက်ပျောသီးကြီးတွေအတိုင်းပဲ စားချင့်စဖွယ်ပါပဲဗျာ။ အဲဒီသီးမွှေးငှက်ပျောဖီးကြီးတွေနဲ့ပဲ ပွဲပြင်ပြီး ဆိုင်ရာနတ်တွေကို တင်ကြရတာ"

"ဆရာတို့ စားမကြည့်ကြဘူးလား"

"သူ့အဆင်းနဲ့သူ့အနံ့က တကယ့်သီးမွှေးပဲဗျ။ မှည့်တော့ မွှေးကြိုင်နေတာပဲ။ စားမလို့ အခွံနွာလိုက်တဲ့အခါ အထဲမှာ အစေ့တွေချည်းဆိုတော့ ဘယ်စားလို့ရမှာလဲ ဆရာရယ်"

"သစ်သီးဝလံပန်းမန်တွေရဲ့ မူရင်းပေါက်ပွားရာဟာ တောတွေပဲဗျ။ လူတွေက သယ်ဆောင်ပြီး ပြုပြင်ခဲ့ကြလို့ လူ့လောကမှာ အသုံးဝင်တဲ့ သစ်သီးဝလံပန်းမန်တွေဖြစ်လာတာ။ ခုန ဆရာဦးမောင်အေးပြောပြတဲ့ ငှက်ပျောရိုင်းမျိုးကို အယဉ်ဖြစ်အောင် လုပ်လို့ရပါတယ်။ အဲဒီတော့ ငှက်ပျောရိုင်းပင်က သားတက်တစ်ပင်ကို အရင်ဆုံး တူးယူရပါတယ်။ သူ့ကို ခေါင်းပြောင်အောင်ရိတ်ပြီး ပြန်စိုက်ရပါတယ်။ အဲဒီအပင်က သားတက်ထွက်လာရင် သူ့ရဲ့သားတက်ကို ဒုတိယအကြိမ်ပြန်ခွဲပြီး ခေါင်းပြောင်အောင်ရိတ်ကာ ပြန်စိုက်ရပါတယ်။ ပြန်စိုက်လို့သားတက်ထွက်လာရင် တတိယအကြိမ် ပြန်ခွဲပြီး ခေါင်းပြောင်အောင်ရိတ်ကာပြန်စိုက်ရပါတယ်။ အဲဒီတတိယမျိုးဆက်ကထွက်လာတဲ့ ငှက်ပျောသီးဟာ လူတွေစားလို့ရတဲ့ အစေ့မပါတဲ့ငှက်ပျောသီးဖြစ်သွားပါပြီ။ တောငှက်ပျောက ဆရာပြောတဲ့ သီးမွှေးမျိုးဆိုလည်း သီးမွှေးပေါ့ဗျာ။ ဖီးကြမ်းဆိုလည်း ဖီးကြမ်း၊ ရခိုင်ဆိုလည်း ရခိုင်ပေါ့။ သူ့ဗီဇအတိုင်း ငှက်ပျောယဉ်ဖြစ်လာပါတယ်"

"ဟန်ကျလိုက်တာ ဆရာရေ။ အခု ကျွန်တော့်အိမ်ဝိုင်းထဲမှာ ငှက်က မစင်စွန့်ပစ်ခဲ့လို့ ငှက်ပျောစေ့က ငှက်ပျောပင်ပေါက်နေတာရှိတယ်။ တော်တော်ကြီးနေပြီ။ ကျွန်တော် ခုတ်ပြီးလွှင့်ပစ်ရမလား စိတ်ကူးနေတာ။ ဒီအတိုင်းဆို ဆရာပြောတဲ့နည်းအတိုင်းစမ်းကြည့်မှ ဖြစ်မယ်"

"ကိုယ်နဲ့ထိုက်လို့ ရောက်လာမှတော့ လွှင့်မပစ်ပါနဲ့ ဆရာ။ ဒီနည်းနဲ့ စမ်းကြည့်ပါ။ ဒီနည်းက စိုက်ပျိုးရေးမှာ လက်တွေ့ကွင်းဆင်းပြီး လေ့လာသုတေသနပြုခဲ့ရတဲ့ တပ်မတော်တပ်ကြပ်ကြီးတစ်ဦးက မိုးကုတ်မှာ ပြောပြသွားတာဗျ။ ကောင်လေး၊ အပင်စိုက်တယ်ဆိုတာ ပခုံးနဲ့ထမ်းထားရတာ မဟုတ်ဘူး။ စိုက်ကြည့်။ နင်လက်တွေ့သိလိမ့်မယ်လို့ မှာသွားတာ"

လို့ ပြောပြဖြစ်ပါတယ်။

ကျွန်တော်ရယ်၊ ဆရာဦးမောင်မောင်အေးရယ်၊ ဆရာတက္ကသိုလ်ဝင်းမြင့်ရယ်၊ ဆရာမ ဒေါ်တင်တင်နွဲ့ရယ်၊ စွယ်တော်စာပေက ကိုညီညီရယ် ကြုံတောင့်ကြုံခဲ ကြုံရဆုံရတဲ့အခါ ဗဟုသုတဖြစ်ဖွယ်စကားတွေ ပြောလို့မကုန်နိုင်ကြပါဘူး။

အဲဒီအထဲက ကျွန်တော်တို့ပြောဖြစ်တဲ့ ငှက်ပျောပင်အရိုင်းကို အယဉ်ဖြစ်အောင်လုပ်တဲ့နည်းလေးတင်ပြလိုက်ရပါတယ်။

*(ဦးမောင်မောင်အေး၊ ဒေါ်တင်တင်နွဲ့၊ တက္ကသိုလ်ဝင်းမြင့်၊ ကိုညီညီသို့ အမှတ်တရ)*

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com

ရေလယ်ကျွန်းဘုတ်ဆုံမ ဆိုသည်မှာ ကျွန်တော်ပေးသောအမည် ဖြစ်ပါသည်။ နှစ်ဦးတည်းကြားတွင်သာ သုံးစွဲသောအမည်ဖြစ်ပြီး အားလုံးသိသောနာမည်မှာ ပန်းမျိုးသူ ဖြစ်ပါသည်။ ပြင်ဦးလွင်က ပန်းမျိုးသူဟု ဆိုလျှင်လည်း ရပါသည်။

ကျွန်တော်က ပညာရေးဌာနမှ မူလတန်းပြကျောင်းဆရာဘဝဖြင့် နယ်စပ်ဒေသ တာဝန်ထမ်းဆောင်ရင်း ကွမ်းလုံမြို့သို့ ရောက်ရှိနေခိုက် လွန်ခဲ့သော နှစ် (၂၀) လောက်က ရေလယ်ကျွန်းဘုတ်ဆုံမနှင့် ရင်းနှီးသိကျွမ်းခဲ့ရပါသည်။ ဘုတ်ဆုံမက ပြင်ဦးလွင်တွင် ပန်းအရောင်းဆိုင်ဖွင့်လှစ်ခဲ့ပါသည်။

တရုတ်ပြည်တွင် မြစ်ဖျားခံ၍ မြင့်မားသော တောင်များကို ကွေ့ဝိုက်စီးဆင်းလာသော သံလွင်မြစ်ကြီးသည် မြောက်မှ တောင်သို့ စီးဆင်းလာရင်း ကွမ်းလုံမြို့၏ အနောက်တောင်ယွန်းယွန်း တုံကျက်ကျေးရွာအနီးတွင် အနောက်ဘက်မှ စီးလာသော နမ့်နင်းချောင်းက လာရောက် ပေါင်းဆုံကာ ကွမ်းလုံမြို့၏တောင်ဘက်တွင် အနောက်မှ အရှေ့သို့ တငြိမ့်ငြိမ့်စီးဆင်းသွားပါသည်။ ကွမ်းလုံမြို့၏အရှေ့တောင်ဘက်နားရောက်သည့်အခါ တောင်အရပ်ဘက်ဆီသို့ ကွေ့ဝိုက်စီးဆင်းသွားပြန်သဖြင့် ထိုနေရာတွင် မြစ်ကြောင်းကျယ်ပြန့်သွားပြီး ရေတိမ်ပါသည်။ ထို့ကြောင့်ပင် သဘာဝအလျောက် ရေလယ်ကျွန်းကြီးတစ်ခု ဖြစ်ပေါ်လာပါတော့သည်။

သံလွင်မြစ်၏ရေမှာ အမြဲတမ်းအေးစိမ့်လျက်ရှိပါသည်။ နွေရာသီဆိုလျှင် ပို၍အေးပါသည်။ နွေရာသီတွင် တရုတ်ပြည်မှ ရေခဲဖုံးသောတောင်များ အရည်ပျော်သဖြင့် သံလွင်မြစ်ထဲသို့ ရေခဲရေများ စီးဝင်လေ့ရှိရာ နွေရာသီတွင် သံလွင်ရေက ပို၍အေးရခြင်း ... သည်။ သံလွင်မြစ်သည် မြစ်ကြော... ကျဉ်းသည့်နေရာရှိသလို မြစ်ပြင်... သည့်နေရာလည်းရှိပါသည်။ ... သည့် နေရာများရှိသလို ရေတိမ်... နေရာများလည်း ရှိပါသည်။ ကျော... တုံး၊ ကျောက်ဆွယ် ပေါများလှပါ...

ရေလယ်ကျွန်းကို ကွမ်း... တစ်ဖက်ကမ်းရှိ ပန်ဆမ်းနန့်ရွာဘ... သွားလျှင်ရပါသည်။ နွေရာသီတွင် ... ရေနည်းသွားသောကြောင့် ရေလ... ကျွန်းဘုရားစေတီလည်း ရှိပါသ... တိုင်းရင်းသားတို့၏ သီးနှံစိုက်ခင်း... လည်း ရှိပါသည်။ ဘုရားဖူးပြီးဆုတော... ပါကပြည့်သည်ဟု ဆိုကြပါသည်။ မိ... ဖဝေးဝန်ထမ်းများက ကိုယ်ဇာတိ... ပြန်ရောက်ရန် ဆုတောင်းလျှင် ... သည်ဟူသော ယုံကြည်မှုနှင့်လာရော... ဖူးမြော်ကြသည်လည်းရှိသည်။ ဆော...

# တကျသိုလ်ဝင်းမြင့်

ရေလယ်ကျွန်းဘုတ်ဆုံမ





www.burmeseclassic.com

www.burmeseclassic.com

ဆာသီနှင့် နွေရာသီတို့တွင် ရေလယ်ကျွန်းပတ်ဝန်းကျင်၌ ရွှေကျင်သူများ အဖွဲ့လိုက် လာရောက်ကြ၍ ရွှေကျင်သူများရော မုန့်ပဲသရေစာရောင်းသူများနှင့် ပါ စည်ကားလှပါသည်။


ကျွန်တော်ကတော့ ဘယ်မှာနေနေ ဘယ်ကိုရောက်ရောက် ပျော်ပျော်နေလေ့ရှိသူ ဖြစ်ပါသည်။ နွေရာသီကျောင်းပိတ်ရက်တွင် ဗဟုသုတလည်းရ အကျိုးလည်းရှိစေရန် သူငယ်ချင်းကျောင်းဆရာနှစ်ဦးနှင့်အတူ ရွှေကျင်ရန် ရေလယ်ကျွန်းဘက်သို့ ရောက်ရှိခဲ့ပါသည်။

ရေစပ်အနီးရှိ မြေကြီးကို ခပ်တိမ်တိမ်တွင်းငယ်လေးတစ်ခုတူးရပါသည်။ အနီးတွင် စင်မြင့်လေးတစ်ခုလုပ်ထားပြီး သံပြားပေါ်၌ အပေါက်ငယ်များဖောက်ထားသောစကာများ တပ်ဆင်ထားရပါသည်။ တွင်းငယ်လေးထဲမှ ရွှံ့ရည်နှင့် ကျောက်စရစ်ငယ်များ ရောနေသော မြေကြီးကို ရေပုံးနှင့်ခပ်ပြီး သံစကာပေါ်သို့ လောင်းချရပါသည်။ သံစကာ၏ အောက်တွင် သစ်သားပြားများခံထားရပါသည်။ သံစကာပေါက်များမှ အောက်ခံသစ်သားပြားပေါ်သို့ ကျလာသော သဲမြေတွင် ရွှေမှုန်ရွှေစလေးများ ပါလာတတ်ပါသည်။ သို့သော် တစ်နေကုန် ခါးညောင်းလက်ညောင်းအောင်လုပ်မှ ကံကောင်းလျှင် ရွှေတစ်ရွေးသားလောက်သာ ရတတ်ပါသည်။ ကျွန်တော်ကတော့ သိပ်နားမလည်ပါ။ သူငယ်ချင်းများကတော့ ကျွမ်းကျွမ်းကျင်ကျင်ရှိပါသည်။ ရရှိသော ရွှေမှုန်ရွှေစငယ်လေးများကို ပြဒါးနှင့်ဖမ်း၍ ပုလင်းလေးတစ်လုံးတွင်ထည့်ကာ စုဆောင်းထားရှိပါသည်။ ရွှေစဟုဆိုသော်လည်း ဝါဝါဝင်းဝင်းမဟုတ်ပါ။ အကြောင်းသိသူများမှသာ ရွှေကိုရွှေမှန်းသိရပါသည်။ လုပ်ငန်းပြီးမှ မြို့ကရွှေဆိုင်တွင် ရောင်းချကြမည်ဟု ရည်ရွယ်ထားကြပါသည်။

ဤတွင် ဘုတ်ဆုံမကို တွေ့ဆုံခဲ့ရပါသည်။

ဘုတ်ဆုံမလည်း ကျွန်တော်တို့လို ရွှေလာကျင်ခြင်း ဖြစ်ပါသည်။

သူလည်း သူ့အဖော်များပါသဖြင့် ကျွန်တော်နှင့် မိတ်ဆွေဖြစ်ပြီးနောက် မကြာခဏ စကားပြောနိုင်ရန် အားလပ်ချိန်လေးများရနေကြပါသည်။ ပြင်ဦးလွင်သူ တစ်နည်း မေမြို့သူ ဗမာမိန်းကလေးဖြစ်ပြီး လှလှပပ၊ ဝဝကစ်ကစ်လေး ဖြစ်ပါသည်။ မြို့မှာမနေဘဲ အလုပ်လာလုပ်နေရ၍လားတော့ မသိပါ။ ထဘီတိုတို၊ အင်္ကျီအပေါ်က ယောက်ျားရှပ်အင်္ကျီ





www.burmeseclassic.com

www.burmeseclassic.com

လက်ရှည် ထပ်ဝတ်ထားပြီး ဆံပင်ကို ဘယ်၊ ညာကြက်တောင်နှစ်ဖက်စည်း ထားပါသည်။ ပါးဖောင်းဖောင်းလေး နှစ်ဖက်တွင် သနပ်ခါးကွက်ဝိုင်းဝိုင်းလေး နှစ်ခုက နေရာယူထားပါသည်။ ဖိုးဝရုပ်လေးနှင့်တူပါသည်။ သို့သော် ဖိုးဝရုပ်လေးလိုတော့ သိပ်မဝပါ။ ကြည့်ပျော်ရှုပျော် ချစ်စရာဟန်ပန်လေးရှိပါသည်။ အမြဲတမ်း ပြုံးရွှင်ရယ်မောစွာနေလေ့ရှိပါသည်။

ဘုတ်ဆုံမသည် တရားထိုင်သည်ကိုလည်း နှစ်သက်သူ ဖြစ်ပါသည်။ လောကီပညာဗဟုသုတများလည်းရှိပါသည်။ အားလပ်သည့်အချိန်များတွင် ကျွန်တော့်ထံမှ လောကီပညာဗဟုသုတများကို သင်ယူမှတ်သားပါသည်။ သို့ဖြင့် ကျွန်တော်နှင့်ဘုတ်ဆုံမတို့၏ ခင်မင်ရင်းနှီးမှုများ ပို၍ခိုင်မြဲခဲ့ကြပါသည်။

သို့သော် အချိန်တန် အိမ်ပြန်ရစမြဲ ဖြစ်ပါသည်။

အခါမဟုတ် ရွာသွန်းသော မိုးကြောင့် သံလွင်မြစ်ရေတိုးလာသဖြင့် ရွှေကျင်သည့်လုပ်ငန်းများ ရပ်ဆိုင်းကာ အားလုံး ကိုယ့်ရပ်ကိုယ့်ရွာပြန်သွားခဲ့ကြရပါသည်။ နွေရာသီ ရွှေကျင်သည့်လုပ်ငန်းခွင်တို့ကို အချိန်မတိုင်မီ ပိတ်သိမ်းခဲ့ကြရသဖြင့် စားစရိတ်၊ သွားစရိတ်များပင် မကျေနိုင်ခဲ့။ ကျွန်တော်တို့ စုဆောင်းထားခဲ့သည့် ပုလင်းလေးအတွင်းမှ ရွှေစငယ်လေးများသည်လည်း ပြဒါးနှင့်လုံးရာတွင် လက်ထဲမှ ချောထွက်သွားပြီး ချုံနွယ်ပင်များကြားထဲရောက်သွားသည့်အတွက် ခဲလေသမျှ သဲရေကျရပါတော့သည်။

ကျွန်တော်ကတော့ အမြတ်ရလိုက်ပါသည်။ ဗဟုသုတအဖြာဖြာနှင့် ပြည့်စုံသော ဘုတ်ဆုံမနှင့် ရင်းနှီးမှုရခဲ့ပြီး သူ့လိပ်စာပါရခဲ့ပါသည်။ ဘုတ်ဆုံမကို တရားပြပေးရသဖြင့်လည်း ကုသိုလ်ရခဲ့ပါသည်။

ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာလေးနှစ်ဦးအနက် တစ်ဦးက ကျောင်းဆရာအလုပ်မှထွက်ကာ မန္တလေး-လားရှိုးကုန်ကားမောင်းသည့်အလုပ်ကို လုပ်ကိုင်ပါသည်။ သူ့နာမည်က ကိုအောင်နိုင်ဖြစ်ပါသည်။

"ဟာ- သူငယ်ချင်းကိုမြတ်မောင်၊ မင်းနဲ့မတွေ့ရတာကြာပြီ။ လာ၊ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး စကားပြောရအောင်"

မန္တလေး ပြည်ကြီးတံခွန်ကားဝင်းကြီး၌ ဖြစ်ပါသည်။

နွေရာသီကျောင်းပိတ်၍ အိမ်ပြန်ရန် မန္တလေးသို့ ရောက်ရှိနေသော ကျွန်တော့်အား ကုန်ကားမောင်းသည့် အလုပ်ကိုလုပ်ကိုင်နေသော ကျောင်းဆရာလုပ်ခဲ့သူ ကိုအောင်နိုင်က ရုတ်တရက် မမျှော်လင့်ဘဲတွေ့သဖြင့် နှုတ်ဆက်လိုက်ခြင်း ဖြစ်ပါသည်။

"ဟား-သူငယ်ချင်း၊ မင်းနဲ့တွေ့ရတာ ဝမ်းသာသကွာ။ အခုကော ကားမောင်းနေတုန်းပဲလား"

"ဟုတ်တာပေါ့။ အဆင်ပြေတယ် သူငယ်ချင်း။ မင်းကော ကျောင်းဆရာလုပ်တုန်းပဲလား။ ကွမ်းလုံမှာပဲလား"

"ဒါပေါ့ ဟုတ်တာပေါ့။ ဒါနဲ့ မင်းကားကော"

"ငါ့ကားကို ပြည်ကြီးမျက်ရှင်ရှေ့နားက သူဌေးအိမ်မှာထားခဲ့တယ်ကွ။ အခု ငါလားရှိုးကုန်ရလိုရငြား မိတ်ဆွေတွေဆီ လာစုံစမ်းတာကွ။ ဒါနဲ့ မင်း ပန်းမျိုးသူနဲ့ တွေ့သေးလား"

"ဩော် - ဘုတ်ဆုံမကို ပြောတာလား။ အေးကွာ၊ ငါလည်း လားရှိုးကနေ မန္တလေး၊ မန္တလေးက လားရှိုး အချိန်လုပြီးသွားလာနေတာကြောင့် ဘုတ်ဆုံမရှိတဲ့ ပြင်ဦးလွင်ကို မဝင်ဖြစ်ဘူးကွ"

"ဘုတ်ဆုံမက မင်းကို အတော်ခင်တာပဲကွ မြတ်မောင်ရ။ တစ်ခါတုန်းက ငါ လားရှိုးက ကုန်တွေတင်ပြီး မန္တလေးကို ဆင်းခဲ့တုန်းက ပြင်ဦးလွင်အထွက်မှာ ခဏရပ်တော့ ပန်းမျိုးသူ အဲ - မင်းခေါ်တဲ့အတိုင်း ဘုတ်ဆုံမကို တွေ့ရသေးတယ်။ သူက အခု အဲဒီနေရာလေးမှာ ပန်းဆိုင်အကြီးကြီးဖွင့်ထားတယ်။ ပန်းမျိုးစုံပဲ။ ပန်းမျိုးစေ့တွေလည်း ရောင်းတယ်။ အဲဗျာ၊ မင်းကို မေးတယ်။ မင်းနဲ့လည်း သိပ်တွေ့ချင်နေတယ်။ ငါ့ကား လားရှိုးတက်ရင် မင်းလိုက်ခဲ့ပါလား။ ပန်းမျိုးသူ အဲအဲ ဘုတ်ဆုံမဆီ ဝင်ကြတာပေါ့ ဟုတ်ဖူးလား"

"အေးကွာ၊ ငါလည်း တွေ့ချင်တယ်။ အခု ငါက ရန်ကုန်ပြန်မှာဆိုတော့ မင်း လိပ်စာပေးထား။ ရန်ကုန်က ပြန်လာရင် မင်းကားနဲ့လိုက်ခဲ့မယ် မကောင်းဘူးလား"

"ကောင်းတာပေါ့ သူငယ်ချင်း"

ခါတိုင်း နွေရာသီကျောင်းပိတ်၍ ရန်ကုန်ပြန်ရောက်လျှင် မိဘများနှင့် ပြန်တွေ့ရသလို ငယ်သူငယ်ချင်းများနှင့်လည်း ပြန်ဆုံတွေ့ရသဖြင့် ပျော်နေတတ်သော ကျွန်တော်သည် ယခုတော့ သင်္ကြန်ရက်တွေကို မြန်မြန်ကုန်ဆုံးသွား စေချင်ပါသည်။ ကွမ်းလုံသို့ အပြန်ခရီး တွင် ပြင်ဦးလွင်မှ ဘုတ်ဆုံမထံ ဝင်လည် ရမည်ဖြစ်၍ စိတ်စောနေမိပါသည်။

မန္တလေး ရောက်သောအခါ ကိုအောင်နိုင်ကိုတွေ့ရသော်လည်း သူ့ မျက်နှာသိပ်မကောင်းဖြစ်နေသည်ကို သတိထားမိပါသည်။

"ဘာဖြစ်နေတာလဲ အောင်နိုင်၊ မျက်နှာနည်းနည်းချောင်ကျသွားသလို ပဲ၊ နေမကောင်းဘူးလား"

"နေတော့ကောင်းပါတယ်။ ငါ့မှာ မှာအပူတစ်ခုတွေ့နေလို့ကွ"

"ပြောပါဦး၊ အဆင်ပြေတယ်ဆို ပြီး ဘာစိတ်ညစ်နေရတာလဲ"

ကိုအောင်နိုင်ပြောပြမှ ကျွန်တော် လည်း ဦးနှောက်ခြောက်သွားရပါတော့ သည်။

သူသည် သူဌေးတစ်ယောက်၏ (၁၂) ဘီးတပ်ကုန်ကားကို မောင်းသည် မှာ (၃) နှစ်ကျော်ပြီ ဖြစ်ပါသည်။ ယခင် က မည်သည့်စိတ်ညစ်စရာ၊စိတ်သောက ရောက်စရာကိုမျှ မတွေ့ခဲ့ရပါ။ ယခု အခါ စိတ်ညစ်စရာတွေ တစ်ခုပြီးတစ်ခု ပေါ်လာပါသည်။ ယခင်က မန္တလေးမှ လားရှိုးသို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက် သွန်၊ ဟင်းသီးဟင်းရွက်အသီးအနှံအမျိုး ကို သယ်ပို့ပေးရပါသည်။ လားရှိုးမှ မန္တ လေးသို့ ပန်းသီး၊ လိမ္မော်၊ ဖရဲသီး၊ လက် ဖက်ခြောက်နှင့် အဝတ်အထည်မျိုးစုံတို့ သယ်ပို့ပေးရပါသည်။

ဈေးကွက်ဖြစ်ထွန်းမှုအခြေအနေ အရ ယခုတစ်လောတွင် ငါးအစို အခြောက်၊ အသားအစိုအခြောက်များ နှင့် စည်သွတ်ဘူးများကို သယ်ယူပို့ ဆောင်ပေးရသည်ဖြစ်ရာ ပြဿနာများ အဲဒီကစပါတော့သည်။ လမ်းတစ် လျှောက် ကုန်ပစ္စည်းများ လျော့လျော့ နေခြင်း ဖြစ်ပါသည်။ များစွာပျောက်ဆုံး ခြင်းလည်း မဟုတ်၊ အနည်းငယ်သာ ပျောက်ဆုံးလျော့နည်းနေပြီး အဖြေရှာ မရခြင်းပင် ဖြစ်ပါသည်။ အနည်းငယ် လောက် လျော့ပါသည်ဆိုသော်လည်း ကိုယ်ရသည့် ယာဉ်မောင်းခထဲမှ စိုက်၍ လျော်ပေးနေရသည့်အတွက် စိတ်ညစ်ရ ခြင်း ဖြစ်ပါသည်။ ယာဉ်နောက်လိုက် (၃) ယောက်ခန့်ပါသော်လည်း ကား ထွက်လျှင် နောက်ခန်းကို မည်သူမျှ မဝင်နိုင်အောင်၊ ကုန်ပစ္စည်းများထွက်ကျ ခြင်းမရှိအောင် တာလပတ်ဖြင့်လုံအောင် ဖုံးပြီး ခိုင်မြဲအောင် ချည်နှောင်ထားသော



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။ ယာဉ်နောက်လိုက်များလည်း ယာဉ်ရှေ့ခန်းတွင်ပင် လိုက်ပါလေ့ရှိပါသည်။ တစ်ခါတစ်ရံ ခေါင်မိုးပေါ်မှ လိုက်ပါလေ့ရှိပါသည်။

အဖြေရှာမရသော လျှော့နည်းပျောက်ဆုံးမှုများသည် ကားထွက်သည့်အခေါက်တိုင်းလိုလိုဖြစ်လာသဖြင့် စိတ်သောကရောက်ရပါသည်။ အထည်လိပ်၊ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ဖရဲသီး၊ လိမ္မော်သီး၊ စည်သွတ်ဘူး၊ ဘီယာသေည်တို့တင်လျှင် လုံးဝပျောက်ဆုံးမှုမရှိဘဲ သားစိမ်းငါးစိမ်း၊ ငါးခြောက်တို့တင်သောအခါမှ ပျောက်ဆုံးရခြင်းဖြစ်ပါသည်။ ပိုင်ရှင်ဖြစ်သူကို ပြောပြသောအခါ ပျောက်လေ့ပျောက်ထရှိသောကုန်ကိုမတင်နှင့်။ မပျောက်မဆုံးသောကုန်သာတင်ပါဟုဆိုပါသည်။ ဈေးကွက်ရှိသည့်ကုန်ကိုမှ တင်သင့်၊ မတင်သင့်ဆပ်မံ ရွေးချယ်ရပြန်၍ ကိုအောင်နိုင်အတော်စိတ်ညစ်ရပါသည်။

ပို၍ဆိုးသည်မှာ သားစိမ်းငါးစိမ်းငါးခြောက်စသည်တို့ မတင်၍ မပါရှိသောအခါ ကားသွားနေစဉ် နောက်ဘက်ဆီမှ တဒုန်းဒုန်းတဒိုင်းဒိုင်းထုရိုက်သောအသံကို ကြားရပြန်ပါသည်။ ကားရပ်၍ ဆင်းကြည့်တော့လည်း ထူးထူးခြားခြား ဘာမှမတွေ့ရပါ။ ပြန်မောင်းထွက်လျှင် အသံဗလံများထွက်ပေါ်လာပြန်ပါသည်။

လမ်းတွင် ညအိပ်ရပ်နားလျှင် အိပ်လို့ကောင်းတုန်း ညအချိန် တစ်ချက်တစ်ချက် ဒုန်းခနဲဒိုင်းခနဲအသံကိုကြားရပြန်ပါသည်။ ပြီးလျှင်ပြန်ငြိမ်သွားလိုက် ပျော်ပျော်တော့မည်ဆိုလျှင် အသံကျယ်ကြီးမြည်လာလိုက်နှင့် ကြာလာတော့ ကိုအောင်နိုင်တို့လူစုမှာ စိတ်ဓာတ်ကျလာတော့သည်။

တစ်ခုတော့ သတိပြုမိပါသည်။ ကားခရီးစဉ်မရှိ၍ သူ့ဌေးအိမ်ထဲရပ်ထားလျှင်တော့ ဘာသံမှမကြားရပါ။

"ငါ့ စိတ်ထင်ကို ပြောရရင်တော့ ကားမှာ 'တစ္ဆေသရဲဝင်စီးနေတယ်' ထင်တာပဲ မြတ်မောင်ရေ"

"သိပ်ဟုတ်တာပေါ့။ ဘယ်လိုလူတွေ ဒီအဖြေပဲထွက်တာပေါ့။ ကားထဲမှာ ဘုရားပုံတွေ၊ ဘုရားစာတွေတပ်မထားဘူးလား"

"အေးကွာ၊ ငါ့အတွေးအခေါ်က ဘာတစ်မျိုးဆိုတော့ ကပ်မထားမိဘူး"

"ဘာလို့လဲ။ ဘာလို့ ကပ်မထားတာလဲ"

ကျွန်တော်က သိချင်၍ မေးလိုက်ပါသည်။

"ရတနာသုံးပါးကို ငါယုံကြည်ပါတယ် သူငယ်ချင်းရာ။ ငါက ဘာမဆိုလေးလေးနက်နက် တွေးတတ်တယ်ကွ။ အတွေးခေါင်တယ်လို့ပဲဆိုပါတော့ကွာ။ ဘုရားပုံတော်တွေထားမယ်ဆိုရင် ဘုရားမကြိုက်တာမလုပ်သင့်ဘူးလို့ ငါခံယူထားတာဆိုတော့ ငါတို့ကုန်တင်ကားဆိုတာ တစ်ခါတစ်ခါတော့လည်း ဘုရားမကြိုက်တဲ့ အရက်တွေ၊ ဘီယာတွေဈေးကွက်ရှိရင်တင်ရတာပဲကွ။ သားစိမ်းငါးစိမ်းတွေတင်မက ဈေးကွက်ရှိရင်ကဏန်းအရှင်တွေ၊ ငါးအရှင်တွေလည်းတင်တန်တင်ကြရတာပဲကွ။ ဒါ ကြောင့်ဘုရားပုံတော်တွေ ကပ်မထားတာပါကွာ။ အိမ်ကထွက်ရင်တော့ ဘုရားကိုသေချာရှိခိုးတာပါပဲကွာ"

"ဩော်၊ ဩော် - တကယ်တော့ဘုရားမကြိုက်တာ ဘာမှမလုပ်ဘဲရှောင်နိုင်ရင် ကောင်းတာပေါ့ သူငယ်ချင်းရာ။ ဘုရားကမကြိုက်ဘူးဆိုတာ သူ့အတွက်ကို ပြောတာမှမဟုတ်ဘဲလေ။ မင်းတို့ငါတို့ရဲ့ သံသရာအကျိုးစီးပွားအတွက်ဟောပြောသွန်သင်ဆုံးမခဲ့တာပဲ မဟုတ်လား"

"ဟုတ်ပါတယ်ကွာ။ ငါလည်းနောက်ကို အဲဒီကုန်တွေမတင်တော့ပါဘူးကွာ။ ခက်တာက သားစိမ်းငါးစိမ်းမတင်ရင် ဒုန်းဒုန်းဒိုင်းဒိုင်းဖြစ်တဲ့ဒုက္ခကိုပျောက်သွားစေချင်တာပါပဲ"

"ဒါတော့ မပူနဲ့သူငယ်ချင်း။ မင်းငါ့ကို ဘုတ်ဆုံမဆီကိုသာရောက်အောင်ခေါ်သွားပေး"

"ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့။ ဘုတ်ဆုံမက လောကီပညာဗဟုသုတတွေ နားလည်တယ်ကွ။ သူ့ဆီမှာအကြံဉာဏ်ကောင်းရအောင်ပေါ့ကွာ"

"ဟာ - ကျေးဇူးပါပဲကွာ"

သို့နှင့်ပင် ဘုတ်ဆုံမထံ ကျွန်တော်တို့ ရောက်သွားပါသည်။

ပန်းမြို့တော် ပြင်ဦးလွင်က နေချင်စရာကောင်းလှပါသည်။ ကျောင်းများ ပြန်ဖွင့်တော့မည့်အချိန် စိန်ပန်းနီ၊ စိန်ပန်းပြာတို့ ဝေဆာနေပြီး နွေရက်နှောင်းချိန်လည်းဖြစ်၍ မိုးဦးသစ်တော့မည့် မိုးသက်မိုးရနံ့များပါသော လေအေးလေးများက ပြင်ဦးလွင်၏ သဘာဝအလှကို နှစ်သက်ဖွယ်ရာ ခံစားရပါသည်။ ဘုတ်ဆုံမခေါ် ပန်းမျိုးသူ၏အလုပ် ပေါင်းစပ်လိုက်လျှင် ကျွန်တော်ပြင်ဦးလွင်က ခရီးဆက်မသွားချင်တော့ပါ။

သို့သော် တာဝန်ဆိုသည်ကလည်းရှိနေပြန်သေးသည်။ ထိုတာဝန်သည်ပင် ကျွန်တော့်ဘဝအတွက် အလိုအပ်ဆုံး စားဝတ်နေရေးကို အထောက်အကူဖြစ်နေပါချေသည်။

ရေလယ်ကျွန်းဘုတ်ဆုံမ။

ယခုတော့ ပြင်ဦးလွင်က ပန်းမျိုးသူ။

ဘုတ်ဆုံမက ကျွန်တော်တို့ကို သူကိုယ်တိုင်ချက်သော ထမင်းဟင်းလျာတို့ဖြင့်ဧည့်ခံပါသည်။ ပြီးတော့ သူ့ကိုယ်ပိုင် ပန်းပျိုးဉယျာဉ်ကိုလည်း လိုက်ပြပါသည်။

ကျွန်တော်တို့ ကျောင်းဆရာများအားလုံးလိုလိုပင် အဆိုတော် တွံတေးသိန်းတန်၏ အသီးတစ်ရာအညှာတစ်ခုသီချင်းကို အကြိုက်ဆုံးဖြစ်ကြပါ၏။ ဘုတ်ဆုံမက အသက်ရှိသော်လည်း စိတ်စေတသိက်ဆိုသည့် နာမ်ကင်းမဲ့သည့်ပန်းပင်လေးများကို ပြုစုပျိုးထောင်ရသည့်ဉယျာဉ်မှူးဖြစ်ပါပေ၏။ ကျွန်တော်က အသက်လည်းရှိ၊ စိတ်စေတသိက်ဆိုသည့် နာမ်လည်းရှိသည့် ကလေးသူငယ်တို့ကို ပြုစုပျိုးထောင်ရသည့်ကျောင်းဆရာ ဉယျာဉ်မှူးပင် ဖြစ်ပါပေ၏။

ကျွန်တော် စိတ်ကူးယဉ်သွားမိသည်လား မသိပါ။

ကိုယ်တာဝန်ကျရာ ကျောင်းသို့ပြန်ရောက်၍ ကျောင်းတက်ခေါင်းလောင်းသံကြားလိုက်တော့မှ ကျွန်တော့်အတွေးအာရုံများရပ်သွားပါတော့သည်။ ကလေးများ စုပေါင်းညီညာစွာ ဘုရားရှိခိုးနေစဉ်တွင် ကျွန်တော်ကိုယ်တိုင်ငယ်ငယ်က တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ပြန်၍သတိရလိုက်ပါ၏။

စုန်းပူးခံရသော ဆရာမကြီးတစ်ဦးအကြောင်းပင်။

ကျွန်တော်ငယ်ငယ်က ဖြစ်ပါသည်။

ကျွန်တော့်အဖေက ဝန်ထမ်းတာဝန် ထမ်းဆောင်ရင်း မြိတ်မြို့သို့ရောက်ရှိနေခိုက် ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်က အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

ကျွန်တော် တတိယတန်းတက်ရောက်သည့် မူလတန်းကျောင်းလေး



www.burmeseclassic.com

www.burmeseclassic.com

တွင် တစ်နေ့၌ စိတ်ဝင်စားစရာ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာပါသည်။ ဒုတိယတန်းတွင် စာသင်ပြပေးသော ဆရာမသည် အလွန်သဘောကောင်းပြီး နူးညံ့သိမ်မွေ့ပါသည်။ သို့သော် ထိုနေ့တွင် မမျှော်လင့်ဘဲ ထူးထူးခြားခြား ကြမ်းကြမ်းတမ်းတမ်း ဒေါသတကြီး အော်ဟစ် ဆဲဆိုလျက် တွေ့သူမြင်သူတိုင်းကိုကြိမ်းမောင်းနေပါသည်။ ဆရာမ၏ ကြမ်းတမ်းစွာ အော်ဟစ်ဆဲဆိုသံကို တစ်ကျောင်းလုံးက ကြားရပါသည်။ အခြား ဆရာ၊ ဆရာမများမှာ ကိုယ့်အတန်းကိုကိုယ် စာမသင်ကြားနိုင်ကြတော့ပါ။

မကြာမီ ကျွန်တော်တို့ တတိယတန်းအခန်းထဲသို့ အတန်းပိုင်ဆရာမနှင့် အခြားဆရာမတစ်ဦးတို့ ရောက်ရှိလာပြီး ကျွန်တော်တို့ကို စာမသင်သေးသော်လည်း ကိုယ့်အတန်းထဲမှာပဲ ကိုယ်ထိုင်နေကြရန်၊ ဘယ်ကိုမှထွက်မသွားကြရန် မှာကြားပါသည်။

ဆရာနှင့် ဆရာမနှစ်ဦး ပြောစကားများကို ကျွန်တော် အကုန်မကြားရသော်လည်း ကြားရသလောက်မှာ ထိုအော်ဟစ်နေသောဆရာမမှာ ပင်ကိုကသဘောကောင်းပြီး ယဉ်ကျေးသိမ်မွေ့ပါသော်လည်း ယနေ့မှ ထူးထူးဆန်းဆန်း ကြမ်းတမ်းစွာအော်ဟစ်နေသည်မှာ စုန်းဝင်ပူးနေ၍ဖြစ်ကြောင်း၊ ကျောင်းတွင် မည်သူနှင့်မျှ ရန်ဖြစ်မထားသော်လည်း သူ၏ မူလစိတ်ပျောက်နေ၍ ယခုလို အော်ကြီးဟစ်ကျယ်ဖြစ်နေရကြောင်း ပြောဆိုနေကြပါသည်။

မကြာမီ ထိုသို့ အော်ဟစ်ဆူညံသံများပျောက်သွားပါသည်။ အခြေအနေများ အေးအေးဆေးဆေးဖြစ်သွားပြီးနောက် ကျောင်းတစ်ကျောင်းလုံး ငြိမ်သက် တိတ်ဆိတ်သွားပါတော့သည်။ နောက်ထပ် ဆရာမတစ်ဦး ကျွန်တော်တို့အတန်းထဲသို့ ဝင်လာပြန်ပါသည်။ ဆရာ၊ ဆရာမတို့ တီးတိုးပြောကြပြီး နောက်ထပ်ရောက်လာသော ဆရာမက ကျွန်တော်တို့ကို ပြောပါသည်။

"သားတို့၊ သမီးတို့ မကြောက်ကြနဲ့နော်။ စောစောက ဟိုဆရာမကို ရေစင်တော်တိုက်လိုက်လို့ အခုသူ့ထိုင်ခုံမှာထိုင်ပြီး ခဏအိပ်ပျော်သွားတယ်။ သူနိုးလာရင်ကောင်းသွားမှာပါ"

ဆရာမ၏ရှင်းပြချက်အရ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများသည် ကျောင်းရှိ ဘုရားကျောင်းဆောင်တွင် ဆီမီး၊ အမွှေးတိုင်များပူဇော်၍ ဖန်ခွက်တွင် ရေထည့်ကာ ဂါထာတစ်ပုဒ်ကို (၃၇) အုပ်မန်းပြီးနောက် အဆိုပါကြမ်းတမ်းနေသော ဆရာမအား ရေစင်ဖြင့် တောက်လိုက်ကြောင်း၊ ထိုသို့ ပြုလုပ်မှုကို ထိုဆရာမထံ ပူးဝင်သွားနေသည့် စုန်းက မသိအောင် ဆောင်ရွက်ရကြောင်း၊ ရေစင်ဖြင့်တောက်လိုက်သောအခါ ကြမ်းတမ်းမှုများပျောက်သွားကြောင်း၊ သူ၏မူလစိတ်ပြန်ရလာသောအခါ မောပန်းနေသဖြင့် ရေစင်ကိုပင် သောက်ရန် တိုက်လိုက်ပြီး ခေတ္တနားနေခိုင်းလိုက်ကြောင်း သိရပါသည်။

ထို့နောက် ရှင်းပြနေသော ဆရာမက ကျောက်သင်ပုန်းကြီးပေါ်တွင် အောက်ပါဂါထာကို ရေးလိုက်ပါသည်။

*ဝေ ဒါ သာ ကု၊*
*ကု သာ ဒါ ဝေ*
*ဒါ ယ သာ ဒ၊*
*ဒ သာ ယ ဒါ*
*သာ သာ မိ ကု၊*
*ကု မိ သာ သာ*
*ကု ဒ ကု ဘု၊*
*ဘု ကု ဒ ကု။*

ရေးပြီးသောအခါ ဆရာမက ကျွန်တော်တို့ကို ပြောပါသည်။

"အဲဒီဂါထာဟာ အင်မတန်မှ အစွမ်းထက်မြက်တယ်။ တော်ရုံတန်ရုံ ကိစ္စတွေမှာမသုံးရဘဲ အလွန်အရေးကြီးမှသုံးရတယ်။ သားတို့၊ သမီးတို့ အလွတ်ကျက်ထားကြ။ အမှောင့်ပယောဂ စုန်း၊ နတ်တို့ကိုလည်းနိုင်တယ်။ ရန်သူတွေကိုလည်း အောင်မြင်နိုင်တယ်။ ဘေးအန္တရာယ်တွေကိုလည်း ကျော်လွှားနိုင်တယ်။ အချိန်မရရင် (၁) ခေါက်၊ (၂) ခေါက်၊ (၃) ခေါက်ရွတ်။ အချိန်နည်းနည်းရရင် (၇) ခေါက်ရွတ်။ အချိန်တော်တော်လေးရရင် (၃၇) ခေါက် ရွတ်။ ဂါထာဆိုတာ အစွမ်းထက်မြက်လို့ (၃၇) အုပ်လို့ ပြောရတယ်။ သူတစ်ပါးကလည်း မပြုစားနိုင်ဘူး။ အစာစားရင်လည်း ရွတ်ဆိုပြီးမှစား။ အခုရေးပြထားတာကို ကူးရေးသွားကြ၊ အလွတ်ကျက်ထားကြ"

ကျွန်တော် ကိုအောင်နိုင်နှင့် တွေ့ခဲ့စဉ် ဘာလို့ ဒီဂါထာကို ပြောဖို့မေ့နေရသလဲဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါသည်။ အင်းလေ၊ ခုလောက်ဆိုလျှင် ဘုတ်ဆုံမပေးသည့်နည်းဖြင့် အဆင်ပြေနေလောက်ပြီဟု တွေးလိုက်မိပါသည်။

ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး မကြာမီ ဝါဆိုလပြည့်နေ့၊ အာဇာနည်နေ့၊ စနေနှင့်၊ တနင်္ဂနွေနေ့တို့ လေးရက် ဆက်တိုက်ကျောင်းပိတ်ရက်များရသ[ဖြင့်] ကျွန်တော် ကိုအောင်နိုင်ထံ သွားလည်ပါသည်။ ဘုတ်ဆုံမပေးသောနည်း[ဖြင့်] အဆင်ပြေ၊ မပြေသိလိုစိတ်များ ထ[...] သန်နေသဖြင့် သတင်းမေးရန် သွားခြ[င်း] ဖြစ်ပါသည်။

ဆိုက်ဆိုက်မြိုက်မြိုက်ပင် လာ[...] ကားကြီးဝင်းတွင် ကိုအောင်နိုင်ကို တွေ့ရ၍ အဆင်ပြေသွားပါသည်။

"သူငယ်ချင်း၊ အဆင်ပြေလား"

ကျွန်တော်က မေးလိုက်ရာ -

"ပြေတာပေါ့ သူငယ်ချင်း။ ဘုတ်ဆုံမကို ကျေးဇူးဆပ်ရဦးမယ်"

"ပြောပါဦးကွ။ မင်းဘယ်လိုလုပ်လိုက်တာလဲ"

"သူပြောသလိုလုပ်တော့လည်း လွယ်လွယ်လေးပါပဲ။ ဒီလိုကွ"

ကိုအောင်နိုင်က သူ့ကားပေါ်မ[...] တစ္ဆေထွက်သွားစေရန် သူ့တပည့် ယာ[...] နောက်လိုက်လေးများနှင့် လုပ်ကိုင်ခဲ့[...] များကို ပြောပါသည်။ ပထမဦးစွာ လ[င်] ပန်းပေါ်တွင် ငှက်ပျောရွက်ကြီးတစ်ရွက် ကိုတင်၊ ငှက်ပျောရွက်ပေါ်၌ ကြ[...] ကောင်လုံးအစိမ်းကိုတင်၊ ငါးအစိမ်းများ[...] တင်၊ ငါးခြောက်လေးလည်းတင်ပြီး တစ်[...] ယောက်က ကားထဲသို့ဝင်နေလိုက်သည်[...] တစ်ယောက်က ဓားနှစ်လက်ကို အသ[...] ဝယ်လာပြီး ထိုဓားများကို ဘယ်သူမှ မမြင်အောင်ဆောင်ယူကာ ကားပေ[...] တက်နေရသည်။ သားစိမ်း၊ ငါးစိမ်းတင် ထားသောလင်ပန်းကိုကိုင်သူက ခ[...] အကြာတွင် လင်ပန်းကိုင်လျက် ကား အောက်သို့ဆင်းရသည်။ထိုသူဆင်းတော့ မည်ပြုစဉ် ဓားဖွက်ကာ ဆောင်ထား သူက မေးရသည်။

"ဘယ်သွားမလို့လဲ"

"တောစပ်နားကိုသွားမလို့"

"ဘာလုပ်မှာလဲ"

"ဒါတွေသွားပစ်မလို့"

"ဘာအတွက်လဲ"

"အဲဒီမှာ ဘယ်သူစားစား စား[...] စေပေါ့။ နောက်ထပ်လည်း အဲဒီမှာ ဒီ[...] မျိုးစားစရာတွေရှိသေးတယ်ကွ"

"မင်းယူသွားတော့မှာလား"

"အေးပေါ့ကွ၊ မင်းကဘာလို့[...] တာလဲ"

"အေး- ယူသွား။ ပြီးရင် အဲဒါ[...] ဟိုမှာထားခဲ့။ မင်းတစ်ယောက်[...] ပြန်လာ။ တခြားဘယ်သူ့ကိုမှ[...] မ[...]

www.burmeseclassic.com


**ဝင်းဆေးတိုက်** မှ ဆေးစွမ်းကောင်းသုံးလက် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါပြီ



**အစာမကြေ၊ လေမသက်၍ အနေခက်သူများအတွက်**

**အင်ကြင်းပန်း**
အမှတ်တံဆိပ်
လေသက်ဆေး

အစာမကြေ၊ ရင်ပြည့်ရင်တယ်ဖြစ်ခြင်း၊ အစာမစားချင်ဖြစ်ခြင်း၊ နှုတ်မမြိန်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်၊ အသံဝင်ခြင်း၊ အသက်ရှူမဝဖြစ်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ လေအန်၊ ဝမ်းဗိုက်နာခြင်း၊ အောင့်ခြင်း၊ လေချုပ်ခြင်းများ၊ ပျောက်ကင်းစေပြီး အစာကြေလေသက်၊ အပူငြိမ်း၍ စားဝင်အိပ်ပျော်စေပါသည်။

မှတ်ပုံတင်-1911 YR 006354 ၊ လိုင်စင် – ၂/ ၂၀၀၉၊ တသထလ/တိုး(၁၀၇၈)

**ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်သူများအတွက်** မှတ်ပုံတင်-0613 Y 010361



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
ချောင်းဆိုးပျောက်ဆေး

ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကပ်ခြင်း၊
...ခြင်း၊ မောပန်းခြင်းတို့ကို သုံးစွဲနိုင်ပါသည်။

**ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊ အနာစိမ်းမှအစ အရေပြားရောဂါ အမျိုးမျိုးအတွက်**

မှတ်ပုံတင်-0813 Y 010535



**အင်ကြင်းပန်း**
အမှတ်တံဆိပ်
အနာကျက်ဆေးမှုန့်

အနာစိမ်း၊ ရေဝဲသဲဝဲ၊ ထိခိုက်ရှနာ၊ ခြေကွဲနာ၊ မီးလောင်နာ၊ နှင်းခူအစို အခြောက်၊ ဗိတ်တွက်ခြင်း၊ အသားအရေယားယံခြင်း၊ ပွေး၊ အင်၊ ဂျွတ် ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

ပင်ရင်း – **ဝင်းဆေးတိုက်** ဦးစိုးလင်း + ဒေါ်ဝင်းဝင်းဇော်
အမှတ် – ၂၆၁၆/ခ ၊ လှော်ကားလမ်း ၊ (၇၁) ရပ်ကွက် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့။
ဖုန်း – ၀၁-၅၉၀၅၇၈ ၊ ၀၉ ၇၃၁၃၃၄၀၀


...မင်းနဲ့ပါလာတဲ့သူရှိရင် ဟောဒီမှာ ...တ်ရွှတ်ထားတဲ့ဓား၊ အဲဒီဓားနဲ့ ခုတ် ...စ်မယ် ကြားလား"

ထိုသို့ပြောပြီး လင်ပန်းကိုင်သူ ...သွားသောအခါ ဓားကိုင်သူက ဓား ...သက်ကိုဝင့်၍ ကားအပေါက်ဝတွင် ...လိုက်ရသည်။

ထိုသို့ ဆောင်ရွက်ပြီးလေသော် ...အောင်နိုင်က ဘုန်းကြီးကျောင်းမှ ပင့် ...ဆောင်လာသော ပရိတ်ရေစင်များကို ...အတွင်း ပက်ဖျန်းပြီး ပရိတ်ချည်ကို ...ကားတစ်ခုလုံး ပတ်လိုက်ပါတော့ ...။

"အဲဒါ အဆင်ပြေသွားရောလား"

...ွန်တော်က ကိုအောင်နိုင်ကို ...တ်ပါသည်။

"ပြေတာပေါ့ သူငယ်ချင်းရာ။ ...ာစ်ပြီး ငါ့ကားမှာ ဘာမှမဖြစ် ... ကောင်းလိုက်တဲ့နည်း၊ တန်ဖိုး ...ကွာ။ ဘုတ်ဆုံမကို နည်းလမ်း ...အတွက် ကျေးဇူးဆပ်ရမယ်"

"ဟုတ်ပါပြီ။ အခု မင်းရဲ့ကား ဘယ်မှာ ရပ်ထားသလဲ"

"ကားဝင်အပြင်က အရိပ်ကောင်းတဲ့နေရာမှာလေ"

"လာ၊ တစ်ခုလုပ်ပေးဦးမယ်။ မင်းမှာ ဆော့(ဖ်)ပင်ပါလား"

"ဝယ်လိုက်မယ်လေ"

"အေး-ဝယ်လိုက်။ သွားရအောင်"

"မင်းဘာလုပ်မှာလဲ"

"ဟိုကျသိလိမ့်မယ်"

သို့နှင့် ကားရှေ့ခန်းအပေါ်ဘက်နားနှင့် နောက်ခန်းအပေါ်ဘက်နားတွင် ကျွန်တော် ဝေဒါသာကုဂါထာတော်ကို ရေးပေးလိုက်ပါသည်။ 'ဝေ' ဟု လည်းကောင်း၊ 'ဒါ' ဟု လည်းကောင်း တစ်လုံးစီရေးနေချိန်တွင် ထိုဂါထာတစ်ပုဒ်လုံးကို တစ်ခေါက်စီ ရွတ်ကာရွတ်ကာရေးပါသည်။ ပြီးသွားသောအခါ ထိုဂါထာကိုကြည့်လျက် ဘုရားဂုဏ်တော်ရည်မှန်းကာ လက်အုပ်ချီပြီး (၃၇) အုပ်ထပ်၍ ရွတ်ဆိုလိုက်ပါသည်။

ကိုအောင်နိုင် သဘောပေါက်သွားပါသည်။

"အလွန်အထူးကျေးဇူးပါပဲကွာ" ဟု ဆိုပါသည်။

"အေး - မင်းဘုတ်ဆုံမကိုလည်း ကျေးဇူးဆပ်ပါ။ ငါ့ကိုလည်း ကျေးဇူးဆပ်ပါ"

"မင်းကိုလည်း ကျေးဇူးဆပ်မယ်၊ ဘုတ်ဆုံမကိုလည်း ကျေးဇူးဆပ်မယ်။ မင်းတို့နှစ်ယောက်ကို မင်္ဂလာဆောင်ပေးလိုက်ရင် မကောင်းဘူးလား။ မင်္ဂလာဧည့်ခံပွဲကို ငါ့ကားပေါ်မှာလုပ်မယ်လေ ဟား ဟား ဟား ဟား"

"ဒါဆို ဧည့်ခံတဲ့အစားအသောက်တွေက သက်သတ်လွတ်တွေ ဖြစ်ပါစေနော် ဟား ဟား ဟား။ အလကားပြောတာနော။ ဘုတ်ဆုံမကို သွားလည်း မပြောနဲ့ဦး ဟား ဟား ဟား ဟား"

အခုမှ ရယ်နိုင်ကြပါတော့သတည်း။

ဘက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေစိုး


# ကိုယ်ပေါ်မှအင်းများ

ရွှေစိုးတို့မြန်မာ့ဂမ္ဘီရမှာ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဓာတ်လုံး၊ ဓာတ်ပြား၊ ဓာတ်သား ဟူသည့် သိဒ္ဓိစံအဆောင်များရှိပါသည်။ ထိုအဆောင်များသည် ဆောင်ထားသူ သက်ရှိများ၊ အတူရှိသော သက်မဲ့များအားလုံးကို ပျက်စီးထိခိုက်စေခြင်း၊ အန္တရာယ်အသွယ်သွယ်မှ ကင်းလွတ်စေရန် ဆောင်ရွက်ပေးနိုင်သည့်အစွမ်းသတ္တိရှိသည်ဟု ဂမ္ဘီရသတ္တိစွမ်းကို ယုံကြည်သူတို့က ဆိုကြ၏။ အကြားအမြင်၊ အတွေ့အားဖြင့်လည်း ဂမ္ဘီရဗဟုသုတရှိသူများ၊ ကိုယ်တွေ့ကြုံသူများက အခိုင်အမာပင် ဆိုကြ၏။ သက်သေများပြကာ သာဓကများဖော်ထုတ်ကာလည်း မိမိတို့၏အတွေ့အကြုံများကို ဖြန့်ဖြူးကြသူများလည်း ရှိ၏။ ရွှေစိုးသည်လည်း စစ်မှန်သော ဂမ္ဘီရအစွမ်းသတ္တိများအပေါ် ယုံကြည်မှုရှိသော ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီး ကိုယ်သိသမျှကို သူတစ်ပါးလည်း သိစေချင်သူများထဲတွင်လည်း တစ်ယောက်အပါအဝင် ဖြစ်ပါသည်။ အထူးသဖြင့် သူများတွေသိပြီးဖြစ်စေ၊ မသိရသေးဖြစ်စေ မိမိသိသလောက် ဖောက်သည်ချချင်သူဟုဆိုပါက ပို၍မှန်ပါလိမ့်မည်။ ဤသို့ဖြင့် အပေါင်းအသင်းကောင်းများတွေ့ကာ ဂမ္ဘီရတောထဲသို့ အလည်အပတ်ရောက်ခဲ့ရသော ရွှေစိုးသည် သူတို့ဆီက တစ်ဆင့်ရရှိလာခဲ့သည့် ဂမ္ဘီရဗဟုသုတအချို့ကို ပြန်လည် ဖောက်သည်ချပါမည်။

ဤကမ္ဘာတစ်ခွင် မည်သည့်အရပ်မှာနေသည်ဖြစ်စေ၊ မည်သည့်လူမျိုးပင်ဖြစ်နေပါစေ၊ နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ လိုက်နာအပ်သော ရိုးရာဂမ္ဘီရတစ်ခုကတော့ ရှိစမြဲဖြစ်ပါသည်။ ရွှေစိုး လက်ရှိရောက်နေသည့် ယိုးဒယားနိုင်ငံတော်သည် ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံတစ်ခုအဖြစ် ကမ္ဘာ့အသိအမှတ်ပြုခံထားသော်လည်း သူတို့နိုင်ငံ၏ လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးမှုကြောင့် ကမ္ဘာ့ဘာသာကြီးလေးရပ်နှင့်အတူ ထိုဘာသာကြီးများ၏အတွင်းရှိ ယုံကြည်မှုဓလေ့ ဂမ္ဘီရများနှင့် ထိုဘာသာရပ်ကြီးလေးရပ်နှင့် မဆိုင်သော ယုံကြည်မှုဓလေ့ဂမ္ဘီရများကို လွတ်လပ်စွာ ဆောင်ရွက်ကြသည်ကို တွေ့ရလေသည်။ ထိုယုံကြည်မှုဆိုင်ရာ ဆောင်ရွက်ချက်များတွင် ရွှေစိုး အလွန်စိတ်ဝင်စားမိသည့် ဂမ္ဘီရဓလေ့တစ်ခုအကြောင်း ပြင်ပအသွင်အပြင်အမြင်မျှကို တင်ပြလိုပါသည်။

မြန်မာတို့၏ ဂမ္ဘီရပညာသည် သာသနာတွင်းတွင် ပေါ်ပေါက်လာပြီး မူလအစပထမ ဆရာသခင်အရှင်မြတ်ကြီးတို့က ဗုဒ္ဓသာသနာတော်ကို ဦးထိပ်ထားကြသော သူတော်စင်အရှင်မြတ်ကြီးဖြစ်ပါ၍ မြန်မာတို့၏ ဂမ္ဘီရစစ်စစ်သည် ဘုရား၊ တရား၊ သံဃာ ဟူသော သရဏဂုံကို ဦးထိပ်ထားလျက် ပြုအပ်သော၊ သင်ယူအပ်သော၊ လေ့ကျင့်အပ်သောပညာတစ်ဆူဖြစ်၍ သရဏဂုံသုံးပါးကို ထိခိုက်စေသော၊ ပျက်စီးစေသော ပညာတစ်ခု မဟုတ်ကြောင်း ရွှေစိုး... ယုံကြည်မှုရှိနေပါ၍ မြန်မာတို့၏ ဂမ္ဘီ... ပညာများကို စိတ်ဝင်စားခဲ့သည့်အ... လျောက် သူတို့ဆီက ဗုဒ္ဓဘာသာဝင်အ... ချို့၏ဂမ္ဘီရများထဲမှ အမြင်ပသာဒဖြစ်ပြီး ဆွဲငင်အားကောင်းလှသည့် သူတို့၏ အင်းများကို စိတ်ဝင်စားမိ၊ လေ့လာမိပါသည်။

ဗုဒ္ဓဘာသာဝင် ယိုးဒယားလူမျိုး...








www.burmeseclassic.com

www.burmeseclassic.com













၏ ဂမ္ဘီရပညာဆိုင်ရာ အင်းအိုင်၊ ခါး လက်ဖွဲ့၊ ဓာတ်လုံး၊ ဓာတ်ပြား၊ သားတို့၏ အသွင်သဏ္ဍာန်သည် ဂမ္ဘီရပညာဆိုင်ရာ အင်းအိုင်၊ ခါး လက်ဖွဲ့၊ ဓာတ်လုံး၊ ဓာတ်ပြားများ အဆင်းသဏ္ဍာန်မှာ အလွန်တူလှပါ ။ လေးကွက်အင်း စသည့်အကွက် များ၊ ချွန်းအင်းများ၊ ဝါးကျစ်လိန်၊ ပထမံရုပ်အင်းများ၊ အင်းပြား၊ အင်း အင်းပဝါများ၊ အင်းကွက်ရေးချထား အင်္ကျီများ၊ အင်းအဆောင်များ ဖြင့် စုံအောင်တွေ့ရပါသည်။ ထို များထဲတွင် ကိုယ်ပေါ်ကအင်းများ ရွှေစိုး စိတ်ဝင်စားမိပါသည်။

ရွှေစိုးတို့ မြန်မာတွေအနေဖြင့် င်ကြောင်စုတ်ထိုး' ဟု နားလည် ကြသော သူတို့ဆီက ဆေးမင် သို့မဟုတ် ကိုယ်ပေါ်က အင်း ရွှေစိုး လေ့လာမိသလောက် ပါရစေ။

အင်းများကို အက္ခရာစာလုံးများ၊ စာလုံးသင်္ကေတများဖြင့် စည်း အရာဝတ္ထုများပေါ်တွင် ရေး ပြီး ထိုအင်းများ၏ အာနိသင် စွမ်းအင်များက ထိုဝတ္ထုများပေါ်ပါ သက်ရောက်နေ၏။ ထိုအင်းရေးဆွဲထား သောဝတ္ထုများကို ဆောင်ထား၊ ကိုင် ထားခြင်းဖြင့် ထိုဆောင်သူကိုင်သူများ• အပေါ်ပါ သက်ရောက်စေသည်ဟု ယုံ ကြည်ကြ၏။ ဤကား ယေဘုယျအား ဖြင့် အင်းပညာလုံးဝမတတ်သော ယုံ ကြည်သူများ၏ အင်းအပေါ် ယုံကြည် ချက်ဖြစ်၏။ ထိုသူများထဲတွင် ရွှေစိုး လည်း အပါအဝင်တစ်ယောက် ဖြစ်၏။

ငယ်က ရွှေစိုးဖတ်ဖူးခဲ့သော ဘာ သာပြန်စာအုပ်များထဲမှ ပင်လယ်ဓားပြ ဝတ္ထုများတွင် ရတနာသိုက်မြေပုံကို တီရှစ္စာန်သားရေစပေါ်တွင် ရေးကာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းခဲ့ကြ ကြောင်းပါ၏။ ထို့နောက် ရှေးတုန်းက သင်္ဘောသားကြီးများ၏ ကိုယ်တွင် မိမိ တို့စွဲလမ်းရာအမည်များ၊ အရုပ်များကို ရေးထိုးတတ်ကြကြောင်း ဖတ်ဖူး၊ မြင်ဖူး ၏။ နည်းနည်းစာဖတ်နိုင်လာသော ကျောင်းသားအရွယ်တွင်လည်း မြန်မာ နိုင်ငံသားတို့တွင်လည်း ထိုသို့သော ဓလေ့များရှိကြောင်း ဖတ်ဖူး၏။ ကချင် တို့ ပါးရဲထိုးခြင်း၊ နာဂတို့ ဆေးနက်၊ ဆေးနီအမှတ်အသားများ ကိုယ်ပေါ်နှင့် မျက်နှာပြင်တွင် ရေးထိုးကြခြင်း၊ ကရင် တိုင်းရင်းသားတို့ ဆေးမင်ထိုးခြင်းတို့ကို သတိပြုမိ၏။ ရှေးဗမာကြီးတို့နှင့် ကရင် သတ္တိရှင်များ၏ ထိုးကွင်းမည်းမည်းကြီး များကိုလည်း ရွှေစိုး ငယ်စဉ်ကတည်းက မြင်ဖူးခဲ့၏။ ရှေးဗမာကြီးတို့သည် အရွယ် ရောက်သည်နှင့် ထိုးကွင်းထိုးကြလေ့ ရှိ၏။ ထိုးကွင်းမရှိသော ယောကျ်ား များ၏ ပေါင်ဖြူဖြူကြီးက မိန်းမတို့၏ ပေါင်သဖွယ်မို့ ရှက်တတ်ကြ၏။ ထိုးကွင်း ထိုးပြီးမှ လူပျိုလှည့်ကြလေ့ရှိ၏။

ထိုမှသည် ရွှေစိုးသည် သာသနာ ရေး၊ ဘာသာရေးကို စတင်လေ့လာစ အရွယ်သို့ ရောက်လာ၏။ ရွှေစိုးက ထူးထူးဆန်းဆန်းဆို အလွန်စပ်စုတတ် သူဖြစ်သည့်အလျောက် အထူးအဆန်း တို့ဖြင့် အံ့မကုန်သော မြန်မာ့ဂမ္ဘီရဘက် သို့ အားပြုလေ့လာခဲ့၏။ ရွှေစိုး လူပျို ပေါက်အရွယ်ဟု ဆိုရမည် ဖြစ်၏။ တစ်နေ့တွင် ကျိုက္ကစံရွှေကျင်ကျောင်း တိုက်တွင် သီတင်းသုံးတော်မူသော ရှမ်း ဘုန်းကြီးက ပျော့ညံ့ညံ့သဏ္ဍာန်ရှိသော ရွှေစိုးကို သိုင်းသင်ပေး၏။ ရှမ်းဘုန်း


www.burmeseclassic.com


တော်ကြီး၏ ဘွဲ့တော်က ဦးအစိဏ္ဏဟူ၏။ ထိုအရှင်သည် ရှမ်းတိုင်းရင်းသားဖြစ်ပါသော်လည်း နဖူးမှ မေးစေ့တိုင်သည့်မျက်နှာတော်ကိုသာ ချန်လှပ်ထားပြီး ခြေချောင်းလေးများ၊ လက်ချောင်းလေးများ၊ ဦးပြည်းခေါင်းတုံးပေါ်ပါမကျန် တစ်ကိုယ်လုံးဆေးမင်ထိုးထားလေသည်။ ထို့ကြောင့် နဂိုအသားတော်ရောင်ဝါဖန့်ဖန့်နှင့် ဆေးရောင်များပေါင်းကာ စိမ်းနက်နောက်ရောင်ဖြစ်နေလေသည်။ ထိုကိုယ်တော်၏ ကိုယ်ပေါ်ရှိဆေးမင့်ရုပ်ပုံများကား ဂမ္ဘီရလောကတွင် အလွန်တန်ခိုးထက်မြတ်သည်ဟုထင်ရှားလှသော ဘားမဲ့အင်းတော်များဖြစ်ပေသည်။ ထိုရှမ်းဘုန်းကြီးသည် တုတ်၊ ဓား၊ သေနတ်ပြီးကြောင်း သိရ၏။

ထိုရှမ်းဘုန်းကြီး၏ အစီအစဉ်ဖြင့် ရွှေစိုးတို့ လူငယ်အတော်များများ၏ ကိုယ်ပေါ်တွင် ဂမ္ဘီရပစ္စည်းများနှင့် ဖော်စပ်ထားသောဆေးများဖြင့် အင်းများထိုးပေးခဲ့၏။ ရွှေစိုး၏ ကျောတွင်ပင် ထိုဆေးမင်အင်းကွက်များရှိသေး၏။ ထိုဆေးမင်အင်းကွက်များမှာ ယနေ့အခါ ထိုင်းနိုင်ငံရှိ စိတ်ဝင်စား ယုံကြည်ကြသူတို့၏ ကိုယ်ပေါ်ရှိ အင်းကွက်များနှင့် အလွန်တူ၏။ အင်းဆံဂါထာများ၊ အက္ခရာများကို သူတို့၏ ခေါန် (KGON) ဘာသာအက္ခရာ (ရှေးဟောင်း ခမာဘာသာ) များဖြင့် ပြောင်းလဲ အစားထိုးသုံးထားသည်ကို တွေ့ရပေသည်။ ထို့ကြောင့် မြန်မာတို့၏ ဂမ္ဘီရပညာသည် အရှေ့တောင်အာရှရှိနိုင်ငံအချို့သို့ ပျံ့နှံ့ခဲ့ဖူးသည်ဟု ရွှေစိုးက ယူဆပါသည်။

သူတို့ ယိုးဒယားနိုင်ငံမှ ဆေးမင်ထိုးခြင်း၌ ယုံကြည်မှုရှိသူ မိတ်ဆွေတစ်ဦးအား မေးကြည့်မိသဖြင့် သူတို့၏ဆေးမင်များအကြောင်းထက် ဆေးမင်များထိုးနှံ့ပေးသူ ဆရာအကျော်အမော်များ၊ ရဟန်းများကို သိခဲ့ရပါသည်။ ယိုးဒယားဆေးမင်၏အစကို လက်လှမ်းမီသမျှကောက်ကြောင်း လိုက်မိသောအခါ အယုဒ္ဓယခေတ်ကို ရောက်လာခဲ့၏။

အယုဒ္ဓယခေတ်ကာလ ဘုရင်ဖရာ့ဗောရောမာထရိုင်လောကနတ် (PRA BOROMA THRM-LOKANA-AT) ၏ လက်ထက်တော်က မင်းမှုထမ်းများ၏ အဆင့်ရာထူးကို ထိုမင်းမှုထမ်းများ၏ လက်ကောက်ဝတ်တွင် ဆေးမင်ထိုး၍ ဖော်ပြသည်ဟုဆို၏။ နန်းတွင်းရှိဘုရင့်အတိုင်ပင်ခံများ၊ အပါးတော်မြ






www.burmeseclassic.com

www.burmeseclassic.com

များသည် တိုင်းပြည်၏ အုပ်ချုပ်ရေး
တွင် ဘုရင်ကို ကူညီကြသည်ဆို၏။ ထို
အတိုင်ပင်ခံများ၊ အပါးတော်မြဲများထဲ
တွင် ဝေဒပညာ၊ ဗေဒပညာ၊ မန္တန်၊
ရားပညာများ တတ်မြောက်ကြသော
ပညာရှင်များလည်း ပါဝင်ကြ၏။
ပညာရှင်များ၏ ပင်မဂိုဏ်းချုပ်ဆရာ
ကြီးကား ရသေ့ကြီးဖြစ်၏။ ယေဘုယျ
အားဖြင့် ဆရာရသေ့ဟု ခေါ်ကြ၏။
သို့သော်လည်း ကာလအလိုက်၊ ဂိုဏ်း
အလိုက် ဆရာရသေ့များ၏ အမည်
များရှိပါလိမ့်မည်။ ဘုရင့်အပါးတော်မြဲ
ပညာရှင်များက ဘုရင်အစရှိသော
း ရာဇာများအား အဆိုပါမန္တန်မန္တရား
ောင်းများ၊ သိဒ္ဓိဝင်၊ သိဒ္ဓိမြောက်ဂမ္ဘီရ
ည်းများ စီရင်၍လည်းကောင်း၊ ရှာဖွေ
လည်းကောင်း ဆက်သကြရ၏။
ရင်နှင့်တကွ မင်းစိုးရာဇာတို့က ယခုရ
ခုစမ်းပြီး မအောင်မြင်လျှင် စီရင်သူ၊
က်သသူတို့က ကြီးမားသောပေးဆပ်
ကို ပြုကြရ၏။ အချို့ဆိုလျှင် အသက်
ပင် ပေးဆပ်ခဲ့ကြရ၏။ အောင်မြင်မှန်
န်ခဲ့လျှင်လည်း တစ်သက်စားမကုန်
သော အကျိုးစီးပွားနှင့် အာဏာတို့ကို
ကြရပေသည်။ ထို့ကြောင့် အလွန်ရှေး
လေ ယုံကြည်မှုကြီးကြလေဖြစ်သဖြင့်
နေ့ ယုံကြည်သူတို့က ရှေးဟောင်း
င်းအဆောင်တစ်ခုတည်းကိုပင်လျှင်
ဒယားငွေ ဘတ်ပေါင်းသန်းချီ၍
ယ်တတ်ကြ၏။

အဆောင်သည် ဆောင်တတ်
င် အောင်ပြီး၊ မဆောင်တတ်လျှင်
တ်သွားတတ်သည်ဟု ဆို၏။
ဆောင်သည် အဆောင် ဟူသည့်
ိုင်း ဆောင်ထားရန်ဖြစ်၍ ထုထည်
ကြီး၊ အရွယ်ကြီးကြီး စီရင်၍မရ။
ထဲထည့်ထားနိုင်ရုံမျှအရွယ်ဖြစ်၏။
ကိုယ်တစ်နေရာရာတွင်လည်း ချည်
င်ထားနိုင်ရမည်။ သို့မဟုတ်က
ားအသုံးမတော်၍ ပျောက်သွား
၏။ ကိုယ်နှင့်လည်းမကွာ ပျောက်
ည်း အကြောင်းမရှိသည်က ခန္ဓာ
အရေပြားပေါ်တွင် ထိုးအင်း၊ ထို
တို့ ခိုင်ခံ့သောသိဒ္ဓိဝင်ဆေးများဖြင့်
ထားရန် ဖြစ်၏။ ဤရည်ရွယ်ချက်
သူတို့၏ ကိုယ်ခန္ဓာပေါ်တွင် ဂါထာ
မန်းမှုတ်ပြီး ထိုးနှံသော ဆေးမင်
ညာစွမ်း ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်
ည်။ အယုဒ္ဓယခေတ်က စစ်သား
သက်ဝေ့ပညာရှင်များ၊ နပန်းပညာ
များ အခြားကိုယ်ခံပညာရှင်များ၏
လောကတွင် ဤသို့ သိဒ္ဓိဝင်ဆေးမင်ထိုး
ခြင်းသည် အလွန်ရေပန်းစားလှ၏။

နောင်တွင် စစ်သားများနှင့် ကိုယ်
ခံပညာရှင်များသာမက ရုပ်နေရွာနေ
တောင်သူလယ်သမားဦးကြီးများ၊ ကာလ
သားများပါ အစွမ်းထက်သောပညာရှင်
ဆရာသမားများထံတွင် သိဒ္ဓိဝင်ဆေးမင်
အင်းများကို မိမိတို့၏ ကိုယ်ခန္ဓာပေါ်
တွင် ထိုးနှံလာကြ၏။ ထို့နောက်ကာလ
မီးဖိုချောင်ထဲက မိန်းမများပါ စားခွက်
နှိုက်ရှာသူနှင့် အကွယ်အကာအင်းများ
နှင့် ဆေးများကို မိမိတို့ပေါ်တွင် ထိုးနှံ
လာကြတတ်၏။ မိန်းမသားများတွင်
အင်းကွက်များထက် အစက်အပြောက်
များ၊ ဝလုံးသင်္ကေတများကို အတွေ့ရများ
၏။ ယိုးဒယားတွင် ယခုထက်တိုင် ဆေး
မင်စုတ်ထိုး ဂမ္ဘီရအတတ်ပညာနှင့် ယင်း
၏ အံ့ဖွယ်စွမ်းအင်များက ရေပန်းစား
နေတုန်း ဖြစ်၏။ ကမ္ဘာ့ရုပ်ရှင်နယ်မြေ
ဟောလိဝုဒ် (HOLLYWOOD) မှရုပ်ရှင်
မင်းသား၊ မင်းသမီးအချို့ပင် ထိုင်းနိုင်ငံမှ
ဆေးမင် ဂမ္ဘီရဆရာတစ်ယောက်ဖြစ်သူ
အာဂျန်နူ (AJARN NOO) ထံတွင် လာ
ရောက်၍ ရှေးဟောင်းဂါထာများကို
ထိုးနှံကြကြောင်း သိရ၏။ ထိုဆရာနူက
လည်း လူပုံအလယ်တွင် ယခုဆေးထိုးနှံ
ပေးပြီး ယခုချက်ချင်းပင် ဓားနှင့်ထခုတ်
ပြသူ ဖြစ်၏။ အခုတ်ခံရသူမှာ နာရုံ၊
ကျဉ်ရုံမျှပင် မခံစားရဟု ဆို၏။ ဤမျှ
စွမ်းလှ၏။ ရွှေစိုးကိုယ်တိုင် မျက်မြင်ကြုံ
ဖူးပါသော်လည်း ကြောက်တတ်သော
ရွှေစိုးက အသာငြိမ်ငြိမ်တိတ်တိတ်ပင်
နေလိုက်မိခဲ့၏။ ရွှေစိုးကိုယ်တိုင်က
သရဏဂုံသုံးပါး၏ ဘုန်းတော်၊ ဂုဏ်
တော်အောက်တွင် အစွမ်းရှိသော ထို
ကိစ္စမျိုးသည် ယင်းတို့ကို ဆောင်ပန်ကြ
ကုန်သူတို့က သရဏဂုံသုံးပါး၏ ဘုန်း
တော်၊ ဂုဏ်တော်ကို အမှန်တကယ်ယုံ
ကြည်ပြီး သီလ၊ သမာဓိမြဲကြမှ အစွမ်း
ထက်လိမ့်မည်ဟု ယုံကြည်သောကြောင့်
ကိုယ်တိုင်မစမ်းမိခြင်းလည်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ယုံကြည်တတ်
သူ ဓမ္မမိတ်ဆွေတို့ ယိုးဒယားနိုင်ငံသို့
ကိုယ်တိုင်မရောက်သေးမီတွင် ရသေ့
စိတ်ဖြေ ကြည့်ရှုလေ့လာနိုင်ကြစေရန်
ယိုးဒယားနိုင်ငံမှ ယုံကြည်နေသူများ၏
ကိုယ်ပေါ်မှ အင်းများပုံကို ရှာဖွေ
စုဆောင်းကာ တင်ပြလိုက်ပါသည်။

ရွှေစိုး

# ကိုယ်ခန္ဓာများ ရောင်ရမ်းသော ရောဂါပျောက်နည်း

စာရေးသူဟာ ရန်ကုန်မြို့
စာသင်တိုက်တွင် ပရိယတ္တိစာပေသင်ယူ
နေတဲ့စာသင်သားတစ်ဦး ဖြစ်ပါတယ်။
ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့မှာ
နေထိုင်တဲ့ စာရေးသူရဲ့ ရဟန်းဒကာ၊
ဒကာမများထံမှ တစ်နေ့မှာဖုန်းဝင်လာပါ
တယ်။

"မောင်ပဥ္စင်း၊ အမြန်ပြန်လာစေ
ချင်ပါတယ်။ မောင်ပဥ္စင်းရဲ့ရဟန်းဒကာ
ဟာ ကိုယ်တွေဖောရောင်နေပါတယ်"

လို့ ဖုန်းဆက်တော့ စာရေးသူ
လည်း နယ်ပြန်သွားပါတယ်။

နယ်ပြန်ရောက်တော့ -

ကျောက်ကပ်မကောင်းလို့ ကိုယ်
ခန္ဓာများရောင်ရမ်းတာလားလို့ မေးတော့
ဆရာဝန်များက မဟုတ်ဘူးလို့ပြောပါ
တယ်။ ဒီလိုနဲ့ စာရေးသူကို ဒကာတစ်
ယောက်က ပြောဖူးသော မြန်မာဆေး
နည်းဖြင့် ကုသကြည့်ရာ အံ့ဩဖွယ်ရာ
(၃)ရက်အတွင်း လုံးဝပျောက်ကင်းသွား
ပါတယ်။ စာရေးသူလည်း မယုံနိုင်စရာ
အံ့ဩဝမ်းသာစွာနဲ့ ကိုယ်ခန္ဓာများ
ရောင်ရမ်းသောသူများရှိခဲ့က ပျောက်
ကင်းစေလိုတဲ့စေတနာနဲ့ သုရဋ္ဌမဂ္ဂဇင်း
မှာ ဆေးနည်းထည့်ရရင် ကောင်းမယ်လို့
တွေးဖြစ်ကာ ယခုဆေးနည်းကို ရေးသား
တင်ပြရခြင်း ဖြစ်ပါတယ်။

ဆေးနည်းကား အလွန်လွယ်ကူ
ပါတယ်။ စာရေးသူတို့နယ်အခေါ်
ဇော်ဂျီတောင်ဝှေးအပင်မှအရွက်ကို ခူး
ပြီး သုံးခွက်တစ်ခွက်ကျို၊ တစ်နေ့ သုံး
ကြိမ်သောက်ရုံမျှနဲ့ လုံးဝ ပျောက်ကင်း
နိုင်ပါကြောင်း စာရေးသူ လက်တွေ့
အနေဖြင့် ကြုံတွေ့ရပါသဖြင့် စေတနာ
ရှေ့ထားကာ ရေးသားတင်ပြလိုက်ပါ
တယ်။

*အားလုံးကျန်းမာကြပါစေ*

အရှင်ဣန္ဒက (ပန်းတောင်း)



www.burmeseclassic.com

www.burmeseclassic.com

# ပျော်ကျော့ကဝိုင်

ချက္ကရစွမ်းအင်နှင့်ရော... (၂)



ချက္ကရစွမ်းအင်နှင့် ရောဂါကုထုံး အကြောင်းကို အရင်လက မိတ်ဆက် ရေးခဲ့တယ်။ ဒီဘာသာရပ်ဟာ လေးနက် နားစိမ်းတဲ့ပညာရပ်ဖြစ်လို့ အခြေခံက စပြီး ရေးရမှာ ဖြစ်တယ်။ နောက်မှ လက်တွေ့ရောဂါကုသပုံကိုပြောမှပြည့် စုံမှာ ဖြစ်တယ်။

ရောဂါကုထုံးအကြောင်းကို မပြောခင်မှာ သမိုင်းကြောင်း အကျဉ်းလောက်တော့ ပြန်ပြော ဖို့ လိုပါတယ်။ လွန်ခဲ့တဲ့ နှစ် တစ်ရာကျော် (၁၉) ရာစုကုန်ခါ နီးမှာ ဩစတြီးယားပြည်နယ် ဗီယာ နာမြို့မှာ ထူးဆန်းတဲ့ ကုထုံး (၂) မျိုး ပေါ်ပေါက်ခဲ့တယ်။ နှစ်ဦးစလုံး နာမည် ကျော်တွေပါပဲ။

တစ်ဦးကတော့ သမားတော် ဆရာဝန်ကြီးတစ်ဦးဖြစ်တဲ့ ဒေါက်တာ မက်စမာ ဖြစ်တယ်။ သူဟာ လူနာတွေ ကို ဆေးသိပ္ပံနည်းနဲ့ကုသရာက ကုသ ရာမှာ ခက်ခဲတဲ့လူနာတွေကို သူ့လက် နှစ်ဖက်နဲ့သပ်ချပြီး ကုသပေးတယ်။ ဘာ ဆေးမှမသုံးစွဲဘဲ လက်နဲ့ သပ်ချရုံနဲ့ ရောဂါတွေ ပျောက်ကင်းသွားတော့ တစ်မုဟုတ်ချင်းဆိုသလို နာမည်ကျော် သွားတယ်။

ဇီဝဗေဒစမ်းသပ်မှုမှာ တိရစ္ဆာန် တွေမှာ ဆွဲငင်အားဆိုတဲ့ MAGNETISM ရှိတယ်ဆိုတာကို ဒေါက်တာ မက်စမာ က တွေ့ရှိပြီးသား ဖြစ်တယ်။ ဒီဆွဲငင် အားဟာ တိရစ္ဆာန်တွေသာမက လူတွေ မှာလည်းရှိတယ်။ ဒီဆွဲငင်အားကို အသုံး ပြုပြီးတော့ လူနာရဲ့ရောဂါဝေဒနာတွေ ကိုကုသကြည့်တာဖြစ်တယ်။ ဒေါက်တာ မက်စမာက သူ့မှာရှိနေတဲ့ ဆွဲငင်အားကို သူ့လက်ကတစ်ဆင့် လူနာဆီကို လက် နဲ့သပ်ချလိုက်တဲ့အခါ သူ့ရဲ့ဆွဲငင်အား က လူနာရဲ့ရောဂါဝေဒနာတွေကို ဖယ် ရှားပေးလိုက်လို့ ရောဂါတွေပျောက်သွား တာဖြစ်တယ်လို့ ဒေါက်တာမက်စမာ က ဆိုတယ်။

ဆေးသိပ္ပံ ပညာရှင်တွေက တိရစ္ဆာန်ဆွဲငင်အားဆိုတာကို လက်မခံ နိုင်ဘူးဖြစ်နေတယ်။ ဒေါက်တာ မက်စမာရဲ့ ဂုဏ်သတင်းတွေဟာ အနောက်တိုင်းအထိ ကျယ်ပြန့်လာ တော့ ဆေးသိပ္ပံပညာရှင်များအဖွဲ့ကို စုံစမ်းစစ်ဆေးပေးဖို့ အစိုးရက တာဝန် ပေးရတယ်။ ဆေးသိပ္ပံပညာရှင်ကြီးတွေ က ဒေါက်တာမက်စမာကို စုံစမ်းမေးမြန်း ကြတယ်။ ဆွဲငင်အားဆိုတာ ဘယ်အရာ ဖြစ်တယ်ဆိုတာကို သိပ္ပံနည်းကျ ထုတ်ပြ ဖို့တောင်းဆိုကြတယ်။ အဲဒီခေတ်က သိပ္ပံပညာဟာ အခုခေတ်လို မထွန်းကား သေးတော့ ဒေါက်တာ မက်စမာဟာ ဆွဲငင်အားဆိုတာ ဘယ်အရာပဲလို့ မပြ နိုင်လို့ အလိမ်အညာကုထုံးလို့ ဆေးသိပ္ပံ ပညာရှင်တွေက ဆုံးဖြတ်လိုက်တယ်။ ဒါကြောင့် ဒေါက်တာမက်စမာရဲ့ ဆွဲငင် အားလက်သပ်ကုထုံးဟာ နာမည်ပျက် သွားတယ်။

ဒေါက်တာမက်စမာလို နာမည် ကျော် ကုထုံးသစ်ပညာရှင်တစ်ဦးက တော့ အီမလီကျူးလို့ ခေါ်တဲ့သူ ဖြစ် တယ်။ သူကတော့ ဆာဂျက်ရှင်းလို့ခေါ် တဲ့ ညှို့ချက်သွင်းစကားတွေပြောကုတာ ဖြစ်တယ်။ တစ်နေ့တခြား ကျန်းမာလာ ပြီး ရောဂါတွေ ပျောက်ကင်းသွားပြီလို့ ကုသတဲ့ဆရာကပြောပြီး ကုသတာ ဖြစ် တယ်။ အော်တိုဆာဂျက်ရှင်းဆိုတဲ့ စိတ် ညှို့ပညာဟာ အီမလီကျူးဆီမှ ဆင်း သက်လာတာ ဖြစ်တယ်။

ဒေါက်တာမက်စမာရဲ့ လက်သ... ကုထုံးဟာ နာမည်ပျက်သွားပေမဲ့ သူ့ရဲ့ လက်သပ်ပြီး စိတ်ညှို့တဲ့ပညာ... တော့ ဆက်လက် ပြန့်ပွားသွားတယ်... ဒီလို လက်နဲ့သပ်ချပြီး အသုံးပြု... စိတ်ညှို့ပညာကို သူ့နာမည်ကို အစွဲ... ပြီး မက်စမာရစ်ဇင်လို့ ခေါ်ကြတယ်။

ဒေါက်တာမက်စမာ ထုတ်ဖေ... မပြနိုင်တဲ့ ဆွဲငင်အားကို (၂၀) ရာစု... ဂျပန်ဒေါက်တာမိုတိုယာမက လက်တွေ့... စမ်းသပ် ထုတ်ဖော် ပြသနိုင်ပါတယ်... ဒေါက်တာမိုတိုယာမဟာ တရုတ်အ... စိုက်ကုထုံးက အသုံးပြုတဲ့ 'ကီ' ဆို... အတွင်းအားရှိကြောင်းကို မာတ်ခွဲ... သပ်လေ့လာခဲ့တယ်။ သိုင်းသမား... အသုံးပြုတဲ့ 'ကီ'ဆိုတာဟာ လူ့ကိုယ်... ရှိ စွမ်းအင်တစ်မျိုး ဖြစ်တယ်။ တရု... ချိုးကုထုံးဟာ ဒီ'ကီ'စွမ်းအင်ကို အ... ပြုပြီးကုသတာ ဖြစ်တယ်။ ဒီ'ကီ'စ... ကို အိန္ဒိယပညာရှင်တွေက ပရာဏ...

www.burmeseclassic.com

www.burmeseclassic.com

စွမ်းအင်လို့ ခေါ်တယ်။ အခေါ်အဝေါ် အမည်မတူတာဘဲရှိတယ်။ သဘာဝချင်း တူတယ်လို့ ထုတ်ဖော်ပြသလိုက်တဲ့အခါ အရှေ့တိုင်း၊ အနောက်တိုင်းမှ သိပ္ပံပညာရှင်တွေ ငြိမ်ကျသွားခဲ့ပါတယ်။ ဒေါက်တာမိုတိုယာမ ခြေရာနင်းပြီး ဆက်လက် သုတေသနပြုကြရာမှ ချက္ကရရှိတဲ့နေရာတွေကို လက်နဲ့သပ်ချ ကုထုံးဟာလည်း ပရာဏစွမ်းအင်ကို အသုံးပြုတာဖြစ်တယ်ဆိုတာ တွေ့သွား တယ်။

ပရာဏစွမ်းအင်ကို ကုသသူရဲ့ လက်ကတစ်ဆင့် ဝေဒနာရှင်တွေရဲ့ ချက္ကရအတွင်းသွင်းပြီးကုသတဲ့ပညာကို ချက္ကရကုထုံးပညာလို့ ကာလီဖိုးနီးယား က ဒေါက်တာရှိုင်းက ခေါ်တယ်။ ဒီလို ချက္ကရကုထုံးနဲ့ လူနာတွေကို လက်တွေ့ ကုသိုလ်ဖြစ် ကုသပေးနေသူလည်း ဖြစ် တယ်။

ဒါကြောင့် ဆွဲငင်အားကုထုံး၊ ပရာဏကုထုံး၊ ရေခီကုထုံး၊ ချီကုံးကုထုံး၊ ချက္ကရကုထုံး စတဲ့ ဆေးဝါးမပါဘဲ လူ့ ခန္ဓာကိုယ်ကထွက်တဲ့ ပရာဏစွမ်းအင် ကို အသုံးပြုပြီး ကုသတာချင်းအတူတူ ပဲ၊ ကုသမယ့်သူက သူ့မှာ အပိုရှိနေ တဲ့ ပရာဏအသက်ဓာတ်အားတွေကို ဝေဒနာရှင်ဆီပေးပို့လိုက်တာပါပဲ။ ပေးပို့ တဲ့နည်းတွေဟာ အနည်းငယ်ဆီကွာခြား ပေမယ့် ကုသနိုင်တဲ့ စွမ်းအင်ကတော့ ပရာဏဓာတ်သာ ဖြစ်ပါတယ်။

ကုသပုံနည်းကွာခြားချက်ကြောင့် ရောဂါဝေဒနာ ကုသပျောက်ကင်းတာ ချင်းတူပေမယ့်လို့ နှေးနှေးပျောက်ကင်း တာ မြန်မြန်ပျောက်ကင်းတာလောက်ပဲ ကွာခြားပါတယ်။ ချက္ကရတွေဟာ ပြင်ပ စွမ်းအင်တွေ ကိုယ်တွင်းဝင်ရာ တံခါး ပေါက်ဖြစ်သလို ကိုယ်တွင်းက စွမ်းအင် တွေ ပြင်ပကိုထွက်ရာတံခါးပေါက်လည်း ဖြစ်တယ်။

ချက္ကရအားကောင်းရင် ချက္ကရ လည်နိုးကြားနေရင် ပြင်ပကဝင်လာတဲ့ စွမ်းအင်တွေကို ကောင်းကောင်းစုပ်ယူ နိုင်တယ်။ ဒါကြောင့် ချက္ကရစွမ်းအင် ကုထုံးနဲ့ ကုသမယ့်ဆရာဟာ ချက္ကရတွေ နိုးကြားအားကောင်းဖို့လိုတယ်။ ချက္ကရ တွေ နိုးကြားအားကောင်းနေအောင် လေ့ကျင့်ထားသင့်တယ်။ ဒါမှသာ ပရာ ဏစွမ်းအင်တွေ ဆရာ့ဆီမှာ အလျှံပယ် ရှိမှာ ဖြစ်တယ်။ ဒီပရာဏစွမ်းအင် တွေကို သူတစ်ပါးဆီထုတ်ပေးလိုက်တဲ့ အခါမှာ ပရာဏစွမ်းအင်အပြင် ချက္ကရ စွမ်းအင်တွေပါ အတူရောပြီးပါသွားမှာ ဖြစ်တယ်။

ရောဂါဝေဒနာ ကုသခံမယ့်သူ အနေဖြင့်လည်း ကုသသူဆရာက ပေး လိုက်တဲ့ ပရာဏစွမ်းအင်တွေကို အပြည့် အဝခံယူနိုင်ဖို့အတွက် မိမိရဲ့ချက္ကရတွေ သွက်လက် လှုပ်ရှားနေအောင် ပြုပြင် ထားသင့်တယ်။ လေ့ကျင့်ထားသင့် တယ်။ စိတ်တန်ခိုးလေ့ကျင့်သလို အပြင်းအထန် ကျင့်ကြံဖို့ မဟုတ်ပါဘူး။ အသက်ရှူလေ့ကျင့်ခန်းနဲ့ ခန္ဓာကိုယ်ဖြေ လျှော့တာလောက်ကိုတော့ လေ့ကျင့် ထားသင့်တယ်။ ဒီလို လေ့ကျင့်ထားမှ သာ ကုသပေးလိုက်သူဆီက ပရာဏ စွမ်းအင်တွေကို အဖိတ်အစဉ်မရှိဘဲ ရရှိမှာ ဖြစ်တယ်။

ကုသပေးမယ့်ဆရာရဲ့သူ့စွမ်းအင် တွေဟာ သူ့လက်ဝါးနှစ်ဖက်က ထွက် ပေါ်လာမှာ ဖြစ်တယ်။ ဒီလို လက်ဝါး နှစ်ဖက်ကထွက်လာမယ့်ပရာဏနဲ့ ချက္က ရစွမ်းအင်တွေဟာ ဘယ်လောက်များ များထွက်လာတယ်၊ ဘယ်လောက်အ ရှိန်အဟုန်နဲ့ ထွက်လာတယ်ဆိုတာကို ကိုယ်တိုင်စမ်းသပ်ကြည့်ထားသင့်တယ်။

စမ်းသပ်တဲ့နည်းကတော့ လက် ဝါးနှစ်ဖက်ကို နှစ်ပေကွာလောက်မှာ ထောင်ထားပါ။ လက်နှစ်ဖက်က ကြွက် သားနဲ့အကြောတွေကို ဖြေလျှော့ထား ပါ။ လက်တွေတောင့်တင်းမနေပါစေနဲ့။ လက်ဝါးနှစ်ဖက်ကိုလည်း မျက်နှာချင်း ဆိုင်ဖြန့်ထားရမယ်။ ဒါပေမယ့် တောင့် တင်းနေအောင်မဟုတ်ဘဲ လက်ဝါးကို အတွင်းဘက် ခပ်ကွေးကွေးအလိုက်သင့် ထားပါ။ မျက်နှာချင်းဆိုင် လက်ဝါးနှစ် ဖက်ကို တဖြည်းဖြည်းချင်း နီးကပ်လာ အောင် ဆွဲယူပါ။ စိတ်အာရုံစူးစိုက်မှု အားကို အမြင့်ဆုံးအဆင့်ရောက်အောင် မြှင့်ထားပါ။ လက်ဝါးထဲက ပရာဏစွမ်း အင်တွေထွက်လာနေပြီလို့ စိတ်ကူးနဲ့ သရုပ်ဖော်ကြည့်ပါ။

လက်ဝါးနှစ်ဖက်နီးလာရင် လက် ဝါးတွေဟာ စပ်ဖျဉ်းဖျဉ်းဖြစ်လာမယ်။ ပူသလိုလို၊ ယားသလိုလို ခံစားရမယ်။ ဒါမှမဟုတ် အနည်းငယ် နာကျင်လာ သလို ခံစားရမယ်။ ဖိအားတစ်ခုကို ခံစားရသလိုလည်း ခံစားလာရတတ် တယ်။ လက်ဝါးတစ်ဖက်က ထွက်လာတဲ့ စွမ်းအင်တွေဟာ အခြားလက်ဝါးတစ် ဖက်ပေါ် ရောက်ရှိလာတဲ့ အားတွေကို သိရှိခံစားရတာပါ။ အာရုံခံစားမှုထက် မြက်သူတွေဟာ လက်ဝါးနှစ်ဖက် နှစ်ပေ အကွာလောက်မှာကတည်းက စွမ်းအင် တွေကို ခံစားရတယ်။ တချို့ကတော့ တစ်ပေအကွာလောက်မှာ ခံစားရတယ်။ အများစုကတော့ (၆) လက်မအကွာ လောက်မှာ သိသာ ခံစားရတယ်။ ဒီ လက်ဝါးနှစ်ဖက်က ထွက်ပေါ်လာတဲ့ စွမ်းအင်အရှိန်တွေကို သိနိုင်အောင် နေ့ စဉ် လေ့ကျင့်ထားသင့်တယ်။ ဒါမှသာ မိမိကိုယ်ကိုမိမိ ယုံကြည်မှုတွေ အား ကောင်းလာမှာ ဖြစ်တယ်။ ယုံကြည်မှု အားကောင်းလေ ကုသရာမှာ အောင်မြင် လေ ဖြစ်တယ်။

ကုသခံမယ့် လူနာရဲ့ ညာဘက် ဘေးမှာရပ်ရမယ်။ ရောဂါဝေဒနာခံစား နေရတဲ့နေရာကို မိမိလက်နှစ်ဖက်နဲ့အုပ် ပေးရမှာ ဖြစ်တယ်။ လူနာရဲ့ခန္ဓာကိုယ်နဲ့ မိမိရဲ့ လက်နှစ်ဖက်ဟာ (၆) လက်မ လောက် ဝေးကွာသင့်တယ်။ မိမိဆီက စွမ်းအင်တွေ လူနာဆီရောက်သွားပြီဆို တာကို စိတ်နဲ့ သရုပ်ဖော်တာကို (၂) မိနစ်လောက်ထားသင့်တယ်။ တစ်ကြိမ် လုပ်ရင် (၂) မိနစ်လောက်သာလုပ်သင့် တယ်။ စိတ်အာရုံစူးစိုက်မှုဟာ အချိန် ကြာရင် အားလျော့သွားတတ်တယ်။

တစ်ကြိမ်ပြီးရင် (၂) မိနစ်လောက် နားသင့်တယ်။ နားတဲ့အချိန်မှာ အသက် ရှူလေ့ကျင့်ခန်းလုပ်ပြီး နောက်တစ်ဖန် (၂) မိနစ်လောက် လက်ဝါးနဲ့မိုးပြီး ကုသ သင့်တယ်။ ဒီလိုကုသချိန်မှာ ဆရာရော လူနာပါ စကားလုံးဝမပြောရဘူး။ ဆရာ လုပ်သူက မျက်စိမှိတ်ထားရင် စိတ် အာရုံစူးစိုက်မှု ပိုပြီးအားကောင်းလာ တယ်။ ကုသချိန်မှာ လက်ဖဝါးထဲက စွမ်းအင်တွေထွက်သွားလို့ လက်ဖဝါး စပ်ဖျဉ်းဖျဉ်းဖြစ်တာ၊ ပူရှိန်းရှိန်းဖြစ်တာ၊ ဖိအားတွေ့ရတာတွေကို သိရှိခံစားနိုင် အောင် သတိထားရမယ်။ ဒါမှသာ ကုသမှု ဘယ်လောက်အောင်မြင်သလဲ ဆိုတာ သိရမှာ ဖြစ်တယ်။

အခုလို ကုသနည်းဟာ အရေး ပေါ်ဝေဒနာတွေကို ကုသဖို့ဖြစ်တယ်။ တကယ့် ရောဂါကြီးတွေကို ကုသဖို့အ တွက်တော့ လက်ဝါးနှစ်ဖက်နဲ့ ရောဂါ ရှာဖွေနည်း၊ လက်ဝါးနှစ်ဖက်နဲ့ ချက္ကရ တွေထိန်းညှိရေး လေ့ကျင့်ဖို့လိုတယ်လို့ ဒေါက်တာဂျိုင်းက သူ့ရဲ့ Joy's Way စာအုပ်မှာ ညွှန်ကြားထားပါတယ်။

နောက်လမှာတော့ နာတာရှည် ရောဂါတွေနဲ့ အပြင်းအထန် ခံစားရတဲ့ ရောဂါဝေဒနာတွေကို ချက္ကရကုထုံးနဲ့ ဘယ်လိုကုသရတယ်ဆိုတာကို ရေးမှာ ဖြစ်ပါတယ်။

မောင်ကျော်တိုင်



www.burmeseclassic.com

www.burmeseclassic.com

(လွန်ဆေး)

# နေဝင်းဝင်း

## မမေ့နိုင်သော အတိတ်ကဇာတ်လမ်းတစ်ပုဒ်

၁၉၇၃ - ၇၄ ခုနှစ်ဝန်းကျင် ကျွန်တော် ငယ်စဉ် ကျောင်းသားဘဝ မြန်အောင်မြို့ နေပြည် အ-လ-က ကျွင်ပညာသင်ကြားစဉ်ကာလက ဖြစ်သည်။ ထိုစဉ်က ကျောင်း၏ တောင်ဘက်ကပ်လျက်တွင် ဘောလုံးကွင်းတစ်ကွင်းရှိသည်။ မိုးရာသီကာလများတွင် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများ နစ်စဉ်ကျင်းပလေ့ရှိခဲ့သည်။ ပွင့်လင်းရာသီကာလများတွင် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ၊ နေကြီးရက်ကြီးအခမ်းအနားများ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်သည်။ ဇာတ်ရုပ်ရှင်အငြိမ့်ပွဲများရုံသွင်းပြေး ရာနေရာလည်း ဖြစ်သည်။ ထိုစဉ်က ရုပ်ရှင်အတ်ကားသုံးကားကို တစ်ကျပ်ပေး၍ ကြည့်ခဲ့ဖူးသည်။

ကျောင်းနှင့်နီးကပ်သဖြင့် ပွဲလမ်းသဘင်များသို့ ရောက်ခဲ့ဖူးသည်။ နေ့ကြီးရက်ကြီးအခမ်းအနားများ၌ ဌာနဆိုင်ရာ [illegible]ပေးပြခန်းများသို့ ကျွန်တော်တို့ ကျောင်းသားများ အစုအဖွဲ့လိုက်သွားရောက်လေ့လာခဲ့ကြဖူးသည်။ ပြခန်းများက [illegible]ရာ အလွန်ကောင်းပါသည်။ ထိုပြခန်းများအနက် ကျွန်တော်တို့ကျောင်းသားအများစု စိတ်ဝင်တစားကြည့်ခဲ့ဖူးသည့် ပြခန်းတစ်ခုမှာ ကျန်းမာရေးဌာနပြခန်း [illegible]သည်။ ပြခန်းဆောင့်[illegible] အလုံပိတ်ဖန်ပေါင်းချောင်အတွင်း၌ ဆေးရည်စိမ်ထားသော [illegible] မွေးကင်းစကလေးတ[illegible] ရသည်။ ပြခန်းတာဝန်ခံ ရှင်[illegible] သိရသည်မှာ ကလေး[illegible] အသက်ပါမလာ၊ [illegible] တစ်ဦး၏ ဖွံ့စည်း[illegible] အဆုတ်၊ နှလုံး၊ အူ[illegible] ပါရှိမလော၊ ခန္ဓာကိုယ်အဲတွင် ထူးဆန်းစွာ သဲနှင့် ရေသာပါရှိလာသည်ဟု သိရသည်။

ကျွန်တော်တို့ ကျောင်းသားကျောင်းသူများမှာ ပြခန်းတာဝန်ခံရှင်းပြသည်များကို ပါးစပ်အဟောင်းသားနှင့် နားထောင်ရင်း တွေးတစိမ့်စိမ့်နှင့် ကြောက်ရွံ့နေမိခဲ့ပါသည်။

❐

နှစ်များစွာ ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော်တို့ကျောင်းဘေးက ဘောလုံးကွင်းသည်လည်း ယနေ့အချိန်တွင် မရှိတော့။ ဘောလုံးကွင်းနေရာတွင် မြို့နယ်အားကစားခန်းမ၊ ဌာနပေါင်းစုံပါဝင်သည့် စုပေါင်းရုံးအဆောက်အအုံ၊ ဈေးဆိုင်တန်းများပြင့် ပြောင်းလဲဖြစ်တည်နေပါပြီ။

[illegible] ခန်းပြခန်းသနှင့် ငယ်[illegible] ကျောင်းသားဘဝများ [illegible]ပြောင်းပြောင်း[illegible] ဖန်ပေါင်းချောင်ထဲမှ ကလေး[illegible]အကြောင်း ရောက်သွားခဲ့သည်။ [illegible] ဖန်ပေါင်းချောင်ထဲက "ကလေး[illegible]သည်

ကျွန်တော် နေထိုင်ကြီးပြင်းခဲ့ရာ သီတာလမ်းရပ်ကွက်ကလေးမှ [illegible] နှင့် ဒေါ်အေးကြည်တို့၏ ရင်သွေး[illegible] လေးဖြစ်ကြောင်း သိရပါတော့သည်။

ဤတွင်မှ ဖြစ်ကြောင်းကု[illegible] ဝမ်းနည်းဖွယ်ရာသိရှိရမှုကို စာဖတ်[illegible] များ ဖတ်ရှုခံစားနိုင်ကြစေရန် တတ်[illegible] သမျှ ရေးဖွဲ့တင်ပြအပ်ပါသည်။

❐

မြန်အောင်မြို့ အမှတ်[illegible] ရပ်ကွက်တွင် ဖွဲ့စည်းပါဝင်သည့် သီတာလမ်းရပ်ကွက်လေးသည် [illegible] အမည်ကို အဖွဲ့ပြုမှည့်ခေါ်ထားခြင်း[illegible] ပါသည်။ ရှေးယခင်ကာလများက[illegible] ကုလားတန်းရပ်ဟု ခေါ်ခဲ့ကြသည်[illegible] ရပ်ကွက်ကလေး၏ မြေများသည် [illegible] စက်သူဌေးဦးဖိုးချင်း၏ ဆန်စက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

မြေများဟု သိရသည်။ ရပ်ကွက်ကလေးတွင် အစီကလမ်းမတစ်ခုသာရှိပြီး ရှေးယခင်က ကျော့ရှင်းလမ်း ထို့မှ ကျော့ရှင်းလမ်းဟု ခေါ်ခဲ့ကြဖူးသည်။ ၁၉၇၉-၈၀ ခုနှစ်ဝန်းကျင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မူလ မြေသားလမ်း ထိုကွန်ကရစ်ခင်းပြီးနောက်ပိုင်း ဇရာသီတာလမ်းဟု အမည်ပေါင်းလာခဲ့သည့်မှ ဇရာသီတာလမ်းဟု ခေါ်တွင်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ ရပ်ကွက်ကလေးကိုလည်း ဇရာသီတာလမ်းရပ်ကွက်ဟု ခေါ်ခေါ်ကြသည်။

ဇရာသီတာလမ်းရပ်ကွက်ကလေး၏ အတွင်းပိုင်းမှာ ရှေးယခင် အဘိုဖုတ်ရာမှ မြေချိုင့်ကြီးဖြစ်ခဲ့သောရေကန်ကြီးတစ်ကန်တည်ရှိသည်။ မိုးတွင်းကာလဆိုလျှင် ရေများ ပြည့်လျှံနေတတ်ပြီး ခြောက်သွေ့ရာသီတွင် ကန်အတွင်းသို့ အမှိုက်သရိုက်များ ပွန့်ပစ်လေ့ရှိသည်။ ရေကန်ကြီးတစ်ဝိုက်တွင် ကျောခိုင်းဆောက်လုပ်နေထိုင်ကြသည့် အိမ်ကလေးများ အစီအရီရှိသည်။ ထိုအိမ်ကလေးများမှ မိသားစုများမှာ ပန်းရန်လုပ်သား၊ ဓနိရွက်ဗျပ်ထိုးဈေးသည်များ၊ ဆိုက်ကားနင်းသူများ၊ ကုန်တင်ကုန်ချလုပ်သား အများစု နေထိုင်ကြသည်။

ထိုရေကန်ကြီးကို ကျောခိုင်းအိမ်ဆောက်နေထိုင်ကြသူများတွင် ဦးဖိုးသီးတို့ ဇနီးမောင်နှံ နေထိုင်သည့် သုံးပင်ကြမ်းခင်းထရံကာ အင်ဖက်မိုးအိမ်ကလေးလည်းပါဝင်သည်။ အသက်အရွယ်အားဖြင့် (၃၀) နှစ်ကျော်အရွယ်များ ဖြစ်ကြသည်အထိ သားသမီးမရှိကြသေး။ ယခုမှ ဇနီးဖြစ်သူ ဒေါ်အေးကြည်မှာ ကိုယ်ဝန်လွယ်ထားဆဲပင်ရှိသေးသည်။ ဦးဖိုးသီးက ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်သား၊ ဒေါ်အေးကြည်က ဈေးအတွင်းက ဆိုင်တစ်ဆိုင်မှာ ဈေးအကူရောင်းရသည်။ ယခု မွေးဖွားရန်ရက်နီး



www.burmeseclassic.com

www.burmeseclassic.com

ကပ်လာသဖြင့် အလုပ်မသွားနိုင်တော့။ နေစရာအိမ်၊ ပုံမှန်ဝင်ငွေရှိနေသည့်အတွက် မိသားစုဘဝ အေးချမ်းတည်ငြိမ်သည်။ တောင့်တစရာမရှိ၍ ပူပင်စရာလည်းမရှိကြသောဘဝများဖြစ်ကြသည်။

❒

သို့သော်လည်း ကြမ္မာဆိုးက အလစ်အငိုက် ချောင်းမြောင်းနေသည်ကို မည်သူသိနိုင်ပါအံ့နည်း။ ရှောင်လွှဲမရ ပက်ပင်းတိုးခဲ့ရသည့် ဖြစ်ရပ်တစ်ခုကဖြင့် အမှန်ပင်ဖြစ်ပွားခဲ့ရပါသည်။

ထိုနေ့က ဦးဖိုးသီး အလုပ်ကပြန်ရောက်ချိန်သည် မှောင်ရီပျိုးစ။ အိမ်ပြန်ရောက်သည်နှင့် ရေမိုးချိုးရန်ပြင်သည်။ ဒေါ်အေးကြည်ကလည်း လင်တော်မောင်ရေချိုးပြီးလျှင် အသင့်စားရန် ထမင်းပွဲပြင်ဆင်သည်။

"ကဲ - ကိုဖိုးသီးရေ ထမင်းပွဲပြင်ပြီးပြီ၊ စားကြစို့"

ဒေါ်အေးကြည်က ရေမိုးချိုးပြီး အဝတ်အစားဝတ်နေသော ဦးဖိုးသီးကို လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ ထမင်းစားပွဲတွင် လက်ဆေးထိုင်ရင်း ဦးဖိုးသီးက ဇနီးသည်၏ နေ့စေ့လစေ့ကိုယ်ဝန်ကိုကြည့်ရင်း ပြောလာသည်။

"မင်းမလည်း မပေါ့မပါးနဲ့ အနေအထိုင်ဂရုစိုက်ဦးကွ။ ကူဖော်လောင်ဖက်ရအောင် ငါ့တူမအေးဘုံကို ခေါ်ထားရင်ကောင်းမယ်ထင်တယ်"

"နီးတော့လည်း ခေါ်လိုက်တာပေါ့"

"အေးကွ၊ မွေးရင်ငွေကလိုဦးမှာ။ မနက်ဖြန်ကျရင် ရုံးမှာ ငွေစုငွေချေးက ချေးငွေထုတ်ဖို့ ဦးတင်ထွန်းကို ပြောရဦးမယ်"

ဒေါ်အေးကြည်က ထမင်းစားရင်း လက်တစ်ဖက်က တစ်စတစ်စရင့်ထွားလာသောဗိုက်ကို အသာအယာပွတ်ရင်း ဦးဖိုးသီးပြောသည်ကို နားထောင်နေသည်။

"မနက်က လက်သည်ဒေါ်ဖွားစိန်ရောက်လာပြီး ဝမ်းကြည့်သေးတယ်။ ကလေးကထွားလိုက်တာလို့ ပြောနေသေးတယ်၊ ဝမ်းသာစရာပဲ"

"အေးပေါ့ကွာ။ ငါတို့ရဲ့သားလား၊ သမီးလား မသိရသေးတဲ့ ရင်သွေးလေးအတွက် ဝမ်းသာစရာပေါ့ကွာ ဟား ဟား. . . ဟား ဟား"

ဦးဖိုးသီးက သဘောကျစွာ အားပါးတရ ရယ်မောနေသည်။ ထမင်းစားပြီးမှ ဦးဖိုးသီးက စားပွဲတွင်ထိုင်ကာ ရေနွေးကြမ်းသောက်နေဆဲ။ ဒေါ်အေးကြည်က စားပြီးသား ပန်းကန်များကို ဆေးကြောရန် နောက်ဖေးဘက် သယ်သွားသည်။ စားကြွင်းစားကျန်နှင့် ညစ်ပေနေသောရေများကို ဒန်အိုးတစ်လုံးတွင်စုထည့်သည်။ ဆေးကြောသန့်စင်ပြီး ပန်းကန်အိုးခွက်များကို အိမ်ပေါ်ပြန်တင်သည်။ စွန့်ပစ်ရန် ဒန်အိုးကိုသယ်ယူ၍ ကန်စောင်းတွင်သွန်ပစ်ရန် နောက်ဖေးဘက်သို့ ထွက်လာခဲ့သည်။ မှောင်နှင့်မည်းမည်းမို့ ကန်စောင်းသို့ မှန်းရမ်းလျှောက်လှမ်းလာစဉ် ညာခြေက သစ်တုံးတစ်တုံးကို တိုက်မိကာ မြေကြီးပေါ်သို့ ခြေပစ်လက်ပစ် လဲကျသွားသည်။ လဲကျသည့်အရှိန်နှင့် သစ်တုံးကိုရိုက်မိသွားသည်။ လွန်စွာမခံမရပ်နိုင်သောနာကျင်မှုဖြင့် ကျယ်လောင်စွာ အော်ဟစ်ခေါ်ရင်း သတိလစ်သွားတော့သည်။

"အောင်မယ်လေး. . . ကိုဖိုးသီးရေ. . . လာပါဦး. . . တော့်"

ဒေါ်အေးကြည်၏ ငယ်သံငယ်ရင်းပါအောင် အော်ခေါ်သံကြောင့် ဦးဖိုးသီး အိမ်ပေါ်မှ အပြေးဆင်းကာ ပွေ့ထူလိုက်ပါသည်။ ဝန်းကျင်မှာ အိမ်နီးချင်းများလည်း အသံကြား၍ အပြေးအလွှား ရောက်ရှိလာကြသည်။ သတိလစ်နေသောဒေါ်အေးကြည်ကို ဝိုင်းဝန်းပြုစုကြသော်လည်း သတိပြန်လည်မလာသေး။

"ဟဲ့ - ဒီလိုပဲကြည့်နေလို့တော့ မဖြစ်ချေဘူး။ ဆေးရုံမြန်မြန်ပို့ကြမှပဲ"

အိမ်နီးချင်း ဦးဘထွေး သတိပေးမှုကြောင့် ဆေးရုံပို့ရန် သတိရကြလျက် ဆေးရုံသို့ စောင်ပုခက်ပြုလုပ်ကာ အမြန်သယ်ပို့ကြသည်။

❒

ဆေးရုံရောက်တော့ ဆရာဝန်ကြီးနှင့် အခန့်သင့်တွေ့ခဲ့ရသည်။ ချက်ချင်းစမ်းသပ်စစ်ဆေး မေးမြန်းပြီးနောက် ခွဲစိတ်ခန်းအတွင်းသွင်းလိုက်တော့သည်။ ဦးဖိုးသီးနှင့် အိမ်နီးနားချင်း အပေါင်းအသင်းများက ခွဲစိတ်ခန်းပြင်ပတွင် ပူပန်မှုကိုယ်စီနှင့် စောင့်မျှော်ကျန်ရစ်ကြသည်။ ဇနီးဖြစ်သူနှင့် ရင်သွေးငယ်အတွက် စိုးရိမ်သောကများစွာဖြင့် ဦးဖိုးသီးမျက်နှာပြင်တစ်ခုလုံး ပြိုတော့မည့်မိုးကဲ့သို့ ညိုမည်းအုံ့မှိုင်းနေသည်။ ထိုစဉ်ပင် ဆေးရုံထောင့်လမ်းထိပ် ရပ်ကွက်မီးကင်းတဲမှ ည (၁၀) နာရီထိုး သံချောင်းခေါက်သံကို ကြားလိုက်ရသည်။ စိတ်. . . ရောလူပါ မောနေ၍လားမသိ။ မကြာ. . . ည (၁၁) နာရီ သံချောင်းခေါက်. . . ထပ်မံကြားရပြန်သည်။ သည်အ. . . ဒေါ်အေးကြည် ခွဲစိတ်ခန်းထဲက ထွ. . . မလာနိုင်သေး။ ည (၁၂) နာရီထိုးခါနီး. . . ဆရာဝန်ကြီးနှင့် ဆရာမများ ခွဲစိ. . . ခန်းထဲမှ ထွက်လာကြသည်။ ပင်ပန်း. . . နွမ်းလျစွာ ထွက်လာသော ဆရာဝန်ကြီ. . . နှင့်အဖွဲ့ထံ ဦးဖိုးသီးနှင့် ရပ်ကွက်သား. . . များ အပြေးတစ်ပိုင်းရောက်သွားကြ. . . သည်။

"ဆရာ၊ ဆရာ"

ဦးဖိုးသီး အမောတကောမေးလာ. . . သော်လည်း လည်ချောင်းဝတွင် တစ်. . . နေသည်။ ရှေ့ဆက်မပြောနိုင်။ ဆရာဝ. . . ကြီးက အလိုက်သိနားလည်စွာဖြင့် . . . တွေကြီးရပ်နေရာမှ လေးပင်သော သ. . . ပြင်းချလျက် ပြောပြပါသည်။

"စိတ်မကောင်းပါဘူးဗျာ။ ကြိုး. . . ကယ်ဆယ်ကြပေမယ့် မိခင်ရောက. . . ပါ ဆုံးရှုံးလိုက်ရပြီဗျာ"

ဆရာဝန်ကြီး ပြောစကားကြား. . . လိုက်ရသည့်ခဏ ဦးဖိုးသီးမှာ ခြေလ. . . တွေ တုန်ယင်လာကာ ဆေးရုံကြမ်းခင်း. . . သမံတလင်းပေါ် ရုတ်ခနဲ ထိုင်ချလိုက်. . . သည်။

"ဖြစ်မှဖြစ်ရလေ မအေးကြည်. . . ရယ်။ ငါဘယ်လိုဖြေသိမ့်နိုင်ပါ့မ. . . မအေးကြည်ရဲ့ ဟီး ဟီး. . . ဟီး ဟီး"

ဦးဖိုးသီးတစ်ယောက် ဖြေမဆည်. . . နိုင်စွာ အော်ဟစ်ငိုကြွေးသံညံနေသ. . . အိမ်နီးချင်းများလည်း ဝမ်းနည်းကြေ. . . ကြရသည်။ မျက်ရည်စို့ကြသည်။ အိ. . . ရှေ့ပူ အိမ်နောက်မချမ်းသာသော. . . ရပ်။ တစ်အောင့်ကြာတော့ ဆရာ. . . တစ်ယောက် ရောက်လာသည်။

"ဦးဖိုးသီးကို ဆရာဝန်ကြီးက . . . ရုံးခန်းလာခဲ့ပါဦးလို့ ခေါ်ပါတယ်ရှင်"

ဦးကောက်ရနှင့် ဦးညိုသိမ်းတို့. . . ဦးဖိုးသီးကို ဖေးမတွဲခေါ်ကာ ဆရာဝ. . . ကြီး ရုံးခန်းသို့ ရောက်ခဲ့ကြသည်။

"ထိုင်ကြပါဦး"

ဆရာဝန်ကြီးက ရုံးခန်းအတွင်း. . . ရောက်လာသူများကို ထိုင်ခိုင်းပြီးနော. . . ဦးဖိုးသီးကို အကဲခတ်ကြည့်ရှုပြီး စ. . . ဆက်ပြောသည်။

"ခုလိုခေါ်ရတာက ပြော. . . လေးရှိလို့ပါ။ မပြောလို့ကလည်း မ. . . တာမို့ပြောရမှာပါ"

ကာယကံရှင် ဦးဖိုးသီးမှာ. . .



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါ ကင်းဝေးအောင်

မုံရွာဆရာမိုး

အမှတ်တံဆိပ်

အမျောလုံ

နှလုံးအားဆေးကိုဆောင်

ထုတ်ဝင် - ၀၁၁၄/၀၁၀၇၁၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၁၁၂)

နှလုံးသွေးကြောကျဉ်းခြင်း/ကျယ်ခြင်း၊ ရင်ညွန့်၌စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်၍အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊နှလုံးအားနည်းခြင်း၊ရောင်ခြင်း၊ အနည်းငယ် လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းမူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော် စားမဝင် စိတ်မကြည်လင်ခြင်း၊ အားအင်ကုန်ခမ်း စိတ်မရှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်ပါသည်။

ဆိုင်ခွဲ - ဈ-၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ ဈ-ရပ်ကွက်၊ ရတနာသီဂီဈေးအနီး၊ မ/ဥက္ကလာပ

ဖုန်း-၀၁-၉၆၉၀၅၈၇၊ ၀၁-၆၉၁၀၇၉၊ ၀၁-၆၉၁၅၉၁


...နေ၍ စကားသံထွက်မလာ။ ရှိုက်...ကာ ငိုကြွေးနေဆဲ။ ဘေးမှဖေး...လာသော ဦးညိုသိမ်းက ဝင်ကူ...ပေးရသည်။

"ဟုတ်ကဲ့ ဆရာဝန်ကြီး၊ အမိန့်ရှိ...ခင်ဗျာ"

"ဟုတ်ကဲ့ပါ၊ ပြောရမှာက ကလေး...။ ကလေးက ကိုယ်လက်အင်္ဂါ...အလင်ပါပါတယ်။ ကလေးရဲ့...မဲ့နေတဲ့ခန္ဓာကိုယ်ကို ခွဲကြည့်...ကလေးမှာ လူတစ်ယောက်ရဲ့ ဖွဲ့...အတိုင်း အသည်း၊နှလုံး၊အဆုတ်၊...အူမ စတာတွေ ပါမလာဘူး။...ိုက်ထဲမှာ တွေ့ရတာက သဲတွေ...ပဲ ထူးထူးဆန်းဆန်းတွေ့ရတာ

ဆရာဝန်ကြီးစကားကြားရတော့...တ်လက်တို့ ဖြစ်ရပြန်သည်။

"ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်။...မိသားစု ကံတရားတွေက...ကြီးနဲ့ ဒီလောက်တောင် ဆိုးဝါး...ဟီး ဟီး ဟီး ဟီး"

"အခုကိစ္စက ထူးခြားဖြစ်စဉ် တစ်...တော်ကိုယ်တိုင်တောင် မကြုံ...အထက်ဌာနများကို တင်ပြဖို့ ရှိပါတယ်။ ဦးဖိုးသီးတို့ကြည့်မယ်ဆိုရင် ပြပါ့မယ်"

"နေပါစေတော့ ဆရာကြီး ခင်ဗျား။ သေပြီးမှတော့ ထပ်ပြီးထူးလာစရာ မရှိတော့ပါဘူး"

ဆရာဝန်ကြီး စကားဆုံးလျှင်ပင် ဦးကောက်ရက လက်ကာရင်း ဝင်ပြောလိုက်သည်။ ဆရာဝန်ကြီးရုံးခန်းအပေါက်ဝမှာ စုပြုံနားထောင်နေကြသည့် အိမ်နီးချင်းများကလည်း တစ်ယောက်တစ်မျိုး ထင်မြင်ချက်ကိုယ်စီဖြင့် ဝေဖန်ပြောဆိုမှုများဆူညံလျက်။

"ကလေးအဖြစ်က ထူးဆန်းလိုက်တာဟယ်။ ကြားမကြားဘူးပေါင်တော်"

"ဒါဟာ ရေကန်ကြီးမှာရှိနေတဲ့ မကောင်းဆိုးဝါးတွေက မိအေးကြည်ကော ကလေးပါ လုပ်လိုက်ကြတာ ဖြစ်မယ်။ သွေးရိုးသားရိုးတော့မဖြစ်နိုင်ဘူး"

"ဒီရေကန်ကြီးက နှစ်တွေလည်းကြာမှပဲ အပင်းသွင်းခံရတယ်ဆိုတာများလားဟယ်"

"တော်ကြပါတော့ဟယ်၊ ကြောက်ဖို့ကောင်းလိုက်တာ"

❐

ထိုမှနောက်ပိုင်း ကျွန်တော်တို့ ဇရာသီတာလမ်း ရပ်ကွက်ကလေးမှာ ဒေါ်အေးကြည်နှင့် ကလေးငယ်တို့၏ ရင်နင့်ဖွယ်ဖြစ်ရပ်ဆိုးကို ပြောဆိုဝေဖန်နေကြဆဲ။ ရေကန်ကြီးကိုလည်း သတိထားစောင့်ကြည့်သူများက စောင့်ကြည့်ကြသည်။ ဝေးရာကရှောင်ရှားနိုင်သူများကလည်း ရှောင်ရှားကြသည်။ ရေကန်ပတ်လည်တွင် နေထိုင်ကြသူများအဖို့ ကြောက်ရွံ့သော်လည်း ပြေးစရာမြေမရှိသည်မို့ အမှားအယွင်းမရှိအောင် သတိပြုနေထိုင်ကြဆဲပင်။

❐

၁၉၈၈ ခုနှစ် နှောင်းပိုင်းတွင် နေ့ကြီးရက်ကြီး အခမ်းအနားများ မပြုလုပ်ဖြစ်သည်မှာ ကြာပါပြီ။ ဖန်ပေါင်းချောင်အတွင်း အများပြည်သူကြည့်ရှုရန် ပြသသည့် ကောက်ကောက်ကွေးကွေး ကလေးငယ်လေးကိုလည်း မကြည့်ရတော့။

နှစ်များစွာ ကြာမြင့်ခဲ့သော်လည်း မမေ့နိုင်စရာပါ။

နေဝင်းဝင်း (လွန်ဆေး)



www.burmeseclassic.com

www.burmeseclassic.com



(ရေနံချောင်း)

# နေဦးမှန်

ကြောက်တတ်သောမြင်းနဲ့ ထူးဆန်းတဲ့ယာဉ်

'မောင်ပွေ့လို့ ခေါ်မယ် [illegible] ဆိုတာ တောင်အကွေ့ကို မစောင့်နိုင်တော့။ ဦးနှောက်မရှိ အသိတရားမထား[illegible]လုံး သားရဲ့စေစားနောက်ကို အလိုလိုက်ပြီး မိုက်တွင်းနက်ခဲ့သော ကျော်ဟန်တစ်ယောက် ပညာ၊ အသပြာ အရာရာ ဘာဆိုဘာမှမစုံမလင်ဘဲနှင့် အိမ်ထောင်ရေးနယ်ထဲသို့ ခြေစုံကန်ဝင်ပြေးလိုက်ချိန်က သူ့အသက်က (၁၉) နှစ်သာသာလေးရှိသေး၏။ ဆယ်ကျော်သက်မှု တောင်လေရူးတွေထဲ အကဲဆုံးလူတွေ ဖြစ်၍ ချစ်တာတွေ၊ မေတ္တာတွေကို မေရှုပမာပြု ဃရာဝါသနယ်၏ ပူမှုဆင်းကုဋ္ဌေကို လုံးဝနားလည်မှုမရှိခဲ့သဖြင့် ထင်ရာမြင်ရာ ရွှက်လွှင့်ခဲ့ရာ ခုတော့ 'ထင်သာထင် မဝင်ဘူး ကျောင်းအမ

ရေ' ဟူသော စကား[illegible]စိတ်ကူးယဉ် [illegible]။

[illegible]အိမ်လို ဇိမ်နှင့်နေ[illegible]ရတော့။ အသစ်စက်စက်[illegible]ကလည်း ချစ်သူရည်းစား[illegible]လို ပြုံးရယ်ရွှင်မြူး ကြည်ကြ[illegible] ပလူးပလဲလုပ်မနေတော့။ နှစ်[illegible]ကစလို့ တင်[illegible]နေရ[illegible]ဘမျက်နှာ သာ

သာယာယာရှိအောင် အနေအထိုင်ဆင်ခြင်နေရတော့၏။ ကျော်ဟန့်ကို သိပ်ပြီး ဦးစားမပေးနိုင်တော့။ ယောက်ျားလုပ်သူက အလုပ်အကိုင်အတည်တကျမရှိတာ သူမလည်း ခမ့ ကျော့ချမှ ဓားပြမှန်း သိရ၍ မိဘမြို့ဌင်အောင်မလုပ်ဝံ့တော့။

"မြင်းလှည်းမမောင်းတတ်သေးလည်း မနက်တိုင်း ပင်းချောင်းကိုသွားပြီး မြင်းကို ရေချိုးပေးလိုက်ပါ။ သမက်ဟာ အိပ်နေပြီး အဖေကိုယ်တိုင်သွားသွားနေရရင် အမေက တစ်နေ့ပြောလိမ့်မယ်။ ဒီကြားထဲ အလုပ်အကိုင်လေးရှာဦး"

"အေးပါ မြင့်မြင့်ရာ၊ ငါလည်း အမေ့မျက်နှာကို ကြည့်ကြည့်ပြီးမနေတတ်တော့ပါဘူး။ ရရာအလုပ်လုပ်မှာပါ။ ခု မြင်းကို မနက်တိုင်း ပင်းချောင်း ရေချိုးသွားရမယ်ဆိုတော့ ဘယ်အချိန်သွားရမှာလဲ၊ ဘယ်လိုလုပ်ရမလဲ ပြောဦးလေဟာ။ ဒါတွေ တစ်ခုမှငါလုပ်ဖူးတာ မဟုတ်ဘူး"

မြင့်မြင့်က ကျော်ဟန်ကို မျက်စောင်းတစ်ချက် ခပ်ပြင်းပြင်းလေးထိုးလိုက်၏။ စိတ်ကုန်သလိုရှိ၏။

"မလုပ်ဘူးတာတွေဘာတွေပြောမနေနဲ့။ ဒီပုံစံနဲ့ဆို အမေက နှစ်ယောက်လုံး နှင်ချတော့မှာ။ အနောက်ပိုင်း ဦးချက်စုလည်း မနက်တိုင်း သူ့မြင်းကို ပင်းချောင်းရေသွားသွားချိုးပေးတယ် သူနဲ့လိုက်။ မနက် (၄) နာရီလောက် အိပ်ရာထ၊ အပျင်းထူမနေနဲ့"

"ဟာ - မနက် (၄) နာရီလောက် ပင်းချောင်းကိုသွားရမယ်"

ကျော်ဟန်၏ စကားကို မြင့်မြင့်က နားမထောင်တော့။ ထိုင်ရာမှထသွားပြီ ဖြစ်၏။ ပင်းချောင်းက တွင်းကုန်း (၁) မိုင်နီးပါးမျှ ဝေး၏။ နတ်စင်လမ်း နွားသတ်ရုံးလမ်းတို့ဘက်မှ သွားလို့





www.burmeseclassic.com

www.burmeseclassic.com

သျှိုတွေ၊ ချောက်ကမ်းပါးတွေနှင့်ဖြစ်၍ မနက် (၄) နာရီ အမှောင်ချိန်၌ ထိုလမ်းက မြင်းသွားလို့ မလွယ်။ အဝေးပြေးကားလမ်းမှ သွားရမည် ဖြစ်၏။ ရွာသယ်မမှာရုံ ဦးဂျစ်တီးဝပ်(ခ်)ရှော့၊ ဦးထွန်းညို(ဝပ်(ခ်)ရှော့၊ ထိုမှ ဟာ - သချိုင်းကုန်း။

တစ်ယောက်တည်းစဉ်းစားရင်းက ကျော်ဟန် ပခုံးတစ်ချက်တွန့်လိုက်၏။

'ဟာ - ဦးချက်စုကြီးပါမှာပဲဥစ္စာ ဘာကြောက်စရာရှိလဲ။ ပြီးတော့ မြင်းစီးသွားမှာပဲဥစ္စာ။ ဒါလောက်တော့ သတ္တိရှိရမှာပေါ့'

ကိုယ့်ကိုယ်ကိုယ် အားပေးရင်း မြင့်မြင့်ရှိရာ မီးဖိုဆောင်သို့ ကျော်ဟန် လှောက်ခဲ့တော့၏။

❒

မြင်းက ပြိုင်မြင်းဟု ပြော၏။ အမည်က ဖိုးလှသောင်းဟု ကျော်ဟန်၏ ယောက္ခထီးက ပြော၏။ မြင်းကထီးမှာ၏။ လူစကားနားလည်သယောင်ရှိ၏။ ကြမ်းတမ်းခြင်းမရှိ။ မကန်တတ်။ ဦးချက်စုကြီးနှင့်အတူ မြင်းကို ပင်းချောင်းသွား၍ ရေချိုးသွားရတာပင် တစ်ပတ်ခန့်ရှိပြီ။ မြင်းစီးရတာကို အရသာတွေ့လာ၏။ အသားကျလေးပဲ စီးစီး၊ ဒုန်းစိုင်းပဲစီးစီး ဖိုးလှသောင်းက စီးသူ၏အလိုကျ ပြေးတတ်၏။ ဦးချက်စုကြီးလည်း မြင်းကိုင်နည်း၊ မြင်းစီးနည်း၊ မြင်းရိုက်နည်း၊ မြင်းချော့နည်းကအစ သင်ပေး၏။ မြို့လေး၏ မြင်းသမားလောက၌ မြင်းကိုင်ရာတွင် ဦးချက်စုကို မီသူမရှိ။ 'ကျောက်နဲ့ မြင်း စိုးစဉ်းသိကထမင်းဝ'ဟူသော စကားရှိ၏။ မြင်းကျမ်းကျေသောဦးချက်စုကြီးမှာ မြင်းအရောင်းအဝယ်ပွဲစားအလုပ်နှင့် အတော်လေးအဆင်ပြေ၏။ အရောင်းအဝယ်လုပ်ရာတွင် မည်သူဖြစ်ဖြစ် ဦးချက်စုကိုပဲ ဆရာတင်ကြ၏။ ကိုင်တွယ်မရသော ပေကတ်ကြမ်းတမ်း ခပ်ရမ်းရမ်းမြင်းတွေ ဦးချက်စုကြီးနှင့်တွေ့လျှင် ဗိုင်းကောင်းကျောက်ဖို ပျော့အိအိလေးတွေ ဖြစ်ကုန်၏။ အပိုးသေသွားကြ၏။ ကတ်တဲ့မြင်းမကတ်ရဲတော့။ ကြမ်းတဲ့မြင်း မရမ်းရဲတော့။ အဲသလောက် ဦးချက်စုကြီးက မြင်းကို နိုင်၏။

"ဘာမှအားမငယ်နဲ့ ကျော်ဟန်။ မြင်းလှည်းတက်မောင်း။ မင်းယောက္ခမကြီးအိမ်မှာနေပါစေ။ ငါသင်ပေးမယ်။ မင်းတို့မြင်းကြီးက လိမ္မာပါတယ်"

အစစအရာရာ ဆရာတင်လာသော ဦးချက်စုကြီးက တစ်လခန့်အကြာတွင် မြင်းလှည်းနှင့် တွင်းကုန်းလိုင်း (မြို့တွင်းသွားဘတ်စ်ကား)ပွတ်တိုက်မိသဖြင့် သေဆုံးသွား၏။ ကျော်ဟန် ဘယ်လိုမှ စဉ်းစားမရတော့။ ပင်းချောင်းသို့ မြင်းရေချိုးသွားလေတိုင်း သချိုင်းဘေးလမ်းမမှ ကျော်ဖြတ်သွားနေကျဖြစ်၍ ထိုနေရာရောက်လျှင် ခေါင်းတွေကြီး၊ ချွေးသီးချွေးပေါက်တွေထွက်နှင့် ကျော်ဟန် အကြောက်ကြီးကြောက်၏။ ရှေ့နောက်ဝဲယာဘယ်မှမကြည့်ရဲတော့။ ပင်းချောင်းအရောက် မြင်းကို ကဆုန်စိုင်းပြေးစေတော့၏။ နံနက် (၄) န ၁ရီဆိုတာက အမှောင်ကြီးမှောင်သေး၏။ အပြန်ကကိစ္စမရှိ။ မြင်းကို အချိန်ကြာသထက်ကြာအောင် ရေချိုးပေး၏။ ဟိုပွတ်သည်ပွတ် ခပ်ကြာကြာလုပ်ပေး၏။ ရောင်နီလာခါမှ ချောင်းထဲမှ ပြန်တက်၏။ ဈေးသွားမည့် ကား၊ ရထားနှင့်လူများ၊ အဝေး



www.burmeseclassic.com

ပြေးကားများ ဥဒဟိုရှိလာပြီဖြစ်၍ သချိုင်းဘေးက ဖြတ်ကျော်သွားရလည်း မကြောက်တော့။ မိုးလင်းလုလင်းခင်ရှိပြီ။

ဒီနေ့ ကျော်ဟန် (၄) နာရီမထိုးခင်ကတည်းက အိပ်ရာကနိုးနေ၏။ မြင့်မြင့်က မြင်းကို အစာကျွေးပြီး ဇက်ကြိုးတပ်နေ၏။ ဇက်ကြိုးက အာဇက်မဟုတ်။ ပါးချပ်ကြိုးပဲတပ်၏။ ပါးချပ်က အာဇက်လိုမဟုတ်။ မြင်းပါးစပ်မနာ။ ခပ်ပေပေကတ်တတ်တတ်မြင်းဆိုလျှင် ပါးချပ်ကြိုးက သိပ်အရာမရောက်။

ဦးထွန်းညို (မော်တော်ကားဝပ်ခ်ရှော့)အနီးရောက်မှ အာဇက်မဟုတ်မှန်း ကျော်ဟန် သိ၏။ အိမ်က ခပ်ဝေးဝေး ကျန်ခဲ့ပြီဖြစ်၍ နောက်ကြောင်းမပြန်တော့။ မြင်းကြီး ဖိုးလှသောင်းက ဥာဉ်ကောင်း၏။ သည်နေ့ထိ ပေကတ်ခြင်း၊ ကလန်ကဆန်လုပ်ခြင်းမရှိ။ ခပ်မှန်မှန်လေးပြေးနေသောမြင်းမှာ သချိုင်းနှင့် တဖြည်းဖြည်းနီးလာ၏။ သချိုင်းက ကားလမ်းမ၏ အရှေ့ဘက်ကပ်လျက် အတန်မြင့်သော ကုန်းကမူများပေါ်၌ အုတ်ဂူများနှင့်မြေပုံမို့မို့လေးများက အန့်အပြား။

မကြည့်ဘဲနေခါမှ မကြည့်ဘဲမနေနိုင်၍ ကြည့်ဖြစ်အောင် ကြည့်မိသူက ကျော်ဟန်။ ဦးချက်စုကြီး မြှုပ်နှံထားရာ မြေပုံဘက်သို့ မျက်လုံးကရောက်သွားပြီး ဆံပင်တွေ ထိုးထောင်ထလာသည်ထိ ကျော်ဟန် ကြောက်သွား၏။ မြင်းကို မြန်မြန်ပြေးရန် ကြိမ်နှင့် တင်ပါးဆုံသို့ တစ်ချက်ရိုက်လိုက်၏။ ခါတိုင်းဆိုလျှင် ခြေဖနောင့်နှင့် ထိရုံနှင့် တစ်ရှိန်ထိုးပြေးတတ်သောမြင်းကြီး ကြိမ်နှင့်သုံး၊ လေးချက်ရိုက်သော်လည်း မပြေးသည့်ပြင် ခပ်မှန်မှန်ပြေးနေရာမှ ရုတ်တရက် မြင်းက ရပ်လိုက်ပြီး ရှေ့ခြေနှစ်ချောင်းကို အထက်သို့ မြှောက်၍ ပတတ်ရပ်သလို ရပ်လိုက်၏။ မြင်းပေါ်က မကျအောင် ကျော်ဟန် ကုပ်ကပ်ပြီး မြင်းကိုဖက်ထားရ၏။ ပါးချပ်ကြိုးကို ဆောင့်ဆွဲပြီး မြင်းရှေ့သို့ပြေးရန် ထပ်ရိုက်၏။ မြင်းက မပြေး။ အကျော့ကြက်အကန် နောက်ပြန်ဆုတ်နေ၏။ ရှေ့၌ တစ်စုံတစ်ခုရှိနေ၍ ကြောက်ရွံ့နေဟန်တူ၏။ မြင်းပေါ်မှကျော်ဟန်မှာလည်း ပြောစရာမကျန်အောင် ကြောက်နေပြီ။ သချိုင်းပေါ်ရှိ ညောင်ပင်များဆီမှလည်း တရှဲရှဲမြည်သံတွေက ကျယ်သထက်ကျယ်လာ၏။ အရှေ့တောင်ဘက် ဦးဂျော်နီယာဘက်ဆီက ခွေးအူသံတွေကလည်း စိတ်ချောက်ချားစရာကောင်းလှ၏။

"ပြေးပါဟ ပြေးပါဟ။ ဘာလုပ်နေတာလဲ"

ဒေါသနှင့်ကြောက်စိတ်ပေါင်းပြီး မြင်းကို တဖြောင်းဖြောင်းရိုက်၏။ မကြားဝံ့နာသာဆဲ၏။ ပါးချပ်ကြိုးကို အသားကုန် ဆောင့်၍ဆောင့်၍ဆွဲ၏။ မြင်းက မပြေးသည့်အပြင် ဖင်ထောင်၍ ဦးခေါင်းကို ရှေ့သို့ မြေကြီးသို့ ငုံ့ပစ်လိုက်၏။ မြင်းပေါ်က ကျော်ဟန်မှာ ဘယ်လိုမှထိန်းမရတော့။ မြင်းလည်ဆံမွေးများပေါ်က လျှောကျပြီး မြင်း၏ရှေ့တည့်တည့် ကားလမ်းပေါ်သို့ ဖုတ်ခနဲကျ၏။ မြင်းကြီးက နောက်ကြောင်းသို့ တခွမ်းခွမ်းနှင့် ပြန်ပြေး၏။ 'ကေန္တ - နာနာဘာဝ တွေ့မြင်လို့ရှိမှာ' တွေးမိသည်နှင့် ကျော်ဟန်လည်း မြင်းပြေးရာနောက်သို့ တစ်ဟုန်ထိုးပြေးရလေတော့၏။

❒

၁၉၆၉ ခု၊ ဖေဖော်ဝါရီ ၁၃ ရက်။

အဘ ဦးဘရှင် လိုက်ပို့၍ ကျော်ဟန်တစ်ယောက် ဝါဇီစီမံကိန်းသို့ ရောက်ရှိခဲ့ပြီ။ တခြားအလုပ်အကိုင်လည်းမရရှိသေး။ အိမ်ကမြင်းကိုလည်း မမောင်းတတ်။ အထူးသဖြင့် ပင်းချောင်းသို့သွားသွားပြီး မြင်းရေချိုးသည့်အလုပ်ကိုလည်း မလုပ်ရဲတော့၍ ဇနီးဖြစ်သူ မြင့်မြင့်၏အဘိုး ဦးဘရှင်၏ ကျေးဇူးကြောင့် ကျော်ဟန် အလုပ်တစ်နေရာရပြီ။

S.A.Eဦးလှိုင်ထွန်းက ရေနံချောင်းပင်းဝသား။ တစ်ချိန်က ငွေစက္ကူများပေါ်၌ 'ဘစိန်' ဟူ၍ အမည်ပါရှိခဲ့သူ အတွင်းဝန် ဦးဘစိန်၏ တူအရင်းခေါက်ခေါက်။ အဲဒီဦးလှိုင်ထွန်းက အဘဦးဘရှင်တို့လက်ထဲ ကြီးပြင်းခဲ့သူ ဖြစ်၏။ ထိုကျေးဇူးနှင့်ဦးဘရှင်အပ်နှံသည့် ကျော်ဟန်ကို ဦးလှိုင်ထွန်းက လက်ခံ၍ အလုပ်ခန့်၏။ ထမင်းတစ်ပွဲအဝစား နှစ်ကျပ်၊ ရုပ်ရှင်အထူးတန်းကကြည့်လျှင် တစ်ကျပ်၊ ရွှေတစ်ကျပ်သား ငွေသုံးရာကျော်ကျော်သာရှိသည့် ထိုအချိန်က ကျော်ဟန်၏ တစ်လဝင်ငွေမှာ (၁၅၀) ခန့်ရှိ၏။ တစ်နေ့ (၃)ကျပ်၊ (၁၅) ပြား နေ့စားလပေးအလုပ်သမားဘဝ။ တွဲဖက်စတိုမှူး။ နောက် (၃)ကျပ်၊ (၈၅)ပြား တိုးရ၏။သံချည်သံကွေးကန်ထရိုက် ဦးစံတင်၊ ဦးစောလွင်၊ ပန်းရန်ကန်ထရိုက် ဦးထွန်းရင်တို့မှ လစဉ် မုန့်ဖိုးပေးသည့်ငွေကလခနီးပါးရှိနေ၏။ ဇနီးမြင့်မြင့်ကိုလည်း ဝါဇီစီမံကိန်းသို့ ခေါ်လိုက်တော့၏။ ပထမ ကျော်ဟန်တို့နေရသည်က ရွာအို

ဘက်မှာရှိသည့် အလုပ်သမားတ... လျား၌ ဖြစ်၏။ စစ်တောင်းတန်းလျား... တောင်ကြားလမ်း၊ ဂျီအီးဘားတိုက်... နောက် တိုက်(ခ) (ထိုစဉ်က သုဝဏ္ဏ... သုံးထပ်တိုက်ပုံစံဆောက်လုပ်ထားသော... လူနေ (၁၂)အိမ်ထောင်နေနိုင်သည့် အ... ဆောက်အုံ) သို့ အဆင့်ဆင့်ပြောင်းရွှေ့... နေခဲ့ရ၏။

ထိုစဉ်က တည်ဆောက်ရေး... လဖြစ်သေး၍ ဝါဇီစီမံကိန်းမှာ နေ့ဆိုင်း... ညဆိုင်း အလုပ်သမားတွေနှင့် ပြည့်နေ... ၏။ မြန်မာပြည်အနယ်နယ်အရပ်ရပ်... လာရောက် အလုပ်လုပ်ကိုင်နေသူ... အများကြီးရှိ၏။ အနီးဆုံးဖြစ်သည့်... ယောချောင်းတစ်လျှောက်ရှိ ရွာနီးချုပ်... စပ်နှင့် လမ်းရွာ၊ ဆိပ်ဖြူ၊ စဉ့်ကူး... ချောက်မြို့တို့မှဝန်ထမ်းတွေက နေ့ချင်း... ပြန် အလုပ်ဆင်းကြ၏။ ရပ်ဝေးမှ ... ထမ်းတွေက ဝါဇီစီမံကိန်းနယ်မြေမှာ... နေကြ၏။ အနည်းဆုံး လုပ်အားခ... (၃) ကျပ်၊ (၁၅) ပြား ဖြစ်ပြီး တရုတ်... လက်သမား အချောကိုင်ပညာရှင်များ... မှာ တစ်နေ့ လုပ်အားခ (၄၀) ကျပ်... ၏။ ရွှေတစ်ကျပ်သား (၃၀၀) ကျော်... ကျော်သာရှိသော ထိုအချိန်က တစ်နေ့... ငွေလေးဆယ်မှာ အလွန်တန်ဖိုးရှိသော... ငွေပမာဏ ဖြစ်၏။

ဒုတိယဗိုလ်မှူးကြီးလှဖေ (အင်း... တော်ပြည်လှဖေ)၊ စက်ရုံတာဝန်ခံများ... ဖြစ်ကြသည့် ဗိုလ်မှူးအောင်ခင်၊ ဗိုလ်မှူး... ဝင်းတင် (နောင်တွင် စာတိုက်၊ ကြေး... နန်းနှင့် ဆက်သွယ်ရေးဝန်ကြီးအဖြစ်... အနားယူသွားသူ)၊ ဗိုလ်ကြီးသောင်းမြင့်... (နောင်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း... ဝန်ကြီးဌာန ဗိုလ်မှူးချုပ်အဖြစ်မှ အနား... ယူသွားသူ)တို့နှင့် ထိတွေ့ဆက်ဆံပြီး ... လုပ်ငန်းတွေ ကျော်ဟန်လုပ်ရ၏။ ဝါဇီ... စီမံကိန်း တိုင်းဆောက်လုပ်ရေးအဖွဲ့... လက်ရွေးစင် ဘောလုံးသမားဖြစ်... (ဦးညီညီသန့် A.C.E) မှလည်း အ... ပေး၏။ A.E ဦးကျော်ဟိုးကလည်း အ... ပေး၏။ ဘောလုံးကွင်းဆင်းနေရ၍ ... လုပ်ငန်း၊ စတိုကိစ္စတွေ လုပ်စရာ... တော့။ နိုင်ငံခြားသား ဆောက်လုပ်ရေး... ပညာရှင်တွေက အရှေ့ဂျာမနီက... တွေ ဖြစ်၏။ ဂျာမနီနှစ်ခြမ်းကွဲနေ... ဖြစ်၍ အရှေ့ဂျာမနီက ဂျာမန်တွေ... ဝါဇီစီမံကိန်း၌ တာဝန်ထမ်းဆောင်... ကြပြီး အရင်းရှင်အနောက်ဂျာမနီ ... တွေက ကျွန်းချောင်းမာတ်မြေဩဇာ... စက်ရုံ၌ အလုပ်လုပ်နေကြသ... ကျော်ဟန် သိ၏။



www.burmeseclassic.com

www.burmeseclassic.com

အဂီါနေ့တိုင်း စက်ရုံက အရာရှိများဖြစ်သည့် ဗိုလ်ကြီး ကံလှတို့အဖွဲ့နှင့် ကျော်ဟန်တို့အသင်း ဘောလုံးကစားရ၏။ စိမ်ကိန်းနယ်မြေလုံခြုံရေးကို ခလရ (၈၇) ဒုတိယဗိုလ် မှူးကြီးစိုးညွန့် (စာရေးဆရာ ကဗျာဆရာကြီး ထိလာစစ်သူ) ၏ တပ်ခွဲတစ်ခွဲမှ တာဝန်ယူ၏။ ပခုက္ကူမြို့နယ်ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြရန် ကျော်ဟန်တို့ ဝါဇီစိမ်ကိန်းဘောလုံးအသင်း အပြင်းအထန် ကွင်းဆင်းနေကြ၏။

ကျော်ဟန်ခွင့်ပြန်သည့်ကာလ၌ ဦး(xxx) ဆိုသူ A.E တစ်ယောက်နှင့် တပ်ကြပ်ကြီး (xxx) ဆိုသူတို့ နှစ်ဦး ကိုယ့်ကိုယ်ကိုယ် ဝမ်းဗိုက်ကို ဘရိတ်ဓားတွေနှင့်လှီး၍ သတ်သေသွားကြသည်ဟု ကြားရ၏။ ရုံးတက်ချိန် ရုံးလော၍လိုက်သွားကြပြီး ပိတ်ထားသော ဘွန်းတံခါးမကြီးများကို တွန်းဖျက်ဝင်ကြည့်ရာမှ တွေ့ကြသည် ဟူ၍လည်း ကြားရ၏။ ဝါဇီစက်ရုံက မြေတိုက်ခန်းများလည်းပါ၏။ မြေကြီးများကို နက်ရှိုင်းစွာတူးရသဖြင့် မြေပြိုပိကျပြီး မကြာခဏလည်း လူသေဆုံးမှု တွေ့ကြုံကြရ၏။

အဘဦးဘရှင်ကျေးဇူး၊ S.A.E ဦးလှိုင်ထွန်းတို့၏ကျေးဇူးကြောင့် ပင်ပင်ပန်းပန်းနေရာ၌ အလုပ်မလုပ်ရသော ကျော်ဟန်မှာ ဘောလုံးသမားတစ်ယောက်အဖြစ် နံနက်၊ ညနေ နှစ်ချိန် ဘောလုံးကွင်းထဲ၌သာ အချိန်ကုန်နေသတော့၏။

❐

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်မှူးကြီးထင်ကျော် ဝါဇီသို့ လာရောက်မည်ဖြစ်၍ ဘောလုံးကွင်းဆင်းပြီးပြီးချင်း ရုံးတက်ရန် ဦးလှိုင်ထွန်းက ကျော်ဟန်ကို မှာကြားထားသည့်ပြင် ရွာအိုလိုင်းသို့ ကားအခေါ်လွှတ်မည်. ပြော၏။ ကားလာတော့ အတော်ဖြစ်သွား၏။ ကားရှေ့ခန်း ကျော်ဟန်တက်လိုက်သည်နှင့် တစ်ခါတည်းသား ကားဆရာကြီး ဦးထွန်းကြည်ကို တွေ့လိုက်၍ ကျော်ဟန် ဝမ်းသာသွား၏။ ဦးထွန်းကြည်က အသက် (၅၀) ကျော်အရွယ်၊ အေးဆေးသိမ်မွေ့သောအမူအရာရှိ၍ စကားပြောညင်သာသူ ဖြစ်၏။ အ,၏။ ရောင့်ရဲလွယ်၏။ ဂီတသမားဖြစ်၍ တယော၊ မြန်မာစောင်းနှင့် ဒုံမင်းအတီးကောင်းပြီး သီချင်းဆိုရာတွင် သူမတူအောင်ကောင်းသည်ဟုပြောလျှင် လွန်အံ့မထင်။ အသံကျ ချုပ်ရှင်ခေတ်က ရေနံချောင်းမြို့တိသျှရုပ်ရှင်ရုံ (မနေသိဒ္ဓိ) ၌ တီးဝိုင်းဖြင့် ရုပ်ရှင်နောက်ခံတေးများသီဆိုခဲ့သူ ဖြစ်၏။ ပေမမီဒေါက်မမီအသံဖြင့် သီချင်းဆို ဝါသနာပါသော ကျော်ဟန် ဂီတိုက်တိုင်း မြန်မာဂစ်တာ၊ တယောများ တီးပေး၊ ထိုးပေး၍ စိတ်ရှည်သည်းခံသော လူအေးကြီးဖြစ်၏။

"လွန်ခဲ့တဲ့ (၅) နှစ်လောက်က ငါအိပ်မက်မက်ဖူးတယ်ကွ။ ဒီနေရာနဲ့ လမ်းရွာတောင်ကုန်းလမ်းတွေပေါ်မှာ ဟောဒီကားတွေကို မောင်းဖူးတယ်လို့။ ဟော အခုလက်တွေ့ ဒီကားကြီးတွေ မောင်းနေရတော့ ငါမက်ဖူးခဲ့တဲ့ အိပ်မက်တွေက အံ့ဩစရာကောင်းလောက်အောင် မှန်နေတာက မင်းဘယ်လိုထင်သလဲ"

မဟုတ်မမှန်တာကို လုံးဝပြောလေ့မရှိသော ဦးထွန်းကြည်၏ စကားကို ကျော်ဟန် တစ်ခါက ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိခဲ့၏။ ကားက စစ်တောင်းဘားတိုက်အနီး ရောက်လာ၏။ ရင်းနှီးပြီးဖြစ်သော ဦးထွန်းကြည်က စကားစပြော၏။

"ညက အဖြစ်အပျက် မင်းကြားပြီးပလား"

"အစ်ကိုကြီးထွန်းကြည်ကလည်း ကျွန်တော်တို့က အဲဝေးဆုံးဘားတိုက်မှာ နေတာလေဗျာ။ တော်တော်တန်တန်ကိစ္စ ဘယ်လိုလုပ်ကြားမှာလဲ။ ပြောမှ သိမှာပေါ့"

"အေး - ငါကပြောကြားမရတော့ဘူး။ ဦးလှိုင်ထွန်းကို ပြေးခေါ်ရဦးမှာ။ ဘောလုံးကွင်းလည်းရောက်ပြီ။ မင်း ဘောလုံးသမားတွေလည်း ရောက်ကုန်ပြီ။ ဂျီအီးလိုင်းမှာနေတဲ့ မင်းကောင်တွေကို မေးကြည့်ပေတော့။ ငါသွားပြီ"

ကျော်ဟန် ကားရှေ့ခန်းက ဆင်းသည်နှင့် ဦးထွန်းကြည် ကားကို မောင်းထွက်သွားတော့၏။ ကွင်းထဲ၌ သယ်/ပို့ယန္တရားဌာနမှ ထွန်းရှိန်၊ ပေါ်လာ၊ မျိုးညွန့်၊ လှကျော်၊ စိုးဝင်းနှင့် ထွန်းမောင်တို့က အသွက်ပြေးလေ့ကျင့်နေကြသလို ဝင်းတင် (ဂိုး)၊ မောင်စန်း၊ ထွန်းဆယ်၊ တင်မောင်ဝင်း၊ လှငွေ၊ မြင့်ဆွေ၊ ကျောက်စွန်းနှင့် အောင်သိုက်တို့က ဘောလုံးအပေးအယူနှင့် ဂိုးသွင်းလေ့ကျင့်နေသည်ကို တွေ့ရပြီး S.A.E ဦးကြည်လင်က ကြီးကြပ်မှုပေးနေသည်ကို တွေ့ရ၏။ ဘောလုံးကွင်းစပ်တွင် တာဝေးအပြေးသမား ကိုလှမင်း (ဂရေဒါမောင်းသူ) က အမောဖြေရင်း ထိုင်နေသည်ကို တွေ့ရ၍ ကျော်ဟန် ကိုလှမင်းအနီးသို့ ကပ်လိုက်ပြီး ဦးထွန်းကြည်ပြောသောညက အဖြစ်အပျက်ကို မေးလိုက်၏။ ကိုလှမင်းစကားတွေကို ကြားလိုက်ရ၍ ကျော်ဟန်တစ်ယောက် မယုံကြည်နိုင်ဘဲ အံ့ဩသလိုဖြစ်သွား၏။

"ဟုတ်ကောဟုတ်ရဲ့လား ကိုလှမင်းရာ"

"သိပ်ဟုတ်တာပေါ့၊ ကျော်ဟန်ရာ။ ငါတို့ကပူကလည်းပူ၊အိုက်ကလည်းအိုက်လို့ အိပ်မရတာနဲ့ အပြင်ဘက်မှာ ခုံတွေချပြီး ထိုင်နေတာ။ ည (၁၁) နာရီကျော်ကျော်မှာ မီးပုံးပျံလိုဟာကြီးတစ်ခုတို့ရှေ့က ကွင်းပြင်ထဲကျလာတယ်။ ငါတို့လည်း ရုတ်တရက် ငေးကြောင်ပြီးကြည့်နေမိတယ်ကွ။ နောက်မှ သတိရလာပြီး အဲဒီနေရာကို အပြေးသွားကြတော့ ထူးဆန်းတယ်ကွ။ အဲဒီနေရာ တို့မရောက်ခင်မှာဘဲ အဲဒီ မီးပုံပျံလို မည်းမည်းကြီးဟာ အပေါ်ကို ပျံတက်သွားပြီး မြောက်ဘက်တောင်တန်းကို ကျော်တာနဲ့ တဖြည်းဖြည်းနဲ့ ပျောက်သွားတယ်"

"အဲဒီလို ပျံတက်သွားတဲ့အချိန်မှာ စက်သံတွေဘာတွေ မကြားရဘူးလား။ လူရိပ်လူယောင်ကို မြင်လိုက်သေးလား"

"အဲဒါပြောချင်တာကွ။ ဘာမှမမြင်လိုက်သလို စက်သံလည်း လုံးဝမကြားရဘူးကွ။ ခပ်မြန်မြန်လေးအပေါ်ကို ပျံတက်သွားတာ။ တို့အားလုံး အံ့ဩလွန်းလို့ ငေးငိုင်ပြီးရပ်ကြည့်နေမိကြတာ အဲဒီမည်းမည်းကြီး ဟောဒီတောင်တန်းကြီးမြောက်ဘက်ကွယ်သွားတဲ့အထိပဲ"

ကိုလှမင်းပြောနေသောစကားကို ကျော်ဟန် ခပ်ငေးငေး နားထောင်ပြီး အံ့ဩနေ၏။

"အသံလည်းမမြည်ဘူး၊ ကောင်းကင်ကနေ ဆင်းလာတယ်၊ ပြီးတော့ အသံမထွက်ဘဲ အပေါ်ကို ပျံတက်သွားတယ်ဆိုတော့ ခင်ဗျားတို့ မြင်လိုက်တဲ့ မည်းမည်းကြီးက ဘာကြီးလဲဗျ"

"ကျော်ဟန် မင်းက မယုံသကာလုပ်နေပြန်ပြီ။ ငါတစ်ယောက်တည်း မြင်လိုက်တာ မဟုတ်ဘူးကွ။ ယန္တရားဘားတိုက်မှာနေတဲ့လူအားလုံးနီးနီး မြင်လိုက်ကြတာ။ အသံမမြည်တဲ့ယာဉ်လို့ဘဲ ပြောလိုရတယ်။ ဘာကြီးမှန်းတော့မသိဘူး။ အဲ - ထူးဆန်းတာက အဲဒီမည်းမည်းကြီးကျလာတဲ့နေရာကို တို့ရောက်အောင်သွားကြည့်တော့"

"ခင်ဗျားကလည်းဗျာ၊ ပြောရင်းရပ်ရပ်ထားတယ်။ နားထောင်ရတာ ဆံ့တငံ့ငံ့နဲ့"

ကျော်ဟန်၏ အမူအရာကိုကြည့်ပြီး ကိုလှမင်းက သဘောကျစွာ



www.burmeseclassic.com

www.burmeseclassic.com

လိုက်၏။ ပြီးမှ -

"နောက်မှဆက်ပြောမယ်ကွာ။ မင်းလည်း ကွင်းဆင်းရဦးမှာ မဟုတ်လား"

ဒီကောင် အရမ်းသိချင်နေတာ ဈေးကိုင်လိုက်ဦးမှ ဟူသော အတွေးနှင့် ကိုလှမင်းက ဟိုင်ေးသည်ေး ယောင်တိ ယောင်တောင်လုပ်ပစ်လိုက်၏။

"လုပ်ပါဗျ ကိုကြီးလှမင်းကလည်း၊ ရုံးကလည်းတက်ရဦးမှာ။ အချိန်မရှိတော့လို့ပါ"

ကျော်ဟန်က ကိုလှမင်းကို ဆက်ပြီးမေး၍ ဘောလုံးကွင်းထဲ၌ လှုပ်ရှားပြေးလွှားနေကြသော သူလူများကို ကြည့်လိုက်၏။ ကိုပေါ်လာ ဦးဆောင်သော ဘောလုံးသမားများက အပြင်းအထန် လေ့ကျင့်နေကြ၏။

"ကဲပါဗျာ၊ ခင်ဗျားကလည်း မပြောချင်မပြောနဲ့။ ကွင်းဆင်းပြီးရင် ဦးဘချစ်ဆိုင်မှာ ခင်ဗျားသဘောရှိဗျာ"

"ဘာ - ဦးဘချစ်ဆိုင် ဟုတ်လား။ အေး - မင်းကတိတည်နော်။ နောက်ပြီးမှ ထွေလာကာလာမလုပ်နဲ့။ ထွန်းမောင်၊ မင်းကြားတယ်နော် ကျော်ဟန်ပြောတာ"

အနားသို့ရောက်လာသော ထွန်းမောင်ကို လှည့်ပြောလိုက်သူက ကိုလှမင်း ဖြစ်၏။

"ကြားတယ် ကိုလှမင်း၊ ကျွန်တော် ကြားတယ်။ ဒီကောင် လက်မှတ်တစ်ချက်ထိုးလိုက်ရင် ဦးဘချစ်ဆိုင်က ကြိုက်သလောက်စား၊ ကြိုက်သလောက်သောက် အကုန်ရတယ်ဗျ။ ပြောစရာရှိတာပြောလိုက်ဗျာ။ ဈေးကိုင်မနေနဲ့တော့"

အမြဲတမ်း မီးလုံ၊ အမြဲတမ်း လေကြဲစီး၊ အမြဲတမ်းကပ်တီးမှုလဲ ဦးအောင်ဆဲတတ်သော ထွန်းမောင်က မဖိတ်ခေါ်ဘဲ ခပ်တည်တည်ဖြင့် ဒိုင်ဝင်လုပ်၏။ ရန်ကုန်မှ ပန်းရန်ဆရာကြီး ဦးထွန်းရင်၊ သံချည်သံကွေးတာဝန်ခံ ဦးစံတင်နှင့် ဦးစောလွင်တို့မှ လိုအပ်သော ပုဂ္ဂိုလ်များအား အရေးပေါ်ဧည့်ခံရန် ဦးဘချစ်၏ စားသောက်ဆိုင်တွင် စာရင်းဖွင့်ပေးထား၏။ အရမ်းကာရော ဝင်စားလို့မရ။ စီဖိုးစီဖိုက်ရုံးမှ စတိုမှူးကျော်ဟန်ကိုယ်တိုင်ပါမှ သို့မဟုတ် ကျော်ဟန်၏ လက်မှတ်ပါမှ ဦးဘချစ်ဆိုင်မှာစားလို့သောက်လို့ ရသည်ကိုသိနေ၍ ထွန်းမောင်က ဝင်ပြောခြင်း ဖြစ်၏။

"အေးပါကွာ၊ ပြောမလို့ပါ ထွန်းမောင်ရာ။ မင်းကောင်က လောလွန်းနေလို့ အမြင်ကတ်တာနဲ့ ငါအချိန်ဆွဲနေတာ။ ဒီလိုဒီလို ကျော်ဟန်ရေ မည်းမည်းကြီးကျလာတဲ့နေရာကို ငါတို့ အပြေးသွားပြီးကြည့်လိုက်တော့ ဘာတွေတွေ့လဲ သိလား"

"ဟာ - လုပ်ပြန်ပြီ။ ခင်ဗျားကလည်း၊ ကျုပ်ဘယ်သိမလဲဗျ။ မသိလို့၊ မမြင်လိုက်လို့ မေးနေပါတယ်ဆိုမှ လေရှည်နေတယ်။ ဓော်ပြီဗျာ မပြောနဲ့တော့"

"ဟဲဟဲ - ညီလေးကလည်းကွာ။ ဦးဘချစ်ဆိုင်က လက်ဖက်ရည်နဲ့ မုန့်တွေက နာမည်ကြီးပဲဥစ္စာ။ လက်လွှတ်လိုက်လို့ ဘယ်ဖြစ်မလဲ။ အဲဒီမည်းမည်းအရာကြီးဆင်းသွားတဲ့နေရာမှာ မောင်စီတုန်းအရုပ်တွေပါတဲ့ စာရွက်စာတမ်းတွေ ဘီလပ်မြေအိတ်ခွံနဲ့ထည့်ရင် နှစ်အိတ်စာလောက်ရှိလိမ့်မယ်၊ အဲဒါတွေတွေ့တယ်။ လုံခြုံရေးတပ်ဖွဲ့က မည်းမည်းကြီး ပျံတက်သွားတဲ့ အရာတော်ဘက်အထိ တောနင်းပြီးလိုက်သွားကြတယ်။ ခုထိ ဘာမှရှာမတွေ့ဘူးတဲ့"

ကိုလှမင်းပြောလိုက်သော စကားကို နားထောင်ပြီး အံ့ဩငေးမောဘာစကားမှ မပြောနိုင်သူများက ကျော်ဟန်နှင့်ထွန်းမောင်တို့ နှစ်ယောက် ဖြစ်ပါ၏။

❐

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်လုံးနှင့် အသံရော ရုပ်ပါ လွန်စွာတူသော ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်မှူးကြီး ထင်ကျော်က ရင်းနှီးခင်မင်ပွင့်လင်းသော အသုံးအနှုန်းစကားများဖြင့် လမ်းညွှန်မှုပေးသွား၏။ မှတ်သားဖွယ်ရာစကားတစ်ခွန်းကိုလည်း ဟာသနှော၍ပြောသွားသေး၏။

"လူကြီးတွေလာခါနီးမှ ပြင်ထားတဲ့လမ်းတွေက သိပ်ကောင်းတာပဲကွ"

ဟူ၍ ဖြစ်ပါ၏။

အမျိုးအမည်မသိရသည့် အသံမထွက်သောအရာကြီးမှ ချထားရစ်ခဲ့သော မော်စီတုံးအရုပ်များပါသည့် စာရွက်စာတမ်းများကို ဗိုလ်မှူးအောင်ခင်မှ ယူဆောင်သွား၏။

ထိုအချိန် ၁၉၇၀ ပြည့်နှစ်စွန်းစ ကာလများဆီက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအစိုးရ ဆက်ဆံရေးအဆင်မပြေသောကာလ ဖြစ်၏။ မော်စီတုံးအရုပ်များပါသောစာရွက်စာတမ်းများ၌ ဘယ်လိုစာတွေရေးထားသည်ကို တာဝန်ရှိသူများမှအပ မည်သူတစ်ဦးတစ်ယောက်မျှ မသိရ။

မိမိတို့ တာဝန်ယူ ဆောက်လုပ်နေသောစက်ရုံလုပ်သားများတွင် တရုတ်အမျိုးသားများရှိနေက (၇) ရက်အတွင်း တိုင်းလက်ထောက်အင်ဂျင်နီယာရုံးသို့ စာရင်းပေးပို့ရန် ရုံးအမိန့်စာများရောက် လာ၏။

စီဖိုး၊ စီဖိုက်နှင့် ဘီဖိုး၊ ဘီဖိုက် စက်ရုံ၊ အေတူး၊ ဒီတူးနှင့် အခြားစက်ရုံများ၌ ပန်းရန်၊ သံချည်သံကွေး၊ လက်သမား အလုပ်သမားများအဖြစ် လုပ်ကိုင် တာဝန်ထမ်းဆောင်နေကြသော တရုတ် အမျိုးသားများ အများအပြားရှိနေကြ၏။ တချို့ငယ်ရွယ်သော တရုတ်လူငယ်လေးများမှာ ယောချောင်းအနီးတစ်ဝိုက် ရွာနီးချုပ်စပ်အချို့မှ အမျိုးသမီးငယ်လေးများနှင့် ခင်တွယ်ရည်ငံ သစ္စာ ထားသည်များလည်းရှိနေကြ၏။

မကြာမီ နိုင်ငံခြားသား တရုတ် အမျိုးသားများအားလုံး ဝါဇီစီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် တာဝန် ထမ်းဆောင်ခွင့်မပြုဟူသော ရုံးအမိန့်စာ ရောက်ရှိလာတော့၏။

ချစ်ခင်လက်တွဲ လုပ်အားအတူ ယှဉ်တွဲလုပ်ကိုင်ခဲ့ကြသူများ၊ သံယောဇဉ်ပို နှလုံးသားအလိုလိုက် ချစ်ကြိုက်၍ မက် ဘဝလက်တွဲမိခဲ့ကြသော မိန်းမပျို လေးများမှာ စိတ်မကောင်းစွာ ရင်နာနာ ဖြင့် လက်ပြနှုတ်ဆက် ကျန်ရစ်ခဲ့ကြရ ၏။ ထရုတ်အမျိုးသားများမှန်သမျှ ဝါဇီ စီမံကိန်းနယ်မြေမှ ထွက်ခွာသွားကြရ တော့၏။

တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်ဆံ ရေးလင်းကြောင်း မဖြောင့်တန်းသည့် အခြေအနေအချိန်အခါဖြစ်၍ ဤကဲ့သို့ ညင်သာသောကိုင်တွယ်မှုဖြင့် တာဝန်ရှိ သူလူကြီးများက ဆုံးဖြတ်ဆောင်ရွက် ခြင်း ဖြစ်ပေလိမ့်မည်။

❐

နှစ်ပေါင်း (၄၀) ကျော်သွားပြီ ဖြစ် ၍ အဘကျော်ဟန်ပင် (၆၅) နှစ်ခ မှတ်တိုင်ကို ရောက်ရှိနေပေပြီ။

ဖိုးလှသောင်းဟူသော မြင်းကြီး ပင်းချောင်းသို့ ရေချိုးပေးရန် သွား သည့် တစ်ညက တွင်းကုန်းသချိုင်းကုန်း အနီး၌ တွေ့ကြုံခဲ့ရသော ချောက်ခြား ထိတ်လန့်ဖွယ် အဖြစ်အပျက်နှင့် ဝါဇီ စီမံကိန်း၌ တွေ့ကြုံခဲ့ရသော ထူးဆန်း အံ့ဩဖွယ် အဖြစ်အပျက်များကို ပြန် ပြောင်းတွေးမိတိုင်း ကြက်သီးထတော့ ချမ်းနေသေးသည်မှာ ယနေ့တိုင် ဖြစ်ပါ သည် ဟူ၍ အဘကျော်ဟန်က ပြော ကြားနေဆဲ ဖြစ်ပါ၏။

*ကျန်းမာချမ်းသာကြပါစေ*

နွေဦးမွန်(ရွှေချောင်း)



www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်



ဆရာဒေလမင်းခေါင်

ဟီတာကလောဒိရာဘလင်ဂျာ၏ လက်ရှိသူ့လက်မှတ်မှာ (၁၁+၈ = ၁၀) ဖြစ်သည်။ သူ၏ လက်မှတ်သည် ဘဝလမ်းကြောင်းဂဏန်း (၁၁+၈=၁၀) သည် ဘဝမှာ အောင်မြင်ရအောင် လိုက်ဖက်ညီစေပါသည်။ သူ၏နာမည်အပြည့်အစုံတလည်း ဆန္ဒပြည့်ဝသောအခြေခံများနှင့် ကိုက်ညီသည်။ သူမအသုံးပြုသောလက်မှတ်သည် မပြည့်စုံသော်လည်း သဟဇာတဖြစ်ပါသည်။ သူမ၏ဂဏန်းဆေဒင်ပုံပြဇယားအရ စီးပွားရေးလုပ်ငန်းမှာ သူမဆန္ဒပြည့်ဝစေသည်။ ကိုယ်ရည်ကိုယ်သွေးဂဏန်း (၁၁) က စိတ်ကူးစိတ်သန်းများဖြစ်ပေါ်စေပြီး သံလိုက်ဓာတ်ကဲ့သို့ ဆွဲဆောင်မှုကို ဖြစ်စေသည်။ ၎င်းထိုးမြဲလက်မှတ်အသစ် (၁၁+၈=၁၀) သည် လွတ်လပ်မှုနှင့် ခေါင်းဆောင်ဖြစ်သည်။

၁၉၄၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁ ရက်မွေးသော ဟီတာဘယ်လင်ဂျာ၏ဘဝလမ်းကြောင်းဂဏန်းက (၁၁+၈=၁၀)ဖြစ်သည်။ အတန်းပညာ (၁၀)တန်းမှာ ပညာသင်ကြားနေသည်။ (၁) ဂဏန်းထက် (၁၀) သည် (၁၀) ခါဖြစ်သဖြင့် ပိုအားကောင်းသည်။ ဘဝလမ်းဂဏန်း (၂) ထပ်သည် တစ်လုံးတည်းကပေါ်လွှမ်းသည်မှာ ဝိညာဉ်ဟောင်းကပြသခြင်းဖြစ်သည်။ စုစုပေါင်းဂဏန်းသည် ဘဝက စီးပွားရေးအောင်မြင်မှုကိုပြသခြင်း ဖြစ်သည်။ လက်ရှိဘဝလမ်းကြောင်းဂဏန်း လွတ်လပ်မှုကို ဖော်ပြ၍ ထို့ကြောင့် ပျင်းရိခြင်း၊ နိုင့်ထက်စီးပြုခြင်း၊ အာဏာပြခြင်းမရှိ။ ဘဝလမ်းကြောင်းဂဏန်းစုစုပေါင်း (၁၁ + ၈ = ၁၉) သည် ကမ္ဘာဂဏန်းဖြစ်ပြီး အခြားဂဏန်းများထက် တူသောအကျိုးသက်ရောက်တတ်သောဂဏန်း ဖြစ်သည်။ အဆိုးအကောင်း ဒွန်တွဲနေသည်။ သူမသည် ဦးဆောင်ရှေ့ဆောင်လမ်းပြအစပြုသူတစ်ဦးဖြစ်ရမည်။ သူမဟာမလွတ်လပ်သောအစားစုမှ မွေးဖွားလာရသည်။

မွေးရက်ဂဏန်း(၃)သည် အပြောအဆို၊ အရေးအသား၊ သရုပ်ဆောင်မှုကို ဖော်ပြသောဂဏန်း ဖြစ်သည်။ ထို့ကြောင့် သူမ၏ကံကြမ္မာဂဏန်း (၁၁+၅= ၇) ဖြစ်ပြီး ထင်ထင်ရှားရှား တွေးမြင်တတ်သောအသိဉာဏ်ရှိသည်။သူ့အလုပ်က အခြားသူများ သင်ကြားပေးသည်။ သူမအနေနှင့် ကျောင်းဆရာမ၊ စာရေးဆရာမ၊ သာသနာပြု၊ ရှေ့နေ၊ ဂန္ဓာရီပညာရှင်နှင့် အထူးသဖြင့် အစိုးရသံတမန်အနေဖြင့် အောင်မြင်တတ်သည်။

၎င်းသည် အထူးဂဏန်း (၂၂) သည် ပြည်တွင်းရော ပြည်ပမှာ ဒုက္ခရောက်သူများကူညီသူ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၏ ခေါင်းဆောင်တစ်ဦးဖြစ်နိုင်သည်ဟု ဖော်ပြသည်။

သူမ၏ ဘဝပန်းတိုင်ဂဏန်း (၈) (ကံကြမ္မာနှင့် ဘဝလမ်းကြောင်းဂဏန်းပေါင်းထားခြင်း) က သူမ၏ နောက်ကာလအပိုင်းအခြား သူမစွမ်းရည်၊ ဩဇာ၊ သတ္တိကိုပြသည်။ သူမသည် စီးပွားရေးလောကမှာ အောင်မြင်နိုင်သော အမျိုးသမီးတစ်ယောက် ဖြစ်သည်။

သူမ၏ ဘဝမှတ်တိုင်ဂဏန်း (၈) သည် အသက် (၂၇) မှ (၃၆) အတွင်း ကြီးမားသော စီးပွားရေးကောင်းသောမှတ်တိုင်မှာရှိသည်။ အဓိပ္ပာယ်က ကိုယ်ပိုင် (သို့မဟုတ်) ပြည်ပလုပ်ငန်းအတွက် လုပ်ရမည်ကို ဖော်ပြသည်။ သူမသည် အလုပ် (၈) ကို ပိုင်နိုင်စွာ စုစည်းလုပ်နိုင်သည်။

သူမ၏ အဓိကဘဝသတိပေးဂဏန်းက (၁)၊ ထပ်ဖြည့်သတိပေးဂဏန်း (၃)။ ၎င်းသတိပေးဂဏန်းများသည် နောက်ပိုင်းဘဝကို အကျိုးသက်ရောက်သည်။ ၎င်းအချက်သည် မိမိခြေထောက် (၁) ပေါ် ရပ်နိုင်ရမည်။ (၃) ဂဏန်းက အရာရာကို စိတ်ဝင်စားမှုစွမ်းရည်ရှိသည်။ ဘဝသတိပေးဂဏန်း (၁) သည် ဘဝလမ်းကြောင်းဂဏန်း (၁၀) နှင့် ထပ်တူကျသည်။

သူမ၏အလွှာအသီးသီးကိုကြည့်ပါက ရုပ်ပိုင်းနှင့် ထိုးထွင်းဉာဏ်အလွှာထက် နာမ်ပိုင်းနှင့် စိတ်လှုပ်ရှားမှုအလွှာက ပိုသာသည်။ စိတ်လှုပ်ရှားမှုပိုင်းက (၇) ရ၍၊ နာမ်ပိုင်းက (၆) ရ၍ မျှတနေသည်။

ကမ္ဘာသင်ခန်းစာအရ မပါသောဂဏန်းမှာ (၆) မပါ၍ အရင်ဘဝက မဆောင်ရွက်ခဲ့သော ဝတ္တရားတာဝန်များ မပျက်ကွက်ဘဲ ဤလောကထဲ သူမရောက်လာခြင်း ဖြစ်သည်။ အသက်ကြီးသူများ မိသားစုစောင့်ရှောက်ရခြင်းကိုတတ်နိုင်သမျှ ကြီးမားသော ဝန်ထုပ်ဝန်ပိုးကိုယာမ်းရမည်။ ၎င်းတာဝန်များ မရှောင်ဘဲ ရင်ဆိုင်လည်း အနှောင့်အယှက် အတားအဆီးတွေ့ရမည် ဖြစ်သည်။

၁၉၇၃ ခု၊ မတ်လ ၃ ရက်မှာ သူမဂဏန်း အသက် (၉) က ၁၉၇၂ ကို ဖုံးထားသည်။ အသက် (၃၁) နှစ် (၄) နှင့် အသက် (၃၂) နှစ် (၅) သည် ၁၉၇၂ ထဲမှာဖြစ်သည်။ (၉) ဂဏန်းသည် ပြီးဆုံးခြင်းကို ဖော်ပြသည်။ ယခုနှစ်မှာ အသစ်များမလုပ်နိုင်ဘဲ လုပ်လက်စများ ဤအတိုင်းထားခဲ့ရမည်။

မွေးရက်က (၃) ဖြစ်၍ အနုပညာဘက် (၃-၆-၉) အကျိုးပေးသည်။

ပြက္ခဒိန်စက်ဝန်းက (၃) အသက် (၃၁) ဖြစ်သည်။ စက်ဝန်းအသီးသီးသည် (၂၇) နှစ်ကြာသည်။ (၃) စက်ဝန်းသည် အတွေးအခေါ်အတွက် တီထွင်ဖန်တီးတတ်သည်။

ပြက္ခဒိန် ၁၉၇၂ သည် သူမအတွက် (၁) ဖြစ်သည်။ ကိုယ်ပိုင်နှစ်က (၆) (၁၁+၃+၁=၆) (၆) ဂဏန်း အဖွဲ့အစည်းနှင့် ပတ်သက်သော တာဝန်ယူရ၍ (၁) စွန့်စားမှုအသစ်အတွက် များစွာလှုပ်ရှားမှုပြုရမည်။ ယခုနှစ်မှာ လက်ထပ်နိုင်သောနှစ်ဖြစ်သည်။ ပြက္ခဒိန်ရက်က (၇)၊ မတ်လ (၃)၊ ၁၉၇၂။ ကိုယ်ပိုင်ရက်(၃)၊ မတ် ၃+ ရက် ၃+ နှစ်



www.burmeseclassic.com

www.burmeseclassic.com

၆- (၃+၃+၆) ဖြစ်သည်။

အမည်စက်ဝန်းက (၂၃)။ သူ၏မူလနာမည်အပြည့်အစုံ အက္ခရာစာလုံး (၂၃) လုံးရှိသည်။ ချုံ့လိုက်ပါက (၅) ရသည်။ (၅) နှစ်မြောက်သောနှစ်တို့ သာမန်အရေးကြီးကိစ္စများ ဖြစ်တတ်သလို အသက် (၃၃) နှစ် ကြုံတိုင်း အရေးကြီးကိစ္စများ အဆိုးဖြစ်စေ၊ အကောင်းဖြစ်စေ ဖြစ်တတ်သည်။

အကျင့်စရိုက်၏သော့ချက်ဂဏန်းက (၅)။ ၎င်းက အမြဲပြောင်းနေတတ်ပြီး အယူမယူတတ်ခြင်းကို ဖော်ပြသည်။ သူ့ဘဝမှာခရီးသွားများပြီး ကာမဂုဏ်ကိစ္စ ပြင်းထန်သူ ဖြစ်သည်။

မွေးနေ့မတိုင်မီ ၁၉၇၂ အတွင်း ဘယ်ကာလဖြစ်ဖြစ် ပြီးခဲ့သောနှစ်ကို တွက်ချက်ဟောပြောရမည်။ ယခုဟောကွက်ကို ၁၉၇၁ခု၊ နိုဝင်ဘာလ ၃ ရက်မှ ၁၉၇၂ နိုဝင်ဘာလအထိ တစ်နှစ်တာကို ဟောကြားရမည် ဖြစ်သည်။

တစ်နှစ်လုံးအတွက် ဟန်ပန်လေသံဂဏန်း (Overtone) သည် (၂၃) ဖြစ်သည်။ ၎င်းဂဏန်းက အပြောင်းအလဲများသောနှစ် ဖြစ်သည်။ ထူးဆန်းသော တုန်ခါလှိုင်းများရှိသောနှစ်ဖြစ်၍ အာရုံနှင့် စိတ်တင်းကျပ်သူမှုဖြစ်တတ်သောနှစ်ဖြစ်သည်။ မကြာခဏဖျား၍ ဆရာဝန်ပြသရမည်။ ၎င်းသည် အဆက်အသွယ်များရပြီး ခရီးတောင်သွားရမည်။ အိမ်ယာခြံမြေကိစ္စနှင့် ပတ်သက်၍ ဥပဒေရင်ဆိုင်ရတတ်သည်။

အသက် (၂၂) နှစ်၊ ပထမပိုင်းကာလ၊ ဟန်ပန်လေသံ (Overtone) က (၂၃)။ ထို့ကြောင့် အရေးကြီးသောဆုံးဖြတ်ချက်များချနိုင်သည်။(၂၂)၏ ဩဇာသက်ရောက်မှုရှိသည့်အတွက် အမှား၊ အမှန် မခွဲခြားနိုင်ဘဲ တွေဝေနေတတ်သည်။ ဤကိစ္စနှင့် ပတ်သက်ကျွမ်းကျင်သောသူများထံမှ အကြံဉာဏ်ယူသင့်သည်။ ဆုံးဖြတ်ချက်မပြတ်သားခြင်းကလည်း ကျန်းမာရေးညံ့ခြင်း၊ ခရီးသွားရခြင်း၊ အိမ်ရာခြံမြေများ တည်ဆောက်နေရခြင်းကြောင့် ဖြစ်သည်။ ၁၉၇၂ မတ်လ ၃ ရက်၊ ဇူလိုင် ၃ ရက်အထိ (၁၉) ဂဏန်းစိုးမိုးပြီး ဟန်ပန် (Overtone) ဂဏန်းက ၂၃။ ၎င်းကာလမှာ မကြာခဏ ဥပဒေနှင့် ပတ်သက်၍ အပြောင်းအလဲဖြစ်သည်။ အကောင်းအပြောင်းအလဲဖြစ်၍ မိမိက အခွင့်အရေးသာသည်။

တတိယအပိုင်းကာလ ၁၉၇၂ ဇူလိုင် ၃ မှ နိုဝင်ဘာလ ၃ အထိ ၂၃-၂၃တွဲ ဂဏန်းစိုးမိုးသည့်ဟန်ပန်ဂဏန်း (Overtone) က တူသည်။ အောင်မြင်မှုနှင့် ကြိုတင်ကာကွယ်မှုရမည်။ သို့ရာတွင် ကျန်းမာရေးညံ့နိုင်သည်။ ခရီးသွားရန် အစီအစဉ်ရှိတတ်သည်။

**မာထာရေး(Martharaye)၏ ပုံစံပြဂဏန်းဗေဒင်ဇာတာ** (Sample of Numeroscope of Martharaye)

မွေးနာမည်အပြည့်အစုံမှာ မာဂျီဗွန်နဲရိ(ဒ်)ဖြစ်ပြီး သူမကို ၁၉၁၆၊ ဩဂုတ်လ ၂၇ ရက်တွင် မွေးသည်။

မွေးရက် - 27th
ပန်းတိုင်ဂဏန်း - 7
သတိပေးဂဏန်း- 0

မှတ်တိုင်များ-


၁ မှ ၂၉ = ၈
၃၀ မှ ၃၉ = ၈
၄၀ မှ ၄၉ = ၇
၅၀ အတက်= ၇


| MARGIE | YVONNE | REED |
|---|---|---|
| 4 19795 | 746555 | 9554 |

ရုပ်ပိုင်း (၈) နှင့် ထိုးသိမြင်ဉာဏ် လွှာ (၅)

နာမ်ပိုင်း- ၁
ရုပ်ပိုင်း = ၈
စိတ်လှုပ်ရှားပိုင်း- ၁
ထိုးထွင်းသိမြင် - ၆
ကမ္ဘသင်ခန်းစာ - ၂-၃-၈ ပင်

6 + 11 + 1 = (11+9) (ဝိညာဉ်ဂဏန်း)
15 11 10 9
1 95 6 5 55
MARGIE YVONNE REED
4 97 74 55 9 4
20 21 13
2 + 3 + 4 = 9 (ကိုယ်ရည်ကိုယ်သွေးဂဏန်း)
8 + 5 + 5 (1+8) = 9 (ကံကြမ္မာဂဏန်း)
2 6 = 8
1 1 1 5
MARTHA RAYE
4 928 9 7
23 16
5 7 = 12 = 3 (ကိုယ်ရည်ကိုယ်သွေးဂဏန်း)
7 + 4 = 1 (ယခုထိုးမြဲလက်မှတ်)
မွေးသက္ကရာဇ် ဩဂုတ် ၂၇၊ ၁၉၁၆
၈ + ၉ + ၈ - ၂၅ - ၇ (ဘဝလမ်းကြောင်း)






www.burmeseclassic.com

www.burmeseclassic.com

စွမ်းရည်=၆
၁ ဂဏန်း= ၁
၂ ဂဏန်း= ၀ (မပါသောဂဏန်း)
၃ ဂဏန်း= ၀ (မပါသောဂဏန်း)
၄ ဂဏန်း= ၃
၅ ဂဏန်း= ၆ (ပင်ကိုစွမ်းရည်)
၆ ဂဏန်း= ၁
၇ ဂဏန်း= ၂
၈ ဂဏန်း= ၀ (မပါသောဂဏန်း)
၉ ဂဏန်း= ၃
၁၉၇၁ ရှိ ဂဏန်းသက်= ၅၄+၅၅
=၉+၁၀=၁
ဝါသနာ= အနုပညာ (၃-၆-၉)
အများသုံးပြက္ခဒိန်=
နှစ် (၁၉၇၁=၉) ရက် = ၅
နေ့က ၁-၄-၁၉၇၁ = ၅
ကိုယ်ပိုင်နေ့ = ၄ ကိုယ်ပိုင်ရက်
ကိုယ်ပိုင်နှစ် = ၁၃ = ၃
အမည်စက်ဝန်း= အက္ခရာ (၁၆)
လုံး= ချို့က ၇
အကျင့်စရိုက်သော့ချက် = ၈
ဟောပြောချက်= ၂၅၊၂၀၊၂၄၊၂၅
= ၁၉၇၁၊ ဇန်နဝါရီ
(၄)ရက်နေ့ ၂၉-၈-၁၉၇၁ မတိုင်မီအထိ ၁၉၇၀ ကို အသုံးပြုတွက်ချက်ရမည်။

**မာတာရေးအတွက်ဟောကွက်**
(Interpretation of Her charts)

**ဟန်ပန်** (Overtone)
1970
17
1987=25

**ပထမအပိုင်းကာလ**
**(ဩဂုတ်လ ၂၇ မှ ဒီဇင်ဘာ ၂၇)**
1970
54
2024= 46

**ဒုတိယအပိုင်းကာလ**
**(ဒီဇင်ဘာ ၂၇ မှ မေ ၂၇)**
1970
25
1995 = 24

**တတိယအပိုင်းကာလ**
**(မေ ၂၇ မှ ဩဂုတ် ၂၇)**
1970
8
1978=25

**ဟန်ပန်** (Overtone)= 25 **ပထမပိုင်း** = 26 **ဒုတိယပိုင်း** = 24
**တတိယပိုင်းက** = 25

မာတာရေး (MarthaRage) ၏ မူလအမည်ရင်းမှာ မာဂျီးဗွန်နဲရိ(ဒ်) (Margie Yuone Reed) ဖြစ်သည်။ သူမ၏ ဝိညာဉ်တွန်းအားဂဏန်း၊ ကိုယ်ရည်ကိုယ်သွေးနှင့် ကံကြမ္မာဂဏန်း (၉) ၏ ဖော်ပြချက်ဆုံးရှုံးမှုများ၊ စိတ်ပျက်စရာများနှင့်ပြည့်နေသည်။ သူမ၏ ဝိညာဉ်တွန်းအားဂဏန်း (၁၁+၇=၉) နှင့်အတူ စင်မြင့်ပေါ်မှာ ပြည့်စုံမှုနှင့်အတူ အများဂရုစိုက်မှု (၁၁) ကို လိုချင်သည်။ သူမ၏ ရည်ရွယ်ချက် အများပြည်သူကို ဧည့်ခံဖျော်ဖြေရန် အပေါင်းအဖော်မိတ်ဆွေမိန်းမကို ပြုစုရန် ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေးဂဏန်းနှင့် နှလုံးသားဆန္ဒဝိညာဉ်တွန်းအားဂဏန်းသည် တူသဖြင့် သူမလိုလားချက်သည် တိတိကျကျ ထွက်ပေါ်လာသည်။ သူမ၏ ကံကြမ္မာဂဏန်း(၉)သည် သူမ၏ရည်ရွယ်ချက်က ပုဂ္ဂိုလ်စွဲမရှိဟု ဖော်ပြသည်။

ယှဉ်ပြိုင်မှုရသောလောကမှာ သူ့အဖို့ မင်းသမီးဖြစ်ရန် မလွယ်ပါ။ သူ့ကို သူမ စဉ်းစားမိ (၉) တခြားသူများကို အကူအညီပေးရမည်။ သူမသည် အားလုံးအတွက် အချစ်ကိုပေးရသော မိတ်ဆွေရှိရမည်။ မိမိစိတ်က မချမ်းသာသော်လည်း အများရယ်ရွှင်အောင်လုပ်ရပေမည်။

သူမ၏ ထိုးမြဲလက်မှတ် (၁၁) သည် ဝိညာဉ်တွန်းအား (၈) နှင့် ကိုယ်ရည်ကိုယ်သွေးဂဏန်း (၃) နှင့် ပေါင်းထားသောဂဏန်း ဖြစ်သည်။ ထိုဂဏန်းသည် ဘဝလမ်းကြောင်းနှင့် လိုက်ဖက်ညီသည်။ အခြားသူဆန္ဒကိုဖြည့်ဆည်းရန်နှင့် ရုပ်မြင်သံကြားက အများရှေ့မှာ အထူးဂဏန်း (၁၁) ကို အကျိုးပြုသည်။ ဝိညာဉ်တွန်းအားဂဏန်း (၈) က ငွေရှာပြီး ကိစ္စကြီးကြီးများကို စီမံမည်။ ကိုယ်ရည်ကိုယ်သွေးကို ထင်ပေါ်အောင် (၃) တတ်နိုင်မည်။ ကိုယ်ရည်ကိုယ်သွေးဂဏန်းထက် အင်အားကြီးမားသော နှလုံးသားဆန္ဒဝိညာဉ်ဂဏန်းက မိတ်ဆွေတစ်ဦးကဲ့သို့ ဟန်ဆောင်နိုင်မည်။ နာမည်တွေဘယ်လောက်ပြောင်းပြောင်း သူ၏ မူလအမည်အနှစ်သာရက မပြောင်းတာကို သတိရပါ။

သူမ၏ မွေးနေ့ ၁၉၁၆ ခုနှစ်၊ ဩဂုတ်လ ၂၇ သည် ပေါင်းခြင်း (၂၇) အတိုချုံးဂဏန်းက (၇)။ ဘဝလမ်းကြောင်းကို ကိုင်တွယ်ရန် အခက်အခဲရှိသည်။ သတိ ထပ်မံ၍သတိပြုရမှာက မွေးရက် (၂၇) သည် အတိုချုံးဂဏန်းက (၉) ဖြစ်သည်။ သဘာဝအားဖြင့် ဝိညာဉ်ဆိုင်ရာတိုးတက်မှုရှိသည်။ သရုပ်ဆောင်ဘက်တွင် အထူးလိုက်စားရမည်။ (၇) ဂဏန်းသည် သရုပ်ဆောင်ကို ထူးချွန်စေသည်။ အခွင့်အရေးကို ရှာမယူတော့။ စောင့်ရမည်။

(၂၇) ရက်ဖွားများသည် စာပေအနုပညာနှင့်ဆိုင်သောမွေးရက် ဖြစ်သည်။ သူမသည် အလွန်စိတ်ဝိညာဉ်ဆန်ဆန်ပြုမူတတ်သည်။ သို့ရာတွင် အနှောင့်အယှက်များ လွယ်ကူစွာကျော်ဖြတ်နိုင်ရန် သတိထားရမည်။ အကျင့်ဆိုးများ အလွန်အကဲမလိုက်နှင့် ရှောင်ရမည်။ သူမဟာ သဘာဝအရ ဦးဆောင်နိုင်သူဖြစ်၍ တခြားသူများ ပူးတွဲမလုပ်နိုင်။ သူမသည် ချစ်ခင်ကြင်နာတတ်သူဖြစ်သော်လည်း အာရုံကြောက တော်တော်လေး ပုံမမှန်ဖြစ်တတ်သည်။ စောစောအိမ်ထောင်ပြုပါက စိတ်ပျက်စရာများ ကြုံတွေ့ရသည်။ သူမ အနေအထားက (၃-၆-၉) ဖြစ်ပြီး ကောင်းစွာဖန်တီးနိုင်မှုပြုနိုင်မည်။

မာတာရေး၏ ပန်းတိုင်ဂဏန်းက (၇) ဖြစ်သည်။ အထူးသဖြင့် သိပ္ပံနယ်ပယ်ဖြစ်သော တီထွင်သူ၊ စာရေးဆရာ၊ ပညာရေးမှာ အကျိုးပေးသည်။ ထိုးထွင်းသိမြင်ဉာဏ် ဖွံ့ဖြိုးသည့်အတွက် သူမသည် စိတ်ဝိညာဉ်နှင့်ပတ်သက်နေသူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ သူမ၏ သရုပ်ဆောင်မှုမစတင်မီ လူထု၏စိတ်ခံစားမှုကို တိုးလာစေသည်။

သူမ၏ ဘဝမှတ်တိုင်ဂဏန်း (၃) နှင့် (၄) သည် (၇) ဖြစ်စေသည်။ ဘဝမှတ်တိုင်ဂဏန်း (၇)သည် ကိုင်တွယ်ရန်ခက်ခဲသည်။ (၇) နှင့် (၉) ဂဏန်းသည် အခြားသူနှင့်နေရပါက သူမအတွက် ပျော်ရွှင်မှုမရှိသောနိမိတ်ပင် ဖြစ်သည်။ ၎င်းကာလများသည် တရားထိုင်ရန် ကောင်းသောကာလဖြစ်သည်။ ရုပ်ဝတ္ထုပိုင်ဆိုင်မှုတွေကို အမှန်တကယ်ရရှိမှသာလျှင် (၇) နှင့် (၉) ဂဏန်း ငွေရလိမ့်မည်။ (၇) ဂဏန်းကာလများသည် ကျန်းမာရေးအခက်အခဲရှိ၍ ကျန်းမာရေးကို များများဂရုစိုက်ရမည်။ ဘဝမှတ်တိုင် (၇) ဂဏန်းကာလမှာ စိတ်တည်ငြိမ်စေပြီး သည်းခံမှုပြုရမည်။ ဆုံးရှုံးမှုများတွေ့ကြုံနိုင်သည်။

သတိပေးဂဏန်းက (ဝ) ဖြစ်သည်။ ဘယ်ပြဿနာကိုမဆို ဘဝဟောင်းမှ ဝိညာဉ်က ကိုင်တွယ်ဖြေရှင်းပေးနိုင်သည်။ အောင်မြင်ဖို့အတွက် ဘဝမှတ်တိုင်မရှိသလို အရာရာအတွက်လည်း ဘဝမှတ်တိုင်မရှိပါ။ (၇) နှင့် (၉) ဂဏန်းများစွာက အမြင့်တက်ရန် ခက်ခဲပြီး နှလုံးသားနာကျင်မှုများနှင့် ပြည့်နေသည်။ စိန်ခေါ်မှုများစွာ ရင်ဆိုင်ခြင်းအတွက် သံသယရှိစရာမလိုပါ။

ဘယ်သူမဆို (၇) နှင့် (၉)ဂဏန်းကို အောင်မြင်နိုင်ရန် မျှော်လင့်သူမရှိနိုင်ပါ။

ရုပ်ပိုင်းနှင့် စိတ်ပိုင်းအလွှာများရှိ၍ လက်တွေ့ကျ၍ အလုပ်ကြိုးစားသူများဖြစ်သည်။ ထို့ပြင် ထိုးထွင်းသိမြင်ဉာဏ်ကလည်းရှိသည်။ သူမ၏ စိတ်စွမ်းရည်တူ (ESP) အတွက် အမြဲတမ်းလေ့လာသင့်သည်။

သူမ၏ ကမ္ဘာသဘောတရား သင်ခန်းစာများမှာ ၂၊ ၃နှင့် ၈ ဖြစ်သည်။ အများဆုံးသောပုဂ္ဂိုလ်များ ကမ္ဘာသင်ခန်းစာမှတစ်ခုရှိပါက အရာရာကို ကျော်လွှားနိုင်သည်။ သူမအမည်မှာ လုံးဝမပါသော သုံးလုံးရှိသည်။ ၎င်းတို့ မပါရှိခြင်းမှာ အတိတ်ဘဝ ပရိယာယ်မကြွယ်ဆက်ဆံရေးညံ့ခဲ့၍ ဖြစ်သည်။ လက်ရှိဘဝမှာ ၎င်းတို့ကို ကျော်ဖြတ်ရပေဦးမည်။ ၎င်းသုံးလုံးက အရင်က မိမိကိုယ့်ကိုယ်ကိုယ် ထုတ်ဖော်ရန် ခက်ခဲခဲ့သည်။ ယခုဘဝတွင် သရုပ်ဆောင် မင်းသမီးဖြစ်ရန် ဦးစားပေးရမည်။ (၈) ဂဏန်းက စီးပွားရေးနှင့်ပတ်သက်၍ ဘာတန်ဖိုးမှမရှိပါ။ သူမ၏ ပင်ကိုစွမ်းရည် (၆) ဂဏန်းဖြစ်၍ တာဝန်များကို ထမ်းဆောင်နိုင်သည်။ လိုအပ်သောအခါ အကူအညီရခြင်းသည် သူမ၏ ကံကောင်းခြင်းတစ်ရပ် ဖြစ်သည်။ ကမ္ဘာသဘောတရားသင်ခန်းစာများကို နားလည်လိုက်နာခဲ့၍ ယခုအခါ အခက်အခဲများ အတားအဆီးများမှ လွတ်မြောက်သွားပြီ ဖြစ်သည်။

၁၉၇၁ ခုနှစ်၊ သူမ၏အသက်နှစ်ဂဏန်းက (၁) ဖြစ်သည်။ လုပ်ငန်းသစ်များ စတင်နိုင်ပြီ။ အခြားဂဏန်းများကလည်း အထောက်အပံ့ပေးသည်ကို ဖော်ပြထားသည်။

အများဆိုင်ရာပြက္ခဒိန်နှစ်က (၉) ဖြစ်သည်။ ၎င်းဂဏန်းက (၂၇)နှင့် (၅၄) မွေးနေ့အတောအတွင်း ဆောင်ရွက်မည်။ ယခုအခါ သူမသည် အကူးအပြောင်းကာလကိုရောက်နေသည်။ သူမဂဏန်းသက် (၈) သို့ ရောက်နေသည်။ ၎င်းက ဘဝ၏ကျန်သောကာလများကို အကျိုးသက်ရောက်မှုရှိသည်။ အချစ်ရေးနှင့် ထမ်းဆောင်မှုများ၌ (၉) ဂဏန်းများစွာကို ကျော်ဖြတ်ခဲ့ပြီ။

၁၉၇၁ ခုနှစ်မှာ ပြက္ခဒိန်နှစ်က (၉)၊ နေ့က (ဇန်နဝါရီ၊ ၄) ဖြစ်၍ (၅) ကိုယ်ပိုင်နှစ်ဂဏန်း (၈) (စီးပွားရေးလုပ်ငန်းကြီး)၊ ကိုယ်ပိုင်ရက်က ၄ (၁+၄+၈=၁၃=၄) ယခုနှစ်တွေမှာ အလုပ်ကြိုးစားလုပ်ရမည်။

သူမ၏ မွေးနာမည်မှာ အက္ခရာ (၁၆) လုံးရှိ၍ ချုံ့က (၇) ဖြစ်သည်။ သာမန်ကိစ္စများက (၇) နှစ်တစ်ကြိမ် ဖြစ်တတ်ပြီး အရေးကြီးသောကိစ္စများ (၁၆) နှစ်တစ်ခါကြုံရတတ်သည်။ အသက် (၆၄) နှစ်ရှိသောအခါ အမိကစက်ဝန်းကို သူမ ကြုံရမည်။



သူမ၏ အကျင့်စရိုက်ဂဏန်း… (၉)။ အခက်အခဲမရှိ၍ သူမအဖို့ … မလိုချင်တတ်ပါ။ ၎င်း၏ အမိက… ချက်မှာ အသက်ကြီးမှ ငွေကြေးအော… မြင်မှုရခြင်း ဖြစ်သည်။

ယခုနှစ်အတွက် ဂဏန်းဗေဒ… အရ ဟောကွက်ထုတ်ရပါက ၁၉… ဇန်နဝါရီလ ၄ ရက်မှာ တွက်သော… ကြောင့် ၁၉၇၁၊ ဩဂုတ်လ ၂ ရ… မတိုင်မီ သူမမွေးနေ့မရောက်သေး… မွေးနေ့တိုင်အောင် ယခင်နှစ် ၁၉… ပြည့်နှစ်ကို အသုံးပြု၍တွက်ချက်ရမည်…

ဟာန်ပန်ဂဏန်း (Overtone) … (၂၅)။ ထိုဂဏန်းသည် အနှောင့်အ… ယှက်ဖြစ်ခြင်း၊ အခက်အခဲတွေ့ခြင်း… တစ်ခါတစ်ရံ ကျန်းမာရေးညံ့ခြင်း… ဖော်ပြသည်။

၎င်းဂဏန်းက အသက်ကြီးနှင့်… ပတ်သက်တတ်ပြီး အဆုံးမှာ ကျန်းမာ… ရေးညံ့ခြင်း၊ သေဆုံးခြင်းများဖြစ်တ… သည်။ ပထမပိုင်း (၂၆) ကာလများမှာ… များများဆုံးရှုံးမှုများတတ်၍ သတိထား… ၍ ရင်းနှီးမြှုပ်နှံမှုပြုပါ။ သင်၏ အကြံ… ချက်က သူမ အနီးအနား လေဖြတ်မှု… တတ်သည်။ ဤကာလမှာ ငွေကြေးမျာ… များရရှိနိုင်သည်။ (၂၅) သည် များသော… အားဖြင့် ဒုက္ခပေးတတ်သည့်အချ… ဖြစ်သည်။

ဒုတိယပိုင်းကာလ (၂၄) က ၎င်း… ကာလအတွင်း အချစ်ရေးစန်းပွင့်ခြင်း… (သို့) အိမ်နှင့်ပတ်သက်လှုပ်ရှားမှု ဖြစ်… တတ်သည်။ (၂၅) ဂဏန်းနှင့်အတူ… မိသားစုအတွင်း ကျန်းမာရေးညံ့တတ်… သည်။

တတိယပိုင်းကာလသည် အခြား… (၂၅) ရသည်။ ယာယီကျော်ဖြတ်မှုများ… စွာတွေ့ပြီး ဒုက္ခတွေ့ရသည်ဟု ဖော်… ပြသည်။ လာမည့်နှစ်ကတော့ မျှော်လင့်… စရာတွေ အောင်မြင်မှုတွေ သူမအတွက်… ဖြစ်လာမည်။ ၎င်း၏ ကံကောင်းသောအ… ကျင့်စရိုက် ဂဏန်း (၈) က အခက်အခဲ… များ မမျှော်လင့်ဘဲ အဖြေတွေ့ရမည်။ သူမအနေဖြင့် သူမ၏လှပသောအာ… (၆) ပါးနှင့် ပတ်သက်သော ထိုးထွင်းသိ… မြင်မှုတွေကို လေ့ကျင့်ပါက ၎င်းအခက်… အခဲများက မလွှမ်းသွားမည်မဟုတ်ပါ။

**ဘောဟုတ် (BobHope) ၏ ဂဏန်းဗေဒင်ဇာတာအဟော**

**(Sample Numeroscope of Bob Hope)**

ဘောဟုတ်၏မွေးနာမည်အပြည့်… အစုံမှာ (Lesile Townes Hope) လ…





www.burmeseclassic.com

www.burmeseclassic.com

1
10 + 11 + 11
19 11
5 95 6 5 6 5 = (22+10) (ဝိညာဏ်ဂဏန်း)
5
LESLIE TOWNES HOPE
3 13 2 55 1 8 7
7 13 15
7 4 6 = 8 (ကိုယ်ရည်ကိုယ်သွေးဂဏန်း)
8 + 6 + 8 = 22 (ကံကြမ္မာဂဏန်း)

6 11 = (11+6) (ဝိညာဉ်တွန်းအားဂဏန်း)
6 6 5 8
BOB HOPE
2 2 8 7
4 6 = 10 (ကိုယ်ရည်ကိုယ်သွေးဂဏန်း)
10 + 8 =18 = 9 (လက်ရှိလက်မှတ်)
7 + 4 = 11 (ယခုထိုးမြဲလက်မှတ်)
မွေးရက် မေ ၂၉ ၁၉၃၀ = ၁၁ + ၉, ၁၁ (ဘဝလမ်းကြောင်းဂဏန်း)
မွေးရက် = ၂၉
ဘဝပန်းတိုင်ဂဏန်း၊ ကံကြမ္မာဂဏန်း + ဘဝလမ်းကြောင်းဂဏန်း
(၂၂+ ၁၁) = ၆




ဘော့ဟုတ်ဖြစ်ပြီး မွေးသက္ကရာဇ်မှာ ၁၉၀၃ ခုနှစ်၊ မေလ ၂၉ ရက်ဖြစ်ပြီး တွက်ချက်သောကာလမှာ ၁၉၇၁၊ ဇွန် ၂ ရက် ဖြစ်သည်။

| | | |
|---|---|---|
| LESLIE | TOWNES | H OPE |
| 351395 | 2 6 55 5 1 | 8 6 7 5 |

၃၆ မှ ၄၅ = ၄
၄၆ မှဆက်၍ = ၉

ဘဝမှတ်တိုင် ၁ မှ ၂၅ = ၇
၂၆ မှ ၃၅ = ၆

ရုပ်ပိုင်းလွှာ (၆) နှင့် စိတ်ပိုင်း (၅)
နာမ်ပိုင်း = (၁၊ ၈)= ၃
ရုပ်ပိုင်း = (၄၊ ၅)= ၆
စိတ်ပိုင်း = (၂၊ ၃၊ ၆)= ၅
ထိုးဖောက်သိမြင်= (၇၊ ၉) = ၂
ကမ္ဘာသဘောတရားသင်ခန်းစာ=၄
ပင်ကိုစွမ်းရည်-၆
၁ ဂဏန်း= ၂
၂ ဂဏန်း= ၁
၃ ဂဏန်း= ၂
၄ ဂဏန်း= ၀
၅ ဂဏန်း= ၆
၆ ဂဏန်း= ၂
၇ ဂဏန်း= ၁
၈ ဂဏန်း= ၁
၉ ဂဏန်း= ၁
ဂဏန်းအသက် ၁၉၇၁= ၉(၆၇+ ၆၈=၄+၅=၉)
သဘောညီမှု = ၂၊ ၄၊ ၈၊ ၁၁၊ ၂၂
အများဆိုင်ရာပြက္ခဒိန်စက်ဝန်း = ၄(နှစ်)
အများဆိုင်ရာပြက္ခဒိန်နှစ် ၁၉၇၁= =၉ အများဆိုင်ရာနေ့= ၈ (ဇွန် ၂၊ ၁၉၇၁)
ကိုယ်ပိုင်နှစ်= ၇
ကိုယ်ပိုင်ရက်= ၆
အမည်စက်ဝန်း= ၁၆= ၇
အကျင့်စရိုက်သော့ချက်= ၅
ဟောပြောချက်= (၂၂၊ ၃၂၊ ၂၀၊ ၂၃)

၎င်းဇာတာကို ၁၉၇၁၊ ဇွန် ၂ ရက်နေ့တွင် တွက်ချက်ပြီး မွေးနေ့ပြီးနောက် တွက်သည့်အတွက် လက်ရှိနှစ်၁၉၇၁နှစ်ကို အသုံးပြုရသည်။

**ဘောဟုတ်အား ပုံစံပြဇယားဖြင့် ဟောခြင်း(Tnterpretation of BoB Hope's Chart)**

ဘောဟုတ်၏ ကံကြမ္မာဂဏန်းသည် မြင့်မားသော အထူးဂဏန်း (၂၂) ဖြစ်သည်။ ၎င်းသည် ပြည်တွင်းမက ပြည်ပမှာအောင်မြင်ရခြင်းကို ဖော်ပြသည်။ စစ်တပ်ကို ဖျော်ဖြေရန် နိုင်ငံခြားတိုင်းပြည်များသို့ ခရီးများစွာ ထွက်ခဲ့သောကြောင့် သူ့ဘဝမှာ သူ၏ ရည်မှန်းချက်များ ပြီးမြောက်ခဲ့သည်။ လူရွှင်တော်ဟာသသရုပ်ဆောင်အဖြစ် ဥရောပ အပါအဝင် ကမ္ဘာတစ်လွှား ဖျော်ဖြေခဲ့သည်။ သူ၏ ကံကြမ္မာဂဏန်း (၂၂) သည် (၈) လုံးနှင့် (၆) တစ်လုံးတို့ ပေါင်းစပ်ထားသည်။ (၈) ဂဏန်းကြီးမားသော စီးပွားရေးလုပ်ငန်း၊ (၆) ဂဏန်းက နိုင်ငံနှင့်အဖွဲ့အစည်းကို ဖော်ပြ၍ ထိုအိမ်ရာမြေရင်းနှီးမြှုပ်နှံမှုကို



www.burmeseclassic.com

www.burmeseclassic.com

ဟန်ပန် (Overtone)

1971
13
1984=22

ပထမအပိုင်းကာလ
(မေလ ၂၉ မှ စက်တင်ဘာလ ၂၉)

1971
68
2039= 32

ဒုတိယအပိုင်းကာလ
(စက်တင်ဘာ ၂၉ မှ ဇန်နဝါရီ ၂၉)

1971
11
1982=20

တတိယအပိုင်းကာလ
(ဇန်နဝါရီ ၂၉ မှ မေ ၂၉)

1971
5
1976=23

ဟန်ပန် (Overtone)= 22 ပထမပိုင်း = 32 ဒုတိယပိုင်းက = 20 တတိယပိုင်းက = 23

(၆) ဂဏန်းက ဖော်ပြ၍ (၈) ဂဏန်း ကြီးမားသော စီးပွားရေးစီမံချက်ကို ဖော်ပြသည်။ ကြိုတင်တွေ့မြင် (၈) ကြောင့် ဒေါ်လာသန်းနှင့်ချီ၍ပိုင်ဆိုင်သူ ဖြစ်သည်။ ၎င်းဝိညာဉ်တွန်းအားဂဏန်း သည် ၂၂+၁၊ ချုံးဂဏန်း (၅)၊ အထူး ဂဏန်း (၂၂) စုစုပေါင်းဂဏန်းထဲပါ ရှိသဖြင့် ၎င်းသည် သူ၏လျှို့ဝှက်သော ဆန္ဒကြောင့် တစ်ကမ္ဘာလုံး ထူးထူးဆန်း ဆန်းဖြင့် လူသိများခဲ့သည်။ တီထွင်လို သောစိတ်ရှိသူ ဖြစ်သည်။ (၅) ဂဏန်း သည် အသစ်အဆန်းမှန်သမျှ (၅) အ ပြောင်းအလဲ (၅) နှင့် ခရီးသွားခြင်း (၅) ကို စိတ်ဝင်စားသည်။ သူသည် ဘော ဟုတ် အနားမယူနိုင်။ အတည်တကျ အေးအေးဆေးဆေးမနေနိုင်ပါ။

ဘောဟုတ်၏ကိုယ်ရည်ကိုယ်သွေး ဂဏန်းမှာ (၈) ဂဏန်းဖြစ်၍ ဖျော်ဖြေ ရေးသမား၊ ထူးချွန်သော စီးပွားရေး သမား (၈) ဖြစ်သကဲ့သို့ စည်းစနစ်ကျ အစီအစဉ်ကျနသူ ဖြစ်သည်။ သူသည် ဝေဖန်သုံးသပ်သောစိတ် (၇)၊ လက်တွေ့ ကျကျလုပ်တတ်သော (၄)၊ အမည်သည် အကြောင်းကြောင်းကြောင့် အလုပ်ကို ချစ်တတ်သည် (၆)။ သူသည် ထိုးမြဲ လက်မှတ် (၈-၁၀-၉) စီးပွားရေးလုပ်ငန်း (၃) ခု။ ၎င်း (၃) ခုစလုံး အောင်မြင် သည်။ ဟာသသရုပ်ဆောင်လူရွှင်တော် နှင့် အခြားဧည့်ခံဖျော်ဖြေရေးလုပ်ငန်း မအောင်မြင်ပါကလည်း ငွေကြေးရေး အနေဖြင့် စီးပွားရေးလုပ်ငန်းအနေဖြင့် အောင်မြင်မှုရသည်။ သူ၏ထိုးမြဲလက် မှတ်အသစ်သည် ဝိညာဉ်တွန်းအား ဂဏန်း (၁၁-၆) ချုံးဂဏန်း (၈) ဖြစ် သည်။ ကိုယ်ရည်ကိုယ်သွေးဂဏန်း (၁၀) သည် ထူးချွန်သောခေါင်းဆောင် ဖြစ်စေပြီး စုပေါင်းဂဏန်း (၉) ဒုက္ခ ရောက်သူအား ကူညီထောက်ပံ့ပေးမှု (၉) ကို ဖော်ပြသည်။ အဖွဲ့အစည်းများ ကိုငွေကြေးထောက်ပံ့မှုများပေးခဲ့သည်

ဘောဟုတ်၏ မွေးသက္ကရာဇ် ၁၉၀၃၊ မေ ၂၉ ရက်သည် ဘဝလ ကြောင်းဂဏန်း (၁၁-၉=၁၁) ဖြစ်သည် ၎င်းဂဏန်းသည် မျှော်လင့်ချက်များ ပေးခဲ့သည်။ သူ၏ တီထွင်မှုများဖြင့် မြင့်ပေါ်မှာ သရုပ်ဆောင် (၁၁) နိုင် စိတ်ကူးစိတ်သန်းဖြင့် လှုံ့ဆော်မှု (၁ ဖြင့် လူအများကို ဧည့်ခံဖျော်ဖြေ (၉ နိုင်ခဲ့သည်။ သူ၏မွေးရက်သည် အ ဂဏန်း (၂+၉) (၁၁) ရသည်။ ပ စွမ်းရည်အားကောင်း၍ သူ၏ဆော ရွက်ချက်များပြီးမြောက်သည်။ အ အားရှိသောမွေးရက်က ကြီးပွားခ သာမှုကို သက်သေပြပြီးခဲ့သည်။ အ အစားနှင့် ပျော်ရွှင်မှုနှင့်များပတ်သက် အစွန်းတစ်ဖက်ရောက်သူ ဖြစ်သည် အားကောင်းသောအထူးဂဏန်းကြေ ကိုယ်ပိုင်လမ်းဖြင့် လျှောက်လှမ်းသ အခြားသူများကို ကူညီထောက်ပံ့မှုမ ပေးခဲ့သည်။ အချို့သောသူများ၏ ရက်များသည် ကိုယ့်အိပ်မက်ကို စွဲလ ၍မက်ပြီး အခြားသူကို ဂရုစိုက်လေ့

သူ၏ ဘဝပန်းတိုင်ဂဏန်းက ဖြစ်ပြီး ၎င်းဂဏန်း (၆) တွင် ကံကြ ဂဏန်း (၂၂) နှင့် ဘဝလမ်းကြော ဂဏန်း (၁၁) ကို ပေါင်းထားခြင်း သည်။ ၎င်းဘဝပန်းတိုင်ဂဏန်းက သားအကျိုးအတွက် ကြိုးပမ်းအားထု လေ့ရှိသောဂဏန်း ဖြစ်သည်။ မေ တရား၊ အကာအကွယ်၊ ငွေကြေးအ ဖြင့် ပြန်လည်အကျိုးပြုခဲ့သည်။ အ ကောင်းကျိုးအတွက် ဆောင်ရွက်ရန် မှာ တာဝန်များစွာ ရှိသည်။

၁၉၇၁၊ မေ ၂၉ ရက်မှာ ဘော ဟုတ် အသက် (၆၈) နှစ်ရှိပြီ ဖြစ်သည်





www.burmeseclassic.com

www.burmeseclassic.com

စတုတ္ထမြောက် နောက်ဆုံးဘဝမှတ်တိုင် ဂဏန်းက (၉) ဖြစ်သည်။ ဘဝမှတ်တိုင် ဂဏန်း(၉)သည် စိတ်ပျက်စရာကောင်း သလို ၎င်း၏တန်ဖိုးကို နားလည်ခဲ့လျှင် အကျိုးရှိပါသည်။ ပတ်ဝန်းကျင်ကို အကူ အညီပေးတတ်သောကြောင့် ဘောဟုတ် အနေဖြင့် ကျေနပ်စွာ ကောင်းမွန်သော ဘဝမှတ်တိုင်ကို ဤကာလမှာ တွေ့ရှိ သည်။

ဘဝသတိပေးဂဏန်း (၁) ဖြစ်ပြီး ၎င်းဘဝသတိပေးဂဏန်း (၁) သည် မိမိ ခြေထောက်ပေါ် ရပ်တည်မှုဖြင့် ခေါင်း ဆောင်တစ်ဦးဖြစ်လာသည်။ ငယ်ရွယ် စဉ်က မိသားစုထံမှ ဆန့်ကျင်ဘက်အ တွေ့အကြုံများရခဲ့သည်။ လွတ်လပ်စွာ စွန့်စားလုပ်ဆောင်နိုင်ခြင်းကြောင့် ဘဝ တစ်လျှောက် တွေ့ခဲ့ရသော စိန်ခေါ်မှု များကို ကျော်ဖြတ်နိုင်ခဲ့သည်။

ဘောဟုတ်၏ ရုပ်ပိုင်းလွှာဂဏန်း က (၆) နှင့် စိတ်ပိုင်းဆိုင်ရာဂဏန်း (၅) ဖြစ်သည်။ လက်တွေ့ကျကျ အပင်ပန်း ခံဆောင်ရွက်ခဲ့သည်။ သို့ရာတွင် ဆုံး ဖြတ်ပိုင်နိုင်မှုက အထောက်အကူပြု သည်။

ဘောဟုတ်၏ကမ္ဘသဘောတရား ဂဏန်းသည် (၄) ဖြစ်သည်။ ယခင်ဘဝ က အလုပ်ပင်ပင်ပန်းပန်းလုပ်ရခြင်းမှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သည်။ ယခု ဘဝမှာ လွတ်မြောက်ခဲ့ပြီး ဖြစ်သည်။ အခြားသူများအတွက် ဖျော်ဖြေမှုများကို အနုပညာပန်းကို လုပ်ဆောင်ခဲ့သည်။ ၎င်း ၏ (၆) ငါးလုံးရခြင်းသည် ၎င်းကဲ့သို့ (၆) ငါးလုံးရခြင်းသည် စွယ်စုံရပြီး အရွယ်အားဖြင့်နုပျိုပြီး စိတ်ဓာတ်အား ထက်ကြွသည်။ ရုပ်ပိုင်းဂဏန်းက (၅) ဖြစ်ပြီး လူတော်တော်များများ (၅) ဂဏန်းပါလေ့ရှိသည်။ စုစုပေါင်းဂဏန်း (၂) နုတ်ခြင်းဖြင့် စစ်မှန်သော ဟာ(?)ဏ်ရသည်။ သို့ရာတွင် (၄) က ကောင်းသောအရေးအတွက် ဖြစ်သည်။

၁၉၇၁ ခုနှစ်မှာ အသက်ဂဏန်း (၉) ဖြစ်ပြီး ယခုနှစ်မှာ အသက် (၆၅) နှစ်က (၄) အသက် (၆၈) နှစ် (၅) ဂဏန်းရသည်။ အသက်နှစ် (၉) ဂဏန်းသည် အဟောင်းစွန့်ပစ်ပြီး လာ မည့်နှစ်အတွက် အသစ်ရှာဖွေရမည့်နှစ် ဖြစ်သည်။ ကိုယ်ပိုင်နှစ် (၉) ဂဏန်းနှင့် အသက်နှစ် (၉) ဂဏန်းရသောနှစ်များ မကြာခဏလာရှိသောနှစ်များမဟုတ်သ ဖြင့် ထိုသည့်အသစ်မှ စလုပ်ရန်မသင့်

မွေးရက်သည် (၂၄) ရက် အတို ချုံးဂဏန်း (၁၁) ရှိသည်။ သူသည် မိမိ ရာသီအပိုင်းဖြစ်၍ စီးပွားရေးနှင့်ပတ် သက်လျှင် ၂၊ ၄၊ ၈၊ ၁၁နှင့် ၂၂ ဖြစ် သည်။ ဘောဟုတ်၏ ပြက္ခဒိန်စက်ဝန်း သည် ကျန်သောအသက်ပိုင်းမွေးနှစ် အတိုချုံးဂဏန်း (၄) နှင့် တူသည်။ ဆိုလို သည့်အဓိပ္ပာယ်က အလုပ်ကိုအမြဲကြိုး စားလုပ်မှ ပျော်ရွှင်ပြီး အလုပ်များမည် ဟု ဆိုလိုရင်း ဖြစ်သည်။

ပြက္ခဒိန်နှစ်သည် (၉) ရ၍ အရာ ရာနိဂုံးချုပ်ရမည့်နှစ် ဖြစ်သည်။ ပြက္ခ ဒိန်နှစ် (၁၉၇၁၊ ဇွန် ၂) သည် စုပေါင်း ဂဏန်း (၈) ရသည်။ ၎င်းဂဏန်းသည် အလုပ်ဆက်လက်ဆောင်ရွက်ရန်နှင့် အ မှုဆောင်ကောင်းအနေနှင့် တာဝန်ဝတ္တ ရားကို ဆောင်ရွက်မည်ဖြစ်သည်။

ကိုယ်ပိုင်နှစ်က ၁၉၇၁ မှာ (၇) ရသည်။ ၎င်းကို လနှင့်မွေးရက် (၁၉၇၁ မေ ၂၉) အတွက် စုပေါင်းဂဏန်း ဖြစ် သည်။

ကိုယ်ပိုင်နှစ်က (၆) ဖြစ်သည်။ လက်ရှိနှစ်ဖြစ်သော (ဇွန်၊ ၆ နှင့် ရက် ၃ ကို ကိုယ်ပိုင်နှစ် ၇)။ (၆+၂+၇=၆) ပေါင်းခြင်းရသည်။ ၎င်းနှစ်သည် လေ့ လာသုတေသနပြုရန် နှစ်ကောင်းဖြစ် သည်။ ဖျော်ဖြေခြင်း၊ ခရီးသွားခြင်း အတွက် မသင့်ပါ။ ကိုယ်ပိုင်နှစ် (၆) ပစ္စည်းများရောင်းရန်၊ ဝယ်ရန်ကောင်း သောနှစ် ဖြစ်သည်။

နာမည်စုစုပေါင်း စာ (၁၆) လုံးရှိ သည်။ အတိုချုံးက (၇) ဂဏန်းဖြစ် သည်။ (၇) နှစ်တစ်ကြိမ် သာမန်အရေး ကြီးသောကိစ္စများဖြစ်တတ်ပြီး (၁၆) နှစ် တစ်ကြိမ် ထူးခြားသော အဖြစ်အပျက် များဖြစ်တတ်သည်။

အကျင့်စရိုက်ဂဏန်း (၆)ရသော ကြောင့် သူသည် မနားမနေလုပ်တတ် ပြီး ပြောင်းလဲမှုအမြဲလုပ်တတ်သူ ဖြစ် သည်။ ခရီးများများထွက်တတ်သည်။ ကာမဂုဏ်ကိစ္စမှာ ထက်သန်သူလည်း ဖြစ်သည်။

**ဟောပြောခြင်း**

**(Prediction)**

ဘောဟုတ်၏ ဟန်ပန် (Over tone) သည် (၂၂) ဖြစ်ပြီး (၂၂) ဂဏန်း က ဘာကိုဆုံးဖြတ်ရမှန်းမသိဘဲဖြစ်ပြီး လွယ်လွယ်နှင့် မှားလုပ်တတ်သည်။ (၂၂) ဂဏန်းသည် အလိမ်အညာခံရ သောဂဏန်းဖြစ်သည်။ ၎င်းဂဏန်းရက ကိုယ်ပိုင်ဆုံးဖြတ်ရန် မကောင်းပါ။ ပြောင်းရွှေ့ခြင်း၊ ဆောင်ရွက်ခြင်း မဆုံး ဖြတ်သင့်ပါ။

ဤနှစ်၏ပထမပိုင်းကာလ ၁၉၇၁၊ မေ ၂၉ မှ စက်တင်ဘာလ ၂၉ သည် အကြံအစည်များ လွယ်လွယ်ကူကူ ပျက် စီးနိုင်သည်။ (၂၂) ဂဏန်းသည် အာရုံ တင်းကျပ်ပြီး စိတ်ဖိစီးမှုကိုခံရသော ဂဏန်း ဖြစ်သည်။ ဤကာလသည် မှန် ကန်သော ဆုံးဖြတ်ချက်အပေါ် မူတည် သည်။ ကျန်းမာရေးညံ့သည့်အတွက် အထူးကုဆရာဝန်များထံမှ အကြံဉာဏ် ယူသင့်သည်။ ဒုတိယအပိုင်း စက်တင် ဘာ ၂၉ မှ၊ ဇန်နဝါရီလ ၂၉ အထိ ကာလသည် ကောင်းသောကာလဖြစ်ပြီး အောင်မြင်မှုများ ရနိုင်သည်။ (၂၀) ဂဏန်းသည် ကောင်းပြီး (၂၂) ဂဏန်း က ပြဿနာများကြုံရသော ဂဏန်း ဖြစ်သည်။ လမ်းညွှန်ချက်များသည် ကောင်းတတ်သလို အခြေအနေမပေး တတ်ပါ။

တတိယပိုင်းကာမှာ (၂၃) ဖြစ်ပြီး ၁၉၇၂၊ ဇန်နဝါရီ ၂၉ မှ မေ ၂၉ အထိ ဖြစ်ပြီး (၁) ဖြစ်ပြီး ဆုံးဖြတ်ချက်ချ၍ ကောင်းသောကာလ ဖြစ်သည်။ ကျန်း မာရေးကိုပင်ညွှန်းရမည်။ ကျန်းမာရေး ဂရုစိုက်သင့်သောကာလ ဖြစ်သည်။ ဤ ကာလသည် ခရီးသွားခြင်း သို့မဟုတ် ဥပဒေရေးရာကိစ္စများနှင့် ဆက်နွှယ်နေ တတ်သည်။ ထူးဆန်းသော အပြောင်း အလဲများဖြစ်သည်။ ယခုကာလတွင် ကမ္ဘာအနှံ့ နိုင်ငံများစွာသို့ ခရီးသွားနိုင် သည်။ အောင်မြင်မှုနှင့် ကာကွယ်မှုများ ရနိုင်သော်လည်း ကျန်းမာရေးက မကောင်းသည့်အခြေအနေမှာရှိသည်။

ဂဏန်းဗေဒင်နှင့် ပတ်သက်၍ ရှင်းပြခဲ့ပြီးပါပြီ။ မိမိအမည်ကို လက်တွေ့ အသုံးချနိုင်သည်။ ဤသို့ပိုင်းကာလကို တွေ့နိုင်သည်။ အလွန်တာဝန်ကြီးသည်။ ဆန္ဒပြည့်ဝအောင်မြင်ရန်လုပ်သင့်သော အရာ၊ နားလည်ရန်ကိုယ်ပိုင်ဇယားလုပ် ဆောင်သင့်သည်။ အထူးဂဏန်းရပါက ဖြစ်နိုင်သည်။ သို့မဟုတ် အထူးကြိုးစား မှ ဖြစ်နိုင်သည်။

ဤစာအုပ်ကို ဂဏန်းဗေဒင်နှင့် ပတ်သက်၍ နားလည်ပြီး လက်တွေ့ အ သုံးချနိုင်ရန် ရေးပြီးပါပြီ။ ဘဝမှာ စိတ် လှုပ်ရှားဖွယ်ရာကို သတ္တိရှိရှိ ရင်ဆိုင်နိုင် ကြပါစေ။

[ပြီးပါပြီ]

ဆရာဒေသမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# လင်းလက်ကြယ်

## လွမ်းဆွတ်ဖွယ် ငယ်ဘဝ

ရွာလယ်က ညောင်ပင်ကြီးမှာ သက်တမ်း (၁၀၀) နီးပါးရှိပြီဖြစ်ကြောင်း အဘိုးဦးဘသင် ပြောပြ၍ သိရသည်။

"ဒီလိုကွယ့် ငါ့မြေးရဲ့၊ အဘိုးကိုယ်တိုင်စိုက်ခဲ့တာ။ အဘိုး (၁၀) နှစ်သားလောက်က စိုက်ခဲ့တာ။ ခုဆိုရင် အဘိုးအသက် (၁၀၀) ပြည့်တော့မယ်။ ထူးထူးခြားခြားပဲ။ အဘိုး အသက် (၁၀) ပြည့်တဲ့နှစ်မှာ ညောင်ကိုင်းတစ်ကိုင်းကျိုးလို့ တို့ရွာထဲက မိပန်းညိုဆိုတဲ့ မိန်းကလေးတစ်ဦးဆုံးဖူးတယ်။ လယ်တဲက အပြန်မှာ ညောင်ပင်အောက်မှာဝင်နားရင်း အမှတ်တမဲ့ အိပ်ပျော်နေတုန်း ညောင်ကိုင်းပိပြီး ဖြစ်ရတာ"

"အသက်ကဘယ်လောက်ရှိပြီလဲ အဘိုး"

"မိန်းကလေးရဲ့ အသက်က အလွန်ဆုံးရှိလှ အသက် (၂၀) ပေါ့ကွာ"

အဘိုးမျက်နှာညှိုးသွားသည်ကို သန်းဦး ရိပ်စားမိသည်။ အဘိုးမျက်ဝန်းထဲမှ မျက်ရည်ကြည်တစ်ပေါက်လိမ့်ဆင်းလာသည်ကို သန်းဦး လှစ်ခနဲ မြင်လိုက်ရသည်။

"ပြန်လာတာတော့ အဘိုးနဲ့အတူတူပေါ့ကွာ၊ ဒါပေမယ့် ရွာထဲကို အတူတူဝင်လာလို့ မဖြစ်တာနဲ့ သူက ညောင်အောက်မှာနေရစ်ခဲ့တာ။ အဘိုးအိမ်ပြန်ရောက်ပြီး သိပ်မကြာဘူး၊ ဒီသတင်းကို ကြားရတာပဲ"

"အဘိုး၊ အဲဒီမိပန်းညိုဆို[illegible] ကလေးနဲ့ ရွာထဲကို ဘာလို့အတူ[illegible] ဖြစ်တာလဲဟင်"

"အဘိုးမပြောပါရစေနဲ့[illegible] ငါ့မြေး ရယ်။ ခုထိ အဘိုးရင်ထဲမှာ ဆွေး တမြေ့မြေ့ဖြစ်ရတုန်းပါ"

သန်းဦး [illegible]။ ဘာ ဖြစ်လို့ ရွာထဲကို အတူ[illegible]ဝင်မဖြစ် တာလဲ။ အဘိုး[illegible] များပတ်သက်[illegible] ပဟေဠိဖြစ်[illegible]။ မလား စဉ်း[illegible] သည်။ အရွ[illegible]

"[illegible]ပြောပြမှာပါလား [illegible] [illegible]သိချင်လို့ပါ"

[illegible]ထူးခြားတာကို [illegible] [illegible]။ အဘိုး[illegible]သက် (၄၀) [illegible] နှစ်မှာ [illegible]ညီရဲ့မမ မိ[illegible] လည်း [illegible]ပင်အောက်[illegible] ညောင်[illegible]လို့ဆုံးရမြန်[illegible]

"[illegible] ဘယ်လိုဖြ[illegible] ညောင် ကိုင်းပိရတာလဲ အဘိုး"

"သူက နားလေးတယ် ငါ့မြေး[illegible] အဲဒီညောင်ကိုင်းက ဆွေးနေတာ[illegible] တက်ခုတ်နေတဲ့သူက အော်ပြီးသတိ[illegible] သား။ သူက [illegible]ကောင်းမ[illegible] တော့ ညောင်ပင်[illegible]ကို အရော[illegible] ကိုင်းကလည်း [illegible] တိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



...တယ်။ ညီမနှစ်
...တူတယ်"
...တွေမျှ နားလိုက်
...မြင်နေဟန်တူ
...တက် ရှိစေနေ
...ဖြစ်နေပုံရသည်။
...ဟောင်သန်းနေသည်။

ညောင်ပင်ကြီးကတော့ ခုထိ အထင်ကရရှိနေတုန်းပင်။ သန်းဦးတို့ သူငယ်ချင်းတစ်သိုက် ညောင်ပင်ကြီး အောက်မှာ ညောင်သီးတွေကောက်ရင်း ဆော့ကစားနေကြဆဲပင်။

တစ်ခါကများ သန်းဦးရယ်၊ ကျော်နီတင်ထွတ်၊ သောင်းမြင့်၊ ဆန်နီ၊ တင်ကြည်၊ မောင်မောင်မြ၊ ခင်မောင် မောင်၊ အောင်စိုး၊ မြတ်ကျွန်း၊ အနီလေး

www.burmeseclassic.com

www.burmeseclassic.com

တို့တွေ ညနေဘက် ဆော့နေရင်းနှင့် တင်ထွတ်တစ်ယောက် ရုတ်တရက် မှောက်ရက်လဲသည်။ ဘယ်ဘယ်လက် ကောက်ဝတ်ကျိုးသွားသည်။ လူကြီးတွေကတော့ ညောင်ပင်စောင့်ရုက္ခစိုးနတ် ကိုင်တာဟု ယိုးစွတ်ကြသည်။ ဘာပဲဖြစ်ဖြစ် သန်းဦးတို့သူငယ်ချင်းတွေ ညောင်ပင်အောက်မှာ မဆော့ရတော့။ ဆော့ခွင့်ပါမစ်ပိတ်လိုက်သည်။ ပိတ်လိုက်သူက ဘကြီးဦးဘိုးဝန်ပင်။ ဘကြီးကို အားလုံးကြောက်ကြရသည်။

သန်းဦးက ငယ်စဉ်ဖြစ်ရပ်တွေကို ပြန်တွေးမိနေသည်။

"အဘိုး ခုနပြောတဲ့ မိပန်းညိုရဲ့ အကြောင်း ပြန်ပြောဦးလေ"

"ငါ့မြေးက ဒီလောက်သိချင်နေမှတော့ အဘိုးပြောပြရမှာပေါ့"

❒

အဖျောက်ရွာ။

ဧရာဝတီမြစ်လက်တက်ကို မေးတင်ထားသည်။ အိမ်ခြေ (၁၅၀၀) ခန့်ရှိ ရွာကြီးဖြစ်သည်။ ပတ်ဝန်းကျင်တွင် ရွာငယ်များ ဝန်းရံထားသည်။ အောက်ဘက်တွင် ပန်းတုံးပိတ်၊ အေးရွာ၊ အုန်းပင်ကွင်း စသည့်ရွာများ၊ အထက်ဘက်တွင် အမြင့်ချောင်း၊ ငါးလာချောင်း။ အရှေ့ဘက်တွင် မိုးကလား၊ သဲဖြူ လက်ထုတ်ကုန်း၊ လဟာဇောင်း စသည့် ရွာများ။ ယင်းရွာများက အဖျောက်ရွာကြီးကို အမှီသဟဲပြုနေရသည်။ အရှေ့ဘက်ကမ်းတွင်လည်း ရေပေါ်သောင်၊ မအူကုံ၊ အလယ်ကင်းရွာများက လူတို့၏ စားသုံးစားနံ့များကို အထောက်အကူပြုနေကြသည်။

အဖျောက်ရွာတွင် ဦးအောင်မင်း၊ ဒေါ်အေးတို့မှ သားမောင်ဘသင်၊ သမီး မမြရင်၊ မမြခင်၊ မခင်ပု၊ မခင်စုတို့ မွေးချင်း ငါးယောက် မွေးခဲ့သည်။ သားယောကျ်ားလေး တစ်ယောက်တည်းမို့ ချစ်ကြသည်။ မွေးချင်းတွေလည်း အရွယ်ရောက်တော့ တစ်နေရာစီ ဖြစ်ကုန်ကြသည်။ မမြင်ရင်က ဝါးခယ်မ တစ်ဖက်ကမ်း ဆတ်ထူရွာမှ ဦးစံထိုက်နှင့် အိမ်ထောင်ကျသည်။ သားသမီးတွေ ကြီးကုန်သည်အထိ ဆတ်ထူမှာပဲ ခေါင်းချသည်။

မခင်ပုကလည်း ရုံးချောင်းရွာသားနှင့် အိမ်ထောင်ကျသည်။ မခင်စုကလည်း နှဲကြီးရွာဇာတိ ဦးမောင်ရွှင်နှင့် အိမ်ထောင်ပြုပြီး အဖျောက်မှာပဲ နေသည်။ မောင်ဘသင်မှာ ငယ်စဉ်ကပင် သျှောင်တစောင်းနှင့် ခုံညားသည့်သွင်ပြင်ရှိ၏။ မမြင်ခင်ကတော့ အပျိုကြီးဖြစ်ပြီး မခင်စုတို့နှင့် အတူနေပြီး ချက်ရေးပြုတ်ရေးတာဝန်ယူသည်။

လူငယ်တို့သဘာဝ မိပန်းညိုနှင့် မောင်ဘသင်တို့ မျက်စိချင်းစကားပြောကြသည်။ လယ်ချင်းကလည်းကပ်လျက်မို့ မိပန်းညိုနှင့် လယ်ထဲသွားရင်း တရင်းတနှီးရှိကြသည်။ ဒါကို မိပန်းညိုမိဘများက မျက်စိဒေါက်ထောက်ကြည့်ကြသည်။ မိပန်းညိုကို တည့်တည့်မပြော၊ သွယ်ဝိုက်ကာ စကားဆိုကြသည်။

"သမီး မိပန်းညို၊ လယ်ထဲသွားရင်၊ ပြန်ရင်လေ ဦးကြီးချစ်မွေးတို့နဲ့ အတူသွား၊ အတူပြန်ပေါ့"

သည်လိုပြောတော့ မိပန်းညိုက အကင်းပါးသည်။

"အဖေကလည်း သမီးနဲ့ကိုဘသင်တို့က (၇) တန်းအထိ အတူတူကျောင်းနေလာကြတဲ့သူတွေပါ။ မောင်နှမလိုခင်မင်နေကြတဲ့သူမို့ သမီးအတွက် ပိုလို့တောင် စိတ်ချရသေးတယ်။ တစ်လောက ကိုဘာသာဆိုတဲ့လူက သမီးကို လိုက်စကားပြောတာတောင် ကိုဘသင်ပါလို့ပေါ့"

သမီးလုပ်သူက ဘယ်လိုပြောပြော မောင်ဘသင်နှင့် မနီးစပ်စေချင်သည်မှာ အမှန်။ ဒါကြောင့်လည်း -

"ဘာပဲဖြစ်ဖြစ် သမီးရယ်၊ မဖြစ်သင့်တာမဖြစ်အောင် အဖေတို့က သတိပေးတာပါ"

ဟု ပြောသည်။

"ဟုတ်ကဲ့ပါအဖေ၊ သမီးအတွက် စိတ်ချပါ။ သမီးအသက်လည်း (၁၉) နှစ်ပြည့်လို့ (၂၀) ထဲရောက်နေပါပြီ"

မိပန်းညိုကလည်း မောင်ဘသင်နှင့်တွေ့တဲ့အခါ ဖြစ်ကြောင်းကုန်စင် ပြောပြသည်။

"အေးပါ မိပန်းညို၊ ငါလည်းနားလည်ပါတယ်။ မိဘ ဆိုတာ သားသမီးပေါ်မှာ စေတနာထားကြတာချည်းပါပဲ။ သတိထားပြီးနေကြရမှာပေါ့။ ဒါထက် ငါ ညကအိပ်မက်မက်တယ် မိပန်းညို"

"ဘာတွေမက်လဲ ပြောပါဦး"

အိပ်မက်အကြောင်း ပြောရကောင်းနိုး၊ မကောင်းနိုး ဒွိဟဖြစ်လို့နေသည်။

"ပြောပါ ကိုဘသင်ရဲ့"

"ဒီလိုပါ၊ တို့နှစ်ယောက်အတူတူ လယ်ထဲသွားကြတယ်။ လယ်ထဲရောက်လို့ မကြာခင်မှာပဲ မိုးတွေရွာချတယ်၊ သဲသဲမဲမဲကိုရွာတာ။ လျှပ်တွေကလည်း လက်၊ မိုးကြိုးတွေကလည်းပစ်လိုက်တာ တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက်ဖက်ထားကြတာ။ နောက် မိုးကြိုးတစ်ချက်ပစ်လိုက်တာ ကိုယ်တို့နှစ်ယောက်စလုံးကို လာထိရော။ နှစ်ယောက်လုံးသတိမေ့သွားပြီး ကိုယ်လန့်နိုးတော့တာ"

"အိပ်မက်ဆိုတာသွေးလေချောက်ချားပြီး မက်တတ်တာမျိုးပါ။ ဘယ်လိုမှ စိတ်ထဲမထားပါနဲ့တော့နော်"

❒

"ငါ့မြေးသိချင်တဲ့ မိပန်းညိုနဲ့ အဘိုးတို့ရဲ့ဇာတ်လမ်းက ဒီမှာတင် အဆုံးသတ်တာပဲ။ အဲဒီအိပ်မက်မက်ပြီး တစ်ပတ်အကြာမှာ မိပန်းညိုလည်း ညောင်ကိုင်းပိပြီးဆုံးတော့တာ"

"စိတ်မကောင်းစရာဘဲ အဘိုးရယ်"

"အဲဒီမှာတင် အဘိုးလည်း မိဘတွေပေးစားတဲ့ ဒေါ်လိပ်ကလေးနဲ့ အိမ်ထောင်ပြုလိုက်ရတာပဲ"

အဘိုး ဦးဘသင်မှာ သားသမီး သုံးယောက်ရှိသည်။ သားတစ်ယောက်က ကိုခွေးသိုးတဲ့။ နောက်သားတစ်ယောက်က ကိုမြင့်မောင် (ခ) ကိုရေပေါ်။ သမီးကြီးက ဒေါ်စန်းလှိုင်တဲ့။ အဘိုး ဦးဘသင်တို့မိသားစုမှာ ညီမ မမြခင်က အပျိုကြီး။ ဦးဘသင်ရဲ့ညီမ မမြရင်က မွေးတဲ့သားသမီးတွေထဲမှာ မကျင်ခဆိုသူကလည်း အပျိုကြီးပဲ။ ညီမ ဒေါ်ခင်ပု မွေးတဲ့သားချင်းထဲမှာလည်း မအေးသန်း ဆိုသူက အပျိုကြီးပဲ။ တစ်နယ်တစ်ကျေးမှာဆိုတော့ ညီအစ်ကိုမောင်နှမတွေ မြင်မဆုံဖြစ်ကြ။

သည်လိုနှင့် အဘိုးဦးဘသင်လည်း သက် (၁၀၀) ပြည့်နှစ်မှာပဲ ကွယ်လွန်သွားရှာသည်။ အဘိုးစိုက်ခဲ့သည့် ညောင်ပင်ကြီးမှာတော့ သက်တမ်း[illegible] ပြီ။

မှတ်မှတ်ရရ အဘိုးဆုံးတဲ့နေ့[illegible] ညောင်ကိုင်းပိလို့ ကလေးတစ်ယောက် ဆုံးခဲ့ရပြန်သည်။ အဖြစ်ကလည်း [illegible] တော့ဆန်းသည်။ မိဘတွေက [illegible] သည်။

"သားလေးရေ၊ အဝေးကြီး[illegible] မဆော့နဲ့နော်"

"ဟုတ်ကဲ့ပါ အမေ၊ ဒီနား[illegible] ဆော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com

“ဩော် - ညောင်ပင်ကြီးအောက်ကိုသွားမဆော့နဲ့နော်”

“မဆော့ပါဘူး အမေရဲ့”

အဖော်ကောင်းတော့ ညောင်ပင်အောက်ရောက်ဖြစ်အောင်ရောက်သွားသည်။ တူတူပုန်းတမ်းဆော့ကြသည်။ သူများတွေ ပုန်းတုန်းက ဘာမှမဖြစ်။ သူပုန်းသည့်အလှည့်ကျမှ ဖြစ်ရသည်။ သက်တမ်းရင့်ညောင်ပင်ကိုင်းတစ်ကိုင်းကျိုးကျ၍ ထိုကလေးမှာ ညောင်ကိုင်းပိ၍ဆုံးရသည်။ အဖြစ်ကတိုက်ဆိုင်လွန်းသည်။ အဘိုးဦးဘသင်ဆုံးသည့်နေ့ မှတ်မှတ်ရရပင် ၁၉၇၅ ခုနှစ်၊ မတ်လထဲမှာ ဖြစ်သည်။

သည်ညောင်ပင်ကိုင်းပိ၍ လူကြီးနှစ်ယောက်၊ ကလေးတစ်ယောက် သေဆုံးရသည်။ ညောင်ပင်ကြီးကို အမြစ်ကပြီး ဖြိုလှဲပစ်ဖို့ ကြိုးစားကြသေးသည်။ သို့သော် မအောင်မြင်ပါ။ ရင့်ရော်ပြီးကျိုးမည့်ဆဲဆဲကိုင်းများကိုသာ ရွာသားများက သတိထားပြီး ချိုင်ပစ်ကြသည်။

အကြောင်းက တိုက်ဆိုင်လာသည်။ ထိုညောင်ပင်ကြီးမှာ လမ်းလယ်ကောင်တွင်ဖြစ်နေသည်။ ထိုခေတ်အခါက တာဝန်ရှိသူများက ရွာလမ်းတွေ ချဲ့ကြသည်။ ညောင်ပင်ကြီးကို ကွေ့ပတ်ရှောင်နေရသဖြင့် အန္တရာယ်မကင်းပါ။ ဆိုင်ရာပိုင်ရာများကို ခွင့်ပန်ပြီး အခွင့်ရ၍ အမြစ်ကစပြီး ဖြိုလှဲပစ်ကြသည်၊ တစ်ရွာလုံးက ရင်တထိတ်ထိတ် ဘာများဖြစ်မလဲ နားစွင့်နေကြသည်၊

ဘုန်းတော်ကြီးများကလည်း မဖြိုမီ မေတ္တာသုတ်များ ချီးမြှင့်ကာ ဆုတောင်းမေတ္တာပို့ကြသည်။

“အစစအရာရာ သတိထားကြ... တစ်ခုခုဖြစ်လို့ကတော့ ပြောစမှတ်... နေမယ်”

“ရပါတယ်။ ကျွန်တော်တို့က ဒါမျှ... ခက်ခဲတဲ့အပင်တွေ ချိုင်လာတာ...”

“ဒါက ညောင်ပင်ဖြစ်နေလို့ သတိ...တာပါကွာ။ အန္တရာယ်ကင်းအောင် ... အဘက်ဘက်က ဆောင်ရွက်စီမံ...သားပါ”

“ကျွန်တော်တို့လည်း ညောင်ပင်...ကို စိုးရိမ်တာပါပဲ”

“အေးကွာ၊ ရပ်ကျိုးရွာကျိုးအ... ကောင်းအောင်စီမံတာပဲ။ ဘာမှ... အကောင်းဆုံးပေါ့”

“...တ်ပါတယ်။ ကျွန်တော်တို့ ဂရုစိုက်ပါ့မယ်”

(၇) ရက်မြောက်သည့်နေ့တွင် အောင်မြင်စွာ ဖြိုလှဲနိုင်ခဲ့သည်။ အန္တရာယ်ကင်း ဘေးကင်းပင်။ တစ်ရွာလုံးက ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ညောင်ပင်ကြီး အန္တရာယ်စက်ကွင်းက လွတ်ကင်းခဲ့ကြရပြီ။ လူတွေကတော့ ယခင်ကလိုပင် သည်နေရာရောက်လျှင် ရှောင်ကွင်း၍ စက်ဘီးနင်းနေကြတုန်းပင်။

ဤနေရာတွင် အဘိုးဘသင်၏ မြေးဖြစ်သူ သောင်းမြင့်က တစ်စခန်းထပြန်သည်။ သူက ဆယ်တန်းအောင်ပြီးမှ တပ်ထဲဝင်သည်။ တပ်က ပင်စင်ယူပြီးနောက် ရွာသို့ပြန်လာပြီး သူ့အဘိုးစိုက်ခဲ့သည့် ညောင်ပင်ကြီးကို ဖြိုလှဲပစ်ရကောင်းလားဟု လူကြီးတွေကို ကြိမ်းမောင်းနေသည်။

“ဟကောင်ရ၊ ရပ်ရွာကောင်းဖို့လုပ်တာပဲ။ ခုဆိုရင် လမ်းလည်းအကျယ်ကြီးရှင်းလို့၊ ဘယ်လောက်ကောင်းလဲ”

“မင်းတို့ဘာသိလဲ၊ ဒါအာဏာရှိတယ်ဆိုပြီးလုပ်တာကွ။ ငါမရှိလို့ပေါ့ ငါရှိရင် ဒီလိုလုပ်လို့ဘယ်ရမလဲ”

“သူငယ်ချင်းရယ်၊ ပြီးတာတွေလည်း ပြီးပါပြီ။ မင်းပြောနေလည်း သဲထဲရေသွန်သလိုဖြစ်မှာပဲ”

“အေးပါကွာ၊ ငါလည်း ငါ့အဘိုးစိုက်ခဲ့တဲ့ ညောင်ပင်ကြီးမို့ အမှတ်တရရှိစေချင်လို့ပါ”

“တစ်ခုတော့ရှိတယ်ကွ၊ ဒီညောင်ပင်ကြီးကို မဖြိုလှဲမီက ရွာထိပ်မြောက်ပိုင်းမှာ ညောင်ပင်တစ်ပင်အစားစိုက်ပေးလိုက်တယ်ကွ။ ဒီလိုအပင်ကြီးမျိုးလှဲရင် အပင်တစ်ပင်အစားထိုးစိုက်ပေးရတယ်လို့ လူကြီးသူမတွေပြောတာပဲ”

“အေးလေ၊ ဒါဆိုရင်လည်းပြီးတာပါပဲ။ ဒါနဲ့ ပတ်သက်ပြီး ငါ့အတွေ့အကြုံတစ်ခုကို ပြောပြချင်တယ်”

သန်းဦးတို့သူငယ်ချင်းတစ်သိုက် စိတ်ဝင်စားစွာ နားထောင်ကြသည်။

“ဒီလိုကွ၊ ငါ တပ်ထဲမှာနေတုန်းက ရွာတစ်ရွာမှာ လုံခြုံရေးတာဝန်ကျတာပေါ့ကွာ။ အဲဒီရွာမှာ ကျောင်းတစ်ကျောင်းဆောက်ဖို့အတွက် မြေနေရာရွေးကြရောကွ။ ကျောင်းကလည်း စာသင်ကျောင်းဆိုတော့ နေရာအနည်းဆုံးသုံးဧကလောက်ကျယ်မှ ဖြစ်မှာ။ အဲဒီမှာတင် ပြဿနာကစတော့တာပဲ”

“ဘာပြဿနာလည်းကွ”

“ကျောင်းဆောက်မယ့်မြေနေရာမှာ သက်န်းပင်ကြီးတစ်ပင်ရှိတယ်ကွ။ အဲဒီအပင်ကြီးကို လှဲမှဖြစ်မှာကိုး။ ဒါနဲ့ ထုံးစံအတိုင်း ဆရာတော်သံဃာတော်များက မြေသန့်အောင် ပရိတ်တရားတွေ ရွတ်ကြတယ်။ ရွာထဲက သစ်ပင်ခုတ်ကျွမ်းတဲ့ကိုဖိုးဆိတ်တို့သားအဖတွေက သစ်ပင်ကိုင်းတွေကစပြီးခုတ်ကြရော။ သက်န်းသားဆိုတာ သိပ်ပြီးမာတာမျိုးကွ။ လွှတို့၊ လှည်းတို့လုပ်ရင် သိပ်ကောင်းတဲ့အသားမျိုးတွေ။ လုံးပတ်ကလည်း ငါးပေလောက်ရှိတယ်။ အမြင့်ကတော့ အတောင် (၁၀၀) လောက်ရှိတယ်”

“သူလည်း သက်တမ်း (၁၀၀) လောက်ရှိမှာပေါ့နော်”

“ရှိတာပေါ့ကွ၊ ဒါနဲ့ ကိုင်းတွေချိုင်တဲ့ ကိုဖိုးဆိတ်ရဲ့သားတစ်ယောက်ကိုင်းက ပြန်ရိုက်တာ သစ်ပင်ပေါ်ကကျပြီးသေပါလေရော။ ဒါနဲ့ ကိုဖိုးဆိတ်တို့သားအဖတွေ ဆက်ပြီးမလုပ်ရဲတော့ဘူး”

“ဒါဖြင့် ဒီအတိုင်းဖဲထားလိုက်တယ်ပေါ့”

သန်းဦးတို့သူငယ်ချင်းတွေက ဝိုင်းပြီးမေးကြသည်။

“ဘယ်ဟုတ်မလဲကွ၊ နောက်လူငှားပြီးဆက်ခုတ်ကြတာပေါ့။ ကိုင်းတွေချိုင်ပြီး အပင်ရင်းကို စခုတ်ကြတာပေါ့။ အဲဒီမှာ ရဲတင်းနဲ့ချော်ပြီး ခြေထောက်ကိုခုတ်မိကြပြန်ရော။ ဆေးရုံမှာတစ်ပတ်လောက်ကြာတယ်”

“နောက်တော့ ဘာဖြစ်ကြလဲ”

“နောက်တစ်ဖွဲ့ဆက်ပြီးလုပ်တော့လည်း (၁၀) ရက်လောက်ကြာတဲ့အထိ အမြစ်တွေက ဖြတ်လို့မပြီးဘူး။ အမြစ်တွေတူးရင်း နည်းတဲ့မြွေကြီးတစ်ကောင်မဟုတ်ဘူးကွာ။ တွင်းထဲကထွက်လာပြီး ပေါက်လိုက်တာ တစ်ယောက်က သေပြန်ရော။ နောက်ဆုံးတော့ကွာ ကျောင်းဆောက်ဖြစ်တော့တာပေါ့။ အဲဒါ ငါကြုံရတဲ့အဖြစ်အပျက်ပဲကွ”

“အဲဒီသက်န်းပင်ရဲ့ အသားတွေဘာလုပ်ပစ်ကြလဲကွ”

“သက်န်းပင်က သက်န်းနက်သားကွ။ လှဲခါစတော့ နီသား။ နောက်တော့ အသားက တဖြည်းဖြည်းနက်သွားတယ်။ အရောင်ပြောင်းသွားတယ်ကွ။ ဒါနဲ့ ဘုရားဆင်းတုထုပြီး ကိုးကွယ်ရအောင် ရွာနီးချုပ်စပ်က ဘုန်းတော်ကြီးကျောင်းတွေကို ဖြတ်ဖြတ်ပြီး လှူဒါန်းလိုက်တာပေါ့ကွာ”

❐



www.burmeseclassic.com

www.burmeseclassic.com

သန်းဦးတို့သူငယ်ချင်းတွေလည်း အိမ်ထောင်ကျသူကျ၊ သေတဲ့လူသေနှင့် တစ်မြို့စီတစ်နယ်စီ ဖြစ်ကုန်ကြသည်။ ရွာထိပ်က ညောင်ပင်ကြီးသက်တမ်း (၅၀) ရှိခဲ့ပြီ။ ရွာမှာဆို သန်းဦးရယ်၊ မြတ်ထွန်းရယ်၊ ခင်မောင်မောင်ရယ်ပဲရှိတော့သည်။ သန်းဦးတို့ပင် အသက် (၇၀) ထဲ ရောက်ပြီ။ ပုတီးကိုချပြီး မြေးတွေကို မ, နေရပြီ။

ခုတော့ ထိုညောင်ပင်ကြီးနားတွင် ဘုရားစေတီနှင့် ဘုန်းကြီးကျောင်းနှင့် ဇရပ်နှင့် အရိပ်အာဝါသကောင်းကောင်း ရနေပြီ။ အဖျောက်သည်လည်း ရွာကြီး မဟုတ်တော့ပြီ။ မြို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးထဲရောက်ခဲ့ပြီး တိုက်ကြီးမြို့နယ်အပိုင်ဖြစ်ခဲ့ပြီ။ ကမ်းပါးမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြို၍ မြို့သစ်သို့အိမ်များ ရွှေ့ပြောင်းဆောက်ကြရသည်။ ရန်ကုန်နှင့်လည်း ကားလမ်းပေါက်ခဲ့ပြီ။ ယခင် အဖျောက် မဟုတ်တော့ပြီ။

ငွေဥဒေါင်း ခန်းမကြီးကလည်း ထည်ထည်ဝါဝါ နဝရတ်စာကြည့်တိုက်ကလည်း ဗဟုသုတရှာမှီးရာ။ ယခင်က ဝိုက်တိုးဈေးကလည်း မြို့မဈေးအဖြစ် စည်စည်ကားကား။ တိုက်တွေကားတွေနှင့် မြို့ပြဆန်နေပြီ။ လျှပ်စစ်မီးကလည်း ထိန်ထိန်ညီးညီး။ အထက်တန်းကျောင်းနှင့်ဆေးရုံနှင့် အိပ်မက်အလားထင်ရ၏။

သန်းဦးတို့သူငယ်ချင်းတစ်သိုက် ငယ်ငယ်တုန်းက လေးခွကိုယ်စီဖြင့် ငှက်ကလေးတွေလျှောက်ပစ်၊ တူတူပုန်းတမ်းကစားခဲ့ကြသည့် ဦးပွကြီးသံတန်ဆောင်းဘေးရှိ ပိန္နဲကတ်သုံးပုံကျောက်စာတိုက်ကြီးတွေမှာလည်း ပြုပြင်မွမ်းမံထား၍ ခံ့ခံ့ညားညား။

တစ်နှစ်တစ်ခါ အာစရိယပူဇော်ပွဲတွင် သူငယ်ချင်းများ ပြန်လည်ဆုံစည်းကြရသည်။ ထိုအခါ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြရယ်မောကြရသည်။ အဘိုးဦးဘသင် စိုက်ခဲ့သည့် ညောင်ပင်ကြီးအကြောင်း ပြောကြရသည်။

"ဒါထက် အဲဒီညောင်ပင်ကြီးအစားစိုက်တဲ့ညောင်ပင်ကြီးကကော ဘာမှထူးထူးထွေထွေမဖြစ်ဘူးလားကွ"

အဝေးမှာရောက်နေသည့် ကျော်ကြီးကစလိုက်သည်။

"ဖြစ်တာပေါ့ကွ၊ မင်းက အဝေးရောက်နေတော့ ဘယ်သိပါ့မလဲ"

"လုပ်စမ်းပါဦးကွ၊ ဘာတွေဖြစ်လဲ"

သူငယ်ချင်းတွေ သန်းဦးတို့အိမ်မှာ စကားဝိုင်းဖွဲ့ရင်း လက်ဖက်သုပ်နှင့် ရေနွေးကြမ်းသောက်ရင်း ဆူညံနေကြသည်။

"ကဲ- မင်းတို့အဝေးရောက်နေတဲ့သူတွေသိရအောင် ညောင်ပင်ကြီးအကြောင်း ပြောရတာပေါ့ကွာ"

"ဟေ့ကောင် တကယ့်အဖြစ်ကို ပြောခိုင်းတာ။ တို့ငယ်ငယ်က ကျော်နီလိုတော့ ယုံတမ်းတွေမပြောနဲ့"

"ကျော်နီကတော့ ပြောမနေနဲ့ကွာ၊ ဓာတ်ပြားကွဲတစ်ခုကို သံချောင်းနဲ့ ကောက်ခြစ်လိုက်တာ ဂေါ်ကီးကီးဂေါ် လို့မြည်တယ်ဆိုပဲ။ သူပြောတာကို တို့တွေကယုံကြတယ်။ တို့ကလည်း ခပ်ညံ့ညံ့ပါကွာ"

သူငယ်ချင်းတစ်သိုက် ဟားလိုက်ကြပြန်သည်။ အပျိုကြီး မမယဉ်မြင့်ကတော့ ကိုရီးယားဇာတ်လမ်းတွဲပင် မကြည့်နိုင်။ လက်ဖက်နောက်တစ်ပန်းကန်သုပ်ရပြန်ပြီ။ သန်းဦးမိန်းမ မမြဝင်းကတော့ မြေးမကို စာမပြနိုင်တော့။ သန်းဦးမြေးတွေကလည်း ပါးစပ်းအဟောင်းသားနှင့် ငယ်မူပြန်အဖွဲ့ကိုကြည့်ပြီး ရေယောင်ရယ်ကြလို့။ ငယ်မူသာပြန်ကြသည်။ သူတို့သူငယ်ချင်းအားလုံး ခေါင်းတွေမှာ ဆံပင်အနက်မကျန်တော့လောက်အောင် ဖွေးဖွေးဖြူနေကြပြီ။ ဇရာအက်ကို လေးပုံသုံးပုံချင်းနေကြပြီ။ ထွေရာလေးပြောနေကြသဖြင့် ညောင်ပင်အကြောင်းမစရသေး။

"တော်ကြပါတော့ကွယ်"

သန်းဦးက ဓမ္မကထိကလေသံဖြင့် ပြောလိုက်မှ ဘရိတ်အုပ်လိုက်ကြသည်။

"ငါပြောပြမယ့် ညောင်ပင်ရဲ့ဇာတ်လမ်းက ကိုယ်တွေ့ဖြစ်ရပ်ကွ"

"တကယ့်ဖြစ်ရပ်မှန်ဇာတ်လမ်းပေါ့ဟုတ်လား"

"အေးဟုတ်တယ်၊ မင်းတို့လိန်ပင်က ပိုးဒီကို သိတယ်မဟုတ်လား"

"ဟို အလှူတွေမှာ လျှောက်လျှောက်စားတဲ့ကောင်လား"

"ဟုတ်ပါ့ကွာ၊ ငါမနက်ဘက် ဘုန်းကြီးကျောင်းကို အရုဏ်ဆွမ်းသွားပို့တဲ့တစ်နေ့ပေါ့။ မှတ်မှတ်ရရကွာ ဝါဆိုလပြည့်နေ့ပေါ့။ ငါ့မြေးလေးမွေးနေ့မှာ မုန့်ဟင်းခါးချက်ကျွေးတာနဲ့ ငါ ဘုန်းကြီးကျောင်းအဝင်အဝရောက်တော့ အဲဒီပိုးဒီဆိုတဲ့ကောင်ကိုတွေ့တယ်။ ငါလည်း သူ့ကို မသိချင်ယောင်ဆောင်ပြီးသွားတာပေါ့"

"မင်းကလည်း မင်းအိမ်မှာ မုန့်ဟင်းခါးကျွေးတဲ့အကြောင်း သူ့ကိုဖိတ်[...] လိုက်ရောပေါ့"

"မလုပ်နဲ့ဟေ့၊ ဒီကောင်ကလွယ်[...] တာမဟုတ်ဘူး။ တစ်ခါတုန်းက ရွာထဲ[...] အောင်စိုးတို့အိမ်က အသံချဲ့စက်စမ်း[...] ဒီကောင်ပိုးဒီရောက်လာပါလေရော။ [...] ရောက်တော့ ဘာမှလဲမတွေ့ရော သူ[...] မေးတယ်တဲ့။ မင်းတို့အသံချဲ့စက်က ဘာ[...] လုပ်ဖွင့်တာလဲလို့မေးတော့ အောင်စိုး[...] အသံချဲ့စက်စမ်းတာပေါ့ကွာလို့ ပြော[...] လိုက်တော့ ပိုးဒီက ဘာပြောတယ်မှတ်[...] လဲ။ မင်းတို့အသံချဲ့စက်စမ်းတာ[...] အကြောင်းမဟုတ်ဘူး၊ ငါက လိန်ပင်[...] တောင်လာရတာကွလို့ပြောပြီး ထွက်[...] သွားရော အဲဒီလိုကောင်ကွ"

"ဒါနဲ့ ဆက်ပါဦးကွ"

"ငါလည်း ဘုန်းကြီး ဦးသုန္ဒ[...] မုန့်လာပို့တာပါလို့ ပြောပြီးကပ်ခဲ့[...] ငါပြန်ထွက်လာတော့ အဲဒီပိုးဒီဆို[...] ကောင် ညောင်ပင်အောက်မှာ စန့်[...] ကြီးလဲနေတာကို ငါဓာတ်မီးရောင်[...] ကြောင့် တွေ့လိုက်ရတယ်။ အဲဒါနဲ့ [...] လည်း ဘုန်းကြီးကျောင်းသားတွေ[...] အော်ပြီးပြောတော့ သူတို့ထွက်လာ[...] တယ်"

"မြွေကိုက်တာများလားကွာ"

"မြွေကိုက်တာမဟုတ်ဘူးကွ"

"မြွေမကိုက်ရင် တစ်ခုခုပေါ့၊ [...] ကောင်က ဝက်ရူးပြန်ရောဂါလည်း[...] တယ်"

"မင်းတို့ထင်တာတွေတစ်ခုမှ [...] ဟုတ်ဘူး။ သူ့ကိုဝိုင်းပြီးပြုစုတော့ သတိ[...] လာပြီး အကောင်ကြီး၊ အကောင်ကြီး[...] အော်နေတယ်။ ငါလည်း ဘာအကောင်[...] ကြီးလဲလို့ မေးလိုက်တော့ သူညောင်[...] ပင်အောက်မှာ အပေါ့သွားတုန်း ညောင်[...] ပင်ပေါ်က အကောင်ကြီးဆင်းလာ[...] မင်း ငါ့ညောင်ပင်အောက်မှာ မရိုမသေ[...] အပေါ့လာသွားရလားဆိုပြီး သူ့လက်[...] ကြီးနဲ့ နားရင်းကို အုပ်ထည့်လိုက်တ[...] ပစ်လဲသွားတာပဲလို့ ပြောတယ်"

"တော်သေးတာပေါ့ အသေ[...] မသွားတာ"

"အဲဒါကတစ်ခုကွ၊ နောက်တစ်[...] ကျန်သေးတယ်။ မြတ်ထွန်းကြီး ပြော[...] လိုက်ကွာ၊ မင်းကိုယ်တွေ့ကြုံရတာ"

"သန်းဦးရာ မင်းပဲပြောပြလိုက်[...] ငါစကားကျယ်ကျယ်မပြောနိုင်ဘူးကွ"

ဒီကောင် မြတ်ထွန်းကြီးက [...] လိုတော့မဟုတ်တော့၊ ငယ်ငယ်[...] တုန်းက ဟိုဘက်ကမ်းကိုလက်ပစ်ကူးသည်။ [...]

www.burmeseclassic.com

www.burmeseclassic.com

ပင်ထိပ်ဖျားရောက်အောင်တက်သည်။ အရပ်ကရှည်ရှည်၊ သန့်သန့်မာမာ၊ ဗလကောင်းကောင်းနှင့်။ ခုတော့ ခါးကိုင်းနေပြီ။ စကားပြောလျှင်လည်း လေသံတိုးတိုးညင်းညင်းလေး။ သူလည်း (၇၀) ထဲရောက်ပြီ။

"အေးပါကွာ၊ ငါပဲပြောပါတော့မယ်။ နေပါဦး၊ လက်ဖက်သုပ်လေးစားပါရစေဦး။ ဒေါ်ယဉ်ယဉ်မြင့်ရေ၊ နောက်ထပ်လက်ဖက်သုပ်တစ်ပုံလုပ်ပါဦး။ ဒီကောင်တွေ ကျွန်တော် စကားပြောနေတုန်း ဝေသာလီပြည် ဘီလူးဝင်တာကျနေတာပဲ"

"ဟေ့ကောင်တွေ နာရီလည်းကြည့်ကြဦး၊ သန်းခေါင်တိုင်တော့မယ်"

"မိုးလင်းတာဘာဖြစ်လဲကွာ မင်းတို့ကလည်း။ တစ်ခါတလေ ဆုံတုန်းပြောရတာ"

တင်ထွတ်ဆိုတဲ့ ငနဲကဖြင့် ဘိန်းစားဆိုတဲ့ယေဘုယျနာမည်အတိုင်း ဆေးလိပ်ကို ဘိန်းမှိန်းမှိန်းပြီးငိုက်လို့နေသည်။

"ဒီလိုကွ၊ အုံးချိုကို သိတယ်မဟုတ်လား။ တို့ငယ်ငယ်တုန်းက သူ့ခါးပိုက်ထဲ မြွေတွေထည့်ထည့်ပြီး တို့ကိုလိုက်လိုက်တို့တဲ့လူလေ။ သူက မြွေဆိုရင် မလွတ်တမ်းဖမ်းတဲ့လူ၊ သူ့လျှာမှာ အနီစက်ကြီးနဲ့"

"သိပ့်ါကွာ၊ တို့တွေက သူ့ကိုတွေ့ရင် ဝေးဝေးကရှောင်ရတာလေ။ တင်ထွတ်ဆိုတဲ့ကောင် ငယ်သံကိုပါတာပဲ"

"အဲဒီအုံးချိုပေါ့ကွ။ ညောင်ပင်ခွကြားကိုတက်ပြီး မြွေညှိုက်တာလေ (၇) နာတောင်ရတယ်။ ညောင်ပင်အောက်ထည်းရောက်ရော မြွေမကြီးက လိုက်ပါလေရော။ အဲဒီအချိန်မှာ မြတ်ထွန်းကြီးက သရက်ပင်မှာ သရက်သီးတက်ခူးနေတာ အုံးချိုကို မြွေလိုက်နေတာတွေ့ရတယ်"

"အဲဒီမြွေကို သူမဖမ်းဘူးလားကွ။ မြွေပြီးတဲ့အုံးချိုပဲ"

ဆန်နီက ဝင်ထောက်လိုက်သည်။

"ဘယ် - ဖမ်းဖို့နေနေသာသာ အနောင့်နဲ့တင်ပါး တစ်သားတည်းကျလို့ကြုတ်မီးတန်းသလိုပဲ"

မြတ်ထွန်းကြီးက အသံတိုးညင်းနှင့် ဝင်ပြောလိုက်၏။

"ဘုန်းကြီးတွေ ဆွမ်းခံကြွရာက ပြန်လာတာတွေ့တော့မှ မြွေကြီးလည်း ဆက်မလိုက်တော့ဘဲ နောက်ပြန်လှည့်သွားတော့တယ်။ အုံးချိုလည်း မြွေတွေကို ညောင်ပင်ရင်းမှာ ပြန်ထားလိုက်တယ်"

"ညောင်ပင်မှာ ရုက္ခစိုးနေတယ်ဆိုတာကော မင်းတို့မြင်ဖူးလား"

ဂျော်နီက မေးလိုက်သည်။

"တွေ့သားပဲကွ၊ လူတိုင်းမြင်ဖူးတာ မင်းက အဆန်းလုပ်လို့။ နတ်ကွန်းနဲ့ဘာနဲ့ ရုက္ခစိုးပုံကြီးကိုထင်းလို့"

"ဟာ - ဒီကောင်တွေ။ ရုက္ခစိုးရုပ်ကို ပြောတာမဟုတ်ဘူးကွ။ တကယ့်ရုက္ခစိုးကိုပြောတာ။ ငါ (၁၅) နှစ်သားလောက်တုန်းက မြင်ဖူးတာ။ ကိုယ်ထင်ပြတာကို ငါတကယ်မြင်လိုက်တာ။ ရုက္ခစိုးကြီးက တကယ်ချောတာကွာ"

ဒီကောင်ကြီးကတော့ လုပ်ချလိုက်ပြန်ပြီ။ ငယ်ငယ်တုန်းက ဓာတ်ပြားကွဲကို သံချောင်းနှင့်ကောက်ခြစ်လိုက်တာ ဂေါ်ကီးကီးဂေါ်လို့မြည်တယ်ပြောတာကိုယုံခဲ့တဲ့သူငယ်ချင်းတွေက ခုကိစ္စကိုတော့ မှယုံရေးချမယုံ။ သူ့ပုံစံအတိုင်း ပုဆစ်တုပ်ထိုင်ရင်း ဆေးလိပ်တိုခဲလို့ မှင်သေသေနှင့် လာချည်သေး။

"ဟေ့ကောင်ကြီး၊ ဒါတော့ တောမှာသွားပြောကွာ၊ အသက်တွေလည်း (၇၀) ထဲရောက်နေပြီ။ ယုံတမ်းစကားတွေပြောဦးမလို့လား။ တစ္ဆေသူရဲက ကိုယ်ထင်ပြတယ်ဆိုတာ ဟုတ်ဟုတ်သေးတာ"

"နေကွာ၊ မယုံဘူးဆိုလည်း မပြောတော့ဘူး။ ငါက တကယ်တွေ့ဖူးလို့ပြောတာ"

"ကဲကွာ၊ အပြင်းပြေနားထောင်လိုက်ပါ"

သောင်းမြင့် (ခ) စပရိန်က အားပေးသမှုပြု၏။ သူငယ်ချင်းအားလုံးကတော့ ဒီကောင်ကြီးဘာတွေမဟုတ်တမ်းတရမ်းပြောမည်ကို နားမထောင်ချင်ဘဲ နားထောင်ရဦးမည်။ မမစန်းနွဲ့တို့သားအမိကတော့ တစ်ရေးရပြီ။

"ငါ တစ်နေ့ ဘုန်းကြီးကျောင်းဝင်းထဲရောက်တော့ လူသံတွေတိတ်နေတယ်ကွ။ ဒါနဲ့ ငါလည်း ညောင်ပင်ကြီးအောက်ကိုရောက်ရော အဲဒီရုက္ခစိုးရုပ်ကြီးကို မီးလာပူဇော်တာပါလို့ ပြောမိပြောရာပြောချလိုက်တယ်"

မယုံဘူးဆိုသည့်သူငယ်ချင်းတစ်သိုက် ခေါင်းများထောင်လာပြီး အာရုံစိုက်လာကြသည်။

"အဲဒါနဲ့ ငါလည်း ရုက္ခစိုးကြီးကိုထိုင်ပြီး ကန်တော့လိုက်တော့။ ရုက္ခစိုးကြီးက မင်းတစ်ယောက်ပဲအလိုက်သိတတ်တယ်။ ကျန်တဲ့လူတွေက ငါ့ကိုပူဇော်ထားတဲ့ဖယောင်းတိုင်၊ အမွှေးတိုင်တွေကို လာပြီးယူကြတယ်။ မင်းကို ငါလက်ဆောင်ပေးလိုက်မယ်ဆိုပြီး ငါ့လက်ထဲကို အထုပ်တစ်ထုပ်ပေးလိုက်တယ်။ ငါလည်း အဲဒီအထုပ်ကို ယူပြီး တစ်ချိုးတည်း သုတ်ခြေတင်တော့တာ။

အမေက ငါ့ကို ဘာဖြစ်လာတာလဲလို့ မေးတော့ ငါကအကျိုးအကြောင်းပြောပြလိုက်တယ်။ အထုပ်ကို ဖွင့်ကြည့်လိုက်မှ ငါလည်း အိပ်မက်က လန့်နိုးတာပဲ"

"တော်ကွာ တို့တွေ အသက်ကြီးကာမှ ဒီကောင်ကြီး လှိမ့်တာခံရပြန်ပြီ ဟား ဟား ဟား"

"မင်းတို့အိပ်ချင်နေမှာစိုးလို့ ငါရယ်စရာပြောတာပါကွာ"

"ကဲ-လူစုခွဲကြစို့ကွာ။ ညဉ့် (၁) နာရီတောင်ထိုးပြီ"

သန်းဦးတို့လင်မယားကို အားနာဖို့ကောင်းသည်။ နှုတ်ဆက်ညကား ပျော်စရာအတိ။

❐

ညောင်ပင်ကြီးကတော့ သက်တမ်းရင့်သည်ထက်ရင့်လာပြီ။

နွေကိုရောက်ပြန်တော့ ညောင်ရွက်တွေ မြေမှာခလို့ ညောင်ကိုင်းတွေလည်း အရွက်မဲ့အထီးကျန်။

ညောင်ကိုင်းပေါ်မှာ နားခိုရင်း ဥဩငှက်ငယ်လေးက တွန်သံကျူးလို့။ အဖော်ကွဲ ဥဩငှက်ကလေးလို သန်းဦးတို့သူငယ်ချင်းတွေလည်း တစ်မြို့တစ်နယ်စီ အဖော်ကွဲကုန်ကြပြီ။ တင်ထွတ်နှင့် တင်ကြည်လည်း ဆုံးပြီ။ ကိုမောင်မောင်မြနှင့် ကိုကျော်ညွန့်တို့လည်း မရှိကြတော့။ တင်မောင်ဦးကတော့ ဗိုလ်ကြီးအဆင့်နှင့် ကားမှောက်၍ ဆုံးသည်။

သန်းဦးကတော့ ညောင်ပင်ကြီး၏ဟိုတုန်းက အဖြစ်အပျက်များကို ပြန်လည် သတိရနေသည်။ တစ်လောကဖြစ်ခဲ့သည့်အဖြစ်ကို သူ့မျက်စိထဲမှာ မြင်ယောင်နေသည်။

ဘုန်းကြီးကျောင်းဝင်းထဲရှိ စေတီအနီးတွင် ညောင်ပင်တစ်ပင်ပေါက်နေသည်။ ဘုန်းကြီးကျောင်းသိမ်မှာ ဟောင်းနွမ်းနေပြီ။ သိမ်ဆောက်ရန် မြေနေရာရွေးကြရာတွင် ညောင်ပင်အိုကြီးနေရာကို သဘောတူကြ၏။ ညောင်ပင်ကြီးမှာလည်း သက်တမ်းရင့်နေပြီ ဖြစ်၍ ဖြိုလှဲပစ်ရန် ဆုံးဖြတ်ကြသည်။

ထုံးစံအတိုင်း လုပ်သင့်လုပ်ထိုက်



www.burmeseclassic.com

www.burmeseclassic.com

သည့်အစီအမံများပြုလုပ်ကြပြီး ညောင်ကိုင်းများကို စတင်ရှင်းလင်းကြသည်။ ကံမကောင်းအကြောင်းမလှဘဲ ညောင်ကိုင်းခုတ်သူမှာ အားလွန်ပြီး ပြုတ်ကျ၍ ခြေထောက်ကျိုးခဲ့ရသည်။ ဒါကြောင့်လည်း ညောင်ပင်ကို ဖြိုလှဲဖို့ အစီအစဉ်ကို ရပ်တန်းက ရပ်လိုက်ကြသည်။

"အပင်အိုကို ဖြိုလှဲရင် သတိထားကြရမယ်။ အထူးသဖြင့် ညောင်ပင်ကိုပေါ့။ ညောင်ပင်စောင့်နတ်တွေက မကြိုက်ကြဘူး။ ဒါသတိပေးလိုက်တာပဲ"

ဘကြီးဦးဘိုးတူက ရှေးလူကြီးသူမပီပီပြော၏။ ဘကြီးဦးဘိုးတူမှာ သန်းဦးတို့နှင့် လေး၊ ငါးအိမ်ကွာမှ ဖြစ်သည်။ ရယ်စရာလည်းပြောလေ့ရှိသည်။ ပုံတိုပတ်စများလည်းပြောတတ်၏။ ကဗျာအတိုအစလည်းစပ်တတ်သည်။

*မိုးတွင်းကာလ တက်ရအိမ်သာ*
*ဖင်ကိုခြင်ကိုက်၊ ရိုက်ရခက်တာ*
*ဝသန်တွင်းမို့၊ မိုးမင်းကရွာ*
*သန္တေတစ်ဓ၊ ဖြစ်ရခြင်သတ္တဝါ။*

ဘကြီးဘိုးတူ၏ ရင်တွင်းဖြစ်ကဗျာပင်။

လူငယ်တွေစုမိလျှင် တစ္ဆေသရဲအကြောင်းလည်း ကျောချမ်းလောက်အောင်ပြောတတ်သည်။

"မင်းတို့က ညောင်ပင်နတ်ကြီးတယ်ပြောပြောနေကြတယ်။ ဘကြီးငယ်ငယ်က ညောင်ပင်စောင့်နတ်ကြောင့် လူသတ်တရားခံမိဖူးတယ်ကွ။ မင်းတို့မယုံမရှိနဲ့။ ကျော်ညွှန့်တို့အဖေ ဦးမောင်ရွှင်နဲ့ ညီအစ်ကိုတော်တဲ့ ဌာနာအုပ်ဦးလှမောင် ပြောဖူးတယ်ကွ။ တကယ်အဖြစ်အပျက်"

"ပြောပါဦး ဘကြီး"

"ပြောတာပေါ့ကွာ။ မပြောခင် ငါ သီချင်းကြီးတစ်ပုဒ်ပတ္တလားနဲ့တီးပြမယ်"

နားမထောင်ချင်ပါသော်လည်း ကြိတ်မှိတ်နားထောင်ကြရသည်။ သူပြောမယ့်စကားကို နားထောင်လိုသည်ကိုး။ ဘကြီးဘိုးတူမှာ ပတ္တလားအတီးကောင်း၊ အဆိုကောင်း ဖြစ်သည်။ သူ့အမွေကိုဆက်ခံမည့်သူမရှိ။ ဉာဏ်ထူးတစ်ယောက်သာ မတောက်တခေါက်တီးတတ်သည်။ သင်ပေးသူက သင်ပေးတာတောင် ပညာယူမည့်သူတစ်ယောက်တစ်လေမျှမရှိ။

"ကဲကဲ - နားထောင်ကြ"

"ဦးလှမောင် အဖျောက်ဌာနာအုပ်ဘဝကပေါ့ကွာ။ သူ့ဌာနအပိုင်မိုးကုလားမှာ သူသတ်မှုဖြစ်ရော။ လူသတ်တရားခံက ထွက်ပြေးတာပေါ့။ တရားခံက (၃) ယောက်ကွ။ ဒါနဲ့ ဌာနာအုပ်ကိုယ်တိုင် တရားခံတွေမိအောင် လိုက်ဖမ်းတာ မိုးချုပ်ရော။တစ်ရွာဝင်တစ်ရွာထွက်စုံစမ်းရင်း ညဉ့်နက်ရော။ အဲဒါနဲ့ ညောင်ပင်ကြီးတစ်ပင်အောက်ရောက်တော့ နားကြတာပေါ့။ ညောင်ပင်မှာ ,ဖယောင်းတိုင် (၃) တိုင်ထွန်းပြီး အရှင်ရုက္ခစိုးကြီးခင်ဗျား၊ ကျွန်ုပ်တို့ လူသတ်တရားခံ (၃) ဦးကို လိုက်ရှာနေတာ တစ်ရွာဝင်တစ်ရွာထွက်နဲ့ မောလှပါပြီ။ ကျွန်ုပ်တို့ကို သနားရင် တရားခံတွေကိုမိအောင် ဆောင်ရွက်ပေးပါလို့ ပြောပြီး ညောင်ပင်အောက်မှာ မှိန်းရင်း အိပ်ပျော်သွားကြရော"

"တရားခံတွေက သူတို့ရိုင်ဖယ်သေနတ်တွေကို လုယူမသွားဘူးလား ဘကြီး"

ဘယ်ကလာပြီးလုရမလဲ။ တရားခံ (၃) ဦးဟာ သူတို့ကို မမြင်ဘူးကွ။ အဲဒီညောင်ပင်အောက်ကို ရောက်လာပြီး ငါတို့အဖမ်းခံရရင်ကောင်းမယ်။ ခုမိုးမလင်းသေးဘူးကွ။ မိုးလင်းရင် ရဲစခန်းမှာသွားပြီး အဖမ်းခံကြမယ်။ တို့လည်း ခဏအိပ်ကြဦးမယ်ဆိုပြီး ညောင်ပင်နားက ဇရပ်မှာတက်ပြီး အိပ်ကြရော။ မိုးလင်းတော့ ဌာနာအုပ်ဦးလှမောင်တို့လည်း နိုးလာပြီး ဇရပ်ပေါ်မှာ မသင်္ကာဖွယ်ရာ လူ (၃) ဦးကို တွေ့တာနဲ့ ဟေ့-မပြေးနဲ့၊ မင်းတို့ဘယ်ကကောင်တွေလဲဆိုတော့ (၃) ယောက်သားက ထိုင်ပြီး ရှိခိုးတော့တာပဲ။

'ကျွန်တော်တို့ လူသတ်တရားခံတွေပါ။ ရဲစခန်းမှာလာပြီး အဖမ်းခံမလို့ပါ။ မိုးမလင်းသေးတာနဲ့ ဒီဇရပ်ပေါ်မှာ အိပ်နေတာပါ'

ဆိုတော့မှ သုံးလောက်စလုံးကို လက်ထိတ်ခတ်ပြီးခေါ်သွားရတယ်။

"ကဲ - အဲဒါ တကယ့်အဖြစ်ပဲကွ။ ရုက္ခစိုးမင်းကကယ်လိုက်တာ။ တရားခံတွေ သူ့အလိုလိုမိတာပဲ။ ပြောစမှတ်ကိုတွင်ရောကွာ"

"ဟုတ်တယ်ကွ၊ ငါ့အစ်ကို ဦးလှမောင်ပြောပြတာ"

ကျော်ညွှန့်တို့အဖေ ဆရာဦးမောင်ရွှင်က ဟုတ်မှန်ကြောင်း ဝင်ပြောလိုက်သည်။

❐

ခုတော့ ထိုဘုန်းတော်ကြီးကျောင်းတွင် ဘုန်းတော်ကြီးသင်ပညာ… ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီ။ ကျောင်း… ချိန်တွင် ညောင်ပင်ကြီးအောက်… ကလေးများ လွတ်လပ်စွာ ဆော့… နေကြသည်။

သန်းဦးက ပညာဒါနပြု… အင်္ဂလိပ်စာသင်ကြားပေးသည်။

"မင်းတို့ညောင်ပင်ကြီးအောက်… သွားပြီး ဆော့ရင် သတိထားကြ… ညောင်ပင်ကြီးက သက်တမ်းရင့်… မတော်တဆ ကိုင်းကျိုးကြတတ်… မြွေစိမ်းတွေဘာတွေလဲရှိတယ်။ လွတ်… ကွက်လပ်မှာဆော့ကြပေါ့"

ဆရာကြီး ဦးသန်းဦးက ယဉ်… အမြဲသတိပေးသည်။

တဖြည်းဖြည်းနှင့် ကျောင်းသား… (၁၀၀) ခန့် ဖြစ်လာသည်။

ဆရာကြီး ဦးသန်းဦးကတော့… ကလေးတွေနှင့်ပျော်နေသည်။ က… များကလည်း သူ့ကိုချစ်ကြသည်။

သူအလုပ်လုပ်သည့် သက်တ… ကာလတစ်လျှောက်လုံး ခုအချိန်မှာ… အပျော်ဆုံး ဖြစ်သည်။ လခလည်း… ဘာမျှော်လင့်ချက်မမှုမရှိ။ သူရယူခြင်း… ကတော့ သန့်စင်သော ပီတိမျှသာ။

သူ့ရင်ထဲမှာတော့ ဆုတောင်း… မေတ္တာတွေ တစ်လှေကြီး။ ညောင်ပင်… စောင့်နတ်တွေကိုလည်း မေတ္တာပို့သည်…

ကျောင်းရောက်လျှင် ဘုရား… ပြီး ဘုန်းတော်ကြီးဝပ်ဖြည့်၊ နော… အလုပ်တစ်ခုက ညောင်ပင်ကြီးဆီသွား… ဆီမီးပူဇော်၊ မေတ္တာပို့။

သူ့မေတ္တာအင်အားကြောင့်လား… မသိ။ ညောင်ပင်ကြီးနှင့်ပတ်သက်၍… ဘာပြဿနာမှ တစိုးတစိမကြားရတော့… ပေ။

ညောင်ပင်ကြီးကတော့ ရွက်… ဟောင်းများကြွေ၍ ရွက်သစ်များ… တော့မည်။


ညောင်ပင်ကြီးရွက်လက်ခတ်သံ… နှင့် ကျောင်းခေါင်းလောင်းသံတို့အပြိုင်… သာယာကြည်နူးနွယ်ကောင်းလေစွ။

ဆရာသန်းဦးရင်ထဲမှာတော့ ဥ… ငှက်ငယ်၏ တွန်ကျူးသံနှင့်အပြိုင် ငယ်… ဘဝကို လွမ်းဆွတ်တမ်းတရင်း။

*ငယ်ပေါင်းရောင်းရင်းများသို့…*
*အမှတ်တ…*

လင်းလက်ကြယ်

www.burmeseclassic.com




# မော်ဆန်လှတဲ့ ရိုင်းမြစ်ကမ်းပါးမှ ဦးသန့်ရဲ့ ဝလေအညာက ပလေ့ဆရာ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

ဆွစ်ဇာလန်နိုင်ငံ ရေခဲဖုံးတောင်တစ်ကလစ်တောင်ခြေစခန်းမှ ခရီးသွားအားကြီးပေါ်ပြန်တက်ပြီး ဆွစ်ဇာလန်နိုင်ငံတွင်းက အိပ်မက်ဆန်ဆန် အလွန်လှပတဲ့ လူဇန်းမြို့ကို ခရီးဆက်ကြတယ်။

လူဇန်းမြို့အရောက်မှာပဲ မြို့ကိုပတ်ကာ လှည့်လည်ပြီး (Sightseeing) ကြည့်နိုင်တဲ့ မြို့ပတ်ရထား (City Train Luzern) အပြာရောင်အတွဲလိုက်ကြီးကို တွေ့လိုက်ရတယ်။ ရထားဆိုပေမယ့် ရထားသံလမ်းနဲ့သွားတာမဟုတ်ဘဲ ကားဘီးလို တာယာဘီးများနဲ့ ကားလမ်းပေါ်မှာပဲသွားတဲ့ရထားအတုပါ။ သူ့အတွက်လည်း မြို့တော်သီးသန့်ဘူတာရုံ (City Train Station) တွေ ထားရှိပေးရဲ့။ ထုံးစံအတိုင်း ထွက်မယ့်အချိန်၊ နောက်ရောက်မယ့်ဘူတာ စတာတွေကိုလည်း ဘူတာရုံများမှာ ဘုတ်ကြီးတွေထောင်ပြီး တာဝန်ကျေစွာဖော်ပြထားပါတယ်။ လူဇန်းမြို့မှာ ရေကန်ကြီးကိုဖြတ်ပြီး တည်ဆောက်ထားတဲ့၊ ပန်းရောင်စုံတွေနဲ့ လှပဝေဆာနေတဲ့ သစ်သားတံတားနီကြီးကို လှည့်လည်ကြည့်ရှုခဲ့ကြတယ်။ လူဇန်းမှာ တစ်ညတာ အပန်းဖြေဖို့ကိုတော့ Astoria Hotel ဟိုတယ်မှာ တည်းခဲ့ကြတယ်။

နောက်နေ့ ဩဂုတ်လ ၈ ရက် (ကြာသပတေးနေ့) မနက်မှာတော့ (၇)နာရီလောက် စောစောထကြပြီး ဟိုတယ်က မဲခေါင် ( Mekong) စားသောက်ခန်းမှာ နံနက်စာစားကြတယ်။ စားသောက်ခန်း နောက်ခံနံရံကြီးကို မြန်မာပြည် ပုဂံက ဘုရားစေတီများမြင်ကွင်းနဲ့တန်ဆာဆင်ထားရဲ့။ စားသောက်ပြီးတာနဲ့ လူဇန်းမြို့ကနေ ဂျာမနီနိုင်ငံဘက်ကို ခရီးဆက်ရတယ်။ လူဇန်းမြို့ကအထွက် လမ်းတစ်လျှောက်မှာ Graffity ပုံတွေဆွဲထားတာကို တံတားအခြေတွေမှာ၊ တိုက်နံရံတွေမှာ၊ လမ်းတံတိုင်းတွေမှာ၊ နေရာတကာမှာ အများကြီး တွေ့ရပြန်တယ်။ မြို့ပြင်လမ်းဘေးမှာတော့ အရောင်အကြောင်အကျားနဲ့ နွားကြီးတွေကိုလည်း ဝဝဖြိုးဖြိုး လှလှပပ တွေ့ရတယ်။ ကိုယ်တို့ဆီကနွားပိန်များနဲ့များကွာပါ့။ အလွန်လှပတဲ့ နေကြာခင်းနဲ့ ပြောင်းခင်းကျယ်ကြီးတွေလည်း ဖြတ်ခဲ့ရတယ်။

ဆွစ်ဇာလန်နိုင်ငံထဲက ရှေးဟောင်း အဆောက်အအုံတွေနဲ့ ခံ့ညားလှပတဲ့ ရှ-ဖောင်းဇင်းမြို့ကို နာရီပိုင်းအတွင်းမှာ ရောက်ခဲ့ပေါ့။ ပထမဆုံးနာမည်ကျော်ပြီး လှပလွန်းတဲ့ ရှ-ဖောင်းဇင်း (Schaffhausen) ရေတံခွန်ကို သွားကြတယ်။ လမ်းဘေးမှာ စီးဆင်းနေတဲ့ ချောင်းကျယ်ကြီးကို တားထားတဲ့ ရေတံခွန်ကြီးကို တွေ့ရပြီ။ လှလိုက်တာ။ ဘေးတစ်ဖက်က ကမ်းပါးမြင့်ကြီးပေါ်



www.burmeseclassic.com

www.burmeseclassic.com


မှာလည်း ရဲတိုက်နီကြီးပါလား။ လမ်းဘေးကွက်လပ်တစ်နေရာမှာ ကားရပ်ပြီး ချောင်းကမ်းပါးအနိမ့်ထဲကို ဆင်းခဲ့ကြရတယ်။ အဆင်းတောလမ်းလေးဘေးမှာ ငါးဥတွေ စုပြုံအုခဲနေသလို အသီးမည်းမည်းလေးတွေပြွတ်နေလို့ ငါးဥသီးလို့ခေါ်တဲ့အသီးနဲ့ ချုံပုတ်တွေရှိနေတယ်။ 'ဒီအသီးမျိုးတွေ ကွတ်ခိုင်မှာလည်းရှိတယ်' လို့ ခရီးဖော် မခင်လှလှ (ပြင်ဦးလွင်မြို့၊ ၂၁ မိုင်၊ ရွှေ-ငွေဝင်းစားသောက်ဆိုင်) က ပြောတယ်။

မနက်အစောပိုင်းပေမယ့် ရေတံခွန်ကြီးဘေးမှာ လူတွေအများကြီးပါလား။ အသက် (၈၀) ကျော် အီတလီသူအဘွားကြီးတွေလည်း လာလည်တာတွေ့ရတယ်။ ဓာတ်ပုံရိုက်လို့လည်းလှ၊ ကြည့်ရင်းလည်း စိတ်ကြည်နူးရတဲ့ ရေတံခွန်ကြီးပါ။ ရေတံခွန်ဘေးက အမှတ်တရပစ္စည်းရောင်းတဲ့ဆိုင်မှာလည်း ဆွစ်လုပ်ရိုးရာလက်မှုထည်တွေရှိလို့ ဈေးဝယ်ကြပေါ့။ ရေတံခွန်ရှေ့ တောင်စောင်းအဆင့်ဆင့်မှာ သစ်သားပြားကြီးတွေနဲ့ ခုံတန်းလျားတွေ အတန်းလိုက်အတန်းလိုက် ရိုက်ထားတာလည်း အလွန်လှပပါတယ်။ ချစ်သူများအတွက် ထိုင်လို့ကောင်းမယ့်နေရာလေးပေါ့။

## ဂျာမနီသို့ ညင်သာသောအကူးအပြောင်း

ရှု-ဖောင်းဇင်းရေတံခွန်မှ ထွက်ခဲ့ပြီး (၂) နာရီခွဲလောက် ကားမောင်းပြီးတာနဲ့ ဂျာမနီနိုင်ငံက နယ်စပ်မြို့လေးတစ်မြို့ကို ရောက်လေတော့တယ်။ ဩြော် - ဥရောပမှာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံကူးသွားတာလည်း ညင်သာပ့ါ။ ဘာအစစ်အဆေး၊ ဘာဂိတ်မှမရှိ။ အတားအဆီးလည်းမတွေ့ရ။ မှတ်ပုံတင်လည်းမစစ်။ သို့သော် ဆွစ်ဇာလန်မှ ဝယ်လာကြတဲ့ နာရီတွေအတွက် ခံစားခွင့်လျှော့ပေးတဲ့ (၁၃) ရာခိုင်နှုန်းကိုတော့ လမ်းညွှန် ကိုဇော်က ကားပေါ်မှဆင်းကာ ဘောက်ချာပြပြီး မှတ်ပုံတင်ခဲ့ရတယ်။ ဒါဟာလည်း လေဆိပ်ကျရင် လျှော့ပေးတဲ့ငွေကို ပြန်ထုတ်ပေးလို့ပါ။ ဒီမြို့လေးကတစ်ဆင့် ဂျာမနီထဲက စတူးဂတ်မြို့နဲ့ ဖရန့်ဖတ်မြို့တွေကို ဆက်သွားရမယ်။ နိုင်ငံတစ်နိုင်ငံ ထပ်ပြီးကူးလာပြန်ပေါ့။ 'တစ်ပြည်သူ မရှေထား' ဆိုရင်တော့ တစ်ပြည်ပြီးတစ်ပြည် ပြောင်းနေလို့ လွမ်းချိန်တောင်ရမယ် မထင်။

ဂျာမနီနိုင်ငံသွားတဲ့ကားလမ်းမှာ




ဂျာမနီနိုင်ငံက ကိုလုံးမြို့တည်နေရာပြမြေပုံ




ဂျာမနီရဲ့အသက်သွေးခဲ့ နိုင်းမြစ်ကြီး စီးဆင်းနေပုံပြ မြေပုံ

မှ ကားစမြီးကျပ်လာလို့ ဖြည်းဖြည်းမောင်းခဲ့ရတယ်။ လမ်းကြောင်းပေါ်ကွင် "V" နဲ့ "W" ကိုဆင့်ထားတဲ့လိုဂိုတံဆိပ်နဲ့ ဗောက်(စ်)ဝက်ဂွန်းကားလေးတွေကို အများအပြား စတင် မြင်လာရတော့တယ်။ ခုမှ များများမြင်တာလား၊ လမ်းတစ်လျှောက် ယခင်က သတိမပြုမိခဲ့လို ဂျာမနီနိုင်ငံနဲ့နီးလာမှ သတိထားမိတာလား မပြောတတ်တော့ပါ။ လမ်းတစ်လျှောက် ဂျာမန်စာနဲ့အမှတ်အသားတွေကို ပြောင်းလဲတွေ့နေရပြီ။ စိုက်ခင်းကွင်းတွေမှာ ရိတ်သိမ်းထားတဲ့အရိုး



www.burmeseclassic.com

www.burmeseclassic.com



ဆွစ်ဇာလန်က ရေခဲဖုံးတောင်ပေါ်မှာ စာရေးသူ




ဆွစ်ဇာလန်နိုင်ငံက လှပလွန်းတဲ့ လူဇန်းမြို့လေးရဲ့ ကန်ဖြတ်သစ်သားတံတား

အယောင်တွေ မြင်ရတယ်။ ဂျာမနီမှာတော့ ဆွစ်မှာလောက် တောင်ဖြတ်လိုဏ်ခေါင်း (Tunnel) တွေ သိပ်မများတော့။

စတူးဂတ်(Stuttgart)မြို့မှာ ခဏနားကြတယ်။ ဒီမြို့မှာ မာစီဒီးကားထုတ်လုပ်တဲ့စက်ရုံတွေရှိသတဲ့။ စတူးဂတ်မြို့အထိမ်းအမှတ် မြင်းစီးရုပ်ဘေး ကားရပ်နားစခန်း (Car Stand) မှ ပြန်လည်ထွက်လာကြပြီး ဖရန့်ဖတ်မြို့ကို ဆက်သွားကြတယ်။ ဖက်ဒရယ် ရီပတ်ဘလစ်အော့ဖ် ဂျာမနီ (FRG) ရဲ့ မြို့တော်ဟာ အရှေ့-အနောက် ဂျာမနီနှစ်နိုင်ငံ ပြန်လည် မပူးပေါင်းခင်က ဘွန်း (Born) ဖြစ်ပြီး ယခု ပြန်လည် ပေါင်းစည်းပြီးနောက်မှာတော့ ဘာလင် (Berlin) ပဲ မြို့တော်ပြန်ဖြစ်လာပါတယ်။ နာမည်ကျော် ဂီတပညာရှင် ဗီသိုဘင်ဟာ ဘွန်းမြို့သားပေါ့။

**ဂျာမနီနိုင်ငံ ဖရန့်ဖတ် (Frunkfurt) မြို့ကြီး**

ဖရန့်ဖတ်ဟာ ပြည်နယ် (၁၆) ခုမှာ ပဉ္စမမြောက်အကြီးဆုံးမြို့ ဖြစ်ပါတယ်။ ဒီမြို့မှာ ဂျာမနီနိုင်ငံရဲ့ ဒုတိယအကြီးဆုံးလေဆိပ်၊ ဥရောပတစ်ခွင်ရဲ့ တတိယအကြီးဆုံးလေဆိပ်လည်း ရှိတယ်။လမ်းတွေရဲ့ပုံစံဟာ အထူးကောင်းမွန်ပြီး သယ်ယူပို့ဆောင်ရေးစနစ်များလည်း အလွန်သွက်လက်မြန်ဆန်လှရဲ့။ ဒီမြို့တွင်းမှာ သုတေသနလုပ်ငန်းတွေကို အထူးလုပ်ဆောင်ကြသတဲ့။ ကားထုတ်လုပ်တဲ့လုပ်ငန်းတွေလည်း ဒီမှာအောင်မြင်နေပါတယ်။ ကမ္ဘာ့အကြီးဆုံးစာအုပ်




ဂျာမနီ ကိုလုံးမြို့က ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းကြီးရဲ့ ရောင်စုံမှန်ပြတင်းပေါက်များ



www.burmeseclassic.com

www.burmeseclassic.com





ဂျာမနီနိုင်ငံ ကိုလုံးမြို့နဲ့ ရစ်ခွေစီးဆင်းနေတဲ့ ရိုင်းမြစ်

ပြပွဲကိုလည်း ဒီမြို့မှာ နှစ်စဉ် အောက် တိုဘာလတိုင်း ကျင်းပတယ်လို့ သိလိုက် ရတယ်။ စာအုပ်တွေအကြောင်းပြော ရင်း မြသန်းတင့်ရဲ့ 'သမိုင်းစကား-ပ စကား' စာအုပ်အကြောင်း လမ်းညွှန် ကိုဇော်နဲ့ ပြောဖြစ်ကြသေးတယ်။

၁၄ ရာစုခေတ်က တည်ဆောက် ခဲ့တဲ့ ရိုမင် (Roman Square) ရင်ပြင် မှာ ကိုယ်တို့ ခရီးသွားကားကြီးကို ရပ် နားလိုက်ကြတယ်။ ဒီရင်ပြင်ကတော့ ဖရန့်ဖတ်မြို့ရဲ့အထင်ကရ (Landmark) လည်း ဖြစ်ပါသတဲ့။ ဒီမြို့မှာ စားသောက် ရုံ/ယာကစားတာတွေလည်း ခေတ်စား ပြီး ဘဏ်လုပ်ငန်းတွေလည်း အထူး ဖြိုးလှတယ်။ ရှေးဟောင်းပုံသဏ္ဍာန် ပါလီမန်အဆောက်အအုံတွေ၊ ဘုရား ကျောင်းတွေ တွေ့ရပြန်တယ်။ မြို့လယ် မှာတော့ ခေတ်မီအဆောက်အအုံတွေ လည်း နေရာယူနေပါပြီ။ ဥရောပမှာ ကြီးကျယ်ခမ်းနားတဲ့ ရှေးဟောင်းအ ဆောက်အအုံတွေထင်ရှားသလို ခေတ်မီ မိုးမျှော်အဆောက်အအုံတွေလည်း အ တော်များလာနေပါပေါ့။ ဒါပေမယ့် ရှေး ဟောင်း အဆောက်အအုံတွေကိုတော့ သိပ်တန်ဖိုးထားကြရဲ့။ ဒါတွေကို ပြ တာကလည်း ဥရောပနိုင်ငံတွေရဲ့ ထ ငွေရတဲ့အလုပ်ပေကိုး။

**မြစ်ကိုကျေးဇူးတင်ပြီး ချစ်ခင်နေကြ များ**

အီတလီမှာ ဆန်း (Sun River) မြစ် ထင်ရှားသလို အင်္ဂလန်မှာ သိမ်း မြစ် ကျော်ကြားပြီး ပြင်သစ်မှာတော့






ကိုလုံးမြို့ဘုရားကျောင်းရှေ့က ပလက်ဖောင်းပေါ်ပန်းချီဆရာလေး



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီနိုင်ငံ ကိုလုံးမြို့သယ်က ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းကြီး


စိန့်မြစ်က နာမည်ကြီးပါတယ်။ ဂျာမနီက ဒီဖရန့်ဖတ်မှာလည်း ရိုင်း (Rhine River) မြစ်ဟာ အထင်ကရမြစ်ကြီးဖြစ်ပါတယ်။ ဥရောပတစ်လွှားက နိုင်ငံတိုင်းမှာ သူတို့ရဲ့သဘာဝအရင်းအမြစ်၊ အမွေအနှစ်ဖြစ်တဲ့မြစ်ကြီးတွေကို သိမ်ချစ်ကြတာ တွေ့ရပါတယ်။ မြစ်တွေကို အလေးအမြတ်ထားပြီးလည်း စောင့်ရှောက်ကြတယ်၊ လှပအောင်လည်း ဂရုတစိုက် တယုတယထားတတ်ကြတယ်။ ဒါတောင် ကိုယ်တို့ဧရာဝတီလောက် မလှဘူးလို့ထင်မိပါရဲ့။ ဧရာဝတီကတော့ အစပြုခဲ့ရာ မေခ-မလိခမှာလည်း လှ၊ အဆုံးသတ်တဲ့မြစ်ဝကျွန်းပေါ် အထိလည်း လှနေတုန်း၊ အကျိုးပြုနေတုန်းပါ။ ဧရာဝတီကိုစောင့်ရှောက်တာဟာ ကိုယ့်နိုင်ငံကိုစောင့်ရှောက်တာပဲလို့တောင် ကိုယ်ကတော့ထင်မိပါရဲ့။ ရိုင်းမြစ်၊ ရိုင်းမြစ်၊ ရိုင်းမြစ်။ ဒီနာမည်ကို အတော့်ကို ငါရင်းရင်းနှီးနှီးသိနေတာပါလားလို့ စဉ်းစားကြည့်ပေမယ့် ရုတ်တရက်မို့ အဖြေမပေါ်ပါဘူး။

ဂျာမနီကလမ်းဘေးတွေမှာလည်း အီတလီမှာလိုပဲ အရွက်ချည်းသက်သက်



www.burmeseclassic.com

www.burmeseclassic.com



ဂျာမနီနိုင်ငံ ကိုလုံးမြို့လယ်က ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းကြီး

သာလှတဲ့ ပလာတာနီ (Platani) ပင်တွေကို တွေ့ရပြန်တယ်။ လှပသာယာလွန်းတဲ့ ဆွစ်ဇာလန်ရှုခင်းများကို မြင်ခဲ့ရပြီမို့ ဂျာမနီဟာ သိပ်မလှတော့သလို ဖြစ်နေပေါ့။ ဒါပေမယ့် လမ်းဘေးတွေမှာ တိုလီမိုလီဆိုင်၊ ကွမ်းယာ-ဆေးလိပ်ဆိုင် ရှုပ်ရှုပ်ပွပွတွေ မရှိတာကလည်း ဥရောပတစ်လွှား အတူတူချည်းဘဲမို့ မြို့တိုင်းဟာ လှပသပ်ရပ်နေမြပါ။ ဒီမြို့မှာတော့ ဟီလ်တန် (Hilton Hotel) ဟိုတယ်မှာ ညအိပ်တည်းခိုခဲ့ကြတယ်။

**ဦးသန့် ဘာသာပြန်ပြီး စပ်ဆိုခဲ့တဲ့ စလေအညာကဗျာပုံပြင်ရှည်**

ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့ကနေ ဩဂုတ်လ ၉ ရက် (သောကြာနေ့) နံနက်(၇)နာရီခွဲလောက်မှာ ဂျာမနီနိုင်ငံထဲကပဲဖြစ်တဲ့ ကိုလုံး (Colone-Koln) မြို့ကို (၃) နာရီ ခရီးဆက်လက်နှင်ရပါတယ်။ အော်ဒီကလုံးရေမွှေးကြောင့် ကမ္ဘာတစ်ဝန်း ထင်ရှားလှတဲ့ မြို့ဆီကိုပေါ့။ အော်ဒီကလုံး ဆိုတာကတော့ (အော်-ရေ ကလုံး-ကလုံးမြို့) ကလုံးမြို့ကရေလို့ အဓိပ္ပာယ်ရလေရဲ့။ အပြင်ဘက်မှာ မိုးဖွဲဖွဲလေး အနည်းငယ် ရွာလိုက်တယ်။ ဖြတ်လာရာ လမ်းတစ်လျှောက်မှာ တောတောင်များချည်း မဟုတ်ဘဲ ယာခင်းများလည်း တွေ့လာရတယ်။ လူတွေ နေထိုင်-လုပ်ကိုင်-စားသောက်နေတဲ့ သင်္ကေတပေါ့။

စားပွဲသောက်ပွဲများမှာ 'ချီးယားစ်' လုပ်တဲ့အလေ့အထဟာ ဒီ ကလုံးမြို့က စခဲ့တာလို့ လမ်းညွှန်က ပြောပြတယ်။

ရောမခေတ်မှာ စားပွဲသောက်ပွဲတွေ ကျင်းပပြီး စားရင်းသောက်ရင်း အဆိပ်ခတ်ပြီး လုပ်ကြံတတ်လေ့ရှိတော့ အဆိပ်ပါတယ်လို့ယူဆရတဲ့ တစ်ဖက်က တိုက်ကျွေးလာတဲ့ အရက်ခွက်ထဲက အရက်ကို မသောက်ဘူးလို့လည်း ငြင်းလို့မကောင်း၊ သွန်ပစ်ဖို့ကလည်း မဖြစ်နိုင်တော့ အရက်ခွက်ကမ်းလာတဲ့ အဲဒီ တစ်ဖက်လူထံကို အရက်ပြန်ဖိတ်စင်သွားကာ သူလည်း သောက်မိစေ သစ်သားအရက်ခွက်ချင်း တိုက်ပစ်လိုက်ခြင်းကတစ်ဆင့် အဲဒီဓလေ့ပျံ့နှံ့သွားခြင်းဖြစ်ပါသတဲ့။

ကိုလုံးမြို့ကို မနက် (၁၀) နာရီ ခန့်မှာရောက်ရှိသွားပါတော့တယ်၊ ... ဘေးက အချက်ပြဘုတ်မှာ ဖော်ပြထား... ချက်အရ အပြင်ဘက်မှာ အပူချိန် ... (၁၈) ဒီဂရီစင်တီဂရိတ်ရှိလို့ ကားပေါ်က ဆင်းလိုက်တဲ့အခါ အနည်းငယ်အေး... တယ်။ လေအေးအေးလေးကလည်း တသုန်သုန်တိုက်ခတ်နေရဲ့။

ကိုလုံးမြို့ထဲကို ကားကြီးအဝင်မှာတော့ ရိုင်းမြစ်ကြီးကို တံတားနဲ့ ဖြတ်ကျော်ရပြန်တယ်။ အဲဒီအခိုက်မှာပဲ ... စားမရဖြစ်နေတဲ့အဖြေကို ဖျတ်ခနဲ ... လိုက်တယ်။ဟုတ်တယ်၊ ဒီမြစ်ဟာ ကိုယ်တို့ငယ်ငယ် မူလတန်းအရွယ်လောက် ကတည်းကပင် သိခဲ့ရတဲ့ 'စလေအညာ က-ပြွေဆရာ'ကဗျာရှည်ထဲက မြစ်... လမ်းညွှန်ကိုမေးတော့ သူမသိဘူးတဲ့၊ ... ပေမယ့် ကိုယ့်ဟာကိုယ် သေချာနေမိ... ဟုတ်တယ်၊ ဒါဟာ မြန်မာ့ဂုဏ်ဆောင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ဘာသာပြန်ပြီး ဖော်ပြစပ်ဆိုခဲ့တဲ့ စလေအညာကဗျာပုံပြင်ရှည်ရဲ့ မူရင်း ကမ္ဘာကျော် ဂျာမန်လက်ာရှည် ဟမ်... လင်က ပလွေဆရာ (Pied Piper of Hamelin) ထဲက ကြွက်တွေတန်းစီပြီး ဆင်းသွားတဲ့ ရိုင်းမြစ်ကြီးပါပဲ။

ဇဝေဇဝါဖြစ်ပြီး ရှုပ်ထွေးနေတဲ့ အတွေးလက်စတွေရှင်းသွားပြီးမို့ ကိုယ့် စိတ်ထဲ ကြည်လင်သွားရဲ့။ တစ်ပြိုင်နက် တည်းမှာပဲ ကိုယ်တို့လို မြစ်ဝကျွန်းပေါ် တောကျောင်းလေးက လယ်သမားသား သမီး မူလတန်းကျောင်းသားလေးရဲ့ ... ထဲမှာတောင် စွဲသွားအောင် က... ကဗျာတွေရေးခဲ့ကြတဲ့ စာပေပညာ... ကြီးတွေကိုလည်း ကျေးဇူးတင်မိ... ဆရာ မင်းသုဝဏ်တို့၊ ဦးဝွမ်လျောင် မောင်ဖြူးတို့၊ ဦးသန့်တို့ပေါ့။ ... ကြောင့်လည်း ရိုင်းမြစ်ကြီးကို ... ကြီးကတည်းက ကိုယ်သိခဲ့တာ။ ...



www.burmeseclassic.com

www.burmeseclassic.com

တွေကို ရိုင်းမြစ်အကြောင်း ပြန်ညှိဖောက်သည်ချမိရဲ့။ သူတို့ကလည်း နဲ့ဆက်စပ်နေတဲ့ကဗျာနဲ့မြစ်ကြီးမှို ဝင်စားသွားကြတယ်။

**မ်မလင်က ပလွေဆရာ (The Pied Piper of Hamelin) ကလေးပုံပြင်တစ်ခု ပေးတဲ့ သင်ခန်းစာ**

'ဟမ်မလင်က ပလွေဆရာ' ဟာ ကဗျာဆရာ ရောဘတ်ဘရောင်းနင်း (Robert Browning) ရဲ့ စာကြောင်းရေ (၁၀၃) ကြောင်းပါတဲ့ ဇာတ်ကြောင်းပြန် အပြောအဟောကဗျာလင်္ကာ (narrative poem)ဖြစ်ပြီး ၁၈၄၂ ခုနှစ်ကထုတ်ဝေခဲ့ပါတယ်။ အဲဒီ ရွတ်ဆိုစရာ ဇာတ်လမ်းပမာ ကဗျာရှည်ကြီး (Dramatic Lyrics) ဟာ The Bells and Pomegranates series လင်္ကာတွဲကြီးမှာပါဝင်ခဲ့ပါတယ်။ ဒီကဗျာဟာ ဘရောင်းနင်းရဲ့ အကျော်ကြားဆုံး စာတစ်ပုဒ်ပါ။ ဟမ်မလင် ရွှေမြို့တော်က လူကြီးမင်းများနဲ့လည်း ဆက်နွှယ်ပြီး သင်ခန်းစာပေးခဲ့တဲ့ ဂန္ထဝင်မြောက် ရိုးရာပုံပြင်တစ်ပုဒ်ပေါ့။

တစ်ချိန်တုန်းက ဟမ်မလင်မြို့က လူကြီးမင်းတွေဟာ သူတို့မြို့မှာ ကြွက်တွေ သောင်းကျန်းနေလို့ စိတ်ညစ်နေရပါတယ်။ ကြွက်တွေဟာ လူတွေကို ဒုက္ခပေးရုံသာမက သူတို့ကြောက်ရတဲ့ ကြောင်ကိုတောင် ပြန်လည် ရန်မူနိုင်သတဲ့။

ဦးသန့်က -

*'လူမှာ မအေး၊ ခွေးကို ရန်ထောင်၊ ကြောင်ကို သတ်ပြေး၊ ရွှေ သွေးလူငယ်၊ ပုခက်ဝယ်ကို၊ ဝင်တွယ်ကိုက်ဖွဲ့၊ နို့ပ်စက်ခဲ့သည်၊ အိုးပုံ့ခွက်လှန်၊ မကျန်ဟင်းသောက်'*

လို့ ပုခက်ထဲက ကလေးကိုတောင် ကြွက်တွေရန်ပြုပုံကို ပီပီပြင်ပြင် ဖော်ကျူးခဲ့ပါတယ်။ သည်းခံနိုင်တဲ့ အတိုင်းအတာကနေလွန်ပြီး ကြွက်တွေ သောင်းကျန်းနေတဲ့ မြို့တော်ကြီးကနေ ဒုက္ခပေးလှတဲ့ ဒီအကောင်တွေကို နှင်ထုတ်နိုင်ဖို့အတွက် မြို့သားတွေမှာ ကြံရာမရဖြစ်နေကြရဲ့။ လူထုဆီက အခွန်အတုပ်တွေသာ ကောက်ယူပြီး မြို့ကိုသန့်ရှင်းအောင်လုပ်ဖို့ချို့ယွင်း၊ ကြွက်တွေမင်းမူတာကိုလည်း မနှိမ်နင်းနိုင်တဲ့ မြို့ဝန်ကိုလည်း ဖြုတ်ချမယ်လုပ်ကြတယ်။

*'ဝမ်းနည်းစိတ်ပျက်၊ ကိုရွှေကြွက်ကြောင့်၊ ပင့်သက်လှိုက်ဖို၊ မြို့ဝန်ကိုလျှင်၊ ပြစ်တင်ကဲ့ရဲ့၊ သင်-ဘယ့်နှယ်ကြောင့်၊ ကြံမဲ့ဖြစ်ခင်း၊ ကြွက်-မရှင်းခဲ့၊ အတင်းကာရော၊ အခွန်-လောတတ်၊ စည်းစိမ်မြတ်နှင့်၊ ဂုဏ်ဖြပ်ဆင့်ထောင်း၊ ဆယ်အိမ်ခေါင်းတို့၊ အကြောင်းအသို့၊ ကြွဖို့သင့်ပြီ'*

လို့ ဦးသန့်က စပ်ဆိုပြထားရဲ့။

အဲဒီအချိန်မှာ ပလွေဆရာ ပေါ်လာပါတယ်။ ဦးသန့်က မှော်ဆန်လှတဲ့ ပလွေဆရာကို-

*'တစ်ဖြာထူးထွေ၊ အကျီရှည်နှင့်၊ ဆန်းပေလှသား၊ ဝင်လာနားခဲ့၊ ခါးတံသွယ်သွယ်၊ မျက်ဝယ်မှေးမှေး၊ မုတ်ဆိတ်မွေးမဲ့၊ ဆံကြိုးကြဲနှင့်၊ ပြိတ္တာပဲလား၊ လွဲစေဖယ်စေ၊ သုသာန်ပြေတွင်၊ တစ္ဆေကောင်က၊ သက်ရှင်ထသို့၊ အံ့ဩမဆုံး'*


လို့ သရုပ်ဖော်ပြလိုက်တယ်။

ပလွေဆရာက -

*'ကင်း-မြွေ စ၍၊ ကြွက်ကမယွင်း၊ ငှက်မင်း-ရေငါး၊ ကင်း-လိပ်-ဖားတို့၊ ရှောင်ရှားဝေးနေ၊ ကျုပ်စွမ်းပေ၏၊ ကဝေအမူ၊ ဆေးအင်ပြုလို့၊ အတုကင်းမဲ့'*

သူစွမ်းကြောင်းပြောလာပါတယ်။ အသပြာတစ်ထောင်ရရင် ကြွက်ရန်ကို ရှင်းပေးမယ်လို့ ဆိုလိုက်တယ်။

နောက်ဆုံးမှာတော့ ရေနစ်သူတွေမို့ ကောက်ရိုးတစ်မျှင်ပဲ ဆွဲရဆွဲရ ဆိုပြီး ကြွက်နှိမ်နင်းဖို့အတွက် လျို့ဝှက်ဆန်းကြယ်ပြီး ပဟေဠိဆန်လှတဲ့ ပလွေဆရာ (Pied Piper) ကို မြို့ဝန်က ငှားရမ်းရပါတော့တယ်။ သူမြို့ဝန်ရာထူးက မပြုတ်ရင်ပြီးရောဆိုပြီး ပလွေဆရာကို *'မကတစ်ထောင်၊ တိုးပေးဆောင်မည်၊ ရှင်အောင် ကြွက်ပေါင်း၊ ပယ်ခွာရှောင်းပေ၊ တစ်သောင်းတိတိ၊ မြမှတ်ဘိလော့၊ ကတိငါထား၊ ငါ့စကား'* လို့တောင် တစ်ထောင်မက တစ်သောင်းတောင် ပေးနိုင်ရဲ့လို့ ကတိပေးလိုက်ပါတယ်။ မြို့ကို ဒုက္ခအကြီးအကျယ်ပေးနေတဲ့ အဖျက်ကောင်ကြွက်တွေကို မြစ်ထဲမှာ သူတို့ရေနစ်သေအောင် ပလွေဆရာက ပလွေသံ



ကိုလုံးမြို့ဘုရားကျောင်းရှေ့က သေထဲမှာ ထိုင်နေသူများ



www.burmeseclassic.com

www.burmeseclassic.com





ညှို့ယူဖမ်းစားသူတွေရဲ့နောက်မှာပါသွားတဲ့ ကလေးသူငယ်များ

နဲ့ ညှို့ယူပြီး မျှားခေါ်သွားဖို့ဆိုတဲ့အကြံနဲ့ပေါ့။ မြို့ရဲ့အကြီးအကဲ လူကြီးမင်းတွေဟာ သူ့ရဲ့ဝန်ဆောင်မှုအတွက် ပလွေဆရာကို အခကြေးငွေ ထိုက်ထိုက်တန်တန်ပေးဖို့လည်း မက်လုံးတွေပြပြီး အလုပ်အပ်ရင်း အပေးအယူလုပ်ခဲ့ကြပါတယ်။ ပလွေဆရာကလည်း မြိုးမြိုးမြက်မြက်ရမှာမို့ သဘောတူလိုက်ပါတယ်။

**ကတိသစ္စာမတည်ကြသောအခါ**

ဒီလိုနဲ့ ပလွေဆရာဟာ တကယ်ပဲ သူ့ပလွေသံနဲ့ ကြွက်တွေကို ညှို့ယူနိုင်ခဲ့တယ်။ မြို့ရဲ့အမျိုးမျိုးသောနေရာတွေ၊ ကြွက်တွင်းတွေ၊ ချောင်ကလောင်တွေကနေ *'ကြွက်ဝ-ကြွက်သိမ်၊ ကြွက်လိမ်-ကြွက်ရိုး၊ ကြွက်ဆိုး-ကြွက်ယုတ်၊ ကြွက်စုတ်-ကြွက်မွဲ၊ ကြွက်မည်း-ကြွက်ဖြူ၊ ကြွက်ဆူ-ကြွက်နီ၊ ကြွက်လိုီ-ကြွက်ညို၊ ကြွက်ဖို-ကြွက်မ၊ ကြွက်လှ-ကြွက်အို၊ လယ်ကြွက်ပျိုနှင့်၊ အအို-အနု၊ အစုစုပေါင်း၊ ကြွက်ထောင်သောင်းသည်'*ထွက်လာပါတယ်။ (ဦးသန့်ရဲ့ အဲဒီအဖွဲ့အနွဲ့မှာ သူဟာ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေးအမြင်တွေမှာ စူးရှထက်သန်လှသလို စာပေပညာမှာလည်း ထူးချွန်သူဖြစ်ကြောင်း သိသာလှရဲ့။) သူ့ရဲ့ပလွေသံနောက်ကို တန်းစီလိုက်လာကြတဲ့ ကြွက်တွေကို ပလွေဆရာဟာ ရိုင်းမြစ်ထဲအရောက် ပို့ဆောင်ပြီး ကိစ္စရှင်းပေးခဲ့နိုင်ပါတယ်။ မြို့သူမြို့သားတွေကလည်း ကြွက်စုတ်တွေရန်က ရှင်းသွားပြီမို့ အလွန်ပဲ ပျော်ရွှင်နေကြပါတယ်။ အဲဒီမှာ ပလွေဆရာဟာ သူ့တာဝန်ကျေပွန်စွာ ပြီးဆုံးပြီမို့ ဝန်ဆောင်ခတောင်းဖို့အတွက် ဟာမ်မလင်က အကြီးအကဲလူကြီးတွေဆီကို သွားပါတော့တယ်။

ခိုင်းတုန်းကခိုင်းပြီး ကိစ္စပြီးတဲ့အချိန် ငွေပေးရမယ့်အခါကျတော့မှ ကတိကဝတ်အတိုင်း ငွေကြေးပေးဖို့ဆန္ဒမရှိကြတော့တဲ့ လူကြီးတွေက ပလွေဆရာကို အကြောင်းအမျိုးမျိုးပြပြီးငြင်းဆန်ပါလေရော။ သူ့လုပ်အားခမရတဲ့ ပုလွေဆရာဟာ နောက်ဆုံးမှာတော့ ကတိမတည်တဲ့ မြို့ခံအကြီးအကဲတွေကို ကလဲ့စားချေဖို့သာ စဉ်းစားလိုက်ပါတော့တယ်။ ဒီလိုနဲ့ ပလွေဆရာဟာ သူတို့ရဲ့ကလေးတွေကိုလည်း ကြွက်တွေကိုရှင်းတဲ့နည်းအတိုင်းပဲ ပုလွေသံနဲ့သွေးဆောင်ဖြားယောင်း ညှို့ယူပြီး ရိုင်းမြစ်ထဲကို ခေါ်ဆောင်သွားပါလေရော။ ဒီလိုနည်းနဲ့ ဟာမ်မလင်မြို့မှာ ကလေးတွေပျောက်ဆုံးသွားကြပြီး မြို့ဟာ ခေါင်းလောင်းမရှိတဲ့ ခေါင်းလောင်းစင်လိုတိတ်ဆိတ် ခြောက်သွေ့သွားပါတော့တယ်။

မြို့ဝန်မှအစ မြို့သားတွေအားလုံး ဘယ်လိုရှာရှာ သူတို့ကလေးတွေကို မတွေ့ရတော့ပါဘူး။ အဲဒါကို ဦးသန့်က ကဗျာနဲ့ စပ်ဆိုပြထားပုံကလည်း ပီပြင်လှပါတယ်။

*'မြို့ဝန်မှသည်၊ တကွမခြား၊ မြို့သားအားလုံး၊ ရှာဖွေရုံးလည်း၊ အဆုံးမပြတ်၊ အတပ်မသိ၊ တစိမမြင်၊ စိတ်တွင်ပူဆွေး၊ ဆုများပေးအံ့၊ ကြော်ကြေးရှာဖွေ၊ မရလေသည်၊ သည်းဝေလှိုက်လှိုက်၊ ဆူတော့သည်'* တဲ့။

ကတိသစ္စာမတည်တဲ့ မြို့ရဲ့အကြီးအကဲမြို့ဝန်ကြောင့် တကယ်နစ်နာရတာကတော့ မြို့သူမြို့သားအားလုံးပါပဲလေ။

အဲဒီ ကဗျာရှည်ကြီးနဲ့ မဒွေးနှောင်းမှာပဲ ကလေးသူငယ်တွေကို ခေ ဆိတ်ဘာသာရေးစစ်ပွဲအတွက် စည်း ခေါ်ဆောင်သွားခဲ့ဖူးတဲ့ အဖြစ်အပ ကလည်းရှိထားတော့ ဒီကဗျာဟာ အလွန်ပဲ အောင်မြင်ခဲ့ပါတယ်။ မိမိ သားသမီးမြေးမြစ်တွေ လှည့်စားသွေး ဆောင်မှုကြောင့် ဘယ်တော့များမှ မတွေ့နိုင်အောင် ပျောက်ဆုံးသွားရ အဖြစ်ဟာ အတော်ရင်နင့်စရာပါ အင်း- လူကုန်ကူးမှုတစ်ခုပဲလို့ ဒီခေတ် အမြင်နဲ့ တွေးလိုက်မိပါသေးရဲ့။

**ဂျာမနီက နာမည်ကျော် ကိုလုံးမြို့ကြီး**

ကိုလုံးမြို့ဟာ ဖရန့်ဖတ်မြို့ထက် သုံးဆလောက်ကြီးပါတယ်။ မြို့လူ ကလည်း တစ်သန်းကျော်ခန့် ရှိတယ် ဥရောပတိုက်ရဲ့ တတိယမြောက်အကြီး ဆုံးမြို့လည်း ဖြစ်ပါတယ်။ ဒီမြို့မှာ ကျောက်မီးသွေးစက်ရုံ၊ သံနဲ့သံမဏိ စက်ရုံတွေလည်း ရှိကြတယ်။

ကိုလုံးမြို့ရဲ့အထင်ကရအဆောက် အအုံကတော့ ကမ္ဘာပေါ်တွင်အမြင့်ဆုံး လို့ သတ်မှတ်ထားကြတဲ့ ဘုရားရှိခိုး ကျောင်းညိုမည်းမည်းကြီး (Colo Cathedral) ပဲ ဖြစ်ပါတယ်။ ဒီဘု ကျောင်းကြီးကို အစပိုင်းက ခရစ်ယာ ဘုန်းတော်ကြီးတွေ နေထိုင်ပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလုံးမြို့ ဘုရားကျောင်းဘေးက မြို့ပတ်အပျော်စီးရထားနဲ့ ကိုလုံးမြို့ ရိုးရာစားသောက်ဆိုင်က ကာနီဗယ်ပွဲတော်အပြင်အဆင်နဲ့



ကိုလုံးမြို့ ဘုရားကျောင်းဘေးက မြို့ပတ်အပျော်စီးရထားနဲ့

ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသတဲ့။ နှစ်ပေါင်းများစွာကြာအောင် တည်ဆောက်ခဲ့ရတဲ့ ဒီကျောင်းကြီးရဲ့ တည်ဆောက်မှုတွေဟာ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှပဲ အဆုံးသတ် ပြီးစီးခဲ့ခြင်း ဖြစ်ပါတယ်။ ဦးထုပ်ဆောင်းထားရင်း ဘုရားရှိခိုးကျောင်းကြီးကို မော့ကြည့်ရင် ဦးထုပ်ပြုတ်ကျလောက်အောင်ကို မြင့်တာပါ။ ဘုရားရှိခိုးကျောင်းကြီးရဲ့ ဝင်ပေါက်ကြီးတွေ၊ မျက်နှာစာက ရုပ်တုတွေ၊ အမြှာခေါင်းလောင်းမျှော်စင်ကြီးတွေ၊ ဘုံဆောင်အဆင့်ဆင့်တွေကို ကျောက်သားတွေနဲ့ တည်ဆောက်ထားတာဟာ အံ့ဘနန်းပါပဲ။ လူတွေတည်ဆောက်ခဲ့တာမှ ဟုတ်ရဲ့လားလို့တောင် တွေးစရာပါ ပြောဲ - လူ့စွမ်းအားနဲ့ လူတွေရဲ့ဖန်တီးနိုင်စွမ်းဟာ မြင့်မားလှချည်ရဲ့။ ဘုရားကျောင်းကြီးရဲ့အတွင်းမှာလည်း ကြီးမားလှတဲ့ မုခ်ကပ် (Nitch) တွေ၊ ဘာသာရေးဆိုင်ရာအဖြစ်အပျက်တွေကို သရုပ်ဖော်ထားတဲ့ ရောင်စုံမှန်တွေနဲ့ တန်ဆာဆင်ထားတဲ့ပြတင်းပေါက်ကြီး(Stained Glass Windows) တွေနဲ့ ဘုန်းတော်ကြီးများရဲ့အုတ်ဂူတွေ ရှိကြပါတယ်။

ဘုရားရှိခိုးကျောင်းကြီးရှေ့ဘက်ရင်ပြင်မှာတော့ ပုံပြင်ထဲက အိန်ဂျယ်နတ်သမီးလို ဝတ်ဆင်ထားသူတွေ၊ လူနှစ်ဆင့်ဆင့်ကာ လေထဲမှာ ထိုင်နေသူတွေ၊ မျက်နှာကို ငွေမင်သုတ်ပြီး ငွေရောင်ဝတ်စုံနဲ့ ငွေဦးထုပ်ဆောင်းထားသူတွေကို တွေ့ရပါတယ်။ ပန်းချီဆရာလေးတစ်ဦးကတော့ ရင်ပြင်ပေါ်မှာ မြေဖြူတောင့်ရောင်စုံနဲ့ လူပုံရေးဆွဲနေလေရဲ့။ သူ့အနုလက်ရာကို အားပေးနေသူတွေကတော့ ဘေးပတ်လည်မှာ ရပ်ကြည့်ကြလို့ပေါ့။ Cologne Wailing Wall For Peace အဖွဲ့ကတော့ ရင်ပြင်ပေါ်မှာ ယာယီ(Stand)တွေထောင်ကာ ဟီရိုရှီးမားအဏုမြူဗုံးသင့်သူများရဲ့ရုပ်ပုံတွေကို ပြသနေရဲ့။ စက္ကူခေါက်တဲ့ပညာနဲ့လည်း ငြိမ်းချမ်းရေးငှက်ရုပ်တွေခေါက်ပြီး ချိတ်ဆွဲထားတယ်။ ဘုရားရှိခိုးကျောင်းဘေးမှာတော့ ရှစ်ထောင့်ပုံ ရေပန်းကြီးရှိကာ ခြသေ့်များပါးစပ်ကနေ ရေတွေပန်းထွက်နေပေါ့။ အဲဒါရဲ့ပတ်လည်တွင်ကား နေဆာလှုံရင်းထိုင်နေသူများကအပြည့်။ ဘုရားကျောင်းဘေးအနိမ့်ပိုင်းမှာတော့ ပန်းချီပြတိုက်တစ်ခုရှိနေပါတယ်။

ဘုရားကျောင်းကြီးအရှေ့ကနေ ဘယ်ဘက်ကို ချိုးကွေ့ဝင်သွားတဲ့အခါ ဈေးဆိုင်တန်းလေးတွေ့ရတယ်။ တိုက်အိမ်များရဲ့အောက်ထပ်မှာတော့ နာမည်ကျော် (၄၇၁၁)အမှတ်အသားနဲ့ အော်ဒီကလုံးရေမွှေးတွေကိုရောင်းချနေတဲ့ဆိုင်ကြီးရှိတယ်။ ၁၇၉၂ ခုနှစ်ကတည်းက ဖွင့်လှစ်ခဲ့တဲ့ သက်တမ်းရင့် ရေမွှေးဆိုင်ကြီးပေါ့။ ဆိုင့်မျက်နှာစာမှာတော့ အော်ဒီကလုံးတံဆိပ်အပြာရောင်နဲ့ ရွှေရောင်လိုဂိုဖြင့် ထုလုပ်သရုပ်ဖော်ထားတဲ့ မိန်းမရုပ်ကို မှန်ပုံးအတွင်းထည့်ပြထားရာ အတော်ခေတ်မီလှပတယ်။ ပန်းပွင့်များ၊ အမွှေးအကြိုင်၊ သစ်ခက်သစ်ရွက်များနဲ့ ထုတ်လုပ်ထားတဲ့ရေမွှေးမျိုးစုံကိုရောင်းချနေပါတယ်။ ခရီးသည်တိုင်းလိုလိုပဲ အော်ဒီကလုံးတစ်ပုလင်းတော့ အနည်းဆုံးဝယ်ကြတယ်ထင့်။ အမှုးအမော်ပျောက်အောင် အော်ဒီကလုံးလေး ရှူတတ်တဲ့အလေ့ကလည်း မြန်မာပြည်အထက်တန်းလွှာမှာ တစ်ချိန်ကခေတ်စားခဲ့သည်လေ။

ဒီနေရာတစ်ပိုက်မှာ လမ်းဘေးထိုင်ပြီး ပိုက်ဆံတောင်းသူများကိုလည်း တွေ့ခဲ့ရတယ်။ ဈေးဆိုင်တန်းအလယ်မှာတော့ ပင်ကိုသဘာဝအလှကို လူ့အရွယ်အတိုင်း ထုလုပ်ထားတဲ့ အနက်ရောင်အမျိုးသမီးရုပ်တုတစ်ခုရှိတယ်။ မုန့်ဆိုင်တန်းလေးမှာတော့ မုန့်တွေတန်းစီဝယ်နေကြပေါ့။ ဥရောပမှာတော့ လူတွေဟာ ဘယ်နေရာမဆို တန်းစီပြီး ကိုယ့်အလှည့်စောင့်ဖို့ ကျင့်သားရနေကြ



www.burmeseclassic.com

www.burmeseclassic.com

ရဲ့။

နေ့လယ်စာကို ကိုလုံးမြို့ကဆိုင် တစ်ဆိုင်မှာပဲ ဒေသအစားအစာတွေ ကျွေးတယ်။ ကိုလုံးမြို့ရဲ့ ကာနီဗယ်ပွဲ တော်သရုပ်ပြပုံတွေနဲ့ တန်ဆာဆင်ထား တဲ့ ဆိုင်ရဲ့အခင်းအကျင်းကလည်း စိတ် ဝင်စားစရာပါ။ စားသောက်ခန်းထိပ်၊ မှန်ခန်းထဲမှာတော့ ထူးထူးဆန်းဆန်း အဆင်တန်ဆာနဲ့ ရိုးရာဝတ်စုံတွေကို ဝတ်ဆင်ပြီး ကာနီဗယ်ပွဲတော်မှာ-ဆင်နွှဲ နေကြတဲ့ ဆိုင်ဝန်ထမ်းများရဲ့ ဓာတ်ပုံကြီး တွေ နောက်ခံထားကာ လူ့သဘာဝ အရွယ် ဖယောင်းရုပ်တုများလည်း ထည့် သွင်းပြသထားရာ လူတွေအများကြီး ရပ်နေသလိုပဲ မြင်ဆိုင်နေပေါ့။ ဒီဆိုင် မှာစားရတဲ့နေ့လယ်စာက ဒေသအငွေ့ အသက်ပါလို့ ကိုယ်က နှစ်သက်ပေမယ့် လည်း အခြားခရီးဖော်များကတော့ တရုတ်ဆိုင်က ထမင်းဟင်းများလို အာ မတွေ့ကြဘူး။ ဝက်ရိုးကြီးဝေါ်ထွက်နေ အောင်တုံးပြီး ပေါင်းထားတဲ့ ဝက်ပေါင် ကို ပေါင်မုန့်ညိုအလုံးမာမာကြီးတွေနဲ့ စားရတာမို့ မာလို့ ဘယ်သူမှမစားနိုင်။ အစာပိတ်အဖြစ်ကျွေးတဲ့ စတော်ဘယ်ရီ ယိုကိုသာစားကြရင်း အာသာဖြေကြရဲ့။

စားသောက်ပြီးတဲ့အခါ ဘုရားရှိခိုး ကျောင်းဘေး ကားရပ်စခန်းကပဲ ကိုလုံး မြို့မှ ပြန်လည်ထွက်ခွာပြီး အမ်စတာဒမ် မြို့ကို ဆက်လက်ခရီးနှင်ခဲ့ကြပြန်တယ်။

**နယ်သာလန် (Neltherland) နိုင်ငံ၊ အမ်စတာဒမ်မြို့ (Armsterdem)**

လမ်းတစ်လျှောက်မှာ လမ်းလယ် ကျွန်းများကို သံတန်းအပြည့်ကာရံထား တယ်။ သံတန်းအတွင်းမှာတော့ ပန်းချုံ တွေစိုက်ပျိုးထားလိုက်တာ လမ်းခရီးဟာ ပန်းတွေဝေနေတော့တယ်။ အမ်စတာ ဒမ်မြို့တော်ဟာ နယ်သာလန် (ယခင် ဟော်လန်)နိုင်ငံရဲ့မြို့တော်ဖြစ်ပါတယ်။ ဒီနယ်သာလန်မှာ ဒပ်(ချ်)လူမျိုးတွေ အများဆုံးနေထိုင်ကြပြီး ဒပ်(ချ်)(Dutch) နဲ့ ဖလီးမစ် (Flemish) ဘာသာစကား တွေကို ပြောဆိုကြတယ်။ အခုအခါမှာ တော့ အာရှတိုက်က ပြောင်းရွှေ့လာ ကြတဲ့ အင်ဒိုနီးရှားလူမျိုးတွေပင် (၁၉) ရာခိုင်နှုန်းလောက်ရှိနေပါပြီတဲ့။ ခရစ် ယာန်ဘာသာကိုးကွယ်သူများက မြို့ လူထုရဲ့ (၂၄) ရာခိုင်နှုန်းလောက် ရှိကြ သတဲ့။ အမ်စတာဒမ်ဟာ ယဉ်ကျေးမှု အစုံနဲ့ လူမျိုးစုမျိုးစုံနေထိုင်ကြတဲ့ ကော် စမိုပိုလစ်တန် (Cosmopolitan) မြို့




ကိုလုံးမြို့ဘုရားကျောင်းရှေ့က အော်ဒီကလုံးရေမွှေးဆိုင်ရှေ့မှာ

တော်ကြီးပဲ ဖြစ်ပါတယ်။

အမ်စတာဒမ်မြို့မှာတော့ အမ် စတာဒမ်မြစ်ကိုပါ ပူးတွဲမြင်ရတယ်။ မြစ် ဖြတ်တူးမြောင်းတွေ၊ တံတားတွေနဲ့မို့ အမ်စတာဒမ်ကို ဒုတိယဗင်းနစ် (Se- cond Venic) လို့လည်း ခေါ်ကြပေါ့။ သို့သော်လည်းပဲ အမ်စတာဒမ်ရဲ့ တူး မြောင်းတွေက ပိုမိုကျယ်ဝန်းကာ ပန်း ရောင်စုံတို့ ဖူးပွင့်ဝေဆာပြီး အလွန်လှပ နေပါတယ်။ ဗင်းနစ်က ရိုးရာလှေစီးလို့ ကောင်းပြီး အမ်စတာဒမ်ကတော့ တူး မြောင်းပိုကျယ်လို့ သင်္ဘောငယ်များနဲ့ စီးရင်းမြို့ကို လှည့်ကြည့်ရင် ပိုအဆင်ပြေ မှာဖြစ်ပါတယ်။ မြစ်ဘေးတစ်လျှောက် မှာ ကိုယ်ပိုင် တဲငယ်လေးတွေနဲ့ လာ ရောက် နေထိုင်တည်းခိုကြတဲ့ ခရီးသည် တွေလည်း အများအပြားပါပဲ။ မြင်လိုက် ရစဉ်ကတော့ အလုပ်လက်မဲ့၊ အိမ်ခြေ ရာခြေမဲ့တွေလားလို့ ထင်မိပါသေးတယ်။ အဝတ်အစားတွေ တောက်ပြောင်ပြီး မျက်နှာတွေကလည်း ရွှင်လန်းနေလို့ မဟုတ်နိုင်ဘူးလို့တော့ ထင်လိုက်သား။ ခရီးသည်အလာများတဲ့ အမ်စတာဒမ်မှာ တည်းခိုဖို့-ဟိုတယ်အခက်အခဲကြောင့် ကိုယ်ပိုင်တဲထိုးပြီး နေထိုင်ကာ လာ ရောက်လည်ပတ်ကြသူတွေလို့ သိရပါ တယ်။ တူးမြောင်းပေါင်း (၈၀၀) ကျော် ရှိတယ်လို့ ဆိုကြတယ်။ လူတွေဖောက် ယူတဲ့ လူလုပ်တူးမြောင်းလမ်းတွေပါ။ လှေကလေးတွေ၊ သင်္ဘောငယ်လေးတွေ ကလည်း ဆေးရောင်စုံကာ လှပနေကြ ပါတယ်။ တူးမြောင်းကိုဖြတ်တဲ့တံတား လက်ရန်းများတွေမှာလည်း ရောင်စုံပွင့်

တဲ့ ပန်းပင်လေးများကို ဝေဝေဖြာ အောင်ပဲ စိုက်ပျိုးအလှဆင်ထားကြတာ တစ်မြို့လုံးလိုလိုပင် ဖြစ်တယ်။ ဓာတ် တိုင်မှာတောင် လူတစ်ရပ်အမြင့်လော မှာ ပန်းအိုးများချိတ်ဆွဲထားတတ်ကြ ဥရောပတစ်လျှောက်လုံးမှာ မြို့သူမြို့ သားများနဲ့ မြူနီစီပယ်အားလုံးကပဲ ဒ တို့မြို့ကို သူတို့ မလှလှအောင်လုပ်ထား တတ်ကြတာကို အံ့ဩဖွယ်သတိထား ခဲ့တယ်။ လမ်းဘေးနဲ့ တူးမြောင်းတွေ ထဲက ရေပြင်မှာတော့ ပုလင်းခွံမျာ ပလတ်စတစ်စများ လွင့်မျောနေ အရုပ်ဆိုး အကျည်းတန်တဲ့ မြင်ကွင်းမျိုး လည်း တစ်ခါမှမမြင်ခဲ့ဘူးပေါ့။

တူးမြောင်းတစ်လျှောက်ရှိ အဆ သောအိမ်လေးတွေဟာ အောက်ခံ ပန္နက်ပျော့တာကြောင့် စောင်းနေ ဟိုဘက်စောင်းစောင်း၊ ဒီဘက်စွေစွေ အိမ်ကလေးများက ယိမ်းကနေသလ Dancing Building လို့ ခေါ်ကြသတဲ့

လေရဟတ်ကြီးတွေနဲ့ ရှေးဟိုး မပျက်နေထိုင်ကြတဲ့ရွာကလေး (Wind- mail Village) လည်း ဒီအမ်စတာ မြို့အနီးမှာ ရှိနေပါတယ်။ သို့ပေမယ ကိုယ်တို့ခရီးစဉ်မှာ အဲဒီရွာကလေး သွားရောက်လည်ပတ်ဖို့ အစီအစဉ် တော့ပါဘူးတဲ့။ ကျူးလစ်ပန်း (Tuli ရောင်စုံတွေနဲ့လှပလွန်းတဲ့ ကျူးလစ်စိုက် ခင်းတွေကလည်း ကမ္ဘာကျော်ပါရဲ့။ သို့ သော် ကိုယ်တို့ကြည့်ခွင့်မရနိုင်တော့ ခရီးသွားအဖွဲ့ရဲ့ လမ်းညွှန်စာရွက် မှာ ဒါတွေအကုန်ပါပေမယ့်၊ အမ် ဒမ်ရဲ့အမှတ်သင်္ကေတလည်း ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

ဆယ့် သူတို့မပို့တော့လည်း မရောက်ခဲ့ဘူးပေါ့။ ဒါကတော့ ခရီးသွားကုမ္ပဏီအများစုရဲ့ မက်လုံးပေးပေးပြီးမှ လှည့်သွားတတ်ကြတဲ့အကျင့်အတိုင်းပါပဲ။

ဒီလို အလှအပတွေကို ခံစားဖို့အတွက် တစ်နှစ်တစ်နှစ် အမ်စတာဒမ်မြို့ကို ကမ္ဘာလှည့်ခရီးသည် (၅) သန်းကျော် လာရောက်ကြတယ်လို့ ဆိုကြပါတယ်။

အမ်စတာဒမ်မြို့ဟာ ကမ္ဘာပေါ်မှာ စက်ဘီးအစီးဆုံးမြို့လို့လည်း မှတ်တမ်းတင်ခံရတယ်။ လမ်းဘေးတွေမှာ စက်ဘီးထောင်ထားဖို့ သံတန်းလေးတွေကိုလည်း လမ်းတိုင်းမှာလုပ်ပေးထားရဲ့။ စက်ဘီးစီးဖို့ လမ်းတွေလည်း ပလက်ဖောင်းနဲ့အပြိုင် သီးသန့်စီစဉ်ထားပေးပါတယ်။ မြို့ထဲမှာလည်း စက်ဘီးစီးသူတွေ အများအပြားပါပဲ။ စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးအတွက်သာမက မီးခိုးမထွက်လို့ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုလည်း မဖြစ်စေတော့ပါ။ မြို့သူမြို့သားများလည်း ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ပြီးသား ဖြစ်စေရဲ့။

ညနေစာကိုတော့ တူးမြောင်းကြီးတစ်ခုထဲမှာ ရေထဲမျောနေတဲ့ တရုတ်စားသောက်ဆိုင်ကြီးမှာ ဆန်ဆန် (၃) ထပ် တရုတ်ဆိုင်မှာ စားကြတယ်။ အနီရောင်နန်းတော်လို့ ဆိုင်အမည်ကို ရေးထားတယ်။ ဒုတိယထပ်မှာ စားပွဲခင်းကျင်းထားရာ ရွှေချဉ်ခွေဗုဒ္ဓဆင်းတုကို အခန်းလယ်မှာ ချထားပြီး ဘီယာနဲ့ ယမကာတွေလည်းသုံးဆောင်နေကြလေရဲ့။ ဩော်- အဆင်တန်ဆာအတွက်သာ ဗုဒ္ဓဆင်းတုတော်ကိုထားသည်ပဲလေ။ အမ်စတာဒမ်မှာတော့ မြို့နဲ့အတန်ဝေးတဲ့ (Radisson Hotel) ဟိုတယ်မှာ တည်းခိုကြတယ်။

ညဘက်ရောက်တော့ မိမိအစီအစဉ်နဲ့ မိမိစရိတ်ဖြင့်သာ လည်ပတ်ကြရတယ်။ လမ်းညွှန် ညွှန်ကြားထားတဲ့ Red Square ဆိုတဲ့ ရင်ပြင်နီကို ခရီးဖော်အချင်းချင်း လူစုပြီးသွားကြတယ်။ မြို့ထဲအသွားမှာတော့ ဟိုတယ်နဲ့ လေဆိပ်ကို အကြိုအပို့လုပ်ဖို့ဆွဲပေးတဲ့ လွန်းပျံယာဉ် (Shettle Bus)ကို လိုက်စီးသွားကြတယ်။

အမ်စတာဒမ်ရဲ့ ညရှုခင်းဟာ မီးရောင်စုံတွေနဲ့ ရင်ခုန်စရာကောင်းအောင် တစ်မျိုးလှနေပြန်ပေါ့။ ပြည့်တန်ဆာမိန်းကလေးများ တရားဝင်ဆိုင်ခင်းထားတဲ့လမ်းဘေးက ဆိုင်ခန်းပြတင်းပေါက်များကို အနီရောင်မီးရောင်နဲ့မြင်ရတယ်။ အချို့က ရေကူးဝတ်စုံ၊ ဘီကီနီဝတ်တွေ ဝတ်ထားပြီး ဟန်ရေးပြကြရဲ့။ မူးယစ်ဆေးဝါးတရားဝင်သုံးစွဲခွင့်ပြုထားတဲ့မြို့မို့ လမ်းဘေးမှာ စီးကရက်ထဲ ဆေးခြောက် ထည့်သောက်နေသူများကိုလည်း တွေ့နိုင်ပါတယ်။ လိင်ဆိုင်ရာပြခန်း၊ ပြတိုက်တွေလည်း လမ်းပေါ်မှာပဲရှိနေကြတယ်။ အပြင်ခန်းအထိ အခမဲ့ဝင်ကြည့်နိုင်ပေမယ့် အထဲဝင်ဖို့တော့ လက်မှတ်ဝယ်ကြရတယ်။ အမျိုးသား၊ အမျိုးသမီးလိင်အင်္ဂါများကို ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြသထားပေါ့။ အီတလီက ကျောက်ဆစ်ပန်းပုရုပ်များမှာကတည်းက အဝတ်မဲ့ပုံများကို ခန္ဓာဗေဒသဘောနဲ့ ပီပီပြင်ပြင်ထုလုပ်ကာ လမ်းဘေးဝဲယာနဲ့ ရေပန်းတွေမှာ အများအပြားပဲ မြင်ခဲ့ကြရပြီးမို့ မထူးဆန်းလှတော့ချေ။ ဒီ အမ်စတာဒမ်မြို့ ဒီနေရာမှာ လိင်အသားပေးအပြာရုပ်ရှင်ကားများရိုက်ကူးထုတ်လုပ်ခြင်းများလည်းရှိရာ နာမည်ကြီးလှပါတယ်။

လမ်းကြိုလမ်းကြားတွေမှာ လမ်းဘေးဆိုင်ခန်းတွေကိုငေးရင်း လျှောက်ကြည့်နေကြစဉ် မိုးဖွဲဖွဲရွာလာတယ်။ အမ်စတာဒမ်မှာရွာတဲ့မိုးပေါ့။ ခဏပါပဲ။ သို့သော်လည်း လေစိမ်းတွေတိုက်လာလို့ အတော်အေးလှတယ်။ အမ်စတာဒမ်ရဲ့ ညချမ်းဟာ မူးယစ်ဆေးဝါး၊ လိင်အပြာကားများနဲ့ ပွေလီလှပေမယ့် သူ့စည်းကိုယ့်စည်းနဲ့နေထိုင်ကြတော့ အတော်ပဲ အေးချမ်းသာယာလှရဲ့။ ရှုပ်ရှုပ်ထွေးထွေးလည်းမရှိလှဘဲ၊ အန္တရာယ်မရှိဘဲ ငြိမ်းချမ်းလှရဲ့။

**အမ်စတာဒမ်က တကယ်ကူညီတတ်ကြသူများ**

အပြန်မှာတော့ မြေပုံကြည့်ပြီး မြေအောက်ရထား(Metro) စီးရင်း ပြန်ခဲ့ကြပေါ့။ မြေအောက်ရထားအတွက် စီးရမယ့်လမ်းကြောင်းကို စမ်းတဝါးဝါးဖြစ်နေကြစဉ် ဘေးမှဖြတ်လျှောက်သွားတဲ့ ဒေသခံ အမျိုးသမီးလေးတစ်ဦးက ကျော်သွားပြီးမှ အသာပြန်လှည့်လာကာ ဘာကူညီရမလဲလို့ မေးတာနဲ့ မြေပုံမှာ ထောက်ပြတော့ လိုလိုလားလား လမ်းညွှန်ပေးရှာရဲ့။ရထားပေါ်မှာလည်း ဆင်းရမယ့်ဘူတာအကြောင်း ကိုယ့်အချင်းချင်းပြောနေကြစဉ် ဘေးမှလူငယ်တစ်ဦးက သူဆင်းခါနီးတော့ -

"Schipol ဆိုတာက ရှေ့နှစ်ဘူတာလွန်မှနော်။ အဲဒီကျမှဆင်း။ မှားမဆင်းနဲ့ဦး"

လို့ သတိပေးသွားသေးတယ်။

ဩော် - သူတို့မှာလည်း ကူညီတတ်တဲ့စိတ်ထားကောင်းတွေနဲ့ပါလားလို့ အံ့ဩစွာ ပီတိဖြစ်ရတယ်။ ရထားတွေက သန့်ရှင်းနေကာ အတွင်းအပြင် အဆင်နဲ့ ထိုင်ခုံတွေလည်း အတော့်ကိုကောင်းပြီး အချိန်လည်း တိကျလှရဲ့။ ရထားရပ်ရမည့်နေရာ၊ တက်ရမည့်အပေါက်ကအစ ပလက်ဖောင်းပေါ်မှာ ရေးဆွဲပြထားတဲ့သင်္ကေတများနဲ့ကွက်တိ ရပ်တန့်ပေးတာကိုလည်း အံ့ဩဖွယ်တွေ့ရပါတယ်။ ရထားပျောက်တာတို့ဘာတို့လည်း မရှိတတ်ဘူးလို့ သိရတယ်။

မြေအောက်ရထားက ဟိုတယ်နားအထိမရောက်လို့ တက္ကစီစီးပြီး ပြန်ခဲ့ကြရတယ်။ တက္ကစီကိုလည်း လမ်းကြုံခရီးတစ်ခုကို သူများတွေနဲ့ စုပေါင်းစပ်ပေါင်းပြီး ပေါင်မုန့်ကားလတ်လတ်တစ်စီး စီးပြန်ခဲ့တော့ သက်သက်သာသာနဲ့ ဟိုတယ်ကို ပြန်ရောက်ခဲ့ပေါ့။ ဘယ်ရမလဲ၊ အရိုးရဲ့သီချင်းတစ်ပုဒ်လို 'လူလည်အာရှသား' တွေပဲဟာ။

**စိတ္တဇနေကြာပွင့်များနဲ့ ဘုရင်မကြီးရဲ့စိန်သရဖူ**

နက်ဖြန်မနက်မှာ တူနာငါးကင်နဲ့ မနက်စာစားရမယ်။ ၁၈၄၀ ပြည့်နှစ်ကတည်းက တည်ထောင်ခဲ့တဲ့ 'ကော့စကာစိန်တိုက်' (Coster Diamond) ကို သွားရမယ်။ အဲဒီ စိန်တိုက်မှာ နယ်သာလန်ဘုရင်မကြီး ဘီးထရစ်(Beatrix)ရဲ့ခေါင်းဆောင်းသရဖူကိုကြည့်ရမယ်။ စိန်သွေးပုံနည်းလမ်းများကိုလည်း လေ့လာနိုင်တယ်။ စိန်အစစ်များနဲ့ စီခြယ်ထားတဲ့ ဆွစ်နာရီတွေလည်း အဲဒီစိန်တိုက်မှာ ဝယ်နိုင်တယ်။ ပြီးရင်တော့ စိတ္တဇဆန်လှတဲ့ ပန်းချီဆရာဗင်ဂိုးရဲ့ နာမည်ကျော် နေကြာပန်းပန်းချီကားတွေ၊ ရေရဟတ်ပန်းချီကားတွေကို ဝယ်နိုင်ပြန်တယ်။ အမ်စတာဒမ် တူးမြောင်းတွေထဲမှာလည်း လှေစီးခွင့် (Canal Cruise Ex–cursion) ရဦးမှာမို့ လှပတဲ့အိပ်မက်တွေကို မက်ရင်းပဲ အမ်စတာဒမ်ရဲ့ညကို နှစ်ခြိုက်စွာကျော်ဖြတ်လိုက်ရပါတယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**စာကိုး -**

*ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာဦးသန့် ဥရောပ-ခရီးသွားအတွေ့အကြုံများနဲ့*
*Encyclopædia Britannica, 2013.*



www.burmeseclassic.com

www.burmeseclassic.com

# ကလေးများနားရောဂါဖြစ်ခဲ့လျှင်

မျက်စိအဆုံး၊ နားအရှုံးလို့ ရှေးစကားရှိပါတယ်။ မျက်စိမမြင်တဲ့ဘဝဟာ ဘဝဆုံးရသလို နားမကြားသူတွေမှာလည်း ဘဝရှုံးကြရပါတယ်။ ခန္ဓာကိုယ်မှာ တစ်ခုခုချွတ်ယွင်းပြီဆိုကတည်းက ဘယ်ဟာမှမကောင်းပါဘူး။ အရှုံးကြီးနဲ့ အရှုံးလေးပဲကွာပါတယ်။

ကျွန်တော့်ကို လူအတော်များများက နားလေးတယ်လို့ဆိုကြတယ်။ ကိုယ့်ဟာကိုယ်တော့ နားလေးတယ်မထင်ပါဘူး။ ၂၀၁၂ ခုနှစ်မှာ ကျွန်တော့်ညီမ မညွန့်စိန်နဲ့ရပ်ပြီးစကားပြောကြတဲ့အခါ စကားကို တိုးတိုးလေးပြောနေသောကြောင့် ပါးစပ်လှုပ်တာသာမြင်နေရတာပါ။ ဘာဆိုဘာမှမကြားရပါဘူး။ ဒီအခါကျမှ ဟုတ်သားပဲ၊ ငါ့ကိုတိုးတိုးပြောနေတာ မကြားရပါလား။ ငါနားလေးနေတာပဲလို့ ကိုယ့်ကိုယ်ကိုယ်သဘောပေါက်ရပါတယ်။

ဒါက ကျွန်တော်တို့ ငယ်ငယ်က ပြန်ကံပြေးမှန်ကျောင်းမှာ ကျောင်းနေစဉ်က အလွန်အရိုက်ကြမ်းတဲ့ဘုန်းတော်ကြီးက အပြစ်ရှိရင် နားရင်းအမြဲအုပ်လို့ဖြစ်ရတာပါ။ နားရင်းကို လူကြီးအားနဲ့ တစ်ချက်အုပ်ရလိုက်ရင် ဖျောင်းခနဲနေပြီး နားထဲမှာ စီဆိုတဲ့အသံ အကြာကြီးကြားရပြီး မူးဝေပတ်ချာလည်နေတတ်ပါတယ်။ အတော်ကြာမှ နားထဲက 'စီ' ဆိုတဲ့အသံပျောက်တာပါ။ ဘယ်လောက်ရိုက်ချက်ပြင်းသလဲဆိုရင် မျက်စိထဲ မီးတောင်ပွင့်ပါတယ်။ ဒီလောက်ခံခဲ့ရတာဆိုတော့ ကျွန်တော် ငယ်စဉ်ကစပြီး နားလေးတာ မဆန်းပါဘူး။ အများကြီးလေးတာ မဟုတ်ဘူး။ နည်းနည်းပဲလေးနေခြင်းပါ။ နားထိုင်းကြီးထက်စာရင် နားထိုင်းလေးဆိုတော့ တော်သေးတာပေါ့။

နေပြည်တော်ရှိ ကျွန်တော့်အိမ်ရှေ့က သရက်ပင်ရိပ်စကားဝိုင်းလေးကတော့ အလုပ်အားနေတဲ့ ကျွန်တော်ရယ်၊ မောင်မြအေးရယ်၊ မောင်ကျော်ဆန်းရယ်၊ ကိုအေးကျော်ရယ် စုဝေးမပျက်တာများပါတယ်။ ပျက်ခြင်းပျက်ရင် မြင်းစာသွားသွားရိတ်ရတဲ့ ကိုအေးကျော်သာ ပျက်တတ်တာပါ။

ဒီနေ့ ကျွန်တော်တို့ ပြောဖြစ်ကြတာက နားအကြောင်းပါ။ ကလေးငယ်လေးတွေ နားရောဂါရတတ်ကြတာက အများအားဖြင့် ရေချိုးပေးတဲ့နေရာပါ။ ရေချိုးရင် နားထဲရေဝင်တတ်ပါတယ်။ ကလေးငယ်ဆိုတော့ ပြောမပြတတ်ပါဘူး။ ဒီတော့ နားထဲကရေကို သုတ်ရကောင်းမှန်းမသိဘဲ ဒီအတိုင်းထားလိုက်တဲ့အခါ အဲဒီရေရဲ့အစိုဓာတ်က နားဖာချေးကိုပွစေပြီး ပိုစဝင်လာတာပါ။ မှိုပိုးဝင်တာနဲ့ နားရောဂါစတော့တာပါပဲ။

နားယားလာမယ်။ နောက် အနာဖြစ်လာမယ်။ နောက် နားပြည်ယိုလာမယ်။ နားပြည်ယိုရင် အလွန်နံပြီး ရွံဖို့ကောင်းတာပါ။ အမှန်တော့ နားထဲမှာ အနာပေါက်နေတာပါ။ မှိုပိုးကြောင့်ဖြစ်ရတဲ့ အဲဒီအနာကို အမြန်ကုပါမှ၊ မကုရင်ပေါ့ဆနေရင် နားအမြှေးပါးထိခိုက်ပြီး နားလေးသွားနိုင်ပါတယ်။ နားကြပ်ကလေးတွေနဲ့ ကျောင်းတက်နေကြရတဲ့ ကလေးတွေ အများအပြား မြင်ဖူးကြမှာပါ။ ဘဝမဆုံးပေမယ့် ဘဝရှုံးနေကြတဲ့ ကလေးတွေပါ။

အဲဒီတော့ ကလေးငယ်လေးတွေ ရေချိုးပြီးရင် နားသုတ်တံလေးတွေနဲ့ နားထဲ ရေစင်အောင် ညင်ညင်သာသာလေး သုတ်ပေးသင့်ပါတယ်။ ဒါဆို နားထဲ ရေဝင်နေတဲ့ ရေကို နားသုတ်တံဝါဂွမ်းလေးက စုပ်ယူသွားခဲ့ပါပြီ။ တကယ်တော့ ရေချိုးပေးတဲ့ မိခင်ဟာ နားထဲရေမဝင်အောင် အထူးဂရုစိုက်ပြီး ရေချိုးပေးရမှာပါ။

လူကြီးတွေကျတော့ အများဆုံး နားရောဂါဖြစ်ကြတာ နားကလိတဲ့လူတွေပါ။ မိန်းကလေးတွေဆိုရင် ဆံနှိပ် (ဆံညှပ်) နဲ့ နားကော်လေ့ရှိကြပါတယ်။ အဲဒီမှာ မှိုပိုးဝင်ပြီ နားရောဂရကြတာပါ။ နားသန့်ရှင်းရေးဆိုတာ အမြဲမလုပ်ကြပါဘူး။ ကြာကြာတစ်ခါမှသာ နားဖာချေးကော်တတ်ကြတာပါ။ ရေချိုးတဲ့အခါ နားထဲရေဝင်ရင် ရေသုတ်တံနဲ့ သုတ်လို့ရပါတယ်။ လူကြီးဆိုတော့ ရေဝင်ရင် သိကြတာကိုး။ ပေါ့လို့ကတော့ နားထိုင်းရောဂါရသွားနိုင်ပါတယ်။

အသက်ကြီးလို့ မျက်စိမှုန်တာ၊ နားလေးတာဆိုတာမျိုးလည်းဖြစ်တတ်ကြပါတယ်။ ကျွန်တော်တို့ပြောဆိုနေကြတာက ဘယ်သူက ဘယ်လိုနားလေးတာဆိုတာပါပဲ။ ညီမကြီး မခင်ထွေးရဲ့ ယောက်ျား တင်မောင်လတ်ဟာ သူများပြောရင် ကြားတဲ့ဘက်ကနားနဲ့ စောင်းပြီး နားထောင်လေ့ရှိတယ်။ အလေ့အကျင့်ဖြစ်နေပါပြီ။ ဒါမျိုးတွေပြောနေကြတော့ကာ မောင်မြအေးကပြောပါတယ်။

"လူကြီးတွေတော့ ရှံမယ်မထင်ဘူး။ ကလေးငယ်လေးတွေ နားရောဂါဖြစ်ရင်တော့ ခြသေ့်ကြီးဆီခေါ်သွားပြီး စတိသဘောနဲ့ ကုလို့ရတယ်"

လို့ ပြောပါတယ်။

အဲဒီမှာ မောင်ကျော်ဆန်းကလည်း ချက်ချင်းပဲ ထပြီးထောက်ခံပါတယ်။

"ဟုတ်တယ်ကွ မြအေး[illegible] ကလေးတွေ နားရောဂါ ဖြစ်ရင် ဘုရားမှာရှိတဲ့ ခြသေ့်ကြီးဆီသွားပြီး ခြသေ့်မင်းကြီးရဲ့ကောင်းတဲ့နား ဟောဒီကလေးကို ပေးပါ။ ကလေးရဲ့ မကောင်းတဲ့နားကို ခြသေ့်မင်းကြီးယူတော်မူပါလို့ သုံးကြိမ်ပြောရတယ်။ နားရောဂါရှိတဲ့ကလေး ယူပစ်သလိုကိုပျောက်တာ ဆရာ[illegible] အေး- လူကြီးကျတော့ မရဘူးပေါ့ကွာ"

လို့ ခြသေ့်ကြီးဆီ ပြောပုံပြောနည်းပါ ပြောပြပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ ဗုဒ္ဓဘာသာတိုင်းပြည်ဖြစ်တဲ့အတွက် ဘယ်နေရာမှာမဆို ဘုရားတန်ဆောင်း ကျောင်းကန်တွေရှိကြပါတယ်။ ဘုရားတန်ဆောင်း၊ ကျောင်းကန်ရှိရင် အများအားဖြင့် ခြသေ့်ရုပ်လည်းရှိကြတာပါ။ ခြသေ့်ရုပ်ရှိရင် နားရောဂါရှိတဲ့ ကလေးကို စတိသဘောနဲ့ ကုလို့ရပါတယ်။ [illegible] နည်းနဲ့ ကျွန်တော်တော့ ကုမပေးဖူးသေးပါဘူး။

ရန်ကုန်က မောင်မြအေးရဲ့ [illegible] ကို နေပြည်တော်က မောင်ကျော်ဆ[illegible] ကပါ သိနေပြီးဖြစ်ပြီး ထောက်ခံပြော[illegible] လာတာကြောင့် ဒီစတိသဘောခြသေ့်[illegible] ကုနည်းကိုလည်း ကျွန်တော်မှတ်တ[illegible] စာအုပ်ထဲ ထည့်ထားလိုက်ပါတယ်။ [illegible] ယုံကြည်ကြည်နဲ့ ကုကြည့်ကြပါလို့ တို[illegible] တွန်းလိုက်ပါတယ်။ ကျွန်တော်ကျ[illegible] ကြောင်လျှာခေါက်နဲ့ နှမ်းဆီနဲ့သာ [illegible] တာပါ။

ချမ်းမြေ့[illegible]

နေပြည်တော်ကျော်[illegible]



www.burmeseclassic.com

www.burmeseclassic.com


ဆီး၀မ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ Y ၀၀၉၇၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟေ့ ဘယ်သူတုန်းကွယ့်"။ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ဆယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "သြော် မောင်ထွန်းကျော် ကိုး" "ဘုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ချည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး အမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မှုးဝေနောက်ကျိ ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟေ့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး၊ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ဆယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာလန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နိုးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြရုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး ညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့"" ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး " ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟေ့ မောင်ထွန်းကျော် ကျန်းမာစိုပြည်လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှုများနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ်ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၅)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄၊


www.burmeseclassic.com

www.burmeseclassic.com

ချောင်းရေပြင်သည် ကြည်လင်သန့်ရှင်း၍နေ၏။ တောတောင်များပတ်လည်ဝိုင်းနေသောကြောင့် ကြည်လင်သော ချောင်းရေပြင်၌ တောရိပ်တောင်ရိပ်များ ထင်ဟပ်၍နေသည်။ နွေရာသီဖြစ်သောကြောင့် ကြည်လင်သော ရေအောက်က ကျောက်တုံးကျောက်ခဲများနှင့် သဲမြေများအထိမြင်နေရသည်။ ငါးလေးများလည်း ကူးခပ်၍နေကြသည်။

မယ်ခွေသည် ရေအခြေအနေ၊ ရေထဲက ငါးပုစွန်များ၏ အခြေအနေများကို အကဲခတ်နေရာမှ သားကလေးပြည်မောင်ဘက်ကို လှည့်ကြည့်မိပြန်သည်။ ပြည်မောင်သည် သဲပြင်တွင် ပြေးလွှားရင်း ကျောက်ခဲလေးများကို လိုက်ကောက်နေသည်။ ချောင်းကမ်းနားဖူးက ပန်းပွင့်ကလေးများကိုလည်း လိုက်ခူးနေသည်။

နွေရာသီ ရေနည်းချိန်ဖြစ်၍ မယ်ခွေတို့ ယက်သဲ့သမများ ငါးဖမ်း၍အဆင်ပြေသည်။ ရေတိမ်တွင်ပြေးလွှားနေကြသော ငါးကလေးများအပြင် သဲထဲတွင်မြုပ်နေကြသော ငါးသလဲထိုးလေးများအထိ ဖမ်းယူနိုင်လေသည်။ ထို့ကြောင့် တစ်အိုးချက်တစ်နပ်စားငါးရရှိရေးကို မည်သည့်အနား၊ မည်သည့်အိုင်တွင် ဖမ်းယူသည်ဖြစ်စေ အလွယ်တကူ ဖမ်းယူနိုင်သည်။

မယ်ခွေသည် ရေအခြေအနေ ငါးအခြေအနေများကို တစ်အောင့်လေး အကဲခတ်ကြည့်လိုက်ပြီးနောက် ထဘီကို ခပ်တိုတိုဝတ်လိုက်သည်။ ခေါင်းပေါင်းကို မြဲအောင်ပေါင်းသည်။ ပလိုင်း



# ထွန်းတောက်

## သိုက်ငြိမ်းသောနေ့ကမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com

ကို ခါ ဗာချည်သည်။ ထို့နောက် ကျောက်ပ်ားမှာ ထောင်ထားသော ယက်သဲ့ကို ကိုင်ပြီး ရေအိုင်ထဲသို့ ဆင်းလိုက်သည်။

ငါးလေးများကို ချောင်ပိတ်မောင်းသွင်းပြီး တစ်ဖက်မှ ယက်သဲ့ဖြင့်ခံကာ သက်နှင့် လှုပ်ခတ်၍ ကပျာကယာ ဆွဲဖော်လိုက်သည်။ ငါး၊ သုံးလေးကောင်မျှ သာပါလာ၏။ ငါးကောင်ရေအတော်များများကို ချောင်ပိတ်ဖမ်းသည့်တိုင်အောင် လေး၊ ငါးကောင်မျှသာပါလာ၍ နည်းသည်ဟုယူဆကာ နောက်တစ်နည်းကို စဉ်းစားသည်။

သိလိုက်ပြီ။ ယက်သဲ့က အသစ်ဖြစ်၍ ထင်ထင်ရှားရှား ပြောက်ပြောက်ကျားကျားကြီး မြင်နေရသောကြောင့် ငါးကလေးများ ယက်သဲ့ထဲသို့မဝင်ဘဲ ရှောင်ထွက်ပြေးသွားကြခြင်းပင် ဖြစ်ပေမည်။ ထို့ကြောင့် မယ်ခွေသည် နောက်တစ်နည်းကိုသုံးလိုက်၏။ ဦးစွာ ယက်သဲ့ထဲသို့ သစ်ရွက်၊ သစ်ခက်များကို ထည့်ထားလိုက်၏။ ထို့နောက် ငါးကလေးများကို သခင်ကအတိုင်း ချောင်ပိတ်လိုက်သွင်းပြီး ယက်သဲ့ဖြင့် ထောင်ဖမ်းပြန်သည်၊ သည်အကြိမ်တွင် ပထမအကြိမ်ထက် သုံးဆခန့်ပို၍ ငါးကလေးများကို ဖမ်းမိ၏။ ထို့ကြောင့် သည်နည်းမဆိုးဘူးဟု မယ်ခွေ သိလိုက်သည်။ ယက်သဲ့ဖြင့် ငါးဖမ်းခြင်း၏ လျှို့ဝှက်နည်းကလေးတစ်ခုပင် ဖြစ်သည်။

သည်ပတ်ဝန်းကျင်ကို တော်ရုံမိန်းမများ ငါးဖမ်းရန်မလာရဲကြပေ။ အုပ်စုဖွဲ့ပြီးလာလျှင်လည်း ငါးဖမ်းနယ်က ကျဉ်းမြောင်းသွားရပြန်သည်။ ထို့ကြောင့် လူနှင့်ငါးအားချင်းမမျှ၍ အုပ်စုဖွဲ့ပြီးလည်း မလာကြသလို တစ်ယောက်လည်း ဆိုခဲ့သည့်အတိုင်း မလာရဲကြသဖြင့် ဤနေရာလေးတွင် ငါးပေါခြင်းဖြစ်သည်။

ဤနေရာနှင့် အနီးအနားတွင် သိုက်ရှိသည်ဟု နားလည်ကြသည်။ သိုက်ရှိသည်ဟု လူတိုင်းသိထားကြသလို တချို့ကသိုက်စောင့်များကိုပါမြင်ဖူးကြသည်။ တချို့ကလည်း အသံဗလံများကို ကြားဖူးကြသည်။ မယ်ခွေလည်း သိုက်ရှိသည်ဟု ကြားဖူးရုံမျှတော့ရှိသည်။ ထိုထက် သိုက်စောင့်များကို ကိုယ်တိုင်မမြင်ဘူးသလို သိုက်စောင့်များ၏ အသံဗလံကိုလည်း မကြားဘူးပေ။

သို့သော် မယ်ခွေလည်း သည်နေရာကို တစ်ယောက်တည်းလာရဲသည်တော့မဟုတ်ပေ။ ထို့ကြောင့်လည်း တစ်ယောက်တည်း မလာရဲသောကြောင့် သားကလေးကို အဖော်ခေါ်လာခြင်း ဖြစ်သည်။ သားကလေးက အသက်(၇)နှစ်မျှသာရှိသေး၍ အားကိုးရသည်၊ မရသည်ထား အဖော်အဖြစ်ဖြင့် အားရှိသည်ကတော့အမှန်။

သားကလေးဆိုမှ မယ်ခွေ သတိရသွားပြီး ဆတ်ခနဲ ခေါင်းမော့ပြီး သားကလေးကို ရှာကြည့်သည်။ သားကလေးသည် ယခင်နေရာတွင် မရှိတော့ပေ။ ထို့ကြောင့် မယ်ခွေ စိတ်ပူသွား၏။ ယက်သဲ့ကို မြေမှာထောက်ပြီး ခါးဆန့်ကာ သက်မတစ်ချက်ကိုရှူရှိုက်လိုက်သည်။

"အစ်မ၊ အစ်မ"

သားကလေး ငပြည်မောင်၏ အသံကို ကမ်းပါးထိပ်ဆီက ကြားလိုက်ရ၍ စိတ်အေးသွား၏။ သားလေးကို မမြင်ရဘဲ အသံကိုမျှသာ ကြားရသော်လည်း ကမ်းပါးထိပ်ဆီကို ရောက်နေ၍ စိတ်ချသည်။ ချောင်းထဲလျှောက်သွားနေလျှင် ရေနစ်မည်ကို စိုးရိမ်ရသည်။

"အစ်မရေ၊ အစ်မ၊ အစ်မ"

"ဟဲ့ - တမတည်းမနေတာပဲ"

ဟု မယ်ခွေက လှမ်းအော်ပြောလိုက်သည်။

"ဒီညနေ ရွာထဲမှာ ဇာတ်ကမယ် ထင်တယ် အစ်မရဲ့"

မယ်ခွေ ပြုံးမိ၏။

'ဒီကလေးတောပြောတောင်ပြောနဲ့ ဘာများလျှောက်ပြောနေပါလိမ့်'

ဟုလည်း တွေးလိုက်မိသည်။ သားလေးကား ယခုအချိန်ထိ ကမ်းပါးထိပ်မှ ဆင်းမလာသေးပေ။

"ဇာတ်သမားတွေသွားကြပြီဗျ သိလား အစ်မ"

"ဘယ်ကဇာတ်သမားတုံး"

ဟု မယ်ခွေက ယက်သဲ့ထဲမှ ငါးကလေးများကို ပလိုင်းထဲသို့ စောင့်ထည့်ရင်း ပြောလိုက်သည်။

"ဘယ်ကဇာတ်သမားတွေလဲတော့ မသိဘူးဗျ။ မင်းသား၊ မင်းသမီးတွေ အပြင် ရှင်ဘုရင်တွေရော နတ်သိကြား





www.burmeseclassic.com

www.burmeseclassic.com

တွေပါ အများကြီးပဲ။ ဆင်တွေလည်း ပါတယ်။ ဆင်ပေါ်မှာ ရွှာသူကြီးမိန်းမ ဆွမ်းပို့တဲ့အုပ်လို ရွှေအုပ်သုံး၊ လေးလုံး တင်ထားတယ်။ နွားလှည်း၊ မြင်းလှည်း တွေပေါ်မှာတင်ထားတဲ့ သေတ္တာကြီး တွေဟာလည်း ရွှေရောင်တဖိတ်ဖိတ် တောက်နေတယ်။ ဆိုင်းဝိုင်းကြီးက လည်း မြိုင်မှမြိုင်ပဲ"

သားလေးငပြည်မောင်က စီကာ ပတ်ကုံးပြောပြနေ၍ မယ်ခွေ၏မျက်လုံး အနည်းငယ်ကျယ်လာ၏။ ထို့နောက် မေးလိုက်သည်။

"သားလေး၊ မင်းတကယ်ပြောနေ တာများလား"

မိခင်မျက်လုံးပြူးနေသည်ကိုမြင် ၍ သားလေးသည် ချက်ချင်းမပြောဘဲ မိခင်၏မျက်နှာကိုသာ စိုက်ကြည့်နေ၏။ ထိုအခိုက်မှာပင် မယ်ခွေကိုယ်တိုင် ငြိမ့် ညောင်းသောတူရိယာသံကို ကြားလိုက် ရလေသည်။ တူရိယာသံသည် ခပေါင်း ချောင်းအထက်ဘက် တောင်ကြောတန်း တစ်ခုအတိုင်း ခုန်ဆင်းလာသံမျိုး ဖြစ်၏။

မယ်ခွေကိုယ်တိုင် သားကလေး ငပြည်မောင်နှင့်အတူ ကြည့်သော်လည်း တူရိယာသံကိုသာ ကြားရပြီး ငပြည် မောင်ပြောသော ဇာတ်အဖွဲ့ကြီးကို မမြင်ရပေ။ထို့ကြောင့် မယ်ခွေ ကြောက် လာမိ၏။ ဇာတ်အဖွဲ့ကြီးကို ကလေးသာ မြင်ပြီး လူကြီးမမြင်ဆိုကတည်းက အရမ်း ထူးဆန်းနေသည်။

တွေးရင်းက မယ်ခွေ၏ မျက်လုံး များ ကျယ်လာပြန်ပြီး သားကလေးကို လက်ဆွဲ၍ ရွာဘက်ကို လှည့်ပြေးလေ သည်။ သည်နေရာသည် တောလည်း အတော်အတန်နက်၊ သိုက်ရှိသည်ဟု လည်း နာမည်ကြီးနေ၍ လျှော့တွက်ရန် မသင့်ပေ။ ဒုက္ခတစ်စုံတစ်ရာဖြစ်မလာ ဟု မပြောနိုင်။ တွေးရင်းက မယ်ခွေ ရွာ ကိုရောက်အောင် ပြေးလေသည်။

❒

မယ်ခွေတို့၏ ရေလယ်ခုံရွာက လေးသည် အိမ်ခြေဆယ့်ငါးလုံးမျှသာ ရှိပြီး လူဦးရေ ခြောက်ဆယ်ခန့်ရှိသည်။ အနောက်မှ အရှေ့ဘက်ကိုစီးသည့် ပဲခူး ရိုးမကြီးကို မြစ်ဖျားခံသော ခပေါင်း ချောင်းမကြီး၏ လက်ဝဲဘက်ကမ်းနား ဖူးတွင်တည်သည်။ ယခင်က ကျွန်း သဖွယ်ရှိ၍ ရေပတ်လည်ဝိုင်းနေခဲ့ဖူး သောကြောင့် ရေလယ်ခုံရွာဟုတွင် သည်။

တောင်ငူမြို့မှ မိုင်နှစ်ဆယ်ခန့် လှမ်းသည်။ ခပေါင်းချောင်းရိုးအတိုင်း ဆန်တက်လျှင် တောင်ဘက်တွင် အုတ် တွင်းမြို့ရှိပြီး မြောက်ဘက်တွင် ရွာစဉ် ဆယ်ရွာခန့်ရှိသည်။ တောင်ယာကိုင်း ခင်းလယ်လုပ်ခြင်းဖြင့် အသက်မွေးကြ သည်။ ပဲခူးရိုးမကြီးကိုရော ခပေါင်း ချောင်းကြီးကိုပါ အမှီရသဖြင့် လုပ်ခင်း လည်းပေါသည်။ တောလုပ်သားရွာသူ ရွာသားတို့၏ဘဝကို ကောင်းစွာဖြေရှင်း ပေးနိုင်ကြသည်။

ထို့ကြောင့် မယ်ခွေတို့ရွာကလေး သည် ငယ်ပင်ငယ်သော်လည်း တောသူ တောင်သားတို့၏ လုပ်ခင်းလယ်ယာများ ကို လုပ်ကိုင်စားသောက်ရသဖြင့် တော သဘာဝအတိုင်း မပူမပင်စားသောက် နေထိုင်ကြရသည်။

ညနေ ထမင်းစား၍အပြီးတွင် သားလေး ငပြည်မောင်က ဖခင်ဖြစ်သူ ကိုမဲတူအား နေ့ခင်းက သူ့မိခင် မယ်ခွေ နှင့် ငါးသွားဖမ်းရင်း သူတွေ့ကြုံခဲ့ရ သော ဇာတ်အဖွဲ့အကြောင်းကို ပြောပြ လေသည်။ ကြားရစတွင် ကိုမဲတူလည်း အံ့ဩမလိုဖြစ်သွား၏။ ထို့နောက်မှ အကြောင်းခြင်းရာကိုပြောပြလေသည်။

"ဇာတ်အဖွဲ့ကြီးကို မြင်လိုက်ရ တော့ သားလေး ကြောက်သွားသလား"

ဟု အစချီသည်။

"မကြောက်ပါဘူး အဖေရဲ့။ သား တို့ဆရာတော်ကြီးက ဘာကိုမှမကြောက် ရဘူး။ ဘယ်လိုအခက်အခဲနဲ့ပဲတွေ့ပါ စေ ကြောက်တဲ့စိတ်ဝင်မသွားအောင် ထိန်းထားရမယ်။ တစ်ကြိမ်ကြောက်သွား မိရင် နောက်လည်း ကြောက်စိတ်တွေ တစ်မျိုးပြီးတစ်မျိုး ဝင်လာတတ်တယ် တဲ့။ ကြောက်တဲ့စိတ်နဲ့လုပ်ရင်လည်း ဘာမှမအောင်မြင်ဘူးတဲ့။ ပြီးတော့ သား က ဇာတ်အဖွဲ့ကြီးကို မြင်လိုက်ရတော့ မကြောက်တဲ့အပြင် ညနေ ဇာတ်ကြည့် ရမယ်လို့ထင်ပြီး ပျော်တောင်မှပျော်နေ သေးတယ်"

ကိုမဲတူသည် သားလေး ငပြည် မောင်ပြောပြသည်ကို သဘောကျပြီး တဟားဟားဖြင့် ရယ်လေသည်။ ထို့ နောက် ပြောပြသည်။

"အဲဒါက ဇာတ်အဖွဲ့မဟုတ်ဘူး ကွယ့်သားရဲ့။ ဟိုးရှေးရှေးတုန်းက အခု ရှင်ပင်ကျောက်ဆောင် ဘုရားတည်တဲ့ နေရာမှာ ဇရာမကျောက်တုံးကြီးတစ်တုံး ရှိခဲ့ဖူးသတဲ့။ ခပေါင်းချောင်းကြီးက မိုး တွင်း တောင်ကျရေလွှမ်းချိန်မှာ အဲဒီ ကျောက်တုံးကြီးအထိ ရေရောက်သတဲ့။ ကြက်ရိုးပင်ရဲ့ အနောက်ဘက်ခြမ်းမှာ လည်း မြို့တည်ပြီးအုပ်ချုပ်တဲ့ ဘုရင် တစ်ပါးရှိသတဲ့။ အဲဒီဘုရင်မှာ အင်မတန် ချောမောလှပခံ့ညားတဲ့ မယ်တော်ကြီး တစ်ပါးလည်းရှိသတဲ့"

"နေ့ခင်းကဇာတ်အဖွဲ့မှာမြင်လိုက် ရတဲ့ ဘုရင်ကြီးမှာလား အဖေ"

ဟု သားလေးကဖောက်မေးလိုက် ၍ ငြိမ်ပြီးနားထောင်နေသော မယ်ခွေ က အသံတိတ်ဖြင့်ရယ်ကာ ကိုမဲတူအား လှမ်းပုတ်လိုက်ပြီး -

"ဟုတ်တယ်လို့ ပြောလိုက်၊ မဟုတ်ရင် နောက်လည်းမေးနေလိမ့် မယ်။ ဒီအကြောင်းကို ကျုပ်လည်း ဟို တစ်ခွန်းဒီတစ်ခွန်းပဲ ကြားဖူးတယ်၊ ဒါ ကြောင့် အပြည့်အစုံသိရအောင်ဆက် ပြော"

ဟု တိုးတိုးလေးပြော၏။

"အေးပေါ့ကွ၊ အဲဒီဘုရင်ရဲ့ မယ် တော်ကြီးပေါ့။ ပြီးတော့ မယ်တော်ကြီး ဟာ နန်းတော်မှာမပျော်ဘဲ တောထဲမှာ တရားဘာဝနာပွားများချင်တယ်ဆိုလို့ ဘုရင်ကိုယ်တိုင် မင်းခမ်းမင်းနားနဲ့ အောင် ဖွဲ့ပြီး ခပေါင်းချောင်းဖျားကို ဆန်တက် သတဲ့။ ဒါပေမယ့် နွေရာသီဖြစ်လို့ ရေ နည်းတဲ့အတွက် ရှင်ပင်ကျောက်ဆောင် ဘုရားနားမှာ ခေတ္တနားပြီး မိုးတွင်းရေ များချိန်ကိုရောက်အောင် စောင့်ကြ သတဲ့။ ရေစောင့်ရင်းနဲ့ သုံးနှစ်သုံးမိုးတိုင် အောင် ကြာသွားသတဲ့။ ဒါကြောင့် မယ် တော်ကြီးက ရှေ့ကိုဆက်သွားဖို့ရာ ဆန္ဒမရှိ။ ဘုရားတည်ရန်ကို သားတော် ဘုရားအား ပြောကြားလို့ မယ်တော် စေတီငယ်ကို စပြီးတည်ကြသတဲ့။ ပြီး တော့ နောင်တော်စေတီ၊ ညီတော်စေတီ များကိုပါ တည်ကြသတဲ့။ ပြီးတော့ ဘုရင်က မယ်တော်ကြီးအတွက် တ တော်အချို့ကိုခွဲထားခဲ့ပြီး နန်းတော်ကို ပြန်သတဲ့"

"ဒါဆို အဖေ၊ မယ်တော်ကြီး ရှေ့ကိုဆက်မသွားဘဲ ရှင်ပင်ဘုရားနေ ရာမှာပဲ နေရစ်ခဲ့သလား"

"ဟုတ်တယ်၊ မယ်တော်ကြီးဟာ နောက်ပါခြွေရံသင်းပင်းတွေနဲ့ အတူ ကွ တရားဓမ္မကိုလည်း ပွားများ၊ လုပ်ခင်း လယ်ယာများကိုလည်း ဖန်တီးလုပ်ကိုင် စားသောက်ရင်း ငါးနှစ်ကြာတဲ့ တပေါင်း လပြည့်တော် ၁၄ ရက်နေ့မှာ နတ်ရွာစံ သတဲ့။ ဘုရင်ကိုယ်တော်တိုင်စီးပြီး ရွှေဖောင်တော်ဆယ်စီးကို ပြုလုပ်တည်



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်မှုဖြင့်သုံးစွဲကြည့်သင့်သည့် လေဖြတ်၊လေငန်းရောဂါအတွက် ဆေးစွမ်းကောင်းတစ်လက်

လေဖြတ်ခြင်းသည် ယခုခေတ်အခါတွင် ခေတ်စားသည့် စူပါစတားရောဂါ ဖြစ်နေ၏။

အရင်းခံအကြောင်းသည် ဆီးချိုနှလုံး၊ သွေးတိုးမှစသည့် ဖွံ့စည်းသည့် အစာအာဟာရများ အလွန်အကျွံစားခြင်း၊ အချိန်မတော်၊ ကာလမတော်ရေချိုးခြင်း၊ ပန်ကာ၊ လေအေးစက်များနှင့် အိပ်စက်ခြင်းဖြင့် သွေးကြော၊လေကြောပိတ်ဆို့ကာ ဤရောဂါဖြစ်ခြင်း ဖြစ်သည်။

ယင်းရောဂါဖြစ်သည်နှင့် စိတ်ပိုင်း၊ ရုပ်ပိုင်းနှစ်မျိုးစလုံး ဒုက္ခရောက်ပေသည်။ အချို့ မျက်စိနှင့် ပါးစပ်ရွဲ့စောင်းသွားခြင်း၊ လက်၊ ခြေများ တွဲလောင်းကျ၍ တရွတ်ဆွဲနေခြင်း စသဖြင့် ဦးတည်ချက်မမှန် ယမ်းခါနေတတ်၏။ အချို့မှာ အိပ်ရာမှပင် မထနိုင်တော့ပေ။ သွားရည်သိမ်းနိုင်၊ အစားစားသောက်သည်မှစ၍ အခြားကိစ္စရပ်အားလုံး တစ်ပါးသူသို့သာ အားထားရတော့၏။ ထိုအခါ ကာယကံရှင်သည် လည်းကောင်း၊ မိသားစုဝင်များသည် လည်းကောင်း ငွေကြေးမှစ၍ နေထိုင်မှု၊ လူမှုရေးများ၌ ထိခိုက်ကုန်ကြတော့သည်။

ခန္ဓာတည်ဆောက်မှုတွင် ဝမ်းသာခြင်းနှင့် ဝမ်းနည်းမှုခံစားသည့်အာရုံကြောများအား လေဖြတ်ခြင်းဖြင့် ထိခိုက်စေသည်ဖြစ်ရာ အချို့မှာ ဝမ်းပန်းတနည်း မျက်ရည်များကျတတ်သကဲ့သို့ အချို့မှာ တဝါးဝါးတဟားဟားနှင့် ရယ်မောနေတတ်၏။ ဤသည်မှာ ရယ်ကြောနှင့် ငိုကြောဆိုင်သည့် ဟာဒယနှလုံးကို ထိခိုက်၍ဖြစ်၏။ ဝမ်းပန်းတနည်းငိုယိုသူများပြီး ရယ်မောတတ်သူနည်း၏။ တစ်ထောင်တွင် တစ်ယောက်ရှိခဲ၏။

စာရေးသူသည် ထိုငိုကြောထိသူကို လည်းကောင်း၊ ရယ်ကြောထိသူကို လည်းကောင်း၊ လေဖြတ်သူနှစ်ဦးစလုံး တွေ့ဖူး၏။ တစ်ဦးက လူတွေ့လျှင် မျက်ရည်ဖြိုင်ဖြိုင်ကျ၏။ တစ်ဦးကမူ ကလိထိုးသည့်နှယ် တဟားဟားအော်ရယ်နေ၏။ (၂) ဦးစလုံးသည် ဂုဏ်သိက္ခာရှိသော အမျိုးသားကြီးများ ဖြစ်သည်။ အမည်မဖော်ပြလိုတော့ပါ။ ယခုအချိန်တွင် ကွယ်လွန်သွားကြပြီ ဖြစ်သည်။

လေဖြတ်ရောဂါအား ကာကွယ်သည့် အရှေ့တိုင်း၊ အနောက်တိုင်းဆေးများ၊ အရပ်ဓလေ့ကြားဖူးနားဝဆေးမြီးတိုများအား မျိုးစုံအောင် ကြားဖူးနားဝရှိပြီး သုံးစွဲကြဖူးပေမည်။ သို့သော် ဂမ္ဘီရဆန်သည့် လေဖြတ်၊ လေဖြန်းရောဂါအား ကာကွယ်သည်သာမဟုတ် ဖြစ်ပွားပေါ်ပေါက်ခြင်းပင်မရှိနိုင်သည့် ဤဆေးနည်းကို သုံးစွဲကြည့်ရန် အထူးတိုက်တွန်းရေးသားလိုပေသည်။ အဝင်မဆိုးသည့် အပြင် အကျိုးရှိစေမည်ဖြစ်၍ အထူးယုံကြည်မှုရှိစေချင်ပါသည်။

၁။ ဘာသာရေး၌လည်းကောင်း၊
၂။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌လည်းကောင်း၊
၃။ ရောဂါကုသသည့်သမားနှင့် ဆေးဝါးအပေါ်တွင်လည်းကောင်း

ယုံကြည်မှုရှိမှသာ ပြည့်ဝသည့် အကျိုးတရားများကို ရရှိခံစားနိုင်မည် ဖြစ်ပေသည်။

**ပြုလုပ်ဆောင်ရွက်ရမည်မှာ**

လတစ်လ၏ လပြည့်သည့်နေ့ နံနက် (၆) နာရီမှ (၁၂) နာရီအတွင်း ဘဲဥတစ်လုံး(ကြက်ဥမဟုတ်)အားပြုတ်၍ သကြား (၁) ဇွန်းနှင့် စားရမည်။ (၁၂) နာရီကျော်က မစားရ။ ယင်းသို့ စားသုံးခြင်းသည် လပြည့် (၁) ကြိမ်သာဖြစ်ပြီး နောက် လပြည့်သည့်လတိုင်း ယင်းသို့ စားသုံးသွားခြင်းဖြင့် (၆) လပြည့်လျှင် ဆေးစားသုံးမှု ပြီးမြောက်ခြင်းရောက်၏။ ဆက်လက်စားသုံးလိုလျှင် ကာယကံရှင်၏ဆန္ဒအတိုင်းဖြစ်ပေသည်။ ယုံကြည်စွာစားသုံးလျှင် ရောဂါဖြစ်ခြင်းမှ ကင်းဝေးမည်ဖြစ်ပြီး မယုံမကြည်ဖြင့် စမ်းသပ်စားသုံးသည်ဆိုကလည်း ဘေးထွက်ဆိုးကျိုးမရှိဘဲ အရသာရှိသည့် စားသုံးဖွယ်တစ်ခု ဖြစ်ပေသည်။ ဆီးချိုအခံရှိ၍ ဤဆေးစားသုံးလိုသော်လည်း မဝံ့မရဲဖြစ်နေပါက ဤဆေးနည်းကို စားသုံးပြီးနောက်-

၁။ ဩဇာညွန့် (၁၀) ရွက်၊ (၁၅) ရွက်ခန့် ရေဆေးသန့်စင်၍ မတ်ခွက်တစ်ခွက်စာ ရေနွေးနှင့်စိမ်ပြီး သောက်ခြင်းဖြင့်လည်းကောင်း၊
၂။ ရှမ်းပြည်နယ်မှထွက်သည့် ယာကွန်ဥတစ်လုံး စားပေးခြင်းဖြင့်လည်းကောင်း၊
၃။ မိမိသုံးစွဲနေကျ၊ ဆီးချိုကျဆေးကို သောက်ခြင်းဖြင့် လည်းကောင်း၊ ဆီးချိုတက်သည့် အန္တရာယ်ကို ကာကွယ်နိုင်ပေသည်။

စာရှုသူများ သုံးစွဲကြည့်ပါရန်နှင့် သုံးစွဲသူအပေါင်း လေဖြတ်သည့်ဘေးမှ ကင်းဝေးကြပါရန် မေတ္တာရည်လျက်။

ထပ်တရော

---

ခန်ကာ မင်းခမ်းမင်းနားနဲ့ ခြိမ့်ခြိမ့်သဲသဲကြိုဟ်ကြသတဲ့။ မယ်တော်ကြီး သက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားကိုလှူဒါန်းပူဇော်ထားခဲ့တဲ့ ရွှေ၊ ငွေရတနာ၊ ကျောက်သံပတ္တမြားတွေကိုလည်း ဘုရားအနီးက မယ်တော်ကြီး တရားဘာဝနာပွားများခဲ့တဲ့ ဂူထဲထည့်ပိတ်လိုက်ကြလို့ များပြားလှတဲ့ ရတနာတွေကိုစွဲပြီး မယ်တော်ကြီးဟာ ဘီလူးမကြီးဖြစ်သွားသတဲ့။ ဒါကြောင့် မယ်တော်ကြီးဟာ သူ့ရတနာတွေကို မသမာတဲ့လူတွေလက်ထဲကို မရောက်နိုင်စေရန်အတွက် သူ့ပေါင်းဖော်သဟာတွေနဲ့ ငါးနှစ်တစ်ကြိမ် နေရာပြောင်းလေ့ရှိလို့ နေ့ခင်းက သားမြင်လိုက်ရတဲ့ ဇာတ်အဖွဲ့ဆိုတာကို သားပြောကတည်းက အဖေသိလိုက်တယ်။ ဘာဇာတ်အဖွဲ့မှမဟုတ်ဘူး။ မယ်တော်ကြီးနဲ့အဖွဲ့တို့ သိုက်ပြောင်းကြတာကွယ့်"

"ဪ၊ ဪ"

ထွန်းတောက်

စာကြွင်း -

မယ်တော်ကြီးနှင့်အဖွဲ့များ သိုက်ပြောင်းကြသည်ကို ထိုပတ်ဝန်းကျင်၌ နေထိုင်ကြသောလူများ ငါးနှစ်တစ်ကြိမ် ကြုံကြကြားကြရမြဲဖြစ်၏။ တပေါင်းလဆန်း ၁၄ ရက်၊ နေ့ခင်း (၁၂) နာရီသို့တည်းမဟုတ် တပေါင်းလပြည့်ည (၁၂) နာရီအချိန်များတွင် မယ်တော်ကြီးနှင့်အဖွဲ့တို့ သိုက်ပြောင်းလေ့ရှိသည် ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com






(တားရော့-သုတေသီ)
မိုးကောင်း

# ဆရာစိုး-ရွှေအာရုဏ်ဦး

## မျက်မမြင်ပုဏ္ဏား(၆)ယောက်နှင့်ကျွန်တော်
## သို့မဟုတ် တားရော့ပုံပြင်(၁)

(ယခင်လမှအဆက်)

**ဆေးစက်ကျရာအရုပ်ထင်၊ မြေထောက်ရွှေရာသိုင်းကွက်ဝင်**

ကားချပ်တွေအကြောင်း အတော်လေး တီးမိခေါက်မိလာတော့ ကားချပ်တွေကို ဆက်စပ်ဟောပြောဖို့အတွက် ကားချပ်များဖြန့်ခင်းပုံ Spread ကို လေ့လာရပြန်တယ်။ တားရော့ကျမ်းစာအုပ်တိုင်းမှာ ဟီးဗရူးလူမျိုးတွေရဲ့ မူလအက္ခရာ (၂၂) လုံးနဲ့ ဆက်နွယ်နေတဲ့ ကာဗလာပညာဖြစ်တဲ့ The Tree of Life 'ဘဝသစ်ပင်' ပုံစံဖြန့်ခင်းပုံနဲ့ Keltic Cross Method လို့ခေါ်တဲ့ ကဲတစ်လူမျိုးတွေသုံးတဲ့ ကြက်ခြေခတ်ပုံပါတဲ့ ဖြန့်ခင်းပုံ (၂) မျိုးကို အလေးထားဖော်ပြကြတယ်။ ကားချပ်တစ်ချပ်စီကိုတောင် အနိုင်နိုင်ဟောပြောနေရစဉ်မှာ ကားချပ် (၇) ချပ်/ (၁၀) ချပ်နဲ့ ဟောပြောနိုင်အောင် ကြိုးစားဖို့ဆိုတာ တော်တော်လေးလက်တွန့်မိပါတယ်။

ပထမဦးဆုံး တစ်ကက်စီပဲပြောကြည့်တယ်။ တစ်ကတ်ချင်း နှုတ်သွက်လာတော့မှ (၃) ချပ်နဲ့ လေ့ကျင့်တယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ (၃) ပါးကို ဟောပြောတာပေါ့။ အဲဒီလို ကားချပ် (၃) ချပ်ကိုပဲ အသုံးပြုပြီး (၁) ဘာကိစ္စမေးတာလဲ၊ (၂) သူဘာလုပ်တာလဲ (၃) သူလုပ်သင့်တာဘာလဲ ဆိုတဲ့ Unseen Question ဗေဒင်မေးလာသူက နှုတ်မှဘာမှဖွင့်မပြော၊ အသိမပေးတဲ့ ကိစ္စကို အဖြေထုတ်တဲ့နည်းပါ။ အဲဒီလို ကားချပ် (၃) ချပ်နဲ့ လေ့ကျင့်ဟောပြောနေခဲ့ရတာ အတော်ကြာပါတယ်။ ကားချပ်ပေါင်းစုံက အနေအထားပေါင်းစုံမှာ ကျရောက်လာတဲ့အခါ သူရောက်ရှိတဲ့နေရာနဲ့ ကားချပ်ရဲ့အဓိပ္ပာယ်ကို သဘာဝကျအောင်ပေါင်းစပ်ဖို့ အများကြီးကြိုးစားလေ့ကျင့်ခဲ့ရပါတယ်။

ဒီနေရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတစ်ခုရှိလာတယ်။ ဘာလဲဆိုတော့ မေးခွန်းကို တိတိကျကျ ပြတ်ပြတ်သားသားမေးဖို့ပါပဲ။ တားရော့က ပြတ်ပြတ်သားသားဖြေတဲ့အတွက် မေးခွန်းက ပြတ်သားဖို့ လိုတယ်။ ဒီမှာ ဗေဒင်မေးနေကြတဲ့သူတွေက -

"ဆရာရယ် ကျွန်တော်/ကျွန်မတို့ရဲ့ ဇာတာလေးခစ်ပေးပါ။ ကျန်းမာရေး စီးပွားရေး အိမ်ထောင်ရေး သားသမီး ကိစ္စတွေကိုပါပေါ့ ဆရာရယ်"

လို့ မေးတတ်ကြတာ နှုတ်ကျိုးနေတယ်။ ဒီတော့ ကိုယ်က သူအဓိကသိချင်တာ ဘာလဲဆိုတာ ရှင်းလင်းတိကျအောင် မေးရတယ်၊ ပြီးမှ ဒီလိုမေးခွန်းမျိုးနဲ့ မေးသင့်တယ်လို့ အကြံပြုပေးရတယ်။

ဖြန့်ခင်းပုံ Spread အကြောင်း ဆက်ရရင် အစောကဖော်ပြခဲ့တဲ့ ကားချပ် (၃) ချပ်ကိုသုံးပြီးဟောတဲ့ (၂)နည်းက လိုရင်းကိုထိရောက်တယ်။ ဗေဒင်မေးလာတဲ့သူ (၉၀) ရာခိုင်နှုန်းခန့် သူမှာ အဓိကအခုသိချင်တဲ့ကိစ္စက ခုပဲရှိတယ်။ အဲဒီအဓိကအခုလက် ဖြေရှင်းရမယ့်ကိစ္စကို ရွေးချယ်မေး တာများတယ်။ လူ့ဘဝဆိုတာ လူမှုရေး အိမ်ထောင်ရေး၊ စီးပွားရေး၊ ကျန်း ရေးအစရှိတဲ့ ကဏ္ဍပေါင်းများစွာပေါ် ဝပ်ရပ်တည်နေကြတာဆိုတော့ အား ကတော့ ယှက်နွယ်နေတာ မှန်တယ် အဲဒီနွယ်နေတဲ့အရှုပ်ထဲက အဓိကMa ကျတဲ့ကိစ္စကို ဖော်ထုတ်နိုင်ဖို့နဲ့အဖြေ နိုင်ဖို့က လိုရင်းပါ။ နောက်တစ်ခု လူတွေက ကြုံတုန်းဆိုပြီး ခုနက ခဲ့သလို လူတွေနဲ့ ဆက်နွယ်နေတဲ့ တွေကို အားလုံးသိချင်ကြတယ်။ ကျ ကံရှင်အပြင် အိမ်မှာကျန်ခဲ့တဲ့ ယောကျာ်း၊ သားသမီး၊ သမက်၊ ချွေး မြေးတွေအကြောင်းပါ မေးကြ (မေးခွန်းတစ်ခုကို ၁၀၀၀၀ ကျပ်ဆို မေးတော့မှာ မဟုတ်ဘူး။)

ဒီအခါမျိုးတွေမှာ မေးခွန်း စီခွဲပြီးမေးခိုင်းရတယ်။ နောက်ပြီး အ ပြဿနာ/အရေးကြီးဆုံးအခက်အ ဘာလဲ။ ဘယ်ကိစ္စကိုဖြေရှင်းလို အားလုံးပြေလည်သွားမလဲဆိုတာ တော့ ဓားပုံစံဖြန့်ခင်းနည်း (Sw Spread) နဲ့ ကြယ်ပုံစံဖြန့်ခင်းနည်း (S Spread) တွေက ပိုပြီးထိရောက် အဲဒီဖြန့်ခင်းပုံတွေမှာ အဓိက မယ့်ကိစ္စဆိုတာဘာလဲ (Wh Sh



www.burmeseclassic.com

www.burmeseclassic.com

you do?) ဆိုတဲ့ အကြံပေးလမ်းညွှန်ချက်ပါတယ်။ သိပ်ကောင်းပါတယ်။ ကာယကံရှင်က ဘာလုပ်ရမလဲဆရာလို့ ပြန်မေးစရာမလိုလောက်အောင် ပြည့်စုံပါတယ်။ Celtic Method မှာကျတော့ သက်ရှိကိုစ္စတွေအပြင် (ရုပ်ပိုင်းကိစ္စတွေအပြင်) ကာယကံရှင်ရဲ့ စိုးရိမ်းကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှု၊ ပတ်ဝန်းကျင်သဘောထား၊ သူရဲ့ မျှော်လင့်ချက် အစရှိတဲ့ စိတ်ပိုင်းဆိုင်ရာအပိုင်းကိုပါ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။

အဲဒီလို မြင်ကွင်းစုံပါတဲ့ ဖြန့်ကြက်နည်းကို အသုံးပြုပြီး Major + Minor ကားချပ်တွေ ပေါင်းစပ်ပုံဖော်လိုက်တဲ့ အခါ ရင်ထဲက ခံစားချက်၊ ခေါင်းထဲက အတွေး၊ ဝန်းရံနေတဲ့ အနေအထား ပေါင်းစုံကို X-ray နဲ့ ဓာတ်မှန်ရိုက်ကြည့်သလို အံ့ဩဖွယ်ကောင်းလောက်အောင် ချပ်လုံးပေါ်လာပါတော့တယ်။ အမည်ပြောစရာမလို၊ မွေးနေ့မွေးချိန် သိဖို့မလို၊ လက်ဝါးဖြန့်ပြစရာမလိုဘဲ မူရင်းလက်ရှိ ဘဝရုပ်သွင်ကို ပီပြင်စွာမြင်ရပါတယ်။

တားရော့ကားချပ်တွေ၊ စာအုပ်တွေ လက်ထဲကိုင်ပြီး တားရော့နဲ့ ဝေးနေခဲ့ရတဲ့ အနှစ် (၂၀) လောက်ကာလတွေကို နှမြောလိုက်ပါဘိတော့။

အဲဒီလို အဓိကကားချပ် (၂၂) ကတ်၊ သာမန်ကားချပ် (၅၆) ကတ်ကို ဖြန့်ကြက်နည်းပေါင်းစုံနဲ့ ပေါင်းစပ်လေ့ကျင့်လေ့လာလို့ ဆက်စပ်နားလည်သဘောပေါက်လာတဲ့အခါ တားရော့စာအုပ်တွေက လမ်းညွှန်ထားတဲ့ 'ဖြန့်ကြက်မှုပုံစံတွေဟာ ပုံသေသတ်မှတ်ထားတာ မဟုတ်ပါဘူး။ ကျွမ်းကျင်လာတဲ့အခါမှာ မိမိနှစ်သက်ရာ၊ အားသန်ရာ ဖြန့်ကြက်နည်းတွေကို ဖော်ထုတ်ခမ်းသပ်လေ့ကျင့်ပြီး အသုံးပြုနိုင်တယ်' လို့ ဆိုတဲ့ သဘောထားကို နားလည်လာပါတော့တယ်။

ပမာပြောရရင် အခြေခံအရောင်တွေ၊ မျဉ်းဖြောင့်၊ မျဉ်းကောက်တွေ အလင်းနဲ့အမှောင်ရဲ့သဘောတရားတွေကို လေ့ကျင့် သဘောပေါက် နားလည်လာတဲ့အခါမှာ စိတ်ကူးထဲပေါ် လာတဲ့ပုံကို လက်က တစ်ထပ်တည်းပုံဖော်နိုင်တဲ့ ဆေးစက်ကျရာ အရုပ်ထင်စေနိုင်တဲ့ ပန်းချီဆရာတစ်ဦးလို အခြေခံသိုင်းကွက်တွေကစပြီးလေ့ကျင့်ခဲ့ရာမှ အတွေ့အကြုံ ရင့်ကျက်လာတဲ့အခါမှာ အကွက်နောက်ကို ခြေထောက်လိုက်စရာမလိုတော့ဘဲ ခြေထောက်ကျရာအကွက်တွေ ဖြစ်လာရတဲ့ သိုင်းသမားတစ်ယောက်လိုပါပဲ။

### ပတ္တမြားငမောက်နဲ့ခံလောက်မီးဖို

ဒီနေရာမှာ ဆက်စပ်လို့ ကျွန်တော်နားလည်လာသမျှပြောရရင် တားရော့ကားချပ်တွေရဲ့ တစ်ကတ်ချင်းစီမှာ ဆန့်ကျင်ဘက်အစွန်းတရား (၂) ခုရဲ့ သဘောတရားတွေ ပါဝင်နေတာတွေ့ရပါတယ်။ ကောင်းခြင်း/ဆိုးခြင်းဆိုတဲ့





www.burmeseclassic.com

www.burmeseclassic.com

ပုံသေအဓိပ္ပာယ်သတ်မှတ်ချက် မရှိပါဘူး။ မေးခွန်းအနေအထား၊ ကားချပ်များဖြန့်ခင်းရာမှ ကျရောက်နေတဲ့ အနေအထား၊ ရှေ့-နောက်ကားချပ်တွေနဲ့ ဆက်စပ်တွေးခေါ်ပြီး ဟောပြောသူရဲ့ ဆုံးဖြတ်ချက်သာ အဓိကဖြစ်ပါတယ်။

ဥပမာဆိုရင် အရူး (The Fool) ကားချပ်ဆိုပါတော့။ သူ့မှာ ရိုးသားခြင်း၊ အပြစ်ကင်းစင်ခြင်း၊ ပွင့်လင်းခြင်း၊ လွတ်လပ်ခြင်းအစရှိတဲ့ ကောင်းတဲ့အဓိပ္ပာယ်များရှိသလို တစ်ဖက်မှာလည်း ထိန်းချုပ်မှုမရှိခြင်း၊ အလိုက်ကန်းဆိုးမသိခြင်း၊ အခြေအနေကိုမသုံးသပ်တတ်ခြင်း၊ အစီအစဉ်မရှိ ရည်မှန်းချက်ကင်းမဲ့ခြင်း၊ လေလွင့်ခြင်း၊ ခြေသလုံးအိမ်တိုင်ဖြစ်ခြင်း အစရှိတဲ့ မကောင်းတဲ့ သဘောတရားတွေကရှိနေပြန်တယ်။ ဒါကြောင့် ရှေ့၊ နောက်ကားချပ်တွေနဲ့ ကျရောက်ပဲ့နေရာရဲ့ အနေအထားတွေ ပေါင်းစပ်သုံးသပ်လိုက်မှသာ မေးခွန်းအတွက် မှန်ကန်တဲ့အဖြေထွက်ပေါ်လာပါတယ်။ ပုံသေသတ်မှတ်ထားချက်မရှိပါဘူး။

ဒီလိုပြောလိုက်တော့ တိကျတဲ့ အဓိပ္ပာယ်မရှိဘူးဆိုလို့ ကိုယ်ထင်ရာပြောလို့လည်းမရနိုင်ပြန်ဘူး။ ကားချပ်တစ်ချပ်ချင်းစီရဲ့ အနှစ်သာရသဘာဝကို ခြုံငုံနားလည်သဘောပေါက်ခံစားနိုင်ဖို့ လိုပါတယ်။ အဲဒီ အနှစ်သာရ ဆိုတဲ့ ဘောင်ခတ်မထားတဲ့ ဘောင်အတွင်းကပဲ အဓိပ္ပာယ်ကောက်ယူနိုင်ပါမယ်။

တစ်နည်းအားဖြင့် ပြောရရင် အချက်အလက်တွေ၊ စကားလုံးတွေနဲ့ ဘောင်မခတ်ထားပါဘူး။ အနှစ်သာရသဘာဝအားဖြင့်တော့ ဘောင်ရှိနေပါတယ်။ ဒီအနှစ်သာရတွေဟာ တားရော့ကားချပ်ရဲ့ ရုပ်ပုံလှလှလေးတွေပေါ်မှာ မရှိပါဘူး။ အရောင်တွေ၊ ရုပ်သင်္ကေတတွေရဲ့အောက်မှာ နက်ရှိုင်းစွာ နစ်မြုပ်နေပါတယ်။ သဘောပေါက်မယ်ဆိုရင်တော့ အပေါ်ယံက ဖုံးအုပ်ထားတဲ့ အရောင်တွေ၊ ရုပ်ပုံတွေဆိုတဲ့ ပညတ်ချက်တွေကို ဖယ်ခွာလိုက်ရင် အနှစ်သာရကိုမြင်နိုင်ပါတယ်။ ပါးပါးလေးပါ။

နှစ်ပေါင်း ထောင်နဲ့ချီပြီး တည်ရှိလာခဲ့တဲ့ ပညာတစ်ရပ်၊ ကမ္ဘာပေါ်မှာ တိုင်းပြည်အသီးသီး၊ လူမျိုးအသီးသီးတို့ ယုံကြည်အားကိုးရာဖြစ်တဲ့ပညာတစ်ရပ်၊ ပညာရှင်တို့ အလေးအနက်လေ့လာကြံစည်ရာဖြစ်တဲ့ ဂမ္ဘီရနွယ်ဝင် တားရော့ပညာအစဉ်တွေဟာ ရုပ်ပုံတွေကို မြင်တတ်ရုံ၊ စာအုပ်ထဲမှာ ဖော်ပြထားတဲ့ စာတွေကို အလွတ်ရွတ်ဆိုတတ်ရုံမျှနဲ့ (မံသ-မျက်စိမျှလောက်နဲ့) ဟောပြောဖို့ရာ မှန်နိုင်ပါ့မလားလို့ စဉ်းစားမိတယ်။

ဂမ္ဘီရတားရော့ပညာနယ်ပယ်မှာ ဆရာကြီးတစ်ဆူဖြစ်တဲ့ A.E.Waite က တားရော့ပညာလိုက်စားသူများအတွက် လက်စွဲ တားရော့ရုပ်ပုံသင်္ကေတ အဘိဓာန် (The Pictorial Key to the Tarot)စာအုပ်ပြုစုခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ 'သူသိသမျှဟာ တားရော့ပညာရပ်ကြီးရဲ့ အပိုင်းအစကလေးမျှသာရှိပါသေးတယ်' လို့ ဝန်ခံဖော်ပြခဲ့ပါတယ်။

သူဟာ တားရော့ရုပ်ပုံတွေထဲက ရုပ်ပုံသင်္ကေတတွေရဲ့ တစ်ခုချင်းစီကို အဓိပ္ပာယ်ဖော်ထုတ်ခဲ့သလို လေ့လာသူတွေ ပိုမိုရှင်းလင်းလွယ်ကူစွာအဓိပ္ပာယ်ပေါ်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ မူရင်းတားရော့ကားချပ်တွေထဲက ရုပ်ပုံတွေကို ခေတ်သစ်ပုံစံပန်းချီတွေနဲ့ ပြုပြင်တီထွင်ခဲ့ပါတယ်။အဲဒီလောက် တားရော့ပညာရပ်မှာ လေ့လာ ကျွမ်းကျင်ခဲ့တဲ့ ဆရာကြီးတစ်ယောက်က သူသိတာနားလည်ထားတာတွေဟာ တားရော့အနှစ်သာရရဲ့ အစိတ်အပိုင်းမျှသာရှိသေးတယ်ဆိုတော့ မနေ့တစ်နေ့ကမှ တားရော့စာအုပ်ကလေး (၃)၊ (၄) အုပ်ဖတ်ပြီး တားရော့ကို နားလည်ဖို့ ကြိုးစားနေတဲ့ ကျွန်တော်တို့အတွက်တော့ ဆိုဖွယ်ရာ မရှိပြီ။

တားရော့ပညာရှင်တွေက တားရော့ပညာရပ်ကို သို့မဟုတ် တားရော့ကားချပ်တွေကို Voiceless Language (silence language) အသံမဲ့ဘာသာစကားလို့ အမွှမ်းတင်အမည်ပေးခဲ့ကြတယ်။ အရမ်းကိုလေးနက်ပြီး ဆီလျော်တဲ့ဝေါဟာရတစ်ခုပါ။ ကျွန်တော့်အထင်ကို သဘောကျနှစ်ခြိုက်မိပါတယ်။

Language ဘာသာစကားလို့ဆိုကတည်းက အသံရှိရမယ်။ အသံထွက်စရာ စာလုံး၊ စကားလုံးတွေရှိရမယ်။ Voiceless ဆိုတော့ အသံမရှိဘူး။ အသံမဲ့တယ်။ ဒါပေမယ့် လူအချင်းချင်း ဆက်သွယ်နိုင်တဲ့၊ ကိုယ်ပြောချင်တာကို တစ်ဖက်သူ နားလည်စေနိုင်တဲ့ Language ဘာသာစကားလည်း ဖြစ်ပြန်တယ်ဆိုတော့ ဘယ်လိုပြောပြီးဘယ်လိုနားလည်ရမလဲ။ အမူအရာနဲ့ သင်္ကေတနဲ့ ပြရနားလည်ရမှာပေါ့။ စကားမတူတဲ့ လူမျိုးခြားနှစ်ယောက်တွေ့ကြတဲ့အခါ မပြောမဖြစ်ပြောကြရတော့မယ်ဆိုရင် ဘယ်လိုပြောဆိုဆက်သွယ်ကြမလဲ။ ပန်းစကား အဖြစ် International Language လို့ ပြောပြောနေကြတဲ့ လက်ဟန်ခြေဟန်နဲ့ ပြောကြတာပေါ့။ တစ်နည်းအားဖြင့် သင်္ကေတနဲ့ ပြောကြတာပေါ့။ ဥပမာ 'ဆေးလိပ်မသောက်ရ' ဆိုရင် စီးကရက်မီးခိုးထွက်နေတဲ့ပုံအပေါ်မှာ အနီရောင်ကြက်ခြေခတ်ပြထားတယ်။

ဒါဆို မျက်စိမြင်သူတိုင်း နားလည်တယ်။ ဒါကြောင့် တားရော့ကို Voiceless Language လို့ အမည်ပေးခဲ့ကြသလို၊ Symbolism သင်္ကေတဝါဒလို့ ခေါ်ကြတာပေါ့။

တားရော့ကားချပ်တစ်ခုချင်းမှာ ပါဝင်နေတဲ့ အရောင်၊ ပစ္စည်း၊ လူ၊ ရေ၊ မြေ၊ တော၊ တောင်၊ သစ်ပင်၊ ငှက်၊ တိရစ္ဆာန်၊ နေ၊ လ၊ ကြယ်တွေရဲ့ အနှစ်သာရသဘာဝကို နားလည်ယူရမှာပါ။

ဒါကြောင့် တားရော့ကို နှလုံးသားနဲ့ လိုက်စားကြဖို့ တိုက်တွန်းခဲ့ကြတာဖြစ်ပါတယ်။

တားရော့ကို စီးပွားရာဖို့ ရည်ရွယ်ချက်နဲ့ မလိုက်စားပါနဲ့။ တားရော့ကို ခိုင်းမစားပါနဲ့။ ဒဏ်ခတ်မှုတွေ့ပြန်လာပါလိမ့်မယ်။

မိမိရဲ့ဝမ်းအတွင်းမှာ ကိုးလလွယ်သယ်ပိုးခဲ့ပြီး ဆယ်လချိန်စေ့မှ မီးရှူးသန့်စင်ဖွားမြင်ခဲ့တဲ့ ကလေးငယ်ကို နေ့နေ့ညည ရင်မှာ နို့ချိုတိုက်ကျွေး မျက်ရေမခတ် ကြပ်မတ်ကြည့်ရှုစောင့်ရှောက်လာခဲ့တဲ့ မိခင်တစ်ဦးဟာ မိမိရဲ့ကလေးမျက်နှာတစ်ချက်ကြည့်ရုံမျှနဲ့ အချိန်ကာလနဲ့ ချိန်ဆပြီး နို့ဆာလို့လား၊ ရှူးရှူးစိုနေလို့လား၊ အပျော့အချိခံချင်လို့လား၊ အိပ်ချင်လို့လားဆိုတာတွေကို မလွဲတမ်းတတ်အပ်သိနိုင်ဘိသကဲ့သို့ တားရော့ကားချပ်လေးတွေကို ချစ်ပါ။ ယုယပါ။ ထွေးပွေ့ပါ။ သူ့အရိပ်အကဲကို မေတ္တာစိတ်ဖြင့် အမြဲအကဲခတ်ပေးပါ။ တားရော့ကားချပ်လေးတွေ ပြောပြတဲ့ Voiceless Language အသံမဲ့ဘာသာစကားကို သင့်နှလုံးသားက လွယ်ကူရှင်းလင်းစွာ နားလည်သဘောပေါက်လာပါလိမ့်မယ်။

နောက်တစ်ခုက 'တားရော့သည် သင့်ဘဝအတွက် လမ်းညွှန်မြေပုံ ဖြစ်သည်၊ မြင့်မြတ်သောလမ်းစဉ်ဖြစ်သည်' စသည်ဖြင့် တားရော့ပညာရဲ့ လေးနက်မှု၊ တန်ဖိုးရှိမှုတွေကို ရှေးပညာရှင်အသီးသီးကဖွင့်ဆိုခဲ့ကြပါတယ်။ အဲဒီလိုလေးနက်တဲ့ ပညာရပ်တစ်ခုရဲ့ အနှစ်သာရကို ခံစားနိုင်အောင် ကြိုးပမ်းအားထုတ်ပြုသင့်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။

ရတနာပေါင်းစုံ စီခြယ်ထားတဲ့ နန်းစဉ်သုံးတော်ဝင်သန်လျက်တော်ကို ဆက်လှချည်ရဲ့ဆိုပြီး ကြက်သွန်လှီး၊ ငါးခုတ်အသုံးပြုတတ်ရုံနဲ့ ကျေနပ်မနေသင့်ပါဘူး။ မတန်မရာတွေမှာလည်း အသုံးမပြုသင့်ပါဘူး။ ပြည်တန်ပတ္တမြားမောက်ကို ခုံလောက်အဖြစ်နဲ့သုံးသလိုဖြစ်နေမှာပေါ့။ (ခုံလောက်-ထမင်းအိုးအင်ချက်ရာတွင်သုံးသည့်ကျောက်တုံး)

**အရိုးကိုအရွက်မဖုံးစေနှင့်**

အခုတစ်ခါ ကားချပ်တွေဘက်ကို လှည့်ကြည့်ရအောင်။ ပထမဦးဆုံး ကျွန်တော့်လက်ထဲရောက်လာတာက A. E. Waite ရဲ့ Rider ကားချပ်ထုပ်နဲ့ Eden Gray ရေးတဲ့ The Tarot Revealed ဆိုတဲ့ စာအုပ်ပါ။ အစမှာပြောခဲ့သလို ဆရာလည်းမရှိ၊ ဘာသာပြန်နိုင်လောက်အောင် အချိန်လည်းမအား၊ အခုလောက် ဒီပညာရဲ့ တန်ဖိုးကိုလည်း သိတော့ ပေါ့ပေါ့တန်တန်ပါပဲ။ အထူးအဆန်းအဖြစ် စိတ်ဝင်စားရုံ၊ လိုချင်တဲ့ ပစ္စည်းလက်ထဲရောက်လာလို့ပျော်ရုံပါပဲ။ မျောက်လက်ထဲကို အုန်းသီးရောက်သလို စားရကောင်းမှန်းတော့ သိပါရဲ့၊ ဘယ်လိုလုပ်စားရမှန်းလဲမသိနဲ့ ကားချပ်ကလေးတွေကို တစ်ကတ်ချင်းကြည့်၊ စိတ်ဝင်စားတဲ့ ကတ်တွေရဲ့အကြောင်းကိုဖတ်ကြည့်နဲ့ တားရော့ကားချပ်ထုပ်ကို စတင်မြင်ဖူး၊ ထိတွေ့ဖူးခဲ့ရပါတယ်။ နောက်ပိုင်းမှာ ကားချပ်ထုပ်အမျိုးမျိုး၊ စာအုပ်အမျိုးမျိုးရလာခဲ့တယ်။ အထုပ်တောင်မဖြေဖြစ်ဘူး။ သေတ္တာထဲထည့်သိမ်းထားတာ နှစ်ပေါင်း (၂၀) နီးပါးရှိတော့မှ စတင်ဖောက်ချမိတယ်။

စတင် ဘာသာပြန်ဖို့ စာအုပ်ရွေးတော့ သိပ်ပြီးမထူမပါးလည်းဖြစ်၊ အင်္ဂလိပ်စာတွေကလည်း သိပ်ခက်ခက်ခဲခဲမဖြစ်တဲ့စာအုပ်ကို ရွေးရတာပေါ့။ ဒီတော့ စာအုပ်ရဲ့မျက်နှာဖုံးမှာရော၊ ကားချပ်တွေရဲ့ နောက်ကျောဘက်မှာပါ 'နေမင်း' ရုပ်ပုံပါတဲ့စာအုပ်နဲ့ ကတ်ထုပ်ကို ရွေးချယ်မိပါတယ်။ ဒီရုပ်ပုံတွေက ရှေးဆန်တယ်။ သိပ်မလှဘူး။ ရိုးရှင်းတယ်။ ရှုပ်ထွေးဘူး။ အရောင်တွေကလည်း ရှင်းလင်းတောက်ပမှုရှိတယ်။ အဲဒီနေမင်းတံဆိပ်ကားချပ်လေးတွေကိုကြည့်ပြီး တားရော့လောကထဲဝင်လိုက်တာ စာအုပ်တွေ တော်တော်များများလည်း ဖတ်မိရော၊ ကားချပ်တွေဟာ အဓိက အရေးပါတဲ့နေရာမှာရောက်နေကြောင်း သိလာရပါတယ်။

အထက်မှာပြောခဲ့သလို တားရော့ပညာဆိုတာ တားရော့ရုပ်ပုံကားချပ်တွေကိုကြည့်ပြီး ဒီကားချပ်တစ်ခုချင်းစီက ပေးတဲ့ ဆိုလိုရင်းအနှစ်သာရတွေကို ဖတ်ရတာဆိုတော့ ရုပ်ပုံကားချပ်တွေက အဓိကပေါ့။

တားရော့ကားချပ်တွေကို ကြည့်ပြီး ဟောပြောနိုင်တဲ့အထိ ကျွမ်းကျင်ပိုင်နိုင်ဖို့ အောက်ပါအချက်များကို သိရှိနားလည်ပြီးသား ဖြစ်ဖို့လိုပါတယ်။ (တားရော့စာအုပ်အမျိုးမျိုးမှာ ဖော်ပြထားတဲ့ မှုကွဲတွေထဲက မျိုးမတူတာတွေ စုပေါင်းဖော်ပြလိုက်ပါတယ်။)

(၁) ရုပ်ပုံနောက်ကွယ်မှ အခြေခံကောက်ကြောင်းများ၊
(၂) ပန်းချီပုံများဖြင့် ဖုံးအုပ်ထားသော ဂြိုဟ်၊ နက္ခတ်တို့၏သင်္ကေတများ ဂဏန်းသင်္ချာတို့ဖြင့် ဆက်နွယ်မှုများ၊
(၃) ပါဝင်သော အရောင်များ၊
(၄) နောက်ခံပုံပြင်၊
(၅) အမြင်အာရုံခံစားချက်၊
(၆) ခင်းကျင်းထားစဉ် ရုပ်ပုံအသွင်သဏ္ဍာန်ချင်းဆက်နွယ်မှု၊
(၇) ခင်းကျင်းထားစဉ် ကားချပ်တစ်ခုနှင့်တစ်ခု အဓိပ္ပာယ်ချင်းဆက်စပ်မှု၊

ဥပမာ The fool ကားချပ်ဆိုပါတော့။ အရူးကားချပ်မှာ အရူးဟာ အထုပ်ထမ်းထားတယ်။ လက်ထဲမှာ တုတ်တစ်ချောင်းကိုင်ထားတယ်။ ခွေးတစ်ကောင်ပါတယ်။ ခွေးက မတ်တတ်ရပ်ပြီး အရူးရဲ့ ဘောင်းဘီကို ဆွဲတယ်။ ဘောင်းဘီပြဲနေတယ်။ (ကားချပ်ကို လူနဲ့ မျက်နှာချင်းဆိုင်ကြည့်ရင်) အရူးက သူ့ရှေ့မှာရှိတဲ့ချောက်ထဲကို ခြေလှမ်းပြင်နေတယ်။ ရှေ့မှာဘာရှိနေတယ်ဆိုတာ သူဂရုမပြုဘူး။ ဒီနေရာမှာ ဆက်စပ်မှုရှိလို့ ကြားဖြတ်ပြောချင်တာက တားရော့ကတ်တွေကို ဖတ်ကြားရာမှာ ကတ်တွေကို စားပွဲပေါ်မှာ ပက်လက်လှန်ပြီး စီချထားလိုက်ပြီး ဖတ်ကြားမယ့် သူကကြည့်တဲ့အခါမှာ ဖတ်ကြားမယ့်သူရဲ့ မျက်နှာချင်းဆိုင်ရှေ့တည့်တည့်ကတ်က လက်ရှိပစ္စုပ္ပန်၊ လက်ယာဘက်သည် အနာဂတ်၊ လက်ဝဲဘက်သည် အတိတ်ရယ်လို့ အဓိပ္ပာယ်ကောက်ယူဟောပြောရပါတယ်။

အခု ဥပမာအနေနဲ့ ဖော်ပြနေတဲ့ Fool အရူးကားချပ်ရဲ့ ရှေးဟောင်းမူလရုပ်ပုံတွေဟာ ကြည့်သူရဲ့လက်ယာဘက်ကို မျက်နှာမူရှေးရှုနေတဲ့ အရူးရဲ့ပုံအဖြစ်ဖော်ပြပါတယ်။ ဘာမှဆင်ခြင်စဉ်းစားမှုမရှိဘဲ ရှေ့သို့ပေါ့ပါးလွတ်လပ်စွာတိုးဝင်ခြင်း၊ ထွက်ခွာခြင်းဆိုတဲ့ အဓိပ္ပာယ်ကို ရည်ညွှန်းပါတယ်။ နောက်ပေါ်ခေတ်သစ်တားရော့ကားချပ်တွေထဲက Fool ရုပ်ပုံတွေဟာ ကြည့်သူရဲ့ လက်ဝဲဘက် (အတိတ်)ဆီကို မျက်နှာမူထားတဲ့ အနေအထားနဲ့ ပြောင်းလဲဖော်ပြလာတာကို တွေ့ရပါတယ်။ ပျော်ရွှင်လွတ်လပ်စွာ နောက်ကြောင်းပြန်လှည့်ခြင်းလို့ အဓိပ္ပာယ်တွေ ထွက်ပေါ်လာပါတော့တယ်။

**ခေတ်ကာလရေစီးကြောင်းတွင်**
**မူရင်းပုံများမှသွေဖည်၍**
**ပြုပြင်စီရင်ထားသောတားရော့ရုပ်ပုံများ**





THE FOOL

၁၈ ရာစု ၂၀ ရာစု

ထို့အတူ သီလရှင်ချုပ်၊ ရသေ့၊ စကြာဝဠာကားချပ်တွေရဲ့ ရုပ်ပုံအနေအထားတွေ ပြောင်းလဲထားတာကို နောက်ဖော် တားရော့ကားချပ်တွေမှာ တွေ့ရှိရပါတယ်။

Fool ကားချပ်အကြောင်း ဆက်ရအောင်။ ရုပ်ပုံတွေကို သရုပ်ဖော်ရရင် အရူးရုပ်ပုံက လောကမှာ ပထမဦးဆုံးပေါ်ပေါက်လာတဲ့ လူသား၊ ဘုရားသခင်ဖန်ဆင်းလိုက်တဲ့လူသား၊ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ အယူဝါဒ ဘာမှမရှိသေးတဲ့ လူသားတစ်ဦးရဲ့ အနက်အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ 'အထုပ်' သူထမ်းလာတဲ့ အထုပ်ထဲမှာ ဘာတွေပါမှန်း သူမသိဘူး။ ဖွင့်ကြည့်ရမှန်းတောင် မသိဘူး။ 'တုတ်' အရူးက တုတ်၊ တောင်ဝှေးကိုကိုင်ထားတယ်။ တုတ်ဆိုတာက ရုပ်ဝါဒရဲ့သင်္ကေတ၊ မသိစိတ်ရဲ့စွမ်းအား၊ ဘဝရှင်သန်ဖို့



www.burmeseclassic.com

www.burmeseclassic.com

ခွန်အား။ 'ခွေး' ခွေး ဆိုတာ သခင်ရဲ့ သက်တော်စောင့်၊ ရန်သူကိုကာကွယ်မယ်။ တားဆီးမယ်။ သတိပေးမယ်။ မရရင် အဝတ်စကိုဆွဲပြီးတားမယ်။ ဆွဲခေါ်မယ်။ မသိစိတ်ကိုယ်စားပြုတယ်။

Fool ကတ်မှာပါဝင်တဲ့ အရောင်တွေကို အဓိပ္ပာယ်ဖော်ရရင် လိမ္မော်ရောင် - စိတ်လှုပ်ရှားမှု၊ လွှင့်ပါးမှု၊ ဆွဲဆောင်ရာကိုလိုက်ပါတတ်မှု၊ အနီရောင် - စိတ်အားထက်သန်မှု၊ တက်ကြွမှု၊ သတ္တိရှိမှု၊ တဇွတ်ထိုးနိုင်မှု။ အဝါရောင် - ချစ်ခြင်းမေတ္တာ၊ အပြာရောင် - စိတ်ပိုင်းဆိုင်ရာ နားလည်တတ်မှု၊ ဉာဏ်ပညာဦးစီးမှုရယ်လို့ အဓိပ္ပာယ်အသီးသီးရှိပါတယ်။ ဒီကားချပ်မှာ လိမ္မော်ရောင်နဲ့လွှမ်းနေပါတယ်။ အနီရောင်ကနည်းတယ်။

အထက်ပါ သင်္ကေတတွေရဲ့ အဓိပ္ပာယ်တွေကို ပေါင်းစပ်လိုက်တဲ့အခါ အရူးဆိုသည်မှာ အကြောင်းနဲ့အကျိုး၊ အကောင်းနဲ့အဆိုးကို ခွဲခြားဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသူ၊ အာရုံတစ်ခုရဲ့ ဆွဲဆောင်ရာကို ပါတတ်သူ၊ ရည်မှန်းချက်ပျောက်နေသူ၊ ဦးတည်ချက်မရှိသူ၊ အစီအစဉ်မရှိသူ၊ မိမိကိုယ်ကို မထိန်းချုပ်နိုင်သူ စသည်ဖြင့် စာရေးပြလို့ မပြည့်စုံ၊ တိတိကျကျစကားလုံးတွေနဲ့ ထုတ်ဖော်ဖို့ မလုံလောက်တဲ့ အရူးကားချပ်ရဲ့ အနှစ်သာရသဘာဝဟာ သင့်ရဲ့ရင်ထဲကို စွဲထင်သွားစေတယ် မဟုတ်ပါလား။ ဘာစာ၊ အဓိပ္ပာယ်မှ ကျက်နေစရာမလိုတော့သလို ဘယ်တော့မှလဲမေ့သွား၊ လွဲသွားမှာ မဟုတ်တော့ပါဘူး။ သဘာဝကို ဆက်စပ်ခံစားနားလည်ထားတဲ့ သဘောတရားအနှစ်သာရဆိုတဲ့ ဘောင်ထဲကလည်း ဘယ်သောအခါမှလွဲချော်ပြီး ထွက်သွားမှာလဲ မဟုတ်တော့ပါဘူး။

အစောက ကျွန်တော်ပြောခဲ့တဲ့ Voiceless Language-အသံမဲ့ဘာသာစကားရဲ့ အဓိပ္ပာယ်၊ Sybdism-သင်္ကေတဝါဒရဲ့ အဓိပ္ပာယ်တွေကို အဲဒီလို သဘောပေါက်လာပါတယ်။

အထက်မှာ ဖော်ပြခဲ့သလိုပဲ တားရော့ပညာကို လေ့လာရာမှာ၊ ဟောပြောရာမှာ ရုပ်ပုံကားချပ်များဟာ အဓိကအခန်းကဏ္ဍမှာရှိနေပါတယ်။ နောက်ပြီး ကားချပ်တွေရှိနေရုံမျှ တားရော့စာအုပ်တွေရှိနေရုံ၊ ဖတ်တတ်နေရုံမျှနဲ့ တားရော့ရဲ့ ပညာအနှစ်သာရကို မရယူနိုင်ဘူးဆိုတာ နားလည်လာပါတယ်။ ဟောပြောရာမှာလည်း ရာနှုန်းပြည့် မမှန်နိုင်ဘူးဆိုတာ တွေ့ရှိလာပါတယ်။

အဲဒီလိုလေ့လာဟောပြောရာမှာ အဓိကကျတဲ့ ကားချပ်ထုပ်တွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာရှိနေတာတွေရော အခြားမှာတွေ့မြင်နေရတာတွေပါ လေ့လာကြည့်တဲ့အခါ (Original) မူရင်းရုပ်ပုံကားချပ်တွေ အတော်နည်းနေပြီ။ တချို့က လှပအောင်ထွင်တယ်။ တချို့ဆရာကြီးတွေက ရုပ်ပုံတွေရဲ့သဏ္ဌာန်တွေကို ဘယ်လှည့်၊ ညာလှည့်ပြောင်းတယ်။ ကားချပ်တွေရဲ့ နေရာ နံပါတ်တွေကို ပြင်တယ်။ တချို့ကျတော့လည်း မိမိတို့လူမျိုးရဲ့ ဘာသာရေး၊ ယဉ်ကျေးမှုအစဉ်အလာတွေကို ထည့်သွင်းရေးဆွဲလာကြတယ်။ တချို့ကျတော့လည်း အရောင်စိမ်းစိမ်းစိုစိုနဲ့ရုပ်ပုံတွေကို ပိပိပြင်ပြင်မပေါ်တဲ့စိတ္တဇပန်းချီကဲ့သို့သော ကားချပ်တွေကို တွေ့လာရပါတယ်။

ကျွန်တော့်အမြင်ပြောရရင် မူရင်းသရုပ်ဖော်ပုံတွေ၊ အရောင်တွေ၊ သင်္ကေတတွေကို လှပဆန်းသစ်မှုတွေက လွှမ်းမိုးနေပါပြီ။ မူလရည်ရွယ်ရင်း ဖော်ညွှန်းချက်တွေ ပြောင်းလဲပျောက်ပျက်သွားတဲ့အတွက် အခြေခံလေ့လာဖို့ လိုအပ်တဲ့အထက်ဖော်ပြပါ အချက်ကြီး (၇) ချက်ကိုလည်း ပြည့်စုံပီပြင်အောင် မတွေ့ရ၊ လေ့လာလို့ မရတော့ပါဘူး။ အဓိကသော့ချက် (Key) တွေ မပါဝင်တော့တဲ့အတွက် အဓိပ္ပာယ်ကောက်ယူလေ့လာဟောပြောရာမှာလည်း မမှန်ကန်၊ မပြည့်စုံတော့ပါဘူး။

ကျွန်တော်လည်း ဒီအကြောင်းတွေ မသိခင်တုန်းက ရုပ်ပုံလှလှ၊ ဒီဇိုင်းလှလှ၊ ရောင်စုံလှလှလေးတွေ ပါဝင်တဲ့ တားရော့ကားချပ်တွေကိုပဲ နှစ်သက်ခဲ့တာပါ။ အခုမှ သေသေချာချာလေ့လာကြည့်ပြီးမှ ရှေးဟောင်းမူရင်းရုပ်ပုံဒီဇိုင်းတွေက ပိုပြီးအဓိပ္ပာယ်ပြည့်စုံကြောင်း သိလာရပါတယ်။

ကျွန်တော် တိုက်တွန်းချင်တာက တားရော့ပညာကို အနှစ်သာရရှိရှိ ထိထိမိမိလေ့လာ လိုက်စားချင်တယ်ဆိုရင် Original ရှေးဟောင်းမူရင်းရုပ်ပုံတွေပါတဲ့ ကားချပ်ထုပ်ကို ရအောင်ရှာပြီး အခြေခံသဘောတရားတွေက အစပြုလို့ တစ်ဆင့်ချင်း ဖြည်းဖြည်းလေ့လာသင်ယူလေ့ကျင့်ပြီးတော့မှ ရင်ထဲမှာ တစိမ့်စိမ့်ရောက်ရှိလာတဲ့ တားရော့ကားချပ်တွေက ပြောပြနေတဲ့ Voiceless Language ကို ကျွမ်းဝင်ရင်းနှီးစွာနဲ့ လွယ်ကူရှင်းလင်းစွာ အသုံးပြုကြပါလို့။

မဖြစ်နိုင်တဲ့ ဖြတ်လမ်းကလိုက်ပြ... ပုံသေကျက်မှတ်ဟောပြောတာမျိုးမလု... ဖို့နဲ့ ကျား-ကျား၊ မီးယပ်ပဲဆိုတဲ့ ဆေး... ဆရာအတုအယောင်မဖြစ်ပါစေနဲ့။ မိမိ... အတွက်ရော တစ်ဖက်သူအတွက်ပါ... အန္တရာယ်များပါတယ်။

**နိမိတ်ပုံ-တားရော့**

ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း... ဩဘာနိမိတ်ထွန်းသတဲ့။ ရှေးဆိုရိုးရှိ... တယ်။ အလောင်းတော် သိဒ္ဓတ္ထမင်းသား... ဟာ နိမိတ်ကြီး (၄) ပါးကိုမြင်လို့ သံဝေ... ရပြီး တောထွက်တရားကျင့်ခဲ့ပြီးနောက်... ဘုရားဖြစ်ခဲ့တယ်။

အယူတော်မင်္ဂလာဦးနိုးက လမ်း... မှာ ဝက် (၄) ကောင်ပေါက်တာကို မြင်... တွေ့ခဲ့ရတယ်။ ဒါကို နိမိတ်ယူပြီး ဘုရင်... ရဲ့အစ်ထဲမှာ ကြွက် (၄) ကောင်ရှိ... ကြောင်း မှန်ကန်စွာ ဖြေနိုင်ခဲ့တယ်။

ဆရာတော် ခင်ကြီးဖျော်က နေ... အိုးကွဲတဲ့ နိမိတ်ကိုကြည့်ပြီး မြေနဲ့လု... ထားတဲ့အိုးဟာ သူ့ရဲ့မူလဘူတဖြစ်တဲ့... မြေကြီးနဲ့ ပြန်လည်ပေါင်းစပ်သွားတယ်... လို့ ကောက်ချက်ချပြီး ခရီးဝေးသွား... တဲ့ လင်ယောက်ျားအတွက် လာမေး... ဇနီးသည်ကို 'နင့်ယောက်ျား ဒီနေ့ ပြန်... ရောက်မယ်။ အိမ်အမြန်ပြန်ပြီး ထမင်း... ချက်ထားတော့'လို့ တိကျရဲဝံ့စွာ ဖြေရှင်း... ပေးခဲ့တယ်။

အလားတူ မြန်မာ့သမိုင်းရာဇဝင်... မှာ ထင်ရှားတဲ့ နိမိတ်ယူပညာရှင်တွေ... အဖြစ်အပျက်တွေ အများကြီးရှိခဲ့တယ်... ကျွန်တော်တို့ ငယ်ငယ်ကတည်းက အခု... ချိန်ထိ နေ့စဉ်နဲ့အမျှ နိမိတ်အကြောင်း... တွေကို ကြားနေ၊ မြင်နေကြရတယ်။ ... တိုင်း နိမိတ်၊ မကောင်းတဲ့နိမိတ်၊ မင်္ဂလာ... ရှိတဲ့နိမိတ်၊ မင်္ဂလာမရှိတဲ့နိမိတ်လော... တော့ လူတိုင်းကောက်တတ်ကြတယ်... မြန်မာလူမျိုးနဲ့ နိမိတ်နဲ့ခွဲလို့မရဘူး။

အဲဒီက တစ်ဆင့်တက်လာတော့... ဗေဒင်ပညာပိုင်းမှာလည်း နိမိတ်ဆို... ပါလာတယ်။ မြန်မာ့ဗေဒင်ပညာမှာ ... တော်စဉ်၊ နံတော်စဉ်ဟောကိန်းဆို... ယနေ့ချိန်အထိ ခိုင်မာစွာနေရာယူ... ဆဲ၊ လေ့လာနေကြရဆဲ ရှိနေတုန်း... နေ့တစ်နေ့ရဲ့ (၂၄) နာရီကို အာစ... ဝါဒအရ အခါ (၁၆) ပိုင်း၊ (၂၄) ပိုင်း... (၈) ပိုင်း ခွဲဝေပြီး (သူရဇ္ဈ ဗုဒ္ဓ၊ စနေ... သောရီ၊ ဂုရု၊ အောမ၊ သူရဋ္ဌ) ရယ်... အမည်တွေ သတ်မှတ်ထားပါတယ်... တော့မှ (မ၊ သိ၊ ကြ၊ လျင်၊ တွေး ...



www.burmeseclassic.com

www.burmeseclassic.com

-း) ဆိုတဲ့ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်တွေနဲ့ တိုက်ဆိုင်ပြီး ဘယ်အချိန်၊ ဘယ်အခါကို ရောက်နေပြီလဲ။ ဒီအခါမှာ လာမေးရင် ဘယ်လိုဖြေမလဲ၊ ဘာကိစ္စလဲလို့ အဖြေထုတ်ခန့်မှန်းကြပါတယ်။ အင်္ဂဝိဇ္ဇာပညာဟာ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်ကို နိမိတ်ယူပြီး ဟောပြောတဲ့ နိမိတ်ပညာစစ်စစ် ဖြစ်ပါတယ်။

ဉပမာ ဗုဒ္ဓအခါ (ဗုဒ္ဓဟူး) အခါမှာ ကိစ္စတစ်ခု/အမေးတစ်ခွန်း ကြုံတွေ့ရင် 'ကိုယ့်ထူးကိုယ်ချွန်ကြိုးစားရမယ်။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမယ်။ ကူညီနိုင်မယ့်သူမရှိဘူး။ အများနဲ့တစ်ယောက် အတိုက်အခံဖြစ်မယ်။ ရန်အပြုခံရမယ်။ ဆန့်ကျင်ဘက်တွေ ဘယ်လိုပင်ရှိသော်လည်း မေတ္တာ၊ ခန္တီတရားတွေ လက်ကိုင်ထားပြီး စိတ်ဓာတ်ဖြူစင်စွာနဲ့ ရည်ရွယ်ချက်ကို မပျောက်စေဘဲ ကိုယ့်အလုပ်ကို သာဆက်လုပ်မယ်ဆိုရင် သေချာပေါက် အောင်မြင်မယ်။ ဟိုးနောက်က ကိုယ်လုပ်ခဲ့တဲ့အလုပ်တွေကပဲ ကိုယ့်ကို အထောက်အပံ့ပြုလိမ့်မယ်' စသဖြင့် ဗုဒ္ဓရဲ့ဘုရားဖြစ်စဉ်အချိန်အခါမှာ တွေ့ကြုံခဲ့ရတဲ့ ဖြစ်စဉ်တွေကို နိမိတ်ယူပြီး ဟောပြောတာပေါ့။မလွှဲပါဘူး။ ဒီဖြစ်စဉ်တွေရဲ့သဘောသဘာဝထဲကကျော်ထွက်မသွားပါဘူး။

အဲဒီဗုဒ္ဓရဲ့ဖြစ်တော်စဉ်မှတစ်ဆင့် ဂဏန်း (၇) လုံးကို တိုင်ထောင်ပြီး အင်္ဂဝိဇ္ဇာပညာရပ်အဖြစ် အမြင်နိမိတ်၊ အကြားနိမိတ်တွေနဲ့ ပေါင်းစပ်ပြီး ဟောပြောကြပြန်ပါတယ်။ နောက်တစ်ဆင့် အခါတိုင်နဲ့ ဓာတ်တိုင်ပေါင်းစပ်ပြီး (၂) တိုင်နဲ့ ဟောဆိုအသုံးပြုကြပါတယ်။ ဉာဏ်ကြီးရင်ကြီးသလို ချဲ့ထွင်အသုံးပြုကြပါတယ်။

အဲဒီလို နံတော်စဉ်ဟောကိန်း၊ အင်္ဂဝိဇ္ဇာပညာမှာ နိမိတ်က အဓိကဖြစ်သလို မြန်မာ့ဗေဒင်ရဲ့ လက်ရိုး၊ လက်ဆန်းပညာရပ်တွေမှာလည်း ရှေးဆရာကြီးများက နိမိတ်ကို အဓိကထားကြည့်ပြီး ဟောဆိုဖို့ လမ်းညွှန်မိန့်ကြားခဲ့ကြပါတယ်။ အထက်ဖော်ပြပါ နိမိတ်တွေကို ကြည့်ရင် တိုက်ရိုက်နိမိတ် (တစ်နည်း) အပြင်နိမိတ်နဲ့ အတွင်းနိမိတ်ဆိုပြီး ကောက်ယူပုံနှစ်မျိုး ကွဲထွက်လာပါတယ်။

ဘုရားအလောင်းတော်ရဲ့ နိမိတ်ကြီးလေးပါးကို တွေးမြင်ကောက်ဆပုံနဲ့ ဆရာတော်ခင်ကြီးဖျော်ရဲ့ ရေအိုးကွဲနိမိတ်ကို တွေးကောက်ယူဆပုံတွေဟာ အဓိပ္ပာယ်၊ မူရင်းအနှစ်သာရကိုကောက်ယူပုံ ဖြစ်ပါတယ်။

ရံဖန်ရံခါမှာတော့ အပြင်နိမိတ်နဲ့ အတွင်းနိမိတ်ဟာ အဖြေတစ်ခုတည်းကို ညွှန်းပြီ တစ်ပေါင်းတည်းဖြစ်သွားတာမျိုးလည်း ရှိတတ်ပါတယ်။ နိမိတ်ရဲ့ အနှစ်သာရကတော့ မြင်ရ၊ ကြားရတဲ့ အဖြစ်အပျက်ရဲ့ အဓိပ္ပာယ်ကို ကောက်ယူမှုပဲ ဖြစ်ပါတယ်။ အဲဒါကိုတော့ မြင်အောင် ကြည့်တတ်ဖို့ လိုပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ သူအို၊ သူနာ၊ သူသေ နိမိတ်တွေကို မြင်တဲ့အခါ သာမန်လူတွေ မြင်တဲ့အတိုင်း 'ရွံစရာ၊ ကြောက်စရာကြီး' လို့ပဲ တွေးပြီး မျက်နှာလွှဲသွားခဲ့ရင် ဘုရားဖြစ်လာမှာ မဟုတ်ပါဘူး။ (ဘုရားအလောင်းတော်ဖြစ်လို့၊ ပါရမီရှင်ဖြစ်လို့ ဆိုတဲ့ အကြောင်းတရားကလည်း ရှိနှင့်ပြီးသားပါ။ ဒီနေရာမှာ အတွေးအမြင်ပိုင်းကို ဆွေးနွေးနေတာမို့ ပါရမီအပိုင်းကို မပြောတော့ပါ။)

ခေါင်းပေါ်မှာတင်ပြီ ရွက်လာတဲ့ ရေအိုးကျကွဲသွားတာကို အနိဋ္ဌနိမိတ်ပဲ၊ မကောင်းတဲ့ နိမိတ်ပဲလို့ သာမန်တွေးပြီး သာမန်ကောက်ယူမှုမျိုးသာရှိခဲ့ရင် ဆရာတော်ခင်ကြီးဖျော်ရဲ့ ရေအိုးကွဲနိမိတ်ဟာ ဒီကနေ့ အင်္ဂဝိဇ္ဇာအဟောပညာလောကမှာ ဂန္ထဝင်အဖြစ် ပေါ်ပေါက်လာခဲ့မှာ မဟုတ်ပါဘူး။

ထို့အတူ သူရဿတီလို့ခေါ်တဲ့ တနင်္ဂနွေအခါမှာ ဗုဒ္ဓရဲ့ ရုပ်အလောင်းတော်တေဇောဓာတ်လောင်ကျွမ်းချိန်မှာ လာမေးတဲ့သူကို 'ခင်ဗျားတော့ မီးလောင်ခံရတော့မယ်'လို့သာ ဟောပြောခဲ့ကြမယ်ဆိုရင် ယနေ့ထိ ကျွန်တော်တို့ ဗေဒင်ဝါသနာရှင်များ တခုတ်တရ ဆည်းပူးလေ့လာနေရတဲ့ အင်္ဂဝိဇ္ဇာ နံတော်စဉ်ဟောကိန်းပညာဆိုတာ ပျောက်ကွယ်သွားခဲ့တာကြာလှပေါ့။

နိမိတ်အတိုင်းဟောတာပဲ မဟုတ်လား။ လူတစ်ထောင်မှာ တစ်ယောက်၊ တစ်သောင်းမှာ တစ်ယောက်ကတော့ မှန်ကောင်းမှန်ပါလိမ့်မယ်။

အဲဒီလိုပြောမယ့်အစား -

"စိတ်ပူပင်သောကဖြစ်စရာနဲ့တွေ့ကြုံနေရမယ်၊ ပိုင်ဆိုင်မှုတွေ တစ်စစီပြိုကွဲပျက်စီးကုန်မယ်၊ အလုပ်အကိုင်၊ အိုးအိမ်၊ အိမ်ထောင်၊ အုပ်စု၊ စီးပွားတွေကို ဘယ်လိုမှ ပြန်လည်စုစည်းလို့မရနိုင်တော့ဘူး။ စိတ်ဝမ်းတွေကွဲမယ်။ ကြားဝင်ဖျန်ဖြေဖြေရှင်းပေးသလိုနဲ့ အခွင့်အရေးယူတဲ့သူနဲ့တွေ့မယ်၊ သည်းခံပြီး အချိန်အခါကိုစောင့်ပါ။ လောဘမကြီးပါနဲ့။ သူ့အချိန်အခါကို ရောက်ရင် စောစောက ပျက်စီးဆုံးရှုံးမှုတွေကို ပြန်လည်တည်ဆောက်နိုင်မယ်။ အထူးသဖြင့် တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုသလို တစ်နယ်တစ်ကျေးမှာ သွားပြီးစီးပွားရှာ၊ ဘဝသစ်ထူထောင်ရင် ပိုကောင်းပါလိမ့်မယ်။ ပြောင်းရွှေ့ဖို့ အခြေအနေကလည်း တောင်းဆိုလာပါလိမ့်မယ်။ အဲဒီအချိန်မှာ စိတ်သစ်၊ လူသစ်နဲ့ ဘဝသစ်ကို ထူထောင်ပါ။ အောင်မြင်ပါလိမ့်မယ်"

လို့သာ သူရဿတီအခါရဲ့ ပရိယာယ်တွေ၊ အနှစ်သာရတွေအတွင်းက ဟောဆိုမယ်ဆိုရင် ရာနှုန်းပြည့်နီးပါ မှန်ကန်တာတွေ့ရှိရမှာပါ။

ကျွန်တော် နားလည်ထားတဲ့ နိမိတ်ဆိုတာရယ်၊ အပြင်နိမိတ်နဲ့ အတွင်းနိမိတ်ဆိုတာရယ်က အဲဒီလိုပါ။

နိမိတ်အကြောင်းတွေ အတော်လေးပြည့်စုံတော့မှ တားရော့အကြောင်း ဆက်ရအောင်။ နိမိတ်အကြောင်းတွေကို ဘာကြောင့်ဒီလောက်အကျယ်ချဲ့ပြောနေရသလဲဆိုတော့ တားရော့ကားချပ်လေးတွေဟာ အဓိပ္ပာယ်တွေအများကြီးစုပေါင်းဆက်စပ်ထားတဲ့ နိမိတ်ပုံတွေဖြစ်နေလို့ပါပဲ။ တားရော့အဟောပညာရပ်ဟာ နိမိတ်အဟောပညာစစ်စစ် ဖြစ်နေလို့ပါပဲ။

တားရော့ပညာရပ်ကို ကျွန်တော့်အတွက် သဘောပေါက်စေတဲ့ အမြင်ပေါက်စေခဲ့တာက အီဂျစ်နတ်ဘုရားအိုဆီးရစ်နဲ့ မိဖုရား အိုင်းစစ်တို့ရဲ့ ဇာတ်လမ်းဖြစ်စဉ်တွေကို ရည်ညွှန်းအဓိပ္ပာယ်ဖော်ဆောင်တဲ့ တားရော့ကားချပ်တွေပဲ ဖြစ်ပါတယ်။ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်ကို အခြေပြုပြီး သူရဿ၊ သောကြာ၊ ဗုဒ္ဓ အစရှိတဲ့ အခါ (၇) ပါးအတွက် ဟောဆိုချက်တွေ ကောက်ယူခဲ့ရတဲ့ အင်္ဂဝိဇ္ဇာကို ပြန်သတိရပြီး ခုနကတုန်းက ပြောခဲ့သလို အီဂျစ်နတ်ဘုရားရဲ့ ဖြစ်စဉ်ကို အခြေပြုထားတဲ့ တားရော့စာအုပ်နဲ့တွေ့မှ အဓိပ္ပာယ်ကောက်ယူရမယ့် သော့ချက်ကို မြင်ခဲ့ရပါတယ်။

ဗုဒ္ဓဂေါတမရဲ့ ဖြစ်တော်စဉ်နဲ့ အီဂျစ်နတ်ဘုရားတို့ရဲ့ ဖြစ်စဉ်ကို ထပ်တူပြုခိုင်းနှိုင်းတာတာ မဟုတ်ဘူးနော်။ ဒီဖြစ်စဉ်၊ ဒီနိမိတ်တွေအပေါ်မှာ မြင်ပုံမြင်နည်းတွေကိုသာ ဥပမာပြုခိုင်းနှိုင်းခြင်းမျှသာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အထက်မှာ ဗုဒ္ဓရဲ့ ဖြစ်တော်စဉ်ကို နိမိတ်ယူပြီး အင်္ဂလိပ္ဗဇာ နံတော်စဉ်ဟောကိန်းကောက်ယူပုံကို ကျွန်တော်နားလည်ထားသမျှနဲ့ နမူနာပြခဲ့ပါတယ်။ ထို့အတူ တားရော့ဆိုတဲ့ နိမိတ်ပုံကားချပ်တွေ အပေါ်မှာ ဟောကိန်းကောက်ယူပုံ နမူနာပြပါရစေ။

နံပါတ် (၅) ကတ် ဘုန်းကြီးကတ်။ Hierophant ကားချပ်ဆိုပါတော့။

"ခင်ဗျား တစ်နေ့ ဘုန်းကြီးဖြစ်လိမ့်မယ်။ ဒါမှမဟုတ် ထူးခြားတဲ့ ဘုန်းကြီးတစ်ပါးနဲ့ တွေ့ဆုံရလိမ့်မယ်"

ဆိုတာက အပြင်နိမိတ်အနေနဲ့ ယူတာပါ။

"ခင်ဗျားဟာ ရှေးရိုးအစဉ်အလာကြီးမားသော၊ ဘာသာရေးကိုင်းရှိုင်းသော၊ ဘာသာရေးနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော မိသားစု အသိုင်းအဝိုင်းက ဖြစ်နိုင်တယ်။ ခင်ဗျားကိုယ်တိုင်လည်း ဘာသာရေးကို စိတ်ဝင်စားမှုရှိတယ်။ လေ့လာလိုစိတ်ရှိတယ်။ စိတ်ထားနူးညံ့သိမ်မွေ့တယ်။ ပေးချင်ကမ်းချင်၊ ကူညီထောက်ပံ့ချင်တဲ့စိတ်ရှိတယ်။ အမြင်မတော်ရင် ပြုပြင်ဆုံးမချင်တဲ့ စေတနာရှိတယ်။ ရသမျှနဲ့ တင်းတိမ်ရောင့်ရဲမှု ရှိတယ်။ လောဘမကြီးဘူး။ ဘာလုပ်လုပ် မိဘ၊ မိသားစုနဲ့ တိုင်ပင်ဆုံးဖြတ်ပြီးမှ လုပ်လေ့ရှိတယ်"

အစရှိတဲ့ ဘုန်းကြီးကတ်ရဲ့ အဓိပ္ပာယ်အနှစ်သာရတွေ အတွင်းကသာပြောရင် ပိုပြီး အမှန်နဲ့ နီးစပ်တာတွေ့ရပါတယ်။ တစ်နည်းအားဖြင့် အတွင်းနိမိတ်ယူပုံနဲ့ ဟောပြောခြင်းပဲ ဖြစ်ပါတယ်။

ဒါလောက်ဆိုရင် နိမိတ်ပုံဖြစ်တဲ့ တားရော့ကတ်ပြားတွေကို ဘယ်လို အဓိပ္ပာယ်ကောက်ယူသင့်သလဲ၊ ဘာကြောင့်လဲဆိုတာ ရှင်းလောက်ပြီ ဖြစ်ပါတယ်။

**အကြောင်း၊ အကျိုးနဲ့ အကောင်း၊ အဆိုး**

အရေးကြီးတဲ့ နောက်တစ်ချက်က ဗေဒင်မေးခြင်း၊ ဟောခြင်းရဲ့ ရည်ရွယ်ချက်က ဘာလဲ။ ကာယကံရှင်ရဲ့ လက်ရှိအခြေအနေ (တစ်နည်းပြောရရင် ကုသိုလ်ကံပေါ့) ကောင်းသလား၊ ဆိုးသလား။ ဘာတွေမကောင်းလို့ ဘာတွေရှောင်ရမလဲ။ ဘာတွေကောင်းသလဲ။ ကောင်းအောင် ဘာတွေလုပ်ရမလဲ။ ဒါတွေဟာ ဗေဒင်မေးခြင်း၊ ဟောခြင်းရဲ့ ရည်ရွယ်ချက်ပဲ ဖြစ်ပါတယ်။ အဲဒီလို ဗေဒင်မေးသူရဲ့ အကျိုး၊ ကောင်းကျိုးကို ဖြစ်ပေါ်စေမယ့်အကြောင်းတွေကို ထုတ်ဖော်ရှာဖွေဟောရမှာ ဖြစ်ပါတယ်။

ဥပမာ စနေနံက မကောင်းတဲ့ နေရာမှာ တွေ့ရပြီ ဆိုပါတော့။

"ခင်ဗျားအိမ်မှာ ထီးစုတ်၊ ဖိနပ်စုတ်တွေရှိနေတယ်။ အဲဒါတွေကို အမြန်စွန့်လိုက်ပါ"

လို့ ပြောတာထက် -

"ခင်ဗျားမှာ ဂုဏ်သိက္ခာကျစရာ၊ အမှုပြဿနာဖြစ်စရာကိန်းကြုံနေတယ်။ ဒါကြောင့် အစစအရာရာမှာ သည်းခံပါ။ ကိုယ်တိုင်လည်းမမှားစေနဲ့။ သူများမှားရင်လည်း သည်းခံပါ။ ပြဿနာမဖြစ်ပါစေနဲ့။ ကိုယ်မှားမှား၊ မှန်မှန် သည်းမခံနိုင်လို့ ပြဿနာဖြစ်ပြီဆိုတာနဲ့ သိက္ခာကျစရာ၊ နာမည်ပျက်စရာ၊ နစ်နာဆုံးရှုံးမှုတွေနဲ့ ကြုံရလိမ့်မယ်။ စနေသားသမီး၊ စနေနံပစ္စည်း၊ လက်အောက်ငယ်သားတွေနဲ့ ပတ်သက်ပြီးတော့ ဂရုစိုက်ပါ"

လို့ ပြောလိုက်တာက သူ့အတွက် ပိုပြီး အကျိုးမရှိဘူးလား။

လာမေးသူအတွက် အကျိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဟောပြောသူကို အထင်ကြီး၊ အံ့သြစေနိုင်လောက်တဲ့ သမားဂုဏ်ပြကွက်တွေ အနေနဲ့ ဟောဆိုနေကြမယ်ဆိုရင်၊ အဲဒီမှာပဲ သာယာကျေနပ်နေကြမယ်ဆိုရင် ပညာရဲ့ အနှစ်သာရတွေနဲ့ ဝေးကွာကင်းကွာသွားနိုင်ပါတယ်။ ဥပမာ တားရော့မှာ နံပါတ် (၄) ကတ်၊ ဘုရင်ကတ် Emperor ကတ် ပေါ်ထွက်လာပြီဆိုပါတော့ (ခြေတစ်ဖက်မှာ ပတ်တီးစည်းထားသလို ပုံပါတဲ့ တားရော့ကားချပ်မျိုး ဆိုပါတော့) -

'ခင်ဗျားရဲ့အဖေ ခြေတစ်ဖက်မကောင်းဘူး'

'မှန်လိုက်လေဆရာရယ်။ ချော်လဲပြီး ဒူးနာနေလို့ တုတ်ကောက်နဲ့လျှောက်နေရတယ်။ ဆရာက ကျွန်တော့်အိမ်ကို လိုက်ကြည့်နေသလိုပဲ'

အဲဒီဟောပြောချက်မှာ ဘယ်သူ့ကို အကျိုးပြုစေတဲ့အရာပါသလဲ။ မြင်နိုင်ပါတယ်။

အဲဒီလို ပြောမယ့်အစား ဘုရင်ကားချပ်ရဲ့ နိမိတ်ပုံအနှစ်သာရအတိုင်း-

"ခင်ဗျားရဲ့ အဖေက စိတ်ကြီးတယ်။ တစ်ယူသန်တယ်။ ဘေးလူပြောတာကို လက်မခံချင်ဘူး။ အဖေနဲ့သားသမီးဖြစ်တဲ့အတွက် သည်းခံပါ။ မိဘကို မပြစ်မှားမိစေနဲ့။ စိတ်ရှည်ရှည်ထားပြီး အခုကိစ္စကို ဖြည်းဖြည်းချင်းပြောပါ။ သူ စိတ်လက်ကြည်သာနေချိန်မှာပြော[illegible] လက်ခံပါလိမ့်မယ်။ ပျော့ပျော့ပျောင်းပျောင်းပြောပါ။ အဖေနဲ့ ထိပ်တိုက်[illegible] ပါနဲ့"

ဆိုတာလောက် ဟောပြော[illegible] ဆိုရင် သူရင်ဆိုင်နေရတဲ့ အခြေအနေ[illegible] အံဝင်ခွင်ကျကိုက်ညီပါလိမ့်မယ်။ [illegible] မေးသူမှာ အကုသိုလ်လည်းကင်း[illegible] မယ်။ ဆန္ဒလည်းပြည့်ဝသွားမယ်မ[illegible] ပါလား။

နောက်တစ်ချက်က တား[illegible] ကတ်နဲ့ ဟောကြားတဲ့နေရာမှာ [illegible] က ဘာလဲ။ ထွက်ပေါ်လာတဲ့ ကတ်[illegible] အဓိပ္ပာယ်ကဘာလဲ။ ဖြန့်ခင်းတဲ့အ[illegible] ဘယ်နေရာကိုရောက်နေသလဲ။ (အ[illegible] အညီပေးနိုင်တဲ့သူ၊ နှလုံးသားခံစား[illegible] ဘာလုပ်သင့်သလဲ စသည်ဖြင့်) အ[illegible] ထုတ်မယ့် ကတ်ရဲ့ ရှေ့ကတ်၊ နော[illegible] ကတ်တွေကဘာတွေလဲ အစရှိတဲ့အ[illegible] အလက်တွေနဲ့ ဆက်စပ်ပြီး သဘာ[illegible] တဲ့အဖြေကို ကောက်ယူနိုင်ဖို့လည်း[illegible] တယ်။

လာမေးသူက လူကြီး၊ လူ[illegible] လူငယ်လား။ ကျားလား၊ မ,လား၊ [illegible] လွတ်လား။ အိမ်ထောင်ရှိသလား၊

အထက်မှာ ပြောခဲ့တဲ့ တား[illegible] နဲ့ ဟောပြောနိုင်ဖို့အတွက် လိုအပ်ချ[illegible] တွေကို စုစည်းလိုက်ရင် -

(၁) တားရော့ကားချပ်ရဲ့ နိမိတ်[illegible] အဓိပ္ပာယ်၊

(၂) တားရော့ကားချပ်များ ဖြန့်ခင်[illegible] ထားစဉ် (Spread) ကျရောက်[illegible] နေရာ၏ အဓိပ္ပာယ်၊

(၃) မေးခွန်း၊

(၄) မေးသူ

ဒီအချက်တွေကို သဘာဝ[illegible] ပေါင်းစပ်တွေးယူလိုက်တော့မှ တိ[illegible] အဖြေ၊ အနီးစပ်ဆုံးအဖြေတစ်ခု [illegible] ပေါ်လာပါတယ်။

**ဖြူစင်သောနလုံးသားဖြင့် တံခါးခေါက်[illegible]**

လျှို့ဝှက်နက်နဲတဲ့ တားရော့ [illegible] ဒဏ္ဍာရီတွေထဲမှာ စီးမျောနေတဲ့ [illegible] ရော့၊ မာယာများတဲ့ တားရော့၊ ခြ[illegible] ပါးပါးရဲ့နောက်ကွယ်မှာ အလှ[illegible] တွေ ဖုံးကွယ်ထားတဲ့ တားရော့။ အဲ[illegible] ကဗျာဆန်ဆန်အလှအပတွေနဲ့ [illegible] အသွင်သဏ္ဍာန် လျှို့ဝှက်မှုတွေ[illegible] တားရော့မော်ရိုတောကို ဆင်ကန်း[illegible] တိုး ဝင်ရောက်မိခဲ့တဲ့ ကျွန်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အကြံတွေကို အရှိအတိုင်းတင်ပြခဲ့ပါပြီ။

တားရော့ပညာရပ်မှာ သေစာ၊ ရှင်စာတော့ ဖတ်တတ်ပြီပေါ့။ ဆက်ပြီး သင်ယူလေ့လာစရာတွေ အများကြီးရှိနေပါသေးတယ်။ လေ့ကျင့်စရာတွေလည်း အများကြီးရှိနေပါသေးတယ်။

တားရော့ကို စိတ်ဝင်စားသူတွေ အများကြီးရှိနေတယ်။ ဝါသနာပါလို့ လေ့လာလိုက်စားလိုသူတွေ အများကြီး ရှိနေတယ်။ အဲဒီ ကျွန်တော်နဲ့ ဘဝတူ၊ ဝါသနာတူ ညီတော်တို့အတွက် ကျွန်တော့်ရဲ့ တားရော့အတွေ့အကြုံကို မျှဝေခံစားခြင်းပါပဲ။ အခြေအနေပေးရင် အသေးစိတ် ဆက်လက် တင်ပြသွားပါမယ်။

ကျွန်တော် နားလည်သလို ပြောပါရစေ။ တားရော့ပညာရပ်ဟာ လွယ်သလား လွယ်ပါတယ်။ ခက်သလား ခက်ပါတယ်။ တွက်ချက်စရာ၊ ကျက်မှတ်စရာတွေ မပါတဲ့အတွက် လွယ်ပါတယ်။ မည်သူမဆို အလွယ်တကူ လေ့လာသင်ယူနိုင်ပါတယ်။ အတိအကျ ဘောင်ခတ်သတ်မှတ်ထားတဲ့ ဝေါဟာရပညတ်ချက်တွေမရှိဘဲ ရုပ်ပုံ၊ အသွင်သဏ္ဌာန်၊ အရောင်အစရှိတဲ့ သင်္ကေတတွေရဲ့ သဘာဝဇာစ်မြစ်ကို မြင်အောင်၊ တွေးမြင် ခံစားနားလည်ရတာဖြစ်လို့ ခက်ပါတယ်။ ဒါကြောင့် ဆရာကောင်းလိုပါတယ်။ လေ့လာသင်ယူနည်းလမ်းမှန်ကို ညွှန်ပြပေးမယ့် လမ်းညွှန်လိုပါတယ်။ မသိတာ၊ မရှင်းတာတွေ့ရင် ဆွေးနွေးဖြေရှင်းပေးနိုင်တဲ့ပြည့်ဝသူ မိတ်ဆွေကောင်းလိုပါတယ်။

နိုင်ငံခြားကလာတဲ့ ရုပ်ပုံလှလှနဲ့ တားရော့ကားချပ်တွေကို ပိုင်ဆိုင်ထားရုံနဲ့ ပညာမရပါဘူး။ အင်္ဂလိပ်စာအုပ်ကြီးတွေကို ဘာသာပြန်၊ အလွတ်ကျက်ရုံမျှနဲ့လည်း ပညာမရပါဘူး။ ဆရာက အတတ်သင်ပေးလို့ရတဲ့ ပညာမျိုးလည်း မဟုတ်ပါဘူး။

ဦးနှောက်နဲ့ နှလုံးသားပေါင်းပြီး တွေးမြင်ခံစားရတဲ့ ပညာမျိုးသာ ဖြစ်ပါတယ်။

'တားရော့ကားချပ်တွေက ဘာတွေမှန်းမသိပါဘူး။ သူ့ကားချပ်နဲ့ သူ့ဟောချက်တွေက မှန်လည်းမမှန်ဘူး။ ဒါကြောင့် တားရော့အထုပ်တွေ၊ စာအုပ်တွေပါ သူများကို ပေးလိုက်ပြီ'ဆိုတဲ့ မိတ်ဆွေများအတွက် ထွက်သမျှ (မြန်မာပြည်က) တားရော့ကားချပ်တွေ၊ စာအုပ်တွေဝယ်ဖတ်၊ သင်တန်းတွေ တက်ထားပြီး ယောင်ချာချာဖြစ်နေတဲ့ ကျွန်တော်နဲ့ ဘဝတူ ညီငယ်၊ ညီမငယ်များအတွက် ရည်ရွယ်ချက်နဲ့ ဒီစာစုကို ရေးသားခြင်းဖြစ်ပါတယ်။ ကျွန်တော်လျှောက်ခဲ့တဲ့ လမ်းကြောင်းကို သင်ခန်းစာ (သို့) Hints အနေနဲ့သာ ဖော်ပြခြင်း ဖြစ်ပါတယ်။

တားရော့ကို အမှန်တကယ် သဘောပေါက်ထားပြီး၊ ကျွမ်းကျင်ပြီးဖြစ်သော ဆရာကြီးများ၊ ပညာရှင်ကြီးများကို မရည်ရွယ်ပါ။

ဒီပညာရပ်ဟာ ဘယ်တိုင်းပြည်၊ ဘယ်လူမျိုးက ဘယ်အချိန်က စတင်ခဲ့တယ်ဆိုတာကို ဇာစ်မြစ်ဖော်ထုတ်လို့မရအောင် ရှေးကျလွန်းလှသလို ယနေ့ နိုင်ငံအသီးသီးမှာ လူမျိုးအသီးသီးက၊ ဘာသာအသီးသီးက လက်ခံ၊ လေ့လာ၊ ယုံကြည်အသုံးပြုနေကြတဲ့ ကမ္ဘာ့လူသားအားလုံးပိုင်တဲ့ ပညာတစ်ရပ်အဖြစ် ကျယ်ပြန့်နေပါပြီ။

ကျွန်တော့်ဆန္ဒတင်ပြရရင် တားရော့ဝါသနာရှင်များရဲ့ အသင်းအဖွဲ့ တစ်ခု ဖြစ်စေချင်ပါတယ်။ နားလည်တတ်ကျွမ်းပြီးသောပညာရှင်များက ဦးဆောင်ကြပါ။ ပညာပေးကြပါ။ ဝါသနာရှင်များ စုစည်းကြပါ။ ဆွေးနွေးညှိနှိုင်းဖလှယ်ကြပါ။ တစ်ယောက်ကိုင်တစ်လက်ကိုင် ဖွက်မထားကြပါနဲ့။

မြန်မာပြည်အရပ်ရပ်အလွှာအသီးသီးမှ တားရော့ဝါသနာရှင်များအတွက် တားရော့ရဲ့ စစ်မှန်တဲ့ ပညာရောင်ခြည်တွေ ဖြန့်ဝေတောက်ပစေချင်ပါတယ်။ အများပြည်သူတစ်ရပ်လုံးလည်း တားရော့ရဲ့ စစ်မှန်တဲ့ အကြံပေးလမ်းညွှန်မှုတွေကို ရယူပြီး ဘဝအမောတွေပြေစေချင်ပါတယ်။

ကာလာမသုတ်မှာ ဘုရားဟောခဲ့တာရှိပါတယ်။ မိဘပြောတဲ့ စကားပဲ ဆိုပြီး အရမ်းမယုံပါနဲ့။ ဆရာသမားပြောတဲ့စကားပဲ ဆိုပြီးတော့လည်း မယုံလိုက်ပါနဲ့။ မိရိုးဖလာဆင်းသက်လာတာပဲဆိုပြီးတော့လည်း အရမ်းမယုံကြည်လိုက်ပါနဲ့။ နောက်ဆုံး ငါဘုရားပြောတာတောင်မှ အရမ်းမယုံလိုက်ပါနဲ့။ ကိုယ်တိုင်ဆင်ခြင်စဉ်းစားကြည့်၊ လက်တွေ့လုပ်ကြည့်၊ ကိုယ်တိုင်ကောင်းကျိုးခံစားရတော့မှယုံပါတဲ့။

ကျွန်တော်က လိုရင်းပြောတာပါ။ ဘုရားရှင်ဟောခဲ့တာက ရှင်းပါတယ်။ အစွဲမထားပါနဲ့။ မျက်မှန်စိမ်းအတပ်မခံပါနဲ့။ ဘောင်ခတ်မခံမိပါစေနဲ့။

လွတ်လပ်စွာ လေ့လာ၊ သင်ယူ၊ စဉ်းစား၊ လေ့ကျင့်ကြည့်ပါ။ ကိုယ်တိုင် အမှန်တရားနဲ့ အနှစ်သာရကို ရယူခံစားစေချင်ပါတယ်။

'အမှန်တရားရဲ့ အနှစ်သာရ' ဆိုတာ ဆုပ်ကိုင်ထားလို့ မရပါဘူး။ လှောင်ပိတ်ထားလို့လည်းမရနိုင်ပါဘူး။ ဘောင်ခတ်ထားလို့လည်း မဖြစ်နိုင်ပါဘူး။ ထို့အတူ လုပ်ယူလို့လည်းမရနိုင်သလို ဖျက်ဆီးဖျောက်ဖျက်ပစ်လို့လည်း မရနိုင်ပါဘူး။

ဒါကြောင့် ရိုးသားပါ။ နာမည်ကြီးလိုမှု၊ အသုံးချလိုမှုဆိုတဲ့ လောဘစိတ်တွေ အရင်းခံပြီးမလုပ်ပါနဲ့။ ဒီပညာကို ရိုးသားစွာ သိမြင်တတ်မြောက်လိုစိတ်တစ်ခုတည်းနဲ့သာ လေ့လာသင်ယူသင့်ပါတယ်လို့ အကြံပြုပါရစေ။

တားရော့ပညာရှင် Eden Gray ရဲ့ စာပုဒ်ကလေးနဲ့ ဒီစာစုကို နိဂုံးချုပ်ပါရစေ။

*"But we are living in the new age now, and all Turth is open to those who came with a humble wish to learm and who will not abuse the cosmic laws"*

ကျွန်တော် နားလည်သလို ပြန်ပြောရရင် ယနေ့ (၂၁) ရာစုရဲ့ ခေတ်သစ်မှာ ကျွန်တော်တို့ အသက်ရှင်နေထိုင်ကြတာ ဖြစ်ပါတယ်။ ယနေ့ ခေတ်သစ်မှာ (လျှို့ဝှက်ချက်ဆိုတာ မရှိတော့ပါဘူး) အမှန်တရားဆိုတာ အားလုံးအတွက် တံခါးဖွင့်ထားပါတယ်။

ဒါပေမယ့် အတ္တတွေ၊ မာနတွေ ဖယ်ခွာပြီး ရိုးသားကျိုးနွံစွာ သင်ယူလေ့လာလိုသူတွေနဲ့ လောကရဲ့ သစ္စာတရားကို စောင့်ထိန်းလိုက်နာသူတွေအတွက်သာ ဖြစ်ပါတယ်။

မျက်မမြင်ပုဏ္ဏားဇာတ်ထဲဝင်ပြီး ကျွန်တော်တော့ ဆင်ကိုလက်နဲ့စမ်းသပ်ကိုင်တွယ်နေမိပြီ။

သင်ကော. . . !

(တားရော့ရဲ့ Major -22 ကတ်နဲ့ Minor-56 ကတ်ကို စာသဘောတရားနဲ့ လက်တွေ့သိမြင်ချက်တွေ ပေါင်းစပ်ပြီး တစ်ကတ်ချင်း အသေးစိတ် ဆက်လက် တင်ပြပါမယ်။)

ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com

## ဆရာမော်

# အလွယ်လေ့လာလက္ခဏာပညာ




အပိုင်း (၂)

**လက်တွေ့ဆောင်ရွက်ခြင်း**

ဤအခန်းသည် အတွေ့အကြုံ နုနယ်သေးသည့် လက္ခဏာပညာရှင်များအတွက် အဓိကဦးတည်ပါသည်။

ဤအခန်းတွင် လက္ခဏာပညာနှင့် ပတ်သက်သော မေးခွန်းပေါင်း (၃၀၀) ကျော် ပါဝင်ပြီး အဖြေတစ်ခုစီအား Yes, No ပုံစံဖြင့် ပေးရမည် ဖြစ်သည်။

**လက်**

လက်သည် သက်ဆိုင်ရာလက်ဝါးပိုင်ရှင်၏ ပင်ကိုစရိုက်လက္ခဏာနှင့်ပတ်သက်၍ အကြမ်းဖျင်း ဖော်ပြပေးသည်။

လက္ခဏာမဖတ်ကြားမီ ပထမဆုံးအဆင့်မှာ လက်ပုံစံအရွယ်အစားအား သေချာဂနစွာ ကြည့်ရှုခြင်းပင် ဖြစ်သည်။

လက်ပုံစံ အနေအထားအား လေ့လာရာ၌ လက်ချောင်းများအောက်ခြေနှင့် လက်ကောက်ဝတ်တို့အကြားတွင်ရှိ လက်ဝါးပြင်အား တိုင်းတာပြီး လက်တည်ဆောက်ပုံ တိုသည်၊ ရှည်သည် ဟူ၍ ဆုံးဖြတ်ရပါမည်။

**လက်ဝါးပြင်အားတိုင်းတာခြင်း**

တိုသော လက်ဝါပြင်သည် ရှည်သောလက်ဝါးပြင်ထက် ပိုမိုလေးထောင့်ကျသည် (သို့) ကျယ်ပြန့်သည်။

ရှည်သောလက်ဝါးပြင် ဖြစ်ပါက ၎င်း၏ အကျယ်အဝန်းထက် ပို၍ရှည်လျားတတ်သည်။

ယခုတစ်ဖန် လက်ချောင်းများ တိုခြင်း၊ ရှည်ခြင်းကိစ္စအတွက် စဉ်းစားဆုံးဖြတ်မည် ဖြစ်သည်။ ထိုသို့လုပ်နိုင်ရန်အတွက် လက်ဝါးပြင်နှင့် လက်ချောင်းများအား ပုံတွင် ပြထားသည့်အတိုင်း တိုင်းတာပေးရမည် ဖြစ်သည်။

တိုသော လက်ချောင်းများသည် လက်ဝါးပြင်ထက် ပိုမို တိုတောင်းခြင်း (သို့) လက်ဝါးပြင်နှင့် အညီအမျှဖြစ်နေခြင်းကို တွေ့ရသည်။

ရှည်သောလက်များသည် လက်ဝါးပြင်ထက် ပိုမိုရှည်လျားကြသည်။

□ *လက်တွင် (----) ဟူ၍ ပါရှိပါသလား။*

**ရှည်သော လက်ဝါးပြင်နှင့် ရှည်သော လက်ချောင်းများ (ရေ-လက်)**

စိတ်ထိခိုက်မှုလွယ်ကူတတ်သည့် (ဆတ်ဆတ်ထိမခံသော) လက်အမျိုးအစားဖြစ်သည်။ 'ရေ'ဓာတ်ကို ကိုယ်စားပြုလက်ဟုလည်း ခေါ်သည်။ အဆိုပါပုံစံအရ စိတ်ထိခိုက်လွယ်သည့်သဘော၊ သနားကြင်နာစိတ်ရှိသည့် သဘော၊ သတိကြီးကြီးထားတတ်သည့် သဘော၊ ထိုးထွင်းဉာဏ်အားကောင်းသည့်သဘော၊ အရာရာ အရန်သင့်ပြင်ဆင်တတ်သည့် သဘောတို့ကို ရည်ညွှန်းသည်။

၎င်းပြင် ရှည်သောလက်ဝါးပြင်နှင့် ရှည်သောလက်ချောင်းများ ပိုင်ဆိုင်သူသည် အရာရာတရားမျှတလိုစိတ်ရှိပြီး ဘဝနေထိုင်မှုပုံစံအရလည်း အဘက်ဘက် ချမ်းသာပြည့်စုံသောသူ ဖြစ်နေတတ်သည်။ သို့သော် အဆိုပါလက်ဝါးပိုင်ရှင်များသည် ဝေဖန်တိုက်ခိုက်ခံရမှုများနှင့် ကြုံတွေ့ရချိန်၌ မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းခြင်းကြောင့် အလွယ်တကူ ခြေကုန်လက်ပန်းကျ၍ စိတ်ထိခိုက်လွယ်တတ်သည်။

**နှစ်သက်ခံမင်သောဘဝ**

ရေဓာတ် ကိုယ်စားပြု လက်ပိုင်ရှင်ဖြစ်ခြင်းကြောင့် အချစ်၏စေစားရာအတိုင်းနာခံပြီးလုပ်ကိုင်တတ်သူ၊ အချစ်ရေး၌ အစွဲအလမ်းကြီးသူ၊ လုံခြုံ၍သက်သောင့်သက်သာရှိသောဝန်းကျင်၌နေထိုင်ရသူဖြစ်ကြောင်း ဖော်ပြသည်။

**ရှည်သောလက်ဝါးပြင်နှင့် တိုသောလက်ချောင်းများ (မီး-လက်)**

အလိုအလျောက် တုံ့ပြန်မှုပေးနိုင်သည့်သဘောများပိုင်ဆိုင်ထားသည့် လက်အမျိုးအစား ဖြစ်သည်။ 'မီး' ဓာတ်ကိုယ်စားပြုလက်ဟုလည်း ခေါ်သည်။ အဆိုပါလက်ပိုင်ရှင်သည် ချစ်ခြင်း၊ မုန်းခြင်းတို့၌ ခံစားမှုပြင်းထန်ခြင်း၊ စိတ်အပြောင်းအလဲမြန်ခြင်း၊ ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းရှိခြင်း၊ စွန့်စားလုပ်ကိုင်တတ်ခြင်း၊ အနုပညာရသအပေါ် ခံစားတတ်ခြင်းတို့ကို ပိုင်ဆိုင်ထားသည်။

၎င်းပြင် အထက်ပါလက်ဝါးပိုင်ရှင်သည် ဩဇာအာဏာမကင်းမေတတ်ဘဲ မိမိအရေးထက် ပတ်ဝန်းကျင်မှ သူတစ်ပါးအရေးကို အလေးပေးတတ်ကြသည်။


တစ်ခါတစ်ရံ မကောင်းသော အဓိပ္ပာယ်အဖြစ် တစ်ကိုယ်ကောင်းဆန်တတ်သူ၊ ခက်ထန်ကြမ်းတမ်းသူ၊ တောင်းဆိုမှုများသူအဖြစ်လည်း တွေ့ရတတ်သည်။

**ခံမင်သောဘဝ**

ပုံမှန်လုပ်ဆောင်ရသည့် ကိစ္စများ၌ အလွယ်တကူပျင်းရိခြင်း၊ စိတ်လိုက်မာန်ပါလုပ်ခြင်း၊ အချစ်ရေး၌ အစွဲအလမ်းကြီးခြင်းတို့ကို တွေ့ရသည်။

**တိုသောလက်ဝါးပြင်နှင့် ရှည်သောလက်ချောင်းများ (လေ-လက်)**

အသိဉာဏ်ပညာ ကြီးမားသည့် အခြေအနေကိုဖော်ပြသည့် လက်အမျိုးအစား ဖြစ်သည်။ 'လေ' ဓာတ်ကိုယ်စားပြုလက်ဟုလည်း ခေါ်သည်။ အဆိုပါလက္ခဏာသည် လိမ္မာပါးနပ်ခြင်း၊ သိလို




လက်ချောင်းများကို တိုင်းတာခြင်း

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပြင်းပြခြင်း၊ ထက်မြက်သောဉာဏ်ရည်နှင့် မှန်ကန်သောအမြင်ရှိခြင်း၊ အရာရာခွဲခြမ်းစိတ်ဖြာ၍ တွက်ချက်တတ်ခြင်း၊ စည်းစနစ်ကျခြင်း၊ ပြောဆိုဆက်ဆံရေး၌ ကျွမ်းကျင်မှုရှိခြင်းတို့ကို ဖော်ပြသည်။ သို့သော် တစ်ခါတစ်ရံ၌ အစဉ်အတိုင်း လုပ်နေကျဖြစ်သောလုပ်ငန်းစဉ်များအားမနှစ်သက်ခြင်း၊ စိတ်ရှည်သည်းခံနိုင်မှုနည်းခြင်း၊ သွေးအေးပြီး သနားကြင်နာစိတ်ခေါင်းပါးခြင်းတို့လည်း တွေ့ရတတ်သည်။

**နှစ်သက်ခံမင်သောဘဝ**

အသစ်အဆန်းဟူသမျှ စိတ်ဝင်စားခြင်း၊ စွန့်စားရခြင်းကို နှစ်သက်ခြင်း၊ ပုံမှန်လုပ်ရိုးလုပ်စဉ်များကို မနှစ်မြို့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။

**တိုသောလက်ဝါးပြင်နှင့် တိုသောလက်ချောင်းများ (မြေ-လက်)**

လက်တွေ့ကျသော အမျိုးအစားအဖြစ် သတ်မှတ်နိုင်သည်။ မြေဓာတ်ကိုယ်စားပြုလက်ဟုလည်း ခေါ်သည်။ အဆိုပါ လက်ဝါးပိုင်ရှင်သည် လက်တွေ့ကျသည့်သဘော၊ တိကျပြတ်သားသည့်သဘော၊ ခွန်အားကြီး၍ သန်မာသည့်သဘော၊ အကျိုးဖြစ်ထွန်းသည့်သဘော၊ ကိုယ်ပိုင်အရည်အသွေးအပေါ် အားကိုးသည့်သဘောများကို ပိုင်ဆိုင်ထားသည်။

ရင်းပြင် လက်ဝါးပိုင်ရှင် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ နိုင်ငံတော်၏ ဩဇာအာဏာအပေါ် လေးစားလိုက်နာတတ်သူ၊ ဥပဒေနှင့်အညီနေထိုင်တတ်သူ၊ မသေချာသောအပြောင်းအလဲများအား မနှစ်သက်တတ်သူ စိတ်ဆုံးဖြတ်ချက်ခိုင်မာသူများအဖြစ် တွေ့ရတတ်သည်။

**နှစ်သက်ခံမင်သောဘဝ**

မြေဓာတ်ကို ကိုယ်စားပြုလက်ဖြစ်သောကြောင့် မလိုအပ်ပါက စွန့်စားမှုတစ်စုံတစ်ရာမလုပ်တတ်။ ပိုမိုကောင်းမွန်စေမည့် ပြောင်းလဲခြင်းမျိုးကိုသာ ပိုမိုနှစ်သက်တတ်ကြသည်။

လက္ခဏာမေးမြန်းလိုသူ၏ လက်အား သေချာစွာ ကိုင်တွယ် စမ်းသပ်ကြည့်ပါ။

လက်အား ထိတွေ့ကိုင်တွယ်ရာ၌ -

□ ***အလွန် နူးညံ့ပျော့အိသလို ခံစားရပါသလား။***

ထိုသို့ခံစားရပါက လက္ခဏာရှင်သည် ကာမဂုဏ်လိုက်စားတတ်သူ၊ မိမိအရေးကိုသာ ရှေ့တန်းတင်သူ၊ အစားအသောက်ခုံမင်သူဖြစ်ကြောင်း သိနိုင်ပါသည်။ အဆိုပါ လက်ဝါးပိုင်ရှင်များသည် မိမိစိတ်ကို အလိုလိုက်မိခြင်းကြောင့် မူးယစ်ဆေးစွဲတတ်သူ၊ အဝလွန်ရောဂါဖြစ်သူ၊ မိမိကိုယ်ပိုင်အရည်အသွေးညံ့ဖျင်းခြင်းကြောင့် သူတစ်ပါးနောက်လိုက်လုပ်သူများအဖြစ် တွေ့ရတတ်သည်။

ရင်းပြင် အထက်ပါလက္ခဏာရှင်သည် ပျင်းရိမှုကို မနှစ်သက်ခြင်း၊ လွတ်လပ်ပေါ့ပါးစွာနေတတ်ခြင်း၊ အသုံးအဖြုန်းလက်ဖွာခြင်း၊ မိတ်ဆွေများခြင်း၊ ရင်းနှီးဖော်ရွေတတ်ခြင်း၊ တစ်ကိုယ်တော်အထီးကျန်ရခြင်းကို မနှစ်သက်ဘဲ အပေါင်းအသင်းများစွာဖြင့် အုပ်စုဖွဲ့နေတတ်ခြင်း ရှိကြောင်းဖော်ပြသည်။

လက်အားထိတွေ့ကိုင်တွယ်ရာ၌-

□ ***လုံးဝကွေး၍ ဆန့်ရလွယ်ကူပါသလား။***
□ ***လက်ချောင်းများကို နောက်သို့ အလွယ်တကူကွေးနိုင်ပါသလား***

ထိုသို့ အလွယ်တကူကွေးနိုင်ဆန့်နိုင်ပါက လက္ခဏာပိုင်ရှင်သည် ပင်ကိုသဘာဝအရ စိတ်ဝင်စားသည့် ဝါသနာအမျိုးစုံတတ်သည်။ ဘက်ပေါင်းစုံ၌ အထုံပါရမီအားကောင်းပြီး ထူးချွန်တတ်သူ၊ ပင်ကိုသဘာဝအရ ကျွမ်းကျင်မှုမျိုးစုံရှိခြင်းကြောင့် အပြောင်းအလဲများကို နှစ်သက်တတ်သူလည်း ဖြစ်သည်။

တစ်ခါတစ်ရံ အထက်ပါလက္ခဏာရှင်များသည် အရည်အချင်းမပြည့်ဝသည့် အခြေအနေ၌ အရာရာဟိုစပ်စပ် ဒီစပ်စပ်လုပ်တတ်သူများအဖြစ် တွေ့ရတတ်သည်။

လက်အားထိတွေ့ကိုင်တွယ်ရာ၌-

□ ***မာကျောတောင့်တင်းနေပါသလား။***

အကယ်၍ မာကျောတောင့်တင်းနေသောလက်ဖြစ်ပါက စိတ်ဆုံးဖြတ်ချက် ခိုင်မာပြတ်သားသူ၊ ခေါင်းမာတတ်ပြီး အရာရာ အလွယ်တကူ အလျှော့မပေးတတ်သူ၊ ကတိစကားမတည်မြဲသူ၊ မိမိကိုယ်မိမိတိုးတက်အောင်ကြိုးဆောင်ဖန်တီးနိုင်စွမ်းမရှိသူ ဖြစ်ကြောင်း ဖော်ပြသည်။ အဆိုပါ လက်များသည် တစ်ခါတစ်ရံ ကိုယ်ကာယကျန်းမာကြံ့ခိုင်၍ သွက်လက်ဖျတ်လတ်မှုများကို ပိုင်ဆိုင်ထားသည်။

လက်အား ထိတွေ့ကိုင်တွယ်ရာ၌ -

□ ***မာကျစ်၍ ဆန့်နိုင်၊ ကျုံ့နိုင်ပါသလား။***

ထိုသို့ဖြစ်ပါက မျှတမှုရှိသောစိတ်နေစိတ်ထားရှိသူ၊ အလုပ်အကိုင်အပြောင်းအလဲနှင့် ဘဝအခြေအနေအပြောင်းအလဲများသူ၊ ကောင်းသောပြောင်းလဲခြင်းများဖြင့် အောင်မြင်တတ်သူ၊ အကောင်းမြင်ဝါဒရှိသူ၊ မိမိကိုယ်မိမိအားကိုးတတ်သူ၊ လက်ရှိဘဝအပေါ် ပျော်ရွှင်ကျေနပ်စွာ လက်ခံတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

လက်အားထိတွေ့ကိုင်တွယ်ရာ၌-

□ ***အလွန်ချောမွေ့နေပါသလား။***

ချောမွေ့သော လက်ဝါးပိုင်ရှင်ဖြစ်ပါက ဖန်တီးနိုင်စွမ်းရှိသူ၊ စိတ်လိုက်မာန်ပါလုပ်တတ်သူများအဖြစ် တွေ့ရတတ်သလို တစ်ခါတစ်ရံ ကဗျာဆရာ၊ စိတ်ကူးစိတ်သန်းကောင်းသည့် စာရေးဆရာများအဖြစ် တွေ့ရတတ်သည်။ အကယ်၍ လက်ဝါးပြင်တည်ဆောက်ပုံမကောင်းပါက ရိုးသားမှုမရှိသူ၊ ချဲ့ကားလီဆယ်၍ပြောဆိုတတ်သူ၊ အယောင်ဆောင်သူအဖြစ် တွေ့ရတတ်သည်။

လက်အားထိတွေ့ကိုင်တွယ်ရာ၌-

□ ***အရိုးများနေသလော (သို့) အဖုအထစ်များနေသလော။***

အရိုးများနေသောပုံစံဖြစ်စေ၊ အဖုအထစ်များနေသောပုံစံဖြစ်စေ လက်ဝါးပိုင်ရှင်သည် အတွေးအခေါ်ကောင်းသူ၊ ဉာဏ်ရည်ထက်မြက်သူ၊ စနစ်တကျလုပ်ကိုင်ဆောင်ရွက်တတ်သူ ဖြစ်ပါမည်။

တစ်ခါတစ်ရံ မကောင်းသောလက္ခဏာပုံစံများအဖြစ် တရားသေဝါဒစွဲကိုင်တတ်သူ၊ မိမိနှင့်သဘောမတိုက်ဆိုင်သူများအပေါ် အပြစ်ရှာတတ်သူ၊ ပူးရိမ်သောကများသူ၊ တင်းမာသည့်သဘောထားရှိသူအဖြစ် တွေ့ရတတ်သည်။

လက်အားထိတွေ့ကိုင်တွယ်ရာ၌-


□ ***မာတင်းပြီးပါးလျားနေပါသလား။***

အထက်ပါအတိုင်း မာပြီးပါးနေသော လက်ဝါးပြင်ဖြစ်ပါက ကျန်းမာရေးထိခိုက်လွယ်သူ၊ နာတာရှည်ရောဂါဝေဒနာခံစားရတတ်သူ၊ စိတ်ပညာရှုထောင့်အရ စိတ်ခံစားမှုလွယ်သူ၊ အများနှင့် ရောနှောဆက်ဆံခြင်းမရှိဘဲ အေးစက်စက်ဖြင့် တစ်ဦးတည်းနေတတ်သူ၊ မိမိအကျိုးအမြတ်ရရေးကိုသာ ဦးစားပေးတတ်သူ၊ သနားညာတာစိတ်ကင်း




www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်သောအခြေခံလမ်းကြောင်းများသာ ပါဝင်သည့် လက်ပုံစံ



လက်ဝါးပြင်ပေါ်၌ များစွာသော လမ်းကြောင်းများ ပြည့်နှက်ရှုပ်ထွေးနေပုံ



ရှင်းလင်းထင်ရှားသောလမ်းကြောင်း၊ အသင့်အတင့်သာပါဝင်သည့်လက်ပုံစံ

မဲ့သူအဖြစ် တွေ့ရတတ်သည်။

**☐ လက်ဝါးပြင်အလယ်ကောင်၌ သိသာစွာ ချိုင့်ဝင်နေပါသလား။**

လက်ဝါးပြင် အလယ်ချိုင့်ဝင်နေသောပုံစံရှိပါက အရှက်အကြောက်ကြီးကြောင်း ဖော်ပြသည်။ ၎င်းပြင် လက်ဝါးပိုင်ရှင်သည် စိုးရိမ်သောကကြီးပြီး အဆိုးမြင်တတ်သည်။

လက်၏အရောင်ကိုလေ့လာပါက-

**☐ အရောင်မှိန်ဖျော့ခြင်း။ အရောင်မဲ့ခြင်း ရှိပါသလား။**

အရောင်မှိန်ဖျော့သော လက်ဝါးပြင်မျိုးအား တွေ့ရခဲသည်။ အရောင်မှိန်ဖျော့သော လက်ပိုင်ရှင်သည် ကျန်းမာရေးချို့တဲ့ပြီး ကိုယ်ခံအားကျဆင်းနေတတ်သည်။ ၎င်းပြင် လက်ဝါးပိုင်ရှင်သည် တစ်ကိုယ်ကောင်းဆန်ပြီး အပေါင်းအသင်းနည်းသူ၊ တည်ကြည်၍ က္ကန္ဒြေသိက္ခာကြီးသောပုံစံဖြင့် နေထိုင်တတ်သူ အဖြစ်တွေ့ရသည်။

**☐ လက်အရောင်သည် ပန်းရောင်သန်းနေပါသလား (သို့) အဖြူရောင် အစက်အပြောက်များပါရှိနေပါသလား။**

အထက်ပါအတိုင်း တွေ့ရှိရပါက လက်တွင်ရှိသင့်သော ပုံမှန်အရောင်အဆင်းဖြစ်ပြီး ကျန်းမာရေးကောင်းသည့်သဘော၊ ရဲရဲဝံ့ဝံ့တိုက်ခိုက်ရဲသည့်စိတ်ရှိသောသူအဖြစ် တွေ့ရမည်။

**☐ လက်အရောင်သည် အနီရောင် (သို့) ကြီးမားသော အနီကွက်များ ရှိနေပါသလား။**

အထက်ပါပုံစံအရ စွမ်းအင်ကြီးမားသူ၊ ကာမဂုဏ်အာရုံအားခုံမင်သူဖြစ်ကြောင်း ဖော်ပြသည်။ အကယ်၍ လက်ဝါးအရောင်ရဲနေပါက ကြမ်းတမ်းရက်စက်သူ၊ အကြမ်းဖက်တိုက်ခိုက်တတ်သူဖြစ်နေတတ်သည်။ အကယ်၍ လက်ဝါးပိုင်ရှင်သည် အမျိုးသမီးဖြစ်ပါက ကိုယ်ဝန်ရနေသည့်အချိန်ကြောင့် ဟော်မုန်းမျှတမှုမရှိဘဲ လက်ဝါးပြင်နီရဲနေတတ်သည်ကို သတိပြုပါ။

ခန္ဓာကိုယ်အင်္ဂါ အစိတ်အပိုင်းအားလုံးနှင့် နှိုင်းယှဉ်ပါက လက်၏အရွယ်အစား သိသာစွာ ကြီးမားခြင်း (သို့) သိသာစွာသေးငယ်ခြင်းရှိ၊ မရှိ စစ်ဆေးပါ။

**☐ လက်အရွယ်အစားသည် အချိုးကျကျ ကြီးမားပါသလား။**

လက်အရွယ်အစား အချိုးကျကျ ကြီးမားပါက ပညာရပ်တစ်ခုအား အသေးစိတ်၊ အနုစိတ်နားလည်တတ်ကျွမ်းသူ၊ နူးညံ့သိမ်မွေ့စွာလုပ်ရသော လုပ်ငန်းများ၊ အနုပညာဆိုင်ရာအလုပ်များ၌ ကျွမ်းကျင်လိမ္မာသူ၊ လက်မှုပညာရပ်များတတ်ကျွမ်းသူအဖြစ်တွေ့ရသည်။

**☐ လက်အရွယ်အစားသည် အချိုးကျကျ သေးငယ်နေပါသလား။**

လက်အရွယ်အစား သေးငယ်သူဖြစ်ပါက ဆုပ်ကိုင်ထားနိုင်သူ၊ အရာရာအား အသေးစိတ်ကျကျ လေ့လာတတ်သူများ ဖြစ်နေတတ်သည်။

သေးငယ်သော လက်ဝါးပိုင်ရှင်များကို တစ်ခါတစ်ရံ မန်နေဂျာကောင်းများ၊ တရားသူကြီးကောင်းများအဖြစ် တွေ့ရတတ်သည်။

သေးငယ်သော လက်ဝါးပိုင်ရှင်တို့၏သဘာဝအရ စီမံကိန်းကြီးများအားချမှတ် အကောင်အထည်ဖော်နိုင်စွမ်းလည်းရှိကြသည်။

**☐ ကောင်းမွန်သော အချိုးကျနမှု ရှိပါသလား။**

ကောင်းမွန်သော အချိုးကျနမှုဆိုသည်မှာ ကြီးလွန်း၊ သေးလွန်းမဟုတ်သည့် အချိုးကျကျ မျှတမှုရှိသည့် လက်မျိုးကို ဆိုလိုသည်။

**လက်ဝါးပြင်တွင် တွေ့မြင်ရသော လမ်းကြောင်းများအား စစ်ဆေးခြင်း**

**☐ လက်ဝါးပြင်တွင် များစွာသော လမ်းကြောင်းများဖုံးအုပ်နေပါသလား။ (လက်ဝါးပြင်တွင် လမ်းကြောင်းများပြည့်နှက်ရှုပ်ထွေးနေပါသလား)**

အထက်ပါပုံစံရှိ လက္ခဏာပိုင်ရှင်သည် စိတ်ကူးစိတ်သန်းကောင်းပြီး အကင်းပါးတတ်သူ ဖြစ်သည်။ တစ်ခါတစ်ရံ ဆတ်ဆတ်ထိမခံလောက်သည်အထိ စိတ်ခံစားမှုလွယ်ကူတတ်သည်။ ၎င်းပြင် အဆိုပါလက်ဝါးပိုင်ရှင်များကို ဖန်တီးနိုင်စွမ်းရှိသူ၊ ကြိုတင်ခန့်မှန်း၍မရနိုင်သူ၊ အများအတွက် စိတ်လှုပ်ရှားဖွယ်ကောင်းသူ၊ ကြိုတင်ခန့်မှန်း၍မရနိုင်သူ၊ အများအတွက်စိတ်လှုပ်ရှားဖွယ်ကောင်းသောသူများအဖြစ် တွေ့ရတတ်သည်။ တစ်ဖန် လက်ဝါးပြင်ပါ လမ်းကြောင်းများ ရှုပ်ထွေးနေသည့် သဘာဝအရ စည်းရုံးရေးကောင်းသူများ၊ အများအတွက် ဦးဆောင်ရသူများ (သို့) ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံရသူများလည်း ဖြစ်နေတတ်သည်။

၎င်းပြင် အထက်ပါလက်ဝါးပိုင်ရှင်များသည် ဆင်းရဲသူများ ဖြစ်သည့်တိုင် စည်းကမ်းကြီးတတ်ကြသည်။

လက်ဝါးပြင်ပါ များစွာသော လမ်းကြောင်းများသည် ခွန်အားအမျိုးမျိုး၊ စွမ်းအင်အမျိုးမျိုးကို ဖြစ်စေသော



www.burmeseclassic.com

www.burmeseclassic.com

မ်းကြောင်းများပင် ဖြစ်သည်။

အဆိုပါ လမ်းကြောင်းများသည် လက်ဝါးပြင်ပေါ်၌ မှန်ကန်သောဦးတည်ချက်မရှိဘဲ ပြန့်ကျဲနေပါက လက်ဝါးပိုင်ရှင်အတွက် ရသင့်ရထိုက်သော အကျိုး ကျေးဇူးများတန့်နေမည်ဖြစ်သည်။ ကာယကံရှင်ကိုယ်တိုင်က စွမ်းအင်ကောင်းများ သူ့နေရာနှင့်သူ ရရှိသာစေရန် အာရုံစူးစိုက်၍ လေ့လာရမည် ဖြစ်သည်။

**လက်ဝါးပြင်၌ အတန်အသင့်ပါသည့် ရှင်းလင်းထင်ရှားသော လမ်းကြောင်းများ**

□ ***လမ်းကြောင်း အသင့်အတင့်ပါသည့် လက်အမျိုးအစားလား။***

စိတ်အားထက်သန်ခြင်းနှင့် စိတ်ပါဝင်စားမှုမရှိခြင်းတို့အကြား တစ်ဖက်စွန်းမရောက်သည့် (မျှတသော) စိတ်အခြေအနေကို ဖော်ပြသည်။ အများအားဖြင့် လက်တွေ့ကျကျ ပြောဆိုလုပ်ကိုင်တတ်သည်။

□ ***အနည်းငယ်သော အခြေခံလမ်းကြောင်းများသာပါသည့် လက်ဝါးပြင် ဗလာလက်ဟု ခေါ်ဆိုရပါသလား။***

လက်အမျိုးအစား တစ်ခုချင်းစီအပေါ် မူတည်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားသွားတတ်သည်။ စိတ်ခံစားထိခိုက်လွယ်သည့်သဘော ဖော်ပြသည့် ရေဓာတ်ကိုယ်စားပြုလက်နှင့် မီးဓာတ်ကိုယ်စားပြုလက်များတွင် တွေ့ရတတ်သည်။

လက်ဝါးပြင်၌ အခြေခံကျသော လမ်းကြောင်းများသာ အဓိကပါဝင်နေခြင်းကြောင့် စိတ်သဘောထား နူးညံ့သိမ်မွေ့သူ၊ မိမိကိုယ်မိမိ ယုံကြည်အားထားတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါလက္ခဏာမျိုးအား အိန္ဒိယလက္ခဏာပညာရှင်တို့က ယခင်ဘဝမှ ဝိညာဉ်ဟောင်းအမှတ်သင်္ကေတအဖြစ် သတ်မှတ်ကြသည်။

အခြေခံအကျဆုံးသော လက်အမျိုးအစားတွင် ပါဝင်သည်။ မြေဓာတ်ကိုယ်စားပြုလက်နှင့် လေဓာတ်ကိုယ်စားပြုလက်များတွင် အထက်ပါအတိုင်း အခြေခံလမ်းကြောင်းများသာ ရှင်းရှင်းလင်းလင်းပါဝင်နေပါက မည်သည့်ကိစ္စတွင်မဆို တစိုက်မတ်မတ်လုပ်ကိုင်တတ်သူ ရိုးသားဖြောင့်မတ်သူ၊ အမိန့်နာခံတတ်သူ၊ တိတိကျကျလုပ်တတ်သူ၊ အစီအစဉ်တကျ ဆောင်ရွက်တတ်သူများအဖြစ် တွေ့ရမည်။ အဆိုပါလက္ခဏာရှင်များ အလုပ်လုပ်ရာတွင် နှေးကွေးသော်လည်း အလွန်ကောင်းမွန်သေသပ်စွာဖြင့်လက်စသတ်တတ်ကြသည်။

□ ***လက်ဝါးပြင်နှင့်ဆက်စပ်နေသော လက်ချောင်းများမှာ ပိုပြီးရှည်ပါသလား။***

ပိုမိုရှည်လျားသော လက်ချောင်းများဖြစ်ပါက စိတ်ထိခိုက်လွယ်ခြင်း၊ အနုပညာဆိုင်ရာ အထုံပါရမီပါရှိခြင်း၊ စိတ်သဘောထားနူးညံ့ခြင်းတို့ကို ပိုင်ဆိုင်ထားသူ ဖြစ်ကြောင်း ဖော်ပြသည်။ သို့သော်လည်း မာန်မာနအား ထိန်းချုပ်နိုင်မှုလျော့နည်းခြင်းကြောင့် သည်းခံနိုင်သည့်စိတ်ကုန်သွားတတ်သူ ဖြစ်တတ်သည်။

□ ***ပိုပြီးတိုပါသလား။***

ပိုမိုတိုတောင်းသော လက်ချောင်းများဖြစ်ပါက -

အရာရာတိကျသူ၊ စိတ်ဆုံးဖြတ်ချက်ခိုင်မာပြတ်သားသူ၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသူ၊ အဘက်ဘက်မှ ခြုံငုံစဉ်းစားတတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။ သို့သော်လည်း အဆိုပါ လက္ခဏာရှင်သည် အသေးအဖွဲ့ကိစ္စတစ်ခုခု၏ ခြိမ်းခြောက်မှုကြောင့် ဒုက္ခရောက်တတ်သည်။

□ ***လက်ချောင်းများ၏ အရှည်ညီမျှမှုနှင့် ပတ်သက်ပါသလား။***

ရှည်ရမည့် လက်ချောင်းနှင့် တိုရမည့် လက်ချောင်းတို့အကြား ညီမျှမှုရှိနေပါက ရိုးသားဖြောင့်မတ်မှုရှိသူဖြစ်ကြောင်း ရည်ညွှန်းသည်။

**လက်ချောင်းထိပ်ဖျားများအား စစ်ဆေးခြင်း**

□ ***လက်ချောင်းထိပ်ဖျားဝိုင်းပါသလား။***



ဝိုင်းသောလက်ချောင်းထိပ်များ

လက်ချောင်းထိပ်ဖျားဝိုင်းနေပါက စိတ်ဓာတ်ခိုင်မာသူ၊ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူ၊ စိတ်ခံစားမှုနှင့် အကျိုးအကြောင်းအပေါ် အခြေခံ၍ ပြုမူဆောင်ရွက်တတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။



လေးထောင့်ကျသော လက်ချောင်းထိပ်များ

□ ***လက်ချောင်းထိပ်ဖျား လေးထောင့်ကျနေပါသလား။***

လက်ချောင်းထိပ်ဖျားတွင် လေးထောင့်ပုံစံဖြစ်နေပါက လက်မှုပညာရပ်၌ ထူးချွန်ပြောင်မြောက်စွာ စွမ်းဆောင်နိုင်သူ၊ လက်တွေ့ကျသူ၊ ကိုယ်ကာယကျန်းမာကြံ့ခိုင်သူ၊ အကြောင်းအကျိုးအပေါ် ဆီလျော်စွာ တွေးခေါ်ကြံဆပြီးမှ အခြေခံကျကျ ဖြေရှင်းဆောင်ရွက်တတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။


**လက်ချောင်းထိပ်ဖျားပြားနေပါသလား**



ပြားသောလက်ချောင်းထိပ်များ

လက်ချောင်းထိပ်ဖျားပြားနေပါက လက်တွေ့ကျသူ၊ စွမ်းဆောင်ရည်အားကောင်းသူ၊ သွေးတိုးလှုံ့ဆော်တတ်သူ၊ စည်းရုံးရေးအားကောင်းသူ ဖြစ်ကြောင်း ဖော်ပြပါသည်။

**လက်ချောင်းထိပ်ဖျားချွန်နေပါသလား**



ချွန်သောလက်ချောင်းထိပ်များ

လက်ချောင်းထိပ်ဖျားချွန်းနေသည့် သဘာဝအရ ထိုးထွင်းဉာဏ် အားကောင်းခြင်း၊ စိတ်ခံစားလွယ်ခြင်းတို့ကို ရည်ညွှန်းသည်။

ထိပ်ချွန်သော လက်ချောင်းများအား စိတ်ပိုင်းဆိုင်ရာအဓိကကိုယ်စားပြုသည့် လက်ချောင်းအဖြစ် ဖော်ပြနိုင်သည်။

ဆရာမော်



www.burmeseclassic.com

www.burmeseclassic.com

ရွာက ငသောင်းကြီးဟု ခေါ် သည်။

ငသောင်းကြီး ကိုယ်ဝန်ရှိချိန် ငသောင်းကြီးအဖေ ကိုဘမောင် လယ်ရေယူရင်း ပိုးထိ၍ သေဆုံးခဲ့ရသည်။ အမေဖြစ်သူကလည်း လင်ယောကျ်ား ဆုံးပါးသွားသည့်အတွက် အားငယ်စိတ်ဖြစ်ပြီး အစားအသောက်၊ အအိပ်အနေ နည်းပါးပျက်ယွင်းခဲ့သည်။ ကိုယ်ခံအား နည်းပါးသဖြင့် ငသောင်းကြီးကို မီးဖွားချိန် မီးတွင်းမှာပင် ဆုံးပါးပြန်သည်။

ငသောင်းကြီးကို အဒေါ်ဝမ်းကွဲတစ်ယောက်က ကောက်ယူမွေးစားပါသည်။ သို့သော် ငသောင်းကြီးက စရိုက်ကြမ်းသည်၊ ကျောင်းထားမရ၊ ရွယ်တူများနှင့် သတ်ပုတ်ရန်ဖြစ်လွန်းသည်။ ငသောင်းကြီးအတွက် ကြိမ်ဖန်များစွာ တောင်းပန်ရ၊ ဆေးဖိုးစရိတ်များကျခံပေးခဲ့ရပေါင်းများသောအခါတွင် အဒေါ်သည်းခံနိုင်ခြင်းမရှိ ဖြစ်လာလေသည်။ ထိုသည့်အတွက် ငသောင်းကြီးကို

လှူဒါန်းသူ ကျောင်းဒကာလည်း ဖြစ်သည်။ ဆရာတော်၏ ဆွမ်းကွမ်းဒကာရင်းလည်း ဖြစ်ပါသည်။

မစိန်ကိုလည်း အိမ်မှာခေါ်ထား လျက် အချက်အပြုတ်ကိုကူစေခဲ့သည်။ မစိန်ကလည်း လိုအပ်သမျှ ဖြည့်ဆည်းကူညီပေးပါသဖြင့် ဦးညွန့်ဇနီး ဒေါ်ရှင်က သမီးတစ်ယောက်သဖွယ် ချစ်ခင်အားထားသည်။

မစိန်ရှိသဖြင့် ရွာဦးကျောင်းဆရာတော်အတွက် ဆွမ်းချိုင့်၊ အချိုပွဲမီသကဲ့သို့ မနက်ခင်း လူငှားများ တောမသွားမီ စားသောက်သွားရန် အဆင်ပြေနေသည်။ အိမ်မှာ မစိန်မြေမစိန်လက်ဖြစ်သည်။

ဦးညွန့်တို့မှာ သားထောက်သမီးခံမရှိပါ။

ကိုဘမောင် အိမ်ထောင်သက်သုံးနှစ်အရမှာ ဦးညွန့် အိုးအိမ်ခွဲပေးသည်။ လယ်သုံးဧက၊ ယာနှစ်ဧက၊ နွားတစ်ရှဉ်းပေးလိုက်သည်။ အခြားမတောင်

သည်။

ငသော[...]င်းကြီးအတွက် လိုအ[...] သမျှ ဦးညွန့်[...]က ထောက်ပံ့ပါသ[...]

အဒေါ်ဖြစ်သူက မောင်သော[...] ဟု နာမည်ပေး[...]။ အပျိုကြီးလ[...] ဖြစ်သဖြင့် တူလေး[...]အချစ်ကြီးသ[...]

မောင်သောင်း[...] စရိုက်[...] သည်။ အသားမည်းလွန်း[...]။ နဖ[...] များက သူမတူအောင်ထူ[...]။ မျ[...] ပေါက်ကျဉ်းသေးသည်။ အ[...]

အရုပ်ဆိုးသည်ဖြစ်၍[...]

(လုတော)

# ကိုဇော်ဝင်း

## လုံချက်အောက်က အသက်ပေါင်းများစွာ၏အော်သံ

အင်ကိုဖြစ်သူ ရွာဦးကျောင်းဆရာတော်ထံ အပ်နှံလိုက်ရသည်။

ဆရာတော်က ငသောင်းကြီးအမေနှင့်လည်း မောင်နှမဝမ်းကွဲဖြစ်သည်၊ ငသောင်းကြီးကို ထိန်းသိမ်းပြုပြင်ဆုံးမသည်။

ငသောင်းကြီးအဖေ ကိုဘမောင်က ရိုးသားသည်။ လယ်လုပ်ငန်းကိုကျွမ်းကျင်သည်၊ ရွာတောင်ပိုင်း ဦးညွန့်အိမ်မှာ နှစ်ပေါက်လုပ်ငှားနေသည်၊ အသောက်အစားမရှိ၊ အလုပ်ရှင်မျက်ကွယ်ဖြစ်ငြား မခိုမကပ်လုပ်ကိုင်သည်။ ဦးညွန့်က မိသားစုသဖွယ်ထားသည်။ ငသောင်းကြီးအမေ မစိန်နှင့်လည်း ဦးညွန့်ကိုယ်တိုင် ပေးစားခဲ့ခြင်း ဖြစ်သည်။

ဦးညွန့်က လယ်ပိုင်ရှင်ကြီး ဖြစ်သည်၊ ရွာမှာ အချမ်းသာဆုံးစာရင်းဝင်သည်။ ရွာဦးကျောင်းကို ဆောက်လုပ်

သုံးပစ္စည်းများကိုလည်း သုံးစွဲခွင့်ပေးထားသည်။

ကိုဘမောင်က သိတတ်သည်။ ဦးညွန့်လုပ်ငန်းများကိုလည်း စောင့်ရှောက် ဝိုင်းကူဆဲ၊ လေးစားချစ်ခင်ဆဲ ရှိသည်။

ဦးညွန့်လယ်အတွက် ရေကာမရ အောင်ဖြစ်နေချိန် ညပိုင်းမှာ ကိုဘမောင် ကိုယ်တိုင်စောင့်ယူရသည်။ အပြန်မှာ ပိုးထိခြင်းဖြစ်ပါ၏။ ကိုက်ချက်ပြင်းလွန်းသဖြင့် ဆေးရုံသို့ပင်မရောက်၊ လမ်းမှာပင် ဆုံးပါးပျက်စီးသည်။

မစိန်က နေ့စေ့လစေ့ဖြစ်နေသည်၊ အိမ်မှာခေါ်ပြီးစောင့်ရှောက်ကြရသည်၊ သို့သော် ငသောင်းကြီး မီးဖွားချိန် မစိန် သေဆုံးသည်။

ငသောင်းကြီးကို ဦးညွန့်တို့ မွေးစားရန်ပြင်ငြား မစိန်အစ်မဝမ်းကွဲဖြစ်သူက မွေးပါရစေဆိုသဖြင့် ပေးလိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူက အရုပ်ဆိုးသည်ဟု မမြင်။

လေးနှစ်၊ ငါးနှစ်အရွယ်မှာပင် အစားကြမ်း၊ အသွားကြမ်းသည်။ ကစားဖက်မှန်သမျှ အနိုင်ကျင့်သည်။ လက်မြန်ခြေမြန်ရှိသည်။

ရွာက ပြောဖန်များလာသဖြင့် အဒေါ်ဖြစ်သူက အစ်ကိုဆရာတော်ထံ ပို့လိုက်ရသည်။

ရွာဦးကျောင်း ဆရာတော်က တစ်ပါးတည်း သီတင်းသုံးသည်။ ကိုရင်ငယ်၊ ကျောင်းသားမရှိ။ ရဟန်းအလုပ်ကို ...ကြိုးအားထုတ်သူဖြစ်ပါလျက် ...မောင်သောင်းကို ကျောင်းသားအဖြစ် လက်ခံပေးခဲ့ရသည်။

မောင်သောင်းကိုလည်း 'မောင်သောင်းအေး' ဟု အေးတစ်လုံးကို တိုးလျက်ခေါ်ကြစေသည်။ မောင်သောင်းအေးက ဆရာတော်ကျောင်းမှာလည်း ကောင်းကောင်းနေထိုင်ခြင်း မရှိ။ သွားချင်ရာသွားသည်။ လာချင်ရာလာသည်။

ဆရာတော်အတွက် ဦးညွန့်အိမ်မှာ ဆွမ်းချိုင့်ပင် မှန်မှန်ယူမပေးချင်။ အချို့ရက်များ ဆရာတော်ထံ ဆွမ်းချိုင့်မရောက်။ လမ်းတစ်ဝက်မှာ ချစားခဲ့သောကြောင့် ဖြစ်သည်။

စာလည်းမသင်ချင်။ ဆွမ်းချိုင့်၊ ဆွမ်းပန်းကန်၊ သပိတ်များလည်း မဆေးချင်။ အဆိုးဆုံးက ကျောင်းပတ်ဝန်းကျင်ရှိသမျှ ငှက်ကလေးများကို သတ်ချင်ဖြတ်ချင်သည်။ တုတ်ပစ်လည်းဖြောင့်သည်။ ကျီးကိုပင် မှန်အောင်ပစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းခွေးများကိုလည်း ရိုက်ချင်ရိုက်နေသည်။ ဆွမ်းကျန်များချပေးပြီး လာစားလျှင် တုတ်တိုနှင့် ပစ်ပေါက်သည်။

ဆရာတော်အတွက် စိတ်လက်မချမ်းမသာဖြစ်ရပြီ။

ဆရာတော် ကြိမ်မကိုင်ချင်ငြား ကြိမ်လုံးကိုင်ရပြီ။

ကျောင်းဝင်းမြေကြီးထဲမှ တစ်ပေခန့်ရှိသော လှံသွားတစ်ချောင်း မောင်သောင်းအေးရထားသည်။ လှံသွားကို ဝါးရိုးတပ်လျက် မြတ်မြတ်နိုးနိုးကိုင်သည်။ ဆရာတော်က မကိုင်ရန်ပြောပြီး အလှူခံသည်။

မရ။ သတ္တဝါများကို မညဥ်းဆဲရန် ဆုံးမသည်။ မရ။

ဆရာတော် မိန့်ကြားချက်များကို ပြန်မပြောငြား နားထောင်ခြင်းမရှိ။ ထိုနေ့က ရသမျှဆွမ်းများကို မောင်သောင်းအေးစားပြီး ကျန်သမျှ မန်ကျည်းပင်အောက်တွင် ပုံထားလျက် လှံကိုင်ပြီး စောင့်နေသည်။

ကျောင်းခွေးများက စားချင်ငြား မစားကြရ။ အနီးမှသာ မျှော်ကြည့်နေကြရသည်။

တစ်ဖက်ရွာမှာ မင်္ဂလာဆွမ်းကပ်သဖြင့် ဆရာတော် ကြွရသည်။ ဆရာတော်အပြန် ကျောင်းဝင်းအဝင် ခွေးညိုကြီးတစ်ကောင်ပြေးလာသည်။ ဆရာတော်ကို အမြီးနှင့်ရိုက်ပြီး မန်ကျည်းပင်အောက်မှ ဆွမ်းကျန်များရှိရာ ပြေးလာသည်။ ပါးစပ်မှလည်း တအိမ်အိမ်အသံပေးသည်။

ဆရာတော်ကို တိုင်ကြားသကဲ့သို့ရှိသည်။

ရုတ်တရက် မောင်သောင်းအေးက ထိုင်ရာမှထလျက် လက်ထဲမှလှံဖြင့် ခွေးညိုကြီးကို အားကုန်ပစ်ထိုးလိုက်သည်။ ခွေးညိုကြီးမှာ 'ကိန်' ဟုမျှပင် မအော်နိုင်၊ အသက်ပျောက်သွားသည်။

ဆရာတော် ကျောင်းထောင့်မှ ကြိမ်လုံးယူလျက် -

"ဟဲ့ - သောင်းအေး၊ သလောက်မိုက်ရသလား"

ဟု မိန့်လျက် ရိုက်ရန်ပြင်သည်။

မောင်သောင်းအေးက အရိုက်မခံ။ ခွေးညိုကြီးကို စူးနစ်နေသောလှံကို ပြေးဆွဲနုတ်လျက် ဆရာတော်ကိုထိုးရန် ပြင်ခဲ့သည်။

မောင်သောင်းအေးနှုတ်ကလည်း တောက်တစ်ချက်ပြင်းပြင်းခေါက်သည်။

ဆရာတော် အံ့အားသင့်ကြီးသင့်သွားခဲ့သည်။

'သည်ကလေးကို ဆုံးမလို့မရတော့ပါလား။ ကိုယ့်သွေးကိုယ့်သားဖြစ်လျက် မပြုပြင်နိုင်တော့ပါလား'

ဟု ယူကျုံးမရဖြစ်သည်။

လက်ထဲမှကြိမ်လုံးကို ချလျက် 'သည်ကလေး ကံကြီးမထိုက်ပါစေနှင့်တော့' ဟု အောက်မေ့လျက် ကျောင်းပေါ်သို့ ဖြည်းဖြည်းကြွသည်။

မောင်သောင်းအေးက ခွေးညိုကြီးသွေးစက်လက်ဖြင့်သွေးများပေနေသောလှံကိုကိုင်ပြီး ဆရာတော်နောက်လိုက်မည်ပြင်သေးသည်။

မောင်သောင်းအေး မလိုက်ပါ။ အချိန်ကြာကြာရပ်နေပြီးမှ ကျောင်းဝိုင်းအပြင်ဘက်ပြေးထွက်သွားသည်။

ထိုအဖြစ်ကို ဆရာတော်လိုက်ပို့ကြသော တစ်ဖက်ရွာမှ ဒကာများက မြင်တွေ့ခဲ့ကြသည်။

မောင်သောင်းအေး ရွာမှပျောက်သွားသည်။

❐

ဆရာတော် ပျံလွန်တော်မူပြီးနောက်တစ်နှစ်တွင် မောင်သောင်းအေး ရွာကို ပြန်ရောက်လာသည်။

အိမ်နီးချင်းနိုင်ငံသားများနှင့် ပါလာခြင်း ဖြစ်သည်။ ထိုသူများက သားသတ်လုပ်ငန်းကို လုပ်ကိုင်ပါသည်။

ရွာ၏အနောက်ဘက်မိုင်ဝက်ခန့်အကွာမှာ သချိုင်းရှိသည်။ လမ်းကလေးညာဘက်မှာ သချိုင်းရှိပြီး ဘယ်ဘက်သဲကုန်းများပေါ်တွင် ထန်းရွက်တဲများဆောက်လုပ်ပြီးနေထိုင်ကြသည်။

မောင်သောင်းအေးက ဟင်းကောင်များရှာဝယ်ရသည်။ ညပိုင်းမှာ ဟင်းကောင်များကို မောင်သောင်းအေးပင် သတ်ပေးရသည်။

ဟင်းကောင်ဟု ဆိုရာတွင် နွားများ၊ ကျွဲများ၊ ဆိတ်များ၊ ဝက်များပါသည်။ အများဆုံးဟင်းကောင်မှာ ဝက်ဖြစ်သည်။

ပေါ်ပြီးသမျှ ဟင်းကောင်များကို မနီးမဝေးမှာရှိနေသောမြို့လေးကို ပို့ပါသည်။ အသားများကို တောင်းများတွင် ထည့်လျက် လှည်းဖြင့်ပို့သည်။

မောင်သောင်းအေး အရက်ကို သောက်တတ်လာသည်။ ရွာထဲကိုမူ ဟင်းကောင်ဝယ်ရန်လာခြင်းမှတစ်ပါး တခြားလာလေ့မရှိ။ အဒေါ်အိမ်ကိုပင် မလာ။ မဝင်။

အရက်မူးလာသောမောင်သောင်းအေး ရွာထဲဝင်လာသည်နှင့် ခွေးများက တရကြမ်းထိုးဟောင်သည်။ လမ်းဘေးချည်တိုင်မှ ကျွဲ၊ နွားများ ရုန်းထွက်ပြေးလေ့ရှိသည်။

တွေ့သမျှလူကို မောင်သောင်းအေး ဆဲဆိုသည်။ မချေမငံပြောသည်။ အကောင်ဝယ်မတည့်လျှင် ရိုက်မောင်းပုတ်မောင်းလုပ်ချင်သည်။

တွေ့သမျှ ခွေးများကို တုတ်ဖြင့်နှင့်ပစ်သည်။ ဆဲသည်။ ခွေးများက ထိုးဟောင်ပြီး နောက်ဆုတ်ပြေးကြသည်။ လှံကိုလည်းမချတမ်းကိုင်သည်။

မောင်သောင်းအေး ရွာထဲရောက်သည်နှင့် လူတရုန်းရုန်းခွေးတစီစီ။

ရွာက မောင်သောင်းအေးကို ကြောက်ကြီး ဖြစ်လာသည်။ မုန်းလည်း မုန်းခဲ့ကြသည်။ မောင်သောင်းအေးကလည်း မည်သူ့ကိုမျှ ဂရုမစိုက်။

အဒေါ်ဖြစ်သူက သံယောဇဉ်ရှိသည်။ ဆုံးမချင်ငြား ရှုံ့ခဲ့သည်။

မောင်သောင်းအေးဟု ဆရာတော်ပေးခဲ့သော နာမည်ပျောက်ခဲ့ရသည်။

ရွာက ငသောင်းကြီးဟု ခေါ်ခဲ့ကြသည်။

အဖေကိုဘမောင်၊ အမေမစိန်တို့ရှိသားသမျှ၊ အလုပ်ကြိုးစားလုပ်ကိုင်ကြသမျှ သားဖြစ်သူ သည်မျှဆိုးသွမ်းခြင်းကို နားမလည်နိုင်ကြ။

အလုပ်ရှင် အိမ်နီးချင်းနိုင်ငံသားများက ငသောင်းကြီးကို မြှောက်သည်။ သောက်ချင်၊ စားချင်သမျှ တိုက်သည်။ ကျွေးနပ်မှုရှိသည်။ ငွေထုတ်ပေးသည်။

ငသောင်းကြီးက အလုပ်အတွက် စိတ်ချရသည်။ ဟင်းကောင်ဝယ်ပြီး သမျှ ပြန်အပ်သည်။ ဟင်းကိုင်ပြီးချိန်မှာ တော့ နားချင်သည်။ စိတ်တိုင်းကျ သောက်ချင်သည်။

ဟင်းကောင်များကို ငသောင်းကြီးက လှံဖြင့် တစ်ချက်တည်းသာထိုးသတ်သည်။ နှစ်ချက်ထိုးသတ်ရသည် မရှိ။ ဟင်းခုတ်ဟင်းဖြတ်လည်း မြန်သည်။ ဟင်းကောင်ကိုကြည့်ပြီး အချိန်မည်မျှ ထွက်မည်ဟုလည်း ပြောဆိုနိုင်သည်။ နည်းနည်းပါးပါးတိမ်းခြင်းပင်မရှိ။

ဟင်းကောင်သတ်ချိန်၊ ဟင်းကိုင်ချိန်မှာ ငသောင်းကြီး စကားမပြော။ အလုပ်အတူလုပ်ကိုင်ကြသူများကလည်း ငသောင်းကြီးရှိချိန်မပြောရဲ။



www.burmeseclassic.com

www.burmeseclassic.com

ရွာသူရွာသားများနှင့်အဆင်မပြေ ပြား အလုပ်ရှင်နှင့်အဆင်ပြေသည်။

ဟင်းကောင်များဆွဲလာချိန်၊ ဟင်းကောင်များသတ်ဖြတ်ချိန် အကောင်များ၏အသံများ၊ ဟင်းများခုတ်ထစ်သံများ။

ထိုအသံများကို ရွာက ကြားရသည်။ ညဝိုင်းဖြစ်သည့်အတွက် ပိုကြားရသည်။ သွေးရဲရဲသံရဲရဲများလည်း မြင်လာကြသည်။

ရွာကမကြိုက်။ သို့သော် သူတို့က သားသတ်လိုင်စင်နှင့်လာကြသူများ ဖြစ်သည်။ ပြီးနောက် ငသောင်းကြီးနှယ် ရိုင်းကြသည်။

ငသောင်းကြီး၏စရိုက်က ကြမ်းလာသည်။ အရက်လည်းစွဲလာသည်။ ဟင်းကောင်များမှ ရသမျှ အသည်းနှင့် ကလီစာများအားလုံး ငသောင်းကြီးအတွက် ဖြစ်သည်။ အရက်နှင့်သောက်ရန် ချက်ပြုပေးရသည်။ ငသောင်းကြီးကလည်း ကောင်းစွာ မကျက်သေးမီ တစ်ပွက်ဆူရုံမျှနှင့် ဟင်းအိုးဘေးမှာ ထိုင်ပြီးခပ်စားသည်။ အရက်တစ်ခွက် အသားတစ်ဖတ်။ အရက်လည်းကုန် ဟင်းလည်းကုန်။ ငသောင်းကြီးလည်း မထနိုင်ပြီ။

မည်မျှသောက်သောက် ငသောင်းကြီး အချိန်တန်လျှင် ထလာနိုင်သည်။ ဟင်းကောင်အဝယ်ထွက်နိုင်သည်။ ဟင်းကိုင်နိုင်သည်။

ရွာပေါင်းများစွာသွားနိုင်သည်။ မည်သည့်ရွာမှာ မည်သူက ဟင်းကောင်ရောင်းမည်။ မည်သူက ငွေလိုသည်က အစ ငသောင်းကြီးသိပြီးဖြစ်နေသည်။

တန်ရာတန်ကြေးမပေးရဘဲရလာသည်လည်းရှိသည်။

အလုပ်ရှင်အတွက် အမြတ်အစွန်းကြီးစွာရနေသည်။ ငသောင်းကြီးအတွက်က စိတ်တိုင်းကျ သောက်ရုံ၊ စားရုံမှ လွဲ၍ မရှိ။

သုံး၊ လေးရက် ငသောင်းကြီး ပျောက်သွားသည်။ အလုပ်ရှင်လည်း စိတ်ပူကြသည်။ ဝယ်ပြီးဟင်းကောင်များ ပို့ပေးသည်။ လူကမလာ။

မနက်စောစော ဟင်းလှည်းများ ထွက်မည့်ဆဲဆဲ ငသောင်းကြီး ပြန်ရောက်လာသည်။ ငသောင်းကြီးနှင့်အတူ မိန်းကလေးတစ်ယောက် ပါလာသည်။

ငသောင်းကြီး မိန်းမယူလာပြီ။

သို့သော် မိန်းကလေးက နားမကြားသူ၊ စကားမပြောတတ်သူလေး ဖြစ်သည်။ စီးပွားရေးနွမ်းပါးပုံရှိပြားရုပ်ရည်ချောမောသည်။

မိဘများနှင့်မိန်းကလေးကို အနိုင်ကျင့်ပြီး ငသောင်းကြီး ခေါ်လာခြင်းဖြစ်ကြောင်း ကြားသိကြရသည်။

ည ဟင်းကောင်များ သတ်ဖြတ်ချိန် မိန်းကလေးက ပူးပူးဝါးဝါးအော်လျက် ထွက်ပြေးသည်။ ငသောင်းကြီး ပြေးလိုက်ဆွဲသည်။

မိန်းကလေးက ငသောင်းကြီးကို ထိုင်ကန်တော့သည်။ ငသောင်းကြီးက ရိုက်နှက်ဆွဲခေါ်လာခြင်း ဖြစ်သည်။ မိန်းကလေးတွင် ဖုန်အလိမ်းလိမ်း၊ သစ်ရွက်ခြောက်အမှိုက်များ ကပ်ပါလာသည်။ ဆံပင်များက ပြေကျနေသည်။

'မပေါင်းချင်တော့ပါ။ မိဘရပ်ထံပြန်ပါရစေ'ဟု အဓိပ္ပာယ်ရသော စကားကို လက်ဟန်ခြေဟန်ဖြင့် မျက်ရည်အရွဲသားကန်တော့ရင်း တောင်းပန်နေသည်ကို မြင်ရသူများအတွက် ရင်မချိစရာစိတ်မကောင်းစရာ။

ငသောင်းကြီးက လုံ့ကိုပြေးဆွဲသည်။ အလုပ်ရှင် ခေါင်းဆောင်က အချိန်မီထဆွဲပါသည်။ မိန်းကလေးမှာ ကြောက်လွန်းသဖြင့် သတိများပင်မေ့သွားရသည်။

သဲကုန်းအနောက်တောင်ထောင့်ကျွဲ၊ နွားများ သတ်သောနေရာနှင့် ဝေးရာတွင် ထန်းရွက်တဲအသစ်တစ်လုံးထိုးပြီး ငသောင်းကြီးတို့ကိုနေစေသည်။

ငသောင်းကြီး အသောက်လျှော့လာသည်။ မိန်းကလေးကိုဂရုစိုက်သည်။ ကြင်နာသည်။ အချိန်ရသမျှ မိန်းကလေးအနီးမှာနေပေးသည်။

မိန်းကလေးတစ်ယောက်တည်းနေသည်။ မည်သူနှင့်မျှရောနှောနေထိုင်ခြင်းမပြု၊ မရှိ။ မျက်နှာကလည်း ကျောက်ဆစ်ရုပ်ပမာမပြုံးမရယ်ရှိသည်။

ငသောင်းကြီးနှင့် နေရသည့်အတွက် မိန်းကလေးမှာ ပျော်ရွှင်ပုံမရ။

ငသောင်းကြီး ပြောင်းလဲလာသည်ကို သတိပြုလာမိကြသည်။

ချွေးအရွှဲရွှဲ၊ သွေးရဲသံရဲဖြင့် ငသောင်းကြီး တဲကိုမပြန်။ အလုပ်ပြီးသည်နှင့် ရေတန်းချိုးသည်။ ကိုယ်လက်သန့်စင်သည်။ ပြီးနောက် တဲကို ဝင်သည်။

သောက်ချင်လျှင် သောက်သည်။ စားချင်သမျှ စားသည်။

အလွန်အကျွံမဖြစ်တော့။

မိန်းကလေးမိဘများ လိုက်လာသည်။ သုံးရက်နေပြီးမှ ပြန်သည်။ ငသောင်းကြီးက အလုပ်ရှင်ထံမှ ငွေကြေးတောင်းခံသောအခါ အံ့သြကြရသည်။

မည်သည့်အချိန်၊ မည်သည့်အခါမှ ငသောင်းကြီး ငွေကြေးတစ်စုံတစ်ရာ မတောင်းဖူးဘူး။ တောင်းခြင်း မရှိ။

အလုပ်ရှင်က ငွေစအချို့ထုတ်ပေးသည်။

မြို့လေးကို ဟင်းလှည်းပို့ပြီးအပြန် ငသောင်းကြီးနှင့်အတူ ရွှေဆွဲကြိုးလေးတစ်ကုံးပါလာသည်။ မြို့ဈေး ရွှေဆိုင်တစ်ဆိုင်မှ ဝယ်လာခြင်း ဖြစ်သည်။

ဆွဲကြိုးလေးကို မိန်းကလေးမိဘများရှေ့မှာပင် ကိုယ်တိုင်ဆွဲပေးသည်။ မိန်းကလေးကို ငသောင်းကြီး အရိပ်တကြည့်ကြည့် ဖြစ်နေသည်။

ထန်းခေါက်တောင်းတစ်လုံးတွင် ဆန်အနည်းငယ်၊ ဆီပုလင်းကြီး (၂) လုံး၊ ဆားတစ်အိတ်နှင့် ဖျင်စအချို့ထည့်ပြီး မိန်းကလေးမိဘများကိုပေးသည်။ ငွေစက္ကူများလည်း ထည့်သည်။ မကြာမကြာလာပါဆိုသည့်သဘောလည်း သိအောင်ပြသည်။

မိန်းကလေး၏ အမိဖြစ်သူက အပြန်တွင် ငိုသည်။

ငသောင်းကြီးက ထန်းခေါက်တောင်းကိုထမ်းပြီး လိုက်ပို့ပေးသည်။

"အခုလိုကျတော့ ငါ့လူကြီးက မိန်းမတို့ ချစ်တတ်သလို ယောက္ခမကိုလည်း ရိုသေရမှန်းသိသဟ"

ဟု တစ်ရွာတည်းသား ငသောင်းကြီးနှင့်အတူ အလုပ်လုပ်သူက ဆိုသည်။

ရက်များက လျင်မြန်စွာကုန်လာသည်။

မိန်းကလေးမှာ ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်လာသည်။ ငသောင်းကြီး အလုပ်ပိုလုပ်လာသည်။ မိန်းမကိုလည်း ပိုပြီးဂရုစိုက်လာသည်။

လင်မယားနှစ်ယောက်စလုံးကို အလုပ်ရှင်က ကျွေးထားသည်။ လစဉ် ငသောင်းကြီးအတွက် အလုပ်ရှင်က ငွေထုတ်ပေးသည်။

ရသမျှငွေကို ငသောင်းကြီး မိန်းမအပ်သည်။

❐

ဆရာတော် ပျံလွန်ပြီးနောက် ရွာဦးကျောင်းတွင် ကျောင်းထိုင်မရှိဖြစ်သည်။ ကျောင်းအဆောက်အအုံများ



www.burmeseclassic.com

www.burmeseclassic.com

မပျက်စီးအောင် ရွာကထွက်ပြီးစောင့် ရှောက်ကြရ၏။ ရက်ကွက်အလိုက် တစ်ပတ်တစ်ခါ သန့်ရှင်းရေးလုပ်ပေးကြရသည်။

မန္တလေးမှာ စာဝါလိုက်နေသော ရွာသားဦးပဉ္စင်းလေး ဒီနှစ် ဓမ္မာစရိယ တန်းပြီးမည်။ ကျောင်းကိုပြန်လာပြီး ထိုင်မည်ဖြစ်သည်။

စာမေးပွဲပြီးချိန် ဦးပဉ္စင်းလေးကြွလာသည်။

ရွာက ဆွမ်းအုပ်၊ ဆွမ်းချိုင့်များ ပို့ပေးကြသည်။ အရှေ့ဘက်ရွာမှ ဆရာတော်ကြီးပါ ကြွရောက်သီတင်းသုံးနေသည်။

ရွာသူရွာသားများနှင့် ဦးပဉ္စင်းလေး ကျောင်းအပ်ပွဲ ညှိနှိုင်းကြမည်။ ကျောင်းအပ်ပွဲဆိုသည်ထက် ကျောင်းတင်ပွဲဟုလည်း ဆိုနိုင်ပါသည်။

ငသောင်းကြီးက မိန်းမနှင့်အတူ အဒေါ်အိမ် ညနေပိုင်းရောက်လာသည်။ အဒေါ်ထံ ငွေကြေးတချို့ပေးပြီး ဆွမ်းချိုင့်ပို့ချင်သည့်အကြောင်း ပြောသည်။

နောက်တစ်နေ့မနက် ငသောင်းကြီးက ဆွမ်းချိုင့်ဆွဲလျက် မိန်းကလေးက ထန်းလျက်၊ သကြားဖြူ ပေါင်မုန့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများ ထည့်ထားသော လင်ပန်းကြီးရွက်ပြီး အဒေါ်အိမ်ဝိုင်းထဲမှ ရွာဦးကျောင်းကို ထွက်သွားကြသည်။

သည်သို့ အလှူဒါနပြုနိုင်အောင် အဒေါ်ဖြစ်သူက စီစဉ်ပေးရခြင်း ဖြစ်သည်။ တူဇနီးမောင်နှံကို မျက်စိတစ်ဆုံးကြည့်ခဲ့ရ၏။

ကြည့်ရင်း ကြည့်ရင်း မမြင်ရ။ မြင်ရခြင်း မရှိတော့။

အဒေါ်မျက်ဝန်းအစုံမှ မျက်ရည်များ အတားအဆီးမရှိကျလာနေသည်။ မျက်ရည်ထုက မျက်ဝန်းများကို ဖြတ်သန်းသွားခြင်းတည်း။ ဖုံးလွှမ်းခဲ့ခြင်းတည်း။

❒

အဒေါ်ဖြစ်သူက မိန်းကလေးကို အဒေါ်အိမ်မှာ မီးဖွားနိုင်အောင် စီစဉ်ထားသည်။ မွေးရက်မွေးချိန်နီးပြီ ဖြစ်သဖြင့် ထန်းရွက်တဲမှာ မနေစေတော့ပါဘဲ ခေါ်ထားသည်။

မိန်းကလေးက သူ့မိဘများရှိရာ မီးဖွားပြန်ချင်ကြောင်း ငသောင်းကြီးနားလည်အောင်ပြောငြား ငသောင်းကြီးက ခွင့်မပြု။

အလုပ်လည်းများလာသဖြင့် တစ်ကြောင်း၊ စိတ်မချသည်ကတစ်ကြောင်း ဟု မိန်းမနားလည်အောင် ငသောင်းကြီး ပြောသည်။

သီတင်းဝါလကျွတ်ပြီးသည်နှင့် မင်္ဂလာဆောင်များဆက်တိုက်လာသည်။ မင်္ဂလာဆောင်များနှင့်အတူ အလှူပွဲများလာဦးမည်။

အလှူ မင်္ဂလာဆောင်အကျွေး အမွေးတွင် ရပ်ဓလေ့ရွာဓလေ့ ဝက်သားကျွေးက များသည်။ ငသောင်းကြီး တစ်နေကုန် ဟင်းကောင်အဝယ်ထွက်ရသည်။ တစ်ညလုံး ဟင်းခုတ်ရ ဟင်းကိုင်ရသည်။

အချိန်လေးရသည်နှင့် မိန်းမရှိရာ အဒေါ်အိမ်ပြေးရသည်။

လေး၊ ငါးရက် မရောက်နိုင်ဘဲလည်း ရှိသည်။

သချိုင်းကုန်းလေးတစ်ဖက် သဲကုန်းပေါ်မှာ ဟင်းကောင်များအော်သံ၊ ဟင်းခုတ်သံ၊ ဟင်းတွဲသံများ ညလုံးပေါက် ဆူညံနေသောညများ ဖြစ်လာသည်။

ပတ်ဝန်းကျင်ရှိသမျှ ရွာများမှရသမျှ ဟင်းကောင်နှင့် မလုံလောက်တော့၊ လုပ်ငန်းရှင်ကိုယ်တိုင်ထွက်သွားသည်။ အပြန်မှာ ကားတစ်စီးအပြည့်ပါလာသည်။ ခြံသွင်းရသည်။ အစာကျွေးရသည်။

နောက်တစ်နေ့ ကားတစ်စီးထပ်ရောက်သည်။ ခြံထဲမှာ ပြည့်ညပ်နေပြီ။ တစ်ကောင်နှင့်တစ်ကောင် ဝက်စာကျင်းလုသည်၊ ကိုက်ကြသည်။

သို့ဖြစ်ငြား များသည်ဟု မဆိုနိုင်။ ရွာတစ်ရွာနှင့်တစ်ရွာ ပွဲရက်ဆိုင်သည်။ တစ်ရွာတည်း နှစ်ပွဲထပ်သည်။ အမှာများရသည်။

ရက်တစ်ပတ်မျှဖြင့် ခြံထဲမှာ ဟင်းကောင်ကုန်သည်။

လုပ်ငန်းရှင်က တစ်ကိုယ်လုံးသွားတစ်ခုသာဖြူသည်။ ထိုဖြူသောသွားများကို အမြဲမြင်နေရသည်။

သောက်စရာ၊ စားစရာများ ဂျပ်ပုံးများနှင့် ထားပေးသည်။

သို့ဖြစ်ငြား တစ်ရက်ပြီးတစ်ရက် နားချိန်မရှိ၊ သွေးရဲရဲ အသားရဲများကြား ခွေးတရုန်းရုန်း၊ ကျီးတသောသောများကြား။

ငသောင်းကြီး လက်ပန်းကျပြီ။

ငသောင်းကြီး နားချင်ပြီ။ သို့သော် အလုပ်ရှင်က နားခွင့်မပေး။

အချိန်နည်းနည်းနားရုံမျှဖြင့် မျက်နှာ ပျက်ချင်သည်။

သောက်ချင်သမျှသောက်၊ စား ချင်သမျှ စား။ မနားရ၊ နားခွင့်မရှိ။

အလုပ်ရှင်က အပ်ထည်မှန်သ မလွတ်စေရ၊ အားလုံးလက်ခံသည် သည်ကြား ပို့နေကျမြို့လေးကိုလည်း စဉ် ပို့ရ။

သည်ရွာ၊ ဟိုဘက်ရွာ မင်္ဂလာ သုံးပွဲလာတိုက်သည်။

တစ်ညလုံးဆက်တိုက် ဟင်း ကောင်များသတ်ရသည်။ အော်သံများ ဟင်းခုတ်သံများ။ ငသောင်းကြီးလက်က လှံသွားက တစ်ကောင်တစ်ချက်တည် လူ့ခန္ဓာကိုယ်ပင်ပန်းငြား လက်ဆက ဆဲ။

လှံဖျားကမီးထွက်မတတ်။ လ ကိုင်နေရာက ပူကျက်နေပြီ။ သွေး များ၊ ချွေးများဖြင့် လက်နှင့်လက်ကိုင် တွဲနေပြီ။ ခွာမရ။

ငသောင်းကြီး စိတ်တိုလာသည် စိတ်ကြမ်းလာပြီ။

တစ်နေ့လုံး၊ တစ်ညလုံး ည (၂ နာရီကျော်ပြီ။

အရက်တစ်ငုံမျှဖြင့် မသောက် အလုပ်ပြီးမှ သောက်မည်။ စားမည် တစ်ရေးကောင်းကောင်းအိပ်မည်။ နောက် မိန်းမနှင့်တွေ့ဦးမည်။ အဒေ လက် ငွေအပ်ရမည်။ မိန်းမကျန်းမာ စောင့်ရှောက်ပေးသဖြင့် ငသောင်းကြီး အဒေါ်ကို ကျေးဇူးတင်သည်။

သည်ရက် ငသောင်းကြီး မိန်းမထံ ပြန်မကြည့်နိုင်။

"ဟကောင် နားချင်နားဦး သောက်ဦး၊ စားဦး။ အစာရှိမှ အလု လုပ်နိုင်တော့မပေါ့"

ဟု အလုပ်ရှင်က မဆိုစဖူးဆို လာသည့်တိုင် ငသောင်းကြီးမနား။

အလုပ်သမားတစ်ယောက်တ ပုလင်းဖွင့်လာပေးသည်။ တစ်ခါတည် မော့သည်။ ဟင်းများ ဇလုံလိုက်ပို့ စောင်းပြီး တစ်ခါတည်းစားပစ်သည်။

အလုပ်ဆက်တိုက်လုပ်သည်။

နောက်တစ်နေ့ (၁၀) နာရီမှ ပြီး သည်။ ငသောင်းကြီး မဟန်နိုင်တော့ ထန်းရွက်တဲရှိရာ အပြေးဝင်သည်။ ကွ ပျစ်ပေါ် ပက်လက်လှန်ချသည်။ ရင်ဘ တလှိုက်လှိုက်တုန်နေသည်။

ထန်းရွက်အမိုးများကို ကြည့် ချာချာလည်နေပြီ။

ငသောင်းကြီးမျက်လုံးများ



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ရသည်။ မည်မျှ အိပ်မောကျသွားသနည်း။ မည်မျှ အိပ်ပျော်သွားသည် သိတော့။

နေမွန်းတိမ်းပြီ။

ထန်းရွက်တဲအတွင်းမှာ အပူကြီးနေပြီ။ ပတ်ပတ်လည်က အရိပ်မည်းမည်းများ၊ ကြားနေကျအသံများကြောင့် ငသောင်းကြီး မျက်လုံးများဖွင့်ကြည့်သည်။

ဝက်အကောင်ပေါင်းများစွာတို့က ဆူဆူညံညံအော်လျက် ကွပ်ပျစ်ဘေးမှာရောက်နေသည်။ ခြေထောက်ကိုမှီသည့်အကောင်များ၊ ဘေးတစ်ဖက်တစ်ချက်ရှိသည့်အကောင်များ၊ လက်များကိုကိုက်မည်ဆွဲမည်တကဲကဲ ကြောက်စရာအသွင်များကိုတွေ့ရသည်။ ခေါင်းရင်းထရံမှာထောင်ထားသောလှံကို ငသောင်းကြီးအိပ်လျက် ဆွဲသည်။ လှံက မရှိ။ ပင်ပန်းလွန်းသဖြင့် လှံကိုပင်မကောက်နိုင်။

ခြံထဲမှာ ဆယ်ကောင်မျှသာရှိတော့သည်။ ကျန်တော့သည်ပဲ။

ဘယ်အတွက် သည်လောက်များရသနည်း။ နောက်ထပ်ကားတစ်စီး ထပ်ရောက်လာခြင်းလား။ ခြံကို ဘယ်သူဖွင့်လွှတ်လိုက်ပါလိမ့်။

ငသောင်းကြီး တွေးချိန်မရ။ ဝက်များက ပါစ်ပြိုင်နက် မှီရာနေရာဆွဲကြကိုက်ကြလေပြီ။ ဝက်များ၏မျက်လုံးများက ရဲရဲတောက်နေသည်။ ပြီး - ဒေါသတကြီး။

ငသောင်းကြီး အော်သည်။ မျက်လုံးများမှိတ်လျက်အော်သည်။

ငသောင်းကြီး ဘာမှမဖြစ်။ ခြေထောက်များ၊ လက်များ၊ နာကျင်ခြင်းမရှိ။ ဝက်များ ကိုက်ဖြတ်ခြင်း မခံရ။

ငသောင်းကြီးမျက်လုံးများဖွင့်ချိန် ဝက်များမရှိ။ မတွေ့ရတော့။ ငသောင်းကြီးတစ်ကိုယ်လုံး ရေချိုးထားသည့်အလား ချွေးများရွှဲနစ်နေပြီ။

ငသောင်းကြီး၏အော်သံကြောင့် အလုပ်သမားအချို့ တဲထဲဝင်လာသည်။ ငသောင်းကြီး အိပ်သောနေရာ လာနေကြသည်။ မရောက်သေး။

ထိုအချိန် -

အထက်တဲအမိုးကို တစ်ဦးတစ်ယောက်က အားအပြည့်နှင့် ခုန်ချလိုက်သည့်အလား နင်းချိုးချလိုက်သည့်အလား ဝုန်းခနဲ၊ ဝုန်းခနဲ အသံကြီးနှင့်အတူ အချင်ဝါးစိမ်းတစ်လုံးက ထက်ပိုင်းကျိုးပြီး ငသောင်းကြီး၏ရင်ဘတ်တည့်တည့် စိုက်ကျတိုးဝင်သွားခဲ့သည်။

ငသောင်းကြီး၏ အော်သံနက်ကြီးနှင့်အတူ သွေးများက အပေါ်ထောင်ပန်းနေသည်။ ရေပန်းဖွင့်ထားသည့်နှယ်။ အထက်ထန်းရွက်တချို့ ရဲရဲနီသွားသည်။

အလုပ်သမားများ လန့်ပြီး နောက်ဆုတ်ကြသည်။ အလုပ်ရှင်လည်း အပြေးသွားပြောသွားခေါ်ခဲ့ကြသည်။

အားလုံးစုံချိန် ငသောင်းကြီး အသက်မရှိတော့။ ရင်ဘတ်၌ စိုက်ဝင်နေသော ဝါးစိမ်းကျိုးကို အလုပ်သမားများ မနုတ်ဝံ့၊ မနုတ်ရဲ။

အလုပ်ရှင်ကိုယ်တိုင် ကွပ်ပျစ်ပေါ်တက်ပြီး ဆွဲနုတ်ရသည်။ ငသောင်းကြီး ရင်ဘတ်၌ တစ်တောင်ကျော်ကျော် နစ်ဝင်သွားခဲ့သည်။

ခက်ခက်ခဲခဲဆွဲနုတ်ရပြား ဝါးစိမ်းဝါးကျိုးသော အထက်နေရာက မပြတ်။ ဝါးကြောဖြင့် တွဲနေဆဲ။ နောက်မှတက်ပြီး ဓားထက်ထက်နှင့် ဖြတ်ချရသည်။

ငသောင်းကြီးမိန်းမက မြေပေါ်မှာ လူးလှိမ့်ငိုသဖြင့် ဝိုင်းဝန်းဆွဲခေါ်ကြရသည်။ သတိလစ်မေ့သွားသဖြင့် အဒေါ်အိမ်ပြန်ပို့ကြရသည်။ သတိပြန်ရလျှင် ပြန်ပြေးလာပြီး ငိုပြန်သည်။

ဝူးဝူးဝါးဝါး မပီမသအသံများကြောင့် ကြားရသူတိုင်း မျက်ရည်ကျသည်။ စိတ်မချမ်းသာကြ။

ညနေပိုင်းမှာ တစ်ဖက်သချိုင်းတွင် ဆရာတော် (၃) ပါးပင့်ပြီး မြေချသည်။ မြေပုံဘေးမှာ ငသောင်းကြီးမိန်းမ မငိုတော့။ အဒေါ်ဖြစ်သူက တွဲထားသဖြင့် လဲမကျခြင်း ဖြစ်သည်။

နောက်တစ်နေ့မှာ ငသောင်းကြီးမိန်းမမီးဖွားသည်။ နေ့ဝင်စမှာ ဗိုက်စနာသည်။ ကျွမ်းကျင်သော လက်သည်အဘွားကြီးမှာ ချွေးဒီးဒီးကျခဲ့ပြီ။

ကလေးအပြင်ရောက်ရန် ခက်ခက်ခဲခဲ ဖြစ်နေသည်။

ည (၁) နာရီမှာ ကလေးကို ဆွဲထုတ်ရသည်။ ဝမ်းမှ ကျွတ်ကျွတ်ချင်း ကလေးက စူးစူးငါးဝါးငိုသည်။

လက်သည်အဘွားကြီး သက်မချနိုင်ပြီဟု ထင်ခဲ့ပြား -

"ဟောတော် - ကလေးက တစ်ယောက်ကျန်သေးသတော့"

ဟု ဆိုလျက် ကလေးတစ်ယောက် ဆွဲထုတ်ဖွားပေးရပြန်သည်။

အမြွှာနှစ်ယောက်။ မိန်းကလေးနှစ်ယောက်။ သမီးလေးနှစ်ယောက် ဖြစ်ပါ၏။ တစ်ယောက်နှင့်တစ်ယောက် (၅) မိနစ်မျှသာကွာသည်။

နောက်သမီးကလေးက အသံမထွက်။ ရေချိုးပေး၊ သန့်စင်ပေးချိန်မှ ငိုသံထွက်လာသည်။

"ဟဲ့၊ ဟဲ့ - ကလေးကိုချည်း ဝရှုံစိုက်မနေကြနဲ့ဦး။ လူကြီးကိုလည်းကြည့်ကြဦးဟဲ့"

ဟု မိန်းမတစ်ယောက်ကအော်မှ မိခင်ကို သတိရသည်။

ငသောင်းကြီး၏ မိန်းမ မောနေသည်။ မျက်လုံးတွေကလည်နေပြီ။ ဝူးဝူးဝါးဝါးမျှပင် အသံမထွက်နိုင်။

မကြာပါ။ ငသောင်းကြီးမိန်းမဆုံးသည်။

ငသောင်းကြီး၏ ယောက္ခမများ ရောက်လာကြသည်။ ကိုယ်တိုင် အသက်အရွယ်ရလာကြပြီး ဆင်းရဲနွမ်းပါးသဖြင့် သမီးလေးနှစ်ယောက် တာဝန်မယူနိုင်ပါဟု ဆိုခဲ့ကြသည်။

ငသောင်းကြီး ကများ ကျေ ရှင် ဦးညွှန့်တို့လင်မယားက သမီး နှစ်ယောက် မွေးစားပါမည်ဟု ဆိုသည်။

နှစ်ယောက်စလုံး တာဝန်ယူပါမည်ဟု ပြောသည်။

ငသောင်းကြီးအဒေါ်က တစ်ယောက်ကို မွေးလိုပါသည်။ ဦးညွှန့်တို့က တစ်ယောက်မွေးစားပါဟု ပြောသဖြင့် ရပ်ရွာက သဘောတူပါသည်။

စနေနေ့ နေတက်မှာ မွေးသော အမြွှာမိန်းကလေးနှစ်ယောက် လော ကြီးအတွင်း ဝင်ရောက်လာချိန် မိဘ ပါး ဆုံးပါးရခြင်း။

ကလေးနှစ်ယောက်ကို မွေးစားကြရန် ပြင်ဆင်ချိန် -

ပိတ်နှီးများဖြင့် ထုပ်ပိုးရန် ပေါင်ဒါအမှုန့်များ လိမ်းပေးနေချိန် -

"ဟဲ့ဟဲ့ - ကြည့်ကြစမ်းပါတော်"

ဆိုသောအသံ။

"ဟ၊ ဟ ဘယ်လိုတုံးဟ။ ဒါတွေက ဘာတွေတုံးဟ"

ဟု ဆိုသံများ ထွက်လာသဖြင့် အားလုံးဝိုင်းပြီး ကြည့်ကြ -

"ဟောတော့"

ဟု အသံများ အံ့သြတကြီး ခဲ့ရပါလေပြီ။

မိန်းကလေးနှစ်ယောက်စလုံး၏ ကိုယ်အပေါ်ပိုင်း ညာဘက်ခြမ်းမှာ လှံရာသဖွယ် အပေါက်ကလေး ကို အရေပြားပေါ်တွင် ညိုညိုအကွက် လေးများအဖြစ် တွေ့မြင်ကြရပါသ

ကိုအော်ဝင်း (



www.burmeseclassic.com

www.burmeseclassic.com



မောင်နွယ်သန်း

# မြန်မာနိုင်ငံမြောက်ဖျားမှ ရှားပါးသတ္တဝါများ

စာရေးသူသည် ပူတာအိုမြို့တွင် တစ်နှစ်ကျော်မျှ တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ပူတာအိုဒေသအတွင်း ရှားပါးသတ္တဝါများအကြောင်း စိတ်ဝင်စားစွာ လေ့လာခဲ့ပါသည်။ ကချင်ပြည်နယ် ပူတာအိုခရိုင်သည် နိုင်ငံတော်အတွက် သဘာဝက ဖန်တီးပေးသည့် ထူးခြား၍ ရှားပါးသော အမွေအနှစ်များ ကြွယ်ဝပါသည်။ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံ၌သာတွေ့ရသော ရေခဲဖုံးတောင်များ၊ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ရှားပါးအဖိုးတန်သည့် သစ်ခွမျိုးစိတ်များ၊ ရှားပါး၍အဖိုးတန်သော ဆေးဖက်ဝင်အပင်များအပြင် ရှားပါးသတ္တဝါများလည်း ကျက်စားနေထိုင်ကြပါသည်။ ဤဆောင်းပါးတွင် အဆိုပါဒေသ၏ ရှားပါးသတ္တဝါများအကြောင်းကို တင်ပြသွားမည် ဖြစ်ပါသည်။

**တာကင် (TAKIN) ခေါ် သားမင်းကောင်**

တိရစ္ဆာနဗေဒဘာသာအားဖြင့် Blancas Tavicolor ဟု ခေါ်တွင်လျက်ရှိသော တာကင်ခေါ် သားမင်းကောင်မှာ ကမ္ဘာပေါ်တွင် အရှားပါးဆုံးသတ္တဝါတစ်မျိုး ဖြစ်ပါသည်။ အဆိုပါ သားကောင်များသည် မြင့်မားသောဆီးနှင်းဖုံးရေခဲတောင်တန်းများပေါ်၌သာလျှင် ကျက်စားနေထိုင်လျက်ရှိကြသည်။

တာကင်ကောင်များကို ဟိမဝန္တာတောင်တန်းများ၏ အရှေ့ဘက်ပိုင်းဒေသ၊ တရုတ်ပြည်အနောက်ဘက်တောင်တန်းများနှင့် ကချင်ပြည်နယ်အတွင်း နယ်ခြားတစ်လျှောက်ရှိ ရေခဲတောင်တန်းများတွင် တွေ့နိုင်သည်။

ပုံသဏ္ဌာန်အားဖြင့် ဆိတ်နှင့် နွားစပ်ထားသည်နှင့်တူ၏။ ချိုမှာ နွားထီးချိုနှင့်ဆင်သည်။ ကျောကုန်းသည် မတ်စောက်စွာ အမြီးသို့ဆင်းသွားသည်။ လည်ပင်းမှာ တုတ်ခိုင်သန်မာသည်။ နှာတံမှာ ဆိတ်၏နှာတံနှင့်ဆင်နေသဖြင့် ဘေးမှ မြင်ရသော မျက်နှာပုံသဏ္ဌာန်မှာ နွားလည်းမကျ၊ ဆိတ်လည်းမကျဘဲ တစ်မျိုးထူးခြားနေပါသည်။ ခြေထောက်များမှာ တို၍တုတ်ခိုင်ပြီး ခွာမှာကြီးမားလေသည်။ ကိုယ်ခန္ဓာအရောင်မှာ အမျိုးမျိုးရှိပြီး ရွှေဝါရောင်မှ အညို၊ အနက်ရောင်အထိ ကွဲပြားပါသည်။ အရွယ်ရောက်သော အထီးကောင်များမှာ ပခုံးအထိ အရပ်လေးပေခွဲခန့် မြင့်မား၍နေတတ်သည်ဟု သိရလေသည်။

**ဒေသခံတိုင်းရင်းသားများ၏အခေါ်အဝေါ်**

ပူတာအိုနယ်အတွင်းရှိ ရဝမ်တိုင်းရင်းသားများက တာကင်ကို ရှမိုက်ဟု ခေါ်ပါသည်။ ရီမား (Rima) အနီးရှိ တိဗက်လူမျိုးများကမူ ရှင်နာ (Shingna) ဟုခေါ်ဝေါ်ကြကာ ၎င်းအနီးအနားရှိ မစ်(ရှ်)မီလူမျိုးများကမူ ကျင် (Kyen) ဟု ခေါ်ဝေါ်ကြောင်း သိရှိရပါသည်။ တိဗက်အများစုကမူ Kigimyak သို့မဟုတ် Tsionyak ဟူသော အမည်များ ခေါ်ဝေါ်ကြပါသည်။ မြန်မာဘာသာအားဖြင့် သားမင်းကောင် ဖြစ်ပါသည်။

တာကင်ခေါ် သားမင်းကို ကချင်ပြည်နယ်အတွင်းရှိ ပူတာအိုနယ်၏ မြောက်ဘက်အစွန်အဖျား၌ရှိသော မေ[illegible] နှင့် မလိခမြစ်များ၏ မြစ်ဖျားခံရာ ရေ[illegible] တောင်တန်းဒေသများ၊ ပူတာအိုနယ်[illegible] ခေါင်လန်ဖူးနယ်အတွင်းရှိ အာကု[illegible] လတ်တာဂေါ၊ အာမတ်ခချောင်းဖျား[illegible] မြစ်ဖျားခံရာဒေသများ၊ လောခေါ[illegible] တောင်တန်းနယ်အတွင်းရှိ လဘာ[illegible] ချောင်းနှင့် ငေါချန်းခချောင်းတို့၏ မြ[illegible] ဖျားခံရာဒေသများ၌ တွေ့ရှိရပါသည်။

တာကင်များသည် ရေခဲနှင့်နီးက[illegible] စွာနေလေ့ရှိကြ၏။ ကျစ်တွင်းရှိရာ ကျ[illegible] တွင်းရှိရာအနီး၌ အုပ်လိုက်ဖြစ်စေ၊ နှ[illegible] ကောင်တွဲ၊ သုံးကောင်တွဲဖြစ်စေနေ[illegible] ရှိသည်။ နွေဥတုနှင့် မိုးဥတုအချိန်မျာ[illegible] တွင် ပေပေါင်း (၈၀၀၀) မှ (၁၀၀၀[illegible] အထိမြင့်သော ရေခဲပြင်ရှိရာသို့ နီးက[illegible] စွာတက်သွားပြီး ဆောင်းရာသီတွ[illegible] အောက်ဘက်သို့ နိမ့်သောအပိုင်း[illegible] တဖြည်းဖြည်းဆင်းလာတတ်ပါသည်။

မိုးတွင်းအချိန်များတွင် ကျစ်တွ[illegible] များကို သောက်လေ့မရှိကြပေ။ နွေ[illegible] ဆောင်းရာသီများ၌သာ ကျစ်တွင်းမျာ[illegible] သောက်လေ့ရှိကြသည်ဟု သိရပါသ[illegible] မိုးကုန်ခါစ စက်တင်ဘာလဆန်းလော[illegible] တွင် လပြည့်ညတိုင်း ညအချိန်၌ [illegible] သမျှ တာကင်အားလုံးတို့သည် နီးစ[illegible] ကျစ်တွင်းများသို့ ဆင်းစားလေ့ရှိ[illegible] သဖြင့် ထိုလသည် တာကင်ကောင်မျာ[illegible] ကို အများဆုံးတွေ့မြင်ရသောအချိန်[illegible] သည်ဟု သိရှိရပါသည်။ အခြားအခ[illegible] များတွင် တစ်ကောင်စ၊ နှစ်ကောင်[illegible] သာ ကျစ်တွင်းအနီး၌ တွေ့ရတတ်[illegible] သည်။



www.burmeseclassic.com

www.burmeseclassic.com

**ကတိုးကောင်** (MMSKDEER)

ကတိုးကောင်များကို ကချင်ပြည်နယ်မြောက်ပိုင်းရှိ ရေခဲတောင်တန်းများတွင် တွေ့ရှိရပါသည်။ ကတိုးကောင်များသည်လည်း ရေခဲကျသည့်နေရာနှင့် အလွန်နီးကပ်စွာ အမြဲနေထိုင်၍ ချေသတ္တဝါများကဲ့သို့ သစ်ရွက်များကိုသာ စားပါသည်။ ထူးခြားသည်မှာ နှာခေါင်းနှင့် ပါးစပ်များသည် ကြောင်လိုလို၊ ခွေးလိုလိုပုံသဏ္ဍာန်ရှိပြီး ခန္ဓာကိုယ်နှင့် ခြေထောက်များမှာ ဒရယ်နှင့်တူသည်။ ချေ၊ ဒရယ်များကဲ့သို့ ခြေထောက်တွင်ခွာများရှိသည်။ ကတိုးသည် ရှားပါးသတ္တဝါဖြစ်သကဲ့သို့ တန်ဖိုးကြီးမားသော ကတိုးမွှေးအဆီများ ရရှိပါသည်။

ကတိုးအထီးများသည် ချက်တွင် အလွန်မွှေးကြိုင်သော အမည်းထုပ်အလုံးလေးများ သို့မဟုတ် အမှုန့်များနှင့်ပြည့်နေသော အထုပ်ကလေးတစ်ထုပ်ကို အရေနှင့်အသားကြားတွင် တွေ့ရှိနိုင်လေသည်။ ထိုအရာကား အလွန်တန်ဖိုးကြီး ကတိုးလုံးခေါ် အဆီခဲဖြစ်ပါသည်။ အမများတွင်မရှိချေ။ ကတိုးလိုက်မုဆိုးများသည် ကတိုးကောင်များကိုရရှိသောအခါ အသားကို စား၍ အမွှေးဆီပါသော အိတ်ကလေးများကို ခွဲထုတ်ယူကာ အခြောက်လှန်းထားပြီး ရောင်းချကြသည်။ ဆေးဖက်ဝင်ပါသည်။

အဆိုပါ ကတိုးမွှေးသည် နှာစေး၊ ချောင်းဆိုးအတွက် ရှူဆေးအဖြစ်လည်းကောင်း၊ လေနာရောဂါသည်များအတွက် ရေနှင့် ဖျော်သောက်ခြင်းဖြင့်လည်းကောင်း ပျောက်ကင်းသည်ဟု ဆိုပါသည်။ မြင်းနှင့် လားများတွင် ဖြစ်တတ်သည့် ရောဂါများအတွက်လည်း အဆိုပါ ကတိုးမွှေးကို ဆေးအဖြစ်အသုံးပြုကြရသည်ဟု ဆိုပါသည်။ ကတိုးကောင်၏ခန္ဓာကိုယ်မှအမွှေးများသည် အချောင်းကြီးမားပြီး အလွန်ပေါ့ပါးသည်။ ခေါင်းအုံးလုပ်၍အိပ်လျှင် ခန္ဓာအကိုက်အခဲ၊ ခေါင်းကိုက်ရောဂါမဖြစ်ဟု ဆိုပါသည်။ ကတိုးသားမှာလည်း အနံ့မွှေးပြီး အလွန်စားကောင်းသည်ဟု ဆိုပါသည်။ မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုဒေသမှ ရှားပါးသတ္တဝါတစ်မျိုး ဖြစ်ပါသည်။

**သမင်နက်** (TUFLEDDEER)

အလွန်ရှားပါးသောသတ္တဝါဖြစ်ပါသည်။ ပူတာအိုဒေသ တရုတ်-မြန်မာနယ်စပ်ဒေသများ၌နေထိုင်ကြသည်ဟု ဆိုပါသည်။ ဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား) ခေါင်းဆောင်သော ယိမ်းနွဲ့ပါးအဖွဲ့ လောင်ခေါင်နယ် ဇရဲဒေသဘက်သို့ခရီးထွက်စဉ် သမင်နက်ကောင်ကို ဖွတ်ကလန်ရွာအနီး၌ ပစ်ခတ်ရဖူးသည်ဟု မှတ်တမ်းများအရ သိရပါသည်။ ဗြိတိသျှနယ်ချဲ့အစိုးရလက်ထက်တုန်းကလည်း ဗိုလ်ကြီးဝက် (Captain E.m West) ဆိုသူလည်း တရုတ်-မြန်မာနယ်စပ်ဒေသတွင် ဤသတ္တဝါတစ်ကောင်ကိုပင် ပစ်ခတ်ရရှိခဲ့ဖူးသည်ဟု ဆိုပါသည်။ အကောင်ငယ်မှာ သမင်အငယ်စားမျှသာဖြစ်ပြီး အသွေးအရောင်မှာ မီးခိုးရောင်အရင့် ဖြစ်သည်။ ချိုများမှာ အတိုကလေးများဖြစ်ပြီး ခေါင်းထိပ်၌ အမွှေးရှည်များပေါက်နေသည်။ ကိုယ်အမွှေးမှာလည်း အနည်းငယ်ရှည်ကြောင်းသိရှိရပါသည်။

မစ္စတာပီးတော့ ရေးသားသော မြန်မာပြည်နှင့် နယ်စပ်ရှိ တောကောင်များ၏ အကြောင်းအရာပါရှိသည့်စာအုပ်တွင် အနည်းငယ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ မြန်မာပြည်မြောက်ဖျားဒေသမှ အလွန်ရှားပါးသောသတ္တဝါအမျိုးအစား ဖြစ်ပါသည်။

**ဖက်ချေခေါ် ရှားပါးချေငယ်**

မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာတွေ့ရပြီး မှတ်တမ်းမတင်ရသေးသော ဖက်ချေခေါ် ရှားပါးချေငယ်သတ္တဝါကိုလည်း မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုဒေသတွင် တွေ့ရှိရပါသည်။

**တောင်ဆိတ်**

ပူတာအိုခရိုင် နောင်မွန်မြို့နယ်နှင့် ဆွမ်ပရာဘွန်မြို့နယ်များတွင်တွေ့ရှိရပါသည်။ ဆေးဖက်ဝင်သတ္တဝါတစ်မျိုးဖြစ်ပါသည်။ တောင်ဆိတ်ခွာ၊ ဦးချိုနှင့် အဆီတို့သည် ဆေးဖက်ဝင်၏။ အတွင်းကြေဒဏ်ရာများ၊ အကိုက်အခဲရောဂါများအတွက် လိမ်းဆေးများ ဖြစ်ကြပါသည်။

တောင်ဆိတ်များသည် အလွန်မြင့်သည့် ဆီးနှင်းခဲသော ဟိမဝန္တာတောင်၊ အယ်လ်ပတ်တောင်တန်း၊ ကော့ကေးရှတောင်တန်းနှင့် ပီရမီတောင်တန်းများ စသည့်တောင်တန်းကြီးများပေါ်တွင် နေထိုင်ကြသော သတ္တဝါတစ်မျိုးဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် နာဂတောင်တန်းဒေသ၊ ချင်းတောင်တန်းများတွင်လည်း တွေ့ရပါသည်။ ဖမ်းဆီးသတ်ဖြတ်မှုများကြောင့် မျိုးသုဉ်းမည့် အန္တရာယ်ကြုံတွေ့နေရသော သတ္တဝါတစ်မျိုး ဖြစ်ပါသည်။ ထူးခြားသည်မှာ ပူတာအိုဒေသ၌ တောင်ဆိတ်အနီနှင့် အနက်များ တွေ့ရခြင်းပင် ဖြစ်သည်။

တောင်ဆိတ်အဖို၏ ဦးချိုသည် မားလွယ်ကောက်သဖွယ် အထစ်ထစ်ဖြစ်နေသည့် အရှည် လက်မ (၃၀) မှ (၆၀) အထိ ရှိတတ်သည်။ အမများ၏ လက်မဝတ်ခန့်သာရှည်လေသည်။ ရေအမြဲခဲနေသော တောင်ခြေအမြင့်ပိုင်းတွင်၌သာနေထိုင်ပြီး အစာအစားရန် သစ်တော၊ မြက်တောရှိရာသို့ ညအချိန် ဆင်းလာတတ်သည်။ ထူသောအမွေးများကြောင့် အအေးဒဏ်ခံနိုင်သည်။ အမွေးမှာ အပြာ၊ အနီရောင်ဖြစ်၍ ဆောင်းအခါတွင် ပို၍ရှည်လာသည်။ တောင်ဆိတ်တို့၏အရပ်မှာ လက်မ(၄၀) ခန့်သာရှိလေသည်။ ရှေ့ခြေများသည် နောက်ခြေများထက် တိုသဖြင့် တောင်ကိုဆင်းရန်၊ တက်ရန်ပိုမိုလွယ်ကူသည်။

တောင်ဆိတ်များသည် အုပ်စုလိုက်မနေတတ်ကြချေ။ ဆိတ်မများနှင့် ဆိတ်ကလေးများသာ အနည်းငယ်စု၍ အုပ်စုဖွဲ့နေတတ်ကြပါသည်။ ဆိတ်အိုကြီးများမှာမူ မြင့်မားလှသော တောင်ထိပ်များတွင် တစ်ကောင်တည်းကျက်စားတတ်သည်။ တောင်ဆိတ်ဆိုသည့်အတိုင်း အလွန်မတ်စောက်၍ အတက်ရခက်သောနေရာများတွင် တက်ရောက်သွားလာနိုင်ကြပါသည်။

**ဇန်ဒါနီဝက်ဝံ**

ဇန်ဒါဝက်ဝံများသည် တရုတ်နိုင်ငံတွင် အများဆုံးတွေ့ရသော ရှားပါးသတ္တဝါ ဖြစ်လေပါသည်။ မြန်မာနိုင်ငံမြောက်ဖျား ပူတာအိုဒေသ တရုတ်နိုင်ငံနှင့် ဆက်စပ်နေသော တောင်တန်းဒေသများတွင် ဇန်ဒါနီဝက်ဝံများတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ပူတာအိုဒေသတွင်သာ တွေ့ရသော ရှားပါးသတ္တဝါတစ်မျိုး ဖြစ်ပါသည်။

ဤသို့အားဖြင့် မြန်မာနိုင်ငံမြောက်ဖျား ကချင်ပြည်နယ် ပူတာအိုဒေသသည် တာကင်ခေါ် သားမင်းကောင်၊ ကတိုးကောင်၊ သမင်နက်၊ ဖက်ချေခေါ် ချေငယ်တစ်မျိုး၊ တောင်ဆိတ်နှင့် ဇန်ဒါနီဝက်ဝံ စသော ရှားပါးသတ္တဝါများ နေထိုင်ကျက်စားရာအဖြစ် ထင်ပေါ်ကျော်ကြားလျက်ရှိပါသည်။

မောင်နွယ်သင်း



www.burmeseclassic.com

www.burmeseclassic.com

"ဂျစ်တူးရေ၊ ဒီတစ်ခါတော့ ရွှေညောင်ပင်ရွာဘက်သွားကြရအောင်"

"အစ်ကိုကြီး တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဖြစ်ပါ့မလား အစ်ကိုကြီး"

"ဖြစ်အောင်သွားရမှာပေါ့။ တို့မရောက်တာ (၁၀) နှစ်ကျော်ပြီပဲ"

"အဘိုးကကောခွင့်ပြုပါ့မလား"

"အဘိုးခွင့်ပြုအောင် ပြောရမှာပေါ့။ (၁၀) နှစ်ကြာအောင် ကျောခိုင်းခဲ့ရတဲ့ဇာတိရွာကို တစ်ခါလောက်တော့ သွားချင်တယ်"

အစ်ကိုကြီး၏ စကားကြောင့် ဂျစ်တူးအံ့သြနေသည်။ ရွှေညောင်ပင်ရွာကို တစ်သက်မပြန်တော့ဟု ပြောခဲ့သောအစ်ကိုကြီးက တစ်ခါလောက်ပြန်ချင်သည်ပြော၍ ဂျစ်တူးအံ့သြနေသည်။ အစ်ကိုကြီး ကိုဒေါင်းနှင့် ဂျစ်တူးတို့ ရွာမှထွက်လာသည်မှာ (၁၀) နှစ်ကြာခဲ့ပြီ။ ရွာမှထွက်လာခဲ့စဉ်က ဂျစ်တူး၏ အသက်မှာ (၅) နှစ်သားသာ ရှိသေးသည်။ ဂျစ်တူးမှာ ရွာကိုလွမ်း၍ပြန်ချင်သော်လည်း အစ်ကိုကြီးကလုံးဝမပြန်ဟု ဆုံးဖြတ်ထားသဖြင့် ရွာလွမ်းစိတ်ကို ကျိတ်၍ဖြေခဲ့ရသည်။ ရွှေညောင်ပင်ရွာကို စိတ်နာစရာအကြောင်းများကလည်း ရှိသည်။ ရွာတွင်ဆက်၍နေလို့မရသည့် အကြောင်းကလည်းရှိနေသည်။ ရွာကို သတိရသော်လည်း ရင်နာစရာများက ရှိခဲ့ရပါသည်။

အစ်ကိုကြီး မောင်ဒေါင်းမှာ အရွယ်ရောက်လာသည်နှင့် တစ်ရွာတည်းသူ မသူဇာနှင့် ချစ်ကြိုးသွယ်ခဲ့ကြသည်။ မောင်ဒေါင်း၏မိခင်က မသူဇာကို လုံးဝသဘောမကျသဖြင့် သဘောမတူခဲ့ပါ။ မသူဇာမှာ ရိုးသား၍ လိမ္မာယဉ်ကျေးသော်လည်း မသူဇာ၏မိခင် ဒေါ်အိမ်သူမှာ နာမည်ကြီး ရွာသူမကြီးတစ်ဦး ဖြစ်သည်။ ဒေါ်အိမ်သူတွင် မအိုဇာနှင့် မသူဇာ ဟူသော သမီးနှစ်ယောက်ရှိ၍ မိန်းမသားချည်းသုံးဦးနေထိုင်ခဲ့သည်။ မောင်ဒေါင်းတို့အမေ ဒေါ်စိန်ပွင့်က မောင်ဒေါင်းကို မသူဇာနှင့် မယူဖြစ်စေရန် တစ်ရွာတည်းနေ ဆွေရိပ်မျိုးရိပ်မကင်းသူ မနှင်းနုနှင့် အတင်းထိမ်းမြားပေးခဲ့သည်။ ထိုမှစတင်ကာ အမုန်းမီးတောက်လောင်ခဲ့ပါတော့သည်။ ထိုအမုန်းကို မငြိမ်းသတ်နိုင်ခဲ့သဖြင့် ကြေကွဲဖွယ်နောက်ဆက်တွဲဇာတ်လမ်းများဖြစ်ခဲ့ရသည်။ တစ်ဖက်နှင့်တစ်ဖက် ရန်ငြိုးဖွဲ့ခဲ့သဖြင့် ရွှေညောင်ပင်ရွာတွင် အမုန်းမီးလောင်ကျွမ်းခဲ့ရပါတော့သည်။

မင်္ဂလာဆောင်သည့်နေ့တွင် မသူ



# ကောင်းသော်

## မြွေဆရာနဲ့ စုန်းမ မာယာ



www.burmeseclassic.com

www.burmeseclassic.com

တာ သူ့ကိုယ်သူ အဆုံးစီရင်သွားပါ သည်။ ဒေါ်အိမ်သူနှင့် မအိုဇာတို့သား မိတ ဒေါ်စိန်ပွင့်တို့မိသားစုကို အမှန့် ရန် ကြိမ်းဝါးခဲ့သည်။ လက်ထပ်ပြီး စ်လမပြည့်မီ မောင်ဒေါင်း၏ ဇနီး င်းနု ရုတ်တရက် ဗိုက်အောင့်ရာမှ ယ်လွန်ခဲ့သည်။ ချွေးမ ကွယ်လွန်ပြီး ကာမီ ဒေါ်စိန်ပွင့် ကွယ်လွန်ရပြန် သည်။ ဒေါ်အိမ်သူနှင့် မအိုဇာတို့က န်နေသူ မောင်ဒေါင်းနှင့် ဂျစ်တူးတို့ကို စ်လအတွင်း ကွယ်လွန်စေရမည်ဟု မ်းမောင်းနေသဖြင့် ညီအစ်ကိုနှစ် ယောက်မှာ နေစရာမရှိအောင်ကြောက် နှ်ခဲ့ရသည်။

ထိုအချိန် မောင်ဒေါင်းတို့ ဘကြီး ဘုန်းကြီးရောက်လာပြီး ညီအစ်ကိုနှစ် ယောက်ကို သူနေထိုင်ရာ မဟာမြိုင် တောသို့ ခေါ်သွားခဲ့သည်။ မဟာမြိုင် တောတွင်နေရင်း ကပ္ပိယကြီးက မောင်ဒေါင်းတို့ညီအစ်ကိုကို လောကီ ပညာရပ်များ သင်ကြားပေးခဲ့ပါသည်။ အောက်လမ်းပညာနှင့် ပယောဂကို နှိမ်နင်းနိုင်အောင် သင်ကြားပေးသည်။ အောက်လမ်းအတတ်ပညာနှင့် မြေဖုတ်၊ တစ္ဆေ၊ နာနာဘာဝ အစရှိသောအမှောင့် ပယောဂများ အနှောင့်ယှက်နိုင်အောင် သိဒ္ဓိတင်ခဲ့ပါသည်။ မောင်ဒေါင်းတို့ညီ အစ်ကိုမှာ စုန်းနှင့် နာနာဘာဝများကို ကြောက်စရာမလိုတော့သဖြင့် ဝမ်းသာ ကြရပါသည်။ ကျောင်းတွင် ဘကြီးဘုန်း ကြီးကို တစ်သက်လုံး အားကိုးပြီးနေ၍ မဖြစ်နိုင်သဖြင့် အသက်မွေးမှုအတွက် ပညာရပ်မျိုးရှာဖွေရဦးမည်။ ကပ္ပိယကြီး ၏စီစဉ်ပေးမှုအရ မြွေဆရာတစ်ဦးနှင့် ဆက်သွယ်မိပြီး မြွေနိုင်ပညာများ တတ် မြောက်ခဲ့သည်။ မြွေနိုင်ပညာရပ်ဖြင့် အသက်မွေးမှုအတွက် လုံလောက်ခဲ့ပါ သည်။ မြွေဖမ်း၍ရောင်းစားနိုင်သည်။ မြွေအလမ္မာယ်ပြနိုင်သည်။ မြွေဆေး ရောင်းနိုင်သည်။ မြွေအကိုက်ခံရသူကို ချက်ချင်းပျောက်ကင်းအောင် ကုသပေး နိုင်သည်။ ထိုပညာကို ပေါက်မြောက် အောင်မြင်ရန် လွယ်ကူသည်တော့ မဟုတ်ပါ။ အမိဋ္ဌာန်အဆင့်ဆင့် ဆရာ စေခိုင်းသည့်အတိုင်း ဝင်ခဲ့ရသည်။ ပရိတ်ရွတ်ရသည်။ ပုတီးစိပ်ရသည်။ သမထအားကောင်းစေရန် တရားထိုင် ရသည်။ အဆင့်ကိုးဆင့်အောင်မြင်မှ သိဒ္ဓိမြောက်ပါသည်။ ဂျစ်တူးမှာ အဆင့် ငါးမှ ရှေ့သို့မတတ်နိုင်၍ ရပ်ခဲ့ရသည်။ မောင်ဒေါင်းက အဆင့်ကိုးဆင့်ကို အောင်မြင်ပြီး ဆရာ့ရှေ့တွင် ကတိပြုခဲ့ ရသည်။ ကတိသစ္စာပြုရာတွင် အစ်ိတ အားဖြင့် မြွေမသတ်ရပါ။ မြွေသား မစားရပါ။ ခန္ဓသုတ်ကို နေ့စဉ်ရွတ်ပြီး မြွေများကို မေတ္တာပို့ရသည်။ ကတိ သစ္စာပြုပြီးသည်နှင့် ဆရာဖြစ်သူက မောင်ဒေါင်းကို ဆရာဒိဗ္ဗ အမည်ဖြင့် ဆရာဖြစ်ဘွဲ့ပေးလိုက်သည်။ အထက်ပါ ကတိသစ္စာတည်မြဲနေသရွေ့ မြွေကိုနိုင် ပြီး မြွေကို ကြိုက်သလိုခိုင်းစေနိုင်မည် ဖြစ်သည်။ အကယ်၍ ကတိသစ္စာပြု ထားသည့်အချက်တစ်ချက် ကတိပျက် ပါက ဒုက္ခရောက်တော့မည်ဖြစ်ပါသည်။

ဆရာဖြစ်သည်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း မြွေပေါများသည့် ဒေသများသို့ ထွက်ခွာခဲ့ပြီး လုပ်ငန်း စတင်ပါသည်။ ခန္တီး၊ ဟုမ္မလင်း၊ မော် လိုက်၊ ကလေးဝ၊ ကလေး၊ တမူးနယ် တစ်ဝိုက်တွင် မြွေပြ၍ ဆေးရောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြွေကိုက်ခံရသူတွေကို ချက်ချင်း ပျောက်အောင် ကုသပေးနိုင်ခဲ့ရာမှ မြွေဆေးအလွန်ရောင်းရသည်။ ဆရာဒိဗ္ဗကို မသိသူမရှိအောင် နာမည်ကျော်ကြားခဲ့သည်။ ဂျစ်တူးနှင့်အောင်ဖြိုးတို့က ဆေးရောင်းရသည်။ ပွဲစတင်သည်နှင့် မြွေအမျိုးမျိုးကို ပြသရသည်။ အမျိုးအစားအမျိုးမျိုး၊ အရောင်အသွေးအမျိုးမျိုး၊ အကြီး၊အငယ်၊ အတို၊ အရှည်အမျိုးမျိုးကိုပြပြီး အမျိုးအစားအလိုက် အန္တရာယ်ပေးပုံ၊ အဆိပ်ပြင်းပုံများကို ရှင်းပြကာ လက်မောင်းတွင် အကိုက်ခံပြ၍ ဆေးလိမ်းရုံဖြင့် ပျောက်ကင်းပုံကို ပြသပြီး ဆေးရောင်းခဲ့သည်။ ဂျစ်တူးနှင့် အောင်ဖြိုးမှာလည်း လက်မလည်အောင် ဆေးရောင်းရပါသည်။မဟာမြိုင်တွင် နောက်ကျန်အဖွဲ့ကလည်း ဆေးမပြတ်အောင် ဆေးဖော်ပြီး ပို့နေရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် အမြို့မြို့လှည့်လည်ရောင်းချပြီး သုံးနှစ်ခန့်အကြာတွင် မြို့နယ်တိုင်းက ဆရာဒိဗ္ဗတို့အဖွဲ့ကို မျှော်လင့်နေကြသည့်အဆင့်အထိ အောင်မြင်မှုရခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းသို့ဆင်းရန် ပြင်ဆင်နေချိန်တွင် အောက်ပိုင်းမြို့များမှာ ပိုမိုစည်ကားသဖြင့် မြွေများ ပိုမိုစုံလင်စွာပါရှိပြီး ပစ္စည်းကိရိယာ အဆင်တန်ဆာလည်း ပိုမိုတိုးတက်ခဲ့ပါသည်။ မြွေထည့်သည့်သေတ္တာများလည်း အဆင့်မြင့်သေတ္တာများဖြစ်လာသည်။ ဆရာဒိဗ္ဗ၏ဝတ်စုံမှာလည်း ပြည်ပမှမျက်လှည့်ဆရာများပုံစံအတိုင်း ဝတ်ဆင်ခဲ့သည်။ ဂျစ်တူးတို့အဖွဲ့မှာလည်း ငါးဦးဖြစ်လာခဲ့သည်။ ဘင်ခရာအစုံအလင်နှင့် မြိုင်ဆိုင်ခဲ့ပါသည်။ ပွဲမစမီ ဘင်ခရာသံက လူခေါ်ခဲ့ရာ ပရိသတ်တိုးမပေါက်အောင် စည်ကားခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ငါးနှစ်ခန့်ဆေးရောင်းခဲ့ရာ အထူးအောင်မြင်ပြီး ဝင်ငွေကောင်းခဲ့ပါသည်။ ငါးနှစ်ခန့် အတွေ့အကြုံရလာသဖြင့် ဆရာဒိဗ္ဗမှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိလာပါသည်။ ပြင်ပမှ အနှောင့်အယှက် အဖျက်အဆီးများကိုလည်း ဂရုမစိုက်တော့ပါ။ ဆရာဒိဗ္ဗသည် ပွဲတိုင်းအောင်မြင်ခဲ့ရသဖြင့် ပြင်ပမှပယောဂကို ကြောက်စရာမလိုလောက်အောင် ယုံကြည်မှုရှိလာသည်။ မည်သည့်အနှောင့်အယှက်ကိုမဆို အောင်နိုင်ရမည်ဟု ယုံနေသည်။

ယခုအခါ မကွေးတိုင်းဒေသကြီးရှိ သူ၏ဇာတိ ချက်ကြွေမွေးရပ်မြေဖြစ်သော ရွှေညောင်ပင်ရွာကြီးသို့ ပြန်လိုစိတ်ပေါ်လာခဲ့ပါသည်။ ဂျစ်တူးကိုတိုင်ပင်ရာ ဂျစ်တူးကလည်း ပြန်ချင်ပုံရသဖြင့် ကပ္ပိယကြီးထံ ခွင့်တောင်းရန်သာ ကျန်တော့သည်။ တစ်နေ့ ကပ္ပိယကြီးထံခွင့်တောင်းပါသည်။

"အဘိုး၊ ကျွန်တော်တို့ ရွှေညောင်ပင်ရွာကို တစ်ခေါက်လောက်သွားချင်ပါတယ်"

"မသွားချင်ပါနဲ့ကွာ၊ မင်းအတွက် အန္တရာယ်ရှိနေတယ်"

"ကျွန်တော့်ကို အောက်လမ်းပညာနဲ့ နှောင့်ယှက်လို့မရနိုင်ပါဘူး အဘိုးရာ။ တစ်ခေါက်လေးတော့ ခွင့်ပြုပါ။ စုန်းမကို ကြောက်စရာမလိုတော့ပါဘူး"

"မင်းတို့ရန်မီးက မငြိမ်းသေးဘူး။ အချိန်မရွေးဒုက္ခရောက်နိုင်တယ်"

"အထက်ပိုင်းမှာ အောင်မြင်မှုတွေအရယူနိုင်ခဲ့လို့ ကိုယ့်ဇာတိအရပ်မှာ မျက်နှာပန်းလှလှပြချင်လို့ပါ"

"မင်းဒါလောက်ဆန္ဒရှိနေမှဖြင့် အဘိုးမတားတော့ပါဘူး။ ဒါပေမယ့် အထူးသတိထားပါ။ မင်းအတွက် အန္တရာယ် ကို အဘိုးမြင်နေတယ်။ သတိတော့မလွတ်စေနဲ့။ မြွေဆရာထံမှာပေးတဲ့ကတိကိုမြဲပါစေ"

အဘိုးဆီမှ ကန့်ကွက်မှုမရှိတော့သဖြင့် ရွှေညောင်ပင်သို့သွားရန် စီစဉ်ရတော့သည်။ အစ်ကိုကြီး စိတ်ပြောင်းသွားသည်ကို ဂျစ်တူး အံ့ဩနေသည်။ ဂျစ်တူးက ရွာသို့ပြန်ရန်ပြောတိုင်း အစ်ကိုကြီးက တားဆီးခဲ့ပြီး ယခုသူကိုယ်တိုင်က သွားချင်နေသဖြင့် ဂျစ်တူး ဝမ်းသာမိသည်။ အစ်ကိုကြီးမှာလည်း နှစ်ပေါင်းများစွာ အတွေ့အကြုံရှိပြီဖြစ်၍ ရွာသူနှောင့်ယှက်ခြင်းကိုမှ ဆရာမလိုတော့ဟုထင်ပါသည်။ ရွှေညောင်ပင်မှ အသက်ဘေးကိုကြောက်၍ ထွက်ပြေးခဲ့ရခြင်းအတွက် အောင်မြင်စွာပြန်လာနိုင်ခြင်းကို ပြသရန်အခွင့်ကောင်းလည်း ဖြစ်သည်။

မကွေးတိုင်းဒေသကြီးသို့မသွားမီ မန္တလေးတိုင်းဒေသကြီးတွင် သုံးပွဲပြသခဲ့ပါသည်။ ကိုယ်ပိုင်ကားဖြင့် လိုရာကိုသွားနိုင်နေပြီဖြစ်၍ ရွှေညောင်ပင်သို့သွားရင် အခက်အခဲမရှိနိုင်ပါ။ ရွှေညောင်ရွာကြီးမှာ အဝေးပြေးကားပေါ်တွင် တည်ရှိပါသည်။ ဆရာဒိဗ္ဗသည် ရောက်သည့်နေ့တွင် ရွှေညောင်ပင်ရွာသို့ တိုက်ရိုက်မသွားဘဲ ရွှေညောင်ပင်ရွာမရောက်မီ မြိုင်ငူကားရပ်နားစခန်းရှိသည်။ မြိုင်ငူတွင် ရပ်နားရန်ဆုံးဖြတ်လိုက်သည်။ မြိုင်ငူစခန်းရှိ ဟေမဝါစားသောက်ဆိုင်မှာ နေရာကျယ်ဝန်းပြီး အရိပ်အာဝါသကောင်းသဖြင့် ထိုဆိုင်ရှေ့တွင် ကားကိုရပ်နားလိုက်ပါသည်။ ဟေမဝါတွင်အနားယူရင်း ရွှေညောင်ပင်ရွာအကြောင်းလေ့လာရန် ဖြစ်သည်။ ဟေမဝါစားသောက်ဆိုင်အနောက်ဘက်တွင် တန်းလျားတစ်ခုရှိသဖြင့် ထိုနေရာတွင် တည်းခိုရန် ရွေးချယ်လိုက်သည်။ ညနေဘက်တွင် ရွှေညောင်ပင်ရွာသားလူခွေးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ လူခွေးမှာ ဆရာဒိဗ္ဗ၏ငယ်သူငယ်ချင်း ဖြစ်သည်။

"မင်း ရွာကိုမလာသင့်သေးဘူးထင်တယ်။ မအိုဇာကလည်း အသက်ကြီးပေမယ့် ရန်ငြိုးမပြေသေးဘူး။ မင်းကိုလက်စားချေဖို့ အမြဲကြံစည်နေတယ်။ မင်းမြွေဆေးရောင်းနေတာကို သူသိတယ်။ မင်းရှိရာကိုလိုက်ပြီး ဒုက္ခပေးဖို့ရှိတယ်။ အခုလို မင်းရောက်လာရင် မင်းကို အလွတ်ပေးမှာ မဟုတ်ဘူး။ မင်းကိုလက်စားချေဖို့ သူမသေဘဲစောင့်နေပုံရတယ်။ အခုဆို သူ့ပညာကလည်း သိပ်ထက်နေတယ်"

မအိုဇာအကြောင်း သိရသည်။ မအိုဇာက လက်စားချေဖို့စောင့်နေမည်ကို သူယုံကြည်ပြီး ဖြစ်သည်။ သူ့တွင် ကိုယ်ခံပညာများ၊ ဆရာကြီးများပေးထားသည့်အကာအကွယ်အဆောင်များရှိပြီးဖြစ်၍ ရွာသူမကို ကြောက်စရာမရှိပါ။ ကျားနှင့် ဆင် လယ်ပြင်မှ တွေ့ကြရန်ထွက်လာခဲ့ခြင်း ဖြစ်သည်။ ထမင်းဆိုင်ပိုင်ရှင်က သဘောကောင်းသည်။ ဆရာဒိဗ္ဗကို ရွှေညောင်ပင်ဇာတိ မှန်းမသိဘဲ သူတို့လိုပင် ရပ်ဝေးမှလာသူများဟု ယူဆထားပါသည်။ ထမင်းရောင်းချင်၍ ဖော်ရွေစွာ ဆက်ဆံပြီး နယ်မြေအကြောင်းများကိုပင်ပြောပြနေပါသည်။ တည်းခိုရန်နေရာကိုလည်း နေ့စဉ်သန့်ရှင်းရေးလုပ်ပေးပါသည်။

"ဆရာတို့ လွတ်လွတ်လပ်လပ်နေနိုင်ပါတယ်။ ပျော်သလောက်နေသွားပါ။ တည်းခိုခ,မယူပါဘူး။ ထမင်းဖိုးပဲယူပါမယ်။ စားချင်တဲ့ဟင်းရှိရင်ပြောပါ။ မရရအောင်ရှာပေးပါ့မယ်။ တောနဲ့နီးတော့ တောကောင်မျိုးစုံရပါတယ်။ မျောက်ချေးခါးက နာမည်ကြီးပါတယ်။ စားချင်ရင် ရအောင်ရှာပေးနိုင်ပါတယ်"

ထမင်းဆိုင်သည် ရွှေညောင်ပင်ရွာနှင့် သီးခြားဖြစ်၍ နေရထိုင်ရတွင် လပ်အေးချမ်းပါသည်။ မစားဖူးသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင်သား၊ ချေသား၊ ဆတ် မျောက်သားများ စားရသဖြင့် သားများ ပျော်ရွှင်နေကြပါသည်။ ရက်တိတိ ပြပွဲမရှိဘဲ အနားယူနေ ကြသည်။

ဆရာဒိဗ္ဗသည် နောက်နေ့နံနက် စောစော ရွှေညောင်ပင်ရွာသို့ လမ်း လျှောက်သွားခဲ့သည်။ ပြပွဲလုပ်မည့်နေ ရာကိုကြည့်ရန်၊ သက်ဆိုင်ရာများကို ညှိ နှိုင်းရန်နှင့် ရွာ၏ အခြေအနေလေ့လာ ရန် ဖြစ်သည်။

ရွာ၏တံခါးဝတွင် ခါးထောက်ပြီး စိန်းစိန်းကြည့်နေသော အမျိုးသမီးကြီး တစ်ဦးကို တွေ့လိုက်ရသည်။ သေသေ ချာချာကြည့်မှ အရွယ်အိုမင်းစပြုနေ သော မအိုဇာမှန်းသိရ၍ ရုတ်တရက် တုန်လှုပ်သွားပါသည်။

"ဆရာဒိဗ္ဗ ရောက်လာပြီကိုး။ ကောင်းလေစွ၊ ကောင်းလေစွ။ လူဟာ ကိုယ့်သေတွင်းကိုယ်ပြန်လာရမြဲဆိုတဲ့ စကားက သိပ်မှန်တဲ့စကားပဲ။ မင်းဘဝ ဇာတ်သိမ်းခန်းရောက်ပြီ။ ငဒေါင်း၊ ဒီရွာ ကို ပြန်လာတာ မင်းအတွက်လာလမ်း သာရှိပြီး ပြန်လမ်းမရှိစေရဘူး။ မင်းကို စောင့်နေရတာကြာပေမယ့် ငါစောင့်ရ ကျိုးနပ်ပြီပေါ့"

"ဩော်-မအိုဇာပါလား။ နှစ်တွေ ကြာတော့ မအိုဇာလည်း ပညာစုံ လောက်ပြီထင်တယ်။ ကျုပ်ကိုစောင့်နေ တယ်ဆိုတော့ ဆယ့်နှစ်ကြိုးလောက် တော့ရှိမှာပေါ့။ ခင်ဗျားပညာစွမ်းနဲ့ သတ် လို့ရရင် ကျုပ်ကိုသတ်ပါ။ တစ်ခုတော့ ပြောထားမယ်။ ဆယ့်နှစ်ကြိုးပညာ လောက်ကို ဂရုမစိုက်လို့ ကျုပ်ဒီရွာကို ပြန်လာတာပဲ။ ကဲ - ကျုပ်ရွာထဲသွားဦး မယ်"

ဒိဗ္ဗသည် မအိုဇာကိုလှည့်မကြည့် တော့ပဲ ရွာထဲသို့ဝင်ခဲ့သည်။ မိတ်ဟောင်း ဆွေဟောင်းများ ဆွေမျိုးများကို လှည့် လည် နှုတ်ဆက်ပြီး ညနေစောင်းချိန် ဟေမဝါသို့ပြန်ခဲ့သည်။ ညစာစားပြီးချိန် ဂျစ်တူးနှင့် ဝန်ထမ်းများကို နံနက်စော စော ရွှေညောင်ပင်သို့သွားရန် ယူ ဆောင်သွားရမည့် မြွေများ၊ အစဉ်အ တိုင်းပြသရမည့်မြွေများ၊ ဘင်ခရာနှင့် လိုအပ်မည့် ပစ္စည်းများကို စနစ်တကျ ဖြစ်စေရန်မှာကြားပြီး ဂျစ်တူးကို သီးသန့် မှာပါသည်။

"ဂျစ်တူး၊ မအိုဇာကတော့ တို့ကို ကြိုဆိုနေတယ်။ ကြောက်စရာတော့မရှိ ပါဘူး။ ဒါပေမယ့် သတိတော့ရှိပါစေ"

နောက်နေ့တွင် ပြပွဲအတွက် ဝန်ထမ်းများက စောစောကြို၍သွားကြ သည်။ ဘင်ခရာများ ၊ မြွေဆေးများနှင့် မြွေများကို ကားနှင့် သယ်ဆောင်သွား ပါသည်။ ဆရာဒိဗ္ဗက (၈) နာရီမှ နောက် ကလိုက်ခဲ့သည်။ ဆရာဒိဗ္ဗရောက်ချိန် ပြပွဲတွင် ကွင်းလုံးလျှံ ပရိသတ်များ စည် ကားလျက်ရှိသည်။ ဘင်ခရာသံကြောင့် လူစုပြီးဖြစ်ကာ ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ စုံလင်လှပါသည်။ တစ်နာရီခန့် ဘင်သံပေးလိုက်သည်နှင့် အိမ်ခြေ (၃၀၀) ကျော်ရှိသော ရွာကြီး မှ လူများ အလျှိုလျှိုရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဆရာဒိဗ္ဗ ဝိုင်းထဲဝင်လိုက် သည်နှင့် ဘင်ခရာသံရပ်လိုက်ပြီး အား လုံးငြိမ်သွားပါသည်။ ဒိဗ္ဗသည် အနက် ရောင်ဖဲသားပိုးဝတ်စုံကို ဝတ်ဆင်ထား သည်။ ရှမ်းဘောင်းဘီပုံစံအတိုင်း အနက် ရောင်နှင့် တိုက်ပုံအနက်ရောင်ကို ဝတ် ဆင်လျက် အသားဖြူဖြူ၊ နှုတ်ခမ်းမွေး နှင့် အလွန်ခံ့ညားစွာပွဲထွက်လာခဲ့ခြင်း ဖြစ်သည်။

ဆရာဒိဗ္ဗသည် တုတ်ကောက်ကို ကိုင်လျက်ရှိသည်။ သူ၏တုတ်ကို မြင် သည်နှင့် လှောင်အိမ်အသီးသီးမှ ခေါင်း ထောင်နေသောမြွေများ ငြိမ်သွားပါ သည်။ စည်းဝိုင်းအလယ်တွင် မြွေပခြုပ် များကို အစီအရီချထားသည်။ ဆရာ ဒိဗ္ဗ က ပခြုပ်ထဲက မြွေတစ်ကောင်းချင်းကို တုတ်နှင့် ညွှန်ပြပြီး မြွေအမျိုးအစား၊ အဆိပ်မည်မျှပြင်းသည်ကို ရှင်းပြပါ သည်။ မြွေတို့၏ နေထိုင်မှုသဘာဝ၊ ထိုမြွေကိုက်လျှင် အချိန်တိုအတွင်း အသက်အန္တရာယ်ရှိနိုင်ပုံများကို အသေး စိတ်ရှင်းပြနေပါသည်။ ရှင်းပြပြီး ထိုမြွေ များကို တစ်ကောင်ချင်းဆွဲထုတ်၍ လည်ပင်းပတ်သည့်မြွေကိုပတ်၊ လက်နှင့် ပွေ့သည်မြွေကို ပွေ့လျက် ပခြုပ်တစ်ခု ချင်း မြွေမျိုးစုံလင်အောင် ကိုင်တွယ် ပြသသည်။ မြွေကိုအမျိုးအစားအလိုက် အသေး၊ အလတ်၊ အကြီး စုံလင်အောင် ပြသပါသည်။ အဆိပ်ပြင်းသည့်မြွေပွေး၊ မြွေဟောက်၊ ငန်းစောင်း၊ ငန်းတော် ကျား၊ စပါးကြီး၊ စပါးအုန်းနှင့် တောကြီး မြွေဟောက်ပါမကျန် ပြသပါသည်။ မြွေ များကို ပြသပြီး အဆိပ်ပြင်းသော မြွေ များကို အပေါက်ခံပြသည်။ သူ၏လက် မောင်းနှစ်ဖက်တွင် အစွယ်တန်းလန်းနှင့် မြွေများတွယ်ကပ်နေပုံကို ပရိသတ်ကို တစ်ပတ်လှည့်လည်ပြသပါသည်။ ပရိ သတ်အချို့မှာ သူ့အနီးသို့ရောက်သည် နှင့် အနောက်သို့ဆုတ်သွားကြသည်။ အချို့က မကြည့်ရဲ၍ ဝိုင်းအပြင်ထွက် သွားကြသည်။ ထို့နောက် လက်မောင်းမှ အစွယ်တန်းလန်းနှင့် မြွေများကို တစ် ကောင်းချင်းဖြုတ်ပြီး ပခြုပ်ထဲသို့ပြန် ထည့်သည်။ လက်မောင်းတွင် သွေးစို့ နေသော ဒဏ်ရာများကို တပည့်တစ်ဦး က ဆေးပုလင်းယူလာပြီး ပရိသတ်ရှေ့ တွင် ဆေးလိမ်းပေးပါမည်။ ဆေးလိမ်း ပြီးသည်နှင့် သူ၏လက်မောင်းတွင် မည် သည့်ဒဏ်ရာမျှမရှိဘဲ အကောင်းပကတိ ရှိသည်ကို ပရိသတ်သို့ လှည့်၍ပြသပါ သည်။ ထို့နောက် ဆရာဒိဗ္ဗက ခုံတွင် ထိုင်ရင်း စီးကရက်ကိုမှိန်းနေသည်။ ထို အချိန် တပည့်များက ဆေးပုလင်းများ လှည့်လည်ရောင်းချရာ လက်မလည် အောင် ရောင်းချပါသည်။ ဆရာဒိဗ္ဗက စီးကရက်ကိုခဲရင်း ပရိသတ်ကို အကဲခတ် လိုက်ရာ ပရိတ်သတ်ထဲတွင် သူ့ကို အံကြိတ်ပြီး စူးစိုက်ကြည့်နေသော မအိုဇာကို တွေ့လိုက်ရသည်။

မအိုဇာကိုတွေ့ရသော်လည်း သူ ၏အဆောင်အယောင်များအားကိုးနှင့် ကြောက်စရာမလိုဟု အားတင်းလိုက်ပြီး ရဲရဲပြန်ကြည့်နေခဲ့သည်။ မအိုဇာမှာ သူ့ ကိုကြည့်ရင်း မထိတထိပြုံးကြည့်နေ သည်။ မအိုဇာ၏အပြုံးကို သူရင်မဆိုင် ရဲပါ။ မအိုဇာ၏ အပြုံးတွင် မာယာပါ သည်။ အနိုင်ရသူ၏ အပြုံးမျိုးဖြစ်သည် ဟု ခံစားရသည်။ မအိုဇာ၏ မာယာ ထောင်ချောက်တွင်မိများမိသွားသလား ဟုပင် သံသယဝင်လာသည်။ စိတ်ကို တင်းထားသော်လည်း အားငယ်လာ သလို ခံစားရပါသည်။ မကြာမီ တစ်စုံ တစ်ရာဖြစ်လာတော့မည်ဟု ခံစားရပါ သည်။ မအိုဇာကို မျက်လုံးချင်းဆိုင်ပြိုင် ၍ မကြည့်ဝံ့တော့ဘဲ မျက်လွှာချလိုက် ရသည်။ ဆေးရောင်းရသည့် ငွေစက္ကူ များမှာ အပုံမောက်သည်ထက်မောက် လာခဲ့သည်။ ရောင်းချရငွေများကို ဇလုံ ကြီးတစ်လုံးတွင် ထည့်ထားပါသည်။ ငွေစက္ကူပုံကိုကြည့်၍ ဝမ်းသာရမည် လား၊ အန္တရာယ်အတွက် ပူပင်ရမည် လား မသိအောင် ဆရာဒိဗ္ဗ ရောထွေး ခံစားနေရပါသည်။

ထိုအချိန် မမျှော်လင့်ဘဲ ကောင်း ကင်တစ်ခွင်လုံး ညို့မှိုင်းလာပါသည်။ ရုတ်တရက် မိုးရွာတော့မည့်အသွင်ကို ဆောင်နေပါသည်။ လေများတိုက်လာ ပြီး လေမှာ တစ်စထက်တစ်စပြင်းထန် လာပါသည်။ ဇလုံတွင်ထည့်ထားသော ငွေစက္ကူများလွင့်စဉ်ပြေးလွှားနေသဖြင့် ဝိုင်းဝန်းကောက်ယူသိမ်းဆည်းနေကြရ သည်။ မိုးပေါက်များကျလာသဖြင့် ပရိ



www.burmeseclassic.com

www.burmeseclassic.com

သတ်အချို့ ပြန်သွားကြပါသည်။ ဆေးရောင်းကောင်းနေစဉ် ငွေများအဆက်မပြတ်ဝင်နေစဉ် အဖျက်လုပ်ငန်းဝင်လာသဖြင့် ဆရာဒိဗ္ဗ စိတ်ပျက်နေပါသည်။ စိတ်ကိုတင်းလျက် ပရိသတ်ကို စကားပြောရန် ကြိုးစားလိုက်ပါသည်။

"ပရိသတ်ကြီးခင်ဗျား၊ ကျွန်တော်တို့က ဒီရွာကို ရိုးရိုးသားသား ဆေးရောင်းဖို့ ရောက်လာတာပါ။ ပရိသတ်အပေါ် စေတနာအပြည့်ထားပြီး ဆက်ဆံပါသော်လည်း အခု အနှောင့်အယှက်ပေါ်ပေါက်လာပါတယ်။ နှောင့်ယှက်နေတဲ့ရွာသူကိုလည်း သိပါတယ်။ ကျွန်တော်ကလည်း အစွမ်းအစမရှိဘဲ ဒီရွာကိုလာခဲ့တာ မဟုတ်ပါဘူး။ ဒါကြောင့် ပွဲပျက်အောင် နှောင့်ယှက်တဲ့ ပယောဂကို ရှင်းလင်းရပါမယ်။ စိန်ခေါ်ရဲတဲ့ ရွာသူမကို နောက်ဆုံးသတိပေးချင်ပါတယ်။ ဒီနေရာက ရပ်တန့်ပါ။ ရှေ့ဆက်ပြီး နှောင့်ယှက်မယ်ဆိုရင် သည်းမခံတော့ပါဘူး။ ကဲ - နောက်ဆုတ်ပြီး ကိုယ့်လမ်းကိုယ်သွားပါ"

ဆရာဒိဗ္ဗ၏အသံကြောင့် မကြာမီ ပွဲကြီးပွဲကောင်းတစ်ပွဲတော့ ကြည့်ရတော့မည်ဟု ပရိသတ်က နားလည်လိုက်ကြသည်။ ကြောက်တတ်သူများနှင့် ကလေးများ နေရာကအမြန်ထ၍ရှောင်သွားကြသည်။ ပွဲကောင်းကြည့်လိုသူများမှာ ရေစိုခံ၍ မိုးရွာထဲတွင် ဇွဲကောင်းကောင်းနှင့် ကြည့်နေကြသည်။ မိုးရောလေပါ ပြင်းထန်လာပါသည်။ လေပြင်းတစ်ချက်တိုက်လိုက်ရာ မြွေရှော့ပြင်အိမ်များ၊ ပခြုပ်များ မှောက်မှောက်လှန်လှန်ဖြစ်သွားပါသည်။ ပခြုပ်ထဲမှမြွေများ အပြင်ထွက်လာကြသဖြင့် တစ်ကောင်ချင်း ပြန်၍ကောက်ထည့်နေရသည်။ တပည့်များ မကိုင်ရဲသော မြွေများကို ဆရာဒိဗ္ဗကိုယ်တိုင် လိုက်ဖမ်းရပါသည်။ ပခြုပ်တစ်ခုထဲပြန်ထည့်နေစဉ် နောက်ပခြုပ်တစ်လုံးက မှောက်ပြန်သည်။ ဆရာဒိဗ္ဗကိုယ်တိုင် မိုးရေများအောက်တွင် အဆိပ်ပြင်းသောမြွေများကို လိုက်ဖမ်းနေရပါသည်။ မြွေသမားများ၏ ကြိုးစားမှုကြောင့် မြွေများအပျောက်အရှမရှိအောင် အားလုံးပြန်ဖမ်းနိုင်ခဲ့ကြသည်။ မြွေများအအားလုံး ပခြုပ်အတွင်းပြန်ရောက်မှ ဆရာဒိဗ္ဗသက်ပြင်းချနိုင်တော့သည်။ မြွေအားလုံးပြန်ရသည်နှင့် နှောင့်ယှက်သောရန်သူကို ချေမှုန်းရန် ရှာကြည့်လိုက်သည်။ ကျန်ရှိနေသော ပရိသတ်ထဲတွင် မအိုဇာကို တွေ့လိုက်ရသည်။ မအိုဇာမှာ ဆံပင်ဖြူများ မျက်နှာပေါ် ဝဲကျပြီး တစ်ကိုယ်လုံး ရေစိုထားသဖြင့် ကြောက်စရာအသွင်ရှိနေပါသည်။ မအိုဇာမှာ မိုးရေများစိုရွှဲနေသော်လည်း မောင်ဒေါင်းတို့ ခံစားနေရသောဒုက္ခကို မြင်ရ၍ ဝမ်းသာလျက်ရှိနေပါသည်။ မအိုဇာကိုကြည့်ရင်း ဆရာဒိဗ္ဗမှာ ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ ဒုက္ခအပေါင်းအတွက် နှောင့်ယှက်သူ မအိုဇာအပေါ် အပြစ်ပုံချကာ လက်စားချေရန် ပြင်ဆင်လိုက်သည်။ မြွေဆရာပီပီ မြွေနှင့် မအိုဇာကိုသတ်ရန် ဆုံးဖြတ်လိုက်သည်။ အဆိပ်ပြင်းသောမြွေတစ်ကောင်ကို မအိုဇာ၏လည်ပင်းတွင်ပတ်ပေးရန် အကြံရလိုက်သည်။

ပခြုပ်ကိုဖွင့်ပြီး မြွေတစ်ကောင်ဖမ်းယူရန် ပြင်ဆင်လိုက်စဉ် မြေပြင်တွင် မြွေပေါက်ကလေးများကို တွေ့လိုက်ရသည်။ ပြပွဲသို့ယူလာသောမြွေများတွင် မြွေပေါက်စလေးများ မပါသဖြင့် ထိုမြွေပေါက်စလေးများမှာ စုန်းမဖန်တီးသည့်တိုက်မြွေများဖြစ်ရမည်ဟု စဉ်းစားမိသည်။ ထိုတိုက်မြွေပေါက်စကလေးများကို ခြေထောက်ဖြင့် နင်းခြေသတ်လိုက်သည်။ မအိုဇာအပေါ် မကျေနပ်ချက်ကို မြွေပေါက်များအပေါ် သက်ရောက်စေပြီး တွေ့သမျှမြွေပေါက်များကို နင်းခြေလိုက်ရာ မြွေပေါက်များမှာ ခဏအတွင်း ပြားချပ်သွားပါသည်။ မအိုဇာအတွက် ပခြုပ်ထဲမှ အဆိပ်ပြင်းသော မြွေတစ်ကောင်ဆွဲထုတ်လိုက်စဉ် ခြေချောင်းများကြားမှ စူးစူးဝါးဝါးခံစားလိုက်ရသည်။ နာကျင်လွန်းသောကြောင့် အလန့်တကြားအော်လိုက်မိသည်။

"အမယ်လေးလေး"

ဆရာဒိဗ္ဗ၏ အော်သံကြောင့် တပည့်များက အနီးသို့ပြေးလာကြသည်။ ခြေချောင်းအကြားတွင် တန်းလန်းဖြစ်နေသော မြွေငယ်များကို တပည့်များက ဆွဲဖြုတ်နေစဉ် ပခြုပ်ထဲက ဆွဲယူလိုက်သောမြွေကလည်း ဒိဗ္ဗ၏ လက်မောင်းကို ပေါက်လိုက်သဖြင့် အသည်းခိုက်အောင်ခံလိုက်ရပြန်သည်။ တစ်သက်လုံး မြွေများကိုနိုင်လာသူ မြွေပေါက်ခံလိုက်ရသဖြင့် သူကိုယ်သူ မယုံကြည်နိုင်လောက်အောင် ခံစားလိုက်ရသည်။ တပည့်များက အကောင်းဆုံးမြွေဆေးများယူလာပြီး လိမ်းသော်လည်း အခြေအနေ မထူးခြားသဖြင့် ဆရာအတွက် အားလုံးစိတ်ပူနေကြသည်။

"အစ်ကိုကြီး မသေရဘူး၊ ဆေးရုံပို့ပေးမယ်"

ဂျစ်တူးက စိတ်ပူ၍ ဆေးရုံပို့လိုသော်လည်း ဆရာဒိဗ္ဗက လက်မခံပါ။

"မလိုတော့ဘူး ဂျစ်တူး၊ ကတိ သစ္စာပျက်လို့ ရလိုက်တာ။ ဘာမှားခဲ့သ လဲမသိဘူး။ တစ်ခုခုတော့ မှားခဲ့ပြီ။ ငါ့ အတွက် ဘာမှမလုပ်နဲ့တော့။ နောက် ကျသွားပြီ။ ဒီ မအိုဇာရဲ့ မြွေပေါက်စ လေးတွေကို စုပြီးမီးရှို့လိုက်ပါ"

ထိုစဉ် မိုးရေစိုရွှဲပြီး အဝတ်အစား များ ဖရိုဖရဲနှင့် ကြောက်မက်ဖွယ်အသွင် မအိုဇာ အနီးသို့ရောက်လာသည်။

"ဟဲ့- ဒိဗ္ဗ၊ နင်ခုလိုဒုက္ခရောက် တာ ငါ့ပယောဂလုံးဝမပါဘူး။ နင်ကတိ သစ္စာပျက်လို့ ခံရတာ"

မအိုဇာ၏စကားကြောင့် အားလုံး ထိတ်လန့်သွားကြသည်။

"တစ်ခုတော့ရှိတယ်၊ ဟောဒီ ထမင်းဆိုင်က နင်တို့အတွက် မောင် ချေးခါးလာရှာလို့ ငါက ဟင်းတစ်အိုး ချက်ပေးလိုက်တယ်။ အဲဒီမှာ နင့်အ တွက် မြွေသားရောထည့်ပေးလိုက်တာ တော့ ငါဝန်ခံတယ်"

"ဟာ- ဖြစ်ရလေ"

ဂျစ်တူး၏နှုတ်မှ ထွက်သွားပါ သည်။ ဆရာဒိဗ္ဗမှာ ကတိသစ္စာပျက်မိ ကြောင်း သိလိုက်ရသဖြင့် အသက်ရှင် ရန် မမျှော်လင့်နိုင်တော့ဘဲ ငိုင်ကျသွား ပါသည်။

မအိုဇာသည် အောင်ပွဲရသည့် အပြုံးမျက်နှာနှင့် ဆရာဒိဗ္ဗအနားသို့ ကပ် လာပြီး အောင်မြင်သောအသံဖြင့် ပြော လိုက်သည်။

"ဟိုမြွေပေါက်စလေးတွေကလည်း ငါဖန်တီးတဲ့တိုက်မြွေမဟုတ်ဘူး။ နင်တို့ ဆေးရောင်းနေတုန်း မြွေမတစ်ကောင် ကပေါက်တဲ့ မြွေပေါက်ကလေးတွေပဲ အကောင်က သေးငယ်တော့ ပခြုပ် စကာပေါက်က ထွက်ကျလာတာတွေ၊ နင်က ငါ့ပယောဂထင်ပြီး ခြေထောက် နဲ့ နင်းခြေပြီးသတ်တော့ နင့်မြွေကိုနင် သတ်ရာရောက်တာပေါ့။ မြွေသား စားတယ်။ မြွေရဲ့အသက်ကိုသတ်မိတဲ့ နင့်လိုလူ ကတိသစ္စာဖောက်ဖျက်တဲ့သူ မဟုတ်ဘူးလား။ ကုရာနတ္ထိ ဆေးမရှိဘူး ဒိဗ္ဗရေ။ သွားပေတော့ အဝီစိ"

မအိုဇာက ကျေနပ်အောင်ပြော ပြီး ဒိဗ္ဗကို ကျောခိုင်းကာ ရွာဘက်သို့ ထွက်သွားပါသည်။ မိုးခြိမ်းသံတစ်ချက် ပေါ်လာသည်နှင့် ဆရာဒိဗ္ဗ ဇက်ကျိုး သွားပါတော့သည်။ မအိုဇာ၏ အား ဝမ်းသာစွာ ရယ်မောသံက မိုးသံ လွှမ်းမိုးသွားပါတော့သည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝင်းဆု (B.Sc)



**မေလ ၁ ရက်၊ ကြာသပတေးနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၆)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အစိမ်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၄)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၄ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ ဇေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၅ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က ပန်းရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံယံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၆ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါရွတ်ဆိုပါ။

**မေလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်၊ နုသာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၈ ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၉ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၉၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၀ ရက်၊ စနေနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အနီရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၁ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အညိုရောင်။-အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၂ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၆၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၃ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညိုရောင်၊ နုသာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ



www.burmeseclassic.com

www.burmeseclassic.com

အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၇)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၅ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အပြာရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၆ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနက်ရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၇ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၈ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၁၉ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမော ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၂ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၃ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၈၊ ၉၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၆ ရက်၊ တနင်္လာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါရွတ်ဆိုပါ။

**မေလ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၂၉ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က ခရမ်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သံဃံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**မေလ ၃၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါရွတ်ဆိုပါ။

**မေလ ၃၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ဖေ[illegible] ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စုံလှ (BS.c




www.burmeseclassic.com

www.burmeseclassic.com

# မျိုးသစ်

ငန်းပုပ်ရန်စွယ်



သူတို့တွေ ခြေဖွေမွေ့လာတဲ့ တစ်နေ့ဆိုရမယ်။

စိမ်းစိမ်းမှောင်မှောင် တောအုပ်တောင်တန်းမှာ ရောင်စုံဖူးပွင့်ဝေစည်နေကြတဲ့ တောပန်းလေးတွေရဲ့ အလှအပက မြင်ရသူတို့အတွက် ကြည်နူးစရာ အလှချင်းဆိုင်ပြိုင်နေသလိုပါပဲ။ ဒါကြောင့်လည်း 'ညာကြောမြဝေ၊ ပန်းထွေထွေတိ၊ အရွေ့, အဝါ၊ အပြာ, အနီ၊ စုံစီခြယ်သင့်၊ တောလုံးတင့်' လို့ စာဆိုနဝဒေးကြီးက တောဘွဲ့တောင်ဘွဲ့ကို စပ်ဆိုခဲ့တာပါ။

'စုံတောဂနိုင်၊ ရွက်ချင်းဆိုင်လို့ ရှိပ်မြှင့်မြှင့်ထောင်း ရေကော့ကျစက်စက်ရယ်။' အခါ စာသားလေး... ရွှေတောင်က အရှေ့ဘက် တစ်နာရီလောက်သွားရတဲ့ ကြက်ဖြူတောင်တောစခန်းလေးကို ဖွဲ့ထားလေသလား ထင်မှားရတယ်။ 'ဆင်ခြေရာ' လို့ ခေါ်တဲ့ ဆယ့်လေးလက်မ အကျယ်၊ ... နက်ကျောက်သား စမ်းရေတွင်းလေးဟာ သောက်သုံးရေအတွက် ပေါ်ပေါက်နေသလို လျှံကျလို့ အောက်ခြေချိုင့်ထဲ စီးဝင်နေတဲ့ရေတွေက ခြေဆေး၊ လက်ဆေး သုံးရေပေါ့။ ကတွတ်သီးမှည့်တွေစားပြီး ကတွတ်သီးလာရှာတဲ့ရှဉ့်တွေနဲ့ ပျံသန်းရာကနေနေတဲ့ငှက်တွေကို ပစ်ခတ်ရတာ ပျော်စရာတစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ဟာ ရွှေတောင်ယက္ကန်း ကျောင်းလာတက်တဲ့ မြစ်ဝကျွန်းပေါ် သားတွေ ဆိုပါတော့။ ဖျာပုံက ကိုညဏ် မြင့်၊ ကိုဖြိုးသူ၊ မအူပင်သား ကိုစိန်ကြည်၊ ပုသိမ်က ကိုထွန်းဝေ၊ ကိုကြည်မင်း၊ ဟင်္သာတသား ကိုအေးဆွေနဲ့အဖွဲ့ကို ဦးဆောင်လာတာက ကျောင်းစာရေး ကိုသန်းရှိန်။ အဲဒီခုနစ်ဦးမှာ လေ သေနတ် (၂) လက်၊ လောက်လေး (၅) လက်ပါလာတယ်။ ရွှေတောင် ယက္ကန်း ကျောင်းရောက်နေပေမယ့် ပထမနှစ် တုန်းက ဝန်းကျင်ပတ်ကုံးနဲ့ အသားသိပ် မကျသေးဘူး။နောက်တော့ တစ်စတစ်စ ရင်းနှီးခင်မင်ကျွမ်းဝင်လာတာမို့ လည် ပတ်ခဲ့တာ မြို့ထဲသာမကဘူး။ မြို့ပြင် တစ်ခွင်လုံးနှံ့ရောပဲ။ ခုဆို မြို့ကတစ်နာရီ လောက်သွားရတဲ့ ပြည်တောင်တန်း ဆွယ် ကြက်ဖြူတောင်ကြောရောက်နေ ကြပြီ။ တစ်နေ့တာ သဲမယ့်ကဲမယ့်အစီ အစဉ်လေးပါ။ သူတို့ဟာ လူငယ်ဘာ သာဘာဝဒေသန္တရဗဟုသုတရဖို့ထက် အပျော်ခရီးထွက်တာ ဖြစ်ပါလိမ့်မယ်။ စိတ်လွတ်ကိုယ်လွတ်သွားရလာရတာ လူငယ်တွေအတွက် ပျော်စရာပဲပေါ့။ သက်သက်မဲ့ အကြောင်းမရှိအကြောင်း ရှာသွားတဲ့ ခရီးလမ်းမှာ အန္တရာယ်ကြီး ကြီးမားမားဆို စဉ်းစားမယ်တောင် မထင်ဘူး။ တွေးလည်းတွေးမှာ မဟုတ် တာ သေချာတယ်။

❐

“ကဲ - ပစ်ခတ်ရလာတဲ့ အကောင် လေးတွေကင်ရအောင် မီးဖိုကြမယ်။ ထင်းခြောက်ကိုင်းတွေရှာကြပေါ့။ ငါ ဟင်းကိုင်ထားမယ်”

သူတို့အဖွဲ့လူသုံးလေးယောက်က ထင်းအရှာထွက်သွားကြတယ်။ မီးဖိုမယ့် နေရာပြင်သူကပြင်၊ ပါလာတဲ့ပေါင်မုန့် နဲ့စားဖို့ ငါးသေတ္တာဖောက်သူကဖောက်၊ လူတိုင်းအလုပ်များနေတယ်လို့ပဲ ပြောရ မယ်။ ခရီးဝေးထွက်လာတာမဟုတ်ပေ မယ့် စားဖို့သောက်ဖို့က ယူလာရတာ ပေါ့။ တောင်ခြေရွာကလေးမှာလည်း ထမင်းဆိုင်ရှိတာမဟုတ်ဘူး။ စားရေး သောက်ရေးခက်မယ်လို့ ကိုသန်းရှိန်က ကြိုကြိုတင်တင် ပြောထားလို့ တော် တော့တယ်။ တောတန်းတစ်ခုမှာတော့ ငှက်သံလေးတွေ ကျည်ကျည်ကျာကျာ။

ထင်းရှာတဲ့လူတွေသွားလိုက်တာ တမေ့တမောကြီး။ ဘယ်ကိုခြေရှည်နေ ကြသလဲဆိုတာ မပြောတတ်။ ဒီက ကိစ္စ တွေပြီးလို့ စောင့်နေကြတာ ကြာပြီ။ ပြောပြောဆိုဆို သူတို့ မောကြီးပန်းကြီး ပြန်လာကြတယ်။

“ကိုအထူးအဆန်းတွေ့လာတယ်။ ကြည့်ချင်ရင်လိုက်ခဲ့ကြ”

သူတို့ထဲကတစ်ယောက်ရဲ့ အရင်း မရှိအဖျားမရှိ ပြောလိုက်တဲ့စကား။

“ဘာများတွေ့လာတာလဲ၊ ဒီမှာက ကင်ဖို့အသင့်ဖြစ်နေပြီ”

“အဲဒါထားခဲ့၊ ဟိုလူတွေလုပ်ထား လိမ့်မယ်။ ငါပြတာလိုက်ကြည့်စမ်း။ တကယ်ထူးဆန်းတယ်”

ဘာမသိဘာမသိ သူ့နောက်လိုက် ခဲ့ပေမယ့် အကျိုးအကြောင်းမမေးမိ သလို သူကလည်း တစ်ခွန်းတစ်ပါဒမျှ မပြောခဲ့။ လမ်းရိုးအတိုင်း သွားနေရာက လမ်းဘေးဖဲ့ဆင်းသွားမိတဲ့အခါ ချုံတော က ပိုထူထပ်လာသယောင်။ လျှောက် လှမ်းနေရာက ချုံတောနောက်စောင်း စောင်းမှာ ချုံချင်းယှက်ပြီး အတွင်းနေ ပြောက်မထိုးလောက်အောင် လိုဏ်ဂူ သဏ္ဌာန်မြောင်းဖြစ်နေတယ်။ မြောင်းက ခပ်ရှည်ရှည်လေးမို့ တောတိရစ္ဆာန်တစ် ကောင်ဝင်နေရင် တွေ့ဖို့မလွယ်လှဘူး။ ဖြုန်းခနဲဆိုရင်တော့ ဒုက္ခလို့ တွေးမိ တယ်။ ကတ်ကတ်သတ်သတ် ဒီလို ကြို ကြိုကြားကြားထဲ ဘာကိစ္စများဝင်ချင် ကြရတာလဲ။ မြွေပါးကင်းပါး သူတို့ပဲ မကြောက်မရွံ့တယ်။ လမ်းပြပေးနေ တဲ့သူ့နောက်ပဲ စိုက်စိုက်မတ်မတ်လိုက် နေရတော့ တွေ့စားရှိသူ အရင်တွေ့မှာ လေ။ ဘာကြောက်စရာရှိတာမှတ်လို့။ အားတင်းလိုက်ခဲ့တယ်။ သူက လိုဏ်လို မြောင်းထဲ တစ်လှမ်း၊ နှစ်လှမ်း ကုန်းအ ဝင်မှာ စကားစတာပါ။

“ဟိုမှာကြည့်လိုက်စမ်း။ အဲဒါဘာ ကြီးလဲ သေချာကြည့်”

သူလက်ညှိုးထိုးပြနေတဲ့နေရာ ကြည့်မိတော့ လန့်ဖျပ်သွားတယ်။

“ဟာ - မြွေရေခွံလဲထားတာပဲ။ နည်းတာကြီးမဟုတ်ဘူးဟေ့။ ကြောက် စရာကြီးနော်”

“ဘာမြွေလဲမသိဘူး။ လုံးပတ် ရော အရှည်ပါမသေးတာကွ”

အံ့သြတကြီး ပြန်လာကြသလို မြွေအကြောင်းက ပြောလို့မဆုံးတော့ ဘူး။ ဆွေးနွေးရမယ့်အကြောင်းတစ်ခုရ သွားတာမျိုးဖြစ်နေပြီ။

“စပါးကြီးမြွေတို့၊ စပါးအုံးမြွေတွေ ကလည်း အကောင်ကြီးတာပါပဲ။ ဒီ ကောင်တွေက အဆိပ်မရှိဘူး။ သား ကောင်ကို ကိုယ်နဲ့ရစ်ပတ်ညှစ်သတ်စား တယ်တဲ့။ စပါးကြီးကညှို့တတ်တယ်”

“ငါကြားဖူးတာကတော့ မြွေဟာ ခြေ၊ မျက်ခွံ၊ နားပေါက်၊ ရင်အုံရိုးမရှိတဲ့ တွားသွားသတ္တဝါ။ သူ့အရေပြားမှာ အ ကြေးခွံတွေ အကန့်လိုက်ရှိတယ်။ ကြွက် သားတွေကို တစ်လှည့်စီကျုံ့ရွေ့သွား တာ။ ရေကူးနိုင်တယ် လျှာကနှစ်ခွ ထိပ် ဘက်သွယ်သွားပြီး အနံ့နဲ့ အာရုံခံစား တာမျိုး။ အစာကို မဝါးဘဲ မျိုချတယ်။ မြွေအားလုံးဟာ အသားစားကောင်တွေ ပါပဲ”

သူတို့တွေ စားရင်းသောက်ရင်း လည်းပြောနေတာက မြွေအကြောင်း ပါ။

“အဆိပ်ရှိတဲ့မြွေတွေမှာ မြွေ ဟောက်၊ ဂျပ်မြွေ၊ ငန်းမြွေ၊ ငန်းတော ကျား၊ အဲဒါတွေကို မြွေဟောက်အုပ်စု၊ မြွေပွေး၊ ခလောက်မြွေတွေက မြွေပွေး အုပ်စုလို့ သတ်မှတ်တာကို ဖတ်ဖူးခဲ့ တယ်။ မြွေဟောက်က အစွယ်ပုံသေ ထွက်ပြီး မြွေပွေးအုပ်စုက အစွယ်ကို ခေါက်သွင်းထားနိုင်တယ်တဲ့။ အားလုံး က ကြောက်စရာတွေပဲ”

“ကဲ - စားစရာရှိတာလည်း စား ကြ။ အချိန်ရှိတုန်းလေး ပြန်ကြမယ်။ စောစောရောက်တော့ကောင်းတာပေါ့”

“ကိုသန်းရှိန်ကြီးကလည်း လော လိုက်တာ။ ယောကျ်ားခြေတွေပဲဟာ။ စောမှာပါဗျ”

ထိုအခိုက် ငှက်များလန့်ဖျပ်ပျံသံ ကြားရတယ်။ တောင်ပေါ်က အသံ တစ်သံ မြည်ဟည်းလျှောကျလာသလို လို၊ ခဏချင်း တစ်တောလုံးက ချောက် ချောက်ချားချား။ တောတိရစ္ဆာန်တွေက ပြေးပြေးလွှားလွှား မှင်တက်မိသလို အား လုံးကအံ့အားသင့်နေတုန်း သတိဝင်လာ သူက ကိုသန်းရှိန်။

“ဟေ့ - ပစ္စည်းတွေသိမ်း၊ လွယ် အိတ်ထဲ ဖိနပ်တွေထည့်၊ ဘာဖြစ်တာ လဲမသိဘူး။ တောင်အောက်ရောက် အောင် အမြန်ဆင်းကြမယ်။ လုပ်ကြ ဟေ့ မြန်မြန်။ ပြေးကြမှာနော်”

ဘာဖြစ်မှန်းမသိရပါဘဲ ပြေးဆင်း လာခဲ့ရပေမယ့် သူတို့နောက်က တစ်စုံ တစ်ယောက်လိုက်လာသလို ခံစားရ တယ်။ သဲသဲသဲသဲနဲ့ ဘာမှန်းမသိ သေလုမျောပါးအပြေးဆင်းနေရတာ တော့ သတိထားမိတယ်။ အန္တရာယ် နောက်က ထက်ကြပ်ပါလာတာဖြစ်လိမ့် မယ်။



www.burmeseclassic.com

www.burmeseclassic.com

ခလုတ်တံသင်းဆူးပြောင့်ကျောက်ဆူးယ်ကြည့်မနေအားဘဲ တရမန်းကြမ်းသေလုမျောပါးအပြေးမို့ လဲသူလဲ၊ ကွဲသူကွဲ၊ လဲသူကို တွဲထူပြေးလွှားနေရတယ်။ တဖြောင်းဖြောင်းသံကြီးကလည်း ကြားနေရဆဲ။ တဝုန်းဝုန်းနဲ့ ဘာသံတွေလဲမသိ။ တောင်ပြိုတာများလား။

"ဟော့-ကလေးတွေ ဒီကွင်းအမြန်ပြေးခဲ့။ လှည့်မကြည့်နဲ့၊ တအားကုန်ပြေးခဲ့ကြ"

အဆင်းမှာ တောင်အောက်ရောက်လုပြီဖြစ်တဲ့အခါ အော်သံတစ်ခုကို ကြားလိုက်ရတယ်။ လူသံသူသံဆိုတော့ အားတက်မိသွားတာ အမှန်ပါ။ ဆင်းလမ်းကွေ့အကျော် အောက်ကကွင်းစပ်မှာ လူနှစ်ယောက်ကို တွေ့လိုက်ရပြီး သူတို့လက်ထဲမှာဘာတွေမှန်းမသိ။ တစ်ပွေ့ကြီးကိုင်ထားတယ်။

"မြန်မြန်လာကြ၊ နီးလာပြီဟော့"

မကြာခင် သူတို့နားကို အားလုံးရောက်ချိန်မှာ တောင်ပေါ်က တစ်စုံတစ်ရာဟာ သစ်ပင်သစ်ကိုင်းများ ဖြတ်ပြီးကျလာတော့တာပါပဲ။ ကျတဲ့အသံကြီးနဲ့အတူပါလာတာက မြွေကြီးတစ်ကောင်။ မြွေကြီးဟာ အဝါရောင်ပါးပျဉ်းကြီးခွက်လို့ ဒေါသမာန်စောင်ပြင်းပြင်းနဲ့ပဲပေါ့။ ဟိုတောင်ကမ်းပါးယံချိုထဲမှာ လဲထားတဲ့ မြွေရေခွံကို သတိရမိတယ်။ ကိုယ်လုံးက လူရွယ်တစ်ယောက် ပေါင်လုံးခန့်၊ အရှည်က သုံးလံကျော်ကျော်။ အကိုက်ခံရရင် ဆေးမီစရာအကြောင်းမမြင်ဘူး။ မိုးကြိုးပစ်လိုက်သလိုဖြစ်သွားမယ်လို့ ထင်ရတယ်။

"ကလေးတို့ နောက်ဆုတ်နောက်ဆုတ်"

အသက်ကြီးကြီးပုဂ္ဂိုလ်က ပြောပြောဆိုဆို သူ့လက်ထဲက အစည်းကို ပစ်ချလိုက်တယ်။ လက်စသတ်တော့ ကြခတ်ဝါးပိုင်းအစည်းကြီးပါလား။ ကျန်အသက်ငယ်ငယ်တစ်ယောက်လက်ထဲမှာလည်း ကြခတ်ဝါးစည်းပါပဲ။ သူတို့က မြွေကို ဘာလုပ်ကြမှာတုန်း။

မြွေကြီး ဒေါသနဲ့ရှေ့အတိုးမှာ သူတို့နှစ်ယောက် ဝါးပိုင်းဖြတ်တွေကို တစ်ချောင်းပြီးတစ်ချောင်း တရစပ်ပစ်နေတော့ ပါးပျဉ်းမှာ စိုက်တဲ့ဝါးကစိုက်၊ အချွန်အတက်တွေနဲ့ စူးတဲ့ဝါးကစူး၊ မြွေကြီးကိုယ်လုံးမှာ ရစရာမရှိအောင် ထိမှန်နေတော့တယ်။ မြွေကြီးက ဝါးစူးတွေကို လိမ်ပြီးညှစ်တော့ ပိုဆိုးတာပေါ့။ အသားထဲ မြုပ်သထက်မြုပ်၊ နစ်သထက်နစ်ဝင်သွားတယ်။ ဝါးစူးတွေနဲ့ လုံးထွေးလို့ရစ်ပတ်နေတဲ့ မြွေကြီးခမျာ သွေးသံရဲရဲတွန့်လိမ်နေတော့တာပါပဲ။ တစ်ချက်တစ်ချက် ဒေါသနဲ့ရိုက်သံဟာ တဖြောင်းဖြောင်း တဗုန်းဗုန်း။ တဖြည်းဖြည်း မြွေကြီးငြိမ်သက်သွားတာ မလှုပ်တော့ဘူး။ ငြိမ်သွားပြီပဲ။

"ဒီမြွေမျိုးက ငန်းပုပ်မျိုးပဲ။ သူကအထီးလေ။ ဟိုလွန်ခဲ့တဲ့တစ်လလောက်က မြွေမကြီးကို မုဆိုးတစ်ယောက်က ပစ်သတ်သွားတော့ ကျန်တဲ့အထီးက လူမြင်ရင်လိုက်တတ်တယ်။ အလိုက်ခံရတာ နှစ်ဦးရှိပြီ။ အသေအပျောက်မရှိပါဘူး။ ဒီတောင်ကို မတတ်ဖို့ သတိပေးထားတာ။ မင်းတို့က မသိတော့ တန်းတက်သွားတာပေါ့။ မြင်လိုက်တဲ့လူတစ်ယောက်ကပြောလို့ စိုးရိမ်ပြီးလိုက်လာတာ သိပ်မှန်သွားတယ်။ ဒီကောင်က တောင်ခြေကျော်မလိုက်ဘူး"

"ကျေးဇူးတင်ပါတယ် အဘရယ်။ နို့မို့ ကျွန်တော်တို့ မလွယ်ဘူး။ ကျွန်တော်တို့က ရွှေတောင်ယက္ကန်းကျောင်းက သင်တန်းသားတွေပါ"

"ဩော်- ရပ်ဝေးက ကလေးတွေကိုး"

"ဟုတ်ပါတယ် အဘ၊ ဒါထက်အဘက မြွေကို ဝါးပိုင်းအချွန်အတက်တွေပစ်တာလေးနဲ့ သေသွားတယ်နော်။ လက်နက်မသုံးဘူး၊ သိပ်ဆန်းတယ်"

"အေး- ငန်းပုပ်လိုမြွေကြောက်တာကလည်း ဝါးချွန်တွေ၊ ဆူးတွေပဲကွယ့်။ အဲဒါတွေနဲ့ပစ်တော့ သူ့ရဲ့ရစ်ပတ်ညှစ်သတ်တဲ့အကျင့်ကြောင့် သေတာ မင်းတို့အမြင်ပဲ"

လူငယ်တစ်သိုက် ကယ်တင်ရှင်နှစ်ဦးကို ရှိခိုးကန်တော့ပြီး ရွှေတောင်ပြန်လာတယ်။ အဘနာမည်က ဦးမိုးထိ၊ ဟိုပါလာတဲ့တစ်ယောက်က ကိုစိန်ထွား၊ အဘသားကြီးပေါ့။ အဘဟာ တစ်ချိန်က မုဆိုးတစ်ယောက်ပါ။ တောင်ခြေရွာလေးမှာနေကြတယ်လို့ သိရတယ်။ မသေကောင်းမပျောက်ကောင်း။ အဖွဲ့သားတွေ အဲဒီတုန်းက ကတိပြုထားဖူးတယ်။ ဒီအဖြစ်အပျက်ကို ပြန်မပြောပါဘူးဆိုတာပါဘဲ။ ခုတော့ အနှစ်ပဲ လေးဆယ်ကျော်တော့မယ်လေ။

မျိုးသစ်

*(ဂိတ်မှူး ဦးအေးဆွေ (စိန်ဟသ်ာ) ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်ဇာတ်လမ်းပါ။)*

# သရက်ပင် အဖြုန်သီးစေနည်း

နတ်မောက်မင်းချစ်ဆွေ

ကျွန်တော့် နေအိမ်ခြံဝင်းတွင် သရက်ပင်မျိုးကောင်းခုနစ်ပင်ခန့် လွန်ခဲ့သည့် သုံးနှစ်၊ လေးနှစ်ကတည်းက စိုက်ပျိုးထားပါသည်။ အပင်များ အောင်မြင်ဖြစ်ထွန်းသော်လည်း ယခုထိ အသီးမသီးပါ။

တစ်နေ့တွင် မိတ်ဆွေ ဦးမြိုင်ရောက်လာပြီး -

"မင်းသရက်တွေက သရက်မျိုးကောင်းတွေလားကွ"

"ဟုတ်တယ် ဦးမြိုင်၊ မချစ်စုမျိုး၊ သုံးလုံးတစ်တောင်၊ သုံးလုံးတစ်ပိဿာ၊ ပျားရည်ဆမ်းမျိုးတွေဗျ။ ဘာဖြစ်လို့လဲ"

"အေး - အပင်တွေ ဖွံ့ထွားပြီး အသီးမသီးဘူးလား။ ဒါဘယ်နှနှစ်သားတွေလဲ"

"သုံးနှစ်၊ လေးနှစ်ရှိပြီဗျ"

"ဟေ - ဟုတ်လား။ သရက်ပင်ဆိုတာ သုံးနှစ်ရှိရင် အပွင့်ပွင့်ပြရတယ်။ လေးနှစ်ဆိုရင် အသီးသီးရ၊ တင်ရတယ်ကွ"

"အပွင့်ကိုပွင့်မပြဘူးသေးဘူးဗျ"

"ဒါဆိုဒီလိုလုပ်။ သရက်ပင်တွေရဲ့ ခေါင်အညွန့်တွေထဲ နှစ်ညွန့်၊ သုံးညွန့်ကို ချိုးပစ်လိုက်။ မုန်ထုတ်တယ်ခေါ်တယ်။ အာကေသဇာတ်ပွင့်သွားတာပေါ့။ လာမယ့်နှစ်မှာ အပွင့်ပွင့်ပြီး အသီးသီးလိမ့်မယ်။ မယုံရင်လုပ်ကြည့်။ အံပန်းမကြီးဘူး"

မိတ်ဆွေဦးမြိုင် အကြံပေးသည့်အတိုင်း ပြီးခဲ့သည့်နှစ်က သရက်ပင်များ၏ ခေါင်ညွန့် နှစ်ညွန့်၊ သုံးညွန့်ကို ချိုးထားခဲ့ပါသည်။ တကယ်ပင် ယခုနှစ်၌ သရက်ပင်များ အသီးသီးအသီးတင်၍ မိသားစုစားရုံမျှမကဘဲ ပိုလျှံသဖြင့် အိမ်နီးချင်းများကိုပါ ဝေငှနိုင်ပါသဖြင့် ဝမ်းမြောက်စွာ ရေးသား တင်ပြပါသည်။

*တိုးတက်ကြီးပွားကြပါစေ*

နတ်မောက်မင်းချစ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com

ပြည်သိန်းကျော်

တဟီ တဟီ ပါရမီ သဠယံ စယံ
ဂတံ ဂတံ သတ္တိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ ပြုလုပ်ပါ။
**ထီကံကောင်းလိုသူများ** - သောကြာသားတစ်ဦးနှင့်စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီ အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဘုရားစေတီတစ်ဆူဆူသို့သွား၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေကို ဂြိုဟ်သက်အလိုက် သပ္ပာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းသို့သွား၍ ကုဋီများ ရေဆေး၊ ရေဖြည့်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌဿဂါထာ (၇) ခေါက်ရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - စနေနံထိဆိုင်တွင် (၇) ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို မကြာခဏ ဝတ္ထုငွေလှူပေးပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို အမြန်စွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ခြင်း၊ အမှိုက်ကောက်ခြင်းပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ဓာတ်စာများ တတ်အားသရွေ့ကူညီပံ့ပိုးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနံထီဆိုင်တွင် (၅) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာ ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီအစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို စနေနာမည်ရှင် အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ ရွှေရောင်ပစ္စည်းအဟောင်း၊ အပျက်များ၊ ရေအိုး၊ ရေပုံးအကွဲများကို ရေတွင်မျှောလိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍နီးသော အနီးဆုံးဘုရားစေတီသို့ ခြေကျင်လျှောက်သွားပြီး မကြာခဏတံမြက်စည်းသွားလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရက်ဆွမ်း၊ တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းများတွင် အသုံးပြုရန် တံမြက်စည်းများ တစ်နိုင်လှူဒါန်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခွေးလေးများကို ကြုံသည့်နေရာတွင် ကြုံသလိုအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာရွတ်ရင်း (၁၅) မိနစ် လမ်းလျှောက်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားမည့်သူနှင့် လူကြုံမှာ၍ထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်၊ ကြိုက်ရာထိုးလာပါစေ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီး (၆) မျိုးဖြင့် တစ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဝတ္ထုငွေမကြာမကြာလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်အဝင်ဝတွင် ဆီး (၈) ခက်ကို ချည်ထားပါ။
**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီများသို့ မကြာမကြာသွား၍ ဝဋ္ဋာန်းနှင့် ခမွဲစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ လျှပ်စစ်ပစ္စည်းအဟောင်းအပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့သွား၍ မွေးနံထောင့်မှစပြီး ဗြိုဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အနီရောင်၊ အနက်ရောင်အကျီလေးများ ဝတ်ဆင်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးခြင်း၊ ဘေးမဲ့လွှတ်ခြင်းများ ဆောင်ရွက်ပါ။
**ထီကံကောင်းလိုသူများ** - ဈေးလမ်းထောင့်က ထီဆိုင် နှစ်ဆိုင်ခွဲထိုးပါ။ (၂၊ ၃၊ ၆၊ ၅) ဂဏန်းများပါအောင် ရွေးချယ်ပါ။ မင်္ဂလာစုံတွဲ၊ နှစ်စောင်တွဲများမှ ထိုးပါ။

**စနေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အုန်းညွန့် (၆) ရွက်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်'ဘွဲ့အမည်ပါရှိသော ဘုရားတစ်ဆူသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဗြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက်၊ နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားပြီးတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှ စားပါ။
**ထီကံကောင်းလိုသူများ** - ဘုရားဖူးခရီးတစ်ခုသွားရာအပြန် အိမ်မရောက်ခင် ထီဝင်ထိုးလိုက်ပါ။ ဂဏန်းမရွေးပါဘဲ ချက်ချင်းထိုးပါ။ ထီကံကောင်းပါလိမ့်မည်။

ယခုလတွင် -

ဗုဒ္ဓဟူး၊ တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများရယူပါလေ။

ဥပမာ - ရှိန်ကို၊ ရှင်းကြည်။

မိမိကောင်းမှုအကြောင်း...
ဆုမတောင်းဘဲပြည့်...

ပြည့်...န်းကျော်



www.burmeseclassic.com

www.burmeseclassic.com




# ခုနစ်ရက်သားသမီး ဟောစာတမ်း ၄ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ ကူညီနိုင်သူများမှာ သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အောင်မြင်မှုအတွက် အကြောင်းကြီးငယ်ရှိတိုင်း ဘုရားစေတီတစ်ဆူဆူကိုသွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။ မကြာခဏပြဿနာဖြစ်တတ်သူများကို အာမခံပေးခြင်းရှောင်ပါ။ ကျန်းမာရေးကောင်းနေသည်ဆိုပြီး မပေါ့ပါနှင့်။ လွန်စွာအအေးခံခြင်း၊ အိပ်ရေးပျက်ခံခြင်းများရှောင်ရပါမည်။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသည်။ သင်တန်းများတက်ရတတ်သည်။ လူငယ်တို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိမည်။ မင်္ဂလာကိစ္စများစီစဉ်ဆောင်ရွက်ရန် မမျှော်လင့်ဘဲကြုံရတတ်ပါသည်။ အိမ်ပြောင်း၊ အလုပ်ပြောင်းကိစ္စများရှိတတ်ပါသည်။ လူမျိုးကွဲနှင့်အကျိုးမပေးပါ။ စက်ပစ္စည်းအတွက် စကားအခြေအတင်ပြောရတတ်သည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အကျႌအနီရောင်၊ အနက်ရောင်၊ အရောင်ရင့်ရင့်များမဝတ်ပါနှင့်။ အဖြူရောင်၊ အပြာနုရောင်၊ ပန်းရောင်၊ ပုလဲပေါက်အဆင်ဒီဇိုင်းများကို ဝတ်ဆင်ဆောင်ရွက်ပါ။ ထီထိုးရန်အတွက် ခရီးသွားရင်း လမ်းမှာကြုံသော ထီဆိုင်တွေ့ပါက ချက်ချင်းဝင်ထိုးလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။ မွေးနေ့တွင် အလှူဒါနပြုခြင်း၊ ကျင့်ကြံအားထုတ်မှုများ မပျက်မကွက်ဆောင်ရွက်ခြင်းများဖြင့် လိုအင်ဆန္ဒများပြည့်ဝလာပါလိမ့်မည်။

*ယတြာ ။ ။ မေတ္တာသုတ်ကို လမ်းလျှောက်ရင်း (၂၇) ခေါက်ရအောင်ရွတ်ပါ။ တွေ့သမျှလူအားလုံးကို မေတ္တာစိတ်လွှမ်းခြုံပြီး မေတ္တာပို့ပါ။ မကြာခဏပြုလုပ်ပါ။*





www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

ကျင့်ကြံအားထုတ်မှုများဖြင့် ဘာမဆိုအောင်မြင်မှုရရှိမည့်ကာလ ဖြစ်ပါသည်။ အောင်မြင်လိုသောကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံး အကူအညီ၊ အကြံဉာဏ်ပေးမည့်သူများမှာ စနေသားသမီးများ၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်း၊ (၅) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လူမျိုးကွဲအကျိုးပေးပါသည်။ ရပ်ဝေးတွင်ရှိသည့်လုပ်ငန်းများအတွက် သူတစ်ပါးက လာအကြံပေးလျှင် စဉ်းစားပါ။ စပ်တူရှယ်ယာကိစ္စများလည်း အဆင်မပြေသောကာလ ဖြစ်ပါသည်။ အကျီအနီရဲရဲ မဝတ်ပါနှင့်။ ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို ငွေကြေး၊ ဆေး၊ အာဟာရများ လှူပေးပါ။ ထီးတော်၊ စိန်ဖူးတော်အတွက် လျှပ်စစ်မီးများ လှူပေးပါ။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးကြောင့် အောင်မြင်မည့်ကာလဖြစ်၍ ဘုရားရှင်အား ပူဇော်လှူဒါန်းခြင်း၊ တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ သံဃာတော်အရှင်သူမြတ်များကို လိုအပ်သမျှ လှူဒါန်းခြင်းများပြုပါ။ ပညာရေးကံများကောင်းနေပါသည်။ ခေါင်းမူးစေတတ်သောတက်စာများရှောင်ပါ။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ ကျန်းမာရေးအတွက် လိုအပ်ပါက ဓာရဏပရိတ်တော်ကို အမိဋ္ဌာန်ဖြင့်ရွတ်ပြီး လမ်းများများလျှောက်ပေးပါ။ ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။ မွေးနေ့တွင် အသားစားရှောင်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိဂါထာများကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ထီကံကောင်းသောကာလဖြစ်၍ ထီထိုးဖြစ်အောင်ထိုးပါ။ စနေနံထီဆိုင်တွင် (၇) အစ (၇) အဆုံးဂဏန်းများနှင့် အကျိုးပေးပါလိမ့်မည်။ နှစ်စောင်တွဲ၊ သုံးစောင်တွဲလေးများ နိုင်သလောက်ထိုးထားပါ။

**ယတြာ ။ ။ *ဦးခေါင်းနှင့်ဆိုင်သော ကျန်းမာရေးမကောင်းသူများကို ဆေး ဓာတ်စာလှူပေးပါ။***

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသောမည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ မကြာခဏပြဿနာဖြစ်တတ်သူများကိုအာမခံပေးခြင်းရှောင်ပါ။ တရားဥပဒေကိုဆန့်ကျင်သောကိစ္စမှန်သမျှရှောင်ပါ။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေဝင်နေတတ်ပါသည်။ ရာထူးတိုးစာမေးပွဲများ ဖြေဆိုထားသူဖြစ်ပါက အောင်မြင်မှုရရှိမည်။ မူလနေရာက အခြားနေရာသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတတ်ပါသည်။ ကျန်းမာရေးကောင်းနေစေရန် လွန်ကဲစွာအဆာခံခြင်း၊ အိပ်ရေးပျက်ခံခြင်းများရှောင်ပါ။ ပညာရေးနှင့်ဆိုင်သောကံများကောင်းနေပါသည်။ ရည်မှန်းချက်ပန်းတိုင်ရောက်မည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း ပုလဲပေါက်အကျီအဆင်ဒီဇိုင်းများ မဝတ်ပါနှင့်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာခရီးလမ်းသာယာပျော်ရွှင်ချိန်လေးများရှိပါမည်။ တစ်ဦးနှင့်တစ်ဦး မခံချင်အောင်စ၍ နောင်ပြောင်ကျီစယ်ခြင်းများ မပြုလုပ်ပါနှင့်။ စက်ပစ္စည်းအဟောင်းများမဝင်ပါစေနှင့်။ စိတ်ညစ်ရတတ်ပါသည်။ စကားပြောဆင်ခြင်ရမည့်ကာလဖြစ်ပါသည်။ ကိုယ်ကအကောင်းပြောတာတောင် အကောင်းမထင်ဖြစ်တတ်ပါသည်။ ယခုလတွင် ထီထိုးမည်ဆိုပါက ခရီးသွားမည့်လူကြုံနှင့်မှာ၍ ထိုးလာခိုင်းပါ။ ဘုရားဖူးသွားမည့်လူကြုံရှာ၍ထိုးပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက်ရာထိုးလာပါစေ။ ထီကံကောင်းပါလိမ့်မည်။

**ယတြာ ။ ။ *ခြေ ခါးမကောင်းသူများကိုတွေ့လျှင် တွေ့သည့်နေရာတွင် ငွေကြေးအကူအညီပေးလိုက်ပါ။***

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များ တောင်းပါ။ အကောင်းဆုံးကူညီပါလိမ့်မည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း ဘုရားစေတီတစ်ဆူဆူသို့ အရင်သွားပြီး ဘုရားရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၇) တိုင်ထွန်းညှိပူဇော်ပြီးမှသွားပါ။ အကျီအနီရဲရဲများဝတ်ဆင်မသွားပါနှင့်။ ကျင့်ကြံအားထုတ်မှုများဝတ္တရားမပျက်ပါစေနှင့်။ မွေးနေ့တွင် သီလဆောက်တည်နေထိုင်ပြီး ကောင်းမှုကုသိုလ်တစ်ခုခုပြုလုပ်ပါ။ ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ခြင်း၊ အစာကျွေးခြင်းများ မကြာမကြာပြုပါ။ အညံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ လူမျိုးကွဲအကျိုးပေးပါသည်။ ထီကံကောင်းသောကာလဖြစ်၍ ထီထိုးဖြစ်အောင်ထိုးလိုက်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာ၊ ရှင်သီဝလိဂါထာနှင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးကို ရွတ်ဖတ်ပူဇော်ပါ။ ပညာရေးကံများကောင်းနေသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုများသေချာပါလိမ့်မည်။ ခရီးယာယီကိန်းရှိပါသည်။ နှလုံးသားရေးရာကိစ္စများ ခုရန်ဖြစ်လိုက်၊ ကော်ကြာပြန်တည့်လိုက်ဖြစ်နေပါလိမ့်မည်။ ကျန်းမာရေးကောင်းပါမည်။ ထီထိုးရန်အတွက် ဈေးနှင့်နီးသောထီဆိုင်ကြီးများတွင် (၆) အစ (၆) အဆုံး ဂဏန်းများနိုင်သလောက်ထိုးထားလိုက်ပါ။

**ယတြာ ။ ။ *သက်ကြီးရွယ်အိုများကို ဆေး ဓာတ်စာ မကြာမကြာလှူပါ။***



www.burmeseclassic.com

www.burmeseclassic.com

**ကြာသပတေးသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကြာသပတေးနာမည်ရှင်၊ ကြာပတေးသားသမီးများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များရယူပါ။ အကူအညီများတောင်းပါ။ အကောင်းဆုံးအောင်မြင်ပါလိမ့်မည်။ (၆) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ဆုထူးအတွက် စာမေးပွဲဖြေဆိုထားသူများ ရွေးချယ်ခံရပါလိမ့်မည်။ ဘုရားဖူးခရီးများလည်းထွက်ဖြစ်မည်။ ရတနာ (၃) ပါး တိုင်းရှိုင်း၍ အလုပ်လုပ်ပါက အကျိုးပေးနေပါလိမ့်မည်။ ကျင့်ကြံအားထုတ်မှုများ ဝတ္တရားမပျက်ပါစေနှင့်။ စက်ပစ္စည်းများအတွက် စကားအချေအတင်ပြောရတတ်သည်။ ကျန်းမာရေးကောင်းနေစေရန် ကိုယ်နှင့်မတည့်သောအစားအသောက်များ ရှောင်လိုက်ပါ။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ အပျော်အပါးလျှော့ပါ။ စာချိန်စာ၊ ကစားချိန်ကစားပြုလုပ်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ စကားပြောများတတ်၍ စကားများများမပြောပါနှင့်။ အားနာစာ၊ နှမြောစာများလည်း ရှောင်ရပါမည်။ လူမျိုးကွဲအကျိုးပေးပါသည်။ နိုင်ငံရပ်ခြားနှင့်ဆက်စပ်သော ကုန်သွယ်လုပ်ငန်းများ အောင်မြင်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ လမ်းခွဲစကားကြားရတတ်ပါသည်။ ခိုလေးများကို မကြာမကြာ အစာကျွေးပါ။ စိတ်ချမ်းသာမှုရရှိလာပါလိမ့်မည်။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း ပုလဲပေါက်အဆင်ဒီဇိုင်းများဝတ်မသွားပါနှင့်။ ထီထိုးမည်ဆိုပါက ကြာသပတေးထီဆိုင်တွင် (၇၊ ၁ ၅၊ ၉) ဂဏန်းများ ဝေဆာမြိုင်ဆိုင်နေအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *လေရောဂါဝေဒနာရှင်များကို ဆေး ဓာတ်စာလှူပေးပါ။*

**သောကြာသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကူအညီများ၊ အကြံဉာဏ်များရယူပါ။ (၁) ဂဏန်း၊ (၄) ဂဏန်း၊ (၇) ဂဏန်းများရှောင်ပြီး အလုပ်လုပ်ပါ။ ဘာမဆို ကိုယ့်သဘောနှင့်ကိုယ်ဆောင်ရွက်တိုင်း အလွဲလွဲအချော်ချော်ဖြစ်နေတတ်ပါသည်။ နားလည်တတ်ကျွမ်းသူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အလုပ်တစ်ခုပြီးတစ်ခုပေါ်နေတတ်သည်။ အလုပ်နှစ်မျိုး၊ သုံးမျိုးတစ်ပြိုင်တည်းမလုပ်ပါနှင့်။ မကြာခဏ ခရီးထွက်ရတတ်ပါသည်။ စက်ပစ္စည်းအသစ်၊ အဟောင်းများလည်း တစ်ပြိုင်တည်းဝင်လာတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးပူညံပူညံဖြစ်နေသော်လည်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များကြောင့် အစစအရာရာအဆင်ပြေသွားပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် သံဃာတော်များကို ဆေး၊ သင်္ကန်းများကပ်လှူပါ။ လေအောင့်စေသော၊ လေချုပ်စေသောအစာများလွန်ကဲစွာမစားပါနှင့်။ လွန်စွာအအေးမခံပါနှင့်။ လွန်စွာအဆာမခံပါနှင့်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာရပါမည်။ တစ်ဦးနှင့်တစ်ဦး သစ္စာရှိဖို့လိုပါသည်။ မျက်နှာမများပါနှင့်။ ပညာရေးကံများလည်းကောင်းနေပါသည်။ ဥပဒေနှင့်ဆန့်ကျင်သောကိစ္စများရှောင်ပါ။ ရန်များတတ်သောသူနှင့်တပူးတွဲတွဲလုပ်မနေပါနှင့်။ ယခုလအတွက် ထီထိုးမည်ဆိုပါက အင်္ဂါနံထီဆိုင်သုံးဆိုင်ပြည့်အောင်ထိုးပါ။ (၃) ဂဏန်းများစွာပါသော မင်္ဂလာစုံတွဲလေးများနှင့် ကံစပ်နေပါသည်။

ယတြာ ။ ။ *သရဏဂုံ-၁၀ကို အမိဓွာန်နှင့်ရွတ်ပါ။ ဖြစ်နိုင်လျှင် ပုတီးစိပ်ပါ။*

**စနေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ ကူညီနိုင်သူများမှာ စနေနာမည်ရှင်၊ တနင်္ဂနွေနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ လူမျိုးကွဲနှင့် အကျိုးပေးပါသည်။ ရပ်ဝေးမှာရှိသောလုပ်ငန်းများ ပြန်လည်ဦးမော့လာမည်။ ကျင့်ကြံအားထုတ်မှုများလည်း မမေ့မလျော့ဆောင်ရွက်ပါ။ လာဘ်လာဘအတွက် ဒိဝါတပတိဂါထာကို နေ့စဉ် ပုတီး (၂) ပတ်၊ (၃) ပတ်ရအောင်စိပ်ပါ။ ထီပေါက်ကိန်းရှိနေပါသည်။ ထီထိုးရန်မမေ့ပါနှင့်။ စနေနံထီဆိုင်၊ တနင်္ဂနွေနံထီဆိုင်များတွင် (၇၊ ၀၊ ၃၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။ ကျန်းမာရေးကောင်းနေမည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ လွန်ကဲစွာမစားပါနှင့်။ ပညာရေးကောင်းနေသော်လည်း အချိန်ဖြုန်းခြင်းရှောင်ရပါမည်။ အပျော်အပါးလျှော့ပါ။ ငယ်ရွယ်သူများ၏နှလုံးသားရေးရာကိစ္စများ မမျှော်လင့်ဘဲ လမ်းခွဲစကားကြားရတတ်ပါသည်။ ခိုစာကျွေးပါ။ တစ်ဦးနှင့်တစ်ဦး နားလည်မှုပေးပါ။ စိတ်မြန်လက်မြန် မဆုံးဖြတ်ပါနှင့်။ ဆုံးဖြတ်ချက်မှားတတ်ပါသည်။ စကားပြောမလောပါနှင့်။ မင်္ဂလာရှိသော ဘုရားဆောင်ဧည့်ခန်းများတွင် ဖုန်များရှင်းလင်းပြီး မဆိုင်သောပစ္စည်းများ ရှင်းလင်းဖယ်ရှားပါ။ မင်္ဂလာမရှိသော၊ ကျက်သရေမရှိသော စကားအသုံးအနှုန်းများရှောင်ပါ။ ဆန္ဒများပြည့်လာပါလိမ့်မည်။

ယတြာ ။ ။ *ခရီးဝေးသွားမည့် သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများကို ခရီးစရိတ်အတွက် ဝတ္ထုငွေလှူပေးပါ။*

ရ င် ကို အေ း မြ စေ သ ၁ း

# ဆရာဦးမောင်မောင်သန်း

အမှတ် (၈၅၂)၊ ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com

## အသည်းရောဂါအတွက် ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၈၁၃ Y ၁၁၀၆၇၂)    (တဆဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂)

ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည် ခေတ်နှင့်အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍ လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက် လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင် ကုသမရဘဲသျက် သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာတတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသော ရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သော ရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက်ချင်စိတ် မရှိ၊ စမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါ ဝမ်းချုပ်၍၊ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ချုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက်ဖြစ်လာတော့ အစာအိမ်ရောဂါလို့ ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများ ခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အန္တရာယ်ရန်သူသည် B-ပိုးဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးက မိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။




ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သော ရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သော ဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်ဆီးမှုကို မြန်မြန်မပျက်ဆီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေလျှော့ချရုံမျှသာ စွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရ ခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်းတိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော်ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိကကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာ အဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်ကုသရင်း သုတေသနပြ

www.burmeseclassic.com

www.burmeseclassic.com

နေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံယူသွားပြီး ဘစ်နေ့တစ်ကြိမ် ဆေး ၅ ပြား ၃ ကြိမ်သောက်ပေးပေ့ါ။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီးတင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော်စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန်အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက်နံရိုးအဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကိုသောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော်အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန်အသားအရေနှင့် နကိုယ်အတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင်သမားတော် ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာကတွေတွေလေးစိုက်ပြီး ကျွန်တော့်ကိုကြည့်နေတယ်။ "ဆရာကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့ အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလိုကြားရတာဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော်တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော်ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလား ဆရာ" "အင်း . . . ဦးအိုက်စံရဲ့ အသည်းရောဂါသည်တွေ အပေါ်ထားတဲ့စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြားထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော် စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော်ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ. . . ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံ ထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာ ဆရာကပေးမှာလား?" "ပေးပ့ါဗျာ၊ ပေးပ့ါ၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပ့ါမယ်" "မြင့်မြတ်တဲ့ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ. . . သမားတော်ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့နှိပ်စက်မှုကို ခံစားခဲ့ရသည်မှ လွတ်မြောက်၍ ရရှိခဲ့သောပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက်ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက် အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သော ရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေ သုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေးပဲ** ဖြစ်၏ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

ဦးအိုက်စံ (လားရှိုး)

**ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။**

**ပင်ရင်း - မန်းရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်(ဆ/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁၆၉၁၀၉၁၊

www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော် ကာ္လသရိယခေါ် ဦးထွန်းကြည် ဆိုသည်မှာ နတ်လောကတွင် နတ်နေကြီး၊ နတ်ဝါကြီး ဆရာတစ်ဆူ ဖြစ်ပါသည်။ သူ၏မူအရ အမေနံ့ကရိုင်းနှင့်ပတ်သက်ပြီး တစ်မျိုးသီးခြားဖြစ်၍ ဖော်ပြလိုက်ပါသည်။

ပဲခူးတလိုင်း (မွန်) ဖြစ်ပေါ်လာပုံနှင့် တလိုင်း (မွန်) ရိုးရာရှင်းလင်းချက်-

ရာမညတိုင်းဟု ခေါ်တွင်သော ပဲခူး၊ ဒလ၊ မုတ္တမ၊ ပုသိမ် -

၁ - ဟံသာဝတီ မဏ္ဍလ
၂ - မုတ္တမ မဏ္ဍလ
၃ - ကုသိမ မဏ္ဍလ စသော တလိုင်း (မွန်) ကြီးသုံးရပ်၊ တလိုင်း (မွန်) ငယ်တစ်ဆယ့်နှစ်ရပ်၊

၁ - မွန်တိ မုတ္တမ
၂ - မွန်သု ဒလ
၃ - မွန်စ ပဲခူး
၄ - မိန်လောက်

ဟု အချုပ်ကျောက်စာတွင် တလိုင်း (မွန်)ကြီး (၄) ရပ် ပြဆိုပါသည်။

မူလ တလိုင်း (မွန်) ဖြစ်သော မုတ္တမလိုင်း (မွန်) တွင် ယခုတိုင်အောင် မွန်တို့ဌာန ရာမညဒေသတွင် မောင်တော်လူပျိုကြီး၊ နတ်နှမတော် အပျိုကြီး နတ်တို့ကို တင်ကြားပ,သရ၍ အိမ်ခေါင်တိုင်တွင် အုန်းတော်ကို အဝတ်နက်ပေါင်းပြီး စားဦးစားဖျားမြောက်ကာ ရိုးရာအတိုင်းထားရှိရပါသည်။

မွန်ဘိုးတော်၊ မွန်ဘွားတော်နတ်ဖြစ်ပါသည်။

ကြက်ဥစားတိုင်း မမေ့ရဘဲ ဟင်းကောင်းဟင်းမွန်ချက်၍စားတိုင်း လူကြီးမိဘသဖွယ် အိမ်အတွင်းခန်းခေါင်တိုင်၏အောက်တွင် ဗလိနတ်စာတင်ရပါသည်။

မွန်တလိုင်းရိုးရာမှန်သမျှ မိမိတို့အိမ်တွင် ဧည့်သည်အဖြစ် လင်စုံမယားဖက် လာရောက် တည်းခိုသောအခါ တခြားစီသိပ်ရပါသည်။

မုတ္တမဆင်းသက်လာသော မွန်တိလူမျိုး သမလမင်းနှင့် ဝိမလမင်းတို့သည် ဟံသာဝတီ ပဲခူးနေပြည်တော်ကို ထီးနန်းစိုက်ထူစိုးစံတော်မူသောအခါ ယခုအခါ အဗျားဟုခေါ်သော (တင်းခနွေ) ရွာတွင် အဘ မွန်လူမျိုး၊ အမိ ကရင်လူမျိုးတို့မှ ဖွားမြင်၍ မိန်းမမြတ်တို့အင်္ဂါနှင့်ပြည့်စုံပြီး အဆင်းလှပသော 'မိမွေမန်း' အမည်ရှိသော အမျိုးသမီးကို ဘုရင်ကောက်ယူမည်စိုး၍ ဖရုံခင်းထဲတွင်သွားရောက်ဖွက်ထား၏။ မင်းနားတစ်ထောင်ဟူသည်နှင့်အညီ သမလဘုရင် ကြားသိတော်မူကာ ကိုယ်တိုင် တပ်တော်နှင့် ကြွချီကောက်ယူတော်မူပြီး ဖရုံခင်းတွင်အကြောင်းပြု၍ 'ရွှေဖရုံမယ်' ဟု ခေါ်တွင်ကာ တောင်နန်းစံမိဖုရားကြီးအဖြစ်ထားရှိပါသည်။

ရွှေဖရုံမယ်မိဖုရားမှ သားတော်တစ်ပါး ထွန်းကားတော်မူ၍ (၄၅) ရက်သားတွင် ညီတော် ဝိမလမင်းက နောင်တော်ကို စစ်ခင်းလုပ်ကြံတော်မူ၍ မင်းတော် ရွှေဖရုံမယ်မိဖုရားကို သိမ်းပိုက်တော်မူပြီး တောင်နန်းစံအဖြစ်ပင်ထားရှိတော်မူ၏။ သားတော်ကလေး (ကွမ်အာသာ) ကို ရွှေဖရုံမယ်မိဖုရားအား ဖျောက်ဖျက်စေတော်မူရာတွင် ရွှေဖရုံမယ်သည် နောင်တွင် ကံစီမံရာဖြစ်စေတော့ဟု အောက်မေ့တော်မူကာ မင်းစေတို့အား သားတော်ကလေးကို နန်းစဉ်လက်ဝတ်တော်ရတနာကို လည်ပင်းမှာချိ၍ ပျဉ်ပုံကြီးရွာရှိ ကျွဲခြံပိုင်ရှင် ကရင်






www.burmeseclassic.com

www.burmeseclassic.com

မကြီး (မိန့်ကလိုင်) ၏ ကျွဲခြံဝတွင် မင်းသုလင်တို့ထားရှိခဲ့ရာ ကရင်မကြီး၏ ကျွဲအုပ်မှ အဆင်းအင်္ဂါဖြင့် ပြည့်စုံသော ကျွဲမကြီးက တွေ့ရှိ၍ ကလေးကို နှင်းမိမည်စိုး၍ ခွာလေးဖက်ဖြင့် အုပ်ထားစဉ် အခြားကျွဲများ အစာရှာသွားကြသော်လည်း ကျွဲမကြီးကမသွား၍ မိန့်ကလိုင်ကရင်မကြီးနှင့် အိမ်သားများ လာရောက်ကြည့်ကြသောအခါ ကလေးကို တွေ့ရှိကြ၏။ ထိုကျွဲမကြီး၏နို့ဖြင့် တိုက်ကျွေးကာ ကရင်မကြီး မွေးသဖြင့် ကြီးပြင်းလာပါသည်။

ကျွဲမကြီးမှာ ငယ်စဉ်ကပင် ကလေးကို အလွန်ချစ်၍ ကြီးပြင်းလာသောအခါ ကျွဲမကြီးသွားရာသို့ တကောက်ကောက်လိုက်ပြီး ကျွဲအုပ်နှင့် အနေများပါသည်။

ထို့ကြောင့် နောင်သောအခါ (အဿကုမ္ဘာ) ကျွဲမင်းသား ဖြစ်လာပါသည်။ နောင်သောအခါ လူအများတို့က ဘုရင်မကြီး မိန့်ကလိုင် အမည်ကိုယူ၍ မိန့်ကရိုင်းဟုခေါ်တွင်ခဲ့ရာမှ ယခုထက်တိုင် နံ့ကရိုင်းတလိုင်းမယ်တော်ဟု ခေါ်တွင်ခဲ့ကြပါသည်။

ရာဇဝင်၏အဆိုအရ ကျွဲမကြီး၏ ဦးချိုအဖျားတွင် ဇမ္ဗူရာဇ်ရွှေစင်ရှိပါသည်။ တစ်နေ့၌ အဿကုမ္ဘာသည် စစ်တောင်းမြစ်ဝတွင် ဒီရေကစားရာ မေခလာနတ်သမီးနှင့် တွေ့ရှိ၍ ပညာပြိုင်ကြရာတွင် မိန်းမတို့ပရိယာယ်ကြောင့် အဿကုမ္ဘာ ရှုံး၍ နတ်သမီးတောင်းသော ဇမ္ဗူရာဇ်ရွှေစင်ကို မင်းသားလိုက်၍ရှာရာ မရသဖြင့် မှိုင်နေသည်ကို မိခင်မေတ္တာဖြင့် မိမိ၏ဦးချိုတွင် ဇမ္ဗူရာဇ်ရွှေစင်ရှိသည်ကို ပြသရာတွင် ကျွဲချိုကိုဖြတ်၍ယူကာ မေခလာနတ်သမီးကို အပ်ရပါသည်။

မိန့်ကရိုင်းကျွဲမကြီး သေပြီးနောက် အဿကုမ္ဘာမင်းသားမှာ များစွာပူဆွေးသောကဖြစ်နေစဉ် ဟံသာဝတီနေပြည်တော်၌ အိန္ဒိယနိုင်ငံသား အရပ် (၇) တောင်ရှိသော ကုလားလန်ဘားဦးဆောင်ကာ သင်္ဘောဖြင့် လာရောက်၍ စစ်ပြိုင်သောအခါ ဥဿာပဲခူးကို သူပိုင်ထိုက်၊ ငါပိုင်ထိုက် အငြင်းပွားရာမှ နောက်ဆုံး ဥဿာပဲခူးဘက်မှ ရှုံးနိမ့်ကာ ခေါင်းဆောင်ခြင်းတိုက်ရန်အဆင့်သာကျန်ပါတော့သည်။ ဝိမလမင်းနှင့် မှူးမတ် ဒေါဗညားအပေါင်းတို့ များစွာအခက်အခဲတွေ့နေကြစဉ် အသက်အရွယ်ကြီးရင့်သော ကမာကစဲမြို့စား ဒေါကွန်စရိအမတ်ကြီးက သားတော်ကလေး ယခုအခါ လူလားမြောက်ချိန်တန်ပြီ။ လန်ဘားနှင့် စီးချင်းတိုက်ယှဉ်ပြိုင်ရန် အချိန်ရောက်ပြီဟု ယူဆကာ-

မှန်လှပါ အရှင်။ နောင်တော်သမလဘုရင်၏ သားတော်ကလေးမှာ ယခုအခါ လူလားမြောက်ချိန်တန်ပြီ။ လန်ဘားနှင့် စီးချင်းတိုက်ယှဉ်ပြိုင်ရန် အရွယ်ရောက်ပါပြီ။ သားတော်ကလေးမှာ တောတွင်းသားပမာ ကျွဲတစ်အုပ်ဖြင့် နေပြည်တော်ဟံသာဝတီ၏မြောက်ဘက် ဖအောက်တောင်ခြေတွင် ရှိနေသည်ဖြစ်၍ အကြောင်းစုံကို ဗိုလ်ပုံအလယ်တွင် သံတော်ဦးတင်သောအခါ -

ရွှေဖရုံမယ်မိဖုရားကြီးမှာ ငယ်စဉ်က မသေဘဲ မိမိရှေ့တွင် ကုလားလန်ဘားနှင့် စစ်ပြိုင်တိုက်ကာမှ သေရမည်ကို မမြင်လို၍ အခြားလူစွမ်းကောင်းများနှင့် ပြိုင်တိုက်ရန်သာ ဝိမလဘုရင်အား သံတော်ဦးတင်တော်မူပါသည်။

မှတ်ချက်။ ။ ကုလားလန်ဘားမှာ အရပ် (၇) တောင်ရှိသလို သူကိုင်သောဓားမှာ ၄က်ပျောရွက်ပမာဏရှိသောဟူ၏။

နောက်ဆုံး လန်ဘားနှင့် ယှဉ်ပြိုင်မည့်လူစွမ်းကောင်းရှာမရသဖြင့် မယ်တော် မိဖုရားကြီးကိုယ်တိုင် တပ်တော်ခင်းကျင်းကာ သားတော်ရှိရာ ဖအောက်တောင်သို့ လိုက်တော်မူရပါသည်။ သားတော်ကို တွေ့ရှိတော်မူသောအခါ နတ်ရွာစံ သမလဘုရင်နှင့် ခွဲခြားမရအောင် ရုပ်အနေအထားတူလှသဖြင့် မိဖုရားကြီးမှ ခေတ္တမေ့မြောသွားပြီး နတ်ရွာစံမင်းတရားကြီးကို သိမီလိုက်ကြကုန်သော မှူးမတ်-ဒေါဗညားအပေါင်းတို့မှာ မျက်ရည်စက်လက်ဖြင့် နတ်ရွာစံမင်းတရားကြီးကို တစ်ဖန် ပြန်လည်ဖူးမြင်ရသကဲ့သို့ရှိကြရာမှ မိဖုရားကြီးက သားတော်အဿကုမ္ဘာမင်းသားအား ဖြစ်ကြောင်းကုန်စဉ်ကို ပြောကြားတော်မူသောအခါ ထီးနန်းကို မလိုက်လိုငြားသော်လည်း မယ်တော်ဘုရားနှင့်တကွ တိုင်းပြည်၏အရေးဖြစ်သဖြင့် မယ်တော်ဘုရားနှင့်အတူ နန်းတော်သို့ လိုက်ပါလာခဲ့ရာ ဘထွေးတော် ဝိမလမင်းကြီးမှာ မိမိ၏နောင်တော်သမလမင်းကြီးကို ပြန်လည်တွေ့မြင်ရသကဲ့သို့ များစွာဝမ်းမြောက်တော်မူခါ ချက်ချင်းပင် မင်းညီမင်းသားတို့၏ အဆောင်အယောင်တို့ အပ်နှင်းတော်မူကာ ဥပရာဇာအဖြစ် ညီလာခံ၍ အမိန့်တော်မှတ်ပါသည်။

ကုလားလန်ဘားနှင့် ယှဉ်ပြိုင်မည့်နေ့တွင် ဟံသာဝတီပြည်အလုံး အုန်းအုန်းကျွက်ကျွက်ညံညံ အသံမစဲကြဘဲ လာရောက်ကြည့်ရှုကြသော ပရိသတ်မှာ ကြက်ပျံမကျ စည်ကားလှ၍ လန်ဘားနှင့် ယှဉ်ပြိုင်မည့်နေရာသို့ အဿကုမ္ဘာမင်းသားမှာ ချပ်မိန်ညိုကို ဝတ်ဆင်တော်မူပြီး အရိန္ဒမာလှံကို ကိုင်ဆောင်၍ ထွက်တော်မူရာ ကုလားလန်ဘားရောက်ရှိလာသောအခါ ပရိယာယ်ဖြင့် -

"သင်နှင့် ကျွန်ုပ် (၂) ဦးတိုက်ခိုက်ရာတွင် အသင့်ဘက်က အဘယ်ကြောင့် နောက်လိုက်များကို ခေါ်လာပါသလဲ"

ဟု ပြောဆိုသောအခါ ကုလားလန်ဘားက -

"ကျွန်ုပ်တစ်ဦးတည်းလာပါသည်။ နောက်လိုက်မပါပါ"

ဟုပြောဆိုသောအခါ -

"သင့်နောက်ကလူတွေ သင့်နောက်လိုက်မဟုတ်လော"

ဟု ပြောကြားစဉ် ကုလားလန်ဘားနောက်သို့လှည့်အကြည့် လန်ဘားချပ်ပိန်ညိုကြိုးပြတ်လျက်ရှိသော ချိုင်းအောက်သို့ ရုတ်တရက် လျင်မြန်စွာလှံဖြင့်ထိုးလိုက်ရာ လန်ဘားခန္ဓာကိုယ်ထုတ်ချင်းပေါက်၍ ထိုနေရာတွင် လန်ဘား ကျဆုံးပါသည်။

မှတ်ချက် ။ ။ ယခုတိုင် လန်ဘားကျဆုံးသောနေရာ ပဲခူး-သနပ္ပင်သွားကားလမ်း ကမာနတ်နှင့် သနပ္ပင်ကြားတွင် အမှတ်တရရှိပါသည်။

လန်ဘားကို အဿကုမ္ဘာအောင်မြင်တော်မူသောအခါ ဘထွေးတော်၊ မယ်တော်တို့နှင့်တကွ နန်းတော်အတွင်းရှိ မှူးမတ် ဒေါဗညား၊ မြို့စား၊ ရွာစား၊ နယ်သူနယ်သားအားလုံးတို့ ဝမ်းမြောက်ဝမ်းသာအောင်ပွဲခံလျက် ဘထွေးတော် ဝိမလဘုရင်မင်းမြတ်က မြောက်နန်းမတော်မိဖုရားမှ ဖွားမြင်သော သမီးတော် (ကွန်ပါဒရီ) နှင့် ထိမ်းမြားလက်ထပ်စေတော်မူ၍ အိမ်ရှေ့အရာနှင်းတော်မူပါသည်။

ဝိမလဘုရင်မင်းမြတ်က တိုင်းပြည်ပါ လွှဲအပ်တော်မူပါသည်။

အဿကုမ္ဘာမင်းသား အထွတ်အထိပ်သို့ ရောက်တော်မူသောအခါ မိမိငယ်စဉ်က မွေးစားခဲ့သော မိန့်ကလိုင်ကရင်မကြီး၏သားကို စော်ကဲအရာဖြင့် ချီးမြှင့်တော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ခူစိုခူခြောက်ပျောက်ဆေးမခက်ပါ

စာရေးသူ၏သမီး အပျိုကြီးဖြစ်သူ၏ ခြေချောင်းလေးများတွင် ခူနာပေါက်နေသည်မှာ ခြေထောက်နှစ်ဖက်စလုံးတွင် ဖြစ်သည်။ ခူနာ ဆိုသည်က ရေစိုလျှင် ပိုဆိုးသည်။ ခူနာအား ရေစိုလျှင် အနာများပွတက်လာပြီး မနေနိုင်အောင် ယားလာပါသည်။ မကုတ်ဘဲလည်းမနေနိုင်ပါချေ။ ယား၍ ကုတ်မိလျှင်လည်း အနာမှ အစေးအရည်များထွက်လာကာ ညှီစို့စို့အနံ့ဆိုးများနံပါသည်။

စာရေးသူ၏ သမီးတွင် ဖြစ်နေသော ခူနာမှာ အင်္ဂလိပ်ဆေးဟု ခေါ်သော ခေတ်ပေါ်ဆေးများနှင့် ဗိန္ဒောဆေးများအား ဟိုဆေးကောင်းသည်ဟု ပြောလာလျှင်ထည့်လိုက် မသက်သာ၍ ဒီဆေးကောင်း ကောင်းသည်ဟုဆိုလျှင် ထည့်လိုက်ဖြင့် ခူနာရောဂါမှာ ခြေချောင်းလေးများမှ ခြေခုံအထိပြန့်လာပြီး လူမြင်မကောင်းအောင် ဖြစ်နေပါသည်။

တစ်နေ့တွင် စာရေးသူတို့အိမ်သို့ သီလရှင်တစ်ပါး ဆန်အလှူခံရန်ရောက်လာပါသည်။ စာရေးသူ၏ သမီးအပျိုကြီးမှ သီလရှင်အား ဆန်လှူပါသည်။ ဆန်လှူနေစဉ် သီလရှင်က သမီး၏ခြေခုံမှ ခူနာအားမြင်၍ ဆေးနည်းတစ်ခု ပြောပြပါသည်။ ၎င်းဆေးနည်းအတိုင်း စာရေးသူ၏သမီးက သူ၏ခြေထောက်မှ ခူနာများအား ဆေးဖော်၍ထည့်ရာ ငါးရက်ခန့်အကြာတွင် စာရေးသူ၏ သမီးခြေထောက်တွင် ဖြစ်နေသော ခူစိုအနာရောဂါမှာ အနာဖေးများအလွှာလိုက်ကွာကျကုန်ပြီး သက်သာ ပျောက်ကင်းသွားခဲ့ပါသည်။ ဆေးနည်းစုံဖြင့် ကုသ၍ မပျောက်ကင်းသော ခူစိုနာရောဂါနှင့် ခူခြောက်ရောဂါ ပျောက်ကင်းစေသော ဆေးနည်း ပြောပြပေးခဲ့သော သီလရှင်ဆရာလေးအား ကျေးဇူးတင်စွာ ဦးညွှတ်လျက် ဆေးနည်းအားရေးသား ဖော်ပြလိုက်ရပါသည်။

**ဆေးနည်း -**

အရွက်ကလေးများက မန်ကျည်းရွက်ကလေးများနှင့်တူပြီး အရွက်ထွက်သောရိုးတံကျောရိုးတွင် အသီးကလေးများ စီတန်း၍သီးနေသော ရခိုင်အခေါ်တောင်သျှိသျှား၊ မြန်မာအခေါ် တောဆီးဖြူ (တောင်ဆီးဖြူ) ဟုခေါ်သော အပင်အားနုတ်ယူ၍ ရေစင်အောင်ဆေးပြီး သတ္တုရည်ရအောင်ကြိတ်ပါ။ ၎င်းသတ္တုရည်အား စတီးဇွန်း၊ ဒန်ဇွန်းတွင်ထည့်၍ မီးဖြင့်အပူပေးပါ။ ဆေးရည်ပူလာလျှင် ခူနာအား အနာဖေးများကွာအောင်ပြုပြီး ခူနာပေါ်တွင် ဆေးရည်ပူပူအား သုတ်လိမ်းပေးပါ။ တစ်ရက်လျှင် (၄)၊ (၅) ကြိမ် ဆေးလိမ်းပေးပါ။ ခူနာအား ပထမအကြိမ်သာ အနာဖေးကွာအောင်ပြု၍ဆေးလိမ်းပါ။ နောက်အကြိမ်များတွင် ပြုလုပ်ရန်မလိုပါ။ အနာပေါ်သို့ ထပ်ကာထပ်ကာ ဆေးရည်အား လိမ်းပေးပါ။ (၄)၊ (၅) ရက်ခန့်အကြာတွင် အနာဖေးများကွာကျပြီး ကောင်းသွားပါလိမ့်မည်။

အထူးသတိပြုရန်မှာ ခူနာအား ဆေးလိမ်းနေစဉ်အတွင်း သားစိမ်းငါးစိမ်း အညှီအဟောက်များ လုံးဝစားသုံးခြင်းမပြုဘဲ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

ခူစို၊ ခူခြောက်ရောဂါရှင်များ ယုံကြည်စွာ ပြုလုပ်ကြည့်ကြပါ။ လက်တွေ့ပျောက်ပါသည်။

ဆေးနည်းပြောပြပေးသော သီလရှင်ဆရာလေးအား ကျေးဇူးတင်စွာဖြင့်-

အာရောဂျံ ပရမံ လာဘံ

မင်းမြင့်နိုင် (ဘူးသီးတောင်)

---

ဒေးစွန်ပါတောင်တော်မှာ မိမိငယ်စဉ်အခါကနေထိုင်ခဲ့သောနေရာဖြစ်၍ ယခုတိုင် တည်ရှိသော ဒေးစွန်ပါစေတီတော်ကို တည်ထား ကိုးကွယ်တော်မူပါသည်။

ကျေးဇူးရှင်ဖြစ်သော နံကရိုင်းကျွဲမကြီးကို များစွာ လွမ်းဆွတ်သဖြင့် ဟံသာဝတီပြည်၏ အနီးအနားရွာများတွင်ရှိသော ကျွဲအုပ်များရှိရာသို့ မကြာခဏထွက်တော်မူကာ မိမိငယ်စဉ်ကပင် မိခင်ကဲ့သို့ နို့တိုက်ကျွေးခဲ့သော နံကရိုင်းကျွဲမကြီးကို များစွာသတိရလျက် မွန်ပညာရှိတို့နှင့်တိုင်ပင်ကာ ကျိုက်စကောရွာရှိ နတ်ထိန်းကတော် တလိုင်း (မွန်) မကြီး မယ်ထိုင်ကို နန်းတော်သို့ခေါ်ကာ နံကရိုင်းကျွဲမကြီးအကြောင်းကို မေးမြန်းတော်မူသောအခါ နံကရိုင်းကျွဲမကြီးမှာ နတ်ဖြစ်သည်ဟု ဒေါ်ထိုင်က အမိန့်ချသဖြင့် ကျေးဇူးရှင် နံကရိုင်းကျွဲမကြီးကို မိမိ၏မယ်တော်ကဲ့သို့ ပူဇော်တော်မူရန် အဃကမ္မာ၏ အစီအစဉ်အရ လည်ပေါ်သုံးထပ်နှင့် သဲဖြူခြင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်စိုက်၊ ရွှေဗိတာန်၊ ငွေဗိတာန်၊ မျက်နှာကြက်မိုးကာ နန်းတော်ဦးတွင် ပူဇော်သည်မှစ၍ ပဲခူးတလိုင်း (မွန်) ရိုးရာ စတင်ဖြစ်ပေါ်လာပါသည်။

**တလိုင်း (မွန်) ရိုးရာ ဗလိနတ်စာ ပူဇော်ပသပုံ**

၁။ ငှက်ပျောဖီးဆိုင်၊ အုန်းခွံချွတ်နှင့် ပွဲပြင်ရပါသည်။ မူလမတ္တမမွန်ဘိုးတော်၊ ဘွားတော်နှစ်ပွဲပြင်ရသည်။

၂။ သမလမင်း၊ ဝိမလမင်း၊ ရွှေဖရုံမယ် မိဖုရား တစ်ပွဲပြင်ပါ။

၃။ အမေနံကရိုင်းနှင့် မိန်ကလိုင်ကရင်မကြီး တစ်ပွဲပြင်ပါ။

၄။ ကျန်သော ထီးစောင့်နန်းစောင့် တစ်ပွဲပြင်ပါ။

၁။ ကြံရွက်ဖြင့် ထုပ်သော ကောက်ညှင်းထုပ်

၂။ ငါးရံ့ခြောက်ဖုတ်

၃။ ငါးရံ့နှစ်ကောင် တူညီကြော်၍ ထမင်းဦးပေါင်းဖြင့် တစ်ပွဲပြင်၊

၄။ ကျွဲစာဖြစ်သော ကညွတ်ရွက်သုပ်၊ ကန်စွန်းရွက်သုပ်တစ်ပွဲပြင်၊

၅။ မုန့်လုံးရေပေါ်၊ မုန့်ကြာစေ့၊ မုန့်ဆပ်ချေး၊ မုန့်လက်ကောက်စသော ကောက်ညှင်းမုန့်မျိုးစုံတင်ပါ။

ယခုအခါ လွတ်ကျွဲ- မုတ္တမဆိုင်ရာ

သတ်ကျွဲ - ပဲခူးဆိုင်ရာ

ဆွဲကျွဲ - ဒလဆိုင်ရာ

ငါးရံ့ဖြင့် ပြုလုပ်ကြ၍ (၃) မျိုးကွဲလာပါသည်။ မွန်သည်၊ မွားသည် မဆိုလိုပါ။

ရိုးရာဓလေ့ယဉ်ကျေးမှု ဆိုသည်မှာ မြန်မာပြည်ရှိ လူမျိုးအသီးသီးတွင် မိမိတို့ မိရိုးဖလာ ထုံးတမ်းစဉ်လာများ စွာရှိကြပါသည်။

အကျိုးပေးက အကြောင်းထင်ပါသည်။

အကောင်းမြင်အောင်လုပ်ကြစေလိုသည်။

မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

# အသိကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်
# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

*ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကို မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ်*

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီး များအနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသားကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်းကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်းမာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်း ပဋိသန္ဓေတားဆေးများ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်း ဆင်းခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညိုပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုး ဖြစ်လာတော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါကတက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့်ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစုသော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီးတော့ လူနေထိုင်မှုပုံစံ၊ နောက်ပတ်ဝန်းကျင် စတဲ့ အကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများအနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါတွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေတားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေတာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခုမဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေအနေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ်ဓာတ်တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေဖို့ လိုပါတယ်။ ဒီမလလေးမျိုးထဲက ဆီးနဲ့ဝမ်း ဟာ အဓိကဖြစ်ပါ တယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါမယ်။ အဲဒီလိုတားဆေး သုံးသူတွေရော၊ တားဆေးမသုံးသူတွေပါ ဖြစ်လေ့ဖြစ်ထ ရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိ ခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့ဖြစ် ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်း ညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ် ပေါ်လာ စေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါ မယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစား ကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင် ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူ ခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်း ညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွား မလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရ မှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူ ညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ် ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီး ကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ် နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ် ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူ များကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာ တွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီး အောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်း တိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွား များလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရော ဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ် များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ် ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေညီညွတ်မှန် ကန် စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ် ရာဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေး ဗဟုသုတတွေ ရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရ မယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁ ၉၇၂၄။

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့တွင် -

ကားလေးနှစ်စီး ရှေ့ဆင့်နောက်ဆင့်ရပ်လိုက်ကြသည်ကို သတိထားမိလိုက်၍ကဲကြည့်နေလိုက်၏။

ရှေ့ကားမှ ယာဉ်မောင်းတစ်ယောက်ဆင်းလာပြီး အိမ်ထဲသို့ လှမ်းကြည့်နေသော်လည်း နေကာမျက်မှန်တပ်ထားသောကြောင့် ဘယ်သူဘယ်ဝါမှန်း ရုတ်တရက် မှန်းဆလို့မရ။

မကြာပါ၊ နောက်ကားတံခါးဖွင့်၍ ယာဉ်မောင်း ထပ်ဆင်းလာပြန်ပါသည်။ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်၍ စကားနှစ်ခွန်း, သုံးခွန်းခန့်ပြောလိုက်၊ အိမ်ထဲသို့ ကဲကြည့်လိုက်လုပ်နေပြီးမှ ဝင်လာကြတော့၏။

"ဦး၊ သားတို့ကိုမှတ်မိလား။ ဟိုတစ်လောကလာကြတာလေ"

ပြောရင်း နေကာမျက်မှန်ကို ချွတ်လိုက်မှ -

"ဩော် - အေး၊ ခုမှပဲ မျက်နှာကိုမြင်မှမှတ်မိတော့တယ်။ နေကာမျက်မှန်နဲ့ဆိုတော့ ရုတ်တရက်မမှတ်မိဘူး။ လာ- ထိုင်၊ သားတို့"

လူငယ်ကလေးနှစ်ယောက်သည် ကျွန်ုပ်၏ရှေ့တွင်ထိုင်လိုက်ကြပြီး ဟိုတစ်လောက ကျွန်ုပ်ထံလာစဉ်က အဆင်မပြေပုံများ ကျွန်ုပ်က လုပ်ငန်းပြောင်းစရာမလို၊ ကားမောင်းသောလုပ်ငန်းကိုသာ ဆက်လုပ်ရန်ပြောခဲ့သောကြောင့် ကားကိုဆက်မောင်းရင်း၊ ရွတ်ရင်းဖတ်ရင်း အဆင်ပြေလာကြသည့်အကြောင်းများ ပြောနေကြ၏။

"အေး - ပြီးရောပေါ့ ကောင်းသားပဲ ဆင်ပြေနေတာ ဆက်လုပ်လေ။ ခုဘာလိုသေးလဲ"

"သားတို့မှာ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သားတို့သူငယ်ချင်းလည်း ကားပဲမောင်းတာ။ သားတို့ပေါင်းတာလည်း ဒီသူငယ်ချင်း (၃) ယောက်ပဲ။ များများစားစားမရှိဘူး။ အခု သူက သူ့အမေနေမကောင်းလို့ အိမ်မှာ သူ့အမေအတွက် လုပ်ပေးနေရတာနဲ့ ကျန်ခဲ့တယ်။ သူ့ကိုယ်စား သားတို့လာမေးတာပါ။ ဟိုတစ်ခေါက်ကလည်း သူမပါဘူး သားတို့နှစ်ယောက်တည်း"

"အေး - မှတ်မိတယ်လေ။ သိပ်မှမကြာသေးဘဲ"

"ဟုတ်ကဲ့၊ သူကားမထွက်နိုင်တဲ့ရက်မှာ သားတို့ပဲကြည့်ထောက်ပံ့ပေးနေရတာ။ (၃) ယောက်လုံးကလည်း လူလွတ်တွေပဲဆိုတော့"




www.burmeseclassic.com

www.burmeseclassic.com

"အေးအေး - သူက အဆင်မပြေလို့လား"

"သူ့ကားကနော် ဘယ်လိုဖြစ်တယ်မသိဘူး။ အကောင်းကြီးကနေ ဆိုးရပ်ချင်ရပ်သွားတယ်၊ ချက်ချင်းပြန်ကောင်းရင်ကောင်းတယ်"

သူသူငယ်ချင်းဘက်သို့လှည့်ပြောနေလိုက်၊ ကျွန်ုပ်ကိုပြောနေလိုက်နှင့် ကျွန်ုပ်လည်း သူ့စကားများကို အကဲခတ်နေ၏။

"သူပြောတယ်။ ကားထဲမှာ နေ့ခင်း ခဏတစ်ဖြုတ်အိပ်နေရင် တစ်ခါတစ်ခါကျ စကားပြောသံတွေကြားနေရတယ်တဲ့။ မျက်လုံးဖွင့်ပြီးလှည့်ကြည့်လိုက်ရင် ရပ်သွားပြန်ရောတဲ့။ တစ်ခါတစ်ခါ မွှေးကြိုင်နေလိုက်တာမှ မပြီးတော့ဘူးတဲ့။ ဒီကောင်က ကားရေမွှေးတွေဘာတွေထည့်ထားတာမဟုတ်ဘူး။ ဒီတိုင်းမွှေးနေတာ။ အဲဒါဘာတွေလဲ မသိဘူးနော်ဦး"

"အေး-ရှိတတ်ပါတယ် ဒါမျိုးက။ အမှန်က ဒါကောင်းတာပဲ၊ မကောင်းတာမှ မဟုတ်တာ"

"ဟင် - ဒီလိုဆိုဘာလို့ခဏခဏ ရပ်လိုက်၊ တော်ကြာ အပြစ်ရှာမရဘဲ သူ့ဟာသူပြန်ကောင်းသွားလိုက်နဲ့"

ဘေးမှဝင်ပြောသောလူငယ်လေးကို ပြုံး၍ခေါင်းညိတ်ပြလိုက်ပြီး -

"ဟုတ်တယ်၊ ဖြစ်တတ်တယ်။ တချို့ကားတွေမှာ ပုဂ္ဂိုလ်အပ်ထားတာတွေရှိတယ်။ သားတို့နားလည်အောင်ပြောပြမယ်။ တို့ရန်ကုန်မှာဆိုရင် ကားတွေဝယ်ကြတဲ့အခါ ရွှေတိဂုံစေတီတော်မြတ်ကြီးကို အရင်ဦးတိုက်ရှိခိုးကြပြီးတာနဲ့ ရွှေညောင်ပင်ဘိုးဘိုးကြီးကိုပြကြလေ့ရှိတယ်လေ"

"ဟုတ်ကဲ့"

"အေး - တချို့ကားတွေကျတော့ သူတို့ဓလေ့နဲ့သူတို့ ပုဂ္ဂိုလ်အပ်ထားတာတွေရှိကြတယ်။ ခုနလို အမွှေးနံ့ရတာက အဲဒီလိုဖြစ်လိမ့်မယ်။ ကောင်းတဲ့ပုဂ္ဂိုလ်ပေါ့ကွာ။ ပုပ်စော်နံတာမှမဟုတ်ဘဲ။ တချို့ဆိုရင် ဦးသိရသလောက် မယ်တော်ကြီးတွေ အပ်ထားတာတွေရှိတယ်။ တချို့ သူတို့ဓလေ့ဖြစ်တဲ့ သူတို့နယ်မှာ အထင်ကရဖြစ်တဲ့ မောင်နှမတို့လိုပုဂ္ဂိုလ်မျိုးတွေ အပ်ထားကြတာရှိတယ်"

"ဩော် - မောင်တော်၊ နှမတော်တို့ဘာတို့"

"အေးအေး - အဲဒါမျိုး။ အဲသလို အပ်ထားတာတွေရှိတယ်။ ဦးရဲ့အတွေ့အကြုံတွေအရတော့ အဲဒီလိုပုဂ္ဂိုလ်တွေ အပ်ထားတဲ့ကားတွေဟာ အရမ်းသန့်ရတယ်။ ကားထဲမှာ ညစ်တီးညစ်ပတ်ဆဲလို့မရဘူး။ စုတ်စုတ်ပွဲပွဲပြောလို့မရဘူး။ တချို့ကားတွေများဆို ပျစ်ပျစ်နှစ်နှစ်ဆဲ



www.burmeseclassic.com

www.burmeseclassic.com

ဘနဲ့ ကားကတစ်ခုခုဖောက်လာ ...တာပဲ။ မောင်းနေရင်း အကောင်းကဖြစ်တာနော်"

"ဟာ - ဟုတ်တယ်၊ ဟုတ်တယ်။ ဂိတ်မှာရှိတယ်၊ အဲလိုကားမျိုးတွေ"

"အမှန်ကတော့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေမကြိုက်ကြတာပေါ့ကွာ။ ရှိုးရိုးပြောရင် ဒါပါပဲ။ တချို့ကားတွေကျ အဲဒီလို ပျစ်ပျစ်နှစ်နှစ်ဆဲဆိုပြီးရင် လမ်းဘေးဆွဲချသွားတာတွေတောင်ရှိတယ်။ တချို့ ထိခိုက်မှုတွေဖြစ်လို့မေးကြည့်ရင် မောင်းတဲ့သူက အရက်တွေမူးပြီး ထင်ရာပြောနေတာမျိုးရှိတယ်"

"တချို့ အင်း-ပြောရမှာခက်တော့ ခက်သား။ ပြောမှလည်း သားတို့ဗဟုသုတရမှာဆိုတော့ တချို့ကားတွေဆိုရင် ကားပေါ်မှာ ပေါက်ကရမရဘူး။ အဲလိုတင်မိရင် အဲဒီကားဟာ နောက်နေ့ လာဘ်ပိတ်တော့တာပဲ။ ဒါမျိုးတွေလည်းရှိတယ်။ စောစောကလိုမောင်နှမ အပ်ထားတဲ့ကားမျိုးဆိုရင် ပိုဆိုးတယ်။ မောင်နှမဆိုတော့ရှက်မှာပေါ့ကွာ၊ လူလိုတွေးကြည့်ရင်"

"ဟား - ဟုတ်ပြီ။ ဒီကောင့်ကားအဲလိုမျိုးခဏခဏကြုံတယ်။ ပြီးတော့ တို့ဂိတ်မှာလေ၊ ပုသိမ်ဘက်အော်ဒါပါသွားတာလေ မိုးကြီး"

"ဩော် - အေးအေး။ ဟုတ်တယ်ဦး သိလား။ သူ့ကားကို စုံတွဲတစ်တွဲငှားသွားတာ။ ဦးပြောသလိုပဲ အဲဒီပုသိမ်က အပြန်မှာ ကားကစဖောက်တော့တာပဲ။ ပြင်တော့လည်း ဟိုတစ်ခုကောင်းရင် ဟိုတစ်ခုမကောင်းနဲ့။ လာဘ်တွေလည်း ပိတ်လိုက်တာမှ ဒီကောင် အုံနာကြေးစိုက်ရတဲ့ရက်မနည်းဘူး။ ဟုတ်တယ်၊ ဟုတ်တယ်"

သူတို့ချင်းပြောလိုက်၊ ကျွန်ုပ်ကို ပြောလိုက်နှင့်။

"ဒါက ဗဟုသုတပြောတာနော်။ တချို့အေးအေးဆေးဆေးထိုင်စီးကြတဲ့ စုံတွဲတွေအများကြီးပါ။ ဒါမျိုးကျတော့ မဖြစ်ဘူး။ ဒီလိုပဲသွားလာနေကြတဲ့သူတွေအများကြီးပါ။ စုံတွဲစီးတိုင်းမဖြစ်ဘူး။ ခုန ဦးပြောတာက အပ်ထားတဲ့ပုဂ္ဂိုလ်ရယ်၊ မသင့်တာရယ် ပေါင်းဆုံမှပါ"

"အဲဒါကျဘယ်လိုလုပ်ရမလဲဦး"

"ကိုယ့်စိတ်က လိုအပ်တယ်ထင်ရင် ကားကို ရေပြန်ဆေးလိုက်ရင် ရတာပဲလေ၊ ဘာခက်တာမှတ်လို့။ ရေဆေး၊ အတွင်းခန်းပါသန့်ရှင်းရေးလုပ်။ ပြီးရင် ရေမွှေးနံ့သာတွေဘာတွေပက်ဖျန်းထားလိုက်။ လာဘ်ပွင့်လွှန်လွှန်းလို့ ဟိုဘက်တောင်လွှန်ဦးမယ်"

"ဩော် - ရလား"

"ရတာပေါ့။ ကိုယ့်ကားလေးဟာ ဘယ်လိုညဉ့်ရှိလဲ။ ကိုယ်သိထားရင် ရတာပဲ။ ခရီးသွားမယ့်သူဆိုတာကတော့ လိုအပ်ရင်တားပြီးစီးမှာပဲလေ။ ကိုယ်ကလည်း ခရီးသွားမယ့်သူတွေလိုရာရောက်အောင် ပို့ဆောင်ပေးတာပဲ။ မတင်ဘူးဗျာဆိုလို့ ရတာမှမဟုတ်ဘဲ။ အရေးကြီးတာက ကိုယ့်ကားအကြောင်း ကိုယ်သိထားဖို့ပဲ။ ဘယ်လိုဆိုရင် ကားဟာ ဘယ်လိုဖောက်တတ်လဲဆိုတာလေး သိထားရင်ပြီးတာပဲ။ ခရီးသည်ကတော့ တင်ရမှာပဲလေ။ ခရီးသည်မတင်ချင်ရင်တော့ ကားမောင်းတာက တစ်မျိုးကြီးဖြစ်နေမှာပေါ့"

"ဟုတ်တယ်ဦး၊ အမှန်ပဲ"

"အေး - ခုဦးပြောသလိုသာလုပ်။ ဘာမှမဖြစ်ဘူး။ ဘာအန္တရာယ်မှလဲ မဖြစ်ဘူး။ဒါကတော့ ကားခဏခဏဖြစ်တတ်တဲ့အကြောင်းတွေထဲက ကိုယ်သတိထားမိမယ့်အကြောင်း။ သတိမထားမိမှာက ဘာလဲဆိုတော့ ပက်ပက်စက်စက်ဆဲတဲ့ကိစ္စပဲ။ ဒါကတော့ လူဆင်ခြင်မှရမယ် သားတို့"

"ဟုတ်တယ်နော်။ ကားမောင်းလို့ စိတ်တိုလိုက်၊ ဆဲလိုက်၊ ရေပြန်ဆေးလိုက်ဆိုရင် နေ့တိုင်းဆေးနေရမယ့်လူတွေရှိတယ်"

"ဒါလည်း အကျင့်ပါပဲ။ ငါဟာ ငါ့ကို ထမင်းကျွေးနေတဲ့ ဒီကားလေးထဲကနေ ညစ်တီးညစ်စုတ်မဆဲဘူးလို့ ကိုယ့်ကိုယ်ကိုယ်ဆုံးမထားလိုက်ရင် ပြီးတာပါပဲ။ ဟုတ်တယ်လေ- ကိုယ်ထမင်းစားနေရတာ၊ ကိုယ့်မိသားစုထမင်းစားနေရတာ ဒီကားလေးကြောင့်လေ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးဆိုတာ ကြဲဖန်တင်တတ်ရတယ်။ ဒါလေးကို ထမင်းရှင်လို့ သတ်မှတ်လိုက်တာနဲ့၊ သူ့ကျေးဇူးကိုသိလိုက်တာနဲ့ ဒီကားလေးထဲမှာ ယုတ်ယုတ်မာမာ မဆဲဖြစ်တော့ဘူး။ ကိုယ့်ကားလေးကို ကိုယ်သန့်ပြန့်နေအောင်ထားလေ ဆဲရမှာရှိန်လာလေဖြစ်လာမှာပဲ။ သားတို့ကလည်း ကားမောင်းတဲ့သူတိုင်း မဆဲကြပါဘူး။ တချို့ယာဉ်မောင်းတွေများဆို ပရိတ်တွေရွတ်လို့၊ တချို့ ပဌာန်းဖွင့်ပြီး လိုက်ရွတ်သူတွေလည်းရှိတယ် အများကြီး၊ အများကြီး။ လူတိုင်းဆဲတာမှမဟုတ်တာ။ တချို့ဆို ပြောကြတာတောင်ရှိတယ်။ ကျွန်တော့်အုံနာက ဘုရား၊ တရားတအားကြည်ညိုတာ။ သူက ကိုယ့်ကိုစိတ်ချလို့ ကားတစ်စီးလုံးအပ်ထားမှတော့ ကိုယ်ကလည်း သူ့ကျေးဇူးကိုမြင်သိတဲ့အနေနဲ့ ကားလေးလိုပဲ သဘောထားတယ်။ ညစ်တီးညစ်ပတ်ဘယ်တော့မှမဆဲဘူးဆိုတဲ့သူတွေရှိပါ့ကွာ။ သူများကျေးဇူးကို ကြဲဖန်တင်တတ်ကြသူတွေပြောပါတယ်"

"ဟုတ်ကဲ့ဦး"

"ဒါလေးတွေသတိထားလိုက်ရင် ရပါတယ်။ ကားဆိုတာကတော့ မောင်းနေရမှာပဲ၊ သွားနေရမှာပဲ။ ကိုယ်က သတိလေးထားရင်ရပါတယ်"

"ဟုတ်ကဲ့"

"ခရီးသွားသူတွေဟာ ကိုယ့်ထမင်းရှင်တွေပဲ။ သူတို့စိတ်ချမ်းသာကြပါစေဆိုတဲ့ မေတ္တာထားလိုက်ရင်၊ ခရီးသွားတဲ့သူတွေအတွက် ထည့်စဉ်းစားလိုက်ရင် ဘယ်တော့မှ တရကြမ်းမောင်းတရကြမ်းကျော်တက်မဖြစ်တော့ဘူး။ သူတို့ကို ကိုယ်ကစောင့်ရှောက်ထားသလိုပဲ မောင်းဖြစ်တော့တယ်။ နောက်ပြီး သားတို့စဉ်းစားကြည့်။ အလောတကြီး တရမ်းကြမ်းမောင်းရင် အန္တရာယ်ဟာ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း ဖြစ်သွားနိုင်တယ်။ ဖြစ်ခဲ့တာတွေကိုလည်း နမူနာယူရမယ်။ ပြိုင်မောင်းနေလည်း ဘာမှပိုထူးတာမဟုတ်ဘူး။ (၅) မိနစ်၊ (၁၀) မိနစ် နောက်ကျတာနဲ့ဘေးတာရှိမယ်"

"ဟုတ်ကဲ့၊ ဟိုတစ်ခေါက်လာတုန်းက သားတို့ပြောပြတဲ့အထဲမှာ ဒါတွေပါတယ်။ သားတို့ လိုက်နာပါတယ်။ ခုတော့ ပိုတောင်စုံအောင်ကြားရလို့ပိုပြီး လိုက်နာပါ့မယ်"

"အေးပေါ့၊ အန္တရာယ်ကင်းချင်ရင် အန္တရာယ်ကင်းအောင်နေရမှာပေါ့သားရဲ့ မှန်တာပေါ့။ နောက်ပြီး သားတို့အေးလိပ်သောက်တတ်လား"

"ဟုတ်ကဲ့၊ အမြဲတော့မသောက်ပါဘူး"

"အေး - သောက်တတ်ရင် ခရီးသည်ပါတဲ့အချိန် ဘယ်တော့မှမသောက်နဲ့။ နေနိုင်အောင်ကျင့်ထား။ ခရီးသည်သွားမယ့် ခရီးတစ်ခုနဲ့တစ်ခုကြားမှာ မသောက်မိအောင်နေ။ လိုရာခရီးရောက်မှ အချိန်လေးယူပြီးသောက်ချင်သောက်။ ခရီးသည်ဆိုတာ ဆေးလိပ်သောက်တတ်တဲ့သူချည်းပဲလို့ တွက်လို့ မရဘူး။ မသောက်တတ်တဲ့သူတွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီး၊ ဆေးလိပ်ငွေ့တောင်မခံနိုင်တဲ့သူတွေအများကြီး။ ဒါကို ကိုယ်က ကားမောင်းနေရင်း သောက်လိုက်တာနဲ့ ကားထဲမှာ မီးခိုးမွှန်ပြီးအနံ့တောင်မခံနိုင်တဲ့သူဆို အခက်တွေ့ပြီ။ ကျန်းမာရေးဗဟုသုတတွေကကြည့်ရင် ကားမောင်းနေရင်း ဆေးလိပ်မသောက်သင့်ဘူး။ တစ်ဖက်သားဟာ ကိုယ့်ကြောင့်ရောဂါရမယ်လေ။ ကိုယ်က လေးစားမှုဆိုတာ ရှိရမှာပေါ့။ သူကလည်း ကိုယ့်ထမင်းရှင်၊ ကိုယ်ကလည်း သူသွားလိုရာကိုရောက်အောင်ပို့ပေးသူ။ ဒီတော့ အပြန်အလှန်လေးစားမှုဆိုတာရှိသင့်တာပေါ့"

"ဟုတ်ကဲ့"

"ဦးဆို အငှားယာဉ်အမြဲစီးတဲ့သူဆိုတော့ ခဏခဏကြုံတယ်။ မောင်းနေရင်းနဲ့ ပါးစပ်ကို ဆေးလိပ်ဖျတ်ခနဲတပ်လိုက်ပြီး မီးညှိလိုက်တာ ဦးကတော့ အနံ့မခံနိုင်တာနဲ့ တောင်းပန်ရတာပေါ့။ တချို့ကျ ဩော်-ဆောရီးဆောရီးဆိုပြီး မီးသတ်လိုက်တယ်။ တချို့ ဩော်လို့သာ ပြောပေမယ့် ဆက်သောက်နေတယ်။ ဒီလိုလူမျိုးနဲ့ဆုံရင်တော့ ဦးလည်း ကားခကျသလောက်ပေးပြီး ချက်ချင်းဆင်းနေခဲ့လိုက်တော့တယ်။ သူ့ကို ဘာမှပြောမနေတော့ဘူးလေ"

"ဒါကတော့ ဦးရယ်၊ သူတို့သိရမှာပေါ့။ ကားထဲဆိုတာ အနံ့ကလှိုင်နေတာ။ ဦးပြောသလို ဆေးလိပ်မသောက်တတ်တဲ့သူဆိုရင် ဒီဆေးလိပ်နံ့ကို ဘယ်ခံနိုင်ပါ့မလဲ။ ကျွန်တော်တို့တော့ ခရီးသည်ပါရင် သောက်ကိုမသောက်ဘူး။ ဆေးပညာပေးစာစောင်တွေကိုလည်း ကိုလည်းဖတ်တော့ ဗဟုသုတရှိတယ်လေ။ ကိုယ့်ကြောင့် ဆေးလိပ်မီးခိုးနံ့ရှူမိသူတွေ ဘာဖြစ်သွားနိုင်တယ်ဆိုတာ သိတယ်လေ"

"အေးပေါ့ သားရယ်။ ဒါလေးစားခြင်းပဲ"

"ဦးဆို အမြဲစီးတော့ အမြဲကြုံတယ်။ တစ်ခါများ လူတစ်ယောက်ဟာ ကားမောင်းနေရင်း ညာဘက်လက်က ဘီယာဘူးကိုင်ပြီး မော့နေချည်းတော့ ဘယ်လက်တစ်ဖက်တည်း အလုပ်လုပ်နေတာ ပထမတော့မသိဘူး။ နောက်မှ နံ့လာမှ ဒါဘီယာသောက်နေတာလားဆိုတော့ အင်းလေ - ဘာဖြစ်လို့လဲ၊ SHOCK မရှိပါဘူးတဲ့။ အေးဆေးပါတဲ့။ ဦးလည်း ဟုတ်ကဲ့ - ကျွန်တော် ဒီနားလေးမှာ ခဏဝင်စရာလေးရှိလို့ ဒီမှာပဲ ရပ်ပေးပါဆိုပြီး ပထမ သူပြောထားတဲ့ ဈေးအတိုင်းပဲပေးပြီး ဆင်းနေခဲ့လိုက်တယ်"

"ဟာ - ဒါကြီးကမမိုက်ဘူး"

"အေး - ဦးလည်း ဘာမဟုတ်တဲ့ ကိစ္စတစ်ခုကြောင့် ကိုယ်တော့ အထိမခံနိုင်ဘူးလေ၊ ဆင်းနေခဲ့လိုက်တယ်။ နောက် သူ့ကားကို နှစ်ခါဆုံဖူးတယ်။ ကားတော့မယ်ကြုံမှ သူမှန်းသိတော့ လုံးဝမတားတော့ဘူး၊ မစီးတော့ဘူး။ မူးလာပြီဆိုရင် ဖြစ်တာချည်းပဲလေ။ ဘယ်စီးရဲပါ့မလဲ"

"ဟုတ်တယ် ဦး၊ မစီးနဲ့"

"နောက်ပြီး ဖုန်းကိစ္စ။ ကားမောင်းရင်း ဖုန်းကိုအကြာကြီးပြောနေလိုက်တာ မပြီးတော့ဘူးဆိုရင် ဦးဆင်းနေခဲ့ပြီ။ ကြောက်တယ်ကွ။ မဖြစ်သင့်တာမဖြစ်ဖို့ ကိုယ့်ကိုယ်ကိုယ်ပဲဂရုစိုက်ရတော့တာပေါ့။ သူတို့ကတော့ပြောနေတာပဲ၊ မပြီးတော့ဘူး။ မီးပွိုင့်မှာလည်းပြောတာပဲ။ တစ်ခါတစ်ခါ ဖုန်းပြောရင်း လမ်းပြောင်းပြန်တွေဘာတွေတောင်မောင်းချင်ကျော်တက်ချင်တယ်။ တချို့များ ဖုန်းပြောရင်းမောင်းတာ ကားရှေ့က ဟိုယမ်းဒီယမ်းကြီးနဲ့ မငြိမ်ဘူး"

"သားတို့လည်း ပြောပါတယ်။ လိုရင်းပေါ့၊ တစ်ခွန်းနှစ်ခွန်းပြီးပြီပေါ့"

"အေး-ဘယ်လောက်ကောင်းလဲ။ ဟုတ်တယ်လေ၊ လိုရင်းပေါ့။ အရေးကြီးရင်ပြောပေါ့။ ကြာကြာပြောရမယ့်ကိစ္စဆိုရင်လည်း လမ်းဘေးမှာခဏရပ်ပြောပေါ့။ ဒီလိုပဲလုပ်ရမှာလေ။ ခုဟာက စားပြီးလား၊ ခုဘာလုပ်နေလဲ၊ TV ကြည့်နေလားဆိုတာတွေက အရေးမှမကြီးဘဲလေ"

ကျွန်ုပ်၏ စကားကြောင့် လူငယ်လေးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တဟားဟားနှင့် ရယ်နေကြတော့၏။

"ဒါကြောင့် သားတို့ကို ဟိုတစ်လောက ပြောခဲ့တာပေါ့။ လာဘ်ရွှင်ဖို့ဆိုတာက ကိုယ်လုပ်နေတဲ့ လုပ်ငန်းအပေါ်မှာ ကြိုးကြိုးစားစား ရိုးရိုးသားသားနဲ့ ကိုယ်ချင်းစာတရားထားနိုင်ရင် လာဘ်ရွှင်တာပဲလို့"

"ဟုတ်ကဲ့"

"အရေးကြီးတာက ကိုယ့်ကားကိုစီးတဲ့ခရီးသည်အပေါ် ကိုယ်ချင်းစာစိတ်လေးထားပေးဖို့ပါပဲ။ ကိုယ်လည်းကားမောင်းနေတာလေ။ ကျွန်တော် ဒီခရီးကိုမောင်းပြီးတာနဲ့ သွားသေလိုက်ဦးမယ်ဗျာလို့ ဘယ်သူမှမရှိကြလေ"

ကလေးနှစ်ယောက် တဟားဟားနှင့် ရယ်ကြပြန်၏။

"ကိုယ်မှမသေချင်ဘဲ၊ ကိုယ်မသေချင်သလို သူလည်း သေချင်မှာမဟုတ်ဘူး။ ကိုယ်က လက်တွေ၊ ခြေတွေ မကျိုးမပဲ့ချင်ဘူးလေ။ ဒုက္ခိတမဖြစ်ချင်ဘူး။ ဒါဖြင့် သူလည်းဖြစ်ချင်မှာမဟုတ်ဘူးပေါ့။ ဒါဟာ ကိုယ်ချင်းစာတရားပဲ သားတို့၊ သူများသွားလိုရာခရီးကို ဘေးကင်းစွာ လိုက်ပို့ပေးရတဲ့အတွက် ကုသိုလ်လည်းရ ဝမ်းလည်းဝဖြစ်မနေဘူးလား"

"ဟုတ်ကဲ့ - ဖြစ်တာပေါ့ ဦး"

"အေး - ဒါပဲပေါ့။ ဘာလေးပဲဖြစ်ဖြစ် ကိုယ့်စိတ်နဲ့နှိုင်းပြီး ကိုယ်ချင်းစာ။ ကိုယ်စိုးရိမ်ရင် သူလည်းစိုးရိမ်မှာပဲ။ ကိုယ်ကြောက်ရင် သူလည်းကြောက်မှာပဲ။ ဒီသဘာဝကိုမမေ့ရဘူး"

"ဟုတ်ကဲ့"

"အေး - ဟုတ်ပြီ၊ ဒါဆိုရင် မင်းတို့သူငယ်ချင်းကို စောစောကပြောသလို ပြန်ပြောပြလိုက်။ ကားရဲ့သန့်ပြန့်ခြင်း၊ ကားရဲ့ လာဘ်ရွှင်ခြင်းတွေဆိုတာရှိတဲ့ အကြောင်း ပြန်ပြောပြလိုက်"

"ဟို - ကားထဲမှာ စကားပြောသံတွေ ကြားကြားနေရတာကော ဦး"

"အဲဒါကတော့ ဦးဆီလာကြသူတွေ အဲဒီလိုကိစ္စမျိုးကြုံရင်တော့ ကားထဲမှာ မဟာသမယသုတ်တော်အခွေကို ဖွင့်ခိုင်းတယ်။ မှတ်ထား၊ မဟာသမယသုတ်တော်"

"ဟုတ်ကဲ့ - မဟာသမယသုတ်တော်"

"အေး - အဲဒီသုတ်တော်ကိုဖွင့်။ ခုနပြောသလို ညစ်တီးညစ်ပတ်တော့ မဆဲမိစေနဲ့။ ဦးပြောပြီးပြီပဲ၊ တချို့က ကားကို စွဲလမ်းနေကြတာတွေရှိတယ်။ မေတ္တာများများပို့ရလိမ့်မယ်။ နှုတ်ကလည်းရွတ်၊ ပို့။ စိတ်ကလည်းပို့။ ဘုရားဝတ်ပြုပြီးတိုင်း အမျှဝေ။ အလှူအတန်းလုပ်ရင်လည်း ကိုယ့်ကားလေးနဲ့ဆိုင်တဲ့ မမြင်ရ မြင်ရပုဂ္ဂိုလ်တွေကို အမျှဝေပေး၊ မေတ္တာပို့ပေး။ သူတို့အတွက် လှူပေးတာတွေ၊ အမျှဝေပေးတာတွေများများလုပ်။ သိပ်အကျိုးပေးတာပဲ"

"ဩော် - အဲဒါ ဟိုကောင့်ကို ပြန်ပြောပြလိုက်ဦးမယ်"

"အေး - ပြောပြလိုက်"

"သားတို့လိုကော လုပ်ခိုင်းရဦးမလား"

"ဘယ်လိုလဲ"

"ဦးခိုင်းထားတာလေ၊ ဝိုးတက်တို



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
## (ရင်ကိုအေးမြစေသား)

နေအိမ်မှ လွှဲ၍
တစ်ခြားမည်သည့်နေရာတွင်မှ
အကြံပြုခြင်း၊ အခါပေးခြင်း လုံးဝ မပြုလုပ်ပါ။

**အမှတ်(၈၅၂)၊ ကုန်းဘောင်(၁၀) လမ်း**
**(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။**

မိတ္တူကူးပြီး ပလတ်စတစ်အိတ်ထဲထည့် ဘုရားစင်မှာတင်ထားပြီး အပေါ်က သောက်ရေဖန်ခွက်တင်၊ ဘုရားကို သောက်တော်ရေအမြဲကပ်ခိုင်းတာလေ"

"ဩော် - ဒါလည်းလုပ်ရမှာပဲ။ ဒါကတော့ မလုပ်မဖြစ်ပေါ့ကွာ၊ လုပ်ခိုင်းလိုက်"

"ပြီးတော့ သားတို့ကို ပြောထားတာရှိသေးတယ်။ ဘုရားစေတီနားကိုရောက်ရင် ကားလေးကို ဘုရားဦးတိုက်ထားပြီး ဖယောင်းတိုင်(၉)တိုင် ဘုရားမှာ ပူဇော်ခိုင်းတာလေ"

"အေး - ကားနားတာနဲ့ ဘုရားစေတီနားနီးတာနဲ့ဆို ပိုကောင်းတယ်လို့ ပြောလိုက်ဖူးတာနဲ့တူတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်"

"ကောင်းတာပေါ့။ ဘုရားကို တကူးတကရောက်ဖို့ဆိုတာ မလွယ်ဘူးလေ။ သွားရင်းလာရင်း၊ စီးပွားရှာရင်း ကုသိုလ်ကိုရအောင်ယူခိုင်းလိုက်တာပဲ။ ဒါလည်း မင်းတို့သူငယ်ချင်းကိုပြောပြ လုပ်ပစေ။ သူလည်းအဆင်ပြေသွားလိမ့်မယ်။ ဒီလို ထွန်းညှိပူဇော်ပြီးတိုင်း သူ့ကားနဲ့ဆိုင်တဲ့ပုဂ္ဂိုလ်တွေကို အမျှဝေ၊ မေတ္တာပို့ခိုင်းဖို့တော့မမေ့နဲ့"

"ဟုတ်ကဲ့ - ဦး၊ အခု ဦးပြောပြတဲ့ အကြောင်းလေးတွေကို ဟိုကောင့်လည်း ပြောပြမယ်။ ဂိတ်ကမိတ်ဆွေတွေကိုလည်း ပြောလိုက်ဦးမယ်"

"တစ်ခုတော့ရှိတာပေါ့ သားရယ်။ ပညာပေးတာတို့၊ ဗဟုသုတပေးတာတို့ဆိုတာ နာခံချင်တဲ့လူ၊ လိုချင်တဲ့လူ၊ နားထောင်ချင်တဲ့လူအတွက်ကတော့ တန်ဖိုးအကြီးကြီးပဲ။ နားမထောင်ချင်တဲ့သူတွေအတွက်ကျ နားငြီးတတ်တယ်။ တန်ဖိုးမဲ့တတ်တယ်။ ဒါကြောင့် လိုအပ်တယ်ထင်မှပဲပြော။ ဒါမှတန်ဖိုးရှိမှာ။ ပြက်ရယ်ပြုတတ်သူမျိုးဆိုရင်တော့ တန်ဖိုးကြီးတဲ့စကားတွေသွားပြောနေလို့ အလကားပဲ"

လူငယ်လေးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်ရင်း ပြုံးနေကြ၏။

"အိုကွာ၊ တို့လာဘ်ရွှင်သလို တို့သူငယ်ချင်းလာဘ်ရွှင်ရင်ပြီးတာပဲပေါ့"

"အေးလေ၊ သူ့ပဲပြောကြတာပေါ့"

❐

ယခုလအတွက် -

ပေးချင်သော သူရဿလက်ဆောင် ဖြစ်ပါသည်။

ကားဆရာများ၏ နေ့စဉ်ကြုံတွေ့နေရသော လာဘ်လာဘကိစ္စ၊ အတိုက်အခိုက်ကိစ္စများ -

မမြင်ရသောကိစ္စများကို နေ့စဉ်လိုလို ကြားနေ၊ မြင်နေရသောကြောင့် ကျွန်ုပ်ထံသို့ ခင်ခင်မင်မင်ရောက်လာကြသော လူငယ်ကားဆရာလေးများကို အကြောင်းပြု၍ ဤသူရဿလက်ဆောင် ဖြစ်ပေါ်လာခဲ့ရပါသည်။

ဤဆောင်းပါးထဲတွင် -

ဆောင်ရန်၊ ရှောင်ရန်များ -

ဆင်ခြင်ဖွယ်ရာများ -

သတိထားရန်များ -

အန္တရာယ်ကင်းပြီး လာဘ်ရွှင်နေအောင် စီရင်ထားရပုံများ -

ပါဝင်နေပါသည်။

သူရဿ၏ထုံးစံအတိုင်း -

အန္တရာယ်ကင်းကင်းနှင့် လာဘ်လာဘရွှင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သရင်း-

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)